http://www.dhammadownload.com

၅၀၀

မန္တလေး
မစိုးရိမ်တိုက်သစ်

# သီလက္ခန္ဓ ဝါကျဥယျာဉ်

## ပထမတွဲ

ဘဒ္ဒန္တသုစိတ္တာဘိဝံသ
ဓမ္မသီတဂူကျောင်းနာယက
ရေးသားပြုစုသည်။

သာသနာ ၂၅၄၀ ကောဇာ ၁၃၅၈

ဓမ္မသီတဂူစာစဉ် (၁)

http://www.dhammadownload.com

မန္တလေး

မစိုးရိမ်တိုက်သစ်

# သီလက္ခန် ဝါကျဥယျာဉ်

## ပထမတွဲ

ဘဒ္ဒန္တသုစိတ္တာဘိဝံသ
ဓမ္မသီတဂူကျောင်းနာယက
ရေးသားပြုစုသည်။

သာသနာ ၂၅၄၀ ကောဇာ ၁၃၅၈

ဓမ္မသီတဂူစာစဉ် (၁)

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

မန္တလေး

မစိုးရိမ်တိုက်သစ်

# သီလက္ခန် ဝါကျဥယျာဉ်

## ပထမတွဲ

ဘဒ္ဒန္တသုစိတ္တာဘိဝံသ

ဓမ္မသီတာဂူကျောင်းနာယက

ရေးသားပြုစုသည်၊

ဓမ္မသီတာဂူစာစဉ် (၁)

ဓမ္မသီတာဂူ စာစဉ် ( ၁ )

သာသနာ ၂၅၄၀ ကောဇာ ၁၃၅၈

http://www.dhammadownload.com

# ( ကျမ်းဦးပဏာမ အာသီသ )

## ဗွာဒိယန္တိ ရတနံ အာဟံ ဝန္ဒာမိ။

## " ဤစာအုပ်ဖြစ်ပေါ်လာရခြင်း "

စာချလောင်းလျာ ပရိယတ်ဝန်ဆောင် ညီနောင်အပေါင်းအရှင်ကောင်းတို့--- အရှင်တို့ တပည့်တော်တို့သည် ငယ်, လတ်, ကြီးတန်းကို ဝင်ရောက်ဖြေဆိုစဉ်ကပင် ပုစ္ဆာဟောင်းများကို ရှာဖွေစုဆောင်းလေ့လာခဲ့ကြရသဖြင့် သက်ဆိုင်ရာစာမေးပွဲများစွာတို့၌ အောင်မြင်မှုအထောက် အပံ့များစွာ ရရှိခဲ့ကြသည်ကို လက်တွေ့ပင်ကြုံတွေ့ခဲ့ကြရလေပြီ။

ဤသို့ပုစ္ဆာဟောင်းများကို ကြည့်ရှုလေ့လာရခြင်းသည် သက်ဆိုင်ရာစာမေးပွဲများ၌ အောင်မြင်မှုအထောက်အပံ့ကောင်းတခုဖြစ်သည်မှာ အရှင်တို့, တပည့်တော်တို့ လက်တွေ့ပင်ဖြစ်ပါသောကြောင့် တပည့်တော်များ၏စိတ်သန္တာန်၌ "စာချတန်းပုစ္ဆာဟောင်းများကို ရနိုင်သမျှရှာဖွေစုဆောင်းပြီး အဖြေနှင့်တကွ စာချလောင်းလျာညီနောင်အပေါင်း အရှင်ကောင်းတို့ လက်ထဲသို့ အပ်နှင်းရပါမူကား ကောင်းလေစွ" ဟူသော မွန်မြတ်သော ဆန္ဒမနသိကာရသည် ရှေးအအတီတ ကြာမြင့်စွာကပင် ဖြစ်ခဲ့ပါပြီ။

ယင်းသို့အကြံအစည်ဖြစ်ခဲ့သည့်အလျောက် မိမိကိုယ်တိုင် သကျသီဟ, အစိုးရ-အစရှိသော စာချတန်းကန္တာရများစွာကိုဖြတ်ကျော်ခဲ့စဉ်အခါက ကျေးဇူးတော်ရှင် ဓမ္မဒါယာဒ ဆရာတော်ဘုရား ထံတော်ပါးဝယ် နေ့စဉ်နေ့တိုင်း လေ့ကျက်သင်ကြားဖြေဆိုခဲ့ရသော ပုစ္ဆာဟောင်းများနှင့်တကွ ဟခြားသောအစိုးရနှင့် အသင်းပေါင်းစုံ ကျောင်းတိုက်စုံမှ စာချတန်းပုစ္ဆာများကို ရနိုင်သမျှ ရှာဖွေစုစည်းပြီး မိမိထံမှောက်ရောက်ရှိလာကြသော ရာပေါင်းများစွာသော တပည့်ပရိသတ်တို့အား အဋ္ဌကထာစာမျက်နှာ အစဉ်အတိုင်းသင်ကြားပို့ချရင်း ရေးသားပြုစုခဲ့ပါသည်။

ယင်းသို့ရေးသားပြုစုရာ၌ နဂိုရ်မူရင်းပုစ္ဆာ၏ အဖြေမျှသာမဟုတ်တော့ဘဲ နာနာစရိယ ဆရာ့ဆရာတို့မှတ်စုမှတ်ရာ ဥပဒေသများစွာတို့ဖြင့် တန်ဆာဆင်လျက် ပါဠိ, အဋ္ဌကထာ, ဋီကာ နိဿယ, ယောဇနာ ဂဏ္ဌိ, ကျမ်းစုံညှိ၍ ဖြည့်စွက်သင့် ဖြည့်စွက်ထိုက်သော နက်, တက်, ပုစ္ဆာ၊ စောဒကာဘောဂါဒိ၊ ဝစနာဒိဆက္က၊ ဟေတုသမ္ဗန္ဓနှင့်၊ အာဘောဂတဖြာ၊ နိရုတ္တာ-ဓိပ္ပါယ၊ ဆန်း အလင်္ကာနည်းတို့ပါမကျန် မှတ်သားစရာအဖြာဖြာတို့ကို ရနိုင်သမျှ ရှာဖွေစုဆောင်း၍ ဉာဏ်စွမ်း ရှိသလောက် ရေးသားစီရင်ထားပါသည်။

ဟိတွာ ပုပ္ဖနာဂတ-မတ္ထံ အတ္ထံ ပကာသယိဿာမိ-ဟူသော အဋ္ဌကထာဆရာမြတ်တို့၏ နည်းနာကို နယဂ္ဂါဟမူ၍ တနေရာထည်း၌ ဖော်ပြခဲ့ပြီးသော အလားတူပုစ္ဆာဟောင်းများကို ထပ်မံ မဖော်ပြတော့ပါ။ စာသားကျဉ်းစေရန်အတွက် အချို့နေရာ၌ ပေယျာလမြှုပ်၍လည်းကောင်း- အလားတူစာပိုဒ်ညွှန်း၍လည်းကောင်း၊ လွယ်ကူစွာသိနိုင်လောက်ပြီဖြစ်သော နိရုတ္တိအမည့်,သံဝဏ္ဏနာ အမည်တို့ကိုမြှုပ်၍လည်းကောင်း ကျဉ်းနိုင်သမျှကျဉ်းစေ၍ သဒ္ဒေပရစိ ခေတ်နှင့်လျော်မိအောင် စာချတန်းအဏ္ဏဝါကူးဖြတ်ရာ၌ အချိန်ကုန်လူမပန်းဘဲ ချမ်းသာလွန်မြောက် ဒရီးပေါက်ရောက်စေရန် ရည်သန်၍ရေးသားစီရင် ထားပါသည်။

နောက်ပေါ်ကျမ်းတိုင်း ရှေးကထင်ရှားကျမ်းစာများကို မှီငြမ်းပြုကာ ရေးသားကြရသည်မှာ အဆန်းမဟုတ်ပါ။ အဋ္ဌကထာ ကျမ်းပြုအဖွဲ့ကျ အရှင်မဟာဗုဒ္ဓဃောသသည်ပင် မဟာအဋ္ဌကထာ

http://www.dhammadownload.com



ကျမ်းမြတ်ကို မှီခိုအားထားရာအဖြစ် ဂုဏ်ပြုချီးကျူးထားရကား မှီရာဆရာကင်းသော ကျမ်းပြုဆရာဟူ၍ လောကထဲတွင်မရှိနိုင်ပေ။ ဆရာကင်းယောင်, ဟန်ပန်ဆောင်၍, ရေးသားနေကြ, ထိုထိုပုဂ္ဂိုလ်စာရင်းတွင် ဤကျမ်းစာအရှင်မပါဝင်ကြောင်း သိစေလိုပါသည်။

## " ထပ်မံပြည့်စွက် တင်ပြချက် "

ဤစာအုပ်ကို လွန်ခဲ့သည့် (၂)နှစ်ကျော်မှစ၍ သောတုဇနအရှင်မြတ်တို့၏လက်တွင်းသို့ လက်နှိပ်စက်မူအဖြစ်ဖြင့် လေးကြိမ်တိုင်တိုင် ရိုက်နှိပ်ဖြန့်ဝေခဲ့ပါပြီ။ ယခုအခါ ယခင်လက်နှိပ်စက်မူအဖြစ်ဖြင့် ရှိနှင်းပြီး ဝါကျများကို တဘန်စိစစ် သုမ်သင်ရုံမျှမက ဝါကျသစ် (၃၀)ကိုလည်း ထက်မံပြည့်စွက်၍ ကောင်းသထက်ကောင်း, ပြည့်စုံသထက်ပြည့်စုံအောင် စီစဉ်ထားပါသည်။

နောက်ထပ်ဆက်တိုက်ထွက်ပေါ်လာမည့် ဝါကျဥယျာဉ်စာအုပ်များ၌လည်း ဤသီလက္ခန် ဝါကျဥယျာဉ်(ပဌမတွဲ)ကဲ့သို့ပင် ရှိရင်းစွဲဝါကျများကို စိစင်သုမ်သင်ရုံမက နောက်ထပ်ဝါကျသစ်များ ရနိုင်သမျှဖြည့်စွက်၍ ကောင်းသထက်ကောင်း, ပြည့်စုံသထက်ပြည့်စုံအောင် ရေးသားစီရင်တင်ပြသွားပါမည်။

## " အထူးမှာကြားချက် "

ဤစာအုပ်ကိုကြည့်ရှုလေ့လာရာ၌ အမေးအဖြေသဘောမျှသာမဟုတ်ဘဲ မှတ်ချက်ရှင်းလင်းချက် အမှာအထားသာဓကများနှင့်တကွ ကျက်မှတ်စရာ နိယံကဗျာစသည်များကိုပါ မကျော်လွှားကြစေဘဲ အလေးအနက်ဉာဏ်ဝီရိယစွက်၍ ကျက်ကြမှတ်ကြစေလိုပါသည်။ ယင်းသို့ ကျက်မှတ်လေ့လာခြင်းဖြင့် စာချလောင်းလျာညီနောင်အပေါင်းတို့သည် တနေရာထည်းမှနေ၍ စာမေးပွဲပေါင်းစုံကို ဖြေဆိုနေကြရဘိအလား စာချတန်းအတွေ့အကြုံများကို ရရှိနိုင်ကြပြီး စာချတန်းကန္တာရခရီးကို လွယ်ကူစွာဖြတ်သန်းကာ အရှင်တို့မျှော်မှန်း ဓမ္မာစရိယအောင်ပန်းကို လျင်မြန်စွာ ပန်ဆင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါသတည်း။

## " ဦးနှိမ်ညွတ်လျှိုး မြတ်နိုးကော်ရော် "

ငယ်စဉ်တောင်ကျေးကလေးဘဝ နမောတဿ-မှစ၍ ပရိယတ်ပညာသင်ကြားပေးခဲ့ရှာသော ရခိုင်ပြည်နယ် မြေပုံမြို့နယ် သရက်တောင်ရွာဆရာတော်ဘုရားကြီးနှင့် (၁၈)နှစ်အရွယ် သာမဏေဘဝမှစ၍ ယခုအချိန်တိုင်အောင် သွန်သင်ဆုံးမ ညွှန်ကြားပြသလျက်ရှိသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ကျေးဇူးတော်ရှင် ဓမ္မဒါယာဒဆရာတော်အရှင်မြတ်ဘုရားကိုအစထား၍ မစိုးရိမ်တိုက်သစ်အောင်မြေသို့ ကိုယ်တိုင်အပ်နှံ၍ ပစ္စယ, ဓမ္မ ထိုနှစ်ဝဖြင့် ချီးမြှောက်ပေးခဲ့သော တောင်စလင်းတိုက်သစ် ဗဟုဇနဟိတရေ မဟာဓမ္မကထိကအကျော် ဦးတက္ကဆရာတော်၊ ပရိဓမ္မာမြတ်ပညာကို စေတနာရှေ့ထား သင်ကြားပေးတော်မူခဲ့ကြသော စစ်တွေမြို့သဒ္ဓမ္မဂရုဆရာတော်ဘုရားကြီးနှင့် စာချနာယကဆရာတော်များ၊ ဘာသာဋီကာကျမ်းပြုအကျော် အမရပူရ မဟာဂန္ဓာရုံဆရာတော်နှင့် စာချနာယကဆရာတော်များ၊ မစိုးရိမ်တိုက်ကြီးနှစ်တိုက်မှ စာချအကျော်

http://www.dhammadownload.com



ဆရာတော်များ၊ ပေါက်မြိုင်စာချအကျော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသဆရာတော်၊ ဘုရားကြီးတိုက်မှ စာချအကျော် ဘဒ္ဒန္တသြဘာသာဘိဝံသ၊ ဘဒ္ဒန္တပဏ္ဍိတဉာဏာဘိဝံသဆရာတော်၊ ဤကျေးဇူးတော်ရှင် ဆရာမြတ်တို့အား မိမိရေးသား ဤစာအုပ်စာတမ်းစာလွှာပန်းဖြင့် ဦးနှိမ်ညွတ်လျှိုး အကြိမ်ကြိမ်ရှိခိုး ပါ၏, မြတ်နိုင်းကော်ရော် ပူဇော်ပါ၏။

## " ကျေးဇူးတင်လွှာ "

ဤစာအုပ်ဖြစ်ပေါ်လာရန် မိမိရေးသားစာမူများကို လက်နှိပ်စက်ရိုက်ကူးခြင်း၊ ရိုက်နှိပ်ပြီး စာမူများကို ပြန်လည်တိုက်ဆိုင်ပေးခြင်း-စသည်ဖြင့် လိုအပ်သလို ကူညီဆောင်ရွက်ပေးခဲ့ကြသော မစိုးရိမ်တိုက်သစ် ဓမ္မနယရံသီကျောင်းနာယက ဦးပညိန္ဒာဘိဝံသ (သ-စ-အ)နှင့် လက်ထောက် စာချဘုန်းကြီးများဖြစ်ကြသော ဦးသြဘာသ၊ ဦးခေမာစာရ၊ ဦးနန္ဒဝံသ၊ ဦးဇောတိပါလ၊ ဦးသဥ္စန၊ ဦးဉာဏေ၀၊ ဦးဣသာရိယ-တို့အားလည်းကောင်း၊ ရေးသားရိုက်နှိပ်ပြီးစာမူများကို ဂန္ထဓုရ တာဝန် များစွာကြားမှတည်းဖြတ်သုတ်သင် ကြည့်ရှုပြင်ဆင်ပေးသနားတော်မူသော ကျေးဇူးတော်ရှင် ဓမ္မဒါယာဒဆရာတော် အရှင်မြတ်ဘုရားအားလည်းကောင်း အထူးပင် ကျေးဇူးတင်အပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

## " တောင်းပန်လွှာ "

ထေရ်ကျော်ငါးရာ၊ ရဟန္တာဝသီ၊ သမ္ဘိဒါဉာဏ်ရ၊ သံဃိန္ဒတို့၊ ဘုရားမိန့်ရွတ်၊ ပိဋကတ်ကို၊ မွတ်မွတ်ဖြူဖွေး၊ ပေထက်ရေး၍၊ ဆေးလေးကြပ်ကြပ်၊ အံထပ်တရာ၊ တည်းဖြတ်ပါလည်း။ အက္ခရာပုဒ်ဆွေး၊ မှားယွင်းသေး၏၊ ညစ်ကြေးစပ်ယှဉ်၊ ပုထုဇဉ်သာ၊ ငါတို့မှာကား၊ မမှားဘယ်သို့၊ ရှိလေမြို့လိမ့်၊ ယွင်းချို့အက္ခရာ၊ ပျက်ယိုရာ၌၊ ပညာကြီးရှင်၊ ငြိမ်းကောင်းဆင်သို့၊ ပိုလိုသင့်- မသင့်၊ ဝိစာရဏဉာဏ်ချင့်၍၊ ပြင်ဆင်ကြည့်ရှု၊ အသုံးပြုနိုင်ကြပါစေကုန်သတည်း။

- စာချတန်းဝင်၊ ထေရ်အရှင်၊ အောင်မြင်ကြပါစေ။
- ပိဋကတ်သုံးပြာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းပါစေ။

၁၃၅၈-ခု၊ သီတင်းကျွတ်လပြည့်၊
အဘိဓမ္မာအခါတော်နေ့။

ဘဒ္ဒန္တသုစိတ္တာဘိဝံသ (နာယက)
ဓမ္မသီတဂူကျောင်း
မစိုးရိမ်တိုက်သစ်
မန္တလေးမြို့။

http://www.dhammadownload.com



# ( မာတိကာ )


| ဝါကျဥယျာဉ် အမှတ် | ( နိဒါန ) | အဋ္ဌကထာ စာမျက်နှာ |
| --- | --- | --- |
| ၁။ | ကိဿ ပန ထေရော | ၅ |
| ၂။ | ယဒိ ဧဝံ သေက္ခောပိ သမာနော | ၅ |
| ၃။ | ကထံ ပန ဓမ္မဝိနယဝသေန ဒုဝိဓံ | ၁၆ |
| ၄။ | ပဌမ မဟာသင်္ဂီတိနာမ စေသာ | ၃၃/၁၇ |
| ၅။ | အတ္ထာနံ သူစနတော သုဝုတ္တတော | ၁၈ |
| ၆။ | ယံ ပနေတ္ထ အဝိသိဋ္ဌံ | ၁၉ |
| ၇။ | ဓမ္မောတိ ဟေတု | ၂၁ |
| ၈။ | ဧတ္ထ ပန တီသု ပိဋကေသု | ၂၁ |
| ၉။ | ဧတုတ္တိံသေဝ သုတ္တန္တာ | ၂၃ |

## (၁) ဗြဟ္မဇာလသုတ္တ

| | | |
| --- | --- | --- |
| ၁၀။ | မေသဒ္ဒေါ တီသု အတ္ထေသု ဒိဿတိ | ၂၈ |
| ၁၁။ | သုတန္တိဝစနေန အဝိကမ္ပဲ ဒီပေတိ | ၃၀ |
| ၁၂။ | တတ္ထ ကိဉ္စာပိ ဧတေသု | ၃၃ |
| ၁၃။ | ကသ္မာ ပနေတ္ထ ယထာ အဘိဓမ္မေ | ၃၃ |
| ၁၄။ | ပေါရာဏာ ပန ဝဏ္ဏယန္တိ | ၃၄ |
| ၁၅။ | အပိစာယံ ဘိက္ခဝေ တပေါဒါ | ၃၅ |
| ၁၆။ | ဤဒိသေသု ဌာနေသု အက္ခရစိန္တကာ | ၃၅/၃၆ |
| ၁၇။ | မဟတာ ဘိက္ခုသံဃေန သဒ္ဓိန္တိ | ၃၆ |
| ၁၈။ | သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကောတိ | ၃၆ |
| ၁၉။ | အန္တေ ဝသတီတိ အန္တေဝါသီ | ၃၆ |
| ၂၀။ | တတြာတိ တသ္မိံ အဒ္ဓါနမဂ္ဂေ | ၃၇ |
| ၂၁။ | ဣတိဟ တေ ဥဘော အာစရိယန္တေဝါသီတိ | ၃၉ |
| ၂၂။ | ဣဒါနိ တေန ဘဂဝတော | ၄၂ |
| ၂၃။ | တတ္ထ အမ္ဗလဋ္ဌိကာတိ | ၄၂ |
| ၂၄။ | ပရိဗ္ဗာဇကောပိ ဥယျာနဿ ကေပသော | ၄၃ |
| ၂၅။ | သမ္ဗဟုလာနန္တိ ဗဟုကာနံ | ၄၃ |
| ၂၆။ | မဏ္ဍလမာဠေတိ ကတ္ထစိ ဒွေ ကဏ္ဏိကာ | ၄၃ |
| ၂၇။ | အယံ သဒ္ဒိယ ဓမ္မောတိ | ၄၃/၄၄ |
| ၂၈။ | ယေနာတိ ယေန ဒိသာဘာဂေန | ၄၉ |
| ၂၉။ | တံ သန္ဓာယ ဝုတ္တံ ပညတ္တေ | ၄၉ |
| ၃၀။ | ဣဒါနိ မမံ ဝါ ဘိက္ခဝေ ပရေ | ၅၀ |

http://www.dhammadownload.com




| ဝါကျဥယျာဉ် အမှတ် | အဋ္ဌကထာ စာမျက်နှာ |
|---|---|
| ၃၁။ တတ္ထ မမန္တိ သာမိဝစနံ | ၅၂ |
| ၃၂။ ဧဝံ ပဌမေန နယေန မနောပဒေါသံ | ၅၂ |
| ၃၃။ ဧဝံ ဒုတိယေန နယေန အာဒိနဝံ | ၅၂ |
| ၃၄။ ဧဝံ အဝဏ္ဏဘူမိယံ တာဒိလက္ခဏံ | ၅၃ |
| ၃၅။ တုမှံယေဝဿ တေန အန္တရာယောတိ | ၅၃ |
| ၃၆။ အပ္ပမတ္တကန္တိ ပရိတ္တဿ နာမံ | ၅၅ |
| ၃၇။ ဒုတိယာ ဒုတိယာ ရဿိယော | ၅၇ |
| ၃၈။ တတ္ထ ယဿ ခန္ဓဓာတုအာယတနာဒီသု | ၅၉ |
| ၃၉။ တထဓမ္မာနာမ စတ္တာရိ အရိယသစ္စာနိ | ၆၄ |
| ၄၀။ တဗြေဝံ ပဒသိဒ္ဓိ ဝေဒိတဗ္ဗာ | ၆၆ |
| ၄၁။ တတ္ထ ပါဏဿ အတိပါတော | ၆၈ |
| ၄၂။ ပဟာယာတိ ဣမံ ပါဏာတိပါတစေတနာသင်္ခါတံ | ၆၉ |
| ၄၃။ နိဟိတဒဏ္ဍော နိဟိတသတ္ထောတိ | ၆၉ |
| ၄၄။ လဇ္ဇီတိ ပါပဇိဂုစ္ဆနလက္ခဏာယ | ၆၉ |
| ၄၅။ အဒိန္နာဒါနံ ပဟာယာတိတ္ထေ | ၇၀ |
| ၄၆။ ထေနေတီတိ ထေနော | ၇၁ |
| ၄၇။ အပြတ္တစရိယန္တိ အသေဋ္ဌစရိယံ | ၇၁ |
| ၄၈။ ယသ္မာ ပန ယထာ ကာယကာယပဋိဗဒ္ဓ | ၇၂ |
| ၄၉။ သစ္စေန သစ္စံ သန္ဒဟတိ ယဋ္ဌေတီတိ | ၇၂ |
| ၅၀။ ထေတောတိ ထိရော | ၇၂ |
| ၅၁။ ပစ္စယိကောတိ ပတ္တိယာယိတဗ္ဗကော | ၇၂ |
| ၅၂။ ပိသုဏံ ဝါစံ ပဟာယာတိအာဒီသု | ၇၂ |
| ၅၃။ ပရဿ မမ္မစ္ဆေဒကကာယဝစီပယောဂ | ၇၃ |
| ၅၄။ ပုရေ သံဝနုနာရိဝိယ | ၇၄ |
| ၅၅။ နိဓာနံ ဝုစ္စတို ဌပနောကာသော | ၇၅ |
| ၅၆။ ပရိယန္တဝတိန္တိ ပရိစ္ဆေဒံ ဒဿေတွာ | ၇၅ |
| ၅၇။ ကောဘတ္တိကောတိ ပါတရာသဘတ္တံ | ၇၅ |
| ၅၈။ ခေတ္တံနာမ ယသ္မိံ ပုဗ္ဗဏ္ဏံ | ၇၇ |
| ၅၉။ နိကတီတိ ယောဂဝသေန ဝါ | ၇၈ |
| ၆၀။ ဣဒါနိ မဇ္ဈိမသီလံ ဝိတ္ထာရေန္တော | ၇၉ |
| ၆၁။ ဘိက္ခုနော ပန ဝသနဋ္ဌာနေ | ၈၁ |
| ၆၂။ အာသန္ဒိန္တိ ပမာဏာတိက္ကန္တာသနံ | ၈၃ |
| ၆၃။ သမုဒ္ဒက္ခာယိကာနာမ ကဿာ | ၈၆ |
| ၆၄။ အဂ္ဂိဟောမန္တိ ဧဝရူပေန | ၈၈ |
| ၆၅။ သကုဏဝိဇ္ဇာတိ | ၈၉ |
| ၆၆။ သုဘဂကရဏန္တိ | |

http://www.dhammadownload.com




| ဝါကျဥယျာဉ် အမှတ် | | အဋ္ဌကထာ စာမျက်နှာ |
|---|---|---|
| ၆၇။ | တတ္ထ ခမ္ဘောတိ ဂုဏေ, ဒေသနာယံ | ၉၂ |
| ၆၈။ | ယထာဘုစ္စန္တိ ယထာဘူတံ ----- (၃၂-၃-အစိုးရ) | ၉၃ |
| ၆၉။ | ယထာဘုစ္စန္တိ ယထာဘူတံ ----- (၁၂-၃-အစိုးရ) | ၉၃ |
| ၇၀။ | အညေဝါတိ ဣဒံ ပနေတ္ထ | ၉၃ |
| ၇၁။ | သန္တိတိ အတ္ထိ သံဝိဇ္ဇန္တိ | ၉၅ |
| ၇၂။ | အန္တောတိ အယံသဒ္ဒေါ | ၉၆ |
| ၇၃။ | ကပ္ပသဒ္ဒေါပိ | ၉၆ |
| ၇၄။ | ဣဒါနိ ယေဟိ အဌာရသဟိ | ၉၇ |
| ၇၅။ | သမ္မာ မနသိကရောတိ | ၉၇ |
| ၇၆။ | သော ဝေမာဟာတိ သော ဝေ | ၉၇ |
| ၇၇။ | သံသရန္တိတိ အပရာပရံ | ၉၈ |
| ၇၈။ | အတ္တိတွေဝ သဿတိသမန္တိတွေ | ၉၈ |
| ၇၉။ | ဣမိနာမဟံ ဇတံ ဇာနာမိတိ | ၉၈ |
| ၈၀။ | ဥပရိဝါရဒွယေပိ ဧသေဝနယော | ၉၈ |
| ၈၁။ | သံဝဋ္ဋတီတိ ဝိနဿတိ | ၁၀၂ |
| ၈၂။ | ဝိဝဋ္ဋတီတိ သဏ္ဌာတိ | ၁၀၂ |
| ၈၃။ | အနဘိရတိတိ အပရဿာပိ | ၁၀၂ |
| ၈၄။ | ဝသီ ပိတာ ဘူတဘဗျာနန္တိ | ၁၀၃ |
| ၈၅။ | ဝဏ္ဏဝန္တတရော စာတိ | ၁၀၃ |
| ၈၆။ | သတိသမ္မုဿတီတိ | ၁၀၄ |
| ၈၇။ | တက္ကီဝါဒေ အယံ စက္ခာဒီနံ | ၁၀၅ |
| ၈၈။ | န မရတီတိ အမရာ | ၁၀၆ |
| ၈၉။ | တံ မမဿ ဥပါဒါနံ သော မမဿ ဝိဃာတောတိ | ၁၀၇ |
| ၉၀။ | အဓိစ္စသမုပ္ပန္နော အတ္တာစ လောကောစာတိ | ၁၀၈ |
| ၉၁။ | ဧဝံ စိတ္တေ ဒေါသံ ပဿိတွာ | ၁၀၉ |
| ၉၂။ | ဧဝံ အဌာရသ ပုဗ္ဗန္တကပ္ပိကေ | ၁၀၉ |
| ၉၃။ | အသညီဝါဒေါ သညီဝါဒေ | ၁၁၀ |
| ၉၄။ | ရူပီတိ ရူပဝါ | ၁၁၀ |
| ၉၅။ | မနောမယောတိ ဈာနမနေန | ၁၁၁ |
| ၉၆။ | ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒေ | ၁၁၁ |
| ၉၇။ | ပရိစာရေတီတိ တေသု ကာမဂုဏေသု | ၁၁၁ |
| ၉၈။ | သဥ္စာတိသမောသရဏကာရဏ | ၁၁၅ |
| ၉၉။ | ဖုဿဖုဿ ပဋိသံဝေဒေန္တီတိ ------- (၂၆-၃-အစိုးရ) | ၁၁၅ |
| ၁၀၀။ | ဖုဿဖုဿ ပဋိသံဝေဒေန္တီတိ ------- (၄၂-၃-အစိုးရ) | ၁၁၅ |
| ၁၀၁။ | တတ္ထ နယန္တိ တောယာတိ | ၁၁၇ |

http://www.dhammadownload.com



| ဝါကျဥပျာဉ် အမှတ် | အဋ္ဌကထာ စာမျက်နှာ |
|---|---|
| ၁၀၂။ အဘိနန္ဒန္တိ အနုမောဒီသုစေဝ | ၁၁၉ |
| ၁၀၃။ ဣမသ္မိဥ္စ ဝေယျာကရဏသ္မိန္တိ | ၁၁၉ |
| ၁၀၄။ ရာဇဂဟေတိ ဧဝံ နာမကေ နဂရေ -- (၃၃-၃-အစိုးရ) | ၁၂၂ |
| ၁၀၅။ ရာဇဂဟေတိ ဧဝံ နာမကေ နဂရေ | ၁၂၂ |
| ၁၀၆။ ဝိဟရတီတိ အဝိသေသေန | ၁၂၂ |
| ၁၀၇။ ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေတိ | ၁၂၂ |
| ၁၀၈။ အနုတေဠသေတိ ဘိက္ခုသတေဟီတိ | ၁၂၃ |
| ၁၀၉။ ဝေဒေဟိပုတ္တောတိ | ၁၂၇ |
| ၁၁၀။ တဒဟူတိ တသ္မိံအဟု | ၁၂၇ |
| ၁၁၁။ သော ပနေသ အဋ္ဌမီ စာတုဒ္ဒသီ | ၁၂၈ |
| ၁၁၂။ စာတုမာသိနိယာတိ စတုမာသိယာ | ၁၂၈ |
| ၁၁၃။ ဥပရိပါသာဒဝရဂတောတိ | ၁၂၈ |
| ၁၁၄။ ဒေါသိနာတိ ဒေါသာပဂတာ | ၁၂၉ |
| ၁၁၅။ ကံနုခွဇ္ဇာတိ ကံ နု ခေါ် အဇ္ဇ | ၁၂၉ |
| ၁၁၆။ ကိံ ဘဂဝန္တံ သယံ ဒဿနာယ | ၁၂၉ |
| ၁၁၇။ တတ္ထ ပူရဏောတိ တဿ | ၁၃၀ |
| ၁၁၈။ သာဓု သမ္မတောတိ | ၁၃၁ |
| ၁၁၉။ ပကုဓောတိ | ၁၃၂ |
| ၁၂၀။ ကံ ခေါ ပန ဘဂဝန္တံ ဧဝံ ကလျာဏော | ၁၃၃ |
| ၁၂၁။ တတြာယံ ပဒသမ္ဗန္ဓော | ၁၃၃ |
| ၁၂၂။ ရညောပိ ဘဂဝတော ဂုဏကထံ | ၁၃၄ |
| ၁၂၃။ ဇီဝကောပိ ရညော ပဋိဝေဒေသိ | ၁၃၅ |
| ၁၂၄။ မဟာစွံ ရာဇာနုဘာဝေနာတိ | ၁၃၅ |
| ၁၂၅။ အဟုဒေဝဘယန္တိ | ၁၃၆ |
| ၁၂၆။ ဆမ္ဘိတတ္တန္တိ ဆမ္ဘိတဿ | ၁၃၆ |
| ၁၂၇။ ကသ္မာ ပနေသ ဘီတောတိ | ၁၃၇ |
| ၁၂၈။ သမ္မာတိ ဝယဿာဘိလာပေါ | ၁၃၇ |
| ၁၂၉။ ယေန ဘဂဝါ တေနုပသင်္ကမီတိ | ၁၃၉ |
| ၁၃၀။ အဂမာ ခေါ တွန္တိ | ၁၄၀ |

http://www.dhammadownload.com



# မစိုးရိမ်တိုက်သစ်
# သီလက္ခန် ဓါကျေဥယျာဉ်

(က)　"ရတနတ္တယပဏာမ"

သီလက္ခန္ဓာဒိသမ္ပန္နံ၊ ပုစ္ဆာဝိဿဇ္ဇကောသလံ။
သေဝိတံ တေန ဓမ္မဥ္စ၊ သံဃဥ္စာပိ နိရင်္ဂဏံ။-

အဟံ၊ မစိုးရိမ်နာယက စာချသမုတ် အကျွန်ုပ်သည်။ သီလက္ခန္ဓာဒိသမ္ပန္နံ၊ သီလက္ခန္ဓစသည် ကျေးဇူးဂုဏ်အထူးတို့နှင့် ပြည့်စုံတော်မူတတ်ပါပေထသော။ ပုစ္ဆာဝိဿဇ္ဇကောသလံ၊ မေးခြင်း ဖြေခြင်း ဤနှစ်သင်း၌ ပြိုင်သူဘက်ကင်း လွန်မင်းစွာလိမ္မာတော်မူတတ်ပါပေထသော။ သမ္မာဒွိ၊ ဥေယျဥသုံ, အလုံးစုံကို, ဆရာမကူ သယမ္ဘူဖြင့်, ကိုယ်တိုင်သိမြင် ဘုရားရှင်ကိုလည်းကောင်း။ တေန၊ ဥေယျ ဥသုံ အလုံးစုံကို အကုန်သိမြင် ထိုဘုရားရှင်သည်။ သေဝိတံ၊ အမြဲမပြတ်ပူဇော်မှီဝဲ အပ်သော။ ဓမ္မဥ္စ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်ကိုလည်းကောင်း။ နိရင်္ဂဏံ၊ မှာဂဒေါသ မောဟင်္ဂဏ ကင်းစင်ပတော်မူသော။ သံဃဥ္စာပိ၊ ရှစ်ပါးသံဃာ အရိယာကို လည်းကောင်း။ နတွာ-နမာမိ၊ ကာယဝစီ တလီမန သုံးဒွါရဖြင့် စေတနာအမျိုးမျိုး ဝေဖြာတိုးလျက် ရှိခိုးကန်တော့ပါ၏။

(ခ)　"အာစရိယပဏာမ"

ဇိနသာသနဝံသမှိ၊ ဂုရဝေါ ဓမ္မဝါစကာ။
တေသမ္ပိ စရဏမ္ဘောဇေ၊ သုနိဝါတေန စေတသာ။

ဇိနသာသနဝံသမှိ၊ ဘုရားဇိနော် သာသနအနွယ်တော်၌။ ဓမ္မဝါစကာ၊ သာသနတာဝန်၊ ငါ့တာဝန်ဟု၊ ပရိယတ်ဆိုင်ရာ၊ မြတ်ပညာကို၊ ခါခါမယုတ်၊ အားထုတ်ဆောင်ရွက်ပို့ချသင်ကြားလျက် ရှိတော်မူကြကုန်သော။ ယေ ဂုရဝေါ၊ ကျေးဇူးမြင့်မိုရ် ဆယ်ဆပိုသား အကြင်ဆရာတော်ဘုရား တို့သည်။ သန္တိ၊ အထင်အရှားရှိတော်မူကြကုန်၏။ တေသမ္ပိ၊ ကျေးဇူးမြင့်မိုရ် ဆယ်ဆပိုသား ထိုကျေးဇူးတော်ရှင် ဆရာတော်ဘုရားတို့၏လည်း။ စရဏမ္ဘောဇေ၊ ခြေတော်အစုံ ကြာပဒုံတို့ကို။ သုနိဝါတေန၊ လွန်စွာနှိမ့်ချ ရိုတုပ်ကွသော။ စေတသာ၊ သဒ္ဒါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ နတွာ-နမာမိ၊ ကာယတလီ ဝစီမန သုံးဒွါရဖြင့် စေတနာအမျိုးမျိုး ဝေဖြာတိုးလျက် ရှိခိုးကန်တော့ပါ၏။

(ဂ)　"ပဋိညာဉ်"

နတွာ သဒေဟိ သိဿေဟိ၊ သညာစိတော နိရန္တရံ။
ဣမံ ဂန္ထံ ကရိဿာမိ၊ ဒေးသမတ္တာဘိပတ္ထယံ။

http://www.dhammadownload.com



နတ္တာ၊ ရှိခိုးပြီး၍၊ သခေဟိ၊ ကျေးဇူးကြီးမား ဓမ္မဒါယာဒဆရာတော်ဘုရားထံတော်ပါးဝယ် ဝပ်တွားသင်ကြား အတူနေခဲ့ကြရကုန်သော ဝေးနီးရပ်နေ ချစ်မိတ်ဆွေတို့သည်လည်းကောင်း။ သိသေယဟိစ၊ ယခုအခါ မိမိထံမှောက် အနီးအောက်ဝယ် နီးကပ်ခစား တပည့်များတို့သည် လည်းကောင်း။ နိရန္တရံ သညာစိတော၊ စာနှင့်တဖုံ လူကြုံတဆင့် တွေ့လင့်ခါတိုင်း ဝိုင်း၍မပြတ် တိုက်တွန်းအပ်ပါလေသောကြောင့် (ဝါ) တိုက်တွန်းခံရပါသော။ အဟံ၊ မစိုးရိမ်နာယက စာချသမုတ် အကျွန်ုပ်သည်။ တေသံ၊ ထိုဝေးနီးရပ်နေ ချစ်မိတ်ဆွေနှင့် နီးနေခစား တပည့်များတို့၏။ အတ္ထံ၊ သင်ယူပေါက်ရောက် တတ်မြောက်ရန်အကျိုးကို။ အဘိပတ္ထယံ-အဘိပတ္ထယန္တော၊ စေတနာပွားတိုး မျှော်ကိုးကြောင့်ကြ လွန်တောင့်တလျက်။ ဣမံ ဂန္ထံ၊ တနိုင်ငံလုံး စာမေးပွဲပေါင်းစုံ ကျောင်းတိုက်စုံမှ ရှာဖွေရရာ များပုစ္ဆာကို စီကာဖြေကြား "သီလက္ခန် ဝါကျဥယျာဉ်" အမည် ရှိသော ဤကျမ်းစာကို။ ကရိဿာမိ၊ ဂန္ထရုရ ကိစ္စလပ်လျား ချိန်အကြား၌ ရေးသားပြုပြင် စီရင်ပါတော့ အံ့သတည်း။

http://www.dhammadownload.com

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ဝါကျဉယျာဉ် (၁)

(က) ကိဿ ပန ထေရော ဧကေန္တနမကာသီတိ ?
(ခ) အာယသ္မတော အာနန္ဒတ္ထေရဿ ဩကာသကရဏတ္ထံ ။
(ဂ) တေနဟာယသ္မတာ သဟာပိ ဝိနာပိ န သက္ကာ ဓမ္မသင်္ဂီတိံ ကာတုံ။
(ဃ) သော ဟာယသ္မာသေက္ခော သကရဏီယော၊ တသ္မာ သဟာပိ န သက္ကာ။
(င) ယသ္မာ ပနဿ ကိဉ္စိ ဒသဗလဒေသိတံ သုတ္တဂေယျာဒိကံ အပ္ပစ္စက္ခံ နာမ နတ္ထိ။
(စ) ယထာဟ -

"ဒွါသီတိ ဗုဒ္ဓတော ဂဏှိံ၊ ဒွေ သဟဿာနိ ဘိက္ခုတော။
စတုရာသီတိသဟဿာနိ၊ ယေ မေ ဓမ္မာ ပဝတ္တိနော"တိ။
(ဋ္ဌ၊၅။ သီဋီသစ်၊၅၇။ နေရင်း၊၂၆။ ဘာသာဋီ၊၅၀။)

၁။ ယထာဟ ကို ဆရာနည်းစုံလင်စေလျက် ပဝတ္တိနော၏ အာဓာရကို ထည့်၍ (စ) ဝါကျကို အနက်ယောဇနာပါ။
၂။ (ဂ) ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။
၃။ (က+ခ) ဝါကျတို့၌ ဖြစ်သင့်သော စောဒကာဘောဂကို ထည့်စွက်၍ စောဒကာ ဘောဂါဒိစတုက္ကထုတ်ပါ။
၄။ သကရဏီယောကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကို ဝစနာဒိသင်္ဂဟထုတ်ပါ။
၅။ (င) ဝါကျ ဒသဗလဒေသိတံကို ဟေတုမန္တဝိသေသနကြံ၍ ယင်းဟိတ်၏ သမ္ဗန်ကို ခံပြီးလျှင် အတ္တာနုရူပစာစပ်ပြပါ။
၆။ လဒ္ဓီတိ ပါပဓိဂုစ္ဆနလက္ခဏာယ လဇ္ဇာယ သမန္နာဂတော။ (ဋ္ဌ၊၆၉) ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ထေရော သေက္ခောပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။
၈။ (င) ဝါကျလာ အပစ္စက္ခံနာမ နတ္ထိ - ဟူသော ရှေ့စကားနှင့် (စ) ဝါကျ ဂါထာလာ ဒွေသဟဿာနိ ဘိက္ခုတော ဟူသော နောက်စကားတို့ မဆန့်ကျင်အောင် ဖြေဆိုပါ။
၉။ (စ) ဝါကျလာ ဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။
၁၀။ (စ) ဝါကျလာ ဂါထာ၌ ရသင့်သော ဘာဝ စသည်ထုတ်ပါ။

====================

၁။ ယထာ ယေန ကာရဏေန၊ ကြောင့်။ အပစ္စက္ခံနာမ၊ မည်သည်။ နတ္ထိ၊ မရှိ။ တေနကာရဏေန၊ ကြောင့်။ ဒွါသီတိ (ပ) ပဝတ္တိနောတိ (ဣဒံဝစနံ) ကို။ အာနန္ဒောယေဝ၊ ပင်လျှင်။ အာဟ၊ ၏။

တနည်း ။ ။ မယှာ၊ သည်။ ဝုတ္တဿ၊ သော။ ဝစနဿ၊ ၏။ သာဓကံ၊ သက်သေဖြစ်သော။ ယထာကိံဝစနံ၊ ကို။ အာယသ္မာ အာနန္ဒော၊ သည်။ အာဟ၊ နည်း။

တနည်း ။ ။ မယှာ၊ သည်။ ဝုတ္တဿ၊ သော။ ဝစနဿ၊ ကို။ သာဓကံ၊ ပြီးစေတတ်သော။ ယထာကိံဝစနံ၊ ကို။ အာယသ္မာ အာနန္ဒော၊ သည်။ အာဟ၊ နည်း။ မယှာ၊ သည်။

http://www.dhammadownload.com



ဝုတ္တဿ၊ သော။ ဝစနဿ၊ ကို။ သာဓေ၊ သော။ ဒွါသီတိ ဗုဒ္ဓတော ဂဏှိ။ ပ။ ပဝတ္တိနောတိ၊ -- ပဝတ္တိနော- ဟူသော။ ဣဒံဝစနံ၊ ကို။ အာယသ္မာ အာနန္ဒော၊ သည်။ အာဟ၊ ပြီ။ (ဘာသာဋီ၊၅၁။)

◆ ယထာဟမူ၊ တွေ့လမူကား၊ ယထာ+အာဟ နှစ်ပုဒ်ယှဉ်မြဲ။

ယေနကာဲ၊ ကရိုက်းကံ၊ အမှန်ကြေစမြဲ။

ပဝတ္တိနော၏ အာဓာရကို ဓိဂ္ဂါဂ္ဂေ၊ လျှာဖျား၌ (ဝါ) ဟဒယေ၊ ၌ - ဟု ထည့် (သီဋီသစ်၊၁။ ၅၈။)

၂။ (ဂ) ဝါကျ သာဘောဂပုစ္ဆာတတ်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ) ဝါကျဖြင့် အရှင်အာနန္ဒာအား အခွင့်ကိုပြုခြင်းဌာ အရှင်မဟာကဿပသည် တယောက်ဖြင့် ယုတ်လျော့သည်ကိုပြုသောဟုဆို၏ (ဥပနာ) ထိုအရှင် အာနန္ဒာနှင့်တကွဖြစ်စေ ကင်း၍ဖြစ်စေ၊ သင်္ဂါယနာတင်ကောင်းသည်မဟုတ်ပါလော (အာဘော်) အဘယ့်ကြောင့် အရှင်အာနန္ဒာအား အခွင့်ကိုပြုပါသနည်း (ပုစ္ဆာ) ဤသို့မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေကြားလိုသောဆရာသည် (ဂ) ဝါကျမိန့် ။

အဓိပ္ပါယ်ကား -(ဂ) ဝါကျဖြင့် အရှင်အာနန္ဒာမထေရ်နှင့်တကွလည်းကောင်း၊ ကင်း၍ လည်းကောင်း၊ သင်္ဂါယနာတင်ခြင်းဌာ မတတ်ကောင်းသောကြောင့် အရှင်အာနန္ဒာမထေရ်အား အခွင့်ကို ပြုပါ၏ဟုလို။

✻ ပရိဟာရ၊ နောက်ကျဝါ၌၊ နရှိလျှင်းက၊ န-ကိုပယ်၊ န-မရှိက၊ န-ကိုသွင်း၊ ဖြစ်လျှင်းအာဘော်ပေ။

◆ ကသ္မာ ပနဿဩကာသမကာသီတိ အာဟ "တေနာ" တိ အာဒိ။ သီဋီသစ်၊ ၅၇။

(ဃ + င) ဝါကျ နေရင်းနိဿျကျမ်းတတ်

အဘယ်ကြောင့် အရှင်အာနန္ဒာနှင့်တကွလည်းကောင်း၊ ကင်း၍လည်းကောင်း သုတ် အဘိ ဓမ္မာကို သင်္ဂါယနာတင်ခြင်းဌာ မတတ်ကောင်းသနည်းဟု သူမေးဖွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းဌာ "သောဟာယသ္မာ" စသောပါဌ်ကိုမိန့် ။

၃။ (က + ခ) စောဒကာဘောဂါဒိစတုက္ကထုတ်ပုံ

(က) နနု သကလနဝင်္ဂသတ္ထုသာသနပရိယတ္တိဓရောဒီဏာသဝ်,အနေကသတာအနေကသဟဿာစ ယောန္တိ။ (စောဒကာ ဘောဂ)

(ခ) အထ ကိဿ (ကသ္မာ) ထေရော ဧကေနူနမကာသိ၊ (စောဒနာ)

(ဂ) နနု အာယသ္မတော အာနန္ဒတ္ထေရဿ ဩကာသကရဏံ ယောတိ။ (ပရိဟာရာဘောဂ)

(ဃ) တသ္မာ ထေရော ဧကေနူနမကာသိ။ (ပရိဟာရ)

မှတ်ချက် ။ ။ စောဒကာဘောဂ ကို သီဋီသစ်၊၅၇ ၌ပြသည်။

၄။ ကတ္တုဗ္ဗန္တိကရဏီယံ။ (အထက်မင်္ဂသုံးခုအလို့ဌာ ပြုဖွယ်ကိစ္စရ၏)

သဟ ကရဏီယေန (ယော ဝတ္တတိ) တိ သကရဏီယော။

သကရဏီယော ဟူသောပုဒ်ပြီး နိပ္ဖန္နသည် ဝစနမည်၏။

သဟ ကရဏီယေနယော ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထမည်၏။

အထက်မင်္ဂသုံးခုအလို့ဌာ ပြုဖွယ်ကိစ္စနှင့်တကွဖြစ်ခြင်း သဟာဝတ္ထနဘောဂုဏ်၏ + အရှင် အာနန္ဒာဒြဗ်နှင့် ဂုဏ်+ဂုဏေးအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဝစနဟေတုမည်၏။

ဣတိ သဒ္ဒါသည် ဝစနဟေတုဇောတကမည်၏။

http://www.dhammadownload.com



အရှင်အာနန္ဒာဖြစ်သည် ဝစနီယမည်၏။

သေက္ခော , သောတာပန္နော , အာနန္ဒော စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထမည်၏။

**"ဝစနာဒိသဒ္ဒမှတ်ဘွယ်"**

* နိပ္ဖန္နကို ဝစနဆိုလော့၊ ဝိဂ္ဂြိုဟ်ဝါကျ ဝစနတ္ထတည်း၊ ထိုမှဟောတု မှတ်ရှုသကတ်၊ နိပါတ်ဣတိ ဇောတကသိလေ၊ ဖြစ်တွေကို မှတ်လေဝစနီယ၊ ဝေဝစနကို ဝစနီယတ္ထဆိုသည် ဝိဂ္ဂြိုဟ်တွေ့တိုင်း ခွဲနည်းတည်း။

(၁) ပုဒ်ပြီးနိပ္ဖန္နကို ဝစနတ္ထထုတ်။

(၂) ဝိဂ္ဂြိုဟ်ဝါကျကို ဝစနတ္ထထုတ်။

(၃) သကတ်ကို ဝစနဟောတုထုတ်။ (ရွှေရေးဆောင် နိယံဆရာတော်ကား သတ္တိကို ဝစနဟောတု ထုတ်သည်။)

(၄) ဣတိ သဒ္ဒါကို ဝစနဟောတိုဇောတကထုတ်။

(၅) ပစ္စည်းသည် (တနည်း) နိပ္ဖန္နသဒ္ဒါသည် ဟောအပ်သောဖြစ်ကို ဝစနီယထုတ်။

(၆) နိပ္ဖန္န သဒ္ဒါ၏ ပရိယာယ်သဒ္ဒါများကို ဝစနီယတ္ထထုတ်။

ထိုမှ ဟောတု မှတ်ရှုသကတ်။ ။သမာသ် တဒ္ဓိတ် ဝိဂ္ဂဟတို့၌ သမ္ဗန်သကတ်ကို ဝစနဟောတု ထုတ်ရသည်။ ကိတ် ဝိဂ္ဂဟ၌ ကြိယာသကတ်ကို ဝစနဟောတု ထုတ်ရသည်။ ကိတန္တသမာသ်ဝိဂ္ဂဟ၌ သမ္ဗန်သကတ် ကြိယာသကတ် နှစ်မျိုးလုံးကို ဝစနဟောတု ထုတ်ရသည်။

နိပါတ်ဣတိ ဇောတကသိလေ။ ။အချို့သော သမာသ် တဒ္ဓိတ်ကိတ်ဝိဂ္ဂဟများ၌ ဝစနဟောတု ထင်ရှားပြီး ဖြစ်သောကြောင့် ဣတိသဒ္ဒါကို မထည့်အပ်။ ကိတ်ဘာဝသာဓနဝိဂ္ဂဟ၌ ပုဒ်အရ ပစ္စည်းအရ မပြားသောကြောင့် ဣတိသဒ္ဒါကို မထည့်အပ်။ ကိတ်ဘာဝသာဓနဝိဂ္ဂဟ၌ ဓာတ်အရ ပစ္စည်းအရ မပြားသောကြောင့် ဣတိသဒ္ဒါကို မထည့်အပ်။

ယင်း ဣတိသဒ္ဒါမပါသော ဝိဂ္ဂဟများ၌ ဝစနဟောတုဇောတကမရ။ ထို့ကြောင့် ဣတိသဒ္ဒါ မပါသော ဝိဂ္ဂဟတို့၌ ပဉ္စကသာရ၏။

အချို့ဆရာတို့က - သဗ္ဗဝါကျေ ကြိယာသဒ္ဒေါ၊ ဣတိသဒ္ဒေါစ ဟောတီတိ။

ကြိယံ ဗျူပ္ပတ္တိနိမိတ္တံ၊ ဣတိသဒ္ဒေန ဒီပိတံ။ (သဒ္ဒဝုတ္တိ၊၁၁၃) ကို သာဓကေပြု၍ ဝါကျအားလုံး၌ ဣတိသဒ္ဒါထည့်၍ ဝိဂ္ဂဟပြုကြသည်။

ဝတ္ထိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပဋိပတ္တိ = ဟူရကား နှစ်သက်ရာယူရုံသာရှိပေတော့သည်။

အမှာ- ဝစနာဒိသဒ္ဒထုတ်ရာ၌ ဝစန ဝစနတ္ထ ဝစနဟောတုဇောတက သုံးပါးကား ဝိဂ္ဂဟရလျှင် ထုတ်ရန်မခက်၊ ထို့ကြောင့် ဝစနဟောတု ဝစနီယ ဝစနီယတ္ထ သုံးပါးကိုသာ အဓိကထား၍ ဖော်ပြပေတော့မည်။

**"ဋီကာလာဝိဂ္ဂဟများ"**

သိက္ခတီတိ သေက္ခော။ (သိက္ခ + ဏ)

ကျင့်ခြင်းကြိယာသကတ်သည် ဝစနဟောတု။

ရှင်အာနန္ဒာဖြစ်သည် ဝစနီယ။

သောတာပန္နော သကဒါဂါမီ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

သိက္ခနံ ဝါ သိက္ခာ၊ သာ ယဿ တဿ သီလန္တိ သေက္ခော။

http://www.dhammadownload.com



သိက္ခာသု ဇာတော တတ္ထ ဝါ ဘဝေါတိ သေက္ခော။

အဓိသီလ အဓိစိတ္တ အဓိပညာဟုဆိုအပ်သော သိက္ခာသုံးပါး၌ + အရှင်အာနန္ဒာ ဖြစ်နှင် ဂုဏ်+ဂုဏေး၊ အာရုံ + အာရမ္မဏိကအဖြင့်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု မည်၏။

ဠက္ခတိ တောယာတိ ဠက္ခာ။ (မဂ္ဂဖလသမ္မာဒိဋ္ဌိရ၏။)

သဟ ဠက္ခာယ ယော ဝတ္တတီတိ သေက္ခော။ (သဟပုဗ္ဗပဒဗဟုဗ္ဗိဟိ)

မဂ္ဂဖလသမ္မာဒိဋ္ဌိနှင့်တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်၏+အရှင်အာနန္ဒာဖြစ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတုမည်၏။

ဒသ ဗလာနိ အဿ ဘဂဝတောတိ ဒသဗလော။ ဒေသိယိတ္တာတိ ဒေသိတံ၊

ဒသဗလေန ဒေသိတံ ဒသဗလဒေသိတံ။ (သုတ္တဂေယျစသည်ရ၏။)

၅။ "ဟေတုမန္တ ဝိသေသန"

ဒသဗလဒေသိတံကို ဒသဗလဒေသိတတ္တာ-ဟု ဟေတုမန္တဝိသေသနကြံရပါသည်။ ယင်းဟိတ်၏သမ္ဗန်ကား "သုတ္တဂေယျာဒိကဿ" ဖြစ်ပါသည်။

အတ္ထာနုရူပစာစပ်

သုတ္တဂေယျာဒိကဿ-ကား ၏ ဟူ၍-အနက်ပေးသောကြောင့် ဒသဗလဒေသိတတ္တာ- ဝယ် ဣ-ပစ္စည်း၌ သမ္ဗန်၊ တ္တ-ပစ္စည်းကား သမ္ဗန္ဓိ။

သုတ္တဂေယျာဒိကဿ-ကား ကို-ဟူ၍ အနက်ပေးသောကြောင့် ဒသဗလဒေသိတတ္တာ-ဝယ် ဒသဗလဒေသိတ-ဟူသော ဘာဝယောဂပုဒ်၌ ကမ္မ၊သဗလဒေသိတ-ဟူသော ဘာဝယောဂပုဒ်ကား ကမ္မီ။

* ဝိသေသန၊ ဝိဂြိုဟ်ပြသော်၊ ဝိသေသျသမ္ဗန်၊ အမှန်ခတ်ကြိတ်၊ ဟိတ်ကားဝိသေသန ပင်လျှင်တည်း။ (ကြီး။၈၃။)

* ဝိသေသျကို၊ ဝိဂြိုဟ်ဆိုက၊ ထို၏သမ္ဗန်၊ အမှန်ဝေဝုစ်၊ ဟိတ်ကိုထုတ်က၊ ၎င်းဝိသေသျပင်လျှင် တည်း။ (ကြီး။၈၄။)

* ဝိသေသန ဟိတ်ပြင်က ဝိသေသျသမ္ဗန်ဖြစ်မြဲ။

(ဃ) ဝါကျ၌ တသ္မာ-နောက်ဝယ်ဖြစ်သင့်သောဟိတ်ကိုထုတ်၍ သမ္ဗန်ခံပါဟုမေးခဲ့လျှင် တသ္မာ-နောက်ဝယ်ဖြစ်သင့်သောဟိတ်တို့ကား သေက္ခတ္တာ သကရဏီယတ္တာ ဖြစ်သည်။ ယင်းတို့၏ သမ္ဗန်ကား တဿ အာယသ္မတော (အာနန္ဒဿ) ဖြစ်သည်။ ကတ္တား သမ္ဗန်စာစပ်ရမည်။

* တသ္မာနောင် ဟိတ်ကိုဆောင် တူအောင်အနက်ကြံ။

တသ္မာရှေ့ ဟိတ်ဖိုလ်တွေ့ ပြား၍ရှိမှုခံ။ (အာချာတ်သာမိ)

၆။ ပါပဇိဂုစ္ဆနလက္ခဏာယ-ဖြင့် လဇ္ဇာပုဒ်ကို ပါပတော လဇ္ဇတီတိ လဇ္ဇာ-ဟု ကတ္တုသာခနေ ပစနတ္ထပြုရမည်ကိုလည်းကောင်း၊ (အဘိဓာနတ္တ) အ-ပစ္စည်း ကတ္တုသာခနေ၌ သက်သည်၏အဖြစ် ကိုလည်းကောင်း၊ (ဒု-ပစ္စယတ္တ) လဇ္ဇာအရ ဟိရိဩတ္တပ္ပတရားနှစ်ပါးကို ယူရမည်ကိုလည်းကောင်း၊ (သရုပ်ကြား-အဘိဓေယျတ္တ) သိစေပါသည်။

* သံဝဏ္ဏေတဗ္ဗ ကိတ်ပဒ ဗဟုဗ္ဗိဟိနှင့် ဖွင့်၍ပြ ကတ္တုသာခန ကြံစရာ။ (သံဝဏ္ဏနာနိယ)

* ယဇ္ဇာသဒ္ဒေါ (ပ) တသ္မာလဇ္ဇာတိ ဟိရိဩတ္တပ္ပါန မဓိဝစနံ ဒဋ္ဌဗ္ဗံ (သီဋီသစ်၊၁။၃၂၈)

http://www.dhammadownload.com



လဇ္ဇာယ သမန္နာဂတော-ဖြင့် လဇ္ဇီပုဒ်ကို လဇ္ဇာ အဿ အတ္ထီတိ လဇ္ဇီ ဟု အဿတ္ထိ တဒ္ဓိတ်၌ သက်သည်ကို သိစေပါသည်။ (ပစ္စယတ္ထ)

✲ သံဝဏ္ဏေတဗ္ဗ၊ ပုဒ်ကေကို၊ သမန္နာဂတ၊ သမ္ပန္နနှင့်၊ ထိုမှတလီ၊ သမင်္ဂီဟည့်၊ ပရိပုဏ္ဏ၊ စသည် တို့နှင့်၊ ဖွင့်ပြလေရာ၊ မှတ်ပါမယုတ်၊ ဖွင့်နည်းထုတ်၊ တဒ္ဓိတ်အဿတ္ထိ၊ ကြံနည်းသိ။ (သံဝဏ္ဏနာနိယံ)

၇။ ထေရ- ကား ဌာ-ဓာတ်+ဏ္ဍရပစ္စည်း။ ဌိရ ဟုဆိုရလျက် ဌကို ထပြုခြင်း ဝဏ္ဏဝိကာရ၊ ဣကို ဧပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် ထေရဟုပြီးပါသည်။

❖ ဌာ ဂတိနိဝတ္တိယံ၊ ဏ္ဍရော၊ ဌာဿထတ္တံ ဏ္ဍဿေတ္တံ။ (သူစိ)

သင်္ဂေဟာ- ကား သဟ+ဏ္ဍက ဟုဆိုလိုလျက် သဟ-ကို သ-ပြုခြင်း ဝဏ္ဏဝိကာရ၊ ဏ္ဍကို ဧ ပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် ပြီးသည်။

အမှာ ။ ။ နိရုတ္တိနည်း အဓိပ္ပါယ်မှာ ပုဒ်စစ်၌ အပြည့်အစုံ ပုံစံနှင့်တကွ ဖော်ပြပြီးဖြစ်သည်။ ဤ၌ ရှင်းပြနေစရာမလို။

သကရဏီယော-ကား သဟ+ကရနီယော-ဟု လိုလျက် သဟ ကို သပြုခြင်း၊ န ကို ဏ ပြုခြင်း၊ ဗဏ္ဏဝိကာရနိရုတ္တိနည်းဖြင့်ပြီး၏။

ပစ္စက္ခံ- ကား အက္ခပုဒ်+ပတိပုဒ်။ ပတိအက္ခ ဟူလိုလျက် ပတိနှင့်အက္ခကို ရှေ့နောက်ပြန် တိကို စပြုခြင်း ဝဏ္ဏဝိကာရ၊ စ ဒွေဘော်လာခြင်း ဝဏ္ဏာဂမနိရုတ္တိနည်းဖြင့် ပြီးသည်။

ဉီန- ကား ဉီဟဓာတ်+နပစ္စည်း (သို့) ယုပစ္စည်း၊ ဟကိုချေ၍ ပြီးသည်။

❖ ဉီဟ ဝိတက္ကေ ဟ-လောပေါ။ ဉီဟန် ဉီနော = အပုဏ္ဏော။ (ဏွာဒိ၊၁၀၇။)

၈။ ဒွေသဟဿာနိ ဘိက္ခုတော = ရှင်သာရိပုတ္တရာထံမှ ဓမ္မက္ခန္ဓာ နှစ်ထောင် သင်ယူသည်ဟု ဆိုသော်လည်း မြတ်စွာဘုရား၏ အထံတော်၌ သင်ယူသည်ပင်မည်ကောင်းသောကြောင့် အပစ္စက္ခံနာမ နတ္ထိ = မျက်ကွယ်သင်ယူသည်မည်သည်မရှိ = ဟူသောရှေ့စကားနှင့်မဆန့်ကျင်ပါ။ မှန်၏-သာဝကဘာသိတသုတ်ကိုလည်း ဗုဒ္ဓဘာသိတဟူ၍ ဆိုအပ်၏။ (သီဋီသစ်၊၁၊၅၈။)

အမှာ ။ ။ (၈)နံပါတ် စည်းမျဉ်းအရ ၄+၄ီ-လာ ခက်ခဲနက်နဲသော အဓိပ္ပါယ် အဆုံးအဖြတ်ကို မေးမည်ဖြစ်ရာ အထူးသဖြင့် အဋ္ဌကထာလာ ကောင်းနိုးရာရာများကို ကြည့်ထား ကြရမည်။

၉။ "ဆန်းစစ်ပုံနှင့် ဂါထာအမည် ဆန်းအမည်"

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဒွါ<br>၂ | သီတိဗု<br>၂ ၁၂ | ဒ္ဓတောဂ<br>၁ ၂ ၂<br>ယ | ဏှိံ<br>၂ | ဒွေ<br>၂ | သဟဿာ<br>၁ ၂ ၂ | နိဘိက္ခု<br>၁ ၂ ၁<br>ဇ | တော<br>၂ |
| "စတု"<br>၂ | ရာသီတိ<br>၂ ၂ ၁ | သဟဿာ<br>၁ ၂ ၂<br>ယ | နိ<br>၁ | ယေ<br>၂ | မေဓမ္မာ<br>၂ ၂ ၂ | ပဝတ္တိ<br>၁၂၁<br>ဇ | နော<br>၂ |

http://www.dhammadownload.com



ဤဂါထာသည်
(၁) လေးပါဒတို့၌ အစတလုံး နောင် သ-ဂိုဏ်း န-ဂိုဏ်းမရှိခြင်း။
(၂) ဝိသမပါဒတို့၌ အစအက္ခရာ လေးလုံးနောင် ယ-ဂိုဏ်း ရှိခြင်း။
(၃) သမပါဒတို့၌ အစအက္ခရာ လေးလုံးနောင် ဇ-ဂိုဏ်း ရှိခြင်း။

ဤလက္ခဏာသုံးပါးနှင့် ပြည့်စုံသောကြောင့် ပထျာဝတ္တဂါထာ ဖြစ်ပါသည်။ တပါဒတပါဒ စီလျှင် အက္ခရာရှစ်လုံးစီရှိသောကြောင့် အနုဋ္ဌုဘဆန်း ဖြစ်ပါသည်။

မှတ်ချက် ။ ။ ရှစ်လုံးဖွဲ့ဖြစ်စေရန် "စတု" ၌ လဟုနှစ်လုံးကိုပေါင်း၍ ဂရုတလုံးတည်းယူသည်။ တတိယပါဒ၌ "နို" ကိုဖြုတ်၍ စစ်လျှင်ကား တတိယ သ-ကာရဝိပုလာ ဂါထာ ဖြစ်နိုင်သည်။

အမှာ ။ ။ (၉) နံပါတ်၌ အဋ္ဌကထာလာ ဂါထာအမျိုးအမည်ကိုမေးခြင်း၊ အဓိပ္ပါယ်မပျက်စေဘဲ အဋ္ဌကထာလာ စုဏ္ဏိယပါဌ်ကို ဆန်းကျမ်းလာ ဂါထာတမျိုးမျိုး ရေးသားစီကုံး စေခြင်းကိုပါ မေးမည်ဖြစ်သည်။ အထူးသတိပြုရန်မှာ အဆင့်မြင့်ဂါထာဖြစ်အောင် ရေးသားလို ပါက-
(၁) သဒ္ဒါအနေအထားမှန်ကန်စေရမည်။
(၂) သင့်သလို ချုံးသင့်က ချုံးပါ၊ ဖြုတ်သင့်က ဖြုတ်ပါ၊ ထည့်သင့်က ထည့်ပါ၊ ပုဒ်ပြောင်းသင့်က ပြောင်းပါ၊ ပရိယာယ်ပြောင်းသင့်က ပြောင်းပါ။

## " ဂါထာအမည် ဆန်းအမည် ရွေးချယ်နည်း "

ပါဠိ အဋ္ဌကထာတို့၌ ပထျာ အရိယာ၊ ဣန္ဒဝဇိရာ၊ ဥပေန္ဒဝဇိရာ၊ ဝံသဋ္ဌ၊ ဣန္ဒဝံသ၊ ဥပဇာတိ၊ ဝသန္တတိလကဂါထာနှင့် ဝတ္တဇာတိဂါထာများကိုသာ အရေးအသားများကြသည်။

မှတ်ချက် ။ ။ ပဌမပါဒနှင့် တတိယပါဒက အက္ခရာလုံးရေနည်း၍ ဒုတိယပါဒနှင့် စတုတ္ထပါဒက လုံးရေများလျှင် အရိယာဂါထာမျိုးဟုမှတ်။ အရိယာဂါထာမျိုးကို ဆန်းစစ်ရာ၌ ပဌမပါဒနှင့် ဒုတိယပါဒကိုပေါင်း၍ ပုဗ္ဗဒ္ဓဟုမှတ်။ တတိယပါဒနှင့် စတုတ္ထပါဒကိုပေါင်း၍ အပရဒ္ဓဟု မှတ်။ လေးမတ္တာတစ်ဂိုဏ်းဖွဲ့၍ ဆန်းစစ်ရသောကြောင့် ဘ ဇ သ မ န ဟူသော ဂိုဏ်းငါးမျိုးသာ ရှိနိုင်သည်ကိုမှတ်သားထားရမည်။ ၎င်းတို့အထဲမှ မည်သည့်ဂိုဏ်းဌာနဌ်မည်သည့်ဂိုဏ်းများနေရမည် ကို နောက်ဝါကျများ၌ ဆိုင်ရာဂါထာဆန်းစစ်ပုံ နမူနာလက္ခဏာတစ်မူမျှကိုသာ ကျက်မှတ်ထားပေ တော့။

## ၁၀။ "ဘာဝါလင်္ကာရထုတ်ပုံ"

- ✝ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို သင်ယူရွတ်ဖတ်သရဇ္ဈာယ်သော ရှင်အာနန္ဒာမထေရ်၏ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဉဿာဟဌ္ဌာယီဘာဝ+ဝီရ ရသမည်၏။
- ✝ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့သည် အာရမ္ဘကဝိဘာဝမည်၏။
- ✝ မြတ်စွာဘုရားနှင့် ရှင်သာရိပုတ္တရာတို့သည် ဥဒ္ဒီပနဝိဘာဝမည်၏။
- ✝ ဓမ္မက္ခန္ဓာတို့ကိုသိရခြင်း၊ သင်္ဂါယနာပွဲ၏ အကြီးအမျူးပုဂ္ဂိုလ်ဖြစ်ခြင်းအစ နိဗ္ဗာန်တိုင်အောင် သော အကျိုးတရားအဆက်ဆက်သည် အနုဘာဝမည်၏။

http://www.dhammadownload.com



"ဘာဝါလင်္ကာရထုတ်ပုံ နယူပဒေသမှတ်ဘွယ်"

(၁) စိတ်၏ဖြစ်ခြင်း၊ ထူးအခြင်းကို၊ ဘာဝဆိုလော၊

(၂) ထို၏မူလာ၊ အကြောင်းမှာမူ၊ အာရမ္မဏ၊

(၃) ကြောင်းဖျားကမူ၊ ဥဒ္ဒီပဟူ၏၊ နှစ်ဆူဝိဘာဝ၊ ကောက်ယူကြလော့၊

(၄) ဘာဝသီမှ၊ အကျိုးစုမှာ၊ နုဘာဝါသည် ဘာဝါလင်္ကာရထုတ်နည်းတည်း။

(အလင်္ကာပန်းကုံး)

အဓိပ္ပါယ် ။ ။ အာရုံတခုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော စိတ်၏ဖြစ်ပုံအထူးကို "ဘာဝ" ဟူခေါ်သည်။ ဘာဝဟူသည်ဌာယီဘာဝကို ဆိုလိုသည်။ ထိုဘာဝ၏ လိုရင်းမူလပဓာန အကြောင်းကို "အာရမ္မဏဝိဘာဝ" ဟုခေါ်သည်။ ထိုဘာဝ၏ အခြံအရံ ဖြစ်သော အကြောင်းကို "ဥဒ္ဒီပနဝိဘာဝ"ဟု ခေါ်သည်။ "ဝိဘာဝ" ကိုသိစေတတ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာဟု ဆိုအပ်သော အကျိုးအရပ်ရပ်ကို "အနုဘာဝ" ဟုခေါ်သည်။

ဂါထာနှင့်စုဏ္ဏိယဝါကျတို့၌ ကံပုဒ်အရကို အာရမ္မဏဝိဘာဝထုတ်၍၊ ထိုကံပုဒ်၏ ဝိသေသနကိုလည်းကောင်း၊ ထိုကံပုဒ်နှင့်ဆက်သွယ်သော ကြိယာဝိသေသနကို လည်းကောင်း၊ ကံပုဒ်နှင့်ဆက်သွယ်သော အာကာရစကားရပ်ကိုလည်းကောင်း ဥဒ္ဒီပနဝိဘာဝထုတ်ရသည်။ ထိုဘာဝမှ အကောင်အထည်ပေါ်လာသောအကျိုးဆက်ကိုအနုဘာဝထုတ်ရသည်။

ဌာယီဘာဝ(၉)ပါး

ရတိ ဟာသောစ သောကောစ၊ ကောဓု+ဿဟ ဘယမ္ပိစ။

ဇိဂုစ္ဆာ ဝိမှယောစေဝ၊ သမောစ နဝ ဌာယိနော။

ရသ (၉) ပါး

သိင်္ဂါရ ဟဿ ကရုဏာ၊ ရုဒ္ဒ ဝီရ ဘယာနကာ။

ဗီဘစ္ဆ+ဗ္ဘုတ သန္တာစ၊ ရသာ ဌာယိန နုက္ကမာ

ဌာယီဘာဝနှင့်ရသတွဲပုံ အောက်ပါဇယားကို ကြေညက်အောင်လေ့လာထားပါ။

| စဉ် | ဌာယီဘာဝ | ရသ | သဘာဝတ္ထနှင့်အဘိဓေယျတ္ထ |
|---|---|---|---|
| ၁ | ရတိ | သိင်္ဂါရ | ချစ်ခင်နှစ်သက်ခြင်း၊ ကြည်လင်ခြင်း (ဝါ) တဏှာ (အချို့ပီတိ) |
| ၂ | ဟာသ | ဟဿ | ရယ်ရွှင်ဝမ်းမြောက်ခြင်းသောမနဿဝေဒနာ (အချို့-မုဒိတာ) |
| ၃ | သောက | ကရုဏာ | စိုးရိမ်ပူဆွေးခြင်း (ဝါ) ဒေါမနဿဝေဒနာ |
| ၄ | ကောဓ | ရုဒ္ဒ | ကြမ်းကြုတ်ခက်ထန်ခြင်း (ဝါ) ဒေါသ |
| ၅ | ဥဿာဟ | ဝီရ | ရဲရင့်အားထုတ်ခြင်း (ဝါ) ဝီရိယ |
| ၆ | ဘယ | ဘယာနက | ကြောက်ရွံ့ခြင်း (ဝါ) တွန့်ဆုတ်သောဒေါသ |
| ၇ | ဇိဂုစ္ဆာ | ဗီဘစ္ဆ | စက်ဆုတ်ခြင်း (ဝါ) တွန့်ဆုတ်သောဒေါသ |
| ၈ | ဝိမှယ | အဗ္ဘုတ | အံ့ဩခြင်း (ဝါ) ဆန္ဒ (အချို့-ပီတိ-သောမနဿ) |
| ၉ | သမ | သန္တ | ငြိမ်းအေးခြင်း (ဝါ) ပဿဒ္ဓိ (အချို့သမာဓိ) |

ဘေဒမှတ်ဘွယ် ။ ။ (၁) သိင်္ဂါရသည် "ကာမ ဓမ္မ" ဟု နှစ်မျိုးပြား၏။

(၂) ဟဿသည် "သောမနဿ မုဒိတာ" ဟု နှစ်မျိုးပြား၏။

(၃) ကရုဏာသည် "ကာမ ဓမ္မ" ဟု နှစ်မျိုးပြား၏။

http://www.dhammadownload.com



(၄) ရုဒ္ဒသည် "ယုဒ္ဓ ဒါန ဘယာ" ဟု သုံးမျိုးပြားသည်။
(၅) မိဘစ္ဆသည် "ရုစိရ ပုတိ ဝိရာဂ" သုံးမျိုးပြား၏။

*******************

ဝါကျဥယျာဉ် (၂)
၁၃၃၅-၃၊ အစိုးရ

(က) ယဒိ ဧဝံ သေကွောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဉစ္စိနိုတဗ္ဗော အဿ၊ အထ ကသ္မာ န ဉစ္စိနိုတောတိ ?
(ခ) ပဂ္ဂုပဝါဒဝိဝဇ္ဇနတော။
(ဂ) ထေရော ဟိ အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္ထော အဟောသိ၊
(ဃ) တထာ ဟိ နံ သိရသ္မိံ ပလိတေသု ဇာတေသုပိ "နဝါယံ ကုမာရကော မတ္တမညာသီ"တိ ကုမာရကဝါဒေန ဩဝဒတိ။
(င) သကျကုလပ္ပသုတော စာယသ္မာ တထာဂတဿ ဘာတာ စူဠပိတုပုတ္တော။
(ဋ၅။သီဠိသစ်၊၁။၅၈။ နေရင်း၊၂၈။ ပခုက္ကူ၊၅၉။ဘာသာဋီ၊၅၂။)

၁။ (ခ) ဝါကျကိုသာ ဟိတ်၏သမ္ဗန်များခံ၍ ထည့်သင့်သော ပုဒ်များထည့်စွက်လျက် အပြည့်အစုံ အနက်ယောဇနာပါ။
၂။ (ဂ) မှ (ဃ) သို့ သာဘောဂါယုတ္တစောဒနာတက်ပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)
၃။ (ဂ) ဝါကျ၌ စောဒကာဘောဂါဒိစတုက္ကထုတ်ပြီးလျှင် (က) ဝါကျ၌ လက္ခဏာရုစိပိသဒ္ဒါ အဘယ့် ကြောင့်ထားပါသနည်း ဖြေဆိုပါ။
၄။ ကုမာရကော ၌ ကုမာရ ပုဒ်ကို ဝိဂြိုဟ်ဆို၍ ဝစနာဒိသက္ကထုတ်ပါ။
၅။ (က)ဝါကျပါ ဗဟုကာရတ္တာ ဟူသော ဟိတ်ပုဒ်ကိုသာ သမ္ဗန်ခံ၍ အနက်ပေးပြီးလျှင်စာစပ်ပြပါ။
၆။ ဒေသနာတိ ပညတ္တိဟူသော အဋ္ဌကထာ(၂၁)၌ သဒ္ဒဝါဒီ ပညတ္တိဝါဒီ နှစ်မျိုးတွင် သင်ကြိုက်ရာ ဆရာ၏ အလိုအားဖြင့် အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ကေစိ ဘိက္ခူ ဆန္ဒာဂမနံ ဝိယ မညမာနာ (ဋ၅) ၌ ဆန္ဒာဂမနံ ဝယ် ရသင့်သော ဝိပလ္လာသ နည်းကို ဖော်ပြပါ။
၈။ (င) ဝါကျ၌ တထာဂတဿဘာတာ အရ ဇေဋ္ဌကဘာတာ ကနိဋ္ဌဘာတာ နှစ်မျိုးရှိရာ အဘယ် ကို ယူရမည်ကို ဤဘာဏကဆရာတို့အလိုကျ ပြဆိုဆုံးဖြတ်ပါ။
၉။ အောက်ပါစုဏ္ဏိယပါဠိကို ဂါထာစီပါ။
အာနန္ဒံ ဝိနာ ဓမ္မသင်္ဂီတိံ နသက္ကာ ကာတုံ၊ ဘိက္ခူနံယေဝ နံ အနုမတိယာ ဂဟေဿာမီတိ။ (ဋ၅။)
၁၀။(ဃ) ဝါကျ၌ ဩဝဒတိ ဝယ် ဓာတ်အရတရားကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပါ။

=================

http://www.dhammadownload.com



၁။ ဘဒြမုခ၊ ဆရာ။ တသ္မာ အာယသ္မတော အာနန္ဒဿ၊ ၏။ ဓမ္မသင်္ဂီတိယာ၊ အား။ ဗဟုကာရတ္တာ၊ များသော ကျေးဇူးရှိသည်၏အဖြစ်သည်။ သမာနေပိ၊ သော်လည်း။ ထေရဿ၊ ၏။ (သမ္ဗန်) ပဋ္ဌပဝါဒဝိဝဇ္ဇနတော၊ တပါးသောပုဂ္ဂိုလ်တို့၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ကြဉ်တော်မူလိုသည်၏ အဖြစ်ကြောင့်။ ထေရေန၊ သည်။ အာယသ္မာ အာနန္ဒတ္ထေရော၊ ကို။ န ဥစ္စိနိတော၊ ရွေးကောက်တော်မမူအပ်။ (ပဒုတ္တနိသျ၊၅၉။)

## ယဒိ ဧဝံချီသော (က) ဝါကျကို စနစ်တကျအနက်ပေးပုံ

တေန အာယသ္မတာ အာနန္ဒတ္ထေရေန၊ နှင့်။ ဝိနာပိ၊ ကင်း၍လည်း။ ဓမ္မသင်္ဂီတိ၊ သည်။ (ဝါ) ကို။ ကာတုံ၊ ငှာ။ ယဒိ နသက္ကာ၊ အံ့။ ဧဝံ အသက္ကောန္တေ၊ သည်။ သတိ၊ သော်။ (ကြွင်းနိသျအတိုင်း)

* ယဒိဧဝံ၊ နှစ်ပါးပြွမ်းလျက်၊ ကတ်စွမ်းသောအလျောက်၊ အပြစ်ကောက်မှု၊
နောက်စကားကို၊ မှတ်သားကိုင်လျက်၊ ယဒိထက်ဝယ်၊ စွက်သည့်ကြိယာ၊
အသစ်ရှာ၊ ဧဝံနောက်မှာ၊ သတိလာ၊ သန္တေသုလည်းရံတခါ။ (ဟိစပဲနနိယံ)

## နိယံအဓိပ္ပါယ်အကျဉ်းမှတ်ရန်

ယဒိဧဝံ ချီသော ဝါကျ၌ ယဒိနိပါတ်ကို ဆိုခဲ့ပြီးဝါကျနှင့် ယှဉ်စပ်၍အနက်ပေးရမည်။ ဧဝံနောက်၌ ကေဝုစ်ဖြစ်မူ သတိ၊ ဗဟုဝုစ်ဖြစ်မူ သန္တေသု ထည့်၍ အနက်ယောနေရမည်။

## ၂။ (ဃ) ဝါကျသာဘောဂါယုတ္တစောဒနာ

ဆရာ-သည် (ဂ) ဝါကျဖြင့် အရှင်မဟာကဿပသည် အရှင်အာနန္ဒာ၌ အလွန် အကျွမ်းဝင်သောဟုဆို၏။အရှင်အနုရုဒ္ဓါ အရှင်ဥပါလိထေရ် အစရှိသူတို့သည်လည်း အရှင်အာနန္ဒာကဲ့သို့ပင် အရှင်မဟာကဿပ၏ သမဂ္ဂသိတင်းသုံးဘော်ချည်း ဖြစ်ကြသည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အရှင်မဟာကဿပ၏ အရှင်အာနန္ဒာ၌ အလွန်အကြွမ်းဝင်သည်၏အဖြစ်ကို အဘယ်သို့သော အကြောင်းဖြင့် သိအပ်ပါသနည်း။ အကြောင်းယုတ္တိကိုမပြသော် ---- ဝိရောဓိဒေါသ ---- ၏။ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။

- ကေန ဝိညာယတီတိ အာဟ "တထာဟိ" တိ အာဒိ၊ ဒဠှီကရဏံ ဝါ တေ ဝစနံ။ (သီဋီသစ်၊ ၁။၅၈။)

## (ဂ) အနုသန္ဓေ

ဤသို့ (ခ) ဝါကျဖြင့် သူတပါးတို့၏ ကဲ့ရဲ့ခြင်းမှ ကြဉ်တော်မူလိုသောကြောင့် ရှင်အာနန္ဒာကို ရွေးကောက်တော်မမူဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းဆိုခဲ့ပြီးစကားရပ်ကိုပင် အကျယ်ချဲ့၍ ဖွင့်ပြလိုသော ဆရာသည် (ဂ) ဝါကျမိန့်။

- တံ ဝိဝရတိ "ထေရောဟိ" တိ အာဒိနာ။ (သီဋီသစ်၊၁။၅၈။)

* ယောတုနောင်မှ ဟိနှင့်ပြမူ ချဲ့မှုသည်ီ ဝိတ္ထာပြီ။

* ယောတုနောင်မှ ဟိရောက်က ထောက်ဆဝိတ္ထာပြီ။ (မအူနိသျ၊ရရ။)

http://www.dhammadownload.com



(င) ဝါကျ သာဘောဂပုစ္ဆာ

ဆရာ ဆရာသည်(ဂ+ဃ)ဝါကျတို့ဖြင့် အရှင်မဟာကဿပသည် အရှင်အာနန္ဒာနှင့် အတိဝိယ ဝိဿတ္ထဖြစ်သောကြောင့် သူတပါးတို့၏ကဲ့ရဲ့စရာဖြစ်သောဟုဆို၏။ အလွန်အကျွမ်းဝင်ခြင်းဟူသော အကြောင်းတမျိုးကြောင့်သာ ကဲ့ရဲ့ စွပ်စွဲစရာဖြစ်နိုင်ပါသလော။ (ဝေအာဘော်) အဘယ်အကြောင်းကြောင့်လည်း စွပ်စွဲကဲ့ရဲ့စရာဖြစ်နိုင်ပါသေးသနည်း၊ စုဒ်ကြောင့် (င) ဝါကျမိန့်။ အမှာ ။ ။ ဤကား ၈၊ စွပ်စွဲ ကဲ့ရဲ့ခြင်း၏အကြောင်းတမျိုးကို ဆိုအံ့ ဟု အနက်ပေးသော မအူသျှနှင့်အညီ ကျမ်းတက်ခြင်းဖြစ်သည်။

၃။ (ဃ) ဝါကျ စတုတ္ထထုတ်ပုံ

(က) နနု သီရသ္မိံ ပလိတာနိ ဇာတာနိ။ (စောဒကာဘောဂ)

(ခ) အထကသ္မာ နံ "န ဝါယံ ကုမာရကော မတ္တမညာသီ" တိ ကုမာရကဝါဒေန သြဝဒတိ။ (စောဒနာ)

(ဂ) နနု ထေရော အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္ထော အဟောသိ၊ (ပရိဟာရာဘောဂ)

(ဃ) တသ္မာ နံ "န ဝါယံ (ပ) သြဝဒတိ၊ (ပရိဟာရ)

(က+ခ) ဝါကျကိုရှု၍ စတုတ္ထထုတ်ပုံ

(က) နနု သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အဿ၊ (စောဒကာဘောဂ)

(ခ) အထ ကသ္မာ န ဥစ္စိနိတော၊ (စောဒနာ)

(ဂ) နနု ပရူပဝါဒဝိဝဇ္ဇနကာမော ဟောတိ၊ (ပရိဟာရာဘောဂ)

(ဃ) တသ္မာ နဥစ္စိနိတော၊ (ပရိဟာရ)

(က) ဝါကျ ဥစ္စိနိတဗ္ဗော အဿ တိုင်အောင်သော စကားရပ်ကိုသာ စတုတ္ထထုတ်ပါဟု မေးလျှင်-

(က) နနု သေက္ခော သမာနော၊ (စောဒကာဘောဂ)

(ခ) အထ ကသ္မာ ထေရေန ဥစ္စိနိတဗ္ဗော အဿ၊ (စောဒနာ)

(ဂ) နနု ဓမ္မသင်္ဂီတိယာ ဗဟုကာရော ဟောတိ၊ (ပရိဟာရာဘောဂ)

(ဃ) တသ္မာ ထေရေန ဥစ္စိနိတဗ္ဗော အဿ၊ (ပရိဟာရ)

(က) ၌ လက္ခဏာရစိ အဝိသဒ္ဒါထားရခြင်း

အရှင်မဟာကဿပမထေရ်သည် (အရှင်အာနန္ဒာကို) ရွေးချယ်ထိုက်သည်ဖြစ်ရာ၏ဟု အကျိုးကိုပြဆိုသော ထေရေန ဥစ္စိနိတဗ္ဗော အဿ ဟူသောစကားကို မနှစ်သက်သောကြောင့် (က) ၌ လက္ခဏာရစိအပိသဒ္ဒါကိုထားပါသည်။

http://www.dhammadownload.com



၄။ ကုမာရတိ ကီဠတီတိ ကုမာရော (ကုမာရ + အ)
ကစားမြူးတူးခြင်း ကြိယာသကတ်သည် ဝနဟောတု၊
သူငယ်ဖြစ်သည် ဝစနီယ၊
ဗာလ ပေါတက စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊

ဝိဂ္ဂဟ မှတ်ဘွယ်

ထေရ ။ ။ ထိရတိ သီလက္ခန္ဓာဒိဂုဏေဟီတိ ထေရော၊ (ထိရ + ဏ)
ဌာတိ ပဝတ္တတီတိ ထေရော၊ (ဌာ + ဏ္ဍရ)
ထိရေဟိ ဂုဏေဟိ သမန္နာဂတောတိ ထေရော၊
ထိရာ သီလက္ခန္ဓာဒိဂုဏာ အဿ အတ္ထီတိ ထေရော၊

သီရ ။ ။ ကုသုမာဒီဟိ သေဝီယတီတိ သီရော၊ (သီ + ရ)

၅။ ဗဟုကာရတ္တာ ဟူသော ဟိတ်၏သမ္ဗန်ကား အယသ္မတော အာနန္ဒဿ ဖြစ်ပါသည်။

အာယသ္မတောအာနန္ဒဿကား သည်-ကြောင့် ဗဟုကာရတ္တာ ဝယ် ဗဟုကာရ ဟူသော ဘာဝယောဂပုဒ်၌ ကတ္တား၊ ဗဟုကာရ ဟူသော ဘာဝယောဂပုဒ်ကား ကတ္တိ၊

အာယသ္မတော အာနန္ဒဿကား ၏-ကြောင့် ဗဟုကာရတ္တာဝယ် တ္တ ပစ္စည်း၌ သမ္ဗန်၊ တ္တ ပစ္စည်းကား သမ္ဗန္ဓိ၊

ဟိတ်သမ္ဗန်ခံရာ၌ မှတ်ဘွယ်

(က)* ဟိတ်ဆိုက်လေရာ ကြိယာ၏ ပကတိမှန် ကတ္တားကံကို ဟိတ်၏သမ္ဗန် ခံမြဲတည်း။ (ရှေးရေးဆောင်)

အထက်ပါနိယံဖြင့် ဟိတ်ဆိုက်ရာစပ်ရာကြိယာကိုရှေဦးစွာ ရှာဖွေပါ။ ဟိတ်စပ်ရာကြိယာသည် ကတ္တားဟောကြိယာဖြစ်မူ ကတ္တားကို သမ္ဗန်ခံရမည်။ ကံဟောကြိယာဖြစ်မူ ကံကို သမ္ဗန်ခံရမည်။ ယင်းဟိတ်ဆိုက်စပ်ရာကြိယာ၏ကတ္တားသည် ပကတိ ဝိကတိ နှစ်မျိုးရှိနေလျှင် ပကတိကတ္တားကိုသာ သမ္ဗန်ခံရမည်။ ပကတိကံ ဝိကတိကံဟု ကံနှစ်ခုရှိနေလျှင် ပကတိကံကိုသာ သမ္ဗန်ခံရမည်ဟု ပြသည်။

(ခ) * ဘာဝသမ္ဗန် တာသမ္ဗန် လာဟန်လိင်ဝုစ်တူ၊
* ဘာဝရှေ့ပုဒ် လာသည့်ပုဒ် မယုတ်အရတူ။ (တောင်တွင်း။၅၁၊၅၂။)

ဤ (ခ) နိယံဖြင့် (က) နိယံ စည်းကမ်းတို့အရ ရှာဖွေပြီးဖြစ်သော သမ္ဗန်ပုဒ်နှင့် ဘာဝယောဂပုဒ်တို့အရ တူ/မတူကို စီစစ်ရမည်၊ အရမတူလျှင် ၄င်းသမ္ဗန်မမှန်ကန်သေး၊ အရတူမှသာ မှန်ကန်သည်ဟုမှတ်ယူရမည်။

ဆိုလိုရင်းကား-ဘာဝယောဂပုဒ်နှင့်အရတူသောပုဒ်ကိုသာလာသမ္ဗန်ပုဒ် ပြုလုပ်ရမည်ဟု ဆိုလိုသည်။

ဘာဝယောဂပုဒ်။ ။ ဗဟုကာရဿ ဘာဝေါ ဗဟုကာရတ္တံ-ဟု ဝစနတ္ထပြုလျှင် ယင်းစေနတ္ထ အခိုက်၌ ဘာဝသဒ္ဒါနှင့်ယှဉ်နေသော ဗဟုကာရပုဒ်ကိုပင် ဘာဝယောဂပုဒ် ဟုခေါ်သည်။ ယင်းဘာဝယောဂ (ဘာဝနှင့်ယှဉ်သော) ပုဒ်ကိုပင် ဘာဝရှေ့ပုဒ် ဟူ၍လည်းကောင်း၊ ဘာဝယုဂ် ဟူ၍လည်းကောင်း၊ ဘာဝသမ္ဗန်ဟူ၍လည်းကောင်း ခေါ်ကြသည်။

http://www.dhammadownload.com



ဘာဝယောဂ၏ပစ္စယတ္ထ ॥ ॥ လာသမ္ဗန်ပုဒ်ကို ဘာဝယောဂပုဒ်၌ စာစပ်လျှင် ကတ္တား ကံ နှစ်မျိုးတွင် တမျိုးမျိုးသာစပ်နိုင်သည်။ ထို့ကြောင့် ပစ္စယတ္ထကို ကတ္တုတ္ထ ကမ္မတ္ထ နှစ်မျိုး တမျိုးမျိုးသာဖြေရမည်။

ဟိတ်သမ္ဗန်ကို စာစပ်ပုံ ॥ ॥ သမ္ဗန်ပုဒ်ကို စာစပ်ရာ၌ ကတ္တား ကံ သမ္ဗန် သုံးမျိုးကိုသာစိစစ်ရမည်၊ ဘာဝယောဂပုဒ်သည်ကတ္တားဟောဖြစ်အံ့၊ ကတ္တား သမ္ဗန် နှစ်ချက်စပ်ရမည်။ ကံဟောဖြစ်မူ ကံ သမ္ဗန် နှစ်ချက်စပ်ရမည်။ ဘာဝယောဂပုဒ်သည် ဗဟုဗ္ဗီဟိ သမာသ်ပုဒ် အဿတ္ထိတဒ္ဓိတ်ပုဒ် တမျိုးမျိုးဖြစ်အံ့၊ "ဗဟုဗ္ဗီဟိ အဿတ္ထိ တူဘိကတ္တားနေ" ဟူသည်နှင့်အညီ ဗဟုဗ္ဗီဟိ အဿတ္ထိပုဒ်တို့သည် သဘောအားဖြင့် ကတ္တုသာဓနပုဒ်နှင့်တူသောကြောင့် ကတ္တား ဟောနည်းတူ ဟိတ်၏ သမ္ဗန်ကို ကတ္တား သမ္ဗန်နှစ်ချက်စပ်ရမည်။

✻ တ္ထတာသမ္ဗန် ဤနှစ်တန်ကို ကံနှင့်ကတ္တား နက်ပြန်ငြားက ဘာဝရှေပုဒ် ဘာဝယုဂ်မှာ အန္တတ္ထာတွင် စပ်ရာမြဲမှတ် ၏ပြန်လတ်က ဗာဟျတ္ထမှာ စပ်ရမြဲ။(ဘုရားကြီး၊၈။)

မှတ်ချက်။ ॥ နိယံ၌ ဘာဝရှေပုဒ် ဘာဝယုဂ်မှာ အန္တတ္ထာတွင် ဟူသော စကားသုံးရပ်မှာ အဓိပ္ပါယ်အတူတူမှတ်။

အန္တတ္ထ ဗာဟျတ္ထ။ ॥ ပုဒ်စာတ်၏အနက်သည် အန္တတ္ထ၊ ဝိဘတ်ပစ္စည်း၏အနက်သည် ဗာဟျတ္ထ ဖြစ်သည်။ ဘာဝယောဂပုဒ်၏အနက်ကို အန္တတ္ထဟုခေါ်သည်။ တ္ထ ပစ္စည်း တာပစ္စည်း၏အနက်ကို ဗာဟျတ္ထဟုခေါ်သည်။

၆။ ပညတ္တိ ဖြင့် ဒေသနာပုဒ်ကို ဒေသိယတိ အတ္ထော ဧတာယာတိ ဒေသနာဟု ဝစနတ္ထပြု၍ ဒေသနာအရ သဒ္ဒပညတ္တကဝစီဘေဒပရမတ္ထသဒ္ဒါကို ယူရမည်ဟုသိစေ၏။ (အဘိဓာနတ္ထသရုပ်ကြား အဘိဓေယျတ္ထ) ဤကား သဒ္ဒဝါဒီအလိုတည်း။

တနည်း ॥ ॥ ပညတ္တိ ဖြင့် ဒေသနာအရ မနသာဝဝတ္ထာပိတဖြစ်သော အက္ခရာဝဠိဟု ဆိုအပ်သော နာမပညက်ကိုယူရမည်ဟုသိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ) ဤကား ပညတ္တိဝါဒီအလိုတည်း။ (သီဋီသစ်၊ ၁။၁၀၆)

၇။ သန္တာဂမန်ကို သန္တာ + အာဂမန် - ဟု ပဒစ္ဆေဒပြု၊ သန္တာ-ဝယ် သန္တေနဟု တတိယာ နာဝိဘတ်ဖြင့် ပြီးသင့်လျက် တေသုဝုဒ္ဓိသုတ်ကြီးဖြင့် နာဝိဘတ်ကို သွာဝိဘတ်ပြန်၍ သန္တာဟု ဆိုထားရကား ဝိဘတ္တိဝိပလ္လာသနည်းရသည်။

✦ သန္တာတိစ ယေတုမှိ နိဿက္ကဝစနံ၊ သန္တေန အာဂမနံ ပဝတ္တနံ ဝိယာတိ အတ္ထော။ (သီဋီသစ်၊၁။၆၂)

ကုမာရ ॥ ॥ကမု ဣစ္ဆာယံ၊ အာရော၊ အဿ။ ကာမီယတီတိ ကုမာရော (သူစိ) ယင်းအလိုကမုဓာတ် + အာရပစ္စည်း။ ကမာရဟူလိုလျက် က-၏ အစိတ် အ-ကို ဥပြုခြင်း ဝဏ္ဏဝိကာရဖြင့် ရုပ်ပြီးသည်။

တနည်း ॥ ॥ ကုယံ ဘူမိယံ ရမတီတိ ကုမာရော (နိရုတ္တိမဉ္ဇူသာ) ယင်းအလို ကု သဒ္ဒူပပဒ ရမုဓာတ် + ဏပစ္စည်း။ ကုရာမ ဟူလိုလျက် ရနှင့်မ ရှေ့နောက်ပြန်ခြင်း ဝဏ္ဏဝိပရိယာယနည်းဖြင့်ပြီးသည်။

(၄)နံပါတ် ဝိဂ္ဂဟအလို နိရုတ္တိနည်းမရ။

ပလိတ ॥ ॥ ပစ ဓာတ်+ဣတ ပစ္စည်း။ ပစိတဟုဆိုလိုလျက် စ-ကို လ-ပြုခြင်း ဝဏ္ဏဝိကာရ နည်းဖြင့်ပြီးသည်။

http://www.dhammadownload.com



✤ ပစ ပါကေ၊ ဏွတော၊ စဿ လတ္တဥ္စ။ (ဓာန်ဋီ)

တနည်း ။ ။ ပါလဓာတ်+ဏွတ ပစ္စည်း။ ပါလိတ ဟုလိုလျှက် အာ-ကို အ-ပြုခြင်း ဝဏ္ဏဝိကာရ ဖြင့်ပြီးသည်။

✤ ပါလ ရက္ခဏေ၊ ပါလီယတီတိ ပလိတံ၊ အာဿ ရဿတ္တံ။ (သူစိ)

သက္ကျ ။ ။ သက ဓာတ်+အပစ္စည်း။ ဝဏ္ဏာဂမဖြင့် က-လာ၊ နောက်က-ကို ယ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် ရုပ်ပြီးသည်။ (ဓာတုပစ္စယဒီပနီ)

ပါဠိဝိနိစ္ဆယ။ ။ ဗဟုကာရတ္တာတိ ဗဟုပကာရတ္တာ၊ ဥပကာရဝစနော ဟေတ္ထ ကာရသဒ္ဒေါ- ဟု သာရတ္ထဋီကာမိန့်သည်ကိုထောက်လျှင် ဗဟုကာရတ္တာသာ မူရင်းဟု သိ ဂဏ္ဌိ - (၅၁)၌ဆိုးဖြတ်သည်။ ပါ-ဂဏ္ဌိသစ်။ ၁၀၃-၌လည်း "ဥပကာရဝစနော ဟေတ္ထကာရသဒ္ဒေါ- ဟူရကား ပ-အက္ခရာမရှိသင့်" ဟုဆုံးဖြတ်သည်။

၈။ တထာဂတဿ ဘာတာအရ ကနိဋ္ဌဘာတာကို ယူရပါသည်။

ဘုရားရှင်နှင့် အာနန္ဒာသည် ဖွားဘက်တော်ဖြစ်၍ အရွယ်တူပင်ဖြစ်သည်။ သို့ရာတွင် အာနန္ဒာသည် ဘထွေးတော်အငယ်ဆုံးအမိတောဒန၏သားဖြစ်သောကြောင့် ဘာတာအရ ကနိဋ္ဌဘာတာကိုသာယူရမည်ဟု ဒီဃဘာဏကဆရာများဆုံးဖြတ်ကြသည်။ (သီဋီသစ်၊ ၁။၆၁)

## နဝါယံ ကုမာရကော မတ္တမညာသိ-ဟုကြိမ်းမောင်းခြင်း

ရှင်အာနန္ဒာ၏ ပရိသတ်ငယ်များ ယေဘုယျအားဖြင့် လူထွက်ခြင်းကြောင့် ရှင်မဟာကဿပမထေရ်က "နဝါယံ ကုမာရကော မတ္တမညာသိ" ဟု မြည်တွန်ကြိမ်းမောင်းပါသည်။

✤ အာနန္ဒတ္ထေရဿ ယေဘုယျေန နဝကာယ ပရိသာယ ဝိဗ္ဘမနေ မဟာကဿပတ္ထေရော နဝါယံ ကုမာရကော မတ္တမညာသီတိအာဟ။ (သီဋီသစ်)

၉။ အာနန္ဒေန ဝိနာကာတုံ၊ နသက္ကာ ဓမ္မသင်္ဂီတိ။
အဟမေတံ ဂဟေဿာမိ၊ မတီယာယေဝ ဘိက္ခုနံ။
ဝတ္တဂါထာဖြစ်ပါသည်၊ (ယ-ယ-ယ-ယ)

၁၀။✝ ဩဝဒတိ -၌ အဝရှေ့ရှိသော ဝဒဓာတ်အရ - ရှင်မဟာကဿပ၏ မေတ္တာပြဌာန်းသော မဟာကြီးယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ၍ ထို သည် ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိဂါရ ရသ၊

✝ ရှင်အာနန္ဒာဖြစ်သည် အာရမ္မဏဝိဘာဝ၊

✝ ရှင်အာနန္ဒာ၏သောဝစဿတာဂုဏ် နှင့် ပြည့်စုံခြင်းသည် ဥဒ္ဒီပနဝိဘာဝ။

✝ ဆုံးမသဖြင့် နှောင်အခါ ဆိုအပ်ပြီးသောအမှုတို့မှ ရှောင်ကြဉ်ခြင်း၊ ပရိသတ်ကြီးပွား တိုးတက်လာခြင်း၊ သာသနာတော်ကြာရှည်စွာတည်ခြင်း၊ သာသနာကိုအမှီပြု၍လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရခြင်း စသည်သည် အနုဘာဝ ။

✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱

http://www.dhammadownload.com



## ပါဠိကျဉ်ယျာဉ် (၃)
## ၁၃၄၂-၃၊ မြင်းခြံ-သဒ္ဓမ္မပါလ

(က) ကထံ ဓမ္မဝိနယဝသေန ဒုဝိဓံ •(ဒုဗ္ဗိဓံ) ။

(ခ) သဗ္ဗမေဝ စေတံ ဓမ္မောစေဝ ဝိနယောစာတိ သင်္ချံ ဂစ္ဆတိ။

(ဂ) တတ္ထ ဝိနယပိဋကံ ဝိနယော၊ အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော။

(ဃ) တေနေဝါဟ "ယံနူန မယံ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယေယျာမ" တိ။ "အဟံ ဥပါလိံ ဝိနယံ ပုစ္ဆေယျံ၊ အာနန္ဒံ ဓမ္မံ ပုစ္ဆေယျံ" န္တိ စ။

(င) ဧဝံ ဓမ္မဝိနယဝသေန ဒုဝိဓံ (ဒုဗ္ဗိဓံ)

(၄။၁၆။သီဋီသစ်။၂၁၅။နေရင်း။၅၉။ပခုက္ကူသျ။၁၀၉။ဘာသာဋီကာ။၁၀၁။)

၁။ (က+ဂ+ဃ+င) ပါဠိတို့ကို အာဟာ၏ အာဓာရထည့်၍ ပါဠိအားဖြင့် အကာရအတွင်းသွင်းပြီး အနက်ယောဇနာပါ။

၂။ (ဂ) ပါဠိကို အနုသန္ဓေ၊ (ဃ) ကို အာဘောဂါယုတ္တစောဒနာတက်ခဲ့ပါ။ (အဓိပ္ပါယ်မလို)

၃။ (ခ+ဂ+ဃ+င) တို့ကို အကြောင်းပြပါဠိအမည်ခွဲပြီးလျှင် (ဃ) ပါဠိ၌ အာဟာ၏ကတ္တားထည့်၍ သဒ္ဒါနည်းကျကျစာစပ်ခဲ့ပါ။

၄။ (ဂ) ပါဠိ ဝိနယပိဋကံ ကို အစိတ်အပေါင်း ဝစနတ္တပြု၍ အပေါင်းဝစနတ္တကို ဉာသ်နည်းအရ ကောက်ပါ။

၅။ (ဃ) ပါဠိ၌ ဥပါလိ ကို နာမပဒမာလာ၊ အာဟ ၌ ဓာတ်ကိုယူ၍ ကာလာတိပတ္တိ ပရဿပုဒ် ကတ္တုရုပ် အာချာတပဒမာလာစဉ်ပါ။

၆။ (ဂ) ပါဠိကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ (က+င) ပါဠိ၌ ဝိနယသည်လည်း ဓမ္မမည်ပါလျက် အဘယ်နည်းဖြင့် အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော ဟုဖွင့်ဆိုသည်ကို ရှင်းလင်းဆုံးဖြတ်ခဲ့ပါ။

၈။ (ဂ) ပါဠိ၌ ဝိနယသည်လည်း ဓမ္မမည်ပါလျက် အဘယ်နည်းဖြင့် အဝသေသံ ဗုဒ္ဓဝစနံဓမ္မော ဟုဖွင့်ဆိုသည်ကို ရှင်းလင်းဆုံးဖြတ်ခဲ့ပါ။

၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။

> ယထေဝ လောကမှိ ဝိပဿိအာဒယော၊
> သဗ္ဗညုဘာဝံ မုနယော ဂတာဂတာ။
> တထာ အယံ သက္ယမုနီပိ အာဂတော၊
> တထာဂတော ဝုစ္စတိ တေန စက္ခုမာတိ။ (၄၊ ၆၀)

၁၀။(ဃ)ပါဠိလာ ပဉ္စမ ပုစ္ဆေယျံ ၌ ဓာတ်အရကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပါ။

==================

၁။ တေနဝါဟ ၌ အာဟ ၏ အာဓာရကို သင်္ဂီတိက္ခန္ဓကေ၊ ၌။ ဟု ထည့်ပေး။ (ကြွင်းလွယ်ပြီ)

◆ တေနေဝ (ပ) သင်္ဂီတိက္ခန္ဓကေ အာဟာတိ အတ္ထော။ (သီဋီသစ်။၈၅။)

http://www.dhammadownload.com



(ခ) ဝါကျကို သီဋီသစ်နှင့်အညီ ပေတာလင်္ကာရနည်းဖြင့် အနက်ပေးပုံ

စ၊ အပြောကို ဆိုဦးအံ့။ သဗ္ဗမေဝ၊ သော။ ဧတံဗုဒ္ဓဝစနံ၊ သည်။ ယထာနုသိဋ္ဌံ၊ ဆုံးမတော်မူတိုင်း။ ပဋိပဇ္ဇမာနေ၊ ကျင့်သူတို့ကို။ အပါယပတနာဒိတော၊ အပါယ်ကျခြင်းစသည်မှ။ ဓာရဏေန၊ ဆောင်ခြင်းကြောင့်။ ဓမ္မောတဝေ၊ ဟူ၍လည်းကောင်း။ ကိလေသဝိနယနေန၊ ကိလေသာတို့ကို ပယ်ဖျောက်ခြင်းကြောင့်။ ဝိနယောတိစ၊ ဟူ၍လည်းကောင်း။ သင်္ချံ၊ သို့။ ဂစ္ဆတိ၊ ၏။

◈ သဗ္ဗမ္ပိ ဗုဒ္ဓဝစနံ ကိလေသဝိနယနေန ဝိနယော ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ အပါယပတနာဒိတော ဓာရဏေန ဓမ္မောစ ဟောတိ။ (သီဋီသစ်၊ ၁။၈၅။)

၂။ (ဂ) ဝါကျအနုသန္ဓေ

ဤသို့ (ခ) ဝါကျဖြင့် ဘုရားစကားတော်အားလုံးသည် ဓမ္မဟူ၍လည်းကောင်း၊ ဝိနယဟူ၍လည်းကောင်း၊ ရေတွက်ခြင်းသို့ရောက်၏ဟု ပြဆိုပြီး၍၊ ယခုအခါ၌ ဤ၌ အလိုရှိအပ်သော ဓမ္မဝိနယတို့ကို ဝတ္ထုစ္ဆာ၏အစွမ်းဖြင့် သရုပ်ထုတ်၍ ပြခြင်းငှာ (ဂ) ဝါကျမိန့်။

◈ ဣဓာဓိပ္ပေတေဟေဝ ဓမ္မဝိနယေ ဝတ္ထုစ္ဆာဝသေန သရူပတော နိဒ္ဒါရေတုံ "တတ္ထ ဝိနယပိဋက"န္တိ အာဒိမာဟ။ (သီဋီသစ်။၁။၈၅။)

(ဃ) ဝါကျ အာဘောဂါယုတ္တစောဒနာ

ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် ဓမ္မဝိနယနှစ်ပါးတွင် ဝိနယပိဋကတ်သည် ဝိနယ၊ ယင်းမှ ကြွင်းသော ဘုရားစကားတော်သည် ဓမ္မမည်သောဟု ဉာပျ သာဓျ သကဝစနကိုဆို၏။ ယင်းသို့ဆိုသော ဆရာစကားသည် ဥဒါဟရုဏ် အာဂုမ် ပါဠိတည်းဟူသော ဉာပက သာဓေ ပရဝစန တို့နှင့် ကင်း၍ မခိုင်မြဲရာသည် မဟုတ်ပါလော။ ဆရာ့စကားကို ခိုင်မြဲစေတတ်သော ဉာပက သာဓေ ပရဝစန တို့ကား အဘယ်ပါနည်း။ အကယ်၍ ဉာပျ သာဓျ သကဝစနကိုသာဆို၍ ဉာပက သာဓေ ပရဝစနကို မပြဆိုချေသော် ဆရာအား ဒဠှိယ ဒဠှီကရဏဆန့်သော ဝိရောဓိ ဒေါသ– ၏။ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။

မှတ်ချက် ။ ။ ဉာပျ သာဓျ သကဝစန တို့ကား ဒဠှိယ၏ ပရိယာယ်ဖြစ်သည်။
ဉာပက သာဓေ ပရဝစန တို့ကား ဒဠှီကရဏ၏ ပရိယာယ်ဖြစ်သည်။

✻ တေနေဝါဟ၊ ဉာပက၊ တဝဒဠှိယာ။

✻ တေနေဝါဟ၊ ဉာပက၊ တေနာဟကား၊ ကျမ်းတပါး။ (ဟိစပန နိယံ။ရရ။)

✻ ဝုတ္တံ တေနာဟ၊ စသည်ဝက္ကတိ၊ ရှိသည့်အညီ၊ ပုဒ်နှင့်ညီမူ၊ ဒဠှီ ဉာပက၊ စုဒ်ထုတ်ရ၊ မှတ်ကြအရာမျှော်။ (တောင်တွင်း။ ၈၈။)

၃။ (ခ) ဝါကျသည် အပြောကိုပြသောကြောင့် ဝိဿဇ္ဇနာဝါကျ ၊ (ဘာသာဋီကာ၌ ဝါကျာရမ္ဘ ဝိတ္ထာရ ဟူ၏။)

(ဂ) ဝါကျသည် ဓမ္မနှင့် ဝိနယသရုပ်အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ၊

✻ နောက်ဝါကျ၌ တတ္ထချီလျက် စကားတက်မူ မှတ်ယူဝိတ္ထာရ (ဘုရားကြီး)

(ဃ) ဝါကျသည် အာဂုမ်ပါဠိဖြင့် ခိုင်မြဲစေသောကြောင့် အာဂမဒဠှီကရဏဝါကျ၊

(င) ဝါကျသည် ဆိုခဲ့ပြီး (ခ+ဂ+ဃ) တို့ကို အကျဉ်းချုံး၍ နိဂုံးအုပ်သောကြောင့် နိဂမနဝါကျ၊

✻ လဒ္ဓဂုဏ်ပြ ဒေါသတဖုံ နိဂုံးတဖြာ သရုပ်မှာ လျော်စွာဝေံပြ။ (ရွှေရေးဆောင်)

http://www.dhammadownload.com



(ဃ)ဝါကျ၌ အာဟ ၏ ကတ္တားကား အာယသ္မာ မဟာကဿပတ္ထေရော ဖြစ်သည်။

စာစပ် ။ ။ အာယသ္မာ မဟာကဿပတ္ထေရော-ကား သည်--ကြောင့် အာဟ-၌ ဝုတ္တကတ္တား၊ အာဟကား ဝုတ္တကတ္တား၏ ကြိယာ၊

(ခ+ဂ) ဝါကျတို့ကိုရှု၍ စတုက္ကထုတ်ပုံ

(က)နနု အဝိသေသေန သဗ္ဗမေဝ တေံ (ဗုဒ္ဓဝစနံ) ဓမ္မောစေဝ ဝိနယောစ ဟောတိ၊

(ခ) အထကိမတ္ထံ "တတ္ထ ဝိနယပိဋကံ ဝိနယော၊ အဝသေသံ ဗုဒ္ဓဝစနံ" န္တိ တယာ ဝုတ္တံ၊

(ဂ) ဣစာဓိပ္ပေတေယေဝ ဓမ္မဝိနယေ ဝတ္ထိစ္ဆာဝသေန သရူပတော နိဒ္ဒါရေတုံ၊

(ဃ)တဒတ္ထံ တတ္ထ ဝိနယ (ပ) မယာ ဝုတ္တံ၊

မှတ်ချက်။ ။ ပရိဟာရစောဒကကားရပ်မှာ (သီဋီသစ်။၁။၈၅) ၌ တိုက်ရိုက်လာသည်။

၄။ ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော၊
ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော၊
ကာယံ ဝါစဉ္စ ဝိနေတီတိ ဝိနယော၊
ပိဋီယတိ သဒ္ဒီယတိ ပရိယာပုဏီယတီတိ ပိဋကံ၊
ပိဋီယတိဝါ သဃာဋီယတိ တံ တဒတ္ထော ဧတ္ထာတိ ပိဋကံ။ (သီဋီသစ်။ ၉၆)
ဝိနယောစ သော ပိဋကဉ္စာတိ ဝိနယပိဋကံ၊

ဝိနယဟူသော ဝိသေသနပုဒ်၏ အရကား အထူးထူးအပြားပြား များစွာသောနည်း ထူးသောနည်းရှိသည်၏အဖြစ်တည်းဟူသော ဂုဏ် (ဝါ) ကိုယ်နှုတ်တို့ကို ဆုံးမတတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် မုချအားဖြင့်ရ၏။

ထို၏ + ဝိနည်း ပိဋကတ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့်စပ်ခြင်း သမ္မန်သည် ဌာနူပစာ အားဖြင့်ရ၏။

ပုဒ်လုံး၏အရကား -- ဝိနည်းပိဋကတ်ရ၏။

ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ အပါယပတနာဒိတော ဓာရေတီတိ ဓမ္မော။

၅။ ဥပါလိ ကို ပုလိင်၊ ရတ္တာဒိဂိုဏ်းစဉ်။
အာဟ ၌ ပြုစတ်ယူ၍
အပြဝိဿ ပြဝိဿ အပြဝိဿ ပြဝိဿာ၊ အပြဝိဿံသု ပြဝိဿံသု။
အပြဝိဿ ပြဝိဿ အပြဝိဿေ ပြဝိဿေ၊ အပြဝိဿထ ပြဝိဿထ။
အပြဝိဿံ ပြဝိဿံ၊ အပြဝိဿမှ ပြဝိဿမှ၊ အပြဝိဿမှာ ပြဝိဿမှာ။

✦ ကာလာတိပတ္တိ ပရဿပဒ ပဌမပုရိသေကဝစနံ ဿာ၊ အကာရိကာရာဂမာ ဝုဒ္ဓိအဝါဒေသာစ၊ "ကွစိဓာတူ" တိအာဒိနာ ဿာဿမှာဝိဘတ္တီနံ ကွစိ ရဿတ္တံ သောဝစနဿစ အတ္တံ။ (ရူပသိဒ္ဓိ၊ ၂၈၃)

၆။ (ဂ) ဝါကျ ဝိနယပိဋိကံဖြင့် ဓမ္မဝိနယ၌ ဝိနယအရ ဝိနည်းပိဋကတ်ကို ယူရမည်ကိုသိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ)

အဝသေသံ ဗုဒ္ဓဝစနံ-ဖြင့် ဓမ္မအရ ဝိနည်းမှကြွင်းသောဘုရားစကားတော်ကို ယူရမည်ကို သိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ)

http://www.dhammadownload.com



၇။ ဒုဝိဓံ ဒုဗ္ဗိဓံ နှစ်ပါဌ်တွင် ဝိဓာဇီသု ဒွိသံဒ၊ ဒွေ ဝိဓာ ပကာရာ ယဿာတိ ဒုဝိဓော-ဟူသောနိရုတ္တိဒီပနီ(၂၈၂)ထောက်၍ ဝိဓ သဒ္ဒါကြောင့် ဒွိ-ကို ဒု-ပြု၍ပြီးရကား ဒုဝိဓံ-ဟုရှိသော ပါဌ်သင့်သည်။

ဒုဗ္ဗိဓံ-ဟု ပါရှိလျှင် ဝ-ဒွေဘော်လာ၊ ၀ွ နှစ်လုံးကို ဗ္ဗနှစ်လုံးပြု၍ ရုပ်ပြီးသောကြောင့် လည်းကောင်း၊ သဒ္ဒေါ ဟိ ဒုဗ္ဗိဓောစိတ္တ စသော ဘေဒစိန္တာ ဒုတိယဂါထာကိုထောက်၍ လည်းကောင်း၊ ဒုဗ္ဗိဓံ ဟုရှိသော ပါဌ်လည်းသင့်သည်။

သီလက္ခန်ဋီကာသစ် ပဌမအုပ်စာမျက်နှာ(၁၅၇)၌ကား ဒုဗ္ဗိဓေသု ဓမ္မေသုဟူ၍လည်းကောင်း၊ ဒုဝိဓောပိ ပုဗ္ဗင်္ဂမော ဟူ၍လည်းကောင်း ဒုဗ္ဗိဓ ဒုဝိဓ နှစ်မျိုးလုံးထုတ်ပြထားသည်။ ထို့ကြောင့် နှစ်ပါဌ်သင့်ဟု ဆုံးဖြတ်။

၈။ အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော-ဟုဖွင့်ဆိုခြင်း

ဝိနယသဒ္ဒါ၏အနီး၌ (ဝါ) ဝိနယဟူသော သဒ္ဒန္တရိက်၌ ဘိန္နာဓိကရဏအဖြစ်ဖြင့် ယှဉ်သော ဓမ္မသဒ္ဒါသည် "ပုညဉာဏသမ္ဘာရ ဂေါဗလီဗဒ္ဒ" ထို့ကဲ့သို့ ဝိနည်းပါဠိ၏ပြောင်းပြန်ဖြစ်သော သုတ် အဘိဓမ္မာပါဠိကိုသာပြနိုင်ရကား ပုညဉာဏသမ္ဘာရနည်း ဂေါဗလီဗဒ္ဒနည်းဖြင့် "အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော "ဟုဖွင့်ဆိုပါသည်။ (သီဋီသစ်၊ ၁။၈၅၊ ပါဂံသစ်၊ ၁။၁၃၄)

၉။ ပဌမ တတိယ စတုတ္ထပါဒတို့ကား ဝံသဋ္ဌဂါထာဖြစ်သည်။ ဒုတိယပါဒကား ဣန္ဒဝံသဂါထာ ဖြစ်သည်၊ နှစ်ပါးရောရကား ဥပဇာတိဂါထာ ဖြစ်သည်။ ဇာဂတီဆန်းဖြစ်သည်။

၁၀။✝ ပုဗ္ဗေယံ-၌ ပုဗ္ဗ ဓာတ်အရ အရှင်မဟာကဿပ၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာ ကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိဂါရ ရသ၊
✝ ဝိနည်း ပိဋကတ်သည် အာရမ္မဏ ဝိဘာဝ၊
✝ ဝိနည်းပိဋကတ်၏ ဝိဝိဓနယ ဝိသေသနယ စသော ဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ၊
✝ ဝိနည်းပိဋကတ်ကို ဟုတ်တိုင်းမှန်စွာသိရခြင်း သိသဖြင့်ကျင့်ခြင်း စသော အကျိုးအဆက် ဆက်သည် အနုဘာဝမည်၏။

********************

ဝါကျဥယျာဉ် (၄)

(က) ပဌမမဟာသင်္ဂီတိနာမ စေသာ ကိဉ္စာပိ ဝိနယပိဋကေ တန္တိမာရုဠှာ၊ နိဒါနကောသလ္လတ္ထံ ပန ဣဓာပိ ဧဝံ ဝေဒိတဗ္ဗာ။ (၅၊ ၃)
(ခ) ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော "ဝိနယော"တိ အက္ခာတော။
(ဂ) ဝိဝိဓာ ဟိ ဧတ္ထ ပဉ္စဝိဓပါတိမောက္ခုဒ္ဒေသပါရာဇိကာဒိသတ္တအာပတ္တိက္ခန္ဓမာတိကာ ဝိဘင်္ဂါဒိပ္ပဘေဒါ နယာ၊ ဝိသေသဘူတာ စ ဒဠှီကမ္မသိထိလကရဏပ္ပယောဇနာ အနုပညတ္တိနယာ၊ ကာယိကဝါစသိကအဇ္ဈာစာရနိသေဓနတော စေသ ကာယံဝါစဉ္စ ဝိနေတိ၊ တသ္မာ ဝိဝိဓနယတ္တာ ဝိသေသနယတ္တာ ကာယဝါစာနံ ဝိနယနတောစေဝ "ဝိနယော"တိ အက္ခာတော။

http://www.dhammadownload.com



(ဃ) ပတနေတမေတဿ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ --
ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော "ဝိနယော"တိ အက္ခာတောတိ ။
(ဌ၁၀၇။ သီဋီသစ်၊၈၉။ ပခုက္ကူသျှ၊၁၁၆။ ဘာသာဋီကာ၊၁၀၅။)

၁။ (ဃ) ဝါကျကို သမ္ဗန္ဓာမ်အစွဲတိကျစေလျက် ဝုတ္တံ၏ ကတ္တားစွက်၍ အနက်ယောဇနာပါ။
၂။ (ဂ) ဝါကျကို အနုသန္ဓေတက်၍၊ ယင်း (ဂ) ဝါကျ၌ ဝိသေသဘူတာ စ စသော ဒုတိယ ဝါကျသို့ သာဘောဂပုစ္ဆာတက်ပါ။
၃။ (က) ဝါကျကို စတုက္ကထုတ်၍ ယင်း၌ ကိဥ္စပိသဒ္ဒါထားရခြင်းအကြောင်းကိုလည်း ပြေဆိုပါ။
၄။ ဝိသေသနယတ္တာ ဟူသော ဟိတ်နှင့်အညီ ဝိနယော ကို ဝစနတ္ထပြု၍ ဆက္ကထုတ်ပါ။
၅။ ဝိဝိဓဝိသေသနယတ္တာ၏သမ္ပန်ကို ဖော်ထုတ်၍ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကို ဖော်ပြပြီး အစ္စာနရူပစာစပ်ပါ။
၆။ (၁) ဝါကျပါ ဂါထာဖြင့် သိစေအပ်သော အဋ္ဌကထာဆရာ၏အာဘောဂနှင့် သံဝဏ္ဏနာ အမည်ကိုဖော်ပြပါ။
၇။ သိထိလ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။
၈။ ဒဠိကမ္မသိထိလကရဏပ္ပယောဇနော ဝယ် မည်သည့်သိက္ခာပုဒ်၌ ဒဠိကမ္မပယောဇနေဖြစ်၍၊ မည်သည့်သိက္ခာပုဒ်၌ သိထိလကရဏပယောဇနေဖြစ်သည်ကို ရှင်းပြပါ။
၉။ (၁) ဝါကျ ဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။
၁၀။ (၁) ဝါကျ ပဓာနကြိယာ၌ ဓာတ်အရကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပါ။

===========================

၁။ တေန ဝိဝိဓနေယတ္တာဒိဟေတုနာ၊ ထို ဝိဝိဓနေယတ္တာစသော ဟိတ်သုံးရပ်ဖြင့်။
တေဿ ဝိနယသဒ္ဒဿ၊ ၏ ။
ဧတံ ဂါထာဝစနံ၊ ကို ။ (သီဋီသစ်၊၉၀။ သာရတ္ထ၊ ၆၉။)
ဝုတ္တံ ၏ ကတ္တားကို မယာ - ဟုထည့် ။

၂။ (ဂ) ဝါကျ အနုသန္ဓေ

ဤသို့ (၁) ဖြင့် ဝိနယသဒ္ဒါ၏ဝစနတ္ထကို ပြပြီး၍ ယခုအခါ၌ ယင်းဝစနတ္ထပြုဂါထာ၏ အနက်ကို ထင်စွာပြတော်မူလိုသော ဆရာသည် (ဂ) ဝါကျမိန့်။

❖ တ္ထဒါနိ တ္ထမိဿာ ဂါထာယ အတ္ထံ ဝိဘာဝေန္တော အာဟ"ဝိဝိဓာဟိ"တိအာဒိ။ (သီဋီသစ်၊၉၀။)

ဝိသေသဘူတာစ ဝါကျသို့ သာဘောဂပုစ္ဆာ

ဆရာ ဆရာသည် ဝိဝိဓာဟိ စသော ပဌမဝါကျဖြင့် ဝိဝိဓနေယတ္တာ ဟူသောဟိတ်ပုဒ်၏ အကျယ်ကိုပြဆိုတော်မူ၏။ ယင်းဝိဝိဓနေယတ္တာ ဟူသောဟိတ်ပုဒ်၏ အကျယ်သာရှိပါသလော၊ ဝိသေသနယတ္တာဟူသော ဟိတ်ပုဒ်၏ အကျယ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် ဝိသေသဘူတာစ စသော ဒုတိယဝါကျမိန့်။

http://www.dhammadownload.com



၃။ (က) ဝါကျစတုက္ကထုတ်ပုံ။

(က) နနု သော ပဌမမဟာသင်္ဂီတိနာမ ဝိနယပိဋကေ တန္တိမာရုဠှာ၊

(ခ) အထ ကိမတ္ထံ ဣဓာပိ ဝေဒိတဗ္ဗာ၊

(ဂ) နနု နိဒါနကောသလ္လတ္ထံ ဟောတိ။

(ဃ) တသ္မာ ဣဓာပိ ဧဝံ ဝေဒိတဗ္ဗာ၊

ကိဉ္စာပိစတုက္ကထုတ်ပုံ မှတ်ဘွယ်အကျဉ်း

* (က) ကိဉ္စာပိနှင့်၊ ယဒိပိ ကာမဥ္စ၊ နိပါတတို့၊ ဆိုက်ရကြိယာ၊ တိုင်အောင်မှာကား၊ သရာစောဒက၊ ပြသည်အာဘော်တည်း။ (ဘုရားကြီး နိ်ယံ၊၄၂။)

အထက်ပါနိယံအရ ကိဉ္စာပိ ယဒိပိ ကာမံ ကာမဥ္စ စသည်တို့၏ဆိုက်စပ်ရာ ကြိယာ တိုင်အောင် စကားရပ်ဖြင့် "စောဒကာဘောဂ" ကိုပြသည်ဟုမှတ်ရမည်။

* ၁) ပနစပ်ရာ ၊ ပုဒ်တို့မှာကား ၊ ကျမ်းဆရာ၏ ၊ အဖြေလည်းရ ၊ အာဘော်ပြ၏ ။ (ရွှေရေးဆောင်၊ ရ၁။)

အထက်ပါနိယံအရ ပန တထာပိ စသည်တို့၏ စပ်ရာကြိယာတိုင်အောင်သော စကား ရပ်ဖြင့် "ပရိဟာရ" ကိုလည်းကောင်း၊ "ပရိဟာရာဘောဂ" ကိုလည်းကောင်း ပြသည်ဟုမှတ်ရ မည်။

* (ဂ) နိယံ၌ "စောဒနာ" တိုက်ရိုက်မပါသော်လည်း "အဖြေမြင် အတင်သိ" ဆိုရှိအတိုင်း အဖြေကိုကြည့်၍ "စောဒနာ" လုပ်တတ်ရမည်။

စတုက္ကထုတ်ပုံအကျဉ်းဆောင်ပုဒ်

* ကိဉ္စာပိဖယ် နနုလှယ် မှတ်ဘွယ်စောဒကာဘောဂ။
ပနတထာ စပ်ပုဒ်မှာ စောဒနာ ပရိဟာရ။
ကျန်သမ္ဗန္ဓာ စကားမှာ ပရိဟာရာဘောဂ။

(က) ဝါကျ၌ ကိဉ္စာပိသဒ္ဒါထားရခြင်း

ပဌမသင်္ဂါယနာတင်ခြင်းအကြောင်းကို အဋ္ဌကထာအစ၌ ဆိုခြင်းဟူသော အကျိုးကို စောဒကတို့ မနှစ်သက်ဘွယ်ရှိသောကြောင့် (က) ဝါကျ၌ ကိဉ္စာပိ သဒ္ဒါ ထားပါသည်။

ကိဉ္စာပိ ကာမဥ္စ စသော သဒ္ဒါများထားရခြင်း မှတ်ဘွယ်ဥပဒေသ

◆ သဒ္ဒါ နက်မျိုး၊ ကြောင်း ကျိုး လေးချက်၊ မနှစ်သက်၊ ထားတက် ကိဉ္စာပိ။
ပါဠိတော်ကို၊ သဒ္ဒါဆို၊ ဌ ကို နက်ဟုသိ။
အဋ္ဌကထာ၊ ကြောင်းကျိုးမှာ၊ ခေါ်ပါကြောင်း ကျိုးဆို။
မနှစ်သက်ရာ၊ သိလိုခါ၊ စောဒနာလှမ်း၍ကြည့်။

အဓိပ္ပါယ်ရှင်းလင်းချက်

သဒ္ဒါ အနက် အကြောင်း အကျိုး ဤလေးမျိုးတွင် တစ်မျိုးမျိုးကို မနှစ်သက်သော ကြောင့် ကိဉ္စာပိ စသော သဒ္ဒါများကို ကျမ်းဆရာတို့ ရေးသားကြသည်။

ထိုလေးမျိုးတွင်-

(၁) ဒွံဝဏ္ဏေတဗ္ဗကို (ဝါ) ပါဠိတော်ကိုသဒ္ဒါဟုခေါ်သည်။ ယင်းသဒ္ဒါကို မနှစ်သက်၍ထားလျှင် သဒ္ဒါကို မနှစ်သက်သောကြောင့်ထားသည်ဟုမှတ်ရမည်။

http://www.dhammadownload.com



(၂) သံဝဏ္ဏနာကို (ဝါ) အဋ္ဌကထာစကားကို အနက်ဟုခေါ်သည်။ ယင်းအနက်ကို မနှစ်သက်၍ ထားလျှင် အနက်ကိုမနှစ်သက်သောကြောင့် ထားသည်ဟု မှတ်ရမည်။

(၃) သံဝဏ္ဏနာ၌ ပြသောအကြောင်းကို (ဝါ) အဋ္ဌကထာလာ အကြောင်းကို "အကြောင်း" ဟုခေါ်သည်။ ယင်းအကြောင်းကို မနှစ်သက်၍ထားလျှင် ဇအကြောင်းကို မနှစ်သက်သောကြောင့်ထားရသည်ဟု မှတ်ရမည်။

တနည်း။ ပု+ဏျ။ ပု နောင် န လာ၊ ဏအနုဗန်ချေ၊ ပုနျ ဖြစ်၏။ ယဝတံ သုတ်ဖြင့် နျကို ညပြု ဉ-ဒွေဘော်လာ၍ ပုည ပြီးသည်။

◆ ပုနာတီတိ ပုညံ၊ ပု-ပဝနေ၊ ဓာတု၊ နာ-ဂမော၊ နျသ+ဥော၊ ဋ္ဌိတ္တံ။ (ဓာတုပစ္စယဒီပနီ)

တနည်း ။ ။ ပုညန္တိဧတ္ထ အတ္တနော ကာရကံ ပဝတိ သောဓေတီတိ ပုညံ။ ကီယာဒိဂဏံ ပန ပတ္တာ ပုနာတီတိ ပုညန္တိ ဝတ္တဗ္ဗံ။ နီတိ၊ ဓာတု၊ ၁၁၉။ ယင်းအလို-ပုညံကို ပု သဒ္ဒါတည်၊ အ ပစ္စည်းသက်၊ ကာရိုက် ယ ပစ္စည်းသက်၊ န အကွရာလာ၊ နျကို ည ပြုပြီးစေ။ (ဝါ) ကျောစ-ဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် -ဏျ-ပစ္စည်းသက်၊ ဏ-အနုဗန်ကို မချေဘဲ ညပြုပြီးစေ။ ကီယာဒိ ဂိုဏ်း၌ကား-ပု+ဏျ ပစ္စည်းသက်၊ အနုဗန်ကိုချေ၊ "ကီယာဒိတောနာ"ဖြင့် နာ သက်၊ အဝဏ္ဏောယေ လောပဥ္စဖြင့် အာ-ကိုချေ၊ နျကို ည ပြု၍ပြီးစေ။ (နီတိ၊ ဓာတု၊ သု။ ၂၉၀)

ပုဂ္ဂလ ။ ။ ပူတိသဒ္ဒါတံ အာဟာရံ ဂိလတိ အဒတီတိ ပုဂ္ဂလော (ဓာန်ဋီ) ကို ထောက်၍ ပူတိ-သဒ္ဒူပဒ+ဂိလ ဓာတ်+ အ ပစ္စည်း။ ပူတိဂိလဟု လိုလျက် တိ ချေ၊ ဂိ-၌ ဣ-ကို အ-ပြု။ ဂဒွေဘော်လာ။ ဦ-ကို ဥ-ပြု၍ ပြီးသည်။ (တနည်း၊) ပူတိ+ဂလ+အ-ဖြင့် ပြီးသည်။ (နီတိ၊ ဓာတု၊ ၁၆၅)

တနည်း။ ။ သတ္တာနံ အာယုံ ပူရေန္တော ဂစ္ဆတီတိ ပူဂေါ။ တံ လာတိ ဘက္ခတီတိ ပုဂ္ဂလော(သူစိ)
ပူဂ+လာ+အ။ ပူဂလ ဟူလိုလျက် ဂ-ဒွေဘော်လာ၊ ဦ-ကို ဥ-ပြု၍ ပြီးသည်။
ပုံ နိရယံ ဂလတိ ဂစ္ဆတီတိ ပုဂ္ဂလော။ (နန်းကျောင်းဆရာတော်)
ပု+ဂလ+အ = ပုဂလအ ဟူလိုလျက် ဂဒွေဘော်လာ၍ ပြီးသည်။

၈။ သမ္ဗသမ္ဗတ္တိသရုပ်ကား အတ္တသမ္ပတ္တိ ဗျဉ္ဇနသမ္ပတ္တိ ဒေသကသမ္ပတ္တိ ပယောဇနသမ္ပတ္တိ စသည်တို့ဖြစ်သည်၊

◆ သဗ္ဗသမ္ပတ္တိယာတိ သဗ္ဗေန အတ္တဗျဉ္ဇနဒေသကပယောဇနာဒိနာသမ္ပတ္တိယာ။ (ဋီသစ်၊ ၁၅၈။)

၉။ ပဏာမ နှစ်ခုမြောက်ဂါထာသည် ဆဋ္ဌောဒိလ ဂါထာ၏ လက္ခဏာနှင့်တူသောကြောင့် အရိယာသာမညဂါထာ။
ပဉ္စမ တတိယပါဒတို့သည် သုံးဂိုဏ်းနှင့်ပြတ်သောကြောင့် ပထျာအရိယာဂါထာ ဖြစ်သည်။

၁၀။ † ဝန္ဒေအရ ရှင်မဟာဗုဒ္ဓဃောသ၏ ပဏာမ စေတနာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ+ဓမ္မသိဂ်ါရ ရသ၊
† မဂ်ဖိုလ်နိဗ္ဗာန် ပရိယတ်တရားတော်သည် အာရမ္မဏဝိဘာဝ၊
† တရားတော်၏ ဝိဂတမလဂုဏ် အနုတ္တရစသော ဂုဏ်သည် ဥဒ္ဒိပနဝိဘာဝ၊
† အဉ္ဇလိယံ ကင်းခြင်း၊ ကျမ်းပြီးခြင်း စသော အကျိုးအဆက်ဆက်သည် အနုဘာဝ။

မှတ်ချက်။ ။ဤသို့ ဝိသေသန ဝိသေသျ စုံလင်သော ဂါထာ စုဏ္ဏိယမျိုး၌ တုလျာဓိကရဏဝိသေသန ပုဒ်မျိုးကို ဥဒ္ဒိပနဝိဘာဝထုတ်ရသည် ၊ တုလျာဓိကရဏဝိသေသျ ပုဒ်မျိုးကို အာရမ္မဏဝိဘာဝ ထုတ်ရသည်။ တရားတော်၏ သွက္ခာတတာ စသော ဂုဏ်သည် ဥဒ္ဒိပနဝိဘာဝ မည်၏ ဟု ထုတ်ရန်မလို။

http://www.dhammadownload.com



ဂါထာတခုလုံးကို ဖြစ်စေ၊ ဝါကျတခုလုံးကိုဖြစ်စေ အဓိကကြိယာ တခုခုကို မသုံးသပ်ပဲ မေးလျှင် တဂါထာလုံး တဝါကျလုံး၏ ပဓာနကြိယာကိုရှာ၊ ယင်းကြိယာအရ ဖြစ်သင့်သောတရားကို ဌာယီဘာဝ ထုတ်ရသည်။

**********************

## ဝါကျဥယျာဉ် (၁၂)

တတ္ထ ကိဉ္စာပိ ဧတေသု သံဝစ္ဆရာဒီသု သမယေသု ယံ ယံ သုတ္တံ ယသ္မိံ ယသ္မိံ သံဝစ္ဆရေ ဥတုမှိ မာသေ ပက္ခေ ရတ္တိဘာဂေ ဝါ ဒိဝသဘာဂေ ဝါ ဝုတ္တံ၊ သဗ္ဗံ တံ ထေရဿ သုဝိဒိတံ သုဝဝတ္ထာပိတံ ပညာယ။ ယသ္မာ ပန "ဧဝံမေ သုတံ အသုကသံဝစ္ဆရေ အသုကဥတုမှိ အသုကမာသေ အသုကပက္ခေ အသုကရတ္တိဘာဂေ အသုကဒိဝသဘာဂေဝါ"တိ ဧဝံ ဝုတ္တေ န သက္ကာ သုခေန ဓာရေတုံ ဝါ ဥဒ္ဒိသိတုံ ဝါ ဥဒ္ဒိသာပေတုံ ဝါ၊ ဗဟုစ ဝတ္တဗ္ဗံ ဟောတိ၊ တသ္မာ ဧကေနေဝ ပဒေန တမတ္ထံ သမောဓာနေတွာ "ဧကံ သမယ"န္တိ အာဟ။

( ဌ၊ ၃၃။ သီဋီသစ်၊ ၁၆၉။ နေရင်း၊ ၁၁၆။ ပခုက္ကူ၊ ၂၃၉။ ဘာသာဋီကာ၊ ၂၀၇)

၁။ တတ္ထမှ သုဝဝတ္ထာပိတံ ပညာယတိုင်အောင်သောဝါကျကို သဗ္ဗံ တံ ထေရဿပုဒ် တို့၌ ဖြစ်နိုင်သော ဝိဘတ်ျတ္တများကို မှန်ကန်စေလျက် အနက် ယောနေပါ။

၂။ ကိဉ္စာပိ ဆိုက်ရာ ကြိယာမှ ကတ္တားပုဒ်သို့ သဒ္ဒနယ ပုစ္ဆာတွက်ပြပါ။

၃။ အထက်ပါဝါကျ၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကို ထုတ်ပြ၍၊ ကိဉ္စာပိ သဒ္ဒါထားရခြင်းကိုလည်း ရှင်းပြပါ။

၄။ အတ္ထိတွေဝ သဿတိသမန္တိ ဇ္တေ သဿတီတိ နိစ္စံ ဝိဇ္ဇမာနတာယ မဟာပထဝီံ မညတိ။ ( ဌ-၉၈) ၌ သဿတိ-ကို ဝိဂ္ဂဟပြု၍ ဆက္ကထုတ်ပါ။

၅။ (၄) နံပါတ်ပါ ဝိဇ္ဇမာနတာယ၏ သမ္ဗန်ကို ဖော်ထုတ်၍ အတ္ထာနုရူပစာစပ်ပြပါ။

၆။ အထက်ပါ တသ္မာ ချီသောဝါကျဖြင့် သိစေအပ်သော အာဘော်နှင့်သံဝဏ္ဏနာကို ဖော်ပြပါ။

၇။ သဿတိ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။

၈။ မည်သို့ဆိုလျှင် "ဗဟု စ ဝတ္တဗ္ဗံ ဟောတိ" ဖြစ်သည်ကို ပေါ်လွင်အောင် ဝိနိစ္ဆယ ချပါ။

၉။ ဝိနာသယတိ အဿဒ္ဓံ၊ သဒ္ဓံ ဝဍ္ဎေတိ သာသနေ။
ဧဝံ မေ သုတမိစ္စေဝံ၊ ဝဒံ ဂေါတမသာဝကော ကို ဆန်းစစ်၍ ဂါထာအမည်ပေးပါ။

၁၀။ (၉)နံပါတ်ဂါထာကို အနက်အားလျော်စွာ ဘာဝစသည် ထုတ်ပါ။

\====================

၁။ တံ သဗ္ဗံ၊ ထိုအလုံးစုံသောသုတ် နှစ် ဥတု နေ့ လ ပက္ခ ညဉ့် အဘို့ နေ့ အဘို့သည် (ဝါ) ကို၊ ထေရဿ၊ အရှင်အာနန္ဒာမထေရ်အား (ဝါ) သည်။ သုဝိဒိတံ၊ ကောင်းစွာ ထင်ရှားပြီသည် (ဝါ) ကောင်းစွာ သိအပ်ပြီးသည်၊ ပညာယ၊ ဖြင့်။ သုဝဝတ္ထာပိတံ၊ ကောင်းစွာ ပိုင်ခြား မှတ်သားအပ်ပြီးသည်။ ကိဉ္စာပိ ဟောတိ၊ (ကြွင်းလွယ်ပြီ) (ပခုက္ကူ၊ ၂၃၈)

http://www.dhammadownload.com



၂။ ပခုက္ကူသျှင်၌ ကိဋ္ဌာပိ ဟောတိဟု ဟောတိကြိယာထည့်၍ ပေးသည်၊ ယင်းအလို တံ သဗ္ဗံ-ကား ပကတိကတ္တား၊ ဟောတိ-ကား ပကတိကတ္တား၏ ကြိယာဖြစ်သည်။ သုဝိဒိတံ သုဝဝတ္ထာပိတံ နှစ်ပုဒ်ကား ဝိကတိကတ္တား၊ ဟောတိကား ဝိကတိကတ္တား ၏ ကြိယာဖြစ်သည်။

ဘာသာဋီကာ၌ ကိဋ္ဌာပိ-ကို သုဝိဒိတံ သုဝဝတ္ထာပိတံ-တို့နှင့်စပ်၍ပေးသည်၊ ယင်းအလို ထေရဿ-ကား အဝုတ္တ (ဆဋ္ဌီ) ကတ္တား၊ သုဝိဒိတံ သုဝဝတ္ထာပိတံ-တို့ကား အဝုတ္တကတ္တား၏ ကြိယာ ဖြစ်သည်။

တံသဗ္ဗံ သို့ သဒ္ဒနယ ပုစ္ဆာတွက်ပုံ

ဆရာသည် ဟောတိ-ဟူသော ပကတိကတ္တား၏ ကြိယာ (ဝါ) ပကတိကတ္တိ ကို ဆိုတော်မူ၏၊ ကြိယာမည်သည် (ဝါ) ကတ္တိမည်သည် ကတ္တားနှင့် မကင်းကောင်းသည် မဟုတ်ပါလော၊ ယင်းကြိယာ၏ (ဝါ) ကတ္တိ၏ ပကတိကတ္တားကား အဘယ်ပါနည်း။ ဤသို့မေးဘွယ်ရှိ၍ တံ သဗ္ဗံ မိန့်။

အဓိပ္ပါယ်ကား ။ ။ တံ သဗ္ဗံ-သည် ဟောတိ ဟူသော ကြိယာ၏ ပကတိကတ္တားဖြစ်၏ဟူလိုသော်။

ကျန်ပုဒ်များ စာထွက် ပုံလွယ်ပြီ (စပ်ရာမှ ထွက်၊ ထွက်ရာမှာစပ်)

အတက်အထွက်မှတ်ချက်။ ။ဝါကျတခုရှိ ပဓာန ကြိယာကို ဆုပ်ကိုင်ထား၍ ထိုကြိယာမှ ဆိုင်ရာ ဆိုင်ရာ နာမ်ပုဒ် စသည်သို့ အဓိပ္ပါယ်ပြောသွားခြင်းကို"အတွက်"ဟု ခေါ်သည်။ ရှေ့ပုဒ်ကိုသော်လည်းကောင်း၊ ရှေ့ဝါကျကိုသော်လည်းကောင်း၊ ဆုပ်ကိုင်၍နောက်ပုဒ်သို့ (သို့မဟုတ်) နောက်ဝါကျသို့ မေးမြန်းခြင်းကို "အတက်" ဟုခေါ်သည်။

၃။ စတုက္ကထုတ်ပုံ

(က) နနု ဧတေသု သံဝစ္ဆရာဒီသု (ပ) သုဝဝတ္ထာပိတံ ပညာယ၊

(ခ) အထ ကသ္မာ ဧတေနေဝ ပဒေန (ပ) ဧကံ သမယန္တိ အာဟ၊

(ဂ) နနု ဧဝံ မေ သုတံ (ပ) ဗဟုစ ဝတ္တဗ္ဗံ ဟောတိ၊

(ဃ) တသ္မာ (ပ) ဧကံ သမယန္တိ အာဟ။

ကိဋ္ဌာပိထားရခြင်း

အရှင်အာနန္ဒာသည် သုတ်တိုင်းသုတ်တိုင်း၌ ဟောတော်မူအပ်သောနှစ် ဥတု စသည်ကို တိတိကျကျသိပါလျက် ဧကံ သမယံ တပုဒ်တည်းဖြင့်သာ လျှောက်ထားရကား ယင်း ဧကံ သမယံ ဟူသော (ပါဠိတော်) သဒ္ဒါကို မနှစ်သက်သောကြောင့် ကိဋ္ဌာပိ ထားပါသည်။

၄။ သဗ္ဗဒါ သရန္တိ ပဝတ္တန္တီတိ သဿတိယော၊ (သီဋီသစ်၊ ၁။ ၃၉၇)
အခါခပ်သိမ်း ဖြစ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု၊
မြေကြီး မြင့်မိုရ်တောင် နေလ စသည်သည် ဝစနီယ၊
သဿတာ ထာဝရာ နိစ္စကာလာ စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ၊

၅။ (၅) နံပါတ် (၇) နံပါတ်အဖြေကို ဝါကျဥယျာဥ် (၇၈) ၄၁-၃ အစိုးရပုစ္ဆာအဖြေ၌ တွေ့ရလတ္တံ့။ သုဝိဒိတံ သုဝဝတ္ထာပိတံ ပုဒ်တို့ကို ဟိတ်ပြင်၍ ယင်း၏ သမ္မန်ကို ထုတ်ပါဟု မေးလျှင် သုဝိဒိတတ္တာ သုဝဝတ္ထာပိတတ္တာ ဟုဟိတ်ပြင်၊ ယင်း၏ သမ္မန်ကို သဗ္ဗဿ တဿ ဟုခံ။ (ကံ+သမ္မန် နှစ်ချက်စပ်)

http://www.dhammadownload.com



အောက်ပါဟိတ်ပြင်+သမ္ဗန်ခံ မှတ်သားဘွယ်အဖြာဖြာကိုနမူနာအဖြစ် ကြိုတင်လေ့လာထားပါ။ အရေးရှိကအတွေးရှိမည်။

(၁) ကတ္တားဟောကြိယာကို ဟိတ်ပြင်လျှင် ယင်းကြိယာ၏ ကတ္တားကို သမ္ဗန်ခံပါ။

ပုံစံ - ပုရိသော မဂ္ဂံ ဂတော = ပုရိသဿ ဂတတ္တာ။

(၂) ကံဟောကြိယာကို ဟိတ်ပြင်လျှင် ယင်းကြိယာ၏ ကံကို သမ္ဗန်ခံပါ။

ပုံစံ - ပုရိသေန မဂ္ဂေါ ဂတော = မဂ္ဂဿ ဂတတ္တာ။

✻ - ကြိယာပုဒ် ဟိတ်ပြင်ထုတ်သော် ယင်းကြိယာ ကတ် ကံသာ၊ ခံပါသမ္ဗန္ဓ။

(၃) လိင်္ဂတ်ပုဒ်ကို ဟိတ်ပြင်လျှင် တုလျက်ပုဒ်ကို သမ္ဗန်ခံပါ။

ပုံစံ - သော အမှာကံ သတ္ထာ = တေဿ သတ္ထုဝတော။

✻ - ပဒလိင်္ဂတ် ဟိတ်ပြင်လတ်က တုလျက်သမ္ဗန်ဖြစ်မြဲ။

(၄) ဝိသေသနပုဒ်ကို ဟိတ်ပြင်လျှင် ဝိသေသျပုဒ်ကို သမ္ဗန်ခံပါ။

ပုံစံ - သုဂတံ ဗုဒ္ဓံ ဝန္ဒာမိ = ဗုဒ္ဓဿ + သုဂတတ္တာ။

✻ - ဝိသေသန ဟိတ်ပြင်က ဝိသေသျသမ္ဗန်ဖြစ်မြဲ။

(၅) ဝိကတိကတ္တားကို ဟိတ်ပြင်လျှင် ပကတိ ကတ္တားကို သမ္ဗန်ခံပါ။

ပုံစံ - သေသာ ဗျဉ္ဇနာ ဟောန္တိ = သေသာနံ + ဗျဉ္ဇနတ္တာ။

✻ - ပုဒ်ဝိကတိ ဟိတ်ပြင်ဘိ ပကတိသမ္ဗန်ဖြစ်မြဲ။

(၆) လက္ခဏပုဒ်ကို ဟိတ်ပြင်က လက္ခဏဝန္တကတ္တား / ကံပုဒ်ကို သမ္ဗန်ခံပါ။

လက္ခဏဝန္တကတ္တားသမ္ဗန်ပုံစံ-အဘိဉာပါဒကေ ဇာတေ တေသံ စိတ္တေ = တေဿ စိတ္တဿ + ဇာတတ္တာ။

လက္ခဏဝန္တကံသမ္ဗန်ပုံစံ - ဘိက္ခူသု ဘောဇိယမာနေသု ဂတော ပုရိသော =ဘိက္ခူနံ + ဘောဇိယမာနတ္တာ။

✻ - လက္ခဏပုဒ်၊ ဟိတ်ပြင်ထုတ်က၊ လက္ခဏဝန္တ၊ ကတ္တား+ကံ၊ မုချသမ္ဗန်ခံမြဲတည်း။

အမှာ- တောဟိတ် တ္တာဟိတ် စသည်တိုက်ရိုက်လာရာ၌ သမ္ဗန်ခံပုံစသည်ကိုရှေ့၌ ရေးခဲ့ရှင်းခဲ့ပြီ။

အထက်ပါ ဟိတ်သမ္ဗန်ပုံစံ သာဓကများကို ကြည့်ခြင်းဖြင့် (၅) နံပါတ်ပုစ္ဆာကို ဝါကျတိုင်း၌ ရနိုင်သည်၊ သတိပြုလေ။

၆။ ဧကေနေဝ ပဒေန တမတ္ထံ သမောဓာနေတွာ ဖြင့် "ဧကံ သမယံ"ဟုဆိုအပ်သည်ရှိသော် နှစ် ဥတု လ ပက္ခ ညဉ့်အဘို့စသောကာလအထူးအပြားသည် ဧကံ သမယံပုဒ်၌အကျုံးမဝင်သည် မရှိ၊ အကျုံးဝင်သည်သာဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

◆ "ဧကံ သမယ"န္တိ ဝုတ္တေ ပန န သောကာလပ္ပဘေဒေါ အတ္ထိ၊ ယော ဧတ္တောနဗ္ဗောဂဓော သိယာတိ ဒဿေတိ "ဧကေနေဝ ပဒေန တမတ္ထံ သမောဓာနေတွာ"တိ ဣမိနာ။ (သီဋီသစ်၊၁၆၉။)

၇။ သံဝစ္ဆရ - ကား + သံ + ဝသ + ဆရ။ ဓာတ္ပန် သ ကို စ ပြု၍ပြီးသည်။

http://www.dhammadownload.com



ဥတု - ကား ဣ + တု။ ဣ ကို ဥ ပြု၍ပြီးသည်။
တနည်း။ ။ အရ ဓာတ် + တု-ပစ္စည်း။ အရ ဓာတ်ကို ဥ-ပြု၍ပြီးသည်။
ပက္ခ - ကား ပတ ဓာတ် + ခ ပစ္စည်း။ ဓာတွန် တ ကို က ပြု၍ပြီးသည်။
- ❖ သံဝသန္တိ ဧတ္ထာတိ သံဝစ္ဆရော။ (ဓာန်ဋီ)
- ❖ ပုနပ္ပုနံ ဧန္တီတိ ဥတုယော။ တု။ ဣဿ + ဥ (သူစိ) အရ ဂမနေ။ တု။ အရဿုတ္တံ(သူစိ)
- ❖ ပတ ဂမနေ ခေါ၊ တဿ ကော။ (ဓာန်ဋီ)

၈။ ကာလပြားသလောက်ဆိုအပ်သည်၏အဖြစ်ကြောင့် "ဗဟု စ ဝတ္တဗ္ဗံ ဟောတိ" ဖြစ်သည်။
ရှင်းဦးအံ့။ ။ ပြုဟ္ဗဏလသုတ်ဟောသောကာလကတခြား။ သာမညဖလသုတ် ဟောသော ကာလကတခြား။ ဤသို့စသည်ဖြင့်ကာလဘေဒများနေသည်၏အဖြစ်ကြောင့် "ဗဟု စ ဝတ္တဗ္ဗံ ဟောတိ" ဖြစ်၏ဟူလို။
- ❖ ဗဟု စ ဝတ္တဗ္ဗံ ဟောတိ ယာဝ ကာလပ္ပဘေဒေ၊ တာဝ ဝတ္တဗ္ဗတ္တာ။ (သီဋီသစ်၊၁၆၉။)

၉။ ပထျာဝတ္တဂါထာ အနုဋ္ဌုဘဆန်းဖြစ်ပါသည်။

၁၀။ † ဂါထာဒ္ဓ ဝဒံ အရ ဧဝံ မေ သုတံ ဟူ၍ ရွတ်ဆိုသော အရှင်အာနန္ဒာ၏ ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟပ္ပဋ္ဌာယီဘာဝ + ဝီရရသ။
† ဧဝံ မေ သုတံ ဟူသော မနသာဝဝတ္တပိတသဒ္ဒါသည် အာရမ္မဏဝိဘာဝ၊
† ယင်းသဒ္ဒါ၏ သာတ္ထ သဗျဉ္ဇန စသည်သည် ဥဒ္ဒီပနဝိဘာဝ၊
† သာသနာ၌ အဿဒ္ဓကိုဖျက်ဆီးနိုင်ခြင်း သဒ္ဓါကိုတိုးပွားစေခြင်း စသည်သည် အနုဘာဝ။
သဒ္ဓံ ဝဒေတိ ကို ရှု၍ထုတ်လျှင် ဧဝံ မေ သုတံ ဟူ၍ကြားနာရသော သူတို့၏ သဒ္ဓါ ပီတိ သောမနဿ စသည်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ + ဓမ္မ သိင်္ဂါရရသ။
† ဧဝံ မေ သုတံ ဟူသော ဒေသနာဖြစ်သည် အာရမ္မဏဝိဘာဝ၊
† အရှင်အာနန္ဒာ၏ ရွတ်ဆိုခြင်းသည် ဥဒ္ဒီပနဝိဘာဝ၊
† သဒ္ဓါတရားတိုးပွားခြင်းကြောင့် ဒါနစသည်ပြုခြင်း အစ နိဗ္ဗာန်တိုင်အောင်သော အကျိုး တရားအဆက်ဆက်သည် အနုဘာဝ။

❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀

## ဝါကျဥယျာဉ် (၁၃)

(က) ကသ္မာ ပနေတ္ထ ယထာ အဘိဓမ္မေ "ယသ္မိံ သမယေ ကာမာဝစရ"န္တိ စ ဣတော အညေသု စ သုတ္တပဒေသု "ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟီ"တိ စ ဘုမ္မဝစနနိဒ္ဒေသော ကတော၊ ဝိနယေ စ "တေန သမယေန ဗုဒ္ဓေါ ဘဂဝါ"တိ ကရဏဝစနေန၊ တထာ အကတွာ "ဧကံ သမယ"န္တိ ဥပယောဂဝစနနိဒ္ဒေသော ကတောတိ ။

(ခ) တတ္ထ တထာ ဣဓ စ အညထာ အတ္ထသမ္ဘဝတော။

http://www.dhammadownload.com



(ဂ) တတ္ထ ဟိ အဘိဓမ္မေ ဣတော အညေသု သုတ္တပဒေသုစ အဓိကရဏတ္ထော ဘာဝေန ဘာဝလက္ခဏတ္ထောစ သမ္ဘဝတိ။

(ဃ) အဓိကရဏဉှိ ကာလတ္ထော သမူဟတ္ထောစ သမယော၊ တတ္ထ တတ္ထ ဝုတ္တာနံ ဖဿာဒိဓမ္မာနံ ခဏသမဝါယဟေတုသင်္ခါတဿစ သမယဿ ဘာဝေန တေသံ ဘာဝေါ လက္ခီယတိ၊

(င) တသ္မာ တဒတ္ထဇောတနတ္ထံ တတ္ထ ဘုမ္မဝစနနိဒ္ဒေသော ကတော။

(ဌ၊၃၃။ သီဋီသစ်၊၁၇ဝ။ နေရင်း၊၁၀၈။ ပခုက္ကူ၊၂၄၁။ ဘာသာဋီကာ၊၂၁၀။)

၁။ သဗ္ဗနာမ်များအစွဲတိကျစေလျှက် (ခ+ဂ) ဝါကျတို့ကို အနက်ယောဇနာပါ။
၂။ (ခ) ဝါကျကို အနုသန္ဓေ၊ (ဂ) ဝါကျကိုသာဘောဂပုစ္ဆာတက်ခဲ့ပါ။
၃။ (က+ခ) ဝါကျတို့ကို စတုက္ကထုတ်၍၊ (က) ဝါကျ ကသ္မာ ကို ဆဒ္ဒနယစာစပ်ပါ။
၄။ ဥပယောဂဝစနံ ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဆက္ကထုတ်ပါ။
၅။ ဣဓ ကိုထောက်၍ ယင်းဝါကျရှိ ဟိတ်ပါဠိ၏သမ္ဗန်ကိုခံပြီး၊ စာစပ်ပါ။
၆။ (ဂ) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဧကံ သမယံ ၌ သမယ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။
၈။ ဘုရားသက်တော်ထင်ရှားရှိစဉ် ဆန္ဒမထေရ်တရားထူးမရခြင်းနှင့် အရှင်ဆန္နကို ဟရားထူး ရစေသော မြဟ္မဒဏ်အကြောင်းကိုလည်း ရှင်းပြပါ။
၉။ သီလသည် ယောဂီရဟန်း၏ တန်ဆာတည်း၊ သီလသည် ယောဂီရဟန်း၏ ထူးသောတန်ဆာတည်း၊ သီလတို့ဖြင့် တန်ဆာဆင်အပ်သော ယောဂီရဟန်းသည် တန်ဆာဆင်ခြင်းကြောင့် မြတ်သည်၏အဖြစ်သို့ရောက်၏ ဟူသော မြန်မာစကားကို ဂါထာဗန္ဓပြုလုပ်၍ ဂါထာအမည် ဆန်း အမည်ပေးပါ။
၁၀။ (၉) နံပါတ်ပါ စီကုံးထားသော ဂါထာ၌ ဖြစ်သင့်သော ဘာဝ စသည်ထုတ်ပါ။

==========================

၁။ (ခ) ဝါကျအနက်။ ။ တတ္ထ၊ ထိုအဘိဓမ္မာ ပိဋကတ် တပါးသောသုတ်ပုဒ် ဝိနည်း ပိဋကတ်တို့၌။ တထာ၊ ထိုသတ္တမီဝိဘတ် ကရိုဏ်းဝိဘတ်တို့ဖြင့်။ အတ္ထသမ္ဘဝတောစ၊ အနက်၏ဖြစ်သင့်ခြင်းကြောင့်လည်းကောင်း။ ဣဓ၊ ဤမြဟ္မဇာလသုတ်၌။ အညထာ၊ သတ္တမီ ဝိဘတ် ကရိုဏ်းဝိဘတ်မှတပါး ဒုတိယာဝိဘတ်ဖြင့်။ အတ္ထသမ္ဘဝတောစ၊ -- လည်းကောင်း တည်း။

(ဂ) ဝါကျအနက်။ ။ ဟိ၊ ချဲ့။ ယတ္ထ၊ ထိုအဘိဓမ္မာစသည်တို့တွင်။ အဘိဓမ္မေ၊ ၌လည်းကောင်း။ ဣတော၊ ဤမြဟ္မဇာလသုတ်မှ (ဝါ) ဧကံသမယံ ဟူသော သုတ်ပုဒ်မှ။ (အကြွင်းလွယ်ပြီ)။ (ပခုက္ကူ၊၂၄၃)

- တတ္ထာတိ တေသု အဘိဓမ္မတဒညသုတ္တပဒဝိနယေသု။
  တထာတိ ဘုမ္မဝစနကရဏဝစနေဟိ။
  ဣဓာတိ ဣမသ္မိံ သုတ္တပဒေ။
  ဣတောတိ "ဧကံ သမယ"န္တိ သုတ္တပဒတော။ (သီဋီသစ်၊၁၇၁။)

http://www.dhammadownload.com



၂။ (ခ) ဝါကျ အနုသန္ဓေ

ဤသို့ (က) ဝါကျဖြင့် ကော်သမယံ ဟု ဒုတိယာ ဝိဘတ်ဖြင့် ဟောတော်မူရာ၌ ဖြစ်သင့်သောအမေးပုစ္ဆာကိုပြပြီး၍ ယခုအခါ၌ အဖြေဝိသဇ္ဇနာကို ပြလိုရကား (ခ) ဝါကျမိန့်။

◆ တတ္ထာတိ အာဒိနာ ယထာဝုတ္တစောဒနံ ပရိဟရတိ။ (သီဋီသစ်)

(ဂ) ဝါကျ သာဘောဂပုစ္ဆာ

ဆရာ သည် (ခ) ဝါကျဖြင့် အဘိဓမ္မာ၌လည်းကောင်း၊ ပြဟ္မဇာလသုတ်မှ တပါးသော သုတ်ပုဒ် ဝိနည်းတို့၌လည်းကောင်း သတ္တမီဝိဘတ် ကရိုဏ်းဝိဘတ်အားဖြင့် အနက်ဖြစ်သင့်၏၊ ဤပြဟ္မဇာလသုတ်၌ ဒုတိယာ ဝိဘတ်အားဖြင့် အနက်ဖြစ်သင့်၏ဟုဆိုတော် မူ၏။ အဘယ်သို့လျှင် အဘိဓမ္မာ၌လည်းကောင်း၊ ပြဟ္မဇာလသုတ်မှတပါးသော သုတ်ပုဒ်တို့၌ လည်းကောင်း အနက်ဖြစ်သင့်ပါသနည်း။ အနက်ဖြစ်သင့်ပုံအကျယ်ကို အပြဆိုပြီလော၊ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

◆ တတ္ထာတိ အာဒိ တဗ္ဗိဝရဏံ။ (သီဋီသစ်)

✻ ကထံ တတ္ထ၊ ဟိတ်ပြနောက်မှာ၊ ဟိ ရောက်လာ၊ ချဲ့ကာယူကြမ်း နှင့်အညီ ဟောတဝ်ဝါကျ အဓိပ္ပါယ်ကျဉ်းနေသောကြောင့် အကျယ်ပြလိုရကား တတ္ထဟိ စသော ဝါကျတက်လာသည် ဟုမှတ်။

(ဃ) ဝါကျ အနုသန္ဓေ

ဤသို့ (ဂ) ဝါကျဖြင့် အဘိဓမ္မာ၌လည်းကောင်း (ပ) ဘာဝေန ဘာဝလက္ခဏ အနက်သည်လည်းကောင်း ဖြစ်သင့်၏ဟုပြဆိုပြီး၍ ယခုအခါ၌ ယင်းစကားရပ်ကို ယုတ္တိ အားဖြင့် ခိုင်မြဲစေလိုသော ဆရာသည် (ဃ) မိန့်။

◆ တံ ဒဠှံ ကရောန္တော "အဓိကရဏဥ္စ"တိ အာဒိမာဟ။ (သီဋီသစ်)

(င) ဝါကျကား လဒ္ဓဂုဏ်ဝါကျတည်း။ (ဂ) ကို ဥပနာထား၍ လဒ္ဓဂုဏ်ထုံးစံအတိုင်း တက်လေ။

၃။ (က+ခ) စတုက္ကထုတ်ပုံ။

(က) နနု အဘိဓမ္မေ ယသ္မိံ သမယေ (ပ) ကရဏဝစနေန (နိဒ္ဒေသောကတော)

(ခ) အထကသ္မာ တထာ အကတွာ "ကော်သမယံ"န္တိ ဥပယောဂဝစနနိဒ္ဒေသော ကတော၊

(ဂ) နနု တတ္ထ တထာ ဣဓ အညထာ အတ္ထော သမ္ဘဝတိ၊

(ဃ) တသ္မာ တထာ အကတွာ (ပ) ကတော၊

စာစပ် ။ ။ (က) ဝါကျ ကသ္မာကို ဥပမေယျဝါကျရှိ ကတော ၌ ဟိတ်+ဟိတ် ၏ ဖိုလ်စပ်။

✻ အပနေလို့ တွင်းပုဒ်သို့ ယှဉ်ဘို့ထိုက်ပါ။

အပမြင်ရာ ပတွင်သာ ယှဉ်ကာစပ်လိုက်ပါ။ (မအူသျှ)

ရှင်းလင်းချက် ။ ။ ယသ္မာ + တသ္မာ၊ ယံ + တံ၊ ယေန + တေန၊ ယတ္ထ + တတ္ထ စသော နိယတ်အနိယတ် တို့၏ အတွင်းနေပုဒ်များကို အတွင်းမှာစပ်။ အပြင်နေ ပုဒ်များကို အပြင်မှာ စာစပ်ရသည်။ ထို့အတူ ဥပမာန+ဥပမေယျ ဇောတက တို့၏ အပြင်နေပုဒ် များကို အပြင်မှာစပ်၊ အတွင်းနေပုဒ်များကို အတွင်းမှာ စာစပ်ရသည်။ (ယင်းမအူသျှနိယံကို ယောဘုယျသာ မှတ်)

၄။ ဥပယုဇ္ဇိတဗ္ဗော ကြိယာယာတိ ဥပယောဂေါ၊ (ကမ္မံ)

ဝုစ္စတိ အတ္တော ဧတေနာတိ ဝစနံ၊ (ဝိဘတ်)

http://www.dhammadownload.com



ဥပယောဂေ ပဝတ္တံ ဝစနံ ဥပယောဂဝစနံ၊
ကံအနက်၏+ဝိဘတ်နှင့် အကြောင်း + အကျိုး ဝိသယ + ဝိသယီ အဖြစ်ဖြင့်စပ်ခြင်း
သမ္ဗန်သည် ဝစနဟေတု၊
ဒုတိယာ ဝိဘတ်သည် ဝစနီယ၊
ဒုတိယာဝိဘတ္တိ ကမ္မဝစနံ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊

သီဋီသစ်ဝိဂ္ဂဟမှတ်ဘွယ်

ဘဝန္တိ ဧတ္ထာတိ ဘုမ္မံ၊ ဩကာသော။ ဘုမ္မေ ပဝတ္တံ ဝစနံ ဝိဘတ္တိ ဘုမ္မဝစနံ၊
ကရောတိ ကြိယံ အဘိနိပ္ဖါဒေတိ ဧတေနာတိ ကရဏံ၊ (ကြိယာနိပ္ဖတ္တိကာရဏံ)
ကာလသင်္ခါတော , ကာလသဒ္ဒဿ ဝါ အတ္ထော ယဿာတိ ကာလတ္ထော။
သမူဟသင်္ခါတော , သမူဟသဒ္ဒဿ ဝါ အတ္ထော ယဿာတိ သမူဟတ္ထော။

၅။ ဣဓ အညထာ အတ္ထသမ္ဘဝတော-၌ အတ္ထသမ္ဘဝတောဟိုတ်၏ သမ္ဗန်ကား ကေ သမယန္တိ ပဒဿ-ဖြစ်သည် (ကတ္ထား+သမ္ဗန်စပ်)

ကေ သမယန္တိပဒဿကား ၏-ကြောင့် အတ္ထသမ္ဘဝတော-ဝယ် ကျေနေသော ဘာဝ ၌(သို့မဟုတ်) တ္ထ ပစ္စည်း-၌ သမ္ဗန်+သမ္ဗန္ဓီစပ်။

၆။ (ဂ) ဝါကျ၌ အဓိကရဏတ္ထော ဘာဝေန ဘာဝလက္ခဏတ္ထော-စ-ဖြင့် ယသ္မိံသမယေ၌ သတ္တမီဝိဘတ်သည် အဓိကရဏတ္ထ ဘာဝေနဘာဝလက္ခဏတ္ထ-၌ သက်သည်ဟု သိစေသည် (ဝိဘတျတ္ထ)

အဘိဓမ္မေ ဣတော အညေသု သုတ္တပဒေသု-ဖြင့် (ခ) ဝါကျတတ္ထတထာဝယ် တတ္ထ-၌ တသဒ္ဒါ၏ အဘိဓမ္မာ ဗြဟ္မဇာလသုတ် (ဝါ) ကေ သမယ-ဟူသော သုတ်ပုဒ်မှ အခြားသော သုတ်ပုဒ်တို့ကို စွဲယူသုံးသပ်သည်၏ အဖြစ်ကိုလည်းကောင်း၊ တ-ပစ္စည်း သတ္တမီအနက်၌ သက်-လည်းကောင်း သိစေသည်။ (သမ္ဗန္ဓာမလင်္ကာတ္ထ+ဝိဘတျတ္ထ)

၇။ သမယံ ကား သံ+ဣ+ဏ။ ဣကို ဧ-ပြု၊ ဧကို အယ-ပြု၊ နိဂ္ဂဟိတ်ကို မပြု၊ ဏ အနုဗန်ချေ၍ ပြီးသည်။

၈။ ဘုရားရှင်၌လည်းကောင်း၊ တရားတော်၌လည်းကောင်း ဖြစ်သော ဂေဟာဿိတပေမရှိနေသောကြောင့် ဘုရားသက်တော်ထင်ရှားရှိစဉ် ရှင်ဆန္နမထေရ် တရားထူးမရပါ။ (ဋ၊ ၅၄-၅၅)
❖ ဝိသေသံ နိဗ္ဗတ္တေတုံ နာသက္ခိ ဘဂဝတိ ဓမ္မေစ ပဝတ္တဂေဟသိတပေမတာယ။ (သီဋီသစ်၊ ၂။ ၁၈၂)

ဗြဟ္မဒဏ်ဟူသည်ကား ဆန္နကို စိတ်ရှိတိုင်း ဆိုပစေ၊ မဆိုမဆုံးမကြိုက်နင်လင့်၊ စကား မပြောကြကုန်လင့် ဟု ကတိကဝတ်ကို ပြုစေ၍ နေစေခြင်းတည်း။ (နေရင်း၊ ၂။ ၁၈၂)
❖ ဗြဟ္မဒဏ္ဍေနာတိ "ဘိက္ခူဟိ ဣတ္ထန္နာမော နေဝ ဝတ္တဗ္ဗော၊ န ဩဝဒိတဗ္ဗော၊ နာနုသာသိတဗ္ဗော" တိ ကတေန ဗြဟ္မဒဏ္ဍေန။ (သီဋီသစ်၊ ၁၊ ၂၂၉)

၉။ သီလံ ယောဂိဿ လင်္ကာရော၊ သီလံ ယောဂိဿ မဏ္ဍနံ။
သီလေဟိ လင်္ကတော ယောဂီ၊ မဏ္ဍနေ အဂ္ဂတံ ဂတော။ (ဋ၊ ၅၅)
ပထျာဝတ္တဂါထာ အနုဋ္ဌုဘဆန်း ဖြစ်သည်။

http://www.dhammadownload.com



၁၀။ ✝ သီလ်အရ ဝိရတီ စေတနာပြဋ္ဌာန်းသော သီလကုသိုလ် စိတ္တုပ္ပါဒ်ကို ယူ၍ ထို သည် ဓမ္မရတိဋ္ဌာယိဘာဝ + ဓမ္မသီဂါရဝတာ၊
✝ ဇီဝိတိန္ဒြေ အစရှိသော ဝိတိက္ကမိတဗ္ဗဝတ္ထုသည် အာရမ္မဏဝိဘာဝ။
✝ သီလ၏ ယောဂီပုဂ္ဂိုလ်၏ တန်ဆာသဘွယ်ဖြစ်ခြင်း စသော ဂုဏ်သည် ဥဒ္ဒိပနဝိဘာဝ၊
✝ တန်ဆာဆင်သူတို့တွင် အမြတ်ဆုံး တန်ဆာဆင်သူအဖြစ်သို့ ရောက်ခြင်း စသည်သည် အနုဘာဝ မည်၏။

မှတ်ချက် ။ ။ လောကီဝိရတီသည် ဇီဝိတိန္ဒြေ အစရှိသော ဝိတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြုသည်။
လောကုတ္တရာ ဝိရတီ-ကား နိဗ္ဗာန်ကို အာရုံပြုသည်။ (ဒီ၊ ဌ၊ ၁။ ၂၇၂)
လောကီဝိရတီ-ကို ဌာယိဘာဝထုတ်တိုင်း ဝိတိက္ကမိတဗ္ဗဝတ္ထုကို အာရမ္မဏဝိဘာဝ ထုတ်ရသည်မှတ်။

********************

## ဝါကျဥယျာဉ် (၁၄)

(က) ပေါရာဏာ ပန ဝဏ္ဏယန္တိ "တသ္မိံ သမယေ"တိ ဝါ 'တေန သမယေနာ'တိ ဝါ 'ဧကံ သမယံ' န္တိ ဝါ အဘိလာပမတ္တဘေဒေါ ဧသ၊ သဗ္ဗတ္ထ ဘုမ္မမေဝတ္ထော"တိ။ တသ္မာ "ဧကံ သမယ"န္တိ ဝုတ္တေပိ "ဧကသ္မိံ သမယေ"တိ အတ္ထော ဝေဒိတဗ္ဗော။
(ခ) ဘဂဝါတိ ဂရု။
(ဂ) ဂရုံ ဟိ လောကေ "ဘဂဝါ"တိ ဝဒန္တိ။
(ဃ) အယဥ္စ သဗ္ဗဂုဏဝိသိဋ္ဌတာယ သဗ္ဗသတ္တာနံ ဂရု၊ တသ္မာ "ဘဂဝါ"တိ ဝေဒိတဗ္ဗော။
(င) ပေါရာဏေဟိပိ ဝုတ္တံ-
"ဘဂဝါ'တိ ဝစနံ သေဋ္ဌံ၊ 'ဘဂဝါ'တိ ဝစနမုတ္တမံ။
ဂရုဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတီ"တိ။
(ဌ၊ ၃၄။ သီဋီသစ်၊ ၁။ ၁၇၅။ နေရင်း၊ ၁၂၀။ ပဒုက္ကူ၊ ၂၄၆။ ဘာသာဋီကာ၊ ၂၁၅)

၁။ (င) ဝါကျဂါထာကိုသာ အပရဒ္ဓဥ္ဓ ဖြစ်သင့်သော အနိယတ် ထည့်စွက်၍ အနက်ပေးပါ။
၂။ (ဂ) ဝါကျအနုသန္ဓေ၊ (င) ဝါကျ သာဘောဂပုစ္ဆာ တက်ပါ။
၃။ (က) ဝါကျကို စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။
၄။ (ဃ) ဝါကျ၌ ဘာဝယောဂပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထပြု၍၊ အပေါင်း ဝစနတ္ထကို ဆက္ကထုတ်ပါ။
၅။ (ဃ) ဝါကျ၌ သဗ္ဗဂုဏဝိသိဋ္ဌတာယ-၏ သမ္ဗန်ကို ခံ၍ အတ္ထာနုရူပစာစပ်ပါ။
၆။ ဒယာပန္နောတိ ဒယံ မေတ္တစိတ္တတံ အာပန္နော (ဌ၊ ၆၉) ကို အာ+သံ
၇။ ဘဂဝါ-ကို တဒ္ဓိတ်ပုဒ် သမာသ်ပုဒ်ယူ၍ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပြပါ။
၈။ အယဥ္စ သဗ္ဗဂုဏဝိသိဋ္ဌတာယ သဗ္ဗသတ္တာနံ ဂရု-ဟူသော အဋ္ဌကထာစကားအရ ဘုရားရှင်သည်သာ သတ္တဝါအားလုံးတို့၏ အမြတ်ဆုံး ဂါရဝဋ္ဌာန ဖြစ်တော်မူပုံကို အကြောင်းယုတ္တိ ပြည့်စုံစွာပြ၍ ဖြေပါ။
၉။ ဒိဋ္ဌေ ဓမ္မေ စ ယော အတ္ထော၊ ယော စတ္ထော သမ္ပရာယိကော။

http://www.dhammadownload.com



အတ္ထာဘိသမယာ ဓီရော၊ "ပဏ္ဍိတော" တိ ပဝုစ္စတိ။ ကို ဆန်းစစ်၍၊ ဂါထာအမည် ဆန်းအမည် ပေးပါ။

၁၀။ (၉) နံပါတ်လာ ဂါထာကို ဘာဝ စသည်ထုတ်ပါ။

==========================

၁။ ဘဂဝါတိ ဝစနံ၊ သည်။ သေဋ္ဌံ၊၏။ ဘဂဝါတိဝစနံ၊ သည်။ ဥတ္တမံ၊ ၏။ (တထာဂတော၊ သည်။) ဂါရဝယုတ္တော၊ ၏။ ယေနကာရဏတ္ထယေန၊ အကြင်အကြောင်း သုံးပါး အပေါင်းကြောင့်။ ယောတထာဂတော၊ သည်။ ဂရု၊ ကျောက်ထီး တန္တအလေးပြုအပ်၏။ တေန ကာရဏတ္ထယေန ကြောင့်၊ သောတထာဂတော၊ ကို။ ဘဂဝါ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

◆ ယေန ကာရဏတ္တယေန သောတထာဂတော ဂရု ဘာရိယဋ္ဌေန၊ တေန "ဘဂဝါ"တိ ဝုစ္စတီတိ သမ္ဗန္ဓော။

ဂရုတာ ကာရဏဒဿနဋ္ဌေတံ ပဒတ္တယံ။ (သီဋီသစ်၊ ၁၇၆)

တနည်း ။ ။ ဘဂဝါတိဝစနံ၊ သည်။ သေဋ္ဌံ၊ ၏။ ဘဂဝါတိဝစနံ၊ သည်။ ဥတ္တမံ၊ ၏။ ယေနကာရဏေန၊ ကြောင့်။ ယောတထာဂတော၊ သည်။ ဂရု၊ ၏။ ဂါရဝယုတ္တော၊ ၏။ တေနကာရဏေန၊ ကြောင့်။ သောတထာဂတော၊ ကို။ ဘဂဝါ၊ ဟူ၍၊ ဝုစ္စတိ၊ ၏။ (နောက်နည်းကား သီဋီသစ်လာ ကေစိဆရာတို့အလို)

၂။ (ဂ) ဝါကျ အနုသန္ဓေ

ဤသို့ (၁)ဝါကျဖြင့် ဘဂဝါဟူသည် အလေးပြုအပ်သော ဆရာတည်းဟုပြဆိုပြီး၍ ယခုအခါ၌ ယင်းအနက်ကိုပင် လောကသင်္ကေတအားဖြင့် ပြီးစေလို မြဲစေလိုသော ဆရာသည် (ဂ) ဝါကျမိန့်။

◆ တဒေဝတ္ထံ သင်္ကေတတော သမတ္ထေတိ "ဂရုံဟီ"တိ အာဒိနာ။ (သီဋီသစ်၊ ၁၇၅)

(င) ဝါကျ သာဘောဂပုစ္ဆာ

ဆရာသည် (ဂ+ဃ) နှစ်ဝါကျဖြင့် မြတ်စွာဘုရားကို လောက၌ ဂရု-ဟု ခေါ်ဝေါ်သုံးစွဲ ကြသောဟုဆို၏။ လောက၌သာလျှင် ယင်းသို့ ခေါ်ဝေါ်သုံးစွဲ ကြပါသလော။ သာသနာတော်၌ကား အဘယ်သို့ ခေါ်ဝေါ်သုံးစွဲကြပါသနည်း။ စုဒ်ကြောင့်(င)မိန့်။

အဓိပ္ပါယ်ကား ။ ။ သာသနာတော်၌လည်း မြတ်စွာဘုရားကို ဂရုဟူ၍ပင် ခေါ်ဝေါ်သုံးစွဲကြပါ၏ ဟူလို။

◆ န ကေဝလံ လောကေယေဝ၊ အထခေါ သာသနေပီတိ ဒဿေတိ "ပေါရာဏေဟီ"တိ အာဒိနာ။ (သီဋီသစ်၊ ၁။ ၁၇၆)

(ဃ) ဝါကျ နေရင်း နိဿျကျမ်းတက်

ဆရာကို လောက၌ ဘဂဝါဟု ဆိုကြကုန်သောဟု ဆရာဆို၏။ ဤအရာ၌ ဆရာသာမညကို မလိုအပ်၊ ဘုရားကိုသာ လိုအပ်သည် မဟုတ်လော၊ အဘယ့်ကြောင့် ဘုရားသည် ဂရုမည်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ အယဉ္စ-စသော ပါဌ်ကို မိန့်။

မှတ်ချက် ။ ။ ပဒုက္ကမသီဋီသစ်တို့၌ အယဉ္စ-မှ စသဖြင့် ဝါကျာရမ္ဘဟု ယူကြသည်။

http://www.dhammadownload.com


၃။ (က) ဝါကျ စတုက္က

(က) နနု သံဝဏ္ဏေတဗ္ဗပါဠိယံ "တေ သမယ" န္တိ (ဥပယောဂဝစနေန) ဝုတ္တံ။

(ခ) အထကသ္မာ "ကေသ္မိံ သမယေ" တိ အတ္ထော ဝေဒိတဗ္ဗော၊

(ဂ) နနု ပေါရာဏာ ပန ဝဏ္ဏယန္တိ (ပ) ဘုမ္မမေဝတ္ထောတိ၊

(ဃ) တသ္မာ (ပ) ဝေဒိတဗ္ဗော။

၄။ ဝိသေသီယန္တေတိ ဝိသိဋ္ဌာ၊ ဝိ ပုဗ္ဗော သိသ ဝိသေသနေ တော။ (ဒီပနီ)

ဝိသေသိတဗ္ဗာတိ ဝိသိဋ္ဌာ။ သရတိ ပဝတ္တတီတိ သဗ္ဗံ။

အတ္ထနော ဒဗ္ဗံ ဂုဏေတိ ပကာသေတီတိ ဂုဏော။ (ဓာတုပစ္စယဒီပနီ)

ဂုဏျန္တေ ပကာသိယန္တေ ယေနာတိ ဂုဏော။ (ဘေဒစိန္တာ-ဋီကာ။ ၃၉)

ဂုဏတိ ပကာသေတိ အတ္ထနော အာဓာရံ ဒဗ္ဗန္တိ ဂုဏော။ (ဘေဒစိန္တာဒီပနီ၊ ၄၀)

ဂေါဏာပိယတိ အာမန္တာပိယတိ အတ္တနိ ပတိဋ္ဌိတော ပုဂ္ဂလော ဒဋ္ဌုံ သောတုံ ပူဇိတုဥ္စ

ဠာစ္ဆန္တေဟိ ဇနေဟီတိ ဂုဏော။ (နီတိ၊ ဓာတု။ ၁၀၄)

သဗ္ဗေ ဂုဏာ သဗ္ဗဂုဏာ။

သဗ္ဗဂုဏေဟိ ဝိသိဋ္ဌော သဗ္ဗဂုဏဝိသိဋ္ဌော၊

သီလစသော အလုံးစုံသော ဂုဏ်တို့၏+ထူးသော မြတ်စွာဘုရားနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်း သမ္မန်သည် ဝစဟေတု၊

မြတ်စွာဘုရားသည် ဝစနီယ၊

သကလဂုဏဝိသိဋ္ဌော စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊

ဝစနတ္ထမှတ်ဘွယ်

ဝုစ္စတိ အတ္ထော ဧတေနာတိ ဝစနံ၊ (သဒ္ဒါရ၏)

ဝုစ္စတီတိ ဝစနံ၊ (အနက်ရ၏) (သီဋီသစ်)

ဂရတိ သိဥ္စတိ , ဂိရတိ ဝါ ဝမတိ သိဿေသု သိနေဟန္တိ ဂရု၊

ဂရ-ဓာတ် (တနည်း) ဂိရဓာတ်+ဥ ပစ္စည်း။ (မောဂ္ဂလာန်)

ဂရုတဗ္ဗောတိ ဂရု၊ (သီဋီသစ်အလို ကာတဗ္ဗတဒ္ဓိတ်)

၅။ သဗ္ဗဂုဏဝိသိဋ္ဌတာယ ၏ သမ္မန်ကား ဠမဿ (ဘဂဝတော)တည်း။ ကတ္တား+သမ္မန်စပ်၊

၆။ ဒယံ အာပန္နော-ဖြင့် အာပန္နောပုဒ်ကို အာပဇ္ဇတီတိ အာပန္နော ဟု ကတ္တုသာဓ်ဝစနတ္ထ ပြုရမည်ကို လည်းကောင်း၊ အာပန္နော၌ တ ပစ္စည်း ကတ္တားအနက်၌ သက်သည်၏ အဖြစ်ကို လည်းကောင်း၊ ဒယနှင့် အာပန္နောကို ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို လည်းကောင်း သိစေပါသည်။

မှတ်ချက် ။ ။ ဒယံဟု အဝုတ္တကံ နှင့် ဖွင့်ပြသောကြောင့် အာပန္နောကို ကတ္တုသာဓ် ကြံသည်။

✻ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကမ္မအဝုတ္တ၊ ဒုတိယန္တနှင့် ဖွင့်၍ပြ၊ ကတ္တုသာနေကြံ။ (သံ၊ ၄။)

မေတ္တာစိတ္တတံ-ဖြင့် ဒယာ-ပုဒ်ကို ဒယတိ အနုဒ္ဒယတိ အနုရက္ခတိ တေယာတိ ဒယာဟု ပြု၍ ဒယာ-အရ အနုရက္ခဏတ္ထကို အတွင်းပြု၍ မေတ္တာ ကရုဏာ နှစ်ပါးပင် ရသော်လည်း သဗ္ဗပါဏဘူတာဟိတာနုကမ္ပီဖြင့် ကရုဏာကို ဆိုလတံ့ ဖြစ်သောကြောင့် ဤ၌မေတ္တာကိုသာ ယူရမည်ဟု သိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

http://www.dhammadownload.com



◆ အယံ ပန ဒယာသဒ္ဒေါ အနုရက္ခကတ္ထံ (ပ) ကရုဏာယ ဝက္ခမာနတ္တာ၊ (သီဋီသစ်၊ ၃၂၈)

၇။ ဘဂဝါကား ဘာဂျံ အဿ အတ္ထီတိ ဘာဂျဝါ၊ (အဿတ္ထိတဒ္ဓိတ်) ဝစနတ္ထ နှင့်အညီ ဘာဂျဝါ ဟူလိုလျက် ဘာဠ အာ ကို အ-ပြု၊ ဂျ မှ ယ ကို ချေပြီး၏။

တီသု ဘဝေသု တဏှာသင်္ခါတံ ဂမနံ+မနေန ဝန္တံ ဝမိတန္တိ ဘဂဝါ၊ (တတိယာ ဗဟုဗ္ဗိဟိ) ဝစနတ္ထ နှင့်အညီ ဘဝေသု ဝန္တ ဂမနော ဟူလိုလျက် ဘဝသဒ္ဒါမှ ဘ-ကိုယူ၊ ဂမန သဒ္ဒါမှ ဂ-ကိုယူ၊ ဝန္တသဒ္ဒါမှ ဝ-ကိုယူ၍ ကျန် အက္ခရာများကို ချေခြင်း၊ ဝ ၏ အစိတ်အ-ကို အာဒီဃပြု၊ ဘဝါဂ ဖြစ်၏။ ဝါ-နှင့် ဂ-ကို ရှေ့နောက်ပြန်၍ ပြီးသည်။ (သီဋီသစ်၊ ၁။၁ဂုဂ။၁ဂုဂ)

ဂရု ကား ဂိရဓာတ်+ဥ ပစ္စည်း။ ဂိရုဟူလိုလျက် ဂိ ဠ ဣ ကို အ-ပြု၍ ပြီးသည်။

၈။ ဘုရားရှင်သည်သာ အမြတ်ဆုံး ဂါရဝဋ္ဌာနဖြစ်ပုံ

မြတ်စွာဘုရားသည် ဥပမာမပြုနိုင်လောက်အောင် အစွမ်းသတ္တိရှိသော သီလ စသော ဂုဏ်တော်အထူးနှင့် ပြည့်စုံတော်မူသောကြောင့် လည်းကောင်း၊ အလုံးစုံသော ကျေးဇူးမဲ့ကို ပယ်ရှားခြင်း ရှေ့သွားရှိသည်ဖြစ်၍ အကြွင်းမရှိအောင် စီးပွားချမ်းသာကို ဆောင်သော ကာယ ပယောဂ ဝစီပယောဂ မနောပယောဂ၏ ပြည့်စုံခြင်းအားဖြင့် သတ္တဝါအပေါင်း၏ ကျေးဇူး ဥပကာရကို စင်စစ် ပြုတော်မူ‌လေ့ရှိသောကြောင့်လည်းကောင်း အနန္တလောကဓာတ်၌ အနန္တ သတ္တဝါတို့၏ အမြတ်ဆုံး "ဂါရဝဋ္ဌာန" ဖြစ်တော်မူပါသည်။ (ဘာသာဋီကာ၊ ၂၁၆။)

◆ တထာဟိ လောကနာထော (ပ) သတ္တာနံ ဥတ္တမံ ဂါရဝဋ္ဌာနန္တိ၊ (သီဋီသစ်၊ ၁ဂု၆)

ဋီကာအဓိပ္ပါယ် ။ ။ (ဂ) ဝါကျ လောကေသဒ္ဒါဖြင့် သက်သက်သော သာသနာတော်၌သာလျှင် ဆရာကို ဘဂဝါဟု ဆိုကြကုန်သည် မဟုတ်တုံသေး၊ လောက၌လည်း ဆရာကို ကျောက်ထီး တန္တု အလေးပြုအပ်သော အနက်ကြောင့် ဘဂဝါ ဟု ဆိုကြကုန်၏ ဟူသော သင်္ကေတသိဒ္ဓိကို ပြပါသည်။

◆ လောကေတိဣမိနာ နကေဝလံ သာသနေယေဝ၊ လောကေပိ ဂရုကာတဗ္ဗေသု ဘဂဝါတိ သင်္ကေတသိဒ္ဓီတိ ဒဿေတိ။ (သီဋီသစ်၊ ၁ဂု၅)

၉။ ပထျာဝတ္တဂါထာ အနုဋ္ဌုဘာဆန်း ဖြစ်ပါသည်။

၁၀။ ✝ ပပုဗ္ဗ ဝစဓာတ်အရ ပဏ္ဍိတဟု ဆိုသော သူ၏ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ+ဝီရိယသာ၊ (ဝါ) ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိဂ်ါရ ရသာ၊

✝ ပညာရှိပုဂ္ဂိုလ်ဖြစ်သည် အာရမ္မဏဝိဘာဝ၊

✝ ပညာရှိပုဂ္ဂိုလ်၏ ပစ္စုပ္ပန်တမလွန် အကျိုးနှစ်ပါးကို ရရှိခြင်းသည် ဥဒ္ဒီပနဝိဘာဝ၊

✝ ဤဂါထာဖြစ်ရခြင်း အကျိုးသည် အနုဘာဝ မည်၏။

********************

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၅)

(က) "အပိစာယံ ဘိက္ခဝေ တပေါဒါ ဒွိန္နံ မဟာနိရယာနံ အန္တရိကာယ အာဂစ္ဆတိ"တိ အာဒိသု ဝိဝရေ။

(ခ) သွာယမိဓ ဝိဝရေ ဝတ္တတိ၊

(ဂ) တသ္မာ ရာဇဂဟဿ စ နာဠန္ဒာယ စ ဝိဝရေတိ ဧဝမေတ္ထ အတ္ထော ဝေဒိတဗ္ဗော။

(ဃ) အန္တရာသဒ္ဒေန ပန ယုတ္တတ္တာ ဥပယောဂဝစနံ ကတံ။

(င) ကာယနုတ္တာတိ ကတမာယ နု ကထာယ သန္နိသိန္နာ ဘဝထာတိ အတ္ထော။

(၄၊ ၃၅။ ၄၊ ၄၉။ သီဠိသစ်၊ ၁၈၀။ နေရင်း၊ ၁၂၄။ ပဒတ္ထ၊ ၂၅၂။ ဘာသာဋီကာ၊ ၂၂၃။)

၁။ (ခ+ဂ+ဃ) ဝါကျတို့ကို (ဃ)၌ ဖြစ်သင့်သော ဗျတိရေကစကားရပ်နှင့်ကတံ၏ကတ္တားထည့်၍ အနက်ယောဇနာပါ။

၂။ (ဂ)ဝါကျ စောဒနာ၊ (ဃ)ဝါကျကို ပုစ္ဆာတက်ပါ။

၃။ (ဂ)(ဃ) ဝါကျတို့ကို စတုက္ကထုတ်၍ (ဃ)၌ ပန-သဒ္ဒါထားရခြင်းအကြောင်းကို ရေးပါ။

၄။ (က)ဝါကျ တပေါဒါ-ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

၅။ (ဃ) ဝါကျ ယုတ္တတ္တာ၏ သမ္ဗန္ဓကို ဖော်၍ဘာဝယောဂပုဒ်၏ပစ္စယတ္ထကို ညွှန်ပြပါ။

၆။ (င)ဝါကျကို အာဘော်ဖော်ပြီး သံဝဏ္ဏနာမည်ပေးပါ။

၇။ ဟလာဟလ်-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။ (သီဠိသစ်၊ ၁၈၇)

၈။ တိကသဉ္ဇာရံ သန္တရိတ္တာ တိသန္ဓိပလ္လင်္ကံ အာဘုဇိတွာ(ပ) စုဒ္ဒသဟတ္ထပလ္လင်္ကဝရဂတော ဟူသော (၄၊ ၅၈) စကား၌ ပလ္လင်္က၏ (၁၄)တောင်ပမာဏကို အမြင့်+အကျယ် နှစ်မျိုးတွင် အဘယ်ကိုယူသင့်ပါသနည်း ယုတ္တိပြ၍ ဆုံးဖြတ်ပါ။ (သီဠိသစ်၊ ၂၄၂)

၉။ သီလံ ယောဂိဿ စသော (၄၊ ၅၅) လာ ဂါထာကို ဆန်းစစ်၍ ဂါထာအမည်ဆန်းအမည်ပေးပါ။

၁၀။ ဂါထာ၌ သီလံအရကိုယူ၍ ဘာဝ စသည်ထုတ်ပြပါ။

===================

၁။ (ဃ) ပန၊ ထိုသို့ပင်သိအပ်ပါသော်လည်း။ အန္တရာသဒ္ဒေန၊ နှင့်။ ယုတ္တတ္တာ၊--ကြောင့်။ ဥပယောဂဝစနံ၊ ကို။ အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။ ကတံ၊-ပြီ။ သာမိဝစနံ၊ ကို၊ နကတံ၊ အပ်။ (ဗျတိရေက) (ပဒတ္ထ၊ ၂၅၂)

၂။ (ဂ) ဝါကျ စောဒနာ

ဆရာသည် (ခ) ဝါကျဖြင့် အန္တရာစ ရာဇဂဟံ စသော ပါဠ်၌ အန္တရာသဒ္ဒါသည် ဝိဝရအနက်၌ ဖြစ်သောဟုဆို၏။ ထိုသို့ဆိုသဖြင့် ဆရာ့အား အဘယ်သို့သော အကျိုးကို ရအပ်ပါသနည်း၊ တစုံတခုရအပ်သော အကျိုးမရှိပြီလော၊ ရအပ်သော အကျိုးကို မပြသော် ဆရာ့အား နိရတ္ထက ဒေါသသင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ)မိန့်။

မှတ်ချက် ။ ။ လဒ္ဓဂုဏ်ဝါကျကို ကျမ်းတက်သည့်အခါ တသ္မာ တေန စသည်တို့၏စွဲယူသုံးသပ်ရာ ဝါကျကိုပင် ဥပနာထားရသည်မှတ်။ အာဘော်+ပုစ္ဆာ+ဒေါသတင်ပုံတို့မှာပုံသေနည်း ပင်ဖြစ်၍ အထက်ပါ(ဂ) ဝါကျကျမ်းတက်ကိုပင် မူသေကျက်မှတ် ထားပေတော့။

http://www.dhammadownload.com



✱ တသ္မာ အတ္ထော ဒဠှမ္ဘော မုတ်လော လဒ္ဓဂုဏ်။
လဒ္ဓဂုဏာ ဟူလက နီရုတ္တကတင်။

(ဃ) ဝါကျ ပုစ္ဆာ

ဆရာသည် (ဂ) ဝါကျဖြင့် အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံ ကို ရာဇဂဟဿစ ဝိဝရေဟု ဖွင့်ပြတော်မူ၏။ သံဝဏ္ဏတဗ္ဗပါဠိ၌ ရာဇဂဟံ နာဠန္ဒံဟု ဒုတိယာ ဝိဘတ်နှင့် ရှိသည် မဟုတ်ပါလော၊ ဆိုဖြစ်ပါလျက် အဘယ်ကြောင့် ရာဇဂဟဿစ နာဠန္ဒာယစဟု သမ္ဗန္ဓီအနက်ကို ဖွင့်ဆိုပါသနည်း၊ (တနည်း) သမ္ဗန္ဓီအနက်၌ အဘယ်ကြောင့် ဒုတိယာ ဝိဘတ်ကို သက်အပ်သနည်း၊ စုဒ်ကြောင့် (ဃ)မိန့်။

◆ နနု စေတ္ထ ဥပယောဂဝစနမေဝ၊ အထကသ္မာ သမ္ဗန္ဓီယတ္ထော ဝုတ္တော၊ သမ္ဗန္ဓီယတ္ထေ ဝါ ကသ္မာ ဥပယောဂဝစနံ ကတန္တိ အနုယောဂသမ္ဘဝတော တံ ပရိဟရိတုံ "အန္တရာသဒ္ဒေန ပနာ"တိ အာဒိဝုတ္တံ။ (သီဋီသစ်၊ ၁၈၃)

အမှာ။ ။ သမ္ဗန္ဓီအနက်ဟူသော စကားရပ်၌ ဝိသေသန သမ္ဗန္ဓီကို ဆိုလိုသည်။ ရညော+ပုရိသော ရာဇပုရိသော ပုံစံ၌ ရာဇကား ဝိသေသန သမ္ဗန္ဓီ၊ ပုရိသကား ဝိသေသျ သမ္ဗန္ဓီ ဖြစ်သည်။ (ဘေဒစိန္တာ)

၃။ (ဂ+ဃ) စတုက္ကထုတ်ပုံ။

(က) နနု ရာဇဂဟဿစ (ပ) ဝေဒိတဗ္ဗော၊
(ခ) အထကသ္မာ ဥပယောဂဝစနံ ကတံ၊
(ဂ) အန္တရာသဒ္ဒေန ယုတ္တတ္တာ၊
(ဃ) ဥပယောဂဝစနံ ကတံ။

(ဃ) ၌ ပန-သဒ္ဒါထားရခြင်း။

ပါဠိတော်၌ ဒုတိယာဝိဘတ်နှင့် ရှိပါလျက် ရာဇဂဟဿစ နာဠန္ဒာယစဟု ဖွင့်သော (ဂ)ဝါကျ အဖွင့် သံဝဏ္ဏနာဟူသော အနက်ကို မနှစ်သက်သောကြောင့် ပန-သဒ္ဒါထားသည်။

၄။ တပ်+ဥဒက်+အဿာတိ တပေါဒါ။ (ဝိမတိ၊ ၁။ ၂၄၉)
တပ်+ဥဒက်+တ္တောတိ တပေါဒါ။ (ပါရာဇိကကဏ်ပါဠိတော် နိဿယသစ်)
ပူသော ရေ၏+မြစ်နှင့် ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု၊
ပူသော ရေရှိရာ ဖြစ်သော မြစ်ဒြပ်သည် ဝစနီယ၊
တပေါဒက စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊

ဝိဝရ။ ။ ဝိဂတော ဝရော ဝါရဏံ အဿာတိ ဝိဝရံ၊

မဟာနိရယ။ ။ မဟန္တိ ဝုဒ္ဓိံ ပါပုဏန္တီတိ မဟန္တာ၊
နတ္ထိ အယာ အဿာဒါ ဧတ္ထာတိ နိရယာ၊
မဟန္တာစ တေ နိရယာစာတိ မဟာနိရယာ၊

၅။ (ဃ) ဝါကျ ယုတ္တတ္တာ-၏ သမ္ဗန်ကို ရာဇဂဟံ နာဠန္ဒန္တိ ပဒါနံ-ဟုခံ။ ကတ္တား+သမ္ဗန်စပ်။ ပစ္စယတ္ထ ကား ကတ္တုတ္ထတည်း။

http://www.dhammadownload.com



၆။ (င) ဝါကျ ကတမာယ နု ဘဝထ-ဖြင့် ကာယနုတ္တကို ကာယန+အတ္တဟု ပဒစ္ဆေဒပြု-- လည်းကောင်း၊ (သန္ဓိလိင်္ဂပဒ) ကာယ-၌ ကီသဒ္ဒါ၏ ကတမတ္တကို ဟော- လည်းကောင်း၊ (သဗ္ဗနာမလိင်္ဂတ္ထ) နု-သဒ္ဒါ၏ ပုစ္ဆာဇောတကအဖြစ်ကိုလည်းကောင်း၊ (နိပါတလိင်္ဂတ္ထ) အတ္တသည် နာမ်ပုဒ်မဟုတ်၊ အာချတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း၊ (ဘာဝတ္ထ) အတ္တ-၌ အသဓာတ်၏ ပဝတ္တနတ္ထဟော--လည်းကောင်း၊ (ဓာတွတ္ထ) တ္ထ-သည် ထဝိဘတ်၏ ကာရိယ၏ အဖြစ်ကို လည်းကောင်း။ (ဒုဝိဘတ္တိပဒ) သိစေပါသည်။

ကထာယ သန္နိသိန္နာ ဘဝထ-ဖြင့် ယထာရုတ ပါဠိရှိတိုင်း အနက်မသမ္ဗန်အပ်၊ ကာယ+ကထာယ+သန္နိသိန္နာ+အတ္ထ ဟု သမ္ဗန်ရမည်ကို သိစေပါသည်။ (ဘာဝတ္ထ+သမ္ဗန္ဓ)

၇။ ဟလာဟလ -ကား ဟနဟန ဟူလိုလျက် န-နှစ်လုံးကို လ-နှစ်လုံးပြု၊ ရှေ့ ဟလမှ လ်၏ အစိတ် အ-ကို အာ-ပြု၍ ပြီးသည်။

- ဟနတီတိ ဟလော၊ နကာရဿ လကာရံ ကတွာ၊ ဟလာနမ္ပိ ဝိသေသော ဟလော ဟလာဟလော မဇ္ဈေ ဒီဃဝသေန။ (သီဋီသစ်၊ ၁။ ၁၈၇)

တပေါဒါ ကားတပ+ဥဒက ဟူလိုလျက် ဥဒက ကို ဥဒ ပြု။ ဥ ကို ဩ ပြု၍ ပြီးသည်။ (တနည်း) တပ+ဥဒက။ ဥ-ကိုဩပြု၊ တပေါဒက-ဟူလိုလျက် က-ကို ချေ၍ ပြီးသည်။

- ဥဒကံ ဒဓာတီတိ ဥဒဓိ၊ တေသုဝုဒ္ဓိတိအာဒိနာ သညာယံ ဥဒကဿ ဥဒါဒေသော။ (ရူ။ ၃၇၀)
- ဥဏှဘာဝေန တပနတော တပံ ဥဒကံ အဿာတိ တပေါဒကာတိ ဝတ္တဗ္ဗေ က-ကာရလောပံ ကတွာ "တပေါဒါ" တိ ဝုစ္စတိ။ (ဝိမတိ၊ ၁။ ၂၄၉)
- ဥဒကဿ ကွစိ က-လောပေါ စ။ (နီတိ၊ သုတ္တ။ ၂၅၇။ နာ။ ၆၁)

၈။ စုဒ္ဒသ အရ (၁၄) တောင်အမြင့်ကို မယူသင့်။ (၁၄) တောင် အကျယ်အပြန့်ကို ယူသင့်ပါသည်။

တိဏသန္ထာရံ သန္ထရိတွာ ဟူသော ဤအဋ္ဌကထာ စကားရပ်နှင့် တိဏာနိ သန္ထရိတွာ (ပ) ပုရတ္ထိမာဘိမုခေါ် နိသီဒိတွာ ဟူသော ဓမ္မပဒ (၅၊ ၅၄) အဋ္ဌသာလိနီအဋ္ဌကထာ (၇၇) တို့ကို ထောက်၍ ထိုမြက်ရှစ်ဆုပ်တို့သည် မနိုင်းယှဉ်အပ်သော ကောင်းမှု၏ အာနုဘော်ကြောင့် (၁၄) တောင်ကျယ်ပြန့်သော ပလ္လင်၏အဖြစ်ဖြင့် ဖြစ်ကုန်၏။ (၁၄) တောင်အမြင့်ကား မသင့်၊ အကယ်၍ (၁၄) တောင် အမြင့်ယူသော် ကောင်းကင်၌ မြောက်ချီ၍ မြက်အခင်းကိုခင်း၏။ မြေ၌မခင်း ဟူသော မလိုလားအပ်သော အနက်ရောက်ရသောကြောင့်တည်း။ (သီဋီသစ်၊ ၂၄၂။)

(၉) (၁၀) ဝါကျဥယျာဉ် (၁၃) ၌ဖြေခဲ့ပြီ။

********************

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၆)

(က) ဤဒိသေသု စ ဌာနေသု အက္ခရစိန္တကာ "အန္တရာ ဂါမဥ္စ နဒိဥ္စ ယာတိ"တိ ဧဝံ ကေမေဝ့ အန္တရာသဒ္ဒံ ပယုဥ္ဇန္တိ။

(ခ) သော ဒုတိယပဒေနပိ ယောဇေတဗ္ဗော ယောတိ။

(ဂ) အယောဇိယမာနေ ဥပယောဂဝစနံ န ပါပုဏာတိ။

(ဃ) အဒ္ဓါနမဂ္ဂပဋိပန္နော ယောတိတိ အဒ္ဓါနသင်္ခါတံ မဂ္ဂံ ပဋိပန္နော ယောတိ။ "ဒီဃမဂ္ဂ"န္တိ အတ္ထော။

(င) အဒ္ဓါနဂမနသမယဿ ဟိ ဝိဘင်္ဂေ "အဍ္ဎယောဇနံ ဂစ္ဆိဿာမီတိ ဘုဉ္ဇိတဗ္ဗ"န္တိ အာဒိဝစနတော အဍ္ဎယောဇနမ္ပိ အဒ္ဓါနမဂ္ဂေါ ယောတိ။

(စ) ရာဇဂဟတော ပန နာဠန္ဒာ ယောဇနမေဝ။

(ဌ။ ၃၅။ ၃၆။ သီဋီသစ်။ ၁၈၁။ ပံခုက္ကူ။၂၅၂။ ဘာသာဋီကာ။ ၂၂၅။ သီဂဏ္ဌိ။ ၁၃၇။)

၁။ (ဂ) ဝါကျကို လက္ခဏဝန္တကံပုဒ် ထည့်၍လည်းကောင်း (ဃ) ဝါကျကို အတ္ထောသမ္ဗန် ခံ၍လည်းကောင်း (င) ကို စီ-နိပါတ် အစွဲမှန်ကန်စေလျက်လည်းကောင်း ကျနစွာအနက် ပေးပြပါ။

၂။ (ခ) ကို သာဘောဂပုစ္ဆာ တက်၍(ဂ)ကို အနုသန္ဓေ တက်ပြပါ။

၃။ (က၊ခ၊ဂ) ဝါကျတို့ကို စောဒကာဝါဒီစတုက္က ထုတ်ပြ၍၊ (င၊စ) ဝါကျတို့၌ ပိ ပန- တို့၏ အနက်ကိုလည်း ဖော်ပြပါ။

၄။ အက္ခရစိန္တကာ-ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟ ထုတ်ပြပါ။

၅။ (ဂ) ဝါကျ၌ အယောဇိယမာနေ-ကို ဟိတ်ပြင်၍၊ ယင်း၏သမ္ဗန်ကို ခံပြီး၊ အတ္ထာနုရူပစာစပ်ပါ။

၆။ (ဃ) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ အဒ္ဓါန၊ မဂ္ဂ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ ဒုတိယပဒေနပိ-အစရှိသော (ခ)ဝါကျဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ထင်ရှားစွာ ပြဆိုပါ။

၉။ ဘဂဝါတိ ဝစနံ သေဋ္ဌံ၊ ဘဂဝါတိ ဝစနမုတ္တမံ။ ဂရု ဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတိ။ (ဌ၊၃၄။) ကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။

၁၀။ (၉) နံပါတ်ဂါထာ၌ ဝုစ္စတိ-ဝယ် အန္တတ္ထကို ရှု၍ ဘာဝါလက်ာရ ထုတ်ပါ။

= = = = = = = = = = = = = = = = = = =

၁။ (ဂ) ဝါကျ ။ ။ တသ္မိံအန္တရာသဒ္ဒေ၊ ထိုအန္တရာသဒ္ဒါကို။ (လက္ခဏဝန္တကံ) ဒုတိယပဒေန၊ နှင့်။ (လိုက်)

(ဃ) ဝါကျ ။ ။ အဒ္ဓါနမဂ္ဂန္တိပဒဿ၊ ၏။ (သမ္ဗန်)

(င) ဝါကျ ။ ။ ဟိ၊ ချဲ့။ (နေရင်းသျှ) ဟိ၊ ဆက်။ (ပခုက္ကူ) ဟိ၊ မှန်။ (ဘာသာဋီ)

၂။ (ခ)သာဘောဂပုစ္ဆာ။ ။ ဆရာ၊ သည်၊ (က)ဝါကျဖြင့် ဤသို့သော အန္တရာသဒ္ဒါ နှင့် ယှဉ်ရာတို့၌ သဒ္ဒဝိဒူဆရာတို့သည် "အန္တရာ ဂါမဥ္စ နဒိဥ္စ ယာတိ" ဟူ၍ တခုတည်းသော အန္တရာသဒ္ဒါကို ယှဉ်ကုန်၏ - ဟုဆို၏။ ထိုအန္တရာသဒ္ဒါကို

http://www.dhammadownload.com



ဂါမဥ္စ-ဟူသော ပထမပုဒ်နှင့်သာ ယှဉ်အပ်ပါသလော။ အဘယ်ပုဒ်၌လည်း ယှဉ်အပ်ပါသေးသနည်း။ စုဒ်ကြောင့်-(၁)မိန့်။ (ဒုတိယပဒေနပိ-၌ ပိ-ကို့ရှု)

အဓိပ္ပါယ် ကား-နဒိံ-ဟူသောဒုတိယပုဒ်နှင့်လည်း ယှဉ်အပ်ပါသေး၏ဟူလို။

(ဂ) အနုသန္ဓေ

ဤသို့ (၁)ဝါကျဖြင့် အန္တရာသဒ္ဒါကို နဒိံ-ဟူသော ဒုတိယပုဒ်နှင့်လည်းယှဉ်အပ်၏ - ဟုပြဆိုပြီး၍၊ ယခုအခါ၌ ထိုအန္တရာသဒ္ဒါကို နဒိံ-ဟူသောဒုတိယပုဒ်နှင့်မယှဉ်အပ်သည် ရှိသော် ရောက်ရှိနိုင်သော အပြစ်ဒေါသကို ပြလိုသော ဆရာသည်-(ဂ)မိန့်။

❖ ကော ပန ဒေါသော အယောဇိတေတိ အာဟ "အယောဇိယမာနေ ဥပယောဂဝစနံ နယောတီ" တိ။ (သီဋီသစ်)

(ဃ) ပုစ္ဆာ

ဆရာ-သည် (ဃ)ဝါကျဖြင့် ရှည်သော ခရီးသည် အဒ္ဓါနမဂ္ဂ မည်သောဟုဆို၏။ အဘယ်မျှလောက်ရှည်သော ခရီးသည် အဒ္ဓါနမဂ္ဂ (ဒီဃမဂ္ဂ)ဖြစ်ပါ သနည်း။ (ဂဏ္ဌိ) ယူဇနာများစွာ ရှည်သော ခရီးသည်သာ အဒ္ဓါနမဂ္ဂ (ဒီဃမဂ္ဂ) ဖြစ်ပါသလော။ (အဍ္ဎယောဇနမ္ပိ-၌ ပိ-ရှု) စုဒ်ကြောင့် (င)မိန့်။

❖ ကိတ္တာဝတာ ပန သော ဒီဃော နာမ တဒတ္ထဘူတောတိ စောဒနာ+မပနေတိ "အဒ္ဓါနဂမနသမယဿ ဟိ"တိ အာဒိနာ။ (သီဋီသစ်၊ ၁၈၂။)

(တနည်း) ဆရာ-သည် (ဃ)ဝါကျဖြင့် အဒ္ဓါန-သဒ္ဒါသည် ဒီဃ-သဒ္ဒါ၏ ပရိယာယ်တည်း (ဝါ) အဒ္ဓါန-သဒ္ဒါသည် ဒီဃအနက်ကို ဟော၏ဟု ပြဆို၏။ အဒ္ဓါန-သဒ္ဒါ၏ ဒီဃ-အနက်ကို ဟောရာ၌ သာဓကဒဋ္ဌီကား အဘယ်ပါနည်း။ စုဒ်ကြောင့် (င)မိန့်။ (ဘာသာဋီကာ၊ ၂၂၇။)

၃။ (က၊ခ၊ဂ) ဝါကျ စတုက္ကထုတ်ပုံ--

(က) နနု ဤဒိသေသု ဌာနေသု အက္ခရစိန္တကာ "အန္တရာ ဂါမဥ္စ နဒိဥ္စ ယာတီ"တိ ဧဝံ ဧကမေဝ အန္တရာသဒ္ဒံ ပယုဉ္ဇန္တိ။

(ခ) အထ ကသ္မာ သော ဒုတိယပဒေနပိ ယောဇေတဗ္ဗော ဟောတိ။

(ဂ) နနု အယောဇိယမာနေ ဥပယောဂဝစနံ န ပါပုဏာတိ။

(ဃ) တသ္မာ သော ဒုတိယပဒေနပိ ယောဇေတဗ္ဗော ဟောတိ။

(င) အဍ္ဎယောဇနမ္ပိ ၌ ပိ ကား ဂရဟာဇောတက ဖြစ်သည်။

(စ) ဝါကျ၌ ပန ကား သမ္ဘာဝနာဇောတက ဖြစ်သည်။ (ဘာသာဋီကာ။ ၂၂၇။)

၄။ အက္ခရံ စိန္တေန္တိ လိင်္ဂဝိဘတ္တိယာဒီဟီတိ အက္ခရစိန္တကာ။ (သဒ္ဒဝိဒူ) (သီဋီသစ်။ ၁၈၁။)

လိင်-ဝိဘတ် စသည်တို့ဖြင့် အက္ခရာကို ကြံစည်ခြင်း ကြိယာသကတ်သည်လည်းကောင်း။ အက္ခရာ၏ + ကြံစည်တတ်သော သဒ္ဒါဆရာတို့နှင့် (ဝါ) ကြံစည်တတ်သော ဉာဏ်နှင့် အာရုံ + အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း ဝစနဟေတု။

သဒ္ဒါဆရာတို့ဒြဗ်သည် ဝစနီယ။

သဒ္ဒဝိဒူ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

အဍ္ဎမေဝ ယောဇနံ့ဿာတိ အဍ္ဎယောဇနံ။ (ဒွိဂုဝုတ္တမတ္တံ) (သီဋီသစ်၊ ၁၈၂။)

ယူဇနာ၏+ထက်ဝက်နှင့် အပေါင်း+အစိတ်စပ် --- ဝစနဟေတု။

http://www.dhammadownload.com



ယူဇနာဝက်-ယူဇနာခွဲခရီးဒြဗ်သည် ဝစနီယ။
ဒွိဂါဝုတမတ္တံ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ (ဂ) ဝါကျ အယောဇိယမာနေ-ကို အယောဇိယမာနတ္တာ-ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို တဿ အန္တရာသဒ္ဒဿ-ဟုခံ။ (ကံ+သမ္ဗန်နှစ်ချက်စပ်)
* လက္ခဏပုဒ်၊ ဟိတ်ပြင်ထုတ်သော်၊ လက္ခဏဝန်၊ ကတ္တားကံ၊ မှုချသမ္ဗန်ခံမြဲ။

၆။ အဒ္ဓါနသဒ္ဒါတံ မဂ္ဂံ-ဖြင့် အဒ္ဓါနမဂ္ဂ-ပုဒ်ကို အဒ္ဓါနသဒ္ဒါတော+မဂ္ဂေါ အဒ္ဓါနမဂ္ဂေါ ဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထ ပြုရမည်ဟု သိစေသည်။

အဒ္ဓါနသဒ္ဒါတံ မဂ္ဂ ပဋိပန္နောဖြင့် ပဋိပန္နော၌ တ-ပစ္စည်း၏ကတ္တား အနက်၌သက် --- လည်းကောင်း၊ ပဋိပဇ္ဇတီတိ ပဋိပန္နောဟုကတ္တုသာဓ်ပြု -- လည်းကောင်း၊ အဒ္ဓါနမဂ္ဂပဋိပန္နော-ပုဒ်ကို အဒ္ဓါနမဂ္ဂံ + ပဋိပန္နော အဒ္ဓါနမဂ္ဂပဋိပန္နောဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု လည်းကောင်း သိစေသည်။
* သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကမ္မအဝုတ္တ၊ ဒုတိယန္တ နှင့်၊ ဖွင့်၍ပြ၊ ကတ္တုသာနေကြ။ (သံ။ ၄)
ဒီဃမဂ္ဂံ-ဖြင့် အဒ္ဓါန-သဒ္ဒါသည် ဒီဃ-သဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေပါသည်။
(တနည်း) အဒ္ဓါန-သဒ္ဒါသည် ဒီဃအနက်ဟော၏ဟု သိစေသည်။
◆ အဒ္ဓါနသဒ္ဒေါ ဒီဃပရိယာယောတိ အာဟ "ဒီဃမဂ္ဂ"န္တိ။ (သီဋီသစ်။ ၁၈၂။)

၇။ အဒ္ဓါန ကား-အဒ္ဓ-ပုဒ်+အယန-ပုဒ်။ အဒ္ဓါယန-ဟူလိုလျက် ယ-ကိုချေ၍ ပြီးသည်။
◆ အဒ္ဓါနံ အယနံ အဒ္ဓါနံ၊ အစ္စာယတော မဂ္ဂေါ ယထာ "ပဒ္ဓာန"န္တိ ယ-လောပေါ။ (ဓာန်၊ ဋီ။ ၁၉၃။)
မဂ္ဂ ကား မဇ္ဇ+ဏ။ ဇ္ဇ-ကို ဂ္ဂ ပြု၍ ပြီးသည်။
◆ ပထိကေဟိ မဇ္ဇတေ နိဗ္ဗာနံ ကရီယတေတိ မဂ္ဂေါ၊ မဇ္ဇ သုဒ္ဓိယံ၊ ဏော၊ ဇဿ+ဂတ္တံ။ (ဓာန်၊ ဋီ။ ၁၉၀။)
အခု ကား အဿ+တ။ သ-ကို ခ-ပြု တ ကို ဥ ပြု၍ပြီးသည်။
◆ အသတိ ခေပေတိ သမုဒ္ဒါယန္တိ အခော၊ တော။ (ဓာန်၊ ဋီ။ ၅၃။)

၈။ "ဒုတိယပဒေနပိ-စသော (၁)ဝါကျဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်"

ဒုတိယပဒေနပိ-စသော (၁)ဝါကျဖြင့် "လောကီကျမ်းဝယ် အန္တရာသဒ္ဒါ တစ်ခုတည်း ကိုသာ သုံးစွဲထားပါသော်လည်း အာဝုတ္တိနည်း တန္တနည်း အဓိကာရနည်း စသောနည်းတို့ဖြင့် တစ်ပုဒ်တည်းက အနက်နှစ်ထပ်ရနိုင်သောကြောင့် အန္တရာသဒ္ဒါ-တိုက်ရိုက်မပါသော ဒုတိယပုဒ် သို့လည်း ယှဉ်စေအပ်၏ လိုက်စေအပ်၏-ဟူသော အဓိပ္ပါယ်ကို ပြပါသည်။ (ဘာသာဋီကာ။ ၂၂၆။ သီဋီသစ်။ ၁၈၁)

၉။ "ဘဂဝါ"တိ ဝစနံ သေဋ္ဌံ၊ "ဘဂဝါ"တိ ဝစနံ မုတ္တမံ။
ဂရု ဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတိ။ ဟူသော ဂါထာ-သည် ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘဆန်း ဖြစ်ပါသည်။

http://www.dhammadownload.com



အမှာ။ ။ ပထမ ပါဒ၌ ဘ နှင့် ဂ၊ ဒုတိယပါဒ၌ ဘ နှင့် ဂ၊ ဝ နှင့် စ တို့ကို ပေါင်း၍ ဂရုတစ်လုံးတည်း ယူပြီး ဆန်းစစ်ပါ။

၁၀။ ဝုစ္စတိ-၌ အနုတ္တ-ကို ရှု၍ ဘာဝါလင်္ကာရထုတ်ပုံ။

✝ ဘုရားရှင်ကို ဘဂဝါ-ဟူ၍ ပြောဆိုကြသော အဋ္ဌကထာဆရာတို့၏ ပီတိနှင့်တကွ ဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ။ ဓမ္မသိင်္ဂါရ ရသ (ဝါ) ဝီရိယ ပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဌာယီဘာဝ၊ ဝီရ ရသ။

✝ မြတ်စွာဘုရားသည် အာရမ္မဏဝိဘာဝ။

✝ မြတ်စွာဘုရား၏ သေဋ္ဌ ဥတ္တမ ဂရုဂါရဝယုတ္တ-ဂုဏ်တော်တို့သည် ဥဒ္ဒီပနဝိဘာဝ။

✝ ဤဂါထာဖြစ်ရခြင်း အကျိုးသည်လည်းကောင်း မြတ်စွာဘုရား၏ သေဋ္ဌ ဥတ္တမ ဂရုဂါရဝယုတ္တ-ဂုဏ်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများနိုင်ခြင်း စသော အကျိုးအဆက် ဆက်သည်လည်းကောင်း အနုဘာဝမည်၏။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

ဝါကျဥယျာဉ် (၁၇)

(က) မဟတာ ဘိက္ခုသံဃေန ဆဒ္ဓိန္တိ မဟတာတိ ဂုဏမဟတ္တေနပိ မဟတာ၊ သင်္ချာမဟတ္တေနပိ မဟတာ။

(ခ) သော ဟိ ဘိက္ခုသံဃော ဂုဏေဟိပိ မဟာ အဟောသိ အပ္ပိစ္ဆတာဒိဂုဏ သမန္နာဂတတ္တာ။ သင်္ချာယပိ မဟာ ပဉ္စသတသင်္ချတ္တာ။

(ဂ) ဘိက္ခူနံ သံဃော ဘိက္ခုသံဃော၊

(ဃ) တေန ဘိက္ခုသံဃေန။

(င) ဒိဋ္ဌိသီလသာမညသင်္ခါတသင်္ခါတေန သမဏဂဏေနာတိ အတ္ထော။

• (ဌ၊ ၃၆။ သီဋီသစ်၊ ၁။ ၁၈၂။ နေရင်း၊ ၁၂၅။ ပဒတ္ထ။ ၂၅၃။ ဘာသာဋီကာ၊ ၂၂၇။)

၁။ (ခ) ဝါကျကို နိပါတ်အစွဲမှန်ကန်စေလျက် ဟိတ်အတွင်းသွင်း၍ အနက်ယောဇနာပါ။

၂။ (ခ) ဝါကျကို အနုသန္ဓေ၊ (င) ဝါကျကို ပုစ္ဆာတက်ပါ။

၃။ (က+ခ)၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကို ထုတ်၍ မဟတာ၌ မဟန္တသဒ္ဒါ၏ ဝုတ္တာဓိပ္ပေတတ္ထကို ဖော်ပြပါ။

၄။ (င) ဝါကျ သံဝဏ္ဏနာနှင့်အညီ သံဃော-ကို ဝစနတ္ထပြု၍ သဒ္ဒထုတ်ပါ။

၅။ ပဉ္စသတသင်္ချတ္တာ၏သမ္ဗန်ကိုခံ၍ စာစပ်ပြီးလျှင် ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကို ညွှန်ပြပါ။

၆။ (က)(င) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ အပ္ပ သာမည တို့ကို နိရုတ္တိနည်းဖြင့် ရုပ်ပြီးပြပါ။

၈။ (ဉ)နံပါတ်ဂါထာလာ ဒေဝဒူတသရုပ်ကို ဖော်ပြ၍ ဒေဝဒူတမည်ခြင်း အကြောင်းကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



၉။ စောဒိတာ ဒေဝဒူတေဟိ၊ ယေ ပမဇ္ဇန္တိ မာဏဝါ။

တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါ နရာ။ ကိုဆန်းစစ်၍ဂါထာအမည်ဆန်းအမည်ပေးပါ။

၁၀။ (၉) နံပါတ်ဂါထာ သောစန္တိ-၌ အနက္ခတ္တကို ရှု၍ ဘာဝစသည်ထုတ်ပါ။

==================

၁။ ဟိ-ဗ္ဗန် (ဝါ) ချဲ့။ (ဟိတ်အတွင်းသွင်းလွယ်ပြီ)

၂။ (ခ)ဝါကျအနုသန္ဓေ

ဤသို့ (က)ဝါကျဖြင့်ဂုဏ်အားဖြင့် မြတ်သောကြောင့်လည်း မဟတာ မည်၏။ အရေအတွက် များသောကြောင့်လည်း မဟတာ မည်၏ဟု ပြပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ပြီးသော အနက်ကိုပင် ပြီးစေလိုသောဆရာသည် (ခ) ဝါကျ မိန့်။ (သီဋီသစ်) ဝါ-ချဲ့ပြလိုသော ဆရာသည် (ခ)ဝါကျမိန့်။ (နိသျများအလို)

◆ တဒေဝတ္ထံ သမတ္ထေတိ "သောဟိ"တိ အာဒိနာ။ (သီဋီသစ်၊ ၁၈၂။)

(င) ဝါကျပုစ္ဆာ

ဆရာသည် (ဂ) ဝါကျဖြင့် ဘိက္ခုသံဃာပုဒ်ကို သင်္ခြိတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု ပြဆို၏။ ဘိက္ခုသံဃာ ၌ သံဃာ ပုဒ်ကို သမဂ္ဂ ကမ္မံ သမုပဂစ္ဆတီတိ သံဃာ ဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်လော၊ မည်သို့ ဝစနတ္ထပြုရမည်နည်း။ စုဒ်ကြောင့် (င) ဝါကျမိန့်။

အဓိပ္ပါယ်ကား ဒိဋ္ဌိသီလသာမညေန သံဟတောတိ သံဃော ဟု ကမ္မသာနေ ပြု-ဟူလို။

◆ ဒိဋ္ဌိသီလသာမညေန သံဟတတ္တာ သံဃောတိ ဣမမတ္ထံ ဝိဘာဝေန္တော အာဟ "ဒိဋ္ဌိသီလသာမညသင်္ဃာတေန သမဏဂဏေနာ"တိ။ (သီဋီသစ်၊ ၁၈၂)

နေရင်း နိသျကျမ်းတက်

ဆရာသည် ဘိက္ခုနံ့ သံဃော ဟုဆို၏။ တသိမ်တည်း၌ တပေါင်းတည်းနေသော ရဟန်းသံဃာသာလျှင် ဘိက္ခုသံဃာမည်ရာသလော ဟု သူမေးဘွယ်ရှိ၍ ဒိဋ္ဌိသီလ(ပ)အတ္တော မိန့်။

(ဃ) ဝါကျ ပဒါဝဓိကန္တမှ ဝါကျာဝဓိကန္တသို့ ကျမ်းတက်ပုံ

ဆရာသည် (ဂ) ဝါကျဖြင့် ဘိက္ခုသံဃာဟု ပဋ္ဌမန္တဖြင့် ဖွင့်ပြတော်မူ၏။ ပါဠိတော်၌ ဆရာဖွင့်ဆိုသကဲ့သို့ ပဋ္ဌမန္တနှင့်ပင် ရှိပါသလော၊ ပါဠိတော်၌ မည်သည့်ဝိဘတျန္တဖြင့် ရှိပါသနည်း၊ စုဒ်ကြောင့် (ဃ) မိန့်။

အမှာ။ ။ သံဝဏ္ဏေတဗ္ဗကို ဖြတ်၍ ပဋ္ဌမန္တဖြင့် ဖွင့်ပြပြီးနောက် မူလသံဝဏ္ဏေတဗ္ဗပါဠိတော်ရှိသည့် ဝိဘတျန္တဖြင့် ဖွင့်ပြရာ၌ ကျမ်းတက်ပုံကို နယဂ္ဂါဟအဖြစ် ပုံသေကျက်မှတ်ထားလေ။

သံဝဏ္ဏေတဗ္ဗကို ဖြတ်၍ ပဋ္ဌမန္တဖြင့် ဖွင့်ပြလျှင် ဒန္တစ္ဆေဒန+ပဒါဝဓိကန္တ အဖွင့်ဟုမှတ်။ သံဝဏ္ဏေတဗ္ဗပါဠိ၌ရှိသည့် ဝိဘတျန္တအတိုင်း တဖန်ပြန်ပြလျှင် ဒန္တသောဓနေ+ဝါကျာဝဓိကန္တ ဟုမှတ်။

၃။ (က+ခ) စောဒကာဘောဂါဒိ စတုက္ကထုတ်ပုံ။

က။ နနု သံဝဏ္ဏေတဗ္ဗပါဠိယံ "မဟတာ"တိ သာမညေန ဝုတ္တံ။

၁။ အထကသ္မာ မဟတာတိ ဂုဏမဟတ္တေနပိ မဟတာ သင်္ချာ မဟတ္တေနပိ မဟတာတိ သံဝဏ္ဏနာ တယာ ကတာ။

ဂ။ သော ဘိက္ခုသံဃော (ပ) ပဉ္စသတသင်္ချတ္တာ။

ဃ။ မဟတာတိ (ပ) မယာ ကတာ။

http://www.dhammadownload.com



တနည်း ။ ။ (က) နနု ဒွိသု ဂုဏမဟတ္တသင်္ချာမဟတ္တေသု ကေကေနေဝ မဟတာ သိယာ။
(ခ) အထ ကသ္မာ မဟတာတိ ဂုဏမဟတ္တေနပိ မဟတာ၊ သင်္ချာမဟတ္တေနပိ မဟတာတိ ဥတ္တမတ္တော ဗဟုတ္တောစ တယာ သံဝဏ္ဏိတော။
(ဂ) သော ဘိက္ခုသံဃော (ပ) ပဉ္စသတသင်္ချတ္တာ။
(ဃ) မဟတာတိ (ပ) ဗဟုတ္တောစ မယာ သံဝဏ္ဏိတော။

မဟတာ ၌ မဟန္တ သဒ္ဒါကား ဥတ္တမတ္ထ ဗဟုတ္တ (ပစုရအနက်) ဖြစ်သည်။

◆ မဟန္တသဒ္ဒေါ ဥတ္တမတ္တော ဗဟုတ္တောစ ဣဓာဓိပ္ပေတောတိ အာဟ "မဟတာ"တိ အာဒိ။ (သီဋီသစ်၊ ၁၈၂။)

၄။ ဒိဋ္ဌိသီလသာမညေန သံဟတောတိ သံဃော၊
အယူသီလတို့၏ တူမျှကုန်သည်တို့၏အဖြစ်ဖြင့် ပေါင်းခြင်းကြိယာသကတ်သည် ဝစနပဟေတု၊ အယူသီလတူမျှကုန်သည်တို့၏ အဖြစ်ဖြင့်ပေါင်းအပ်သော ရဟန်းအပေါင်းဒြပ်သည် ဝစနီယ၊ သမဏဂဏော သမဏသမူဟော စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊

ဝစနတ္ထ ။ ။ ပဉ္စ + သတာနိ ပဉ္စသတံ၊
ပဉ္စသတံ + သင်္ချာ + ဧတဿ ဘိက္ခုသံဃဿာတိ ပဉ္စသတသင်္ချော၊
ပဉ္စသတသင်္ချဿ + ဘာဝေါ ပဉ္စသတသင်္ချတ္တံ၊ (တသ္မာ)
ဒိဋ္ဌိစ + သီလာနိစ ဒိဋ္ဌိသီလာနိ၊ သမာနာနံ + သဒိသာနံ ဘာဝေါ သာမညံ၊
ဒိဋ္ဌိသီလာနံ , ဒိဋ္ဌိသီလေဟိ ဝါ + သာမညံ ဒိဋ္ဌိသီလသာမညံ၊
သံဟနီယတေ သံဃာဋီယတေတိ သံဃာတော၊
ဒိဋ္ဌိသီလသာမညေန သံဃာတော ဒိဋ္ဌိသီလသာမညသံဃာတော။

၅။ ပဉ္စသတသင်္ချတ္တာ၏ သမ္ဗန်ကား တဿ ဘိက္ခုသံဃဿ တည်း။
ကတ္တား + သမ္ဗန်စပ်။ ပစ္စယတ္တကား ကတ္ထတ္တတည်း။

အမှာ ။ ။ အပ္ပိစ္ဆတာဒိဂုဏသမန္နာဂတတ္တာ၏ သမ္ဗန်လည်း တဿ ဘိက္ခုသံဃဿ ပင်တည်း။
(က) ဝါကျ ဂုဏမဟတ္တေန, သင်္ချာမဟတတ္တေနတို့၏ သမ္ဗန်ကား ဘိက္ခုသံဃဿ ဖြစ်သည်။

၆။ (က) ဝါကျ ဂုဏမဟတ္တေန ဖြင့် မဟတာ၌ မဟန္တသဒ္ဒါသည် ဥတ္တမအနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ (နာမလိင်္ဂတ္ထ) မဟတာ၌ မြတ်ဟူသည် အပ္ပိစ္ဆတာ စသောဂုဏ်တို့ဖြင့် မြတ်သည်၏အဖြစ်ကိုလည်းကောင်း၊ (ဘာဝတ္ထ) မဟတာ၌ တာသည် နာ ဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း (ဝိဘတ္တပဒ) သိစေပါသည်။

ဂုဏမဟတ္တေနပိ၌ ပိဖြင့် (သို့မဟုတ်) အပိ ဖြင့် ဂုဏမဟတ္တကြောင့်သာ မဟတာ မည်သည်မဟုတ်သေး၊ သင်္ချာမဟတ္တကြောင့်လည်း မဟတာမည်သေး၏ဟူသော သမုစ္စည်းအဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

သင်္ချာမဟတ္တေန ဖြင့် မဟတာ ၌ မဟန္တ သဒ္ဒါသည် ပစုရအနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ မဟတာ၌ များဟူသည် အရေအတွက်အားဖြင့် များသည်၏အဖြစ်ကိုလည်းကောင်း၊ တာသည် နာဝိဘတ်၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



ဝိ (ဝါ) အပိ ဖြင့် သဒ္ဓါမဟတ္တကြောင့်သာ မဟုတ် မည်သည်မဟုတ်သေး၊ ဂုဏမဟတ္တ ကြောင့်လည်း မဟတာမည်သေး၏ဟူသော သမုစ္စည်းအဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

(င) ဝါကျ ဒိဋ္ဌိသီလသာမညသဃာတသင်္ခါတေန ဖြင့် သံဃပုဒ်ကို သံဟနီယတေတိ သံဃောဟု ကမ္မသာဓ်ဝစနတ္တပြုရမည်ကိုလည်းကောင်း၊ သံဃော၌ သံရှေ့ရှိသော ဟနဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ သံ ဥပသာရ၏ ဓာတွတ္ထဝိသေသကအဖြစ်ကိုလည်းကောင်း ရ-ပစ္စည်း ကမ္မသာဓ်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း သိစေသည်။ (ဘာဝတ္ထ)

သမဏဂဏေန ဖြင့် ဘိက္ခုသံဃေန အရ သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခုဟုပြု၍ ဘိက္ခုသဒ္ဒါ ပရိသတ်လေးပါးနှင့် ဆက်ဆံသော်လည်း ဤ၌ ရဟန်းပရိသတ်ကိုသာယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) (ပါရာဂဏ္ဍိသစ်၊ ၁၊ ၃၇၂။)

(တနည်း) ။ ။ ဘိက္ခုသံဃေန ၌ ဘိက္ခုသည် သမဏ၏ ပရိယာယ်၊ သံဃသည် ဂဏ၏ပရိယာယ် တည်းဟုသိစေ၏။

၇။ အပ္ပကား အလ ဓာတ် + ပ ပစ္စည်း။ အလပ ဟူလိုလျက် လ ကို ပ ပြု၍ပြီးသည်။

သာမညကား သမာန + ဏျ။ သမာနျ ဟူလိုလျက် သ ၏ အစိတ် အ ကို အာ ပြု။ မာ ၌ အာ ကို အ ပြု၊ နျ ကို ဉ ပြု၊ ဉ ဒွေဘော်လာ၍ ပြီးသည်။

သံဃ ကား သံ + ဟန + ရ။ ဟန ကို ဃ ပြု၊ ရ ကိုချေ၍ပြီးသည်။

၈။ ဒေဝဒူတသရုပ်ကား -

| | | | |
|---|---|---|---|
| (၁) | ဒဟရကုမာရ | = | သူငယ် |
| (၂) | ဇရာဇိဏ္ဏသတ္တ | = | သူအို |
| (၃) | ဂိလာန | = | သူနာ |
| (၄) | ကမ္မကာရဏ | = | ညှဉ်းပန်းနှိပ်စက်မှု (ကံကြမ္မာ) |
| (ဝ) | ကမ္မကာရဏိက | = | ညှဉ်းပန်းနှိပ်စက်မှုကို ပြုတတ်သော ပါးကွက်အာဏာသား။ |
| (၅) | မတသတ္တ | = | သူသေ |

ဒေဝဒူတမည်ခြင်းအကြောင်းကား။ ။ သေမင်း၏ တမန်ဖြစ်သောကြောင့်လည်းကောင်း၊ (နိသျ အလို) ဒေဝါဝိယ ဒူတာ ဒေဝဒူတာ- ဝိသုဒ္ဓိနတ်နှင့် တူသော တမန်ဖြစ်သောကြောင့်လည်းကောင်း၊ ဒေဝါနံ ဝိသုဒ္ဓိဒေဝါနံ ဒူတာ ဒေဝဒူတာ-ဝိသုဒ္ဓိနတ် တို့၏ တမန်ဖြစ်သောကြောင့်လည်းကောင်း ဒေဝဒူတ မည်ပါသည်။

- ဒဟရကုမာရော ဇရာဇိဏ္ဏသတ္တော ဂိလာနော ကမ္မကာရဏာ ကမ္မကာရဏိကာ ဝါ မတသတ္တောတိ ဣမေဟိ ပဉ္စဟိ ဒေဝဒူတေဟိ။
- တေ ဟိ ဒေဝါ ဝိယ ဒူတာ, ဝိသုဒ္ဓိဒေဝါနံ ဝါ ဒူတာတိ ဒေဝဒူတာ (သီဋီသစ်၊၁၀၄။)

၉။ တတိယမဏာရ ဝိပုလာ ဂါထာဖြစ်ပါသည်။

၁၀။ † သောစန္တိ ၌ သုစ ဓာတ်အရ သတ္တဝါတို့၏ စိုးရိမ်ပူဆွေးခြင်း၊ ဒေါမနဿ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် သောကဋ္ဌာယီဘာဝ + ကရုဏာရသ၊

† အပါယ်ဆင်းရဲသည် အာရမ္မဏဝိဘာဝ၊

http://www.dhammadownload.com



✝ ကုသိုလ်တရားတို့၌ မေ့လျော့ခြင်းသည် ဥဒ္ဒိပနဝိဘာဝ၊
✝ အပါယ်ဘုံသို့ရောက်ခြင်း ဒိုကြွေးရခြင်းစသည်သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

## ဝါကျဥယျာဉ် (၁၈)

(က) သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကောတိ သုပ္ပိယောတိ တဿ နာမံ။
(ခ) ပိကာရော မဂ္ဂပ္ပဋိပန္နသဘာဂတာယ ပုဂ္ဂလသမ္ပိဏ္ဍနတ္ထော။
(ဂ) ခေါကာရော ပဒသန္ဓိကရော ဗျဉ္ဇနသိလိဋ္ဌတာဝသေန ဝုတ္တော။
(ဃ) ပရိဗ္ဗာဇကောတိ သဉ္စယဿ အန္တေဝါသီ ဆန္နပရိဗ္ဗာဇကော။
(င) ဣဒံ ဝုတ္တံ ဟောတိ "ယဒါ ဘဂဝါ တံ အဒ္ဓါနမဂ္ဂံ ပဋိပန္နော၊ တဒါ သုပ္ပိယောပိ ပရိဗ္ဗာဇကော ပဋိပန္နော အဟောသီ"တိ၊
(စ) အတီတကာလဝသေန ဟေတ္ထ ဟောတိသဒ္ဒေါ။
(ဋ္ဌ၊၃၆။ သီဋီသစ်၊၁၈၃။ နေရင်း၊၁၂၇။ ပဒတ္ထ၊သျှ၊၂၅၅။ ဘာသာဋီကာ၊၂၃၁။)

၁။ (ခ) ဝါကျကို ဟိတ်အပြင်ထုတ်၍လည်းကောင်း (ဃ) ဝါကျကို နိယမာနိယမ စွက်၍လည်းကောင်း အနက်ယောဇနာပါ။
၂။ (ဃ)ဝါကျကို လျဉ်းပါးပုစ္ဆာ၊ (စ) ဝါကျကို သာဘောဂါယုတ္တစောဒနာတက်ပါ။
၃။ (င+စ) ဝါကျတို့ကို စတုက္ကထုတ်ပြပါ။
၄။ ပုဂ္ဂလကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။
၅။ မဂ္ဂပ္ပဋိပန္နတာယဟိတ်၏ သမ္ဗန်ကိုခံ၍ စာစပ်ပါ။
၆။ (က+ခ+ဂ) ဝါကျတို့ကို အန္ဓယ+ဗျတိရေကအာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ပရိဗ္ဗာဇကပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။
၈။ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ၌ ပဟာယနှင့် ပဋိဝိရတိ အထူးကို ပြပါ။ (ဌ၊ ၆၉။)
၉။ အမျက်ထွက်သောပုဂ္ဂိုလ်သည် အနက်အဓိပ္ပါယ်ကို မသိနိုင်။ အမျက်ထွက်သော ပုဂ္ဂိုလ်သည် ပါဠိကို မမြင်နိုင်၊ အကြင်အခါ၌ ကောဓသည် သတ္တဝါကိုလွှမ်းမိုး၏၊ ထိုအခါ၌ မောဟတည်းဟူသော အမိုက်မှောင်ဖြစ်၏။ ကို ဂါထာဗန္ဓဖွဲ့ပြပါ။
၁၀။ (ဂ) ဝါကျ ဝုတ္တောဌ် အန္တတ္ထကိုရှု၍ ဘာဝ ဝိဘာဝ အနုဘာဝ ထုတ်ပါ။

=====================

http://www.dhammadownload.com



၁။ (ခ) ဝါကျ ။ ။ ဝိကာရော၊ သည်။ ပုဂ္ဂလသမ္ဗန္ဓနတ္ထော၊ ၏။ ကသ္မာ၊ ကား။ မဂ္ဂပ္ပဋိပန္နသဘာဂတာယ၊ –– ကြောင့်တည်း။

(ဃ) ဝါကျ ။ ။ သဥ္ဇယဿ၊ ၏။ အန္တေဝါသီ၊ ဖြစ်သော။ ယောသန္နပရိဗ္ဗာဇကော၊ သည်။ အတ္ထိ၊ သောသန္နပရိဗ္ဗာဇကော၊ သည်။ ပရိဗ္ဗာဇကောတိ ပရိဗ္ဗာဇကောနာမ၊ ပရိဗ္ဗာဇကမည်၏။

✻ တုလျက်လိင်္ဂတ်၊ သတ်မှတ်လေဘိ၊ ပကတိ ဝိကတိရရာ၊ နိယမာ နိယမ၊ နက်လည်းရ ၊ ဌာနခပ်သိမ်းမှာ။ နိယံအတိုင်း သုံးမျိုးမေးနိုင်သည်ကို သတိပြု။

၂။ (ဃ) ဝါကျ လျှဉ်းပါးပုစ္ဆာ

ဆရာ ရှင်အာနန္ဒာသည် ပရိဗ္ဗာဇကောဟု လျှောက်၏။ ပရိဗ္ဗာဇက အရ အစေလက ပရိဗိုဇ်ကို ယူရမည်လော၊ မည်သည့် ပရိဗိုဇ်ကို ယူရမည်နည်း။ စုဒ်ကြောင့်(ဃ)မိန့်။

အဓိပ္ပါယ်ကား။ ။ သန္နပရိဗိုဇ်ကို ယူရမည်ဟူလို။

◆ သန္နပရိဗ္ဗာဇကော၀ န အစေလကပရိဗ္ဗာဇကော။ (သီဋီသစ်)

(စ) ဝါကျ စောဒနာ

ဆရာ သည် (င)ဝါကျ၌ အဟောသိ–ဟု အတိတ်ကာလကြိယာဖြင့် ဆိုတော်မူ၏။ သံဝဏ္ဏေတဗ္ဗပါဠိတော်၌ ဟောတိ–ဟု ပစ္စုပ္ပန်ကာလနှင့် ရှိသည်မဟုတ်လော၊ ယင်းသို့ဖြစ်လျက် အဟောသိ–ဟု အတိတ်ကာလဖြင့် ဆိုသော ဆရာစကားသည် အသို့လျှင် သင့်နိုင်ရာပါအံ့နည်း။ အသင်ယုတ္တိကို မပြသော် ဒဋ္ဌိယ + ဒဋ္ဌိကရဏ ဆန့်သော ဝိရောစိဒေါသ သင့်ရောက်ရာ၏–– စုဒ်ကြောင့် (စ) အမိန့်။

(င) ဝါကျ နေရင်း နိဒါန်းကျမ်းတက်

ဆရာ (ခ) ဝါကျဖြင့် ပိ–သဒ္ဒါသည် ခရီးသွားချင်း သဘောတူသည့်၏ အဖြစ်ကြောင့် ပုဂ္ဂိုလ်ကို ပေါင်းခြင်းအနက်ရှိ၏ဟု ဆရာဆိုပြီ။ သို့ပေါင်းခြင်းအနက် ရှိသောကြောင့် အဘယ်သို့သော အဓိပ္ပါယ်ကို ဆိုလိုသနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ဣဒံ ဝုတ္တံ ဟောတိ (ပ)အဟောသီတိ–ဟူသော ပါဌ်မိန့်။

၃။ (င+စ) ဝါကျ စတုက္ကာ

(က) နနု ပါဠိယံ "ဟောတီ" တိ ပစ္စုပ္ပန္နဝစနံ ဝုတ္တံ၊

(ခ) အထ ကသ္မာ အဟောသီတိ အတီတဝစနံ တယာ ဝုတ္တံ၊

(ဂ) နနု အတီတကာလတ္ထော ဧတ္ထ ဟောတိ သဒ္ဒေါ၊

(ဃ) တသ္မာ ––– မယာ ဝုတ္တံ။

၄။ ပုတိသင်္ခါတံ အာဟာရံ ဂလတိ အဒတီတိ ပုဂ္ဂလော၊ (ဓာန်၊ ဋီ။)

ပုတ်သော အာဟာရကို စားခြင်းကြိယာသကတ်သည် ဝစနဟေတု၊

ပုဂ္ဂိုလ်ဒြပ်သည် ဝစနီယ၊

ပါဏော သရီရီ ဘူတံ သတ္တော ဒေဟီ စသော ပရိယာယ်ဆဒ္ဒါများသည် ဝစနီယတ္ထာ၊ အမှာ။ ။ ပုဂ္ဂလ သဒ္ဒါ၏ ဝိဂ္ဂဟနှင့် နိရုတ္တိကို ဝါကျဥယျာဉ်(၁၁)သုတန္တဝစနေန အဖွင့်၌ ရေးခဲ့ပြီ။

ဝိဂ္ဂဟမှတ်ဘွယ်

ဝိကာရော။ ။ ဝိက္ခတိ ကရီယတီတိ ဥစ္စာရီယတီတိ ဝိကာရော၊

http://www.dhammadownload.com



မဂ္ဂပ္ပဋိပန္နသဘာဂတာယ ။ ။ မဂ္ဂံ + ပဋိပန္နော မဂ္ဂပ္ပဋိပန္နော၊ မဂ္ဂပ္ပဋိပန္နဘာဝေန +သဘာဂေါ
+ ယဿာတိ မဂ္ဂပ္ပဋိပန္နသဘာဂေါ (ပဋိပန္နကား ဘာဝပ္ပဓာန)
ခရီးသွားပုဂ္ဂိုလ်၏ အဖြစ်ဖြင့် တူသောအဘို့ရှိသူ။ မဂ္ဂပ္ပဋိပန္နသဘာဂဿ + ဘာဝေါ
မဂ္ဂပ္ပဋိပန္နသဘာဂတာ။ (ဘာသာဋီကာ။ ၂၃၀။)

ပခုက္ကူနိသျ၌ "မဂ္ဂပ္ပဋိပန္နသဘာဂတာယ၊ ခရီးသွားသောပုဂ္ဂိုလ်တို့၏ တူသောအဘို့ရှိကုန်သည်၏ အဖြစ်ကြောင့်" ဟု အနက်ပေးသည်။ ယင်းပခုက္ကူသျှအလို--မဂ္ဂံ+ပဋိပန္နာ မဂ္ဂပ္ပဋိပန္နာ။ သမာနော + ဘာဂေါ + ယေသန္တိ သဘာဂါ။ သဘာဂါနံ + ဘာဝေါ သဘာဂတာ။ မဂ္ဂပ္ပဋိပန္နာနံ + သဘာဂတာ မဂ္ဂပ္ပဋိပန္နသဘာဂတာ ဟုပြု။

ပဒါနံ သန္ဓိကရော ပဒသန္ဓိကရော၊
သိလိဿန္တီတိ သိလိဋ္ဌာနိ၊ သိလိဋ္ဌာနံ ဘာဝေါ သိလိဋ္ဌတာ၊
ဗျဉ္ဇနာနံ သိလိဋ္ဌတာ ဗျဉ္ဇနသိလိဋ္ဌတာ၊

ဆန္နပရိဗ္ဗာဇကော။ ။ ပရိစ္စဇိတွာ ဝဇတီတိ ပရိဗ္ဗာဇကော၊
လူမှုကိစ္စဟူသမျှကို စွန့်ခွာ၍ သာသနာကျောင်းသို့သွားနေတတ်သူ၊
ဝတ္ထေန ဆာဒီယတေတိ ဆန္နော၊
ဆန္နော စ သော ပရိဗ္ဗာဇကော စာတိ ဆန္နပရိဗ္ဗာဇကော၊

၅။ မဂ္ဂပ္ပဋိပန္နသဘာဂတာယ ၏ သမ္ဗန်ကား ဘာသာဋီကာအလို သုပ္ပိယဿ ပရိဗ္ဗာဇကဿ ဖြစ်သည်။ ပခုက္ကူနိသျှအလို - မဂ္ဂပ္ပဋိပန္နာနံ ဖြစ်သည်။ ကတ္တား+သမ္ဗန်စပ်။ (၄) နံပါတ်လာ ဝစနတ္ထ+အနက်ပြန်ဆိုပုံတို့နှင့်ယှဉ်ကြည့်။

အတီတကာလတ္တော ကို အတီတကာလတ္တတ္တာ ဟု ဟိတ်ပြင်၍ ယင်းဟိတ်၏သမ္ဗန်ကို ဟောတိ သဒ္ဒေါ ဟုခံ။

၆။ (က) ဝါကျ တဿနာမံ ဖြင့် သုပ္ပိယော သဒ္ဒါသည် ဂုဏနာမ်မဟုတ်၊ နာမနာမ်တည်းဟု သိစေသည်။ (နာမလိင်္ဂပဒ)

(ခ) ဝါကျ ပုဂ္ဂလသမ္ဗိတ္တနတ္တော ဖြင့် သုပ္ပိယောပိ ၌ ပိ သဒ္ဒါသည် သမ္ဘာဝနာ စသောအနက်ကိုမဟော၊ ပုဂ္ဂိုလ်ကို ပေါင်းဆည်းခြင်းသမ္ဗိတ္တနအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ (နိပါတလိင်္ဂတ္တ) ဘုရားရှင်သည်သာ ရဟန်းအပေါင်းနှင့် အတူတကွ ခရီးသွားသည် မဟုတ်၊ သုပ္ပိယပရိဗိုဇ် သည်လည်း ဗြဟ္မဒတ်လုလင်နှင့်အတူ ခရီးသွားနေသည်ဟူသော သမ္ဗိတ္တနာကာရကိုလည်းကောင်း (ဘာဝတ္ထ) သိစေပါသည်။ (သီဋီသစ်၊၁၈၃)

မဂ္ဂပ္ပဋိပန္နသဘာဂတာယ ဖြင့် ပုဂ္ဂိုလ်ကို ပေါင်းဆည်း၏ဟူသည် သီလ အာစာရ စသောသဘောတူသည့်၏အဖြစ်ကြောင့် ပေါင်းဆည်းသည်မဟုတ်၊ ခရီးသွားချင်းသဘောတူသည်၏ အဖြစ်ကြောင့် ပေါင်းဆည်းသည်ဟူသော အဓိပ္ပါယ်ကို သိ(ဘာဝတ္ထ)။

✤ သုပ္ပိယောတိ တဿ နာမမေဝ၊ န ဂုဏာဒိ။ န ကေဝလံ ဘိက္ခုသံဃေန သဒ္ဓိံ ဘဂဝါယေဝ၊ အထခေါ သုပ္ပိယောပိ ပရိဗ္ဗာဇကော ဗြဟ္မဒတ္တေန မာဏဝေန သဒ္ဓိန္တိ ပုဂ္ဂလံ သမ္ပိဏ္ဍေတိ၊ တဉ္စ ခေါ မဂ္ဂပ္ပဋိပန္နသဘာဂတာယဝေ၊ န သီလာစာရာဒိသဘာဂတာယာတိ ဝုတ္တံ"ပိကာရော" တိ အာဒိ။ (သီဋီသစ်၊ ၁၈၃။)

http://www.dhammadownload.com



(ဂ) ဝါကျ ခေါကာရော ပဒသန္ဓိကရော ဖြင့် ခေါသဒ္ဒါသည် သုပ္ပိယော ဟူသော ရှေ့ပုဒ်၊ ပရိဗ္ဗာဇကော ဟူသောနောက်ပုဒ်တို့ကို စပ်ခြင်းမျှကိုသာပြု၏။ သရသန္ဓိ ဗျဉ္ဇနသန္ဓိ စသည်တို့၏ အဖြစ်ကိုကား မပြုဟုသိစေပါသည်။ (ဘာဝတ္ထ)

ဗျဉ္ဇနသိလိဋ္ဌတာဝသေန ဖြင့် ခေါ သဒ္ဒါကား ပဒပူရဏမတ္တဉ္စ နိပါတ်တည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

◆ သုခုစ္စာရဏဝသေန ပုဗ္ဗာပရပဒါနံ သမ္ဗန္ဓမတ္တကရဏဘာဝံ သန္ဓာယ "ပဒသန္ဓိကရော"တိ ဝုတ္တံ။ န ပန သရဗျဉ္ဇနာဒိသန္ဓိဘာဝံ၊ တေနာဟ "ဗျဉ္ဇနသိလိဋ္ဌတာဝသေန ဝုတ္တော"တိ။ ဧတေန ပဒပူရဏမတ္တန္တိ ဒသေတိ။ (သီဋီသစ်)

(ဃ) ဝါကျ သန္နပရိဗ္ဗာဇကော ဖြင့် ပရိဗ္ဗာဇက အရ အစေလကပရိဗိုဇ်ကို မယူရ၊ အဝတ်ဝတ်သော ဆန္နပရိဗိုဇ်ကို ယူဟုသိစေသည်။

သဥ္စယဿ အန္တေဝါသီ ဖြင့် အဝတ်ဝတ်သော ပရိဗိုဇ်ဟူသည် သိဥ္စည်းဆရာကြီး၏ အန္တေဝါသိကပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

၇။ ပရိဗ္ဗာဇက ကား ပရိ+ဝဇ+ဏ္ဍု။ ဝ ဒွေဘော်လာ၊ ဝ နှစ်လုံးကို ဗ နှစ်လုံးပြု၊ အ ကို အာ ဝုဒ္ဓိပြု။ ဏွု ကို အက ပြု၍ ပြီးသည်။

၈။ ပဟာယ + ပဋိဝိရတအထူး။

ပါဏာတိပါတစေတနာဟုဆိုအပ်သော ဒုဿီလျစေတနာကို (သဟဇာတပစ္စည်းဖြစ်သော သမ္မာဒိဋ္ဌိ , သမ္မာသင်္ကပ္ပ , သမ္မာဝါယာမ , သမ္မာသတိ , သမ္မာသမာဓိ ဟူသောမင်္ဂ အစိတ်ဖြင့်) ပယ်ခြင်းသည် ပဟာယ မည်၏။

ပယ်အပ်ပြီးရာအခါမှစ၍ ထို ဒုဿီလျစေတနာမှ (သဟဇာတပစ္စယုပ္ပန်ဖြစ်သော သမ္မာဝါစာ, သမ္မာကမ္မန္တ , သမ္မာအာဇီဝ ဟူသော မဂ်အစိတ်ဖြင့် စင်စစ်) ရှောင်ကြဉ်တော်မူခြင်းသည် ပဋိဝိရတမည်၏။ ဤသို့ထူးပါသည်။ ။ (ဋ္ဌ၆၉။ သီဋီသစ်၊ ၃၂၅။)

အမှာ။ ။ လက်သည်းကွင်းစကားရပ်များမှာ သီဋီသစ်၌လာသည်။

၉။ ကုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ ကုဒ္ဓေါ ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ ကောဓော သဟတေ နရံ။
ပဏ္ဍာဝတ္ထုဂါထာ အနုဋ္ဌုဘာဆန်း။

၁၀။ ✝ (ဂ) ဝါကျ ဝုတ္တော ၌ ဝစ ဓာတ်အရ ရှင်အာနန္ဒာ၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ၍ - ထိုသည် ဓမ္မရတိဋ္ဌာယီဘာဝ + ဓမ္မသိဂါရ ရသ၊
✝ ခေါဟူသော သဝိညတ္တိကဝစီဘေဒသဒ္ဒါသည် အာရမ္ဘကဝိဘာဝ၊
✝ ခေါသဒ္ဒါ၏ ဗျဉ္ဇနသိလိဋ္ဌတာ စသောဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ၊
✝ သောတုဇနပုဂ္ဂိုလ်တို့ လွယ်ကူစွာမှတ်သားနိုင်ခြင်း စသည်သည် အနုဘာဝ၊

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

http://www.dhammadownload.com



## ဝါကျဥယျာဥ် (၁၉)

(က) အဒ္ဓေ ဝသတီတိ အဒ္ဓေဝါသီ၊
(ခ) သမီပစာရေ သန္တိကာဝစရေ သိယောတိ အတ္ထော။
(ဂ) မာဏဝေါတိ သတ္တော စောရောပိ တရုဏောပိ ဝုစ္စတိ။
(ဃ) "စောဒိတာ ဒေဝဒူတေဟိ၊ ယေ ပမဇ္ဇန္တိ မာဏဝါ။
တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါ နရာ"တိ အာဒီသု ဟိ သတ္တော "မာဏဝေါ"တိ ဝုတ္တော။ "မာဏဝေဟိပိ သမာဂစ္ဆန္တိ ကတကမ္မေဟိပိ အာကတကမ္မေဟိပီ"တိ အာဒီသု စောရော။ "အမ္ဗဋ္ဌော မာဏဝေါ အင်္ဂကော မာဏဝေါ"တိ အာဒီသု တရုဏော "မာဏဝေါ"တိ ဝုတ္တော။
(င) ဣဓာပိ အယမေဝတ္ထော။
(ဌ၊ ၃၆။ သီဠိသစ်။ ၁၈၄။ ပဒုက္ကျ။ ၂၅၆။ နေရင်း၊ ၁၂၈။ ဘာသာဋီကာ၊ ၂၃၃။)

၁။ (က) ဝါကျကို ကြိယာဝိသေသနနှင့် နိယမာနိယမထည့်၍လည်းကောင်း၊ (ခ)ဝါကျ၌ အတ္ထော၏ သမ္ဗန်ထည့်၍လည်းကောင်း အနက်ယောဇနာပါ။
၂။ (ခ) ဝါကျကို သာဘောဂပုစ္ဆာ၊ (ဃ)ဝါကျကို အနုသန္ဓေ တက်ပါ။
၃။ (ဂ+င) ဝါကျကို စတုက္ကထုတ်၍၊ အန္တသဒ္ဒါ၏ အတ္ထုဒ္ဒါရကိုလည်း ပြဆိုပါ။
၄။ ဒေဝဒူတေဟိကို ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟထုတ်ပါ။
၅။ စောဒိတာ–ကို စောဒိတဗ္ဗာဟု ဟိတ်ပြင်က ဖြစ်သင့်သော သမ္ဗန်ကို ဖော်ပြ၍ အတ္ထာနုရူပ စာစပ်ပါ။
၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ မာဏဝ+တရုဏ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။
၈။ တရုဏအမည်ရသူ၏ အသက်အရွယ်အပိုင်းအခြားနှင့် ဒေဝဒတသရုပ်ကို ထုတ်ပါ။
၉။ (ဃ) ဝါကျ ဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။
၁၀။ ပမဇ္ဇန္တိ–၌ အန္တတ္ထကို ရှု၍ ဘာဝစသည်ထုတ်ပါ။

---

၁။ (က) ဝါကျ။ ။ ယော မာဏဝေါ၊ သည်။ အဒ္ဓေ၊ ဆရာ၏အနီး၌။ ဝတ္တပဋိဝတ္တာဒိကရဏဝသေန၊ ဝတ်ကြီးဝတ်ငယ်စသည်ကို ပြုခြင်း၏အစွမ်းဖြင့်။ (သီဠိသစ်၊ ၁၈၄။) ဝသတိ။ ဣတိ။ သောမာဏဝေါ၊ အဒ္ဓေဝါသီ။
(ခ) အတ္ထော၏ သမ္ဗန်ကို အဒ္ဓေဝသတီတိ ပဒါန် (သို့မဟုတ်) အဒ္ဓေဝသတီတိ ဝါကျသ ဟုခံ။

၂။ (ခ) ဝါကျ သာဘောဂပုစ္ဆာ

ဆရာသည် (က)ဝါကျဖြင့် အဒ္ဓေ ဝသတီတိ အဒ္ဓေဝါသီ–ဟုကတ္တုသာဓ် ပြုရမည်၏ အဖြစ်ကို ပြဆိုတော်မူ၏။ အဆုံးစွန်၌နေသောသူသည် အဒ္ဓေဝါသီမည်သလော၊ အဘယ်၌နေသော သူသည် အဒ္ဓေဝါသီမည်ပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။

အစိပ္ပါယ် ကား အနီး၌ ကျင်လည်ကျက်စား သွားလာတတ်သော တပည့်သည် အဒ္ဓေဝါသီ မည်၏ဟူလို။ (နေရင်း။ ၁၂၈)

http://www.dhammadownload.com



(ဃ) ဝါကျ အနုသန္ဓေ

ဤသို့ (ခ) ဝါကျဖြင့် မာဏဝသဒ္ဒါသည် သတ္တ စောရ တရုဏ ဟူသောအနက်များကို ဟောဇာ၏ဟုပြဆိုပြီး၍ ယခုအခါ၌ မာဏဝသဒ္ဒါ၏ အနက်သုံးပါး၌ ဖြစ်ပုံကို ဥဒါဟရုဏ်ပုံစံအသီးသီး ဖြင့်ခိုင်မြဲစေလိုသော (ဒဠှီ) ချဲ့ပြလိုသော (ဝိတ္ထာရ) ဆရာသည် (ဃ) ဝါကျမိန့်။

၃။ (ဂ+င) စတုက္ကထုတ်ပုံ။

(က) နနု မာဏဝေါတိ သတ္တောပိ စောရောပိ တရုဏောပိ ဝုစ္စတိ၊

(ခ) အထ ကသ္မာ ဣဓာပိ အယမေဝတ္ထော (ဝေဒိတဗ္ဗော)

(ဂ) နနု တဒညတ္ထာ န သမ္ဘဝန္တိ၊

(ဃ) တသ္မာ ဣဓာပိ အယမေဝတ္ထော (ဝေဒိတဗ္ဗော)

အန္တ သဒ္ဒါ၏ အတ္ထုဒ္ဒါရ

အန္တောနိတ္တိ သမီပေစ-ဝသာနေ ပဒပူရဏေ။

ဒေဟာဝယဝေ ကောဋ္ဌာသေ၊ နာသသီမာသု လာမကေ။ (ဓာန်၊ ၇၉၁။)

(ဃ) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု စောဒိတာ ဒေဝဒူတေဟိ။

(ခ) အထ ကသ္မာ တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါ နရာ။

(ဂ) နနု ယေ ပမဇ္ဇန္တိ မာဏဝါ။

(ဃ) တသ္မာ တေ။ ပ။ နရာ။

၄။ ဒေဝါ ဝိယ ဒူတာ ဒေဝဒူတာ။ (တေဟိ)

ဝိသုဒ္ဓိနတ်၏+တမန်နှင့် သဒိသ+သဒိသီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု၊

ဝိသုဒ္ဓိနတ်နှင့် တူသော တမန်တို့သည် ဝစနီယ၊

ဒေဝသန္ဓေသဟရောစသော ပရိယာယ် ဝစနီယတ္ထ၊

✦ ဒူတော တု သန္ဒေသဟရော။ (ဓာန်၊ ၃၄၇။)

တနည်း ။ ။ ဒေဝါနံ (ဝိသုဒ္ဓိဒေဝါနံ) ဒူတာ ဒေဝဒူတာ၊

ဝိသုဒ္ဓိနတ်တို့၏ + တမန်သည် နှင့် သာမိ + သံ၊ ဇနက + ဇည အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု၊

ဝိသုဒ္ဓိနတ်တို့၏ တမန်တို့သည် ဝစနီယ၊

တရုဏ။ ။ ဗာလဘာဝံ တရတီတိ တရုဏော၊ (တရ + ဥဏ) (သူစိ)

ဗာလဘာဝံ အတရီတိ တရုဏော။ (တရ + ကုန) (ဏွာဒိမောဂ်)

လူငယ်၏အဖြစ်ကို လွန်မြောက်ခြင်းကြိယာသကတ်သည် ဝစနဟေတု၊

လူငယ်ပျို့ဒြပ်သည် ဝစနီယ။

မာဏဝေါ ယုဝါ စသော ပရိယာယ်သဒ္ဒါ ဝစနီယတ္ထ၊

သမီပစာရ။ ။ သမီပေ စရတိ အဝစရတီတိ သမီပစာရော၊

ဟီနကာယူပဝ။။ ဟီနကာယံ (အပါယကာယံ) ဥပဂစ္ဆန္တီတိ ဟီနကာယူပဂါ၊

http://www.dhammadownload.com



၅။ စောဒိတာကို စောဒိတတ္တာ ဟု ဟိတ်ပြင်လျှင် ယင်း၏သမ္ဗန်ကား ယေသံ မာဏဝါနံ ဖြစ်သည်။ ကံ + သမ္ဗန်စပ်။ ပစ္စယတ္တကား ကမ္မတ္တ။

၆။ (က) ဝါကျ အန္တေ ဝသတိ-ဖြင့် အန္တေဝါသိဉ္ဈ အန္တသဒ္ဒါပုဒ + ဝသဓာတ်၏ အဖြစ်ကိုလည်း ကောင်း၊ ဏီပစ္စည်း၏ ကတ္တုသာဓ် အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊ အန္တေ ဝသတီတိ အန္တေဝါသီဟု ကတ္တုသာဓ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း သိစေပါသည်။

(ခ) ဝါကျ သမီပစာရော ဖြင့် အန္တေ ဝသတိ၌ အန္တသဒ္ဒါသည် သမီပ အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ဝသဓာတ်သည် ဤ၌ ဝသနမတ္တကို မဟော အလုံးစုံသောဂုရုဝတ်လေးပါးကိုဟောသည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (သီဋီသစ်)

သန္တိကာဝစရော ဖြင့် သမီပစာရောသည် သန္တိကာဝစရ၏ ပရိယာယ်၏ အဖြစ်ကိုသိစေ ပါသည်။

သိသော ဖြင့် အနီး၌ ကျင်လည်ကျက်စားသွားလာတတ်သူဟူသည် တပည့်ပင်တည်းဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္တ)

၇။ မာဏဝ ကား မန + ဏဝ။ မာနဝ ဟူလိုလျက် န ကို ဏ ပြု၍ ပြီးသည်။ (ဓာန်၊ ဋီ။ ၂၅၃။)
တရုဏ ကား တရ+ဥန။ တရုန ဟူလိုလျက် န ကို ဏ ပြု၍ပြီးသည်။ (ကွာဒီမောင်။ ၁၀၁ သုတ်။)
ဗြဟ္မဒတ္တ ကား ဗြဟ္မဒိန္န ဟူလိုလျက် ဒိန္န ကို ဒတ္တ ပြု၍ ပြီးသည်။
◆ ဒိန္နသဒ္ဒဿ ဒတ္တော သမာသေ။ (နီတိ၊ သုတ္တ။ ၇၄၈။)
သမီပ ကား သံ + အာပ။ အာ ကို ဤ ပြု၊ နိဂ္ဂဟိတ်ကို မ ပြု၍ ပြီးသည်။
◆ သင်္ဂတာ အာပေါ ယသ္မိန္တိ သမီပံ၊ အာသီ။ (ဓာန်၊ ဋီ။ ၇၀၅။)
ဟီန ကား ဟီ + န။ (ကွာဒိ) ဟာ + ဣန။ (ဓာန်ဋီ) ဟီန ဟူလိုလျက် ဣ ကို ဤပြု၍ပြီးသည်။
သိဿ ကား သု + သ။ သု ၌ ဥ ကို ဣပြု။ သ တလုံးလာ၍ ပြီးသည်။
◆ သောတုံ ဣစ္ဆန္တီတိ သိဿာ။ သု သဝနေ၊ သော။ ဥဿီ။ (ဓာန်ဋီ။ ၄၀၈။)

၈။ ၁၆ နှစ်မှစ၍ အသက် ၂၀ အရွယ်တိုင်အောင် "တရုဏ = လုလင်ပျို" ဟုခေါ်သည်။
တနည်း။ ။ (၁၂)နှစ်မှစ၍ အိုမင်းရင့်ရော်ခြင်း ဇရာပိုင်းသို့ မရောက်သေးသမျှ တရုဏ ဟုခေါ်သည်။ (ဝဒန္တိဝါဒ)
◆ တရုဏောတိ သောဠသဝဿတော ပဋ္ဌာယ ပဏ္ဏဝီသတိဝဿော။ လောကိယာ ပန "ဒွါဒသဝဿတော ပဋ္ဌာယ ယာဝ ဇရေ မပ္ပတ္တော၊ တာဝ တရုဏော"တိပိ ဝဒန္တိ။ (ဋီသစ်၊၁၈၄။)
(ဒေဝဒူတသရုပ် ပြခဲ့ပြီ။)

မာဏဝ သဒ္ဒါ၏ အတ္ထုဒ္ဓါရတွင် သတ္တောကား သာမည အတ္ထုဒ္ဓါရ၊ စောရော တရုဏောကား ဝိသေသအတ္ထုဒ္ဓါရ တည်း။
◆ သာမညဝသေန စေတ္ထ သတ္တော "မာဏဝေါ"တိ ဝုတ္တော။ ဣတရေပန ဝိသေသဝသေန။ (သီဋီသစ်။)

၉။ ဝါကျဥယျာဥ် (၁၇) ၌ ပြခဲ့ပြီ။

http://www.dhammadownload.com



၁၀။† ပမဇ္ဇန္တိ ၌ သတ္တဝါတို့၏ မေ့လျော့ခြင်း ဟု ဆိုအပ်သော အကုသိုလ်စိတ္တုပ္ပါဒ်သည် ကာမရတိ ဌာယီဘာဝ + ကာမသိဂါရ ရသ၊
† အာရုံငါးပါး ကာမဂုဏ်တရားတို့သည် အာရမ္မဏဝိဘာဝ၊
† ကာမဂုဏ်တို့၏ သာယာအပ်သော သဘောသည်လည်းကောင်း၊ အယောနိသောမနသိကာရသည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ၊
† အပါယ်သို့လားရခြင်း၊ စိုးရိမ်ပူဆွေးခြင်း စသည်သည် အနုဘာဝ။

*********************

## ဝါကျဥယျာဉ် (၂၀)

(က) တတြာတိ တသ္မိံ အဒ္ဓါနမဂ္ဂေ၊ တေသု ဝါ ဒွီသု ဇနေသု။ သုဒန္တိ နိပါတမတ္တံ။
(ခ) အနေကပရိယာယေနာတိ ပရိယာယသဒ္ဒေါ တာဝ ဝါရဒေသနာကာရဏေသု ဝတ္တတိ။
(ဂ) "ကဿ နု ခေါ အာနန္ဒ အဇ္ဇ ပရိယာယော ဘိက္ခုနိယော ဩဝဒိတု"န္တိ အာဒီသု ဟိ ဝါရေ ပရိယာယသဒ္ဒေါ ဝတ္တတိ။ "မဓုပိဏ္ဍိကပရိယာယောတွေဝ နံ ဓာရေဟီ"တိ အာဒီသု ဒေသနာယံ။ "ဣမိနာပိ ခေါ တေ ရာဇည ပရိယာယေန ဧဝံ ဟောတူ"တိ အာဒီသု ကာရဏေ။
(ဃ) သွာယမိဓာပိ ကာရဏေ ဝတ္တတိ။
(င) တသ္မာ အယမေတ္ထ အတ္ထော "အနေကဝိဓေန ကာရဏေနာ"တိ။
(စ) ဗဟူဟိ ကာရဏေဟီတိ ဝုတ္တံ ဟောတိ။

(ဌ၊ ၃၇။ သီဋီသစ်၊ ၁။ ၁၀၄။ နေရင်း၊ ၁၃၀။ ပဒုတ္တမ၊ ၂၅၈။)

၁။ (ဂ)ဝါကျ၌ အာကာရ စကားရပ်များကိုသာ မှန်ကန်စွာ အနက်ယောဇနာပါ။
၂။ (ဂ)ဝါကျ အနုသန္ဓေ (ဃ)ဝါကျ သာဘောဂပုစ္ဆာတက်ပါ။
၃။ (ခ+ဃ)ဝါကျတို့ကို စတုက္ကထုတ်ပါ။
၄။ ပရိယာယကို အတ္ထာနုရူပ ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ ကြိုက်နှစ်သက်ရာဝိဂ္ဂဟကိုသာဆက္ကထုတ်ပါ။
၅။ (င) ဝါကျ တသ္မာနောင်ဖြစ်သင့်သော ဟိတ်ကို ဖော်ပြ၍ ယင်းဟိတ်၏ သမ္ဗန်ကို ခံပြီးလျှင် အတ္ထာနုရူပ်စာစပ်ပြပါ။
၆။ (က+စ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ အနိယာနိကော ၌ နိယျာနိကော ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။
၈။ ရတနာသုံးပါးကို ကဲ့ရဲ့သော ဆရာသုပ္ပိယအပေါ် တပည့်ဖြဟ္မဒတ်၏ ကရုဏာဖြစ်ပုံ သံဝေဂ ဖြစ်ပုံတို့ကို ဖြေဆိုပါ။
၉။ သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။ ကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည် ပေးပါ။
၁၀။ (၉) နံပါတ်ဂါထာ ဝိဇဋယေ ၌ အန္တတ္ထကို ရှု၍ ဘာဝစသည်ထုတ်ပါ။

==================

http://www.dhammadownload.com



၂။ (ဂ) ဝါကျ အနုသန္ဓေ

ဤသို့ (ခ)ဝါကျဖြင့် ပရိယာယသဒ္ဒါသည် ဝါရ ဒေသနာ ကာရဏအနက် သုံးပါး၌ ဖြစ်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းပရိယာယသဒ္ဒါ၏ ဝါရ ဒေသနာ ကာရဏ အနက်တို့၌ ဖြစ်ပုံကို ဥဒါဟရုဏ်ပုံစံ အသီးသီးဖြင့် မြဲစေလို ချဲ့ပြလိုသော သရာသည် (ဂ)ဝါကျမိန့်။

(ဃ) ဝါကျ သာဘောဂ ပုစ္ဆာ

သရာသည် (ခ+ဂ)ဝါကျတို့ဖြင့် ပရိယာယသဒ္ဒါ ဝါရ ဒေသနာ ကာရဏ အနက်သုံးပါး၌ ဖြစ်သောဟု ဆို၏။ ဤအနေကပရိယာယေန ပါဠ်၌လည်း ပရိယာယသဒ္ဒါသည် အနက်သုံးပါးလုံး၌ ဖြစ်ပါသလော၊ ဤ၌ ပရိယာယသဒ္ဒါ မည်သည့်အနက်ဖြစ်သနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

(င) ဝါကျကား လဒ္ဓဂုဏ် ဖြစ်သည်။

(စ) ဝါကျကား ဥဇုကတ္ထပြ ဝိတ္ထာရ ဖြစ်သည်။

၃။ (ခ+ဃ) စတုက္ကထုတ်ပုံ။

(က) နနု ပရိယာယ သဒ္ဒေါ ဝါရဒေသနာကာရဏေသု ဝတ္တတိ၊

(ခ) အထ ကသ္မာ သွာယမိဓာပိ ကာရဏေ ဝတ္တတီတိ ဝုတ္တံ၊

(ဂ) နနု တဒညတ္ထာ န သမ္ဘဝန္တိ၊

(ဃ) တသ္မာ ------ ဝုတ္တံ၊

၄။ ပရိယာယတိ ပရိဝတ္တတီတိ ပရိယာယော၊ (သီဋီသစ်။ ၁၈၅။)

အဖန်ဖန် အထပ်ထပ်ဖြစ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု၊

အလှည့်အကြိမ်ဒြဗ်သည် ဝစနီယ၊

ဝါရော စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ၊

ပရိယာယေတိ ဒေသေတဗ္ဗမတ္ထံ ပဋိပါဒေတီတိ ပရိယာယော၊

ဟောအပ်သော အနက်ကို ထင်စေခြင်း၊ သိစေခြင်း ကြိယာသကတ်သည် ဝစနဟေတု။

ဒေသနာတော်သည် ဝစနီယ၊

ဒေသနာစသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊

ပရိယာယတိ အတ္တနော ဖလံ ပဋိဂ္ဂဟေတွာ ပဝတ္တတီတိ ပရိယာယော၊

မိမိအကျိုးကို ယူ၍ ဖြစ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု၊

အကြောင်းဒြဗ်သည် ဝစနီယ၊

ကာရဏံ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊

အညာယ ။ ။ အာဇာနီယိတ္ထ , အညာသီတိ ဝါ အညာ၊ (ပါဂံ သစ်၊ ၂။ ၁၁၀။)

သိခြင်း ကြိယာသကတ်သည် ဝစနဟေတု၊

အရဟတ္တဖိုလ်ဒြဗ်သည် ဝစနီယ၊

အရဟတ္တံ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊

၅။ (င) ဝါကျ တသ္မာ ဝတ္တနတော ဟိတ်၏ သမ္ဗန်ကို တဿ ဝ္စမသာ ပရိယာယ သဒ္ဒဿ- ဟုခံ၊ (ကတ္တား + သမ္ဗန်စပ်)

http://www.dhammadownload.com



၆။ (က) ဝါကျ တသ္မိ အဒ္ဓါနမဂ္ဂေ-ဖြင့် တတြဝယ် တသမ္ဗနာမ်ပုဒ်၏ အဒ္ဓါနမဂ္ဂကို စွဲယူရမည်၏ အဖြစ်ကိုလည်းကောင်း (သမ္ဗနာမလိင်္ဂတ္ထ) တြ ပစ္စည်း၏ သတ္တမျတ္ထ၌ သက်သည်၏ အဖြစ်ကို လည်းကောင်း (ဝိဘတျတ္ထ) သိစေပါသည်။

တေသု ဒွီသု ဇနေသု ဖြင့် တတြ ၌ တ သမ္ဗနာမ်ပုဒ်၏ သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ် လုလင်တို့ကို စွဲယူသုံးသပ်ရမည်၏အဖြစ်ကိုလည်းကောင်း၊ (သမ္ဗနာမလိင်္ဂတ္ထ) တြ ပစ္စည်း၏ နိဒ္ဓါရဏတ္ထ ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း (ဝိဘတျတ္ထ) သိစေပါသည်။

နိပါတမတ္တံ ဖြင့် သုဒ်ကား ပဒပူရဏတ္ထတည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

(ခ) ဝါကျဖြင့် ပရိယာယ သဒ္ဒါသည် သဒ္ဒါအထူးကို မငဲ့သော် ဝါရ ဒေသနာ ကာရဏ အနက်တို့ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ + သဒ္ဒါဟော အဘိဓေယျတ္ထ)

(ဃ) ဝါကျဖြင့် ဤအနေကပရိယာယေန ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ စသည်၌ ပရိယာယ သဒ္ဒါသည် သဒ္ဒါအထူးကို ငဲ့ရကား ကာရဏအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ + သဒ္ဒါဟော အဘိဓေယျတ္ထ)

တနည်း ။ ။ (ဃ) ဝါကျဖြင့် အနေကပရိယာယေန ၌ ပရိယာယအရ ကာရဏ အနက်ကိုသာ လိုအပ်သတည်းဟု သိစေပါသည်။ (အဓိပ္ပေတတ္ထ)

အမှာ ။ ။ အတ္ထုဒ္ဓါရ အတ္ထုဒ္ဓေသတွေ့တိုင်း အာဘောဂ နယဂ္ဂါဟကို မှတ်မိပါစေ။

(င) အနေကဝိဓေန ကာရဏေန ဖြင့် အနေကနှင့် ပရိယာယပုဒ်ကို အနေကာစ သော ပရိယာယောစာတိ အနေကပရိယာယောဟု ဝစနတ္ထပြုရမည်၏အဖြစ်ကို လည်းကောင်း၊ (သမာသလိင်္ဂပဒတ္ထ) အနေကပရိယာယ သဒ္ဒါ၏ အနေကဝိဓ ကာရဏအနက် ဟောသည်၏ အဖြစ်ကို လည်းကောင်း (နာမလိင်္ဂတ္ထ+သဒ္ဒါဟောအဘိဓေယျတ္ထ) သိစေသည်။

(စ) ဝါကျ ဗဟူဟိ ကာရဏေဟိ ဖြင့် အနေကပရိယာယေန ဟူသောသဒ္ဒါသည် ဇာတျာပေက္ခ၏အစွမ်းဖြင့် (များစွာသောအကြောင်းတို့ဖြင့်ဟူသော) ဗဟုတ္တ၌ ဧကဝုစ်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

◆ ဇာတိံသေနိဒံ ဗဟုတ္တေ ဧကဝစနန္တိ ဒဿေတိ "ဗဟူဟိ"တိ အာဒိနာ။ (သီဋီသစ်၊ ၁။၁၈၅။).

၇။ အနိယျာနိကောဘ္ဌ နိယျာနိကကား နိဋ္ဌရှိသော ယာဓာတ်+အနီယ ပစ္စည်း။ နိယာနီယ ဟူလိုလျက် ယ ကို က ပြု၊ ဤ ကို ဧ ပြု၊ ယဒွေဘော်လာ၍ နိယျာနိက ပြီး၏။

◆ ဝဋ္ဋတောဝါ နိယျာတီတိ နိယျာနိကော၊ ယကာရဿ ကကာရံ ဤကာရဿစ ရဿံ ကတွာ။ (သီဋီသစ်၊၁၈၆။၃၆၆။)

၈။ ဗြဟ္မဒတ္တ၏ ကရုဏာဖြစ်ပုံ သံဝေဂဖြစ်ပုံ

ငါတို့ရဲ့ ဆရာသုပ္ပိယသည် မသုံးသပ်ထိုက်သော အရိယူပဝါဒကံကို သုံးသပ်ဘိ၏။ မနင်းကျော်ထိုက်သော အရိယူပဝါဒကံကို နင်းကျော်ဘိ၏၊ ထိုကဲ့သို့ အရိယူပဝါဒကံကိုကျူးလွန်သော ဤဆရာသည် မီးကိုမျိုသူ သံလျှက်သွားကို လက်ဖြင့်သုံးသပ်သူ မြင့်မိုရ်တောင်ကို လက်သီးဖြင့် ဖောက်ခွဲလိုသူ ကြမ်းတမ်းသော လွှသွားကို ပုတ်ခတ်၍ ကစားသူ မုန်ယိုခြင်း သုံးပါးရှိသော ဆင်ကြမ်းကို လက်ဖြင့်ကိုင်သူတို့ကဲ့သို့ ချီးမွမ်းထိုက်သော ရတနာသုံးပါးကို ကဲ့ရဲ့ပြောဆိုခြင်း ကြောင့် ကြီးပွားမဲ့ ပျက်ဆီးခြင်းသို့ ဧကန်မုချရောက်ရှာပေလိမ့်မည်။ (၄၊ ၇၈။)

http://www.dhammadownload.com



၉။ ပဌမပါဒကား ဟူနွဝဇိရဂါထာ တုဋ္ဌုဘဆန်းဖြစ်သည်။ ဒုတိယ တတိယ စတုတ္ထ ပါဒတို့ကား ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘဆန်းဖြစ်သည်။ နှစ်ပါးစုံရောရကား ဥပဇာတိ ဂါထာဖြစ်သည်။ (၀+၉ ကို ပေါင်း၍စစ်)

၁၀။ † ဝိဇေ္ဇယေ ၌ အန္တတ္ထကိုရှု၍ တဏှာဟူသော အစေးကို ဖြတ်နိုင်ခြင်းဟု ဆိုအပ်သော အရဟတ္တမဂ်စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ + ဓမ္မသိဂါရဝရသ၊ (ဝါ) သမဋ္ဌာယီဘာဝ + သန္တရသ။

† နိဗ္ဗာန်သည် အာရမ္မဏဝိဘာဝ။

† စတုပါရိသုဒ္ဓိသီလ၌ တည်ခြင်း သမာဓိ ဝိပဿနာ ပညာ တို့သည် ဥဒ္ဒီပနဝိဘာဝ။

† တဏှာ အဘာဝ အရဟတ္တဖိုလ်စသည်သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻

ဝါကျဥယျာဉ် (၂၁)
၁၃၁၇-၃၊ မစိုးရိမ်။ ၁၃၀၉-၃၊ အစိုးရ

(က) ဝုတ္တိယာ တေ ဥဘော အာစရိယန္တေဝါသီတိ ဧဝံ တေ ဒွေ အာစရိယန္တေဝါသိကာ။ အညမညဿာတိ အညော အညဿ။

(ခ) ဥဇုဝိပစ္စနီကဝါဒါတိ ဤသကမ္ပိ အပရိဟရိတွာ ဥဇုမေဝ ဝိဝိဓပစ္စနီကဝါဒါ၊

(ဂ) အနေကဝါရံ ဝိရုဒ္ဓဝါဒါဝ ဟုတွာတိ အတ္ထော။

(ဃ) အာစရိယေန ဟိ ရတနတ္တယဿ အဝဏ္ဏေ ဘာသိတေ အန္တေဝါသီ ဝဏ္ဏံ ဘာသတိ၊

(င) ပုန ဝုတ္တရော အဝဏ္ဏံ ', ဝုတ္တရော ဝဏ္ဏံ။

(၄၊၃၉။ သီဋီသစ်၊၁၉၀။ နေရင်း၊၁၃၈။ ပဉ္စက္ကျ၊၂၆၇။ ဘာသာဋီကာ၊၂၅၃။)

၁။ (၉) နံပါတ် ဂါထာကို ဝိသေသနအားလျော်စွာ ဓမ္မ ၌ အဘိဓေယျတ္ထပေါ်လွင်စေလျက် အနက်ယောဇနာပါ။

၂။ (ဃ)ဝါကျကို အယုတ္တာဘောဂစောဒနာတက်၍၊ (ခ) ဝါကျ ဤသကမ္ပိ အပရိဟရိတွာသို့ အနုသန္ဓေတက်ပါ။

၃။ ပိ-သဒ္ဒါ၏ အတ္ထုဒ္ဒါရကို ဖော်ပြ၍၊ ဤသကမ္ပိ အပရိဟရိတွာ-၌ ပိ သဒ္ဒါ၏ ဖြစ်သင့်သော အနက်ကို ဖော်ပြပါ။

၄။ ဝိပစ္စနီကဝါဒ-ပုဒ်ကို အစိတ်ပေါင်း ဝစနတ္ထပြု၍ အပေါင်း၌ ဆက္ကထုတ်ပါ။

၅။ (ဃ)ဝါကျ၌ ဘာသိတေ-ကို ဘာသိတတ္တာဟု ဟိတ်ပြင်က ယင်း၏ ဖြစ်သင့်သော သမ္ဗန်ကို ဖော်ပြ၍ အတ္ထာနုရူပစာစပ်ပါ။

၆။ (က+ခ)ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။

၇။ ဥဇု ရုက္ခပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။

၈။ (ဃ) ဝါကျဖြင့် ယင်းဆရာတပည့်နှစ်ဦး၏ ဝါဒကွဲပြားနေကြကြောင်း ထင်ရှားပြီးဖြစ်သော ကြောင့် (ဃ) ဝါကျမှ အဓိပ္ပါယ်အထူးမရှိသော ပုန ဝုတ္တရော စသော (င) ဝါကျ စကားရပ်ကို မဆိုသင့်သည်မဟုတ်ပါလော၊ အကျိုးအကြောင်းရှင်း၍ ဝိနိစ္ဆယချခဲ့ပါ။

http://www.dhammadownload.com



၉။ ရာဂဝိရာဂမနေဇမသောကံ၊ ဓမ္မမသင်္ခတမပ္ပဋိကူလံ။
မဓုရမိမံ ပဂုဏံ သုဝိဘတ္တံ၊ ဓမ္မမိမံ သရဏတ္ထ မုပေဟိ။ (၄၊ ၂၀၅။) ‘ကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။

၁၀။ ဥပေဟိ-၌ အန္တတ္ထကို ဘာဝစသည်ထုတ်ပါ။

= = = = = = = = = = = = = = = = = = = = =

၁။ (၂၀၅) ဂါထာကို ပဒက္ကမ နိသျအတိုင်း (အဋ္ဌကထာအဖွင့်ကို သတိပြု) ပေးလေ။

## ၂။ (ဃ) ဝါကျ အယုတ္တာဘောဂပုစ္ဆာ

ဆရာသည် (၁+၈)ဝါကျတို့ဖြင့် အကြိမ်များစွာ ဆန့်ကျင်သော စကားရှိသူတို့သည် ဥဇုဝိပစ္စနီတဝါဒ မည်သောဟု ဆို၏။ အဘယ်သို့ အကြိမ်များစွာဆန့်ကျင်သော စကားရှိကုန်သနည်း။ (နေရင်းသျ၊ ၁၃၈။) အကြိမ်များစွာ ဆန့်ကျင်သော စကားရှိပုံကို အကျယ် မပြဆိုပြီလော။ စုဒ်ကြောင့် (ဃ) မိန့်၏။

◆ ကထေန္တိ အာဟ "အာစရိယေန ဟီ"တိ အာဒိ။ (သီဋီသစ်၊ ၁၉၀။)

အမှာ။ ။ ဘာသာဋီကာ၊ ၂၅၃-၌ကား "အနေကဝါရံ ဝိရုဒ္ဓဝါဒါဝေ ဟူသောစကားကိုခိုင်မြဲစေလို၍ (တနည်း) ချဲ့ပြလို၍ အာစရိယေနဟီ စသည်မိန့်" ဟု ကျမ်းတက်သည်။

### (ခ) ဝါကျ ဤသကမ္ပိ အပရိယာရိတ္တာ သို့ အနုသန္ဓေ

ဤသို့ ဥဇုမေဝ ဝိဝိပေစ္စနီကဝါဒါဖြင့် ဥဇုဝိပစ္စနီကဝါဒါ ပုဒ်ကို အဝဓါရဏ ကမ္မဓာရည်း သမာသ်ပြုရမည် အဖြစ်ကိုပြပြီး၍ ယခုအခါ၌ ဥဇုမေဝ၌ ဧဝ ၏ နိဝတ္တေတဗ္ဗတ္ထကို ပြလိုသော ဆရာသည် ဤသကမ္ပိ အပရိယာရိတ္တာ မိန့်၏။

◆ "ဥဇုမေဝါ"တိ သာဝဓာရဏသမာသတံ ဝတွာ တေန နိဝတ္တေတဗ္ဗတ္ထံ အာဟ "ဤသကမ္ပိ အပရိယာရိတ္တာ"တိ။ (သီဋီသစ်၊ ၁၉၀။)

## ၃။ ပိ သဒ္ဒါ အတ္ထုဒ္ဓါရ

သမုစ္စယေ အပေက္ခေစ၊ သမ္ဘာဝနေစ နိန္ဒာယံ။
ပိ သဒ္ဒေါစ အပိ သဒ္ဒေါ၊ စတုတ္တေသု ပကာသိတော။ (ဂန္ထာဘရဏ)
ဤသကမ္ပိ အပရိယာရိတ္တာ ၌ ပိ ကား ဂရဟာ(နိန္ဒာ) ဇောတက ဖြစ်သည်။

"အနည်းငယ်မျှသော်မှ မရှောင်တုံသေး၏၊ များစွာရှောင်လွှဲဖို့မှာ ဆိုဘွယ်ရာမရှိ" ဟု သမ္ဘာဝနာပြုပါ။ (ဘာဋီ၊ ၂၅၃။)

၄။ နတ္ထိ တေသွာ ဤတိ ဥပဒ္ဒဝေါတိ အနီဃော၊
အနီဃသ္သ ပဋိပက္ခော ပစ္စနီကော၊ ပစ္စနီကောဧဝ ပစ္စနီကော၊
ဝိဝိဓော ပစ္စနီကော ဝိပစ္စနီကော၊ ဝဒတိ ဧတေနာတိ ဝါဒေါ၊
ဝိပစ္စနီကော ဝါဒေါ ဧတေသန္တိ ဝိပစ္စနီကဝါဒါ။

အထူးထူးအပြားပြား များစွာသော ဆန့်ကျင်ဘက်(အယူ) စကားတို့၏ + ဆရာ တပည့်တို့နှင့် ဂုဏ် + ဂုဏေ။ သံ + ဘာမိ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနပေတု၊ ဆရာတပည့် ဖြစ်ကြသော သုပ္ပိယနှင့် ဗြဟ္မဒတ္တတို့သည် ဝစနီယ၊ ဝိရုဒ္ဓဝါဒါစံသော ပရိယာယ် သဒ္ဒါ ဝစနီယတ္ထ။

http://www.dhammadownload.com



**အာစရိယော။** ။ သိဿာနံ ဟိတံ အာစရတီတိ အာစရိယော၊ (အာ + စရ + ယ)
အာဒရေန စရိတဗ္ဗော ဥပဋ္ဌာတဗ္ဗောတိ အာစရိယော၊

၅။ ဘာသိတေကို ဘာသိတတ္ထာဟု ဟိတ်ပြင်က အ၀ဏ္ဏေကို အ၀ဏ္ဏသဟု သမ္ပန်ခံ။
ကံ+သမ္ပန်စပ်။ ပစ္စယတ္တကား ကမ္မတ္တ။

❋ ပုဒ်လက္ခဏ၊ ဟိတ်ပြင်က၊ လက္ခဏဝန္တ သမ္ပန်ဖြစ်မြဲ။

ဝိဝိဓပစ္စနီကဝါဒါ ကို ဟိတ်ပြင်က ယင်းသမ္ပန်ကို တေသံ ဥဘိန္နံ အာစရိယန္တေဝါသိကာနံ ဟုခံ။ (ကတ္တား + သမ္ပန်စပ်)

၆။ ဇဝံ တေ ဖြင့် ဣတိဟဉ္စ ဣတိ သဒ္ဒါ၏ နိဒဿနအနက်ဟော-လည်းကောင်း (နိပါတလိင်္ဂတ္ထ) ဟ ၏ ပဒပူရဏမျှ၌ နိပါတ်၏ အဖြစ်ကိုလည်းကောင်း (နိပါတလိင်္ဂတ္ထ) သိစေ။

◆ ဣတိ သဒ္ဒေါ နိဒဿနတ္ထော ဝုတ္တပကာရံ နိဒဿေတိ။ ဟကာရော နိပါတမတ္တန္တိ အာဟ "ဇဝံ တေ"တိ။ (သီဋီသစ်)

ဒွေ ဖြင့် ဥဘ သည် ဒွိ သင်္ချာသဒ္ဒါ၏ ကာရိယ (ဝါ) ပရိယာယ်တည်းဟု သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ။ (ဝါ) ပရိယာယ် အဘိဓေယျတ္ထ။)

အာစရိယန္တေဝါသိကာ ဖြင့် အာစရိယန္တေဝါသီ ပုဒ်သည် အာစရိယန္တေဝါသိကာပုဒ်၏ ပရိယာယ်ဟု သိစေသည်။

(၁) ဝါကျ အညောအညဿ ဖြင့် အညမညဿ ပုဒ်သည် ဧကောဧကာယပုဒ်ကဲ့သို့ ရှဋ္ဌီနာမ်ပုဒ်တည်းဟု သိစေသည်။ (နာမလိင်္ဂပဒ)

◆ "အညမညဿာ"တိ ဣဒံ ရှဋ္ဌီပဒံ "ဧကော ကောယာ"တိ ပဒံ ဝိယာတိ ဒဿေန္တော "အညောအညဿာ"တိ ရှဋ္ဌီပဒေနေဝ ဝိဝရတိ၊ (သီဋီသစ်)

(၁) ဝါကျ ဥဇုမေဝ ဝိဝိဓပစ္စနီကဝါဒါ ဖြင့် ဥဇုဝိပစ္စနီက ပုဒ်ကို အ၀ဓာရဏ ကမ္မဓာရည်းသမာသ် ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ဝိ ၏ ဝိဝိဓအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်းသိစေပါသည်။

ဤသကမ္ပိ အပရိဟရိတ္ဝာ ဖြင့် ဥဇုမေဝ၌ ဇဝ၏ နိဝတ္တေတဗ္ဗတ္ထ (ဝါ) ဇဝတ္တဖလကို သိစေ၏။ (ဘာဝတ္ထ)

(ဂ) ဝါကျဖြင့် ဝိဝိဓပစ္စနီကဟူသည် အကြိမ်များစွာ ဆန့်ကျင်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊(ဘာဝတ္ထ)ပစ္စနီကသဒ္ဒါ၏ ဝိရုဒ္ဓအနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ (နာမလိင်္ဂတ္ထ) "သဗ္ဗပဒံ သာဝဓာရဏံ" ဟူသည်နှင့်အညီ ဥဇုဝိပစ္စနီကဝါဒါ၌ ဇဝ သဒ္ဒါကျေနေသည် ၏ အဖြစ်ကိုလည်းကောင်း၊ (ဘာဝတ္ထ) ဥဇုဝိပစ္စနီကဝါဒါ ပုဒ်ကို ဟုတွာဟူသော ပါဌသေသထည့်၍ အနက်သမ္ပန်ရမည်ကိုလည်းကောင်း (သမ္ဗန္ဓ ဝါ ဘာဝတ္ထ) သိစေပါသည်။

၇။ ဥဇုကား အဇဓာတ် + ဥ ပစ္စည်း။ အ ကို ဥ ပြု၍ ပြီးသည်။
(တနည်း) အရဓာတ် + ဇု ပစ္စည်း။ အရကို ဥ ပြု၍ ပြီးသည်။
ပစ္စနီက ကား ပစ္စနီတ ဟုဆိုလိုလျက် တ ကို က ပြု၍ ပြီးသည်။

◆ အဇ ဂမနေ ဥ။ အဿု။ အထဝါ အရတိ အကုဋိလဘာဝေန ပဝတ္တတီတိဥဇု။ အရ ဂမနေ ဇု။ အရဿ ဥ။ (သူစိ)

http://www.dhammadownload.com



ရှက္ခကား ရှဟ + ၁ ။ ဟ ကို က ပြု၍ ပြီးသည်။

သမ္မပါလိ ဖုလ္လံ၌ ပါလိဖုလ္လကား ပရိဖုလ္လဟူလိုလျက် ပ ၌ အ ကို အာ ပြု၊ ရိ ၌ ရ ကို လ ပြု၍ ပြီးသည်။

❖ သမ္ဗေန ပကာရေန ပရိတော သမန္တတော ဖုလ္လတိ ဝိကသတီတိ သမ္မပါလိဖုလ္လံ အ ကာရဿ အကာရံ၊ ရ ကာရဿစ လကာရံ ကတွာ ယထာ "ပါလိဘဒ္ဒေါ"တိ။ (သီဋီသစ်။ ၁။ ၁၉၃။)

၈။ (ဃ)ဝါကျဖြင့် ဆရာတပည့်နှစ်ဦး ဝါဒကွဲပြားကြောင်းသိရသော်လည်း တစ်ကြိမ်သာ ဆန့်ကျင်စကားဆိုသကဲ့သို့ ဖြစ်နေ၏။ (င)ဝါကျကို ဆိုလိုက်သဖြင့် အကြိမ်များစွာ ဆန့်ကျင်ဘက်စကားကို ဆိုကြ၏ဟု အဓိပ္ပါယ်အထူးထွက်လာသည်။ ထိုအဓိပ္ပါယ်မှာ အထူးကို သိစေလို၍ (င) ဝါကျကို ဆက်ရေးသည်။ (သီဋီသစ်၊ ၁။ ၁၉၀။)

၉။ ရာဂဝိရာဂ ဂါထာသည် တတိယဝါဒ၌ မစုကို ပေါင်း၍ ဂရုယှဉ်ပြီး ဆန်းစစ်လျှင် ပါဒအတိုင်း ဘ-ဂိုဏ်း သုံးခု၊ ဂရုနှစ်လုံးစီဖြင့် စီထားသောကြောင့် ဒေါဓက ဂါထာဖြစ်သည်။ (၁၁)လုံးစီရှိသောကြောင့် တုဋ္ဌုဘဆန်းဖြစ်သည်။ (သီဋီသစ်၊ ၁၉၄။)

အမှာ ။။ မစု ကို မပေါင်းဘဲ ဆန်းစစ်လျှင်ကား တတိယပါဒသည် န ဇ ဇ ယ ဖြင့် စီကုံးထားသောကြောင့် တာမရသ ဂါထာ၊ ဇဂတီ ဆန်းဖြစ်သည်။ တဂါထာလုံးသည် ဥပဇာတိ ဂါထာ ဖြစ်သည်။

၁၀။ ဥပေပေတိ ၌ အနက္ခတ္တကိုရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ။

✝ တရားရတနာကို ဆည်းကပ်သူ၏ သဒ္ဓါသတိစသည် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ + ဓမ္မသိဂ်ါရ ရသ၊

✝ မဂ်ဖိုလ်နိဗ္ဗာန် ပရိယတ်ဟူသော ဆယ်ပါးသော တရားတော်မြတ်သည် အာရမ္မဏဝိဘာဝ၊

✝ တရားတော်၏ ရာဂဝိရာဂစသော ဂုဏ်တော်သည် ဥဒ္ဒီပနဝိဘာဝ၊

✝ မျက်မှောက် တမလွန် နှစ်တန်သော ချမ်းသာသုခရရှိခြင်း စသည်သည် အနုဘာဝ။

❊❊❊❊❊❊❊❊❊❊❊❊❊❊❊❊❊❊

## ဝါကျဥယျာဉ် (၂၂)

(က) ဣဒါနိ တေန ဘဂဝတော ဝဏ္ဏော ဝတ္တဗ္ဗော ဘဝေယျ။

(ခ) ယဿ္မာ ပနေသ လာဘသက္ကာရဟာနိယာစေဝ ပက္ခဟာနိယာစ နိစ္စမ္ပိ ဘဂဝန္တံ ဥသူယတိ။

(ဂ) အညတိတ္ထိယာနဥ္စိ ယာဝ ဗုဒ္ဓေါ လောကေ နုပ္ပဇ္ဇတိ၊ တာဝဒေဝ လာဘသက္ကာရာ နိဗ္ဗတ္တန္တိ၊ (လ) နိဿိရိကတံ အာပဇ္ဇန္တိ။

(ဃ) ဥပတိဿကောလိတာနဥ္စ (လ) သာပိ တေသံ ပရိသာ ဘိန္နာ။

(င) ဣတိ ဣမေဟိ ဒွီဟိ ကာရဏေဟိ (လ) ဘာသတီတိ ဝေဒိတဗ္ဗော။

http://www.dhammadownload.com



၁။ (က၊ခ) ဝါကျတို့ကို နိပါတ် သမ္ဗန္ဓာမ်အစွဲမှန်ကန်စေလျက်၊ (ဂ) ဝါကျကို ဟောန္တိ၏ ပကတိကတ္တား ထည့်စွက်၍ ကျနစွာ အနက်ပေးပါ။

၂။ (ခ) ကို သာဘောဂပုစ္ဆာတက်၍၊ (ဃ) ကို အနုသန္ဓေတက်ပြပါ။

၃။ (က၊ခ) နှစ်ဝါကျတို့၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ နိဿီရိကတံ ၌ နိဿီရိက ပုဒ်ကို အစိတ် အပေါင်းဝစနတ္ထပြု၍၊ အပေါင်းဝစနတ္ထ ကိုသာ ဝစနာဒိသင်္ဂဟ ထုတ်ပြပါ။

၅။ နိဿီရိကတံ ၌ တာ ပစ္စည်း၏ သမ္ဗန္ဓကို ဌာနာနုရူပဖော်ပြ၍၊ အတ္ထာနုရူပစာစပ်ပါ။

၆။ (ဃ) ၌ တေသု ပန ပက္ခန္ဓေသု သာပိ တေသံ ပရိသာ ဘိန္နာဖြင့် ပြအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို တွဲစပ်ဖော်ပြပါ။

၇။ ဥဒ္ဒူယဝိသုဂ္ဂါရဲ ၌ ဥဂ္ဂါရ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ မြတ်စွာဘုရားသည် အဘယ်ကြောင့် အစွန့်ရှည်သော ခရီးသို့ ကြွသွားတော်မူပါသနည်း၊ သုပ္ပိယပရိဗိုဇ်သည် အဘယ်ကြောင့်ဘုရားနောက်သို့ အစဉ်လိုက်ပါသနည်းကျနစွာဖြေဆိုပါ။

၉။ (ခ) ဝါကျလာ စကားရပ်များကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္ထုမျိုးဂါထာ စီကုံးပါ။

၁၀။ (ခ) ဝါကျ၌ ပဓာန ကြိယာ၏ အန္တတ္ထကို ရှု၍ ဘာဝစသည် ထုတ်ပြပါ။

===================

၁။ (က) အနက်။ ။ဣဒါနိ၊ ဝိပ္ပဋိသာရ၏ ထင်ရှားဖြစ်ပေါ်ရာ ဤအခါ၌။ (ပခုက္ကူ) ဣဒါနိ၊ မိမိပရိတ်သတ်ကို မြင်ရရာ ဤအခါ၌။ (ဘာသာဋီကာ) ဣဒါနိ၊ သုပ္ပိယပရိဗိုဇ်အား ထိုသို့ဖောက်ပြန်သော သဘောရှိသော မိမိပရိတ်သတ်ကိုတွေ့မြင်ရသော ဤအခါ၌။ (သီဋီသစ်) တေန၊ ထိုသုပ္ပိယပရိဗိုဇ်သည်။ ပ။ ဘဝေယျ၊ ၏။

(ခ)အနက်။ ။ ပန၊ ထိုသို့ပင် ပြောဆိုထိုက်သည်ဖြစ်ရာပါသော်လည်း။ ယသ္မာ၊ကြောင့်။ သော၊ ဤသုပ္ပိယပရိဗိုဇ်သည်။ ပ။ ဥဒ္ဒူယတိ၊ ၏။

(ဂ) ဝါကျ၌ ဟောန္တိ ၏ ပကတိကတ္တားကို "အညတိတ္ထိယာ၊ တို့သည်။" ဟုထည့်ပေး။

◆ ဣဒါနီတိ တဿ တထာရူပါယ ပရိသာယ ဒဿနက္ခဏေ။ ပနာတိ အရုစိသံသူစနတ္ထော။ တထာပီတိ အတ္တော။ (သီဋီသစ်။ ၁၉၅။)

၂။ (ခ) သာဘောဂပုစ္ဆာ

ဆရာ သည် ရတနတ္တယဿ အဝဏ္ဏမေဝ ဘာသတိ ဖြင့် သုပ္ပိယပရိဗိုဇ်သည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးမဲ့ကိုပြောဆိုနေသော ဟု ဆိုတော်မူခဲ့၏။ မိမိ၏ ပရိတ်သတ် ကြည်ညိုဘွယ်မရှိသည်ကိုတွေ့မြင်ရသောအခါ၌ သုပ္ပိယပရိဗိုဇ်သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော် များကို ပြောဆိုသင့် ပြောဆိုထိုက်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် သုပ္ပိယပရိဗိုဇ်သည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးမဲ့ကိုသာပြောဆိုနေပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။

အဓိပ္ပါယ် ကား (ခ) ဖြင့် သုပ္ပိယပရိဗိုဇ်သည် လာဘ်ပူဇော်သက္ကာရ ဆုတ်ယုတ်ခြင်း အသင်း အပင်းဆုတ်ယုတ်ခြင်းကြောင့် ဘုရားရှင်ကို အမြဲငြူစူစောင်းမြောင်း နေသည့်အတွက် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးမဲ့ကိုသာ ပြောဆိုနေပါ၏ ဟူလို။

(ဂ) အနုသန္ဓေ

ဤသို့ (ခ) ဖြင့်သုပ္ပိယပရိဗိုဇ်သည် လာဘ်ပူဇော်သက္ကာရ ဆုတ်ယုတ်ခြင်းကြောင့် လည်းကောင်း၊ အသင်းအပင်းဆုတ်ယုတ်ခြင်းကြောင့်လည်းကောင်း ဘုရားရှင်ကို အမြဲငြူစူ စောင်း

http://www.dhammadownload.com



မြောင်းနေ၏ ဟုပြဆိုပြီး၍၊ ယခုအခါ၌ လာဘ်ပူဇော်သက္ကာရ၏ ဆုတ် ယုတ်ပုံကို ချဲ့ပြလိုသော ဆရာသည် (ဂ)မိန့်၏။
◆ ကထံ ဟာနီတိ အာဟ "အညတိတ္ထိယာနဥ္စ"တိ အာဒိ။ (သီဋီသစ်။ ၁၉၅။)

(ဃ) အနုသန္ဓေ

ဤသို့ (ဂ) ဝါကျဖြင့် လာဘသက္ကာရဟာနိဖြစ်ပုံကိုချဲ့ပြပြီး၍၊ ယခုအခါ၌ ပက္ခဟာနိဖြစ်ပုံကို ချဲ့ပြလိုသောဆရာသည် (ဃ)မိန့်၏။
◆ ဥပတိဿကောလိတာနဥ္စာတိအာဒိနာ ပက္ခဟာနိတာယ ဝိတ္ထာရော။ (သီဋီသစ်၊ ၁၉၅။)

(င) အနုသန္ဓေ

ဤသို့ (ဂ၊ဃ) ဝါကျတို့ဖြင့်လာဘသက္ကာရဟာနိဖြစ်ပုံ ပက္ခဟာနိဖြစ်ပုံ အကျယ်ပြပြီး၍၊ ယခုအခါ၌ ယင်းစကားရပ်များကို အကျဉ်းချုံး၍ နိဂုံး အုပ်လိုသောဆရာသည် (င)မိန့်၏။
◆ "ဣမေဟီ"တိအာဒိနာ လာဘပက္ခဟာနိံ နိဂမဝသေန ဒဿေတိ။ (သီဋီသစ်၊ ၁၉၆။)

၃။ (က၊ခ) စောဒကာဘောဂါဒိစတုက္က။

(က) နနု ဣဒါနိ တေန ဘဂဝတော ဝဏ္ဏော ဝတ္တဗ္ဗော ဘဝေယျ။
(ခ) အထကသ္မာ ရတနတ္တယဿ အဝဏ္ဏမေဝ ဘာသတိ။
(ဂ) နနု သော(သော) လာဘသက္ကာရဟာနိယာစေဝ ပက္ခဟာနိယာစ နိစ္စမ္ပိ ဘဂဝန္တံ ဥသူယတိ။
(ဃ) တသ္မာ ရတနတ္တယဿ အဝဏ္ဏမေဝ ဘာသတိ။

(တစ်နည်း) ---(က) နနု ဣဒါနိ တေန ဘဂဝတော ဝဏ္ဏော ဝတ္တဗ္ဗော ဘဝေယျ။
(ခ) အထ ကသ္မာ သော(သော) နိစ္စမ္ပိ ဘဂဝန္တံ ဥသူယတိ။
(ဂ) လာဘသက္ကာရဟာနိယာစေဝ ပက္ခဟာနိယာစ။
(ဃ) သော(သော) နိစ္စမ္ပိ ဘဂဝန္တံ ဥသူယတိ။

၄။ ကတပုညေဟိ သေဝိယတေတိ သီရီ။ (သိ + ရ + ထိ ဤ)
နတ္ထိ သိရီ ဧတေသန္တိ နိဿိရိကာ။
အသရေမရှိခြင်း၏ + အညတိတ္ထိယ ပုဂ္ဂိုလ်တို့နှင့် ဂုဏ် + ဂုဏေး စပ် – ဝစနပေဟာ။
အသရေမရှိသော အညတိတ္ထိယပုဂ္ဂိုလ်တို့ ဖြစ်သည် ဝစနီယ။
အလင်္ကာ နိဿောဘာ အညတိတ္ထိယာ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
(ဤကား ဥပမေယျဘက်ကိုင်၍ ထုတ်ပုံတည်း။)
(တစ်နည်း) အသရေမရှိခြင်း၏ + ပိုးစုန်းကြူးတို့ဖြစ်နှင့် ဂုဏ် + ဂုဏေးစပ် – ဝစနပေဟာ။
အသရေမရှိသော ပိုးစုန်းကြူးတို့ဖြစ်သည် ဝစနီယ။
အလင်္ကာ နိဿောဘာ ခဇ္ဇောပနကာ စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။ (ဤကား ဥပမာနဘက်ကိုင်၍ ထုတ်ပုံတည်း။)

"ဝစနတ္ထမှတ်ဘွယ်"

လာဘသက္ကာရဟာနိ။ ။ လဘိတဗ္ဗောတိ လာဘော။ သမ္မာ ကာတဗ္ဗောတိ သက္ကာရော။
ဟာယတေ ဟာနိ။ လာဘောစ သက္ကာရောစ လာဘသက္ကာရော။
လာဘသက္ကာရာနံ + ဟာနိ လာဘသက္ကာရဟာနိ။

http://www.dhammadownload.com



ပက္ခဟာနိ။ ။ ပတတီတိ ပက္ခော။ ပက္ခာနံ ဟာနိ ပက္ခဟာနိ။
အညတိတ္ထိယာ။ ။ တရန္တိ ဧတ္ထာတိ တိတ္ထံ။ (တရ+ထ) ရေဆိပ်ရ၏။
တိတ္ထံ ဝိယာတိ တိတ္ထံ။ အယူဝါဒရ၏။
အညံ တိတ္ထံ အညတိတ္ထံ။ အညတိတ္ထံ ယေသံ အတ္ထီတိ အညတိတ္ထိယာ။
ဥသူယဝိသုဂ္ဂိရ။ ။ ဥသူယနံ ဥသူယော။ ဝိသတိ ဒေဟန္တိ ဝိသံ။
ဥသူယသင်္ခါတံ + ဝိသံ + ဥသူယဝိသံ။ ဥဂ္ဂိရနံ ဥဂ္ဂိလနံ ဥဂ္ဂါရော။
ဥသူယဝိသဿ + ဥဂ္ဂါရော ဥသူယဝိသုဂ္ဂါရော။ (သီဋီသစ်)

၅။ နိဿီရိကတံ ၌ တာ ပစ္စည်း၏သမ္ဗန်ကား ဥပမာနဘက်၌ ခဇ္ဇောပနကာနံ ဖြစ်သည်။ ဥပမေယျဘက်၌ အညတိတ္ထိယာနံ ဖြစ်သည်။ ကတ္တား + သမ္ဗန်စပ်။

✤ ဗဟုဗ္ဗီဟိ၊ အဿတ္ထိ၊ တူဘီကတ္တား နေ။

"ဟိတ်သမ္ဗန်မှတ်ဘွယ်"

(၁) ၌ လာဘသက္ကာရဟာနိယာ ပက္ခဟာနိယာ တို့၏သမ္ဗန်ကို တေသံ (သုပ္ပိယ ပရိဗ္ဗာဇကေဿ ဟုခံ။)

(၇) ၌ ပရိဟီနလာသက္ကာရာ ကို ပရိဟီနလာဘသက္ကာရတ္တာ ဟုဟိတ်ပြင်လျှင် ယင်း၏သမ္ဗန်ကို အညတိတ္ထိယာနံ ဟုခံ။

ပက္ကန္တေသု ကို ပက္ကန္တတ္တာ ဟု ဟိတ်ပြင်လျှင် ယင်း၏သမ္ဗန်ကို တေသံ (ဥပတိဿ ကောလိတာနံ ဟုခံ။)

၆။ တေသု ပန ပက္ကန္တေသု ဖြင့် ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလာန်တို့သည် (သိဥ္စည်းပရိဗိုဇ်ကြီး ထံမှ ထွက်ခွာကြကုန်၍) ဘုရားရှင်အထံ၌ ရဟန်းပြုကြကုန်၏ ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

✤ အာယသ္မတော သာရိပုတ္တဿ မဟာမောဂ္ဂလာနဿစ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ သန္ဓာယ "တေသု ပန ပက္ကန္တေသူ"တိ ဝုတ္တံ။ (သီဋီသစ်။ ၁၉၅။)

သာပိ တေသံ ပရိသာ ဘိန္နာ ဖြင့် ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလာန်တို့ ဘုရားရှင်ထံ ရဟန်းပြုသောအခါ၌ ပင်လျှင် ပရိဗိုဇ်ပရိသတ် နှစ်ရာငါးဆယ်တို့သည် (ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလာန်တို့နှင့်အတူ) ဘုရားရှင်ထံ ရဟန်းပြုကြကုန်၏။ ထိုမှနောက်၌လည်း အတုလိုက်၍ ဘုရားရှင်ထံ ရဟန်းပြုကြကုန်သော ပရိဗိုဇ်ပရိသတ်တို့သည် အတိုင်းအရှည်မရှိ (များပြားကုန်၏) ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

✤ တေသံ ပဗ္ဗဇိတကာလေယေဝ အနုတေယျသတံ ပရိဗ္ဗာဇကပရိသာ ပဗ္ဗဇိ၊ တတော ပရမ္ပိ တဒနုပဗ္ဗဇိတာ ပရိဗ္ဗာဇကပရိသာ အပရိမာဏာတိ ဒဿေတိ "သာပိ တေသံ ပရိသာ ဘိန္နာ" တိ ဣမိနာ။ (သီဋီသစ်။ ၁၉၅။ ၁၉၆။)

၇။ ဥဂ္ဂါရ ကား ဥ+ဂိရ+အ။ ဂ အစိတ် ဣ ကို အာပြု။ ဂ ဒွေဘော်လာ၍ ပြီးသည်။

✤ ဂိရ နိဂ္ဂိရဏေ၊ ဣသာ။ ဥဂ္ဂါရော။ (ဓာန်ဋီ။ ၅၆၈။)

http://www.dhammadownload.com



၈။ နာဠန္တ ၌ ဝေနေယျတို့၏ အထူးထူးသော စီးပွားချမ်းသာ၏ ပြီးခြင်းကို တောင့်တတော်မူလျက် သီလသုံးပါးတို့ဖြင့် တန်ဆာဆင်အပ်သော ဒိဋ္ဌိအယူကို ဖျက်ဆီးတတ်သော တစ်ဆောင်းသော လောကဓာတ်ကို တုန်လှုပ်စေတတ်သော ဗြဟ္မဇာလသုတ်ကို ဟောတော်မူလိုသောကြောင့် အစွန်ရှည်သောခရီးကို ကြွသွားတော်မူပါသည်။ (သီဋီသစ်။ ၁၉၁။)

သုပ္ပိယပရိဗိုဇ်သည် မြတ်စွာဘုရား၏ ထိုအစွန်ရှည်သော ခရီးသို့ ကြွသွားတော်မူသည်၏ အဖြစ်ကို မသိသောကြောင့် အစဉ်လိုက်ပါသည်။ (ဋ္ဌ။ ၄၀။)

၉။ ယသ္မာ ပနေသော သုပ္ပိယော၊ လာဘသက္ကာရဟာနိယာ။
ပက္ခတော ဟာနိယာ နိစ္စံ၊ ဘဂဝန္တံ ဥသူယတိ။
ပထမ တ–ကာရဝိပုလာဂါထာဖြစ်ပါသည်။

၁၀။ ✝ ဥသူယတိ ၌ အန္တတ္ထ အရ သုပ္ပိယပရိဗိုဇ်၏ သန္တာန်၌ ငြူစူခြင်းဟု ဆိုအပ်သော ဣဿာ မစ္ဆရိယ ဒေါသစသည်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကောဓောယိဘာဝ၊ ရုဒ္ဓရသ။
✝ မြတ်စွာဘုရားဖြစ်သည် --- အာရမ္မဏဝိဘာဝ။
✝ လာဘသက္ကာရဆုတ်ယုတ်ခြင်း ပရိသတ်အသင်းအပင်း ယုတ်လျော့ခြင်း ဟူသော အကြောင်းနှစ်ချက်သည် ဥဒ္ဒီပနဝိဘာဝ။
✝ ငြူစူခြင်းတည်းဟူသော အဆိပ်ကို ပျံ့အန်သောအားဖြင့် ရတနာသုံးပါး ဂုဏ်ကျေးဇူးမဲ့ကဲ့ရဲ့ကြောင်း စကားကို ပြောဆိုခြင်း၊ ယင်းသို့ပြောဆိုခြင်းကြောင့် အပါယ်ဒုဂ္ဂတိ၌ဖြစ်ရခြင်း စသော အကျိုး တရားအဆက်ဆက်သည် -- အနုဘာဝမည်၏။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

## ဝါကျဉယျာဉ် (၂၃)

(က) တတ္ထ အမ္ဗလဋ္ဌိကာတိ ရညော ဥယျာနံ။
(ခ) တဿ ကိရ ဒွါရသမီပေ တရုဏအမ္ဗရုက္ခော အတ္ထိ၊ တံ "အမ္ဗလဋ္ဌိကာ" တိ ဝဒန္တိ။ တဿ အဝိဒူရေ ဘဝတ္တာ ဥယျာနမ္ပိ "အမ္ဗလဋ္ဌိကာ" တွေဝ သင်္ချံ ဂတံ။
(ဂ) တံ ဆာယူဒကသမ္ပန္နံ ပါကာရပရိက္ခိတ္တံ သုယောဇိတဒွါရံ မဉ္ဇူသာ/မဉ္ဇူသာ ဝိယ သုဂုတ္တံ။
(ဃ) တတ္ထ ရညော ကီဠနတ္ထံ ပဋိဘာနစိတ္တဝိစိတ္တံ အဂါရံ အကံသု။ တံ "ရာဇာဂါရက"န္တိ ဝုစ္စတိ။
(ဋ္ဌ၊ ၄၂။ သီဋီသစ်၊ ၁။ ၁၉၆။ နေရင်း၊ ၁၄၅။ ပခုက္ကူ။ ၂၇၆။ ဘာသာဋီ၊ ၂၆၉။ ဂဏ္ဌိ။ ၁၄၇။)

၁။ (ခ) ဝါကျကို ဝဒန္တိ၏ ကတ္တားနှင့် ဟိတ်ပုဒ်၏ သမ္ဗန်ထည့်၍ အနက်ယောဇနာပါ။
၂။ (ခ) ဝါကျ အယုတ္တစောဒနာ၊ (ဂ)ဝါကျ ပုစ္ဆာတက်ပါ။
၃။ အထက်ပါ ဝါကျတို့ကို အမည်မှည့်ခဲ့ပြီး အမ္ဗလဋ္ဌိကာတွေဝ၌ ဝေသဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ အနညာတတ္ထ တို့ကို ဖော်ပြပါ။

http://www.dhammadownload.com



၄။ အမ္ဗလဋ္ဌိကာ ပုဒ်ကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်း ဝိဂ္ဂဟကို ဥာသ်ကောက်ပါ။
၅။ ဘဝတ္တာ ဝယ် ဘဝ ကို နာမပဒမာလာ၊ ရူကွောဒ္ဓ ဓာတ်ကိုယူ၍ ဝတ္တမာန် ဝိဘတ်ဖြင့် ကတ္တုရုပ်အာချာတပဒမာလာစဉ်ပြပါ။
၆။ (ဃ)ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ မဉ္ဇူသာ + မဉ္ဇူသာ ဟု ပါဠိနှစ်ထွေရှိရာ သင့်ရာပါဠိကို အကြောင်းပြ ဆုံးဖြတ်ပါ။
၈။ သုပ္ပိယသည် မိမိပရိသတ်နှင့် နေပါလျက် နိဒါန်းပါဠိ၌ ဖြဟ္မဒတ်လုလင် တစ်ယောက်ကိုသာ တင်ခြင်းကိုအကြောင်းပြ ဆုံးဖြတ်ပါ။
၉။ (ဂ) ဝါကျကို ဂါထာသီကုံး၍ အကြောင်းပြ အမည်ပေးပါ။
၁၀။ အကံသုဒ္ဓ ဓာတ်အရကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပါ။

===================

၁။ (ခ) ဝါကျ ဝဒန္တိ၏ ကတ္တားကို မနုဿာ ဟုထည့်။
ဘဝတ္တာ၏ သမ္ဗန်ကို "တဿ ဥယျာနဿ" ဟုထည့်။ (ပခုက္ကူ။ ၂၇၆။)

၂။ (ခ) ဝါကျ အယုတ္တစောဒနာ

ဆရာသည် (က)ဝါကျဖြင့် အမ္ဗလဋ္ဌိကာ ဟူသည် မင်း၏ဥယျာဉ်တည်းဟု ဆို၏။ အဘယ်ကြောင့် မင်း၏ဥယျာဉ်ကို အမ္ဗလဋ္ဌိကာဟု ဆိုပါသနည်း၊ မုချအားဖြင့်ပင် မင်း၏ဥယျာဉ်ကို အမ္ဗလဋ္ဌိကာ ဟု ဆိုပါသလော။ စုဒ်ကြောင့် (ခ) ဝါကျမိန့်။

အဓိပ္ပါယ်ကား (ခ)ဝါကျဖြင့် မုချအားဖြင့် မင်း၏ဥယျာဉ်ကို အမ္ဗလဋ္ဌိကာ ဟုဆိုလိုသည် မဟုတ်၊ သရက်ပင်ပျို၏ အနီး၌ ဖြစ်သောကြောင့် သမီပူပစာအားဖြင့် မင်း၏ဥယျာဉ်ကို အမ္ဗလဋ္ဌိကာ ဟု ဆိုလိုပါ၏ ဟူလို။

❖ အမ္ဗလဋ္ဌိကာတိ သာမီပိကဝေါဟာရော ယထာ "ဝရုဏနဂရံ ဂေါဒါဂါမော"တိ အာဟ "တဿ ကိရာ"တိ အာဒိ။ (သီဋီသစ်၊ ၁။ ၁၇၆။)

အမှာ။ ။ (ခ) ဝါကျကို နှစ်ပိုင်းခွဲ၍ တဿ အဝိဒူရေ စသော နောက်ဝါကျသို့ ကျမ်းတက်လိုလျှင်
(ခ) ဝါကျရှေးပိုင်းကို ဌပနာထား။ ဥယျာနမ္ပိ ၌ သမုစ္စည်း အပိ ကို ရှု၍ ဝေအာဘော် ဆင်တက်။

(ဂ) ဝါကျ ပုစ္ဆာ

ဆရာသည် (ခ) ဝါကျဖြင့် သရက်ပင်ပျို၏ အနီး၌ ဖြစ်သောကြောင့် သမီပူပစာ အားဖြင့် မင်း၏ဥယျာဉ်သည်လည်း အမ္ဗလဋ္ဌိကာဟူ၍ ရေတွက်ခြင်းသို့ရောက်သောဟုဆို၏။ ထိုဥယျာဉ်ကား အဘယ်သို့သဘောရှိသနည်း။ (သီဂဏ္ဌိ၊ ၁၅၂။) ခြောက်ခြောက်သွေ့သွေ့ဖြစ်ပြီး မလုံမခြုံဟု မှတ်ရမည်လော၊ စုဒ်ကြောင့် (ဂ)မိန့်။

အဓိပ္ပါယ်ကား ဥယျာဉ်သည် ခြောက်ခြောက်သွေ့သွေ့မဟုတ်၊ အရိပ်ရေနှင့် ပြည့်စုံ၏၊ တံတိုင်းအရံလည်းရှိ၏၊ တံခါးပေါက်လည်းရှိ၏ ဟူလို။

(ဃ) ဝါကျ အာမညာနုသန္ဓေ

ဤသို့ (က+ခ+ဂ) ဝါကျတို့ဖြင့် အမ္ဗလဋ္ဌိကာပုဒ်၏ အဖွင့်ကို ပြပြီး၍ ယခုအခါ၌ ရာဇာဂါရကေ ပုဒ်၏ အဖွင့်ကို ပြလိုသော ဆရာသည် (ဃ)မိန့်။

http://www.dhammadownload.com



၃။ (က) ဝါကျသည် ပက္ကန္တရ။

(ခ) ဝါကျသည် ဥယျာဉ်၏ အမ္ဗလဋ္ဌိကာ မည်ပုံကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။

(ဂ) ဝါကျသည် ထိုဥယျာဉ်ကား အဘယ်သို့ သဘောရှိသနည်းဟု စောဒနာဘွယ်ရှိရကား ထိုစောဒနာကို ပယ်လို၍ ဆက်လက်အားထုတ်အပ်သောကြောင့် ဝါကျာရမ္ဘ။

(ဃ) ဝါကျသည် ပက္ကန္တရ။

အမ္ဗလဋ္ဌိကာတွေဝဒ္ဓ ဝေသဒ္ဓါ၏ နိဝဝတ္ထေတမ္ဗကား ကေစိဆရာတို့၏ အယူဖြစ်သော အမ္ဗလဋ္ဌိကာ ဟူသော ရွာအမည်ဖြစ်သည်။

အနုညာတတ္ထကား မုချအနက်ဖြစ်သော သရက်ပျိုဟူသော အနက်ဖြစ်သည်။

❖ ကေစိ ပန "အမ္ဗလဋ္ဌိကာ နာမ ဝုတ္တနယေန ဧကော ဂါမော"တိ ဝဒန္တိ၊ (သီဋီသစ်၊ ၁၉၆။)

(၁) ဝါကျ စတုက္က

(က) နနု တဿ ဒွါရသမီပေ တရုဏအမ္ဗရုက္ခော အတ္ထိ၊ တံ အမ္ဗလဋ္ဌိကာတိ ဝဒန္တိ၊

(ခ) အထ ကသ္မာ "ဥယျာနမ္ပိ အမ္ဗလဋ္ဌိကာတွေဝ သင်္ချံ ဂတ"န္တိ ဝုတ္တံ။

(ဂ) နနု တဿ အဝိဒူရေ ဘဝတိ၊

(တနည်း) နနု သာမီပိကဝေါဟာရော ဟောတိ။ (သီဋီသစ်)

(ဃ) တသ္မာ ဥယျာနမ္ပိ (ပ) ဂတန္တိ ဝုတ္တံ။

၄။ ဖလကာမေဟိ ဧနေဟိ အမီယတိ ဂမီယတီတိ အမ္ဗော၊ (အမ+ဗ)(သုစိ)

လဋတိ တရုဏော ဟုတွာ ပဝတ္တတီတိ လဋ္ဌိကာ၊

လဋ္ဌိကာ အမ္ဗော အမ္ဗလဋ္ဌိကာ။ (ဝိသေသနပုဗ္ဗပဒကမ္မဓာရည်း)

အမ္ဗလဋ္ဌိကာယ အဝိဒူရေ ဘဝါ အမ္ဗလဋ္ဌိကာ။ (ဘဝတဒ္ဓိတ်)

အမ္ဗလဋ္ဌိကာ ပုဒ်အရကား နုပျိုသော သရက်ပင်သည် မုချအားဖြင့် ရ၏၊ ထို၏+ဥယျာဉ်နှင့် သမီပ+သမိပ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရ အားဖြင့်ရ၏။

ဏ ပစ္စည်း ၏ အရကား --- ဥယျာဉ်ရ၏။

အမှာ။ ။ ပါဠိသစ် ပဋ္ဌမအုပ် နှာ ၁၃၀ ၌ လဋတိ တရုဏော ဟုတွာ ပဝတ္တတီတိ လဋိကာ

လဋ ဓာတ် + ဏွု ပစ္စည်း၊ မုဒ္ဓပေဋ္ဌမက္ခရာ နှင့်သာလိုသည်ဟု "အမ္ဗလဋိကာ" ပုဒ်ကို ပါဠိမှန် အဖြစ် ဆုံးဖြတ်ထားသည်။

ဝစနတ္ထ မှတ်ဘွယ်

သမ္ဗန္ဓဒဿနီယပုပ္ဖဖလာဒိတာယ ဥလ္လောကေန္တာ ယန္တိ ဧနာ တေသ္မိ န္တိ ဥယျာနံ၊ (ဥ+ယာ+ယု) (သုစိ)

ဆာယူဒကသမ္ပန္နံ။ ။ ဆေတိ ဆိန္ဒတိ ပရိဿမန္တိ ဆာယာ၊

ဆာယာစ ဥဒကဉ္စ ဆာယူဒကံ၊

တေန+သမ္ပန္နံ ဆာယူဒကသမ္ပန္နံ၊

ပါကာရပရိက္ခိတ္တံ။ ။ ပါကာရေဟိ ပရိက္ခိတ္တံ ပါကာရပရိက္ခိတ္တံ၊

သုယောဇိတဒွါရံ။ ။ သုယောဇိတံ ဒွါရံ တဿ ဥယျာနဿာတိ သုယောဇိတဒွါရံ။(ဥယျာဉ်ရ၏။)

မှတ်ချက် ။ ။ သမာသ်ပုဒ်တစ်ခု၌ ပုဒ်တစ်စိတ်သည် ကံဟောကြိယာဖြစ်နေခြင်း၊ ယင်းကံဟော ကြိယာ၏ အဝုတ္တကတ္တားကို ရှာကြံထည့်ရလျှင် ထိုသမာသ်ပုဒ်၏အညပုဒ်အရပင် ဖြစ်နေခြင်း။ ဤအင်္ဂါနှစ်ပါးနှင့်ညီလျှင် တတိယာဗဟုဗ္ဗိဟိသမာသ် တွဲစပ်ရသည်။ တစ်ခုခုချို့ယွင်း ခဲ့လျှင် စတုတ္ထီဗဟုဗ္ဗိဟိသမာသ် သင့်ရာတွဲစပ်ရသည်။

http://www.dhammadownload.com



၅။ ဘဝံတ္တာဒ္ဒိ ဘဝ ကား "ဥယျာနသ" ဟူသော လာသမ္မန်ပုဒ်နှင့် လိင် ဝုစ် တူရမည် ဖြစ်ရကား ဤ၌ နပုံလိင်တည်း။ ထို့ကြောင့် စိတ္တာဒိဂိုက်းနှင့် အတူစဉ်။
✻ ဘာဝရှေ့ပုဒ်၊ ဘာဝယုဂ်၏၊ လိင်ဝုစ်အရ၊ ရှာစစ်ကြသော်၊ လာထမယုတ်၊ သမ္မန်ပုဒ်နှင့် လိင် ဝုစ်အရ တူမြဲ။

၆။ (က) ဝါကျ ရညော ဥယျာနံ ဖြင့် အမ္ဗလဋ္ဌိကာ အရ ဤနေရာ၌ သမိပူပစာအားဖြင့် မင်း၏ ဥယျာဉ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

(ခ) ဝါကျ တရုဏအမ္ဗရုက္ခော ဖြင့် အမ္ဗလဋ္ဌိကာ၌ လဋ္ဌိကာ သဒ္ဒါသည် တရုဏသဒ္ဒါ၏ ပရိယာယ်အဖြစ်ကိုလည်းကောင်း၊ (ပရိယာယ်ပြအဘိဓေယျတ္ထ) အမ္ဗသဒ္ဒါသည် သရက်သီးဟူသော အနက်ကို မဟော၊ သရက်ပင်ဟူသောအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊(နာမလိင်္ဂတ္ထ+ သဒ္ဒါဟောအဘိဓေယျတ္ထ)အမ္ဗလဋ္ဌိကာ သဒ္ဒါသည် မုချအားဖြင့် နုပျိုသော သရက်ပင်ဟူသော အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း (နာမလိင်္ဂတ္ထ) လဋ္ဌိကာ အမ္ဗော အမ္ဗလဋ္ဌိကာဟု ဝိသေသနပရပဒကမ္မဓာရယ် သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။
❖ တရုဏပရိယာယော လဋ္ဌိကာသဒ္ဒေါ။ (သီဋီသစ်၊ ၁၉၆။)

တဿအဝိဒူရေ ဘဝတ္တာ ဖြင့် အမ္ဗလဋ္ဌိကာယ + အဝိဒူရေ + ဘဝံ အမ္ဗလဋ္ဌိကာ ဟု ဘဝတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ဏ ပစ္စည်း ဘဝတဒ္ဓိတ်အနက်၌ သက် သည်၏အဖြစ်ကိုလည်းကောင်း၊ နုပျိုသောသရက်ပင်၏အနီး၌ ဖြစ်သောကြောင့် ဥယျာဉ်သည် လည်း သမိပူပစာအားဖြင့် အမ္ဗလဋ္ဌိကာ မည်သည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (ဘာဝတ္ထ)

ဥယျာနမ္ပိ ဖြင့် အမ္ဗလဋ္ဌိကာ အရ သမိပူပစာ အားဖြင့် မင်း၏ ဥယျာဉ်ကို ယူရမည်၏ အဖြစ်ကို သိစေပါသည်။

(ဃ) ဝါကျ ရညော အဂါရံ ဖြင့် ရာဇာဂါရံ ကို ရညော အဂါရံ ရာဇာဂါရံ ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ရာဇာဂါရံ ၌ ဝ ရာဇာဂါရက ဟု ပြု၍ က ပစ္စည်း သောတ္တ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။
ဤကား ဧတေန ရညော အဂါရံ၊ တဒေဝ ရာဇာဂါရကန္တိ ဒဿေတိ (သီဋီသစ်) နှင့်အညီ အာဘော် ဖြစ်သည်။
နေရင်း နိဿျအလို။ ။ ရညော ကီဠနတ္ထံ အဂါရံ ရာဇာဂါရံ ဟု မဇ္ဈေလောပီ ဆဋ္ဌီတပ္ပုရိသ် ပြသည်ဟု အာဘော်ဖော်။

တတ္ထ ဖြင့် အမ္ဗလဋ္ဌိကာယံ ၌ ယံသည် သို့ ဝိဘတ်၏ ကာရိယတည်းဟု သိစေသည်။ (ဝိဘတ္တိပဒ)

ပဋိဘာနစိတ္တဝိစိတ္တံ ဖြင့် ယင်းမင်းအိမ်၌ မိန်းမရုပ် ယောကျာ်းရုပ်စသော ဆန်းကြယ် သော ပန်းချီရုပ်များ ရေးချယ်ထားသည်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ကီဠနတ္ထံ ဖြင့် မင်းအိမ်သည် နေထိုင်ရန် ပြုလုပ်ထားသော အိမ်မဟုတ်၊ ကစားခြင်း အလို့ငှာ ပြုလုပ်ထားသော မင်းအိမ်ဖြစ်၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

၇။ မဇ္ဈသာ မဇ္ဈသာ နှစ်ချက်တွင် မန ဉာဏေ သော၊ ဇ မဇ္ဈောဟူသော ဓာန်ဋီ(၅၂၄) ကို ထောက်၍ မဇ္ဈသာဟု ရသနှင့် ရှိသော ပါဌ်သင့်။

http://www.dhammadownload.com



မနိယ ဇူက်။ မညတိ သဓနေတွံ တောယာတိ မဥ္ဇူသာ၊ ကဋ္ဋပေဋ္ဌာ၊ ဟူသော ကွာဒိမောင် (၂၁၅) ကိုထောက်၍ မဥ္ဇူသာဟု ရသနှင့် ရှိသော ပါဌ်သင့်။ ထို့ကြောင့်နှစ်ပါဌ်သင့်။
မှတ်ချက်။ ။ ဓာန်ဋီနိဿည္ဍ ဇူ မဇ္ဇော ဟု ဒီဃ ဖြင့် ရှိနေသည်။
နိရုတ္တိနည်း။ ။ မန + သ။ အလယ်၌ ဇူ လာ၊ န ကို နိဂ္ဂဟိတ်ပြု၊ နိဂ္ဂဟိတ်ကို ဉပြု၍ ပြီးသည်။

၈။ ပြဟ္မဒတ်လုလင်မှ ကြွင်းသော သုပ္ပိယ၏ ပရိသတ်တို့ကား ဒေသနာနှင့် မစပ်သည် ဖြစ်၍ အကျိုးမရှိသောကြောင့် ယင်းပရိသတ်တို့ကို နိဒါန်းပါဠိ၌မတင်။ ပြဟ္မဒတ်လုလင်ကိုသာ (ပြဟ္မဇာလသုတ်ဒေသနာနှင့် စပ်သည်ဖြစ်၍ အကျိုးရှိသောကြောင့်) နိဒါန်းပါဠိတော်၌ တင်သည်။
✤ ကသ္မာ ပနေတ္ထ ပြဟ္မဒတ္တောယေဝ ပါဠိယမာရူဋ္ဌော၊ န ပန တဒဝသေသာ သုပ္ပိယဿ ပရိသာတိ ဒေသနာဓိနဘာဝေန ပယောဇနာဘာဝတော။ (သီဋီသစ်။ ၁၉၆၊ ၁၉၇။)
ကေစိဝါဒအလို။ ။ အမ္ဗလဋ္ဌိကာ မည်သည် ရွာတံခါး၏ အနီး၌ နုပျိုသော သရက်ပင်ရှိသော ရွာတစ်ရွာ၏ အမည်ဖြစ်သည်။
ရာဇာဂါရ ဟူသည် ကေအလိုအားဖြင့် ဝေဿဝဏ်နတ်မင်း၏ နတ်ကွန်း ဖြစ်သည်။
✤ ကေစိပန "အမ္ဗလဋ္ဌိကာနာမ ဝုတ္တနယေန ဧကောဂါမော"တိ ဝဒန္တိ၊ ရာဇာဂါရကံ နာမ ဝေဿဝဏမဟာရာဇဿ ဒေဝါယတနန္တိဧကေ။ (သီဋီသစ်။ ၁၉၆။)

၉။ (ဂ) ဝါကျ ရစနာဝတ္တဂါထာ
ဆာယူဒကသမ္ပန္နံ တံ၊ ပါကာရပရိဝါရိတံ။
သုယောဇိတဒွါရံ ဟောတိ၊ သုဂုတ္တံ မဥ္ဇူသာ ဝိယ။
မကာရဝိပုလာ ဂါထာ ဖြစ်သည်။

၁၀။ † အကံသု ၌ ကရ ဓာတ်အရ မင်းအိမ်ကို ဆောက်လုပ်ကြသူတို့၏ သန္တာန်၌ ဖြစ်သော ဝီရိယပြဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ဥဿာဟ ဌာယီဘာဝ + ဝီရိယ၊
† မင်း၏ အိမ်သည် အာရမ္မဏဝိဘာဝ၊
† ပန်းချီဆေးရုပ်စသည်တို့ဖြင့် ဆန်းကြယ်ခြင်းစသည်သည် ဥဒ္ဒီပနဝိဘာဝ၊
† မြူးတူးပျော်ပါးကစားရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝ၊

✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၂၄)

(က) ပရိဗ္ဗာဇကောပိ ဥယျာနသ္မိ ကေပသော ပရိဗ္ဗာဇကေပရိက္ခာရေ ဩတာရေတွာ ဝါသံ ဥပဂစ္ဆိ သဒ္ဓိံ အတ္တနော ပရိသာယ။

(ခ) ပါဠိယံ မာရုက္ခဝသေနေဝ ပန "သဒ္ဓိံ အတ္တနော အန္တေဝါသိနာ ဗြဟ္မဒတ္တေန 'မာဏဝေနာ"တိ ဝုတ္တံ။

(၄၊ ၄၃။ သီဋီသစ်၊ ၁၉၆။ ပခုက္ကူသျှ။ ၂၇၇။ ဘာသာဋီကာ၊ ၂၇၀။ ဂဏ္ဍိ၊ ၁၄၈။)

၁။ (က)ဝါကျ၌ ပရိဗ္ဗာဇကောပဒ် ဥယျာနသ္မိပုဒ်တို့ကို နာမည်ဖော်လျက် ဩတာရေတွာ၀ယ် ကာရိုက်ကံ ဓာတ်ကံပြည့်စုံစွာ ထည့်၍ ကျနစွာ အနက်ပေးပါ။

၂။ (က၊ခ) နှစ်ဝါကျလုံးကို ပေါင်း၍ နည်းထုံးကျကျ ပုစ္ဆာတက်ပြပါ။

၃။ (က၊ခ) ဝါကျတို့ကို စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။

၄။ ပရိသာယ ၌ ပရိသာကိုဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ (ခ)ဝါကျ ပါဠိယံမာရုက္ခဝသေန ၌ အာရုက္ခ ကို ဟိတ်ပြင်၍ယင်း၏သမ္ဗန်ကိုခံပြီး၊ စာစစ်ပါ။

၆။ တတြာပီတိ တသ္မိမ္ပိ၊ အမ္ဗလဋ္ဌိကာယံ ဥယျာနေတိ အတ္ထော။(၄။ ၄၃)ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ပသ္မိ၊ အာရုက္ခ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

၈။ ကေစိ ပဗ္ဗဇိတွာ အဂ္ဂဖလေ အရဟတ္တေ(၄။ ၄၆) ၌ ပဗ္ဗဇိတွာ ဟုထည့်ဆိုခြင်းဖြင့် ရဟန်းဖြစ် မှသာ အရဟတ္တဖိုလ်ကိုရနိုင်သည်၊ လူဝတ်ကြောင်ပုဂ္ဂိုလ်တို့ အရဟတ္တဖိုလ်ကို မရနိုင်ဟု ဆိုလိုပါသလော၊ အဘယ်ကိုပြလို၍ ပဗ္ဗဇိတွာ သဒ္ဒါထည့်ဆိုပါ သနည်း။

၉။ သီလေ ပတိဋ္ဌာယ နရော သပညော။ ပ။ ဝိဇဋယေ ဇဋံ။ (၄။ ၅၆။) ကိုဆန်းစစ်၍ ဂါထာ အမည် ဆန်းအမည် ပေးပြပါ။

၁၀။ ခ-ဝါကျလာ ပဓာနကြိယာ၏ အန္တတ္ထကို ကိုယ်ပြု၍ ဘာဝစသည် ထုတ်ပြပါ။

===================

၁။ (က) အနက်ပေးပုံ

ပရိဗ္ဗာဇကောပိ၊ သုပ္ပိယပရိဗိုဇ်သည်လည်း။ ဥယျာနသ္မိ၊အမ္ဗလဋ္ဌိက မည်သော ဥယျာဉ်၏။ ကေပသော၊ ၌။ ပရိဗ္ဗာဇကေပရိသာယော၊ မိမိ၏ပရိဗိုဇ်ပရိသတ်တို့ကို။ (ကာရိုက်ကံ) ပရိဗ္ဗာဇကေပရိက္ခာရေ၊ တို့ကို။ (ဓာတ်ကံ) ဩတာရေတွာ၊ ချစေ၍။ ပ။ ---

၂။ (က၊ခ) ပုစ္ဆာ

ဆရာ၊ သီဟိုဠ်အဋ္ဌကထာဆရာသည်၊ သဒ္ဓိံအတ္တနော အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေနဟု ဖွင့်ဆိုတော်မူ၏။ သုပ္ပိယပရိဗိုဇ်သည် အမ္ဗလဋ္ဌိကဥယျာဉ်၏ နံပါးတဖက်၌ ပရိဗိုဇ်ပရိက္ခရာတို့ကို ချစေ၍ မိမိပရိသတ်နှင့်တကွ ကပ်ရောက်နေသည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် သဒ္ဓိံအတ္တနော (လ) မာဏဝေန ဟူ၍ သီဟိုဠ်အဋ္ဌကထာ၌ ဖွင့်ဆိုပါသနည်း။ စုဒ်ကြောင့် (က၊ခ)မိန့်။

http://www.dhammadownload.com



(ခ) ဝါကျသို့ ဂဏ္ဌိကျစ်းတက်ပုံ ---

ပရိသတ်နှင့်တကွ ဆရာဆို၏။ ဗြဟ္မဒတ်လုလင်တစ်ယောက်နှင့်သာ ကပ်သည်ကို ပါဠိ၌ ဆိုသည်မဟုတ်တုံလော စုဒ်ရှိရကား "ပါဠိယံ" စသည်မိန့်။ (ဂဏ္ဌိ။ ၁၄၈။)

၃။ (က၊ခ) စောဒကာဘောဂါဒိစတုက္ကထုတ်ပုံ ---

(က) နနု ပရိဗ္ဗာဇကောပိ။ ပ။ အတ္ထနော ပရိသာယ။

(ခ) အထ ကသ္မာ "သဒ္ဓိံ အတ္တနော အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေန"တိ သီဟဠဋ္ဌကထာယံ ဝုတ္တံ။

(ဂ) နနု ပါဠိယမာရုဠ္ဟဝသေန ဝုတ္တံ။

(တနည်း) နနု ဗြဟ္မဒတ္တောယေဝ ပါဠိယမာရုဠ္ဟော။

(ဃ)၊ တသ္မာ "သဒ္ဓိံ --- မာဏဝေန"တိ သီဟဠဋ္ဌကထာယံ ဝုတ္တံ။

မှတ်ချက် ။ ။ ဤကား "ဝုတ္တံ" ၏ အာဓာရကို "သီဟဠဋ္ဌကထာယံ" ဟု ထည့်ဖွင့်သော ဋီကာသစ် နှင့်အညီထုတ်ပုံတည်း။ သမာနဝါဒဖြစ်၍ အာရအားဖြင့် မှတ်ရမည်။

(တနည်း) ဝုတ္တံ၏အာဓာရကို ပါဠိယံ ဟုထည့်ပြသော ကေစိတို့အလိုထုတ်ပုံ။

(က) နနု ပရိဗ္ဗာဇကောပိ။ ပ။ အတ္ထနော ပရိသာယ။

(ခ) အထ ကသ္မာ ပါဠိယမာရုဠ္ဟဝသေန။ ပ။ မာဏဝေနာတိ သီလက္ခန္ဓဝဂ္ဂပါဠိယံ ဝုတ္တံ။

(ဂ) နနု (ဗြဟ္မဒတ္တတော အဝသေသာ) သုပ္ပိယဿ ပရိသာ ဒေသနာဓိနဘာဝေန ပယောဇနော နတ္ထိ။ (ဋီကာသစ်။ ၁၉၆၊ ၁၉၇။)

(ဃ) တသ္မာ ပါဠိယမာရုဠ္ဟဝသေန။ ပ။ မာဏဝေနာတိ သီလက္ခန္ဓဝဂ္ဂပါဠိယံ ဝုတ္တံ။

၄။ ပရိသမန္တတော သေန္တိ အဿန္တိ ပရိသာ။ (ဓာန်ဋီ။)

ထက်ဝန်းကျင့်မှ ဖြစ်ခြင်း မှီဝဲသည်းကပ်ခြင်းကြိယာသကတ်သည် ဝစနဟေတု။

ပရိသတ်(သဘင် အစည်းအဝေး) ဖြစ်သည် ဝစနီယ။

သဘာ သမဇ္ဇာ သမိတိ သံသဒေါ စသော ပရိယာယ် -- ဝစနီယတ္ထ။

၅။ အာရုဠှ ကို အာရုဠ္ဟတ္တာ ဟု ဟိတ်ပြင်။ ယင်း၏သမ္ဗန်ကို ဗြဟ္မဒတ္တဿမာဏဝဿ ဟုခံ။ ကံ + သမ္ဗန်စပ်။

◆ အာရုဟိတ္တာတိ အာရုဠ္ဟော။ (ဗြဟ္မဒတ်လုလင်ရ၏)

အာရုဠ္ဟဿ + ဘာဝေါ အာရုဠ္ဟတ္တံ ဟုပြု။

၆။ တသ္မိမ္ပိ အမ္ဗလဋ္ဌိကာယံ ဖြင့် တတြာပိ ၌ တ သဒ္ဒါ၏ အမ္ဗလဋ္ဌိကကို စွဲသည်၏အဖြစ်ကိုလည်းကောင်း၊ (သဗ္ဗနာမလိင်္ဂတ္တ။) ဤ ပစ္စည်းအာဓာရသတ္တမီအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊ (ဝိဘတျတ္ထ + ပစ္စယတ္ထ) သိစေပါသည်။

ဥယျာနေ ဖြင့် တ ၏ အစွဲဖြစ်သော အမ္ဗလဋ္ဌိကအရ မုချအရကောက်ဖြစ်သော နုပျိုသည့် သရက်ပင်ကိုမယူရ၊ သမီပူပစာအားဖြင့် နုပျိုသည့် သရက်ပင်၏ အနီး၌ရှိသော မင်း၏ဥယျာဉ်ကို ယူ -- သိစေပါသည်။

http://www.dhammadownload.com



၇။ ပဿ ကား ဒိသ + အ။ ဒိသ ကို ပဿ ပြု၍ ပြီးသည်။

◆ ဒိသ ပေက္ခနေ၊ အ ပစ္စယော၊ ဒိသဿ ပဿာဒေသော။ (ဓာန်ဋီ။ ၂၆၄။)

အာရုဠှ ကား အာ + ရုဟ + တ။ တ ကို ဟ ပြု၊ ဟ ကို ဠှ ပြု၍ ပြီးသည်။

◆ အာရုဟိတဗ္ဗောတိ အာရုဠှော၊ အာပုဗ္ဗ ရုဟ ဇနနေ၊ တော၊ တဿ ဟော၊ ဟဿ ဠှော။ (ဓာတုပစ္စယဒီပနီ)

၈။ ပဗ္ဗဇိတွာ သဒ္ဒါထည့်ဆိုခြင်း။

ကေစိ ပဗ္ဗဇိတွာ အဂ္ဂဖလေ အရဟတ္တေ ၌ ပဗ္ဗဇိတွာ သဒ္ဒါထည့်ဆိုခြင်းသည် ရဟန်း ဖြစ်ပြီးမှသာလျှင် အရဟတ္တဖိုလ်ကို ရနိုင်၏၊ ရဟန္တာဖြစ်နိုင်၏၊ လူဝတ်ကြောင် ပုဂ္ဂိုလ်တို့ အရဟတ္တဖိုလ်ကို မရနိုင်ဟု ဆိုလိုသည်မဟုတ်ပါ။ အရဟတ္တဖိုလ်သို့ ရောက်သူများ၏ အသွင်အပြင် သည် ရဟန်းအသွင်အပြင်သို့ ရောက်လာသည်ဟူသော အဓိပ္ပါယ်ကို ပြလို၍ ပဗ္ဗဇိတွာ သဒ္ဒါ ထည့်ဆိုခြင်းဖြစ်သည်။ ဤစကားရပ်အရ လူဝတ်ကြောင် ပုဂ္ဂိုလ်တို့လည်း အရဟတ္တဖိုလ်သို့ ရောက်နိုင်၏၊ ရဟန္တာဖြစ်နိုင်၏။ သို့ရာတွင် လူအဖြစ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်သူသည် ထိုအရဟတ္တဖိုလ်သို့ ရောက်သည့်နေ့၌ပင် ရဟန်းသော်လည်းပြုရမည်။ ပရိနိဗ္ဗာန်သော်လည်း စံရမည်။ လူ့အသွင်အပြင်ဖြင့်ကား မတည်နေနိုင်။ ဤသို့ဖြစ်ရခြင်းကား အရဟတ္တဖိုလ်၏ အပြစ် ဒေါသမဟုတ်၊ လူအသွင်အပြင်၏ အားနည်းယုတ်ညံ့ခြင်းဟူသော အပြစ်ဒေါသကြောင့် ဖြစ်သည်။ (သီဋီသစ်၊ ၂၀၇။)

၉။ ဝါကျဥယျာဉ်(၂၀)၌ ဖြေခဲ့ပြီ။

၁၀။ ဝုတ္တံ ၌ အန္တတ္ထ ရှု၍ ဘာဝဧသည်ထုတ်ပုံ --

† ဝစ ဓာတ်အရ သီဟဠဋ္ဌကထာ ဆရာ၏ သန္တာန်၌ ဖြစ်သော ဝီရိယ ဉာဏ် စသည် ပြဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ဉဿာဟဌာယီဘာဝ + ဝီရ ရသ (ဝါ) ဓမ္မရတိ + ဓမ္မသိင်္ဂါရ ရသ။

† သဒ္ဒိအတ္ထနော အန္တေဝါသိနာ ပြဟွဒတ္တေန မာဏဝေန ဟူသော နာမပညတ္တိ သဒ္ဒါသည် အာရမ္မဏဝိဘာဝ။

† သီဟဠဋ္ဌကထာဆရာ၏ ဉာဏ်ထက်မြက်မှု ယောနိသောမနသိကာရ အတ္ထသမ္မာပဏိဓိ စသည်သည် ဥဒ္ဒီပနဝိဘာဝ။

† ပြဟွဒတ်လုလင်တစ်ယောက်တည်းကိုသာ ပါဠိတော်၌ (ဝါ) သီဟဠဋ္ဌကထာတို့၌ ဆိုထား ခြင်းဖြင့် ပြဟွဒတ်မှ ကြွင်းသော ပရိသတ်တို့သည် ဒေသနာတော်နှင့် မစပ်သည်ဖြစ်၍ ဤသုတ္တန်၌ အကျိုးမရှိ။ ပြဟွဒတ်လုလင်သည်သာ ဒေသနာတော်နှင့် စပ်သည်ဖြစ်၍ ဤသုတ္တန်၌ အကျိုးရှိ၏ဟု သိရခြင်းစသော အကျိုးတရားအဆက်ဆက်သည် အနုဘာဝ။

*******************

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၂၅)

(က) သမ္ပဟုလာနန္တိ ဗဟုကာနံ။
(ခ) တတ္ထ ဝိနယပရိယာယေန တယော ဇနာ "သမ္ပဟုလာ"တိ ဝုစ္စန္တိ၊ တတော ပရံ သံဃော။
(ဂ) သုတ္တန္တပရိယာယေန ပန တယော၀၊ တတော ပဋ္ဌာယ သမ္ပဟုလာ။
(ဃ) ဣဓ သုတ္တန္တပရိယာယေန "သမ္ပဟုလာ"တိ ဝေဒိတဗ္ဗာ။
(ဋ၊ ၄၃။ သီဋီသစ်၊ ၁၉၇။ ပခုက္ကူ၊ ၂၇၉။ ဘာသာဋီကာ၊ ၂၇၃။)

၁။ (က) ကို ထည့်စပ်သင့်သော ပုဒ်များ ထည့်စပ်၍ (ခ)ကို တတ္ထ အစွဲမှန်ကန်စေလျက် အနက်ပေးပါ။
၂။ (ဂ) ဝါကျကို အနုသန္ဓေတက်၍၊ (ဃ) ကို ဒေါသာရောပနစောဒနာ ကျမ်းတက် ပြပါ။
၃။ သော ရတနတ္တယဿ ဂုဏဝဏ္ဏေ ဝတ္တမာနေပိ ဣဿာဝသေန ပုန အဝဏ္ဏမေဝ အာရဘိ၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။
၄။ ဝိနယပရိယာယေန သုတ္တန္တပရိယာယေန တို့၌ပါသော ပရိယာယကို ဝစနတ္ထပြု၍ ဆက္ကာထုတ်ပြပါ။
၅။ (ဂ) ဝါကျ၌ သမ္ပဟုလာ ကို သမ္ပဟုလတ္တာ ဟု ဟိတ်ပြင်ပါက ယင်း၏ ဖြစ်သင့်သော သမ္ဗန်ကိုခံပြီး အတ္တာနုရူပ စာစပ်ပါ။
၆။ အထက်ပါ ဝါကျအားလုံးကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ သမ္ပဟုလာ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ ဝိနည်းဒေသနာ၌ သုံးယောက်သော ရဟန်းတို့ကို သမ္ပဟုလာ၊ ထို့ထက်ပိုလွန်သော ရဟန်း တို့ကို သံဃာ ဟု ဆိုရာ၌ အကြောင်းသွင်း၍ ရှင်းပြခဲ့ပါ။
၉။ အမျက်ထွက်သောသူသည် အကျိုးကိုမသိနိုင်၊ အကြောင်းကိုမမြင်နိုင်၊ (အကြင်အခါ၌) အမျက်ဒေါသသည် အကြင်သတ္တဝါကို နှိပ်စက်၏၊ ထိုအခါ၌ (ထိုသတ္တဝါအား) အမိုက်တိုက် ဖြစ်၏ကို ဝတ္တမျိုးဇာတိ ဂါထာစီကုံးပါ။
၁၀။ (၉) နံပါတ်စကားရပ်၌ ရသင့်သော ဘာဝစသည်ကို ထုတ်ပြပါ။

===================

၁။ (က) အနက် .။ ။ သမ္ပဟုလာနန္တိ၊ ကား။ ဗဟုကာနံ၊ များစွာကုန်သော။ ဘိက္ခူနံ၊ တို့အား။ (ဝါ)တို့၏။ သဒ္ဒီယမဗ္ဗော၊ တကွပြောဆိုအပ်သော စကားသဘောသည်။ ဥဒပါဒိ၊ ဖြစ်ပေါ်လာပြီ။
(ခ) တတ္ထ တသို့ပါငြေ၊ သမ္ပဟုလာနံ ဟူသော ထိုပါဋ်၌။

၂။ **(ဂ) အနုသန္ဓေ**

ဤသို့ (ခ)ဝါကျဖြင့် ဝိနည်းဒေသနာတော်နည်းအားဖြင့် နှစ်ပါး သုံးပါးကုန်သော ရဟန်း တို့ကို သမ္ပဟုလာ အရယူရမည်ဟုပြဆိုပြီး၍ ယခုအခါ၌ သုတ္တန်ဒေသနာတော်နည်းအားဖြင့် သမ္ပဟုလာ အရကို ပြတော်မူလိုသော ဆရာသည် (ဂ) မိန့်။

http://www.dhammadownload.com



(ဃ)ဒေါသာရောပနစောပနာတက်

ဆရာသံည် (ခ-ဂ) နှစ်ဝါကျဖြင့် ဝိနည်းဒေသနာတော်နည်းအားဖြင့် သုံးယောက်သော ရဟန်းတို့ကို သမ္မဟုလာ၊ သုတ္တန်ဒေသနာနည်းဖြင့် သုံးယောက်ထက်လွန်သော ရဟန်းတို့ကို သမ္မဟုလာ ဟူ၍ ဆိုအပ်ကုန်၏ ဟု ပြဆိုတော်မူ၏။

ဤသမ္မဟုလာနံ ဟူသောပါဠိ၌ အဘယ်နည်းဖြင့် အဘယ်မျှလောက်သော ရဟန်းတို့ကို သမ္မဟုလာ ဟူ၍ သိအပ်ပါကုန်သနည်း။ ဤသမ္မဟုလာနံ ဟူသော ပါဠိ၌ ဝိနည်းဒေသနာနည်းဖြင့် သုံးယောက်ကုန်သော ရဟန်းတို့ကိုသမ္မဟုလာ ဟူ၍ သိအပ်ပါသလော။ (ဝါ) ဝိနည်း သုတ္တန် ဒေသနာ နှစ်ပါးစလုံးဖြင့်ပင် သမ္မဟုလာ ဟူ၍သိအပ်ပါသလော။ ဤ၌ သိအပ် လိုအပ်သော သမ္မဟုလာ ၏ အရကို မပြဆိုခဲ့သော် အတိဗျာပိတဒေါသ --- ၏။ စုဒ်ကြောင့် (ဃ) မိန့်။

၃။ (က) နနု ရတနတ္တယဿ ဂုဏဝဏ္ဏော ဝတ္တဗ္ဗော။

(ခ) အထ ကသ္မာ ပုန အဝဏ္ဏမေဝ အာရဘိ။

(ဂ) နနု ဝဏ္ဏာဝသေန ဟောတိ။

(ဃ) တသ္မာ ပုန အဝဏ္ဏမေဝ အာရဘိ။

"ခ-ဂ-ဃ- တို့၌ စတုက္ကထုတ်ပုံ"

(က) နနု ဝိနယပရိယာယေန တယော ဇနာ "သမ္မဟုလာ"တိ ဝုစ္စန္တိ၊ တတောပရံ သံဃော။ သုတ္တန္တပရိယာယေန ပန တယော တယောဝ၊ တတော ပဋ္ဌာယ သမ္မဟုလာ။ (တစ်နည်း) နနု သမ္မဟုလသဒ္ဒတ္ထော ဒုဝိဓော ဟောတိ။

(ခ) အထ ကသ္မာ ဣဓ သုတ္တန္တပရိယာယေန "သမ္မဟုလာ"တိ ဝေဒိတဗ္ဗာ။

(ဂ) နနု တဒုဘယ အသမ္ဘဝေါ ဟောတိ , အဝိသယော ဝါ။

(ဃ) တသ္မာ ဣဓ သုတ္တန္တပရိယာယေန "သမ္မဟုလာ"တိ ဝေဒိတဗ္ဗာ။

၄။ ပရိယာယေတိ ဒေသေတဗ္ဗ+မတ္ထံ ပဋိပါဒေတီတိ ပရိယာယော။ (သီဋီသစ်။ ၁၈၄။)
ဟောအပ်သော အနက်ကို ထင်စေခြင်း သိစေခြင်း ကြိယာသကတ်သည် ဝစနယောတ။
ဒေသနာဒြဗ်သည် ဝစနီယ။
ဒေသနာ ,စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
သမ္မာ ပယောဇိန္တိ တံတံ ကမ္မန္တိ သမ္မဟုလာ။ (သီဋီသစ်။ ၁၉၇။)
ထိုထို ဝိနည်းကံကို ကောင်းစွာပြုစွမ်းနိုင်ခြင်း ကြိယာသကတ်သည် ဝစနယောတ။
များစွာကုန်သော ရဟန်းတို့ ဒြဗ်သည် ဝစနီယမည်၏။
ဗဟဝေါ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ (ဂ) ဝါကျ၌ သမ္မဟုလာ ကို သမ္မဟုလတ္ထာ ဟုဟိတ်ပြင်က ယင်း၏သမ္ဗန်ကား -- စတုပဉ္စဇနာဒိကာနံ ဖြစ်သည်။ ကတ္တား + သမ္ဗန်စာ့စပ်။
✥ တတော ပဋ္ဌာယ ဥတ္တရိ စတုပဉ္စဇနာဒိကာ သမ္မဟုလာတိ အတ္ထော။ (သီဋီသစ်။ ၁၉၇။)

၆။ (က) ဗဟုကာနံဖြင့် သမ္မဟုလာအရ များစွာသောရဟန်းတို့ကို ယူရမည်ကို လည်းကောင်း၊ ယင်းအရကောက်အား လျော်စွာ သမ္မာ ပယောဇိန္တိ တံတံ ကမ္မန္တိ သမ္မဟုလာ (ဗဟဝေါ) ဟု ကတ္တုသာဓ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊ လ ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း သိစေ၏။

http://www.dhammadownload.com



✤ သမ္ပာ ပယောန္တိ တံတံ ကမ္မန္တိ သမ္မပဟုလာ၊ ဗဟာဝေါ။ တေနာဟ "ဗဟုကာန"န္တိ။ (သီဋီသစ်။)
(တစ်နည်း) ဗဟုကာနံ ဖြင့် သမ္မဟုလာ သဒ္ဒါသည် ဗဟုက သဒ္ဒါ၏ ပရိယာယ်။ (တစ်နည်း)
ဗဟုကအနက်ကို ဟော၏ ဟုသိစေ၏။

(၁) ဖြင့် သမ္မဟုလာအရ ဝိနည်းဒေသနာနည်းဖြင့် ရဟန်းသုံးပါးတို့ကို ယူ-သိစေ။

(ဂ) ဖြင့် သမ္မဟုလာအရ သုတ္တန်ဒေသနာနည်းဖြင့် သုံးပါးထက်လွန်သော ရဟန်းတို့ကိုယူရမည်ဟု သိစေပါသည်။

(ဃ) ဖြင့် ဤသမ္မဟုလာနံ ဟူသောပါဠိ၌ သုတ္တန်နည်းလာ သုံးပါးထက်ပိုလွန်သော ရဟန်းများစွာ တို့ကို ယူရမည်ဟု (ဝါ) လိုအပ်သတည်း ဟု သိစေပါသည်။

၇။ သမ္မဟုလာ ကား သံ + ပဟု + လ။ သံပဟုလ ဟူလိုလျက် နိဂ္ဂဟိတ်ကိုမပြု၊ ဥလာ၊ ပ ကို ဗ ပြု၍ ပြီးသည်။

(တစ်နည်း) သံ + ပ ရှေး + ဟူ စတ် + လ ပစ္စည်း။ နိဂ္ဂဟိတ်ကို မပြု၊ ပ ကို ဗ ပြု၊ ဦ ကို ဥ ပြု၍ ပြီးသည်။

✤ ပဟု သတ္တိယံ၊ တော၊ ဥ ကာရာဂမော။ ပ ပုဗ္ဗော ဟူ သတ္တာယံ ဝါ ရသော။ (ဓာန်ဋီ)

✤ သမ္မဟောတီတိ သမ္မဟုလံ၊ သံပ ပုဗ္ဗော ဟု သတ္တာယံ၊ လော၊ ပဿ + ဗော။ (သူစိ)

(မှတ်ချက်)လက်ရှိဆဋ္ဌမူအဋ္ဌကထာ၌ သမ္မဟုလာ ဟု တတိယက္ခရာနှင့် ရှိသည်။ ဋီကာသစ်၌ကား သမ္မဟုလာ ဟု ပထမက္ခရာနှင့် ရှိသည်။ ပ ကို ဗ ပြုလျှင် သမ္မဟုလာ၊ ဗ မပြုလျှင် သမ္မဟုလာ ဟု ရှုပ်ပြီး ရကား နှစ်ပါဌ်လုံးသင့်သည်။

၈။ အယုတ်ဆုံးအပိုင်းအခြားအားဖြင့် စတုဝဂ္ဂသံဃာသည်သာလျှင် ဝိနည်းကံကို ပြုအပ်ပြုသင့် ပြုထိုက်သည်၏ အဖြစ်ကြောင့် သုံးယောက်သော ရဟန်းတို့ကို သမ္မဟုလာ၊ ထိုထက် ပိုလွန်သော ရဟန်းတို့ကို သံဃာ ဟု ဝိနည်းဒေသနာ၌ ဆိုပါသည်။

✤ သဗ္ဗန္တိမေန ပရိစ္ဆေဒေန . စတုဝဂ္ဂသံဃေနေဝ ဝိနယကမ္မဿ ကတ္တဗ္ဗတ္တာ "ဝိနယပရိယာယေနာ"တိ အာဒိ ဝုတ္တံ။ (သီဋီသစ်။ ၁၉၇။)

(အဓိပ္ပါယ်မှတ်ဘွယ်။)

(၁) ဝါကျ၌ တယောဇနာ သည် ဥပလက္ခဏနည်းဖြင့် ဆိုထားခြင်းဖြစ်သောကြောင့် နှစ်ပါး သော ရဟန်းတို့ကိုလည်း သမ္မဟုလာ ဟူ၍ပင်ဆိုရသည်။

✤ တယောဇနာတိစေသ ဥပလက္ခဏနိဒ္ဒေသော ဒွိန္နမ္ပိ သမ္မဟုလတ္တာ။ (သီဋီသစ်)

၉။ ကုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ ကုဒ္ဓေါ ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ ကောဓော သဟတေ နရံ။ (၄။ ၅၂။)
ပထျာဝတ္တဂါထာ။ အနုဋ္ဌုဘာဆန်းဖြစ်သည်။

၁၀။ ယင်းဂါထာ၌ ဘာဝါလင်္ကာရထုတ်ပုံ ---

† အမျက်ထွက်သူ၏ သန္တာန်၌ဖြစ်သော ဒေါသပြဓာန်းသော စိတ္တုပ္ပါဒ်သည် ---
ကောဓ္ဓေါယီဘာဝ + ရုဒ္ဒရသ။

† ဒေါသထွက်စရာ အနိဋ္ဌာရုံ ဟူသမျှသည် အာရမ္မဏဝိဘာဝ။

http://www.dhammadownload.com



† အနိဋ္ဌာရုံ၏ အနိဋ္ဌာကာရသည် လည်းကောင်း၊ အယောနိသောမနသိကာရသည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

† အကျိုးအကြောင်းကို မသိမမြင်ခြင်း အမိုက်တိုက်ဖြစ်ခြင်းစသည်သည် အနုဘာဝ။

✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲

## ဝါကျဥယျာဉ် (၂၆)

(က) မင်္ဂလမာဠေတိ ကတ္ထစိ ဒွေ့ ကဏ္ဍိကာ ဂဟေတွာ ဟံသဝဋ္ဋကစ္ဆန္နေန ကတာ ကူဋာဂါရသာလာပိ "မင်္ဂလမာဠော"တိ ဝုစ္စတိ။

(ခ) ကတ္ထစိ ဧကံ ကဏ္ဍိကံ ဂဟေတွာ ထမ္ဘပန္တိံ ပရိက္ခိပိတွာ ကတာ ဥပဋ္ဌာနသာလာပိ "မင်္ဂလမာဠော"တိ ဝုစ္စတိ။

(ဂ) ဣဓ ပန နိသီဒနသာလာ "မင်္ဂလမာဠော"တိ ဝေဒိတဗ္ဗော။

(ဃ) သန္နိသိန္နာနန္တိ နိသဇ္ဇနဝသေန။ သန္နိပတိတာနန္တိ သမောဓာနဝသေန။
(ဌ၊ ၄၃။ သီဠိသစ်၊ ၁၉၇။ ပခုက္ကူသျှ၊ ၂၈၀။ ဘာသာဋီကာ၊ ၂၇၄။)

၁။ (ခ) ၌ ဥပဋ္ဌာနသာလာပုဒ်ကို သဒ္ဒတ္ထ ပေါရာဏတ္ထ ဝေါဟာရတ္ထ ထင်စေလျက်လည်းကောင်း
(ဂ) ဝါကျကို လိုက်စပ်သင့်သောပါဌ်များလိုက်စပ်၍လည်းကောင်း ကျနစွာအနက်ပေးပါ။

၂။ (ခ) ကို သာဘောဂပုစ္ဆာတက်၍ (ဂ) ကို အနုသန္ဓေတက်ပါ။

၃။ (ခ) ကိုသာ စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။

၄။ မင်္ဂလမာဠပုဒ်ကိုအစိတ်+အပေါင်းဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဝစနာဒိသင်္ဂထုတ်ပါ။

၅။ (ခ) ဝါကျ၌ ဟေတုမန္တဝိသေသန ဖြစ်သင့်သောပုဒ်ကို ဟိတ်ပြင်၍ ယင်း၏ သမ္ဗန်ခံပြီးအတ္ထာနုရူပစာစပ်ပြပါ။

၆။ (ဃ) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ကဏ္ဍိကာပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

၈။ ဥပဋ္ဌာနသာလာ နှင့် နိသီဒနသာလာ တို့၏ တူပုံ+ထူးပုံ ကိုဖော်ပြပါ။

၉။ (ခ) ဝါကျလာ စကားရပ်ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဂါထာစီကုံးပါ။

၁၀။ (ဂ) ဝါကျ၌ ပဓာနကြိယာ၏ အန္တတ္ထကိုရှု၍ ဘာဝ စသည်ထုတ်ပြပါ။

==================

၁။ (ခ) ဝါကျ ။ ။ ဥပဋ္ဌာနသာလာပိ = ကပ်၍တည်ရာဇရပ်ကိုလည်း။ (သဒ္ဒတ္ထ)

❖ ဥပဂန္တွာ ဌာတိ ဧတ္ထာတိ ဥပဋ္ဌာနံ၊ ဥပဋ္ဌာနမေဝ + သာလာ ဥပဋ္ဌာနသာလာ။

ဥပဋ္ဌာနသာလာပိ = စည်းဝေးရာ ဆည်းကပ်ရာဇရပ်ကိုလည်း။ (ဝေါဟာရတ္ထ)

ဥပဋ္ဌာနသာလာပိ = ညီမှူခံရာဇရပ် ညီလာခံရာဇရပ်ကိုလည်း။ (ပေါရာဏတ္ထ)

(ဂ) ဝါကျ ။ ။ ပန၊ ထူး(ဝါ)ပါး။ ဣဓ ဣဓမင်္ဂလသုတ္တေ၊ ဤမြတ်ဗ္ဗာလသုတ်၌။ (ဧကံ၊ သော။ ကဏ္ဍိကံ၊ ကို။ ဂဟေတွာ၊ ၍။ ထမ္ဘပန္တိံ၊ ကို။ ပရိက္ခိပိတွာ၊ ၍။ ကတာ၊ သော။) နိသီဒနသာလာ၊ ကို။ မင်္ဂလမာဠောတိ၊ ဟူ၍။ ဝေဒိတဗ္ဗော၊ ၏။ (ပခုက္ကူသျှ)

http://www.dhammadownload.com



၂။ (၁) ဆာဘောဂပုစ္ဆာ

ဆရာ၊ သည် (က)ဖြင့် အချို့နေရာ၌ အထွတ်နှစ်ခုတပ်၍ ဟသာတောင်သဏ္ဌာန် လည်၍ မိုးသဖြင့် ဆောက်လုပ်အပ်သော စုလစ်မွန်းချွန်တပ်သောဇရပ်ကို "မဏ္ဍလမာဠ" ဟူ၍ ဆိုအပ်သောဟု ပြဆိုတော်မူ၏။ ယင်းသို့ အထွတ်နှစ်ခုတပ်၍ဟသာတောင်သဏ္ဌာန်လည်၍မိုးသဖြင့် ဆောက်လုပ်အပ်သော စုလစ်မွန်းချွန်တပ်သောဇရပ်ကိုသာ "မဏ္ဍလမာဠ"ဟူ၍ ဆိုအပ်ပါသလော။ ဘယ်ပုံဘယ်နည်းဆောက်လုပ်အပ်သော အဆောက်အဦကိုလည်း "မာဏ္ဍလမာဠ"ဟူ၍ ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် (၁) မိန့်။ (ဥပဋ္ဌာနသာလာပိ ၌ အပိ ကိုရှု။)

(ဂ) အနုသန္ဓေ

ဤသို့ (က၊ခ) နှစ်ဝါကျဖြင့် စုလစ်မွန်းချွန်တပ်သောဇရပ်ကိုလည်းကောင်း၊ စည်းဝေးရာ ဆည်းကပ် ခစားရာဇရပ်ကိုလည်းကောင်း၊ "မဏ္ဍလမာဠ" ဟူ၍ဆိုအပ်၏ဟု ပြဆိုပြီး၍၊ ယခုအခါ၌ ဤဗြဟ္မဇာလသုတ်အရာဝယ် လိုအပ်သော "မဏ္ဍလမာဠ"အရကို အထူးထုတ်ပြလိုသော ဆရာသည် (ဂ) မိန့်။

၃။ (၁) ဝါကျကို စောဒကာဘောဂါဒိစတုက္ကထုတ်ပုံ။

(က) နနု မဏ္ဍလမာဠောတိ အနေကတ္ထပဝတ္တာ သမညာ။

(ခ) အထ ကသ္မာ ကတ္ထစိ ကေ ကဏ္ဏိကံ။ ပ။ မဏ္ဍလမာဠောတိ ဝုစ္စတိ။

(ဂ) နနု ဣဓ ဤဒိသာယ ဝေါတိ နိယမေန္တော ဟောတိ။

(ဃ) တသ္မာ ကတ္ထစိ ကေ ကဏ္ဏိကံ။ ပ။ မဏ္ဍလမာဠောတိ ဝုစ္စတိ။ (သီဋီသစ်၊ ၁၉၇။)

(က၊ခ၊ဂ) တို့ကို စတုက္ကထုတ်ပုံ။

(က) နနု ကတ္ထစိ ဒွေကဏ္ဏိကာ ဂဟေတ္ဗာ။ ပ။ ဥပဋ္ဌာနသာလာပိ "မဏ္ဍမာဠော"တိ ဝုစ္စတိ။ (တနည်း) နနု မဏ္ဍလမာဠော ဒုဝိဓော။

(ခ) အထ ကသ္မာ ဣဓ နိသီဒနသာလာ "မဏ္ဍလမာဠော"တိ ဝေဒိတဗ္ဗော။

(ဂ) နနု တဒညတ္တော န သမ္ဘဝတိ။ (တနည်း) တဒညဿ အဝိသယော ဟောတိ။

(ဃ) တသ္မာ ဣဓ နိသီဒနသာလာ "မဏ္ဍလမာဠော"တိ ဝေဒိတဗ္ဗော။

၄။ မဏ္ဍလမာဠ ။ ။ မင်္ဂလိယတိ ပရစ္ဆေဒကရဏဝသေန ဘူသိယတီတိ မဏ္ဍလံ။ (ဏ္ဍာဒိ) မာနိတဗ္ဗောတိ မာဠော၊ မီယတိ ပမီယတီတိ ဝါ မာဠော။

မဏ္ဍလာကာရေန + ပဋိစ္ဆန္နော + မာဠောတိ မဏ္ဍလမာဠော။ (သီဋီသစ်။ ၁၉၈။)

ဝန်းဝိုင်းသောအခြင်းအရာ၏ + မိုးအပ်သောဇရပ်နှင့် အာကာရ အာကာရဝန္တ၊ ဂုဏ် ဂုဏေး အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် --- ဝစနဟေတု။

ဝန်းဝိုင်းသောအခြင်းအရာဖြင့် မိုးအပ်သောဇရပ်ဖြစ်သည် --- ဝစနီယ။

ကူဋာဂါရသာလာ ဥပဋ္ဌာနသာလာ နိသီဒနသာလာ စသောပရိယာယ် ဝစနီယတ္ထ။

ဝစနတ္ထမှတ်ဘွယ်

ကူဋာဂါရသာလာ။ ။ကူဋေန ယုတ္တော အာဂါရော ကူဋာဂါရော။ ကူဋာဂါရောယေဝ + သာလာတိ ကူဋာဂါရသာလာ။ (သီဋီသစ်၊ ၁၉၈။)

ဟံသ ။ ။ ဟန္တိ အဗ္ဘုန္နတိ ဟံသော။ ဟန + သ။

http://www.dhammadownload.com



၅။ (၁) ဝါကျ၌ ဟေတုမန္တဝိသေသနဖြစ်သင့်သောပုဒ်ကား ကတာ ဖြစ်သည်။
ကတတ္တာ ဟု ဟိတ်ပြင်။ ယင်း၏သမ္ဗန်ကို ဥပဋ္ဌာနသာလာယ ဟုခံ။ ကံ + သမ္ဗန်စပ်။
မှတ်ချက်။ ။(က) ဝါကျ၌ ကတာ ကို ကတတ္တာ ဟု ဟိတ်ပြင်လျှင် ကူဋာဂါရသာလာ ကို ကူဋာဂါရသာလာယ ဟု သမ္ဗန်ခံရမည်။

၆။ (ဃ) နိသဇ္ဇနဝသေနဖြင့် သန္နိသိန္နာနံဟူသော သံဝဏ္ဏေတဗ္ဗပါဠိတော်ကို အနက်သမ္ဗန်သည့်အခါ နိသဇ္ဇနဝသေန သန္နိသိန္နာနံဟု နိသဇ္ဇနဝသေနဟူသော ဝိသေသနပုဒ်ကို ထည့်ဆောင်၍ အနက်သမ္ဗန်ရမည်ဟုသိစေသည်။ (သမ္ဗန္ဓ)

(တနည်း) သန္နိသိန္နာနံ ဟူသောပုဒ်ကို ထိုင်ခြင်းဟုဆိုအပ်သော နိသီဒနဣရိယာပုထ်ကို ရည်ရွယ်၍ ဟောတော်မူအပ်သည်၏အဖြစ်ကို သိစေပါသည်။

(တနည်း) သန္နိသိန္နာနံ ၌ နိသိန္န အရ နေခြင်းသာမညကိုမယူရ၊ (ဘာသာဋီကာ၊၂၇၅။) ထိုင်ခြင်း နိသီဒနဣရိယာပုတ်ကိုယူရမည်ဟုသိစေပါသည်။

သမောဓာနဝသေန ဖြင့် သန္နိပတိတာနံ ဟူသောပုဒ်ကို ကာယသာမဂ္ဂီ၏အစွမ်းဖြင့် ပေါင်းဆုံခြင်းကိုရည်ရွယ်၍ ဟောတော်မူအပ်သည်၏အဖြစ်ကိုသိစေ။

(တနည်း) သန္နိပတိတာနံ ၌ သန္နိပတန အရ ကာယသာမဂ္ဂီ၏ အစွမ်းဖြင့်ပေါင်းဆုံခြင်း ကိုယူရမည်ဟုသိစေ။

✤ "သန္နိသိန္နာန"န္တိ နိသဇ္ဇနဝသေန ဝုတ္တံ၊ နိသဇ္ဇနဝသေနဝါ "သန္နိသိန္နာန"န္တိ သံဝဏ္ဏေတဗ္ဗပဒ +မဇ္ဈာဟရိတွာ သမ္ဗန္ဓော။ ဣမိနာ နိသီဒနဣရိယပထံ ကာယသမဂ္ဂိဝသေန စ သမောဓာနံ သန္ဓာယ ပဒဒွယမေတံ ဝုတ္တန္တိ ဒဿေတိ။ (သိဋီသစ်။ ၁၉၈။)

၇။ ကဏ္ဏိကာ ကား (က+နိ ဓာတ် + ဏွု + ထီ အာ) နီ ၌ ဤ ကို ဣ ပြု၊ န ကို ဏ ပြု၊ ဏဒွေဘော်လာ၊ ဏွု ကို အက ပြု၍ပြီးသည်။

✤ နယ ဂမနတ္ထော။ ကေ သီသေ နယတီတိ ကဏ္ဏိကာ။ ဏွု၊ ဣတ္တံ၊ ဏတ္တဉ္စ။ (သူစိ)

ထမ္ဘ ကား ဓရ + ရမ္ဘ။ ဓာတွန်ရ အနုဗန် ရ တို့ကိုချေ။ ဓ ကို ထ ပြု၍ပြီးသည်။

✤ ဓရေတီတိ ဝါ ထမ္ဘော၊ ဓရ ဓာရဏေ၊ ရမ္ဘ ပစ္စယော၊ ဝဏ္ဏဝိကာရောစ (သူစိ)

သမောဓာန ကား သံ+အဝ+ဓာ+ယု။ အဝ ကို ဩ ပြု၊ သထက် နိဂ္ဂဟိတ်ကို မ ပြု၊ ယုကို အန ပြု၊ အာ ကို ချေ၊ အန ၌ အ ကို အာ ပြု၍ ပြီးသည်။

ဟံသ ကား ဟန+သ။ န ကို နိဂ္ဂဟိတ်ပြု၍ ပြီးသည်။

၈။ "ဥပဋ္ဌာနသာလာနှင့် နိသီဒနသာလာ တို့၏ တူပုံ ထူးပုံ"

အထွတ်တစ်ခုသာတပ်၍ တိုင်အစဉ်ကို ထက်ဝန်းကျင်ဝန်းရံသောအားဖြင့် ဆောက်လုပ်ပုံခြင်းတူကြသည်။

ဥပဋ္ဌာနသာလ ဟူသည် ဆည်းကပ်ခစားစည်းဝေးရာ ဌာနမျှသာဖြစ်၍ တစ်ညဉ့် နှစ်ညဉ့် စသည် တည်းခို၍ နေထိုင်ရာမဟုတ်သော ဇရပ်ကိုဆိုလိုပါသည်။

နိသီဒနသာလာ ဟူသည် ဆည်းကပ်ခစားစည်းဝေးရာဌာနလည်းဖြစ်၍ တစ်ညဉ့် နှစ်ညဉ့် စသည် တည်းခိုနေထိုင်ရာလည်းဖြစ်သော ဇရပ်ကိုဆိုလိုပါသည်။ ဤသို့ အသုံးဝင်ပုံ အသုံးပြုပုံခြင်းထူးပါသည်။ (သိဋီသစ်၊ ၁၉၈။)

http://www.dhammadownload.com



၉။ **(ခ) ဝါကျ ဖယ္လာဝတ္ထုဂါထာစိကုံးဆိုး။**

ကဏ္ဍိကေကုံ ဂဟေတွာန၊ ထမ္ဘေဟိ ပရိဝါရေတွာ။
ကတု + ပဋ္ဌာနသာလာပိ၊ ဝုတ္တော "မဏ္ဍလမာဠော"တိ။

၁၀။ **(ဂ) ဝါကျ၌ ပစာနကြိယာ၏ အနုတ္တကိုရှု၍ ဘာဝါလက်ာရထုတ်ပုံ။**

- ✝ မဏ္ဍလမာဠကိုသိကြကုန်သော သူတို့၏သန္တာန်၌ ဝိစာရဏဉာဏ်ဖြဲဖြာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ + ဓမ္မသိဂ်ါရရသ။
- ✝ မဏ္ဍလမာဠ အမည်ရသည့် နေထိုင်စည်းဝေးရာဇရပ်သည် အာရမ္မဏဝိဘာဝ။
- ✝ အထွတ်တစ်ခုသာတပ်၍ တိုင်အစဉ်ဖြင့်ကာရံကာဆောက်လုပ်ထားမှုသည် ဥဒ္ဒီပနဝိဘာဝ။
- ✝ ဤနည်း ဤပုံဆောက်လုပ်ထားသည့် ဇရပ်ကို "မဏ္ဍလမာဠ" ဟူ၍ သိကြရသဖြင့် မိမိတို့ သက်ဆိုင်ရာ နေရာဌာနမျိုး၌ ဤပုံစံမျိုးကို မှီ၍ ဆောက်လုပ်နိုင်စွမ်းရှိခြင်းစသည် အနုဘာဝမည်၏။

✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲

## ဝါကျဥယျာဉ် (၂၇)

(က) အယံ သဒ္ဒီယဓမ္မောတိ သဒ္ဒီယာ ဝုစ္စတိ ကထာ။ ကထာ ဓမ္မောတိ အတ္ထော။
(ခ) တတ္ထ အနွယ ပဗ္ဗတရောဟဏံဝိယ နိစ္စံ နဟောတီတိ အစ္စရိယံ၊ အယံ တာဝ သဒ္ဒနယော။
(ဂ) အယံ ပန အဋ္ဌကထာနယော -- အစ္ဆရာယောဂ္ဂန္တိ အစ္ဆရိယံ၊ အစ္ဆရံ ပဟာရိတုံ ယုတ္တန္တိ အတ္ထော။
(ဃ) အဘူတပုဗ္ဗံ ဘူတန္တိ အဗ္ဘုတံ။
(င) ဥဘယမ္ပေတံ ဝိမှယဿေဝါ ဓိဝစနံ။
(စ) ယာဝဥ္စိဒန္တိ ယာဝ စ ဣဒံ။
(ဆ) တေန သုပ္ပဋိဝိဒိတတာယ အပ္ပမေယျတံ ဒဿေတိ။
(၅၄၃။ သီဋီသစ်၊၁၉၈။ ပခုဋ္ဌာသျ၊၂၈၀။ ဘာသာဋီကာ၊၂၇၅။ ဂဏ္ဌိ၊ ၁၄၈။)

၁။ (ခ) ကို ပမာပမေထင်စေလျက် တာဝ ၏ အပါဒါန်ထည့်စွက်၍လည်းကောင်း၊
(ဂ) ကို အတ္ထော ၏ သမ္ဗန်ခံ၍လည်းကောင်း အနက်ပေးပါ။
၂။ (ဂ) ကို သာဘောဂပုစ္ဆာထက်၍၊ (င) ကို အနုသန္ဓေတက်ပြပါ။
၃။ (စ) ဝါကျကို စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ (ခ) ဝါကျပါ သဒ္ဒနယော ကို အစိတ် + အပေါင်း ဝစနတ္ထပြု၍၊ အပေါင်းဝစနတ္ထကို သက္ကထုတ်ပြပါ။
၅။ (ဆ) ဝါကျပါ သုပ္ပဋိဝိဒိတတာယ၌ တာ သမ္ဗန်ကို ဖော်ပြ၍ အတ္ထာနုရူပစာစပ်ပြပါ။
၆။ (က) ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ အစ္ဆရိယ အဗ္ဘုတ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

http://www.dhammadownload.com



၈။ ဒသဗလဉာဏ်နှင့် သဗ္ဗညုတဉာဏ်တို့၏ထူးခြားပုံကိုဖော်ပြပါ။

၉။ (ဂ) ဝါကျကို အနက်အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဇာတိတွင် ကြိုက်နှစ်သက်ရာ တစ်ဂါထာစီကုံးပြပါ။

၁၀။ အဇ္ဈတ္တိကံ အဇ္ဈတ္တံ ၌ ဘာဝ ဝိဘာဝ အနုဘာဝ စုံလင်စွာထုတ်ပြပါ။

= = = = = = = = = = = = = = = = = = =

၁။ (ခ) ပမာပမေထင်စေလျက် တာဝ ၏ အပါဒါန်ထည့်၍ အနက်ပေးပုံ။

တတ္ထ၊ အဇ္ဈတ္တိကံ အာဝုသော အစရှိသော ထိုပါဌ်၌။ (သဒ္ဒနယော၊ ကို။ ဝေံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။) အနွယ၊ သူကန်း၏။ ပဗ္ဗတရောဟဏံ၊ တောင်သို့တက်ခြင်းသည်။ နိစ္စံ၊ မြဲသည်။ နဟောတိဝိယ၊ ကဲ့သို့။ တထာ၊ တူ။ ယံမေဓာတံ၊ သည်။ နိစ္စံ၊ သည်။ နဟောတိ၊ ပ။ အယံ၊ သည်ကား။ အဋ္ဌကထာနယတော၊ မှ။ (အပါဒါန်) တာဝ စွာ။ သဒ္ဒနယော၊ တည်း။

(ဂ) ဝါကျ အတ္တော ၏ သမ္မန်ကို အဇ္ဈာရာယောဂနိပ္ဖဒသ၊ ၏။ ဟုခံပါ။

(စ) ဝါကျကို ပါဌသေသစုံလင်စွာထည့်၍ အနက်ပေးပုံ။

ယာဝဥ္စိဒန္တိ၊ ကား။ ဣဒံ အယံနာနာဓိမုတ္တိကတာ။ ဤအထူးထူးသော အလိုနှလုံးသွင်းခြင်းရှိကုန်သည်တို့၏အဖြစ်ကို။ ယာဝစ ယတ္တကံ၊ အကြင်မျှလောက် အတိုင်းအရှည်ရှိသည်သာလျှင်။ သုပ္ပဋိဝိဒိတာ၊ ကောင်းစွာထိုးထွင်း၍ သိတော်မူအပ်ပြီ။ တံသုပ္ပဋိဝိဇ္ဈနံ၊ ထိုကောင်းစွာထိုးထွင်း၍ သိတော်မူတတ်သော သဗ္ဗညုတဉာဏ်တော်သည်။ တွေ့ကမေဝ၊ ဤမျှလောက် အတိုင်းအရှည်ရှိသည် သာတည်း။ ဣတိ၊ သို့။ အမှေဟိ၊ တို့သည်။ ပဋိဝိမ္ဘိတုဉ္စ၊ ဂုဏ်တော်သဘော ချီးမွမ်းပြော၍ အံ့ဩခြင်းငှာလည်းကောင်း၊ အက္ခာတုဉ္စ၊ ဆုံးခန်းတိုင်မြောက်၊ အပြီးရောက်အောင် ချီးမြှောက်ပြောဆိုခြင်းငှာလည်းကောင်း။ နသက္ကာ၊ ချေ။ (ပခုက္ကူသျှ)

◆ ယာဝစ ယတ္တကံ ဣဒံ အယံနာနာဓိမုတ္တိကတာ သုပ္ပဋိဝိဒိတာ၊ တံ "တွေ့ကမေဝါ"တိ နသက္ကာ အမှေဟိ ပဋိဝိဇ္ဈိတုံ အက္ခာတုဉ္စာတိ သပါဌသေသတ္တော။ (သီဋီသစ်၊ ၁၉၈။)

(ဆ) ဝါကျ ဒသေတိ ၏ ကတ္တားကို ဘိက္ခုသံဃော ဟုထည့်။

၂။ (ဂ) သာဘောဂပုစ္ဆာ

ဆရာသည် (ခ) ဖြင့် (သူကန်း၏ တောင်တက်ခြင်း အမှုသည် အမြဲမဖြစ်သကဲ့သို့ အမြဲမဖြစ်သော သဘောသည် အဇ္ဈတ္တိယ မည်၏ဟု) အဇ္ဈတ္တိယ သဒ္ဒါ၏ အနဘိဏှဝုတ္တိကဝါစီရုဋ္ဌိသဒ္ဒါ၏အဖြစ်ကိုလည်းကောင်း၊ ဤဆိုအပ် ပြီးသောနည်း၏ သဒ္ဒါနည်း၏အဖြစ်ကိုလည်းကောင်း ပြဆိုတော်မူ၏။ အဇ္ဈတ္တိယံပုဒ်၌ အနဘိဏှဝုတ္တိကဝါစီရုဋ္ဌိသဒ္ဒါဖြစ်၏ဟူသော သဒ္ဒါနည်းကိုသာ သိအပ်ပါသလော။ အဇ္ဈတ္တိယံ ပုဒ်၌ သဒ္ဒါနည်းမှတစ်ပါး အခြားဖြစ်သင့်သောနည်းကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

အဓိပ္ပါယ်ကား (ဂ) ဝါကျဖြင့် အဇ္ဈာရာယောဂ့ အဇ္ဈတ္တိယံ ဟု ယောဂလောပ၊ (ဝါ) ယောဂတဒ္ဓိတ်၏အစွမ်းဖြင့် အဇ္ဈတ္တိယ မည်၏ဟူသော အဋ္ဌကထာနည်းကိုလည်း ငါပြဆိုပါ၏ ဟူလိုသော်။ (သီဋီသစ် သာဓေ၊ ၆ နံပါတ်မှာရှု။)

(ငါ) အနုသန္ဓေ

ဤသို့ (ခ+ဂ+ဃ) ဝါကျတို့ဖြင့် အဇ္ဈတ္တိယ အဇ္ဈတ္တပုဒ်နှစ်ခု၏ သဒ္ဒတ္ထအဘိဓာနတ္ထ သံဝဏ္ဏနာကိုပြပြီး၍ ယခုအခါ၌ ယင်းပုဒ်နှစ်ခု၏ အရကောက် အဘိဓေယျတ္ထသံဝဏ္ဏနာကိုပြလိုသော ဆရာသည် (ငါ) မိန့်။

http://www.dhammadownload.com



(ဆ) အနုသန္ဓေ

ဤသို့ (စ) ဝါကျဖြင့် ယာဝဋ္ဌိဒံ ကို ယာဝစ+ ဣဒံဟု ပုဒ်ဖြတ်ရမည်ကိုပြဆိုပြီး၍ ယခုအခါ၌ ယင်းယာဝဋ္ဌိဒံပါဠိဖြင့် ပြအပ်သော ဒဿနတ္ထ ကိုပြတော်မူလိုသောဆရာသည်(ဆ)မိန့်။

၃။ (စ) စောဒကာဘောဂါဒီစတုက္ကထုတ်ပုံ။

(က) နနု သံဝဏ္ဏေတဗ္ဗပါဠိယံ ယာဝဋ္ဌိဒန္တိ သာမညေန ဝုတ္တံ။

(ခ) အထ ကသ္မာ ယာဝစ ဣဒန္တိ တယာ သံဝဏ္ဏိတံ။

(ဂ) နနု သန္ဓိဝသေန နိဂ္ဂဟိတာဂမော။ (သီဋီသစ်၊ ၁၉၈။)

(ဃ) တသ္မာ ယာဝစ ဣဒန္တိ မယာ သံဝဏ္ဏိတံ။

၄။ နီယတီတိ နယော၊ (အတ္ထော) သဒ္ဒသတ္ထံ အနုဂတော နယော သဒ္ဒနယော။

သဒ္ဒါကျမ်း၏ +- သဒ္ဒါကျမ်းသို့ အစဉ်လိုက်၍ သိအပ်သော အနက်နှင့် ဌာန + ဌာနီ၊ ဂုဏ် + ဂုဏေး စပ် ဝစနယောတု။

သဒ္ဒါကျမ်းသို့ အစဉ်လိုက်၍ သိအပ်သော အနက်ဖြစ်သည် ဝစနီယ။

သဒ္ဒတ္ထ သဒ္ဒဉာယ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

(တစ်နည်း) နီယတိ အတ္ထော ဧတေနာတိ နယော။ (ဥပါယော)

သဒ္ဒသတ္တေ အာဂတော နယော (အတ္ထဂ္ဂဟဏူပါယော)တိ သဒ္ဒနယော။

သဒ္ဒါကျမ်း၏ + သဒ္ဒါကျမ်း၌လာသော အနက်ကို သိကြောင်းဖြစ်သောအကြောင်းဖြစ်သည် ဝစနီယ။

သဒ္ဒေါပါယ သဒ္ဒဉာယ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထမည်၏။

အမှာ။ ။ အထက်ပါ သဒ္ဒနယပုဒ်၏ အစိတ် + အပေါင်း ဝိဂ္ဂဟအားလုံး သီဋီသစ် ၁၉၈ ၌ လာသည်။ပဌမနည်းအလိုသဒ္ဒနယော၊သဒ္ဒါကျမ်းသို့အစဉ်လိုက်၍သိအပ်သောအနက်တည်း။ ဒုတိယနည်းအလို သဒ္ဒနယော၊ သဒ္ဒါကျမ်း၌လာသော အနက်ကို သိကြောင်းဖြစ်သောအကြောင်း တည်းဟုပေး။

ဝစနတ္ထမှတ်ဘွယ်

ဝိမှယ။ ။ ဝိမှိယတေတိ ဝိမှယော။ ဝိ + မှိ + အ။ (ဘာသာဋီကာ)

(တစ်နည်း) ဝိသေသေန မယိတဗ္ဗောတိ ဝိမှယော။ ဝိ ပုဗ္ဗ + မဟ + ပူဇာယံ၊ ဏျော။ (ဓာတုပစ္စယ ဒီပနီ)

အန္ဓ။ ။ စက္ခုနာ အမတိ ရုဇ္ဇတီတိ အန္ဓော။ (အမ ကို အန္ဓ ပြု။) (ကစ္စည်း)

(တစ်နည်း) အနတိ ဇီဝတိ ဧတေနာတိ အန္ဓော။ အစက္ခုကော။ (ဏွာဒိ)

၅။ (ဆ) သုပ္ပဋိဝိဒိတတာယ ၌ တာ ၏ သမ္ဗန်ကား နာနာဓိမုတ္တိကတာယ ဖြစ်သည်။ ကံ +သမ္ဗန်စာစပ်။

◆ ယာဝဋ္ဌိဒံ တေန ဘဂဝတာ။ ပ။ သမ္မာသမ္ဗုဒ္ဓေန သတ္တာနံ နာနာဓိမုတ္တိကတာ သုပ္ပဋိဝိဒိတာ။ (ပါဠိတော်။ ၂။)

http://www.dhammadownload.com



၆။ (က) သဒ္ဒီယာ ဝုစ္စတိ ကထာ ဖြင့် သဒ္ဒီယာ ပုဒ်ကို သမ္မာ ဒီယတိ ကထီယတီ တိ သဒ္ဒီယာ ဟု ဝစနတ္ထပြု၍ သဒ္ဒီယာ အရ ကထာ ကို ယူရမည်ဟု သိစေ။

✤ သဒ္ဒီယာ ဝုစ္စတိ ကထာ သမ္မာ ဒိယနတော ကထနတော။ (သီဋီသစ်၊ ၁၉၈။)

ကထာ ဓမ္မောတိ အတ္ထော ဖြင့် သဒ္ဒီယဓမ္မော၊ ကောင်းစွာပြောဆိုအပ်သော သဘောသည် ဟု အနက်ယောဇနာရမည်ကို သိစေ။

(ခ) ဝါကျဖြင့် သူကဏ်း၏ တောင်တက်ခြင်းသည် အမြဲမဖြစ်သကဲ့သို့ အမြဲမဖြစ်သော သဘောသည် အစ္စရိယမည်၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ အစ္စရိယ သဒ္ဒါ၏ အနဘိဏှဝုတ္တိကဝါစီရုဠှီ အနိပ္ဖန္နပါဋိပဒိက ပုဒ်၏ အဖြစ်ကိုလည်းကောင်း၊ (နာမလိင်္ဂပဒ + နာမလိင်္ဂတ္ထ) ဤဆိုအပ်ပြီးသောနည်း၏ သဒ္ဒါနည်း၏ အဖြစ်ကိုလည်းကောင်း သိစေ၏။

✤ အနဘိဏှဝုတ္တိကေ အစ္စရိယသဒ္ဒေါ ရုဠှိတော ရုဋ္ဌိဝသေန။ တေနေဝါဟ "အန္ဓဿ ပဗ္ဗတရောဟဏံ ဝိယာ"တိ အာဒိ။ (သီဋီသစ်။ ၁၉၈။)

(တစ်နည်း) (ခ)ဝါကျဖြင့် အစ္စရိယံ ၌ ဆရိယ သဒ္ဒါ၏ နိစ္စအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ အစ္စရိယံ ပုဒ်ကို န + ဆရိယံ အစ္စရိယံဟု မိဿကတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း သိစေပါသည်။ (ဤကား နေရင်းနိဿယအလို။)

(ဂ) ဝါကျ အယံ ပန အဋ္ဌကထာနယောဖြင့် အစ္ဆရာယောဂ္ဂံ ဟူသောနည်းသည် ပေါရာဏအဋ္ဌကထာ၌ လာသောကြောင့် အဋ္ဌကထာနည်း မည်သတည်းဟုသိစေ။ (ဋီသစ်) အစ္ဆရာယောဂ္ဂံ ဖြင့် အစ္ဆရိယံ ပုဒ်ကို အစ္ဆရာ + ယောဂ္ဂံ အစ္ဆရိယံ ဟု ဥတ္တရပဒလောပ တပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊ အစ္ဆရာယောဂ္ဂ ဟူလိုလျက် ယောဂ္ဂသဒ္ဒါကိုချေ၊ အစ္ဆရ ကို အစ္ဆရိယ ပြု၍ ရုပ်ပြီးသည်ကိုလည်းကောင်း သိစေပါသည်။

(တစ်နည်း) အစ္ဆရာယောဂ္ဂံ ဖြင့် အစ္ဆရိယံ ပုဒ်ကို အစ္ဆရာ + ယောဂ္ဂံ အစ္ဆရိယံ ဟု ယောဂ္ဂတဒ္ဓိတ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊ ဏိယ ပစ္စည်း၏ ယောဂ္ဂတဒ္ဓိတ် အနက်၌ သက် - လည်းကောင်း သိစေပါသည်။

✤ အစ္ဆရာယောဂ္ဂံ အစ္ဆရိယံ နိရုတ္တိနယေန ယောဂ္ဂသဒ္ဒဿ လောပတော၊ တဒ္ဓိတဝသေန ဝါ ဏိယပစ္စယဿ ဝိဓိတြဝုတ္တိတော၊ သော ပန ပေါရာဏဋ္ဌကထာယမေဝ အာဂတတ္တာ "အဋ္ဌကထာနယော"တိ ဝုတ္တော။ (သီဋီသစ်။ ၁၉၈။)

အစ္ဆရံ ပဟာရိတုံ ယုတ္တံ ဖြင့် အစ္ဆရာပုဒ်နောင် စတုတ္ထီဝိဘတ် ကျေနေသည်ကို လည်းကောင်း (ဝိဘတ္တိပဒ) အစ္ဆရ သဒ္ဒါ၏ အစ္ဆရပဟာရ အနက်ဟော - လည်းကောင်း၊ ယောဂ္ဂ သဒ္ဒါ၏ ယုတ္တအနက်ဟော - လည်းကောင်း သိစေပါသည်။

(ဃ) ဝါကျဖြင့် အဗ္ဘုတံ ၌ နပုဒ် + ဘူတပုဒ်။ ဘူတပုဒ်၌ တ ပစ္စည်း၏ အတိတ်ကတ္တုသာဓန အနက်၌ - လည်းကောင်း၊ အဘာဝိတ္ထာတိ ဘူတံ ဟုပြု - လည်းကောင်း၊ န + ဘူတံ အဗ္ဘုတံ ဟု မိဿကတပ္ပုရိသ်ပြု - လည်းကောင်း၊ အဘူတ ဟူလိုလျက် ဗ လာ၊ ဦ ကို ဥ ပြု၍ အဗ္ဘုတ ဟုပြီးနေသည်ကိုလည်းကောင်း သိစေပါသည်။ (သီဋီသစ် + ဘာသာဋီကာ အာဘော်) (တစ်နည်း) (ဃ) ဝါကျ အဘူတပုဗ္ဗံ ဖြင့် အဘူတံ ကို န + ဘူတံ အဘူတံဟု မိဿကတပ္ပုရိသ်ပြု - လည်းကောင်း၊ ဘူတံ ၌ တ ပစ္စည်း၏ အတိတ်ကတ္တုသာဓန အနက်၌သက် - လည်းကောင်း၊ အဘာဝိတ္ထာတိ ဘူတံ ဟုပြု -- လည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



အဘူတပုဗ္ဗံ ဘူတံ ဖြင့် အဗ္ဘုတံ ကို အဘူတံ + ဘူတန္တိ အဗ္ဘုတံ ဟု ဥတ္တရပဒလောပ ကမ္မဓာရယ်သမာသ်ဝစနတ္ထပြု - လည်းကောင်း။ အဘူတဘူတ ဟူလိုလျက် ဘူတ တပုဒ်ကျေ၊ ဗ လာ၊ ဦ ကို ဥ ပြု၍ ပြီးသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (နေရင်းသျှအာဘော်။)

◆ ပုဗ္ဗေ အဘူတန္တိ အဘူတပုဗ္ဗံ၊ တေေန န ဘူတံ အဘူတန္တိ နိဗ္ဗစနံ ဘူတသဒ္ဒဿစ အတီတတ္ထံ ဒဿေတိ။ (သီဋီသစ်။ ၁၉၈။)

(င) ဝါကျဖြင့် အစ္ဆရိယ အဗ္ဘုတ နှစ်ပုဒ်အရ ဝိမှယကိုယူဟု သိစေသည်။

(စ) ဝါကျဖြင့် သန္ဓိလိင်ပဒ -- သိစေပါသည်။

၇။ အစ္ဆရိယ အဗ္ဘုတ တို့၏ နိရုတ္တိနည်း ရုပ်ပြီးပုံ (၆) နံပါတ်၌ ပါပြီးဖြစ်သည်။

၈။ ဒသဗလဉာဏ်နှင့် သဗ္ဗညုတဉာဏ် တို့၏ ထူးခြားပုံ

ဒသဗလဉာဏ်သည် မိမိ၏ ကိစ္စကိုသာ သိသည်။

သဗ္ဗညုတဉာဏ်သည်ကား ဒသဗလဉာဏ်ကိစ္စကိုလည်း သိသည်။ ထိုမှတပါး ကြွင်းသော ကိစ္စကိုလည်း သိသည်။ ဤသို့ထူးသည်။ (သီဋီသစ်။ ၂၀၄။)

၉။ အာရောဟကံ ယထာ နိစ္စံ၊ အန္ဒဿ ပဗ္ဗတဿစ။

န ဟောတီတိ အစ္ဆရိယံ၊ တာဝ သဒ္ဒနယော အယံ။ (တတိယဘာကာရဝိပုလာဂါထာ)

၁၀။ အစ္ဆရိယံ အဗ္ဘုတံ ၌ ဘာဝါလက်ာရထုတ်ပုံ --

✝ ဘုရားရှင်ကိုလွှန်ကဲစွာကြည်ညို၍ တအံ့တသြဖြစ်နေကြသော ရဟန်းငါးရာတို့၏ သန္တာန်၌ သဒ္ဓါ ပီတိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဝိမှယဌာယီဘာဝ အဗ္ဘုတရသ။

✝ ဘုရားရှင်သည် --- အာရမ္မဏဝိဘာဝ။

✝ ဘုရားရှင်၏ သတ္တဝါတို့၏ နာနာဓိမုတ္တိကာ၏ အဖြစ်ကိုသိမှုသည်လည်းကောင်း၊ အရဟံ စသောဂုဏ်တော်များသည်လည်းကောင်း၊ ရဟန်းတို့၏ ယောနိသောမနသိကာရ စသည်သည် လည်းကောင်း --- ဥဒ္ဒီပနဝိဘာဝ။

✝ မမံဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံအစရှိသော ဒေသနာတော်ကို နာယူရခြင်း စသော အကျိုးအဆက်ဆက်သည် --- အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

## ဝါကျဥယျာဉ် (၂၈)

(က) ယေနာတိ ယေန ဒိသာဘာဂေန သော ဥပသင်္ကမိတဗ္ဗော။

(ခ) ဘုမ္မတ္ထေ ဝါ တေ ကရဏဝစနံ။

(ဂ) ယသ္မိံပဒေသေ သော မဏ္ဍလမာဠော၊ တတ္ထ ဂတောတိ အယမေတ္ထ အတ္ထော။

(ဋ။ ၄၉။ သီဋီသစ်။ ၂၁၁။ ပဉ္စက္ကျ။ ၂၉၈။ ဘာသာဋီကာ။ ၁၀၂။ ဇဋ္ဌိ။ ၁၅၃။)

http://www.dhammadownload.com



၁။ (ခ) ကိုသာ ဆရာနည်းစုံလင်စေလျက် ကျနစွာ အနက်ပေးပါ။
၂။ (ခ) ဝါကျကို သာဘောဂပုစ္ဆာတက်၍၊ (ဂ)ဝါကျကို အနုသန္ဓေတက်ပြပါ။
၃။ (ခ၊ဂ) ဝါကျတို့ကို စောဒကာဘောဂါဒိစတုက္က ထုတ်ပါ။
၄။ ဒိသာဘာဂေန ၌ ဒိသာ ကို ဝိဂ္ဂဟပြု၍ ဝစနာဒိသက္ကထုတ်ပါ။
၅။ (ခ) ဝါကျ၌ ကရဏဝစနံ ကို ဟိတ်ပြင်၍၊ ယင်း၏သမ္ဗန်ကို ခံပြီး၊ အတ္ထာနုရူပစာစပ်ပါ။
၆။ (ဂ) ဝါကျကိုသာ အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဘုမ္မတ္ထေ ၌ ဘုမ္မ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ ယေန မင်္ဂလမာဠော တေနုပသင်္ကမိ ဟူသောပါဠိတော်၌ ယေန တေနဝယ် နာဝိဘတ်၏ ကရဏတ္ထ ဘုမ္မတ္ထမှတပါး အခြားဖြစ်နိုင်သော အနက်တစ်မျိုးကို ဖော်ပြ၍၊ ယင်းအနက်အားလျော်စွာ ပါဠိတော်ကို အနက်ပြန်ဆိုခဲ့ပါ။
၉။ (ခ၊ဂ) ဝါကျလာစကားရပ်များကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဇာတိ တစ်မျိုးမျိုးစီကုံးပြပါ။
၁၀။ ပါဠိတော် "ဥပသင်္ကမိ" ၌ ဓာတွတ္ထကို ရှု၍ ဘာဝ ဝိဘာဝ အနုဘာဝ စုံလင်စွာထုတ်ပြပါ။

==================

၁။ (ခ) ဆရာနည်းကျအနက်ပေးပုံ

ဝါ၊ တစ်နည်းကား။ တေပဒဒွယံ၊ ဤယေန တေန ဟူသော ပုဒ်နှစ်ပါး အပေါင်းသည်။ ဘုမ္မတ္ထေ၊ ၌။ ကရဏဝစနံ၊ ကရိုဏ်းဝိဘတ်ရှိသော ပုဒ်တည်း။ (တစ်နည်း၊) တေဝစနံ၊ ယ တ သဒ္ဒါနောင်သက်အပ်သော ဤဝိဘတ်သည်။ ဘုမ္မတ္ထေ။ ၌။ ဝိဟိတံ၊ စီရင်အပ်သော။ ကရဏဝစနံ၊ တည်း။ (ပခုက္ကူနိသျ။ ၂၉၈။)

* တေမလွဲ၊ ဝိဘတ်စွဲမူ၊ ထင်အောင်ဝိဘတ်မှတ်၍ ပေးမြဲ။
ပုဒ်စွဲရှိက၊ အဿတ္ထိအနက်ထွက်အောင် သမ္ဗန်မြဲ။ ။ (ဘုရားကြီး)

၂။ (ခ) သာဘောဂပုစ္ဆာ

ဆရာ သည် (က)ဖြင့် ယေန ၌ နာဝိဘတ်သည် ကရိုဏ်းအနက်၌သက် ၏ဟု ဖွင့်ပြဆို၏။ ယေန ၌ နာဝိဘတ်သည် ကရိုဏ်း အနက်၌သာ သက်ပါသလော။ အဘယ်အနက်၌ သက်နိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ခ) မိန့်။
အဓိပ္ပါယ်ကား ဘုမ္မတ္ထ ၌ လည်း သက်နိုင်ပါသေး၏ ဟူလို။

(ဂ) အနုသန္ဓေ

ဤသို့ (ခ) ဝါကျဖြင့် ယေန ၌ နာဝိဘတ်သည် ဘုမ္မတ္ထ၌ သက်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းဘုမ္မတ္ထအားလျော်စွာ အတ္ထယောဇနာနှင့် ပဒပိဏ္ဍတ္ထအကျယ်ကို ပြလိုသော ဆရာသည် (ဂ)မိန့်။

၃။ (ခ-ဂ) ဝါကျ စတုက္ကထုတ်ပုံ

(က) နနု ပါဠိယံ ယေန တေနာတိ ကရဏဝစနေန ပါဌော ဒိဿတိ။
(ခ) အထ ကသ္မာ ယသ္မိံ ပဒေသေ သော မင်္ဂလမာဠော၊ တတ္ထ ဂတောတိ အယမေတ္ထ အတ္ထော (ဒဋ္ဌဗွော)
(ဂ) နနု ဘုမ္မတ္ထေ တေ ကရဏဝစနံ။
(ဃ) တသ္မာ ယသ္မိံ ပဒေသေ။ ပ။ အယမေတ္ထ အတ္ထော။ (ဒဋ္ဌဗွော။)

http://www.dhammadownload.com



၄။ ဒိဿတိ ပညာယတီတိ ဒိဿာ။
ထင်ရှားခြင်း ကြိယာသကတ်သည် ဝစနဟောတု။
အရပ်မျက်နှာဖြစ်သည် ဝစနီယ။
ဒေသ ပဒေသ ဝိသယ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ ကရဏဝစန် + ကို ကရဏဝစနတ္ထာ ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို တေသ(ယေနတေနာတိပဒဒ္ဒယဿ) ပုံခံ။ ကတ္တား + သမ္ဗန်စပ်။

၆။ (က) ဒိသာဘာဂေန ဖြင့် ယေန ၌ ယ သဒ္ဒါ၏ ဒိသာဘာဂကို စွဲယူ -- လည်းကောင်း။ နာဝိဘတ်၏ ကရိုဏ်းအနက်၌သက် -- လည်းကောင်း သိစေပါသည်။

သော ဖြင့် ယေန မင်္ဂလမာဠော ၌ မင်္ဂလမာဠ ဟူသည် ဆိုခဲ့ပြီးသော ရဟန်းတို့ စည်းဝေးရာ မင်္ဂလမာဠ ပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေသည်။

ဥပသက်မိတဗ္ဗော ဖြင့် ယေန မင်္ဂလမာဠော ဟူသော ပါဠိတော်၌ ယေနပုဒ် မင်္ဂလမာဠော ပုဒ်တို့နောင် ဥပသက်မိတဗ္ဗော ဟူသော ပါဌသေသကြိယာထည့်စွက်၍ အနက်သမ္ဗန် ရမည်ကိုလည်းကောင်း၊ (သမ္ဗန္ဓ၊ ဘာဝတ္ထ) မင်္ဂလမာဠော ၌ ပဌမာဝိဘတ်၏ ဝုတ္တကံ အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ (ဝိဘတျတ္ထ) သိစေပါသည်။

(ခ) ဝါ ဖြင့် နယန္တရဇောတကအဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

ဘုမ္မတ္ထေ တေ ကရဏဝစနံ ဖြင့် ယေန ၌ နာဝိဘတ်သည် ဘုမ္မတ္ထ ၌ သက်၏ဟု သိစေပါသည်။

(ဂ) ယသ္မိံ ပဒေသေ သော မင်္ဂလမာဠော ဖြင့် ယေန ၌ ယ သည် ပဒေသကိုစွဲယူ - လည်းကောင်း၊ နာ ဝိဘတ်၏ ဘုမ္မတ္ထ၌ သက် - လည်းကောင်း၊ မင်္ဂလမာဠ ဟူသည်ဆို ခဲ့ပြီးသော ရဟန်းတို့ စည်းဝေးရာ မင်္ဂလမာဠပင်တည်း ဟူသောအဓိပ္ပါယ်ကို လည်းကောင်းသိစေပါသည်။

တတ္ထ ဂတော ဖြင့် တေနုပသင်္ကမိ ၌ တေန ဝယ် နာဝိဘတ်၏ ဘုမ္မတ္ထ ၌ သက် - လည်းကောင်း။ (တိ) ဥပယောဂတ္ထ၌ သက် - လည်းကောင်း။ ဥပသင်္ကမိ ၌ ဥပ + သံ ဥပသာရ ပုဒ် တို့၏ ဓာတွတ္ထာနုဝတ္တက အဖြစ်ကိုလည်းကောင်း၊ ကမုဓာတ်၏ ပဒဝိက္ခေပန (ဂတိ) အနက်ဟော - လည်းကောင်း၊ ဥပသင်္ကမန အရ သွားပြီး၍ ကပ်ရောက်ခြင်း ဥပဂမနကို မယူရ၊ သွားဆဲဂမနကိုယူ - လည်းကောင်း၊ ဥပသင်္ကမိ ၌ အဇ္ဇတ္တနီ ဤဝိဘတ်၏ ပစ္စုပ္ပန် ကာလ အနက်၌ သက် - လည်းကောင်း (ဒု ဝိဘတျတ္ထ) သိစေပါသည်။

◆ ဥပသင်္ကမီတိ စ ဥပသင်္ကမန္တောတိအတ္ထော ပစ္စုပ္ပန္နကာလဿ အဓိပ္ပေတတ္တာ။
◆ ဥပသင်္ကမနဿစ ဂမနံ ဥပဂမနဉ္စာတိ ဒွိဓာ အတ္ထော၊ ဣဓ ပန ဂမနမေဝ။ (သီဋီသစ်။ ၂၁၁။)

၇။ ဘုမ္မကား ဘူ + မ။ မ ဒွေဘော်လာ၊ ဘူ ၌ ဦ ကို ဥ ပြု၍ ပြီးသည်။

၈။ ယေန တေန ၌ နာဝိဘတ်များသည် အဋ္ဌကထာတိုက်ရိုက်လာသည့် ကရဏတ္ထ ဘုမ္မတ္ထမှတစ်ပါး ယေတွတ္တ၌လည်း သက်နိုင်ပါသည်။ ယင်းသို့ နာဝိဘတ်ကို ဟေတွတ္တ၌ သက်ခိုက် "ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ ဘဂဝတာ၊ သည်။ သော မင်္ဂလမာဠော၊ ထိုစည်းဝေးရာဇရပ်သို့။ ဥပသင်္ကမိတဗ္ဗော၊ ချဉ်းကပ်အပ်၏။ တေနကာရဏေန၊ ကြောင့်။ ဥပသင်္ကမိ၊ ချဉ်းကပ်တော်မူပြီ။ ဟု အနက်ပြန်ရမည်။

http://www.dhammadownload.com



◆ အပိစ ယေနာတိ ယေတုမှိ ကရဏဝစနံ။ ယေန ကာရဏေန ဘဂဝတာ သော မင်္ဂလမာဌွော ဥပသင်္ကမိတဗ္ဗာ၊ တေန ကာရဏေန ဥပသင်္ကမီတိအတ္ထော။ (သီဋီသစ်။ ၂၁၁။)

၉။ ဘုမ္မတ္ထေ ကရဏံ တံ ဝါ၊ ယသ္မိံ မင်္ဂလမာဌွော သော။
တတ္ထ ဂတောတိ ယံ ထ္တေ၊ အတ္ထော ယောတွေဝ ဒဋ္ဌဗ္ဗော။ (ဝတ္ထဂါထာ)

၁၀။ "ဥပသင်္ကမိ ၌ ဓာတွတ္ထကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပုံ"

- ✝ ဥပ + သံ + ကမု ဓာတ်အရ ဘုရားရှင်၏ ဉာဏ် ဝီရိယ ပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မဥဿာဟဌာယိဘာဝ + ဓမ္မဝီရ ရသ။
- ✝ ရဟန်းတို့စည်းဝေးရာ မင်္ဂလမာဋသည်လည်းကောင်း၊ စည်းဝေးနေထိုင်ကြသော ရဟန်း ပရိသတ်သည်လည်းကောင်း အာရမ္မဏဝိဘာဝမည်၏။
- ✝ ရဟန်းပရိသတ်တို့၏ သဗ္ဗညုတဉာဏ်တော်အကြောင်းကို ချီးမွမ်းပြောဆိုနေမှုသည်လည်း ကောင်း၊ ဘုရားရှင်၏ မဟာကရုဏာဉာဏ်တော် စသည်သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ မည်၏။
- ✝ ဘုရားရှင် မင်္ဂလမာဋသို့ ကြွရောက်ပြီး ရဟန်းတို့အား တရားဟောကြားခြင်း၊ မြဲဗြဟ္မဇာလ သုတ္တန်ဒေသနာတော်ကြီးပေါ်ပေါက်လာခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝ မည်၏။

✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲

## ဝါကျဥယျာဉ် (၂၉)

(က) တံ သန္ဓာယ ဝုတ္တံ "ပညတ္တေ အာသနေ နိသီဒီ"တိ။
(ခ) ဧဝံ နိသိန္နော ပန ဇာနန္တောယေဝ ကထာသမုဋ္ဌာပနတ္ထံ ဘိက္ခူ ပုစ္ဆိ။
(ဂ) တေ စဿ သဗ္ဗံ ကထယိံသု။
(ဃ) တေန ဝုတ္တံ "နိသဇ္ဇ ခေါ ဘဂဝါ"တိ အာဒိ။
(င) တတ္ထ ကာယနုတ္တာတိ ကတမာယ နု ကထာယ သန္နိသိန္နာ ဘဝထာတိအတ္ထော။
(၄။ ၄၉။ သီဋီသစ်။ ၂၁၂။ နေရင်း။ ၁၆၇။ ပခုက္ကူ။ ၃၀၁။ ဘာသာဋီကာ။ ၃၀၆။)

၁။ (က)ဝါကျကို သန္ဓာယ ဝုတ္တံပုဒ်တို့၏ ကတ္တားထည့်စွက်၍ (ဃ)ဝါကျ၌ ဝုတ္တံ ကတ္တားထည့်၍ သဒ္ဒအာကာရန္တောကရဏနည်းဖြင့် အနက်ပေးပါ။
၂။ (ဃ)ဝါကျကို သာဘော ပုစ္ဆာတက်ပါ။
၃။ (ခ)ဝါကျကို ဓောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။
၄။ (က)ဝါကျ၌ အာသနေပုဒ်ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္ကထုတ်ပါ။
၅။ (ခ)ဝါကျ၌ ကထာသမုဋ္ဌာပနတ္ထံ ကို ယိတ်ပြင်၍ သမ္ဗန်ခံပြီး စာစပ်ပြပါ။
၆။ (င)ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ ကာယနောတ္တ ဟူသော ပုဒ် ဝ္ဂတိဟ မေ ဟူသောပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုပြပါ။

http://www.dhammadownload.com



၈။ ပညာ့ထွေအာသနေ နိသိဖိ႑ ရဟန်းတို့တွင် ခင်းစရာအင်းဖျဉ် စသည်မရှိခဲ့သော်အဘယ်အရာဝတ္ထုကို ခင်းရမည်နည်း။

၉။ (ခ+ဂ) ဝါကျတို့ကို ဝတ္တမျိုးဂါထာစီ၍ ဂါထာအမည် သန်းအမည် ပေးပါ။

၁၀။ (ဃ) ဝါကျ ဝုတ္တံ ၌ အန္တတ္ထကို ကိုယ်ပြု၍ ဘာဝ ဝိဘာဝ အနုဘာဝ စုံလင်စွာထုတ်ပါ။

===================

၁။ (က) ဝါကျ ဝုတ္တံ၏ ကတ္တားကို အာယသ္မတာ အာနန္ဒတ္ထေရေန (သို့) သင်္ဂီတိကာရေဟိဟုထည့်။ သန္တာယ၏ ကတ္တားလည်းနည်းတူ။

(ဃ) ဝါကျ ဝုတ္တံ၏ ကတ္တားလည်း နည်းတူပင်။ (ဘာဋီ၊ ၃၀၆။)

၂။ (ဃ) ဝါကျ သာဘာဂပုစ္ဆာ

ဆရာသည် (ခ+ဂ) ဝါကျတို့ဖြင့် "မြတ်စွာဘုရားသည် သိတော်မူလျက်သာလျှင် စကားကို ဖြစ်စေခြင်းအကျိုးငှာ ရဟန်းတို့ကို မေးတော်မူ၏။ ရဟန်းတို့သည်လည်း ဖြစ်ပုံအခြင်းအရာ အလုံးစုံကို မြတ်စွာဘုရားအား လျှောက်ကြကုန်ပြီ" ဟု ဆို၏။ ယင်းသို့ အမေးအဖြေပြုသဖြင့် အဘယ်သို့သော အကျိုးဂုဏ်ကို ရအပ်ပါသနည်း။ တစ်စုံတစ်ခုသောအကျိုးကိုမရဟု မှတ်ရမည်လော။ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။

၃။ (ခ) ဝါကျ စတုက္က

(က) နနု နိသိန္နော (ဘဂဝါ) ဇာနန္တောယေဝ ပေါတိ၊

(ခ) အထ ကသ္မာ ဘိက္ခူ ပုစ္ဆိ၊

(ဂ) နနု ကထာသမုဋ္ဌာပနတ္ထံ ပေါတိ၊

(ဃ) တသ္မာ ဘိက္ခူ ပုစ္ဆိ၊

၄။ အာသတိ ဌောတိ အာသနံ၊ (ဌ၊ ၁၈၇။)

နေခြင်းကြိယာသကတ်သည် ဝစနပေါတု၊

နေရာဖြစ်သော ညောင်စောင်းအင်ပျဉ် စသည်သည် ဝစနီယ၊

မဥ္စ ပီဌ စသော ပရိယာယ်သဒ္ဒါ ဝစနီယတ္ထ၊

၅။ ကထာသမုဋ္ဌာပနတ္ထံ = ကို ကထာသမုဋ္ဌာပနတ္ထာ ဟုဟိတ်ပြင်ရမည်။

ယင်း၏သမ္ဗန်ကား နိသိန္နသ ဘဂဝတော ဖြစ်သည်။ ကတ္တား + သမ္ဗန်စပ်။

ဘာဝသမ္ဗန်ကားကထာသမုဋ္ဌာပနသ ဖြစ်သည်။

လာသမ္ဗန်ကား နိသိန္နသ ဘဂဝတော ဖြစ်သည်။

ဘာဝယောဂပုဒ်၏ ဝစ္စတ္ထကား ကတ္တုဋ္ဌ ဖြစ်သည်။

၆။ ဝါကျဥယျာဉ် (၁၅)၌ ဖြေပြီး။

၇။ ကာယနော့တ္ထကို ကာယ + န + အတ္ထဟု ပုဒ်ခွဲ။ နောက် အသရချေ၊ ဥကို ပြုပြု၍ ပြီးသည်။ (ဘာသာဋီကာ။ ၃၀၇။)

http://www.dhammadownload.com



ဏှတိပာမေ ကို ဏှတိပာ + ဏှမေ ဟုပုဒ်ဖြတ်၊ ဏှမေမှ ဏှ ကို ချေ၍ ပြီးသည်။
◆ ဏှတိပာမေတိ ဏှတိပာ ဏှမေ။ (၄၊ ၄၅။)

၈။ ရဟန်းတို့တွင် ခင်းစရာအင်းပျဉ်မရှိခဲ့သော် သစ်ရွက်ဟောင်းကိုစုပုံ၍ ထိုသစ်ရွက်ဟောင်းပေါ်၌ ပံသုကူသင်္ကန်းကို ဖြန့်ခင်းရမည်။ (၄၊ ၄၉။)

၉။ နိသိန္နော ဘဂဝါ ဘိက္ခူ၊ ဇာနန္တောယေဝ ပုစ္ဆတိ။
ကထာသမုဋ္ဌာပနတ္ထံ၊ သဗ္ဗညုသ လပိသု တေ။ (တတိယရ-ကာရဝိပုလာ)

၁၀။† (ဃ) ဝါကျ ၀ုတ္တံ ၌ အန္တတ္တအရ အရှင်အာနန္ဒာ၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ဓမ္မရကိဋ္ဌာယိဘာဝ + ဓမ္မသိဂါရ ရသ၊
† နိသဇ္ဇခါ ဘဂဝါ စသော မနသာဝဝတ္တပိတဒေသနာတော်သည် အာရမ္မဏဝိဘာဝ၊
† ယင်းဒေသနာတော်၏ သာတ္တ သဗ္ဗဥ္ဉုန စသော ဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ၊
† ယင်းသို့ ဟောသဖြင့် ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို သိရခြင်းစသည်သည် အနုဘာဝ၊

*********************

## ဝါကျဥယျာဉ် (၃၀)

(က) ဏှဒါနိ "မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ"န္တိ အာဒိနာ နယေန ဘဂဝတော နိက္ခိတ္တဿ သုတ္တဿ ဝဏ္ဏနာယ ဩကာသော အနုပ္ပတ္တော။
(ခ) သာပနေသာ သုတ္တဝဏ္ဏနာ ယသ္မာ သုတ္တနိက္ခေပံ ဝိစာရေတွာ ဝုစ္စမာနာ ပါကဋာ ဟောတိ၊ တသ္မာ သုတ္တနိက္ခေပံ တာဝ ဝိစာရယိဿာမ။
(ဂ) စတ္တာရော ဟိ သုတ္တနိက္ခေပါ အတ္တဇ္ဈာသယော ပရဇ္ဈာသယော ပုစ္ဆာဝသိကော အဋ္ဌုပ္ပတ္တိကောတိ။
(၄၊ ၅၀။ သီဋီသစ်၊ ၁။ ၂၁၈။ နေရင်း၊ ၁၈၀။ ပဒုက္ကာ၊ ၃၀၆။ ဘာသာဋီ၊ ၃၁၅။)

၁။ (ခ) ဝါကျကို တ သဗ္ဗနာမ်အစွဲမှန်ကန်စေလျက် တာဝ ၏အပါဒါန် သမ္ဗန်ထည့်စွက်၍ အနက်ယောဇနာပါ။
၂။ (ခ) ဝါကျ သာဘောဂါယုတ္တပုစ္ဆာ၊ (ဂ) အနုသန္ဓေတက်ပါ။
၃။ (က+ခ) ဝါကျတို့ကို စောဒကာဘောဂါဒီစတုက္က ထုတ်ပါ။
၄။ အဋ္ဌုပ္ပတ္တိကော ၌ အတ္တကို ဝစနတ္ထပြု၍ သဒ္ဒတ္ထထုတ်ပါ။
၅။ ဝုစ္စမာနာ ကို ဝုစ္စမာနတ္တာ ဟုဟိတ်ပြင်က ယင်း၏ဖြစ်သင့်သော သမ္ဗန်ကို ဖော်ပြ၍ အတ္တာနုရူပစာစပ်ပါ။
၆။ အန္တရာကထာတိ ကမ္မဋ္ဌာနမနသိကာရဥဒ္ဒေသပရိပုစ္ဆာဒီနံ အန္တရာ အညာ ကော ကထာ (၄၊ ၅၀။) ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ အဋ္ဌုပ္ပတ္တိ ပါကဋ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။

http://www.dhammadownload.com



၈။ သုတ်တို့သည် ရာထောင်မက များစွာရှိကြပါလျက် အဘယ့်ကြောင့် ဇတ္တာရော ဟိ သုတ္တနိက္ခေပါ ဟု အဋ္ဌကထာဆရာဆိုပါသနည်း။

၉။ န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊ န စန္ဒနံ တဂ္ဂရမလ္လိကာ ဝါ။
သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊ သဗ္ဗာဒိသာ သပ္ပုရိသော ပဝါယတိ။ (၄၂၅၆။) ကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။

၁၀။ သတဉ္စ ဂန္ဓော အရကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပါ။

= = = = = = = = = = = = = = = = = = = =

၁။ တသ္မာ၊ ထို့ကြောင့် သုတ္တနိက္ခေပကို စီစစ်၍ ဆိုအပ်သည်ရှိသော် ထင်ရှားသည်၏ အဖြစ်ကြောင့်။ သုတ္တဝဏ္ဏနာယ၊ သုတ်ကို ဖွင့်ရာ ကာလမှ (အပါဒါန်) သုတ္တဝဏ္ဏနာယ၊ သုတ်ကို ဖွင့်ရာ ကာလ၏။ (သမ္ဗန်) တာဝ၊ ရှေဦးစွာ။ (ပခုက္က၊ ၃၀၆။)

**တာဝသဒ္ဒါ၏ အတ္ထုဒ္ဒါရ**

ပဌမတ္ထေ ကမတ္ထေစ၊ ဝတ္တဗ္ဗန္တရ ပေက္ခနေ။
အနုညာတေ တေသွတ္ထေသု၊ တာဝသဒ္ဒေါ ပဝတ္တတိ။ (မဏိမဉ္ဇူ၊ ၁။ ၃၀။)

* ပဌမံ တာဝ၊ ရှိလတ်ကမူ၊ အပါဒါန်နှင့်၊ သမ္ဗန်အနေ၊ လာအမြဲပေ။ (တိပိဋက။ ၃၀။)

၂။ (ခ) ဝါကျ သာဘောဂါယုတ္တပုစ္ဆာ

ဆရာသည် (က) ဝါကျဖြင့် ယခုအခါ၌ မမံဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ စသော နည်းဖြင့် မြတ်စွာဘုရားသည် ဟောကြားအပ်သော သုတ်ကို ဖွင့်ခြင်းငှာ (ဝါ) ဖွင့်ခြင်း၏ အခွင့်သည် အစဉ်ရောက်လာပြီဟု ဆို၏။ (နိဒါန်းကို ဖွင့်ပြီးသောအခါ) ပါဠိတော်သုတ်ရင်းကိုသာ ဖွင့်သင့်သည်မဟုတ်ပါလော၊ အဘယ့်ကြောင့် သုတ္တနိက္ခေပကို စီစစ်နေရပါသနည်း (ဝါ) သုတ္တနိက္ခေပကို ရှေဦးစွာ စီစစ်ကုန်အံ့ဟု ဆရာဆိုပါသနည်း၊ စုဒ်ကြောင့် (ခ) ဝါကျမိန့်။

အဓိပ္ပါယ် ကား(ခ)ဝါကျဖြင့် သုတ္တနိက္ခေပကို စီစစ်၍ ဖွင့်ပြသည်ရှိသော် သုတ်အဖွင့်၏ (ဝါ) သုတ်ကို ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာ၏ ထင်ရှားသည်၏ အဖြစ်ကြောင့် (သုတ်အဖွင့်မှ ရှေဦးစွာ) သုတ္တနိက္ခေပကို စီစစ်ကုန်အံ့ဟု ငါဆိုပါ၏ဟူလို။ (ဘာသာဋီ၊ ၃၁၆။)

◆ နနု သုတ္တမေဝ သံဝဏ္ဏိယတီတိ အာဟ "သာ ပနေသာ"တိ အာဒိ။ (သီဋီသစ်)

**(ဂ) ဝါကျ အနုသန္ဓေ**

ဤသို့ (ခ) ဝါကျဖြင့် သုတ်ကို မဖွင့်မီ ရှေဦးစွာ သုတ္တနိက္ခေပကို စီစစ်ကုန်အံ့ဟု ဆိုပြီး၍ ယခုအခါ၌ သုတ္တနိက္ခေပ ကို သရုပ်ထုတ်၍ ချဲ့ပြလိုသော ဆရာသည် (ဂ)မိန့်။

၃။ (က+ခ) စတုက္ကထုတ်ပုံ

(က) နနု ဣဒါနိ မမံ ဝါ(ပ) အနုပ္ပတ္တော၊
(တစ်နည်း၊) နနု သုတ္တမေဝ သံဝဏ္ဏိယတိ။(သီဋီသစ်)

(ခ) အထ ကသ္မာ သုတ္တနိက္ခေပံ တာဝ ဝိစာရယိဿာမာတိ ဝုတ္တံ၊

(ဂ) နနု သာသော သုတ္တဝဏ္ဏနာ သုတ္တနိက္ခေပံ ဝိစာရေတွာ ဝုစ္စမာနာ ပါကဋာ ဟောတိ။

(ဃ) တသ္မာ (ပ) ဝုတ္တံ။

http://www.dhammadownload.com



၄။ အရိယတေ အဝဂမီယတေတိ အတ္ထော၊ (သီဋီသစ်။)
သိခြင်းကြိယာသကတ်သည် ဝစနဟေတု၊
(သုတ္တန်ဒေသနာ၏) အကြောင်း ဝတ္ထုသည် ဝစနိယ၊
သုတ္တဒေသနာဝတ္ထု , ကာရဏစသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ၊

ဋီကာ ဝစနတ္ထများ

နိက္ခိပနံ ကထနံ နိက္ခေပေါ၊ သုတ္တဿ နိက္ခေပေါ သုတ္တနိက္ခေပေါ။
နိက္ခိပီယတီတိ ဝါ နိက္ခေပေါ၊ သုတ္တမေဝ နိက္ခေပေါ သုတ္တနိက္ခေပေါ။
အတ္တနော အဇ္ဈာသယော အတ္တဇ္ဈာသယော။
အတ္တဇ္ဈာသယော အဿ အတ္ထီတိ အတ္တဇ္ဈာသယော။ (အဿတ္ထိ)
အတ္တနော အဇ္ဈာသယော ဧတဿာတိ ဝါ အတ္တဇ္ဈာသယော (ဧတုတ္တိဗဟုဗ္ဗီဟိ)
ပရေသံ အဇ္ဈာသယော ပရဇ္ဈာသယော။
ပရေသံ အဇ္ဈာသယော ဧတဿာတိ ဝါ ပရဇ္ဈာသယော။
ပုစ္ဆာယ ဝသော ပုစ္ဆာဝသော၊ ပုစ္ဆာဝသော အဿ အတ္ထီတိ ပုစ္ဆာဝသိကော။
အရိယတိ အဝဂမိယတီတိ အတ္ထော၊ (သုတ္တဒေသနာယ ဝတ္ထု)
အတ္ထဿ ဥပ္ပတ္တိ အတ္ထုပ္ပတ္တိ။ အတ္ထုပ္ပတ္တိဝေ အဋ္ဌုပ္ပတ္တိ။
အဋ္ဌုပ္ပတ္တိ အဿ အတ္ထီတိ အဋ္ဌုပ္ပတ္တိကော။

တစ်နည်း ။ ။ (အပိစ) နိက္ခိပီယတိ သုတ္တံ ဧတေနာတိ နိက္ခေပေါ၊
အတ္တနော အဇ္ဈာသယော အတ္တဇ္ဈာသယော။
ပရေသံ အဇ္ဈာသယော ပရဇ္ဈာသယော။
ပုစ္ဆီယတီတိ ပုစ္ဆာ။ (ပုစ္ဆိတဗ္ဗော အတ္ထော ရ၏။)
ပုစ္ဆာယ ဝသေန ပဝတ္တံ ပုစ္ဆာဝသိကံ။ (ပဝတ္တတဒ္ဓိတ်)
(မေ့ပဋိဂ္ဂါဟကာနံ ဝစနံ ရ၏။)
အတ္ထဿ ဥပ္ပတ္တိ အတ္ထုပ္ပတ္တိ၊ အတ္ထုပ္ပတ္တိယေဝ အဋ္ဌုပ္ပတ္တိကော။ (ပခုက္ကျ။ ၃၀၈။)

၅။ ဝုစ္စမာနာ ကို ဝုစ္စမာနတ္တာ ဟု ဟိတ်ပြင်က ယင်း၏သမ္ဗန်ကို တာယ တောယ သုတ္တဝဏ္ဏနာယ ဟုခံ။ ကံ + သမ္ဗန်စပ်။
တသ္မာ နောင်ဖြစ်သင့်သော ဟိတ်ကား ပါကဋတ္တာတည်း။
ယင်း၏ သမ္ဗန်ကား တာယ တောယ သုတ္တဝဏ္ဏနာယတည်း။ ကတ္တား + သမ္ဗန်စပ်။

၆။ အညာ ဖြင့် အန္တရသဒ္ဒါသည် ဝတ္တ ၁၃ စသော အနက်ကို မဟော၊ အည အနက်ဟောသည်၏ အဖြစ်ကို သိစေသည်။ (နာမလိင်္ဂတ္ထ + သဒ္ဒါဟောအဘိဓေယျတ္ထ)
ကော ဖြင့် အညာ သဒ္ဒါသည် ကော သဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို သိစေသည်။
ကမ္မဋ္ဌာန (ပ) ပုစ္ဆာဒီနံ ဖြင့် အန္တရာသဒ္ဒါ အညတ္တကို ဟောခိုက် အပါဒါန်ကို ငဲ့ရကား ယင်းအန္တရာ သဒ္ဒါ၏ အပါဒါန်ကား ကမ္မဋ္ဌာန (ပ) ပုစ္ဆာဒီနံ ပင်တည်း ဟုသိစေသည်။ (ဘာဝတ္ထ)
တစ်နည်း ။ ။ ကမ္မဋ္ဌာန (ပ) ပုစ္ဆာဒီနံ ဖြင့် အန္တရာသဒ္ဒါ ဝေမဇ္ဈ အနက်ကို ဟောခိုက် သမ္ဗန်ကို ငဲ့ရကား ယင်းအန္တရာ သဒ္ဒါ၏ သမ္ဗန်ကား ကမ္မဋ္ဌာန (ပ) ပုစ္ဆာဒီနံ ပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ) (သီဋီသစ်၊ ၂၁၃။)

http://www.dhammadownload.com



မှတ်ချက် ။ ။ ပါဠိတော်ဝယ် အန္တရာပုဒ်၏ သမ္ဗန် အပါဒါန်ကို ကမ္မဋ္ဌာန (ပ) ပုစ္ဆာဒီနံ ဟုထည့်၍ ပေးရမည်ဟူလို။

၇။ အဋ္ဌုပ္ပတ္တိကား အတ္တုပ္ပတ္တိ ဟူလိုလျက် တ္တ ကို ဋ္ဌ ပြု၍ ပြီးသည်။
✦ သာဓဝ အဋ္ဌုပ္ပတ္တိ၊ တ္ထကာရဿ ဋ္ဌကာရံ ကတွာ။ (သီဋီသစ်)

ပုစ္ဆာဝသိကော္ဘ ပုစ္ဆာဝသိကံ ဟု နပုံလိင်ဖြင့် နေလိုလျက် နိဂ္ဂဟေ သဒ္ဒါကို ငဲ့၍ ပုစ္ဆာဝသိကော ဟု ပုံလိင်ဖြင့် ထားသောကြောင့် လိင်္ဂဝိပလ္လာသနည်း ရသည်။
✦ တဿာ ပုစ္ဆာယ ဝသေန ပဝတ္တံ ဓမ္မပဋိဂ္ဂါဟကာနံ ဝစနံ ပုစ္ဆာဝသိကံ။ တဒေဝ နိဂ္ဂဟေသဒ္ဒါပေက္ခာယ ပုလ္လိင်္ဂသေန ဝုတ္တံ "ပုစ္ဆာဝသိကော"တိ။ (သီဋီသစ်။ ၂၁၈။)

ပါကဋ ကား ပ + ကဋ + အ ပစ္စည်း။ ပကဋ ဟုလိုလျက် ပ၏ အစိတ်အကို အာ ပြု၍ ပြီးသည်။
✦ ကဋ ဂတိယံ။ ဒဿနံ ကဋတီတိ ပါကဋော။ ဥပသဂ္ဂဿ ဒီဃော။ (ဓာန်ဋီ။ ၇၂၄။)

၈။ သုတ်တို့သည် ရာထောင်မက များလှကုန်သော်လည်း သံကိလေသဘာဂိယ စသော သာသနပဋ္ဌာနနည်းဖြင့် (၁၆)ပါး အပြားရှိသည်၏ အဖြစ်ကို မလွန်နိုင်သကဲ့သို့ ထို့အတူ အတ္တဇ္ဈာသယ စသော သုတ္တနိက္ခေပ လေးမျိုးကိုလည်း မလွန်နိုင်ကြကုန် (ဝါ) သုတ္တနိက္ခေပ လေးမျိုး၌ အကျုံးဝင်ကြရကုန်၏။ ထို့ကြောင့် စတ္တာရော သုတ္တနိက္ခေပါ ဟု အဋ္ဌကထာ ဆရာဆိုပါသည်။
✦ ယထာ အနေကသတအနေကသဟဿဘေဒါနိပိ သုတ္တန္တာနိ သံကိလေသဘာဂိယာဒိ သာသနပဋ္ဌာနနယေန သောဠသဝိဓတာဝံ နာတိဝတ္တန္တိ၊ ဧဝံ အတ္တဇ္ဈာသယာဒိ သုတ္တနိက္ခေပဝသေန စတုဗ္ဗိဓဘာဝန္တိ အာဟ "စတ္တာရော သုတ္တနိက္ခေပါ"တိ။ (သီဋီသစ်။ ၂၁၇။)

၉။ ပဌမ ဒုတိယ တတိယ ပါဒတို့ကား ဥပေန္ဒဝဇိရဂါထာ၊ တုဋ္ဌုဘာဆန်းတို့တည်း။ စတုတ္ထ ပါဒကား ဣန္ဒဝံသ ဂါထာ၊ ဇဂတိဆန်းတည်း။ ထိုနှစ်မျိုးရောယှက်ရကား ဥပဇာတိ ဂါထာ ဖြစ်သည်။

၁၀။ ✝ သတဥ္စ ဂန္ဓော အရ သူတော်ကောင်းတို့၏ သီလ ရနံ့တည်းဟူသော ဝိရတီ စေတနာ ကိုယူ၍ ထို သည် ဓမ္မရတိဌာယီဘာဝ + ဓမ္မသိဂ်ါရ ရသ၊
✝ ဝီတိက္ကမိတဗ္ဗဝတ္ထုသည် အာရမ္မဏဝိဘာဝ၊
✝ သီလရနံ့၏လေညာသို့ဆန်တက်နိုင်ခြင်းစသောဂုဏ်သည်လည်းကောင်း၊ သူတော်ကောင်း တို့၏ ယောနိသောမနသိကာရ စသည်သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
✝ သူတော်ကောင်းဟု လေအောက် လေညာရပ်မျက်နှာတို့သို့ သင်းပျံ့မွှေးကြိုင်ရနံ့လှိုင်ခြင်း သုဂတိဘုံဘဝတို့၌သာ ပဋိသန္ဓေနေရခြင်း စသည်သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၃၁)
## ၁၃၁၈-၃၊ အစိုးရ

(က) တတ္ထ မမန္တိ သာမိဝစနံ။
(ခ) မမာတိ အတ္ထော။
(ဂ) ဝါ သဒ္ဒေါ ဝိကပ္ပနတ္ထော။
(ဃ) ပရေတိ ပဋိဝိရုဒ္ဓါ သတ္တာ။
(င) တတြာတိ ယေ အဝဏ္ဏံ ဝဒန္တိ၊ တေသု။
(စ) "န အာဃာတော"တိ အာဒီဟိ ဂါထာပိ တေသံ ဘိက္ခူနံ အာဃာတော ယေဝ နတ္ထိ၊ အထခေါ် အာယတိံ ကုလပုတ္တာနံ ဤဒိသေသုပိ ဌာနေသု အကုသလုပ္ပတ္တိံ ပဋိသေဓေန္တော ဓမ္မနေတ္တိံ ဌပေတိ။
(ဌ၊ ၅၂။ သီဋီသစ်၊ ၂၂၀။ နေရင်း၊ ၁၇၆။ ပဒုက္ကူ၊ ၃၁၀။)

၁။ (က) ဝါကျမှ (င) ဝါကျထိ ဝါကျများကို အနက်ယောဇနာပါ။
၂။ (ဂ) ဝါကျကို သာဘောဂစောဒနာတက်၍၊ ဝါသဒ္ဒါ၏ အတ္ထုဒ္ဒါရကိုလည်း ထုတ်ခဲ့ပါ။
၃။ (စ) ဝါကျ၌ ဂါထာပိထားရခြင်းအကြောင်းပြ၍၊ ၄င်း၌ စောဒကာဘောဂါဒိစတုက္ကကို ကျနစွာ ထုတ်ခဲ့ပါ။
၄။ (စ) ဝါကျ၌ အာဃာတောကို ဝိဂ္ဂဟပြုပြီးလျှင် ဝစနာဒိဆက္ကကိုလည်း ခွဲပြပါ။
၅။ (စ) ဝါကျ၌ နတ္ထိကြိယာကို ဟိတ်ကြံ၍ ၄င်း၏ဖြစ်သင့်သော သမ္ဗန်ကို ထုတ်ပြီး ဟိတ်၌ စာစပ်ပါ။
၆။ (က+ဂ) ဝါကျတို့၌ သံဝဏ္ဏနာ အမည်ပေး၍ (က)၌ အဋ္ဌကထာ ဆရာ၏ အာဘော်ကို အန္ဝယ + ဗျတိရေကအားဖြင့် ဖော်ပြပါ။
၇။ တေဒဂ္ဂ ဘိက္ခဝေ (ပ) ယဒိဒံ ဥပါလီတိ ဟူသော ဝါကျ၌ တေဒဂ္ဂ ပုဒ်ကို နိရုတ္တိနည်း အရ ရုပ်ပြီးပုံနှင့် ဝိပလ္လာသနည်းကို ပြခဲ့ပါ။
၈။ (စ) ဝါကျပါ ဓမ္မနေတ္တိပုဒ်၌ ဆယ်ပါးသော ဓမ္မတို့တွင် မည်သည့်ဓမ္မဟု ဆုံးဖြတ်ချက် ချခဲ့ပါ။
၉။ အောက်ပါဂါထာကို ဂါထာအမည် ဆန်းအမည်မျှဖော်ပြပါ။
ပုစ္ဆ ဝါသဝ မံ ပဉှံ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။
တဿ တဿေဝ ပဉှဿ၊ အဟံ အန္တံ ကရောမိ တေ။
၁၀။ (စ) ဝါကျ၌ အာဃာတောအရ တရားကိုယ်ကောက်၍ ဘာဝါလ်ကာရ ထုတ်ခဲ့ပါ။

=====================

၂။ (ဂ) ဝါကျ သာဘောဂ စောဒနာ

ဆရာသည် (က+ခ) ဝါကျတို့ဖြင့် မမံ သဒ္ဒါ၏ ဆဋ္ဌီဝိဘတ်အဆုံးရှိသည်၏ အဖြစ်ကို လည်းကောင်း၊ ယင်းဆဋ္ဌီဝိဘတ်၏ သာမိအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း ဖွင့်ဆိုတော်မူ၏။ မမံ ဝါ ဘိက္ခဝေ စသည်၌ ဝါ သဒ္ဒါသည် သမုစ္စည်း ဥပမာနစသော အနက်တို့ကို ဟောပါသလော၊ ဤ ၌ ဝါ သဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း၊ မမံ ပုဒ်၏အဖွင့်ကိုသာ ပြ၍ ဝါ သဒ္ဒါဖြစ်သင့်သော အနက်ကို မဖွင့်ပြသော် ဆရာ့အား အဗျာပိတ-၏။စုဒ်ကြောင့်(ဂ)မိန့်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား ဤ မမံ ဝါ ဘိက္ခဝေ စသော ပါဠ်၌ ဝါ သဒ္ဒါသည် ဝိကပ် အနက်ကို ဟော၏ဟု ငါပြဆိုပါ၏ဟူလို။

ဝါသဒ္ဒါ၏ အတ္ထုဒ္ဓါရ

- ◆ သမုစ္စယေ စောပမာယံ၊ သံသယေ ပဒပူရဏေ။
  ဝဝတ္ထိတဝိဘာသာယံ၊ ဝါ ဝေါဿဂ္ဂေ ဝိကပ္ပနေ။ (ဓာန်၊ ၁၁၈၉။)
- ◆ ဝါ သဒ္ဒေါ စေတ္ထ ဥပမာနသမုစ္စယသံသယဝစနဝေါဿဂ္ဂပဒပူရဏသဒိသဝိကပ္ပါဒီသု ဗဟူသွတ္ထေသု ဒိဿတိ။ (သီဋီသစ်။ ၂၂၀။)

၃။ ကိဥ္စာပိ သဒ္ဒါထားရခြင်း

မင်္ဂလမာဠ၌ စည်းဝေးနေထိုင်ကြကုန်သော ရဟန်းတို့သည် ဂုဏမဟတ္တ ဖြစ်၍ အာဃာတ မရှိပါပဲလျက် နအာဃာတော စသည်ကို ဟောကြားတော်မူရာ၌ ယင်း န အာဃာတော စသော သဒ္ဒါကို မနှစ်သက်သောကြောင့် (စ) ဝါကျ၌ ကိဉ္စာပိ သဒ္ဒါထားပါသည်။

(စ) ဝါကျ စတုက္က

- (က) နနု တေသံ ဘိက္ခူနံ အာဃာတောယေဝ နတ္ထိ။
- (ခ) အထ ကသ္မာ န အာဃာတောတိ အာဒီဟိ ဓမ္မနေတ္တိံ ဌပေတိ။
- (ဂ) နနု အာယတိံ ကုလပုတ္တာနံ ကိဉ္စာပိ ဌာနေသု အကုသလုပ္ပတ္တိံ ပဋိသေဓေတိ။
- (ဃ) တသ္မာ န အာဃာတောတိအာဒီဟိ ဓမ္မနေတ္တိံ ဌပေတိ။

"ပိ သဒ္ဒါ၏ အနက်အဓိပ္ပါယ်"

ကိဉ္စာပိ ၌ ပိ သဒ္ဒါကား သမ္ဘာဝနာတည်း၊ ယင်းပိ သဒ္ဒါဖြင့် ရတနာသုံးပါးနှင့် စပ်သော အရာ၌သော်မှ အကုသိုလ်စိတ်ကို မဖြစ်စေတုံသေး၏။ အောက်တန်းကျသော ဝဋ်၏ အာမိသ၊ လောက၏အာမိသဖြစ်သော အရာဌာနတို့၌ အကုသိုလ်မဖြစ်စေလိုသည်မှာ အထူး ပြောဘွယ်မလိုဟု သမ္ဘာဝနာမူသည်။

- ◆ ကိဉ္စာပီတိ ဧတ္ထ ပိသဒ္ဒေါ သမ္ဘာဝနေ တေန ရတနတ္တယနိမိတ္တမ္ပိ အကုသလစိတ္တံ န ဥပ္ပါဒေတဗ္ဗံ၊ ပဂေဝ ဝဋ္ဋာမိသလောကာမိသနိမိတ္တန္တိ သမ္ဘာဝေတိ။ (သီဋီသစ်၊ ၂၂၁)

၄။ အာဟနတိ စိတ္တန္တိ အာဃာတော၊ (၄။ ၅၂။)
စိတ်ကို ပြင်းစွာနှိပ်စက်ခြင်း ကြိယာသကတ်သည် ဝစနေယျတ၊
ဒေါသ စေတသိက်သည် ဝစနီယ၊
ကောပေါ စသော ပရိယာယ်သဒ္ဒါ ဝစနီယတ္ထ၊

✻ ပရမတ္ထသဒ္ဒါ၊ ဝိဂြိုဟ်ပြလရကား၊ ကရဏကတ္တု၊ ဘာဝပြု။ (တိပိဋကနာဂ)

အာဃာတော ကား ပရမတ္ထသဒ္ဒါဖြစ်၍ အာဟနတိ တေနာတိ အာဃာတော၊ အာဟနနံ ဝါ အာဃာတော ဟု ကရဏသာဓ် ဘာဝသာဓ်ဝစနတ္ထလည်းပြုနိုင်သေးသည်။ (သီဋီသစ်။ ၂၂၁။)

သာမိဝစနံ ။ ။ သာမိသ္မိံ ပဝတ္တံ ဝစနံ သာမိဝစနံ၊ (ဆဋ္ဌီဝိဘတ်ရ၏)

သာမိဝစနံ အဿ အတ္ထီတိ သာမိဝစနံ။ (ဆဋ္ဌီဝိဘတ်ရှိသောမမံ သဒ္ဒါရ၏။)

ဝိကပ္ပနတ္ထ ။ ။ ဝိဝိဓံ ကပ္ပနံ ဝိကပ္ပနံ၊

(တစ်နည်း) ဝိသုံ ကပ္ပနံ ဝိကပ္ပနံ၊ (ဘာသာဋီကာ)

http://www.dhammadownload.com



ဝိကပ္ပနံ အတ္ထော တေသ ဝါ သဒ္ဒဿာတိ ဝိကပ္ပနတ္ထော။
ဓမ္မနေတ္တိ ။ ။ သဒ္ဒမ္ပိ နေတီတိ နေတ္တိ၊ ဓမ္မောယေဝ နေတ္တိ ဓမ္မနေတ္တိ။ (သီဋီသစ်။ ၂၂။)

၅။ (စ) ဝါကျဥ္ဇ နတ္ထိကို နတ္ထိတာယ ဟုဟိတ်ကြံ။ ယင်း၏ သမ္ဗန်ကား အာဃာတဿယေဝ တည်း။ ကတ္ထား + သမ္ဗန်စပ်။

ပဋိသေဓေန္တော ကို ပဋိသေဓေန္တတ္တာ ဟု ဟိတ်ပြင်က ယင်း၏ သမ္ဗန်ကို ဘဂဝတော ဟုခံ။ (ကတ္ထား + သမ္ဗန်စပ်)

၆။ (က) ဝါကျ သံဝဏ္ဏနာ အမည်ကား ဝိဘတ္တိပဒသံဝဏ္ဏနာ ဖြစ်သည်။

(ဂ) ဝါကျ သံဝဏ္ဏနာ အမည်ကား နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ ဖြစ်သည်။

(က) ဝါကျ သာမိဝစနံ ဖြင့် မမံဟူသော ပုဒ်သည် ဆဋ္ဌီဝိဘတျန္တပုဒ်တည်း၊ ဒုတိယာဝိဘတျန္တ ပုဒ်မဟုတ် (ဗျ) ဟု သိစေသည်။

တစ်နည်း ။ ။ သာမိဝစနံ ဖြင့် မမံဟူသောပုဒ်သည် ဆဋ္ဌီဝိဘတ်နှင့်တကွ အမှသဒ္ဒါ၏ ကာရိယ ဖြစ်သော ပုဒ်တည်း၊ ဒုတိယာဝိဘတ်နှင့် တကွ အမှ သဒ္ဒါ၏ ကာရိယဖြစ်သော ပုဒ်မဟုတ်ဟု သိစေသည်။

(ဃ) ဝါကျ ပဋိဝိရုဒ္ဓါ ဖြင့် ပရေဥ္ဇ ပရ သဒ္ဒါသည် အည အဓိက ပစ္ဆာဘာဂ စသော အနက်တို့ကို မဟော၊ ပစ္စနီက အနက်ဟောဟု သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

သတ္တာဖြင့် ပရသဒ္ဒါ ပစ္စနီကအနက်ကိုဟောရကား ယင်းပရအရ သာသနာတော်၏ ဆန့်ကျင်ဘက် ရန်သူသတ္တဝါတို့ကို ယူရမည်ကိုလည်းကောင်း၊ (သရုပ်ကြားအဘိဓေယျတ္ထ) ပရေဥ္ဇ ဧ-သည် ပဌမာ ယောဝိဘတ်၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း (ဝိဘတ္တိပဒ)သိစေသည်။

❖ ဣဓာပိ ပစ္စနီကတ္ထောတိ ဒဿေတိ "ပဋိဝိရုဒ္ဓါသတ္တာ"တိ ဣမိနာ။ သာသနဿ ပစ္စနီကဘူတာ ပစ္စတ္ထိကာ သတ္တာတိအတ္ထော။ (သီဋီသစ်၊ ၂၂၀။)

(င) ဝါကျ ယေ အဝဏ္ဏံ ဝဒန္တိ ဖြင့် တတြ ဥ္ဇ တ သဒ္ဒါသည် အဝဏ္ဏဘာသနကြိယာ အထူးရှိသော ပုဂ္ဂိုလ်ကို စွဲ၏ဟု သိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

တေသု ဖြင့် တတြ ဥ္ဇ တြပစ္စည်းသည် သတ္တမီ ဗဟုဝုစ်ကို ဟောသတည်းဟု သိစေသည်။ (ဝိဘတျတ္ထ + ပစ္စယတ္ထ)

❖ တ သဒ္ဒေါပရေတိ ဝုတ္တမတ္တံ အဝဏ္ဏဘာသနကြိယာဝိသိဋ္ဌံ ပရာမသတီတိ ဝုတ္တံ။ "ယေ အဝဏ္ဏံ ဝဒန္တိ၊ တေသု"တိ။ (သီဋီသစ်၊ ၂၂၀။)

၇။ တေဒဂ္ဂ ကား တေ အဂ္ဂ ဟူလိုလျက် တ အထက် နိဂ္ဂဟိတ်ကို ဒ ပြုခြင်း ဝဏ္ဏဝိကာရ ဖြင့် ရုပ်ပြီးသည်။

သော + အဂ္ဂေါ ဟု ပုံလိင်ဖြင့် ဆိုလိုလျက် တေအဂ္ဂဟု နပုံလိင်ပြန်သောကြောင့် လိင်္ဂဝိပလ္လာသနည်း မည်၏။

❖ တေဒဂ္ဂန္တိ သော အဂ္ဂေါ။ လိင်္ဂဝိပလ္လာသေန ဟိ အယံ နိဒ္ဒေသော။ (သီဋီသစ်၊ ၇၉။)

အာဃာတောယေဝ ကား အာ + ဟန + ဏ။ ဟန ကို ဃာတပြု ယလာ၍ ပြီးသည်။

ပဋိသေဓေန္တော ကား ပတိသေဓေန္တော ဟုဆိုလိုလျက် တိကို ဋိ ပြု၍ ပြီးသည်။

http://www.dhammadownload.com



၈။ ဓမ္မနေတ္တိ ၌ ဆယ်ပါးသော ဓမ္မတို့တွင် ပရိယတ္တိဓမ္မဖြစ်သည်။
◆ ပရိယတ္တိဓမ္မောယေဝ သဒ္ဒမ္ဘနယနဋ္ဌေန နေတ္တီတိ ဓမ္မနေတ္တိ။ (သီဋီသစ်)

၉။ ပထျာဝတ္တဂါထာ အနုဋ္ဌုဘဆန်း ဖြစ်သည်။

၁၀။† အာဃာတောအရ ဒေါသ ? ဒေါသသမ္ပယုတ္တဓမ္မတို့ကို ယူ၍-ထို သည် ကောဓဋ္ဌာယီဘာဝ + ရူဒ္ဓရသ၊
† ဆန့်ကျင်ဘက်ရန်သူ ဖြစ်သည်လည်းကောင်း၊ ထိုထိုအနိဋ္ဌာရုံသည် လည်းကောင်း အာရမ္ဘဏဝိဘာဝ၊
† ဆန့်ကျင်ဘက်ရန်သူ၏ ကာယဝိညက် ဝစီဝိညတ်သည်လည်းကောင်း၊ အနိဋ္ဌာကာရသည် လည်းကောင်း၊ အယောနိသောမနသိကာရသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ၊
† ပဋိမစျာန်စသည်တို့၏ အန္တရာယ်ဖြစ်ခြင်း၊ အနိဋ္ဌဖလသည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

## ပါဠိကျဉ်းချုပ် (၃၂)

(က) ဧဝံ ပဌမေန နယေန မနောပဒေါသံ နိဝါရေတွာ ဒုတိယေန နယေန တတ္ထ အာဒီနဝံ ဒဿေန္တော အာဟ "တုမှေ ။ ပ အန္တရာယော"တိ။
(ခ) တတ္ထ တတြုဓေ တုမှေ အဿထာတိ တေသု အဝဏ္ဏဘာသကေသု။
(ဂ) တသ္မိံ ဝါ အဝဏ္ဏေ တုမှေ ဘဝေယျာထစေ။
(ဃ) ယဒိ ဘဝေယျာထာတိ အတ္ထော။
(င) ကုပိတာ ကောပေန , အနတ္တမနာ ဒေါမနဿေန။
(စ) တုမှံယေဝဿ တေန အန္တရာယောတိ တုမှာကံယေဝ တေနကောပေန တာယစ အနတ္တမနတာယ ပဌမဇ္ဈာနာဒီနံ အန္တရာယော ဘဝေယျ။
(၄။ ၅၂။ သီဋီသစ်။ ၂၂၁။ ပဒုက္ကုသျ။ ၃၁၃။ ဘာသာဋီကာ။ ၃၂၉။)

၁။ (ခ) ပါဠိကို တတ္ထ အစွဲ ဆရာနည်းကျစေလျက်လည်းကောင်း (ဂ) ပါဠိကို တသ္မိံ အဝဏ္ဏေ ၌ ဝိဘတ်တတ္တပေါ် လွင်စေလျက်လည်းကောင်း ကျနစွာ အနက်ပေးပြပါ။
၂။ (က) ပါဠိကို စောဒနာတက်၍၊ (င)ပါဠိကို အနုသန္ဓေတက်ခဲ့ပါ။
၃။ (က) ပါဠိ၌ ရနိုင်သော စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။
၄။ အန္တရာယ ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။
၅။ (စ) ပါဠိ၌ အနတ္တမနတာယ ဟူသော ဟိတ်၏သမ္ဗန်ကို ဖော်ပြ၍၊ အတ္ထာနုရူပစာစပ်ပြပါ။
၆။ (ခ၊ဂ၊ဃ) ပါဠိတို့ကို အာဘော်ဖော်၍၊ သံဝဏ္ဏနာအမည်ပေးပါ
၇။ ဒေါမနဿ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ တသ္မိံ ဝါ အဝဏ္ဏေ ၌ အာဓာရတ္တဖြစ်သင့် - မဖြစ်သင့် အကြောင်းပြဆုံးဖြတ်ပါ။
၉။ (စ) ပါဠိသံဝဏ္ဏနာပါဋ္ဌများကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တမျိုး ကြိုက်နှစ်သက်ရာ တစ်ဂါထာ စီကုံး၍ ဂါထာအမည်ပေးပြပါ။
၁၀။ တုမှံယေဝဿ တေန အန္တရာယော ၌ တေန အရကို ကိုယ်ပြု၍ ဘာဝါလက်ာရ ထုတ်ပြပါ။

==================

http://www.dhammadownload.com



၁။ (၁) ဝါကျ

ဒဿနကြိယာယ၊ ၏။ ကရဏဘူတေ၊ ကရိုဏ်းဖြစ်၍ဖြစ်သော။မြူစာတုယာ၊ အာဟ ၌ မြူစာတ်၏။ ကမ္မဘူတေ၊ ကံဖြစ်၍ဖြစ်သော။တတ္ထတသွိပါ၌ေ၊ တတြ စေ ဝံုမှေ့ အစရှိသော ထိုပါဌ်၌။

(၇) ဝါကျ

ဝါ၊ တစ်နည်းကား။ တသ္မိံအဝဏ္ဏေ၊ ထိုကျေးဇူးမဲ့ကဲ့ရဲ့အပ်သော အပြစ်ကြောင့်။ (ဝါ) ထိုကျေးဇူးမဲ့ကဲ့ရဲ့ခြင်းကြောင့်။ (တစ်နည်း) တသ္မိံအဝဏ္ဏေ၊ ထိုကျေးဇူးမဲ့ကဲ့ရဲ့အပ်သော အပြစ်ကို။ (ဝါ) ထိုကျေးဇူးမဲ့ကဲ့ရဲ့ခြင်းကို။ ဘာသိတေ၊ ပြောဆိုအပ်သည်ရှိသော်။ တုမှေ။ ကုပိတာဝါ။ အနတ္တမနာဝါ။ စေဘဝေယျာထ။ ကုန်ငြားအံ့။ (ပဒရူ။ ၃၁၃။)

✤ နိမိတ္တတ္ထေ , ဘာဝလက္ခဏေဝါ စေတံ ဘုမ္မန္တိ အာဟ "တသ္မိံ ဝါ အဝဏ္ဏေ"တိ။ (သီဋီသစ်။ ၂၂၁။)

၂။ (က) စောဒနာ

ဆရာ မြတ်စွာဘုရားသည် တတြစေ (ပ) အန္တရာယော ဟု ဟောတော်မူ၏။ ပဌမ နည်းဖြင့် မနောပဒေါသကို တားမြစ်ခဲ့ပြီးသည် မဟုတ်ပါလော။ အဘယ့်ကြောင့် တတြစေ (ပ) အန္တရာယောဟု ဘုရားရှင်ဟောတော်မူပြန်သနည်း။ ပဌမနည်းဖြင့် မနောပဒေါသကို တားမြစ်ပြီး ဖြစ်ပါလျက် တတြစေ (ပ) အန္တရာယောဟု ဟောတော်မူခြင်း၏ အကြောင်းကို မပြဆိုခဲ့သော် အဗ္ဗာပိတ ပုနရုတ္တိ နိရတ္ထကဒေါသရောက်ရာ၏။ စုဒ်ကြောင့် (က) မိန့်။

အဓိပ္ပါယ်ကား (က) ဖြင့် ပဌမနည်းဖြင့် မနောပဒေါသကို တားမြစ်ခဲ့ပြီး ဖြစ်သော်လည်း ဒုတိယနည်းဖြင့် ထိုမနောပဒေါသ၌ ဖြစ်ပေါ်လာနိုင်သော အပြစ်ကို ပြလိုသော ကြောင့် တတြစေ (ပ) အန္တရာယော ဟု ဟောတော်မူ၏ ဟု ငါပြ --- ဟူလို။

(င) အနုသန္ဓေ

ဤသို့ (၁-၇-ဃ) ဝါကျတို့ဖြင့် တတြစေ တုမှေ့ အဿထဟူသော ပါဠိတော်၏ အဖွင့် သံဝဏ္ဏနာကို ပြပြီး၍ ယခုအခါ၌ ကုပိတာအနတ္တမနာ ဟူသော ပါဠိတော်၏ အဖွင့်သံဝဏ္ဏနာကို ပြလိုသောဆရာသည် (င) မိန့်။

၃။ (က) ဝါကျ စောဒကာဘောဂါဒိစထုက္ကထုတ်ပုံ

(က) နနု ဝံ ပဌမေန နယေန မနောပဒေါသံ နိဝါရေတိ။
(၁) အထ ကသ္မာ တတြစေ တုမှေ။ ပ။ အန္တရာယောတိ။
(၇) နနု ဒုတိယေန နယေန တတ္ထ အာဒီနဝံ ဒဿေတိ။
(ဃ) တသ္မာ တတြစေ တုမှေ။ ပ။ အန္တရာယောတိ။

၄။ စုတိပဋိသန္ဓီနံ အန္တရေ အယတီတိ အန္တရာယော။ (ဓာန်ဋီ။ ၇၆၅။)
စုတိပဋိသန္ဓေတို့၏ အကြား၌ ဖြစ်ခြင်းကြိယာသကတ်သည် ဝစနပဟော။
အန္တရာယ်ဖြစ်သည် ဝစနီယ။
ပစ္စုပ္ပန္နယော စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

http://www.dhammadownload.com



အာဘုသော ဒိန် ဝါယတိ ဂမယတီတိ အာဒီနဝေါ။ (ဓာန်ဋီ။ ၇၆၆။)
လွန်စွာဆင်းရဲခြင်းသို့ရောက်စေခြင်း(ဝါ)လွန်စွာဆင်းရဲခြင်းကိုဖြစ်စေခြင်း ကြိယာသကတ်
သည် ဝစနယောတု။
အပြစ်ဒေါသဒြပ်သည် ဝစနီယ။
ဒေါသ အန္တရာယ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ အနတ္ထမနတာယ ၏ သမ္ဗန်ကား တုမှာက် ဖြစ်သည်။ ကတ္တား + သမ္ဗန်စပ်။

၆။ (၁) ဝါကျဖြင့် တဂြ ၌ တ သဒ္ဒါ၏ အဝဏ္ဏဘာသကပုဂ္ဂိုလ်ကို စွဲယူ-လည်းကောင်း၊ တြ ပစ္စည်း အာဓာရအနက် (သတ္တမီဇ,နက်) ၌ သက် - လည်းကောင်း သိစေ။
✦ တေသု အဝဏ္ဏဘာသကေသူတိဣမိနာ အာဓာရတ္ထေ ဘုမ္မံ ဒဿေတိ။ (သီဋီသစ်။ ၂၂၁။)
(ဂ) ဝါကျ ဝါ ဖြင့် နယန္တရဓောတကအဖြစ်ကို သိစေပါသည်။
တသ္မိံအဝဏ္ဏေ ဖြင့် တဂြ ၌ တ သဒ္ဒါ၏ အဝဏ္ဏကို စွဲယူ - လည်းကောင်း၊ တြ ပစ္စည်း နိမိတ်အနက် (တစ်နည်း) ဘာဝလက္ခဏ အနက်၌သက် - လည်းကောင်း သိစေ။
✦ နိမိတ္တတ္ထေ , ဘာဝလက္ခဏေဝါ တေ ဘုမ္မန္တိ အာဟ "တသ္မိံ ဝါ အဝဏ္ဏေ"တိ။ (သီဋီသစ်။၂၂၁။)
ဘဝေယျာထ စေ ဖြင့် စေ သဒ္ဒါသည် နာမပရာမသန မဟုတ်၊ ကြိယာပရာမသန၏ အဖြစ်ကိုလည်းကောင်း၊ အဿထ ၌ ဿထသည် ကာလာတိပတ္တိဝိဘတ်မဟုတ်၊ သတ္တမီဧယျာထ ဝိဘတ်ကို ဓာတွန်သနှင့်တကွ ဿထ ပြုထားသည်၏အဖြစ်ကိုလည်းကောင်း၊ (ဒု+ဝိဘတ္တိပဒ)အသ ဓာတ်၏ ဤ၌ဖြစ်ခြင်း (ဘူဝိ) အနက်ဟော - လည်းကောင်း၊ (ဓာတွတ္ထ) သိစေ၏။
(ဃ) ဝါကျဖြင့် စေနိပါတ်ပုဒ်၏ ယုံမှားခြင်း သံသယတ္ထကိုဟော - လည်းကောင်း၊ အဿထ ၌ သတ္တမီဧယျာထဝိဘတ်၏ ပရိကပ္ပအနက်၌သက် - လည်းကောင်း သိစေ၏။
(င) ကုပိတာ ကောပေန ဖြင့် ကုပိတ အရ ဖျက်ဆီးအပ်၏ဟူသည့် အမျက်ဒေါသသည် ဖျက်ဆီးအပ်သည်၏အဖြစ်ကိုလည်းကောင်း၊ ကုပိတာ ၌ တ ပစ္စည်း၏ ကမ္မတ္တ၌သက် - လည်းကောင်း၊ ကုပိယန္တေ ဒုဿိယန္တေတိ ကုပိတာ ဟုပြု - လည်းကောင်း သိစေ။
✲ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကတ္တားအဝုတ္တ၊ တတိယန္တနှင့်ဖွင့်၍ပြ၊ ကမ္မသာနေကြံစရာ။
အနတ္တမနာ ဒေါမနဿေန ဖြင့် အနတ္တမနာ ၌ နှလုံးမသာယာ ဟူသည် ဒေါမနဿ ဝေဒနာ နှိပ်စက်မှုကြောင့် နှလုံးမသာယာသည်၏အဖြစ်ကိုသိစေ။ (ဘာဝတ္ထ။)
(စ) တုမှာက်ယေဝဖြင့် တုမ့် နှင့် တုမှာက်သည် အနက်တူပရိယာယ်၏အဖြစ်ကို သိစေ သည်။ (သီဋီသစ်။၂၂၂)
(တစ်နည်း) တုမှာက်ယေဝ ဖြင့် တုမ့်ယေဝ ၌ တုမ့်ပုဒ်၏ နံ ဝိဘတျန္တပုဒ်၏ အဖြစ်ကိုသိစေသည်။ (ဝိဘတ္တိပဒ)
တေန ကောပေန ဖြင့် တေန ၌ တ သဒ္ဒါသည် ကောပကို စွဲယူ - သိစေ။
တာယစ အနတ္တမနတာယ ဖြင့် တေန ၌ တသဒ္ဒါသည် အနတ္တမန ကိုစွဲယူ - လည်းကောင်း၊ အတ္ထဝသာ လိင်္ဂဝိပရိယာယော ဟူသော ပရိဘာသာနှင့်အညီ တေန ဟူသော ပုံလိင်သဒ္ဒါကို တာယ ဟု ဣတ္ထိလိင်ပြန်ရမည်၏ အဖြစ်ကိုလည်းကောင်း သိစေသည်။
✦ အတ္ထဝသာ လိင်္ဂဝိပရိယာယောတိ ကတွာ "တာယစ အနတ္တမနတာယာ"တိ ဝုတ္တံ (သီဋီသစ်။ ၂၂၂။)

http://www.dhammadownload.com



တေန ကောပေန တာယ အနတ္တမနတာယ ဟူသော အပေါင်းသံဝဏ္ဏနာဖြင့် တေန ၌ တ သဒ္ဒါနှစ်ခုကို ကေသေသနည်း သာမညနိဒ္ဒေသနည်းဖြင့် တ သဒ္ဒါတစ်ခုကြွင်းပြုထားသည်၏ အဖြစ်ကို သိစေပါသည်။

ပဌမဇ္ဈာနာဒိနံ ဖြင့် အန္တရာယော ၌ အန္တရာယ်ဟူသည် ပုဂ္ဂိုလ်၏ အန္တရာယ်မဟုတ်၊ ပဌမဈာန် အစရှိကုန်သော သမထဓမ္မဝိသေသတို့၏ အန္တရာယ်ပင်တည်းဟု သိစေ။ (သီဋီသစ်။ ၂၂၂။)

ဘဝေယျ ဖြင့် အဿ ကား နာမ်ပုဒ်မဟုတ်၊ အာချာတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း၊ အသဓာတ်၏ ဖြစ်ခြင်း (ဘုဝိ) အနက်ဟော - လည်းကောင်း၊ ဿ-၏ ဓာတွန်သနှင့်တကွ ယေျဝိဘတ်၏ ကာရိယအဖြစ်ကိုလည်းကောင်း သိစေပါသည်။

ရ။ ဒေါမနဿ ကား ဒုမန + ဏျ။ ဏ အနုဗန်ချေ၊ ဒု ၌ ဉ ကို ဩ ပြု၊ သ လာ၊ သျ ကို သ ပြု၊ သ လာ၍ ပြီးသည်။

၈။ တသ္မိံ ဝါ အဝဏ္ဏေ ၌ အာဓာရတ္ထ မဖြစ်သင့်ပါ၊ (နိမိတ္တတ္ထ နှင့် ဘာဝလက္ခဏတ္ထသာ ဖြစ်သင့်ပါသည်။)

အကြောင်းကား ။ ။ ကောပ နှင့် ဒေါမနဿတို့သည် ကျေးဇူးမဲ့ရဲ့စကားကို ပြောဆိုသော ပုဂ္ဂိုလ်တို့နှင့်သာစပ်၍ ဖြစ်သည့်အတွက် ကျေးဇူးမဲ့ ကဲ့ရဲ့စကားတို့သည် ကောပ နှင့် ဒေါမနဿ တို့၏ တည်ရာ မဖြစ်သင့်သောကြောင့်တည်း။

❖ န ဟိ အဂုဏော နိန္ဒာဝါ ကောပဒေါမနဿာနံ အာဓာရော သမ္ဘဝတိ တသ္မာသကာယတ္ထတ္တာ တေသံ။ (သီဋီသစ်။ ၂၂၁။)

၉။ တုမှံဝ တေန ကောပေန၊ အနတ္တမနတာယစ။
ပဌမဇ္ဈာနာဒိကာနံ၊ အန္တရာယော ပဝတ္တတိ။
(တတိယ ရ ကာရဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း။)

၁၀။ တေန အရ ဘာဝါလက်ာရထုတ်ပုံ။

- တေန အရ ဒေါမနဿ ပြဌာန်းသော အကုသိုလ်, စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် - ကောဓောယိဘာဝ၊ ရုဒ္ဒရသ။
- သုပ္ပိယပရိဗိုဇ်သည်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်ပြောကြားသည့် ရတနတ္တယ၏ အဝဏ္ဏများ သည် လည်းကောင်း - အာရမ္ဘဏဝိဘာဝ။
- အယောနိသောမနသိကာရ စသည်သည် ဥဒ္ဒီပနဝိဘာဝမည်၏။
- ပဌမဈာန်စသည်ကို မရနိုင်ခြင်း စသည်သည် - အနုဘာဝ မည်၏။

********************

http://www.dhammadownload.com



## ဝါကျဥယျာဥ် (၃၃)

(က) ဧဝံ ဒုတိယေန နယေန အာဒိနဝံ ဒဿေတွာ တတိယေန နယေန ဝစနတ္ထသလ္လက္ခဏမတ္တေပိ အသမတ္ထတံ ဒဿေန္တော "အပိ နုတုမှေပရေယာ"န္တိ အာဒိမာဟ။

(ခ) တတ္ထ ပရေသန္တိ ယေသံ ကေသဉ္စိ။

(ဂ) ကုပိတော ဟိ နေဝ ဗုဒ္ဓပစ္စေကဗုဒ္ဓအရိယသာဝကာနံ န မာတာပိတုန္နံ န ပစ္စတ္ထိကာနံ သုဘာသိတဒုဗ္ဘာသိတဿ အတ္ထံ အာဇာနာတိ။

(ဃ) ယထာဟ -

"ကုဒ္ဓေါ အတ္ထံ နဇာနာတိ၊ ကုဒ္ဓေါ ဓမ္မံ န ပဿတိ။

အန္ဓတမံ တဒါ ဟောတိ၊ ယံ ကောဓော သဟတေ နရံ။

အနတ္ထဇနနော ကောဓော၊ ကောဓော စိတ္တပ္ပကောပနော။

ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝ ဗုဇ္ဈတီ"တိ။

(၄။ ၅၂။ သီဠိသစ်။ ၂၃။ နေရင်း။ ၁၇၆။ ပဒုက္ကျူ။ ၃၁၄။ ဘာသာဋီ။ ၃၃၁။)

၁။ (က+ခ+ဃ) ဝါကျတို့ကို ယထာဟ သရုနည်းကျကျ အနက်ယောနောပါ။

၂။ (ဂ) ဝါကျကို အာဘောဂါယုတ္တစောဒနာတက်၍ ယင်း၌ ကံပုဒ်ကို ပရမတ်နည်း အနုသန္ဓေ ထွက်ပါ။

၃။ (က) ဝါကျကို စတုက္ကထုတ်၍ (ဂ) ဝါကျ၌ ဟိ သဒ္ဒါ၏ ဇောတကတ္ထကို ဖော်ပြပါ။

၄။ ပစ္စတ္ထိကာနံ ပုဒ်ကို ဝစနတ္ထပြု၍ သင်္ဂဟထုတ်ပါ။

၅။ (က) ဝါကျ၌ ဒဿေန္တော ကို ဟိတ်ပြင်၍ သမ္ဗန်ခံပြီး စာစပ်ပြပါ။

၆။ (ခ+ဂ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။

၇။ (က) ဝါကျ၌ အာဟ (ဂ) ဝါကျ၌ ပစ္စေကဗုဒ္ဓ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။

၈။ မနောပဒေါသ ၏ ဒုတိယနည်း တတိယနည်းတို့၏ အန္တရာယ်ပြုပုံအထူးရေးပါ။

၉။ (ဃ) ဝါကျ ပထမဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။

၁၀။ (၉) နံပါတ် ဂါထာလာ ကုဒ္ဓေါ၌ ဇာတ်အရကို ကိုယ်ပြု၍ ဘာဝါလက်ာရထုတ်ပါ။

===================

၁။ (က) ဝါကျ

ဧဝံ၊ သို့။ ဒုတိယေန။ပ။ အသမတ္ထတံ၊ ကို။ "အပိန တုမှေ ပရေယာ"န္တိ အာဒိနာ၊ ဖြင့်။ (ဒဿေန္တော၏ ကရိုက်း) ဒဿေန္တော၊ ပြတော်မူလိုသည်၏ အဖြစ်ကြောင့်။ ဝါ၊ ပြတော်မူလိုသည် ဖြစ်၍။ ဝါ၊ ပြတော်မူလိုသော။ ဘဂဝါ၊ သည်။ အပိန တုမှေ ပရေယာန္တိ အာဒိ၊ ကို။ အာဟ။ မှူပြီ။

(ခ) ဝါကျ

ဒဿန ကြိယာယ၊ ၏။ ကရဏဘူတော၊ ကရိုက်းဖြစ်၍ဖြစ်သော။ပြူဇာတုယာ၊ အာဟ၌ ပြူဇာတ်၏။ ကမ္မဘူတော၊ သော။ တတ္ထ တသ္မိံ အပိန္ တုမှေ ပရေယာန္တိ အာဒိဝစနေ၊ ၌။

* အနာဂတ်နက်မှာ၊ မာနန္တာ၊ ရံခါကာမတ္ထကို ထွန်းသတည်း။

ကံအာကာရ၊ ကရဏတို့၊ အရမပြား၊ ဤသုံးပါး၊ မများတူလေမြဲ။

ဒဿေန္တော+အာဟ၊ ပြသည့်ပုဒ်နောက်၊ တတ္ထရောက်က၊ ဒဿနကရိုက်း၊

အာဟ၏ကံ၊ ဤနှစ်တန်ကို၊ ဧကန်တတ္ထစွဲမြဲ။ (ဘုရားကြီး)

http://www.dhammadownload.com



## ရှင်းလင်းချက်

(က) နိယံ။ ဤဒါနိခ်ိဳသော ဝါကျမျိုးကား အနုသန္ဓေဝါကျမျိုးတည်း။ နုသန္ဓေဝါကျရှိ ဒသေသန္တော ပကာသေန္တော ဝိဘာဝေန္တောစသည်၌ အန္တပစ္စည်းသည် အနာဂတ်အနက်မှာသက်၍ ကာမတ္ထ = လိုဟူသော အနက်ကိုထွန်းပြသည်။ ထို့ကြောင့် အန္တပစ္စည်းဆုံးသော ယင်းပုဒ်တို့ကို "ပြသော ပြတတ်သော" ဟု ပစ္စုပ္ပန်အနက်မပေးရ။ မာနပစ္စည်းဆုံးလျှင်လည်း ဤနည်းအတိုင်းပင် မှတ်ယူရမည်။

(ခ+ဂ) နိယံ။ ဤဒါနိခ်ိဳသော အနုသန္ဓေဝါကျမျိုး၌ အာဟကြိယာ၏ ကံပုဒ်၊ အာကာရပုဒ်၊ ဒသေနကြိယာ၏ကရိုက်းပုဒ်ဟူသည် တမျိုးတခြားစီမဟုတ်၊ အတူတူပင်ဖြစ်သည်။

ဤ(က) အနုသန္ဓေဝါကျ၌ အာဟကြိယာ၏ ကံကား အပိနုတုမှေပရေသန္တိအာဒိ ဖြစ်သည်။ ယင်း၌ အာဒိကိုဖြုတ်လျှင် အာကာရအနက်ပြ ဣတိ သဒ္ဒါဆုံးနေရကား အာကာရဖြစ်ပြန်သည်၊ ဒသေန္တော၏ ကရိုက်းထည့်ပါဆိုလျှင်လည်း အာဟ၏ကံကိုပင် "အပိနုတုမှေ ပရေသန္တိ အာဒိနာ" ဟု ကရိုက်းပုဒ်ပြင်၍ အနက်ပေးရသည်။ ထို့ကြောင့် အာဟ၏ကံသည်ပင် အာကာရ၊ အာဟ၏ကံသည်ပင် ကရိုက်းဟု အသီးသီးဖြစ်လာသည်။ အရမှာကား အပိနုတုမှေ ပရေသံ ပင် ဖြစ်၍ အတူတူပင်ဖြစ်သည်။ ယင်းအနုသန္ဓေဝါကျနောက်တက်လာသော တတ္ထ၊ တတြ၊ တွေ စသည်တို့ကိုလည်း အထက်ပါ (၁) ဝါကျအနက်ပေးခဲ့သည့်အတိုင်း စနစ်တကျအနက်ပေးရမည်။ နိယံ၌ ဒသေန္တော အာဟ ဟုသာရှိသော်လည်း ပကာသေန္တော၊ ဒီပေန္တော၊ ဝိဘာဝေန္တော၊ အာဟ၊ အာရဒ္ဓံ၊ ဝုတ္တံ စသည်၌လည်း နည်းတူပင်မှတ်။

### (ဃ) ဝါကျ ယထာဟ အနက်ပေးနည်း

ယထာဟ၊ သောတုပေါယယ် ယုံကြည်လွယ်ဘို့ အဘယ်စကားကို အဘယ်ပုဂ္ဂိုလ်ဆိုပါသနည်း။ ကုဒ္ဒေါအတ္တံ (ပ) နာဝဗုဇ္ဈတီတိ၊ ဟူသော။ ဣဒံဝစနံ၊ ကို။ သဒ္ဒေယျဝစော၊ ယုံကြည်အပ်သော စကားရှိသော။ ဓမ္မသေနာပတိတ္ထေရော၊ သည်။ မဟာနိဒ္ဒေသေ၊ ၌။ အာဟ၊ ဆိုပြီ။ (ပဒုက္ကျူ၊ ၃၁၄)

တနည်း မယာ၊ ငါသည်။ ဝုတ္တဿ၊ ဆိုအပ်ပြီးသော၊ အတ္ထဿ၊ အနက်ကို။ သာဓကံ၊ ပြီးစေတတ်သော။ ယထာ (ကိံဝစနံ) အဘယ်စကားကို။ ကော၊ အဘယ်ပုဂ္ဂိုလ်သည်။ အာဟ၊ မိန့်တော်မူသနည်း။ မယာ၊ သည်။ ဝုတ္တဿ၊ သော အတ္ထဿ၊ ကို။ သာဓကံ၊ သော။ ကုဒ္ဒေါအတ္တံ(ပ) နာဝဗုဇ္ဈတီတိ၊ ဟူသော။ ဣဒံဝစနံ၊ ကို။ ဓမ္မသေနာပတိတ္ထေရော၊ သည်။ အာဟ၊ ပြီ။ (ဘာသာဋီကာ၊ ၁။၅၀ ကိုနည်းမှီးသည်။)

တနည်း။ ။ယထာ ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ နအာဇာနာတိ၊ မသိ။ တထာ တေန ကာရဏေန၊ ကြောင့်။ ကုဒ္ဒေါအတ္တံ (ပ) နာဝဗုဇ္ဈတီတိ၊ ဟူ၍။ ဘဂဝါ၊ သည်။ အာဟ၊ ၏။(နေရှင်း၊ ၁၇၆။)

❋ ယထာဟမှူ တွေ့လမှုကား၊ ယထာ+အာဟ နှစ်ပုဒ်ယူမြဲ။
ယေနကိံခံ၊ ကရိုက်းကံ၊ အမှန်ကြေစမြဲ။

အမှာ။ ။ယထာဟတွေ့ရာ၌ အထက်ပါအနက်ပေးနည်းကို နယူပဒေသအဖြစ် ကျက်မှတ်ထားလေ။

### (င) ဝါကျကို ယထာလာဘနည်း အနက်ပေးပုံ

ဟိ၊ မှန်၏။ ကုပိတော၊ သည်။ ဗုဒ္ဓပစ္စေကဗုဒ္ဓအရိယသာဝကာနံ၊ တို့၏။ ဝါ၊ တို့သည်။ သုဘာသိတဿ၊ ၏။ အတ္ထံ၊ ကို။ နေဝအာဇာနာတိ၊ ထင်စွာမသိနိုင်။ မာတာပိတူနံ၊ တို့၏။ ဝါ၊

http://www.dhammadownload.com



တို့သည်။ သုဘာသိတဿ၊ ၏။ အတ္ထံ၊ ကို။ နအာဇာနာတိ။ ပစ္စတ္တိကာနံ၊ တို့၏ဝါ၊ တို့သည်။ ဒုဗ္ဘာသိတဿ၊ ၏။ အတ္ထံ၊ ကို နအာဇာနာတိ၊ နိုင်။ (ဘာသာဋီကာ၊ ၃၃၂။)

၂။ (ဂ) ဝါကျ အာဘောဂါယုတ္တစောဒနာ

ဆရာသည် (ခ) ဝါကျဖြင့် ပရေသံအရ အမှတ်မထား တပါးပါးသော သတ္တဝါတို့ကို ယူရမည်ဟုဆိုတော်မူ၏။ မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ ဌ်ကဲ့သို့ ပဋိဝိရုဒ္ဓ သတ္တဝါကိုသာယူရကောင်းပါသည်မဟုတ်တုံလော။ (သီဂဏ္ဌိ၊ ၁၅၉။)

အဘယ်သို့သော သဘောယုတ္တိကိုထောက်၍ ယင်းသို့ဆိုပါသနည်း၊ အသင့်ယုတ္တိကို မပြသော် ဒဋ္ဌိယ+ဒဋ္ဌိကရဏဆန့်သော ဝိရောဓိဒေါသ -- ၏။ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

✦ တဒေဝတ္ထံ သမတ္ထေတိ "ကုပိတော"တိ အာဒိနာ။ (သီဋီသစ်၊ ၁၂၂၂)

(ဂ) ဝါကျ ကံ ပုဒ်သို့ ပရမတ်အနုသန္ဓေထွတ်ပုံ

ဤသို့ န အာဇာနာတိ ပုဒ်ဖြင့် ပကတူပနိဿယ ပစ္စယုပ္ပန်တရားကိုပြပြီး၍ ယခုအခါ၌ ယင်း၏ ပစ္စည်းတရားကို ပြလိုသော ဆရာသည် အတ္ထံ မိန့်။

၃။ (က) ဝါကျစတုက္ကထုတ်ပုံ။

(က) နနု ဝေံ ဒုတိယေန နယေန အာဒိနဝံ ဒဿေတိ၊

(ခ) အထကသ္မာ "အပိနု တုမှေ ပရေသ"န္တိ အာဒိမာဟ၊

(ဂ) နနု တတိယေန နယေန ဝဓနသလ္လက္ခဏမတ္တေပိ အသမတ္ထတံ ဒဿေတိ။

(ဃ) တသ္မာ (ပ) အာဒိမာဟ။

(ဂ) ဝါကျ၌ ဟိ သဒ္ဒါ၏ဇောတကတ္ထကား သမတ္ထန (ဝါ) ဒဋ္ဌိကရဏဖြစ်သည်။

အနုသန္ဓေဝါကျ စတုက္ကထုတ်ပုံမှတ်ဘွယ်

✱ စကားနှစ်ရပ် သန္ဓေစပ်က ရှေ့ဌာနကို စောဒကအာဘော် ဟိတ်ခတ်လျော်၍ ရှုရမျှော်တဝ နောက်ဌာနကျန်၊ အာဟကံမှာ စောဒနာ သောဘာကြွင်းလတ် အပြေမှတ်။

အထက်ပါနိယံနှင့်အညီ ပုဗ္ဗာနုသန္ဓေ+အပရာနုသန္ဓေစုံသောဝါကျမျိုး၌ ဝေံမှ ဒဿေတွာ တိုင်အောင်သော ရှေ့ဌာန (ပုဗ္ဗာနုသန္ဓေ) စကားရပ်ကို စောဒကအာဘော်လုပ်ရသည်။ နောက်ဌာနဖြစ်သော အပရာနုသန္ဓေပိုင်း၌ အာဟ ကြိယာ၏ ကံပုဒ်ကို စောဒနာနှင့် ပရိဟာရလုပ်ရသည်။ ကျန်စကားရပ်ကို ပရိဟာရဘောဂ လုပ်ရသည်။

အမှာ။ ။ အနုသန္ဓေဝါကျတွေ့တိုင်း ဤနည်းစနစ်ကို အသုံးပြုရမည်။

ဝဓနတ္ထသလ္လက္ခဏမတ္တေပိ ၌ ပိ သည် ဂရဟာဇောတက၊ သမ္ဘာဝနာသမုစ္စည်း။

"စကား၏အနက်အဓိပ္ပါယ်လောက်မျှမမှတ်သားနိုင်တုံသေး၏။ ထို့ထက် အသိခက်သော အကြောင်းအရာကို မှတ်သားနိုင်ဘို့မှာ ဆိုဘွယ်ရာမရှိတော့"ဟုလို။ (ဘာသာဋီကာ၊ ၃၃၁။)

၄။ ပတိပက္ခံ အတ္ထယန္တိ ဣစ္ဆန္တီတိ ပစ္စတ္ထိကာ၊ (ဝိ-၄၊၁။၂၂၆။)

ဆန့်ကျင်ဘက်ကို အလိုရှိခြင်းကြိယာသကတ်သည် ဝဓနဟေတု၊

ဆန့်ကျင်ဘက် ရန်သူတို့ ဖြစ်သည် ဝဓနီယ၊

ပစ္စနီက၊ ပစ္စာမိတ္တ စသော ပရိယာယ်သဒ္ဒါ ဝဓနီယတ္ထ၊

http://www.dhammadownload.com



၅။ (က) ဝါကျ၌ ဒသာယေန္တောကို ဒသာယန္တော ဟု ဟိတ်ပြင်ရမည်။
ယင်း၏ သမ္ဗန်ကား ဘာဂဝတောတည်း။ ကတ္တား + သမ္ဗန်စပ်။

၆။ (ခ) ဝါကျ ယေသံ ကေသဉ္စိ ဖြင့် ပရေသံ၌ ပရ သဒ္ဒါသည် ပစ္စတ္ထိက ပဋ္ဌာဘာဂ စသော အနက်တို့ကိုမဟော၊ အညအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၊ (သမ္ဗန္ဓာမလိင်္ဂတ္တ) ယင်း ပရအရ ပရေ အဝဏ္ဏံ ဘာသေယျုံ စသည်တို့၌ ပရ သဒ္ဒါကဲ့သို့ ပဋိဝိရုဒ္ဓ သတ္တဝါတို့ကို သာမယူရ၊ မိမိမှတပါး ရန်သူမိတ်ဆွေအားလုံးကို ယူရမည်ကိုလည်းကောင်း (သရုပ်ကြား အဘိဓေယျတ္တ) သိစေပါ သည်။

◆ ပရေသန္တိ ယေ အတ္တတော အညေ၊ တေသန္တိ အတ္ထော၊ န ပန "ပရေ အဝဏ္ဏံ ဘာသေယျုံ"န္တိ အာဒိသုဝိယ ပဋိဝိရုဒ္ဓသတ္တာနန္တိ အာဟ "ယေသံ ကေသဉ္စိ"တိ။ (သီဋီသစ်၊ ၁။၂၂၂။)

(ဂ) ဝါကျ သုဘာသိတဒုဗ္ဘာသိတဿ အတ္ထံ ဖြင့် ပါဠိတော်၌ ကောင်းစွာဆိုအပ်သော စကား မကောင်းသဖြင့်ဆိုအပ်သော စကားကို သိခြင်းဟူသည် ကောင်းစွာဆိုအပ်သောစကား မကောင်း သဖြင့်ဆိုအပ်သောစကား၏ အနက်အဓိပ္ပါယ်ကို သိခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္တ) (သီဋီသစ်၊ ၂၂၂)

၇။ (က) အာဟ ကား မြူဓာတ်+တိ ဝိဘတ်။ မြူဓာတ်ကို အာဟပြု၊ တိ ကို အ ပြု၍ ပြီးသည်။
ပစ္စေကဗုဒ္ဓ ကား ပတိ+ဧက+ဗုဒ္ဓ = ဟူလိုလျက် တိ ကို စ ပြု၊ စ ဒွေဘော်လာ၍ပြီးသည်။

၈။ အန္တရာယ်ပြုပုံ အထူး

ဒုတိယနည်းလာ မနောပဒေါသသည် ကာလကြာမြင့်မှဖြစ်မည့် ဟိတသုခ၏ အန္တရာယ်ကို ပြုတတ်သည်။

တတိယနည်းလာ မနောပဒေါသကား ထိုမနောပဒေါသဖြစ်ရာ ခဏ၌ ဖြစ်ထိုက်သော ဟိတသုခ၏ အန္တရာယ်ကိုပြုတတ်သည်။ ဤသို့ ထူးသည်။

◆ သော ပန မနောပဒေါသော န ကေဝလံ ကာလန္တရဘာဝိနောယေဝ ဟိတသုခဿ အန္တရာယကရော၊ အထခေါ် တင်္ခဏပဝတ္တနာရဟဿပိ ဟိတသုခဿ အန္တရာယကရော။ (သီဋီသစ်၊ ၂၂၂)

၉ + ၁၀။ ဝါကျဥယျာဉ် (၂၅) ၌ ဖြေခဲ့ပြီ။

********************

http://www.dhammadownload.com



## ပါဠိကျဥ်းယျှာဥ် (၃၄)

(က) ဇဝံ အဝဏ္ဏဘူမိယံ တာဒိလက္ခဏံ ဒသေတွာ ဣဒါနိ ဝဏ္ဏဘူမိယံ ဒသေတုံ "မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ"န္တိ အာဒိမာဟ။

(ခ) တတ္ထ ပရေတိ ယေကေစိ ပသန္နာ ဒေဝမနုဿာ။

(ဂ) အာနန္ဒန္တိ ဧတေနာတိ အာနန္ဒော၊

(ဃ) ပီတိယာ ဧတံ အဓိဝစနံ။

(င) သုမနဿ ဘာဝေါ သောမနဿံ၊ စေတသိကသုခဿေတံ အဓိဝစနံ။

(၅၅၃။ သီဋီသစ်၊ ၂၂၆။ နေရင်း၊ ၁၇၉။ ပခုက္ကူ၊ ၃၁၈။ ဘာသာဋီကာ၊ ၃၃၉။)

၁။ အဓိဝစနံ ပုဒ်၌ သဒ္ဒတ္ထပေါ်လွင်စေကာ (က+ဃ) ပါဠိတို့ကို အနက်ယောဇနာပါ။

၂။ (ခ) ပါဠိ သဘောဂပုစ္ဆာ၊ (ဃ) ပါဠိကို အနုသန္ဓေတက်ပါ။

၃။ (က) ပါဠိကို စတုက္ကထုတ်ပါ။

၄။ (င) ပါဠိ သုမနကို ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ ဆက္ကထုတ်ပါ။

၅။ ပသန္နာကို ဟိတ်ပြင်၍ ယင်း၏ဖြစ်သင့်သော သမ္ဗန်ကို ခံပြီးစာစပ်ပါ။

၆။ (ခ+ဂ+ဃ+င) ပါဠိတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ပသန္န တာဒိပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။

၈။ တာဒိလက္ခဏံ ၌ တာဒီ အဓိပ္ပါယ်ကိုရှင်းပြ၍ တာဒီသရုပ်ကိုထုတ်ပြီးလျှင် ဤ၌ အလိုရှိအပ်သော တာဒီကိုလည်း ဖော်ပြပါ။

၉။ အနုတ္ထဇနနော ကောဓော၊ ကောဓော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။ ကိုဆန်းစစ်၍ ဂါထာအမည်၊ ဆန်းအမည်ပေးပါ။

၁၀။ (၉) နံပါတ် ဂါထာ၌ ဘာဝ စသည်ထုတ်ပါ။

===================

၁။ (ဃ) ပါဠိ

ဧတံ ဝစနံ၊ အာနန္ဒဟူသော ဤသဒ္ဒါသည်။ ပီတိယာ၊ ၏။ အဓိဝစနံ၊ အထက်၌ ရွတ်ဆိုအပ်သော သဒ္ဒါတည်း။

- ဝုစ္စတီတိ ဝစနံ၊ အဓိ ဥပရိ ဝစနံ အဓိဝစနံ။ (မူလဋီကာ)
  တနည်း ။ ။ ပီတိယာ၊ နှင့်။ အဓိဝစနံ၊ စပ်သောသဒ္ဒါတည်း။
- အဓိနံ ဝါ ဝစနံ အဓိဝစနံ။ (မူလဋီကာ+ဓာန်ဋီ)
  တနည်း ။ ။ ပီတိယာ၊ ကို။ အဓိဝစနံ၊ ဟောတတ်သော သဒ္ဒါတည်း။
- ဝစတီတိ ဝစနံ။ အဓိသဒ္ဒေါ နိရတ္ထကော။ (ပခုက္ကူသျှ)
  တနည်း ။ ။ ပီတိယာ၊ ကို။ အဓိဝစနံ၊ စွဲ၍ဖြစ်သော သဒ္ဒါတည်း။
- အဓိဝစနန္တိစ အဓိကိစ္စ ပဝတ္တံ ဝစနံ။ (သီဋီသစ်)
  တနည်း ။ ။ ပီတိယာ၊ ၏။ အဓိဝစနံ၊ ထင်ရှားသော သဒ္ဒါတည်း။
- အဓိပသိဒ္ဓံ ဝစနံ အဓိဝစနံ။ (သီဋီသစ်)

http://www.dhammadownload.com



၂။ (ခ) ဝါကျ သာဘောဂပုစ္ဆာ

ဆရာသည် (က) ဝါကျဖြင့် မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ စသော ပါဠိတော်၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထကို ဆိုတော်မူ၏။ ယင်းပါဠိတော်၏ အနုသန္ဓေ သမ္ဗန္ဓသာ ရှိပါသလော၊ (ဝါ) ယင်းပါဠိတော်၏ အဝယဝတ္ထကို ဆရာမပြဆိုတော့ပြီလော၊ ယင်းပါဠိတော်၏ အဝယဝတ္ထကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) ဝါကျမိန့်။

အမှာ ။ ။ နောက်ဝါကျ၌ "တတ္ထချီလျက် စကားတက်မှု မှတ်ယူဝိတ္ထာရ" ဟူသော ဘုရားကြီးနိယံ (၃၀)ကိုထောက်၍ အနုသန္ဓေဝါကျနောက် တတ္ထချီလျက် တက်လာသော ဝါကျမျိုးကို (အာဟ၏ ကံကို ချဲ့ပြသော) ဝိတ္ထာရဝါကျဟု ယူကြသည်။

မန်းမြို့၏ စာချအကျော် တောင်သမန်ဆရာတော် ဦးကေသဝ ကမူ "ဘယ်သူတွေ ဘာပြောပြော အနုသန္ဓေနောက် တတ္ထချီ၍ တက်လာသောဝါကျမှန်သမျှ အနုသန္ဓေသမ္ဗန္ဓမှတစ်ပါး အဝယဝတ္ထကို ပြသော ပက္ခန္တရဝါကျဟုသာ မှတ်ရမည်" ဟု မိန့်တော်မူကြောင်း မစိုးရိမ်တိုက်သစ် မဓမ္မဒါယာဒဆရာတော် မိန့်ကြားဘူးသည်။

(ဃ) ဝါကျ အနုသန္ဓေ

ဤသို့ (ဂ) ဝါကျဖြင့် အာနန္ဒောပုဒ်၏ အဘိဓာနတ္ထ သံဝဏ္ဏနာကို ပြပြီး၍ ယခုအခါ၌ ယင်း၏အဘိဓေယျတ္ထ သံဝဏ္ဏနာကို ပြတော်မူလိုသော ဆရာသည် (ဃ) မိန့်။

(ဃ) ဝါကျ နေရင်းနိသျ (၁၇၉) ကျမ်းတက်

ဝမ်းမြောက်ကြောင်း ဖြစ်သောကြောင့် အာနန္ဒ မည်၏ဟု ဆရာ ကရဏ သာဓနကို ပြုတော်မူ၏။ ဝမ်းမြောက်ကြောင်းဖြစ်သော ဝတ္ထုကာမဂုဏ်အပေါင်းသည် အာနန္ဒ မည်ကောင်းသလောဟု မေးဘွယ်ရှိ၍ ပီတိယာ ဇတံ အဓိဝစနံ ပါဌ်မိန့်။

၃။ (က) ဝါကျ စတုက္က ထုတ်ပုံ

(က) နနု ဇဝံ အဝဏ္ဏဘူမိယံ တာဒိလက္ခဏံ ဒဿေတိ၊

(ခ) အထ ကသ္မာ "မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ"န္တိ အာဒိမာဟ၊

(ဂ) နနု ဝဏ္ဏဘူမိယံ (တာဒိလက္ခဏံ) ဒဿေတိ၊

(ဃ) တသ္မာ (ပ) မာဟ။

(င) ဝါကျ စတုက္ကထုတ်ပုံ

(က) နနု သုမနဿ ဘာဝေါ သောမနဿန္တိ ဝုတ္တံ။ (တစ်နည်း) နနု သုမနဿ ဘာဝေါ သောမနဿန္တိ ဝုတ္တတ္တာ သုခဝေဒနာယဝါ တဒုညစေတသိကာနံဝါ သုန္ဒရမနဿဝါ သောမနဿဘာဝေါ အရဟတိ။

(ခ) အထ ကသ္မာ စေတသိကသုခင်္သေတံ အဓိဝစနန္တိ ဝုတ္တံ။

(ဂ) နနု သောမနဿသဒ္ဒေါ ရူဠီသဒ္ဒေါ ဟောတိ။

(ဃ) တသ္မာ စေတသိကသုခဿေတံ အဓိဝစနန္တိ ဝုတ္တံ။ (သီဋီသစ်။ ၂၂၇ ရှု)

(ဂ + ဃ) ဝါကျ စတုက္က ထုတ်ပုံ။

(က) နနု အာနန္ဒန္တိ ဧတေနာတိ အာနန္ဒောတိ ဝုတ္တံ။

(တစ်နည်း) အာနန္ဒန္တိ ဧတေနာတိ ဝုတ္တတ္တာ ကာမဂုဏသင်္ခါတာနိ ပဉ္စာရမ္မဏာနိပိ အာနန္ဒောတွေဝ အရဟတိ ဝတ္တုံ။

http://www.dhammadownload.com



(ခ) အထ ကဿာ ပိတိယာ တေ် အဓိဝစနန္တိ ဝုတ္တံ။
(ဂ) နနု အာနန္ဒသဒ္ဒေါ ရုဠ္ဟီသဒ္ဒေါ ဟောတိ။
(ဃ) တဿာ ပီတိယာ တေ် အဓိဝစနန္တိ ဝုတ္တံ။

၄။ သောဘနော မနော သုမနော၊ (သီဋီသစ်)
သောဘနဂုဏ်၏ + စိတ်နှင့် ဂုဏ်+ဂုဏေးအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု။
ကောင်းသောစိတ်ဖြစ်သည် ဝစနီယ၊
သုစိတ္တံ စသောပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ၊
✦ သုန္ဒရံ မနော သုမနော (ဋီကာကျော်)
တစ်နည်း ။ ။ သောဘနံ မနော ယဿာတိ သုမနော၊ (သီဋီသစ်)
ကောင်းသော စိတ်၏ + ပုဂ္ဂိုလ်နှင့် သံ+သာမိ၊ ဌာနီ+ဌာန၊ ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု၊
ကောင်းသောစိတ်ရှိသူဖြစ်သည် ဝစနီယ၊
သုစိတ္တောစသော ပရိယာယ်သဒ္ဒါ ဝစနီယတ္ထ၊
ဝစနတ္ထ မှတ်ဘွယ်။
တမိံ ဒိဿတီတိ တာဒိ၊ (အနိဋ္ဌမှို ကိုလည်း။ တမိံ၊ ထိုဣဋ္ဌာရုံကဲ့သို့။ ဒိဿတိ၊ ရှုတတ်၏။) တာဒိနော လက္ခဏံ တာဒိလက္ခဏံ၊
တစ်နည်း ။ ။ တမိံ ဒိဿဟေ တာဒီ။ တာဒီဝေ လက္ခဏံ တာဒိလက္ခဏံ။ (သီဋီသစ်။ ၂၂၇။)
စေတေတီတိ စေတော၊ (စိတ + ဏ) စေတသိ + နိယုတ္တံ စေတသိကံ၊
သုခယတီတိ သုခံ၊ စေတသိကဉ္စ တံ သုခဉ္စာတိ စေတသိကသုခံ။

၅။ ပသန္နာ ကို ပသန္နတ္တာဟု ဟိတ်ပြင်က ယင်းဖြစ်သင့်သော သမ္ဗန်ကား ဒေဝမနုဿာနံ တည်း။ ကတ္တား + သမ္ဗန်စပ်။

၆။ (ခ) ဝါကျ ယေကေစိ ပသန္နာ ဒေဝမနုဿာ ဖြင့် ပရေဌ္ဌ ပရသဒ္ဒါသည် ပဏ္ဏာဘာဂ ပစ္စတ္ထိက စသော အနက်တို့ကို မဟော၊ အညတ္ထကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ (သဗ္ဗနာမလိင်္ဂတ္ထ) ပရ အရ ရတနာသုံးပါး၌ ကြည်ညိုကုန်သော နတ်လူအပေါင်းတို့ကို ယူရမည်၏ ဖြစ်ကိုလည်းကောင်း (သရုပ်ကြားအဘိဓေယျတ္ထ) သိစေသည်။
✦ ပစ္စနီကောတ္တမေ တွညေ၊ ပဏ္ဏာဘာဂေ ပရော တီသု။ (ဓာန်)
(ဂ) ဝါကျဖြင့် အာနန္ဒော၌ အာ + နန္ဒ ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ အ ပစ္စည်း ကရဏသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ အာနန္ဒောကို ကရဏသာဓန ပြုရမည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။
(ဃ) ဝါကျဖြင့် အာနန္ဒော အရ ပုဂ္ဂိုလ်ဖြစ်ကို မယူရ၊ ရုဠ္ဟီနည်းအားဖြင့် ပီတိစေတသိက်ကို ယူရမည်၏ အဖြစ်ကို သိစေပါသည်။
(င) ဝါကျ သုမနဿ ဘာဝေါဖြင့် သောမနဿံ၌ (သုမန + ဏျ) ဏျ ပစ္စည်းဘာဝတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ သုမနဿ ဘာဝေါ သောမနဿံ ဟု ပြုရမည်၏ အဖြစ်ကို သိစေပါသည်။

http://www.dhammadownload.com



စေတသိကသုခသဘောတံ အဓိဝစနံ ဖြင့် သောမနဿအရ တစ်ပါးသော စေတသိက် တို့ကို မယူရ၊ ပက်ဇ် ကဲ့သို့ ရှင်သဒ္ဒါဖြစ်သောကြောင့် သုခဝေဒနာကိုသာ ယူရမည်ဟု သိစေပါ သည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

၇။ ပသန္နကား (ပ + သဒ + တ) တ ကို အန္န ပြု၊ ဓာတွန် ဒ ကို ချေ၍ ပြီးသည်။

◆ ပပုဗ္ဗော သဒ ဝိသရဏေ၊ တော၊ အန္နာဒေသော။ ဝိသေသေန သာဒီယတေတိ ပသန္နော။ (သူစိ)

သောမနဿံ ကား သုမန + ဏျ = ဏ ကို ချေ၊ သ လာ၊ သ ကို ယ သို့ကပ်၊ သျ ကို သ ပြု၊ သ ဒွေဘော်လာ၊ သု ၌ ဥ ကို ဩ ပြု၍ ပြီးသည်။

◆ သုမနဿ ဘာဝေါ သောမနဿံ၊ ဧဝံ ဒေါမနဿံ သောဝစဿံ ဒေါဝစဿံ တ္တေ သကာရာဂမော။ (ရူပသိဒ္ဓိ)

တာဒီကား တ + ဒိသဓာတ် + ကွိ ပစ္စည်း = ဓာတွန်သ ချေ၊ ကွိ ချေ၊ တ ၌ အ ကို အာ ပြု၊ ဒိ ၌ ဣ ကို ဤ ပြု၍ ပြီးသည်။

၈။ တာဒီလက္ခဏာ ၌ တာဒီ သရုပ်ကား -

(၁) ဣဋ္ဌာနိဋ္ဌေ တာဒီ၊ (၂) စတ္တာဝီတိ တာဒီ၊

(၃) တိဏ္ဏာဝီတိ တာဒီ၊ (၄) မုတ္တာဝီတိ တာဒီ၊

(၅) တံ နိဒ္ဒေသာ တာဒီ၊ ဤငါးပါးတည်း။

ဣဋ္ဌာဓိပ္ပေတတာဒီကား ဣဋ္ဌာနိဋ္ဌေတာဒီ တည်း။ (သီဋီသစ်၊ ၂၂၆။)

တာဒီအဓိပ္ပါယ် ။ ။ လာဘစသော ဣဋ္ဌဖြစ်သော လောကဓံလေးပါးကိုလည်း အလာဘ စသောအနိဋ္ဌလောကဓံကိုကဲ့သို့ ရှုတတ်သူ၊ အနိဋ္ဌဖြစ်သောလောကဓံ လေးပါးကိုလည်း ဣဋ္ဌဖြစ်သော လောကဓံကဲ့သို့ ရှုတတ်သူကို "တာဒီ" ဟု ခေါ်သည်။

◆ တမိဝ ဒိဿတီတိ တာဒီ။ ဣဋ္ဌမိဝ အနိဋ္ဌမ္ပိ ပဿတီတိ အတ္ထော။

တစ်နည်း ။ ။ ဣဋ္ဌကို အနိဋ္ဌကဲ့သို့ ရှုခြင်း အနိဋ္ဌကို ဣဋ္ဌကဲ့သို့ ရှုခြင်းသဘောကို "တာဒီ" ဟု ခေါ်သည်။

◆ အထဝါ တမိဝ ဒိဿတေ တာဒီ။ သော ဧဝ သဘာဝေါ။ (သီဋီသစ်။ ၂၂၇။)

၉။ ပထျာဝတ္တဂါထာ အနုဋ္ဌုဘာဆန်းဖြစ်သည်။

၁၀။(၉)နံပါတ်ဂါထာ၌ အမျက်ထွက်သော သတ္တဝါ၏ ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ဆိုသည်

✝ ကောဓဒ္ဒေါယိဘာဝ + ရုဒ္ဒရသ၊

✝ အနိဋ္ဌာရုံသည် အာရမ္မဏဝိဘာဝ၊

✝ အနိဋ္ဌာရုံ၏ အနိဋ္ဌာကာရသည် လည်းကောင်း၊ အယောနိသောမနသိကာရသည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ၊

✝ အကျိုးမဲ့ကိုဖြစ်စေခြင်း၊ စိတ်ကိုဖျက်ဆီးခြင်း၊ ဘေးအန္တရာယ်ဖြစ်ခြင်း၊ အလုံးစုံကို မသိခြင်း စသည်သည် အနုဘာဝ။

✽✽✽✽✽✽✽✽✽✽✽✽✽✽✽✽✽✽

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၃၅)

(က) တုမှံ ယေဝဿ တေန အန္တရာယောတိ တေန ဥပ္ပိလာဝိတတ္တေန တုမှာကံ ယေဝ ပဌမဇ္ဈာနာဒီနံ အန္တရာယော ဘဝေယျာတိ အတ္ထော ဝေဒိတဗ္ဗော။

(ခ) ကသ္မာ ပနေတံ ဝုတ္တံ။ နနု ဘဂဝတာ –
"ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာပီတိ။
ဝရမေဝ ဟိ သာပီတိ၊ ကသိဏေနာပိ ဇမ္ဗုဒီပဿ။
ဓမ္မောတိ ကိတ္တယန္တဿ (ပ) ကသိဏေနာပိ ဇမ္ဗုဒီပဿ။
သံဃောတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာပီတိ။
ဝရမေဝ ဟိ သာပီတိ၊ ကသိဏေနာပိ ဇမ္ဗုဒီပဿာ"တိ စ။
"ယေ ဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ"တိ စ ဧဝမာဒီဟိ အနေကသတေဟိ သုတ္တေဟိ ရတနတ္တယေ ပီတိသောမနဿမေဝ ဝဏ္ဏိတန္တိ သစ္စံ ဝဏ္ဏိတံ၊ တံ ပန နေက္ခမ္မနိဿိတံ။

(ဂ) ဣဓ "အမှာကံ ဗုဒ္ဓေါ၊ အမှာကံ ဓမ္မော"တိ အာဒိနာ နယေန အာယသ္မတော ဆန္နဿ ဥပ္ပန္နသဒိသံ ဂေဟဿိတပီတိသောမနဿံ အဓိပ္ပေတံ။

(ဃ) ဣဒဉ္စိ ဈာနာဒိပဋိလာဘာယ အန္တရာယကရံ ဟောတိ။

(ဂ) ယံ ပန ဘိက္ခူ ကတ္တရဒဏ္ဍံဝါ ဒန္တကဋ္ဌံ ဝါ ပိပ္ဖလိကံ ဝါ ဂဟေတွာ ဝိစရန္တိ၊ န တံ ပရူပဃာတတ္ထာယ။ တသ္မာ "နိဟိတဒဏ္ဍော နိဟိတသတ္ထော" တွေဝ သင်္ချံ ဂစ္ဆတိ။
(၄၊ ၆၉။ သီဋီသစ်၊ ၃၂၇။ နေရင်း၊ ၂၃၄။ ပဒတ္ထ၊ ၃၈၂။ ဘာဋီ၊ ၄၃၈။ ဂဏ္ဌိ။ ၁၉၃။)

၁။ (ဂ) အမှတ်ပြဝါကျလာ အနိယမဝါကျကိုသာ အနက်ယောဇနာပါ။
၂။ (ခ) ဝါကျကို လီနတ္ထရစောဒနာတက်ပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)
၃။ (သမဏော ဂေါတမော။ ပါဠိ။) နကေဝလဉ္စ ဘဂဝါယေဝ ပါဏာတိပါတာ ပဋိဝိရတော၊ ဘိက္ခုသံဃောပိ ပဋိဝိရတော၊ ဒေသနာ ပန အာဒိတော ပဋ္ဌာယ ဧဝံ အာဂတာ တို့၌ စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ (က) ဝါကျလာ သတ္ထံပုဒ်ကို ဝိဂ္ဂဟ ပြု၍ ဂစနာဒိဆက္က ထုတ်ပါ။

http://www.dhammadownload.com



၅။ (ခ) ဝါကျ၌ ဟိတ်၏ သမ္ဗန်ကို ခံပြ၍ ၄င်းသမ္ဗန်ကို ဖြစ်သင့်သော အနက်အားလျော်စွာ စပ်သင့်ရာ၌ စာစပ်ပြပါ။

၆။ (က) ဝါကျ၌ သံဝဏ္ဏနာနှင့် (ခ) ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်ကိုဖော်ပါ။

၇။ ဘဝေသု ဝဋ္ဋဂမနေသု ဟူသော ဝိကပ်အရ ဘဂဝါပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖြေဆိုပါ။

၈။ (က) ဝါကျလာ ဒဗ္ဗအရ နှင့် သတ္တအရကို ခွဲခြားကောက်ပြပါ။

၉။ (ဂ) ဝါကျ အဋ္ဌကထာလာ အဓိပ္ပါယ်ကို ဖြုံမိအောင် ဝတ္တမျိုး ဂါထာစီပါ။

၁၀။ (ခ) ဝါကျလာ ဝိပဟေဠနဌ် ဓာတ်အရကို ကိုယ်ပြု၍ ဌာယီဘာဝ ရသ ဝိဘာဝ အနုဘာဝတို့ကို ထုတ်ပြပါ။

===================

၂။ (ခ) ဝါကျ လီနတ္ထရစောဒနာ

ဆရာမြတ်စွာဘုရားသည် နိယတဒဗ္ဗော နိယတသတ္တောဟု ဟောတော်မူ၏။ နိယတသတ္တော ဝယ် သတ္တ၌ သသဓာတ်သည် အဘယ်အနက်ကို ဟောပါသနည်း၊ ဂတိ ပါဏန သုသန အနက်တို့ကို ဟောပါသလော၊ သတ္တကို အဘယ်သို့ ဝစနတ္ထ ပြုရမည်နည်း၊ ကတ္တုသာဓန ဝစနတ္ထပြုရမည်လော။ သတ္တအရ ဓားလက်နက်ကိုသာ ယူရမည်လော၊ အဘယ်ကိုယူရမည်နည်း။ စုဒ်ကြောင့် (ခ) ဝါကျမိန့်။

(ဂ) ဝါကျ နေရင်း နိသျကျမ်းတက်

ဆရာ ပယ်အပ်ပြီးသော တောင်ဝှေးရှိသောသူသည်လည်းကောင်း၊ ပယ်အပ်ပြီးသော တောင်ဝှေးမှတစ်ပါးသော လက်နက်ရှိသောသူသည်လည်းကောင်း၊ နိယတဒဗ္ဗ နိယတသတ္တမည်၏ ဟု ဆရာဆို၏။ တောင်ဝှေးဒန်ပူဖြတ်သော ဓားငယ် လက်သည်းလှီးဓားငယ် စသည်တို့ကို ကိုင်၍ သွားကုန်သော ရဟန်းတို့သည် အနိယတဒဗ္ဗ အနိယတသတ္တ မည်ကောင်းသလော ဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ယံ ပနဘိက္ခု စသော ပါဠ်ကိုမိန့်။ (နေရင်း၊ ၂၃၁။)

* ပရူပဃာတတ္တာယ စသည်ဖြင့် ရောက်သောအနက်ကို ဖွင့်အံ့သောငှာ ယံ ပန စသည်မိန့်။ (ဂဏ္ဌိ)
* ပရူပဃာတတ္တာယာတိ အာဒိနာ အာပန္နမတ္တံ ဝိဝရိတုံ "ယံ ပနာ"တိ အာဒိဝုတ္တံ။ (သီဋီသစ်)

၃။ ဝါကျဥယျာဉ် (၄၂) ၌ ဖြေပြီး။

(ဂ) ဝါကျ ၌ စတုက္ကထုတ်ပုံ

(က) နနု ဘိက္ခု ကတ္တရဒဏ္ဍံ ဝါ ဒန္တကဋ္ဌဝါသိံ ဝါ ပိပ္ပလိကံ ဝါ ဂဟေတွာ ဝိစရန္တိ။

(ခ) အထ ကသ္မာ နိဟိတဒဏ္ဍော နိဟိတသတ္ထောတိ ဝုတ္တံ။

(ဂ) နနု န တံ ပရူပဃာတတ္တာယ ဂဟေတွာ ဝိစရန္တိ။

(ဃ) တသ္မာ (ပ) ဝုတ္တံ။

၄။ သသတိ ဟိံသတိ အနေနာတိ သတ္တံ (သီဋီသစ်၊ ၁။ ၃၂၇။)

ညှင်းဆဲခြင်း ကြိယာသကတ်သည် ဝစနဟေတု၊

လေးတောင်ရှိသော ဒုတ်(တောင်ဝှေး) မှ ကြွင်းသော သတ္တဝါတို့ကို ညှင်းဆဲကြောင်း ဖြစ်သော အလုံးစုံသော လက်နက် အဆောက်အဦဒြပ်သည် ဝစနီယ၊

အာဝုဓံ ပဟာရကံ စသော ပရိယာယ်သဒ္ဒါ ဝစနီယတ္ထ။

http://www.dhammadownload.com



ဝစနတ္ထ မှတ်ဘွယ်

နိဓိယတိ ဒိပီယတီတိ နိဟိတံ။

နိဟိတံ သတ္ထံ ယေနာတိ နိဟိတသတ္ထော။

နိဟိတော ဒဏ္ဍော ယေနာတိ နိဟိတဒဏ္ဍော။

( နိက္ခိတ္တဒဏ္ဍော နိက္ခိတ္တသတ္ထောလည်း နည်းတူပြု)

ကတ္ထရယ (ဗိဏ္ဍူသာယ) အာလမ္ဗိတော ဒဏ္ဍော ကတ္ထရဒဏ္ဍော၊

ကတ္ထရေန ဝါ (ဗိဏ္ဍေန) အာလမ္ဗိတော ဒဏ္ဍော ကတ္ထရဒဏ္ဍော။

ဒန္တသောဓနံ ကာတုံ ယောဂ္ဂံ ကဋ္ဌံ ဒန္တကဋ္ဌံ။ (သီဋီသစ်။ ၃၂၈။)

၅။ ဝိဟေဌနဘာဝတော ဟိတ်၏ သမ္ဗန်ကား သဗ္ဗသာပိ အဝသေသဿ ဥပကရဏဿ တည်း။ ကတ္တား + သမ္ဗန်စပ်။

(က) ဝါကျ အဝတ္ထနတော၏ သမ္ဗန်ကို သမဏဿ ဂေါတမဿ ဟု ခံပါ။

၆။ (က) ဝါကျ နိက္ခိတ္တဒဏ္ဍော နိက္ခိတ္တသတ္ထော ဖြင့် နိဟိတဒ္ဒ ဓာ ဓာတ်သည် ဆောင်ခြင်းအနက် ကို မဟော၊ ခိပနအနက် ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ နိဟိတ ၌ နိ ၏ ဓာတွတ္ထ ဝိသေသက အဖြစ်ကိုလည်းကောင်း သိစေပါသည်။

ပရူပဃာတ္တာယ ဒဏ္ဍံ ဝါ သတ္ထံ ဝါ အာဒါယ အဝတ္ထနတော ဖြင့် သူတစ်ပါးကို အတ်ဖြတ် ညှင်းဆဲခြင်းငှာ ဒုတ် တောင်ဝှေးကိုလည်းကောင်း၊ ကြွင်းသော ဓားလက်နက် စသည်ကိုလည်းကောင်း ကိုင်ဆောင်၍ မလှည့်လည်သောကြောင့် မြတ်စွာဘုရားသည် နိဟိတဒဏ္ဍ နိဟိတသတ္ထ မည်သတည်းဟု သိစေပါသည်။ (ဤကား အဋ္ဌကထာရှိအတိုင်း ဖော်သည်။)

တစ်နည်း ။ ။ ပရူပဃာတ္တာယ ဒဏ္ဍံဝါ သတ္ထံဝါ အာဒါယ အဝတ္ထနတော ဖြင့် နိဟိတဒဏ္ဍော နိဟိတသတ္ထော ဟူသောစကားကို အတ္ထာပတ္တိ၏ အစွမ်းဖြင့် သူတစ်ပါးကို ညှင်းဆဲခြင်းမှ ရှောင်ကြဉ်တော်မူသည်၏ အဖြစ်ကိုပြခြင်း အကျိုးငှာ ဟောတော်မူသည်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (သီဋီသစ်၊ ၃၂၇။)

(ခ) ဝါကျ ဝိဟေဌနဘာဝတောဖြင့် သတ္ထံ၌ သသဓာတ်၏ ဟိံသာ အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ တ ပစ္စည်း၏ ကရဏသာဓ်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ သသတိ ဟိံသတိ အနေနာတိ သတ္ထံဟု ပြုရမည်ကိုလည်းကောင်းသိစေပါသည်။ (သီဋီသစ်။၃၂၇။)

သတ္ထာနံ ဖြင့် ဝိဟေဌနဘာဝတော၌ ညှင်းဆဲ၏ဟူသည် သတ္တဝါတို့ကို ညှင်းဆဲသည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

ဋပေတွာ ဒဏ္ဍံ သဗ္ဗမ္ပိ အဝသေသံ ဥပကရဏံ ဖြင့် သတ္ထံပုဒ်အရ ဓားလက်နက်ကိုသာ မယူရ၊ ပါရိသေသနည်းအားဖြင့် ဒုတ် တောင်ဝှေးမှ ကြွင်းသော သတ္တဝါတို့ကို ညှင်းဆဲကြောင်း အဆောက်အဦကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

၇။ ဝါကျဉယျာဉ် (၁၄) ၌ ဖြေခဲ့ပြီ။

ဒန္တကဋ္ဌ ကား ဒန္တသောဓနကဋ္ဌ ဟူလိုလျက် သောဓန ပုဒ်ချေ၍ ပြီးသည်။

ဒန္တကဋ္ဌဝါသိ ကား ဒန္တကဋ္ဌစ္ဆေဒနကဝါသိဟု ဆိုလိုလျက် ဆေဒနကပုဒ်ချေ၍ ပြီးသည်။

"ဒန္တကဋ္ဌဝါသိံ ဝါ"တိ ပိ ပါဌော၊ ဒန္တကဋ္ဌစ္ဆေနကဝါသိ န္တိ အတ္ထော။ (သီဋီသစ်)

http://www.dhammadownload.com



ကဠ္ဌ ကား ကာသ + တ။ သ ကို ဠ ပြု။ တ ကို ဌ ပြု၊ ကာ ၌ အာ ကို အ ပြု၍ ပြီးသည်။

❖ ကာသ ဒိတ္တိယံ၊ ကာသတေ အဂ္ဂိနာ ဒိပ္ပတေတိ ကဋ္ဌံ။ တော။ သဿ ဠော ရသောစ။(သူစိ) ကာသ ဒိတ္တိယံ။ ကာသတေ အဂ္ဂိနာ ဒိပ္ပတေတိ ကဋ္ဌံ။ တော၊ တဿ ဌော၊ ရဿောစ။ ကသ ဂမနေ ဝါ တော။ (ဓာန်ဋီ။ ၅၄၈။)

နိဟိတ ကား နိ + ဓာ + တ။ ဓ ကို ဟ ပြု၊ အာကို ဣ ပြု၍ ပြီးသည်။

ပိပ္ပလိကံ ကား ပိယဖလ ဟူလိုလျက် ယချေ၊ (အသဒိသဒွေဘော်) ပလာ၍ ပိပ္ပလပြီး၏။ ပိပ္ပလံဧဝ ပိပ္ပလိကံ ဟု သော်တ္တတဒ္ဓိတ်ဆင့်။

❖ ပိယမပိ ဖာလေတီတိ ပိပ္ပလံ။ ဖလ ဝိဒါရဏေ၊ အ။ (သူစိ)

ဒဏ္ဍ ကား ဒဍိ+က ပစ္စည်း။ ဒ အထက်၌ နိဂ္ဂဟိတ်လာ၊ ကချေ၊ နိဂ္ဂဟိတ်ကိုဏ ပြု၍ပြီး။

❖ ဒဍတိ အာဏံ ကရောတိ ဧတေနာတိ ဒဏ္ဍော။ (ကစ္စည်း)

သတ္ထ ကား သသ (တစ်နည်း) သသု + ထ။ သသထ ဟူလိုလျက် သ ကို တ ပြု၍ ပြီးသည်။

၈။ ဒဏ္ဍအရကား မဇ္ဈိမပုရိသ၏ လေးတောင်ပမာဏရှိသော ဒုတ်ကိုယူ။

သတ္ထအရကား မဇ္ဈိမ ပုရိသ၏ လေးတောင်ပမာဏရှိသော ဒုတ်မှ ကြွင်းသော သောက်ပုတ် သန်လျက် စသည်တို့ကို ယူ။

❖ မဇ္ဈိမဿ ပုရိသဿ စတုဟတ္ထပ္ပမာဏော ဧတ္ထ ဒဏ္ဍော။ တဒဝသေသာ မုဂ္ဂရ ခဂ္ဂါဒယော သတ္ထံ။ (သီဋီသစ်၊ ၁။ ၃၂၇။)

၉။ ဘိက္ခူ ဒဏ္ဍာဒိမာဒါယ၊ န ဃာတာယ စရန္တိ တံ။

နိက္ခိတ္တဒဏ္ဍသတ္ထောတိ၊ တသ္မာ သဉ္စ ဝဇ္ဇတိ။ (ပထျာဝတ္တဂါထာ ဖြစ်သည်။)

ယောဇနာပုံ

ဘိက္ခူ၊ ဒဏ္ဍာဒိံ၊ အာဒါယ၊ စရန္တိ၊ တံ (ဒဏ္ဍာဒိံ) ဃာတာယ၊ အာဒါယ၊ န စရန္တိ၊ တသ္မာ၊ နိက္ခိတ္တဒဏ္ဍသတ္ထောတိစ နိက္ခိတ္တဒဏ္ဍသတ္ထောတိဧဝ၊ သဉ္စ၊ ဝဇ္ဇတိ။

၁၀။✝ ဝိဟေဌန ၌ ဟေဌဓာတ်အရ သတ္တဝါတို့ကို ညှင်းဆဲသူ၏ ဒေါသပြဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ --- ထို သည် ကောဋ္ဌာသဘာဝ + ရုဠ္ဌရသ၊

✝ ညှင်းဆဲသော သတ္တဝါတို့သည် အာရမ္မဏဝိဘာဝ၊

✝ ဓားစသော ညှင်းဆဲကြောင်း အဆောက်အဦးတို့သည်လည်းကောင်း၊ အယောနိသော မနသိကာရ သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ၊

✝ အတ္တာနုဝါဒဘေး ပရာနုဝါဒဘေး ဒဏ္ဍဘေး ဒုဂ္ဂတိဘေး စသည်တို့သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

http://www.dhammadownload.com



ဝါကျဥယျာဉ် (၄၄)

(က) လဇ္ဇီတိ ပါပဇိဂုစ္ဆနလက္ခဏာယ လဇ္ဇာယ သမန္နာဂတော။
(ခ) ဒယာပန္နောတိ ဒယံ မေတ္တစိတ္တတံ အာပန္နော။
(ဂ) သဗ္ဗပါဏဘူတဟိတာနုကမ္ပီတိ သဗ္ဗေ ပါဏဘူတေ ဟိတေန အနုကမ္ပကော။
(ဃ) တာယ ဒယာပန္နတာယ သဗ္ဗေသံ ပါဏဘူတာနံ ဟိတစိတ္တကောတိ အတ္ထော။
(င) ဝိဟရတီတိ ဣရိယတိ ယပေတိ ယာပေတိ ပါလေတိ။
(စ) ဣတိ ဝါ ဟိ ဘိက္ခုဝေတိ ဧဝံ ဝါ ဘိက္ခဝေ။
(၄၊ ၆၉။ သီဋီသစ်၊ ၃၂၈။ ပဒုတ္တ၊ ၃၈၃။ ဘာသာဋီကာ၊ ၄၃၉။)

၁။ ဿံဝဏ္ဏေတဗ္ဗပုဒ်တို့ကို ဿံဝဏ္ဏနာ နှင့်အညီ ကျနစွာအနက်ပေးပါ။
၂။ (ဃ) ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။
၃။ (ခ) ဝါကျ၌ ရနိုင်သော စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ မေတ္တစိတ္တတံ ၌ မေတ္တစိတ္တ ဟူသော ဘာဝယောဂပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထပြ၍ အပေါင်း ဝစနတ္ထကိုသာ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ မေတ္တစိတ္တတံ ၌ တာသမ္မန်ကိုခံ၍ အတ္ထာနုရူပစာစပ်ပါ။
၆။ (က-င-စ) ဝါကျတို့ကို အာဘော်ဖော်၍ ဿံဝဏ္ဏနာ အမည်ပေးပြပါ။
၇။ ဘိက္ခုဝေ ၌ ဘိက္ခုပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို စွမ်းနိုင်သမျှဖော်ပြပါ။
၈။ ဘုရားရှင်သည် မကောင်းမှုမှ ကြောက်လန့်တော်မူသည်ဖြစ်ပါလျက် ပါဠိတော်၌ လဇ္ဇီ ဒယာပန္နောဟု ရှက်ခြင်း-လဇ္ဇာ ကိုသာဟော၍၊ ကြောက်လန့်ခြင်း ဩတ္တပ္ပကို ဘာကြောင့် မဟောသည်ကို ရှင်းပြပါ။
၉။ (ဂ-ဃ) ဝါကျတို့ကို အဓိပ္ပါယ်မပျက်စေဘဲ ကြိုက်နှစ်သက်ရာ ဂါထာတစ်ပုဒ်စီကုံး၍၊ ဂါထာအမည် ပေးပြခဲ့ပါ။
၁၀။ (က) ဝါကျပါ လဇ္ဇာယ အရကို ရှု၍ ဘာဝါလက္ခဏာရထုတ်ပြပါ။

===================

၁။ ဿံဝဏ္ဏနာနှင့်အညီ အနက်ပေးပုံ။

(က) လဇ္ဇီ၊ မကောင်းမှုမှ စက်ဆုတ်ခြင်း လက္ခဏာရှိသော ရှက်ခြင်း ဟိရီတရား ရှိတော်မူ၏။
(ခ) ဒယာပန္နော၊ မေတ္တာနှင့် ယှဉ်သော စိတ်ရှိသည်၏ အဖြစ်သို့ ရောက်တော်မူ၏။
(ဂ) သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ အလုံးစုံသော သတ္တဝါတို့ကို အစီအပွားဖြင့် အစဉ်သနား စောင့်ရှောက်တော်မူ၏။ (ဝါ) စောင့်ရှောက်တတ်သောမေတ္တာစိတ်ရှိသည်၏ အဖြစ်သို့ ရောက်တော်မူရကား အလုံးစုံသောသတ္တဝါတို့၏ အစီးအပွားကို အလိုရှိသောစိတ် ရှိတော်မူ၏။
(င) ဝိဟရတိ၊ ဣရိယာပုထ်တစ်ခုဖြင့် ကျင်နာနှိပ်စက်ခံရခြင်းဒုက္ခကို တစ်ပါးသောဣရိယာပုထ် ဖြင့်ဖြတ်၍ အတ္တဘောကိုမလဲကျအောင် ဆောင်တော်မူ၏။ (ဝါ) အတ္တဘောကို မျှတစေ တော်မူ၏။ (ဝါ) အတ္တဘောကို စောင့်ရှောက်တော်မူ၏။
(စ) ဘိက္ခဝေ၊ တို့။ ဣတိဝါ၊ ဤသို့လည်း။ (သီဋီသစ်။ ၃၂၉ လည်းရှု။)

http://www.dhammadownload.com



၂။ (ဃ) သာဘောဂပုစ္ဆာ

ဆရာသည် (ဂ) ဝါကျဖြင့် ဘုရားရှင်သည် သတ္တဝါအားလုံးတို့ကို စီးပွားချမ်းသာဖြင့် စောင့်ရှောက် သနားတော်မူတတ်၏ဟုဖွင့်ပြဆို၏။ စီးပွားချမ်းသာဖြင့် စောင့်ရှောက် သနားတော်မူ၏ ဟူသည် သတ္တဝါတို့အား စီးပွားဥစ္စာရတနာရွှေငွေများကို ပေးကမ်း၍ ချီးမြှောက်ကာစောင့်ရှောက် တော်မူပါသလော။ ဘယ်ပုံဘယ်နည်း သနားစောင့်ရှောက် ချီးမြှောက်တော်မူပါသနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

အဓိပ္ပါယ်ကား (ဃ) ဖြင့် သတ္တဝါတို့အား စီးပွားချမ်းသာဖြင့် သနားစောင့်ရှောက်တော် မူ၏ဟူသည် စောင့်ရှောက်တတ်သော မေတ္တာစိတ်နှင့် ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့် သတ္တဝါအားလုံးတို့၏ အစီးအပွားချမ်းသာကို လိုလားသောစိတ်ရှိတော်မူသည် ဖြစ်၍ နေတော်မူ၏ ဟု သနားစောင့်ရှောက် ချီးမြှောက်ပုံကို ငါပြဆို၏ ဟူလိုသော်။

၃။ (ခ) စတုက္ကထုတ်ပုံ

(က) နနု ဒယာသဒ္ဒေါ ဒယာပန္နောတိအာဒီသု ကရုဏာယပိ ဝတ္တတိ။

(ခ) အထ ကသ္မာ ဒယံ မေတ္တစိတ္တတံ အာပန္နောတိ တယာ ဝုတ္တံ။

(ဂ) နနု သဗ္ဗပါဏဘူတဟိတာနုကမ္ပီတိပဒေန ကရုဏံ ဝက္ခတိ။

(ဃ) တသ္မာ ---------- မယာ ဝုတ္တံ။

❖ "ဒယံ မေတ္တစိတ္တတံ အာပန္နော"တိ ကသ္မာ ဝုတ္တံ၊ နနု ဒယာသဒ္ဒေါ "ဒယာပန္နော"တိ အာဒီသု ကရုဏာယပိ ဝတ္တတီတိ ? ပ။ ကရုဏာယ ဝက္ခမာနတ္တာ။ (သီဋီသစ်၊ ၃၂၈။)

၄။ မိဒတိ သိနေဟတီတိ မေတ္တာ။ (အဒေါသစေတသိက်ရ၏။)
မေတ္တာ ဧတဿ အတ္ထီတိ မေတ္တံ။ (စိတ်ရ၏။)
မေတ္တံ စိတ္တံ ဧတဿာတိ မေတ္တစိတ္တော။ (သီဋီသစ်။ ၃၂၈။)
မေတ္တာစိတ်၏ + မြတ်စွာဘုရားဖြစ် နှင့် ဂုဏ် + ဂုဏေး၊ သံ + သာမိစပ် --- ဝစနဟေတု။
မေတ္တာစိတ်ရှိတော်မူသော မြတ်စွာဘုရားဖြစ်သည် --- ဝစနီယ။
သိနေဟစိတ္တော စသော ပရိယာယ် --- ဝစနီယတ္ထ။

(တစ်နည်း) မေတ္တာယ သမ္ပယုတ္တံ စိတ္တံ ဧတဿာတိ မေတ္တစိတ္တော။ (သီဋီသစ်။ ၃၂၈။)
မေတ္တစိတ္တဿ + ဘာဝေါ မေတ္တစိတ္တတာ။ (သီဋီသစ်)

ပါဏဘူတ ။ ။ ပါဏော ဘူတော ယေသန္တိ ပါဏဘူတာ။ (သီဋီသစ်)

(တစ်နည်း) ဘဝန္တီတိ ဘူတာ။ ပါဏာစ + တေ + ဘူတာစာတိ ပါဏဘူတာ။
(ထိုထိုကံကြောင့် ဖြစ်ကြရသော သတ္တဝါတို့။) (ဘာသာဋီကာ။) ၄၄၀။

၅။ မေတ္တစိတ္တတံ ၌ တာသမ္ဗန်ကို ဒယာပန္နဿ သမဏဿ ဂေါတမဿ ဟုဝံ။ (ကတ္တား+သမ္ဗန်စပ်။)

(ဃ) ဝါကျ၌ တာယ ဒယာပန္နတာယ ဟူသောဟိတ်၏ သမ္ဗန်ကို သမဏဿ ဂေါတမ ဿ-ဟုဝံ။ (ကတ္တား+သမ္ဗန်စပ်)

http://www.dhammadownload.com



၆။ (က) ဝါကျ အာဘော်သံဝဏ္ဏနာ ဝါကျဥယျာဉ် (၁) ၌ ရေးသားခဲ့ပြီ။

(ခ) မေတ္တာစိတ္တတံ ဖြင့် ဒယာ ပုဒ်ကို ဒယတိ အနုဒ္ဒယတိ အနုရက္ခတိ. တေဟယာတိ ဒယာပဟု ဝစနတ္ထပြု၍ ဒယာ အရ အနုရက္ခဏတ္တကို အတွင်းပြု၍ မေတ္တာကရုဏာ နှစ်ပါးစုံ ရသော်လည်း သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဖြင့် ကရုဏာကို ဆိုလတံ့ ဖြစ်သောကြောင့် ဤ၌ မေတ္တာကို ယူရမည် ဟု သိစေသည်။ (သီဋီသစ်။ ၃၂၈ ၅)

ဒယံ အာပန္နော ဖြင့် ဒယာပန္နော ၌ အာပန္နော ပုဒ်ကို အာပဇ္ဇတီတိ အာပန္နော ဟု ကတ္တုသာဓနေဝစနတ္ထပြု --- လည်းကောင်း၊ တ ပစ္စည်း ကတ္တုသာဓန အနက်၌သက် --- လည်းကောင်း၊ ဒယံ အာပန္နော ဒယာပန္နော ဒုတိယာတပ္ပုရိသ် ပြု --- လည်းကောင်း သိစေ။

(ဂ) သဗ္ဗေ ပါဏဘူတေ ဖြင့် သဗ္ဗနှင့် ပါဏဘူတပုဒ်ကို သဗ္ဗေစ + တေ + ပါဏဘူတာစာတိ သဗ္ဗပါဏဘူတာ ဟု ကမ္မဓာရာယ်သမာသ်ဝစနတ္ထ ပြုရမည်ဟု သိစေသည်။

ဟိတေန အနုကမ္ပကောဖြင့် အနုကမ္ပီပုဒ်ကို အနုကမ္ပတီတိ အနုကမ္ပီ ဟု ကတ္တုသာဓနေ ဝစနတ္ထပြု --- လည်းကောင်း၊ ဏီ ပစ္စည်း ကတ္တုသာဓနေအနက်၌ သက် --- လည်းကောင်း၊ ဟိတနှင့် အနုကမ္ပီပုဒ်ကို ဟိတေန + အနုကမ္ပီ ဟိတာနုကမ္ပီ ဟု တတိယာ တပ္ပုရိသ်ဝစနတ္ထ ပြု လည်းကောင်းသိစေ။

(ဂ) တဝါကျလုံးဖြင့် သဗ္ဗပါဏဘူတပုဒ် နှင့် ဟိတာနုကမ္ပီပုဒ်ကို သဗ္ဗပါဏဘူတေ + ဟိတာနုကမ္ပီ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဟု ဒုတိယာ တပ္ပုရိသ်ဝစနတ္ထ ပြုရမည်ဟု သိစေ။

(ဃ) တာယ ဒယာပန္နတာယဖြင့် မေတ္တာသည် ကရုဏာ၏ ဝိသေသအကြောင်း ဖြစ်ရကား ယင်းမေတ္တာကြောင့် ကရုဏာဖြစ်၏ဟုသိစေ။ (သီဋီသစ်၊ ၃၂၈။)

သဗ္ဗေသံ ။ပ။ အတ္ထော ဖြင့် မေတ္တာနှင့်ပြည့်စုံသောကြောင့် ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွားကိုအလိုရှိသော စိတ်ရှိတော်မူ၏-ဟူသော အဓိပ္ပါယ်ကိုသိစေပါသည်။

(င) ဝါကျဖြင့် ဝိဟရတိ ၌ ဝိ ၏ ဝိစ္ဆိန္ဒနအနက်ဟော--လည်းကောင်း၊ ဟရ-ဓါတ်၏ နယန (ဟရဏ) အနက်ဟော--လည်းကောင်း၊ ဆောင်ခြင်းဟူသည်လည်း ဤနေရာ၌ ဖြစ်ခြင်းပင်တည်း၊ ဖြစ်ခြင်းဟူသည်လည်း မျှတခြင်း , မျှတစေခြင်းပင်တည်း။ မျှတစေခြင်းဟူသည် လည်း (အတ္တဘောကို) စောင့်ရှောက်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်းသိစေ။

❖ ဝိဟရတီတိတ္ထေ ဝိသဒ္ဒေါ ဝိစ္ဆိန္ဒနတ္ထော၊ ဟရသဒ္ဒေါ နယနတ္ထော၊ နယနဥ္စနာမေတ္တ ဣဓ ပဝတ္တနံ , ယာပနံ , ပါလနံ ဝါ တိ အာဟ "ဣရိယတိ ယပေတိ ယာပေတိ ပါလေတီ"တိ။ (သီဋီသစ်၊၃၂၉။)

(စ) ဖြင့် ဣတိ ဝါ ဘိက္ခဝေ ၌ ဣတိသဒ္ဒါ၏နိဒဿနအနက်ဟော--လည်းကောင်း၊ ဟိ-နိပါတ်၏ ပဒပူရဏဝါစာသိလိဋ္ဌ၏အဖြစ်ကိုလည်းကောင်း သိစေသည်။ (သီဋီသစ်၊ ၃၂၉။)

ဂု။ ဘိက္ခု-နိရုတ္တိနည်းရုပ်ပြီးပုံ။

(၁) ဘိဒိ + ရူ။ ဘိန္ဒူ ဟု ဆိုလိုလျက် န္ဒ ကို က္ခ ပြု။ ဦ ကို ဥ ပြု၍ ဘိက္ခု ဟုပြီးသည်။
(၂) ဆိန္နဘိန္နပဋဓရ ဟု ဆိုလိုလျက် ဆိန္နပဋဓရ ပုဒ်တို့ကိုချေ၊ ဘိန္န ကို ဘိက္ခု ပြု၍ ပြီးသည်။
(၃). ဘိက္ခ + ရူ။ ဘိက္ခူ ဟုဆိုလိုလျက် ဦ ကို ဥ ပြု၍ ပြီးသည်။
(၄) ဘယသဒ္ဒူပပဒ + ဣက္ခ + ရူ + ဘယိက္ခူ ဟုဆိုလိုလျက် ယ ကိုချေ၊ ဦ ကို ဥ ပြု၍ ပြီးသည်။

http://www.dhammadownload.com



❖ ဘိဒိဘိက္ခိ ဓာတုဝသာ၊ အထဝါ ဘယဝါစကံ။
ဘီသဒ္ဒံ ပုရိမံ ကတွာ၊ ဣက္ခဓာတုဝသေန စ။
ဘိက္ခုသဒ္ဒဿ နိပ္ဖတ္တိ၊ ကထယေယျ ဝိစက္ခဏော။
တထာ ဟိ ကိလေသေ ဘိန္ဒတီတိ ဘိက္ခု။ ဆိန္နဘိန္နပဋဓရောတိပိ ဘိက္ခု။ ဘိက္ခနသီလောတိပိ ဘိက္ခု။ သံသာရေ ဘယံ ဣက္ခတိ ဣက္ခနသီလောတိ ဝါ ဘိက္ခု။ (နီတိဓာတု။၃၆၉။)
(၅) အမတရသံ ဘက္ခတီတိ ဘိက္ခု ဟုပြုလျှင် ဘက္ခ+ရူ။ ဘက္ခု ဟုဆိုလိုလျက် ဘ ၌ အ ကို ဣ ပြု၊ ဦ ကို ဥ ပြု၍ ပြီးသည်။

၈။ ပါဠိတော်၌ လဗ္ဘိဒယာပန္နော ဟုသာဟောတော်မူခြင်း။

ဘုရားရှင်တို့၏ တရားတော်ကို အလေးဂရုပြုတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တရားတော်၏လည်း အတ္ထ (မိမိနှင့်) ဆက်စပ်နေသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ (လဗ္ဘိဒယာပန္နော ဟု) အတ္တာဓိပတိဖြစ်သော ရှက်ခြင်း လဇ္ဇာကိုသာ ဟောတော်မူသည်။ လောကာ ဓိပတိဖြစ်သော ကြောက်လန့်ခြင်း ဩတ္တပ္ပကို ဟောတော်မမူ။
❖ ဓမ္မဂရုတာယ ဟိ ဗုဒ္ဓါနံ ဓမ္မဿစ အတ္တာဓိနတ္တာ အတ္တာဓိပတိဘူတာ လဇ္ဇာဝ ဝုတ္တာ။ န လောကာဓိပတိဘူတံ ဩတ္တပ္ပံ။ (သီဋီသစ်၊ ၃၂၈။)
❖ အပိစ လဇ္ဇီတိဣတ္ထေ ဝုတ္တလဇ္ဇာယ ဩတ္တပ္ပမ္ပိ ဝုတ္တမေဝ၊ တသ္မာ လဇ္ဇာတိ ဟိရီဩတ္တပ္ပါန + မဓိဝစနံ ဒဋ္ဌဗ္ဗံ။ (သီဋီသစ်၊ ၃၂၈။)

၉။ သကလေ ပါဏဘူတေစ၊ ဟိတေန အနုကမ္ပကော။
သမ္ဗေသံ ပါဏဘူတေနံ၊ မေတ္တာယ ဟိတစိတ္တကော။ (ပဏ္ဍဝတ္တဂါထာ။)

၁၀။ (က) လဇ္ဇာယ အရကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ –

† ဘုရားရှင်၏ သန္တာန်၌ ဟိရီဩတ္တပ္ပပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဓမ္မသဂိရရသ။
† မကောင်းမှု အကုသိုလ်တရားများသည် -- အာရမ္မဏဝိဘာဝ။
† မကောင်းမှုအကုသိုလ်တရားတို့၏ စက်ဆုတ်ဘွယ် ကြောက်လန့်ဘွယ် အခြင်းအရာသည်လည်းကောင်း၊ ဘုရားရှင်၏ ယောနိသောမနသိကာရ စသည်သည် လည်းကောင်း -- ဥဒ္ဒီပနဝိဘာဝ။
† ဟိရီဩတ္တပ္ပနှင့်ပြည့်စုံသောကြောင့် ဖူးမြင်ရသူ နတ်လူပြဟ္မာသတ္တဝါတို့ ကြည်ညိုသဒ္ဓါ တိုးပွားလာခြင်း စသော အကျိုးတရားအဆက်ဆက်သည် -- အနုဘာဝ။

*********************

http://www.dhammadownload.com



ဝါကျဥယျာဉ် (၄၅)

(က) အဒိန္နာဒါနံ ပဟာယာတိ ဧတ္ထ အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ၊
(ခ) ပရဿ ဟရဏံ ထေယျံ၊ စောရိကာတိ ဝုတ္တံ ဟောတိ။
(ဂ) တတ္ထ အဒိန္နန္တိ ပရပရိဂ္ဂဟိတံ၊
(ဃ) ယတ္ထ ပရော ယထာကာမကာရိတံ အာပဇ္ဇန္တော အဒဏ္ဍာရဟော ˏ အနုပဝဇ္ဇော စ ဟောတိ
(င) တသ္မိံ ပရပရိဂ္ဂဟိတေ ပရပရိဂ္ဂဟိတသညိနော တဒါဒါယကဥပက္ကမသမုဋ္ဌာပိကာ ထေယျစေတနာ အဒိန္နာဒါနံ။
(စ) တံ ဟီနေ ပရသန္တကေ အပ္ပသာဝဇ္ဇံ၊ ပဏီတေ မဟာသာဝဇ္ဇံ၊ ကသ္မာ ? ဝတ္ထုပဏီတတာယ။
(ဋ၊ ၇၀။ သီဋီသစ်၊ ၃၂၉။ နေရင်း၊ ပဒုက္က၊ ၃၈၅။ ဘာဋီ၊ ၃၂၉။)

၁။ (ဂ+ဃ+င) ဝါကျတို့ကို အာဝုတ္တိနည်း စသောနည်းအားဖြင့် ကျနစွာ အနက်ပေးပါ။
၂။ (ဂ) ဝါကျကိုသာ လျဉ်းပါး၍ ပုစ္ဆာတက်ပါ။
၃။ (စ) ဝါကျကို စတုက္ကထုတ်ပါ။
၄။ ထေယျံ ပုဒ်ကို အစိတ်အပေါင်းဝိဂ္ဂဟပြု၍ အပေါင်းဝိဂ္ဂဟကို ဆက္ကထုတ်ပါ။
၅။ (စ) ဝါကျ ဟိတ်၏ သမ္ဗန်ကို ခံပြု၍ စာစပ်ပါ။
၆။ (က+ခ) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဟီန ပဏီတ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။
၈။ အဒိန္နာဒါနံပယောဂ ခြောက်ပါးတွင် ဝိဇ္ဇမယပယောဂ နှင့် ဣဒ္ဓိမယပယောဂတို့၏ အဓိပ္ပါယ် ထူးခြားပုံကို ဖော်ပြပါ။
၉။ (စ) ဝါကျကို ဝတ္ထုမျိုးတွင် ကြိုက်နှစ်သက်ရာ တစ်ဂါထာစီ၍ ဂါထာအမည်ပေးပါ။
၁၀။ အဒိန္နာဒါန အရကို ကိုယ်ပြု၍ ဘာဝ စသည် ထုတ်ပါ။

====================

၁။ (ဂ+ဃ+င) ဝါကျ အာဝုတ္တိနည်းဖြင့် အနက်ပေးပုံ

တတ္ထ တသ္မိံ အဒိန္နာဒါနန္တိပဒေ၊ ၌။ ယတ္ထ ယသ္မိံ ပရပရိဂ္ဂဟိတေ၊ အကြင်တစ်ပါးသော သူတို့သည် သိမ်းဆည်းအပ်သောဥစ္စာ၌။ ပရော၊ သည်။ ယထာကာမကာရိတံ၊ သို့။ အာပဇ္ဇန္တော၊ သော်။ အဒဏ္ဍာရဟော စ၊ လည်းကောင်း။ အနုပဝဇ္ဇော စ၊ လည်းကောင်း။ ဟောတိ။ တံ ပရပရိဂ္ဂဟိတံ၊ --- ဥစ္စာသည်။ အဒိန္နန္တိ။ အဒိန္နမည်၏။ ယတ္ထ ယသ္မိံ ပရပရိဂ္ဂဟိတေ၊ ၌။ (ပ) အနုပဝဇ္ဇော စ။ ဟောတိ။ တသ္မိံ ပရပရိဂ္ဂဟိတေ၊ ၌။ ပရပရိဂ္ဂဟိတသညိနော စသည်ဖြင့် ပေးလေ။ (ပဒုက္က၊ ၃၈၅။)

✤ "ယတ္ထ ပရော"တိ အာဒိ ဥဘယတ္ထ သမ္ဗန္ဓော အာဝုတ္တိယာဒိနယေန။ တသ္မာ "တံ ပရပရိဂ္ဂဟိတံနာမ တသ္မိံ ပရပရိဂ္ဂဟိတေ"တိစ ယောဇေတဗ္ဗံ။ (သီဋီသစ်၊ ၃၃၀။)

အထက်ပါသီဋီသစ်စကားအရ (ဃ) ဝါကျသည် အာဝုတ္တိနည်း စသောနည်းအားဖြင့် ရှေ့နောက်နှစ်ဝါကျစပ်ရသော အနိယမဝါကျဖြစ်သည်။ ထို့ကြောင့် "တံ ပရပရိဂ္ဂဟိတံ နာမ" ဟု ရှေ့သို့လှည့်၍လည်းကောင်း၊ "တသ္မိံ ပရပရိဂ္ဂဟိတေ"ဟု နောက်သို့လည်းကောင်း စပ်၍ အနက် ပေးရသည်။ ယင်းကိုပင် အာဝုတ္တိနည်းဟု ဆိုသည်။

http://www.dhammadownload.com



၂။ (ဂ) ဝါကျ လျှဦးပါးပုစ္ဆာ

ဆရာ မြတ်စွာဘုရားသည် အဒိန္နာဒါန် ပဟာယ ဟု ဟောတော်မူ၏။ ယင်း၌ အဒိန္န ဟူသည် အဘယ်နည်း၊ ဒန္တပေါဏသိက္ခာပုဒ်၌ကဲ့သို့ အကပ်မခံအပ်သော အတ္တသန္တက ဘဏ္ဍာပင် ဖြစ်ပါသလော၊ ဤသို့ မေးဘွယ်ရှိ၍ (ဂ) ဝါကျမိန့်။

အဓိပ္ပါယ်ကား အဒိန္နာဒါန် ၌ အဒိန္န ဟူသည် ဒန္တပေါဏသိက္ခာပုဒ်၌ ကဲ့သို့ အကပ်မခံ အပ်သော အတ္တသန္တကဘဏ္ဍာမဟုတ်၊ ပရပရိဂ္ဂဟိတ သဿာမိက ဘဏ္ဍာပင် ဖြစ်၏ ဟူလိုသော်။

❖ ပရပရိဂ္ဂဟိတမေဝ စေတ္ထ အဒိန္နံ၊ န ပန ဒန္တပေါဏသိက္ခာပဒေ ဝိယ အပ္ပဋိဂ္ဂဟိတကံ အတ္တသန္တကန္တိ အဓိပ္ပါယော။ (သီဋီသစ်)

၃။ (စ) ဝါကျ စတုက္က

(က) နနု ပရသန္တကဘာဝေန သဒိသာယေဝ ဟောန္တိ။

(ခ) အထ ကသ္မာ တံ ဟီနေ ပရသန္တကေ အပ္ပသာဝဇ္ဇန္တိ တယာ ဝုတ္တံ။

(ဂ) (ဟီနေ ပရသန္တကေ ဝတ္ထုဟီနတာယ ပဏီတေ ပရသန္တကေ) ဝတ္ထုပဏီတတာယ။

(ဃ) တံ ဟီနေ (ပ) မဟာသာဝဇ္ဇန္တိ မယာ ဝုတ္တံ။

(ဃ) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု ယတ္ထ ပရော ယထာကာမကာရိတံ အာပဇ္ဇတိ။

(ခ) အထ ကသ္မာ အဒဏ္ဍာရဟော အနုပဝဇ္ဇော စ ဟောတိ။

(ဂ) နနု သသန္တကံ ဟောတိ။

(ဃ) တသ္မာ အဒဏ္ဍာရဟော အနုပဝဇ္ဇော စ ဟောတိ။

❖ သသန္တကတ္တာ အဒဏ္ဍာရဟော နေဒဏ္ဍရာဇဒဏ္ဍဝသေန။ အနုပဝဇ္ဇော စ စောဒနာ သာရဏာဒိဝသေန။ (သီဋီသစ်။)

၄။ ထေနေတီတိ ထေနော။ (ခိုးသူရ၏။) ထေနဿ ဘာဝေါ ထေယျံ။

ခိုးသူ၏ + ဖြစ်ကြောင်းဖြစ်ရာ ခိုးမှု (ဝါ) ထေယျစေတနာ နှင့် ဂုဏ္ဍ + ဂုဏ်၊ အကျိုး + အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနပေတု၊

ခိုးမှု (ဝါ) ထေယျစေတနာသည် ဝစနီယ၊

စောရကမ္မံ စောရိကာ စသည် ဝစနီယတ္ထ။

စောရိကာ ။ ။ စောရဿ ဧသာ စောရိကာ။ (ဘာသာဋီကာ) (ထေယျံ နှင့် အတူထုတ်)

ယထာကာမကာရိတံ ။ ။ ယထာကာမံ ကရောတီတိ ယထာကာမကာရီ။
တဿ + ဘာဝေါ ယထာကာမကာရိတာ။ (တံ)

ပရဿ (ဟရဏံ) ။ ။ ပရဿ + ဟရဏံ ပရံ၊ (သူတစ်ပါး၏ + ဥစ္စာနှင့် သာမိ + သံစပ်)
ပရသန္တကံ စသော ပရိယာယ် ဝစနီယတ္ထ။

အမှာ ။ ။ "ပရသံဟရဏံ" ဟုလည်း သမာသ်ပုဒ်မှုကွဲရှိ၏။ ထိုဌ် သံ သဒ္ဒါသည် ဥစ္စာအနက် ဟောတည်း။ ပရသံဟရဏံ သူ့ဥစ္စာကို ဆောင်ခြင်းဟု ပေး။

❖ "ပရသံ ဟရဏ"န္တိပိ ပါဌော။ သံ-သဒ္ဒေါ စေတ္ထ ဓနတ္ထော။ ပရသန္တကဟရဏန္တိ ဝုတ္တံ ဟောတိ။ (သီဋီသစ်။ ၃၃၀။)

http://www.dhammadownload.com



၅။ ဝတ္ထုပဏီတတာယ၏ သမ္ဗန်ကား တဿ (အဒိန္နာဒါနဿ) တည်း။ (ကတ္တား + သမ္ဗန်စပ်)

(ဃ) ဝါကျ ယထာကာမကာရိတံ၊ အာပဇ္ဇန္တော၊ အဒဏ္ဍာရဟော၊ အနုပဝဇ္ဇော တို့ကို ဟိတ်ပြင်လျှင် ယင်းတို့၏ သမ္ဗန်ကို "ပရဿ" ဟုခံ။

၆။ (က) ဝါကျ အဒိန္နဿ အာဒါနံ ဖြင့် အဒိန္နာဒါနံ ၌ အာဒါန ပုဒ်ကို အာဒီယတေ အာဒါနံ (တစ်နည်း) အာဒီယတိ စေတနာတိ အာဒါနံဟု ဘာဝသာဓ်/ကရဏသာဓ် ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ယု ပစ္စည်း ဘာဝသာနေ (တစ်နည်း) ကရဏသာနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ အပေါင်းပုဒ်ကို အဒိန္နဿ အာဒါနံ အဒိန္နာဒါနံဟု ကမ္မတ္ထဆဋ္ဌီ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

(ခ) ဝါကျ ပရဿ ဟရဏံ ဖြင့် အဒိန္နအရ ပရသန္တကကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း၊ အာဒါနံ၌ အာရှေ့ရှိသော ဒါဓာတ်၏ ဆောင်ခြင်း (ဝါ) ယူခြင်း အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ အာ ဥပသာရ၏ ဓာတွတ္ထဗာဓက၏ အဖြစ်ကို လည်းကောင်း သိစေပါသည်။

ထေယျံ ဖြင့် အဒိန္နာဒါန အရ ခိုးတတ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ဖြစ်ရာ ဖြစ်သော စေတနာကို ယူရမည်ဟု သိစေပါသည်။

စောရိကာ ဖြင့် သူတစ်ပါး ဥစ္စာကို ယူခြင်းဆောင်ခြင်း ဟူသည် ခိုးခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ဝါကျဖြင့် အဒိန္န အရ ဒန္တပေါဏသိက္ခာပုဒ်၌ကဲ့သို့ အပ္ပဋိဂ္ဂဟိတ အတ္တသန္တကကို မယူရ၊ ပရပရိဂ္ဂဟိတ သဿာမိကဘဏ္ဍာကို ယူရမည်ဟု သိစေ။

၇။ ဟီန ကား ဟာ ဓာတ် + ဏှန ပစ္စည်း၊ ဟီန ဟူလိုလျက် ဏှ ကို ဤ ပြု၍ ပြီးသည်။(သူစိ)
တစ်နည်း ။ ။ ဟီန ကား ဟာ ဓာတ် + တ ပစ္စည်း၊ တ ကို ဤဏ ပြု။ ဏ ကို န ပြု၍ ပြီး၏။ (ရူပသိဒ္ဓိ)

ပဏီတ ကား ပ + နီ + တ။ န ကို ဏ ပြု၍ ပြီးသည်။

၈။ မန္တာန်စုတ်ခြင်းဖြင့် သူတစ်ပါးဥစ္စာကို ယူဆောင်ခြင်းသည် ဝိဇ္ဇာမယပယောဂတည်း။ မန္တာန်မပါပဲ ကာယဝစီပယောဂတို့ဖြင့် တန်ခိုးကို အသုံးပြု၍ သူတစ်ပါးဥစ္စာကို ယူဆောင်ခြင်း သည် ဣဒ္ဓိမယပယောဂတည်း။

❖ မန္တပရိဇပ္ပနေန ဂဟဏံ ဝိဇ္ဇာမယော၊ ဝိနာ မန္တေန ကာယဝစီပယောဂေဟိ တာဒိသ ဣဒ္ဓိယောဂေန ပရသန္တကဿ အာကစ္စနံ ဣဒ္ဓိမယော။ (သီဋီသစ်)

၉။ တံ အဒိန္နာဒါနံ ဟီနေ၊ အပ္ပကံ ပရသန္တကေ။
ပဏီတေ မဟာသာဝဇ္ဇံ၊ ဝတ္ထုပ္ပဏီတတာယ ဟိ။ (ဥဘယမ-ကာရဝိပုလာဂါထာ။)

❖ တံ အဒိန္နာဒါနံ။ ဟီနေ။ ပရသန္တကေ။ အပ္ပကံ (အပ္ပသာဝဇ္ဇံ)။ ပဏီတေ။ မဟာသာဝဇ္ဇံ။ ဟိကသ္မာ။ ဝတ္ထုပ္ပဏီတတာယ။ ဟု အနက်ပေး။

http://www.dhammadownload.com



၁၀။ အဒိန္နာဒါန် အရ ထေယျစေတနာ ပြဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍

✝ ထိုသည် ကာမရတိဌာယီဘာဝ + ကာမသိဂ်ါရ ရသ၊

✝ ပရပရိဂ္ဂဟိတဘဏ္ဍာသည် အာရမ္မဏဝိဘာဝ၊

✝ ပရပရိဂ္ဂဟိတဘဏ္ဍာ၏ နှစ်သက်မြတ်နိုးဖွယ်ကောင်းခြင်းနှင့် ခိုးယူတတ်သူ၏ အယောနိသောမနသိကာရသည် ဥဒ္ဒီပနဝိဘာဝ၊

✝ ဒဏ္ဍဘေး ဒုဂ္ဂတိဘေးကျရောက်ခြင်း စသည်သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

ဝါကျဥယျာဉ် (၄၆)

၁၃၂၂-၃၊ အစိုးရ

(က) ထေနေတီတိ ထေနော။

(ခ) န ထေနေန အထေနေန၊

(ဂ) အထေနတ္တာယေဝ သုစိဘူတေန။

(ဃ) အတ္တနာတိ အတ္တဘာဝေန၊

(င) အထေနံ သုစိဘူတံ အတ္တာနံ ကတွာ ဝိဟရတီတိ ဝုတ္တံ ဟောတိ။

(၄၊ ရ၁။ သီဋီသစ်၊ ၃၃၁။ ပဒုက္တျ၊ ၃၈ရ။ နေရင်း၊ ၂၃၅။ ဘာသာဋီကာ၊ ၄၄ရ။)

၁။ (က+ခ+ဂ+ဃ) ဝါကျတို့ကို ထောက်ရှု၍ (င) ဝါကျကိုအနက်သမ္ဗန်ပါ။

၂။ (ခ) ဝါကျရှိ "အထေနေန"ဟူသော သံဝဏ္ဏနာကိုရှု၍ (က) ဝါကျကို သာဘောဂစောဒနာ တက်ပါ။ (၂-နံပါတ်ပုစ္ဆာများနေသည်)

၃။ (ဂ) ဝါကျရှိ "ဧဝ" သဒ္ဒါကိုရှု၍ ပါဠိဘာသာဖြင့် စောဒကာဘောဂါဒိစတုက္ကထုတ်ခဲ့ပါ။

၄။ (ဂ) ဝါကျရှိ "သုစိ" သဒ္ဒါကို ဝိဂြိုဟ်ဆို၍ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ (ဂ) ဝါကျရှိ "အထေနတ္တာ" ဟိတ်၏ သမ္ဗန်ကိုခံပြီးလျှင် ဘာဝသမ္ဗန်၏ဖြစ်သင့်သော ပစ္စယတ္ထကိုထုတ်၍ စာစပ်ကိုလည်းပြခဲ့ပါ။

၆။ (ဃ) ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘောဂနှင့် သံဝဏ္ဏနာများကိုပြခဲ့ပါ။

၇။ တဿ ဟဒယေ အတ္တနော ပိယဘာဝံ ပရဿစ သုညဘာဝံ ကရောတိ၊ သာ ပိသုဏဝါစာ။ ဤဝါကျကိုရှု၍ "ပိသုဏ" ဟူသောပုဒ်၏ နိရုတ္တိနည်းကိုထုတ်ခဲ့ပါ။

၈။ "မနောပဒေါသိက"ဟုခေါ် ဆိုအပ်သောနတ်တို့သည် မည်သည့်နတ်ဘုံ၌ဖြစ်သော နတ်မျိုးဖြစ်သည်ကိုလည်းကောင်း၊ မည်သို့ပျက်စီးကြသည်ကိုလည်းကောင်း တိတိကျကျဆုံးဖြတ်ပါ။

၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်မှည့်ခဲ့ပါ။

န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊ န စန္ဒနံ တဂ္ဂရမလ္လိကာဝါ။
သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊ သဗ္ဗာ ဒိသာ သပ္ပုရိသော ပဝါယတိ။

၁၀။ "သဗ္ဗာဒိသာ သပ္ပုရိသော ပဝါယတိ" ၌ ရသင့်သော ဘာဝ ဝိဘာဝ အနုဘာဝတို့ကို ထုတ်ပြခဲ့ပါ။

==================

http://www.dhammadownload.com



၁။ အတ္ထာနံ၊ အတ္ထကို။ ဝါ၊ အတ္ထဘောကို၊ အထေနံ၊ မခိုးတတ်သည်ကို။ အထေနံ၊ မခိုးတတ် သည်၏အဖြစ်ကြောင့်။ သုစိဘူတံ၊ စင်ကြယ်သည်ဖြစ်၍ ဖြစ်သည်ကို။ ကတွာ။ ဝိဟရတိ။ ဣတိ ဣဒံ အတ္ထဇာတံ၊ သည်။ ဝါ၊ ကို။ ဝုတ္တံ။ ဟောတိ။ (ပဒုက္ခ၊ ၃၈၅။)

၂။ (၂) နံပါတ် ပုစ္ဆာတခုလုံးမှားနေ၍ အမှားသံသရာနောက်လိုက်ဖြေစရာမလို။ ကြီးကြပ်သူ ပညာရေးအဖွဲ့တာဝန်ခံပုဂ္ဂိုလ်များ အထူးဂရုပြုရမည့်အချက်ပင်ဖြစ်ပေသည်။

(င) သာဘောဂပုစ္ဆာ။

သရာသည် (က+ခ+ဂ+ဃ) ဝါကျတို့ဖြင့် အထေနေန သုစိဘူတေန အတ္တနာ ဟူသော ပုဒ်သုံးခုတို့၏အဖွင့်သံဝဏ္ဏနာကိုပြဆို၏။ ယင်းပုဒ်သုံးခုတို့၏ တတိယာဝိဘတ်သည် ကရိုဏ်းအနက်၌ သက်ပါသလော။ အဘယ်အနက်၌သက်ပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

အဓိပ္ပါယ်ကား ဣတ္ထမ္ဘူတလက္ခဏအနက်၌သက်၏ဟူလို။

◆ ပဒတ္ထယေပိ ဣတ္ထမ္ဘူတလက္ခဏေ ကရဏဝစနန္တိ ဉာပေတုံ "အထေနံ (ပ) ကတွာ"တိ ဝုတ္တံ။ (သိဋီသစ်၊ ၃၃၁။)

၃။ (ဂ) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု သမဏော ဂေါတမော ပါဏာတိပါတာပိ ပဋိဝိရတော။

(ခ) အထ ကသ္မာ အထေနတ္တာယေဝ သုစိဘူတေနာတိ ဝုတ္တံ။

(ဂ) နနု အဒိန္နာဒါနာဓိကာရော ဟောတိ။

(ဃ) တသ္မာ အထေနတ္တာယေဝ သုစိဘူတေနာတိ ဝုတ္တံ။

◆ ပကရဏာဓိဂတေ ပန အတ္ထေ ဝိဝေစိယမာနေ ဣဓ အထေနတာယေဝ သုစိဘူတတာ အဓိဂမိယတိ အဒိန္နာဒါနာဓိကာရတ္တာတိ အာဟ "အထေနတ္တာယေဝ သုစိဘူတေနာ"တိ။ (သိဋီသစ်။ ၃၃၁။)

၄။ သုစတိ ပရိသုဒ္ဓံ ဘဝတီတိ သုစိ။ (ကစ္စည်း)

စင်ကြယ်စွာဖြစ်ခြင်းကြိယာသကတ်သည် ဝစနဟေတု။

ဘုရားရှင်၏အတ္တဘောဖြစ်သည် ဝစနီယ။

သုဒ္ဓေါ ပရိသုဒ္ဓေါ စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

(တနည်း) သုစေတိ သုန္ဒရတန္တိ သုစိ ဟုပြု။

အတ္တဘာဝ ။ ။ အာဟိတော အဟံမာနော ဧတ္ထာတိအတ္တာ။ (အာ+ဒါ+တ။)

အဒတိ သံသာရဒုက္ခန္တိ ဝါ အတ္တာ။ (အဒ+တ။)

ဘဝတိ အဟံမာနော ဧတ္ထာတိ ဘာဝေါ။

အတ္တာတိ ဘာဝေါ အတ္တဘာဝေါ။ (ဘာဘာဋီကာ၊ ၄၄၈။)

၅။ အထေနတ္တာ ဟိတ်၏သမ္ဗန်ကား သမဏဿ ဂေါတမဿ တည်း။

ဘာဝသမ္ဗန်၏ဖြစ်သင့်သော ပစ္စယတ္ထကား ကတ္တတ္ထတည်း။ ကတ္တား+သမ္ဗန်စပ်။

http://www.dhammadownload.com



၆။ (က) ဝါကျ ထေနေတိ ဖြင့် ထေနောဠ ထေနဓာတ်၏အဖြစ်ကိုလည်းကောင်း၊ အ ပစ္စည်းကတ္တားအနက်၌သက်သည်၏အဖြစ်ကိုလည်းကောင်း၊ တေနေတီတိ ထေနောဟု ပြုရမည်ကို လည်းကောင်း သိစေပါသည်။

(ခ) နာထေနေန ဖြင့် အထေနေနဠ အ သည် န သဒ္ဒါ၏ ကာရိယတည်း (တနည်း) အထေနေန ၌ အ သည် ပဋိသေဓနတ္ထ အ ၏အဖြစ်ကိုလည်းကောင်း၊ န+ထေနော အထေနော ဟု မိဿကတပ္ပုရိသ်ပြုရမည်ကိုလည်းကောင်း သိစေသည်။ (နိပါတလိင်္ဂတ္ထ၊ သမာသလိင်္ဂပဒတ္ထ)

◆ အထေနေနာတိ ဧတ္ထ အ-သဒ္ဒေါ န-သဒ္ဒဿ ကာရိယော၊ အ-သဒ္ဒေါ ဝါ --- ဧကော နိပါတော နသဒ္ဒတ္ထောတိ ဒဿေတုံ "န ထေနေနာ"တိ ဝုတ္တံ။ (သီဋီသစ်)

(ဃ) ဝါကျ အတ္တဘာဝေန ဖြင့် အတ္တကို အာဟိတော အဟံ မာနော ဧတ္ထာတိ အတ္တာ (တနည်း) အဒတိ သံသာရဒုက္ခန္တိ အတ္တာဟု ဝစနတ္ထပြု၍ အတ္တအရ သစ္စန္တရာဂ ပုဂ္ဂိုလ်၏ အတ္တဘောကိုရသော်လည်း ဤ၌ ရုဠီအားဖြင့် ဘုရားရှင်၏ အတ္တဘောကို ယူရမည်ဟု သိစေ၏။ (သရုပ်ကြားအဘိဓေယျတ္ထ) (သီဋီသစ်၊ ၃၃၁။)

တနည်း ။ ။ အတ္တဘာဝေန ဖြင့် အတ္တသဒ္ဒါသည် သဘာဝစသောအနက်တို့ကိုမဟော၊ အတ္တဘာဝ အနက်ဟောဟုသိစေသည်။ (နာမလိင်္ဂတ္ထ) (ဂဏ္ဌိ၊ ၁၉၆။)

မှတ်ချက် ။ ။ ရှေ့နည်းဋီကာသစ်အလို၊ နောက်နည်းကား သီ ဂဏ္ဌိ အလိုတည်း။

(င) ဝါကျဖြင့် အထေနေန သုစိဘူတေန အတ္တနာ ၌ နာ စိဘတ်သည် ဏရဏတ္တ၌ မသက်၊ ဣတ္ထမ္ဘူလက္ခဏအနက်၌သက်သည်၏အဖြစ်ကိုသိစေသည်။

၇။ ပိသုဏ ကား ပိယသုညကရဏဟူလိုလျက် ပိယ၌ ယကိုချေ၊ သုည၌ ညကိုချေ။ ကရဏ ၌ ကရကိုချေ၍ ပြီးသည်။ (၄၊ ၇၂။ သီဋီသစ်၊ ၃၃၈။)

၈။ "မနောပဒေါသိက"ဟုခေါ် ဆိုအပ်သော နတ်တို့သည် စတုမဟာရာဇ်နတ်ဘုံ၌ဖြစ်သော နတ်မျိုးဖြစ်သည်။ (အဋ္ဌကထာ၊ ၁၀၅)

ယင်းမနောပဒေါသိကနတ်တို့သည် အချင်းချင်းပြစ်မှားသော စိတ်ရှိကုန်သည်ဖြစ်၍ ပင်ပန်း သောကိုယ်၊ ပင်ပန်းသောစိတ်ရှိကြကုန်၏။ ဤသို့အမျက်ဒေါသနှင့်ယှဉ်သောစိတ်ကြောင့် ပျက်စီးကြရ ပါသည်။ (ပါဠိတော်၊ ၁၉။)

၉။ ဝါကျဥယျာဉ် (၃၀) ပြေပြီး။

၁၀။ သဗ္ဗာဒိသာ သပ္ပုရိသော ပဝါယတိ ၌ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဝိရတိ စေတနာသည် ဓမ္မရတိဌာယီဘာဝ+ဓမ္မသိဂ်ါရရသ စသည်ဖြင့် ဝါကျဥယျာဉ် (၃၀) အတိုင်းထုတ်လေ။

********************

http://www.dhammadownload.com



ဝါကျဥယျာဉ် (၄၇)

(က) အမြဟ္မစရိယန္တိ အသေဋ္ဌစရိယံ။ ဗြဟ္မံ သေဋ္ဌံ အာစာရံ စရတီတိ ဗြဟ္မစာရီ။
(ခ) အာရာစာရီတိ အဗြဟ္မစရိယတော ဒူရစာရီ။
(ဂ) မေထုနာတိ ရာဂပရိယုဋ္ဌာနဝသေန သဒိသတ္တာ "မေထုနကာ"တိ လဒ္ဓဝေါဟာရေဟိ ပဋိသေဝိတဗ္ဗတော မေထုနာတိ သင်္ချံ ဂတာ အသဒ္ဓမ္မာ။
(ဃ) ဂါမဓမ္မာတိ ဂါမဝါသီနံ ဓမ္မာ။
(ဌ၊ ၇၁။ သီဋီသစ်၊ ၃၃၂။ ပခုတ္တ၊ ၃၈၇။ ဘာသာဋီကာ၊ ၄၅၀။ ဂဏ္ဌိ၊ ၁၉၆။)

၁။ အထက်ပါဝါကျတို့ကို နိသျည်းကျကျ အနက်ယောဇနာပါ။
၂။ (ဃ) ဝါကျကို အဖြေရှု၍ ပုစ္ဆာတက်ပါ။
၃။ (ဃ) ဝါကျကိုရှု၍ ဖြစ်သင့်သလိုစတုက္ကထုတ်ပါ။
၄။ မေထုန ပုဒ်ကို အစိတ်အပေါင်းဝိဂ္ဂဟပြု၍ အပေါင်းဝိဂ္ဂဟကို ဆက္ကထုတ်ပါ။
၅။ သဒိသတ္တာဟူသော ဟိတ်၏သမ္ဗန်ကို ခံပြ၍ စာစပ်ပြပါ။
၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ သဒိသပုဒ်ကို နိရုတ္တိနည်းဖြင့် ရုပ်ပြီးပြပါ။
၈။ မေထုနသံယောဂခေါ် မေထုန် (၇) ပါး သရုပ်ကိုရေတွက်ပြပါ။
၉။ သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ-ကိုဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။
၁၀။ (ဂ) ဝါကျ ပဋိသေဝိတဗ္ဗတော ၌ အန္တတ္ထကိုရှု၍ ဘာဝစသည်ထုတ်ပါ။

===================

၂။ (ဃ) ဝါကျ အဖြေရှု၍ကျမ်းတက်

ဆရာ မြတ်စွာဘုရားသည် ဝိရတော မေထုနာ ဂါမဓမ္မာ ဟုဟောတော်မူ၏။ ယင်းဂါမဓမ္မာ၌ ဂါမအရ ဌာနဖြစ်သောရွာကိုပင်ယူရမည်လော၊ အဘယ်ကို ဂါမအရယူရမည်နည်း၊ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။

အဓိပ္ပါယ်ကား ဂါမဓမ္မာ၌ ဂါမအရ အဘေဒဝေါဟာရနည်းဖြင့် ဌာနီရွာနေသူတို့ကို ယူရမည်ဟူလို။

❖ အဘေဒဝေါဟာရေန ဂါမသဒ္ဒေန ဂါမဝါသိနော ဂဟိတာတိ ဝုတ္တံ "ဂါမဝါသီန"န္တိ။ (သီဋီသစ်)

၃။ (ဃ) စတုက္ကထုတ်ပုံ

(က) နနု သံဝဏ္ဏေတဗ္ဗပါဠိယံ ဂါမဓမ္မာတိ ဝုတ္တံ။
(ခ) အထ ကသ္မာ ဂါမဓမ္မာတိ ဂါမဝါသီနံ ဓမ္မာတိ တယာ သံဝဏ္ဏိတံ၊
(ဂ) နနု အဘေဒဝေါဟာရေန ဂါမသဒ္ဒေန ဂါမဝါသိနော ဂဟိတာ၊
(တနည်း) နနု အယံ ဂါမသဒ္ဒေါ ဌာနူပစာရသဒ္ဒေါ ဟောတိ။
(ဃ) တသ္မာ ဂါမဓမ္မာတိ ဂါမဝါသီနံ ဓမ္မာတိ မယာ သံဝဏ္ဏိတံ။

http://www.dhammadownload.com



အမှာ - ပရိ + ဘော သီဒိုသစ် သာဓက (၂) နံပါတ်ရှု။

၄။ မိတန္တိ သံဂစ္ဆန္တီတိ မိထုနာ။ ယောက်ျား မိန်းမ အစုံရ၏။ (ဘာသာဋီကာ)
မိထုနာနံ+အယန္တိ မေထုနော။ မိန်းမ ယောက်ျား နှစ်ဦးသားတို့၏ မသူတော်အကျင့်နှင့်
သာမိ + သံအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု၊
မေထုန်အကျင့်ဖြစ်သည် ဝစနီယ၊
ဂါမဓမ္မော အသဒ္ဓမ္မော ဗျဝါယော စသောပရိယာယ် ဝစနီယတ္ထ၊
(တနည်း) မိထုနေဟိ + သေဝိတဗ္ဗောတိ မေထုနော ဟုပြု။ သေဝက + သေဝိတဗ္ဗစပ်။ (ဘာသာ ဋီကာ)

ဝစနတ္ထမှတ်ဘွယ်

ပရိယုဋ္ဌာန ။ ။ ပရိ (ပရိယာဒိယိတွာ) ဥဋ္ဌာနံ ပရိယုဋ္ဌာနံ၊
ရာဂဿ ပရိယုဋ္ဌာနံ ရာဂပရိယုဋ္ဌာနံ။ ရာဂထကြွခြင်းရ၏။
အဗြဟ္မစရိယ။။ စရိတဗ္ဗန္တိ စရိယံ၊ (စရ + ဏျ။ ဏ္ဍ အာဂုမ်။)
အဗြဟ္မာနံ၊ မမြတ်သူတို့၏ + စရိယံ အဗြဟ္မစရိယံ။ (မေထုနဓမ္မော)
တနည်း ။ ။ အဗြဟ္မံ၊ မမြတ်သော + စရိယံ အဗြဟ္မစရိယံ။ (မေထုနဓမ္မော)
ဒူရေ မေထုနသဝါတော အာစာရော ဒူရစာရော။
ဒူရစာရော အဿ အတ္ထီတိ ဒူရစာရီ။ (ဘုရားရှင်ရ၏။)
တနည်း ။ ။ ဒူရော ဟုတွာ တမ္ဗိရတိ အာစရတီတိ ဒူရစာရီ (သီဒိုသစ်ဝိဂ္ဂဟ)
ဘာသာဋီကာ၌ ဒူရံ၊ မေထုန်မှ ဝေးစွာ။ စာရီ၊ ဒူရစာရီဟုပြုသည်။

၅။ သဒိသတ္တာ ဟိတ်၏သမ္ဗန်ကား ဥဘိန္နံ (ဇုတ္တိပုရိသယုဂဋ္ဌာနံ) ဖြစ်သည်။ (ကတ္တား + သမ္ဗန်စပ်။)
အမှာ ။ ။သီဒိုသစ် သာဓက (၆) နံပါတ်မှာရှု။

၆။ (က) အသေဋ္ဌစရိယံ ဖြင့် ဗြဟ္မ သဒ္ဒါသည် သေဋ္ဌအနက်ကိုဟော၏ဟုသိစေ။ (သေဋ္ဌ-ဖြင့် နည်းတူဖော်လေ)
အာစရံ ဖြင့် ဗြဟ္မအရ သေဋ္ဌဂုဏ်ကိုကျော်လွန်၍ ဂုဏေးဖြစ်သောအကျင့်ကို ယူရမည်ဟုသိစေ။
ဗြဟ္မံစရတိ ဖြင့် ဗြဟ္မစာရိ၌ ဗြဟ္မ သဒ္ဒါ့ပုပဒ+စရဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ဏီပစ္စည်း၏ ကတ္တုသာဓနအနက်၌သက် -- လည်းကောင်း၊ ဗြဟ္မံ စရတီတိ ဗြဟ္မစာရီ ဟု ကတ္တုသာဓန ဂီတန္တဒုတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြု -- လည်းကောင်း သိစေ။
(ခ) ဒူရစာရီ ဖြင့် အာရာစာရီ သည် ဒူရစာရီ ၏ ပရိယာယ်တည်းဟုသိစေ။
(တနည်း) အာရာစာရီ ၌ အာရာ သဒ္ဒါသည် ဒူရ အနက်ဟော၏ဟုသိစေ။
✦ အာရာ ဒူရာစ အာရကာ။ (ဓာန်၊ ၁၁၅၇။)
(ဂ) ဝါကျဖြင့် မေထုနာ၌ မိထုန သဒ္ဒါ၏ သဒိသအနက်ဟောသည်၏အဖြစ်ကို လည်းကောင်း၊ (နာမလိင်္ဂတ္ထ) တူ၏ ဟူသည် ရာဂထိုးကျင့်ခြင်း၏အစွမ်းဖြင့် တူ၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ (ဘာဝတ္ထ) ဏ ပစ္စည်း ဇုဒ်တဒ္ဓိတ်၌သက်သည်၏ အဖြစ်ကိုလည်းကောင်း၊

http://www.dhammadownload.com



မေထုနပုဒ်ကို မိထုနာနံ ရာဂပရိယုဋ္ဌာနေန သဒိသာနံ ဥဘိန္နံ+အယန္တိ မေထုနော ဟု ဣဒ္ဓိတဒ္ဓိတ်ပြုရမည်၏အဖြစ်ကို လည်းကောင်း သိစေပါသည်။

◆ မိထုနာနံ ရာဂပရိယုဋ္ဌာနေန သဒိသာနံ ဥဘိန္နံ အယံ မေထုနောတိ အတ္ထံ ဒဿေတိ "ရာဂပရိယုဋ္ဌာနဝသေနာ"တိ အာဒိနာ။ (သီဋီသစ်၊ ၃၃၂။)

တနည်း ။ ။ မိထုနေဟိ သေဝိတဗ္ဗောတိ မေထုနောဟု သေဝိတဗ္ဗတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။ (ဣကားဘာသာဋီကာ)

အသဒ္ဓမ္မာ ဖြင့် မေထုန သည် အသဒ္ဓမ္မ၏ ပရိယာယ်အဖြစ်ကို သိစေသည်။

◆ ဂါမဓမ္မော အသဒ္ဓမ္မော၊ ဗျဝါယော မေထုနံ ရတိ။ (ဓာန်၊ ၁၁၇)

မှတ်ချက် ။ ။ မေထုနကား ဓာန်အလို နပုလ္လိင်ဟုမှတ်။

တနည်း ။ ။ အသဒ္ဓမ္မာ ဖြင့် မေထုန ပုဒ်ကို မိထုနာနံ အယန္တိ မေထုနောဟု ဝစနတ္ထပြု၍ မေထုနအရ အသဒ္ဓမ္မကို ယူရမည်ဟုသိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

(ဃ) ဝါကျ ဂါမဝါသီနံ ဓမ္မာဖြင့် ဂါမဓမ္မ၌ ဂါမအရ အဘေဒဝေါဟာရနည်းအားဖြင့် ရွာနေသူတို့ကို ယူရမည်၏အဖြစ်ကိုလည်းကောင်း (သရုပ်ကြားအဘိဓေယျတ္ထ) ဂါမနှင့် ဓမ္မကို ဂါမာနံ + ဓမ္မော ဂါမဓမ္မောဟု ဆဋ္ဌီတပ္ပုရိသ်ပြုရမည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။

တနည်း ။ ။ ဂါမေ ဝသတံ ဓမ္မော ဂါမဓမ္မောဟု မဇ္ဈေလောပီသတ္တမီတပ္ပုရိသ်ပြုရမည်၏ အဖြစ်ကိုသိစေပါသည်။

◆ အဘေဒဝေါဟာရေန ဂါမသဒ္ဒေနေဝ ဂါမဝါသိနော ဂဟိတာတိ ဝုတ္တံ "ဂါမဝါသီန"န္တိ၊ ဂါမေ ဝသတံ ဓမ္မောတိပိ ယုဇ္ဇတိ။ (သီဋီသစ်)

၇။ သဒိသ ကား သမာနဒိသ ဟူလိုလျက် သမာနကို သ ပြု၍ ပြီးသည်။
ပရိယုဋ္ဌာန ကား ပရိဥဋ္ဌာန ဟူလိုလျက် ယ လာ၍ ပြီးသည်။
ဒူရ ကား ဒု + ရက်။ ဒုရ ဟူလိုလျက် ဥ ကို ဦ ပြု၍ ပြီးသည်။ (ဒု ဂမနေ။ ရက်။ မောဂ်။)

၈။ မေထုန်ငယ် (၇) ပါး

(၁) မာတုဂါမ၏ခြေဆုပ်လက်နယ်ပြုမှု ရေချိုးပေးမှု ချေးပွတ်ပေးမှု
(၂) မာတုဂါမနှင့် အတူတကွစကားပြော၍ ရယ်မောနေမှု
(၃) မျက်နှာချင်းဆိုင်၍ စူးစိုက်စွာကြည့်မှု
(၄) မာတုဂါမ၏ စကားပြောသံ ရယ်မောသံ သီချင်းဆိုသံ ငိုသံကို နံရံပုတိုဘက် ကွယ်ရာမှ သာယာသောအားဖြင့် နားထောင်မှု
(၅) မာတုဂါမနှင့်အတူ ပြောဆိုခဲ့ရ ရယ်မောခဲ့ဘူးသည်ကိုတွေး၍ သာယာမှု
(၆) ကာမဂုဏ်ငါးပါးနှင့် ပြည့်စုံနေကြသော လူဝတ်ကြောင်များကို အားကျမှု
(၇) ယခုကျင့်နေရသော ဗြဟ္မစရိယအကျင့်ဖြင့် နောင်ဘဝ၌ ထင်ရှားသော နတ်သား တယောက်ယောက်ဖြစ်ဘို့ရန် တောင့်တမှု။ (သီဋီသစ်၊ ၃၃၃။)

(သတ္တကင်္ဂုတ္တရ၊ မဟာယညဝဂ်၊ ဇာဏုဿောဏိသုတ်၌လာသည်။)

http://www.dhammadownload.com



ပါဠိတော်၌ "ဝိရတော မေထုနာ" ဟုသာမဟောဘဲ "ဝိရတော မေထုနာ ဂါမဓမ္မာ" ဟု ဟောတော်မူခြင်း

ဘုရားရှင်သည် မေထုန်မှသာကြဉ်သည်မဟုတ်၊ မေထုနသံယောဂ ဟူသော မေထုန်ငယ် (၇) ပါးမှလည်း ကြဉ်၏ဟုပြလိုသောကြောင့် ဝိရတော မေထုနာ ဂါမဓမ္မာ ဟုဟောတော်မူသည်။

◆ ပါဠိယံ ဝါ "မေထုနာ"တွေဝ အဝတွာ "ဂါမဓမ္မာ"တိပိ ဝုတ္တတ္တာ - (လ) သတ္တဝိဓ မေထုန သံယောဂါပိ ပဋိဝိရတိ ဒဿိတာတိ ဒဋ္ဌဗ္ဗာ။ (သီဋီသစ်၊ ၃၃၂။ ၃၃၃။)

၉။ ဝါကျဥယျာဉ် (၂၀) ၌ဖြေခဲ့ပြီ။

၁၀။ ပဋိသေဝိတဗ္ဗတော ၌ အန္တတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ။

† မေထုန်မှီဝဲသူ မိန်းမ+ယောကျ်ား နှစ်ဦးသားတို့၏ ရာဂပြင်းသော စိတ္တုပ္ပါဒ်သည်ကာမရတိ ဌာယီဘာဝ + ကာမသိင်္ဂါရရသ။

† မိန်းမအတွက် ယောကျ်ားသည်လည်းကောင်း၊ ယောကျ်ားအတွက် မိန်းမသည်လည်းကောင်း အာရမ္မဏဝိဘာဝ။

† ယောကျ်ား၏ယောကျ်ားပီသမှုသည်လည်းကောင်း၊မိန်းမ၏လှပတင့်တယ်ခြင်းသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

† လွန်လွန်ကဲကဲမှီဝဲသူတို့အတွက် ခွန်အားယုတ်ခြင်း၊ ဉာဏ်ပညာထိုင်းမှိုင်းခြင်း စသည်သည် လည်းကောင်း၊ သတိပညာနှင့်ယှဉ်၍ သင့်တင့်ရုံမှီဝဲသူတို့အတွက် ရောဂါကင်းလျက် သက်တမ်းကျော်အောင်နေရခြင်းစသည်သည်လည်းကောင်း အနုဘာဝ။

မှတ်ချက် ။ ။ အနုဘာဝမှာ မဃဒေဝလင်္ကာနှင့်အညီထုတ်ခြင်းဖြစ်သည်။

*******************

## ဝါကျဥယျာဉ် (၄၀)

(က) ယသ္မာ ပန ယထာ ကာယကာယပဋိဗဒ္ဓဝါစာဟိ ပရံ ဝိသံဝါဒေတိ၊ တထာ "ဣဒမဿ ဘဏာဟီ"တိ အာဏာပေန္တောပိ ပဏ္ဏံ လိခိတွာ ပုရတော နိဿဇ္ဇန္တောပိ "အယမတ္ထော ဧဝံ ဒဋ္ဌဗ္ဗော"တိ တိရောကုဋ္ဋာဒီသု လိခိတွာ ဌပေန္တောပိ၊ တသ္မာ ဧတ္ထ အာဏတ္တိကနိဿဂ္ဂိယထာဝရာပိ ပယောဂါ ယုဇ္ဇန္တိ။

(ခ) အဋ္ဌကထာသု ပန အနာဂတတ္တာ ဝီမံသိတွာ ဂဟေတဗ္ဗာ။

(ဂ) သစ္စံ ဝဒတီတိ သစ္စဝါဒီ၊ သစ္စေန သစ္စံ သန္ဓဟတိ ဃဋေတီတိ သစ္စသန္ဓော။

(၅၊ ၇၂။ သီဋီသစ်၊ ၃၃၆။ နေရင်း။ ၂၃၉။ ပဍက္ခု၊ ၃၉၀။ ဘာသာဋီကာ၊ ၄၅၆။)

http://www.dhammadownload.com



၁။ အနာဂတတ္ထာ၏ သမ္ဗန် ဂဟေတဗ္ဗာ၏ ကံတို့ကိုထည့်၍ (ခ) ဝါကျကို အနက်သမ္ဗန်ပါ။
၂။ (ခ) ဝါကျကို ဗျတိရေကပုစ္ဆာတက်ပြပါ။
၃။ (က+ခ) ဝါကျတို့ကို စတုက္ကထုတ်ပြပါ။
၄။ ဂဟေတဗ္ဗာ ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟထုတ်ပြပါ။
၅။ (က) ဝါကျရှိ တသ္မာနောင် ဖြစ်သင့်သောဟိတ်ပုဒ်ကိုဆောင်၍ ထို၏သမ္ဗန်ကိုဖော်ထုတ်ပြီး လျှင် စာစပ်ပြပါ။
၆။ (ဂ) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ (က) ဝါကျပါ သန္နယတိ၊ ပဏ္ဍ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။
၈။ (ခ) ဝါကျ ဝိမံသိတ္ဗာ ဂဟေတဗ္ဗာ ဟုဆိုရခြင်းအကြောင်းကို ပြည့်စုံစွာရေးပါ။
၉။ သုဂတဿ ဩရသာနံ၊ ပုတ္တာနံ မာရသေနမထနာနံ။
အဋ္ဌန္နမ္ပိ သမူဟံ၊ သိရသာ ဝန္ဒေ အရိယသံဃံ။ (၄၊ ၁။) ဂါထာကိုဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးခဲ့ပါ။
၁၀။ အထက်ပါဂါထာ၌ ဘာဝစသည်ထုတ်ပြပါ။

==================

၁။ ပန၊ ထိုသို့ပင် သင့်မြတ်ပါကုန်သော်လည်း။ အဋ္ဌကထာသု၊ တို့၌။ တေသံပယောဂါနံ၊ တို့၏။ (သမ္ဗန်)။ အနာဂတတ္ထာ၊ မလာကုန်သည်၏အဖြစ်ကြောင့်။ တေပယောဂါ၊ တို့ကို။ (ကံ) ဝိမံသိတ္ဗာ၊ ၍။ ဂဟေတဗ္ဗာ၊ ကုန်၏။ (ပဒုက္ကျ၊ ၃၉၁။)
ဘာသာဋီကာ၌ကား အာဏတ္တိကနိဿဂ္ဂိယထာဝရာ၊ ကုန်သော။ ပယောဂါ၊ တို့ကို။ ဂဟေတဗ္ဗာ၊ ကုန်၏-ဟု (က) ဝါကျမှ လိုက်၍ပေးသည်။

(က) ဝါကျပဏ္ဍလိခိတ္ဗာ။ ။ ပဏ္ဍ၊ သစ်ရွက်ကို။ အက္ခရေန၊ ဖြင့်။ လိခိတ္ဗာ၊ ၍၊
(တနည်း) ။ ။ပဏ္ဍ၊ ၌။ အက္ခရံ၊ ကို။ လိခိတ္ဗာ၊ ၍။

- ပဏ္ဍလိခိတ္ဗာတိ တာလာဒီနံ ပဏ္ဍ အက္ခရေန လိခိတ္ဗာ၊ ပဏ္ဍန္တိ ဝါ ဘုမတ္တေ ဥပယောဂဝစနံ။ ပဏ္ဍေ အက္ခရံ လေခနိယာ လိခိတ္ဗာတိ အတ္ထော။ (သီဋီသစ်)

၂။ (ခ) ဝါကျ ဗျတိရေကပုစ္ဆာ

ဆရာသည် (က) ဝါကျဖြင့် ဤမှုသာဝါဒသိက္ခာပုဒ်အရာ၌ အာဏတ္တိက နိဿဂ္ဂိယ ထာဝရပယောဂတို့သည်လည်း သင့်ကုန်သောဟုဆို၏။ ယင်းသို့ သင့်ကုန်သည်ရှိသော် ထိုပယောဂ သုံးမျိုးတို့ကို ဤနေရာ၌ မုချအားဖြင့် ယူကောင်းအံ့လော။ အဘယ်သို့မှတ်ရမည်နည်း။ စဒ်ကြောင့် (ခ) ဝါကျ မိန့်။ (ဗျတိရေကော ယဒျာဒိနာ-ဂဠ္ဂါဘရဏ)

အဓိပ္ပါယ်ကား (ခ) ဝါကျဖြင့် ရှေးအဋ္ဌကထာဟောင်းတို့၌ မလာသောကြောင့် ထိုပယောဂ သုံးမျိုးတို့ကို စူးစမ်း၍ယူအပ်ပါ၏ဟူလို။

၃။ (က+ခ) စတုက္ကထုတ်ပုံ။

(က) နနု ဧတ္ထ အာဏတ္တိက နိဿဂ္ဂိယထာဝရာပိ ပယောဂါ ယုဇ္ဇန္တိ။
(ခ) အထ ကသ္မာ ဝိမံသိတ္ဗာ ဂဟေတဗ္ဗာတိ (တယာ) ဝုတ္တံ။
(ဂ) နနု အဋ္ဌကထာသု အနာဂတာ ယောန္တိ။
(ဃ) တသ္မာ ဝိမံသိတ္ဗာ ဂဟေတဗ္ဗာတိ (မယာ) ဝုတ္တံ။

http://www.dhammadownload.com



၄။ ဂယှန္တေတိ ဂယှတာတ္တာ။
ယူခြင်း ကြိယာသကတ်သည် ဝစနဟေတု၊
ယူအပ်သော အာဏတ္တိက နိဿဂ္ဂိယထာဝရပယောဂတို့သည် ဝစနီယ၊
ဂဟိတာစသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ကုဋ္ဋ ။ ။မဂ္ဂံ ကုဋတိ ဆိန္ဒတီတိ ကုဋ္ဋံ ၊ ကုဋ ဆေဒနေ၊ အ၊ ဒွိတ္တံ။ (ဒီပနီ)
သစ္စံ ။ ။သရတိ အာယတိံ ဒုက္ခံ ဟိံသတီတိ သစ္စံ။ (မောင်။)

၅။ တသ္မာ နောင် တသ္မာ ဝိသံဝါဒကတ္တာပု ဟိတ်ကို ဆောင်ရပါသည်။ ယင်းဟိတ်ပုဒ်၏ သမ္ဗန်ကား အာဏာပေန္တဿ နိဿဇ္ဇန္တဿ ဌပေန္တဿ တို့ဖြစ်ပါသည်။ (ကတ္တား + သမ္ဗန်စာစပ်)
မှတ်ချက် ။ ။ တသ္မာနောင်၊ ဟိတ်ကိုဆောင်၊ တူအောင် အနက်ကြံ-ဟူသောနိယံ နှင့်အညီ
တသ္မာ ဝိသံဝါဒကတ္တာဟု ဟိတ်ဖြစ်လာသည်။ သမ္ဗန်ကား ဝိသံဝါဒကဟူသော ဘာဝယောဂပုဒ်နှင့် တုလျတ်ဖြစ်သော (ဝါ) ဝိသံဝါဒေတိ ကြိယာ၏ ဥပမေယျ ကတ္တားများ ဖြစ်သော အာဏာပေန္တော နိဿဇ္ဇန္တော ဌပေန္တောတို့ကို ခံသည်။
လိုရင်းပမာဏ ကား တသ္မာစွဲရာ ကြိယာသည် ကတ္တားဟောဖြစ်အံ့၊ ယင်းကြိယာ၏ ကတ္တားကို သမ္ဗန် ခံရမည်၊ ကံဟောဖြစ်အံ့၊ ကံကို သမ္ဗန်ခံရမည်ဟူလို။
✻ ကြိယာပုဒ်၊ ဟိတ်ပြင်ထုတ်သော်၊ ယင်းကြိယာ၊ ကတ် + ကံသာ၊ ခံပါသမ္ဗန္ဓ။

၆။ (က) သစ္စံ ဝဒတီပြင့် သစ္စဝါဒီဠ် သစ္စသဒ္ဒူပပဒ+ဝဒ ဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ ဏီ ပစ္စည်း၏ ကတ္တုသာဓနအနက်ဋ္ဌသက် - လည်းကောင်း၊ သစ္စံ ဝဒတီတိ သစ္စဝါဒီ ဟု ကိတန္တ ဒုတိယာတပ္ပုရိသ် - ပြု - လည်းကောင်း သိစေ။
သစ္စေန သစ္စံ သန္ဒဟတိ ဃဋေတိ ပြင့် သစ္စသန္ဓဋ္ဌ် သန္ဓ ဝယ် သံပုဗ္ဗ + ဒဟ ဓာတ် --- လည်းကောင်း၊ သံ ၏ ဓာတွတ္ထာဟာကေ --- လည်းကောင်း၊ ဒဟ ဓာတ်၏ ဃဋန အနက်ဟော --- လည်းကောင်း၊ ကွိ ပစ္စည်း၏ ကတ္တုသာဓနအနက်ဋ္ဌသက် --- လည်းကောင်း၊ သန္ဒဟကွိ ဟူလိုလျှက် ဟ+ကွိတို့ကို ချေ။ ဒ ကို ဓ ပြု၍ သန္ဓ ဟု ရုပ်ပြီးနေသည်ကို လည်းကောင်း၊ သစ္စံ + သန္ဓော သစ္စသန္ဓော ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္တပြု - လည်းကောင်း သိစေ။
◆ ပစ္စယဝသေန ဓာတုပဒန္တလောပံ သန္ဓာယ "သန္ဓဟတီ"တိ ဝုတ္တံ။ (သီဋီသစ်။)
(တစ်နည်း) သစ္စံ သန္ဓဟတိ ဃဋေတိ ပြင့် သစ္စသန္ဓောကို ကတ္တုသာဓနကိတန္တ ဒုတိယာတပ္ပုရိသ် ပြု-လည်းကောင်း၊ အ ပစ္စည်း ကတ္တား အနက်ဋ္ဌသက်-လည်းကောင်း၊ သစ္စသန္ဓောဠ် ဓာ ဓာတ်သည် ဓာရဏအနက်မဟော၊ ဃဋန စေ့စပ်ခြင်းအနက်ဟော-လည်းကောင်း၊ သံဥပသာရ၏ ဓာတွတ္ထ ဝိသေသက အဖြစ်ကိုလည်းကောင်း သိစေပါသည်။
◆ သဒ္ဒဝိဒူ ပန "ဝိပုဗ္ဗော ဓာ ကရောတျတ္တော၊ လ၊ သန္ဓိသူ"တိ ဓာ သဒ္ဒမေဝ ဃဋနတ္တေ ပဌန္တိ။ တသ္မာ ပရိယာယဝသေန "သန္ဓဟတီ"တိ ဝုတ္တံ။ (သီဋီသစ်။)
သစ္စေန သစ္စံ ပြင့် စေ့စပ်၏ ဟူသည် ရှေးဝစီသစ္စာနှင့် နောက်ဝစီသစ္စာကို စေ့စပ်သတည်းဟု သိစေသည်။

http://www.dhammadownload.com



၇။ သန္ဒဟတိ ကား သံ + ဓာ + အ + တိ။ သန္ဓာတိ ဟုဆိုလိုလျက် ဓာ ကို ဓာဓာ ဟု ဒွေဘော်ပြု၊ ဓာ နှစ်ခုတွင် အာ ကို အ ပြု၊ နောက် ဓ ကို ဟ ပြု၊ ရှေ့ ဓ ကို ဒ ပြု၊ နိဂ္ဂဟိတ် ကို န ပြု၍ ပြီးသည်။

ပဏ္ဍ ကား ပူရ + တ။ ပူရတ ဟူလိုလျက် ဓာတွန်ရချေ၊ ဦ ကို အ ပြု၊ တ ကို အန္န ပြု၊ န္န ကို ဏ္ဍ ပြု၍ ပြီးသည်။

အဋ္ဌကထာ ။ ။ အတ္ထကထာ ဟူလိုလျက် တ္ထကို ဋ္ဌ ပြု၍ ပြီးသည်။

- အတ္ထော ကထီယတိ ဧတာယာတိ အတ္ထကထာ၊ သာယေဝ အဋ္ဌကထာ တ္ထကာရဿ ဋ္ဌကာရံ ကတွာ။ (သာရတ္ထ။ ၁။ ၂၀။)

၈။ ဝိမံသိတွာ ဂဟေတဗ္ဗာ ဟု ဆိုခြင်းအကြောင်းကား အတ္ထနောမတိ၏ အလုံးစုံသော သုတ္တ သုတ္တာနုလောမ အာစရိယဝါဒတို့အောက် အားနည်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ရှေ့ဆရာတို့ကို လေးစားသောအားဖြင့် မိမိကိုယ်ကို --- အတ္တုက္ကံသန အပြစ်မရောက်စေလို သောကြောင့် လည်းကောင်းဆိုပါသည်။

- ဝိမံသိတွာ ဂဟေတဗ္ဗာတိ အတ္တနောမတိယာ သဗ္ဗဒုဗ္ဗလတ္တာ အနတ္တုက္ကံသနေန ဝုတ္တံ။ (သီဋီသစ်၊ ၃၃၇။)

အမှာ ။ ။ ဝိမံသိတွာ ဂဟေတဗ္ဗာ တွေ့တိုင်း နည်းတူပင်မှတ်လေ။

၉။ ပထျာအရိယာဂါထာ၊ မတ္တာဝုတ္တိသန်းဖြစ်သည်။

၁၀။ (၉) နံပါတ်ဂါထာ၌ ဘာဝစသည်ထုတ်ပုံ

- † အဋ္ဌကထာ ဆရာတော်၏ ပဏာမစေတနာပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ + ဓမ္မသိဂ်ိရ ရသ၊
- † အရိယာသံဃာတော်ဖြစ်သည် အာရမ္မဏဝိဘာဝ၊
- † အရိယာသံဃာတော်၏ သုဂတဩရသ ဂုဏ် မာရသေနမထနဂုဏ် အဋ္ဌပုတ္တသမူဟဂုဏ်တို့သည် ဥဒ္ဒီပနဝိဘာဝ၊
- † အန္တရာယ်ကင်းခြင်း ကျမ်းပြီးခြင်း စသော အကျိုးတရားများသည် 'အနုဘာဝ။

✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲

ဝါကျဥယျာဥ် (၄၉)
၁၃၃၈-၃၊ မော်လမြိုင် သုသမာစာရ

(က) သစ္စေန သစ္စံ သန္ဒဟတိ ဃဋေတီတိ သစ္စသန္ဓော။
(ခ) န အန္တရန္တရာ မုသာ ဝဒတီတိ အတ္ထော။
(ဂ) ယော ဟိ ပုရိသော ကဒါစိ မုသာ ဝဒတိ၊ ကဒါစိ သစ္စံ၊ တဿ မုသာဝါဒေန အန္တရိတတ္တာ သစ္စံ သစ္စေန န ဃဋီယတိ၊ တသ္မာ သော န သစ္စသန္ဓော။
(ဃ) အယံ ပန န တာဒိသော၊ ဇီဝိတဟေတုပိ မုသာ အဝတွာ သစ္စေန သစ္စံ သန္ဒဟတိယေဝါတိ သစ္စသန္ဓော။

(ဌ၊ ၇၂။ သီဋီသစ်၊ ၃၃၇။ နေရဋီ။ ၂၃၉။ ပဒတ္ထာ။ ၃၉၁။ ဘာဋီ၊ ၄၅၆။)

http://www.dhammadownload.com



၁။ (ခ) ဝါကျကို ဌပနာတိက ပုစ္ဆာတက်ပါ။
၂။ (ဂ) ဝါကျ၌ ကဒါစိပုဒ်ကို ပညတ်နည်း မုသာပုဒ်ကို သဒ္ဒါနည်းပုစ္ဆာထွက်ပါ။
၃။ (ခ+ဂ+ဃ) တို့ကို အချင်းချင်း ထောက်ဆ၍ အမည်ပေးပါ။
၄။ (ဂ) ဝါကျပါ မုသာဝါဒေနပုဒ်ကို သမာသ်ဝစနတွဲပြု၍ ဉာသ်နည်းအရ ကောက်ပြပါ။
၅။ ပေတုပုဒ်ကို ပကတိ+ပစ္စယ ခွဲပြ၍ မည်ကဲ့သို့သော စကားသည် သစ္စသန္ဓ ဖြစ်သနည်း၊ သစ္စသန္ဓ ဖြစ်ပုံကို အဋ္ဌကထာအလိုကျ ဖော်ပြပါ။
၆။ (ဃ) ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘောဂ နှင့် သံဝဏ္ဏနာတို့ကိုရေးပါ။
၇။ ဧတ္ထကမ္မိ အာမိသပဋိသန္ထာရံ (ပဋိသန္ထာရံ) အလဘန္တာ ဧဝိတာပိ ဝေါရောပေယျုံ-ဟူသော ဝါကျ၌ ပဋိသန္ထာရံ+ပဋိသန္ထာရံဟု ပါဌ်နှစ်တွေ့ရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။
၈။ ဧဝိတာပေတုပိ၌ ပိ သဒ္ဒါဖြင့် ပေါင်းအပ်သော သမ္ဘာဝနာဝါကျကို ဖော်ပြပြီး (ဂ) ဝါကျပါ တဿ၌ တ သဒ္ဒါ၏စွဲရာ အနက်ကိုလည်း ရေးခဲ့ပါ။
၉။ ဂါမဓမ္မာတိ ဂါမဝါသီနံ ဓမ္မာ (၄၊ ၇၁) ၌ သံဝဏ္ဏနာရှု၍ သံဝဏ္ဏေတဗ္ဗဝယ် ၊ ဆင့်သော နယပူပစာရကို ရေးခဲ့ပါ။
၁၀။ ယေ ဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ ၌ ဘာဝ စသည် ထုတ်ပြ ။

=================

၂။ (ခ) ဝါကျ ဌပနာတိကပုစ္ဆာ

ဆရာသည် (က) ဝါကျဖြင့် မှန်သော ရှေ့စကားနှင့် မှန်သော နောက်စကားကို ဆက်စပ်တတ်သောကြောင့် ဘုရားရှင်သည် သစ္စသန္ဓမည်သောဟု ဆို၏။ ယင်းသို့ဖြစ်လျှင် ဘုရားရှင်သည် ရံခါအကြားအကြား၌ မဟုတ်မမှန်ဆိုသေး၏ဟု မှတ်ရမည်လော၊ ယင်း၏ စကားကျ အဓိပ္ပါယ်ကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (ခ) ဝါကျမိန်။

အဓိပ္ပါယ်ကား ဘုရားရှင်သည် အကြားအကြား၌သော်မှ မဟုတ်မမှန်မပြောဆို ဟူလို။

❖ တဒဓိပ္ပါယံ ဒဿေတိ "န အန္တရန္တရာ"တိ အာဒိနာ။ (သီဋီသစ်)

✻ အဓိပ္ပါယော၊ အဇ္ဈာရှိက၊ ဂူဠှတ်ဖော်ပြ၊ စကားကျ။

✻ ပရိဟာရ၊ ယင်းဝါကျ၌၊ န ရှိ လျှဉ်းက၊ န ကို ပယ်၊ န မရှိက၊ န ကို သွင်း၊ ဖြစ်လျှဉ်း အာဘော်ပေ။

(ဂ) ဝါကျ ကဒါစိသို့ ပညတ်နည်းပုစ္ဆာတွက်ပုံ

ဆရာသည် မုသာ ဝဒတိ ဖြင့် ချွတ်ယွင်းသော စကားကို ဆိုသော ဟု ပြဆို၏။ အမြဲ ထာဝရ ဆိုပါသလော၊ အဘယ်သို့ မှတ်ရမည်နည်း၊ စုဒ်ကြောင့် ကဒါစိ မိန့်။

အဓိပ္ပါယ်ကား ရံခါ ဆို၏ဟူလို။

မုသာ ပုဒ်သို့ သဒ္ဒါနည်း ပုစ္ဆာတွက်ပုံ

ဆရာသည် ဝဒတိ ဟူသော ကမ္မိ (ကြိယာ) ကို ဆိုတော်မူ၏။ ယင်းကမ္မိ (ကြိယာ) ၏ ကံ ကား အဘယ်ပါနည်း၊ ကမ္မိ (ကြိယာ) သည် ကံ နှင့် မကင်းကောင်းသည် မဟုတ်ပါလော၊ စုဒ်ကြောင့် မုသာ မိန့်။

အဓိပ္ပါယ်ကား ဝဒတိ၏ ကံကား မုသာဖြစ်၏ ဟူလို။

http://www.dhammadownload.com



၃။ (ခ) ဝါကျသည် သစ္စသန္ဓ၏ ဂုဏ္ဍတ္ထအဓိပ္ပါယ်ကို ဖော်ပြသောကြောင့် ဝိတ္ထာရ။

(ဂ) ဝါကျ (ဃ) ဝါကျတို့ကား (က+ခ) ဝါကျတို့ကို ဗျတိရေက အန္ဝယ တို့ဖြင့် အကျယ်ချဲ့ပြသောကြောင့် ဝိတ္ထာရ (နေရင်း)

တစ်နည်း ॥ ॥ ယုတ္တိအားဖြင့် ခိုင်မြဲစေသောကြောင့် ယုတ္တိဒဠှီကရဏ ဝါကျမည်၏။

တစ်နည်း ॥ ॥ ကာရဏ (ဘာသာဋီကာ)

ထိုတွင် (ဃ) ကား အန္ဝယဝါကျ၊

၄။ ဝဒတိ ဝိညာပေတိ စေတေနာတိ ဝါဒေါ (စေတနာရ၏)

မုသာ သဒ္ဒါတေန ကာယဝစီပယောဂေန + ဝါဒေါ မုသာဝါဒေါ (တတိယာတပ္ပုရိသ်)

မုသာဟူသော ဝိသေသနပုဒ်အရကား ကာယပယောဂ ဝစီပယောဂသည် မုချအားဖြင့် ရ၏။

ထို-၏+သိစေကြောင်း ဖြစ်စေကြောင်း ဖြစ်သော စေတနာနှင့် အကျိုး+အကြောင်း အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။

ပုဒ်လုံးအရကား --- ကာယပယောဂ ဝစီပယောဂဖြင့် သိစေကြောင်း ဖြစ်သော စေတနာရ၏။

တစ်နည်း ॥ ॥ ဝဒတိ သမုဋ္ဌာပေတိ စေတေနာတိ ဝါဒေါ (စေတနာရ၏)

မုသာသဒ္ဒါတံ ကာယဝစီပယောဂံ + ဝါဒေါ မုသာဝါဒေါ (ဒု-တပ္ပုရိသ်)

ကာယဝစီပယောဂကို သိစေကြောင်းဖြစ်သော စေတနာရ၏။ (ပဒုက္တာ၊ ၃၈၈။ သီဋီသစ်၊ ၃၃၅။)

အန္တရိတတ္ထာ ॥ ॥ အန္တရီယတေ၊ ခြားကွယ်သမှု ပြုအပ်၏။ ဣတိ။ အန္တရိတံ၊ ၏။
(မုသားသည် ခြားကွယ်အပ်သော သစ္စာစကားရ၏။) (ဘာသာဋီကာ)

၅။ ဟေတုကား --- ဟိဓာတ် + တု ပစ္စည်း။

သစ္စသန္ဓဖြစ်ပုံမှာ ခင်းထားသည့် ဝါကျ ကို ပြန်မာပြန်ရှုပင်။

သမ္ဗန် ॥ ॥ အန္တရိတတ္ထာ၏ သမ္ဗန်ကား သစ္စသ တည်း။

ဘာသာဋီကာအလို ကံ + သမ္ဗန်စပ်ရမည်။ ပဒုက္တာသျှ အလို ကတ္တား + သမ္ဗန် စပ်ရမည်။

၆။ အယံ ပန န တာဒိသော ဖြင့် ဘုရားရှင်သည် မုသားကြားညပ်၍ ပြောဆိုခြင်း သဘောရှိသူမဟုတ်ဟု သိစေပါသည်။ (ဘာဝတ္ထ)

ဇီဝိတဟေတုပိ မုသာ အဝတ္တာ ဖြင့် ဘုရားရှင်သည် အသက်ဟူသော အကြောင်းကြောင့် သော်မှ မမှန်စကား ပြောကြားတော်မမူ၊ မခြားအကြောင်းကြောင့်ဆိုလျှင် ဆိုဘွယ်ရာမရှိဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဂတ္ထ)

သစ္စေန သစ္စံ သန္ဓဟတီယေဝ ဖြင့် ဝါကျဥယျာဉ် (၄၈) နှင့်အတူ ဖော်လေ။

၇။ အာမိသပဋိသန္ထာရ + အာမိသပဋိသန္ထာရ နှစ်ချက်တွင် အာမိသပဋိသန္ထာရ ဟူသော ပါဌ်မှာ ထရဓာတ် + အစ္ဆာဒနတ္ထ ဖုံးလွှမ်းခြင်းအနက်၌ ဖြစ်၏၊ ဝိ-ရှေ့ရှိမူ ဝိတ္ထာရတ္ထ ချဲ့ထွင်ခြင်း

http://www.dhammadownload.com



၌ဖြစ်၏ဟု ဓာတ်ကျမ်းတို့၌ ဆို၏၊ အာမိသပဋိသန္ထာရံ ဟူသောပါဌ်မှာ ဓရ ဓာတ် ဌိတိ တည်ခြင်းဟူသောအနက်, အဝဓံသန ပျက်စီးလျော့ကျခြင်းဟူသောအနက်, ဓာရဏ ဆောင်ခြင်းဟူသော အနက်တို့၌ ဖြစ်၏ဟု ဓာတ်ကျမ်းတို့၌ ဆို၏။ ထိုတွင် ဒုတိယကွာ ထ နှင့် အာမိသပဋိသန္ထာရံဟုရှိသော ပါဌ်သာ အယံ ဟိ လောကသန္နိဝါသော (ပ) သန္ထရကံ သင်္ဂဟကံ သန္ထာရောတိ ဝုစ္စတိ ဟူသော အဂုတ္တိုရ် သန္ထာရဝဂ် အဖွင့်ဋီကာနှင့် ညီ၏ဟု (ပဒရူပသိဒ္ဓိ ၆၂၃) ၌ ဆုံးဖြတ်သည်။

၈။ စီဝိတပယေတုပိ၌ ပိ ဖြင့် ပေါင်းဆည်းအပ်သော သမ္ဘာဝနာဝါကျကား "ပဂေဝ အညပယေတု" ဖြစ်သည်။ (သီဋီသစ် ၃၃၇)

(ဂ) ဝါကျ တဿပုရိသဿ၊ ထိုယောက်ျား၏ (ပဒရူပသိဒ္ဓိ)

၉။ ဂါမမ္မော၌ ရွာနှင့် ရွာနေလူကို မပြားပဲ ခေါ်ဝေါ်သုံးစွဲသောကြောင့် အဘေဒနည်း + အဘေဒေါပစာ။

◆ အဘေဒဝေါဟာရေန ဂါမဝါသိနော ဂါမဝါသီနော ဂဟိတာတိ ဝုတ္တံ "ဂါမဝါသီနံ"န္တိ။ (သီဋီသစ်၊ ၃၃၂။)

တစ်နည်း ။ ။ ဌာန ရွာ၏ ဂါမအမည်ကို ဌာနီရွာနေလူ၌ တင်စားထားသောကြောင့် ဌာနူပစာ၊ နာနတ္တရိကနည်း။

မှတ်ချက် ။ ။ ပုရသာတိ ဧတ္ထ ပုရသဒ္ဒေါ တန္နိဝါသိဝါစကော သဟစရဏသေန "ဂါမော အာဂတော"တိ အာဒီသုဝိယ၊ တေနေဝါဟ "နဂရဝါသီန"န္တိ၊ ဟူသော (ပေါရိ အဖွင့်) သီဋီသစ်၊ ၃၂၄ ကို ထောက်လျှင်ကား ဂါမမ္မောဝယ် ဂါမ၌ သဟစရဏနည်း, နာနတ္တရိကနည်း, ဌာနူပစာလည်း ရသည်။

၁၀။ ✝ ယေ ဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ ၌ ဘုရားကို ကြည်ညိုကြသူတို့၏ သဒ္ဓါပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယိဘာဝ + ဓမ္မသိဂါရ ရသ ၊

✝ ဘုရားဖြစ်သည် အာရမ္မဏဝိဘာဝ၊

✝ အရဟံ စသော ဂုဏ်တော်သည် ဥဒ္ဒီပနဝိဘာဝ၊

✝ မြတ်သော မရေတွက်နိုင်သော အကျိုးကို ရခြင်းစသည်သည် အနုဘာဝ။

********************

## ဝါကျဥယျာဉ် (၅၀)

### ၁၃၄၅-၃၊ အစိုးရ

(က) ထေယျောတိ ထိရော၊

(ခ) ထိရကထောတိ အတ္ထော။

(ဂ) ကောစော ဟိ ပုဂ္ဂလော ဟလိဒ္ဒိရာဂေါ ဝိယ ထုသရာသိမှိ နိခါတခါဏုပိဝိယ , အဿပိဋ္ဌေ ဌပိတကုမ္ဘဏ္ဍမိဝစ န ထိရကထော ဟောတိ၊

(ဃ) ကောစော ပါသာဏလေခါဝိယ , ဣန္ဒခီလော ဝိယ စ ထိရကထော ဟောတိ၊

(င) အသိနာ သီသံ ဆိန္ဒန္တေပိ ဒွေကထာ န ကထေတိ၊ အယံ ဝုစ္စတိ ထေယျော။

(၄၊ ၇၂။ သီဋီသစ်။ ၃၃၇၊ နေရင်း။ ၂၄၀။ ပဒရူပ။ ၃၉၁။ ဘာသာဋီ။ ၄၅၇။)

http://www.dhammadownload.com



၁။ (ဂ+ဃ) ဝါကျတို့ကို "လိုက် လှမ်း ပြန် ထည့်၊ ပြင်ဆင်ဘိ၊ ငါးရှိအစပ်မျိုး" နိယံနှင့်အညီ အနက်ယောဇနာပါ။

၂။ (ခ) ဝါကျကို သာဘောဂပုစ္ဆာကျမ်းတက်ပါ။

၃။ (င) ဝါကျ၌ ဖြစ်ထိုက်သည့်အားလျော်စွာ အာဘောဂါဒိစတုက္က ထုတ်ပြပါ။

၄။ (ဃ) ဝါကျ၌ ဟူနဒီလော ကို အစိတ်အပေါင်း ဝစနတ္ထ ပြုပြီးလျှင် အပေါင်း ဝစနတ္ထကို ဝစနာဒိသင်္ဂဟ ထုတ်ပြပါ။

၅။ ထေနေတီတိ ထေနော၊ န ထေနေန အထေနေန၊ အထေနတ္တာ ယေဝ သုစိဘူတေန(၅-ရ၃) ပါဌ်၌ အထေနတ္တာယေဝပဟိတ်ပါဌ်ကိုသာ သမ္ဗန်ခံ၍ အနက်ပေးပြီး စာစပ်ပြပါ။

၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။

၇။ (ဂ+ဃ) ဝါကျတို့၌ ပာလိဒ္ဓိ၊ ဟူနဒီလ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ပြဆိုခဲ့ပါ။

၈။ "ဝိသူကံ ပဋာဏီဘူတံ ဒဿနန္တိ ဝိသူကဒဿနံ", ဟူ၍ ဒဿနံကိုသာ ဆိုပါလျက် အဘယ်သို့သောနည်းအားဖြင့် နားထောင်ခြင်း အနက်ထည့်သွင်းဆိုအပ်ပါသနည်း။ "နစ္စာဒီနံ ဝိသူကဘူတာ ဒဿနာစာတိ နစ္စဂီတဝါဒိတဝိသူကဒဿနာ" ဟုဆိုရကား အဝိသူကဘူတ ဂီတ သဝနအရာ၌ အပ်/မအပ် ဆုံးဖြတ်ပါ။

၉။ သီလသည် ယောဂီပုဂ္ဂိုလ်၏ (ပ) အမြတ်ဆုံးသို့ ရောက်ခဲ့ပေ၏ ဟူသော မြန်မာစကားကို ဂါထာစီကုံး၍ ဂါထာအမည်ပေးခဲ့ပါ။

၁၀။ (၉) နံပါတ်ဂါထာ၌ တန်ဆာနှင့် တူသော သီလတရားကို ကိုယ်ပြု၍ ဘာဝ ဝိဘာဝ အနုဘာဝ ဗျတိစာရီဘာဝ တို့ကို စုံလင်စွာ ထုတ်ပါ။

---

၁။ လိုက် လှမ်း ပြန် ထည့်၊ ပြင်ဆင်ဘိ၊ ငါးရှိအစပ်မျိုး = နှင့်အညီ အနက်ပေးပုံ

(ဂ) ဟိ၊ ချဲ့။ ပာလိဒ္ဓိရာဂေါ၊ နှွင်းဖြင့် ဆိုးအပ်သော အထည်ဝတ္ထုသည်။ (ဋီတော၊ မြဲမြံ တည်တံ့ အရှည်ခံသည်။ န ဟောတိ ဝိယစ၊ သို့လည်းကောင်း။) ထုသရာသိမှိ၊ ဖွဲ့ပုံစု၌။ နိက္ခိတ္တခါဏကော၊ မြှုတ်စိုက်အပ်သော သစ်ငုတ်သည်။ (ဋီတော၊ သည်။ န ဟောတိ ဝိယစ၊ သို့လည်းကောင်း။) အဿပိဋ္ဌေ၊ မြင်းကျောက်ကုန်း၌။ ဥပိတကုမ္ဘဏ္ဍံ၊ ထားအပ်သော ဖရုံသီးသည်။ (ဋီတံ၊ သည်။ နဟောတိ ဟုဝစ၊ သို့လည်းကောင်း။) ဧဝံ၊ အချို့သော။ ပုဂ္ဂလော၊ သည်။ ဋီတကထော၊ မြဲမြံ တည်တံ့ အရှည်ခံသော စကားရှိသည်။ န ဟောတိ၊ မဖြစ်။

(ဃ) ပါသာဏလေခါ၊ ကျောက်၌ ရေးအပ်သော အက္ခရာသည်။ (ဋီတာ၊ မြဲမြံ တည်တံ့ အရှည်ခံသည်။ ဟောတိ ဝိယစ၊ သို့လည်းကောင်း။) ဟူနဒီလော၊ တံခါးခုံသည်။ (ဋီတော၊ သည်။ ဟောတိ ဝိယစ၊ သို့လည်းကောင်း။ တထာ၊ တူ) ဧဝံ၊ သော။ ပုဂ္ဂလော၊ သည်။ ဋီတကထော၊ ရှိသည်။ ဟောတိ၊ ၏။ (ပဥ္စတ္တ။ ၃၉၂။)

၂။ (ခ) ဝါကျ သာဘောဂပုစ္ဆာ

ဆရာသည် (က) ဝါကျဖြင့် ထေတသဒ္ဒါသည် ထိရ သဒ္ဒါ၏ ပရိယာယ်တည်းဟု ဖွင့်ပြဆို၏။ ခိုင်မြဲသူ၏ ဖြစ်ကြောင်းဖြစ်ရာ ထိရဘာဝကို ကိုယ်၏အစွမ်းဖြင့် သိအပ်ပါသလော၊ အဘယ်၏ အစွမ်းဖြင့် သိအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား သစ္စဝါဒီတာ၏ အရာဖြစ်သောကြောင့် စကား၏အစွမ်းဖြင့် ထိရဘာဝကို သိအပ်ပါ၏ ဟူလို။

❖ ထေတ သဒ္ဒေါ ထိရပရိယာယော၊ ထိရဘာဝေါ စ သစ္စဝါဒိတာဓိကာရတ္တာ ကထာဝသေန ဝေဒိတဗ္ဗောတိ အာဟ "ထိရကထောတိ အတ္ထော"တိ။ (သီဋီသစ်)

(ဂ) ဝါကျ အနုသန္ဓေ

ထို (က+ခ) ဝါကျဖြင့် ပြအပ်သော အနက်ကိုပင် ဗျတိရေက၏ အစွမ်းဖြင့် ချဲ့ပြ လိုရကား ဧကော ဟိ စသည် (ဂ) ဝါကျ မိန့်။ (ဂဏ္ဌိ၊ ၂၁၄။)

နေရင်း နိသျှဆရာတော်ကား (ဂ) ဝါကျ ဟိ ကို ဒဠှီဇောတက ယူသည်။

(ဃ) ဝါကျ အနုသန္ဓေ

ဗျတိရေက ကို ပြပြီး၍ အန္ဓယ ကို ပြလိုရကား ဧကော စသော (ဃ) မိန့်။

၃။ (ဃ+င) ဝါကျ စတုက္က

(က) နနု အသိနာ သီသံ ဆိန္ဒန္တော ဟောတိ။

(ခ) အထ ကသ္မာ ဒွေကထာ န ကထေတိ။

(ဂ) နနု ဧကော ပါသာဏလေခါဝိယ ဠန္ဓခီလော ဝိယ စ ထိရကထော ဟောတိ။

(ဃ) တသ္မာ ဋွေကထာ န ကထေတိ။

အမှာ ။ ။ ပုစ္ဆာ၌ (င) တစ်ဝါကျတည်းကိုသာ မေးထားသည်။ သို့ရာတွင် (ဃ) ဝါကျကို ပရိဟာရဘောဂ ယူမှ စတုက္ကထုတ်လို့ရသည်။ (ဃ) ဝါကျကိုပါ ထည့်မေးသင့်သည်။

၄။ ဠန္ဓတိ ပရမိဿရိယံ ကရောတီတိ ဠန္ဓော။
ဠန္ဓတ္တံ အဓိပတိဘာဝံ ကရောတီတိ ဠန္ဓော။ (ကစ္စည်း) သိကြားမင်းရှင်၏
ပဒံ ခိပတိ ဧတ္ထာတိ ခီလော။ (တံခါးခုံရင်း) ဠန္ဓဿ + ခီလော ဠန္ဓခီလော။
သိကြားမင်း၏ + ခြေချရာ တံခါးခုံနှင့် ဌာနီ + ဌာနစပ် - ဝစနဟောတု၊
တံခါးခုံဖြစ်သည့် ဝစနီယ၊
ဧသိကထမ္ဘ ဥမ္မာရော ဒေဟနီ ဧဠကော စသော ပရိယာယ် ဝစနီယတ္ထ။

၅။ ဝါကျဥယျာဉ် (၄၆) ၂၂-၃ အစိုးရ ပုစ္ဆာ၌ ဖြေပြီး။

၆။ (က) ဝါကျ ထိရော ဖြင့် ထေတသည် ထိရ၏ ပရိယာယ်တည်းဟု သိစေသည်။

(ခ) ဝါကျ ထိရကထော ဖြင့် ထိရဘာဝ ထိရ၏အဖြစ်ကို သစ္စဝါဒီတာ၏ အရာ ဖြစ်သောကြောင့် ကထာ၏ အစွမ်းဖြင့် သိအပ်၏ဟုသိစေသည်။ (သီဋီသစ်သာဓက ၂-နံပါတ်၌ ရေးခဲ့ပြီ။)

တစ်နည်း ။ ။ ထိရကထော ဖြင့် ထေတော ပုဒ်ကို ထိတဿ ဘာဝေါ ထေတော၊ ထိရဘာဝေါ၊ ထေတေန + ယုတ္တော ထေတော ဟု ဝစနတ္ထပြု၍ ဤနေရာ၌ ထေတ အရ ထိရဘာဝ နှင့် ယှဉ်သော ပုဂ္ဂိုလ်ကို ယူရမည်ကိုလည်းကောင်း (အဘိဓာနတ္ထ + သရုပ်သကြား အဘိဓေယျတ္ထ)ဏ ပစ္စည်း ယုတ္တတဒ္ဓိတ်အနက်၌သက် - လည်းကောင်း (ပစ္စယတ္ထ) သိစေပါသည်။ (သီဋီသစ်၊ ၃၃၇။)

http://www.dhammadownload.com



၇။ ဟတ္ထဝိလ ကား ဟတ္ထသဒ္ဒူပပဒ + ဝိပ + အ။ ဟတ္ထဝိပ ဟူလိုလျက် ဝိ ၌ ဝ ကို ဍ် ပြု၊ ပ ကို လ ပြု၍ ပြီးသည်။ (တစ်နည်း) ဟတ္ထဥပိတဝိလ ဟူလိုလျက် ဥပိတ ပုဒ်ကို ချေ၍ ပြီးသည်။

◆ ဟတ္ထေဟိ ပါဒံ ဝိပတိ ခေါ်တေ ဟတ္ထဝိလော၊ ဝိပ ပေရဏေ၊ ပဿ လော၊ အထဝါ ဟုံ ဂမနံ ဒါဒတီတိ ဟတ္ထော။ ဒွါရံ၊ တတ္ထ ဥပိတော ဝိလော ကဏ္ဍကောတိ ဟတ္ထဝိလော။ (ဓာန်ဋီ။ ၂၂၀။)

ဟလိဒ္ဒိ ကား ဟရိတံ ပီတဝဏ္ဏံ ရာတိ ဂဏှာတီတိ ဟလိဒြာ ဟလိဒ္ဒါ ဟလိဒ္ဒီ - ဟူသော ကပ္ပဒုမ အဘိဓာန်ဝိဂ္ဂဟကို ထောက်လျှင် ဟရိတ သဒ္ဒူပပဒ + ရာဓာတ် + အ၊ ဣတ္ထိဇောတက ဤ ပစ္စည်း။ ဟရိတရီ ဟရိတြီ ဟု ဆိုလိုလျက် တရ (တြ) ကို ဒ္ဒ ပြု၊ ရ ကို လ ပြု၊ ဤ ကို ဣ ပြု၍ ပြီးသည်။ (တိပိဋကပါဠိပဒကျမ်းညွှန်း အဝဂ် အပိုင်း(၄) ဟလိဒ္ဒါ ဟလိဒ္ဒိကြည့်)

ထောမနိဓိ သက္ကတအဘိဓာန်၌ ဟရိ ဒြဝတိ ဟရိဒြာ ဟု ဝစနတ္ထ ပြုသည်။ ယင်းကို နည်းမှီးလျှင် ဟရိသဒ္ဒူပပဒ + ဒု ဓာတ် + ကွိ ပစ္စည်း၊ ဣတ္ထိဇောတက ဤပစ္စည်း။ ရ လာ၍ ဟရိဒြီ ဟုဆိုလိုလျက် ရ ကို လ ပြု၊ ဒြိမှ ရ ကို ဒ ပြု၊ ဤ ကို ဣ ပြု၍ ဟလိဒ္ဒိ ဟု ပြီးသည်။

ထိရော ကား ဌာဓာတ် + ဣရ ပစ္စည်း။ ဌိရ ဟူလိုလျက် ဌ ကို ထ ပြု၍ ပြီးသည်။ (သူစိ)

ပါသာဏ ကား ပဿသဒ္ဒူပပဒ + သန ဓာတ် + ဏ ပစ္စည်း။ ပဿသာန ဟူလိုလျက် ပဿ ကို ပါပြု၊ န ကို ဏ ပြု၍ ပြီးသည်။

◆ ပဿသဒ္ဒူပပဒ သန သမ္ဘတ္တိယံ၊ ကွစိဓာတွာဒိနာ ပဿဿ ပါဒေသော၊ နဿ ဏော စ။ (သူစိ)

၈။ ဝိရူပေကသေသနည်းဖြင့် သဝနံကိုလည်း ဒဿနၥ၌ ထည့်သွင်းယူရသည်။

တစ်နည်း ။ ။ စက္ခုဝိညာဉ်စသော ဝိညာဉ်ငါးပါးလုံးပင် အာလောစန (ဆိုင်ရာအာရုံကို ထင်စွာပြုခြင်း သိမြင်ခြင်း) သဘောရှိသောကြောင့် ဒဿနဖြင့် သဝနကြိယာကိုလည်းသွင်းယူနိုင်သည်။ ထို့ကြောင့် သိက္ခာပုဒ်၌ ဒဿနာဟူ၍သာ ဟောတော်မူသည်။

◆ ဒဿနေနေဝစေတ္ထ သဝနမ္ပိ သင်္ဂဟိတံ ဝိရူပေကသေသနယေန၊ ယထာသကံဝါ ဝိသယဿ အာလောစနသဘာဝတာယ ပဉ္စန္နံ ဝိညာဏာနံ သဝနကြိယာယပိ ဒဿနသင်္ခေပသမ္ဘဝတော "ဒဿနာ" ဣစ္စေဝ ဝုတ္တံ။ (သီဋီသစ်။ ၃၄၇။)

မှတ်ချက် ။ ။ အမေးနှင့် သက်ဆိုင်သော အဖြေမှာ ပထမနည်းသာဖြစ်သည်ဟု မှတ်။ အဝိသူကဘူတဖြစ်သော ဂီတကို နားထောင်ခြင်းသည် ရံခါအပ်ပါသည်။

◆ "ဝိသူကဘူတာ ဒဿနာစ"တိ ဝေတေန အဝိသူကဘူတဿ ပန ဂီတဿ သဝနံ ကဒါစိ ဝဋ္ဋတီတိ ဒဿေတိ။ (သီဋီသစ်။ ၃၄၇။)

၉-၁၀။ ရှေး၌ ပြေခဲ့ပြီ။

**********************

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၅၁)

(က) ပစ္စယိကောတိ ပတ္တိယာယိတဗ္ဗကော၊ သဒ္ဒါယိတဗ္ဗကောတိ အတ္ထော။
(ခ) ကေစ္စော ဟိ ပုဂ္ဂလော န ပစ္စယိကော ဟောတိ၊ "ဣဒံ ကေန ဝုတ္တံ၊ အသုကေနာ"တိ ဝုတ္တေ "မာ တဿ ဝစနံ သဒ္ဒဟထာ"တိ ဝတ္တဗ္ဗတံ အာပဇ္ဇတိ။ ဧကော ပစ္စယိကော ဟောတိ၊ "ဣဒံ ကေန ဝုတ္တံ၊ အသုကေနာ"တိ ဝုတ္တေ "ယဒိ တေန ဝုတ္တံ၊ ဣဒမေဝ ပမာဏံ၊ ဣဒါနိ ဥပပရိက္ခိတဗ္ဗံ နတ္ထိ၊ ဧဝမေဝ ဣဒ"န္တိ ဝတ္တဗ္ဗတံ အာပဇ္ဇတိ၊ အယံ ဝုစ္စတိ ပစ္စယိကော။
(ဂ) အဝိသံဝါဒကော လောကဿာ တိ တာယ သစ္စဝါဒိတာယ လောကံ န ဝိသံ ဝါဒေတီတိ အတ္ထော။
(ဌ၊ ၇၂။ သီဋီသစ်၊ ၃၃၈။ နေရင်း၊ ၂၄၀။ ပခုက္ကူ၊ ၃၉၂။ ဘာသာဋီကာ။ ၄၅၈။)

၁။ (က+ခ) ဝါကျတို့ကိုသာ အတ္ထော၏ သမ္ဗန်ထည့်စွက်၍ အနက်ယောနောပါ။
၂။ (ခ) ဝါကျ အနုသန္ဓေ (ဂ) ဝါကျ၌ လောကံကို ရှု၍ လျှဉ်းပါး ပုစ္ဆာတက်ပါ။
၃။ (ခ) ဇှုတိရေက ဝါကျကိုသာ ဖြစ်သင့်သလို အာဘောဂါဒိ စတုက္ကထုတ်ပါ။
၄။ ပတ္တိယာယိတဗ္ဗကောကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်းကို ဆက္ကထုတ်ပါ။
၅။ (ဂ) ဝါကျ တာယသစ္စဝါဒိတာယ ဟူသော ဟိတ်၏သမ္ဗန်ကို ခံပြ၍ စာစပ်ပါ။
၆။ (က+ဂ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ လောကပုဒ်၏ နိရုတ္တိနည်းကို စွမ်းနိုင်သမျှဖြေပါ။
၈။ ပိသုဏဝါစာ ဝိရတီသီလကို ပြဆိုရာ၌ ဘိန္နာနံ သန္ဓာတာနှင့် သဟိတာနံ အနုပ္ပဒါတာ တို့၏ အဓိပ္ပါယ်ကို အဋ္ဌကထာအာဘော်ကျအောင် ရှင်းပြပါ။
၉။ မျက်စဉ်းတို့၏ ကုန်ခမ်းခြင်းကို ကြည့်ရှု၍လည်းကောင်း၊ တောင်ပို့တို့၏ ပေါင်းစုခြင်းကို ကြည့်ရှု၍လည်းကောင်း၊ ပျားကောင်တို့၏ ကောင်းစွာစုဆောင်းအပ်သော ပျားလဘို့တို့ကို ကြည့်ရှု၍ လည်းကောင်း ပညာရှိသော အမျိုးကောင်းသားသည် အိမ်ကို အုပ်စိုး၍ နေရာ၏ ကို ဂါထာသီကုံးပါ။
၁၀။ (ဂ) ဝါကျ၌ န-ပဋိသေဓမဖက် ဝိသံဝါဒေတိ ကြိယာသက်သက်ကို ရှု၍ ဖြစ်သင့်သော ဘာဝ စသည်ထုတ်ပါ။

---

၁။ အတ္ထော၏ သမ္ဗန်ကို ပတ္တိယာယိတဗ္ဗကောတိ ပဒဿ --- ၏။ ဟုထည့်ပေး။

၂။ (ခ) ဝါကျ အနုသန္ဓေ

ဤသို့ (က) ဝါကျဖြင့် ယုံကြည်ခြင်းဖြင့် ရောက်အပ်ဖြစ်စေအပ်သောစကားရှိသူသည် ပစ္စယိကမည်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ပြီးသော အနက်ကိုပင် ဇှုတိရေကအန္ဝယ အားဖြင့် ချဲ့လိုသော ဆရာသည် (ခ) ဝါကျမိန့်၏

◆ တဒေဝတ္ထံ ဇှုတိရေကေန အန္ဝယေနစ ဒဿေတုံ "ကေစ္စောယိ"တိ အာဒိ ဝုတ္တံ။ (သီဋီသစ်။ ၃၃၈။)

http://www.dhammadownload.com



(ဂ) ဝါကျလျှဉ်းပါး ပုစ္ဆာ

ဆရာ မြတ်စွာဘုရားသည် အဝိသံဝါဒကော လောကဿ ဟု ဟောတော်မူ၏။ လောကဿ ၌ ဆဋ္ဌီဝိဘတ်သည် သာမျတ္ထ၌ သက်ပါသလော၊ အဘာယ်အနက်၌ သက်ပါသနည်း စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

အဓိပ္ပါယ်ကား ကမ္မတ္ထ၌ သက်၏ဟူလို။

✦ "လောက"န္တိ ဧတေန "လောကဿာ" တ္ထေ ကမ္မတ္ထေ ဆဋ္ဌီတိ ဒဿေတိ။ (သီဋီသစ်)

၃။ (၁) ဗျတိရေကဝါကျ စတုက္ကထုတ်ပုံ

(က) နနု ဧကစ္စော ပုဂ္ဂလော "ဣဒံ တေန ဝုတ္တံ၊ အသုကေနာ"တိ ဝုတ္တော။

(ခ) အထ ကဿာ "မာ တဿ ဝစနံ သဒ္ဒဟထာ"တိ ဝတ္တဗ္ဗတံ အာပဇ္ဇတိ။

(ဂ) နနု (သော ပုဂ္ဂလော) န ပစ္စယိကော ဟောတိ။

(ဃ) တသ္မာ "မာ တဿ (ပ) အာပဇ္ဇတိ။

(၁) အန္ဒယဝါကျ စတုက္ကထုတ်ပုံ

(က) နနု ဧကော (ပုဂ္ဂလော) "ဣဒံ ကေန ဝုတ္တံ၊ အသုကေနာ"တိ ဝုတ္တော။

(ခ) အထ ကဿာ "ယဒိ တေန ဝုတ္တံ (ပ) ဝေမေဝ ဣဒ"န္တိ ဝတ္တဗ္ဗတံ အာပဇ္ဇတိ။

(ဂ) နနု (သောပုဂ္ဂလော) ပစ္စယိကော ဟောတိ။

(ဃ) တသ္မာ ယဒိ တေန (ပ) ဝတ္တဗ္ဗတံ အာပဇ္ဇတိ။

မှတ်ချက် ။ ။ ဋီကာသစ်၌ ဝတ္တဗ္ဗတံ အာပဇ္ဇတိ ဝိသံဝါဒနတော။ ဣတရပက္ခော အဝိသံဝါဒနတောတိ အဓိပ္ပါယော။ ဟု ဟိတ်နှင့် တွဲ၍ ဖွင့်ပြသေး၏။ ထို့ကြောင့် ဗျတိရေကဝါကျ၌ ဝိသံဝါဒနတော ဟု လည်းကောင်း၊ အန္ဒယဝါကျ၌ အဝိသံဝါဒနတော ဟု လည်းကောင်း ဋီကာသစ်လာသည့်အတိုင်းလည်း ပရိဟာရဘောဂကို ထုတ်နိုင်သေး၏ ဟု မှတ်လေ။

၄။ ပတ္တိယာ အယိတဗ္ဗာ ပဝတ္တေတဗ္ဗာတိ ပတ္တိယာယိတဗ္ဗာ။ (ဝါစာ)
ပတ္တိယာယိတဗ္ဗာ ဧတဿ အတ္ထီတိ ပတ္တိယာယိတဗ္ဗကော။
ယုံကြည်ခြင်းဖြင့် ရောက်အပ်ဖြစ်စေအပ်သော စကား၏ + ဘုရားရှင်နှင့် ဂုဏ်+ဂုဏော၊ ဉာ + ဧနက၊ သာချ + သာဓက၊ သံ + သာမိ အဖြစ်ဖြင့်စပ် ဝစနဟေတု၊
ယုံကြည်ခြင်းဖြင့်ရောက်အပ်ဖြစ်စေအပ်သောစကားရှိတော်မူသောဘုရားရှင်ဒြဗ်သည်ဝစနီယ၊ ပစ္စယိကော သဒ္ဓါယိတဗ္ဗကော အဝိသံဝါဒကော စသော ပရိယာယ် ဝစနီယတ္ထ၊

၅။ (ဂ) ဝါကျ တာယ သစ္စဝါဒိတာယ၏ သမ္ဗန်ကား သမဏဿ ဂေါတမဿ တည်း။
ကတ္တား + သမ္ဗန်စပ်။ ပစ္စယတ္ထကား ကတ္တုတ္ထတည်း။

၆။ (က) ဝါကျ ပတ္တိယာယိတဗ္ဗကော ဖြင့် ပစ္စယိကောကို ပတ္တိသဒ္ဒါတာ သဒ္ဓါ အယတိ ပဝတ္တတိ ဧတ္ထာတိ ပစ္စယိကောဟု အဓိကရဏသာဓ်ကိတန္တသမာသ် ဝစနတ္ထပြု - လည်းကောင်း၊ ဣ ပစ္စည်း၏ အဓိကရဏသာဓ်၌ သက်-လည်းကောင်း သိစေပါသည်။ (သီဋီသစ်၊ ၃၃၈။)

http://www.dhammadownload.com



သဒ္ဒါယိတဗ္ဗကော ဖြင့် ပတ္တိယာယိတဗ္ဗကောဠ် ပတ္တိသဒ္ဒါသည် ရောက်ခြင်းအနက်ကို မဟော၊ ယုံကြည်ခြင်း အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ပတ္တိယာယိတဗ္ဗကော ပုဒ်ကို ပတ္တိယာ အယိတဗ္ဗာ ပဝတ္တေတဗ္ဗာတိ ပတ္တိယာယိတဗ္ဗာ၊ (ဝါစာ)၊ ပတ္တိယာယိတဗ္ဗာ ဧတဿ အတ္ထီတိ ပတ္တိယာယိတဗ္ဗကော ဟု ပြုရမည် လည်းကောင်း၊ က ပစ္စည်း၏ အဿတ္ထိအနက်၌ သက်-လည်းကောင်း သိစေပါသည်။

❖ ပတ္တိယာ အယိတဗ္ဗာ ပဝတ္တေတဗ္ဗာတိ ပတ္တိယာယိတဗ္ဗာ ယ-ကာရာဂမေန၊ ဝါစာ။ သာ ဧတဿာတိ ပတ္တိယာယိတဗ္ဗကော၊ တေနာဟ "သဒ္ဒါယိတဗ္ဗကော"တိ။ (သီဋီသစ်)

မှတ်ချက် ။ ။ အထက်ပါ ဋီကာသစ် ပါဠိသာဂေအရ ပတ္တိယာယိတဗ္ဗာကား ပတ္တိ သဒ္ဒူပပဒ + အယဓာတ် + တဗ္ဗ ပစ္စည်း၊ ဣ အာဂုမ်။ ပတ္တိအယိတဗ္ဗဟူလိုလျက် ဝဏ္ဏာဂမ နိရုတ္တိဖြင့် ယ လာ၊ အ ကို အာ ပြု၍ ပတ္တိယာယိတဗ္ဗာ ဟု ပြီးသည်။

(ဂ) န ဝိသံဝါဒေတိ ဖြင့် ဝိသံဝါဒကော ပုဒ်ကို ဝိသံဝါဒေတီတိ ဝိသံဝါဒကောဟု ဟေတုကတ္တုသာဓ် ပြု - လည်းကောင်း၊ ဏွု ပစ္စည်း ဟေတုကတ္တုသာဓ်၌ သက် - လည်းကောင်း၊ န နှင့် ဝိသံဝါဒကကို န+ဝိသံဝါဒကော အဝိသံဝါဒကောဟု မိဿကတပ္ပုရိသ်ပြု-လည်းကောင်း၊ အဝိသံဝါဒကော၌ အ သဒ္ဒါ၏ နနိပါတ်၏ ကာရိယ အဖြစ်ကိုလည်းကောင်း၊ (နိပါတလိင်္ဂပဒ) (ဝါ) အ သဒ္ဒါ၏ ပဋိသေဓ အနက်ဟော - လည်းကောင်း သိစေပါသည်။

လောကဴဖြင့် လောကဿ၌ ဆဋ္ဌီဝိဘတ်သည် သာမျတ္ထ၌ မသက်၊ ကမ္မတ္ထ၌ သက်သည်၏ အဖြစ်ကို သိစေသည်။

၇။ ပုဂ္ဂလ ပုဒ် နိရုတ္တိ ရေးခဲ့ပြီ။

လောကကား (လုဇ+ဏ) လုဇ ဟူလိုလျက် ဇ ကို က ပြု၊ ဥ ကို ဩ ပြု၍ ပြီးသည်။

❖ လုဇ္ဇတီတိ လောကော။ လုဇ ဝိနာသေ၊ ဧဿ ကော။ (သူစိ)

တစ်နည်း ။ ။ ရာ ဓာတ် + ဏွု ပစ္စည်း + ဝိကရဏ ဩ ပစ္စည်း။ ရောက ဟူလိုလျက် ရ ကို လ ပြု၍ ပြီးသည်။

❖ ကုသလာဒီနိ ရာတိ ဂဏှာတီတိ လောကော။

တစ်နည်း ။ ။ (ရာ သဒ္ဒူပပဒ + ဥစ ဆတ် + ဏ ပစ္စည်း) ဥ ကို ဩ ပြု၊ ရ ကို လ ပြု၊ စ ကို က ပြု၍ ပြီးသည်။

❖ ရာ သဒ္ဒါဒိမနော ဩစေန္တိ သမဝါယန္တိ ဧတ္ထာတိ လောကော။

၈။ (၃၊ ၇၃) ဘိန္နာနံ သန္ဓာတာတိ (ပ) ဒဋ္ဌီကမ္မံ ကတ္တာတိ အတ္ထော။ ကို မြန်မာပြန်ဖြေ။

၉။ အဥ္ဇနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဉ္စယံ။
မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ။ (၃၊ ၁၁၇။)

၁၀။ (ဂ) ဝါကျ ဘာဝ စသည်ထုတ်ပုံ

† ဝိသံဝါဒေတိ ၌ လောကကို ချွတ်ယွင်းစေတတ်သူ (ဝါ) လောကကို အထင်မှားစေတတ်သူတို့၏ မာယာသာဌေယျ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိ ဌာယီဘာဝ + ကာမသိင်္ဂါရရသ၊

http://www.dhammadownload.com



† လောက လူအပေါင်းသည် အာရမ္မဏဝိဘာဝ၊
† လှည့်စားတတ်သူတို့၏ အယောနိသောမနသိကာရသည်လည်းကောင်း၊ လှည့်စားခံရသူတို့၏ အမူအယာသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ၊
† ပစ္စုပ္ပန်၌ ပညာရှိတို့ ကဲ့ရဲ့ခံရခြင်း၊ သံသရာ၌ ဒုဂ္ဂတိသို့ ရောက်ရခြင်းစသည်သည် အနုဘာဝ။

✼✼✼✼✼✼✼✼✼✼✼✼✼✼✼✼✼

## ဝါကျဥယျာဉ် (၅၂)

(က) ပိသုဏံ ဝါစံ ပဟာယာတိအာဒီသု ယာယ ဝါစာယ ယဿ တံ ဝါစံ ဘာသတိ၊ တဿ ဟဒယေ အတ္တနော ပိယဘာဝံ, ပရဿ စ သုညဘာဝံ ကရောတိ၊ သာ ပိသုဏာ ဝါစာ။
(ခ) ယာယ ပန အတ္တာနမ္ပိ ပရမ္ပိ ဖရုသံ ကရောတိ၊ ယာ ဝါစာ သယမ္ပိ ဖရုသာ၊ နေဝ ကဏ္ဏသုခါ န ဟဒယင်္ဂမာ၊ အယံ ဖရုသာ ဝါစာ။
(ဂ) ယေန သမ္ဖံ ပလပတိ နိရတ္ထကံ၊ သော သမ္ဖပ္ပလာပေါ။
(ဃ) တေသံ မူလဘူတာ စေတနာပိ ပိသုဏဝါစာဒိနာမမေဝ လဘတိ။
(င) သာ ဧဝ စ ဣဓာဓိပ္ပေတာတိ။

(ဋ္ဌ။ ၇၂+၇၃။ သီဋီသစ်။ ၁။ ၃၃၈။ ပဥ္စျ။ ၃၉၃။ ဘာဋီ။ ၄၆၀။ ဂဏ္ဌိ။ ၁၉၉။)

၁။ နေဝ ကဏ္ဏသုခါ န ဟဒယင်္ဂမာ ပုဒ်တို့ကို ဟိတ်ခတ်လျက် (ခ) ဝါကျကို စောဒနာတက်ပြပါ။
၂။ (ဃ) ဝါကျကို သာဘောဂပုစ္ဆာတက်၍ (င) ဝါကျကို စောဒနာတက်ပြပါ။
၃။ (ဃ+င) ဝါကျတို့ကို စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။
၄။ သမ္ဖပ္ပလာပေါ-၌ သမ္ဖ-ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ထုတ်ပြပါ။
၅။ တေသံ မူလဘူတာ စေတနာပိ ၌ ဟိတ်ဖြစ်သင့်သော ပုဒ်ကို ဟိတ်ပြင်၍ ယင်း၏ သမ္ဗန်ကို ခံပြီး အတ္ထာနုရူပစာစပ်ပြပါ။
၆။ (က) ဝါကျဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။
၇။ ပိသုဏ ပုဒ် ဖရုသ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ပြည့်စုံစွာဖော်ပြပါ။
၈။ (ခ) ဝါကျ၌ ဖရုသံ ကရောတိ သယမ္ပိ ဖရုသာ ဟူ၍ ဖရုသဝါစာ ကို ဆိုထားရခြင်း အကြောင်းကို အသီးသီးဖော်ပြပါ။
၉။ (က) ဝါကျ သံဝဏ္ဏနာပါဌ်များကို အဓိပ္ပါယ်မပျက်စေဘဲ နှစ်သက်ရာ ဂါထာတစ်ပုဒ်စီကုံး၍ ဂါထာအမည်ပေးပြပါ။
၁၀။ ပိသုဏံ ဝါစံ ပဟာယ ၌ ပဟာယ ဝယ် ဓာတွတ္ထကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပြပါ။

========== =======

http://www.dhammadownload.com



၁။ (၁) အနက်

ဖရုသသဘာဝတော၊ (ဆဲဆိုသောစကားလုံး၏) ကြမ်းတမ်းခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်။ ကဏ္ဏသုခါ၊ ကြားနာရသော ပုဂ္ဂိုလ်၏ နား၌ ချမ်းသာသည်။ နေဝ ဟောတိ၊ မဖြစ်။ အတ္တဝိပန္နတာယ၊ အနက်အဓိပ္ပါယ် အစီးအပွား၏ ဖောက်ပြန်ပျက်စီးသည်၏ အဖြစ်ကြောင့်။ ဟဒယင်္ဂမာ၊ စိတ်နှလုံးသို့ ရောက်သည်။ န ဟောတိ၊ မဖြစ်။

◆ ဖရုသသဘာဝတော နေဝ ကဏ္ဏသုခါ။ အတ္တဝိပန္နတာယ န ဟဒယင်္ဂမာ။ (သီဋီသစ်)

၂။ (ဃ) သာဘောဂပုစ္ဆာ

ဆရာ --- သည် က-ခ-ဂ- ဝါကျတို့ဖြင့် ပိသုဏဝါစာ အရ ချောပစ်ကုန်းတိုက်ကြောင်းစကားကို , ဖရုသဝါစာ အရ ကြမ်းကြုတ်မှုကိုပြုတတ်သော ကြမ်းကြုတ်သောစကားကို , သမ္ဖပ္ပလာပ အရ အချည်းနှီး အကျိုးမရှိသည်ကို ပြောဆိုကြောင်းစကားကို ယူရမည် ဟု ဆို၏။ ယင်း ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ တို့အရ ဆိုခဲ့ပြီးသော စကားဒြဗ်တို့ကိုသာ ယူရပါမည်လော။ အဘယ်အရာဝတ္ထုကို ယူနိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ဃ) ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား (ဃ) ဝါကျဖြင့် ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ တို့အရ စို ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပတို့၏ အကြောင်းရင်းဖြစ်သော စေတနာကိုလည်း ယူနိုင်သေး၏ ဟု ငါပြဆိုပါ၏ဟူလို။ (စေတနာပိ ဥ ပိ ကို ရှု။)

(င) စောဒနာ

ဆရာ သည် က-ခ-ဂ-ဃ- ဝါကျတို့ဖြင့် ပိသုဏဝါစာ စသည်တို့အရ စကား ဒြဗ်နှင့် စေတနာ နှစ်မျိုးလုံးကို ယူရမည် ဟု ဖွင့်ပြဆို၏။ ဤ (စူဠသီလ) ပါဠိတော်၌လည်း ပိသုဏဝါစာ စသည်တို့အရ စကားနှင့် စေတနာ နှစ်မျိုးစလုံးကိုပင် ယူရမည်လော။ ဤ (စူဠသီလ) ပါဠိတော်၌ အဘယ်ကို ယူရပါမည်နည်း။ အတိမ္ပာပိတဒေါသတင်၊ စုဒ်ကြောင့် (င) မိန့်။

အဓိပ္ပါယ်ကား ဤ (စူဠသီလ) ပါဠိတော်၌ ပိသုဏဝါစာ စသည်တို့အရ စကား နှင့် စေတနာ နှစ်မျိုးလုံးကို မယူရ၊ စေတနာကိုသာ ယူရမည်ဟု ငါပြ --- ဟူလို။ (ဝေကိုရှု)

✱ နောက်ဝေတ္တ၊ အဖြေပြ၊ သမုစ္စယ အာဘော်ဆင်။

၃။ (ဃ-င) ဝါကျ စတုက္ကထုတ်ပုံ

(က) နနု တေသံ မူလဘူတာ စေတနာပိ ပိသုဏဝါစာဒိနာမမေဝ လဘတိ။

(ခ) အထ ကသ္မာ သာ ဧဝ (စေတနာ) ဂှဏာဓိပ္ပေတာ။

(ဂ) နနု တဿာယေဝ စေတနာယ ပဟာတဗ္ဗတာ ယုတ္တိ ဟောတိ (အန္တယ)
နနု ဝါစာယ အဝိသယော ဟောတိ။ (ဗျတိရေက)

(ဃ) တသ္မာ သာ ဧဝ (စေတနာ) ဂှဏာဓိပ္ပေတာ။

အမှာ ။ ။ ပရိဟာရာဘောဂကို ဋီကာသစ်-၃၃၉- မှယူ၍ ထုတ်သည်။

၄။ သံ သုခံ , ဟိတဉ္စ ဖလတိ ပဟရတိ ဝိနာသေတီတိ သမ္ဖံ။ (သံ+ဖလ+ကွံ)
ချမ်းသာစီးပွားကို ဖျက်ဆီးခြင်းကြိယာသကတ်သည်လည်းကောင်း၊ ချမ်းသာစီးပွား၏ + ဖျက်ဆီးတတ်သော အကြောင်းအရာနှင့် (ဝါ) စကားဒြဗ်နှင့် ပဟာတဗ္ဗ + ပဟာယက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း ဝစနဟေတု။

http://www.dhammadownload.com



ချမ်းသာစီးပွားကိုဖျက်ဆီးတတ်သောအကြောင်းအရာသည် (ဝါ) စကားဖြစ်သည်ဝစနီယ။
နိရုတ္တိက တုစ္ဆ မောဃ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
မှတ်ချက် ။ ။ သမ္ဖံ၊ စီးပွားချမ်းသာကို ဖျက်ဆီးတတ်သော အကြောင်းအရာကို။ (ဘာသာဋီကာ)
သမ္ဖံ၊ မိမိသူတစ်ပါးနှစ်ဦးသား၏ စီးပွားချမ်းသာ အဖြာဖြာကို ဖျက်ဆီးတတ်သော စကားကို။ (ပဒုက္ကမှုသျှ)

၅။ မူလဘူတာ ကို မူလဘူတတ္တာ ဟု ဟိတ်ပြင်။
ယင်း၏ သမ္ဗန်ကို စေတနာယ ဟုဒံ။ ကတ္တား + သမ္ဗန်စပ်။

၆။ (က) ဖြင့် ပိသုဏံ ဝါစံ ၌ ပိသုဏ ပုဒ်ကို ပိယ + သုည + ကရဏ- ဟု ပဒစ္ဆေဒ ပြုရမည်ကိုလည်းကောင်း၊ ပိယ နှင့် သုည ပုဒ်တို့၏ ဘာဝပ္ပဓာန ဘာဝလောပ ပုဒ်၏ အဖြစ်ကို လည်းကောင်း၊ ပိယ နှင့် သုည ကို ပိယဥ္စ သုညဥ္စ ပိယသုညံ ဟု ဒွန်သမာသ် ဝစနတ္ထ ပြု -- လည်းကောင်း၊ ပိယသုညံ ကရောတိ တေယာတိ ပုသုဏံ ဟု ကရဏသာဓန ကိတန္တဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြု - လည်းကောင်း၊ ယု ပစ္စည်း၏ ကရဏသာဓန အနက်၌သက် - လည်းကောင်း၊ ပိယ သုည ကရဏ ဟုဆိုလိုလျက် ဝဏ္ဏလောပနိရုတ္တိနည်းဖြင့် ယ-ည-ကရ-သဒ္ဒါတို့ကို ချေ၍ ပိသုဏ ဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း၊ ပိသုဏ ၌ ပိယ ပုဒ်၏ သမ္ဗန်ကို အတ္တနော-ဟု၊ သုည ပုဒ်၏ သမ္ဗန်ကို ပရဿ-ဟု ထည့်ရမည်ကိုလည်းကောင်း၊ ဤဆိုခဲ့ပြီး ဝစနတ္ထအလို ပိသုဏအရ စေတနာ ကို မယူရ၊ ဝါစာကို ယူရမည်ကိုလည်းကောင်း သိစေပါသည်။ (သီဋီသစ်။ ၃၃၈။)
(တစ်နည်း) (က) ဖြင့် ပိသုဏပုဒ်ကို ပိသတီတိ ပိသုဏာ ဟု ကတ္တုသာဓ်ဝစနတ္ထ ပြု - လည်းကောင်း၊ ဥဏ ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက် --- လည်းကောင်း သိစေပါသည်။
(ခ) ယာယ အတ္တာနမ္ပိ ပရမ္ပိ ဖရုသံ ကရောတိ ဖြင့် ဖရုသ ပုဒ်ကို ဖရုသံ + ကရောတီတိ ဖရုသာ ဟု ကရောတိ တဒ္ဓိတ်ဝစနတ္ထ ပြု - လည်းကောင်း၊ ဏ ပစ္စည်း၏ ကရောတိ တဒ္ဓိတ် အနက်၌သက် - လည်းကောင်း၊ ကြမ်းတမ်းအောင် လုပ်၏ ဟူသည် မိမိ သူတစ်ပါး နှစ်ပါးစုံ ကို ပြုလုပ်သည်၏ အဖြစ်ကို လည်းကောင်း၊ ဖရုသဝါစာ အရ မိမိသူတစ်ပါးနှစ်ပါးစုံ ကြမ်းတမ်း ခြင်း၏ အကြောင်းဖြစ်သော ဝါစာ (စကားဖြစ်) ကို ဖလူပစာရ အားဖြင့် ယူရမည်ကို လည်းကောင်း သိစေပါသည်။
- တ္တေ ပန ပဌမနယေ ဖရုသံ ကရောတီတိ ဝစနတ္တေန ဝါ ဖလူပစာရေန ဝါ ဝါစာယ ဖရုသာသဒ္ဒပ္ပဝတ္တိ ဝေဒိတဗ္ဗာ။ (သီဋီသစ်။ ၃၃၈။)

ယာ ဝါစာ သယမ္ပိ ဖရုသာ ဖြင့် ဖရုသ ပုဒ်သည် ပုဒ်+ဓာတ် ပစ္စည်းတို့ဖြင့် စီရင် ရသော အနွတ္ထနာမ်ပုဒ်မျိုးမဟုတ်၊ ကက္ကသ (ဖရုသ) ဝါစီ ရုဠှီ အနိပ္ဖန္န ပါဋိပဒိက ပုဒ်၏ အဖြစ် ကိုလည်းကောင်း၊ ဖရုသဝါစာ အရ ဒေါမနဿကြောင့်ဖြစ်သော (အကျိုးဖြစ်သော) ဝါစာ (စကားဖြစ်) ကို ကာရဏူပစာအားဖြင့် ယူရမည်ကိုလည်းကောင်း သိစေပါသည်။
- ဒုတိယနယေ မမ္မစ္ဆေဒဝသေန ပဝတ္တိယာ ကေဏ္ဍနိဋ္ဌရတာယ ရုဠှီသဒ္ဒဝသေန သဘာဝေန , ကာရဏူပစာရေန ဝါ ဝါစာယ ဖရုသာသဒ္ဒပ္ပဝတ္တိ ဒဋ္ဌဗ္ဗာ။ (သီဋီသစ်)

http://www.dhammadownload.com



နေဝ ကတ္ထုသုခါ န ဟာဒယင်္ဂမာ ဖြင့် သဲဆိုသော စကားလုံးက ကြမ်းတမ်းသည်၏ အဖြစ်ကြောင့် ကြားနာရသော နားလည်းမချမ်းသာ , အနက်အဓိပ္ပါယ်က မကောင်းလှသောကြောင့် စိတ်နှလုံး သို့လည်း မသက်ဝင် ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

(ဂ) ယေန သမ္ဖံ ပလပတိ ဖြင့် သမ္ဖပ္ပလာပ ပုဒ်ကို သမ္ဖံ ပလပတိ ဧတေနာတိ သမ္ဖပ္ပလာပေါ ဟု ကရဏသာဓန ကိတန္တဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြု - လည်းကောင်း။ ဏ ပစ္စည်း၏ ကရဏသာဓန အနက်၌သက် - လည်းကောင်း။ (တစ်နည်း) ပလပတိ ဧတေနာတိ ပလာပေါ၊ သမ္ဖဿ ပလာပေါ သမ္ဖပ္ပလာပေါဟု ဝစနတ္ထပြု- လည်းကောင်း သိစေပါသည်။

နိရုတ္တက် ဖြင့် သမ္ဖပ္ပလာပ ၌ သမ္ဖ ပုဒ်ကို သံ ဟိတံ , သုခဥ္စ ဖလတိ ပဟာရတိ ဝိနာသေတီတိ သမ္ဖံ ဟု ကတ္တုသာဓ်ဝစနတ္ထပြု - လည်းကောင်း။ ကွိ ပစ္စည်း၏ ကတ္တုသာဓန အနက်၌သက် - လည်းကောင်း။ သမ္ဖ အရ မိမိသူတစ်ပါး နှစ်ဦးသားတို့အား ကျေးဇူးမပြုတတ်သော (အကျိုးမရှိသော) အလုံးစုံသော အကြောင်းအရာကို (ဝါ) စကားဖြစ်ကို ယူရမည်ကိုလည်းကောင်း သိစေပါသည်။ (သီဋီသစ်။ ၃၃၈။)

၇။ ပိသုဏ ပုဒ်၏ နိရုတ္တိနည်းကို အာဘော်အတိုင်း မှတ်လေ။

ဖရုသ ကား ပရ သဒ္ဒူပပဒ + ဥသ ဓာတ် + အ-ပစ္စည်း။ ပရုသ ဟု ဆိုလိုလျက် ပ ကို ဖ ပြု၍ ပြီးသည်။

◆ ပရေ ဧနေ ဥဿာပေတိ ဒါဟေတီတိ ပရုသံ၊ တဒေဝ ပဿ ဖကာရံကတွာ ဖရုသံ။ (ဓာန်ဋီ။ ၁၂၅။)

အမှာ ။ ။ ဘာသာဋီကာ-၄၆၁- ၌ ဖရုသံ ကရောတီတိ ဖရုသကရဏာ။

ဖရုသကရဏ ဟု ဆိုလိုလျက် ကရဏ ပုဒ်ကို ချေ၍ ပြီးသည်။

၈။ ဖရုသဝါစာသည် ချစ်မြတ်နိုးမှု သိနေဟမရှိခြင်းကြောင့် ဖရုသံ ကရောတိ ဟု ဆိုသည်။

◆ ဖရုသန္တိ သိနေဟာဘာဝေန လူခံ။ (သီဋီသစ်)

ဖရုသဝါစာသည် ဒေါမနဿသည် ဖြစ်စေအပ်သောကြောင့် (ဝါ) ဒေါမနဿကြောင့် ဖြစ်လာသောကြောင့် သဘာဝအားဖြင့် ကြမ်းတမ်းသည့်အတွက် သယမ္ပိ ဖရုသာဟု ဆိုသည်။

◆ သယမ္ပိ ဖရုသာတိ ဒေါမနဿသမုဋ္ဌိတတ္တာ သဘာဝေန သယမ္ပိ ကက္ကသာ။ (သီဋီသစ်)

၉။ (က) ဝါကျ ဂါထာစီ

ယဿံ တံ ယာယ ဝါစာယ၊ ကထေတိ တဿ မာနသော။

အတ္ထပ္ပိယံ,ပရသုည်၊ ကရောတိ ပိသုဏာ ဘဝေ။ (တတိယ သ-ကာရဝိပုလာ ဂါထာ)

၁၀။ ✝ ပဟာယ ၌ ဟာ ဓာတ် အရ ပိသုဏဝါစာကို ကြဉ်တော်မူသော ဘုရားရှင်၏ သန္တာန်၌ ဝိရတီစေတနာ ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ၍ ---

✝ ထိုသည် ဓမ္မရတိဌာယီဘာဝ + ဓမ္မသိဂ်ိရ ရသ။

✝ ချောပစ်ကုန်းတိုက်အပ်သော အရာဝတ္ထုဖြစ်သည် အာရမ္မဏဝိဘာဝ။

✝ ဘုရားရှင်၏ ယောနိသောမနသိကာရ စသည်သည်လည်းကောင်း။ ပိသုဏဝါစာ၏ အပြစ် ဒေါသများ ကို သိနေခြင်းသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

http://www.dhammadownload.com



✝ ပိသုဏဝါစာမှ ကြဉ်တော်မူသဖြင့် ဝေနေယျသတ္တဝါတို့က ဘုရားရှင်ဟောသမျှ တရားများကို ယုံကြည် မြတ်နိုးနာယူကြခြင်း၊ ယင်းသို့ နာယူသဖြင့် သစ္စာတရားကို သိမြင်ခြင်း စသော အကျိုး တရား အဆက်ဆက်သည် အနုဘာဝ။

✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲

ဝါကျဥယျာဉ် (၅၃)

(က) ပရဿ မမ္မစ္ဆေဒကကာယဝစီပယောဂသမုဋ္ဌာပိကာ ကေဠဖရုသစေတနာ ဖရုသာ ဝါစာ၊
(ခ) ယထာ စ စိတ္တသဏှတာယ ဖရုသာ ဝါစာ န ဟောတိ၊ ဧဝံ ဝစနသဏှတာယ အဖရုသာ ဝါစာ န ဟောတိ၊
(ဂ) န ဟိ မာရာပေတုကာမဿ "ဣမံ သုခံ သယာပေထာ"တိ ဝစနံ အဖရုသာ ဝါစာ ဟောတိ၊ စိတ္တဖရုသတာယ ပနေသာ ဖရုသာ ဝါစာဝ။
(၅။ ၇၃၊ ၇၄။ သီဋီသစ်။ ၃၄၀။ ပဒုက္ကျ။ ၃၉၈။ နေရင်း။ ၂၆၄။ ဘာသာဋီ။ ၄၆၈။)

၁။ (ခ) ဝါကျကို အဖရုသာ ဝါစာ န ဟောတိ ၌ နှစ်ခုပဋိသေ၊ ခွဲဝေမရှိ၊ နက်ပေးဘိမူ-စသော နိယံများနှင့် ညီစေလျက် ကျနစွာ အနက်ယောနေပါ။
၂။ (ဂ) ဝါကျကို အနုသန္ဓေတက်ပြပါ။
၃။ (ခ) ဥပမေယျ ဝါကျကို စတုက္ကထုတ်ပြပါ။
၄။ (က) ဝါကျ ဝါစာကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ (ဂ) ဝါကျပါ ဟိတ်ပုဒ်ကို သမ္ဗန်ခံ၍ စာစပ်ပြပါ။
၆။ ကေဠ သဒ္ဒါဖြင့် သိနိုင်သော အာဘော်။ ဧဝံ ဝုစ္စတိ ဒေါသော ၌ ရသင့်သော သံဝဏ္ဏနာ အမည်တို့ကို ဖော်ပြပါ။
၇။ မမ္မ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။
၈။ (က) ဝါကျ မမ္မသဒ္ဒါ၏ မုချအနက်၊ ဤ ၌ လိုအပ်သော ဥပစာအနက်နှင့်တကွ မမ္မစ္ဆေဒက ၌ ဆေဒက ပုဒ်အနက်ကို လှူပြိန်းနားလည်အောင် ရေးပါ။
၉။ သမယံ အဝိလောမေန္တော၊ ထေရာနံ ထေရဝံသပဒီပါနံ။
သုနိပုဏဝိနိစ္ဆယာနံ၊ မဟာဝိဟာရေ နိဝါသီနံ။ (၅၊ ၂) ဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည် ပေးပါ။
၁၀။ (ဂ) ဝါကျ၌ ဘာဝစသည် ထုတ်ပြပါ။

===================

၁။ နှစ်ခုပဋိသေ စသော နိယံများနှင့်အညီ အနက်ပေးပုံ

အဖရုသာဝါစာ နဟောတိ။ ဖရုသာဝါစာ ဖြစ်၏။ (ဤကား နှစ်ခု ပဋိသေ၊ ခွဲဝေမရှိ၊ နက်ပေးဘိမူ၊ ပကတိအနက်ထွက်အောင် သမ္ဗန်မြဲ နိယံအလိုတည်း)
တစ်နည်း ။ ။ အဖရုသာဝါစာ၊ ဖရုသဝါစာ မဟုတ်သည်၊ နဟောတိ၊ မဖြစ်။
ဖရုသာဝါစာ၊ ဖရုသာဝါစာသည်။ ဟောတိယေဝ၊ ဖြစ်သည်သာတည်း။
(ဤကား မပေါင်းရောပဲ၊ ခွဲ၍တစ်ခါ၊ သမ္ဗန်ပါမူ ကြိယာနောင်၊ ဧဝဆောင်မြဲ နိယံ အလိုတည်း။)
❖ အဖရုသာ ဝါစာ နဟောတီတိ ဖရုသာဝါစာ ဟောတိယေဝါတိ အတ္ထော (ဋီသစ်)

http://www.dhammadownload.com



အတိုကောက်မှတ်ထားရန် ။ ။ န နဟောတိ၊ ဖြစ်၏။ (ပဌမနိယံ နှင့် အညီ)
န ဟောတိ၊ မဖြစ်သည်ကား။ န၊ မဟုတ်။ ဟောတိ ယေဝ၊ ဖြစ်သည်သာတည်း (ဒု-နိယံ နှင့်အညီ)

၂။ (ဂ) ဝါကျ အနုသန္ဓေ

ဤသို့ (ခ) ဝါကျဖြင့် နှုးညံ့သော စိတ်ရှိသည်၏ အဖြစ်ကြောင့် ဖရုသာဝါစာ မဖြစ်သကဲ့သို့ နှုးညံ့သော စကားရှိသည်၏ အဖြစ်ကြောင့် ဖရုသာဝါစာ မဖြစ်သည် မဟုတ် , ဖြစ်သည်သာ ဟုပြဆိုပြီး၍ ယခုအခါ၌ ယင်းစကားရပ်ကိုပင် ယုတ္တိအားဖြင့် ခိုင်မြဲစေလိုသော ဆရာသည် (ဘာ + ဋီ) ချဲ့ပြလိုသော ဆရာသည် (ပခုက္ကူဆ) (ဂ) မိန့်၍

(ဂ) ဝါကျ နေရင်း ကျမ်းတက်

စကားသိမ်မွေ့သော်လည်း စိတ်ကြမ်းက ဖရုသာဝါစာ ဖြစ်၏ဟု ဆရာဆိုပြီ။ ထိုသို့ ဖြစ်သည်၏ အဖြစ်ကို အဘယ်သို့သော သဘောဖြင့် သိရပါအံ့နည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ န ဟိ စသော (ဂ) ဝါကျ မိန့်၍ (နေရင်း၊ ၂၄၆။)

၃။ (ခ) ဥပမေယျဝါကျ၌ စတုက္ကထုတ်ပုံ

(က) နနု ဝစနသဏှတာ ဟောတိ။

(ခ) အထ ကသ္မာ အဖရုသာဝါစာ န ဟောတိ။

(ဂ) နနု စိတ္တဖရုသတာ ဟောတိ။

(ဃ) တသ္မာ အဖရုသာဝါစာ န ဟောတိ။

အမှာ ။ ။ (ဂ) ဝါကျ အန္ဝယ ဒဋ္ဌီ စကားရပ်ကို မျှော်၍ ထုတ်သည်။

(ဂ) ဝါကျ စတုက္ကထုတ်ပုံ

(က) နနု မာရာပေတုကာမဿ "ဣမံ သုခံ သယာပေထာ"တိ ဝစနံ သဏှံ ဟောတိ။

(ခ) အထ ကသ္မာ သော ဖရုသာဝါစာဝ ဟောတိ။

(ဂ) နနု စိတ္တဖရုသတာ ဟောတိ။

(ဃ) တသ္မာ သော ဖရုသာဝါစာဝ ဟောတိ။

၄။ (ဖရုသံ) ဝဒန္တိ တောယာတိ ဝါစာ။

ဆိုခြင်း ကြိယာသကတ်သည် ဝစနယေတု၊

ကြမ်းကြုတ်သော စေတနာသည် ဝစနီယ၊

ကေန္တဖရုသစေတ္ဓနာ စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္တ။

✦ ကေန္တဖရုသစေတနာ ဖရုသာဝါစာ ဖရုသံ ဝဒန္တိ တောယာတိ ကတ္တာ။ (သိဋီသစ်၊ ၃၄၀၊)

မမ္မစ္ဆေဒက ။ ။ မရန္တိ အနေနာတိ မမ္မံ။ (ဒုဌာရု-ပျက်သောဆိုးဝါးသော အနာရ၏။)

မရ + မ။ ဓာတွန် ရ ကို မ ပြု၍ မမ္မ ဟု ပြီးသည်။

မမ္မံ ဝိယာတိ မမ္မံ။ (အင်္ဂေါ်ာသဝတ္ထုရ၏)

ဆိန္ဒန္တိ ဘိန္ဒန္တိ ယေနာတိ ဆေဒကော။ (အဝုတ္တကတ္တုသာဓန)

မမ္မဿ + ဆေဒကော မမ္မစ္ဆေဒကော။

အင်္ဂေါ်ာသဝတ္ထုကို ဖြတ်ကြောင်းဖြစ်သော ကာယပယောဂ ဝစီပယောဂ ရ၏။

http://www.dhammadownload.com



၅။ စိတ္တဖရုသတာယ၏ သမ္ဗန်ကား မာရာပေတုကာမဿ တည်း။
(ကတ္တား + သမ္ဗန်စပ်) ဘာဝယောဂပုဒ်၏ ပစ္စယတ္တကား ကတ္တုတ္တတည်း၏။

မှတ်ချက် ။ ။ တိုက်ရိုက်ပါရှိသော မာရာပေတုကာမဿ ဟူသော သမ္ဗန်ပုဒ်သည်သာ စိတ္တဖရုသ ဟူသော ဘာဝယောဂပုဒ်နှင့် လိင်ဝုစ်အရ တူသည်။ ထို့ကြောင့် ဘာဝယောဂ ပုဒ်နှင့် လိင် ဝုစ် အရ မတူသော ဧသော ကို ဧတိဿာ (ဝါစာယ) ဟု သမ္ဗန်မခံရ ဟုမှတ်။

၆။ ကေဋ္ဌဖရုသစေတနာ၌ ကေဋ္ဌ သဒ္ဒါဖြင့် သိနိုင်သော အာဘော်
(ဖရုသစေတနာ ဟုသာမဆိုပဲ ကေဋ္ဌဖရုသစေတနာဟု ကေဋ္ဌ သဒ္ဒါကို ထည့်ဆိုခြင်းမှာ) ဝါသနာအလိုက် နှုတ်ထွက်ကြမ်းရုံမျှကို ဆိုလိုသည်မဟုတ်၊ တကယ်ဒေါသစိတ်ဖြင့် ပြောဆိုအပ်သော ဖရုသဝါစာကိုသာ လိုအပ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

❖ ဖရုသစေတနာ ဂ္ဂဟဏေဝ အတ္တော "ကေဋ္ဌဖရုသစေတနာ"တိ ဝစနံ ဒုဋ္ဌစိတ္တတာယဝေ ဖရုသစေတနာ အဓိပ္ပေတာ၊ န ပန သဝနဖရုသတာမတ္တေနာ တိ ဉာပနတ္ထံ။ (သီဋီသစ်။ ၃၄၁။)

လေ ဝုစ္စတိ ဒေါသော ဖြင့် လေ ပုဒ်ကို ဂ္ဂလတိ စိတ္တံ , ပုဂ္ဂလော ဝါ ကမ္ပတိ ဧတေနာတိ လေ ဟု ဝစနတ္ထပြု၍ လေ အရ ဒေါသကို ယူဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) (သီဋီသစ်။ ၃၄၁။)

၇။ မမ္မ ကား မရဓာတ် + မပစ္စည်း။ မရမ ဟူလိုလျှက် ရကို မပြု၍ ပြီးသည်။
တစ်နည်း ။ ။ မရဓာတ် + ရမ္မ ပစ္စည်း။ ရ နှစ်လုံးကို ချေ၍ ပြီးသည်။ (ဘာသာဋီ။ ၄၆၈။ ပဒုတ္တူ။ ၃၉၈။)

၈။ မမ္မသဒ္ဒါ၏ မုချအနက်ကို မမ္မာနီတိ ဒုဋ္ဌာရုနိ ဟူသော သီဋီသစ် အဖွင့်အရ အနာပျက် အနာဆွေး အနာဟောင်း ဖြစ်သည်။ ဤ၌လိုအပ်သော ဥပစာအနက်ကား အင်္ဂဇာတသဝတ္ထု ဆယ်ပါး ဖြစ်သည်။
မမ္မစ္ဆေဒက၌ အလွန်နာကြီးဘွယ်ကောင်းလောက်အောင် အင်္ဂဇာတသဝတ္ထု ဆယ်ပါးဖြင့် သူတစ်ပါးအား ထိပါးပုတ်ခတ်ဆဲရေးခြင်း (ဝါ) ဆဲရေးကြောင်း ကာယပယောဂ ဝစီပယောဂကို "ဆေဒက" ဟု ဆိုလိုသည်။

၉။ ပဏ္ဏာအရိယာ ဂါထာ ဖြစ်သည်။ မတ္တာ ဝုတ္တိဆန်း။

၁၀။ ✝ (က) ဝါကျ၌ ဒေါသ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကောဓောယီဘာဝ + ရုဒ္ဒရသ။
✝ အသတ်ခံရမည့် ပုဂ္ဂိုလ်သည် အာရမ္မဏဝိဘာဝ၊
✝ သတ်အပ်သော ပုဂ္ဂိုလ်သတ္တဝါ၏ အပြုအမူသည်လည်းကောင်း၊ ဝဓက ပုဂ္ဂိုလ်၏ စိတ်ကြမ်းတမ်းသည်၏ အဖြစ်သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ၊
✝ ကာယိကဒုက္ခ စေတသိကဒုက္ခရောက်ရခြင်းစသော အကျိုးတရားအဆက်ဆက်သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၅၄)

(က) ပုရေ သံဝနုနာရိ ဝိယ သုကုမာရာတိပိ ပေါရီ။
(ခ) ပုရဿ ဧသာတိပိ ပေါရီ၊ နဂရဝါသီနံ ကထာတိ အတ္ထော။
(ဂ) နဂရဝါသိနော ဟိ ယုတ္တကထာ ဟောန္တိ၊ ပိတိမတ္တံ "ပိတာ"တိ ဝဒန္တိ၊ ဘာတိမတ္တံ "ဘာတာ"တိ ဝဒန္တိ၊ မာတိမတ္တံ "မာတာ"တိ ဝဒန္တိ။
(ဃ) ဧဝရူပီ ကထာ ဗဟုနော ဇနဿ ကန္တာ ဟောတီတိ ဗဟုဇနကန္တာ။ ကန္တဘာဝေနေဝ ဗဟုနော ဇနဿ မနာပါ စိတ္တဝုဍ္ဎိကရာတိ ဗဟုဇနမနာပါ။
(၅၊ ၇၄။ သီဋီသစ်၊ ၃၄၂။ နေရင်း၊ ၂၄၇။ ပဒုက္ကူ၊ ၄၀၁။ ဘာဋီ၊ ၄၇၄။)

၁။ (က) ဝါကျကို ပမာပမေထင်ရှားစေလျက် (ဂ) ဝါကျကို နိပါတ်အစွဲမှန်ကန်စေလျက် အနက်ယောဇနာပါ။
၂။ (ခ) ဝါကျကို သာဘောဂပုစ္ဆာ၊ (ဂ) ဝါကျကို အနာဘောဂပုစ္ဆာတက်ပါ။
၃။ (ခ+ဂ) ဝါကျတို့၌ ဖြစ်သင့်သော စောဒကာဘောဂါဒိ စတုက္ကကို ထုတ်ပါ။
၄။ နဂရဝါသိနောကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟထုတ်ပါ။
၅။ ဂုဏပရိပုဏ္ဏတာယ ပုရေ ဘဝါတိ ပေါရီ ၌ ဂုဏပရိပုဏ္ဏတာယ၏ သမ္ဗန်ကို ခံပြ၍ အတ္ထာနုရူပ စာစပ်ပြပါ။
၆။ (ဃ) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ ကန္တာ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။
၈။ ပုရ သဒ္ဒါသည် နဂရ သဒ္ဒါ၏ ပရိယာယ်မျှသာ ဖြစ်ပါလျက် (ခ) ဝါကျ၌ ပုရဿ ကို နဂရဝါသီနံ ဟု ဖွင့်ဆိုထားခြင်းအကြောင်းကို ရှင်းပြပါ။
၉။ ကုသိုလ်တရားသည်လည်းကောင်း အကုသိုလ်တရားသည်လည်းကောင်း (ဤ) တရားနှစ်ပါးတို့သည် တူမျှသော အကျိုးမရှိကြကုန်၊ အကုသိုလ်တရားက ငရဲသို့ ဆောင်တတ်၏၊ ကုသိုလ်တရားက သုဂတိသို့ ပို့ဆောင်တတ်၏။ (၅၊ ၉၂။) ကို ဂါထာသီကုံးပါ။
၁၀။ ကန္တာ၌ ဓာတွတ္ထကို ရှု၍ ဘာဝ စသည်ထုတ်ပါ။

===================

၁။ (က) ဝါကျ ။ ။ ယာဝါစာ၊ သည်။ ပုရေ၊ ၌။ သံဝနုနာရီ၊ သည်။ သုကုမာရာဝိယ၊ သို့။ တထာ။ သုကုမာရာ၊ ၏။ ဣတိပိ။ သာဝါစာ။ ပေါရီ၊ မည်၏။
(ဂ) ဝါကျ ဟိ၊ ချဲ့။ (နေရင်း + ပဒုက္ကူ) ဝါ ၊ မှန်။ (ဘာဋီ)

၂။ (ခ) ဝါကျ သာဘောဂပုစ္ဆာ

ဆရာသည် (က) ဝါကျဖြင့် ပုရေ + သံဝနာ ပေါရီ။ ပေါရီ ဝိယာတိ ပေါရီ ဟု (သံဝနုတဒ္ဓိတ်အတွင်း ငုတ်နေသော) ဥပမာတဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု ဆို၏။ ပေါရီ၌ ဥပမာတဒ္ဓိတ်ဝစနတ္ထသာ ဖြစ်သင့်ပါသလော၊ မည်သို့ ဝစနတ္ထဖြစ်သင့်ပါသေးသနည်း၊ စုဒ်ကြောင့် (ခ) မိန့်။

အဓိပ္ပါယ်ကား ဇာဒံ တဒ္ဓိတ်ဝစနတ္ထလည်း ဖြစ်သင့်ပါသေး၏ ဟူလို။

http://www.dhammadownload.com



(ဂ) ဝါကျ အနာသောဂပုစ္ဆာ

ဆရာသည် (၁) ဝါကျဖြင့် ပြည်ကြီး၌ နေသူတို့၏ စကားသည် ပေါရီ မည်သော ဟုဆို၏။ ပြည်ကြီး၌ နေသောသူတို့သည် အဘယ်သို့သော စကားရှိကြကုန်သနည်း၊ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။ (နေရင်း။ ၂၄၇။)

၃။ (၁+ဂ) စတုက္ကထုတ်ပုံ

(က) နနု ပုရဿ + သော ပေါရီတိ ဝစနမတ္တေန အဓိပ္ပါယတ္တော သိဒ္ဓေါ။

(ခ) အထ ကသ္မာ "နဂရဝါသီနံ ကထာတိ အတ္တော"တိ တယာ ဝုတ္တံ။

(ဂ) နနု နဂရဝါသိနော ယုတ္တကထာ ဟောန္တိ။

(ဃ) တသ္မာ (ပ) မယာ ဝုတ္တံ။

မှတ်ချက် ။ ။ (ဂ) ဝါကျ ဟိ ကို ဘာသာဋီ ၌ ဒဠှီကြံသည်၊ ထို့ကြောင့် (ဂ) ဝါကျကို ပရိဟာရဘောဂ ထုတ်သည်။

(၁) ဝါကျကို ဋီကာသစ်နှင့် တွဲ၍ စတုက္ကထုတ်ပုံ

(က) နနု ပုရသဒ္ဒေါ နဂရဝါစကောယေဝ ဟောတိ။

(ခ) အထ ကသ္မာ နဂရဝါသီနံ ကထာတိ တယာ ဝုတ္တံ။

(ဂ) နနု ပုရဿာတိ ဧတ္တ ပုရသဒ္ဒေါ တန္နိဝါသီဝါစကော သဟာစရဏဝသေန။

(ဃ) တသ္မာ (လ) မယာ ဝုတ္တံ။

အမှာ ။ ။ သီဋီသစ်သာမက ဂ-နံပါတ် ၌ ရှု။

၄။ နဂရေ ဝသန္တိ သီလေနာတိ နဂရဝါသိနော။

မြို့ဒြပ်၏ + နေသူတို့နှင့် ဌာန + ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း၊

မြို့၌ အလေ့အားဖြင့် နေခြင်း ကြိယာသကတ်သည်လည်းကောင်း ဝစနဟေတု။

မှတ်ချက် ။ ။ ကိတန္တသမာသ်ဖြစ်၍ သမ္ဗန်+ကြိယာသကတ် နှစ်မျိုးကို ဝစနဟေတု ထုတ်သည်။

မြို့၌ နေလေ့ရှိသူတို့သည် ဝစနီယ၊

ပုရဝါသိနော စေသော ပရိယာယ် ဝစနီယတ္ထ၊

၅။ ဂုဏပရိပုဏ္ဏတာယ၏ သမ္ဗန်ကား ယာယတာယ ဝါစာယ တည်း။ (ကတ္တား + သမ္ဗန်စပ်)

ယာသာ ဝါစာ နေလာ (ပ) ပေါရီ ဗဟုဇနကန္တာ (ပါဠိတော်ထောက်)

၆။ (ဃ) ဝါကျ ဗဟုနော ဇနဿ ကန္တာ ဖြင့် ဗဟုနှင့် ဇနကို ဗဟုစ သော ဇနောစာတိ ဗဟုဇနောဟု ကမ္မဓာရယ်ပြု --- လည်းကောင်း၊ အပေါင်းပုဒ်ကို ဗဟုဇနဿ + ကန္တာ ဗဟုဇနကန္တာဟု ကတ္တုတ္ထဆဋ္ဌီတပ္ပုရိသ် ပြုရမည်ကိုလည်းကောင်း၊ ကန္တာကို ကာမိယတေတိ ကန္တာ ဟု ကမ္မသာဓ်ပြုရမည်ကိုလည်းကောင်း၊ တပစ္စည်း (သို့မဟုတ်) မာန ပစ္စည်း ကမ္မသာဓ်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း သိစေသည်။

* သံဝဏ္ဏိတဗ္ဗ၊ ကိတ်ပဒ၊ ကတ္တားအဝုတ္တ၊ တတိယန္တ (သဠှန္တ) နှင့် ဖွင့်၍ပြီ၊ ကမ္မသာနေ ကြံစရာ။

* ကမ္မသာနေ၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့် တတိယာတွဲမြဲ။

http://www.dhammadownload.com



ဝေရူပိ ကထာဖြင့် ပုရေ ဘဝါ စသော ဝိကပ်သုံးမျိုးဖြင့်ပြအပ်သော ပေါရိဝါစာကိုပင် များစွာသောလူတို့ နှစ်သက်အပ်သည်၏အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

စိတ္တဝုဂ္ဂိကရာ ဖြင့် မနာပါဒ္ဒိ မနသဒ္ဒါ၏ စိတ်ဟူသောအနက် ဟောသည်အဖြစ်ကို လည်းကောင်း၊ အပစာတ်၏ ဝုဂ္ဂိအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ မနံ အာပေတိ ဝဍ္ဎေတီတိ မနာပါဟု ဟေတုကတ္တုသာဓနေ ပြုရမည်ကိုလည်းကောင်း၊ ဏ ပစ္စည်း ဟေတုကတ္တုသာဓနေ အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

ဗဟုနော ဇနဿ မနာပါ ဖြင့် ဗဟုဇနကို ကမ္မဓာရာယ်သမာသ် ပြုရမည်ကို လည်းကောင်း၊ ဗဟုဇနမနာပါကို ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ် ပြုရမည်ကိုလည်းကောင်း သိစေပါသည်။

ကန္တဘာဝေနေဝ ဖြင့် ဗဟုဇနမနာပ ဖြစ်ခြင်းအကြောင်းကို သိစေပါသည်။ (ဘာဝတ္ထ)

၇။ ကန္တ ကား ကမုဓာတ် + တ ပစ္စည်း။ ကမတ ဟူလိုလျက် တ ကို န္တ ပြု၊ မ ကို ချေ၍ ကန္တ ပြီးသည်။

တစ်နည်း ။ ။ ကမုဓာတ် + မာနပစ္စည်း၊ မာနကို အန္တပြန်၍ပြီးသည်။

- ကန္တာတိ ကာမိတာ တုဋ္ဌာ ယထာ "ပက္ကန္တော"တိ၊ မာနသဒ္ဒဿ ဝါ အန္တဖျပ္ပဒေသော၊ ကာမိယမာနာတိ အတ္တော။ (သီဋီသစ်၊ ၃၄၂။)

၈။ ပုရသဒ္ဒါသည် နဂရသဒ္ဒါ၏ ပရိယာယ်မျှသာဖြစ်သော်လည်း ပုရဿ ၌ ပုရသဒ္ဒါကား "ဂါမော အာဂတော" စသည်တို့၌ကဲ့သို့ သဟစရဏနည်း၏ အစွမ်းဖြင့် မြို့နေသူ လူဖြစ်ကိုလည်း ဟောနိုင်သောကြောင့် (ဂ) ၌ နဂရဝါသီနံ ဟု ဖွင့်ဆိုထားပါသည်။

- ပုရဿာတိ ဧတ္တ ပုရ-သဒ္ဒေါ တန္နိဝါသိဝါစကော သဟစရဏသေန "ဂါမော အာဂတော"တိအာဒီသု ဝိယ။ တေနေဝါဟ "နဂရဝါသီနံ"န္တိ။ (သီဋီသစ်)

၉။ န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ။ ။ (ဌ၊ ၉၂။)

၁၀။ † ကန္တာ ၌ ကမုဓာတ်အရ ပီတိ ပြဌာန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိ ဌာယီဘာဝ + ကာမသိင်္ဂါရ ရသ။

† ပြည်ကြီးသူတို့၏ စကားသည် အာရမ္မဏဝိဘာဝ၊

† ယင်းစကား၏ နူးညံ့သိမ်မွေ့ခြင်း ဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ၊

† ကြားနာရသူများစွာသော လူတို့၏ စိတ်နှလုံးချမ်းသာခြင်း စသော အကျိုးတရား အဆက်ဆက်သည် အနုဘာဝ။

*******************

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၅၅)

(က) နိဓာနံ ဝုစ္စတိ ဌပနောကာသော၊
(ခ) နိဓာနမဿာ အတ္ထီတိ နိဓာနဝတီ၊
(ဂ) ဟဒယေ နိဓာတဗ္ဗယုတ္တံ ဝါစံ ဘာသိတာတိ အတ္ထော။
(ဃ) ကာလေနာတိ ဧဝရူပိံ ဘာသမာနောပိ စ "အဟံ နိဓာနဝတိံ ဝါစံ ဘာသိဿာမီ"တိ န အကာလေန ဘာသတိ၊
(င) ယုတ္တကာလံ ပန အပေက္ခိတွာဝ ဘာသတီတိ အတ္ထော။
(စ) သာပဒေသန္တိ သဥပမံ၊ သကာရဏန္တိ အတ္ထော။

(ဌ၊ ၇၅။ သီဋီသစ်၊ ၁၊ ၃၄၄။ ပဉ္စက္ကျ၊ ၄၀၃။ ဘာသာဋီကာ၊ ၄၇၉။)

၁။ (ဂ+ဃ+င) ဝါကျတို့ကို ဘာသိတာ, ဘာသတိ တို့၏ ကတ္တားထည့်စွက်၍ အနက်ပေးပါ။
၂။ (ဃ) ဝါကျကို သံဝဏ္ဏနာနုရူပသာဘောဂပုစ္ဆာတက်၍ (င) ဝါကျကို အနုသန္ဓေတက်ပါ။
၃။ (ဃ) ဝါကျကို စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ (က) ဝါကျ နိဓာန ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟထုတ်ပြပါ။
၅။ (က) ဝါကျရှိ လက္ခဏပုဒ်ကိုဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပစာစပ်ပြပါ။
၆။ (က+ခ+စ) ဝါကျတို့ကိုအာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဟဒယ သာပဒေသပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။
၈။ သံဝရဝိနယပဟာနဝိနယသန္နိဿိတံ ကတွာ ဝဒတီတိ ဝိနယဝါဒီ။ (ဌ၊ ၇၅။) ၌ သံဝရဝိနယ ပဟာနဝိနယ သရုပ်ကို ပြည့်စုံစွာဖော်ပြပါ။
၉။ (ဃ+င) ဝါကျရှိ စကားရပ်များကို အဓိပ္ပါယ်မပျက်စေဘဲ ကြိုက်နှစ်သက်ရာ ဂါထာတပုဒ် စီကုံး၍ ဂါထာအမည် ဆန်းအမည်ပေးခဲ့ပါ။
၁၀။ (င) ဝါကျ၌ ဘာသတိကိုရှု၍ ဘာဝစသည်ထုတ်ပြပါ။

====================

၁။ (ဂ+ဃ+င) ဝါကျတို့၌ ဘာသိတာ, ဘာသတိ တို့၏ ကတ္တားကို ဘဂဝါ ဟုထည့်ပါ။

၂။ (ဃ) ဝါကျသံဝဏ္ဏနာနုရူပသာဘောဂပုစ္ဆာ။

ဆရာ မြတ်စွာဘုရားသည် (နိဓာနဝတိံ ဝါစံ ဘာသိတာ) ကာလေနဟုဟောတော်မူ၏။ မြတ်စွာဘုရားသည် စိတ်နှလုံး၌ထားအပ်သောသဘောရှိသော စကားကို ဟောတော်မူသည်မဟုတ်ပါလော ။ (ဧဝရူပိံ ဘာသမာနောပိ ၌ အပိ ကိုရှု) ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် ကာလေန ဟု ဟောတော်မူပါသနည်း။ (အနွယ) (ဝါ) အဘယ်ကြောင့် အခါမဟုတ်ရာ၌မဆို (န အကာလေန ဘာသတိ) ဟုဟောတော်မူပါသနည်း။ (ဗျတိရေက) စုဒ်ကြောင့် (ဃ) မိန့်။

အဓိပ္ပါယ်ကား - ဘုရားရှင်သည် စိတ်နှလုံး၌ထားအပ်သော သဘောရှိသောစကားကို ပြောဆိုပါသော်လည်း သင့်လျော်လျောက်ပတ်သော ကာလနှင့်ယှဉ်သော (ကာလယုတ္တ) စကားသည် သာလျှင် အကျိုးစီးပွားကိုဆောင်နိုင်သောကြောင့် ကာလေန ဟု (ဝါ) န အကာလေန ဘာသတိ ဟု ဟောတော်မူပါ၏ဟူလိုသော်။

❖ နိဓာနဝတီပိ ဝါစာ ကာလယုတ္တာဝ အတ္ထာဝဟာ၊ တသ္မာ "ကာလေနာ"တိ ဝုတ္တံ "နိဓာနဝတိံ ဝါစံ ဘာသိတာ"တိ ဧတဿာပေက္ခာဝစနန္တိ ဒဿေတိ "ဧဝရူပိ"န္တိ အာဒိနာ။ (သီဋီသစ်)

http://www.dhammadownload.com



(င) အနုသန္ဓေ

ဤသို့ (ဃ) ဝါကျဖြင့် ကာလေနပုဒ်၏ အဖွင့်ကို ဗျတိရေကအားဖြင့် ဖွင့်ပြပြီး၍ ယခု အခါ၌ ယင်းကာလေနပုဒ်ကိုပင် အနွယအားဖြင့် ဖွင့်ပြလိုသော ဆရာသည် (င) မိန့်၏။

၃။ (ဃ) ဝါကျ စတုက္ကထုတ်ပုံ

(က) နနု ဝေရူပိ ဝါစံ ဘာသမာနော ဟောတိ။

(ခ) အထ ကသ္မာ ကာလေနာတိ (ပဒံ ပက္ခိပိတွာ) ဝုတ္တံ။

(တနည်း) အထ ကသ္မာ န အကာလေန ဘာသတီတိ ဝုတ္တံ။

(ဂ) နနု နိဓာနဝတီပိ ဝါစာ ကာလယုတ္တာဝ အတ္ထာဝဟာ။ (သီဋီသစ်)

(ဃ) တသ္မာ ---- ဝုတ္တံ။

၄။ နိဓေတိ သန္နိဓာနံ ကရောတိ ဧတ္ထာတိ နိဓာနံ။ (သီဋီသစ်)

သိုမှီးသိမ်းဆည်းထားခြင်းကြိယာသကတ်သည် ဝစနဟေတု။

သိုမှီးသိမ်းဆည်းထားရာ အရပ်ဌာနသည် ဝစနီယ။

ဥပနောကာသ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ (ဃ) ၌ လက္ခဏ ပုဒ်ကား ဘာသမာနော ဖြစ်သည်။ ဘာသမာနတ္တာ ဟု ဟိတ်ပြင်။ ယင်း၏သမ္ဗန်ကို သမဏဿ ဂေါတမဿ ဟုခံ။ (ကတ္တား+သမ္ဗန် စာစပ်)

၆။ (က) ဖြင့် နိဓာနဝတီ ၌ နိဓာန အရ ဥပနောကာသကို ယူ-လည်းကောင်း၊ ယင်း အရကောက်အားလျော်စွာ နိဓာနပုဒ်ကို နိဓေတိ သန္နိဓာနံ ကရောတိ ဧတ္ထာတိ သန္နိဓာနံ ဟု အဓိကရဏသာဓနဝစနတ္ထ ပြု-လည်းကောင်း၊ ယု ပစ္စည်း၏ အဓိကရဏသာဓနအနက်၌ သက်-လည်းကောင်း၊ နိ ဥပသာရ၏ ဓာတွတ္ထဝိသေသကၡ- လည်းကောင်း သိစေပါ သည်။ (သီဋီသစ်)

(ခ) ဖြင့် နိဓာနဝတီ ၌ ဝန္တု ပစ္စည်း၏အဿတ္ထိ တဒ္ဓိတ်အနက်၌ သက်-လည်းကောင်း၊ နိဓာနံ အဿာ အတ္ထီတိ နိဓာနဝတီ ဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထပြု-လည်းကောင်း သိစေပါသည်။

(ဂ) ဖြင့် နိဓာနဝတီ၌ နိဓာနအရ (ဝါ) ဥပနောကာသအရ ကာယဒွါရ ဝစီဒွါရတို့ကို မယူရ၊ မနောဒွါရဟုဆိုအပ်သော စိတ်နှလုံး(ဟဒယ)ကိုယူ-လည်းကောင်း၊ နိဓာနဝတီအရ စိတ် နှလုံး၌သိုမှီးသိမ်းဆည်းထားအပ်သည်၏ အဖြစ်နှင့်ယှဉ်သောစကားဖြစ်ကိုယူရမည်ကိုလည်းကောင်း၊ (ခ) ဝါကျ၌ ပဒါဝဓိကန္တဝိဂ္ဂဟဖြင့် နိပ္ဖန္နချခဲ့သော နိဓာနဝတီပုဒ်သည် ပင်ရင်းပါဠိတော်၌ နိဓာနဝတီ (ဝါစံ) ဟု ဒုတိယန္တနှင့်ရှိသောကြောင့် ဝါကျာဝဓိကန္တအနေဖြင့် တံ နိဓာနဝတီ ဟူ၍ ဝိဘတ်ပြန်ခံရမည်ကိုလည်းကောင်း၊ ယင်းနိဓာနဝတီပုဒ်ကို ဝါစံဟူသော (ပါဠိတော်) ပုဒ်၌ တုလျာ ဓိကရဏဝိသေသန/သျှ အဖြစ်ဖြင့် စာစပ်ရမည်ကိုလည်းကောင်း သိစေပါသည်။

(ဃ) ဝါကျဖြင့် နိဓာနဝတီ ဝါစာပင်ဖြစ်သော်လည်း သင့်လျော်လျောက်ပတ်သောအခါ နှင့်ယှဉ်မှသာလျှင် အကျိုးစီးပွားကို ဆောင်နိုင်သောကြောင့် ပါဠိတော်ဝယ် ကာလေနပုဒ်၏ "နိဓာနဝတီ ဝါစံ ဘာသိတာ"ကိုငဲ့သောပုဒ်၏အဖြစ်ကိုလည်းကောင်း၊ ဘာသိတာ ၌ တု ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်သည်ကိုလည်းကောင်း၊ ဘာသတီတိ ဘာသိတာ ဟု ကတ္တုသာဓ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း သိစေပါသည်။ (သီဋီသစ်။ သာဓေ ၂-နံပါတ်၌ရှုပါ။)

http://www.dhammadownload.com



(စ) ဖြင့် ဘာပဒေသံ၌ အပဒေသပုဒ်ကို ဟူစ္စိတတ္ထနိမ္ဗတ္တနတ္ထံ အပဒိသိတဗ္ဗောတိ အပဒေသော (တနည်း) အပဒိသိယတိ ဝါ ဟူစ္စိတတ္တော အနေနာတိ အပဒေသောဟု ကမ္မသာဓ် (တနည်း) ကရဏသာဓ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ ဏ ပစ္စည်း၏ ကမ္မသာဓန (တနည်း) ကရဏသာဓနအနက်၌သက်-လည်းကောင်း၊ အပဒေသ အရ ဥပမာကို (တနည်း) ဟိတ် ဥဒါဟရုဏ်စသောအကြောင်းကိုယူရမည်ကိုလည်းကောင်း၊ အပေါင်းပုဒ်ကို သဟ+အပဒေသေန+ယာ (ဝါစာ) ဝတ္တတီတိ သာပဒေသာ (တံ) ဟု သဟပုဗ္ဗပဒပထမာဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု-ကိုလည်းကောင်း၊ သဟာပဒေသ ဟုဆိုလိုလျက် သဟကို သပြု၍ သာပဒေသ ဟုရုပ်ပြီးနေသည် ကိုလည်းကောင်း သိစေပါသည်။ (သိဒ္ဓိသစ်၊ ၁။ ၃၄၄။)

၇။ ဟဒယ ကား ဟရ ဓာတ်+ယ ပစ္စည်း။ ဟရယ ဟုဆိုလိုလျက် ရ ကို ဒပြု၍ ပြီးသည်။

❖ အတ္ထနော သဘာဝံ ဝါ ဟရတီတိ ဟဒယံ၊ ရ ကာရဿ ဒ ကာရံ ကတ္វာတိ နေရုတ္တိကာ။ (သိဒ္ဓိသစ်၊ ၁။ ၇။)

အပဒေသ နိရုတ္တိ အာဘော်၌ ပါပြီး ဖြစ်သည်။

၈။ သံဝရဝိနယသရုပ် ၁။ ပါတိမောက္ခသံဝရ ၂။ သတိသံဝရ ၃။ ဉာဏသံဝရ ၄။ ခန္တိသံဝရ ၅။ ဝီရိယသံဝရ တို့တည်း။

ပဟာနဝိနယသရုပ် ၁။ တဒင်္ဂပ္ပဟာန ၂။ ဝိက္ခမ္ဘနပ္ပဟာန ၃။ သမုစ္ဆေဒပ္ပဟာန ၄။ ပဋိပ္ပဿဒ္ဓိပ္ပဟာန ၅။ နိဿရဏပ္ပဟာန တည်း။ (သိဒ္ဓိသစ်၊ ၁။ ၃၄၃။)

သ-၏ ကာရီသဒ္ဒါများနှင့် သ-သဒ္ဒါဟောနိုင်သောအနက်များ

* သန္တ သဟ၊ သမာန နှင့်၊ ပသတ္ထပါ၊ လေးဖြာကာရီ၊ အတ္ထနီယ၊ အတ္ထအသွေ၊ ခေတ္တေ ရက်၌သိ၊ သ-ဟောဆိုက်၏။ (ကေက္ခရကောသနိယံ)

၉။ (ဃ + င) ဂါထာစီ

ဝေရူပီ ဘာသန္တော ပိ၊ အကာလေန န ဘာသတိ။

ယုတ္တကာလံ အပေက္ခိတွာ၊ ဘာသတီတိ မတော ဘဝေ။ (ပထမ မ-ကာရဝိပုလာဂါထာ)

၁၀။ (င) ဝါကျ ဘာသတိ ကိုရှု၍ ဘာဝစသည်ထုတ်ပုံ။

† နိဓာနဝတီ စကားကိုဟောကြားတော်မူသော မြတ်စွာဘုရား၏ သန္တာန်၌ ဒေသနာဉာဏ် ပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတီဌာယီဘာဝ + ဓမ္မသိဂါရဝတာ၊

† မဟောမိကြံစည်ထားသော မနသာဝဝတ္ထပိတသဒ္ဒဝါစာသည် အာရမ္ဘဏဝိဘာဝ၊

† ဟောရန် သင့်လျော်လျောက်ပတ်သော အချိန်ကာလသည်လည်းကောင်း၊ ဟောစွမ်း နိုင်သော ဒေသနာဉာဏ်စွမ်းရည်သတ္တိသည်လည်းကောင်း၊ ဥဒ္ဒီပနဝိဘာဝ၊

† သတ္တဝါတို့အား ဓမ္မသဝနကုသိုလ်ရရှိခြင်း၊ သစ္စာလေးပါးကိုသိရခြင်း စသော အကျိုး တရားအသက်သည် အနုဘာဝမည်၏။

*******************

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၅၆)

(က) ပရိယန္တဝတီန္တိ ပရိစ္ဆေဒံ ဒဿေတွာ ယထာဿာ ပရိစ္ဆေဒေါ ပညာယတိ၊ ဧဝံ ဘာသတီတိ အတ္ထော။
(ခ) အတ္ထသံဟိတန္တိ အနေကေဟိပိ နယေဟိ ဝိဘဇန္တေန ပရိယာဒါတုံ အသက္ကုဏေယျတာယ အတ္ထယုတ္တံ ဘာသတိ။
(ဂ) ယံ ဝါ သော အတ္ထဝါဒီ အတ္ထံ ဂဒတိ တေန အတ္ထေန သဟိတတ္တာ အတ္ထသံဟိတံ ဝါစံ ဘာသတိ၊
(ဃ) န အညံ နိက္ခိပိတွာ အညံ ဘာသတီတိ ဝုတ္တံ ဟောတိ။
(၄။ ၇၅။ သီဋီသစ်။ ၃၄၄။ နေရဝ်း။ ၂၄၉။ ပဒုက္က။ ၄၀၄။ ဘာသာဋီကာ။ ၄၈၀။)

၁။ (က) ဝါကျကို ယထာတထာ (ဧဝံ)၊ ဥပမာမဟုတ်၊ ယင်းသို့ထုတ်မူ စသော နိယံနှင့်အညီ ကျနစွာ အနက်ပေးပြပါ။
၂။ (ဂ) ဝါကျကို အနုသန္ဓေ၊ (ဃ) ဝါကျကို အန္တောလီနစောဒနာ တက်ပြပါ။
၃။ (ဂ+ဃ) ဝါကျတို့ကို စတုက္ကထုတ်ပြပါ။
၄။ (က)ဝါကျ သံဝဏ္ဏေတဗ္ဗကို သံဝဏ္ဏနာ နှင့်အညီ ဝစနတ္ထပြု၍ ဝစနာဒိသဒ္ဒထုတ်ပါ။
၅။ (ဂ) ဝါကျ သဟိတတ္တာ၏ သမ္ဗန်ကို ခံ၍ စာစပ်ပြပါ။
၆။ (ခ+ဂ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပြပါ။
၇။ ပရိယန္တ + သမ္ဗန္ဓပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။
၈။ သမဏော ဂေါတမော အတ္ထဝါဒီ ဓမ္မဝါဒီ ဝိနယဝါဒီ ဟူသော ပါဠိတော်၏ အတ္ထ ဓမ္မ ဝိနယ တို့၏အရကို ဖော်ပြပါ။
၉။ (ခ) ဝါကျကို ဝတ္ထမျိုးဂါထာစီကုံးခဲ့ပါ။
၁၀။ (ဂ) ဝါကျ ဘာသတိ ၌ အန္တတ္ထကို ရှု၍ ဘာဝစသည် ထုတ်ပြပါ။

---

၁။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ဘာသိယမာနာယ၊ ပြောဆိုအပ်သည်ရှိသော်။ အဿာ၊ ထိုတရားစကား၏။ ပရိစ္ဆေဒေါ၊ သည်။ ပညာယတိ၊ ၏။ ဧဝံ၊ ဤသို့ အဆုံးအပိုင်းအခြား ထင်ရှားလောက်အောင်သော အခြင်းအရာအားဖြင့်။ ဘာသတိ၊ ၏။
* ယထာတထာ၊ ဥပမာမဟုတ်၊ ယင်းသို့ထုတ်မူ၊ တထာစပ်ရာ၊ ကြိယာသည်၊ မှန်စွာ လက္ခဏဖြစ်မြဲ။

၂။ (ဂ) ဝါကျ အနုသန္ဓေ

ဤသို့ (ခ) ဝါကျဖြင့် အတ္ထသဟိတံ၌ အတ္ထသဒ္ဒါသည် ဘာသိတတ္တ၏ ပရိယာယ်တည်းဟု အတ္ထသာမညအားဖြင့် ဖွင့်ပြပြီး၍ ယခုအခါ၌ အလိုရှိအပ်သောအနက်ဝိသေသအားဖြင့် ဖွင့်ပြခြင်းငှာ (ဂ) မိန့်၏။
◆ အတ္ထသဋိတန္တိ ဧတ္ထ အတ္ထသဒ္ဒေါ ဘာသိတတ္ထပရိယာယောတိ ဝုတ္တံ "အနေကေဟိပိ"တိ အာဒိ။ (ပ) ဧဝံ အတ္ထသာမညတော သံဝဏ္ဏေတွာ ဣစ္ဆိတတ္ထဝိသေသတောပိ သံဝဏ္ဏေတုံ "ယံဝါ"တိ အာဒိမာဟ။ (သီဋီသစ်၊ ၃၄၄။)

http://www.dhammadownload.com



(ဃ) ဝါကျ အနွောလီနစောဒနာ

ဆရာ သည် (ဂ) ဝါကျဖြင့် မြတ်စွာဘုရားသည် ဒိဋ္ဌဓမ္မိကအကျိုးသမ္ပရာယိက အကျိုးနှင့် စပ်ယှဉ်သော စကားကို ဆိုတော်မူသောဟု ဆို၏။ ခပ်သိမ်းသော သူတို့၏ စကားသည်လည်း ကိုယ်တိုင်အလိုရှိအပ်သော အကျိုးစီးပွားနှင့်စပ်သည်သာ မဟုတ်ပါလော၊ ဤအရာ၌ အဘယ်ဆိုသော ပြောဆိုဘွယ်ရှိပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်၏။

အဓိပ္ပါယ်ကား တစ်ပါးသောအကျိုးကိုထား၍ တစ်ပါးသောအကျိုးကို အနုသန္ဓေမစပ်ဘဲ ဟောတော်မမူဟု ဆိုဘွယ်တစ်ပါးကို ငါပြဆိုပါ၏ ဟူလို။

✦ နနု သဗ္ဗေသမ္ပိ ဝစနံ အတ္ထနာ ဝုတ္တိတတ္ထသဟိတံယေဝ၊ ကိမေတ္ထ ဝတ္တဗ္ဗံ အတ္ထီတိ အနွောလီနစောဒနံ ပရိသောဓေတိ "န အည"န္တိ အာဒိနာ။ (သီဋီသစ်)

၃။ (ဂ+ဃ) ဝါကျ စဝုဏ္ဏထုတ်ပုံ

(က) နနု သဗ္ဗေသမ္ပိ ဝစနံ အတ္ထနာ ဝုတ္တိတတ္ထသဟိတံယေဝ။

(ခ) အထ ကသ္မာ အတ္ထသဥှိတံ ဝါစံ ဘာသိတာတိ ဝုတ္တံ။

(ဂ) နနု န အညံ နိက္ခိပိတွာ အညံ ဘာသတိ။

(ဃ) တသ္မာ အတ္ထသဥှိတံ ဝါစံ ဘာသတီတိ ဝုတ္တံ။

အမှာ ။ ။ (ဃ) ဝါကျ ဋီကာကျမ်းတက်နှင့် ယှဉ်ကြည့်။

၄။ ပရိယန္တော အဿာ အတ္ထီတိ ပရိယန္တဝတီ။ (တံ) (ဘာသာဋီကာ။ ၄၈၀။)
အဆုံးအပိုင်းအခြား၏ + စကားဖြစ်နှင့် ဂုဏ် + ဂုဏေးစပ် ဝစနဟော၊
အဆုံးအပိုင်းအခြားရှိသော စကားတော်ဖြစ်သည် ဝစနီယ၊
ပရိစ္ဆေဒဝတီ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ သဟိသဒ္ဒါ၏ သမ္ဗန်ကား ဝါစာယ တည်း။ ကတ္တား + သမ္ဗန်စပ်။
ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ကတ္တုတ္ထတည်း။
(အတ္ထသံဟိတံ ဝါစံ၊ ဝိသေသန ဝိသေသျ အဖွင့်ထောက်)
(ခ) ဝါကျ အသင်္ကုဏေယျတာယ၏ သမ္ဗန်ကို အတ္ထသ ဟုခံ။

✦ တတောယေဝ ဘဂဝတော ဝစနံ (ပ) ပရိယာဒါတု မသက္ကုဏေယျံ အတ္ထံ အာဝဟတီတိ။ (သီဋီသစ်၊၃၄၄။) ၌ အသက္ကုဏေယျံ အတ္ထံ ဟူသော ဝိသေသန ဝိသေသျ အဖွင့်ကိုထောက်။

၆။ (ခ) ဝါကျဖြင့် အတ္ထသံဟိတံ၌ အတ္ထ သဒ္ဒါ၏ ဘာသိတတ္ထ၏ ပရိယာယ် အဖြစ်ကို လည်းကောင်း၊ (ပရိယာယ်ပြအဘိဓေယျတ္ထ) သံဟိတ သဒ္ဒါ၏ သမ္ဗန္ဓ အနက်ဟော --- လည်းကောင်း၊ အတ္ထေန + သံဟတံ (သမ္ဗန္ဓံ) အတ္ထသံဟိတံ ဟု တတိယာတပ္ပုရိသ်သမာသ် -ပြု -လည်းကောင်း၊ (တစ်နည်း၊) အတ္ထအရ ဘာသိတတ္ထ (ဟောပြောအပ်သော တရားစကား၏ အနက်အဓိပ္ပါယ်) ကိုယူ - လည်းကောင်း (သရုပ်ကြား အဘိဓေယျတ္ထ) အတ္ထသံဟိတ ဟူသည် ဟောအပ်သော တရားက အနည်းအကျဉ်းဖြစ်သော်လည်း အနက်အဓိပ္ပါယ်ကို နည်းများစွာတို့ဖြင့် ချဲ့ထွင်ဝေဘန် သောအခါ မကုန်နိုင်အောင် များပြောင်သည်ကိုပင်ဆို၏ဟူသောအဓိပ္ပါယ်ကို လည်းကောင်း သိစေသည်။ (ဘာသာဋီကာ။ ၄၈၀။)

http://www.dhammadownload.com



◆ အတ္ထသံဟိတန္တိ ဧတ္ထ အတ္ထသဒ္ဒေါ ဘာသိတတ္ထပရိယာယောတိ ဝုတ္တံ "အနေကေဟိပိ"တိ အာဒိ။ (သီဋီသစ်၊ ၃၄၄။)

(ဂ) ဝါကျ ယံ သော အတ္ထဝါဒီ အတ္ထံ ဝဒတိ၊ တေန ဖြင့် အတ္ထသံဟိတံ ၌ အတ္ထအရ အတ္ထဝါဒီပုဂ္ဂိုလ်ဆိုလိုသော အတ္ထဝိသေသကို ယူရမည်ကို သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

အတ္ထေန သဟိတတ္တာဖြင့် အတ္ထသံဟိတံ ၌ သံဟိတကို သဟ + ဟိနောတိ ပဝတ္တတီတိ သံဟိတာ (တံ သံဟိတံ) ဟု ကတ္တုသာဓ် ပြု-လည်းကောင်း၊ တ ပစ္စည်း ကတ္တုသာဓနေ၌ သက်-လည်းကောင်း၊ သံ ဥပသာရ၏ သဒ္ဒိအနက်ဟောသည်၏ အဖြစ်ကို လည်းကောင်း၊ အပေါင်း ပုဒ်ကို အတ္ထေန သံဟိတာ အတ္ထသံဟိတာ ဟု ပြုရမည်ကို လည်းကောင်း သိစေသည်။

(ဃ) ဝါကျဖြင့် မြတ်စွာဘုရားသည် တစ်ပါးသော အကျိုးကို ရှေးဦးစွာ ချထား၍ အနုသန္ဓေ မစပ်ဘဲ နောက်၌ တစ်ပါးသော အကျိုးကို ဟောတော်မမူ။ (ဗျတိရေက) ရှေးဦးပထမ ထားအပ်ပြီးသော အနုသန္ဓေ၏ အစွမ်းဖြင့်သာလျှင် ပြီးဆုံးစေ၍ ဟောတော်မူတတ်၏ (အန္ဓယ) ဟူသော အဓိပ္ပါယ် ကိုသိစေသည်။ (သီဋီသစ်။ ၃၄၄။)

၇။ ပရိယန္တ ကား (ပရိ + အမ + တ) မ ကို န ပြု၊ ယ လာ၍ ပြီးသည်။
သမ္ပန္န ကား သံ + ပဒ + တ။ တ ကို အန္န ပြု၊ ဒ ကို ချေ၊ နိဂ္ဂဟိတ်ကို မပြု၍ ပြီးသည်။

၈။ အတ္ထဝါဒီ၌ အတ္ထအရ ဒိဋ္ဌဓမ္မိက သမ္ပရာယိကတ္ထကို ယူ။
ဓမ္မဝါဒီ၌ ဓမ္မအရ ကိုးပါးသော လောကုတ္တရာ ဓမ္မကိုယူ။
ဝိနယဝါဒီ၌ ဝိနယအရ သံဝရဝိနည်း ပဟာနဝိနည်းကိုယူ။ (၄၊ ၇၅။)

၉။ အနေကေဟိပိ နယေဟိ၊ ဝိဘဇန္တေန ဒီယိတုံ။
အသက္ကုဏေယျဘာဝေန၊ ဘာသိတာ အတ္ထသံဟိတံ။ (ပဥ္စမ သ-ကာရ ဝိပုလာဂါထာ)

၁၀။ † ဘာသတိ ၌ ဘုရားရှင်၏ ဒေသနာဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယိဘာဝ + ဓမ္မသိဂါရ ရသ။
† မဟောမိ ကြံစည်ထားသော မနသာဝဝတ္ထိပိတသဒ္ဒါဝါစာသည် အာရမ္မဏ ဝိဘာဝ။
† ယင်းသဒ္ဒါဝါစာ၏ ဒိဋ္ဌဓမ္မိက သမ္ပရာယိက အကျိုးစီးပွားနှင့်စပ်ယှဉ်ခြင်းသည် ဥဒ္ဒီပန ဝိဘာဝ၊
† သတ္တဝါတို့ ဒိဋ္ဌဓမ္မိက သမ္ပရာယိက အကျိုးတရားများ ရရှိခြင်း စသည်သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၅၇)

(က) ကောဘတ္တိကောတိ ပါတရာသဘတ္တံ , သာယမာသဘတ္တန္တိ ဒွေ ဘတ္တာနိ၊
(ခ) တေသု ပါတရာသဘတ္တံ အန္တောမဇ္ဈန္ဟိကေန ပရိစ္ဆိန္နံ၊ ဣတရံ မဇ္ဈန္ဟိကတော ဥဒ္ဓံ အန္တောအရုဏေန။
(ဂ) တသ္မာ အန္တောမဇ္ဈန္ဟိကေ ဒသက္ခတ္တုံ ဘုဉ္ဇမာနောပိ ဧကဘတ္တိကောဝ ဟောတိ။
(ဃ) တံ သန္ဓာယ ဝုတ္တံ 'ဧကဘတ္တိကော'တိ။
(င) ရတ္တိယာ ဘောဇနံ ရတ္တိ၊ တတော ဥပရတောတိ ရတ္တူပရတော။

( ၅၊ ၇၅။ သီဠိသစ်၊ ၃၄၆၊ နေရင်း။ ၂၅၀။ ပခုက္ကူ၊ ၄၀၅။ ဘာဋီ၊ ၄၈၄။)

၁။ ဝုတ္တံ၏ ကတ္တားကိုထည့်၍ (ခ+ ဂ+ ဃ) ဝါကျတို့ကို အနက်ယောဇနာပေးပါ။
၂။ (ခ) ဝါကျ အနုသန္ဓေ၊ (ဃ) ဝါကျကို အန္တောလီနစောဒနာတက်ပြီး၊ အန္တောမဇ္ဈန္ဟိကေပုဒ်သို့ ပရမတ်နည်း ပုစ္ဆာတွက်ပြပါ။
၃။ (ခ+ ဂ) ဝါကျတို့ကိုရှု၍ စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။
၄။ (င) ဝါကျဝယ် ဒုတိယဝါကျ၌ ဝစနာဒိသတ္တကထုတ်ပြပါ။
၅။ သာသနဿ အနနုလောမတ္တာ ဝိသူကံ ပဋာဏီဘူတံ ဒဿနန္တိ ဝိသူကဒဿနံ (၅။ ၇၅) ၌ ဟိတ်၏သမ္ဗန်ကိုခံ၍ အတ္ထာနုရူပစာစပ်ပြပါ။
၆။ (၅) နံပါတ်ပုစ္ဆာကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ (င) ဝါကျ သံဝဏ္ဏနာကိုရှု၍ သံဝဏ္ဏေတဗ္ဗပုဒ်၌ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ ကိုရေးပါ။
၈။ ဗိဇဂါမ်ဟူသည် အဘယ်နည်း ဆုံးဖြတ်ပြခဲ့ပါ။ (၅၊ ၇၅)
၉။ မုဟုတ္တဇာတောဝ ဂဝမ္ပတိ ယထာ၊ သမေဟိ ပါဒေဟိ ဖုသီ ဝသုန္ဓရံ။
သော ဝိက္ကမီ သတ္တ ပဒါနိ ဂေါတမော၊ သေတဉ္စ ဆတ္တံ အနုဓာရယုံ မရူ။
(၅၊ ၆၁) ကိုဆန်းစစ်၍ ဂါထာအမည်၊ ဆန်းအမည် ပေးခဲ့ပါ။
၁၀။ (င) ဝါကျ ဥပရတော၌ မုချဓာတွတ္ထကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပါ။

===================

၁။ (ဂ) ဝါကျ ဝုတ္တံ၏ ကတ္တားကို ဘဂဝတာ ဟုထည့်။

၂။ **(ခ) ဝါကျ အနုသန္ဓေ**

ဤသို့ (က) ဝါကျဖြင့် ဘတ်သည် ပါတရာသဘတ် သာယမာသဘတ်ဟုနှစ်မျိုးရှိသည်၏ အဖြစ်ကိုဆိုပြီး၍ ယခုအခါ၌ ယင်းဘတ်နှစ်မျိုးတို့၏ စားရာအချိန်ကာလကို ပိုင်းခြားပြလိုသော ဆရာသည် (ခ) ဝါကျမိန့်၏။

**(ဂ) ဝါကျ အာဘောဂပုစ္ဆာ**

ဆရာသည် (ခ) ဝါကျဖြင့် ပါတရာသဘတ်ကို မွန်းတည့်အချိန်အတွင်းဖြင့် ပိုင်းခြား၍ သာယမာသဘတ်ကို မွန်းတည့်ပြီးနောက် အာရုံတက်ချိန်အတွင်းဖြင့် ပိုင်းခြားအပ်၏ဟုဆို၏။ ဧကဘတ္တိကော၌ ဧကသဒ္ဒါသည် ဝါရပရိစ္ဆေဒဖြစ်ကောင်းအံ့လော၊ အဘယ်အနက်၌ဖြစ်သင့်ပါသနည်း၊ စုဒ်ကြောင့် တသ္မာစသော(ဂ)မိန့်၏။

http://www.dhammadownload.com



အဓိပ္ပါယ်ကား (ဂ) ဖြင့်မွန်းတည့်အတွင်း၌ ဆယ်ကြိမ်ပင်စားသော်လည်း ကောဘတ္တိက မည်သည်သာဖြစ်သောကြောင့် ကေသဒ္ဒါသည် အကြိမ်ကိုပိုင်းခြားပြသော ဝါရ ပရိစ္ဆေဒမဟုတ်၊ အချိန်ကို ပိုင်းခြားသတ်မှတ်ပြသော ကာလပရိစ္ဆေဒဖြစ်၏ဟူလို။

* ကေသဒ္ဒေါ စေတ္ထ မဇ္ဈန္တိကကာလပရိစ္ဆေဒဘာဝေန ပယုတ္တော၊ န တဒန္တောဂဓဝါရဘာဝေနာတိ ဒဿေတိ 'တသ္မာ'တိ အာဒိနာ။ (သီဋီသစ်)

တနည်း ။ ။ ဋ္ဌပနာတူ၏။ ကောဘတ္တိကအရကို ကေသနိကစုတင်ကဲ့သို့ ယူရအံ့လော။ အဘယ်သို့ ယူရမည်နည်း။ စုဒ်ကြောင့် တသ္မာစသော(ဂ)မိန့်။

အဓိပ္ပါယ်ကား (ဂ)ဖြင့် ကောဘတ္တိကအရ ကေသနိကစုတင်ကဲ့သို့ မယူရ။ မွန်းတည့်ချိန်၌ ဆယ်ကြိမ်စားသော်လည်း ကောဘတ္တိကသာဟု ယူရမည် ဟူလို။ (ဤကား ဂဏ္ဌိ-၂၁၀ ကိုမှီး၍တက်သည်။)

(ဃ) ဝါကျ အန္တောလီနစောဒနာ

ဆရာသည် (ဂ)ဝါကျဖြင့် မွန်းတည့်အတွင်း၌ ဆယ်ကြိမ်ပင်စားသော်လည်း ကောဘတ္တိက သာဖြစ်သောဟုဆို၏။ မည်သည့်သတ်ကိုရည်၍ ကောဘတ္တိကောဟု ဟောတော်မူပါသနည်း၊ သာယမာသဘတ်ကိုပင်ရည်၍ ကောဘတ္တိကောဟုဟောတော်မူပါသလော။ ရည်ရွယ်ချက် သန္ဓာယ ဘာသိတကို မပြသော် ဆရာအား အတိဗျာပိတဒေါသ၏။ စုဒ်ကြောင့် (ဃ) မိန့်။

အဓိပ္ပါယ်ကား ပါတရာသဘတ်ကို ရည်ရွယ်၍ ကောဘတ္တိကောဟု ဟော်တော်မူသည်ဟု သန္ဓာယဘာသိတကို ငါပြဆိုသည်ဖြစ်သောကြောင့်---ဟူလို။

* ဒွိသု ဘတ္တေသု ပါတရာသဘတ္တံ သန္ဓာယာဟာတိ အဓိပ္ပါယော။ (သီဋီသစ်)

(ဂ) ဝါကျ အန္တောမဇ္ဈန္တိကေ ပုဒ်သို့ ပရမတ်နည်းပုစ္ဆာတွက်ပုံ

ဆရာသည် ဘုဥ္ဇမာနောဟူသော ပကတူပပစ္စယပွန်တရားကိုဆို၏။ ယင်း၏ပစ္စည်းတရား ကား အဘယ်နည်း။ စုဒ်ကြောင့် အန္တောမဇ္ဈန္တိကေပါဌ်မိန့်။

၃။ (ခ+ဂ) ဝါကျ စတုက္ကထုတ်ပုံ

(က) နနု အင္တောမဇ္ဈန္တိကေ ဒသက္ခတ္တုံ ဘုဥ္ဇမာနော။

(ခ) အထ ကသ္မာ ကောဘတ္တိကော၀ ဟောတိ။

(ဂ) နနု ပါတရာသဘတ္တံ အင္တောမဇ္ဈန္တိကေန ပရိစ္ဆိန္နံ။

(တနည်း၊) နနု ကေ-သဒ္ဒေါစေတ္ထ မဇ္ဈန္တိကကာလပရိစ္ဆေဒဘာဝေန ပယုတ္တော၊ န တဒန္တော ဂဓဝါရဘာဝေန။ (သီဋီသစ်)

(ဃ) တသ္မာ (ပ) ဟောတိ။

* လက္ခဏကို၊ ပိနှင့်ဆိုမှု၊ ထိုလက္ခဏ၊ စောဒကာ၏၊ ပြင်ရဟေတုအာဘော်တည်း။

၄။ ရတ္တိတော ဥပရတောတိ ရတ္တူပရတော။

ညစာစားခြင်း၏ + ရှောင်ကြဉ်တော်မူသော ဘုရားရှင်နှင့် ပဟာတဗ္ဗ + ပဟာယက (အပါဒါန် + အပါဒီ) အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဝစနဟေတု။

ဘုရားရှင်ဖြစ်သည် ဝစနီယမည်၏။

ရတ္တိဘောဇနူပရတော စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထမည်၏။

http://www.dhammadownload.com



ဝစနတ္ထမှတ်ဘွယ် ॥ ॥ အသဟာယဘာဝေန ဇော် ဂစ္ဆတိ ပဝတ္တတီတိ ဇော။
ဘုဉ္ဇနံ ဘတ္တံ။ ဘုဥ္ဇိတဗ္ဗန္တိ ဝါ ဘတ္တံ။ ဇော + ဘတ္တံ ဧကဘတ္တံ။
ဧကဘတ္တံ အဿ အတ္ထီတိ ဧကဘတ္တိကော။
တစ်ထပ်တည်းသာ စားအပ်သော ◌ာမင်း၏+ ဘုရားရှင်နှင့် အာရုံ+အာရမ္မဏိက အဖြစ်ဖြင့်
စပ်ခြင်းသမ္ဗန်သည် ဝစနဟေတုမည်၏။
ဘုရားရှင်ဒြဗ်သည် ဝစနီယမည်၏။
ဧကဘတ္တိကော ဧကဘတ္တဝါ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထမည်၏။
ပါတရာသဘတ္တံ ॥ ॥ ပါတော အသိတဗ္ဗန္တိ ပါတရာသံ။ (ရ ကား အာဂုမ်)
ပါတရာသံ + ဘတ္တံ ပါတရာသဘတ္တံ။
သာယမာသဘတ္တံ ॥ ॥ သာယံ အသိတဗ္ဗန္တိ သာယမာသံ။ (မ ကား အာဂုမ်)
သာယမာသံဧဝ ဘတ္တံ သာယမာသဘတ္တံ။ (သီဋီသစ်)

၅။ အနနုလောမတ္တာ၏ သမ္ဗန်ကား ဝိသူကဒဿနဿ တည်း။ (ကတ္တား + သမ္ဗန်စပ်)
မှတ်ချက် ॥ ॥သီဋီသစ်၊ ၃၄၇ ၌ နစ္စာဒီနံ ဒဿနံ နာနုလောမေတီတိ အာဟ "သာသနဿ အနနုလောမတ္တာ"တိ ဟု ဆိုထားသည်။ ၎င်း ဋီကာသစ်နှင့်အညီ နစ္စာဒီနံ ဒဿနဿ ဟု သမ္ဗန်ခံ ကလည်း မှန်သည်။

(ဂ) ဝါကျ၌ တဿ၏ အစွဲကား ပရိဠိန္နတ္တာတည်း။ ယင်း၏သမ္ဗန်ကို ပါတရာသဘတ္တဿ ဟုခံ။ (ကံ + သမ္ဗန်စာစပ်။)

၆။ သာသနဿ အနနုလောမတ္တာဖြင့် ကခြင်းစသည်ကို ကြည့်ခြင်းသည် သာသနာတော်အား မလျော်ကပ်သောကြောင့် ဝိသူကဒဿနမည်သည်၏ အဖြစ်ကို သိစေသည်။

ဝိသူကံ ပဋာဏီဘူတံ ဒဿနန္တိ ဖြင့် ဝိသူကဒဿနံ ၌ ဝိသူက ပုဒ်ကို ဝိသုစတိ သာသနံ ဝိဇ္ဈတိ အနနုလောမိကဘာဝေနာတိ ဝိသူကံဟု ကတ္တုသာဓနဝစနတ္ထပြု --- လည်းကောင်း၊ ဝိသူကဒဿနံ ပုဒ်ကို ဝိသူကဘူတံ + ဒဿနံ ဝိသူကဒဿနံ ဟု သမ္ဘာဝနာ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြု --- လည်းကောင်း၊ ဝိသူက သဒ္ဒါ၏ ပဋဏီဘူတ အနက်ဟော --- လည်းကောင်း၊ သာသနာတော်အား ပြောင့်တံကျင်သဘွယ် ဆန့်ကျင်ဘက် ဖြစ်သော ကြည့်ရှုမှုဖြစ်သောကြောင့် ဝိသူကဒဿန မည်သည်၏အဖြစ်ကိုလည်းကောင်း၊ ဝိသူကဒဿန ဟုဆိုသဖြင့် အဝိသူက ဖြစ်သော တရားနှင့်စပ်သည့် သီချင်းများကို နားထောင်ခြင်းသည် ရံခါအပ်စပ်သေး၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။ (သီဋီသစ်၊ ၁။ ၃၄၇။)

(ဃ) ဝါကျ ရတ္တိယာ ဘောဇနံ ဖြင့် ရတ္တူပရတော ၌ ရတ္တိပုဒ်ကို ရတ္တိယာ ဘောဇနံ ရတ္တိဟု ဥတ္တရပဒလောပသတ္တမီတပ္ပုရိသ် ပြုရမည်ကိုလည်းကောင်း၊ (ဝါ) ဘောဇနတဒ္ဓိတ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊ ဏီပစ္စည်းဘောဇနတဒ္ဓိတ်၌ သက်သည်ကိုလည်းကောင်း သိစေသည်။
✤ ရတ္တိယာ ဘောဇနံ ဥတ္တရပဒလောပတော ရတ္တိသဒ္ဒေန ဝုတ္တံ၊ တဒ္ဓိတဝသေန ဝါ တထာဟယေဝါဓိပ္ပါယသမ္ဘဝတော၊ တေနာဟ "ရတ္တိယာ"တိ အာဒိ။ (သီဋီသစ်)
✲ သံဝဏ္ဏတဗ္ဗ၊ ပါဠိဋ္ဌရင်းမှာ ရှိတာမပြ၊ အနတ္ထ၊ မရှိတာပြ၊ တဒ္ဓိတ၊ လောပသမာသ်ကြံ။

တတော ဥပရတော ဖြင့် ရတ္တူပရတော ပုဒ်ကို ရတ္တိတော ဥပရတော ရတ္တူပရတော ဟု ပဉ္စမီတပ္ပုရိသ် ပြုရမည်ဟု သိစေသည်။

http://www.dhammadownload.com



၇။ ရတ္တူပရတော ကား ရတ္တိဘောဇနူပရတော ဟူလိုလျက် ဘောဇန ပုဒ်ချေ၍ ပြီးသည်။
ပါတရာသ ကား ပါတ + အာသ ဟူလိုလျက် ရ လာ၍ ပြီးသည်။

မဇ္ဈန္ ကား အဟဿ မဇ္ဈော မဇ္ဈနော ဝစနတ္တနှင့်အညီ အဟပုဒ် + မဇ္ဈပုဒ်။ အဟနှင့် မဇ္ဈကို ရှေ့နောက်ပြန်၊ မဇ္ဈအဟ ဟူလိုလျက် အဟ ကို အန ပြု၍ပြီးသည်။

ဗီဇဂါမဥ္ ဗီဇ ကား ဝိ + ဇနီ + ကွိ။ ဝိဇဟူလိုလျက် ဝိ ၌ ဣ ကို ဤ ပြု၊ ဝ ကို ဗ ပြု၍ ပြီးသည်။

အရှဏ ကား အရ + ကုန။ အရှုန ဟူလိုလျက် န ကို ဏ ပြု၍ပြီးသည်။

- ဝရာရကရတဒရယမအင္ဒမိထသကာ ကုနော။ (ကွာဒိ မောဂ်- ၁၀၁။) နသ ဏတ္တံကိုထောက်၍ ဝရှဏ ကရှဏ တရှဏ ဒါရှဏ စသည်တို့ကိုလည်း အရှဏနည်းတူမှတ်။

၈။ အပင်မှဒွာအပ်ပြီးသော တဖန်ပေါက်ရောက်ခြင်းငှာ စွမ်းနိုင်သော မျိုးစေ့ကို ဗီဇဂါမ် ဟုခေါ်သည်။ (ဒ၊ ၇၉။)

(ဝါ) မူလဗီဇ ခန္ဓဗီဇ ဖလုဗီဇ အဂ္ဂဗီဇ ဗီဇဗီဇ ဤ ငါးမျိုးကို ဗီဇဂါမ် ဟုခေါ်သည်။

ရတ္တူပရတော ကိုထပ်ဟောခြင်း ။ ။ တနေ့၌တစ်ကြိမ်သာစားခြင်းကြောင့် ဧကဘတ္တိကမည်၏ ဟုဆိုသော် တစ်ကြိမ်သာ ညဉ့်၌စားလျှင်လည်း ဧကဘတ္တိကပင်မည်ရာ၏ဟူသော စောဒနာကို တားမြစ်လိုသောကြောင့် ရတ္တူပရတောကိုဟောသည်။ (သီဋီသစ်။ ၃၄၆-၃၄၇။)

၉။ ဝါကျဥယျာဉ် (၄၀) ၌ ဖြေခဲ့ပြီ။

၁၀။ † ဥပရတ္တော၌ ဝိရတီစေတနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ -- ထိုသည် ဓမ္မရတိဌာယီဘာဝ + ဓမ္မသိဂ်ါရ ရသ၊
† ရှောင်ကြဉ်အပ်သော ညဉ့်စာ (ညစာ) သည် အာရမ္မဏဝိဘာဝ၊
† ယောနိသောမနသိကာရ စသည်သည် ဥဒ္ဒီပနဝိဘာဝ၊
† ကိလေသာ မထကြွခြင်း စသောအကျိုးတရားအဆက်ဆက်သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

http://www.dhammadownload.com



ဝါကျဥယျာဉ် (၅၈)

(က) ခေတ္တံ နာမ ယသ္မိံ ပုဗ္ဗဏ္ဏံ ရုဟတိ။
(ခ) ဝတ္ထု နာမ ယသ္မိံ အပရဏ္ဏံ ရုဟတိ။
(ဂ) ယတ္ထ ဝါ ဥဘယမ္ပိ ရုဟတိ၊ တံ ခေတ္တံ။
(ဃ) တဒတ္ထာယ အကတဘူမိဘာဂေါ ဝတ္ထု။
(င) ခေတ္တဝတ္ထုသီသေန စေတ္ထ ဝါပိတဠာကာဒီနိပိ သင်္ဂဟိတာနေဝ။
(၅။ ရ၇။ သီဋီသစ်။ ၁။ ၃၅၁။ ပခုက္ကူ။ ၄၀၈။ ဘာဋီ။ ၄၉၇။ ဂဏ္ဌိ။ ၂၀၇။)

၁။ ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ ပဋိဝိရတောဟူသော ပဋ္ဌိတော်ကို အထက်ဖော်ပြပါ ဝါကျများနှင့် အညီ ကျနစွာသမွန်ပါ။
၂။ (ဂ) ဝါကျကို အနုသန္ဓေ တက်၍ (င) ဝါကျကို သာဘောဂပုစ္ဆာတက်ပြပါ။
၃။ ဟတ္ထိကုမာရိကပဋိဂ္ဂဟဏာတိ ဧတ္ထ ဟတ္ထီတိ ပုရိသန္တရဂတာ၊ ဟတရာ ကုမာရိကာ နာမ (၅။ ၇၆။) ၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစထုက္ကကိုထုတ်ပြပါ။
၄။ (က)ဝါကျ သံဝဏ္ဏေတဗ္ဗ ပုဒ်ကို သံဝဏ္ဏနာ နှင့်အညီ ဝစနတ္တပြု၍ ဝစနာဒိသတ္တ ထုတ်ပြပါ။
၅။ သင်္ဂဟိတာနေဝ ကို ဟိတ်ပြင်၍ ယင်း၏ သမ္ဗန်ကိုခံပြီး အတ္တာနုရူပစာစပ်ပြပါ။
၆။ (က-ခ) ဝါကျဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာ အမည်တို့ကို ဖော်ပြပါ။
၇။ ပုဗ္ဗဏ္ဏ၊ အပရဏ္ဏ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ပျပ်ပြီးပုံကို ဖော်ပြပါ။
၈။ ဟတ္ထိကုမာရိ ဒါသိဒါသ စသောပုဒ်များသည် လူဇာတ်တစ်ခုတည်းဖြစ်၍ တစ်ခုခုကို အလှူမခံကောင်းဟုဆိုလျှင် ပြီးကောင်းပါလျက် ဟတ္ထိကုမာရိကပဋိဂ္ဂဟဏာ ဒါသိဒါသပဋိဂ္ဂဟဏာ ဟူ၍ အဘယ့်ကြောင့် အသီးသီးဝေဘန်ခွဲခြား၍ ဟောကြားထားပါသနည်း။
၉။ (က-ခ) ဝါကျလာ စကားရပ်တို့ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တဇာတိတွင် ကြိုက်နှစ်သက်ရာ တစ်ဂါထာစီကုံး၍ ဂါထာအမည်ပေးခဲ့ပါ။
၁၀။ ခေတ္တ ၌ ဓာတွတ္ထ ကိုရှု၍ ဘာဝစသည် ထုတ်ပြပါ။

---

၁။ (က ခ) နှစ်ဝါကျနှင့်အညီ -

ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ၊ ကောက်စပါးပင်များပေါက်ရောက်ရာလယ်မြေနှင့် ပဲပင်များ ပေါက်ရောက်ရာ ယာမြေတို့ကို အလှူခံခြင်းမှ၊ ပဋိဝိရတော၊ ၏။

(ဂ ဃ) နှစ်ဝါကျနှင့်အညီ -

ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ၊ ကောက် ပဲ နှစ်ပါးစုံတို့၏ ပေါက်ရောက်ရာ လယ် ယာ မြေနှင့် ထိုလယ် ယာမြေအကျိုးငှာ (လယ်ယာမြေပြုလုပ်ရန်) မပြုမပြင်မစီရင်ရသေးသော မြေရိုင်းများကို အလှူခံခြင်းမှ၊ ပဋိဝိရတော၊ ၏။

(င) ဝါကျနှင့်အညီ -

ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ၊ လယ်ယာ ရေအိုင် တဘာက်ဆည်ကန် အစရှိသည်တို့ကို အလှူခံခြင်း မှ၊ ပဋိဝိရတော၊ ၏။

http://www.dhammadownload.com



၂။ (ဂ) အနုသန္ဓေ

ဤသို့ (က-ခ) နှစ်ဝါကျဖြင့် အဋ္ဌကထာနည်းအားလျော်သော ခေတ္တသဒ္ဒါ၏ အနက်ကို ဖွင့်ပြပြီး၍ ယခုအခါ၌ "ခေတ္တံ နာမ ယတ္ထ ပုဗ္ဗဏ္ဏံ ဝါ အပရဏ္ဏံ ဝါ ဇာယတိ" ဟူ၍ ဟောကြားအပ်သော ဝိနည်းပါဠိတော်အားလျော်သော ခေတ္တသဒ္ဒါ၏ အနက်ကို ဖွင့်ပြလိုသော ဆရာသည် (ဂ) ဝါကျမိန့်။

✤ ဧဝံ အဋ္ဌကထာနယာနုရူပံ အတ္ထံ ဒဿေတွာ ဣဒါနိ "ခေတ္တံ နာမ ယတ္ထ ပုဗ္ဗဏ္ဏံ ဝါ အပရဏ္ဏံ ဝါ ဇာယတီ"တိ ဝုတ္တဝိနယပါဠိနယာနုရူပမ္ပိ အတ္ထံ ဒဿေန္တော "ယတ္ထ ဝါ"တိ အာဒိမာဟ။ (သီဋီသစ်)

(င) ဆာသောဂပုစ္ဆာ

ဆရာ မြတ်စွာဘုရားသည် ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ ပဋိဝိရတော ဟုဟောတော်မူ၏။ ယင်း၌ ခေတ္တဝတ္ထု အရ မိမိတို့ ပုံမှန်ဟောနေကြဖြစ်သော လယ်ယာမြေ (တစ်နည်း) လယ် ယာမြေနှင့် မြေရိုင်းများကိုသာ ယူရပါမည်လော။ အဘယ်အရာတို့ကိုလည်း ခေတ္တဝတ္ထု အရ ယူနိုင်ပါသေးသနည်း။ စုဒ်ကြောင့် (င) မိန့်။

အဓိပ္ပါယ်ကား ဤ၌ ခေတ္တဝတ္ထုသဒ္ဒါသည် နိဒဿနမျှသာ ဖြစ်၍ ခေတ္တဝတ္ထု အရ လယ်ယာမြေကို အဦးမူသဖြင့် ရေအိုင် ဘဘက်ဆည်ကန် စသည်တို့ကိုလည်း ယူနိုင်သေးဟု ငါပြဆိုပါ၏ ဟူလို။

အမှာ ။ ။ (က ခ ဂ ဃ) ၄-ဝါကျလုံးကို ဋ္ဌပနာထားကလည်းမှန်သည်။
သမုစ္စည်း အပိ ကိုရှု၍ ဧဝ အာဘော်ကြံသည်။

✤ "ခေတ္တဝတ္ထုသီသေနာ"တိ အာဒိနာ နိဒဿနမတ္တမေတန္တိ ဒဿေတိ။ (သီဋီသစ်)

၃။ (က) နနု လောကိယာ "အဋ္ဌဝဿာ ဘဝေ ဂေါရီ၊ ဒသဝဿာ တု ကညကာ။
သမ္ပတ္တေ ဒွါဒသဝဿေ၊ ကုမာရီတိ ဘိဓိယတေ"တိ ဝဒန္တိ။
(ခ) အထ ကသ္မာ ဣတ္ထီတိ ပုရိသန္တရဂတာ၊ ဣတရာ ကုမာရိကာ နာမာတိ ဝုတ္တံ။
(ဂ) နနု ဣဓ ပုရိသန္တရဂတာ ဂတဝသေန ဣတ္ထိကုမာရိကာဘေဒေါ ဟောတိ။
(ဃ) တသ္မာ ဣတ္ထီတိ --- ပ --- ဝုတ္တံ။ ။ (သီဋီသစ်။ ၃၅၀ / ၃၅၁-ရှု)

၄။ ဗီဇံ ဒိပန္တိ ဧတ္ထာတိ ဖေလ္လံ။
စိုက်ပျိုးကြဲချခြင်းကြိယာသကတ်သည် ဝစနပဟေတု။
ကောက်စပါးပင်တို့၏ ပေါက်ရောက်ရာလယ်ဒြဗ်သည် ဝစနီယ။
ကေဒါရ စသော ပရိယာယ် --- ဝစနီယတ္ထ။
(တစ်နည်း) ခိတ္တံ (ဗီဇံ) တာယတီတိ ခေတ္တံ။

စိုက်ပျိုးကြဲချထားသော မျိုးစေ့ကို စောင့်ရှောက်ခြင်း ကြိယာသကတ်သည်လည်းကောင်း၊ မျိုးစေ့ဒြဗ်၏ + လယ်ဒြဗ်နှင့် ဌာနီ + ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည်လည်းကောင်း ဝစနပဟေတု။ (ကျန် တူ၏။)

၅။ သင်္ဂဟိတာနေဝ ကို သင်္ဂဟိတတ္တာ ဟု ဟိတ်ပြင်။ ယင်း၏ သမ္ဗန်ကို ဝါပိတဠာကာဒီနံ ဟုသုံ။ (ကံ + သမ္ဗန် စာစပ်)

http://www.dhammadownload.com



၆။ (က) ဝါကျဖြင့် ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ ၌ ခေတ္တ အရ ကောက်စပါးပင်တို့၏ ပေါက်ရောက်ရာ လယ်မြေဒြဗ်ကိုယူ – လည်းကောင်း၊ ခေတ္တ ပုဒ်ကို ဗီဇံ ခိပန္တိ ဧတ္ထာတိ ခေတ္တံ ဟု အဓိကရဏ သာဓနေ ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊ တ-ပစ္စည်း၏ အဓိကရဏသာဓန အနက်၌သက် – လည်းကောင်း၊ ခိပတ ဟုဆိုလိုလျက် ခိ ၌ ဣ ကို ေ ပြု၊ ပ ကို တ ပြု၍ ခေတ္တ ဟုရုပ်ပြီးနေ သည်ကိုလည်းကောင်း၊ (တနည်း) ခိတ္တံ (ဗီဇံ) တာယတီတိ ခေတ္တံ ဟု ကတ္တုသာဓနေကိတန္တဒုတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ အ ပစ္စည်း၏ ကတ္တုသာဓနေအနက်၌သက် – လည်းကောင်း၊ ခိတ္တတာ ဟုဆိုလိုလျက် ခိ ၌ ဣ ကို ေ ပြု၊ နောက် တာ ကိုချေ၍ ခေတ္တ ဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေပါသည်။

◆ ဗီဇံ ခိပန္တိ ဧတ္ထ , ခိတ္တံ ဝါ ဗီဇံ တာယတီတိ ခေတ္တံ၊ ကေဒါရောတိ အာဟ "ယသ္မိံ ပုဗ္ဗဏ္ဏံ ရုဟတီ"တိ။ (သီဋီသစ်)

(ခ) ဝါကျဖြင့် ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ ၌ ဝတ္ထု အရ ပဲပင်တို့၏ပေါက်ရောက်ရာ ယာမြေကိုယူ–လည်းကောင်း၊ ဝသန္တိ ပတိဋ္ဌဟန္တိ အပရဏ္ဏာနိ ဧတ္ထာတိ ဝတ္ထုဟု အဓိကရဏသာဓ်–ဝစနတ္ထပြုရမည်ကို လည်းကောင်း၊ ရတ္ထု ပစ္စည်း၏ အဓိကရဏသာဓနေအနက်၌သက် – လည်းကောင်း၊ ဝသရတ္ထုဟုဆိုလိုလျက် ရ အနုဗန်နှင့် ဓာတွန် သ ကိုချေ၍ ဝတ္ထု ဟုရုပ်ပြီးနေသည်ကို လည်းကောင်းသိစေပါသည်။

◆ ဝသန္တိ ပတိဋ္ဌဟန္တိ အပရဏ္ဏာနိ ဧတ္ထာတိ ဝတ္ထူတိ အတ္ထံ ဒဿေတိ "ဝတ္ထု နာမ"တိ အာဒိနာ။ (သီဋီသစ်)

(ဂ) ဝါကျ ဝါ သဒ္ဒါဖြင့် ခေတ္တ သဒ္ဒါ၏ အဋ္ဌကထာနရူပအတ္ထမှ တစ်ပါး ဝိနယပါဠိ နယာနုရူပအတ္ထ ဟူသော အတ္ထန္တရကို သိစေပါသည်။ (ဘာဝတ္ထ)

ယတ္ထ ဥဘယမ္ပိ ရုဟတိ၊ တံ ခေတ္တံ ဖြင့် ခေတ္တ အရ ကောက်ပင် ပဲပင်နှစ်မျိုးလုံး တို့၏ ပေါက်ရောက်ရာ လယ်ယာမြေအရပ်ကိုယူ––လည်းကောင်း (ကျန်အာဘော်များကို က–ဝါကျ နည်းတူ ဝိဂ္ဂဟ စသည်ပြည့်စုံအောင် ဖော်) သိစေပါသည်။

(ဃ) ဝါကျဖြင့် ဝတ္ထု အရ လယ်မြေပြုလုပ်ရန် မပြုမပြင် မစီရင်ရသေးသော မြေအဘို့ကို (ဝါ) လယ် ယာ မြေလုပ်ရန် ရည်ညွှန်းထားပြီးသော လယ်ယာမြေ မဖြစ်သေးသည့် မြေရိုင်းကိုယူ––လည်းကောင်း (ကျန်အာဘော်များကို ခ–ဝါကျနည်းတူ ဝိဂ္ဂဟ စသည်ပြည့်စုံအောင် ဖော်) သိစေပါသည်။

(င) ဝါကျဖြင့် ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ ၌ ခေတ္တဝတ္ထုသဒ္ဒါသည် ကေဒေသူ နိဒဿန မျှသာဖြစ်သောကြောင့် ခေတ္တဝတ္ထု အရ လယ်ယာမြေကို အဦးမူသဖြင့် ရေကန် တဘက် ဆည်ကန် စသည်တို့ကိုလည်း ယူရမည်ဟု သိစေပါသည်။

၇။ ပုဗ္ဗဏ္ဏ ကား ပုဗ္ဗ ပုဒ် + အန္န ပုဒ်၊ ပုဗ္ဗန္န ဟုဆိုလိုလျက် န္န ကို ဏ္ဏ ပြု၍ ပြီးသည်။

◆ အပရဏ္ဏဿ ပုဗ္ဗေ ပဝတ္တ + မန္နံ ပုဗ္ဗဏ္ဏံ န ကာရဿ ဏ ကာရံ ကတွာ။ ( ။ ၃၅၁။)

အပရဏ္ဏ ကား အပရ + အန္န။ အပရန္န ဟုဆိုလိုလျက် န္န ကို ဏ္ဏ ပြု၍ ပြီးသည်။

◆ ပုဗ္ဗဏ္ဏဿ အပရံ ပဝတ္တ + မန္နံ အပရဏ္ဏံ ဝုတ္တနယေန။ (သီဋီသစ်)

http://www.dhammadownload.com



### နိရုတ္တိမှတ်ဘွယ်

ကုဖြူသက ကား ကောရ သဒ္ဒူပပဒ + ဒူသ ဓာတ် + ဏွု ပစ္စည်း။ ကောရဒူသက ဟု ဆိုလိုလျက် က အစိတ် ဩ ကို ဥ ပြု၊ ရ နှင့် ဒ ကို ရှေ့နောက်ပြန်၍ ပြီးသည်။

◆ ကောရံ ရူမိရံ ဒူသတီတိ ကုဖြူသကော။ ဝဏ္ဏာသက်မနေန။ (သီဋီသစ်။ ၃၅၀။)

ဝိဟိ ကား ဝဟ ဓာတ် + ဣ ပစ္စည်း။ ဝဟိ ဟု ဆိုလိုလျက် ဝ အစိတ် အ ကို ဣ ပြု၍ ပြီးသည်။

(တစ်နည်း) ဖြူဟ ဓာတ် + ဣ ပစ္စည်း။ ဖြူဟိ ဟု ဆိုလိုလျက် ရ ကို ချေ၊ ဗ ကို ဝ ပြု၊ ဦ ကို ဣ ပြု၍ ပြီးသည်။

◆ ဝဇာတိ , ဖြူယောတိ ဝါ သတ္တာနံ ဇီဝိတန္တိ ဝိဟိ၊ သဿံ။ (သီဋီသစ်။ ၃၅၀။)

ယဝ ကား ယု ဓာတ် + ဏ ပစ္စည်း။ ဥ ကို ဩ ပြု၊ ဩ ကို အဝ ပြု၍ ပြီးသည်။

◆ ယုဝိတဗ္ဗော မိဿိတဗ္ဗောတိ ယဝေါ။ (သီဋီသစ်၊ ၁။ ၃၅၀။)

ဂေါဓူမ ကား ဂုဓ ဓာတ် + ဥမ ပစ္စည်း။ ဂ အစိတ် ဥ ကို ဩ ပြု၊ ဥမ ပစ္စည်း မှ ဥ ကို ဦ ပြု၍ပြီးသည်။

◆ ဂုဓတိ ပရိဝေဓတိ ပလိဗုဒ္ဓတီတိ ဂေါဓူမော။ (သီဋီသစ်။ ၃၅၀။)

ကင်္ဂု ကား က သဒ္ဒူပပဒ + ဂမု ဓာတ် + ဥ ပစ္စည်း။ ဓာတွန် မ ကို ချေ၊ က ထက်၌ နိဂ္ဂဟိတ်လာ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ င ပြု၍ ပြီးသည်။

◆ သောဘနတ္တာ ကမနီယဘာဝံ ဂစ္ဆတီတိ ကင်္ဂု။ (သီဋီသစ်။ ၁။ ၃၅၀။)

(တစ်နည်း) ကမု ဓာတ် + ဂု ပစ္စည်း။ ကမဂု ဟုဆိုလိုလျက် မ ကို နိဂ္ဂဟိတ်ပြု၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ င ပြု၍ ပြီးသည်။

◆ ကမု ဣစ္ဆာယံ၊ ကာမီယတီတိ ကင်္ဂု။ (သူစိ)

၈။ ဟတ္ထိကုမာရိကာ စသော ပုဒ်တို့သည် လူဓာတ်အားဖြင့် အလျှမခံကောင်းကုန်သည်၏ အဖြစ်ဖြင့် တူညီကြသော်လည်း ရဟန်းတို့သည် အလျှမခံအပ်သော ဝတ္ထုအနေဖြင့် ထူးသော အဖြစ်ကို ထင်စွာ ပြခြင်းအကျိုးငှာ (ဝါ) ထင်စွာပြလိုသောကြောင့် ဟတ္ထိကုမာရိကပဋိဂ္ဂဟဏာ ဒါသိဒါသပဋိဂ္ဂဟဏာ ဟူ၍ အသီးသီးခွဲခြား၍ ဟောတော်မူပါသည်။

◆ အပ္ပဋိဂ္ဂါဟဘာဝသာမညေပိ ဒတိ ပဗ္ဗဇိတေဟိ အပ္ပဋိဂ္ဂဟိတဗ္ဗဝတ္ထုဝိသေသဘာဝံ သန္ဒဿနတ္ထံ ဟတ္ထိကုမာရိဒါသိဒါသာဒယော ဝိဘာဂေန ဝုတ္တာ။ (သီဋီသစ်၊ ၁။ ၃၅၁။)

(င) ဝါကျ ဝါပိတဥာကာဒီနိပိ ၌ အာဒိ သဒ္ဒါဖြင့် လေးထောင့်ကန် ရေတွင်းစသည်တို့ ကိုယူ။

◆ အာဒိသဒ္ဒေန ပေါက္ခရဏီ ကူပါဒယော သင်္ဂဟိတာ။ (သီဋီသစ်၊ ၁။ ၃၅၁။)

၉။ (က-၁) ဂါထာစီ

ပုဗ္ဗဏ္ဏရဟနန္တာနံ၊ ခေတ္တံနာမာတိ ဝုစ္စတိ။

အပရဏ္ဏာယ ရုဟာနံ၊ ဝတ္ထု နာမာတိ ဝုစ္စတိ။ (တတိယ နှ-ကာရဝိပုလာဂါထာ)

အမှာ ။ ။ တတိယပါဒ ၌ ရုဟာနံ ကို ရုဟာနန္တာနံ ဟု အနက်ပေး။

http://www.dhammadownload.com



၁၀။ ခေတ္တံ ၌ ဓာတွတ္ထကို ရှု၍ ဘာဝလက္ခဏာထုတ်ပုံ ---

✝ ခေတ္တံ ၌ ဒိပ ဓာတ်အရ စိုက်ပျိုးကြဲချသော လယ်သမား၏ သန္တာန်၌ ဝီရိယပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဌာယီဘာဝ + ဝီရ ရသ။

✝ စိုက်ပျိုးကြဲချအပ်သော မျိုးစေ့ဖြစ်သည် အာရမ္မဏဝိဘာဝ။

✝ လယ်ဖြစ်သည်လည်းကောင်း၊ လယ်သမား၏ပေါင်းသင်ရှင်းလင်းခြင်းစသောလုပ္ပလယောဂ သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

✝ အပင်ပေါက်၍ အသီးအနှံဖြစ်ပေါ်လာခြင်း၊ သား မယားတို့အား ကျွေးမွေး စောင့် ရှောက်နိုင်ခြင်း စသော အကျိုးတရားအဆက်ဆက်သည် အနုဘာဝမည်၏။ ။

✽✽✽✽✽✽✽✽✽✽✽✽✽✽✽✽✽✽

## ဝါကျဥယျာဉ် (၅၉)

(က) နိကတီတိ ယောဂဝသေန ဝါ မာယာဝသေန ဝါ အပါမင်္ဂံ ပါမင်္ဂန္တိ , အမဏိံ မဏိန္တိ , အသုဝဏ္ဏံ သုဝဏ္ဏန္တိ ကတွာ ပတိရူပကေန ဝဉ္စနံ။

(ခ) သာဝိယောဂေါတိ ကုဋိလယောဂေါ။

(ဂ) ဧတေသံယေဝ ဥက္ကောဋနာဒီနမေတံ နာမံ။

(ဃ) တသ္မာ ဥက္ကောဋနသာဝိယောဂေါ ဝဉ္စနသာဝိယောဂေါ နိကတိသာဝိယောဂေါတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။

(င) ကေစိ အညံ ဒဿေတွာ အညဿ ပရိဝတ္တနံ သာဝိယောဂေါတိ ဝဒန္တိ။

(စ) တံ ပန ဝဉ္စနေနေဝ သင်္ဂဟိတံ။

(ဌ၊ ၇၈။ သီဋီသစ်၊ ၁။ ၃၅၃။ ပခုက္ကူ သျှ၊ ၄၁၃။ ဘာသာဋီကာ၊ ၅၀၄။ ဂဏ္ဌိ၊ ၂၀၈။)

၁။ (ဃ) ကို သမ္ဗန္ဓာမ်အစွဲမှန်ကန်စေလျက် (င)ကို ကေစိ၏ ဖြစ်သင့်သော အမည်နာမများ ပေါ်လွင်စေလျက် ကျနစွာ အနက်ပေးပါ။

၂။ (ဂ) ဝါကျကို သာဘောဂပုစ္ဆာတက်၍ (င) ဝါကျကို အနုသန္ဓေတက်ပြပါ။

၃။ (စ) ဝါကျ၌ ပန သဒ္ဒါကိုရှုမျှော်၍ ရနိုင်သော စောဒကာဘောဂါဒိစတုက္ကကိုထုတ်ပြပါ။

၄။ မာယာဝသေန ၌ မာယာကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟထုတ်ပြပါ။

၅။ (စ) ဝါကျ၌ သင်္ဂဟိတံ ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန္ဓကိုခံပြီး အတ္ထာနုရူပစာစပ်ပါ။

၆။ (က+ခ+ဂ+င) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ (ဂ) နံပါတ်လာ ဟိမ ဂုမ္ဗ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။

၈။ ဟိမဝိပရာမောသနှင့် ဂုမ္ဗဝိပရာမောသတို့၏ ထူးခြားပုံကိုရေးခဲ့ပါ။

၉။ (င+စ) ဝါကျလာစကားရပ်များကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တမျိုးတွင် ကြိုက်နှစ်သက်ရာ တစ်ဂါထာစီကုံး၍ ဂါထာအမည်ပေးပြပါ။

၁၀။ နိကတိသာဝိယောဂ အရကို ကိုယ်ပြု၍ ဘာဝလက္ခဏာရထုတ်ပြပါ။

==================

http://www.dhammadownload.com



၁။ (က) တသ္မာ၊ ထိုသို့ သာဝိယော့ဂဟူသောအမည်၏ ဥက္ကောဋနအစရှိသည်တို့၏အမည်၏ အဖြစ်ကြောင့်။

(င) ကေစိ၊ အချို့ကုန်သော သာရသမာသကျမ်းဆရာ ဥတ္တရဝိဟာရဝါသီဂိုဏ်းဆရာတို့သည်။

❖ ကေစီတိ သာရသမာသကာရကာ အာစရိယာ ဥတ္တရဝိဟာရဝါသိနောစ။ (သီဋီသစ်၊ ၃၅၃။)

၂။ (ဂ) ဝါကျ သာဘောဂပုစ္ဆာ။

ဆရာ–သည် (ခ) ဖြင့် ကောက်ကျစ်စဉ်းလဲသောယုဉ်ခြင်းသည် သာဝိယောဂမည်သောဟု ဆိုတော်မူ၏။ ယင်းသာဝိယောဂပုဒ်ကို ဥက္ကောဋန ဝဉ္စန နိကတိ ဟူသောရှေ့ပုဒ်တို့နှင့် (အရမတူ ထူးခြားကွဲပြားသောပုဒ်မျိုးဖြစ်၍) ဘိန္နာဓိကရဏသမာသ်တွဲစပ်ရပါမည်လော။ ယင်းသာဝိယောဂပုဒ် ကို ရှေ့ပုဒ်တို့နှင့် အဘယ်သမာသ်တွဲစပ်ရပါမည်နည်း။ စုဒ်ကြောင့် (ဂ) ဝါကျမိန်။

အဓိပ္ပါယ်ကား တုလျာဓိကရဏသမာသ်တွဲစပ်ရမည်ဟု ငါပြဆိုပါ၏ဟူလိုသော်။

❖ "ဧတေသံယေဝါ"တိ အာဒိနာ တုလျာဓိကရဏတံ ဒဿေတိ။ (သီဋီသစ်။)

(ဃ) ဝါကျ အနုသန္ဓေ။

ဤသို့ (ဂ) ဖြင့် -- မြန်မာပြန် -- ဟုဖွင့်ပြဆိုပြီး၍ ယခုအခါ၌ ယင်းသို့ဖွင့်ဆိုသဖြင့် ရရှိအပ်သောအကျိုးကိုပြလိုသော ဆရာသည် (ဃ) ဝါကျမိန်။

❖ တသ္မာတိ အာဒိ လဒ္ဓဂုဏဒဿနံ။ (သီဋီသစ်။)

✻ တသ္မာ အတ္တော၊ ဒဋ္ဌဗ္ဗော၊ မှတ်လောလဒ္ဓဂုဏ်။

✻ ဒွန်၏နောက်၌၊ ရှိသောပိုဒ်၊ ယှဉ်လိုက်ပုဒ်တိုင်းသာ။

(င) ဝါကျ အနုသန္ဓေ

ဤသို့ (ဂ+ဃ) ဝါကျတို့ဖြင့် သာဝိယောဂ ပုဒ်နှင့် ဥက္ကောဋန စသောရှေ့ပုဒ်တို့သည် အရတူဖြစ်၍ အသီးအသီးတုလျာဓိကရဏသမာသ်တွဲစပ်ရမည်ဟု သမာနဝါဒကိုပြဆိုပြီး၍ ယခု အခါ၌ သာဝိယောဂပုဒ်နှင့် ဥက္ကောဋန စသောရှေ့ပုဒ်တို့သည် အရမတူကွဲပြားကြ၍ ဘိန္နာဓိကရဏသမာသ် တွဲစပ်ရမည်ဟူသော ကေစိဝါဒကိုပြလိုသောဆရာသည် (င) ဝါကျမိန်။

❖ ယေ ပန စတုန္နမ္ပိ ပဒါနံ ဘိန္နာဓိကရဏတံ ဝဒန္တိ၊ တေသံ ဝါဒမာဟ "ကေစီ"တိ အာဒိနာ။ (သီဋီသစ်။)

(စ) ဝါကျ ပုစ္ဆာ။

ဆရာ သည် (င) ဖြင့် သာဝိယောဂ ဟူသည်မှာ တပါးသောဝတ္ထုကိုပြ၍ တပါးသော ဝတ္ထုကိုဖလှယ်ခြင်းပင်တည်းဟု ကေစိဆရာတို့၏ ဝါဒကိုပြဆိုတော်မူ၏။ ယင်းကေစိဝါဒကို မှန်ကန် သင့်မြတ်သောဝါဒဟူ၍ မှတ်သားအပ်ပါသလော။ အဘယ်သို့မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (စ) ဝါကျကိုမိန်။

အဓိပ္ပါယ်ကား ကေစိဆရာတို့ကြံဆထားသည့် တပါးသောဝတ္ထုကိုပြ၍ တပါးသောဝတ္ထုကို ဖလှယ်ခြင်းကို ဝဉ္စနပုဒ်ဖြင့် သင်္ဂြိုဟ်ရေတွက်အပ်ပြီးဖြစ်သောကြောင့် ယင်းကေစိဝါဒကို မမှန် မသင့်မြတ်ဟု မှတ်သားရမည်ဟူလို။

❖ တေသံ တံ န ယုတ္တံ ဝဉ္စနေန သင်္ဂဟိတတ္တာတိ ဒဿေတိ "တံ ပနာ"တိ အာဒိနာ။ (သီဋီသစ်။)

http://www.dhammadownload.com



၃။ (စ) ဝါကျ၌ ပန ကိုရှမျှော်၍ စတုက္ကထုတ်ပုံ

(က) နနု ကေစိ အညံ ဒဿေတွာ အညဿ ပရိဝတ္တနံ သာဝိယောဂေါတိ ဝဒန္တိ။

(ခ) အထ ကသ္မာ ဥက္ကောဋနသာဝိယောဂေါ ဝဉ္စနသာဝိယောဂေါ နိကတိသာဝိယောဂေါတိ ဝေဝမေတ္တ အတ္ထော ဒဋ္ဌဗ္ဗော။

(ဂ) နနု တံ (အညဿ ပရိဝတ္တနံ) ဝဉ္စနေနေဝ သင်္ဂဟိတံ။

(ဃ) တသ္မာ - - - - - အတ္ထော ဒဋ္ဌဗ္ဗော။

၄။ မေတိ ပရိမေတိ အညေန ဥတ္တမေန ဂုဏေန အတ္တနော အဂုဏန္တိ မာ

တပါးသော မြတ်သောဂုဏ်နှင့် မိမိ၏ယုတ်ညံ့သောဂုဏ်ကို နှိုင်းယှဉ်ခြင်း ‿ သကတ်

သည် ဝစနပေတု။

လှည့်ပတ်ခြင်း မာယာ (ဉာဏ်အတု) ဖြစ်သည် ဝစနီယ။

သမ္ဗရီ၊ ဝဥ္စန စသောပရိယာယ် --- ဝစနီယတ္တ။

၅။ သင်္ဂဟိတံ ကို သင်္ဂဟိတတ္တာ ဟုမှတ်ပြင်။

ယင်း၏သမ္ဗန်ကို တဿ (အညဿ ပရိဝတ္တနဿ) ဟုခံ။ ကံ + သမ္ဗန်စာစပ်။

၆။ (က) ပတိရူပကေန ဝဉ္စနံ ဖြင့် နိကတိ ပုဒ်ကို ကရဏံ ကတိ၊ နိန္ဒိတာ ကတိ နိကတိ ဟု ဝစနတ္ထပြု၍ နိကတိ အရ အတုပြုသောအားဖြင့် လှည့်ပတ်ခြင်းကိုယူရမည်ကိုလည်းကောင်း၊ နိ ဥပသာရ ၏ နိန္ဒန = ကဲ့ရဲ့ခြင်းအနက်ဟော--လည်းကောင်း၊ (ဝါ) ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုလည်းကောင်း၊ ကရ ဓာတ်၏ လှည့်ပတ်ခြင်းအနက်ဟော--လည်းကောင်း၊ တိ ပစ္စည်း၏ ဘာဝသာဓနအနက်၌သက်--လည်းကောင်း သိစေပါသည်။

ယောဂဝသေန ဝါ -- (ပ) သုဝဏ္ဏန္တိ ကတ္တာ ဖြင့် ဘာဝတ္ထ သိစေသည်။

(ခ) ဖြင့် သာဝိယောဂေါ ၌ သာဝိ ပုဒ်ကို သဝနံ သဌနံ သာဝိ ဟု ဘာဝသာဓ်-ဝစနတ္ထပြု သာဝိ အရ ကောက်ကျစ်စဉ်းလဲခြင်း (အနုဇုကတာ) ကို ယူရမည်ကိုလည်းကောင်း၊ ဏွ ပစ္စည်း၏ ဘာဝသာဓနအနက်၌သက်--လည်းကောင်း၊ သာဝိ ၌ သုဓာတ်၏ (ဓာတူနံ အနေကတ္ထတ္တာနည်း အရ) ကောက်ကျစ်စဉ်းလဲခြင်းအနက်ဟော--လည်းကောင်း သိစေပါသည်။

✦ သဝနံ သဌနံ သာဝိ၊ အနုဇုကတာ။ တေနာဟ "ကုဋိလယောဂေါ"တိ။ (သီဋီသစ်။)

အမှာ။ ။ ယခုလက်ရှိ ဆဋ္ဌမူ၌ သာစိယောဂေါ ဟုတွေ့ရသည်။ သစ ဓာတ်+ဣ ပစ္စည်းဖြင့် ပြီးသည်။

သစ တိရိယဂတ္တေ သာစိ ထိရော ဟု အမရကောသ ၌ လာရှိသည်။ ယင်း အမရကောသ ဋီကာ၌လည်း သစနံ သာစိ ဟူ၍ ဝိဂ္ဂဟပြုကာ ဖွင့်ဆိုလျက်ရှိသည်။ ဤသို့သော အမရကောသ ကျမ်းလာ စကားရပ်ကို သင်္ဂါယနာ အစွဲသန်သူတို့ကယူ၍ သာစိယောဂေါ ဟု ပါဠိပြင်ကာ သင်္ဂါယနာ မူ၌ ထည့်သွင်းထားခြင်းသာဖြစ်သည်ဟု ကျေးဇူးရှင် ဆရာသမားများထံမှ မှတ်သားဘူးပါသည်။ ရှေးရှေး အဋ္ဌကထာများ၌လည်းကောင်း၊ ဋီကာ ဂဏ္ဌိ နိဿျ အစောင်စောင် တို့၌လည်းကောင်း သာဝိယောဂေါ-ပါဌ်ကိုသာတွေ့မြင်ရသည်။

ဘာသာဋီကာ၊ နှာ-၅၀၅ ၌ကား 'ဋီကာသစ်၌ "သဝနံ သဌနံ သာဝိ" ဟုတွေ့ရ၏။ ပါဌ် ပျက်ဟန်တူသည်။ "သစနံ (သဌနံ) သာစိ" ဟုပြင်သင့်ပါသည်' ဟု မှာထားသည်။

http://www.dhammadownload.com



(ဂ) ဖြင့် ဥက္ကောဋနဝဋ္ဋနိကတိ ပုဒ်နှင့် သာဝိယောဂ ပုဒ်၏အရတူ တုလျာဓိကရဏ ၏အဖြစ်ကိုလည်းကောင်း၊ ဥက္ကောဋန ဝဋ္ဋန နိကတိ စ + သာ + သာဝိယောဂေါစာတိ ဥက္ကောဋနဝဋ္ဋနနိကတိသာ ဝိယောဂေါဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေသည်။ (ဋီကာသစ်၊ သာဓက-၂ နံပါတ်မှာရှု)

( င)ဖြင့် ကေစိဆရာတို့အလို သာဝိယောဂဟူသည် တပါးသောဝတ္ထုကိုပြ၍ တပါးသောဝတ္ထု ကိုဖလှယ်ခြင်းပင်တည်း ဟူသောအဓိပ္ပါယ်ကိုလည်းကောင်း၊ ယင်းကေစိဆရာတို့အလို ဥက္ကောဋန စသောရှေ့သုံးပုဒ်နှင့် သာဝိယောဂ ပုဒ်သည် (အရ ကွဲပြားခြားနားနေသည့်အတွက်) ဥက္ကောဋနဥ္စ+ ဝဋ္ဋနဥ္စ + နိကတိစ + သာဝိယောဂေါစာတိ ဥက္ကောဋနဝဋ္ဋနနိကတိသာဝိယောဂေါ ဟု ဒွန် (ဘိန္နာဓိကရဏ) သမာသ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း သိစေပါသည်။ (ဋီကာသစ်၊ သာဓက-၂ နံပါတ်မှာရှု)

၇။ ဟိမ ကား ဟိံသ ဓာတ်+အ ပစ္စည်း။ ဟိံ ၌ နိဂ္ဂဟိတ်ကိုချေ၊ ဓာတွန် သ ကို မ ပြု၍ပြီးသည်။
◆ ဟိံသတီတိ ဟိမံ၊ သဿ မော နိဂ္ဂဟိတလောပေါစ။ (ဓာန်ဋီ၊ ၅၆။)
ဂုမ္ဗ ကား ဂုဟ ဓာတ်+ဗ ပစ္စည်း၊ ဓာတွန် ဟ ကို မ ပြု၍ ပြီးသည်။
◆ ဂုဟ သံဝရဏေ ဗော၊ ဟဿ မော။ (ဓာန်ဋီ၊ ၄၅၄။)
(တနည်း) ဂုပ ဓာတ်+ဗ ပစ္စည်း။ ဓာတွန် ပ ကို မ ပြု၍ ပြီးသည်။
◆ ဂုပ ရက္ခဏေ၊ ဗော၊ ပဿ မော။ (ဓာန်ဋီ၊ ၅၅၀။)
အမှာ။ ။ ဤ၌ ဂုမ္ဗ ကား ချုံ ဟောတည်း။ အကယ်၍ ရေဆိပ် ကုန်းဆိပ် စသည်ကိုဟောလျှင် ဂမု ဓာတ်+ဗ ပစ္စည်း။ ဂ အစိတ် အ ကို ဥ ပြု၍ ပြီးသည်ဟုဖြေ။
◆ ဂမု ဂမနေ၊ ဗော၊ အဿုး ဂုမ္ဗော။ (ဓာန်ဋီ၊ ၃၅၆။)

## ဂ။ ဟိမဝိပရာမောသ နှင့် ဂုမ္ဗဝိပရာမောသ အထူး

ဆီးနှင်းဖြင့် ဖုံးလွှမ်းလျက်· ခရီးသွားလူအပေါင်းကို အထူးအားဖြင့် ထက်ဝန်းကျင်မှ ပြင်းစွာလုယက်ဖျက်ဆီးခြင်းသည် ဟိမဝိပရာမောသမည်၏။

ချုံဖြင့်ဖုံးလွှမ်းလျက် ခရီးသွားလူအပေါင်းကို အထူးအားဖြင့် ထက်ဝန်းကျင်မှ ပြင်းစွာ လုယက်ဖျက်ဆီးခြင်းသည် ဂုမ္ဗဝိပရာမောသ မည်၏။ (ဌ၊ ၇၈။ သီဋီသစ်၊ ၃၄၅။ ပဒုက္ကမ၊ ၄၁၃။)

### အဓိပ္ပါယ်မှတ်ဘွယ်

စူဠသီလ ၌ သိက္ခာပုဒ် (၂၆) ပါးရှိသည်။ ငယ်သောကြောင့် စူဠသီလခေါ်သည်မဟုတ်၊ ယေဘုယျအားဖြင့် သိက္ခာပုဒ်တို့ကို မဝေဖန်အပ်သောကြောင့် စူဠသီလ ဟုခေါ်သည်။ ဒေသနာ အကျဉ်းကို စူဠ၊ မကျဉ်းမကျယ်ကို မဇ္ဈိမ၊ အကျယ်ကို မဟာ ဟုခေါ်သည်။ သိက္ခာပုဒ်အနည်း အများစသော ဓမ္မ၏အစွမ်းဖြင့် ယင်းသို့ခေါ်သည်မဟုတ်။ (သီဋီသစ်၊ ၃၅၄။)

## ဃ။ (င+စ) ဂါထာစိ

ကေစိ အညံ ဒဿေတွာန၊ အညဿ ပရိဝတ္တနံ။
ဝဒန္တိ သာဝိယောဂေါတိ၊ တံ ဝဋ္ဋနေန ဂယှတေ။ (ပထမ မ-ကာရဝိပုလာဂါထာ)

http://www.dhammadownload.com



၁၀။✝ နိကတိ သာဝိယောဂ အရ (မာယာသာဌေယျ) လောဘတဏှာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ကာမရတိဌာယီဘာဝ+ကာမသိဂ်ါရရသ။

✝ သူတပါးတိုပိုင်ဆိုင်သည့် ရွှေ ငွေ ရတနာ စသောပစ္စည်းများသည် အာရမ္မဏဝိဘာဝ။

✝ ထို ရွှေ ငွေ ရတနာပစ္စည်းဥစ္စာတို့၏ လိုချင်ဘွယ်ကောင်းခြင်းသည်လည်းကောင်း။ လိမ်လည်လှည့်ဖျားခိုးယူတတ်သူ၏ ယောဂ မာယာ စသည်သည်လည်းကောင်း ဥဒ္ဒိပန ဝိဘာဝ။

✝ လိမ်လည်လှည့်ဖျားခိုးယူခြင်းကြောင့် ပစ္စုပ္ပန်၌ အချုပ်အနှောင်ခံရခြင်း၊ သံသရာ၌ ဒုဂ္ဂတိဘဝသို့ရောက်ရခြင်း စသောအကျိုးတရားအဆက်ဆက်သည် အနုဘာဝဗျည်း၏။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

## ဝါကျဥယျာဉ် (၆၀)

(က) ဣဓဒါနိ မဇ္ဈိမသီလံ ဝိတ္ထာရေန္တော "ယထာ ဝါ ပနေကေ ဘောန္တော"တိ အာဒိမာဟ။

(ခ) တတြာယံ အနုတ္တာနပဒဝဏ္ဏနာ။

(ဂ) သဒ္ဓါဒေယျာနီတိ ကမ္မဥ္စ ဖလဉ္စ ဣဓလောကဥ္စ ပရလောကဥ္စ သဒ္ဒဟိတွာ ဒိန္နာနိ။

(ဃ) "အယံ မေ ဉာတီ"တိဝါ "မိတ္တော"တိ ဝါ "ဣဒံ ပဋိကရိဿတိ၊ ဣဒံ ဝါ တေန ကတပုဗ္ဗ"န္တိ ဝါ ဧဝံ န ဒိန္နာနီတိ အတ္ထော။

(င) ဧဝံ ဒိန္နာနိ ဟိ န သဒ္ဓါဒေယျာနိ နာမ ဟောန္တိ။

(စ) ဘောဇနာနီတိ ဒေသနာသီသမတ္တမေတံ၊

(ဆ) အတ္ထတော ပန သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဥ္ဇိတွာ စီဝရာနိ ပါရုပိတွာ သေနာသနာနိ သေဝမာနာ ဂိလာနဘေသဇ္ဇံ ပရိဘုဥ္ဇမာနာတိ သဗ္ဗမေတံ ဝုတ္တမေဝ ဟောတိ။

(ဌ၊ ၇၉။ သီဋီသစ်၊ ၃၅၄။ နေရင်း၊ ၂၆၁။ ပဒတ္ထ၊ ၄၁၇။ ဘာသာဋီကာ၊ ၅၀၈။ ဂဏ္ဌိ၊ ၂၀၉။)

၁။ (က) ဝါကျကို ပုဗ္ဗာနုသန္ဓေထည့်၍ (ခ) ဝါကျကို တတြအစွဲ စနစ်ကျစေလျက် အနက်သမ္ဗန်ပါ။

၂။ (ဂ) ဝါကျကို သံဝဏ္ဏနာနုရူပလျင်းပါးပုစ္ဆာ၊ (ဃ) ဝါကျကို အနုသန္ဓေတက်၍ (င) ဝါကျ၌ လိုရင်းကောက်၍ ပညတ်နည်းစာထွက်ပါ။

၃။ (စ+ဆ) ဝါကျတို့၌ ဖြစ်သင့်သော စတုက္ကကိုထုတ်ပြပါ။

၄။ သဒ္ဓါဒေယျာနိ ကို ဝိဂ္ဂဟပြု၍ ဝစနာဒိသင်္ကေထုတ်ပါ။

၅။ (က) ဝါကျ ဝိတ္ထာရေန္တောကို ဝိတ္ထာရေန္တတ္တာဟု ဟိတ်ပြင်၍ ဟိတ်၏ဖြစ်ထိုက်သော သမ္ဗန်နှင့် ပစ္စယတ္ထကို ညွှန်း၍ စာစပ်ပြပါ။

၆။ (ဂ) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ သန္နိဓိကာရပရိဘောဂံပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။

၈။ (စ+ဆ) ဝါကျတို့၌ ဆိုလိုရင်း အဓိပ္ပါယ်တို့ကို ပြဆိုခဲ့ပါ။

၉။ (ဃ) ဝါကျလာ စကားရပ်များကိုယူ၍ ဂါထာစီကုံးခဲ့ပါ။

၁၀။ ဒိန္နာနိ ၌ ဓာတွတ္ထကိုရှု၍ ဖြစ်သင့်သော ဘာဝ စသည်ထုတ်ပြပါ။

==================

http://www.dhammadownload.com



၁။ (က) ဝါကျကို---ဝေ၊ ဤဆို။ စူဠသီလ၊ ကို။ ဝိတ္ထာရေတွာ၊ ၍။ ဟု ပုဗ္ဗာနုသန္ဓေထည့်။
(ခ) ဝါကျကို---ဝိတ္ထာရကကြိယာယ၊ ၏။ ကရဏဘူတော၊ မြူဓာတုယာ၊ ၏။ ကမ္မဘူတော၊ တတ္ထ တသို့ "ယထာဝါ ပနေကေ ဘောန္တော"တိ အာဒိဝစနေ၊ ၌။

၂။ (ဂ) ဝါကျ သံဝဏ္ဏနာနုရူပလျှင်းပါးပုစ္ဆာ။

ဆရာ မြတ်စွာဘုရားသည် မဇ္ဈိမသီလအခန်း၌ သဒ္ဒါဒေယျာနိ ပုဒ်ကို ဟောတော်မူ၏။ ယင်း၌ သဒ္ဓါအရ ရတနာသုံးပါး၌ ကြည်ညိုမှု သဒ္ဓါတရားပင်ဖြစ်ပါသလော။ အဘယ်အရာ၌ ယုံကြည်မှုမျိုးကို သဒ္ဓါ ဟူ၍ဆိုလိုပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

အဓိပ္ပါယ်ကား သဒ္ဓါဒေယျာနိ ၌ သဒ္ဓါအရ ရတနာသုံးပါး၌ ယုံကြည်မှု သဒ္ဓါတရားကို မယူရ။ ကံ၊ ကံ၏အကျိုး၊ ပစ္စုပ္ပန်လောက၊ တမလွန်လောက ဤလေးမျိုးတို့၌ ယုံကြည်မှု သဒ္ဓါတရားကို ယူရမည်ဟူလို။

✦ သဒ္ဓါနာမ ဣဓ စတုဗ္ဗိဓေသု ဌာနေသူတိ အာဟ "ကမ္မဥ္စ"တိ အာဒိ။ (သီဋီသစ်။)

(ဃ) ဝါကျ အနုသန္ဓေ

ဤသို့ (ဂ) ဝါကျဖြင့် သဒ္ဓါဒေယျာနိကို သဒ္ဓဟိတွာ ဒိန္နာနိ ဟု ဖွင့်ပြပြီး၍ (ဝါ) ကံ၊ ကံ၏အကျိုး၊ ပစ္စုပ္ပန်လောက၊ တမလွန်လောကကို ယုံကြည်၍ပေးလှူမှုမျိုးသည် သဒ္ဓါဒေယျ မည်၏ဟု အနွယအားဖြင့် ဖွင့်ပြပြီး၍၊ ယခုအခါ၌ ယင်းအနက်ကိုပင် ဗျတိရိက်အားဖြင့် သိစေလိုသော ဆရာသည် (ဃ) ဝါကျမိန့်။

✦ တဒတ္ထံ ဗျတိရေကတော ဥာပေတိ "အယံမေ"တိ အာဒိနာ။ (သီဋီသစ်)

မှတ်ချက် ။ ။ (ဃ) ဝါကျကို သာဘောဂပုစ္ဆာတက်လိုလျှင် (ဃ) ဝါကျ၌ ဧဝံ န ဒိန္နာနိ ဟု ဗျတိရိက်ဖြင့် ဖြေထားသောကြောင့် ဗျတိရိက်ဖြေ၊ အနွယေ၊ တင်လေ အာဘော်သာ ဟူသည်နှင့် အညီ အနွယအာဘော်ထား၍ ကျမ်းတက်ရမည်။

ကျမ်းတက်ပုံ

ဆရာသည် (ဂ) ဝါကျဖြင့် သဒ္ဓါဒေယျာနိကို သဒ္ဓဟိတွာ ဒိန္နာနိ ဟုဖွင့်၏။ ဤသူကား ငါ၏ဆွေမျိုးတည်း စသည်ဖြင့် နှလုံးသွင်း၍ပေးလှူခြင်းကိုပင် သဒ္ဓါဒေယျ (ဝါ) သဒ္ဓဟိတွာ ဒိန္န ဖြစ်သည်ဟုမှတ်ရမည်လော၊ အဘယ်သို့ မှတ်ရမည်နည်း။ စုဒ်ကြောင့် (ဃ) မိန့်။

(င) ဝါကျ အနုသန္ဓေ

ဤသို့ (ဃ) ဝါကျဖြင့် ဤသူသည် ငါ၏ဆွေမျိုးတည်း စသည်ဖြင့်နှလုံးသွင်း၍ မပေးလှူ အပ်ဟုပြပြီး၍ ယခုအခါ၌ ယင်းစကားရပ်ကို မြဲစေလို ပြီးစေလိုသော ဆရာသည် (င) မိန့်။

✦ တဒေဝ သမတ္ထေတုံ "ဧဝံ ဒိန္နာနိ ဟိ"တိ အာဒိမာဟ။ (သီဋီသစ်)

(ဆ) ဝါကျ နေရင်းနိဿျကျမ်းတက်

ဆရာ သည် ဒေသနာသီသမတ္တံ ဟုဆို၏။ ထိုသို့ ဒေသနာသီသ ဖြစ်သည်ရှိသော် ထို ဘောနောနိ ဟူသောပါဠ်ဖြင့် အဘယ်ကိုလျှင် ပြအပ်သနည်းဟု မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ "အတ္ထတော ပန (ပ) ဝုတ္တမေဝ ဟောတိ" ဟူသောပါဠ်ကို မိန့်။ (နေရင်း၊ ၂၆၁)
အဓိပ္ပါယ်ကား ပစ္စည်းလေးပါးကို ပြအပ်ပါ၏ဟူလို။

✦ ဒေသနာသီသမတ္တံ ပဓာနံ ကတွာ နိဒဿနတော။ တေန စတုဗ္ဗိဓမ္ပိ ပစ္စယံ နိဒဿေတီတိ ဝုတ္တံ "အတ္ထတော ပနာ"တိ အာဒိ။ (သီဋီသစ်၊ ၃၅၅)

http://www.dhammadownload.com



ကျမ်းထွက်။ ။ (င) ဝါကျ၌ လိုရင်းကား နဟောန္တိ တည်း။ အဓိပ္ပါယ်ကား မဖြစ်ကုန်ဟူလို။

သရာသည် မဖြစ်ကုန်ဟုဆိုၡ်။ အဘယ်တို့သည် မဖြစ်ကုန်သနည်း၊ အကုသိုလ်တရားတို့သည် မဖြစ်ကုန်သလော၊ ဤသို့မေးဘွယ်ရှိ၍ သဒ္ဓါဒေယျာနိ နာမ မိန့်၏။

အဓိပ္ပါယ်ကား သဒ္ဓါဒေယျတို့မည်သည် မဖြစ်ကုန်ဟူလို။

သရာသည် သဒ္ဓါဒေယျတို့မည်သည် မဖြစ်ကုန်ဟုဆို၏။ အဘယ်သို့လှူအပ်သော အလှူသည် သဒ္ဓါဒေယျမဖြစ်ပါသနည်း၊ စုဇ်ကြောင့် ဧဝံ ဒိန္နာနိ မိန့်၏။

အဓိပ္ပါယ်ကား ငါ၏ဆွေမျိုးစသည်ဖြင့် ပေးလှူအပ်သော အလှူသည် သဒ္ဓါဒေယျ မဖြစ်ဟူလိုသော်။

၃။ (စ+ဆ) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု ဘောဇနာနီတိ ဧဝံ ပါဠိယံ ဝုတ္တံ။

(ခ) အထ ကသ္မာ အတ္ထတော ပန (ပ) ဝုတ္တမေဝ ဟောတီတိ တယာ ဝုတ္တံ။

(ဂ) နနု ဒေသနာသီသမတ္တမေတံ။

(ဃ) တသ္မာ အတ္ထတော (ပ) ဟောတီတိ မယာ ဝုတ္တံ။

(က) ဝါကျစတုက္ကထုတ်ပုံ

(က) နနု စူဠသီလံ ဝိတ္ထာရေန္တော ဟောတိ။

(ခ) အထ ကသ္မာ ယထာဝါ ပနေကေ ဘောန္တောတိ အာဒိမာဟ။

(ဂ) နနု ဣဒါနိ မဇ္ဈိမသီလံ ဝိတ္ထာရေန္တော ဟောတိ။

(ဃ) တသ္မာ ယထာဝါ --- အာဒိမာဟ။

၄။ သဒ္ဓါယ ဒေယျာနိ သဒ္ဓါဒေယျာနိ။
ယုံကြည်ခြင်းသဒ္ဓါ၏+ပေးလှူအပ်ပြီးကုန်သောဘောဇဉ်တို့နှင့်ဂုဏ်+ဂုဏေးစပ် ဝစနဟောတု၊
ယုံကြည်၍ လှူအပ်သော ဘောဇဉ်ဖြစ်သည် ဝစနီယ၊
သဒ္ဒဟနဒိန္နာနိ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊

၅။ ဝိတ္ထာရေန္တောကို ဝိတ္ထာရေန္တတ္ထာဟု ဟိတ်ပြင်က ယင်း၏သမ္ဗန်ကို ဘဂဝတော(သို့မဟုတ်) အာယသ္မတော အာနန္ဒဿ ဟုခံ။ (ကတ္တား + သမ္ဗန်စပ်)

(ဂ) ဝါကျ ဒိန္နာနိ ကို ဒိန္နတ္တာဟု ဟိတ်ပြင်က ဘောဇနာနံဟုသမ္ဗန်ခံ။(ကံ+သမ္ဗန်စပ်။)

၆။ သဒ္ဒဟိတွာ ဒိန္နာနိ ဖြင့် သဒ္ဓါဒေယျာနိ၌ ဒေယျာနိကို ဒါတဗ္ဗာနီတိ ဒေယျာနိ ဟု ကမ္မသာဓ်ပြုရမည်ကိုလည်းကောင်း၊ ဒါ ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ဏျ ပစ္စည်း ကံအနက်၌သက် -လည်းကောင်း၊ သဒ္ဓါနှင့် ဒေယျာနိပုဒ်ကို သဒ္ဓါယ+ဒေယျာနိ သဒ္ဓါဒေယျာနိဟု တတိယာတပ္ပုရိသ် ပြုရမည်ကိုလည်းကောင်း၊ သဒ္ဓါသဒ္ဓါနောင် တွာ ပစ္စည်း၏ ကာရိယ ယကျေနေသည်၏အဖြစ်ကို လည်းကောင်း (ဘာဝတ္ထ) (တနည်း၊) သဒ္ဓါသဒ္ဓါနောင်ကျေသော နာ ဝိဘတ်၏ ဝိသေသန အနက်၌ သက်သည်ကိုလည်းကောင်း (ဝိဘတျတ္ထ) သိစေပါသည်။

ကမ္မဥ္စ ဖလဥ္စ ဣဓလောကဥ္စ ပရလောကဥ္စ ဖြင့် သဒ္ဓါဟူသည် ကံ၊ ကံ၏အကျိုး၊ ပစ္စုပ္ပန်လောက၊ တမလွန်လောက ဤလေးဌာနတို့၌ ယုံကြည်ခြင်းပင်တည်း ဟုသိစေသည်။

http://www.dhammadownload.com



(ဘာဝတ္ထ) (ဝါ) သဒ္ဓါဒေယျာနိ ၌ သဒ္ဓါအရ ကံ၊ ကံ၏အကျိုး၊ ပစ္စုပ္ပန်လောက၊ တမလွန်လောက၊ ဤလေးဌာနတို့၌ ယုံကြည်မှုသဒ္ဓါစေတသိက်ကို ယူရမည်ဟုသိစေ။ (ကြား+ဘိ)

(စ) ဝါကျ ဒေသနာသီသမတ္တမေတံ ဖြင့် ဘောဇနာနိ ဟူသော (ပါဠိတော်)ပုဒ်သည် ဒေသနာသီသမတ္တ၊ ပဓာန၊ နိဒဿန၊ ဥပလက္ခဏမျှသာတည်းဟု သိစေသည်။ (ဘာဝတ္ထ)

(ဆ) ဝါကျဖြင့် ဘောဇနာနိအရ ဘောဇဉ်ကိုသာမယူရ၊ ဒေသနာသီသ၊ ပဓာနအားဖြင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးလုံးကို ယူရမည်ဟုသိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

၇။ သန္နိဓိကာရပရိဘာဂံ ကား သန္နိဓိကာရံ ပရိဘာဂံ ဟူလိုလျက် ဝဏ္ဏလောပဖြင့် နိဂ္ဂဟိတ်ကို ချေ၍ပြီးသည်။

✤ "သန္နိဓိကာရံ ပရိဘောဂ"န္တိ ဝတ္တဗ္ဗေ အနုနာသိကလောပေန "သန္နိဓိကာရ ပရိဘောဂ"န္တိ ဝုတ္တံ။ (သီဋီသစ်၊ ၃၅၆။)

ဂိလာန ကား ဂိလ+ယု။ ဂိလန ဟူလိုလျက် လ အစိတ် အ ကို အာ ပြု၍ ပြီးသည်။

✤ ဂိလ ကိလမနေ၊ ယု။ ဂိလယတိ ကိလမတီတိ ဂိလာနော။ (သူစိ)

မိတ္တ ကား မိဒ+တ။ ဒ ကို တ ပြု၍ပြီးသည်။ (တနည်း) မိ+တ။ တ လာ၍ ပြီးသည်။

✤ မိဒ သိနေဟေ။ တော။ မိဇ္ဇတိ သိနေဟတီတိ မိတ္တော။ မိ ပက္ခေပေ ဝါ။ မိနောတိ အန္တော ပက္ခိပတီတိ မိတ္တော။ (သူစိ)

၈။ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ ဟူသောပါဠိတော်၌ ဘောဇနာနိ ဟူသည် ပဓာန နိဒဿန ဥပလက္ခဏနည်းအားဖြင့် ဒေသနာကို ဦးခေါင်းတပ်၍ ဟောခြင်းမျှသာဖြစ်သောကြောင့် ဘောဇနာနိအရ ပစ္စည်းလေးပါးကို အရကောက်ရမည်ဟု သိစေပါသည်။

မှတ်ချက် ။ ။ သာဓကဋီကာ ပါဠိ (၂) နံပါတ်ကျမ်းတက်ပြန်ကြည့်။

၉။ (ဃ) ဝါကျဂါထာစီ

အယံ မေ ဉာတိ မိတ္တောတိ၊ ဣဒံ ဝါ ပဋိကာယတိ။
ကတပုဗ္ဗံ ဣဒံ တေန၊ ဧဝံ ဒိန္နာနိ နော သိယုံ။ (ပထျာဝတ္တဂါထာ)

၁၀။ ✝ ဒိန္နာနိ ၌ ဓာတ်အရ သဒ္ဓါ ဒါနစေတနာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ထို ---သည် ဓမ္မရတိဌာယီဘာဝ + ဓမ္မသိဂ်ါရ ရသ၊

✝ လျှူဘွယ်ဝတ္ထုတို့သည်လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်တို့သည်လည်းကောင်း အာရမ္မဏဝိဘာဝ၊

✝ လှူဘွယ်ဝတ္ထု၏မွန်မြတ်ခြင်း၊ အလှူခံပုဂ္ဂိုလ်၏ ဒက္ခိဏေယျဂုဏ်နှင့် ပြည့်စုံခြင်းစသည် ဥဒ္ဒီပနဝိဘာဂ၊

✝ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိစသည်သည် အနုဘာဝ။

*********************

http://www.dhammadownload.com



ဝါကျဥယျာဉ် (၆၁)

(က) ဘိက္ခုနော ပန ဝသနဋ္ဌာနေ ကော တဏ္ဍုလနာဠိ , ကော ဂုဠပိဏ္ဍော , စတုဘာဂမတ္တံ သပ္ပိတိ ဧတ္တကံ နိဓေတုံ ဝဋ္ဋတိ အကာလေ သမ္ပတ္တစောရာနံ အတ္ထာယ။

(ခ) တေ ဟိ ဧတ္တကမ္ပိ အာမိသပဋိသန္ထာရံ အလဘန္တာ ဇီဝိတာပိ ဝေါရောပေယျုံ၊ တသ္မာ သစေ ဧတ္တကံ နတ္ထိ၊ အာဟရာပေတွာပိ ဌပေတုံ ဝ ဋ္ဋတိ။ အဖာသုကကာလေ စ ယဒေတ္တကပ္ပိယံ၊ တံ အတ္တနာပိ ပရိဘုဉ္ဇိတုံ ဝ ဋ္ဋတိ။

(ဂ) ကပ္ပိယကုဋိယံ ပန ဗဟုံ ဌပေန္တဿာပိ သန္နိဓိနာမ နတ္ထိ။ (၃၊ ၈၁။)

(ဃ) အနိယျာနိကတ္တာ သဂ္ဂမောက္ခမဂ္ဂါနံ တိရစ္ဆာဘူတာ ကထာတိ တိရစ္ဆာနကထာ။ (၃၊၈၅)

(၃၊ ၈၁။ သီဋီသစ်၊ ၃၅၈။ နေရင်း၊ ၂၆၇။ ပဒုတ္တ၊ ၄၂၂။ ဘာသာဋီကာ၊ ၅၂၀။)

၁။ (ခ) ဝါကျကို နိပါတ်သမ္ဗန္ဓနာမ်အစွဲမှန်ကန်စေလျက် အနက်ယောဇနာပါ။

၂။ (ခ) ဝါကျကို သာဘောဂပုစ္ဆာ၊ ယင်း၌ လိုရင်းကောက်၍ တသ္မာပုဒ်သို့ ပညတ်နည်း ဥပနာတိက ပုစ္ဆာထွက်ခဲ့ပါ။

၃။ (ခ)ဝါကျကို စောဒကာဘောဂါဒိစတုက္ကထုတ်၍၊ ၎င်းဝါကျ၌ သစေသဒ္ဒါထားရခြင်း အကြောင်းကိုဖြေဆိုပါ။

၄။ အနိယျာနိကတ္တာ၌ နိယျာနိကကို ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ အနိယျာနိက ဟူသော ဝစန၏ ဝစနီယတ္ထကိုလည်း တိကျစွာဖော်ပြပါ။

၅။ (င) ဝါကျ၌ ဟိတ်၏သမ္မန်ကိုလည်းကောင်း၊ ဘာဝယောဂပုဒ်၏ဖြစ်ထိုက်သော ပစ္စယတ္ထကို လည်းကောင်း ဖော်ပြပါ။

၆။ သန္နိဓိကာရပရိဘောဂန္တိ သန္နိဓိကတဿ ပရိဘောဂံ (၃၊၇၉) ၌ အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။

၇။ နိယျာနိက၊ ဖာသု ပုဒ်တိုကို နိရုတ္တိနည်းဖြင့် ရုပ်ပြီးပြပါ။

၈။ ကပ္ပိယကုဋိ၌ များစွာထားပါလျက် သန္နိဓိမဖြစ်ခြင်း၌ အကြောင်းသွင်း၍ ရှင်းခဲ့ပါ။

၉။ (ဂ) ဝါကျစကားရပ်ကို ကြိုက်နှစ်သက်ရာ ဂါထာတပုဒ်စီကုံးခဲ့ပါ။

၁၀။ ဌပေတုံ၌ အန္တတ္ထကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပါ။

========= ==========

၁။ (ခ) ဝါကျ ဟိ၊ မှန်။ ဝါ၊ ဟိ ယသ္မာ၊ ကြောင့်။ တေ စောရာ၊ တိုသည်။

တသ္မာ၊ ထိုသို့ ဤမျှလောက်သော အာမိသကို သိုမှီးသိမ်းထားခြင်းငှာ အပ်သည်၏ အဖြစ်ကြောင့်။ (နိယံ-တသ္မာကို ဟိတ၏ဖိုလ် စွဲဆိုမြဲထုံးစံ) (ဘာသာဋီ၊ ၅၂၁)

စ၊ ဆက်။ (ပဒုတ္တ) စ၊ သည်သာမကသေး။ (ဘာသာဋီ) ဧတ္တ၊ ဤ အာမိသ၌။ ဝါ၊ တွင်။ ယံ အာမိသံ၊ သည်။

http://www.dhammadownload.com



၂။ (ခ) ဝါကျ သာဘောဂပုစ္ဆာ

ဆရာ သည် (က) ဝါကျဖြင့် အချိန်မဲ့ အခါမဲ့ ရောက်လာသောဒိုးသူတို့အကျိုးငှာ ရဟန်း၏ နေရာဌာနဥ္ဓ တကွမ်းစားမျှလောက်သော ဆန်၊ တခုသောတင်လဲခဲ၊ ဆန်၏လေးဘိုတဘို မျှလောက်သော ထောပတ်၊ ဤမျှလောက်သော အာမိသကို သိုမှီးသိမ်းဆည်းခြင်းငှာ အပ်သောဟု ဆို၏။ အဘယ်ကြောင့် ယင်းသိုဆိုပါသနည်း။ (ဝါ) အဘယ်ကြောင့် ဤမျှလောက်သော အာမိသကို သိုမှီးသိမ်းဆည်းခြင်းငှာ အပ်ပါသနည်း။ သန္နိဓိကာရ သိက္ခာပုဒ်အရ အပြစ်ရှိသည်မဟုတ်ပါလော။ စုဒ်ကြောင့် (ခ) မိန်။

◆ ကသ္မာ တိ ဝုတ္တံ "တေဟိ"တိ အာဒိ။ (သီဋီသစ်၊ ၃၅၉)

ကျမ်းထွက် (ခ) ဝါကျဥ္ဓ လိုရင်းကား ဝဋ္ဋတိ ဟုသည်တည်း။ အဓိပ္ပါယ်ကား - အပ်၏ ဟူလို။

ဆရာ သည် ဝဋ္ဋတိ ဖြင့် အပ်၏ဟုဆို၏။ အဘယ်ကြောင့် အပ်ပါသနည်း။ အကြောင်း မရှိပြီလော -- စုဒ်ကြောင့် တသ္မာ - မိန်။

ဇီဝိတာပိ ဥ္ဓ ပိ ကား သမ္ဘာဝနာဖြစ်သည်။ ဇီဝိတိန္ဒြေကိုသော်မှ ချကုန်ရာသေး၏။ ရိုက် နှက်ပုတ်ခတ် ညှင်းဆဲမှုကိုကား ဆိုဘွယ်ရာမရှိဟု ဂရဟာပြု။

အာဟာရပေတ္တာပိ ဥ္ဓ ပိ ကား ဂရဟာဇောတက။ အလိုအလျောက်ရလျှင် ဆိုဘွယ်ရာ မရှိဟု သမ္ဘာဝနာပြု။ (ဘာသာဋီ၊ ၅၂၁)

◆ အာဟာရပေတ္တာပိ ဌပေတုံ ဝဋ္ဋတိ၊ ပဂေဝ ယထာ လဒ္ဓံ။ (သီဋီသစ်)

၃။ (ခ) စတုက္ကထုတ်ပုံ

(က) နနု (ဘိက္ခုနော ဝသနဋ္ဌာနေ) ထွေက နတ္တိ။

(ခ) အထ ကသ္မာ အာဟာရပေတ္တာပိ ဌပေတုံ ဝဋ္ဋတိ။

(ဂ) နနု တေ ထွေကမ္ပိ အာမိသပဋိသန္တာရံ အလဘန္တာ ဇီဝိတာပိ ဝေါရောပေယျုံ။

(ဃ) တသ္မာ (လ) ဝဋ္ဋတိ။

(ခ) ဝါကျဥ္ဓ ပရိကပ္ပကို ပြလိုသောကြောင့် သစေသဒ္ဒါထားသည်။

(ဂ) ဝါကျဥ္ဓ စတုက္ကထုတ်ပုံ။

(က) နနု ကပ္ပိယကုဋိယံ ဗဟုံ (အာမိသံ) ဌပေန္တော (ဟောတိ)။

(ခ) အထ ကသ္မာ သန္နိဓိနာမ နတ္တိ။

(ဂ) တတ္ထ အန္တောဝုတ္ထအန္တောပက္ကာယ အနုညာတတ္တာ။ (သီဋီသစ်၊ ၃၅၉။)

(ဃ) သန္နိဓိနာမ နတ္တိ။

၄။ ဒုဂ္ဂတိတော , သံသာရတောစ နိယျာတိ တေနာတိ နိယျာနံ (သဂ္ဂမဂ္ဂေါ၊ မောက္ခမဂ္ဂေါစ) (နိ+ယာ+ယု)

နိယျာနံ အရဟတီတိ နိယျာနိကာ၊ နိယျာနေ နိယုတ္တာတိ ဝါ နိယျာနိကာ။

နိယျာနံ ဖလဘူတံ တေိဿာတိဝါ နိယျာနိကာ။

ဝဇီဒုစ္စရိတကိလေသတော နိယျာတီတိ ဝါ နိယျာနိကာ။

http://www.dhammadownload.com



ဤကာရဿ ရဿတ္တံ၊ ယ-ကာရဿစ က-ကာရံ ကတွာ။ အနိယသဒ္ဒေါ ဟိ ဗဟုလာ ကတွတ္တာဘိဓာယကော။ စေတနာယံ သဒ္ဒိ သမ္ပပ္ပလာပဝိရတိ ဟုစ အဓိပ္ပေတာ။ (သီဋီသစ်၊ ၃၆၆။)

ဤ ၌ နိယျာနိက အရ စေတနာနှင့်တကွ သမ္ပပ္ပလာပဝိရတိကို ယူရမည်။

န+နိယျာနိကာ အနိယျာနိကာ။ (ထို နိယျာနိက၏ ဆန့်ကျင်တက်ဖြစ်သော သမ္ပပ္ပလာပ ဒုစရိုက်ကိုရသည်။)

◆ တပ္ပဋိပက္ခတော အနိယျာနိကော၊ သမ္ပပ္ပလာပေါ။ (သီဋီသစ်)

အနိယျာနိကာယ + ဘာဝေါ အနိယျာနိကတ္တံ ဟုပြု။

၅။ (ဃ) ဝါကျ အနိယျာနိကတ္တာ ဟိတ်၏သမ္ဗန်ကား အဋ္ဌကထာအလို တိရစ္ဆာနကထာယ တည်း။ (ကတ္တား +သမ္ဗန်စပ်) ပစ္စယတ္တကား ကတ္ထတ္တတည်း။

သီဋီသစ်အလို သမ္ပပ္ပလာပဿ ဟု ခံရမည်။

၆။ (ဃ)ဝါကျ သန္နိဓိကတဿ ပရိဘောဂံ ဖြင့် သန္နိဓိကာရေ၌ ကာရေပုဒ်ကို ကရိယတေတိ ကာရောဟု ကမ္မသာဓ်ပြုရမည်ကိုလည်းကောင်း၊ ဏ ပစ္စည်းကမ္မသာဓ်၌သက်သည်ကိုလည်းကောင်း၊ သန္နိဓိနှင့် ကာရေကို သန္နိဓိယာ+ကာရော သန္နိဓိကာရောဟု တတိယာတပ္ပုရိသ်ပြုရမည်ကို လည်းကောင်း၊ ပရိဘောဂပုဒ်ကို ပရိဘုဥ္ဇနံ ပရိဘောဂေါဟု ပြုရမည်ကိုလည်းကောင်း၊ ဏ ပစ္စည်း၏ ဘာဝသာဓန၌သက်သည်ကိုလည်းကောင်း၊ အပေါင်းပုဒ်ကို သန္နိဓိကာရဿ+ပရိဘောဂေါ သန္နိဓိကာရပရိဘောဂေါ ဟု ကမ္မတ္ထဆဋ္ဌီပြုရမည်ကိုလည်းကောင်း သိစေသည်။ (သီဋီသစ်၊ ၃၅၆။)

၇။ နိယျာနိကပုဒ်၏ နိရုတ္တိကို ဝါကျဥယျာဉ် (၂၀) ၌ဖြေခဲ့ပြီ။

(က) ဝါကျ စတုဘာဂမတ္တံကား စတုတ္ထဘာဂမတ္တံဟူလိုလျက် တ္ထကိုချေထားသည်။ (ဘာသာဋီကာ၊ ၅၂၀။)

ဖာသု ကား ဖဿ+ဥ ပစ္စည်း။ ဖဿု ဟူလိုလျက် ဖ ၌ အ ကို အာ ပြု၊ သ တလုံး ချေ၍ ပြီးသည်။

တနည်း ။ ။ ဖုသ + ဥ။ ဖု ၌ ဥ ကို အာ ပြု၍ ပြီးသည်။

◆ ဖဿတိ သိနေဟတီတိ ဖာသု၊ ဖုသတိ ဝါ ဗာဓတိ ဒုက္ခန္တိ ဖာသု။ (ဓာန်ဋီ၊ ၈၈။)

တဏ္ဍုလကား တမဓာတ် + ကုလပစ္စည်း။ တမ နောက်၌ ဍ လာ၊ မ ကို နိဂ္ဂဟိတ်ပြု၊ နိဂ္ဂဟိတ်ကို ဏ ပြု၍ ပြီးသည်။

◆ တမီယတိ ဝိကာရ + မာပါဒီယတီတိ တဏ္ဍုလော။ ဝီတိသာရော။ (ဏွာဒိ မောဂ်။)

၈။ ကပ္ပိယကုဋီ၌ အန္တောဝုတ္ထ အန္တောပက္ကကို ခွင့်ပြုအပ်သောကြောင့် များစွာထားသော် လည်း သန္နိဓိမဖြစ်ပါ။

◆ သန္နိဓိနာမ နတ္ထိ တတ္ထ အန္တောဝုတ္ထအန္တောပက္ကဿ အနုညာတတ္တာ။ (သီဋီသစ်၊ ၃၅၉။)

ကပ္ပိယကုဋီ။ ။ သမ္မုတိကုဋီ စသော ကျောင်းလေးမျိုးနှင့် နေစရာမဟုတ်သော ဆွမ်းစားကျောင်း ဥပုသ်ကျောင်းဆောင် စသည်ကို ဝိနည်းအလိုအားဖြင့် "ကပ္ပိယကုဋီ" ဟုဆိုသည်။ ယင်းကျောင်းငါးမျိုးကို ရည်ရွယ်၍ ကပ္ပိယကုဋိယံ စသည်ဖြင့် အဋ္ဌကထာ၌ ဆိုသည်။ (သီဋီသစ်၊ ၃၅၉။)

http://www.dhammadownload.com



၉။ (ဂ) ဂါထာစီ

အဖာသုကကာလေ စေတ္တာ၊ ယဒေတံ ဟောတိ ကပ္ပိယံ။

အတ္တနာပိ တံ ဝဇ္ဇေတိ၊ သုဒ္ဓစိတ္တေန ဘုဥ္ဇိတုံ။ (မ+သ သံကိဏ္ဏဝိပုလာဂါထာ)

အမှာ ။ ။ သုဒ္ဓစိတ္တေန ကား ဋီကာသစ်၌လာသည်။

၁၀။ ✝ ဋ္ဌပေတုံ၌ ထားသောအခြင်းအရာအားဖြင့်ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ ထို--သည် ဓမ္မရတိဋ္ဌာယီဘာဝ + ဓမ္မသိဂါရဝသ။

✝ သန် စသော အာမိသသည် အာရမ္မဏဝိဘာဝ။

✝ ခိုးသူဘေးမှကာကွယ်ရခြင်း စသည်သည် ဥဒ္ဒီပနဝိဘာဝ။

✝ ခိုးသူနှိပ်စက်မခံရခြင်း၊ အဖာသုကကာလ၌ ကိုယ်တိုင်သုံးဆောင်ရခြင်း စသည်သည် အနုဘာဝ။

********************

## ဝါကျဥယျာဉ် (၆၂)

(က) အာသန္ဓီတိ ပမာဏာတိက္ကန္တာသနံ။

(ခ) "အနုယုတ္တာ ဝိဟရန္တီ"တိ ဣဒံ အပေက္ခိတွာ ပန သဗ္ဗပဒေသု ဥပယောဂဝစနံ ကတံ။

(ဂ) ပလ္လင်္ကောတိ ပါဒေသု ဝါဠရူပါနိ ဌပေတွာ ကတော။

(ဃ) ဂေါနကောတိ ဒီဃလောမကော မဟာကောဇဝေါ၊

(င) စတုရင်္ဂုလာဓိကာနိ ကိရ တဿ လောမာနိ။

(စ) စိတ္တကန္တိ ဝါနစိတ္တံ ဥဏ္ဏာမယတ္ထရဏံ။

(ဋ္ဌ၊ ၇၃။ သီဋီသစ်၊ ၁။ ၃၆၂။ ပဒတ္ထ၊ ၄၂၉။ ဘာသာဋီကာ၊ ၅၃၄။. ဂဏ္ဌိ၊ ၂၁၆။)

၁။ (က+ခ) တိုကိုသာ ကတ်၏ ကတ္တားထည့်၍ အနက်ယောဇနာပါ။

၂။ (င) ဝါကျကို သာဘောဂပုစ္ဆာထက်ပါ။

၃။ (ခ) ဝါကျကို စောဒကာဘောဂါဒီစတုက္ကကြံဆ၍ ထုတ်ပြပါ။

၄။ ကောဇဝေါ ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ (ခ) ၌ အနုယုတ္တာကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကိုခံပြီး အတ္ထာနုရူပစာစပ်ပါ။

၆။ (ဂ၊ ဃ၊ စ) ဝါကျတိုကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ ဒီဃလောမကော ၌ ဒီဃ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြခဲ့ပါ။

၈။ ဂေါနကော စိတ္တကံ ပဋလိကာ တူလိကာ ဟူသောပါဠိတော်၌ တူလိကာ ဝယ် တူလသရုပ်ကို အဓိပ္ပါယ်နှင့်တကွ တွဲစပ်ဖော်ပြပါ။

၉။ စာတုဒ္ဒိသော အပ္ပဋိဃော စ ဟောတိ၊ သန္တုဿမာနော ဣတရီတရေန။ ပရိဿယာနံ သဟိတာ အဆမ္ဘီ၊ ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။ (ဋ္ဌ၊ ၁၈၆။) ဟူသော ဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။

၁၀။ (ခ) ဝါကျ၌ ပဓာနကြိယာ၏ အန္တတ္ထကိုရှု၍ ဘာဝါလက်ဏရထုတ်ပြပါ။

= = = = = = = = = = = = = = = = = =

http://www.dhammadownload.com



၁။ (က) ပမာဏာတိက္ကန္တာသန်၊ မြတ်စွာဘုရား၏ လက်ရှစ်သစ်ပမာဏထက်လွန်သော အခြေ ရှိသော ညောင်စောင်းအင်းပျဉ်ဟူသောနေရာသည်။ (ဘာသာဋီကာ) (ဝါ) (ပကတိပုရိသ၏) တတောင့် ထွာပမာဏကိုလွန်သောနေရာသည်။ (ပခုက္ကူ) အာသန္ဒီတိ-အာသန္ဒိနာမ၊ မည်၏။

(ခ) ဝါကျ ကတ်-၏ ကတ္တားကို ဘဂဝတာ-ဟု ထည့်ပါ။

၂။ (ခ) သာဘောဂပုစ္ဆာ

ဆရာ မြတ်စွာဘုရားသည် သေယျထိဒံ၊ အာသန္ဒိံ၊ ပလ္လင်္ကံ၊ ဂေါနကံ စသော အလုံးစုံသော ပုဒ်တို့၌ ဒုတိယာဝိဘတ်ချွန္တဖြင့်ဟောတော်မူ၏။ နေရာများစွာတို့၌ သရုပ်အရေအတွက်ကို ထုတ်ပြရာဝယ် ပဌမန္တဖြင့်သာထုတ်ပြသကဲ့သို့ ဤ၌လည်း (သရုပ်ထုတ်ပြသည့်နေရာဖြစ်၍) အာသန္ဒီ၊ ပလ္လင်္ကော၊ ဂေါနကော စသည်ဖြင့် ပထမာဝိဘတ်ချွန္တနှင့် သာဟောတော်မူသင့်သည် မဟုတ်ပါလော။ အဘယ်ကြောင့် ပုဒ်အားလုံးတို့၌ အာသန္ဒိံ၊ ပလ္လင်္ကံ၊ ဂေါနကံ စသည်ဖြင့် ဒုတိယာဝိဘတ်ချွန္တနှင့် ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

အဓိပ္ပါယ်ကား အနုယုတ္တာ ဝိဟရန္တိ ဟူသောပုဒ်ကိုငဲ့သောကြောင့် အာသန္ဒိံ၊ ပလ္လင်္ကံ၊ ဂေါနကံ စသည်ဖြင့် ဒုတိယာဝိဘတ်ချွန္တနှင့်ဟောတော်မူပါ၏ဟူလို။

❖ ကမ္မဝသေန ပယောဇနတော "အနုယုတ္တာ ဝိဟရန္တီတိ ပဒံ အပေက္ခိတွာ"တိ ဝုတ္တံ။(သီဋီသစ်)

(င) ပုစ္ဆာ

ဆရာ သည် (ဃ) ဝါကျဖြင့် ရှည်စွာသော အမွေးရှိသော ကော်ဇောကြီးသည် ဂေါနက မည်သောဟုဖွင့်ဆို၏။ ယင်းကော်ဇော်ကြီး၏ ရှည်စွာသောအမွေးရှိ၏ဟူသည် လက်နှစ်သစ် သုံးသစ် ခန့်မျှရှည်သည်ကိုပင်ဆိုလိုပါသလော။ အဘယ်မျှလောက်ရှည်သည်ကို ရှည်သောအမွေးရှိ၏ ဟုဆိုပါသနည်း။ စုဒ်ကြောင့် (င) မိန့်။ (ဂဏ္ဌိ၊ ၂၁၆။)

အဓိပ္ပါယ်ကား ဂေါနကမည်သော ကော်ဇောကြီး၏ အမွေးအရှည်သည် လက်လေးသစ် ထက်ပိုလွန်၏ဟူလို။

၃။ (ခ) စောဒကာဘောဂါဒိစတုက္က

(က) နနု သရူပဿ ဥဒ္ဓါရဏေ အာသန္ဒီ ပလ္လင်္ကော ဂေါနကောတိ ပထမာဝိဘတ္တန္တဝသေန ဝတ္တဗ္ဗော။

(ခ) အထ ကသ္မာ (ပါဠိယံ) သဗ္ဗပဒေသု ဥပယောဂဝစနံ ကတံ။

(ဂ) နနု "အနုယုတ္တာ ဝိဟရန္တိ"တိ ဣမဿ ပဒဿ အပေက္ခနံ ဟောတိ။

(ဃ) တသ္မာ (ပါဠိယံ) သဗ္ဗပဒေသု ဥပယောဂဝစနံ ကတံ။

၄။ ကုယံ ဇဝတိ (သောဘနဝိတ္ထဋဝသေနာ)တိ ကောဇဝေါ။ (သီဋီသစ်)

မြေကြီး၌ တင့်တင့်တယ်တယ်ဖြန့်ခင်းခြင်း၏အစွမ်းဖြင့် ဖြစ်ခြင်းကြိယာသကတ်သည် လည်းကောင်း၊ မြေကြီးဒြဗ်၏ + ကော်ဇောဒြဗ်နှင့် ၎ ၂+ ဌာနီအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သကတ်သည် လည်းကောင်း ဝစနဟောတု။

ကော်ဇောဒြဗ်သည် ဝစနီယ။

ဂေါနက၊ ဒီဃလောမက စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

http://www.dhammadownload.com



◆ ဂဝတိ ဆဒ္ဒံ ကရောတီတိ ဂေါနကော ဟုပြု။ ယု ပစ္စည်း။ ဒွတ္တ ၌ က ပစ္စည်း။ (ဘာသာဋီကာ)

◆ ဂု သဒ္ဒေ၊ ယု။ သကတ္ထေ ကော။ ဥသောတ္တံ၊ ဂေါနကော။ (ဓာန်ဋီ၊ ၃၁၂။)

၅။ (ခ) ၌ အနုယုတ္တာ ကို အနုယုတ္တတ္တာ ဟု ဟိတ်ပြင်။ ယင်း၏သမ္ဗန်ကို ဘေ့တော်သ သမဏဗြာဟ္မဏာနံ ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်။)

◆ ယထာ ဝါ ပနေကေ ဘောန္တော သမဏဗြာဟ္မဏာ (လ) အနုယုတ္တာ ဝိဟရန္တိ။ (ပါဠိတော်)

၆။ (ဂ) ဝါကျဖြင့် ပလ္လင် အရ ထက်ဝယ်ဖွဲ့ခွေထိုင်နေခြင်းကြိယာကို ဤနေရာ၌ မယူရ၊ အခြေ၌သားရဲရုပ်တပ်ဆင်ထားသော ညောင်စောင်းအင်းပျဉ်ကို ယူရမည်ကိုလည်းကောင်း၊ ယင်းအရကောက်နှင့်ညီအောင် ပရိသမန္တတော အင်္ဂီယတေ လက္ခီယတေ ပရိစ္ဆေဒဝသေနာတိ ပလ္လင်္ကောဟု ကမ္မသာဓ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ (ပရိ + အင်္ဂ(အင်္က) + ဏ ဖြင့် ပြီးသောကြောင့်) ပရိအင်္က ဟုဆိုလိုလျက် ရ ၏ မိရာ ဝ္ဓ ကို ချေ။ ရ ကို လ ပြု။ လ တစ်လုံးလာ၍ ပလ္လင် ဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေသည်။ (သီဋီသစ်၊ ၁။ ၂၄၁။ ကိုလည်းရှု)

(ဃ) ဝါကျဖြင့် ဂေါနက အရ ရှည်စွာသော အမွေးရှိသော ကော်ဇောကြီးကို ယူရမည်ကိုလည်းကောင်း၊ ယင်းအရကောက်နှင့်ညီအောင် ဂုဏတီတိ ဂေါနကော၊ (ဓာတုပစ္စယဒီပနီ) (တစ်နည်း၊) ဂဝတိ ဆဒ္ဒံ ကရောတီတိ ဂေါနကော (ဘာသာဋီကာ) ဟု ဝစနတ္ထ ပြုရမည်ကို လည်းကောင်း သိစေပါသည်။

(စ) ဝါကျဖြင့် စိတ္တက ၌ (စိတ္တ-ပုဒ် + တ-ပစ္စည်း) စိတ္တသဒ္ဒါ၏ ဝိစိတ္တ = ဆန်းကြယ်ခြင်း အနက်ဟော --- လည်းကောင်း၊ စိတ္တက အရ နံရံပြောက်သဏ္ဌာန် အစရှိသော အခြင်းအရာအားဖြင့် ချုပ်စပ်ခြင်းဖြင့် ဆန်းကြယ်သော အမွေးဖြင့်ပြီးသော အခင်းကို ယူရမည်ကို လည်းကောင်း၊ ယင်းအခင်းကို အရကောက်နိုင်အောင် စိတ္တံ အဿ အတ္ထီတိ စိတ္တကံ ဟု အဿတ္ထိ တဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေပါသည်။

အမှာ ။ ။ ဘာသာဋီကာ ၌ စိတ္တံ၊ (ဆန်းကြယ်အောင်။) ကရီယတေတိ စိတ္တကံ ဟု ဝစနတ္ထပြုသည်။

၇။ ဒီဃ ကား ဒိ ဓာတ် + ဃ ပစ္စည်း။ ဝ္ဓ ကို ဤ ပြု၍ ပြီးသည်။

◆ ဒိ ခယေ၊ ဃော။ ဒီဃော၊ ဒီ။ (ဓာန်ဋီ၊ ၇၀၇)

အာသန္ဒိ ကား အာ + သဒ + အ + ထီ ဇောတက ဤ ပစ္စည်း။ နိဂ္ဂဟိတ်လာ။ နိဂ္ဂဟိတ် ကို ဝဂ္ဂန္တ န ပြု၍ ပြီးသည်။

◆ သဒ ဝိသရဏဂတျာဝသာနေသု၊ နဒါဒိ၊ မိန္ဒာဂမောစ။ (ဓာန်ဋီ။ ၃၁၂။)

ကောဇဝ ကား ကုဇ + ဏ။ (တစ်နည်း၊) ကု + ဇု + ဏ။ က အစိတ် ဥ ကို ဩ ပြု၊ ဇ အစိတ် ဥ ကို ဩ ပြု၊ ဩ ကို အဝ ပြု၍ ပြီးသည်။

◆ ကုဇ ထေယျကရဏေ၊ ဏော။ ကုယံ ပထဝိယံ ဇဝတီတိ ဝါ ကောဇဝေါ။ ဇု ဂတိယံ။ (ဓာန်ဋီ။ ၃၁၂။)

http://www.dhammadownload.com



ဥဒ္ဓလောမီ ကား ဥဒ္ဓိတ ပုဒ် + လောမီပုဒ်။ ဥဒ္ဓိတ မှ ဣ ကို အ ပြု။ တ ကို ချေ၊ ဒ တစ်လုံးလာ၍ ပြီးသည်။

◆ ဥဒ္ဓိတံ ဒွိသု လောမံ ဒသာ ယဿာတိ ဥဒ္ဓလောမီ၊ ဣ ကာရဿ အ ကာရံ တ ကာရဿ လောပံ ဒွိဘာဝဥ္စ ကတွာ။ (သီဋီသစ်၊ ၁၆၃။)

၈။ တူလိကာ ၌ တူလ သရုပ်နှင့် အဓိပ္ပါယ်။

၁။ ရုက္ခတူလ = လက်ပန်ပင် စသည်မှ ဖြစ်သော သစ်ပင်လဲ။

၂။ လတာတူလ = နွယ်ပင်မှဖြစ်သော နွယ်လဲ။

၃။ ပေါဋကီတူလ =ဖောင်းဒါးမြက် ရှင်မွေလွန်းမြက်မှ ဖြစ်သောလဲ။(ဘာသာဋီကာ။ ၅၃၅။)

◆ တိဏ္ဏံ တူလာနန္တိ ရုက္ခတူလ လတာတူလ ပေါဋကီတူလသင်္ခါတာနံ တိဏ္ဏံ တူလာနံ။ (သီဋီသစ်၊ ၁။ ၁၆၃။)

ပလ္လက်မှတ်ဘွယ်

၁။ ထိုင်ရာနေရာကုဋင်ညောင်စောင်းဟူသော နိသီဒိတဗ္ဗာသနပလ္လင်ဟုခေါ်သည့် ပလ္လက်တစ်မျိုး။ယင်းကိုရအောင် ပရိသမန္တတော အင်္ဂီယတေ လင်္ဂီယတေ ပရိစ္ဆေဒဝသေနာတိ ပလ္လင်္ကော ဟုပြု။

၂။ အပရာဇိတပလ္လင် ဟုခေါ်ဝေါ်အပ်သော ပလ္လက်တစ်မျိုး။ ယင်းကိုရအောင် ပရိသမန္တတော အင်္ဂီယတေ လင်္ဂီယတေတိ ပလ္လင်္ကော။ (တစ်နည်း) ပလ္လံ ကိလေသဝိဒ္ဓံသနံ ကရောတိ ဌာတိ ပလ္လင်္ကော။ ဤသို့နှစ်မျိုးပြု။ (သီဋီသစ်။ ၁။ ၂၄၁။)

၃။ ပေါင်တိုကို ဖွဲ့ခွေခြင်း၏ အစွမ်းဖြင့် ထိုင်နေခြင်းဟူသော ဦရုဗဒ္ဓါသနပလ္လင်ဟုခေါ်သည့် ပလ္လက်တစ်မျိုး။ ယင်းကိုရအောင်-ပရိသမန္တတော အင်္ဂံ အာသနံ ပလ္လင်္ကော-ဟုပြု။ (သီဋီသစ်၊ ၂။ ၁၂၃။)

ဤနေရာ၌ (၁) အရ ပလ္လက်ကိုယူ။ အကြောင်းကား ဥစ္စာသယနမဟာသယနံ အနုယုတ္တာ ဝိဟရန္တိဟူသော ပါဠိတော်၌ ထိုင်ရာနေရာဖြစ်သော ဥစ္စာသယနမဟာသယနသရုပ်ကို ထုတ်ပြသော နေရာဖြစ်သောကြောင့်တည်း။

၉။ စာတုဒ္ဒိသော စသောဂါထာ၌ ---

ပထမ ဒုတိယ စတုတ္ထ ပါဒတို့ကား ဝိပုလဇီဝရဂါထာတို့၏ လက္ခဏာ။ တတိယပါဒကား ဥပေန္ဒဝဇီရဂါထာ၏ လက္ခဏာ။ ဤနှစ်မျိုးရောထားရကား ဥပဇာတိဂါထာဖြစ်သည်။

တပါဒလျှင် အက္ခရာဆယ့်တစ်လုံးစီရှိသောကြောင့် တုဋ္ဌုဘဆန်းဖြစ်သည်။

၁၀။ (၁) ၌ ပဓာနကြိယာကား ကတံ တည်း။

✝ ယင်း၌ အန္တတ္တ အရ အာသန္ဒိံ စသည်ဖြင့် ဒုတိယာဝိဘတ္တျန္တဖြင့် ဟောတော်မူသော ဘုရားရှင်၏ ဒေသနာဉာဏ် ပြဌာန်းသော စိတ္တုပ္ပါဒ်သည် မေ့ရတိဋ္ဌာယိဘာဝ + မေ့သိဂ်ရ ရသ။

✝ အာသန္ဒိံ ပလ္လင်္ကံ စသည်တို့၌ပါသော ဒုတိယာ အံဝိဘတ်သည် အာရမ္မဏဝိဘာဝ။

✝ ယင်းဝိဘတ်၏သက်ရာ အာသန္ဒိ ပလ္လင်္က စသောပုဒ်တို့သည်လည်းကောင်း၊ အာသန္ဒိ

http://www.dhammadownload.com



ပလ္လင် စသောပုဒ်တို၏ အနုယုတ္တာ ဝိဟရန္တိ ဟူသော (ကမ္မာပေက္ခ) ပုဒ်ကို ဝဲနေခြင်း အကြောင်းသကတ်သည်လည်းကောင်း ဥဒ္ဒိပနဝိဘာဝ။

† အာသန္ဒိ ပလ္လင် စသည်ဖြင့် ဒုတိယာဝိဘတ်နှင့် ပေါလိုက်ခြင်းကြောင့် ဝိဘတျတ္တ အနက်မှန်ကို သိရခြင်း စသော ဇကျိုးတရားအဆက်ဆက်သည် အနုဘာဝမည်၏။

**********************

ဝါကျဉ်းချုပ် (၆၃)

(က) သမုဒ္ဒက္ခာယိကာ နာမ ကသ္မာ သမုဒ္ဒေါ သာဂရော ?

(ခ) သာဂရဒေဝေန ခတော၊

(ဂ) တသ္မာ သာဂရော။

(ဃ) "ခတော မေ"တိ ဟတ္ထမုဒ္ဒါယ သယံ နိဝေဒိတတ္တာ သမုဒ္ဒေါတိ ဝေမာဒိကာ နိရုတ္တကာ သမုဒ္ဒက္ခာယနကထာ။

(၄။ ၉၆။ သီဋီသစ်။ ၃၆၈။ နေရင်း။ ၂၈၄။ ပဒုက္ကျ။ ၄၃၈။ ဘာဋီ။ ၅၅၂။)

၁။ အထက်ပါဝါကျ အားလုံးကို အနက်ယောနောပါ။
၂။ အထက်ပါဝါကျတို့ကို လီနတ္ထရစောဒနာ တက်ပြပါ။
၃။ (က ခ ဂ) ဝါကျတို့၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။
၄။ သမုဒ္ဒ ပုဒ်ကို ဝိဂ္ဂဟပြု၍ သဒ္ဒာထုတ်ပါ။
၅။ (ဃ) ဝါကျရှိ ဟိတ်၏ သမ္ဗန်ကိုထုတ်၍ စာစပ်ပါ။
၆။ ဘဝေါတိ ဝုဒ္ဓိ။ အဘဝေါတိ ဟာနိ။ "ဣတိ ဘဝေါ , ဣတိ အဘဝေါ"တိ ယံ ဝါ တံ ဝါ နိရုတ္တကကာရဏံ ဝတွာ ပဝတ္တိတကထာ ဣတိဘဝါဘဝကထာ။ (၄၊ ၈၆။) ကို အာဘော် ဖော်၍ သံဝဏ္ဏနယ အမည်ပေးပါ။
၇။ သမုဒ္ဒ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။
၈။ ဥစ္စာသယန မဟာသယန တို့၏အရကို ပေါ်လွင်အောင်ဖော်ပြပါ။ (သီ၊ ၄၊ ၇၆။)
၉။ မယဉ္စ ဘရိယာ (လ) န မီယရေ။ (၄၊ ၁၆၁။) ဂါထာကို ဂါထာအမည် ဆန်းအမည်ပေးပါ။
၁၀။ (၉) နံပါတ်ဂါထာ၌ စရာမ ပုဒ်၏ ဓာတ်အရကို ရှု၍ ဘာဝစသည် ထုတ်ပါ။

= = = = = = = = = = = = = = = = = = = =

၂။ (က) စသည် လီနတ္ထရစောဒနာ

ဆရာ အာနန္ဒာမထေရ်သည် သမုဒ္ဒက္ခာယိကာဟု ဟော၏။ ယင်းသမုဒ္ဒက္ခာယိကာ ပုဒ်ကို သမုဒ္ဒံ အက္ခာယတီတိ သမုဒ္ဒက္ခာယိကာဟု ကတ္တုသာဓနကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု၍ သမုဒ္ဒက္ခာယိကာအရ သမုဒ္ဒရာကို ပြောကြားတတ်သူ ပုဂ္ဂိုလ်ဒြပ်ကိုပင် ယူရမည်လော၊ အဘယ်သို့ ဝစနတ္ထပြု၍ အဘယ်ကို ယူရမည်နည်း။ သမုဒ္ဒက္ခာယိကာ ၌ ဖြစ်သင့်သော ဝစနတ္ထ အဘိဓေယျတ္ထတို့ကို မပြသော် ဒေသကပုဂ္ဂိုလ်အား သဒ္ဒအတ္ထဆန့်သော ဝိရောဓိဒေါသ-၏။ ဇုဒ်ကြောင့် (က) စသည်မိန့်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား သမုဒ္ဒံ အက္ခာယတိ ဧတေယာတိ သမုဒ္ဒက္ခာယိကာ ဟု ဝစနတ္ထပြု၍ (ဝါ) အက္ခာယတိ ဧတေယာတိ အက္ခာယိကာ၊ သမုဒ္ဒဿ + အက္ခာယိကာ သမုဒ္ဒက္ခာယိကာ ဟု ဝစနတ္ထပြု၍ သမုဒ္ဒက္ခာယိကာအရ သမုဒ္ဒရာကို ပြောဆိုကြောင်းဖြစ်သော စကားကိုသာယူရမည်ဟု ငါပြသောကြောင့် --- ဟူလို။

(ဃ) ဝါကျ အနုသန္ဓေ

ဤသို့ (က+ခ+ဂ) တို့ဖြင့် သမုဒ္ဒက္ခာယိကာ ၌ သမုဒ္ဒဟူသော အစိတ်ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြပြီး၍ ယခုအခါ၌ သမုဒ္ဒက္ခာယိကာ ဟူသော အပေါင်းပုဒ်၏ အဖွင့်ကို ပြခြင်းငှာ (ဃ) ဝါကျမိန့်။

၃။ (က+ခ+ဂ) ဝါကျတို့ကို စတုက္ကထုတ်ပုံ

(က) နနု သမုဒ္ဒေါ သမုဒ္ဒေါယေဝ။

(ခ) အထ ကသ္မာ သမုဒ္ဒေါ သာဂရောတိ တယာ ဝုတ္တော။

(ဂ) နနု သာဂရဒေဝေန ခတော။

(ဃ) တသ္မာ သမုဒ္ဒေါ သာဂရောတိ မယာ ဝုတ္တော။

၄။ ဝိဇ္ဇတိ ပဝေဒနပယောဇနဘူတာ မုဒ္ဒါ ယဿာတိ သမုဒ္ဒေါ။ (သီဋီသစ်)

ကြားခြင်း၏ အကြောင်းဖြစ်သော အဦးအထိပ်ရှိခြင်း၏ + သမုဒ္ဒရာဒြဗ်နှင့် ဂုဏ် + ဂုဏေး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သကတ်သည် ဝစနပယောဇ။

သမုဒ္ဒရာဒြဗ်သည် ဝစနီယ။

သာဂရော သိန္ဓု စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

အမှာ ။ ။ ဘာသာဋီကာ-၅၅၂- ၌ ဝိဇ္ဇတိ မုဒ္ဒါ ယဿာတိ သမုဒ္ဒေါ။ (ဋီကာသစ်၌ "မုဒ္ဒါ" ဟုရှိသည်ကား မကောင်း၊ မုဒ္ဒ သဒ္ဒါသည် ဦးခေါင်း လူပြိန်း လူပျင်း အနက်များကိုသာ ဟော၏။) ("သဟ + မုဒ္ဒါယ + ယော ဝတ္တတီတိ သမုဒ္ဒေါ" ဟုလည်းပြု) ဤသို့ မုဒ္ဒ သဒ္ဒါဖြင့် ဝိဂ္ဂဟ ပြုပြသည်။

၅။ နိဝေဒိတတ္တာ ၏ သမ္ဗန်ကား သမုဒ္ဒဿတည်း။ ကံ + သမ္ဗန်စပ်။

မှတ်ချက် ။ ။ ဟိတ်ကား သတ္တိ၊ ဖိုလ်ရှိဒြပ်၊ သမ္ဗန်မှတ် နိယံနှင့်အညီ သမ္ဗန်ခံခြင်း ဖြစ်သည်။

၆။ (ဃ) ဝါကျ သမုဒ္ဒက္ခာယနကထာ ဖြင့် သမုဒ္ဒက္ခာယိကာ ၌ အက္ခာယိကာဝယ် အာ ရှေ့ရှိသော ခါဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ဏ္ဍူ ပစ္စည်းကရဏသာဓနအနက်၌ သက်သည်ကိုလည်းကောင်း၊ အက္ခာယတိ ဧတေယာတိ အက္ခာယိကာ ဟု ပြုရမည်ကိုလည်းကောင်း၊ အပေါင်းပုဒ်ကို သမုဒ္ဒဿ + အက္ခာယိကာ သမုဒ္ဒက္ခာယိကာဟု ကမ္မတ္ထဆဋ္ဌီပြုရမည်ကိုလည်းကောင်း၊ သမုဒ္ဒက္ခာယိကာ အရ သမုဒ္ဒရာကိုပြောဆိုကြောင်း စကားကို အရကောက်ရမည်ကိုလည်းကောင်း သိစေပါသည်။

"ခတော မေ"တိ (ပ) နိရတ္ထကာ ဖြင့် သမုဒ္ဒရာကို ဆိုကြောင်းဖြစ်သော စကားဟူသည် ဤသမုဒ္ဒရာကို ငါးတူးအပ်ပြီ။ (ပ) ဤသို့စသည်ဖြင့်အကျိုးမရှိသောစကားပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



ဝုနိ ဖြင့် ဘဝ သဒ္ဒါသည် ဝုနိ အနက်ဟောဏ်ဟု သိစေသည်။ (တစ်နည်း) ဘဝေါ်၌ ဘူဓာတ်၏ ဝုနိ အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ အ ပစ္စည်း၏ ကတ္တုသာဓ်အနက်၌ သက် --- လည်းကောင်း၊ ဘဝတိ ဝဍ္ဎတီတိ ဘဝေါ ဟု ကတ္တုသာဓနေဝစနတ္ထပြု-လည်းကောင်း သိစေပါသည်။

❖ ဘဝေါတိ ဝုနိ ဘဝတိ ဝဍ္ဎတီတိ ကတ္တာ။ (သီဋီသစ်၊ ၃၆၈။)

ဟာနိ ဖြင့် အဘဝ သဒ္ဒါသည် ဟာနိ အနက်ဟောဏ်ဟု သိစေသည်။ (တစ်နည်း) အဘဝေါ်၌ အ သဒ္ဒါသည် ဝိရဟ အနက်ဟော --- လည်းကောင်း၊ န + ဘဝေါ အဘဝေါ ဟု မိဿကတပ္ပုရိသ် သမာသ်ဝစနတ္ထပြု --- လည်းကောင်း သိစေပါသည်။

❖ အဘဝေါတိ ဟာနိ တဗ္ဗိရဟော။ (သီဋီသစ်။ ၃၆၈။)

"ဣတိ ဘဝေါ ဣတိ အဘဝေါ"တိ ပဝတ္တိတကထာ ဖြင့် ဣတိဘဝါဘဝကထာ ၌ ဘဝါဘဝ ပုဒ်ကို ဘဝေါစ+အဘဝေါစ ဘဝါဘဝေါ ဟု ဒွန်သမာသ်ဝစနတ္ထပြု--လည်းကောင်း၊ ဒွန်၏နောက်၌ရှိသောပုဒ်များကို ဒွန်ပုဒ်တိုင်းနှင့် ယှဉ်စပ်၍ အနက်သမ္ဗန်ရသကဲ့သို့ ဤနေရာ၌ ဒွန်ပုဒ်၏ရှေ့၌ရှိသော ဣတိ ပုဒ်ကိုလည်း ဘဝပုဒ်နှင့်လည်းကောင်း၊ အဘဝပုဒ်နှင့် လည်းကောင်း အသီးသီးယှဉ်စပ်၍ အနက်သမ္ဗန်ရမည်ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ ဣတိ + ဘဝါဘဝေါတိ +ပဝတ္တိတာ+ကထာ ဣတိဘဝါဘဝကထာဟု ပဝတ္တိတအလယ်ပုဒ်ကျေသော သမ္ဘာဝနာကမ္မဓာရယ် သမာသ်ဝစနတ္ထပြု---လည်းကောင်း သိစေပါသည်။

ယံ ဝါ တံ ဝါ နိရတ္ထကကာရဏံ ဝတ္ဘာ ဖြင့် ဘာဝတ္ထ သိစေသည်။

၇။ သမုဒ္ဒ ကား သဟ + မုဒ္ဒ။ သဟ ကို သ ပြု၊ ဓ ကို ဒ ပြု၍ ပြီးသည်။

❖ ဝိဇ္ဇတိ ပဝေဒနဟေတုဘူတာ မုဒ္ဒါ ယဿာတိ သမုဒ္ဒေါ၊ ဓ ကာရဿ ဒ ကာရံ ကတ္ဝာ။ သဟ သဒ္ဒေါစေတ္ထ ဝိဇ္ဇမာနတ္ထဝါစကော။ (သီဋီသစ်။ ၃၆၈။)

(တစ်နည်း) သံ + ဥန္ဒ + ဒက်။ သမုန္ဒဒ ဟူလိုလျက် န ကို ချေ၍ ပြီးသည်။

❖ သမ္မာ ဥန္ဒတိ ကိလေဒတီတိ သမုဒ္ဒေါ။ (ဏွာဒိ၊ မောင်။ ၉၆။)

(တစ်နည်း) သမ + ဥဒက။ သမုဒက ဟူလိုလျက် က ချေ၊ ဒ ဒွေဘော်လာ၍ပြီးသည်။

(တစ်နည်း) သမ + ဥဒက။ ဥဒက ကို ဥဒ ပြု၊ ဒ ဒွေဘော်လာ၍ပြီးသည်။

❖ သမံ ဥဒကေန လောကံ ဓတ္တာတိ ဝါ သမုဒ္ဒေါ။ သတ္တမိပဟုဗ္ဗီဟိ၊ ဒွိတ္တံ။ (သူစိ)

❖ တေသုဝုဒ္ဓိတိအာဒိနာ သညာယံ ဥဒကဿ ဥဒါဒေသော။ (ရူ။ ၃၇၀။)

❖ ဥဒကဿ ကွစိ က လောပေါစ။ (နီတိ၊ သုတ္တ။ ၂၅၇။ နှာ-၆၁။)

၈။ ပမာဏထက်လွန်သော ညောင်စောင်း အင်းပျဉ်ကို ဥစ္စာသယန၊ မအပ်သောအခင်းကို မဟာသယန (၅၊ ၇၆)

၉။ မယဉ္စ ဘရိယာ စသော (၅၊ ၁၆၁) ဂါထာ၌ ပဌမပါဒသည် ဇ-သ-တ-ဂ-ဂ (သာမညဂါထာ)

ဒုတိယပါဒသည် တ-သ-တ-ဂ-ဂ = (သာမညဂါထာ)

တတိယပါဒသည် တ-ရ-န-ရ-ဂ = (သာမညဂါထာ)

စတုတ္ထပါဒသည် တ-တ-ဇ-ရ = (ဣန္ဒဝံသဂါထာ)

http://www.dhammadownload.com



ထိုလက္ခဏာရောရကား ဥပဇာတိ ဂါထာဖြစ်သည်။

ပဌမ၊ ဒုတိယပါဒတို့သည် တုဋ္ဌုဘဆန်း၊ တတိယပါဒသည် အတိဇဂတီဆန်း၊ စတုတ္ထ ပါဒကား ဇဂတီဆန်းဖြစ်သည်။

၁၀။ ✝ စရာမ-၌ ဓာတ်အရ ကာမေသုမိစ္ဆာစာရဝိရတိ သီလ်စေတနာပြဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်ကိုယူ၍ ထို --သည် ဓမ္မရတီဌာယီဘာဝ ဓမ္မသိဂါရဝသ၊

✝ ဝီတိက္ကမိတဗ္ဗဝတ္ထုသည် အာရမ္မဏဝိဘာဝ၊

✝ ယောနိသောမနသိကာရ စသည်သည် ဥဒ္ဒိပနဝိဘာဝ၊

✝ ငယ်ငယ်ရွယ်ရွယ်ဖြင့် မသေရခြင်းစသည်သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

## ဝါကျဥယျာဉ် (၆၄)

(က)အဂ္ဂိဟောမန္တိ ဝေရူပေန ဒါရုနာ ဇဝံ ဟုတေ ဇ္ဇဒံ နာမ ဟောတီတိ အဂ္ဂိဇုယာန်။

(ခ) ဒဗ္ဗိဟောမာဒီနိပိ အဂ္ဂိဟောမာနေဝ၊

(ဂ) ဝေရူပါယ ဒဗ္ဗိယာ ကုဏ္ဍိဒိသေဟိ ကဏာဒီဟိ ဟုတေ ဇ္ဇဒံ နာမ ဟောတီတိ ဇဝံ ပဝတ္တိဝသေန ပန ဝိသုံ ဝုတ္တာနိ။

(၄၊ ၈၈။ သီဋီသစ်၊ ၃၇၁။ နေရင်း၊ ၂၈၉။ ပခုက္ကူ၊ ၄၄၄။ ဘာဋီ၊ ၅၆၂။)

၁။ အထက်ပါဝါကျတို့ကို အနက်မှန်မှန်သမ္ဗန်ပါ။

၂။ (က) ဝါကျ၌ ဟုတေ ပုဒ်သို့ သဒ္ဒပညတ္တိပုစ္ဆာထွက်ပြီးလျှင် (ဂ) ဝါကျကို ဗျတိရေက စောဒနာတက်ပါ။

၃။ (ခ+ဂ) ဝါကျတို့၌ ရသင့်သော အာဘောဂါဒိစတုက္ကကို ထုတ်ခဲ့ပါ။

၄။ (က) ဝါကျ၌ ဒါရု ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ကေတထုတ်ပါ။

၅။ (က) ဝါကျ၌ ဟုတေ ပုဒ်ကို ဟိတ်ပြင်၍ ရသင့်သော သမ္ဗန်ကိုလည်းကောင်း၊ ဘာဝယောဂ ပုဒ်၏ ပစ္စယတ္ထကိုလည်းကောင်း ဖော်ပြပါ။

၆။ (က) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။

၇။ အပိစာယံ တပေါဒါ ၌ တပေါဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။

၈။ အင်္ဂကျမ်းနှင့် အင်္ဂဝိဇ္ဇာကျမ်းတို့၏ အဓိပ္ပါယ်ကို ဖော်ပြပါ။

၉။ မုဟုတ္တဇာတော ဂဝမ္ပတိ (ပ) မရူ (၄၊ ၆၁) ဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။

၁၀။ (ဂ) ဝါကျ၌ ပဓာန ကြိယာ၏ အန္တတ္ထကို ရှု၍ ဘာဝစသည်ထုတ်ပါ။

==================

http://www.dhammadownload.com



၁။ (ဂ) ဝါကျ ဝုတ္တာနိ၏ ကံကို နေရင်းနိသျှ္ဌ တောနိ၊ ထိုဒဗ္ဗိဟောမစသော ပုဒ်တို့ကို။ ပခုတ္တျူနိသျှ္ဌ ဒဗ္ဗိဟောမာဒီနိပိ၊ --- တို့ကိုလည်း။ ဟု ထည့်သည်။ ကတ္တားကို ဘဂဝတော ဟုထည့်။

၂။ (က) ဝါကျ၌ လိုရင်းကား ဓာဒ်နာမ ဟောတိ တည်း။
အဓိပ္ပါယ်ကား ဤမည်သော အကျိုးသည် ဖြစ်၏ဟူလို။
ဆရာသည် ဓာဒ်နာမ ဟောတိ ဖြင့် ဤမည်သော အကျိုးသည် ဖြစ်သော ဟုဆို၏။ မည်သို ပြုလုပ်သော် ဖြစ်ပါသနည်း။ တစ်စုံတစ်ခု မပြုလုပ်ဘဲပင် ဖြစ်ပါသလော၊ (ဝါ) မပူဇော်ကြပဲပင် ဖြစ်ပါသလော။ စုဒ်ကြောင့် ဟုတေ မိန့်။

(ဂ) ဖျတိရေကစောဒနာ

ဆရာသည် (၁) ဝါကျဖြင့် ဒဗ္ဗိဟောမ စသည်တို့သည်လည်း အဂ္ဂိဟောမမျိုးတိုသည် သာလျှင်တည်းဟု ဆို၏။ အကယ်၍ ဒဗ္ဗိဟောမ စသည်တို့သည်လည်း အဂ္ဂိဟောမမျိုးတိုသည်သာ ဖြစ်ကုန်အံ့ (ယဒိ) ယင်းသို့ဖြစ်လျှင် အဂ္ဂိဟောမကိုသာလျှင် ဟောသင့် ဟောထိုက်၍ ဒဗ္ဗိဟောမ စသည်တို့ကို (အဂ္ဂိဟောမမှ) သီးခြားမဟောအပ်၊ မဟောထိုက်သည်မဟုတ်ပါလော၊ ထိုသို့ဖြစ်ပါလျှက် (အထ) အဘယ့်ကြောင့် ဒဗ္ဗိဟောမ စသည်တို့ကိုလည်း သီးခြား ဘုရားဟောတော်မူ အပ်ပါသနည်း၊ စုဒ်ကြောင့် (ဂ) မိန့်။ (ပခုတ္တျူ၊ ၄၄၄။)
အဓိပ္ပါယ်ကား (ဂ) ဝါကျဖြင့် ဤသိုသဘောရှိသော (ပ) ဤမည်သော အကျိုးဖြစ်၏ဟု အကျိုးထူးကိုပြခြင်း၏ အစွမ်းဖြင့် အသီးအခြား ဘုရားဟောတော်မူ၏ ဟူလို။ (ဒေါသတင်လိုက ပုနရုတ္တိဒေါသတင်။)

- ယဒိ ဒဗ္ဗိဟောမာဒီနိပိ အဂ္ဂိဟောမာနေဝ၊ အထ ကသ္မာ ဝိသုံ ဝုတ္တာနီတိ အာဟ "ဝေရူပိယာ"တိ အာဒိ။ (သီဋီသစ်၊ ၃ရ၁။)

၃။ (၁+ဂ) စတုက္ကထုတ်ပုံ

(က) နနု ဒဗ္ဗိဟောမာဒီနိပိ အဂ္ဂိဟောမာနေဝ။
(ခ) အထ ကသ္မာ ဝိသုံ ဝုတ္တာနိ။
(ဂ) နနု ဝေရူပိယ ဒဗ္ဗိယာ ဤဒိသေဟိ ကဏာဒီဟိ ဟုတေ ဓာဒ်နာမ ဟောတီတိ ဧဝံ ပဝတ္တိဝသော (ပဝတ္တိဝိသေသော) ဟောတိ။
(ဃ) တသ္မာ ဝိသုံ ဝုတ္တာနိ။

၄။ ဒရီယတီတိ ဒါရူ၊ (ဒရ + ဏု) (ဏွာဒိ၊ မောဂ်)
ဖောက်ခွဲခြင်းကြိယာသကတ်သည် ဝစနဟေတု၊
ထင်းသစ်သားဒြဗ်သည် ဝစနီယ၊
ကဋ္ဌ စသော ပရိယာယ် ဝစနီယတ္ထ။
ဩဒနာဒီနိ ဒါရေန္တိ တောယာတိ ဒဗ္ဗိ။ (ဒရ + ဗိ) (ဏွာဒိ၊ မောဂ်)
ထမင်းစသည်တို့ကို ခွဲခြင်းကြိယာသကတ်သည် ဝစနဟေတု၊
ယောက်မဒြဗ်သည် ဝစနီယ၊
ကဋုစ္ဆု စသော ပရိယာယ် ဝစနီယတ္ထ။

http://www.dhammadownload.com



◆ အဂတိ ကုဋိလော ဟုတွာ ဂစ္ဆတီတိ အဂ္ဂိ။ ပါဝကော။ (ဏွာဒိ၊ မောဂ်)

၅။ ဟုတေ ကို ဟုတတ္တာ ဟု ဟိတ်ပြင်ရသည်။ ယင်း၏ သမ္ဗန်ကား အဂ္ဂိနော (အဂ္ဂိဿ) ဖြစ်သည်။ ကံ + သမ္ဗန်စပ်။ ပစ္စယတ္ထကား ကမ္မတ္ထတည်း။

၆။ (က) ဝါကျ အဂ္ဂိဇုဟန် ဖြင့် အဂ္ဂိဟောမံ ၌ ဟောမံ ဝယ် ဟု ဓာတ်၏ အဖြစ်ကို လည်းကောင်း၊ မန် ပစ္စည်း ဘာဝသာဓ်၌ သက်သည်ကိုလည်းကောင်း၊ ဟဝန် ဇုဟန် ဟောမံဟု ပြုရမည်ကိုလည်းကောင်း၊ အဂ္ဂိနှင့် ဟောမံကို အဂ္ဂိနော ဟောမံ အဂ္ဂိဟောမံ ဟု ကမ္မတ္ထဆဋ္ဌီ ပြုရမည်ကိုလည်းကောင်း၊ (အင်္ဂအရ အင်္ဂသတ္တကို ယူရသကဲ့သို့) ဤ၌ အဂ္ဂိဟောမံ အရ မီး ပူဇော်ခြင်းကြိယာသာမညကိုမယူရ၊ မီးပူဇော်ခြင်းကိုဆိုသောကျမ်းကိုယူရမည်ကိုလည်းကောင်းသိစေ။

ဝေရူပါယ (ပ) ဟောတီတိ ဖြင့် မီးပူဇော်၏ဟူသည် ဤသို့သဘောရှိသော ထင်းဖြင့် မီးကိုပူဇော်အပ်သော် ဤမည်သော အကျိုးဖြစ်၏ဟု နှလုံးသွင်း၍ ပူဇော်သတည်းဟု သိစေသည်။

၇။ တပေါဒါ ပုဒ် နိရုတ္တိကို ဝါကျဥယျာဉ် (၁၅)၌ ဖြေခဲ့ပြီ။
ဒီဗ္ဗိ ကား ဒရ + ဗိ။ ရ ကို ချေ၊ ဗ ဒွေဘော်လာ၍ ပြီးသည်။
(တစ်နည်း) ရ ကို ပရရုပ် ဗ ပြု၍ ပြီးသည်။ (မမွ နည်းမှီး။)
◆ ဒရာ ဗိ။ ဒရ ဝိဒါရဏေတိသ္မာ ဗိ ဟောတိ။ (ဏွာဒိ၊ မောဂ်)
(တစ်နည်း) ဒု + ဗ။ ထိ ဓာတက ဤ ပစ္စည်း။ ဗ လာ၊ ဥ ကို အ ပြု၊ ဤ ကို ဣ ပြု၍ ပြီးသည်။
◆ ဒု ဂတိယံ၊ ဗော။ နဒါဒိ။ ဒဗ္ဗိ။ ရဿေ ဒဗ္ဗိ။ (ဓာန်ဋီ။ ၄၅၈။)

၈။ အင်္ဂကျမ်းနှင့် အင်္ဂဝိဇ္ဇာကျမ်း အဓိပ္ပါယ်။

လက်ခြေ စသည်တို့တွင် ဤသို့သဘောရှိသော အင်္ဂါနှင့် ပြည့်စုံသူသည် အသက် ရှည်၏၊ အခြံအရံများ၏ စသည်ဖြင့် ပြဆိုသောကျမ်းကို အင်္ဂကျမ်း ဟုခေါ်သည်။ (၄။ ၈၇။)

လက်ချောင်းရိုး (ဝါ) လက်ချောင်း၌ ပေါက်တတ်သော အရိုးကိုကြည့်၍ မန္တာန်စုတ်ပြီး လျှင် ဤသူကား အမျိုးကောင်းသားဖြစ်မည်၊ ဤသူကား အမျိုးကောင်းသားမဟုတ်၊ ဤသူကား ဘုန်းကျက်သရေနှင့် ပြည့်စုံမည်၊ ဤသူကား ဘုန်းကျက်သရေနှင့် မပြည့်စုံ စသည်ဖြင့် ပြောကြား ပြဆိုသော ကျမ်းကို "အင်္ဂဝိဇ္ဇာ" ကျမ်းဟု ခေါ်သည်။ (၄။ ၈၈။)

"အင်္ဂကျမ်းနှင့် လက္ခဏာကျမ်းအထူး"

အင်္ဂါပြည့်စုံမှု အင်္ဂါချို့ယွင်းမှုကို ပြဆိုကာမျှ ဖြစ်သောကျမ်းသည် အင်္ဂကျမ်းမည်၏။

တန်းခိုးအာနုဘော် ကြီးမားသည်၏ အဖြစ်၊ စသည်ကို ပြီးစေတတ်သော လက္ခဏာအထူး ကို ပြဆိုသောကျမ်းသည် လက္ခဏာကျမ်းမည်၏။ ဤသို့ထူးသည်။ (သီဋီသစ်။ ၃၇၀။)

၉။ ရှေ့နှစ်ပါဒကား ဇ-တ-ဇ-ရ = နေသောကြောင့် ဝံသဋ္ဌဂါထာ၊
နောက်နှစ်ပါဒကား တ-တ-ဇ-ရ = နေသောကြောင့် ဣန္ဒဝံသဂါထာ။
ထိုနှစ်မျိုးကို ရောသော ဥပဇာတိဂါထာ။ ၁၂-လုံးဘွဲ့ ဇဂတီ ဆန်း။

http://www.dhammadownload.com



၁၀။ † (ဂ) ဝါကျ ဝုတ္တာနိ ၌ အန္တတ္တအရ ဘုရားရှင်၏ သန္တာန်၌ ဖြစ်သော ဒေသနာဉာဏ် ပြဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကို ယူ၍ ထို--သည် ဓမ္မရတိဌာယီဘာဝ + ဓမ္မသိဂါရဝတာ၊

† တရားနာပရိသတ်သည်လည်းကောင်း၊ ဒမ္မိဟောမ စသော မနသာဝဝတ္တာပိတသဒ္ဒါသည်လည်းကောင်း အာရမ္မဏဝိဘာဝ၊

† မဟာကရုဏာဉာဏ်သည်လည်းကောင်း၊ သတ္တဝါတို့၏ သံသရာ၌ နစ်မွန်းမျောပါးရခြင်းသည်လည်းကောင်း ဥပ္ပိပနဝိဘာဝ၊

† ဓမ္မသာဝနကိုသိုလ် ဖြစ်ခြင်းအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝမည်၏။

*********************

## ဝါကျဥယျာဉ် (၆၅)

(က) သကုဏဝ်ဇ္ဇာတိ သပက္ခကအပက္ခကဒ္ဒိပဒစတုပ္ပဒါနံ ရုတဂဏာဒိဝသေန သကုဏဉာဏံ။
(ခ) ဝါယသဝိဇ္ဇာတိ ကာကရုတဉာဏံ။
(ဂ) တံ ဝိသုဉ္စေဝ သတ္ထံ၊ တဿ ဝိသုံ ဝုတ္တံ။
(ဃ) ပဏ္ဍ္ဍဇာနန္တိ ပရိပါကဂတစိန္တာ။
(င) ဟဒါနိ "အယံ တ္တေကံ ဇီဝိဿတိ၊ အယံ တ္တေက"န္တိ ဧဝံ ပဝတ္တံ အဒိဋ္ဌဉာဏန္တိ အတ္တော။
(စ) သရပရိတ္တာဏန္တိ သရရက္ခံ၊ ယထာ အတ္တနော ဥပရိ န အာဂစ္ဆတိ၊ ဧဝံ ကရဏဝိဇ္ဇာ။
(၅။ ၈၉။ သီဋီသစ်။ ၃၇၁။ နေရင်း။ ၂၉၁။ ပခုက္ကူ။ ၄၄၆။ ဘာသာဋီ။ ၅၆၇။ ဂဏ္ဌိ။ ၂၂၃။)

၁။ (စ) ဝါကျကို ယထာ တထာ၊ ဥပမာမဟုတ် စသော နိယံနှင့်အညီ အနက်ယောနေပါ။
၂။ (ဂ) ဝါကျ ဝိသုဉ္စေဝမှ အပါဒါန်ပုဒ်သို့ သိသာရုံစာထွက်၍ (ဂ) ဝါကျကို ပုစ္ဆာတက်ပြပါ။
၃။ (ဂ) ဝါကျကို စောဒကာသောဂါဒိစတုက္က ထုတ်ပြပါ။
၄။ ကာကရုတဉာဏံ ၌ ကာက ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟထုတ်ပါ။
၅။ (ဂ) ဝါကျဝယ် တဿနောက်ဖြစ်သင့်သော ဟိတ်ပုဒ်၏ သမ္ဗန်ကိုဖော်ထုတ်၍ စာစပ်ပြပါ။
၆။ (ခ+ဃ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။
၇။ ဝါယသဝိဇ္ဇာ၌ ဝိဇ္ဇာ၏ ပဒသိဒ္ဓိ အကျဉ်းကိုရေးပါ။
၈။ လက်ထပ်မင်္ဂလာနှင့် ပတ်သက်သော အာဝါဟ ဝိဝါဟ သံဝရဏတို့၏ အဓိပ္ပါယ်ကိုဖော်ပြပါ။
၉။ (ခ+ဂ) ဝါကျ တို့ကို ကြိုက်နှစ်သက်ရာ ဂါထာတစ်ပုဒ် သီကုံး၍ ဂါထာအမည်ပေးခဲ့ပါ။
၁၀။ (ဂ) ဝါကျ ပဓာနကြိယာ၏ ဓာတွတ္ထကို ရှု၍ ဘာဝစသည်ထုတ်ပါ။

==================

http://www.dhammadownload.com



၁။ ယထာ၊ အကြင်သိုသော အခြင်းအရာအားဖြင့်။ ကရိယမာနေ၊ --ရှိသော်။ အတ္တနော၊ ၏။ ဥပရိ၊ အထက်သို့။ သရာ၊ မြားတိုသည်။ န အာဂစ္ဆန္တိ၊ မလာနိုင်ကုန်။ ဧဝံ၊---အားဖြင့်။ ကရဏဝိဇ္ဇာ၊ ပြုကြောင်းဖြစ်သော အတတ်သည်။ သရပရိတ္တာဏန္တိ၊ သရပရိတ္တာဏ မည်၏။

၂။ (ဂ) ဝါကျ၌ ဝိသုဒ္ဓေ၀ ၏ အပါဒါန်ကား သကုဏဝိဇ္ဇာယ တည်း။
ကျမ်းထွက် ။ ။ ဆရာသည် ဝိသုဒ္ဓေ၀ ဟူသော အပါဒါနီကို ဆို၏။ အပါဒါနီသည် အပါဒါန်နှင့် မကင်းကောင်းသည်မဟုတ်ပါလော၊ ယင်း၏ အပါဒါန်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် သကုဏဝိဇ္ဇာယ (ပါဌသေသ) ဟူသောအပါဒါန်မိန့်။

(ဂ) ဝါကျ ပုစ္ဆာ

ဆရာ မြတ်စွာဘုရားသည် ဝါယသဝိဇ္ဇာ ဟုဟော၏။ သကုဏဝိဇ္ဇာ၌သာလျှင် ဝါယသဝိဇ္ဇာ သည် အကျုံးဝင်သည် မဟုတ်ပါလော၊ (ငှို၊ ၃၇၂။) ကျီးလည်း ငှက်ပင် ဖြစ်ရကား သကုဏဝိဇ္ဇာ ဖြင့် ပြီးကောင်းသည် မဟုတ်ပါလော (ဂဏ္ဌိ၊ ၂၂၃။) ယင်းသို့ အကျုံးဝင်ပါလျက် (ပြီးကောင်းပါလျက်) အဘယ့်ကြောင့် ဝါယသဝိဇ္ဇာ ကို သီးခြားဟောပြန်သနည်း။ (ဂ) ဝါကျ မိန့်။ အဓိပ္ပါယ်ကား ကျီးမြည်သံကို သိကြောင်းဖြစ်သော အတတ်သည် သကုဏဝိဇ္ဇာမှ သီးခြားကျမ်း ဖြစ်သောကြောင့် သီးခြားတဘန် ဟော၏ဟူလို။

✦ နနု သကုဏဝိဇ္ဇာယဧဝ ဝါယသဝိဇ္ဇာ ပဝိဋ္ဌာတိ အာဟ "တံ ဝိသုဒ္ဓေ၀ သတ္ထ"န္တိ။ (သီဋီသစ်)

(င) ဝါကျ အနုသန္ဓေ

(ယခုအခါ၌) ယင်းအနက်ကို သိသာခြားနား ထင်ရှားပြလိုရကား ဣဒါနိ စသည်မိန့်။
(တစ်နည်း) (ယခုအခါ၌) ရင့်ကျက်ခြင်းသို့ ရောက်သည်၏ အဖြစ်ကို အတ္တဘော၏ အစွမ်း ဖြင့်လည်းကောင်း၊ အသက်ရှည်ရာကာလ၏ အစွမ်းဖြင့်လည်းကောင်း ယူအပ်၏ဟု ပြလို၍ ဣဒါနိ အစမိန့်။

✦ ပရိပက္ကဂတဘာဝေါ အတ္တဘာဝဿ ဇီဝိတကာလဿစ ဝသေန ဂဟေတဗ္ဗောတိ ဒဿေတိ "ဣဒါနီ"တိ အာဒိနာ။ (သီဋီသစ်)

၃။ (ခ) စောဒကာဘောဂါဒိစထုက္က ထုတ်ပုံ။

(က) နနု သကုဏဝိဇ္ဇာယဧဝ ဝါယသဝိဇ္ဇာ ပဝိဋ္ဌာ။
(ခ) အထ ကသ္မာ ဝိသုံ ဝုတ္တံ။
(ဂ) နနု တံ ဝိသုဒ္ဓေ၀ သတ္ထံ။
(ဃ) တသ္မာ ဝိသုံ ဝုတ္တံ။

၄။ ကာယတိ သဒ္ဒံ ကရောတီတိ ကာကော။ (ကွာဒိ မောဂ်)
အသံပြုခြင်းကြိယာသကတ်သည် ဝစနဟေတု၊
ကျီးဒြဗ်သည် ဝစနီယ၊
ဝါယသ အရိဋ္ဌ ဓင်္က စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊
✦ ဝယတိ ဂစ္ဆတီတိ ဝါယသော။ (ဝယ + အသက်) (ကွာဒိ၊ မောဂ်)
✦ သင်္ကောတိ ဥဒ္ဒံ ဂစ္ဆန္တီ သကုဏော။ (ဓာန်ဋီ။ ၆၂၄။)

http://www.dhammadownload.com



၅။ တဿာ၊ ထိုသို့ဝါယသဝိဇ္ဇာအတတ်၏ သကုဏဝိဇ္ဇာအတတ်မှ အသီးအခြား၏ အဖြစ် ကြောင့်။ ဝိသုံ။ ဘာဝတာ။ ဝုတ္တံ။ (ပဒရူပ။ ၄၄၆။)

ယင်းပဒရူပသျှအလို တဿာကို တဿာ ဝိသုံဘာဝတောဟု ဟိတ်ပြင်၍၊ တဿာ ဝါယသဝိဇ္ဇာယ --- ဟု သမ္ဗန်ခံရသည်။ (ကတ္တား + သမ္ဗန်စပ်)

တစ်နည်း ။ ။ တဿာ၊ ကြောင့်။ တံ၊ ထိုဝါယသဝိဇ္ဇာဟူသော ပါဌ်ကို။ (ထည့်) ဝိသုံ။ ဝုတ္တံ။ (နေရင်း၊ ၂၉၂။) --- ယင်းနေရင်းသျှအလို တဿ ဝါယသဝိဇ္ဇာတိပဒဿ ဟု သမ္ဗန်ခံရမည်။

၆။ (က) ဝါကျ သကုဏဉာဏ်ဖြင့် သကုဏဝိဇ္ဇာသည် သကုဏဉာဏ၏ပရိယာယ်ဟု သိစေပါသည်။

တစ်နည်း ။ ။ သကုဏဝိဇ္ဇာ၌ ဝိဒ ဓာတ်၏ ဉာဏအနက်ဟောသည်ကိုလည်းကောင်း၊ ဏျ ပစ္စည်း ဘာဝသာဓ် (သို့မဟုတ်) ကရဏသာဓ်၌ သက်သည်ကိုလည်းကောင်း၊ ဝိဒိယတေ ဝိဇ္ဇာ (သို့) ဝိဒတိ တေယာတိ ဝိဇ္ဇာဟု ပြုရမည်ကိုလည်းကောင်း၊ အပေါင်းပုဒ်ကို သကုဏာနံ ဝိဇ္ဇာ သကုဏဝိဇ္ဇာဟု ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ် ပြုရမည်ကိုလည်းကောင်း သိစေပါသည်။

သပက္ခကအပက္ခကဒွိပဒစတုပ္ပဒါနံ ဖြင့် သကုဏပုဒ်ကို သကုဏောစ မိဂေါစ သကုဏာဟု ဥတ္တရပဒလောပဒွန်သမာသ် ပြုရမည်ကိုလည်းကောင်း၊ သကုဏအရ သပက္ခက အပက္ခကဒွိပဒစတုပ္ပဒသတ္တဝါတို့ကို ယူရမည်ကိုလည်းကောင်း (တစ်နည်း) သကုဏ အရ နိဒဿန နည်းအားဖြင့် ယင်းသတ္တဝါတို့ကို ယူရမည်ကိုလည်းကောင်း သိစေပါသည်။

❖ သပက္ခကအပက္ခကဒွိပဒစတုပ္ပဒါနန္တိ (ပ) ဧတေန "သကုဏဝိဇ္ဇာ"တိ ဣဓ မိဂသဒ္ဒဿလောပံ နိဒဿနမတ္တံ ဝါ ဒဿေတိ။ (သီဋီသစ်၊ ၃၇၂။)

(ခ) ဝါကျ ကာကရုတဉာဏ်ဖြင့် ဝါယသဝိဇ္ဇာ၌ ဝါယသသဒ္ဒါသည် ကျီးဟော-ကာက၏ ပရိယာယ်အဖြစ်ကိုလည်းကောင်း၊ (ဝိဇ္ဇာကို ဉာဏ ဟုဖွင့်ရာ၌ ရှေ့နည်းတူ ဖော်လေ) ဝါယသာနံ + ဝိဇ္ဇာ ဝါယသဝိဇ္ဇာ --- ဟု ပြုရမည်ကိုလည်းကောင်း သိစေပါသည်။

(ဃ) ဝါကျ ပရိပါကဂတစိန္တာ ဖြင့် ပက္ကဇ္ဈာနံ ၌ ပက္ကကို ပစ္စိတ္ထာတိ ပက္ကံ ဟု အတိတ်ကတ္တုသာဓ် ပြုရမည်ကိုလည်းကောင်း၊ တ ပစ္စည်း၏ အတိတ်ကတ္တုသာဓ်အနက်၌ သက် -လည်းကောင်း၊ ပစ ဓာတ်၏ ပရိပါကအနက်ဟောသည်ကိုလည်းကောင်း၊ ဈာနံ၌ ဈေဓာတ်၏ စိန္တာအနက်ဟောသည်ကိုလည်းကောင်း၊ ယု ပစ္စည်း၏ ဘာဝသာဓ် (သို့မဟုတ်) ကရဏသာဓ်၌ သက်သည်ကိုလည်းကောင်း၊ ဈာယတေ ဈာနံ (သို့မဟုတ်) ဈာယတိ ဧတေနာတိ ဈာနံ ဟု ပြုရမည်ကိုလည်းကောင်း၊ ပက္ကဿ ဈာနံ ပက္ကဇ္ဈာနံ ဟု ပြုရမည်ကိုလည်းကောင်း၊ ပက္ကဇ္ဈာနံအရ သက်ကြည့်ဗေဒင် အတတ်ကိုယူရမည်ကိုလည်းကောင်း သိစေပါသည်။

(စ) ဝါကျ သရရက္ခဏံ ဖြင့် သရပရိတ္တာဏံ ၌ ပရိတ္တာဏံ ဝယ် ပရိ ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက-လည်းကောင်း၊ တာ ဓာတ်၏ ရက္ခဏအနက်ဟော-လည်းကောင်း သိစေပါသည်။

၇။ ဝိဇ္ဇာကား ဝိဒ + ဏျ။ ဒျ ကို ဇ ပြု၊ ဇ ဒွေဘော်လာ၊ ဣတ္ထိဇောတက အာ ပစ္စည်းသက်၍ ပြီးသည်။

သကုဏကား သက + ကုန။ (က အနုဗန်ရှိသော ဥန ပစ္စည်း။) သကုန ဟူလိုလျက် န ကို ဏ ပြု၍ ပြီးသည်။ (ကွာဒိမောဂ်)

http://www.dhammadownload.com



သကုဏဝိဇ္ဇာကား သကုဏမိဂဝိဇ္ဇာ ဟူလိုလျက် မိဂ ပုဒ်ကိုချေ၍ ပြီးသည်။ (သီဋီသစ်)
မိဂကား မရ + အ။ ရ ကို ဂ ပြု၊ မ ၌ အ ကို ဣ ပြု၍ ပြီးသည်။
တစ်နည်း ။ ။ မဂ + အ။ မ ၌ အ ကို ဣ ပြု၍ ပြီးသည်။

◆ မရ ပါဏစာဂေ၊ အ။ ရဿ ဂေါ။ ဣတ္တဥ္စ။ မဂ အနွေသနေ ဝါ။ (သူစိ)

၈။ အာဝါဟ ဝိဝါဟ သံဝရဏ တို့၏ အဓိပ္ပါယ်ကို အဋ္ဌကထာ နှာ-၉၀ ၌ ရှုပါ။

၉။ (၁+၈) ဂါထာစီ

ဝါယသဝိဇ္ဇာတိ ကာက-ရုတဿ ဇာနနံ ဘဝေ။
တေ သတ္တံ ဝိသုဉ္စေဝ၊ တသ္မာ ဝုတ္တံ ဝိသုံ ပဒံ။ (ပထမ ရ-ကာရဝိပုလာဂါထာ)

၁၀။ ✝ ဝုတ္တံ ၌ ဝစ ဓာတ်အရ ဘုရားရှင်၏ သန္တာန်၌ ဒေသနာဉာဏ် ပြဋ္ဌာန်းသောမဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ဓမ္မရတိဋ္ဌာယိဘာဝ + ဓမ္မသိဂ်ဳရ ရသ။
✝ ဝါယသဝိဇ္ဇာ ဟူသော မနသာဝဝတ္ထပိတဒေသနာတော်ဖြစ်သည် အာရမ္မဏဝိဘာဝ။
✝ လောကီကျမ်းများ၌ ဝါယသဝိဇ္ဇာကျမ်းဟူ၍ တသီးတခြား (အမှန်တကယ်) ရှိနေခြင်း သည်လည်းကောင်း၊ ရှိသည့်အတိုင်း သိမြင်နိုင်သော ဘုရားရှင်၏ ဉာဏ်တော်ပါရမီတော် အစွမ်းတို့ သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
✝ ဝါယသဝိဇ္ဇာကျမ်းဟူ၍ တသီးတခြားရှိ၏ဟု သောတုဇနများသိရှိရခြင်းစသော အကျိုး တရား အသက်ဆက်သည် အနုဘာဝ။

*********************

ဝါကျဥယျာဉ် (၆၆)

(က) သုဘဂကရဏန္တိ ပိယမနာပကရဏံ ဝါ သဿိရီကကရဏံ ဝါ။
(ခ) ဒုဗ္ဘဂကရဏန္တိ တပ္ပိပရီတံ။
(ဂ) ဝိရုဒ္ဓဂဗ္ဘကရဏန္တိ ဝိရုဒ္ဓဿ ဝိလီနဿ အဋ္ဌိတဿ ဝိနဿမာနဿ ဂဗ္ဘဿ ကရဏံ။
(ဃ) ပုန အဝိနာသာယ ဘေသဇ္ဇဒါနန္တိ အတ္ထော။
(င) ဂဗ္ဘော ဟိ ဝါတေန ပါဏကေဟိ ကမ္မုနာစာတိ တီဟိ ကာရဏေဟိ ဝိနဿတိ။
(စ) တတ္ထ ဝါတေန ဝိနဿန္တေ နိဗ္ဗာပနီယံ သီတလံ ဘေသဇ္ဇံ ဒေတိ၊ ပါဏကေဟိ ဝိနဿန္တေ ပါဏကာနံ ပဋိကမ္မံ ကရောတိ၊ ကမ္မုနာ ဝိနဿန္တေ ပန ဗုဒ္ဓါပိ ပဋိဗာဟိတုံ န သက္ကောန္တိ။
(ဌ၊ ၉၁။ သီဋီသစ်။ ၁။ ၃၇၅။ ပဥ္စက္ခူသျ။ ၄၅၂။ ဘာသာဋီကာ။ ၅၇၉။)

၁။ (င+စ) ဝါကျတို့ကို မှန်ကန်စွာ အနက်ယောဇနာပါ။
၂။ (င) ဝါကျကို သာဘောဂပုစ္ဆာတက်ခဲ့ပါ။
၃။ (စ) ဝါကျ ကမ္မုနာ ဝိနဿန္တေ ပန စသော နောက်ဆုံးဝါကျ၌ ဓာတ်ကာဘောဂါဒီစတုက္က ကြံဆ၍ ထုတ်ခဲ့ပါ။

http://www.dhammadownload.com



၄။ (က) ဝါကျ သဿိရိက ၌ သိရီ ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ထုတ်ပြခဲ့ပါ။
၅။ (ခ) ဝါကျ၌ လက္ခဏကြိယာများကို ဟိတ်ပြင်၍ ယင်းတို့၏ သမ္ဗန်ကိုခံပြီး အတ္ထာနုရုပ် စာစပ်ပြခဲ့ပါ။
၆။ (က+ဂ+ဃ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။
၇။ ဘေသဇ္ဇ ဂဣ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ ဝိနည်းအဋ္ဌကထာ၌ ကိုယ်ဝန်ပျက်စီးကြောင်းသည် နှစ်ပါးသာလာရှိပါလျက် ဤအဋ္ဌကထာ၌ ကိုယ်ဝန်ပျက်စီးကြောင်း သုံးပါးဆိုထားရခြင်း အကြောင်းကို ကျမ်းဂန်အချင်းချင်း ညှိနှိုင်း၍ ရှင်းပြခဲ့ပါ။
၉။ (င) ဝါကျလာ စကားရပ်ကို ဝတ္တုဇာတိတွင် ကြိုက်နှစ်သက်ရာ ဂါထာတစ်ပုဒ်သီကုံးပြပါ။
၁၀။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။ (၄၊ ၁၆။) ဂါထာတစ်ခုလုံးကို ရှု၍ ဘာဝ ဝိဘာဝ အနုဘာဝ ထုတ်ပြခဲ့ပါ။

= = = = = = = = = = = = = = = = = = =

၁။ (င) သာဘောဂပုစ္ဆာ။

ဆရာ သည် (ဂ+ဃ) နှစ်ဝါကျဖြင့် ပျက်စီးသွားလေပြီးသော ကိုယ်ဝန်သူငယ်ကို တဖန် မပျက်စီးအောင် ဆေးကိုပေးခြင်းသည် ဝိရုဒ္ဓဂဗ္ဘကရဏမည်သောဟု ဆို၏။ ယင်းစကားရပ်၌ ဝိရုဒ္ဓဂဗ္ဘ = ပျက်စီးသွားလေပြီးသော ကိုယ်ဝန်ဟု ဆိုထားရာ ကိုယ်ဝန်ပျက်ကြောင်းတရားသည် တစ်ပါး နှစ်ပါးတည်းသာရှိ၏ဟု မှတ်သားရပါမည်လော။ (ဦနစောဒနာ) ကိုယ်ဝန်ပျက်ကြောင်း တရားသည် လေးပါး ငါးပါးစသည်ရှိ၏ဟူ၍ မှတ်သားရပါမည်လော။(အဓိကစောဒနာ) ကိုယ်ဝန် ပျက်ကြောင်း တရားသည် စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရား သုံးပါးပင် ဖြစ်ပါသလော။ (အညစောဒနာ) ကိုယ်ဝန်သူငယ်သည် အဘယ်မျှလောက်သော အကြောင်းတရား တို့ကြောင့် ပျက်စီးနိုင်ပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

(ခ) ပုစ္ဆာ

ဆရာ သည် (င) ဝါကျဖြင့် ကိုယ်ဝန်သူငယ်သည် လေ ပိုး ကံ အကြောင်းတရား သုံးပါး တို့ကြောင့်(ဝါ) သုံးပါးတို့တွင် တစ်ပါးပါးသော အကြောင်းကြောင့် ပျက်စီးနိုင်သော ဟုဆို၏။ ယင်းကိုယ်ဝန်သူငယ် ပျက်စီးကြောင်းတရားသုံးပါးသည် ကုစားမှုပြုရာ၌ ထူးခြားမှုမရှိ အတူတူချည်းသာဖြစ်၏ ဟုမှတ်သားအပ်ပါသလော။ ယင်းအကြောင်းတရား သုံးပါးသည် ကုစားမှု ပြုရာ၌ မည်သို့ ထူးခြားကြပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

အဓိပ္ပါယ်ကား လေ ပိုးတို့ကြောင့် ကိုယ်ဝန်သူငယ်ပျက်စီးခဲ့သော် ကုစား၍ရနိုင် ကောင်းသေး၏၊ ကံကြောင့်ပျက်စီခဲ့လျှင်ကား ဘုရားရှင်တို့သော်မှ ကုစား၍မရနိုင်ဟု အကြောင်း သုံးပါး ထူးခြားပုံကို ငါပြဆိုပါ၏ဟူလို။

၃။ (ခ) ဝါကျ ကမ္ဗုနာ ဝိနယဿန္တေ စသည်၌ စထုတ္ထထုတ်ပုံ

(က) နနု ဗုဒ္ဓါ အနန္တဂုဏာ ဟောန္တိ။
(ခ) အထ ကသ္မာ ဗုဒ္ဓါပိ ပဋိဗာဟိတုံ န သက္ကောန္တိ။

http://www.dhammadownload.com



(ဂ) နနု ဂဏ္ဌော ကမ္မုနာ ဝိနယတိ။
(ဃ) တသ္မာ ပုဒ္ဓါပိ ပဋိဗာဟိတုံ န သက္ကောန္တိ။
အမှာ ။ ။ လက္ခဏာဒိ၊ ပိမရှိမူ၊ ပရိဟာရ၊ စရိယ၏၊ ပြင်ရပေတု၊ အာဘော်တည်း။
လက္ခဏမှာ၊ ရုံခါ၊ ပေတ္တာဓိပ္ပါယ။
အထက်ပါနိယံနှစ်ပုဒ်နှင့်အညီ ပရိဟာရဘောဂ ပြုလုပ်ခြင်း ဖြစ်သည်။

၄။ ကတပုညေဟိ သေဝီယတေ, တေ ဝါ သေဝတီတိ သိဝီ။ (ဓာန်ဋီ၊ ၈၂။)
မိုဝဲဆည်းကပ်ခြင်းကြိယာသကတ်သည် ဝစနပေတု။
ဘုန်းကျက်သရေဒြဗ်သည် ဝစနီယ။
လက္ခီ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
❖ သီတံ ဂုဏံ လာတီတိ သီတလော။ (ဓာန်ဋီ။ ၅၆။)

၅။ (စ) ဝါကျ၌ ဝိနယသန္တေ သုံးပုဒ်ကို ဝိနယနတ္တာ ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ဂဏ္ဌဿ ဟုခံ။ (ကတ္တား + သမ္ဗန် စာစပ်။)
❋ ပုဒ်လက္ခဏ၊ ဟိတ်ပြင်က၊ လက္ခဏဝန္တ၊ သမ္ဗန်ဖြစ်မြဲ။
နိဗ္ဗာပနီယံ ကို နိဗ္ဗာပနီယတ္တာ ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို သီတလဿ ဘောသဇ္ဇဿ ဟုခံ။ (ကတ္တား + သမ္ဗန် စာစပ်။)
❋ ဝိသေသန၊ ဟိတ်ပြင်က၊ ဝိသေသျ သမ္ဗန်ဖြစ်မြဲ။

၆။ (က) ဝါကျဖြင့် သုဘဿ ဂမန် ပဝတ္တနံ သုဘဂေါ။ (တစ်နည်း) သုဘေန ဂမန် ပဝတ္တံ သုဘဂေါ။ သုဘဂဿ ကရဏံ သုဘဂကရဏံ။ သုဘဂကရဏဥ္စ သုဘဂကရဏဥ္စ သုဘဂကရဏံ ဟု ဝစနတ္ထပြု၍ သုဘဂကရဏ အရ ချစ်ဘွယ် နှစ်လိုဘွယ် ဖြစ်အောင် ပြုလုပ်ခြင်းနှင့် ဘုန်းကျက်သရေ တိုးပွားအောင် ပြုလုပ်ခြင်းကို ယူရမည်ဟု သိစေသည်။
❖ သုဘဿ , သုဘေန ဝါ ဂမန် ပဝတ္တနံ သုဘဂေါ၊ တဿ ကရဏံ သုဘဂကရဏံ၊ တံ ပန ပိယမနာပဿ , သဿိရီကဿ ဝါ ကရဏမေဝါတိ အာဟ "ပိယမနာပကရဏ"န္တိ အာဒိ။ (သီဋီသစ်၊ ၁။ ၃၇၅။)
(ဂ) ဝါကျ ဝိလီနဿ ဖြင့် ဝိရုဒ္ဓဂဗ္ဘကရဏံ ၌ ဝိရုဒ္ဓ သဒ္ဒါသည် ဝိလီန အနက်ကို ဟော၏ ဟုသိစေ၏။
အဋ္ဌိတဿ ဖြင့် ဝိလီန သဒ္ဒါသည် အဋ္ဌိတ အနက်ကို ဟော၏ ဟု သိစေ၏။
ဝိနဿမာနဿ ဖြင့် အဋ္ဌိတ သဒ္ဒါသည် ဝိနဿမာန အနက်ကို ဟော၏ဟု သိစေ၏။
(တစ်နည်း) ဝိရုဒ္ဓဿ (ပ) ဝိနဿမာနဿ ဖြင့် ဝိရုဒ္ဓ ဝိလီန အဋ္ဌိတ ဝိနဿမာန ပုဒ်လေးခုတို့သည် အနက်တူပရိယာယ်၏ အဖြစ်ကို သိစေသည်။
❖ ပရိယာယဝစနမေတံ ပဒစတုက္ကံ။ (သီဋီသစ်။ ၃၇၅။)
ဝိရုဒ္ဓဿ ဂဗ္ဘဿ ကရဏံ-ဖြင့် ဝိရုဒ္ဓဂဗ္ဘကရဏံ၌ ဝိရုဒ္ဓနှင့် ဂဗ္ဘ-ပုဒ်ကို ဝိရုဒ္ဓေါစ သော ဂဗ္ဘောစာတိ ဝိရုဒ္ဓဂဗ္ဘော ဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊ ကရဏံ ၌ ယု ပစ္စည်း၏ ဘာဝသာဓနအနက်၌သက်--လည်းကောင်း။ ကရီယတေ ကရဏံ ဟု ဘာသာဓနဝစနက

http://www.dhammadownload.com



ပြု--လည်းကောင်း။ အပေါင်းပုဒ်ကို ဝိရုဒ္ဓ ဂဗ္ဘသ+ကရဏ ဝိရုဒ္ဓဂဗ္ဘကရဏ ဟု ကမ္မတ္ထသဒ္ဒီတပ္ပုရိသ် သမာသ်ဝစနတ္ထပြု --- လည်းကောင်း သိစေပါသည်။

(ဃ) ဝါကျဖြင့် ဝိရုဒ္ဓဂဗ္ဘကရဏဟူသည် တဖန်ကိုယ်ဝန်မပျက်စီးခြင်းငှာ ကိုယ်ဝန်တည် ကြောင်း ဆေးကိုပေးခြင်းပင်တည်းဟု သိစေသည်။

၇။ ဘေသဇ္ဇ ကား ဘိသဇ ပုဒ် + ဏျ ပစ္စည်း။ ဘိသဇျ ဟူလိုလျက် ဘိ ၌ ဣ ကို ေ ပြု၊ ဇျ ကို ဇ ပြု၊ ဇ ဒွေဘော်လာ၍ ပြီးသည်။
◆ ဘိသဇာနံ ဣဒံ ဘေသဇ္ဇံ။ ဏျော။ (ဓာန်ဋီ။ ၃၃၀။)
ဂဗ္ဘ ကား ဂရ ဓာတ် + ဘ ပစ္စည်း။ ဓာတွန် ရ ကို ဗ ပြု၍ ပြီးသည်။
❖ အာဒိသဒ္ဒေန စေတ္ထ ကပ္ပသဒ္ဒေါ မဟာကပ္ပသမန္တဘာဝကိလေသကာမဝိတက္ကကာလပညတ္တိ သဒိသဘာဝါဒီသုပိ ဝတ္တတီတိ ဒဿေတိ။ (သီဋီသစ်။ ၃၉၁။)

http://www.dhammadownload.com



၉။ (ဃ) ဝါကျ သံဝဏ္ဏနာ ဂါထာစီ

တဏှာဒိဋ္ဌိဝသေနေဝ၊ အတီတံ ခန္ဓကောဋ္ဌာသံ။

ပကပ္ပေတွာ ဌိတာ အဿု၊ ဝေမေတ္တ မတော အတ္ထော။ (ဝတ္ထုဂါထာ)။

၁၀။ ပုဗ္ဗန္တကပ္ပိကာ ဌ ကပ္ပ–ဓာတွတ္ထရှ၍ ဘာဝစသည်ထုတ်ပုံ –

† အတိတ်ခန္ဓာငါးပါးအဘို့အစုတရားများကို ကြံဆ၍ပြောဆိုကြကုန်သော သမဏဗြာဟ္မဏတို့၏ သန္တာန်၌ တဏှာဒိဋ္ဌိပြဋ္ဌာန်းသော လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ + ကာမသိဂ်ါရ ရသ။

† တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးရုပ်နာမ်အဘို့အစုတရားများသည် – အာရမ္မဏဝိဘာဝမည်၏။

† ယင်းပုဗ္ဗန္တကပ္ပိကသမဏဗြာဟ္မဏတို့၏ အယောနိသောမနသိကာရ စသည်သည်လည်းကောင်း၊ မိမိအယူကို စွဲမြဲစွာယူထားမှု ဒိဋ္ဌုပါဒါန်သည်လည်းကောင်း – ဥဒ္ဒီပနဝိဘာဝ မည်၏။

† ပုဗ္ဗန္တကပ္ပိကသမဏဗြာဟ္မဏတို့အား ရှေးအဘို့သို့ အစဉ်လိုက်သော ပုဗ္ဗန္တာနုဒိဋ္ဌိဝါဒီ ဖြစ်သွားခြင်း၊ ယင်းမိစ္ဆာအယူဝါဒကြောင့် အပါယ်ငရဲ၌ ဖြစ်ရခြင်းစသော အကျိုးတရား အဆက်ဆက်သည် – အနုဘာဝမည်၏။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

## ဝါကျဥယျာဉ် (၇၄)

(က) ဣဓဒါနိ ယေဟိ အဋ္ဌာရသဟိ ဝတ္ထူဟိ အဘိဝဒန္တိ၊ တေသံ ကထေတုကမျတာယ ပုစ္ဆာယ "တေ စ ဘောန္တော"တိ အာဒိနာ နယေန ပုစ္ဆိတွာ တာနိ ဝတ္ထူနိ ဝိဘဇိတွာ ဒဿေတုံ "သန္တိ ဘိက္ခဝေ"တိ အာဒိမာဟ။

(ခ) တတ္ထ ဝဒန္တိ ဧတေနာတိ ဝါဒေါ။

(ဂ) ဒိဋ္ဌိဂတဿေတံ အဓိဝစနံ။

(ဃ) သဿတော ဝါဒေါ ဧတေသန္တိ သဿတဝါဒါ။

(င) သဿတဒိဋ္ဌိနောတိ အတ္ထော။

(စ) ဧတေနေဝ နယေန ဣတော ပရေသုပိ ဝေဒိတဗ္ဗော။

(ဌ။ ၉၇။ သီဋီသစ်။ ၁၉၃။ ပဒက္ကမ။ ၄၇၆။ ဘာသာဋီ၊ ဒု။ ၃၃။ ဂဏ္ဌိ။ ၂၃၉။)

၁။ (က) ဝါကျကို ပုစ္ဆာနုသန္ဓေစကားရပ်ဖြည့်စွက်၍၊ (ခ)ဝါကျကို တတ္ထအစွဲဆရာနည်းကျစေလျက် အနက်သမ္ဗန်ပါ။

၂။ (ဂ) ဝါကျကို သာဘောဂပုစ္ဆာ၊ (စ) ဝါကျကို အနုသန္ဓေတက်ပြပါ။

၃။ (က) ဝါကျ၌ ရနိုင်သော အာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ သဿတဒိဋ္ဌိနော ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

၅။ (က) ဝါကျ "ကထေတုကမျတာယ" ၏ သမ္ဗန်ကိုဖော်ထုတ်၍ အတ္ထာနုရူပစာစပ်ပါ။

၆။ (ခ၊ဂ၊ဃ၊င) ဝါကျတို့ကို အာဘော်ဖော်၍၊ သံဝဏ္ဏနာအမည်ပေးပါ။

http://www.dhammadownload.com



၇။ သဿတ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ အတ္တနှင့် လောကကိုသာ သဿတဟူ၍ လိုအပ်ပါလျက် (ဃ) ဝါကျ၌ သဿတော ဝါဒေါ ဧတေသံဟူ၍ ဝါဒ ကို သဿတဟူ၍ ဆိုထားရခြင်းကို အကြောင်းသွင်း၍ ရှင်းလင်းပြပါ။

၉။ (စ)ဝါကျလာ စကားရပ်တို့ကို အဓိပ္ပါယ်မပျက်စေဘဲ ကြိုက်နှစ်သက်ရာ ဂါထာတစ်ပုဒ်စီကုံး၍ ဂါထာအမည်ပေးပါ။

၁၀။ သဿတဝါဒါ ၌ နောက်ပုဒ်အရကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပြပါ။

===================

၁။ (က) ဝါကျ ။ ။ ဧဝံ၊ သို့။ (ဝါ) နည်းဖြင့်။ အဋ္ဌာရသ၊ ကုန်သော။ ဝတ္ထူနိ၊ တို့ကို။ သင်္ခေပတော၊ အားဖြင့်။ ဒဿေတွာ၊ ပြီး၍။ (ပုစ္ဆာနုသန္ဓေ)(ပခုက္ကူနိသျ။)

(ခ) ဝါကျ ။ ။ တတ္ထ အစွဲကို ဒဿေန္တော အာဟ၊ ပြသည့်ပုဒ်နောက်-စသော နိယံနှင့် အညီ ထုံးစံအတိုင်းပေးလေ ။ ။

၂။ (ဂ) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ -

ဆရာ၊ ဆရာသည်၊ (ခ) ဝါကျဖြင့် သဿတဝါဒေါ ၌ ဝါဒ ပုဒ်၏ အဘိဓာနတ္ထသံဝဏ္ဏနာ ကိုပြဆို၏။ အဘိဓာနတ္ထသံဝဏ္ဏနာသာ ရှိပါသလော။ အဘိဓေယျတ္ထသံဝဏ္ဏနာကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(တစ်နည်း) ဆရာ၊ ဆရာသည် (ခ) ဝါကျဖြင့် သဿတဝါဒေါ ၌ ဝါဒ ပုဒ်ကို ကရဏသာဓ ဝစနတ္ထပြုရမည်ဟုဖွင့်ဆို၏။ ယင်းဝါဒ အရ မုသာဝါဒ စသည်၌ပါသော ဝါဒကဲ့သို့ စေတနာကိုပင် အရကောက်ရပါမည်လော။ ဤသဿတဝါဒ ၌ ဝါဒ အရ အဘယ်တရားကို အရကောက်ရ ပါမည်နည်း။ စုဒ်ကြောင့် (ဂ) မိန့်။

အမှာ ။ ။ ပဌမနည်းကား ပက္ခန္တရ၊ ဒုတိယနည်းကား ဝါကျာရမ္ဘယူ၍ တက်ပုံတည်း။

(ဃ-င) အနုသန္ဓေ

ဤသို့ (ခ၊ဂ) ဝါကျတို့ဖြင့် သဿတဝါဒါ ၌ ဝါဒ ဟူသော အစိတ်ပုဒ်၏ အဘိဓာနတ္ထ အဘိဓေယျတ္ထသံဝဏ္ဏနာကို ပြပြီး၍၊ ယခုခါ၌ သဿတဝါဒ ဟူသော အပေါင်းပုဒ်၏ အဘိဓာနတ္ထ အဘိဓေယျတ္ထသံဝဏ္ဏနာကို ပြလိုသောဆရာသည် (ဃ+င) မိန့်။

(စ) ဝါကျ အနုသန္ဓေ

ဤသို့ (ခ+ဂ+ဃ+င) ဝါကျတို့ဖြင့် သဿတဝါဒ ၌ ဝါဒ ပုဒ်ကို ကရဏသာဓ်ဝစနတ္ထ ပြု၍ ဝါဒ အရ မိစ္ဆာအယူကို ယူရမည်၊ သဿတဝါဒါ ဟူသော အပေါင်း ပုဒ်ကို စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည် ဟု ပစ္စက္ခ အားဖြင့် ဖွင့်ပြပြီး၍၊ ယခုအခါ၌ ဧကစ္စသဿတိကာ အန္တာနန္တိကာ အစရှိသော နောက်နောင်ပုဒ် တို့၏ အနက် အဓိပ္ပါယ်ကိုလည်း ဤသဿတဝါဒါ ပုဒ်၏ အဖွင့်နှင့်တူစွာ သိအပ်၏ ဟု အတိဒေသအားဖြင့် ဖွင့်ပြလိုသော ဆရာသည် - (စ) မိန့်။

http://www.dhammadownload.com



၃။ (က) အာဘောဂါဒိစတုက္ကထုတ်ပုံ -

(က) နနု အင္ဂာရသဝဏ္ဏုနိ သခေ်ပတော ဒဿေတိ။

(ခ) အထ ကသ္မာ သန္တိ ဘိက္ခဝေတိ အာဒိမာဟ။

(ဂ) ဣဒါနိ ယေဟိ အင္ဂာရသဟိ ဝဏ္ဏုဟိ အဘိဝဒန္တိ၊ တေသံ ကထေတုကမျတာယ ပုစ္ဆာယ "တေစ ဘောန္တော"တိ အာဒိနာ နယေန ပုစ္ဆိတွာ တာနိ ဝဏ္ဏုနိ ဝိဘဇိတွာ ဒဿေတုကာမော ဟောတိ။

(ဃ) တသ္မာ သန္တိ ဘိက္ခဝေတိ အာဒိမာဟ။

၄။ သဗ္ဗဒါ သရတိ ပဝတ္တတီတိ သဿတော။ (သီဋီသစ်။ သဿတိ ပုဒ်ဝိဂ္ဂဟကိုမှီးသည်။) (တစ်နည်း)သဿတီတိ သဿတော။ သဒါ သရတိ ဂစ္ဆတိ ပဝတ္တတီတိ ဝါ သဿတော။ (သုစိ)။

မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ။ သဿတာ + ဒိဋ္ဌိ ဧတေသန္တိ သဿတဒိဋ္ဌိနော။

သဿတအယူ၏ + အညပုဒ်အရ သမဏဗြာဟ္မဏတို့နှင့် ဌာနီ + ဌာန၊ သံ + သာမိ၊ ဝိသေသန + ဝိသေသျအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် - ဝစနဟေတု မည်၏။

သဿတအယူရှိကြကုန်သော သမဏဗြာဟ္မဏတို့ဖြစ်သည် - ဝစနီယမည်၏။

သဿတဝါဒ စသော ပရိယာယ်သဒ္ဒါများသည် - ဝစနီယတ္ထမည်၏။

၅။ (က) "ကထေတုကမျတာယ"၏ သမ္ဗန်ကို တထာဂတဿ ဟုခံ။ (ကတ္တား + သမ္ဗန်စပ်။) ကထေတုံ ကာမေတီတိ ကထေတုကာမော။

ကထေတုကာမောယေဝ ကထေတုကမျံ။ (ဏျ ပစ္စည်းသကတ္ထ။)

ကထေတုကမျဿ + ဘာဝေါ ကထေတုကမျတာ။ (တာ ပစ္စည်း ဘာဝတ္ထ။)

အမှာ ။ ။ လက်ရှိဆင့်မူ (က)ဝါကျ၌ ကထေတုကမျတာယ ပုစ္ဆာယ ဟုရှိသည်။ သီဋီသစ် (၃၉၃) ၌ "ကထေတုကမျတာယ ဟေတုဘူတာယ ပုစ္ဆိတွာတိ သမ္ဗန္ဓော" ဟု ရှိသောကြောင့် "ပုစ္ဆာယ" မပါခြင်းကသာ ဋီကာသစ်အဖွင့်နှင့်ညီသည်။ (ဘာသာဋီကာ၊ ဒု၊ ၃၄)

ပဒုက္ကနိုသျ ဘာသာဋီကာ တို့၌လည်း "ကထေတုကမျတာယ၊ ပြောဆိုခြင်း၌ အလိုရှိသည်၏ အဖြစ်ကြောင့်" ဟု ဟေတွတ္ထပေးကြသည်။

၆။ (ခ) ဖြင့် သဿတဝါဒ ၌ ဝါဒဝယ် ဝဒ ဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ ဏ ပစ္စည်း၏ ကရဏသာဓနအနက်၌သက် - လည်းကောင်း၊ ဝဒန္တိ ဧတေနာတိ ဝါဒေါ ဟု ပြု - လည်းကောင်း သိစေပါသည်။

(ဂ) ဝါကျဖြင့် သဿတဝါဒ ၌ ဝါဒ အရ (မုသာဝါဒ စသည်၌ ဝါဒ အရ စေတနာကို ကောက်ယူသကဲ့သို့ ဤ၌ စေတနာကို မယူရ) မိစ္ဆာအယူဝါဒကို ယူရမည်ဟု သိစေသည်။

(ဃ) ဝါကျဖြင့်သဿတဝါဒပုဒ်ကို စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်ဟု သိစေ၏။

(င) ဝါကျဖြင့် သဿတဝါဒအရ မြဲ၏ဟူ၍ စွဲမြဲစွာယူထားကြကုန်သောသဿတဝါဒီသမဏ ဗြာဟ္မဏတို့ကို ယူရမည်ဟု သိစေသည်။

http://www.dhammadownload.com



၇။ သဿတ ကား: (က) သဗ္ဗဒါ သရတိပဝတ္တတီတိ သဿတော ဟုပြုခိုက် သရ + တ။ ဓာတွန် ရ ကို သ ပြု၊ သ လာ၍ပြီးသည်။
(ခ) သဿတီတိသဿတော-ဟုပြုခိုက် သဿ+တ။ နိရုတ္တိနည်းမရ။
(ဂ) သဒါ သရတိ ဂစ္ဆတိ ပဝတ္တတီတိ သဿတော-ဟုပြုခိုက် သဒါသဒ္ဒါ ပပဒ+သရ-ဓာတ်+တ။ သဒါသရတ-ဟူလိုလျက် သဒါ-သဒ္ဒါကိုသ-ပြု၊ ဓာတွန်-ရ-ကို သ-ပြု၍ပြီးသည်။ (သူစိ)။

၈။ (ဃ) ၌ သဿတော ဝါဒေါ-ဟု ဝါဒ-ကို သဿတ-ဟူ၍ဆိုထားခြင်း

(ဃ) သဿတော ဝါဒေါ ဧတေသန္တိ ၌ သဿတောဝါဒေါ၊ အယူဝါဒကိုမြဲ၏ဟူ၍ ဆိုထားခြင်းမှာ--မုချအားဖြင့်ဆိုထားခြင်မဟုတ်, သဿတနှင့် သဟာစရိတဖြစ်သောကြောင့် ကုန္တာ ပဝေသန္တိစသည်၌ကဲ့သို့ သဟာစရဏနည်း+ဌာနျူပစာအားဖြင့်ဆိုထားခြင်းဖြစ်သည်။

(ဌာနီဖြစ်သော မိစ္ဆာအယူဝါဒ၏ သဿတော ဝါဒေါ ဟူသောအမည်ကို ဌာနဖြစ်သော အတ္တလောက၌တင်စား၍ ဌာနဖြစ်သောအတ္တလောကကို သဿတော ဝါဒေါ ဟု ဌာနျူပစာရ အားဖြင့် ဆိုထားခြင်းဖြစ်သည်။) (သီဋီသစ်၊ ၃၉၄။ ဂဏ္ဌိ၊ ၂၃၉။)

၉။ (စ) ဝါကျ ဂါထာစီ

ဧတေနေဝ ဥပါယေန၊ ဉာတော သဿတဝါဒတော။
ပရေဃမ္ဘ+ဝရူပါနံ၊ ပဒါနတ္ထော မတော ဘဝေ။ (ပထျာဝတ္တဂါထာ)

၁၀။ သဿတဝါဒါ ၌ နောက်ပုဒ်အရကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပုံ

✝ သဿတဝါဒါ ၌ ဝါဒ ဟူသောနောက်ပုဒ်အရ မြဲ၏ ဟု မိစ္ဆာအယူကို ယူကြကုန်သော သဿတဝါဒီ သမဏဗြာဟ္မဏတို့၏ သန္တာန်၌ တဏှာဒိဋ္ဌိပြဌာန်းသော လောဘမူဒိဋ္ဌိဂတ သမ္ပယုတ်စိတ္တုပ်ါဒ်ကိုယူ၍ ထိုသည် - ကာမရတိဌာယီဘာဝ +ကာမရသိဂ်ါရရသမည်၏။
✝ အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း - အာရမ္ဗဏဝိဘာဝ။
✝ သဿတဝါဒီသမဏဗြာဟ္မဏတို့၏အယောနိသောမနသိကာရသည်လည်းကောင်း၊မိမိအယူ ကို စွဲမြဲစွာယူထားမှု ဒိဋ္ဌုပါဒါန်သည်လည်းကောင်း - ဥဒ္ဒီပနဝိဘာဝ။
✝ ယင်း မိစ္ဆာအယူဝါဒကို မပယ်စွန့်ခြင်းကြောင့် အပါယ်ငရဲ၌ဖြစ်ရခြင်းစသော အကျိုး တရားအဆက်ဆက်သည် - အနုဘာဝမည်၏။

✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၇၅)

(က) သမ္မာမနသိကာရောတိ ဥပါယမနသိကာရော ပဌမနသိကာရော၊
(ခ) အတ္ထတော ဉာဏန္တိ ဝုတ္တံ ဟောတိ။
(ဂ) ယသ္မိံဥ္စ မနသိကာရေ ဋ္ဌိတဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ ဥပ္ပဇ္ဇတိ၊ အယံ ဥဇုမဂ္ဂေါ ဌာနေ "မနသိကာရော"တိ အဓိပ္ပေတော။
(ဃ) ယထာ သမာဟိတေ စိတ္တေတိ ယေန သမာဓိနာ သမ္မာ အာဟိတေ သုဋ္ဌု ဌပိတေ စိတ္တမှိ။
(ဋ္ဌ၊ ၉၇။ သီဋီသစ်၊ ၃၉၄။ နေရင်း၊ ၁၁၉။ ပဒုက္က၊ ၄၇၈။ ဘာသာဋီ၊ ၃၈။)

၁။ (က+ခ+ဂ) ဝါကျတို့ကို အနက်သမ္ဗန်ပါ။
၂။ (ခ) ဝါကျကို စောဒနာတက်၍ (ဂ) ဝါကျကို အနုသန္ဓေတက်ပါ။
၃။ အာတပ္ပမန္ဝာယာတိ အာဒီသု ဝီရိယံ ကိလေသာနံ အာတာပနဘာဝေန အာတပ္ပန္တိ ဝုတ္တံ။ (ဋ္ဌ၊ ၉၇) ၌ ရရှိနိုင်သော အာဘောဂါဒိစတုက္ကကိုထုတ်ပြပါ။
၄။ သမ္မာမနသိကာရောကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ (၃) နံပါတ်ပုစ္ဆာပါ အာတာပနဘာဝေန ၌ ဘာဝနေရာတွင် ဘာဝတ္ထပစ္စည်းသက်၍ ဟိတ်ပြင်ပြီး၊ ယင်းဟိတ်၏ သမ္ဗန်ကိုခံ၍ အတ္ထာနုရူပစာစပ်ပြပါ။
၆။ (က+ခ+ဃ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ (ဃ) ဝါကျ အာဟိတ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ နိကတီတိ ယောဂဝသေနဝါ မာယာဝသေနဝါ အပါမင်္ဂံ ပါမင်္ဂန္တိ, အမဏိံ မဏိန္တိ, အသုဝဏ္ဏံ သုဝဏ္ဏန္တိ ကတွာ ပတိရူပကေန ဝဉ္စနံ။ (ဋ္ဌ၊ ၇၈) ဟူသောစကား၌ ယောဂ, မာယာတို့ဖြင့် လှည့်စားပုံခြားနားချက်ကို အကွက်ကျကျဖြေဆိုခဲ့ပါ။
၉။ (က+ခ) ဝါကျလာ စကားရပ်တို့ကို အနက်အဓိပ္ပါယ်မပျက်စေဘဲ ကြိုက်နှစ်သက်ရာ ဂါထာတပုဒ်စီကုံး၍ ဂါထာအမည်ပေးခဲ့ပါ။
၁၀။ ယသ္မိံဥ္စ မနသိကာရေ (ပ) ဥပ္ပဇ္ဇတိ ဟူသော (ဂ) ဝါကျလာ အနိယတ်စကား၌ ဘာဝစသည် ထုတ်ခဲ့ပါ။

===================

၂။ (ခ) ဝါကျ စောဒနာတက်ပုံ

ဆရာသည် (က) ဝါကျဖြင့် သမ္မာမနသိကာရောကို ဥပါယမနသိကာရော, ပဌမနသိကာရော ဟုဖွင့်၏။ (ဝါ) အသင့်အားဖြင့် နှလုံးသွင်းခြင်းသည် သမ္မာမနသိကာရမည်သောဟု ဆို၏။ ယင်းသမ္မာမနသိကာရအရ အာရမ္ဘဏပဋိပါဒက, ဝီထိပဋိပါဒက ဇဝနပဋိပါဒက ဟူသော မနသိကာရသုံးမျိုးကိုယူရမည်လော၊ မည်သည့်တရားကိုယူရမည်နည်း။ ဤ၌သမ္မာမနသိကာရအရကို မပြသော် ဆရာအား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (ခ) မိန့်၏။

အဓိပ္ပါယ်ကား (ခ) ဝါကျဖြင့် သမ္မာမနသိကာရ အရ ဉာဏ်ကိုယူရမည်ဟု ငါပြဆိုသည် ဖြစ်သောကြောင့် သင်တင်တိုင်းသော အတိဗျာပိတဒေါသ – ဟူလို။

http://www.dhammadownload.com



◆ သော ပန ဉာဏမေဝ၊ န အာရမ္မဏဝိတိဓဝနပဋိပါဒကာ၊ တေနာဟ "အတ္တတော ဉာဏ"န္တိ။ (သီဋီသစ်၊ ၃၉၄။)

(ခ) ဝါကျ နေရင်းကျမ်းတက်

အသင့်အားဖြင့် နှလုံးသွင်းခြင်းဟူသည်ကား အဘယ်နည်း။ မနသိကာရ စေတသိက်လောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ "အတ္တတောဉာဏန္တိ ဝုတ္တံ ဟောတိ" မိန့်။ (နေရင်း၊ ၁၁၉။)

(ဂ) ဝါကျ အနုသန္ဓေ

ဤသို့ (ခ)ဝါကျဖြင့် သမ္မာမနသိကာရ အရ ဉာဏ်ကိုယူရမည်ဟုပြဆိုပြီး၍၊ ယခုအခါ၌ ယင်းဆိုအပ်အပ်ပြီးသောအနက်ကိုပင် မြဲစေလို၊ ပြီးစေလိုသောဆရာသည် (ဂ) ဝါကျမိန့်။

◆ တဒေဝတ္ထံ သမတ္ထေတိ "အယဥ္ဟိ"တိ အာဒိနာ။ (သီဋီသစ်၊ ၃၉၄။)

၃။ (က) နနု အာတပ္ပသဒ္ဒေါ ဥဇုသဘာဝတ် တာပတ္တံ ဝဒတိ။
(ခ) အထ ကသ္မာ ဝီရိယံ အာတပ္ပန္တိ ဝုတ္တံ။
(ဂ) နနု ကိလေသာနံ အာတာပနဘာဝေါ ဖဟာတိ။
(ဃ) တသ္မာ ဝီရိယံ အာတပ္ပန္တိ ဝုတ္တံ။

၄။ သမ္မာ ဥပါယေန မနသိကာရောတိ ကမ္မဋ္ဌာနမေတေနာတိ သမ္မာမနသိကာရော။ (သီဋီသစ်)
သင့်သောအကြောင်းအားဖြင့် ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း ကြိယာသကတ်သည်ဝစနဟေတု။
သင့်သောအကြောင်းအားဖြင့် ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြောင်းဖြစ်သော ဉာဏ်ဖြဲသည်ဝစနီယ။
ဥပါယမနသိကာရော, ပဋ္ဌမနသိကာရော, ကာရဏမနသိကာရော စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ အာတာပနဘာဝေန ကို အာတာပနတ္တာ ဟု (ဘာဝတ္ထပစ္စည်းသက်လျက်) ဟိတ်ပြင်လျှင် ယင်း၏သမ္ဘန်ကို ဝီရိယဿ ဟုခံ။ ကတ္တား+သမ္ဗန်စာစပ်။

၆။ (က)ဥပါယမနသိကာရော ဖြင့် သမ္မာ သဒ္ဒါသည် သမောဓာန စသောအနက်ကိုမဟော၊ အကြောင်းဥပါယအနက်ဟော၏ဟုသိစေသည်။ (နိပါတလိင်္ဂတ္ထ)

ပဋ္ဌမနသိကာရောဖြင့် ဥပါယ သဒ္ဒါသည် ပဋ္ဌ အနက်ဟောဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

(ခ) ဝါကျ အတ္တတော ဉာဏံ ဖြင့် သမ္မာမနသိကာရ အရ အာရမ္မဏပဋိပါဒက, ဝီထိပဋိပါဒက, ဇဝနပဋိပါဒကမနသိကာရတို့ကို မယူရ၊ သမ္မာ ဥပါယေန မနသိကရောတိ ကမ္မဋ္ဌာနမေတေနာတိ သမ္မာမနသိကာရောဟု ဝစနတ္ထပြု၍ ဉာဏ်ကိုယူရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ + သရုပ်ကြား ဘိ) (သီဋီသစ်၊ ၃၉၄။)

(ဂ) ဝါကျ ဗ္ဗမသ္မိံ ဌာနေ ဖြင့် သဒ္ဒါတပါးနှင့်ယှဉ်၍ (ဝါ) သဒ္ဒန္တရိက်ကိုထောက်၍ အနက်ထူးကိုယူရသလို အရာဌာနကိုထောက်၍လည်း အနက်ထူးကိုယူရသည်ဟုသိစေ၏။ (ဘာဝတ္ထ)

◆ "ဗ္ဗမသ္မိံ ဌာနေ"တိ ဗ္ဗမိနာ သဒ္ဒန္တရသမ္ပယောဂါဒိနာ ဝိယ ပကရဏဝသေနာပိ သဒ္ဒေါ ဝိသေသဝိသယောတိ ဒီပေတိ။ (သီဋီသစ်၊ ၃၉၄။)

http://www.dhammadownload.com



(ဃ) ဝါကျ ယေန သမာဓိနာ ဖြင့် ယထာ သဒ္ဒါ၏ယေန အနက်၌ နိပါတ်၏အဖြစ်ကို လည်းကောင်း၊ (နိပါတလိင်္ဂတ္တ) ယထာ၌ ယ သဒ္ဒါ၏ သမာဓိကိုစွဲယူသုံးသပ်သည်၏အဖြစ်ကိုလည်း ကောင်း၊ (သမ္ဗန္ဓာမလိင်္ဂတ္တ) ယထာ သဒ္ဒါနောင် နာဝိဘတ်ကျေနေသည်၏အဖြစ်ကိုလည်းကောင်း၊ (ဝိဘတ္တိပဒ) သိစေပါသည်။

❖ ယထာသဒ္ဒေါ ယေနာတိ အတ္ထေ နိပါတောတိ အာဟ "ယေန သမာဓိနာ"တိ။ (သီဋီသစ်)

သမ္မာ အာဟိတေ ဖြင့် သမာဟိတေကို သံ + အာဟိတေဟု ပဒစ္ဆေဒပြုရမည်ကို လည်းကောင်း၊ သံ ဥပသာရပုဒ်၏ သမ္မာအနက်ဟောသည်ကိုလည်းကောင်း သိစေပါသည်။

သုဋ္ဌု ဌပိတေ ဖြင့် သမ္မာ အာဟိတေ ၌ သမ္မာ သဒ္ဒါ၏ သုဋ္ဌုအနက်ဟောသည်ကို လည်းကောင်း၊ (နိပါတလိင်္ဂတ္တ) အာဟိတေ ၌ အာ ပုဗ္ဗ+ဓာ ဓာတ်၏ ဌပနအနက်ဟောသည်ကို လည်းကောင်း၊ (ဒု-ဓာတွတ္တ) အာ ဥပသာရ၏ ဓာတွတ္ထဝိသေသကအဖြစ်ကိုလည်းကောင်း၊ တပစ္စည်း ၏ကံအနက်၌ သက်သည်ကိုလည်းကောင်း သိစေ၏။

စိတ္တမှိ ဖြင့် စိတ္တေ ၌ ဧ သည် သ္မိံ ဝိဘတ်၏ကာရိယဟု သိစေသည်။ (ဝိဘတ္တိပဒ)

၇။ အာဟိတ ကား အာ+ဓာ+တ။ ဓ ကို ဟ ပြု၊ ဣ လာ၍ပြီးသည်။

❖ အာဓိယတေတိ အာဟိတော။ အာ-ပုဗ္ဗော ဓာ-ဓာရဏေ၊ တော၊ ဣာဂမော။ (ဓာတုပစ္စယဒီပနီ)

၈။ မန္တာန်စုတ်ခြင်းစသော ပယောဂ၏အစွမ်းဖြင့် လှည့်စားမှုကို ပယောဂဖြင့်လှည့်စားခြင်း ဟုဆိုသည်။

မန္တာန်စုတ်မှုကို ကြည့်၍ မဟုတ်သည်ကို ဟုတ်သောအခြင်းအရာအားဖြင့် သိစေသော မျက်စိကိုတွေဝေစေတတ်သော မာယာ၏အစွမ်းဖြင့် လှည့်စားမှုကို မာယာဖြင့်လှည့်စားခြင်း ဟုဆိုသည်။

❖ ယောဂဝသေနာတိ ဝိဇ္ဇာဓပ္ပယောဂဝသေန၊ မာယာဝသေနာတိ မန္တဇပ္ပနံ ဝိနာ အဘူတဿာပိ ဘူတာကာရသညာပနကာယ စက္ခုမောဟနမာယာယဝသေန။ (သီဋီသစ်၊ ၃၅၃။)

မနသိကာရအပြားနှင့် တရားကိုယ်

၁။ အာရမ္မဏပဋိပါဒက = မနသိကာရစေတသိက်

၂။ ဝီထိပဋိပါဒက = ပဉ္စဒ္ဒါရာဝဇ္ဇန်း။

၃။ ဇဝနပဋိပါဒက = မနောဒ္ဒါရာဝဇ္ဇန်း။

၄။ ယောနိသောမနသိကာရ = ဉာဏ်

ဣဓာဓိပ္ပေတ မနသိကာရကား ယောနိသောမနသိကာရဟု ဆိုအပ်သောဉာဏ်ဖြစ်ပါသည်။

၉။ (က+ခ) ဂါထာစီ

သမ္မာ မနသိကာရောတိ၊ စိတ္တေ ကာရော ဥပါယတော။

ပဌမံ စိတ္တမှိ ကာရောစ၊ ဉာဏံဝိ အတ္ထတော မတော။ (ပဏ္ဍာဝတ္ထုဂါထာ)

http://www.dhammadownload.com



၁၀။ ✝ ယသ္မိံဥ္စ မနသိကာရေ ဌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြောင်းဖြစ်သောဉာဏ်ဟုဆိုအပ်သော ယောနိသောမနသိကာရသည် ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိဂါရဝရသ၊

✝ ကမ္မဋ္ဌာန်းအာရုံသည် အာရမ္မဏဝိဘာဝ၊

✝ အာတပ္ပ, ပဓာန, အနုယောဂဟူသော ဝီရိယသုံးပါးနှင့် သတိနှင့်ကင်း၍ မနေခြင်းဟု ဆိုအပ်သော အပ္ပမာဒသည် ဥဒ္ဒိပနဝိဘာဝ၊

✝ စေတောသမာဓိကိုရရှိခြင်း။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့်ပြည့်စုံခြင်းစသည် အနုဘာဝ။

⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂

## ဝါကျဥယျာဉ် (၇၆)

(က) သော ဧဝ မာဟာတိ သော ဧဝံ ဈာနာနုဘာဝသမ္ပန္နော ဟုတွာ ဒိဋ္ဌိဂတိကော ဧဝံ ဝဒတိ။

(ခ) ဝဍ္ဎောတိ ဝဍ္ဎုပသုဝဍ္ဎုတာလာဒယောဝိယ အဖလော ကဿစိ အဇနကောတိ။

(ဂ) ဧတေန "အတ္တာ"တိစ "လောကော"တိစ ဂဟိတာနံ ဈာနာဒီနံ ရူပါဒိဇနကဘာဝံ ပဋိက္ခိပတိ။

(၃၊ ၉၇။ သီဋီသစ်၊ ၃၉၅။ ပဒုဏ္ဏ၊ ၄၈၀။ ဘာသာဋီကာ၊ ဒု၊ ၄၀။ ဂဏ္ဌိ၊ ၂၄၁။)

၁။ ဧတေန ၌ ဧတ အစွဲမှန်ကန်စေလျက် (ဂ) ဝါကျကိုအနက်ယောဇနာပါ။
၂။ (ဂ) ဝါကျကို လီနတ္ထရစောဒနာတက်ပါ။
၃။ (က) ဝါကျကို အာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ ဝဍ္ဎော ပုဒ်ကို အစိတ်အပေါင်းဝစနတ္ထပြု၍ အပေါင်းကို ဝစနာဒိဆက္ကထုတ်ပါ။
၅။ (က) ဝါကျ၌ ဒိဋ္ဌိဂတိကော ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး စာစပ်ပြပါ။
၆။ ဘူတံ အတ္တံ အဘိဘဝိတွာ ယထာသဘာဝတော အဂ္ဂဟေတွာ ပဝတ္တနတော အဓိဝုတ္တိယောတိ ဒိဋ္ဌိယော ဝုစ္စန္တိ (၃၊ ၉၆) ကို အဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဝဍ္ဎော ဝယ် အန္တတ်ပုဒ်၏ ရုပ်ပြီးပုံနှင့်တကွ နိရုတ္တိနည်းကိုဖော်ပြပါ။
၈။ ဧဝမာဟ ကို ဧဝံ ဝဒတိ ဟု ဖွင့်ဆိုရခြင်းအကြောင်းကိုရေးပါ။
၉။ (ဂ) ဝါကျကို ဂါထာသီကုံး၍ ဂါထာအမည်, ဆန်းအမည်ပေးပါ။
၁၀။ (က) ဝါကျ အာဟာဝယ် ဓာတ်အရကောက်ပြ၍ ဘာဝစသည်ထုတ်ပါ။

====================

၁။ ဧတေန ပဒေန၊ ဝဍ္ဎော ဟူသော ဤပုဒ်ဖြင့်။
ပဋိက္ခိပတိ-၏ ကတ္တားကို မိစ္ဆာဒိဋ္ဌိကော ဟုထည့်။ (၈ နရင်း)

၂။ (ဂ) ဝါကျ ၏ လီနတ္ထရစောဒနာ

ဆရာ မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်သည် ဝဍ္ဎောဟုဆို၏။ (တနည်း) (ခ) ဝါကျဖြင့် ဝဍ္ဎော ပုဒ်ကို ဥပမာတဒ္ဓိတ်ဝစနတ္ထပြု၍ ဝဍ္ဎော အရ တစုံတခုသောအကျိုးကို မဖြစ်စေတတ်သော အတ္တလောကကို ယူရမည်ဟုဆို၏။ ဤသို့ဆိုအပ်ပြီးသော ပုဒ်အနက်ရှိသော ဝဍ္ဎောဟူသော

http://www.dhammadownload.com



ဤ်ပုဒ်ဖြင့် အဘယ်သို့သဘောရှိသော သာမတ္ထိယတ္ထကိုပြပါသနည်း။ တစုံတခုပြအပ်သော သာမတ္ထိယတ္ထမရှိပြီ လော၊ ဝဏ္ဏော ဟူသောပုဒ်ဖြင့် ပြအပ်သော သာမတ္ထိယတ္ထကို မပြသော် ဆရာ့အား သဒ္ဒ အတ္ထ ဆန့်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

အဓိပ္ပါယ်ကား (ဂ) ဝါကျဖြင့် ဝဏ္ဏောဟူသောပုဒ်ဖြင့် အတ္တလောကဟူ၍ ယူအပ်ပြီးကုန်သော ရှာန်စသည်တို့၏ ရုပ်စသည်ကို ဖြစ်စေတတ်ကုန်သည်၏အဖြစ်ကို ပယ်၏ဟူသော သာမတ္ထိယတ္ထကို ငါပြဆိုသည်ဖြစ်သောကြောင့် --- ဟူလို။

- ဧဝံ ပဒတ္ထဝတာ ဠမိနာ ကိဒိသံ သာမတ္ထိယတ္ထံ ဒဿေတီတိ အန္တောလီနစောဒနံ ပရိဟရိတုံ "ဧတေနာ"တိ အာဒိမာဟ။ (သီဋီသစ်၊ ၃၉၅)

၃။ (က) ဝါကျ အာသောဂါဒိစတုက္ကထုတ်ပုံ။

(က) နနု ဧဝံ ဈာနာနုဘာဝသမ္ဘန္ဓော ဟောတိ။

(ခ) အထ ကသ္မာ သဿတော အတ္တာစ လောကောစ ဝဏ္ဏော ကူဋဋ္ဌောဧသိကဋ္ဌာယိဋ္ဌိတောတိ ဧဝံ ဝဒတိ။

(ဂ) နနု သော ဒိဋ္ဌိဂတိကော ဟောတိ။

(ဃ) တသ္မာ သဿတော (ပ) ဧဝံ ဝဒတိ။

(တနည်း) ဋီကာသစ်ရှု၍ ထုတ်ပုံ။

(က) နနု ကစ္စာယနေ ဖြူဘူနမာဟာဘူဝါ, ပရောက္ခာယန္တိ ဝုတ္တံ။

(ခ) အထ ကသ္မာ သော ဧဝမာဟာတိ သော ဧဝံ ဝဒတီတိ ဝတ္တမာနဝစနံ ကတံ။

(ဂ) နနု တထာဝဒနဿ အဝိစ္ဆေဒဘာဝေန သမ္ဗကာလိကတာ ဒဿနတ္ထံ (ဟောတိ)

(ဃ) တသ္မာ သော ဧဝ ။ ပ ။ ဝတ္တမာနဝစနံ ကတံ။

၄။ ဝနတိ ယာစတိ ပုတ္တန္တိ ဝဏ္ဏာ၊
ဝဓတိ ပုတ္တံ, ဖလံ ဝါ ဟနတီတိပိ ဝဏ္ဏာ၊
ဝဏ္ဏာ ဝိယာတိ ဝဏ္ဏော။ (သီဋီသစ်၊ ၃၉၅။)
မြှုသောသားကောင်, မြှုသောထန်းပင် စသည်တို့၏ + အတ္တလောကနှင့် သဒိသ + သဒိသီ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဝစနဟောတု၊
အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း ဝစနီယ၊
အဖလော, အနေကော စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ ဒိဋ္ဌိဂတိကောကို ဒိဋ္ဌိဂတိကတ္တာဟု ဟိတ်ပြင့်လျှင် သော ဧဝမာဟ (ပါဠိတော်) ၌ သောကို တဿ (ကေစ္စဿ သမဏဿဝါ ဖြပ္ပဏဿဝါ) ဟု သမ္ဗန်ခဲ့ရပါသည်။ ကတ္တား + သမ္ဗန်စပ်။ ပစ္စယတ္ထကား ကတ္တုတ္ထ။

၆။ ဘူတံ အတ္ထံ (ပ) ပဝတ္တနတော ဖြင့် အဓိမုတ္တိပုဒ်ကို ဘူတသဘာဝတော အတိရေကံ မုစ္စန္တီတိ အဓိမုတ္တိယောဟု ကတ္တုသာဓ်ပြုရမည်ကိုလည်းကောင်း၊ တိ ပစ္စည်း၏ ကတ္တုသာဓ်အနက်၌သက်သည်ကိုလည်းကောင်း၊ အဓိဥပသာရ၏ အတိရေကအနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ (တနည်း) အဓိမုတ္တိပုဒ်ကို ဘူတံ အတ္ထံ အတိဓာဝိတွာ မုစ္စန္တီတိ အဓိမုတ္တိယောဟု ကတ္တုသာဓ်ပြုရ

http://www.dhammadownload.com



မည်ကိုလည်းကောင်း၊ တိ ပစ္စည်း ကတ္တုသာဓ်အနက်၌ သက်သည်ကိုလည်းကောင်း၊ အဓိ ဥပသာရ၏ အတိဓာဝနအနက် (ဝါ) အဘိဘဝနအနက်ဟောသည်ကိုလည်းကောင်း သိစေပါသည်။

ဒိဋ္ဌိယော ဝုစ္စန္တိ ဖြင့် အဓိမုတ္တိအရ ဒိဋ္ဌိတို့ကို ယူရမည်ဟုသိစေသည်။

✦ "ဘူတံ အတ္ထံ"န္တိ အာဒိနာ ပန ဘူတသဘာဝတော အတိရေကံ။ တ-မတိဓာဝိတွာ ဝါ မုစ္စန္တီတိ အဓိမုတ္တိယော (ပ) အတ္ထံ ဒဿေတိ (သီဋီသစ်၊ ၃၉၃။)

အမှာ။ ။ လက်ရှိအဋ္ဌကထာ သံဝဏ္ဏေတဗ္ဗ၌ အဓိမုတ္တိဟု မရှိ၊ အဓိဝုတ္တိဟုသာရှိသည်။ ယင်းအလို--

ဘူတံ အတ္ထံ အဘိဘဝိတွာ ပဝတ္တနတော ဖြင့် အဓိဝုတ္တိယော၌ အဓိသည် အဘိဘဝန အနက်ဟောသည်ကိုလည်းကောင်း၊ဝုတ္တိသည်ပဝတ္တနအနက်ဟောသည်ကိုလည်းကောင်း၊(နာမလိင်္ဂတ္ထ) ဝုတ္တိ၌ တိ ပစ္စည်း ကတ္တားအနက်၌သက်သည်ကိုလည်းကောင်း၊ ဘူတံ အတ္ထံ အဘိဘဝိတွာ ဝတ္တန္တိ ပဝတ္တန္တီတိ အဓိဝုတ္တိယော ဟု ကတ္တုသာဓ်ပြုရမည်ကိုလည်းကောင်း သိစေပါသည်။

ယထာ သဘာဝတော အဂ္ဂဟေတွာ ဖြင့် အဘိဘဝိတွာ ၌ လွှမ်းမိုး၏ဟူသည် ဟုတ်မှန်သောသဘောအားဖြင့် မယူခြင်းပင်တည်းဟုသိစေသည်။ (ဘာဝတ္ထ)

(က) ဝါကျ၌ ဓဝံ ဓဒတိ ဖြင့် ဓဝမာဟကို ဓဝံ+အာဟဟု ပဒစ္ဆေဒ ပြုရမည်ကို လည်းကောင်း၊ အာဟ၌ ဗြူဓာတ်၏ ဝိယတ္တိယဝါစာအနက်ဟောသည်ကိုလည်းကောင်း၊ (ဓာတွတ္ထ) အာဟ၌ ဝတ္တမာန် တိ ဝိဘတ်၏အဖြစ်ကိုလည်းကောင်း (ဒု-ဝိဘတ္တိပဒ) ကွစိဓာတု သုတ်ဖြင့် ဗြူ ကို အာဟပြု၊ တိ ဝိဘတ်ကို အ ပြု၍ အာဟ ဟုရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေသည်။

သော ဓဝံ ဈာနာနုဘာဝသမ္ပန္နော ဟုတွာ ဒိဋ္ဌိဂတိကော ဖြင့် သော ဓဝ မာဟ နှင့် သော ဝယံ တ သဒ္ဒါ၏ ဈာန်၏ အာနုဘော်နှင့်ပြည့်စုံသော မိစ္ဆာအယူရှိသူကို စွဲယူသုံးသပ်ရမည် ဟု သိစေသည်။ (သမ္ဗန္ဓနာမလိင်္ဂတ္ထ)

(ခ) ဝါကျ ဝဥ္ဈပသုဝဥ္ဈတာလာဒယောဝိယ အဖလော ကဿစိ အဇနကောဖြင့် ဝဥ္ဈ ပုဒ်ကို ဝနတိ ယာစတိ ပုတ္တန္တိ ဝဥ္ဈာ၊ ဝဒတိ ပုတ္တံ, ဖလံ ဝါ ဟနတီတိ ဝဥ္ဈာ ဟု ဝစနတ္ထပြု၍ ဝဥ္ဈာအရ မုချအားဖြင့် မြုံသောသားကောင်၊ မြုံသောထန်းပင် (ထန်းဖိုပင်) စသည်ကိုယူရမည်ကို လည်းကောင်း၊ (အဘိဓာနတ္ထ+အဘိဓေယျတ္ထ) ဝဥ္ဈောပုဒ်ကို "ဝဥ္ဈာ ဝိယာတိ ဝဥ္ဈော"ဟု ဥပမာ တဒ္ဓိတ်ပြုရမည်ကိုလည်းကောင်း၊ ဏ ပစ္စည်း ဥပမာတဒ္ဓိတ်၌ သက်သည်ကိုလည်းကောင်း၊ ဝဥ္ဈောအရ တစုံတခုသောအကျိုးကိုမဖြစ်စေတတ်သော အတ္တလောကကိုယူရမည်ကိုလည်းကောင်း သိစေပါသည်။ (သီဋီသစ်၊ ၃၉၅)

၇။ ဝဥ္ဈာ ကား ဝနတိ ယာစတိ ပုတ္တန္တိ ဝဥ္ဈာ ဟူသော ဝစနတ္ထအလို ဝန + ဈ။ ဝဏ္ဏ ဝိကာရနိရုတ္တိနည်းဖြင့် န ကို နိဂ္ဂဟိတ်ပြု၊ နိဂ္ဂဟိတ်ကို ဉ ပြု၊ ဉ ကို ဈ သို့ကပ်၍ပြီးသည်။

✦ ဈ ပစ္စယံ နကာရဿစ နိဂ္ဂဟီတံ ကတွာ။ (သီဋီသစ် )

(တနည်း) ဝဓတိ ပုတ္တံ ဖလံ ဝါ ဟနတီတိ ဝဥ္ဈာ ဟူသော ဝစနတ္ထ အလို ဟန + ဏျ ပစ္စည်း။ (ဂဏ္ဌိအလို ယ ပစ္စည်း) ဟနကို ဝဓပြု၊ ဓကို ယ သို့ကပ်၍ ဈဖြစ်၏။ ဈကို ဈပြု၊ ဝ အထက်၌ နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို ဉ ပြု၊ ဉ ကို ဈသို့ကပ်၍ ပြီးသည်။

✦ သပစ္စယဓျကာရဿ ဈကာရံ , နိဂ္ဂဟီတာဂမဥ္စ ကတွာ။ (သီဋီသစ်)

http://www.dhammadownload.com



၈။ ဧဝမာယကို ဧဝံ ဝဒတိ ဟု ဝတ္တမာန်ဖြင့်ဖွင့်ဆိုခြင်း

ထိုသို့သော အခြင်းအရာအားဖြင့် ဆိုခြင်းကြိယာ၏ (လောကဥ္စ) အဆက်မပြတ် အခါခပ်သိမ်း ထင်ရှားရှိနေသည်၏အဖြစ်ကို ပြခြင်းအကျိုးငှာ "ဧဝံ ဝဒတိ"ဟု ဝတ္တမာန်ဝိဘတ်ဖြင့် ဖွင့်ဆိုပါသည်။

✦ . ဧဝံ ဝဒတီတိ ဝတ္တမာနဝစနံ၊ တထာဝဒနဿ အဝိစ္ဆေဒဘာဝေန သဗ္ဗကာလိကတာ ဒဿနတ္ထန္တိ ဝေဒိတဗ္ဗံ။ (သီဋီသစ်၊ ၃၉၅။)

၉။ (ဂ) ဝါကျ ဂါထာစီ။

"အတ္တာ"တိ စေဝ "လောကော"တိ၊ ဂဟိတဗ္ဗာနဓမ္မာနံ။
ရူပါဒိနေကတ္တံ သော၊ ပဋိကွိပတိ ဧတေန။ (ဝတ္တဂါထာ)

မှတ်ချက် ။ ။ တတိယပါဒ၌ သော ကား ပဋိကွိပတိ ၏ ကတ္တားဖြစ်သည်။ သော ဒိဋ္ဌိဂတိကော၊ သည်။ ဟုအနက်ပေး။

၁၀။ အာယ ၌ ဓာတ်အရကို ဘာဝါလက်ာရထုတ်ပုံ။

✝ သဿတဝါဒီဒိဋ္ဌိဂတိက ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဒိဋ္ဌိပြဓာန်းသော လောဘမူဒိဋ္ဌိဂတ သမ္ပယုတ် စိတ္တုပ္ပါဒ်သည် ကာမရတိဠာယီဘာဝ + ကာမသိဂါရရသ။

✝ သဿတော အတ္တာစလောကောစ ဝဥ္ဈော အစရှိသော မနသာဝဝတ္တပိတသဒ္ဒါများသည် အာရမ္ဘဏဝိဘာဝ။

✝ အတိတ်ဘဝကို အောက်မေ့နိုင်ခြင်း စသောစျာန်၏ အာနုဘော်နှင့် ပြည့်စုံခြင်း၊ မိစ္ဆာအယူရှိခြင်း၊ အယောနိသောမနသိကာရ စသည်သည် ဥဒ္ဒီပနဝိဘာဝ။

✝ ယင်းသဿတမိစ္ဆာအယူကြောင့် အပါယ်ဒုဂ္ဂတိ၌ဖြစ်ရခြင်းစသည်သည် အနုဘာဝ။

⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂

ဝါကျဥယျာဉ် (၇၇)

(က) သံသရန္တီတိ အပရာပရံ သဥ္စရန္တိ။ စဝန္တီတိ ဧဝံ သဥ္ဇိဂစ္ဆန္တိ။ တထာ ဥပပဇ္ဇန္တီတိ။

(ခ) အဋ္ဌကထာယံ ပန ပုဗ္ဗေ "သဿတော အတ္တာစ လောကောစာ"တိ ဝတ္တာ ဣဒါနိ "တေစ သတ္တာ သန္ဓာဝန္တီ"တိအာဒိနာ ဝစနေန အယံ ဒိဋ္ဌိဂတိကော အတ္တနာယေဝ အတ္တနော ဝါဒံ ဘိန္ဒတိ။

(ဂ) ဒိဋ္ဌိဂတိကဿ ဒဿနံ နာမ န နိဗဒ္ဓံ။

(ဃ) ထုသရာသိမှိ နိခါတခါဏုဝိယ စဥ္စလံ၊ ဥမ္မတ္တကပစ္ဆိယံ ပူဝခဏ္ဍဂူထဂေါမယာဒီနိ ဝိယ စေတ္ထ သုန္ဒရမ္ပိ အသုန္ဒရမ္ပိ ဟောတိယေဝါတိ ဝုတ္တံ။

(၄၊ ၉၈။ သီဋီသစ်၊ ၃၉၇။ ပဥ္စတ္တ၊ ၄၈၁။ ဘာသာဋီကာ၊ ဒု၊ ၄၄။)

http://www.dhammadownload.com



၁။ (က) ဝါကျ အပရာပရံ ကို နှစ်နည်း၊ တထာ ဥပပဇ္ဇန္တိ ၌ တထာ သဒ္ဒါဖြင့် ငင်အပ်သော ပါဠ်များကို ပြည့်စုံစွာထည့်၍လည်းကောင်း၊ (ဃ) ဝါကျကို ဝုတ္တံ ၏ ကတ္တားထည့်စွက်၍ လည်းကောင်း အနက်ပေးပြပါ။

၂။ (ဂ) ဝါကျကို သာဘောဂပုစ္ဆာတက်၍၊ (ဃ) ဝါကျကို အနုသန္ဓေတက်ပြပါ။

၃။ (ခ+ဂ) ဝါကျတို့ကို စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ ဥမ္မတ္တကပစ္ဆိယံ ၌ ရှေးပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိသက္ကထုတ်ပြပါ။

၅။ (က)ဝါကျ၌ သံဝဏ္ဏေတဗ္ဗ "စဝန္တိ" ကို ဟိတ်ပြင်၍ ယင်း၏ သမ္ဗန်ခံပြီး အတ္ထာနုရူပစာစပ်ပါ။

၆။ (က) ဝါကျဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ပစ္ဆိ၊ ဂူထ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

၈။ ဤသဿတဝါဒ ၌ မည်သည့်စကားရပ်သည် သုန္ဒရဖြစ်၍ , မည်သည့်စကားရပ်သည် အသုန္ဒရဖြစ်သည်ကို ညွှန်ပြပြီးလျှင် အတ္ထနော ဝါဒံ ဘိန္ဒတိ ၏ နာမလာဘဟိတ်ကိုလည်း ဖော်ပြပါ။

၉။ (ဃ) ဝါကျလာ ဥပမာနစကားရပ်များကို အဓိပ္ပါယ်ပြည့်စုံစေလျက် ဝတ္တဇာတိတွင် ကြိုက်နှစ်သက်ရာ ဂါထာတစ်ပုဒ်သီကုံးပြီး ဂါထာအမည်ပေးပြပါ။

၁၀။ ပစ္ဆိ ပုဒ်၏ ဓာတွတ္ထကို ကိုယ်ပြု၍ ဘာဝါလင်္ကာရထုတ်ပြပါ။

==================

၁။ (က) သံသရန္တီတိ၊ -- ကား။ အပရာ၊ တပါးသောဘဝမှ။ အပရံ၊ တပါးသောဘဝသို့။

(တနည်း)အပရာပရံ၊ အဆင့်ဆင့်။ (ဝါ)၊ တပြောင်းပြန်ပြန်။ (ဝါ)၊ ခေါက်တုံ့ခေါက်ပြန်။

❖ အပရာပရန္တိ အပရသ္မာ ဘဝါ အပရံ ဘဝံ၊ အပရမပရံ ဝါ၊ ပုနပ္ပုနန္တိ အတ္ထော။ (သီဋီသစ်)

တထာ၊ တူ။ ဥပပဇ္ဇန္တီတိ၊ -- ကား။ (ဧဝံ၊ ဤသို့ ပဋိသန္ဓေနေကြရကုန်၏ဟူ၍။ သဥ်၊ ဒေါ်ဝေါ်ပညတ်သမုတ်အပ်သည်၏အဖြစ်သို့။ ဂစ္ဆန္တိ၊ ကုန်၏။) (ပဒုက္ကာ၊ ၄၈၁။)

(ဃ) ဝုတ္တံ-၏ ကတ္တားကို "အဋ္ဌကထာစရိယေဟိ၊ တို့သည်။"ဟုထည့်။

၂။ (ဂ) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် (ခ) ဝါကျဖြင့် သဿတဝါဒီဒိဋ္ဌိဂတိကပုဂ္ဂိုလ်သည် "သဿတော အတ္တာစလောကောစ"ဟုရှေး၌ဆိုခဲ့ပြီးဖြစ်ပါလျက် ဤ၌ "တေစ သတ္တာ သန္ဓာဝန္တိ" အစရှိသည်ဖြင့် တဘန်ဆိုခြင်းသည် မိမိအယူဝါဒကို မိမိကိုယ်တိုင် ဖျက်ဆီးရာရောက်၏ ဟုဆို၏။ ယင်းသို့ဖျက်ဆီးရာရောက်၏ ဟုဆိုရာ၌ အကြောင်းကို ဆရာမပြဆိုတော့ပြီလော။ (ဝါ) ယင်း -ကို မြဲစေတတ်သောစကားရပ်ကို ဆရာမပြဆိုတော့ပြီလော။(သီဋီသစ်)။(ဝါ) သဿတဝါဒီဒိဋ္ဌိဂတိက ပုဂ္ဂိုလ်၏ အယူဝါဒသည် မြဲမြံခိုင်ခန့်တည်တန့်သည်မဟုတ်ပါလော။ (န နိပါတ်-၌ န ကို ရှောင်။) အဘယ် ကြောင့်--မိမိအယူဝါဒကို မိမိကိုယ်တိုင် ဖျက်ဆီးရာရောက်၏ ဟူ၍ဆိုပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်၏

အဓိပ္ပါယ်ကား (ဂ) ဝါကျဖြင့် သဿတဝါဒီဒိဋ္ဌိဂတိကပုဂ္ဂိုလ်၏ အယူဝါဒမည်သည် မြဲမြံခိုင်ခန့်တည်တန့်မှု မရှိသောကြောင့် မိမိအယူဝါဒကို မိမိကိုယ်တိုင် ဖျက်ဆီးရာရောက်၏ဟု ငါပြဆိုပါ၏ ဟူလိုသော်။

http://www.dhammadownload.com



❖ "ဒိဋ္ဌိဂတိကဿာ"တိအာဒိ တဒတ္ထသမတ္ထနံ။ (သီဋီသစ်၊ ၃၉၇။)

(ဃ) ဝါကျ အနုသန္ဓေ။

ဤသို့ (ခ+ဂ)နှစ်ဝါကျဖြင့် သဿတဝါဒီပုဂ္ဂိုလ်၏အယူဝါဒသည် မြဲမြံခိုင်ခန့်တည်တန့်မှု မရှိသောကြောင့် "သဿတော အတ္တာစ လောကောစ" ဟူ၍ ဆိုခဲ့ပြီးဖြစ်လျက် "တေစ သတ္တာ သန္ဓာဝန္တိ" စသည်ဖြင့် ဆိုခြင်းသည် မိမိအယူဝါဒကို မိမိကိုယ်တိုင်ဖျက်ဆီးရာရောက်၏ ဟု ပြဆိုပြီး ၍၊ ယခုအခါ၌ ယင်းစကားရပ်တို့ကို လောကူပမာဖြင့် ထင်ရှားပြလိုသောဆရာသည် (ဃ) မိန့်။

၃။ (ခ+ဂ) ဝါကျ အာဘောဂါဒိစတုက္ကထုတ်ပုံ

(က) နနု ပုဗ္ဗေ သဿတော အတ္တာစ လောကောစာတိ ဝတွာတိ။

(ခ) အထ ကသ္မာ ဣဒါနိ တေစ သတ္တာ သန္ဓာဝန္တိတိအာဒိနာ ဝစနေန အယံ ဒိဋ္ဌိဂတိကော အတ္တနာယေဝ အတ္တနော ဝါဒံ ဘိန္ဒတိ။

(ဂ) နနု ဒိဋ္ဌိဂတိကဿ ဒဿနံနာမ န နိပ္ဖဒ္ဓံ။ (အဋ္ဌကထာ လာ ပရိ+ဘော)

(တနည်း) နနု သန္ဓာဝနာဒိဝစနသိဒ္ဓါယ အနိစ္စတာယ ပုဗ္ဗေ အတ္တနာ ပဋိညာတဿ သဿတဝါဒဿ ဝိရုဒ္ဓဘာဝေါ ဟောတိ။ (သီဋီသစ်၊ ဖရိ+ဘော)

(ဃ) တသ္မာ ဣဒါနိ ။ ပ ။ ဘိန္ဒတိ။

၄။ ဥဂ္ဂတေဟိ ဝါတာဒိဒေါသေဟိ မဇ္ဇတီတိ ဥမ္မတ္တော။ ဥမ္မတ္တောယေဝ ဥမ္မတ္တကော။

တက်ကုန်သောလေ စသောအပြစ်တို့ကြောင့် ယစ်မူးခြင်း ရူးသွပ်ခြင်းကြိယာသကတ် သည်-ဝစနဟေတုမည်၏။

အရူးဖြစ်သည် -- ဝစနီယမည်၏။

ဥမ္မာဒဝတီ စသော ပရိယာယ်သဒ္ဒါများသည် -- ဝစနီယတ္ထမည်၏။

၅။ (က) စဝန္တိ ကို စဝန္တတ္တာ ဟုဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို တေသံသတ္တာနံ ဟုခံ။ (ကတ္တား + သမ္ဗန်စာစပ်)

❖ တေစ သတ္တာ သန္ဓာဝန္တိ သံသရန္တိ စဝန္တိ ဥပပဇ္ဇန္တိ။ (ပါဠိတော်ထောက်)

(ခ) ၌ ဘိန္ဒတိ ကို ဘိန္ဒန္တတ္တာ ဟု ဟိတ်ပြင်က "ဣမဿ ဒိဋ္ဌိဂတိကဿ"ဟု သမ္ဗန်ခံ။

၆။ (က) အပရာပရံ သဠူရန္တိ ဖြင့် သံသရန္တိ ၌၊ သံ သဒ္ဒါသည် သမောဓာနစသော အနက်တို့ကိုမဟော, အပရာပရ (ပုနပ္ပုန) အနက်ဟော - လည်းကောင်း၊ (ဥပ+တ္ထ)၊ သရ ဓာတ်သည် ဤ၌ စိန္တာအနက်ကိုမဟော, ဂတိအနက်ဟော - လည်းကောင်း သိစေပါသည်။

ဇဝံ သဤဂစ္ဆန္တိ ဖြင့် စဝန္တိ ၌ စုတေကုန်၏ဟူသည် ဤသို့ စုတေကြရကုန်၏ဟူသော အရေအတွက်သို့ရောက်ခြင်းပင်တည်းဟု သိစေပါသည်။

တထာ ဥပပဇ္ဇန္တိ ဖြင့် ဥပပဇ္ဇန္တိ ၌ ပဋိသန္ဓေနေကုန်၏ဟူသည် ဤသို့ပဋိသန္ဓေနေကြရ ကုန်၏ဟူသော အရေအတွက်သို့ရောက်ခြင်းပင်တည်း ဟု သိစေပါသည်။

(တနည်း) ဂစ္ဆန္တိ ဖြင့် စဝန္တိ ၌ စု ဓာတ်သည် သဟနအနက်ကိုမဟော၊ စဝန, ဂတိအနက်ကို ဟော၏ဟု သိစေပါသည်။ (နီတိဓာတု၊ ၂၉၂။ ရှု။)

http://www.dhammadownload.com



တထာ ဥပပဇ္ဇန္တိ ဖြင့် ဥပပဇ္ဇန္တိ ၌ ဥပ ဥပသာရသည် ဥပလဗ္ဘတိ စသည်၌ကဲ့သို့ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုလည်းကောင်း။ ပဒ ဓာတ်၏ ဂတိအနက်ဟော-လည်းကောင်း သိစေပါ သည်။

အမှာ။ ။ဥပသမ္ပဇ္ဇာတိ ဥပဂန္တွာ။ (ဝိ၊ ၄။ ၁။ ၁ဝ၇။) ဥပသမ္ပဇ္ဇာတိတ္တေ ဥပသဲသဒ္ဒါ "ဥပလဗ္ဘတိ"တိအာဒီသုဝိယ နိရတ္ထကတာတိ ဒဿေတုံ "ဥပဂန္တွာ"တိအာဟ ဝတ္တွာ။ (သာရတ္ထ၊ ၁။ ၃၆၄။) တို့ကိုထောက်၍ အဘော်ကြံသည်။

၇။ ပဘ္ဘိ ကား ပသ+ဆိက်။ ပသဆိ ဟူလိုလျက် သ ကို စ ပြု၍ပြီးသည်။

❖ ပသီယတိ ဗာဓီယတိ ဧတ္ထာတိ ပစ္ဆိ။ ဘာဇနဝိသေသော။ (ဏွာဒိမောဂ်။ ၄၁။)

ခဏ္ဍ ကား ခန+ဍ။ န ကို နိဂ္ဂဟိတ်ပြု၊ နိဂ္ဂဟိတ်ကို ဏ ပြု၍ပြီးသည်။ (ဏွာတိမောဂ်။ ၅၈။)

ဂူထ ကား ဂုပ+ထက်။ ဓာတွန် ပ ကိုချေ။ ဂု ၌ ဥ ကို ဦ ပြု၍ပြီးသည်။

❖ ဂုပ ဂေါပနေ၊ ဒီဃော၊ ပ လောပေါ။ ပဋိကူလတ္တာ ဂေါပီယတီတိ ဂူထော။ ဝစ္စံ။ (ဏွာဒိမောဂ်။ ၈၈။)

၈။ သဿတဝါဒ ၌ တေစ သတ္တာ သန္ဓာဝန္တိ သံသရန္တိ စဝန္တိ ဥပပဇ္ဇန္တိ ဟူသော စကား ရပ်သည် သုနွှရဖြစ်သည်။

သဿတော အတ္တာစ လောကောစ စသောစကားရပ်သည် အသုန္ဒရဖြစ်သည်။

❖ "သန္ဓာဝန္တိ"တိအာဒိဝစနံ သဿတဝါဒဋ္ဌ သန္ဓာယ "သုန္ဒရမ္ပိ အသုန္ဒရမ္ပိ ဟောတိယေဝါ"တိ ဝုတ္တံ။ (သီဋီသစ်၊ ၃၉၇။)

အတ္တနော ဝါဒံ ဘိန္ဒတိ ၏ ဟိတ် ကား (ဝါ) မိမိအယူဝါဒကို မိမိကိုယ်တိုင်ပင် ဖျက်ဆီး၏ ဟု ဆိုရခြင်းအကြောင်းကား -- သဿတဝါဒီမိစ္ဆာအယူရှိသောပုဂ္ဂိုလ်၏ မိစ္ဆာအယူသည် မြဲမြံခိုင်ခန့် တည်တန့်မှုမရှိသောကြောင့်တည်း။

(တနည်း) ခေါက်တုံ့ခေါက်ပြန် ထပ်ခါထပ်ခါ ကျင်လည်ပြေးသွား၏ အစရှိသောစကားကို ပြီးစေတတ်သော မမြဲသောအနိစ္စသဘောတရားနှင့် ရှေး၌ မိမိကိုယ်တိုင်ဝန်ခံပြောဆိုခဲ့သော သဿတအယူဝါဒ၏ ဖြောင့်ဖြောင့်ပင်ဆန့်ကျင်နေသောကြောင့်တည်း။

အမှာ ။ ။ ရှေးနည်းကား အဋ္ဌကထာဝါဒ။ နောက်နည်းကား သီဋီသစ်ဝါဒ ဖြစ်သည်ဟုမှတ်။

၉။ (ဃ) ဝါကျ ဥပမာနစကားရပ်များကို ဂါထာစီ။

နိဒါတော ထုသရာသိမှိ၊ ခါဏုကောဝိယ စ ၁။

ပူဝခဏ္ဍဂူထာဒီနိ၊ ဥမ္မတ္တကဿေဝ ပစ္ဆိယံ။ (ပ-ဘိယမ်-ကာရဝိပုလာဂါထာ)၊

၁၀။ ပစ္ဆိ - ၌ ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ -

† ပစ္ဆိ ၌ ပသ ဓာတ်အရတောင်း၌ထည့်၍ သတ္တဝါတို့ကို နှိပ်စက်သတ်ဖြတ်ကြသူ တံငါ မုဆိုးတို့၏သန္တာန်၌ဖြစ်သော ဒေါသပြဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်ကိုယူ၍ -- ထိုသည် -- ကောဒ္ဒေယီဘာဝ + ရုဒ္ဒရရသ။

http://www.dhammadownload.com



- ✝ နိုပ်စက်သတ်ဖြတ်ခံရသော သတ္တဝါတို့သည် -- အာရမ္မဏဝိဘာဝ။
- ✝ အယောနိသောမနသိကာရ, အသပ္ပုရိသူပနိဿယ စသည်သည်လည်းကောင်း၊ သတ္တဝါတို့ကို ထည့်၍ သတ်ဖြတ်နှိပ်စက်ရာဖြစ်သော ခြင်းတောင်းဒြဗ်သည်လည်းကောင်း -- ဥဒ္ဒီပန ဝိဘာဝမည်၏။
- ✝ သတ်ဖြတ်နှိပ်စက်မှုအကုသိုလ်ကံကြောင့် ယခုပစ္စက္ခဘဝ၌ ပညာရှိသူတော်ကောင်းတို့၏ ကဲ့ရဲ့ခံရခြင်း, နောင်တမလွန်ဘဝ၌ ဒုဂ္ဂတိ၌ဖြစ်ရခြင်းစသောမကောင်းကျိုးအဆက်ဆက်သည် -- အနုဘာဝမည်၏။

✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱

ဝါကျဥယျာဉ် (၇၈)

(က) အတ္ထိဘေ္ဝ သဿတိသမန္တိ ဧတ္ထ သဿတီတိ နိစ္စံ ဝိဇ္ဇမာနတာယ မဟာပထဝီဝံ မညတိ၊ တထာ သိနေရုပဗ္ဗတစန္ဒိမသူရိယေ၊

(ခ) တတော တေဟိ သမံ အတ္တာနံ မညမာနာ အတ္ထိဘေ္ဝ သဿတိသမန္တိ ဝဒန္တိ။

(ဂ) ဣဒါနိ "သဿတော အတ္တာစ လောကောစာ"တိ အာဒိကာယ ပဋိညာယ သာဓနတ္ထံ ဟေတုံ ဒဿေန္တော "တံ ကိဿ ဟေတု ? အဟံ ဟိ အာတပ္ပမန္ဝာယာ"တိအာဒိမာဟ။

(၅၊ ၉၈။ သီဋီသစ်၊ ၃၉၇။ ပခုက္ကူ၊ ၄၈၁။ နေရင်း၊ ၃၂၁။ ဘာသာဋီ၊ ၃၆။ ဂဏ္ဌိ၊ ၂၄၂။)

၁။ (ဂ) ဝါကျ၌ ပုဗ္ဗာနုသန္ဓေနှင့် အာဟ၏ ကတ္တားထည့်၍ အနက်ယောဇနာပါ။
၂။ (ဂ) ဝါကျကို စောဒနာတက်ပါ။
၃။ (ဂ) ဝါကျကို ရှု၍ စတုက္ကထုတ်ပါ။
၄။ သိနေရုပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟထုတ်ပါ။
၅။ ဝိဇ္ဇမာနတာယ၏ သမ္ဗန်ခံ၍ စာစပ်ပြီးလျှင် ဘာဝသမ္ဗန်၏ ပစ္စယတ္ထကိုလည်းရေးခဲ့ပါ။
၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ သဿတိသမံ ၌ သဿတိ ပုဒ်၏ ရုပ်ပြီးပုံနှင့် နိရုတ္တိနည်းကိုဖော်ပြ၍၊ သဿတိသမံ၌ ဖြစ်သင့်သော ဝိပလ္လာသနည်းကိုလည်းဖော်ပြပါ။
၈။ ဗုဒ္ဓါနဉ္စ စတ္တာရိဋ္ဌာနာနိ ပတွာ ဂဇ္ဇိတံ မဟန္တံ ဟောတိ၊ ဉာဏံ အနုပဝိသတိ (၅၊ ၉၄) ၌ စတ္တာရိ သရုပ်ထုတ်ပြပါ။
၉။ (က) ဝါကျ သံဝဏ္ဏနာပါဠိတို့ကို ဝတ္ထမျိုးဂါထာစီ၍ ဂါထာအမည် ဆန်းအမည်ပေးပါ။
၁၀။ (က) ဝါကျ၌ မညတိ ကြိယာကိုရှုလျက် ဌာယီဘာဝ စသောအလင်္ကာနယထုတ်ပြပါ။

= = = = = = = = = = = = = = = = = = = =

၁။ ဧဝံ၊ သို့။ ဝါ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အတ္တနောစ၊ အတ္တ၏လည်းကောင်း။ လောကဿစ၊ လောက၏လည်းကောင်း။ သဿတဘာဝံ၊ မြဲသည်၏အဖြစ်ကို၊ ဒဿေတွာ၊ ၍။ (ဤကား ပုဗ္ဗာနုသန္ဓေ)

အာဟ ၏ ကတ္တားကို "ဒိဋ္ဌိဂတိကော၊ မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်သည်" ဟုထည့်။ (ပခုက္ကူနိသျ၊ ၄၈၁)

http://www.dhammadownload.com



၂။ (ဂ) ဝါကျ စောဒနာ

ဆရာ ဆရာသည် မိစ္ဆာအယူရှိသောပုဂ္ဂိုလ်သည် "တံ ကိဿ ဟေတု၊ အဟံ ဟိ အာတပ္ပမန္ဝာယ" စသည်ကိုဆိုသောဟုပြဆိုတော်မူ၏။ သဿတော အတ္တာစ (လ) အတ္ထိတွေဝ သဿတိသမံ ဟူသောစကားရပ်ဖြင့် အတ္တ၏လည်းကောင်း, လောက၏လည်းကောင်း မြဲသည်၏ အဖြစ်ကို ပြပြီးသည်မဟုတ်ပါလော။ ထိုသို့ပြပြီးဖြစ်ပါလျက် အဘယ်ကြောင့် "တံကိဿဟေတု" စသည်ကိုဆိုပြန်ပါသနည်း။ တံ ကိဿ ဟေတုစသည်ကို ဆိုရခြင်းအကြောင်းကို မပြသော် ဆရာအား ပုနရုတ္တိ, နိရတ္ထကဒေါသ -- ၏။ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။
အမှာ ။ ။ စကားနှစ်ရပ်, သဒ္ဒစပ်က စသောနိယံနှင့်အညီ ကျမ်းတက်ခြင်းဖြစ်သည်။

၃။ (ဂ) ဝါကျ အာဘောဂါဒိ စတုက္ကထုတ်ပုံ ။

(က) နနု ဧဝံ အတ္တနော စ လောကဿစ သဿတဘာဝေါ ဒဿိတော။
(ခ) အထ ကသ္မာ တံ ကိဿ ဟေတု (လ) မန္ဝာယာတိအာဒိမာဟ။
(ဂ) နနု သဿတော အတ္တာစ (လ) ဟေတုံ ဒဿေန္တော ဟောတိ။
(ဃ) တသ္မာ တံ ကိဿ ဟေတု (လ) မန္ဝာယာတိအာဒိမာဟ။

၄။ သိနာတိ သုစိံ ကရောတီတိ သိနေရု။ (သိနာ+ဧရု။ ဏွာဒိမောဂ်)
စင်ကြယ်အောင်ပြုခြင်း ကြိယာသကတ်သည် ဝစနဟေတု၊
မြင်းမိုရ်တောင်ဒြပ်သည် ဝစနီယ။
မေရု နေရု ပဗ္ဗတရာဇာစသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ နိစ္စံ ဝိဇ္ဇမာနတာယ မဟာပထဝီံ မညတိ-၌ ဝိဇ္ဇမာနတာယဟိတ်၏ သမ္ဗန်ကား မဟာပထဝိယာတည်း။
တထာ သိနေရုပဗ္ဗတစန္ဒိမသူရိယေ ဝါကျသို့လိုက်သော ဝိဇ္ဇမာနတာယ၏သမ္ဗန်ကား သိနေရု ပဗ္ဗတစန္ဒိမသူရိယာနံ တည်း။ (ပဉ္စုက္ကနိသျှအလိုတည်း)
ဘာသာဋီကာအလို အတ္တနော ဟုဝံ။ (ကတ္တား + သမ္ဗန်စာစပ်)
(ဂ) ဝါကျ၌ ဒဿေန္တောကို ဒဿေန္တတ္တာဟု ဟိတ်ပြင်က ယင်းသမ္ဗန်ကို ဒိဋ္ဌိဂတိကဿဟုဝံ။

၆။ (က) ဝါကျ နိစ္စံဖြင့် သဿတိသဒ္ဒါ နိစ္စအနက်ဟော၏ဟုသိစေသည်။ (နာမလိင်္ဂတ္တ) မဟာပထဝီသိနေရုပဗ္ဗတစန္ဒိမသူရိယေဖြင့် "သဗ္ဗဒါ သရန္တိ ပဝတ္တန္တီတိ သဿတိယောဟု ဝစနတ္တပြု၍ သဿတိအရ မြေကြီး, မြင်းမိုရ်တောင်, လ, နေ တို့ကို ယူရမည်ဟုသိစေ၏။
(က) တစ်ဝါကျလုံးဖြင့် မြေကြီး၏ထင်ရှားရှိသည်၏ အဖြစ်ကြောင့် မြေကြီးကဲ့သို့ မှတ်ထင်၏။ မြင့်မိုရ်, နေ, လ တို့၏ ထင်ရှားရှိကုန်သည်၏အဖြစ်ကြောင့် မြင့်မိုရ်, နေ, လ တို့ကဲ့သို့ မှတ်ထင်၏ ဟူသော အဓိပ္ပါယ်ကို သိစေ၏။ (ဘာဝတ္တ)
(ခ) ဝါကျ တေဟိ သမံ ဖြင့် သဿတီဟိ+သမံ သဿတိသမံ ဟု တတိယာတပ္ပုရိသ် ပြုရမည်ကိုလည်းကောင်း၊ (သမာသလိင်္ဂပဒတ္တ) (ခ) တစ်ဝါကျလုံးဖြင့် ထိုသို့အောက်မေ့မှတ်ထင်ခြင်းကြောင့် မိမိကိုယ်ကို မြေကြီး, မြင့်မိုရ်တောင်, နေ, လ တို့နှင့်တူ၏ဟု မှတ်ထင်ကြကုန်၍ "အတ္ထိ တွေဝ သဿတိသမံ"ဟု ဆိုကြကုန်သတည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်းသိစေသည်။

http://www.dhammadownload.com



၅။ သဿတိ ကား သဒ+တိ။ ဒ ကို သ ပြု၊ သ ဒွေးဘော်လာ၍ ပြီးသည်။

❖ သဗ္ဗဒါ သရန္တိ ပဝတ္တန္တီတိ သဿတိယော၊ ရကာရဿ သကာရံ, ဒွိဘာဝဥ္စ ကတွာ။(သီဋီသစ်)
(တနည်း) သဒါ သဒ္ဒူပပဒ + သရ + တိ။ ဒါကို သ ပြု၊ ရ ကို သ ပြု၍ ပြီးသည်။

❖ သဒါ သရန္တိ ဂစ္ဆန္တီတိ သဿတိ။ သရဂတိယံ၊ တိ။ သဒါသဒ္ဒဿ သော။ (သူစိ)
သဿတိသမံကား သဿတိသမောဟူသော ပုလ္လိင်ကို သဿတိသမံဟု ဘာဝနပုံဖြင့်ဆိုထား ရကား လိင်္ဂဝိပလ္လာသနည်း ဖြစ်ပါသည်။

❖ သဿတိသမန္တိ ဝါ လိင်္ဂဗျတ္တယေန ကတ္တုနိဒ္ဒေသော။ သဿတိသမော အတ္တာစ လောကောစ အတ္ထိစေဝါတိ အတ္ထော။ (သီဋီသစ်)

အတ္ထိတွေဝ ကား အတ္ထိ + ဣတိ + ဧဝ = ဟူလိုလျက် ဣတိ၌ ဣကိုချေ။ ဧဝသဒ္ဒါ၏ အေကြောင့် ဣတိ ၌ တ အစိတ် ဣကို ဝပြု၍ ပြီးသည်။ ဣတိ ကား ပဒပူရဏမျှသာတည်း။

❖ ဣတိသဒ္ဒေါ စေတ္ထ ပဒပူရဏမတ္တံ။ ဧဝသဒ္ဒဿ ဟိ ကောရေ ပရေ ဣတိသဒ္ဒေ ဣကာရဿ ဝကာရမိစ္ဆန္တိ သဒ္ဒဝိဒူ။ (သီဋီသစ်)

၈။ စတ္တာရိ သရုပ်ကား- ၁။ ဝိနယပညတ္တိ။ ၂။ ဘူမန္တရံ။
၃။ပစ္စယာကာရ။ ၄။ သမယန္တရ ဖြစ်ပါသည်။ (ဌ၊ ၉၄)

၉။ (က) သံဝဏ္ဏနာဂါထာစီ ။

နိစ္စံ ဝိဇ္ဇမာနတာယ၊ မဟာဘူမိံ မညတိ။
သိနေရုပဗ္ဗတေ စေဝ၊ စန္ဒိမသူရိယေ တထာ။ (ပဍ္စမရကာရဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း)

၁၀။ မညတိ ကြိယာကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ

✝ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်၏ ဒိဋ္ဌိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ - ထိုသည် ကာမရတိဌာယီဘာဝ + ကာမသင်္ဂါရရသ။

✝ မြေကြီး မြင့်မိုရ်တောင်, နေ, လ စသည်သည် အာရမ္မဏဝိဘာဝ၊

✝ မြေကြီး မြင့်မိုရ်တောင်, နေ, လ စသည်တို့၏ အမြဲထင်ရှားရှိခြင်းသည်လည်းကောင်း၊ အယောနိသောမနသိကာရ စသည်သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ၊

✝ မိမိကိုယ် (အတ္တာ) ကို မြေကြီး မြင့်မိုရ်တောင်, နေ, လ တို့နှင့်တူ၏ဟု မှတ်ထင်သည် ဖြစ်၍ အတ္ထိတွေဝ သဿတိသမံဟုဆိုခြင်း၊ မိစ္ဆာအယူတိုးပွားခြင်း၊ ဒုဂ္ဂတိသို့ ရောက်ရခြင်း စသည်သည် အနုဘာဝမည်၏။

********************

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၇၉)

(က) လ္လမိနာမဟံ တေံ ဇာနာမီတိ လ္လမိနာ ဝိသေသာဓိဂမေန အဟံ တေံ ပစ္စက္ခတော ဇာနာမိ။
(ခ) န ကေဝလံ သဒ္ဒါမတ္တကေနေဝ ဝဒါမီတိ ဒဿေတိ။
(ဂ) မ-ကာရော ပနေတ္ထ ပဒသန္ဓိကရဏတ္ထံ ဝုတ္တော။
(ဃ) လ္လဒံ ဘိက္ခဝေ ပဌမံ ဌာနန္တိ စတူဟိ ဝတ္ထူဟီတိ ဝတ္ထုသဒ္ဒေန ဝုတ္တေသု စတူသု ဌာနေသု လ္လဒံ ပဌမံ ဌာနံ။
(င) လ္လဒံ ဇာတိသတသဟဿမတ္တာနုဿရဏံ ပဌမံ ကာရဏန္တိ အတ္ထော။
(၃၊ ၉၈။ သီဋီသစ်၊ ၃၉၈။ ပခုက္ကူ၊ ၄၈၁။ ဘာသာဋီကာ၊ ဒု။ ၄၇။ သီဂဏ္ဌိ၊ ၄၂၄။)

၁။ (က+ဂ+ဃ)ဝါကျတို့ကို သဗ္ဗနာမ်အစွဲမှန်ကန်စေလျက် ဝုတ္တော၏ကတ္တားထည့်၍ အနက်ပေးပါ။
၂။ (ခ) ဝါကျကို သာဘာဂပုစ္ဆာတက်၍၊ (င) ဝါကျကို အနုသန္ဓေတက်ပြပါ။
၃။ (ဂ) ဝါကျကို အာဘောဂါဒိစတုက္ကကြံသထုတ်ပြပါ။
၄။ ပဌမံ ဌာနံ ၌ ဌာန ကို သံဝဏ္ဏနာနှင့်အညီ ဝစနတ္ထပြု၍ ဝစနာဒိသက္ကထုတ်ပါ။
၅။ (ဂ) ဝါကျ၌ "ဝုတ္တော"ကို ဟိတ်ပြစ်၍၊ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပစာစပ်ပြပါ။
၆။ (က+ဂ+င) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။
၇။ သဿတော အတ္တာစ ၌ အတ္တ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။
၈။ "လ္လဒံ ဘိက္ခဝေ ပဌမံ ဌာနံ"၌ ဌာန သဒ္ဒါ၏ဘေဒနှင့် လ္လဓာဓိပ္ပေတတ္ထကိုကောက်ပြပါ။
၉။ အောက်ပါမြန်မာစကားရပ်ကို ဂါထာဗန္ဓသီကုံးပြီး ဂါထာအမည်ပေးခဲ့ပါ။ ဤဆိုအပ်ပြီးသော နည်းဖြင့် မြတ်စွာဘုရားသည် ဟောတော်မူအပ်သော အကြွင်းသုတ္တန် မြတ်၏ အာနုဘော် ကြောင့် မြေကြီးသည် အကြိမ်များစွာ တုန်လှုပ်ရလေပြီ။
၁၀။ ဇာနာမိ ၌ ဇာတွတ္ထကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပြပါ။

====================

၁။ (က) တေံ (သဿတဘာဝံ)၊ ဤအတ္တလောက၏ မြဲသည်၏အဖြစ်ကို။ (တနည်း) တေံ(ကာရဏံ)၊ ဤမြဲသည်၏အဖြစ်ဟူသောအကြောင်းကို။ (ပခုက္ကူ၊ ၄၈၂။)
◆ တေန္တိ အတ္တနောစ လောကဿစ သဿတဘာဝံ။ (သီဋီသစ်၊ ၃၉၈။)
(ဂ) ဧတ္ထ၊ လ္လမိနာမဟံ ဟူသော ဤပါဌ်၌။ (ပ)။ ဒိဋ္ဌိဂတိကေန၊ မိစ္ဆာအယူရှိသူသည်။ (ကတ္တား)။ ဝုတ္တော။ ၏။ (ဘာသာဋီကာ။ ဒု။ ၄၇)။
(ဃ) လ္လဒံ၊ ဤအတ္တဘောကို။ (ဂဏ္ဌိ။ ၂၄၂)။ လ္လဒံ၊ ဤဘဝအသိန်းကို အစဉ်လျှောက်၍ အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည်။ (ပခုက္ကူ)။

၂။ (ခ) သာဘောဂပုစ္ဆာ။
ဆရာ၊ ဆရာသည် (က) ဖြင့် ဒိဋ္ဌိဂတိကပုဂ္ဂိုလ်သည် ပုဗ္ဗေနိဝါသာနုဿတိ အဘိဉာဏ် အထူးကို ရထားခြင်းကြောင့် အတ္တလောက၏ မြဲသည်၏အဖြစ်ကို မျက်မှောက်ထင်ထင် ငါသိမြင် သော ဟုဖွင့်ဆို၏။ ယင်းစကားရပ်၌ အတ္ထာပန္နနည်းအားဖြင့် ယူရမည်ဖြစ်သော အနက်အဓိပ္ပါယ်

http://www.dhammadownload.com



များကို ဆရာဖွင့်ပြသင့်သည် မဟုတ်ပါလော၊ အတ္တာပန္နနည်းအားဖြင့် ယူရမည့် အနက်အဓိပ္ပါယ် များကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

အဓိပ္ပါယ်ကား ဣမိနာဟံစသော ပါဠိတော်စကားရပ်၌ အတ္တာပန္နနည်းအားဖြင့် ယူရမည့် (ဗျတိရေက) အနက်အဓိပ္ပါယ်များကို ငါပြ --- ဟူလို။

◆ "န, ကေဝလ"န္တိ အာဒိ အတ္ထတော အာပန္နဒဿနံ။ (သီဋီသစ်။ ၃၉၈။)

(တစ်နည်း) ဆရာ၊ ဆရာသည် (က) ဖြင့်။ပ။ ငါသိမြင်၏ဟု ဆိုတော်မူခဲ့၏။ သက်သက် ယုံကြည်ကာမျှဖြင့်လည်းသိ၍ ပြောဆိုနေသည်မဟုတ်ပါလော။ အဘယ်သို့ မှတ်သား အပ်ပါသနည်း – စုဒ်ကြောင့် (ခ) မိန့်။

အဓိပ္ပါယ်ကား သက်သက်ယုံကြည်ကာမျှဖြင့် ငါမပြောဆိုဟူသော အဓိပ္ပါယ်ကိုငါပြဟူလို။

✻ ကေဝလံပုဒ်၊ န မြစ်ထုတ်၊ သမုစ္စယ အာဘော်ဆင်။

✻ အန္ဒယ ဗျတိရေက၊ စောဒနာနှစ်ချက်၊ ပြိုင်ကာတက်မူ၊ န ကို ထုတ်သွင်း၊ အချင်းချင်း၊ တင်လျှင်းအာဘော်ပေ။ ။

### (င) ဝါကျ အနုသန္ဓေ

ဤသို့ (ဃ) ဝါကျဖြင့် "ဣဒံ ဘိက္ခဝေ ပဌမံ ဌာနံ" ဟူသော ပါဠိတော်ကို "စတူဟိ ဝတ္ထူဟိတိ။ ပ ။ ဣဒံ ပဌမံ ဌာနံ" ဟု အဓိပ္ပါယသံဝဏ္ဏနာကို အဦးမူလျက် ဖွင့်ပြပြီး၍၊ ယခုအခါ၌ ပါဠိတော်ဝယ် ဣမသမ္ဗန္ဓာမ်ပုဒ်၏ အစွဲအရကောက်များနှင့် ဌာနသဒ္ဒါ၏ ဣဓာဓိပ္ပေတတ္ထ ကို တိကျသေချာစွာ ဖွင့်ပြလိုသော ဆရာသည် (င) မိန့်။ (သီဋီသစ် သာဓက။ ၆ နံပါတ်မှာရှု။)

၃။ (ဂ) ဝါကျ အာဘောဂါဒိစတုက္ကထုတ်ပုံ

(က) နနု ဣမိနာမဟံ စေတ် ဇာနာမီတိပါဠိယေ ဣမိနာအဟံ စေတဇာနာမီတိ ဝုတ္တေပိ ဣစ္ဆိတတ္ထော သိဒ္ဓေါ။

(ခ) အထ ကသ္မာ မကာရော ဧတ္တ ဝုတ္တော။

(ဂ) နနု ပဒသန္ဓိကရဏတ္ထော ဟောတိ။

(ဃ) တသ္မာ မကာရော ဧတ္ထ ဝုတ္တော။

၄။ တိဋ္ဌတိ ဧတ္ထာတိ ဌာနံ။ (သီဋီသစ်။)

တည်ခြင်းကြိယာသကတ်သည် --- ဝစနဟေတုမည်၏။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြစ်သည် --- ဝစနီယမည်၏။

ကာရဏ စသော ပရိယာယ်ထဒ္ဓါများသည့် ဝစနီယတ္ထမည်၏။

ဝသတိ တံ ဉာဏ + မေတ္ထ တိဋ္ဌတီတိ ဝတ္တူ။ (သီဋီသစ်) ဌာန နှင့် အတူထုတ်။

၅။ (ဂ) ဝါကျ၌ ဝုတ္တော ကို ဝုတ္တတ္တာ ဟု ဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို မကာရဿ ဟုခံ။ (ကံသမ္ဗန်စာစပ်။)

http://www.dhammadownload.com



၆။ (က) ဝါကျဖြင့် ဏ္ဍမိနာ ၌ ဏ္ဍမသဗ္ဗနာမ်ပုဒ်၏ ဝိသေသာဓိဂမ (ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ် အထူးကိုရခြင်း) ကို စွဲယူသုံးသပ် --- လည်းကောင်း၊ (သဗ္ဗနာမ္ပလိင်္ဂတ္တာ)၊ မ အက္ခရာသည် အာဂုမ်မျှသာဖြစ်၍ ဏ္ဍမိနာမဟံ ကို ဏ္ဍမိနာ + အဟံ ဟုပဒစ္ဆေဒ ပြုရမည်ကိုလည်းကောင်း၊ ဇာနာမိ ၌ သိ၏ ဟူသည် သူများပြောသံကြား၍ ယုံကြည်ကာမျှဖြင့် သိနေသည်မဟုတ်၊ မိမိကိုယ်တိုင် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဖြင့် မျက်မှောက်ထင်ထင်သိမြင်နေခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။

(ခ) ဝါကျဖြင့် အတ္တလောကသည် မြဲ၏ဟူ၍ ငါသိမြင်သည့်အတိုင်း ယူထားခြင်းသည် သူများပြောသံကိုကြား၍ ယုံကြည်ကာမျှဖြင့် ပြောဆိုနေခြင်းမဟုတ်ဟု ဗျတိရေကနည်း အတ္ထာပန္န နည်းဖြင့် သိရ ယူရမည့် အဓိပ္ပါယ်ကို သိစေပါသည်။ (သီဋီသစ်။ ၃၉၈။)

(ဂ) ဝါကျဖြင့် ဏ္ဍမိနာမဟံ ၌ မ-၏ အာဂုမ်မျှသာဖြစ်၍ ပဒပူရဏ၏ အဖြစ်ကို လည်းကောင်း၊ ပဒသန္ဓိကရဏအကျိုးငှာ အာဂုမ်လာထားသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

(ဃ) ဝါကျဖြင့် ဏ္ဍဒဘိက္ခဝေ ၌ ဏ္ဍမသဗ္ဗနာမ်ပုဒ်၏ ဘဝတစ်သိန်းကို အစဉ်လျှောက်၍ အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုစွဲယူ---လည်းကောင်း၊ ယင်းပရာမသိတဗ္ဗ ကိုထောက် ၍ ဏ္ဍမသဗ္ဗနာမ်ပုဒ်အရ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ယူရမည်ကိုလည်းကောင်း၊ ပဌမံ ဌာနံ၌ ဌာနသဒ္ဒါ၏ ဟေတု ကာရဏ အနက်ဟော---လည်းကောင်း၊ ယင်းကာရဏတ္ထကို ဟောနိုင် အောင် "တိဋ္ဌတိ ဧတ္ထာတိ ဌာနံ" ဟု ဝစနတ္ထပြု---လည်းကောင်း၊ ယု ပစ္စည်း၏ အဓိကရဏသာဓ်အနက်၌သက်---လည်းကောင်း သိစေပါသည်။

❖ ဌာနသဒ္ဒေါ ကာရဏေ၊ တဥ္စ ခေါ ဏ္ဍဓ ပုဗ္ဗေနိဝါသာနုဿတိယေဝါတိအာဟ "ဏ္ဍဒ"န္တိ အာဒိ။ (သီဋီသစ်။ ၃၉၈။)

၇။ အတ္တ ကား အဒ + တ။ အဒတ ဟူလိုလျက် ဓာတွန့် ဒ ကို တ ပြု၍ ပြီးသည်။ (သုခဒုက္ခံ အဒတိ အနုဘဝတီတိ အတ္တာ ဟူသော ဝစနတ္ထနှင့်အညီ ဖြစ်သည်။)

(တစ်နည်း) အာ + ဓာ + တ။ ဓ ကို ဟ ပြု၊ ဓ အစိတ် အာ ကို ဏ္ဍ ပြု၊ အာဟိတ ဟူလိုလျက် အာ ကို အ ပြု၊ ဟ ကို တ ပြု၊ ဟ ၏အစိတ် ဏ္ဍ ကိုချေ၍ ပြီးသည်။

(တစ်နည်း) အာ + ဓာ + တ။ အာဓာတ ဟူလိုလျက် အာ ကို အ ပြု၊ ဓ ကို တ ပြု၊ ဓ အစိတ် အာ ကိုချေ၍ပြီးသည်။

(အာဟိတော အဟံမာနော ဧတ္ထာတိ အတ္တာ ဟူသော ဝစနတ္ထနှင့်အညီ ဖြစ်သည်။)

ဝတ္ထုံ ကား ဝသ + ရတ္ထုံ။ သ ရ တို့ကို ချေ၍ပြီးသည်။

၈။ ပဌမံ ဌာနံ ၌ ဌာနသဒ္ဒါအကြောင်းဟောဖြစ်သည်။

ယင်းအကြောင်းသည် (၁) သမ္ပာပကအကြောင်း (၂) နိဗ္ဗတ္တကအကြောင်း

(၃) ဉာပကအကြောင်း ဟု သုံးမျိုးရှိသည်။

ထိုတွင် ရောက်စေတတ်သော အကြောင်းသည် --- သမ္ပာပကအကြောင်းမည်၏။

ဖြစ်စေတတ်သော အကြောင်းသည် --- နိဗ္ဗတ္တက အကြောင်းမည်၏။

သိစေတတ်သော အကြောင်းသည် --- ဉာပကအကြောင်းမည်၏။

ထိုသုံးမျိုးတွင် ဤနေရာ၌ ဉာပကအကြောင်းကို ယူရမည်။

http://www.dhammadownload.com



- ◆ ဌာနသဒ္ဒေါ ကာရဏေ။ ပ။ ကာရဏဥ္စ နာမေတံ တိဝိဓံ သမ္ပာပကံ နိဗ္ဗတ္တကံ ဉာပကန္တိ။ ပ။ ဣဓာပိ ဉာပကကာရဏမေဝ အဓိပ္ပေတံ။ (သီဋီသစ်။ ၃၉၈။)

၉။ ဧဝံ ယဿာနုဘာဝေန၊ အကမ္ပိတ္ထ အနေကသော။
မေဒနီ သုတ္တသေဋ္ဌဿ၊ ဒေသိတဿ သယမ္ဘုနာ။ (ပဏ္ဍာစတ္တဂါထာ)

၁၀။ ✝ ဇာနာမိ ဠ္ဍ ဓာတွတ္တအရ အတ္တဘောနှင့် လောကကြီးကို မြဲ၏ဟု ယူထားသော သဿတဝါဒီပုဂ္ဂိုလ်၏ သန္တာန်၌ မိစ္ဆာဉာဏ်ခေါ် ဒိဋ္ဌိပြဌာန်းသော လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ---- ကာမရတိဌာယီဘာဝ + ကာမသိင်္ဂါရ ရသ။
✝ မြဲသောအဖြစ်အားဖြင့် မျက်မှောက်ထင်ထင်တွေ့မြင်နေရသော အတ္တ လောကသည် အာရမ္မဏဝိဘာဝ မည်၏။
✝ ဘဝတစ်သိန်းမျှလောက်ကိုသာ အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိအဘိဉာဉ် အထူးကို ရထားခြင်းသည်လည်းကောင်း၊ ဘဝါဘဝက မိစ္ဆာအယူကို စွဲမြဲစွာ ယူခဲ့သည့် အာသေဝန ပစ္စည်းအထုံ ပါလာခဲ့ခြင်း စသောအကြောင်းတရားများသည်လည်းကောင်း --- ဥဒ္ဒီပနဝိဘာဝ မည်၏။
✝ ပစ္စုပ္ပန်ဘဝ၌ မိစ္ဆာဝါဒီပုဂ္ဂိုလ်ကြီးဟူ၍ ကဲ့ရဲ့ခံရခြင်း၊ ထို သဿတ မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နောင်ဘဝအဆက်ဆက်၌ ငရဲ၌ ဖြစ်ရခြင်း စသော မကောင်းကျိုး အဆက်ဆက်သည် --- အနုဘာဝမည်၏။

အမှာ ။ ။ ဤနေရာဌာနသည် ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ဖြင့်သိ၍ သဿတဝါဒီကို ယူသွားသည့် မိစ္ဆာအယူကို ပြဆိုရာဌာနဖြစ်သောကြောင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ယူကာ ဓမ္မရတိ + ဓမ္မသိင်္ဂါရ ရသထုတ်လျှင် သင့်မြတ်နိုင်စရာအကြောင်းမရှိ၊ သဿတဝါဒီပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်၍ ယင်းပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် အမှန်တရားမှ ချွတ်ယွင်းခဲ့သည့်အကြောင်း တရားပင် ဖြစ်နေသောကြောင့် အထက်ပါ အတိုင်း မိစ္ဆာဉာဏ်ပြဌာန်းသည့် စိတ္တုပ္ပါဒ်ကိုယူ၍ ကာမရတိဌာယီဘာဝ + ကာမသိင်္ဂါရ ရသ ထုတ်ခြင်းဖြစ်သည်။

********************

## ဝါကျဥယျာဉ် (၈၀)

(က) ဥပရိ ဝါရဒ္ဒယေပိ ဧသေဝ နယော။
(ခ) ကေဝလဉှိ အယံ ဝါရော အနေကဇာတိသတသဟဿာနုဿရဏဝသေန ဝုတ္တော။
ဣတရေ ဒသစတ္တာလီသသံဝဋ္ဋဝိဝဋ္ဋကပ္ပါနုဿရဏဝသေန။
(ဂ) မန္ဒပညော ဟိ တိတ္ထိယော အနေကဇာတိသတသဟဿမတ္တံ အနုဿရတိ၊ မဇ္ဈိမ ပညော ဒသသံဝဋ္ဋဝိဝဋ္ဋကပ္ပါနိ၊ တိက္ခပညော စတ္တာလီသံ၊ န တတော ဥဒ္ဒံ။

http://www.dhammadownload.com



(ဃ) စတုတ္ထဝါရေ တက္ကယတီတိ တက္ကီ၊ တက္ကော ဝါ အဿ အတ္ထီတိ တက္ကီ။
(င) တက္ကေတွာ ဝိတက္ကေတွာ ဒိဋ္ဌိဂါဟိနော ဧတံ အဓိဝစနံ။
(စ) ဝီမံသာယ သမန္နာဂတောတိ ဝီမံသီ။
(ဆ) ဝီမံသာနာမ တုလနာ ရုစ္စနာ ခမနာ။
(ဇ) ယထာ ဟိ ပုရိသော ယဋ္ဌိယာ ဥဒကံ ဝီမံသိတွာ ဩတရတိ၊ ဧဝမေဝ ယော တုလယိတွာ ရုစ္စိတွာ ခမာပေတွာ ဒိဋ္ဌိံ ဂဏှာတိ၊ သော "ဝီမံသီ"တိ ဝေဒိတဗ္ဗော။
(၅။ ၉၈။ သီဋီသစ်။ ၃၉၈။ ပခုက္ကူ။ ၄၈၂။ ဘာသာဋီကာ။ ဒု။ ၄၈။ ဂဏ္ဌိ။ ၂၄၂။)

၁။ (ခ) ဝါကျကို ဝုတ္တော၏ ကတ္တားထည့်၍လည်းကောင်း၊ (ဂ)ဝါကျကို နိပါတ်အစွဲပေါ်လွင်စေလျက်လည်းကောင်း အနက်ပေးပါ။
၂။ (ဂ) ဝါကျကို အယုတ္တစောဒနာတက်၍၊ (ဆ) ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။
၃။ (ဂ) ဝါကျကို အာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ (ဆ) ဝါကျ၌ ဝီမံသာ ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ (ဂ) ဝါကျ၌ တိက္ခပညော ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကိုခံပြီး အတ္ထာနုရူပ စာစပ်ပါ။
၆။ (ဃ+င+စ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ တိက္ခ၊ ပုရိသ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြခဲ့ပါ။
၈။ (ဇ) ဝါကျ၌ ရရှိနိုင်သော ဥပမာစတုက္ကကို ထုတ်ပြ၍၊ (ဆ) ဝါကျလာ သံဝဏ္ဏနာနှင့်အညီ ဝီမံသာအရ ကောက်ရမည့် တရားကိုယ်များကို ဋီကာသစ်လာသည့်အတိုင်း တိကျစွာဖော်ပြပါ။
၉။ (ဇ) ဝါကျပါ ဥပမေယျ စကားရပ်များကိုသာ အနက်အဓိပ္ပါယ်မပျက်စေဘဲ ဂါထာစီ၍ အမည်ပေးခဲ့ပါ။
၁၀။ ပုရိသော၌ ပုရဓာတ်အရ သုဒ္ဓကတ္တုဋ္ဌတရားကို ကိုယ်ပြု၍ ဘာဝ ဝိဘာဝ အနုဘာဝ ထုတ်ပြပါ။

===================

၁။ (ခ) ဝုတ္တော၏ ကတ္တားကို "ဘဂဝတာ၊ သည်" ဟုထည့်။
(ဂ) ဟိ၊ ချဲ့။ (ပခုက္ကူ) မှန်၏။ (ဘာသာဋီကာ)။

၂။ (ခ) ဝါကျပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (က) ဖြင့် အထက်ဖြစ်သော ဒုတိယ တတိယဝါရနှစ်ပါးအပေါင်း၌လည်း ဤနည်းကိုသာ သိအပ်၏ဟုဆို၏။ ထိုသို့ (ဧသေဝနယောဟု) ဆိုသည်ရှိသော် အထက်ဝါရ နှစ်ပါးအပေါင်း၌ အထူးမရှိ အလုံးစုံပင်တူ၏ ဟုမှတ်ရပါမည်လော။ အထက်ဝါရ နှစ်ပါး အပေါင်း၌ စိုးစဉ်းအနည်းငယ် ဆိုဘွယ်အထူးကား အဘယ်နည်း။ စုဒ်ကြောင့် (ခ) မိန့်။ (သီဋီသစ်။ ၃၉၈။)

◆ ဟိ၊ စိုးစဉ်းအနည်းငယ် ဆိုဘွယ်အထူးကား။ (ဘာသာဋီကာ) ဟိ ကား ဝိသေသဇောတက။ (ဂဏ္ဌိ)။

http://www.dhammadownload.com



(ဂ) ဝါကျ အယုတ္တစောဒနာတက်ပုံ။

ဆရာ၊ ဆရာသည်၊ (ခ) ဝါကျဖြင့် ဤပထမဝါရကို များစွာသော ဘဝတစ်သိန်းကို အောက်မေ့နိုင်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ ဒုတိယဝါရ တတိယဝါရတို့ကို ဆယ်ပါးသော သံဝဋ္ဋကပ် ဝိဝဋ္ဋကပ်, လေးဆယ်သော သံဝဋ္ဋကပ် ဝိဝဋ္ဋကပ်တို့ကို အောက်မေ့နိုင်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း (ဘုရားရှင်) ဟောတော်မူအပ်သော ဟုဆို၏။ ယင်းသို့ဆိုသည်ရှိသော် အဘယ့်ကြောင့် သဿတဝါဒကို လေးပါးအားဖြင့်ဟောတော်မူပါသနည်း။ အဓိစ္စသမုပ္ပန္နိကဝါဒ ကဲ့သို့ နှစ်ပါးအပြားဖြင့်သာ ဟောကောင်းသည်မဟုတ်တုံလော။ စုဒ်ကြောင့် (ဂ) မိန့်။ (ဂဏ္ဌိ။)

❖ ယဒေဝံ ကသ္မာ သဿတဝါဒေါ စတုဓာ ဝိဘတ္တော၊ နနု တိဓာ ကာလဘေဒ + မကတွာ အဓိစ္စသမုပ္ပတ္တိကဝါဒေါ ဝိယ ဒုဝိဓေနေဝ ဝိဘဇိတဗ္ဗော သိယာတိ စောဒနံ သောဓေတုံ "မန္ဒပညော ဟီ"တိ အာဒိမာဟ။ (သီဋီသစ်။ ၃၉၈။)

(ဃ) ဝါကျ ပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည်၊ (စ) ဝါကျဖြင့် ဝီမံသီ ပုဒ်ကို ဝီမံသာယ သမန္နာဂတော ဟုဖွင့်ပြဆို၏။ ယင်း၌ ဝီမံသာ ပုဒ်အရ (ဝီမံသာ တု ဝိစာရဏာ ဟူသော အဘိဓာန်နှင့်အညီ) ပညာအစစ်အမှန်ကိုပင် ယူရမည်လော။ ဝီမံသာအရ အဘယ်တရားကို ယူရပါမည်နည်း။ စုဒ်ကြောင့် (ဆ) မိန့်။

အဓိပ္ပါယ်ကား ဝီမံသာအရ ပညာပတိရူပက (ပညာအတု) ကိုယူရမည်ဟု ငါပြဆိုပါ၏ ဟူလို။

❖ ဝီမံသာနာမ ဝိစာရဏာ၊ သာစ ဒုဝိဓာ ပညာစေဝ ပညာပတိရူပကာစ။ ဣဓ ပန ပညာပတိရူပကာဝ။ ပ။ "တုလနာ ရုစ္စနာ ခမနာ"တိ ဝုတ္တံ။ (သီဋီသစ်။ ၃၉၉။)

(ဇ) ဝါကျ အနုသန္ဓေ

ဤသို့ (ဆ) ဝါကျဖြင့် ဝီမံသီ ၌ ဝီမံသာအရ ပညာအတုကို ယူရမည်ဟု ပြဆိုပြီး၍၊ ယခုအခါ၌ ယင်းစကားရပ်ကို လောကူပမာဖြင့် ထင်ရှားပြလိုသောဆရာသည် (ဇ) မိန့်။ (ဟီ ကား တပ္ပါကဋီကရဏဇောတက)။

(တစ်နည်း) ဤသို့ (ဆ) ဝါကျဖြင့် ဝီမံသီ ၌ ဝီမံသာ ဟူသော အစိတ်ပုဒ်၏ အရကောက် အဘိဓေယျတ္ထကို ပြဆိုပြီး၍၊ ယခုအခါ၌ ဝီမံသီ ဟူသော အပေါင်းပုဒ်၏ အရကောက် အဘိဓေယျတ္ထကို လောကူပမာနှင့်တကွ ဖွင့်ပြလိုသောဆရာသည် (ဇ) မိန့်။

၃။ (ဂ) ဝါကျ အာဘောဂဒိဗ်စတုက္ကထုတ်ပုံ –

(က) နနု တိဓာ ကာလဘေဒ + မကတွာ အဓိစ္စသမုပ္ပတ္တိကဝါဒေါ ဝိယ ဒုဝိဓေနေဝ ဝိဘဇိတဗ္ဗော သိယာ။

(ခ) အထ ကသ္မာ သဿတဝါဒေါ စတုဓာ ဝိဘတ္တော။

(ဂ) နနု မန္ဒပညော တိတ္ထိယော အနေကဇာတိသတသဟဿမတ္တံ အနုဿရတိ၊ မဇ္ဈိမပညော ဒသသံဝဋ္ဋဝိဝဋ္ဋကပ္ပါနိ၊ တိက္ခပညော စတ္တာလီသံ၊ န တတော ဥဒ္ဓံ။

(ဃ) တသ္မာ သဿတဝါဒေါ စတုဓာ ဝိဘတ္တော။

အမှာ ။ ။ သီဋီသစ် သာဓကပါဠိ (၂) နံပါတ်ကျမ်းတက်၌ ရှု။

http://www.dhammadownload.com



(ဃ+င) ဝါကျအာဘောဂဒီပနီတုက္ကထုတ်ပုံ

(က) နနု တက္ကယတီတိ တက္ကီ၊ တက္ကော ဝါ အဿ အတ္ထီတိ တက္ကီတိ ဝစနတ္ထေန သမ္ဘောပိ ဝိတက္ကသမ္ပန္နော "တက္ကီ"တိ ဝုတ္တော။

(ခ) အထ ကသ္မာ တက္ကေတွာ ဝိတက္ကေတွာ ဒိဋ္ဌိဂါဟိနော ဧတံ အဓိဝစနန္တိ ဝုတ္တံ။

(ဂ) နနု သဿတဝါဒဿ ဒဿနဋ္ဌာနံ ဟောတိ။

(ဃ) တသ္မာ တက္ကေတွာ ဝိတက္ကေတွာ ဒိဋ္ဌိဂါဟိနော ဧတံ အဓိဝစနန္တိ ဝုတ္တံ။

၄။ ဝီမံသတီတိ ဝီမံသာ။
စုံစမ်းဆင်ခြင်ခြင်းကြိယာသကတ်သည် --- ဝစနဟောတုမည်၏။
ပညာအတုသည် (ဝါ) မိစ္ဆာဉာဏ်ခေါ် ဒိဋ္ဌိစေတသိက်သည် --- ဝစနီယမည်၏။
တုလနာ ရုစ္စနာ ခမနာ စသော ပရိယာယ်သဒ္ဒါများသည် --- ဝစနီယတ္ထမည်၏။

၅။ တိက္ခပညော ကို တိက္ခပညတ္တာ ဟုဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို "တိတ္ထိယဿ" ဟုခံ။ (ကတ္တား + သမ္ဗန်စပ်)။

အမှာ ။ ။မန္ဒပညော မဇ္ဈိမပညော တို့ကို မန္ဒပညတ္တာ မဇ္ဈိမပညတ္တာ ဟု ဟိတ်ပြင်ကလည်း ယင်းတို့၏ သမ္ဗန်ကို "တိတ္ထိယဿ" ဟုပင်ခံရမည်။

၆။ (ဃ) တက္ကယတိ ဖြင့် တက္ကီ ၌ တက္က ဓာဘ်၏ အဖြစ်ကိုလည်းကောင်း၊ ဏီ ပစ္စည်း၏ ကတ္တုသာဓန အနက်၌သက်–လည်းကောင်း တက္ကယတီတိတက္ကီဟုပြု–လည်းကောင်း၊ သိစေသည်။

တက္ကော ဝါ အဿ အတ္ထီတိ ဖြင့် တက္ကီ ၌ ဤ ပစ္စည်း၏ အဿတ္ထိတဒ္ဒိတ်အနက်၌ သက်––လည်းကောင်း၊ တက္ကော အဿ အတ္ထီတိ တက္ကီ ဟု ပြု––လည်းကောင်း သိ စေပါသည်။

(င) ဝါကျဖြင့် တက္ကီ အရ သမ္မာအယူရှိသူတို့ကို မယူရ၊ (ဧကဒေသျူပစာအားဖြင့်) ကြံဆ အထူးသဖြင့် ကြံဆ၍ မိစ္ဆာအယူရှိသူတို့ကို ယူရမည်ဟု သိစေပါသည်။

(စ) ဝါကျဖြင့် မိစ္ဆာဉာဏ် အဆင်ခြင်နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် စတုတ္ထမြောက် သဿတဝါဒီပုဂ္ဂိုလ်ကို ဝီမံသီ ဟုခေါ်ဆိုအပ်သည်၏ အဖြစ်ကိုလည်းကောင်း၊ ဝီမံသီ ပုဒ်၌ ဏီ ပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်–––လည်းကောင်း၊ ဝီမံသတီတိ ဝီမံသီ ဟု ပြုရမည်ကို လည်းကောင်း၊ (တစ်နည်း) ဝီမံသီ ၌ ဤ ပစ္စည်း၏ အဿတ္ထိတဒ္ဒိတ်အနက်၌–––သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ ဝီမံသာ အဿ အတ္ထီတိ ဝီမံသဟု ပြု––လည်းကောင်းသိစေ။

◆ ဝီမံသာယ သမန္နာဂတောတိ အတ္ထဝစနမတ္တံ၊ နိဗ္ဗစနံ ပန တက္ကီပဒေဝိယ ဒွိဓာ ဝတ္တဗ္ဗံ။ (သီဋီသစ်။ ၃၉၉။)

(ဆ) ဝါကျဖြင့် ဝီမံသီ ၌ ဝီမံသာ အရ ပညာစစ်ကိုမယူရ၊ ပညာပတိရူပကာ ပညာအတုကို ယူရမည်ဟု သိစေပါသည်။

◆ ဝီမံသာနာမ ဝိစာရဏာ။ သာစ ဒုဝိဓာ ပညာစေဝ ပညာပတိရူပိကာစ။ ဣဓ ပန ပညာပတိရူပိကာဝ။ (သီဋီသစ်။)

တုလနာဖြင့် ဝီမံသာ အရ ပညာအတုဟူသည် တရားကိုယ်အားဖြင့် နှိုင်းယှဉ် စုံစမ်းကြောင်း ဖြစ်သော လောဘသဟဂုတ်စိတ္တုပ္ပါဒ်ပင်တည်းဟု သိစေပါသည်။

ရုစ္စနာ ဖြင့် ဝီမံသာ အရ ပညာအတုဟူသည် တရားကိုယ်အားဖြင့် ကြိုက်နှစ်သက် ကြောင်းဖြစ်သော မိစ္ဆာဘိနိဝေသ ဟုဆိုအပ်သော အယောနိသောမနသိကာရ ပင်တည်းဟုသိစေ။

http://www.dhammadownload.com



ခမနာ ဖြင့် ဝိမံသာ အရ ပညာအတုဟူသည် တရားကိုယ်အားဖြင့် မြိန်ယှက် သက်ဝင်ကြောင်း ဖြစ်သော ရှေးအဘို့၌ဖြစ်သော မိစ္ဆာအယူတည်းဟူသော တုန်လှုပ်ခြင်းပင်တည်း ဟုသိစေပါသည်။

✦ သာ စတ္တတော လောဘသဟဂတစိတ္တုပ္ပါဒေါ၊ မိစ္ဆာဘိနိဝေသသင်္ခါတော ဝါ အယောနိသောမနသိကာရော၊ ပုဗ္ဗဘာဂေ ဝါ မိစ္ဆာဒဿနဘူတံ ဒိဋ္ဌိဝိပ္ဖန္ဒိတံ၊ တဒေတ မတ္တတ္တယံ ဒဿေတုံ "တုလနာ ရုစ္စနာ ခမနာ"တိ ဝုတ္တံ။ (သီဋီသစ်။ ၃၉၉။)

၇။ တိက္ခ ကား တိဇ + ခ။ ဇ ကို က ပြု၍ ပြီးသည်။
ပုရိသ ကား ပူရ + ဏ္ဍသ။ ပူ ၌ ဦ ကို ဥ ပြု၍ ပြီးသည်။

၈။ (ဇ) ဝါကျ ဥပမာစတုက္ကထုတ်ပုံ

(၁) ယောကျ်ားဖြစ်သည် ဥပမာနမည်၏။
(၂) သဿတဝါဒီမိစ္ဆာအယူရှိသော ပုဂ္ဂိုလ်ဖြစ်သည် ဥပမေယျမည်၏။
(၃) ယထာ ဧဝမေဝ နိပါတ်များသည် ဥပမာဇောတကမည်၏။
(၄) ယောကျ်ားသည် ရေအတိမ်အနက်ကို တုတ် တောင်ဝှေးဖြင့် စုံစမ်းပြီးမှ သက်ဆင်း သကဲ့သို့ ဤစတုတ္ထမြောက် သဿတဝါဒီပုဂ္ဂိုလ်သည်လည်း စုံစမ်းနှစ်သက် သည်းခံ စေပြီးမှ သဿတမိစ္ဆာအယူကိုယူ၏ ဟူသော ဥပမာန ဥပမေယျ နှစ်ပါးတို့၏ တူသောအခြင်းအရာ အာကာရသည် ဥပမာမည်၏။

(ဆ) ဝါကျ သံဝဏ္ဏနာနှင့်အညီ ဝိမံသာအရ ယူရမည့်တရားကိုယ်များ

(၁) တုလနာ = နှိုင်းယှဥ်စုံစမ်းကြောင်းဖြစ်သော လောဘသဟဂုတ်စိတ္တုပ္ပါဒ်။
(၂) ရုစ္စနာ = ကြိုက်နှစ်သက်ကြောင်းဖြစ်သော မိစ္ဆာဘိနိဝေသ ဟုဆိုအပ်သော အယောနိသောမနသိကာရ။
(၃) ခမနာ = မြိန်ယှက်သက်ဝင်ကြောင်းဖြစ်သော ရှေးအဘို့၌ဖြစ်သော မိစ္ဆာအယူတည်း ဟူသော တုန်လှုပ်ခြင်း။ (သီဋီသစ် သာဓကေ (၆) နံပါတ်ရှု)

၉။ (ဇ) ဥပမေယျဝါကျဂါထာစီ။

တုလနံ ရုစ္စနံ ကတွာ၊ ဂဏှာတိ ခမနဉ္စ ယော။
ဒဿနံ သော "ဝိမံသီ"တိ၊ ဝေဒိတဗ္ဗော သုဓီ မတာ။ (တတိယမ-ကာရဝိပုလာဂါထာ)

၁၀။ ✝ ပုရိသော ၌ ပူရ ဓာတ်အရ (သုဒ္ဓကတ္တား၌) ကား မိဘနှစ်ပါးတို့၏ သန္တာန်၌ ပီတိ သောမနဿပြဌာန်းသော လောဘမူသောမနဿသဟဂုတ်စိတ္တုပ္ပါဒ်တည်း။
✝ ထိုသည် --- ကာမရတိဌာယီဘာဝ + ကာမသိဂ်ါရ ရသ။
✝ သားယောကျ်ားဖြစ်သည် --- အာရမ္မဏဝိဘာဝ။
✝ သားယောကျ်ားဖွားမြင်ရန် ကုသိုလ်ပြုကာ ဆုတောင်းခဲ့ခြင်းစသည်သည် --- ဥဒ္ဒီပနဝိဘာဝ။
✝ မိဘနှစ်ပါးတို့၏ အလိုဆန္ဒပြည့်ဝခြင်း နှလုံးစိတ်ဝမ်းငြိမ်းချမ်းခြင်း စသည်သည် --- အနုဘာဝမည်၏။

********************

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၈၁)

သံဝဏ္ဏမာနေ လောကေ ယေဘုယျေန သတ္တာ အာဘဿရသံဝတ္တနိကာ ဟောန္တိ။ (ပါဋိတော်-၁၆)

(က) သံဝဏ္ဏတီတိ ဝိနဿတိ။

(ခ) ယေဘုယျေနာတိ ယေ ဥပရိဗြဟ္မလောကေသု ဝါ အရူပေသု ဝါ နိဗ္ဗတ္တန္တိ၊ တဒဝသေသေ သန္ဓာယ ဝုတ္တံ။

(ဂ) ဈာနမနေန နိဗ္ဗတ္တတ္တာ မနောမယာ။ ပီတိ တေသံ ဘက္ခော အာဟာရောတိ ပီတိဘက္ခာ။ အတ္တနောဝ တေသံ ပဘာတိ သယံပဘာ။

(ဃ) အန္တလိက္ခေ စရန္တီတိ အန္တလိက္ခစရာ။

(ဌ၊ ၁ဝ၂။ သီဋီသစ်၊ ၄၁၄။ နေရင်း၊ ၃၃၂။ ပဋုက္က၊ ၄၉၃။ ဘာသာဋီကာ၊ ဒု၊ ၇၄။)

၁။ (ခ) ဝါကျကို ဝုတ္တံ၏ ကတ္တားထည့်၍ အနက်ယောဇနာပါ။

၂။ (ခ)ဝါကျကို အယုတ္တစောဒနာတက်၍ သန္ဓာယ ပုဒ်သို့ သဒ္ဒါနုသန္ဓေထွက်ပါ။

၃။ (ခ)ဝါကျကို အာဘောဂါဒိစတုက္ကထုတ်ပြ၍ အရူပေသုဝါ၌ ဝါ သဒ္ဒါ၏ ဇောတကတ္ထကိုလည်း ဖော်ပြပါ။

၄။ (ဂ) ဝါကျ၌ နိဗ္ဗတ္တတ္တာဝယ် နိဗ္ဗတ္တကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ (ဂ) ဝါကျ၌ ဟိတ်ပုဒ်၏သမ္ဗန်ကိုခံ၍ အနက်အားလျော်စွာ စာစပ်ပါ။

၆။ (က+ခ) ဝါကျတို့ကိုအာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ (ခ)၌ ဗြဟ္မ၊ (ဂ) ၌ အန္တလိက္ခေတို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။

၈။ (ခ)ဝါကျ အရူပေသုဝါ၌ ဝါ သဒ္ဒါဖြင့်သိစေအပ်သော အဓိပ္ပါယ်ကိုရေးပါ။

၉။ တရားတော်ကို နှစ်သက်သောမင်းသည် ကောင်း၏။ ပညာရှိသောသူသည် ကောင်း၏။ အဆွေခင်ပွန်းကို မပြစ်မှားခြင်းသည် ကောင်း၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏ ဟူသောစကားကို ဝတ္တဂါထာမျိုးစီကုံးပြပါ။ (ဌ၊ ၁၅၄)

၁ဝ။ (ခ)ဝါကျလာ ဝုတ္တံ၏ ဓာတ်အရ တရားကို ကိုယ်ပြု၍ ဘာဝ စသည်ထုတ်ပါ။

===================

၁။ (ခ) ဝါကျ ဝုတ္တံ၏ ကတ္တားကို "ဘဂဝတာ" ဟုထည့်။

၂။ (ခ) ဝါကျ အယုတ္တစောဒနာ

ဆရာ မြတ်စွာဘုရားသည် ယေဘုယျေန သတ္တာ အာဘဿရသံဝတ္တနိကာ ဟောန္တိဟု ၏။ အဘယ်ကိုရည်ရွယ်၍ ယေဘုယျေန စ... စကားရပ်ကို ဘုရားရှင်...

http://www.dhammadownload.com



အဓိပ္ပါယ် ကား (ခ) ဝါကျဖြင့် အာဘဿရဘုံမှ အထက်ဖြစ်သော ပြဟ္မာဘုံ၌ဖြစ်သော သတ္တဝါ၊ အရူပဘုံ၌ဖြစ်သော သတ္တဝါတို့မှကြွင်းသော သတ္တဝါတို့ကိုရည်ရွယ်၍ ယေဘုယျေန ဟူသော စကားကို ဘုရားရှင်ဟောတော်မူအပ်ပါ၏ဟူလို။

နေရင်းနိသျကျမ်းတက်

ဆရာ မြတ်စွာဘုရားသည် ယေဘုယျေန သတ္တာ အာဘဿရသံဝတ္တနိကာ ဟောန္တိဟု ဟော၏။ ဤစကားကို မီးဖြင့်ကမ္ဘာပျက်သောအခါ၌ များစွာသောသတ္တဝါတို့သည် အာဘဿရဘုံ၌ သာဖြစ်ကုန်သောကြောင့် ဟောတော်မူသလောဟု အဋ္ဌကထာဆရာ၌ သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ယေဘုယျေနာတိ (ပ) ဝုတ္တံ - မိန့်။

သန္ဓာယ ပုဒ်သို့ သဒ္ဒါနုသန္ဓေထွက်ပုံ

ဤသို့ ဝုတ္တံဟူသောပါဌ်ဖြင့် ကြိယာဝိသေသျကို ပြဆိုပြီး၍ ယခုအခါ၌ ယင်း၏ကြိယာဝိသေသနကို ပြလိုသောဆရာသည် သန္ဓာယ မိန့်။

တဒဝသေသေသို့ထွက်ပုံ

ဤသို့ သန္ဓာယဖြင့် ဝိသေသ အဝုတ္တကမ္မကို ပြပြီး၍ ယခုအခါ၌ ယင်း၏ ဝိသေသ အဝုတ္တကံကို ပြလိုသော ဆရာသည် တဒဝသေသေ မိန့်။

၃။ (ခ) ဝါကျ အာဘောဂါဒိစတုက္ကထုတ်ပုံ။

(က) နနု သံဝဋ္ဋမာနေ လောကေ ယေ ဥပရိပြဟ္မလောကေသုဝါ အရူပေသုဝါ နိဗ္ဗတ္တန္တိ။

(ခ) အထ ကသ္မာ သံဝဋ္ဋမာနေ လောကေ ယေဘုယျေန သတ္တာ အာဘဿရသံဝတ္တနိကာ ဟောန္တိတိ (ဘဂဝတာ) ဝုတ္တံ။

(ဂ) နနု ယေဘုယျေနာတိ (ဣဒံ ဝစနံ) တဒဝသေသေ သန္ဓာယ ဝုတ္တံ။

(ဃ) တသ္မာ သံဝဋ္ဋမာနေ (ပ) (ဘဂဝတာ) ဝုတ္တံ။
အရူပေသုဝါ ၌ ဝါ၏ဇောတကတ္တကား ဝိကပ္ပနတ္ထဖြစ်သည်။ (သာဓကေပါဠိ-ဂ-နံပါတ်ရှု)

၄။ နိဗ္ဗတ္တန္တီတိ နိဗ္ဗတ္တာ။
ဖြစ်ခြင်း ကြိယာသကတ်သည် ဝစနပေတာ။
ဈာန်စိတ်ကြောင့်ဖြစ်သော သတ္တဝါတို့ဒြပ်သည် ဝစနီယ၊
ပဝတ္တာ, နိဗ္ဗတ္တသတ္တာ စသောပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ။

၅။ (ဂ) ဝါကျ နိဗ္ဗတ္တတ္တာ၏ သမ္ဗန်ကား တေသံ သတ္တာနံ တည်း။ ကတ္တား+သမ္ဗန်စပ်။ (ပခုက္ကူသျှ)

http://www.dhammadownload.com



(တနည်း) ဝိနဿတိ ဖြင့် သံဝဋ္ဋတိ၌ သံ ဥပသာရ၏ သဒ်ယတ္ထဇောတက၏ အဖြစ်ကို လည်းကောင်း၊ ဝတုဓာတ်၏ (သံ ဥပသာရနှင့် ယှဉ်သောကြောင့်) ဝိနာသအနက်ဟောသည်ကို လည်းကောင်း၊ (ဓာဝတ္ထ) သံဝတတိ ဟူလိုလျက် တ ကို ဋ ပြု၊ ဋ ဒွေဘော်လာ၍ သံဝဋ္ဋတိဟု ရုပ်ပြီး နေသည်ကိုလည်းကောင်း (ဘာဝတ္ထ) သိစေပါသည်။

✣ ဝတုသဒ္ဒေါ ဝါ ဂတိယမေဝ။ သဒ်ယတ္ထဇောတကေန ပန သံ-သဒ္ဒေန ယုတ္တတ္တာ တဒတ္ထသမ္ဗန္ဓနေန ဝိနာသတ္တော လဗ္ဘတီတိ ဒဿေတိ " ဝိနဿတီ"တိ ဣမိနာ။ သဒ်ယ ဝသေန ဝတ္တတီတိ ဟိ သဒ္ဒတော အတ္ထော၊ တကာရဿ စေတ္ထ ဋကာရာဒေသော။ (သီဋီသစ်၊ ၄၁၄။)

(ခ) ဝါကျဖြင့် ဩကာသလောကပျက်သောအခါ သတ္တဝါတို့သည် အာဘဿရဘုံ၌သာ ဖြစ်ကြကုန်သည်မဟုတ်သေး၊ အာဘဿရဘုံမှ အထက်ဖြစ်သော ဗြဟ္မာဘုံတို့၌လည်းကောင်း၊ အရူပ ဘုံတို့၌လည်းကောင်း၊ ဖြစ်ကြကုန်သေး၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ ယင်းအထက် ဗြဟ္မာဘုံ၊ အရူပဘုံ၌ဖြစ်သော သတ္တဝါတို့မှ ကြွင်းသောသတ္တဝါတို့ကို ရည်ရွယ်၍ ယေဘုယျေန စသောစကား တော်ကို ဘုရားရှင်မိန့်တော်မူအပ်၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေသည်။

(ဂ) ဝါကျ ဈာနမနေန နိဗ္ဗတ္တတ္တာဖြင့် မနောမယာ၌ မန အရ အဘိညာဉ်စိတ်ကို မယူရ၊ ဈာန်စိတ်ကိုယူရမည်ကိုလည်းကောင်း၊ မယ ပစ္စည်း၏ နိဗ္ဗတ္တတဒ္ဓိတ်အနက်၌ သက်သည်ကို လည်း ကောင်း၊ မနေန နိဗ္ဗတ္တာ မနောမယာဟုပြုရမည်ကိုလည်းကောင်း၊ အလုံးစုံသော သတ္တဝါ တို့၏ ပုည, အပုည အဘိသင်္ခါရစိတ်ဖြင့်ဖြစ်သော်လည်း အပဖြစ်သောအကြောင်းတို့နှင့်ကင်း၍ စိတ်ဖြင့်သာ ဖြစ်သည်၏အဖြစ်ကြောင့် ရူပါဝစရသတ္တဝါတို့ကိုသာ မနောမယဟု ဆိုအပ်ကုန်၏၊ အပဖြစ်သော အကြောင်းတို့နှင့် စပ်ကုန်သော ထို ရူပါဝစရသတ္တဝါတို့မှ တပါးသော သတ္တဝါတို့ကို မနောမယဟု မဆိုအပ်ကုန်ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း (ဘာဝတ္ထ) သိစေပါသည်။

✣ သတိပိ သဗ္ဗသတ္တာနံ ပုညာ ပုညာဘိသင်္ခါရမနသာ နိဗ္ဗတ္တဘာဝေ ဗာဟိရပစ္စယေဟိ ဝိနာ မနသာဝ နိဗ္ဗတ္တတ္တာ ရူပါဝစရသတ္တာဝေ "မနောမယာ"တိ ဝုစ္စန္တိ၊ န ပန ဗာဟိရပစ္စယပဋိဗဒ္ဓတ္တာ တဒညေတိ ဒဿေတုံ "မနေန နိဗ္ဗတ္တတ္တာ မနောမယာ"တိ အာဟ။ (သီဋီသစ်၊ ၄၁၅)

ပီတိ တေသံ ဘက္ခော အာဟာရောတိ ပီတိဘက္ခာ ဖြင့် ဘက္ခအရ အာဟာရကို ယူရမည်ကိုလည်းကောင်း၊ ပီတိဘက္ခာပုဒ်ကို စတုတ္ထီဗဟုဗ္ဗီဟိပြုရမည်ကိုလည်းကောင်း သိစေ ပါသည်။

အတ္တနော၀ တေသံ ပဘာတိ သယံပဘာ ဖြင့် သယံပဘာ၌ သယံနိပါတ်၏ သာမံ အနက်ဟောသည်ကိုလည်းကောင်း၊ သယံပဘာပုဒ်ကို စတုတ္ထီဗဟုဗ္ဗီဟိ ပြုရမည်ကိုလည်းကောင်း သိစေပါသည်။

(ဃ) ဝါကျဖြင့် စရန္တီတိ စရာဟု ကတ္တုသာဓ်ပြုရမည်ကိုလည်းကောင်း၊ စရဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ အပစ္စည်း ကတ္တုသာဓနတ္တ၌သက်-အဖြစ်ကိုလည်းကောင်း၊ အန္တလိက္ခေ+ စရာ အန္တလိက္ခစရာဟု သတ္တမီကပ္ပုရိသ်ပြု လည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



၇။ ဗြဟ္မ ကား ဗြူဟ+မ။ ဗြူ၌ ဦကို အပြု၍ ပြီးသည်။

❖ ဗြူဟ ဝဍ္ဎနေ။ ဥပရူပရိ ဗြူဟတီတိ ဗြဟ္မာ၊ တေဟိ တေဟိ ဂုဏဝိသေသေဟိ ဗြူဟိတောတိ ဝါ ဗြဟ္မာ။ (သူစိ)

အန္ဓလိက္ခ ကား အန္ဓရသဒ္ဒူပပဒ + ဣက္ခ ဓာတ် + အ ပစ္စည်း။ အန္ဓရိက္ခ ဟူလိုလျက် ရ ကို လပြု၍ ပြီးသည်။

❖ တေသံ တေသံ ဝတ္ထူနံ အန္တရံ နာနတ္တံ ဣက္ခတေ လောကော ဧတေနာတိ အန္တလိက္ခံ။ ဣက္ခနံ ဝါ ဒဿနံ ဣက္ခာ။ တဿာ အန္တရံ ကာရဏံ အန္တလိက္ခံ။ (သူစိ)

၈။ အရူပေသုဝါ ၌ ဝါ ကား ဝိကပ်အနက်ရှိသည်။ ယင်း ဝါ သဒ္ဒါဖြင့် ပျက်ဆဲသော လောကဓာတ်တို့မှတပါးသော လောကဓာတ်တို့၌ သတ္တဝါတို့ ဖြစ်ကြသေးသည်ဟု အထူးကြံသည်။

❖ အာရုပ္ပေသု ဝါတိ ဧတ္ထ ဝိကပ္ပနတ္ထေန ဝါ သဒ္ဒေန သံဝဋ္ဋမာနလောကဓာတူဟိ အညလောကဓာတူသုဝါတိ ဝိကပ္ပေတိ။ (သီဋီသစ်၊ ၄၁၄၊)

၉။ သာဓု ဓမ္မရုစိ ရာဇာ၊ သာဓု ပညာဏဝါ နရော။
သာဓု မိတ္တာန မဒ္ဒုဗ္ဘော၊ ပါပဿ ကရဏံ သုခံ။ (၅၊ ၁၅၄)
ပဉ္စမသကာရဝိပုလာဂါထာ၊

၁၀။ ✝ (၁) ဝါကျ ဝုတ္တံ ၌ ဓာတ်အရ မြတ်စွာဘုရား၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ထို -- သည် ဓမ္မရတိဌာယိဘာဝ + ဓမ္မသိဂါရဝတာ၊

✝ ယေဘုယျေန ဟူသော မနသာဝဝတ္တပိတဒေသနာတော်သည် အာရမ္ဘဏဝိဘာဝ၊

✝ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ်စသည်သည်လည်းကောင်း၊ ဒေသနာတော်၏ သာတ္ထ သဗျဥ္ဇန စသည်သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ၊

✝ သတ္တဝါများ ဓမ္မဿဝနကုသိုလ်ဖြစ်ခြင်း၊ မိစ္ဆာအယူများပပျောက်ခြင်း၊ သုဂတိဘဝသို့ ရောက်ရခြင်း စသည်သည် အနုဘာဝတ္ထ။

********************

## ဝါကျဥယျာဉ် (၈၂)

(က) ဝိဝဋ္ဋတီတိ သဏ္ဌာတိ။

(ခ) သုညံ ဗြဟ္မဝိမာနန္တိ ပကတိယာ နိဗ္ဗတ္တသတ္တာနံ နတ္ထိတာယ သုညံ၊ ဗြဟ္မကာယိကဘူမိ နိဗ္ဗတ္တာတီတိ အတ္ထော။

(ဂ) တဿ ကတ္တာ ဝါ ကာရေတာ ဝါ နတ္ထိ။

(ဃ) ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တနယေန ပန ကမ္မပစ္စယဥတုသမုဋ္ဌာနာ ရတနဘူမိ နိဗ္ဗတ္တတိ။

(င) ပကတိနိဗ္ဗတ္တဋ္ဌာနေသုယေဝ စေတ္ထ ဥယျာနကပ္ပရုက္ခာဒယော နိဗ္ဗတ္တန္တိ။

http://www.dhammadownload.com



(စ) အထ သတ္တာနံ ပကတိယာ ဝသိတဋ္ဌာနေ နိကန္တိ ဥပ္ပဇ္ဇတိ၊ တေ ပဌမစ္ဆာနံ ဘာဝေတွာ တတော ဩတရန္တိ၊ တသ္မာ "အထ ခေါ အညတရော သတ္တော"တိ အာဒိမာဟ။

(ဋ၊ ၁၀၂။ သီဋီသစ်၊ ၄၁၅။ ပဒက္ကမ၊ ၄၉၄။ ဘာသာဋီကာ၊ ဒု၊ ၇၆။ ဂဏ္ဌိ၊ ၂၅၀။)

၁။ ပြဟ္မကာယိကဘူမိ ကို သဒ္ဒတ္တ, အဓိပ္ပါယတ္ထထင်စေလျက် အတ္ထော ၏ သမ္ဗန်ထည့်၍ (ခ+ဂ) ဝါကျတို့ကို အနက်သမ္ဗန်ပါ။

၂။ (ဃ) ဝါကျကို စောဒနာတက်၍၊ (င) ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။

၃။ (စ) ဝါကျ၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကို ထုတ်ပြပါ။

၄။ (စ) ဝါကျပါ ဝသိတဋ္ဌာနေ ၌ ဝသိတ ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

၅။ (ခ) ဝါကျ၌ နတ္ထိတာယ ဟိတ်၏သမ္ဗန်ကိုဖော်ပြ၍၊ အတ္ထာနုရူပစာစပ်ပြပါ။

၆။ (က+ခ) ဝါကျဖြင့် သိစေအပ်သော အဓိပ္ပာယ်နှင့် သံဝဏ္ဏနာတို့ကိုဖော်ပြပါ။

၇။ ရတနဘူမိ ၌ ရတန ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

၈။ (ခ) ဝါကျ ပြဟ္မကာယိကဘူမိ ၌ ပြဟ္မကာယိက အရကိုဖော်ပြပါ။

၉။ (ခ) ဝါကျ သံဝဏ္ဏနာများကို အဓိပ္ပါယ်မပျက်စေဘဲ ကြိုက်နှစ်သက်ရာ ဂါထာတပုဒ်စီကုံးပြပါ။

၁၀။ (စ) ဝါကျပါ နိကန္တိ အရကို ရှု၍ ဘာဝါလက်ာရထုတ်ပြပါ။

---

၁။ (ခ) ပြဟ္မကာယိကဘူမိ၊ ပဌမစျာန်ပြဟ္မာအပေါင်း၌ဖြစ်သော ပြဟ္မာတို့၏ ပဌမစျာန်ဘုံသည်။ (သဒ္ဒတ္တ)။ (ဝါ) ပဌမစျာန် ပြဟ္မာ့ဘုံသည်။ (အဓိပ္ပါယတ္ထ)။ နိဗ္ဗတ္တတိ၊ ၏။ ဂှတိအယံ၊ --- သည်ကား။ ပြဟ္မဝိမာနန္တိ ပဒဿ၏ ၏။ (သမ္ဗန်)။ အတ္ထော၊ တည်း။

၂။ (ဃ) ဝါကျ စောဒနာတက်ပုံ

ဆရာ၊ ဆရာသည် (ခ+ဂ) ဝါကျတို့ဖြင့်ပြုပြင်စီမံဖန်ဆင်းသူမရှိဘဲ ပဌမစျာန် ပြဟ္မာ့ဘုံကြီးသည် ဖြစ်ပေါ်လာ၏ဟုဆို၏။ ယင်းပဌမစျာန်ပြဟ္မာ့ဘုံကြီး ဖြစ်ပေါ်လာခြင်း အကြောင်းကို ဆရာမပြ ဆိုပြီလော (ဝါကျတက်) ယင်းပဌမစျာန်ပြဟ္မာ့ဘုံကြီးသည် ကံ စိတ် ဥတုတို့တွင် ကံသက်သက်ကြောင့် (ဝါ) စိတ်သက်သက်ကြောင့် (ဝါ) ဥတုသက်သက်ကြောင့် ဖြစ်ပေါ်လာပါသလော။ (အဓိပ္ပါယ် တက်။ နေရင်းသျှ) အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာ ပါသနည်း။ ယင်းပဌမစျာန်ပြဟ္မာ့ဘုံကြီး ဖြစ်ပေါ်လာရခြင်းအကြောင်းကို မပြသော် ဖလ+ ကာရဏဆန့်ကျင်သော ဝိရောဓိဒေါသ -- ၏။ စုဒ် ကြောင့် (ဃ) မိန့်။

◆ ဝိသုဒ္ဓိမဂ္ဂေ ပုဗ္ဗေနိဝါသဉာဏကထာယံ ဝုတ္တနယေန၊ တေန (ဃ-ကာရက်ဝါကျေန) နိဗ္ဗတ္တကမ္မံ ကမ္မပစ္စယဥတုသမုဋ္ဌာနဘာဝေန ကာရဏံ ဒဿေတိ။ (သီဋီသစ်)။

(င) ဝါကျ ပုစ္ဆာတက်ပုံ

ဆရာ ဆရာသည် (ဃ) ဝါကျဖြင့် ကမ္မပစ္စယဥတုဖြစ်သော ရတနာတို့ဖြင့်ပြီးသော ပဌမစျာန်ပြဟ္မာဘုံကြီးဖြစ်ပေါ်လာ၏ ဟုဆို၏။ ယင်းပဌမစျာန်ပြဟ္မာဘုံသည် အခြံအရံဖြစ်သော ဥယျာဉ်, ပဒေသာပင် စသည်မဘက် ပဌမစျာန်ဘုံကြီးသက်သက်သာဖြစ်ပေါ်လာပါသလော၊ အဘယ် အခြံအရံဝတ္ထုများဖြစ်ပေါ်လာပါသေးသနည်း။ စုဒ်ကြောင့် (င) မိန့်။

http://www.dhammadownload.com



အဓိပ္ပါယ် ကား အခြံအရံဖြစ်သော ပဒေသာပင်စသည်တို့လည်း ဖြစ်ပေါ်လာပါသော ဟူလို။

❖ န ကေဝလံ ဘူမိယေဝ၊ အထခေါ တပ္ပရိဝါရာပီတိ အာဟ "ပကတီ"တိ အာဒိ။ (သီဋီသစ်)။

(တနည်း) ဆရာ၊ ဆရာသည် (ဂ+ဃ) ဝါကျတို့ဖြင့် ရတနာတို့ဖြင့် ပြီးသော ပဌမစျာန်ဖြုဟ္မာ့ဘုံသည် ပြုပြင်စီမံဖန်ဆင်းသူမရှိဘဲ အလိုအလျောက် ပေါ်ပေါက်လာ၏ဟုဆို၏။ (ယင်း ပဌမစျာန်ဘုံနှင့်အတူ ပေါ်ပေါက်လာသော) ဥယျာဉ်ပဒေသာပင် စသည်တို့ကား ပြုပြင်စီရင်သူရှိသည် ဖြစ်ကုန်သလော။ (ဂဏ္ဌိ၊ ၂၅၀။) အဘယ်သို့မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

အဓိပ္ပါယ်ကား ပဌမစျာန်ဘုံနှင့်အတူ ပေါ်ပေါက်လာသော ဥယျာဉ်ပဒေသာဝင်စသည်တို့သည်လည်း ပြုပြင်စီမံသူမရှိ၊ အလိုအလျောက်ပေါ်ပေါက်လာကြပါ၏ဟူလို။

(စ) ဝါကျ သံဝဏ္ဏနာနုရူပစောဒနာတက်ပုံ -

ဆရာ မြတ်စွာဘုရားသည် အထ ခေါ အညတရော သတ္တော အစရှိသည်ဖြင့် (ဒုတိယစျာန်ဖြုဟ္မာကြီးများ ပဌမစျာန်ဘုံ၌ပြန်၍ဖြစ်ပုံကို) ဟောကြားတော်မူ၏။ မြတ်သော ဒုတိယစျာန်ဘုံ၌ နေသောဖြုဟ္မာတို့သည် ယုတ်ညံ့သောပဌမစျာန်ဘုံ၌ဖြစ်ခြင်းငှာ မသင့်လျော်သည်မဟုတ်ပါလော။ အဘယ်သို့လျှင် မြတ်သောဒုတိယစျာန်ဘုံမှ ဖြုဟ္မာတို့သည် ယုတ်ညံ့သော ပဌမစျာန်ဘုံ၌ ဖြစ်ကြပါသနည်း။ (ဝါ) အဘယ်ကြောင့် အထ ခေါ အညတရော သတ္တော စသည်ဖြင့် ဘုရားရှင်ဟောကြား တော်မူပါသနည်း။ ယင်းသို့ဖြစ်ခြင်း၌ အကြောင်းကိုမပြသော် အဗျာပိတ, အပရိပုဏ္ဏ -- ၏။ စုဒ်ကြောင့် (စ) မိန့်။

❖ ကထံ ပဏီတာယ ဒုတိယဇ္ဈာနဘူမိယာ ဌိတာနံ ဟီနာယ ပဌမဇ္ဈာနဘူမိယာ ဥပပတ္တိ ဟောတီတိ အာဟ "အထ သတ္တာန"န္တိအာဒိ။ (သီဋီသစ်၊ ၄၁၆။)

၃။ (စ) ဝါကျ စောဒကာဘောဂဒိစတုက္ကထုတ်ပုံ

(က) နနု ပဏီတာယ ဒုတိယဇ္ဈာနဘူမိယာ ဌိတာနံ ဟီနာယ ပဌမဇ္ဈာနဘူမိယာ ဥပပတ္တိ န ဟောတိ။ (ဋီကာသစ်လာ စော+ဘော)။

(ခ) အထ ကသ္မာ "အထ ခေါ အညတရော သတ္တော"တိ အာဒိမာဟ။

(ဂ) နနု သတ္တာနံ ပကတိယာ ဝသိတဋ္ဌာနေ နိကန္တိ ဥပ္ပဇ္ဇတိ၊ တေ ပဌမဇ္ဈာနံ ဘာဝေတွာ တတော ဩတရန္တိ။

(ဃ) တသ္မာ "အထ ခေါ အညတရော သတ္တော"တိအာဒိမာဟ။

၄။ ဝသိယိတ္ထ တွောတိ ဝသိတံ။

ရှေးဘဝတုန်းကနေအပ်ခဲ့ဘူးခြင်း ကြိယာသကတ်သည် -- ဝစနဟေတုမည်၏။

နေအပ်ခဲ့ဘူးသော ပဌမစျာန်ဘုံဌာနသည် -- ဝစနီယမည်၏။

နိဝသိတ, ဝုတ္ထ, နိဝုတ္ထ စသော ပရိယာယ်သဒ္ဒါများသည် -- ဝစနီယတ္ထ။

၅။ (ခ) နတ္ထိတာယ ၏သမ္ဗန်ကား "နိဗ္ဗတ္တသတ္တာနံ" ဟူသောလက်ရှိပါဠိပြင်တည်း (ကတ္တား သမ္ဗန်စာစပ်)

http://www.dhammadownload.com



၆။ (က) သဏ္ဌာတိဖြင့် ဝိဝဋ္ဋတိ၌ ဝိ ဉပသာရ၏ ဓာတွတ္ထဗာဓကအဖြစ်ကိုလည်းကောင်း၊ ဝဋ္ဋ-ဓာတ်၏ သဏ္ဌာဟနအနက်ဟော -- လည်းကောင်း သိစေပါသည်။

(တနည်း) သဏ္ဌာတိဖြင့် ဝိဝဋ္ဋတိ ၌ ဝဋ္ဋဓာတ်၏ (အနေကတ္ထတ္ထာဓာတူနံပရိဘာသာအရ) နိဗ္ဗတ္တနအနက် (ဝါ) ဝဍ္ဎန အနက်ဟော -- လည်းကောင်း၊ ဝိဉပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

- ❖ ဝိနာသဝါဓိယေဝ ဝဋ္ဋသဒ္ဒေါ ပဋိသေဓဓောတကေန ဥပသဂ္ဂေန ယုတ္တတ္ထာ သဏ္ဌာဟနတ္ထ ဉာပကောတိ အာဟ "သဏ္ဌာတီ"တိ။ အနေကတ္ထတ္ထာ ဝါ ဓာတူနံ နိဗ္ဗတ္တတိ, ဝဍ္ဎတိတိ ဝါ အတ္ထော။ (သီဋီသစ်၊ ၄၁၅။)

(ခ) ပကတိယာ နိဗ္ဗတ္တသတ္တာနံ နတ္ထိတာယ သုည် ဖြင့် သုည် ဗြဟ္မဝိမာနံ ၌ သုည ကင်းဆိတ်၏ဟူသည် ဖြစ်ဆဲသတ္တဝါတို့မရှိခြင်းကြောင့် ပကတိသဘောအားဖြင့် ကင်းဆိတ်၏ ဟူသော အဓိပ္ပါယ်ကိုသိစေသည်။ (ဤကား "ပကတိယာ"ကို သုည် ၌ စပ်ခိုက်အာဘော်တည်း။)

- ❖ ပကတိယာတိ သဘာဝေန၊ တဿ သုညန္တိဣမိနာ သမ္ဗန္ဓော၊ တထာ သုညတာယ ကာရဏ+ မာဟ "နိဗ္ဗတ္တသတ္တာနံ နတ္ထိတာယာ"တိ။ (သီဋီသစ်။)

(တနည်း) ပကတိယာ ဖြင့် နိဗ္ဗတ္တ ဖြစ်၏ဟူသည် မိမိကံကို ရှေးဦးစွာပြုခဲ့ခြင်းကြောင့် ဤဘုံ၌ ရှေးဦးစွာဖြစ်၏။ တပါးသောသတ္တဝါတို့၏ မိမိထက် ရှေးဦးစွာ (သို့မဟုတ်) မိမိနှင့် ပြိုင်တူ ဖြစ်ခြင်းမရှိသေး ဟူသော အဓိပ္ပါယ်ကိုသိစေပါသည်။ (ဤကား ပကတိယာ ကို နိဗ္ဗတ္တ ဟူသော ပုဒ်တစိတ်၌စပ်ခိုက်တည်း။)

နိဗ္ဗတ္တသတ္တာနံ နတ္ထိတာယ ဖြင့် သုည် ကင်းဆိတ်၏ဟူသည် မိမိထက်ရှေးဦးစွာဖြစ်နှင့်သော သတ္တဝါ၊ မိမိနှင့်ပြိုင်တူဖြစ်ဆဲသောသတ္တဝါတို့ မရှိသည်၏အဖြစ်ကြောင့် ကင်းဆိတ်၏ ဟူသော အဓိပ္ပါယ်ကိုသိစေပါသည်။

- ❖ အပရော နယော သကကမ္မုဿ ပဌမံ ကရဏံ ပကတိ၊ တာယ နိဗ္ဗတ္တသတ္တာနန္တိ သမ္ဗန္ဓော၊ တေန ယထာ တေဿ အတ္ထနော ကမ္မဗလေန ပဌမံ နိဗ္ဗတ္တိ၊ န ဇ၀ံ အညေသံ တဿ ပုရိမတရံ, သမာနကာလေ ဝါ နိဗ္ဗတ္တိ အတ္ထိ၊ တထာ နိဗ္ဗတ္တသတ္တာနံ နတ္ထိတာယ သုညမိဒန္တိ ဒဿေတိ။ (သီဋီသစ်၊ ၄၁၅။ ၄၁၆။)

### အထက်ပါသီဋီသစ်သာဓကနှင့်အညီ (၁) ဝါကျရှေ့ပိုင်း သံဝဏ္ဏနာစကားရပ်၌ စောဒကာဘောဂါဒိ စတုက္ကထုတ်ပုံ

(က) နနု အညေသံ တဿ ပုရိမတရံ, သမာနကာလေ ဝါ နိဗ္ဗတ္တိ အတ္ထိ။

အမှာ။ ။ သီဋီသစ်ဗျတိရေကဝါကျ၌ ပဋိသေဓဝါစက "န" ကိုဖြုတ်၍ စော+ဘောလုပ်သည်။

(ခ) အထ ကသ္မာ ပကတိယာ သုညန္တိ အာဟ။

(ဂ) နနု နိဗ္ဗတ္တကသတ္တာနံ နတ္ထိဘာဝေါ ဟောတိ။

(ဃ) တသ္မာ ပကတိယာ သုညန္တိ အာဟ။

မှတ်ချက် ။ ။ ဤစတုက္ကထုတ်နည်းကား ပကတိယာ ပုဒ်ကို သုည် ပုဒ်၌ စပ်ခိုက်ကိုသာ ရည်ရွယ်သည်။

(တနည်း) (က) နနု အညေသံ တဿ ပုရိမတရံ, သမာနကာလေ ဝါ နိဗ္ဗတ္တိ အတ္ထိ။

(ခ) အထ ကသ္မာ သုညန္တိ အာဟ။

(ဂ) နနု ပကတိယာ နိဗ္ဗတ္တသတ္တာနံ နတ္ထိဘာဝေါ ဟောတိ။

(ဃ) တသ္မာ သုညန္တိ အာဟ။

http://www.dhammadownload.com



မှတ်ချက် ။ ။ ဤထုတ်နည်းကား ပကတိယာ ပုဒ်ကို နိဗ္ဗတ္တကသတ္တာနံ ဝယ် နိဗ္ဗတ္တ ဟူသော ပုဒ်တစိတ်၌ စပ်ခိုက်ကိုသာ ရည်ရွယ်သည်။

(၁) ဖြဟ္မကာယိကဘူမိ နိဗ္ဗတ္တတိ ဖြင့် ဖြဟ္မဝိမာန် ၌ ဖြဟ္မဝိမာန်ဟူသည် ဖြဟ္မာတို့၏ ပဌမစျာန်ဘုံပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

၇။ ရတန ကား ရတိ+ဧနေ+အ။ တိ ၌ ဣ ကို အ ပြု၊ ဧ ကိုချေ၍ပြီးသည်။

❖ ရတိံ ဇနေတီတိ ရတနံ ဟုပြု။ ရတိဇနနဋ္ဌေန ရတနံ။ (ဒီ၊ ဌ၊ ၁။ ၂၂၂။)

(တနည်း) ရမု ဓာတ်+တနက်ပစ္စည်း။ ရမတန ဟူလိုလျက် မ ကိုချေ၍ပြီးသည်။

❖ ရမန္တိ ဧတ္တာတိ ရတနံ၊ မဏိအာဒိပတ္တမတ္တဥ္။ (ရမာ တနက် ၁၀၉-သုတ်၊ ဣာဒိမောဂ်။)

❖ ရမု ကီဠာယံ၊ တနော၊ မ လောပေါ၊ ရတနံ။ မဏိဗုဒ္ဓါဒီသုစ။ (ဓာန်ဋီ၊ ၂၆၈)

(တနည်း) ရတိ+တန ဟူလိုလျက် တိ ကိုချေ၍ ပြီးသည်။

❖ ရတိံ တနောတီတိ ရတနံ။ ကမ္မာဒိမှိ ဏော၊ တိလောပေါ။ (ဓာန်ဋီ၊ ၄၈၉။)

(တနည်း) ရတ+နီ+ဏ။ ရတနယ ဟူလိုလျက် ယ ကိုချေ၍ပြီးသည်။

❖ ရမန် ဝါ ရတံ၊ တံ နေတီတိ ရတနံ။ (သီဋီသစ်၊ ဒု။ ၂၃၅။)

(တနည်း) ရတ+ဇနေ+အ။ ဧ ကိုချေ၍ ပြီးသည်။

❖ ရတံ ဝါ ဇနေတီတိ ရတနံ။ ဇ ကာရလောပဝသေနာတိပိ နေရုတ္တိကာ။ (သီဋီသစ်၊ ဒု၊၂၃၅။)

၈။ ဖြဟ္မကာယိကဘူမိ ၌ ဖြဟ္မကာယိက အရ ဖြဟ္မပါရိသဇ္ဇာ, ဖြဟ္မပုရောဟိတာ, မဟာဖြဟ္မာတို့နှင့် ထိုဖြဟ္မာတို့၏နေရာဌာနဖြစ်သော ပဌမစျာန်သုံးဘုံတည်း။

❖ ဖြဟ္မပါရိသဇ္ဇဖြဟ္မပုရောဟိတမဟာဖြဟ္မာနော ဖြဟ္မကာယိကာ၊ တေသံ နိဝါသတာယ ဘူမိပိ "ဖြဟ္မကာယိကာ"တိ ဝုတ္တာ။ (သီဋီသစ်၊ ၄၁၆။)

၉။ (၁) ဝါကျ သံဝဏ္ဏနာဂါထာစီ

ပကတိယာ နိဗ္ဗတ္တာနံ၊ သုညံ၀ နတ္ထိတာယ စ။
ဖြဟ္မကာယိကာနံ ဘူမိ၊ ဟောတိ တဗ္ဗေဓာ မတော ဘဝေ။ (ဥဘယမ-ကာရဝိပုလာ)

၁၀။ နိကန္တိ အရကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ -

✝ နိကန္တိ အရ အာဘဿရဖြဟ္မာတို့၏ သန္တာန်၌ ပဌမစျာန်ဘုံသို့သွားလိုသော တဏှာ ဆန္ဒပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်သည် ကာမရတိဌာယီဘာဝ + ကာမသိင်္ဂါရ ရသ။

✝ ပဌမစျာန်ဘုံတည်းသော ဝသိတဌာနသည်-အာရမ္မဏဝိဘာဝ။

✝ ပဌမစျာန်ဘုံ၌ ကမ္ဘာမပျက်မီ ရှုးအခါကနေအပ်ဘူးခြင်းသည် လည်းကောင်း၊ပဌမစျာန် ဘုံ၌ရှိသော ဥယျာဉ် ဗိမာန် ပဒေသာပင် စသည်သည်လည်းကောင်း-ဥဒ္ဒီပနဝိဘာဝ။

✝ ပဌမစျာန်ဘုံ၌ (ပြန်လည်) ဖြစ်ရခြင်း၊ တဏှာ ဆန္ဒ မကုန်သေးသမျှ ဘဝသံသရာ၌ ကြိမ်ဖန်များစွာ ကျင်လည်ရခြင်းစသည်သည်-အနုဘာဝမည်၏။

❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋

http://www.dhammadownload.com



ဝါကျဥယျာဉ် (၈၃)

(က) အနဘိရတီတိ အပရဿာပိ သတ္တဿ အာဂမနပတ္ထနာ။
(ခ) ယာ ပန ပဋိဃသမ္ပယုတ္တာ ဥက္ကဏ္ဌိတာ၊ သာ ဗြဟ္မလောကေ နတ္ထိ။
(ဂ) ပရိတဿနာတိ ဥဗ္ဗိဇ္ဇနာ ဖန္ဒနာ၊
(ဃ) သာ ပနေသာ တာသတဿနာ တဏှာတဿနာ ဒိဋ္ဌိတဿနာ ဉာဏတဿနာတိ စတုဗ္ဗိဓာ ဟောတိ။
(င) တတ္ထ "ဇာတိ ပဋိစ္စ ဘယံ ဘယာနကံ ဆမ္ဘိတတ္တံ လောမဟံသော စေတသော ဥတြာသော။ ဇရံ။ ဗျာဓိံ။ မရဏံ ပဋိစ္စ။ ပ ။ ဥတြာသော"တိ အယံ တာသတဿနာ နာမ။

(ဌ၊ ၁၀၂။ သီဋီသစ်၊ ၄၁၈။ နေရင်း၊ ၃၃၆။ ပခုက္ကူ၊ ၄၉၅။ ဘာသာဋီကာ၊ ဒု။ ၈၁။)

၁။ (က+ခ+ဂ+ဃ) ဝါကျတို့ကို ဥက္ကဏ္ဌိတာပုဒ်၏ သဒ္ဒတ္ထထင်စေလျက် အနက်ယောနေပါ။
၂။ (ခ) ဝါကျကို အာဘောဂါယုတ္တ စောဒနာတက်၍ (ဃ) ဝါကျကို အနုသန္ဓေတက်ပြပါ။
၃။ (က+ခ) ဝါကျတို့ကို အာဘောဂါဒိ စတုက္ကခွဲ၍ (ဃ) ဝါကျ၌ ပန၏ ဇောတကတ္ထကိုလည်း ရေးပါ။
၄။ စတုဗ္ဗိဓာကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ (ခ) ဝါကျ ပဋိဃသမ္ပယုတ္တာကိုဟိတ်ပြင်၍ သမ္ဗန်ခံပြီး အနက်အားလျော်စွာစာစပ်ပါ။
၆။ (က+ဂ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ (ဃ) ဝါကျ ပဋိစ္စ, ဆမ္ဘိတတ္တတို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။
၈။ ဗြဟ္မာပြည်၌ ဥက္ကဏ္ဌိတ မရှိခြင်းအကြောင်းကို ဖော်ပြ၍ တဿနာလေးမျိုးတွင် ဤ၌ အလိုရှိအပ်သော တဿနာကိုလည်းဖော်ပြပါ။
၉။ မျက်စဉ်းတို့၏ ကုန်ခြင်းကိုလည်းကောင်း၊ တောင်ပို့တို့၏ အစုကိုလည်းကောင်း၊ ပျားတို့၏ ပေါင်းစုခြင်းကိုလည်းကောင်း မြင်၍ ပညာရှိသည် အိမ်ရာထောင်ရာ၏ ဟူသောစကားကို ဂါထာစီ၍ ဆန်းအမည်, ဂါထာအမည်ပေးပါ။
၁၀။ (ဃ) ဝါကျ၌ တာသတဿနာ အရကို ကိုယ်ပြု၍ ဘာဝါလင်္ကာရထုတ်ပါ။

= = = = = = = = = = = = = = = = = = =

၁။ ယာ ဥက္ကဏ္ဌိတာ၊ အကြင်အထက်၌တည်သော လည်ရှိသည်၏အဖြစ်သည် (ဝါ) အကြင် ဆင်းရဲငြိုငြင်သော အသက်မွေးခြင်းရှိသည်၏အဖြစ်သည် (သဒ္ဒတ္ထ) (ပခုက္ကူ+၄၉၅) (ဝိ၊ဌ၊၁။၂၁၁။)

၂။ (ခ) ဝါကျ အာဘောဂါယုတ္တစောဒနာ

ဆရာသည် (က) ဝါကျဖြင့် တပါးသော သတ္တဝါတို့၏ လာခြင်းကိုတောင့်တခြင်းသည် အနဘိရတိမည်သောဟု (အန္ဒယအနက်ကို) ပြဆိုတော်မူ၏။ ဥက္ကဏ္ဌိတသည်လည်း အနဘိရတိပင် ဖြစ်ရာသည်မဟုတ်ပါလော၊ (တနည်း) ပိယဝတ္ထုနှင့် ကင်းကွာခြင်း၊ ပိယဝတ္ထုကိုမရခြင်းကြောင့် ဖြစ်သော စိတ္တစိက္ခိတ ဟုဆိုအပ်သော ဥက္ကဏ္ဌိတသာ အနဘိရတိ ဖြစ်ကောင်းသည်မဟုတ်ပါလော၊

http://www.dhammadownload.com



(ဂဏ္ဌိ-၂၆၀) ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် တပါးသောသတ္တဝါတို့၏လာခြင်းကို တောင့်တခြင်း သည် အနဘိရတိမည်၏ဟုဆိုပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

◆ ဧဝံ အနွယမတ္တံ ဒဿေတွာ နနု ဥက္ကဏ္ဌိတာပိ သိယာတိ စောဒနာသောဓနေဝသေန ဗျတိရေကံ ဒဿေတိ "ယာပနာ"တိ အာဒိနာ။ ပိယဝတ္ထုဝိရဟေန, ပိယဝတ္ထုအလာဘေန ဝါ စိတ္တဝိဂ္ဂါတော ဥက္ကဏ္ဌိတာ၊ သာ ပနတ္ထတော ဒေါမနဿစိတ္တုပ္ပါဒေါ၊ တေနာဟ "ပဋိဃသမ္ပယုတ္တာ"တိ။ (သီဋီသစ်၊ ၄၁၈။)

(ဃ) ဝါကျ အနုသန္ဓေ

ဤသို့ (ဂ) ဝါကျဖြင့် ပရိတဿနာကို ဥဗ္ဗိဇ္ဇနာ ဖန္ဒနာဟု ဖွင့်ပြတော်မူပြီး၍ ယခုအခါ၌ တူသောသဒ္ဒါသည် ဟောအပ်ကုန်သောအနက်တို့ကို ထုတ်ဆောင်၍ ဤ၌လိုအပ်သောအနက်တို့ကို ထင်စွာပြခြင်းငှာ သာ ပန စသော (ဃ) မိန့်။

◆ ဣဒါနိ သမာနသဒ္ဒဝစနီယာနံ အတ္ထာန+မုဒ္ဓရဏံ ကတွာ ဣဓာဓိပ္ပေတံ ဝိဘာဝေတုံ "သာပနေသာ"တိ အာဒိမာဟ။ (သီဋီသစ်၊ ၄၁၈။)

၃။ (က+ခ) အာဘောဂါဒိစတုက္ကထုတ်ပုံ။

(က) နနု အနဘိရတီတိ ဥက္ကဏ္ဌိတာပိ သိယာ။

(တနည်း) နနု ပိယဝတ္ထုဝိရဟေန, ပိယဝတ္ထုအလာဘေန ဝါ စိတ္တဝိဂ္ဂါတော ဥက္ကဏ္ဌိတာ (အနဘိရတိ ဟောတိ)

(ခ) အထ ကသ္မာ အနဘိရတီတိ အပရဿာပိ သတ္တဿ အာဂမနပတ္ထနာတိ တယာ ဝုတ္တံ။

(ဂ) နနု ယာ ပဋိဃသမ္ပယုတ္တာ ဥက္ကဏ္ဌိတာ၊ သာ ဗြဟ္မလောကေ နတ္ထိ။

(ဃ) တသ္မာ (ပ) မယာ ဝုတ္တံ။ (သီဋီသစ် သာဓကေ -၂-နံပါတ်မှာရှု။)

(ဃ) ဝါကျ၌ ပန ကား ဝါကျာရမ္ဘဇောတကဖြစ်သည်။

၄။ စတ္တာရော ဝိဓာ တေသံသာတိ စတုဗ္ဗိဓာ၊
တာသ တဏှာ ဒိဋ္ဌိ ဉာဏဟူသောလေးပါးသော အပြား၏ + ပရိတဿနာနှင့် သဲ့ပ+
သင်္ချေယျ၊ ဝိသေသန+ ဝိသေသျစပ် ဝစနဟောတု၊
လေးပါးအပြားရှိသော ပရိတဿနာဒြဗ်သည် ဝစနီယ၊
စတုဝိဓာ စသောပရိယာယ်သည် ဝစနီယတ္ထ၊

◆ ပဋိဟညတီတိ ပဋိဃော။ ဒေါသရင်း။

၅။ ပဋိဃသမ္ပယုတ္တာကို ပဋိသမ္ပယုတ္တတ္တာဟု ဟိတ်ပြင်ရသည်။
ယင်းသမ္ဗန်ကား ယာယ ဥက္ကဏ္ဌိတာယ ဖြစ်သည်။ ကတ္တား+သမ္ဗန်စပ်။
စတုဗ္ဗိဓာ ကို စတုဗ္ဗိဓတ္တာဟု ဟိတ်ပြင်က ယင်း၏သမ္ဗန်ကို တာယ တေသယ ပရိတဿနာယ ဟုခံ။

(က) ဝါကျဖြင့် အနဘိရတိ အရ တပါးသော သတ္တဝါ၏ လာခြင်းကို တောင့်တခြင်းဟု ဆိုအပ်သော ပတ္ထနာကိုယူရမည်ဟုသိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ဝါကျ ဥဗ္ဗိဇ္ဇနာ ဖြင့် ပရိတဿနာ၌ ပရိရှေ့ရှိသော တသ ဓာတ်၏ ဥဗ္ဗိဇ္ဇနအနက် ဟောသည်၏အဖြစ်ကိုသိစေသည်။

ဖန္ဒနာ ဖြင့် ဥဗ္ဗိဇ္ဇနာ၌ ဝိဇီဓာတ်၏ ဖန္ဒနအနက်ဟောသည်ကိုလည်းကောင်း၊ ဥ ဥပသာရ၏

http://www.dhammadownload.com



တတွတ္တာနုဝတ္တကၡ၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။

၇။ ပဋိစ္စ ကား ပဋိရှေရှိသော ဂ္ဂဓာတ်+တွာ ပစ္စည်း။ ပဋိဂ္ဂတွာ ဟူလိုလျက် ဝဏ္ဏဝိကာရဖြင့် တွာကို ရိစ္စပြု၊ ဝဏ္ဏနာသဖြင့် ဂ္ဂ နှင့် ရအနုဗန်ချေ၍ ပဋိစ္စဟုပြီးသည်။

ဆမ္ဘိတတ္တ ကား ထမ္ဘိတတ္တ ဟူလိုလျက် ထ ကို ဆ ပြု၍ ပြီးသည်။

✦ ဆမ္ဘိတဿာတိ ထမ္ဘိတဿ၊ ထကာရဿ ဆကာရာဒေသော၊ (သီဋီသစ်)

ဥဗ္ဗိဇ္ဇနာ ကား ဥ+ဝိဇီ+ယု။ ယု ကို အန ပြု၊ ဝဒွေဘော်, ဇ ဒွေဘော်လာ၊ ဝနှစ်လုံးကို ဗ နှစ်လုံးပြု၍ပြီးသည်။

၈။ မြဟ္မာ့ပြည်၌ ဥဏ္ဏတ္တိတ မရှိခြင်းအကြောင်းကား စျာန်၏အာနုဘော်ဖြင့်ပယ်အပ်ပြီးသည်၏အဖြစ်ကြောင့်တည်း။

✦ သာ ဗြဟ္မလောကေ နတ္ထိ စျာနာနုဘာဝပဟိနတ္တာ။ (သီဋီသစ်)

ပရိတဿနာလေးပါးတွင် ဤ၌ အလိုရှိအပ်သော တဿနာများကား တဏှာတဿနာ နှင့် ဒိဋ္ဌိတဿနာဖြစ်ပါသည်။ (၄၊ ၁၀၃။)

၉။ အဉ္ဇနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဉ္စယံ။
မဓုနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ။ (၄၊ ၃၁၇။)
ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

၁၀။ ✝ တာသတဿနာ အရ ဒေါသဟုဆိုအပ်သော စိတ်၏ ထိတ်လန့်ခြင်းကိုယူ၍ - ထိုသည် ကောဓဒ္ဒာယိဘာဝ+ရုဒ္ဒရသ၊
✝ ဓာတိ ဇရာ ဗျာဓိ မရဏတို့သည် အာရမ္မဏဝိဘာဝ၊
✝ အယောနိသောမနသိကာရ စသည်သည် ဥဒ္ဒိပနဝိဘာဝ၊
✝ ကြောက်ခြင်း, လန့်ခြင်း, ကိုယ်ခက်ထရော်ဖြစ်ခြင်း, ကြက်သီမွေးညင်းထခြင်း စသည်သည် အနုဘာဝ။
ပဋိဃသဒိတော စိတ္တုတြာသောဝေ တာသတဿနာ။ (သီဋီသစ်၊ ၄၁၈။)

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

## ဖဝါကျဉ့ယျာဉ် (၈၄)

(က) ဝသီပိတာဘူတဘဗျာနန္တိ အဟမသ္မိ စိဏ္ဏဝသိတာယ ဝသီ၊
(ခ) အဟံ ပိတာ ဘူတာနဉ္စ ဘဗျာနဉ္စာတိ မညတိ။
(ဂ) ဣမိနာ မယန္တိ အတ္တနော ကမ္မဝသေန စုတာပိ ဥပပန္နာပိစ ကေဝလံ မညနာမတ္တေနေဝ"ဣမိနာ မယံ နိမ္မိတာ"တိ မညမာနာ ဝက်စ္ဆိဒ္ဒေ ဝက်အာဏီဝိယ ဩနမိတ္တာ တသောဝ ပါဒမူလံ ဂစ္ဆန္တီတိ။
(ဃ) မဟေသက္ခတရောတိ ဣဿရိယပရိဝါရဝသေန မဟာယသတရော။
(၄၊ ၁၀၃။ သီဋီသစ်၊ ၄၂၁။ နေရင်း၊ ၃၄၂။ ပဋ္ဌာကျ၊ ၄၉၉။ ဘာသာဋီ၊ ဒု၊ ၈၇။)

http://www.dhammadownload.com



၁။ အထက်ပါပါဠိတို့တွင် (ဂ) ပါဠိကို ကေဝလံ, မညနာမတ္တေန တို့၌ ဆိုလိုရင်းအနက် ပေါ် လွင်စေလျက် သမ္ဗန္ဓာမ်ပုဒ်တို့၏အစွဲ မလွဲအောင် အနက်ယောဇနာပါ။

၂။ "အဖြေမြင် အတင်သိ၊ မိမိ၏ကျမ်းရှိုးအနေတည်း" ဟူသည်နှင့်အညီ ဥပနာ , အာဘောဂ, ပုစ္ဆာတို့ဖြင့် အဋ္ဌကထာဆရာ၏ အာဘော်ကျအောင် (ခ) ပါဠိကို ကျမ်းတက်ပြပါ။

၃။ (ဂ) ပါဠိကို ဖြစ်သင့်သလို ပိုင်းခြား၍ စောဒကာဘောဂါဒီလေးပါဠိထုတ်ပြပါ။

၄။ (ဃ) ပါဠိပါ မဟေသက္ခတရော ဝယ် မဟေသပုဒ်ကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်း ဝစနတ္ထ၌ ဝစနာဒိသတ္တထုတ်ပြပါ။

၅။ (က) ပါဠိပါ ဟိတ်ပါဌ်ကို ယေတုသမ္ဗန်ပုဒ်ထည့်၍ အနက်ယောဇနာပြီးလျှင်၊ ၎င်းယေတု သမ္ဗန်ပုဒ်ကို သမ္ဗန်အနက်ပြန်၍လည်းကောင်း , ကတ္တား ကံ နှစ်မျိုးတို့တွင် ဖြစ်သင့်ရာ အနက်ပြန်၍လည်းကောင်း ဟိတ်ပါဌ်၌ အသီးသီးစာစပ်ပြပါ။

၆။ (က) ပါဠိဖြင့် သိစေအပ်သော အဋ္ဌကထာဆရာ၏ အာဘောဂနှင့် သံဝဏ္ဏနာအမည်များကို ဖော်ပြပါ။

၇။ (က) ပါဠိပါ ဘဗ္ဗ, စိတ္တ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။

၈။ ဤဗြဟ္မဇာလသုတ်ဒေသနာတော်ကို "မ္ဗဇာလ"ဟူ၍လည်းကောင်း၊ "အနုတ္တရသင်္ဂါမဝိဇယော" ဟူ၍လည်းကောင်း ဆိုရပုံကို အဋ္ဌကထာအလိုကျ ရှင်းပြပါ။

၉။ (ဂ) ပါဠိပါ စုဏ္ဏိယစကားရပ်ကို ဆိုလိုရင်း အဓိပ္ပါယ်မပျက်စေမူ၍ ဝတ္တမျိုးဂါထာစီကုံးရေး သားပြီးလျှင် ၎င်းကို အကျဉ်းချုပ်စိစစ်လျက် ဂါထာအမည် ဆန်းအမည်ပေးခဲ့ပါ။

၁၀။ စိရပ္ပဝါသိံ ပုရိသံ (ပ) အဘိနန္ဒန္တိ အာဂတံ ၌ အဘိနန္ဒန္တိ အာဂတံကို ပဓာနထား၍ ဘာဝ, ရသ, ဝိဘာဝ, အနုဘာဝ စုံလင်စွာထုတ်ပြပါ။

===================

၁။ (ဂ) ပါဠိ

ကေဝလံ၊ ကမ္ဗုသကတဉာဏ်နှင့် မရောမယှက်သက်သက်။ မညနာမတ္တေနေဝ၊ (အဓိမာန၏အစွမ်းဖြင့်မဟုတ်) မိစ္ဆာအယူဖြင့်မှတ်ထင်ခြင်းမျှဖြင့်သာလျှင်။ ဣမိနာ၊ ဤဗြဟ္မာကြီး သည် (ပ) တဿေဝ၊ ထိုဗြဟ္မာ၏သာလျှင် (အကြွင်းနိဿယအတိုင်း)

◆ ကေဝလန္တိ ကမ္ဗုသကတာဉာဏေန အသမ္မိဿံ သုဒ္ဓံ။ မညနာမတ္တေနေဝါတိ ဒိဋ္ဌိမညနာမတ္တေနေဝ၊ န အဓိမာနဝသေန။ (သီဋီသစ်၊ ၄၂၁။)

၂။ (ခ) ပါဠိ အဖြေမြင်၊ အတင်သိ၊ မိမိ၏ကျမ်းရှိုးအနေတည်း နှင့်အညီ ကျမ်းတက်ပုံ

ဆရာ မြတ်စွာဘုရားသည် ဝသီပိတာဘူတဘဗျာနံ ဟုဟော၏။ ယင်း၌ ဘူတဘဗျာနံပုဒ် ကို မည်သည့်သမာသ်ဝစနတ္ထပြုရမည်နည်း။ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရပါမည်လော။ ဝသီပိတာ ဘူတဘဗျာနံ၌ ပိတာ ဟူသောဝိကတိကတ္တား၏ ပကတိကတ္တားကား အဘယ်ပါနည်း။ တွဲ-ပင်ဖြစ်ပါသလော၊ ဝသီပိတာ ဘူတဘဗျာနံ ပုဒ်တို့နောင် မည်သည့်ပုဒ်များထည့်စွက်၍ ယောဇနာရပါမည်နည်း။ ဧဝံ ဝဒေတိ ဟုထည့်၍ ယောဇနာရပါမည်လော။ ဤသို့မေးဘွယ်ရှိ၍ (ခ) ပါဠိမိန့်။

အဓိပ္ပါယ်ကား (ခ) ပါဠိဖြင့် ဘူတဘဗျာနံပုဒ်ကို ဘူတာစ ဘဗျာစ ဘူတဘဗျာဟု ဒွန်သမာသ်ပြုရမည်၊ ပကတိကတ္တားကား အဟံဖြစ်သည်။ ဝသီပိတာ ဘူတဘဗျာနံ ပုဒ်တို့နောင် ဧဝံ မညတိ ဟုထည့်၍ယောဇနာရမည် ဟူလို။

http://www.dhammadownload.com



၃။ (ဂ) ဝါကျ စတုက္ကထုတ်ပုံ

(က) နနု အတ္တနော ကမ္မဝသေန စုတာ ဥပပန္နာ ဟောန္တိ။

(ခ) အထ ကသ္မာ ဝက်စ္ဆိဒ္ဒေ ဝက်အာဏီဝိယ ဩနမိတွာ တသေ၀ ပါဒမူလံ ဂစ္ဆန္တိ။

(ဂ) နနု ကေဝလံ မညနာမတ္တေနေဝ "ဣမိနာ မယံ နိမ္မိတာ"တိ မညမာနာ ဟောန္တိ။

(ဃ) တသ္မာ ဝက်စ္ဆိဒ္ဒေ (ပ) ဂစ္ဆန္တိ။

၄။ မဟတိ ဝုဒ္ဓိံ ပါပုဏာတီတိ မဟန္တော၊

ဤသတိ အဘိဘဝတီတိ ဤသော၊ မဟန္တော ဤသော မဟေသော။ (သိဋ္ဌိသစ်၊ ၄၂၁။)

ကြီးမြတ်သောဂုဏ်၏ + အစိုးရသူ မဟာဗြဟ္မာကြီးနှင့် ဂုဏ် + ဂုဏေးအဖြစ်ဖြင့်စပ်ခြင်း

သမ္ဗန်သည် ဝစနဟေတု၊

မဟာဗြဟ္မာကြီးဖြစ်သည် ဝစနီယ၊

မဟိဿရော စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊

ဝိဂ္ဂဟမှတ်ဘွယ် ။ ။ စရိယိတ္တာတိ စိဏ္ဏာ၊ (ဝသိတာ)

ဝသနံ (သမတ္ထနံ) ဝသော၊ ဝသော ယဿ (မယှ) န္တိ ဝသီ။ (အစွမ်းရှိသူရ၏)

ဝသိနော ဘာဝေါ ဝသိတာ၊ စိဏ္ဏာ ဝသိတာ စိဏ္ဏဝသိတာ၊ (ဘာသာဋီကာ၊ ဒု၊ ၈၇။)

အဟေသုန္တိ ဘူတာ၊ (ဘာသာဋီကာ၌ ဓာတ်နက်ဖြင့် ဝိဂ္ဂဟပြု၏။)

အဘဝိံသုတိ ဘူတာ ဟုလည်း မိမိဓာတ်ရင်းဖြင့်ပြုနိုင်၏။

ဘဝန္တိ ဘဝိဿန္တီတိ ဘဗ္ဗာ၊

(ဘူတ အရ ဖြစ်ပြီး သတ္တဝါကိုယူ၊ ဘဗ္ဗာ အရ ဖြစ်ဆဲ, ဖြစ်လတ္တံ့သတ္တဝါကိုယူ)

၅။ (က) ဝါကျ ဟေတုသမ္ဗန်ထည့်၍အနက်ပေးပုံ

မမ၊ ငါ၏။ (ဟေတုသမ္ဗန်) စိဏ္ဏဝသိကာယ၊ ဝသီဘော်ငါးပါးဖြင့် လေ့ကျင့်အပ်ပြီးသော အစွမ်းသတ္တိရှိသည်၏အဖြစ်ကြောင့်။ အဟံ၊ သည်။ ဝသီ၊ အစွမ်းရှိသူသည်။ အသ္မိ၊ ၏။

စိဏ္ဏဝသိတာယ ဟိတ်၏သမ္ဗန်ကား မမ ဖြစ်သည်။ ကတ္တား+သမ္ဗန်စပ်။

မှတ်ချက် ။ ။စိဏ္ဏဝသိတာယ ဟိတ်၏စပ်ရာ အသ္မိ-ကြိယာ၏ ပကတိကတ္တားကား အဟံဖြစ်သည်။

✲ ပကတိမှန် ကတ္တားကံကို မုချသမ္ဗန်ခံမြဲ။

၆။ (က) ဝါကျ အဟမသ္မိ ဝသီ ဖြင့် (အဟမသ္မိ မဟာဗြဟ္မာ အဘိဘူ (ပ) ဝသီ ပိတာ ဘူတဘဗ္ဗာနံ ဟူသော ပါဠိတော်စကားရပ်၌) အဟံ ကား အသ္မိ ၌ ပကတိကတ္တား, ဝသီ ကား အသ္မိ၌ ဝိကတိကတ္တားတည်းဟု သိစေသည်။ (ဘာဝတ္ထ+သမ္ဗန္ဓ)

စိဏ္ဏဝသိတာယ ဖြင့် ဝသီ ၌ ဝသ အရ လေ့လာအပ်ပြီးသော ဝသီဘော်ကို ယူရမည်ကိုလည်းကောင်း၊ (သရုပ်ကြား အဘိဓေယျတ္ထ) ဝသော အဿ အတ္ထိတိ ဝသီ ဟု အဿတ္ထိ ပြုရမည်ကိုလည်းကောင်း၊ ဤ ပစ္စည်း အဿတ္ထိအနက်၌ သက်သည်ကိုလည်းကောင်း၊ လေ့ကျင့် အပ်ပြီးသော အစွမ်းသတ္တိရှိသည်၏အဖြစ်ကြောင့် ဝသီမည်သည်၏အဖြစ်ကိုလည်းကောင်း သိစေသည်။

http://www.dhammadownload.com



၇။ ဘဗ္ဗု ကား ဘူဓာတ်+ဏျ ပစ္စည်း။ ဥ ကို ဩ ပြု၊ ဩ ကို အာဝ ပြု၊ ဝ ကို ဗ ပြု၊ အာ ကို အ ပြု၍ ဘဗ္ဗ ဟု ပြီးသည်။ (ဘာသာဋီကာ၊ ဒု၊ ၈၇။)

စိတ္တ ကား စရဓာတ်+တ ပစ္စည်း။ တ ကို ဒွေတ္တပြု၊ ရ ကို ချေ၍ပြီးသည်။ (တရာဒိဟိ ဒွတ္တေ ကစ္စည်း။)

✦ စရ စရဏေ၊ အစရိယိတ္ထာတိ စိတ္တော၊ ဓမ္မော၊ ဒွတ္တာဒေသော။ (ရူ၊ ၆၃၀။)

(ဘာသာဋီကာ၌ စရဓာတ်+တ။ တကို ဒွေနှ ပြု၊ ရ အက္ခရာကြောင့် နှ ကို တ္တ ပြန်စေ ဟုဆို၏။)

၈။ ဓမ္မဇာလ အနုတ္တရသင်္ဂါမဝိဇယ ဟုဆိုရပုံ

များစွာသော ပါဠိဓမ္မတို့ကို ဟောကြားအပ်ကုန်ရာ၏အဖြစ်ကြောင့် ဤဗြဟ္မဇာလသုတ်ကို "ဓမ္မဇာလ" ဟူ၍ ဆိုရသည်။

ဤ ဗြဟ္မဇာလသုတ္တန်ကို ကြားနာရ၍ ဒေဝပုတ္တမာရ် ခန္ဓမာရ် မစ္စုမာရ် ကိလေသမာရ် တို့ကို နှိမ်နင်းခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ကြောင့် ဤသုတ္တန်ကို "အနုတ္တရသင်္ဂါမဝိဇယ"ဟူ၍ ဆိုရပါသည်။ (ဌ၊ ၁၁၈။)

၉။ စုတာပိ အတ္တကမ္မေန၊ ဥပပန္နာပိ ကေဝလံ။
"နိမ္မိတာ"တိ မညမာနာ၊ ပါဒံ တသောဝ ဂစ္ဆရေ။ (တတိယာရကာရပိပုလာဂါထာ)

၁၀။ ✝ အဘိနန္ဒန္တိ အာဂတံ အရ သွေမျိုးမိတ်သင်္ဂဟတို့၏ ပီတိသောမနဿပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ထို သည် ကာမရတိဌာယီဘာဝ+ကာမသိင်္ဂါရရသ၊

✝ အဝေးအရပ်မှ ချမ်းသာစွာပြန်လာသော ယောက်ျားသည် အာရမ္ဘဏဝိဘာဝ။

✝ ကြာမြင့်စွာကွဲကွာနေရခြင်းသည်လည်းကောင်း၊ အဝေးမှချမ်းသာစွာပြန်လာနိုင်ခြင်းသည် လည်းကောင်း ဥဒ္ဒီပနဝိဘာဝ၊

✝ ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုဆိုခြင်း၊ နှုတ်သက်စကားပြောကြားရခြင်းစသည်သည် အနုဘာဝ။

⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂

## ဝါကျဥယျာဉ် (၈၅)

(က) ဝဏ္ဏာဝဏ္ဏတရောစာတိ ဝဏ္ဏာဝဏ္ဏတရော။

(ခ) အဘိရူပေါ ပါသာဒိကောတိ အတ္ထော။

(ဂ) မဟေသက္ခတရောတိ ဝုသာဿရိယပရိဝါရဝသေန မဟာယသတရော။

(ဃ) ဌာနံ ခေါ ပနေတန္တိ ကာရဏံ ခေါ ပနေတံ။

(င) သော တတော စဝိတွာ အညတြ န ဂစ္ဆတိ၊ ဣဓေဝ အာဂစ္ဆတိ၊ တံ သန္ဓာယေတံဝုတ္တံ။

(စ) အဂါရသ္မာတိ ဂေဟာ။ အနဂါရိယန္တိ ပဗ္ဗဇ္ဇံ။

(ဆ) ပဗ္ဗဇ္ဇာ ဟိ ယသ္မာ အဂါရဿ ဟိတံ ကသိဂေါရက္ခာဒိကမ္မံ တတ္ထ နတ္ထိ၊ တသ္မာ အနဂါရိယန္တိ ဝုစ္စတိ။

(ဌ၊ ၁၀၃။ သီဋီသစ်။ ၄၂၂။ ပဒက္ကမ။ ၅၀၀။ ဘာသာဋီကာ၊ ဒု၊ ၉၀။ ဂဏ္ဌိ။ ၂၅၄။)

http://www.dhammadownload.com



၁။ (င) ဝါကျကို သမ္ဗန္ဓာမ်အဖွဲ့မလွဲစေဘဲ အနက်ယောနေ့ပါ။

၂။ (င) ဝါကျကို သာဘောဂပုစ္ဆာတက်၍၊ (ဆ) ဝါကျကို အနာဘောဂပုစ္ဆာတက်ပါ။

၃။ (ဆ) ဝါကျကို စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ (က) ဝဏ္ဏဝန္တတရော ဌ် ဝဏ္ဏ ကို ဂ္ဂုဏာဓိပ္ပေတတ္တ အားလျော်စွာ ဝစနတ္တပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ (ဆ) ဝါကျ၌ တသ္မာ နောင်ဖြစ်သင့်သော ဟိတ်ကိုဆောင်၍ ယင်းဟိတ်၏သမ္ဗန်ကို ခံပြီး အတ္ထာနုရူပစာစပ်ပါ။

၆။ (ခ+ဂ+ဃ+စ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။

၇။ မဟေသက္ခတရော ဌ် မဟေသ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ နိစ္စော ဓုဝေါ သဿတော အဝိပရိဏာမဓမ္မော ဟု ပြဟ္မာကြီးဆိုခြင်းအကြောင်းကို အဋ္ဌကထာလာသည့်အတိုင်း ဖြေပါ။

၉။ (ဆ) ဝါကျ စကားရပ်ကို အနက်အဓိပ္ပါယ်မပျက်စေဘဲ ကြိုက်နှစ်သက်ရာဂါထာ တစ်မျိုးမျိုး စီကုံး၍ ဂါထာအမည်ပေးခဲ့ပါ။

၁၀။ ဝေါရက္ခ ဌ် ဓာတွတ္ထကို ကိုယ်ပြု၍ ဘာဝါလက်ာရထုတ်ပြပါ။

==================

၁။ (င) ဝါကျ

သော၊ ထိုပဌမစျာန်ဘုံသို့ နောက်မှ ရောက်လာသော ပြဟ္မာတို့၌ အကျုံးဝင်သော တစ်ယောက်ယောက်သော ပြဟ္မာသည်။ တတော၊ ထိုပဌမစျာန်ဘုံမှ။ (ပဒုက္ကျုသျ + ဂဏ္ဌိ) (တစ်နည်း) တတော၊ ထိုအာဘဿရဘုံမှ။ (နေရင်းသျ)။ စဝိတွာ၊ ၍။ အညတြ၊ လူ့ပြည်မှ တပါးသောဘုံသို့။ နဂစ္ဆတိ၊ မသွားမရောက်။ ဣဓေဝ ဣမသ္မိံဧဝ မနုဿလောကေ၊ ဤလူ့ပြည်သို့ သာလျှင်။ အာဂစ္ဆတိ၊ လာ၏။ တံပြဟ္မာနံ၊ ထိုပဌမစျာန်ဘုံမှ စုတေခဲ့၍ တစ်ပါးသော ဘုံသို့မသွားဘဲ လူ့ပြည်ထိုသာလာသော ပြဟ္မာကို။ သန္ဓာယ၊ ၍။ ဇေတံ ဝစနံ၊ ဌာနံ ခေါပနေတံ ဘိက္ခဝေ ဝိဇ္ဇတိ အစရှိသော ဤသဒ္ဒါကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ပြီ။

◆ ဣဓေဝ အာဂစ္ဆတီတိ ဣမသ္မိံ မနုဿလောကေဧဝ ပဋိသန္ဓိဝသေန အာဂစ္ဆတိ။
ဇေတန္တိ "ဌာနံ ခေါပနေတံ ဘိက္ခဝေ ဝိဇ္ဇတီ"တိ ဝစနံ။ (သီဋီသစ်။ ၄၂၁။)

## (က) (၁) (ဂ) သံဝဏ္ဏေတဗ္ဗ သဒ္ဒတ္ထ + အဓိပ္ပါယတ္ထပေးပုံ

ဝဏ္ဏဝန္တတရောစ၊ လွန်ကဲသောအဆင်းရှိသော တစ်ပါးသောသူတို့ထက် အထူးအားဖြင့် လွန်ကဲသောအဆင်းရှိ၏။ (သဒ္ဒတ္ထ)။ အလွန်အကဲအားဖြင့် အဆင်းလှ၏။ ကြည်ညိုဘွယ် ရှုချင်စဘွယ်ရှိ၏။ (အဓိပ္ပါယတ္ထ။)

(ဂ) မဟေသက္ခတရောစ၊ မြတ်သောအစိုးရသောသူဟူ၍ ဆိုအပ်သောသူတို့ထက် အထူးအားဖြင့်မြတ်သော အစိုးရသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်သည်။ (သီဋီသစ်လာသဒ္ဒတ္ထ) အထူးအားဖြင့် ကြီးသောတန်ခိုး များသော အခြံအရံရှိ၏။ (အဓိပ္ပါယတ္ထ)။

F 39 B

http://www.dhammadownload.com



၂။ (င) ဝါကျ ဘာသောဂပုစ္ဆာထက်ပုံ

ဆရာ၊ ဆရာသည် (ဃ) ဝါကျဖြင့် ဌာနံ ခေါ ပနေတံ ဟူသော ပါဠိတော်၌ ဌာန သဒ္ဒါသည် ကာရဏအနက်ဟော၏ ဟုဖွင့်ဆို၏။ ပဌမစျာန်ဘုံမှ စုတေသော ပြဟ္မာများသည် အထက်ရူပ အရူပဘုံ၊ အောက်ကာမာဝစရနတ်ပြည် ခြောက်ဘုံတို့၌ ဖြစ်နိုင်ခြင်းတည်းဟူသော အကြောင်းကို ရည်ရွယ်၍ ဌာန သဒ္ဒါ ကာရဏအနက်ဟော၏ဟု ဖွင့်ဆိုပါသလော။ အဘယ် အကြောင်းကို ရည်ရွယ်၍ ဌာန သဒ္ဒါ ကာရဏ အနက်ဟော၏ ဟုဖွင့်ဆိုပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

◆ ကိံပနေတံ ကာရဏန္တိ အနုယောဂေနာယ "သော ထတော"တိ အာဒိ။ တေန "ဣတ္ထတ္တံ အာဂစ္ဆတီ"တိ ဝုတ္တံ ဣဓာဂမနမေဝ ကာရဏန္တိ ဒဿေတိ။ (သီဋီသစ်။ ၄၂၁။)

အမှာ ။ ။ ဤ (င) ဝါကျကျမ်းထက်ရာ၌ သန္ဓာယေတံ ဝယ် ဧတံ ၏အစွဲဖြစ်သော "ဌာနံ ခေါ ပနေတံ ဘိက္ခဝေ ဝိဇ္ဇတိ" အစရှိသော ပါဠိတော်ကို ဌပနာထားကလည်း မှန်သည်။

(ဆ) ဝါကျ အနာဘောဂပုစ္ဆာထက်ပုံ

ဆရာ၊ ဆရာသည် (စ) ဝါကျ အနဂါရိယန္တိ ပဗ္ဗဇ္ဇံ ဖြင့် ရဟန်းအဖြစ်ကို အနဂါရိယ ဟူ၍ ဆိုအပ်ကြောင်း ဖွင့်ဆို၏။ အဘယ့်ကြောင့် ရဟန်းအဖြစ်ကို အနဂါရိယ ဟူ၍ ဆိုအပ်ပါ သနည်း။ စုဒ်ကြောင့် (ဆ) မိန့်။

၃။ (ဆ) ဝါကျ စောဒကာဘောဂါဒိစတုက္ကထုတ်ပုံ

(က) နနု ဒါနသီလာဒိသဒ်ါတံ အဂါရဿ ဟိတံ ပဗ္ဗဇ္ဇာယ အတ္ထိယေဝ။

(ခ) အထ ကသ္မာ ပဗ္ဗဇ္ဇာ အနဂါရိယန္တိ ဝုစ္စတိ။

(ဂ) နနု အဂါရဿ ဟိတံ ကသိဂေါရက္ခာဒိကမ္မံ တတ္ထ နတ္ထိ။

(ဃ) တသ္မာ ပဗ္ဗဇ္ဇာ အနဂါရိယန္တိ ဝုစ္စတိ။

၄။ ဝဏ္ဏေတိ ဝိကာရ + မာပဇ္ဇမာနံ ဟာဒယင်္တဘာဝံ ပကာသေတီတိ ဝဏ္ဏော။ (နီတိဓာတု။ ၃၀၀။)

ဘောက်ပြန်ခြင်းသို့ရောက်သည်ရှိသော် နှလုံး၌တည်သည်၏ အဖြစ်ကို ထင်ရှားပြခြင်း ကြိယာသကတ်သည်---ဝဏ္ဏယေတုမည်၏။

ရှုပါရုံဖြစ်သည်---ဝဏ္ဏနီယမည်၏။

ရှုပ် ရူပါယတနံ စသော ပရိယာယ် သဒ္ဒါများသည်---ဝဏ္ဏနီယတ္ထမည်၏။

ဝဏ္ဏတ္ထမှတ်ဘွယ်

ဤသတိ အဘိဘဝတီတိ ဤသော။ မဟန္တော + ဤသော မဟေသော။

"မဟေသော" ဣတိ အက္ခာယတီတိ မဟေသက္ခော။ (မဟေသ + အာ + ခါ + အ)

မဟေသက္ခာနံ အတိသယေန မဟေသက္ခောတိ မဟေသက္ခတရော။ (သီဋီသစ်။ ၄၂၁။)

၅။ တသ္မာ နောင် ဆောင်သင့်သော ဟိတ်ကား နတ္ထိတာယ တည်း။

ယင်း၏သမ္ဗန်ကို ဟိတဿ ကသိဂေါရက္ခာဒိကမ္မဿ ဟုခံ။ ကတ္တား + သမ္ဗန်စပ်။

http://www.dhammadownload.com



၆။ (ခ) ဝါကျဖြင့် အထူးသဖြင့် လွန်ကဲသော အဆင်းရှိ၏ဟူသည် သူတစ်ပါးတို့ထက် ပိုလွန်၍ အလွန်အဆင်းလှခြင်း ကြည်ညိုဘွယ် ရှုချင်စဖွယ်ရှိခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကို လည်းကောင်း၊ ဝဏ္ဏဝန္တတရော ၌ ဝန္တုပစ္စည်းသည် ပဟုတ ပသံသာ စသော အဿတ္ထိအနက်တို့တွင် (ဤနေရာ၌) အတိသယအနက်၌သက်----လည်းကောင်း သိစေ။

(ဂ) ဝါကျဖြင့် မဟေသက္ခတရ၏ အဖြစ်ကို အစိုးရသည်၏အဖြစ်, အခြံအရံ စသောအကြောင်းဖြင့် သိအပ်သတည်း ဟုသိစေသည်။

❖ သော ပန ဟေသက္ခတရဘာဝေါ အာဓိပတေယျပရိဝါရသမ္ပတ္တိယာ ကာရဏဘူတာယ ဝိညာယတီတိ ဝုတ္တံ "ဣဿရိယပရိဝါရဝသေန မဟာယသတရော"တိ။ (သီဋီသစ်။ ၄၂၁။)

(ဃ) ဝါကျဖြင့် ဌာနံ ခေါ ပနေတံ ၌ ဌာန သဒ္ဒါ ကာရဏအနက်ဟော၏ ဟု သိစေပါသည်။

(စ) ဂဟာ ဖြင့် အဂါရသ္မာ ၌ အဂါရ သဒ္ဒါသည် ဂဟ သဒ္ဒါ၏ ပရိယာယ်တည်း ဟုသိစေသည်။ (တစ်နည်း) အဂါရ သဒ္ဒါ၏ ဂဟ အနက်ဟော--လည်းကောင်း၊ (ဝါ) အဂါရ အရ အိမ်ကိုယူ-လည်းကောင်း၊ ယင်းအနက်အားလျော်စွာ န ဂစ္ဆတီတိ အဂါရံ ဟုပြု - လည်းကောင်း သိစေပါသည်။

ပဗ္ဗဇ္ဇံ ဖြင့် အနဂါရိယံ ပုဒ်ကို "နတ္ထိ အဂါရိယံ ဧတ္ထာတိ အနဂါရိယာ" ဟု ဝစနတ္ထ ပြု၍ အနဂါရိယ အရ ပဗ္ဗဇ္ဇာ ကို ယူရမည်ဟုသိစေပါသည်။

(ဆ) အဂါရဿ ဟိတံ ဖြင့် အဂါရိယံ ကို ဟိတတဒ္ဓိတ်ဝစနတ္ထပြု--လည်းကောင်း၊ ဣယ ပစ္စည်း၏ ဟိတတဒ္ဓိတ်အနက်၌သက်--လည်းကောင်း သိစေပါသည်။

ကသိဂေါရက္ခာဒိကမ္မံ ဖြင့် ဟိတတဒ္ဓိတ်ဝစနတ္ထနှင့်အညီ အဂါရိယ အရ လယ်လုပ်ခြင်း နွားကျောင်းခြင်း စသောအမှုကို ယူရမည်ဟုသိစေပါသည်။

(တ်) တတ္ထ နတ္ထိ ဖြင့် အနဂါရိယံ ပုဒ်ကို နတ္ထိ အဂါရိယံ ဧတ္ထာတိ အနဂါရိယာ ဟု သတ္တမီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုရမည်ဟု သိစေပါသည်။

ပဗ္ဗဇ္ဇာ ဖြင့် အနဂါရိယ အရ ပဗ္ဗဇ္ဇာကိုယူ--သိစေပါသည်။

၇။ မဟေသက္ခတရော ၌ မဟေသ ကား မဟန္တသဒ္ဒူပပဒ + ဤသဓာတ် + က ပစ္စည်း။ မဟန္တ ကို မဟာ ပြု၊ ဤ ကို ဧ ပြု၊ ဟာ ၌ အာ ကို ချေ၍ ပြီးသည်။

၈။ နိစ္စော ခုဝေါ သဿတော အဝိပရိဏာမဓမ္မော ဟု မြဟ္မာကြီးဆိုခြင်း၏ အကြောင်းကို ဌ။ ၁၀၄။ အတိုင်းမှတ်။

၉။ (ဆ) ဝါကျ ဂါထာစီ။

ပဗ္ဗဇ္ဇာ ဟိ အဂါရဿ၊ ဟိတံ ဂေါပါလနာဒိကံ။
တတ္ထ န ဝိဇ္ဇတိ ယေန၊ တေနေဝ အနဂါရိယံ။ (တတိယ သ-ကာရဝိပုလာဂါထာ)

http://www.dhammadownload.com



၁၀။ ✝ ဂေါရက္ခ ၌ ရက္ခ ဓာတ်အရ နွားကျောင်းသူတို့၏ သန္တာန်၌ ဝီရိယပြဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍--ထိုသည်--ဥဿာဟဌာယီဘာဝ + ဝီရ ရသ။

✝ နွားတို့သည်--အာရမ္မဏဝိဘာဝ။

✝ နွားတို့၏ လယ်ယာလုပ်ငန်းစသည်၌ အကျိုးကျေးဇူးများခြင်းစသည်သည် --- ဥဒ္ဒီပနဝိဘာဝ။

✝ စပါး ကောက်ပဲသီးနှံ တို့ဖြစ်ပေါ်လာခြင်း စသောအကျိုးတရား အသက်ဆက်သည် - အနုဘာဝမည်၏။

***********************

## ဝါကျဥယျာဥ် (၈၆)

(က) သတိသမ္မုဿတီတိ ခါဒနီယဘောဇနီယေသု သတိ သမ္မုဿတိ။

(ခ) တေ ကိရ ပုညဝိသေသာဓိဂတေန မဟန္တေန အတ္တနော သိရိဝိဘဝေန နက္ခတ္တံ ကီဠန္တာ တာယ သမ္ပတ္တိမဟန္တတာယ "အာဟာရံ ပရိဘုဉ္ဇိမှာ န ပရိဘုဉ္ဇိမှာ"တိပိ န ဇာနန္တိ။

(ဂ) အထ ကောဟာရတိက္ကမနတော ပဋ္ဌာယ နိရန္တရံ ခါဒန္တာပိ ပိဝန္တာပိ စဝန္တိယေဝ၊ န တိဋ္ဌန္တိ။

(ဃ) ကသ္မာ ? ကမ္မဇတေဇဿ ဗလဝတာယ, ကရဇကာယဿ မန္ဒတာယ။

(င) မနုဿာနဉှိ ကမ္မဇတေဇော မန္ဒော၊ ကရဇကာယော ဗလဝါ။ တေသံ ကမ္မဇတေဇဿ မန္ဒတာယ ကရဇကာယဿ ဗလဝတာယ သတ္တာဟမ္ပိ အတိက္ကမိတွာ ဥဏှောဒကအစ္ဆယာဂုအာဒီဟိ သက္ကာ ဝတ္ထုံ ဥပတ္ထမ္ဘေတုံ။

(စ) ဒေဝါနံ ပန တေဇော ဗလဝါ ဟောတိ၊ ကရဇံ မန္ဒံ။ တေ ဧကံ အာဟာရဝေလံ အတိက္ကမိတွာဝ သဏ္ဌာတုံ န သက္ကောန္တိ။

(ဌ၊ ၁၀၄။ သီဋီသစ်၊ ၄၂။ နေရင်း၊ ၃၄၃။ ပဒုက္ကူ၊ ၅၀၂။ ဘာသာဋီ၊ဒု၊၉၆။)

၁။ (ဂ) ကို အထ အနက်ပေါ်လွင်စေလျက် စဝန္တိ၊ နတိဋ္ဌန္တိ တို့၏ ကတ္တားထည့်၍လည်းကောင်း၊ (ဃ) ကို ကရဇကာယဿ ၌ သဒ္ဒတ္ထထင်စေ၍လည်းကောင်း အနက်ယောဇနာပါ။

၂။ (ခ) ဝါကျကို ဒေါသာရောပနစောဒနာ၊ (င) ဝါကျကို သာဘောဂပုစ္ဆာတက်ပြပါ။

၃။ (ဂ+ဃ) ဝါကျတို့ကို အာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ ကရဇကာယကို အစိတ်,အပေါင်း၀စနတ္ထပြု၍၊ အပေါင်း၀စနတ္ထကိုသာ၀စနာဒိဆက္ကထုတ်ပြပါ။

၅။ (ဃ) ဝါကျ၌ ဟိတ်ပုဒ်တို့၏ သမ္ဗန်အသီးသီးကိုဖော်ပြ၍၊ အတ္ထာနုရူပစာစပ်ပါ။

၆။ (က) ပမ္မဇတီတိ ဥပဂစ္ဆတိ။

(ခ) ဒိဗ္ဗာယ ပဒုဿန္တိ ဝိနဿန္တီတိ ဒိဗ္ဗာပဒေါသိကာ။ (ဌ၊ ၁၀၄) တို့ကိုအာဘော်ဖော်၍၊ သံဝဏ္ဏနာမည်ပေးခဲ့ပါ။

၇။ နက္ခတ္တ၊ ဥဏှ၊ ဥဒက ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ ပွဲသဘင်ဟူသမျှကို "နက္ခတ္တ"ဟုဆိုသင့်/မဆိုသင့် အကြောင်းသွင်းဆုံးဖြတ်၍၊ နတ်တို့စုတေရခြင်း အကြောင်းလေးမျိုး ကိုလည်းဖော်ပြပါ။

http://www.dhammadownload.com



၉။ (ဂ) ဝါကျလာ စကားရပ်ကို ကြိုက်နှစ်သက်ရာ ဂါထာတပုဒ်စီကုံး၍ ဂါထာအမည်ပေးခဲ့ပါ။
၁၀။ (ဂ) ဝါကျ ခါဒန္တာပိ ၌ စာတွဲတွဲကိုရှု၍ အာဂါလက်ာရဆုတ်ပြပါ။

====================

၁။ (ဂ) ဝါကျ

အထ တသ္မိံကာလေ၊ စားရမှန်း, မစားရမှန်း မသိကြရာ ထိုအခါ၌။ စဝန္တိ နတိဋ္ဌန္တိ၊ တို့၏ကတ္တားကို "တေဒေဝါ" တို့သည် ဟုထည့်ပါ။

(ဃ) ဝါကျ

ကရဇကာယသ၊ ကိုယ်၌ဖြစ်သော မြူဟုဆိုအပ်သော သုက်သွေးကြောင့်ဖြစ်သော ကိုယ်၏။ (ဝါ)၊ သူငယ်အိမ်၌ပစ်ချအပ်သော သုက်သွေးကြောင့်ဖြစ်သော ကိုယ်၏။ (ဝါ)၊ အမိအဘတို့၏ လက်ကြောင့် ဖြစ်သောကိုယ်၏။ (ဝါ)၊ သားသမီးတို့ကို ဖြစ်စေတတ်သော သုက်သွေးကြောင့် ဖြစ်သောကိုယ်၏။

- ကေသရီရေ+ပဝတ္တော၊ ရဇော ကရဇော။ သုက္ကသောဏိတံ။ ကရဇေန+သမ္ဘူတော+ကာယော ကရဇကာယော။ ကရီယတိ ဂဗ္ဘာသယေ ခိပီယတီတိ ဝါ ကရော။ သမ္ဘဝေါ။ ကရတော ဇာတောတိ ကရဇော။ မာတုအာဒီနံ ဝါ သဏ္ဍာပနဝသေန ကရတော ဟတ္ထတော ဇာတောတိ ကရဇော။ ကရောတိ ပုတ္တေ နိဗ္ဗတ္တေတီတိ ဝါ ကရော။ သုက္ကသောဏိတံ။ ကရေန+ဇာတောတိ ကရဇော။ (ပဒုက္ကမ-သျှ။ ၅၀၃။)

၂။ (ခ) ဝါကျ ဒေါသာရောပန စောဒနာတက်ပုံ

ဆရာ၊ ဆရာသည် (က) ဝါကျဖြင့် သတိ သမ္မူသတိ ဟူသည် ခဲဘွယ်ဘောဇဉ်တို့၌ (ဝါ) ခဲဘွယ်ဘောဇဉ်တို့ကို စားခြင်းတို့၌ သတိလွတ်ကင်းမေ့လျော့ခြင်းပင်တည်းဟု ဖွင့်ဆို၏။ အဘယ်ကြောင့် အဘယ်သို့လျှင် ခဲဘွယ်ဘောဇဉ်တို့၌ သတိလွတ်ကင်း မေ့လျော့ခြင်းဖြစ်ပါသနည်း။ ခဲဘွယ်ဘောဇဉ်တို့၌ သတိလွတ်ကင်းမေ့ခြင်းအကြောင်းနှင့် မေ့လျော့ပုံအခြင်းအရာကို အကျယ်ပြ ဆိုသင့်သည်မဟုတ်ပါလော။ အကယ်၍--မပြဆိုခဲ့သော်--သခေ်ပ+ဝိတ္ထာရဆန့်--ဝိရောဓိ -- ၏။ စုဒ်ကြောင့် (ခ) မိန့်။

- "တေ ကီဠာ"တိအာဒိ ဝိတ္ထာရဒဿနံ။ ကီဠသဒ္ဒေါ, ဟေတ္ထ ဝိတ္ထာရဇောတကောယေဝ။ (သီဋီသစ်၊ ၄၂၂။)

(ဂ+ဃ) နှစ်ဝါကျ ကျမ်းတက်။

ဆရာ၊ ဆရာသည်၊ စဝန္တိယေဝ နတိဋ္ဌန္တိ ဖြင့် ခိဍ္ဍာပဒေါသိတနတ်တို့သည် စုတေကြကုန်သည်သာ၊ အသက်ရှင်၍ မတည်နိုင်ကြကုန်ဟုဆို၏။ ယင်းနတ်တို့သည် အစာစားချိန်တကြိမ်ကို လွန်ပြီးသည်မှစ၍ အမြဲမပြတ် အာဟာရကိုစားကြ, သောက်ကြကုန်သည်သာမဟုတ်ပါလော။ အဘယ်ကြောင့် စုတေကြကုန်သည်သာဖြစ်၍ အသက်ရှင်၍ မတည်နိုင်ကြကုန်သနည်း။ စုဒ်ကြောင့် (ဂ+ဃ) မိန့်။

အမှာ ။ ။ လက္ခဏ ကို၊ ပိ နှင့် ဆိုမှု စသောနိယံနှင့်အညီ အာဘော်ဆင်၍ တက်သည်။

(င) ဝါကျ သာဘောဂပုစ္ဆာ

ဆရာ၊ ဆရာသည် (ဃ) ဝါကျဖြင့် နတ်တို့၏ ကမ္မဇတေဇောသည် အားကောင်း၏။ ကရဇကာယသည် အားနည်း၏ ဟုဆို၏။ နတ်တို့၏ ကမ္မဇတေဇောအားကြီးသည်၏အဖြစ်, ၃၀၆

http://www.dhammadownload.com



ကရဇကာယအားနည်း နူးညံ့သိမ်မွေ့သည်၏အဖြစ်ကို ဆရာကိုယ်တိုင် ပစ္စက္ခ သယမ္ဘူဉာဏ်ဖြင့် သိပါသလော။ အဘယ်သို့သော သဘော (ယုတ္တိ) ကိုထောက်၍ ယင်းသို့ ဆိုပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

အမှာ ။ ။ (င) ဝါကျ မနုဿာနဉှိ ၌ ဟိ ကို နေရင်းချဉ်း ဒဠှီဇောတက။ ပခုက္ကူ, ဘာသာဋီကာ တို့၌ ဝိတ္ထာရဇောတက ဟုယူသည်။ ထို့ကြောင့် ပခုက္ကူ, ဘာသာဋီကာတို့အလို ဝိတ္ထာရကြံ၍ တနည်းတက်နိုင်သေးသည်။

၃။ (ဂ+ဃ) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု ကောဟာရာတိက္ကမနတော ပဋ္ဌာယ နိရန္တရံ ခါဒန္တိ ပိဝန္တိ။

(ခ) အထ ကသ္မာ စဝန္တိယေဝ၊ န တိဋ္ဌန္တိ။

(ဂ) နနု ကမ္မဇတေဇော ဗလဝါ, ကရဇကာယော မန္ဒော။

(ဃ) တသ္မာ စဝန္တိယေဝ၊ န တိဋ္ဌန္တိ။

၄။ ကေ သရီရေ ပဝတ္တော ရဇော ကရဇော။ (သုက်သွေးရည်။)

ကုစ္ဆိတာနံ ကေသာဒီနံ+အာယော ပဝတ္တိဋ္ဌာနန္တိ ကာယော။

ကရဇေန+သမ္ဘူတော+ကာယော ကရဇကာယော။

သုက်သွေး၏+ခန္ဓာကိုယ်နှင့် အကြောင်း+အကျိုး။ ဇနက+ဇည စပ် ဝစနပဟောတု။

ခန္ဓာကိုယ်ဖြစ်သည် ဝစနီယ။

သရီရံ, ဝပု စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

အမှာ ။ ။ ကရဇ ပုဒ်၏ ဝိဂ္ဂဟအမျိုးမျိုး (၁) နံပါတ်၌ရေးခဲ့ပြီ။

( ဝစနတ္ထမှတ်ဘွယ် )

- ကတပုညေဟိ သေဝီယတေတိ သိရီ။ (သိ+ရ။ ထိ+ဤ)။
- ဝိဘာဝန္တိ ပဘာဝန္တိ အံနေနာတိ ဝိဘာဝေါ။
- ပုနပ္ပုနံ+ဥဒယတော န ခီယတေတိ နက္ခတ္တံ။
- အာဟရတိ ဗလာယူနီတိ အာဟာရော။
- ဩဇဋ္ဌမကရူပံ အာဟရတီတိ ဝါ အာဟာရော။
- ဗလတိ ပရေ အဘိဘဝတီတိ ဗလံ။
- ဗလံ ဧတဿ အတ္ထီတိ ဗလဝါ။

အားအစွမ်း၏+ကမ္မဇတေဇောနှင့် ဂုဏ်+ဂုဏီစပ် ဝစနပဟောတုမည်၏။

၅။ (ဃ) ဝါကျ ဗလဝတာယ ဟိတ်၏သမ္ဗန်ကား တိုက်ရိုက်ပါရှိသော ကမ္မဇတေဇော ပင်ဖြစ်သည်။ (ကတ္တား+သမ္ဗန်စပ်)

မန္ဒတာယ ဟိတ်၏သမ္ဗန်ကား တိုက်ရိုက်ပါရှိသော ကရဇကာယသာ ပင်ဖြစ်သည်။ (ကတ္တား+သမ္ဗန်စပ်)

(၁) ဝါကျ, တာယသမ္ဗတ္တိမဟန္တတာယ ၌ တာ သမ္ဗန်ကား တာယသမ္ဗတ္တိယာဖြစ်သည်။

၆။ ဥပဂစ္ဆတိ ဖြင့် ပဗ္ဗတိ ၌ ပ ဥပသာရဖြင့် အထူးပြုအပ်သော ဝဇ ဓါတ်၏ ဥပသက်မန အနက်ဟော--လည်းကောင်း။ ပ ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကို လည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



◆ ပ သဒ္ဒေန ဝိသိဋ္ဌော ဝဇ သဒ္ဒေါ ဥပသဂ္ဂမနေတိ ဝုတ္တံ "ဥပဂစ္ဆတီ"တိ (သီဋီသစ်၊ ၄၂၁။)

ဒိဋ္ဌာယ ပဒုဿန္တိ ဖြင့် ဒိဋ္ဌာယ ပဒုဿန္တီတိ ဒိဋ္ဌာပဒေါသိနော ဟု ကတ္တုသာဓနေဝစနတ္တ ပြု--လည်းကောင်း။ ဏီ ပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်-လည်းကောင်း၊ ဒိဋ္ဌာပဒေါသိနောဧဝ ဒိဋ္ဌာပဒေါသိကာ ဟု သွတ္ထတဒ္ဓိတ်ဝစနတ္တပြု--လည်းကောင်း၊ ဏိက ပစ္စည်း၏ သွတ္ထတဒ္ဓိတ်အနက်၌ သက်--လည်းကောင်း သိစေပါသည်။

◆ ဒိဋ္ဌာပဒေါသိနောတိ ကတ္တုဝသေန ပဒသိဒ္ဓိ၊ ဒိဋ္ဌာပဒေါသိကာတိ ပန သကတ္ထ ဝုတ္တိဝသေန၊ သဒ္ဒ+မနပေက္ခိတွာ ပန အတ္ထမေဝ ဒဿေတုံ "ဒိဋ္ဌာယာ"တိ အာဒိ ဝုတ္တံ။ (သီဋီသစ်၊ ၄၂၂။)

(တနည်း) ဒိဋ္ဌာယ ပဒုဿန္တိ ဖြင့် ဒိဋ္ဌာယ ပဒုဿန္တီတိ ဒိဋ္ဌာပဒေါသိကာ ဟု ကတ္တုသာဓနေဝစနတ္တပြု--လည်းကောင်း၊ ဏွု ပစ္စည်း၏ ကတ္တုသာဓနေအနက်၌သက်--လည်းကောင်း၊ ဏွ အာဂုမ်လာ၍ ဒိဋ္ဌာပဒေါသိကာ ဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေပါသည်။

◆ "ဒိဋ္ဌာပဒေါသိကာ"တိ ဝါ ဝတ္တဗ္ဗေ ဏ္ဏကာရာဂမဝသေန ဧဝံ ဝုတ္တံ။ (သီဋီသစ်၊ ၄၂၂။)

(တနည်း) ဒိဋ္ဌာယ ပဒုဿန္တိ ဖြင့် ဒိဋ္ဌာပဒေါသိကာ ၌ ပဒေါသ ပုဒ်ကို ပဒုဿနံ ပဒေါသော ဟု ဘာဝသာဓနေဝစနတ္တပြု--လည်းကောင်း၊ ဏ ပစ္စည်း၏ ဘာဝသာဓနေအနက်၌ သက်လည်းကောင်း၊ ဒိဋ္ဌာနှင့် ပဒေါသ ပုဒ်ကို ဒိဋ္ဌာယ+ပဒေါသော ဒိဋ္ဌာပဒေါသော ဟု တတိယာတပ္ပုရိသ် သမာသ်ဝစနတ္တပြု--လည်းကောင်း၊ အပေါင်းပုဒ်ကို ဒိဋ္ဌာပဒေါသော ဧတေသံ အတ္ထီတိ ဒိဋ္ဌာပဒေါသိကာ ဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္တပြု--လည်းကောင်း၊ ဏိက ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်အနက်၌သက်--လည်းကောင်း သိစေပါသည်။

◆ ပဒုဿနံ ဝါ ပဒေါသော၊ ဒိဋ္ဌာယ ပဒေါသော ဒိဋ္ဌာပဒေါသော၊ သော ဧတေသန္တိ ဒိဋ္ဌာပဒေါသိကာ။ (သီဋီသစ်၊ ၄၂၂။)

ဝိနဿန္တိ ဖြင့် ပဒုဿန္တိ ၌ ဒုသ ဓာတ်၏ ဝိနာသနအနက်ဟောသည်၏အဖြစ်ကို သိစေပါသည်။

၇။ နက္ခတ္တ ကား နႆ+ဒိ+တ။ ဒိ ၌ ဣ ကို အ ပြု၊ အသဒိသဒ္ဒေဘော်က လာ၊ တ ဒ္ဒေဘော် လာ၍ ပြီးသည်။

◆ ပုနပ္ပုနံ ဥဒယတ္တာ န ဒီယတေတိ နက္ခတ္တံ။ (ဓာန်ဋီ၊ ၅၇။)

(တနည်း) န+ခရ+တ။ ဓာတွန် ရ ကို တ ပြု။ အသဒိသဒ္ဒေဘော် က လာ၍ ပြီးသည်။

◆ အတ္တနော ဂမဌာနံ န ခရတိ န ဝိနာသေတီတိ ဝါ နက္ခတ္တံ။ (ဓာန်ဋီ၊ ၅၇။)

(တနည်း) နက္ခ+တ။ တ ဒ္ဒေဘော်လာ၍ပြီးသည်။

◆ အထ ဝါ နက္ခ ဂတိယံ၊ နက္ခတီတိ နက္ခတ္တံ။ (ဓာန်ဋီ၊ ၅၇။)

ဥဏှ ကား ဥသ+ဏှ။ ဓာတွန် သ ကိုချေ၍ပြီးသည်။

◆ ဥသတိ ဒဟတီတိ ဥဏှော။ ဏှော, သ လောပေါစ။ (ဓာန်ဋီ၊ ၈၀။)

ဥဒက ကား ဥန္ဒ+က။ န သံယုတ်ကိုချေ၍ပြီးသည်။

◆ ဥန္ဒတိ ဒြဝံ ကရောတီတိ ဥဒကံ၊ ဇလံ။ (ဏွာဒိ ၁၅ သုတ်)

(တနည်း) ဥဒိ+ဏွု။ ဏွု ကို အက ပြုပြီးသည်။

◆ ဥဒိ ပသဝနက္လေဒနေသု။ ဏွု။ (ဓာန်ဋီ၊ ၆၆၁။)

http://www.dhammadownload.com



၈။ များသောအားဖြင့် (ပွဲသဘင်ဟူသမျှကို) နက္ခတ်နှင့်ယှဉ်၍ပြုကြသောကြောင့် နက္ခတ်နှင့်ယှဉ်သည်ဖြစ်စေ၊ မယှဉ်သည်ဖြစ်စေ ပွဲသဘင်ဟူသမျှကို "နက္ခတ္တ" ဟုဆိုသင့်ပါသည်။

❖ နက္ခတ္တန္တိ ဆဏ်။ ယေဘုယျေန ဟိ နက္ခတ္တယောဂေန ကတဗ္ဗာ တထာယောဂေါ ဝါ ဟောတု, မာ ဝါ၊ နက္ခတ္တမိစ္စေဝ ဝုစ္စတိ။ (သီဋီသစ်၊ ၄၂၂။)

နတ်တို့စုတေရခြင်းအကြောင်းလေးပါး

နတ်ပြည်တို့မှာ၊ စုတေပျက်ရှု၊ အာယု, ပုည၊ အာဟာရ၊ ကောပ လေးပါးလာ ဟူသည်နှင့်အညီ -- ၁။ အာယုက္ခယ ၂။ ပုညက္ခယ ၃။ အာဟာရက္ခယ ၄။ ကောပ တို့ဖြစ်ပါသည်။

သီဋီသစ်အဓိပ္ပါယ်မှတ်ဘွယ်

နတ်တို့၏ အာဟာရဟူသည် "သုဓာ" ပင်တည်း။ ထိုနတ်သုဓာသည် --

(က) သန္ဓုပမာ = ခရုသင်းကဲ့သို့ ဖွေးဖွေးဖြူ၏။
(ခ) အတုလျဒဿနာ = အတုမရှိအောင် ကြည့်စရာကောင်း၏။
(ဂ) သုစိ = စင်ကြယ်၏။
(ဃ) သုဂန္ဓာ = ကောင်းသောအနံ့ရှိ၏။
(င) ပိယရူပါ = ချစ်စရာအဆင်းရှိ၏။

ထိုနတ်သုဓာကိုစားရလျှင် (၁၂) ပါးသောအကျိုးကိုရ၏။

(၁၂) ပါးသော အကျိုးကား

| | |
|---|---|
| ၁။ ခုဒ္ဒံ = ထမင်းဆာခြင်း | ၂။ ပိပါသံ = ရေငတ်ခြင်း |
| ၃။ အရတိံ = မမွေ့လျော်ခြင်း | ၄။ ဒရထံ = ကိုယ်ပူခြင်း |
| ၅။ ခိဒံ = ပင်ပန်းခြင်း | ၆။ ကောဓ = အမျက်ထွက်ခြင်း |
| ၇။ ဥပနာဟ = ရန်ငြိုးဖွဲ့ခြင်း | ၈။ ဝိဝါဒ = ငြင်းခုန်ခြင်း |
| ၉။ ပေသုန = ချောပစ်ကုန်းတိုက်ခြင်း | ၁၀။ သီတ = ချမ်းအေးခြင်း |
| ၁၁။ ဥဏှ = ပူအိုက်ခြင်း | ၁၂။ တန္ဒိံ = ပျင်းရိခြင်း |

ဤ (၁၂) ပါးကို ပယ်ဖျောက်နိုင်ခြင်းတည်း။

သုဓာ၏ပမာဏ

ထိုသုဓာသည် သဖန်သီးပမာဏရှိ၏။ လက်တဆုတ်စာလောက်ကြီး၏။ ထိုသုဓာကို နတ်တို့အရေအတွက်အားဖြင့် တရက်တခါစားကြရ၏။ အောက်အောက်နတ်များထက် အထက်အထက်နတ်များ၏အာဟာရသည် အဆင့်ဆင့်သာလွန်၏။ လျှာပေါ်တင်လိုက်လျှင်ပင် ဆံဖျား, လက်သည်း, ခြေသည်းဖျားတိုင်အောင် တကိုယ်လုံး ပျံ့နှံ့၍သွားလေ၏။ (ဘာသာဋီကာ၊ ၉၅။ သီဋီသစ်၊ ၄၂၂။ ၄၂၃။)

၉။ (ဂ) ဝါကျ ဂါထာစီ။

ကောဟာရာတိက္ကမတော၊ ပဋ္ဌာယာ+ထ နိရုန္ဓရံ။
ခါဒန္တာပိ ပိဝန္တာပိ၊ န တိဋ္ဌန္တိ စဝန္တိဝ။ (ပထမ ဘ-ကာရဝိပုလာဂါထာ။)

http://www.dhammadownload.com



၁၀။ ခါဒန္တာပ် ၌ ဓာတွင်ထွက်ကိုရှု၍ ဘာဝါလကာရထုတ်ပုံ

✝ အာဟာရကို ခဲစားကြကုန်သောနတ်တို့၏သန္တာန်၌ ရသတဏှာပြဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်သည်--ကာမရတိဌာယိဘာဝ + ကာသိဂါရုရသ။

✝ အစာအာဟာရဖြစ်သည်--အာရမ္မဏဝိဘာဝ။

✝ ယင်းအစာအာဟာရ၏ (၁၂) မျိုးသော ဘေးရန်တို့ကို ပယ်ဖျောက်နိုင်ခြင်းသည် --ဥဒ္ဒီပနဝိဘာဝ။

✝ ယင်းအစာအာဟာရကို စားရခြင်းကြောင့် ရေငတ်ပြေခြင်းစသော အကျိုး (၁၂) မျိုးကို ရရှိခံစားရခြင်းစသည်သည်--အနုဘာဝမည်၏။

************************

ဝါကျဥယျာဉ် (၈၇)

(က) တဏ္ဍီဝါဒေ အယံ စက္ခာဒီနံ ဘေဒံ ပဿတိ၊

(ခ) စိတ္တံ ပန ယသ္မာ ပုရိမံ ပုရိမံ ပစ္ဆိမဿ ပစ္ဆိမဿ ပစ္စယံ ဒတွာဝ နိရုဇ္ဈတိ၊ တသ္မာ စက္ခာဒီနံ ဘေဒတော ဗလဝတရမ္ပိ စိတ္တဿ ဘေဒံ န ပဿတိ။

(ဂ) သော တံ အပဿန္တော ယထာနာမ သကုဏော ဧကံ ရုက္ခံ ဇဟိတွာ အညသ္မိံ နိလီယတိ၊ ဧဝမေဝ ဣမသ္မိံ အတ္တဘာဝေ ဘိန္နေ စိတ္တံ အညတြ ဂစ္ဆတီတိ ဂဟေတွာ ဧဝမာဟ။

(ဌ၊ ၁၀၅။ သီဋီသစ်၊ ၄၂၆။ နေရင်း၊ ၃၄၈။ ပခုက္ကူ၊ ၅၀၆။ ဘာသာဋီ၊ ဒု၊ ၁၀၂။)

၁။ သော+တံ+ဧဝံ ဟူသော သဗ္ဗနာမ်, နိပါတ်တို့၏ အစွဲမှန်ကန်စေလျက် (ဂ) ဝါကျကိုသာ အနက်ယောဇနာပါ။

၂။ (ခ) ဝါကျကိုသာဘောဂပုစ္ဆာတက်၍၊ (ဂ) ဝါကျကို အနုသန္ဓေတက်ပါ။

၃။ (ခ) ဝါကျကို စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ သကုဏ ကို ဝစနတ္ထပြု၍ ဆက္ကထုတ်ပြပါ။

၅။ (ဂ) ဝါကျ၌ အပဿန္တော ကို အပဿန္တတ္တာဟု ဟိတ်ပြင်က ယင်း၏ဖြစ်ထိုက်သော သမ္ဗန်ကို ခံ၍ ဒဿနာနုရူပစာစပ်ပြပါ။

၆။ အန္တာနန္တိကာတိ အန္တာနန္တဝါဒါ၊ အန္တံ ဝါ အနန္တံ ဝါ အန္တာနန္တံ ဝါ နေဝန္တာနာနန္တံ ဝါ အာရဗ္ဘ ပဝတ္တဝါဒါတိ အတ္ထော (ဌ၊ ၁၀၅) ၌ အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ရုက္ခ, သကုဏ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။

၈။ တဏ္ဍီပုဂ္ဂိုလ်သည် စက္ခု စသည်တို့၏ ပျက်ခြင်း ချုပ်ခြင်းကို ဘာကြောင့်မြင်နိုင်သည်ကို ဖြေဆို၍ (ခ) ဝါကျ ပစ္စယံ ဒတွာ ၌ ပစ္စယ အရကိုလည်း ဖော်ပြပါ။

၉။ ကြာမြင့်စွာ ကွေကွင်းခြင်းရှိသော အဝေးမှ ချမ်းသာစွာလာသောယောက်ျားကို ဆွေမျိုးတို့ သည်လည်းကောင်း၊ အဆွေခင်ပွန်းတို့သည် လည်းကောင်း၊ ချစ်မြတ်နိုးသူတို့သည် လည်းကောင်း ရောက်လာပြီဟူ၍ ခရီးဦးကြိုဆိုကြကုန်၏။(ဌ၊ ၁၁၉။)ကို ဂါထာဗန္ဓသီကုံးပြပါ။

၁၀။ (ဂ) နံပါတ် မြန်မာစကားရပ်ကိုရှု၍ ဘာဝ စသည်ထုတ်ပြပါ။

==================

http://www.dhammadownload.com



၁။ သော၊ ထိုတက္ကီပုဂ္ဂိုလ်သည်။ တံ စိတ္တဘေဒံ၊ ထိုစိတ်၏ပျက်ခြင်းကို။ ဝေ၊ ဤ အယံ ခေါ ဣဒံ ဝုစ္စတိ စက္ခုံ ဣတိပိ အစရှိသည်ဟူ၍။ (ပဥက္ကာ။ ၅၀၆။)

၂။ (ခ) ဝါကျ အာဘောဂပုစ္ဆာ။

ဆရာ သည် (က) ဝါကျဖြင့် တက္ကီပုဂ္ဂိုလ်သည် စက္ခု စသည်တို့၏ပျက်ခြင်းကို မြင်သောဟုဆို၏။ စိတ်၏ပျက်ခြင်း ချုပ်ခြင်းသည် စက္ခုစသည်တို့၏ ပျက်ခြင်း ချုပ်ခြင်းထက် သာ၍ အားရှိသည်မဟုတ်ပါလော၊ (ဗလဝတရမ္ပိ လက္ခဏအရဓုတ္တ ပိ ကိုရှု၍ အာဘော်ထားသည်) ထိုသို့ဖြစ်လျက် အဘယ်ကြောင့် စိတ်၏ပျက်ခြင်းကို တက္ကီပုဂ္ဂိုလ်သည် မမြင်ပါသနည်း၊ စုဒ်ကြောင့် (ခ) ဝါကျမိန့်။

အဓိပ္ပါယ်ကား (ခ) ဝါကျဖြင့် စိတ်၏ပျက်ခြင်းသည် စက္ခု စသည်တို့၏ပျက်ခြင်းထက် သာ၍အားရှိသော်လည်း ရှေ့စိတ်သည် နောက်စိတ်အား အနန္တရာဒိပစ္စည်းကို ပေး၍ချုပ်သော ကြောင့် တက္ကီပုဂ္ဂိုလ်သည် စိတ်၏ပျက်ခြင်းကို မမြင်ဟူလို။

(ဂ) ဝါကျ အနုသန္ဓေ

ဤသို့ (ခ) ဝါကျဖြင့် ရှေ့ရှေ့စိတ်သည် နောက်နောက်စိတ်အား အနန္တရာဒိ ပစ္စည်းကို ပေး၍ ချုပ်သောကြောင့် တက္ကီပုဂ္ဂိုလ်သည် စိတ်၏ပျက်ခြင်းကိုမမြင်နိုင်ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ပြီးသောအနက်ကိုပင် ဥပမာနှင့်တကွ ထင်စွာပြလိုသောကြောင့် (ဂ) ဝါကျမိန့်။

❖ တမတ္ထံ "သော တံ အပဿန္တော"တိ အာဒိနာ သဟ ဥပမာယ ဝိဘာဝေတိ။ (သီဋီသစ်၊ ၄၂၆။)

၃။ (ခ) ဝါကျ စတုက္က

(က) နနု စက္ခာဒီနံ ဘေဒတော ဗလဝတရံ စိတ္တဿ ဘေဒံ၊

(ခ) အထ ကသ္မာ စိတ္တဿ ဘေဒံ နပဿတိ၊

(ဂ) နနု စိတ္တံ ပုရိမံ ပုရိမံ ပစ္ဆိမဿ ပစ္ဆိမဿ ပစ္စယံ ဒတွာဝ နိရုဇ္ဈတိ။

(ဃ) တသ္မာ စိတ္တဿ ဘေဒံ န ပဿတိ၊

မှတ်ချက်။ ။ (ခ) ဝါကျ၌ စိတ္တဿ ဘေဒံကား ကာကောလောကနနည်းတည်း။ ဗလဝတရံ ဟူသောရှေ့ပုဒ်, န ပဿတိ ဟူသော နောက်ပုဒ်ကိုငဲ့သည်။ ဗလဝတရံ ၌ တုလျတ်+လိင်္ဂတ်။ န ပဿတိ ၌ ကမ္မ+ကမ္မီစပ်။

၄။ သင်္ကောတိ ဥဒ္ဓံ ဂန္တုံ့ သကုဏော၊ (ဣဿာဒီမောင်)

ကောင်းကင်သို့ ပျံတက်ခြင်းငှာ စွမ်းနိုင်ခြင်းကြိယာသကတ်သည် ဝစနဟေတု၊

ငှက်ဖြစ်သည် ဝစနီယ၊

ဝိဟင်္ဂေါ, ဝိဟဂေါ, ပက္ခီ, ဒွိဇော စသော ပရိယာယ် ဝစနီယတ္ထ။

၅။ အပဿန္တောကို အပဿန္တတ္တာ ဟုဟိတ်ပြင်က ယင်း၏သမ္ဗန်ကား ဉာဿဖြစ်သည်။ (ကတ္တား+သမ္ဗန်စပ်)

ဘိန္နေ ကို ဘိန္နတ္တာဟု ဟိတ်ပြင်က ယင်း၏သမ္ဗန်ကို ဣမဿ အတ္တဘာဝဿ ဟုခံ၊

http://www.dhammadownload.com



၆။ အန္တာနန္တဝါဒါ ဖြင့် အန္တာနန္တ အရ ဌာန္ဓုပစာရအားဖြင့် အန္တာနန္တနှင့်တကွဖြစ်သော ဝါဒကိုယူဟုသိစေသည်။ (တနည်း) အန္တာနန္တလျှင် မှီရာရှိသော ဝါဒကို ဌာနူပစာအားဖြင့် ယူရမည်ကိုလည်းကောင်း၊ (သရုပ်ကြား အဘိဓေယျတ္တ) ဏိက (ဝါ) ဏ္ဏက ပစ္စည်း အဿတ္ထိ၌ သက်သည်ကိုလည်းကောင်း၊ အန္တာနန္တော ဧတေသံ အတ္ထီတိ အန္တာနန္တိကာဟု ပြုရမည်ကိုလည်း ကောင်း၊ (သီဋီသစ်) အန္တာနန္တဝါဒိကာ ဟုဆိုလိုလျက် ဝါဒ သဒ္ဒါကျေနေသည်၏ အဖြစ်ကို လည်း ကောင်း (နေရင်း-၃၄၈) သိစေပါသည်။

- အန္တာနန္တသဟစရိတော ဝါဒေါ အန္တာနန္တော ယထာ "ကုန္တာ ပစရန္တိ"တိ အန္တာနန္တသန္နိဿယော ဝါ ယထာ "မဉ္စာ ဥက္ကုဋ္ဌိံ ကရောန္တီ"တိ။ သော ဧတေသန္တိ အန္တာနန္တိကာတိ အတ္ထံ ဒဿေတုံ "အန္တာနန္တဝါဒါ"တိ ဝုတ္တံ။ (သီဋီသစ်၊ ၄၂၆။)

အန္တံ ဝါ (ပ) ပဝတ္တဝါဒါတိ အတ္ထော ဖြင့် အန္တောစ + အနန္တောစ + အန္တာနန္တောစ + နေဝန္တာနာနန္တောစ အန္တာနန္တော ဟု ဧကသေသသတဒ္ဓိတ်ဝစနတ္တပြုရမည်ကိုလည်းကောင်း၊ အန္တအနန္တ အန္တာနန္တနေဝန္တနာနန္တ ဟုဆိုလိုလျက် နာမရူပ်ပြယုဂ်ကဲ့သို့ သာမညနိဒ္ဒေသနည်း၊ ဧကသေသနည်း ဖြင့် တခုကြွင်းပြုထားရကား အန္တာနန္တဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေပါသည်။

- အမတိ ဂစ္ဆတိ ဘာဝေါ ဩသာန+မေတ္တာတိ အန္တော၊ မရိယာဒါ၊ တပ္ပဋိသေဓေနေန အနန္တော၊ အန္တောစ အနန္တောစ အန္တာနန္တောစ နေဝန္တ နာနန္တောစ အန္တာနန္တောတွေ ဝုတ္တော သာမညနိဒ္ဒေသေန, ဧကသေသေနဝါ "နာမရူပပစ္စယာ သဠာယတန"န္တိ အာဒီသုဝိယ။ (သီဋီသစ်၊ ၄၂၇။)

၇။ သကုဏ ကား သကဏတ်+ကုန ပစ္စည်း။ န ကို ဏ ပြု၍ပြီးသည်။

ရုက္ခ ကား ရုဟ+ခ။ ဟ ကို က ပြု၍ ပြီးသည်။

အန္တာနန္တိကာ ကား အန္တနန္တဝါဒိကာဟု ဆိုလိုလျက် ဝါဒကို ချေ၍ ပြီးသည်။ (နေရင်း၊ ၃၄၈)

(တနည်း) အန္တာနန္တိကာ ကား အန္တအနန္တအန္တာနန္တနေဝန္တာနာနန္တိက ဟုဆိုအပ်လျက် ဧကသေသနည်း, သာမညနိဒ္ဒေသနည်း အားဖြင့် (ဝဏ္ဏလောပနိရုတ္တိနည်း) အန္တာနန္တိကာ ဟု ရုပ်ပြီးပါသည်။ (ပါဠိတော်နိဿျ လက်သည်းကွင်း နှာ-၇၃) ( ၆ နံပါတ် ဋီကာ သာကေလည်းရှု)

၈။ ရုပ်တရားပျက်စီးခြင်း၏ (ဩဠာရိက) ရုန့်ရင်းကြမ်းတမ်းသည်၏အဖြစ်ကြောင့် တက္ကီပုဂ္ဂိုလ်သည် စက္ခု စသော ရုပ်တရားတို့ပျက်ခြင်း ချုပ်ခြင်းကိုမြင်ပါသည်။

- စက္ခာဒီနံ ဘေဒံ ပဿတီတိ (ပ) ဝိနာသံ ပဿတိ ဩဠာရိကတ္တာ ရူပဓမ္မဘေဒဿ။ (သီဋီသစ်၊ ၄၂၆။)

၉။ စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိ မာဂတံ။

ဉာတိမိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။ ပဌမ ဘဏာရဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း။

၁၀။ ဝါကျဥယျာဉ် (၈၄) ၄၆-၁၊ အစိုးရပုစ္ဆာ၌ဖြေပြီး။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

http://www.dhammadownload.com



## ပါဠိကျဥ်ယျာဥ် (၈၈)

(က) န မရတီတိ အမရာ။

(ခ) ကာ သာ ? "ဧဝမ္ပိ မေ နော"တိအာဒိနာ နယေန ပရိယန္တရဟိတာ ဒိဋ္ဌိဂတိကဿ ဒိဋ္ဌိစေဝ ဝါစာစ။

(ဂ) ဝိဝိဓော ခေပေါတိ ဝိက္ခေပေါ။

(ဃ) အမရာယ ဒိဋ္ဌိယာ ဝါစာယ စ ဝိက္ခေပေါတိ အမရာဝိက္ခေပေါ။

(င) သော ဧတေသံ အတ္ထီတိ အမရာဝိက္ခေပိကာ။ •

(စ) အပရော နယော၊ အမရာနာမ ဧကာ မစ္ဆဇာတိ။

(ဆ) သာ ဥမ္မုဇ္ဇနနိမုဇ္ဇနာဒိဝသေန ဥဒကေ သန္ဓာဝမာနာ ဂဟေတုံ န သက္ကာတိ ဧဝမေဝ အယမ္ပိ ဝါဒေါ ဣတောစိတောစ သန္ဓာဝတိ။ ဂါဟံ န ဥပဂစ္ဆတီတိ အမရာဝိက္ခေပေါတိ ဝုစ္စတိ။

(ဇ) သော ဧတေသံ အတ္ထီတိ အမရာဝိက္ခေပိကာ။

(ဌ၊ ၁၀၆။ သီဋီသစ်၊ ၄၃၀။ ပဒက္ကူ၊ ၅၀၈။ ဘာသာဋီဒု၊ ၁၀၆။ ဂဏ္ဌိ၊ ၂၆၀။)

၁။ သံဝဏ္ဏေတဗ္ဗပုဒ်ကို သံဝဏ္ဏနာနှင့်အညီ ကျနစွာအနက်ပေးပါ။

၂။ (ခ) ပါဠိကို အနုသန္ဓေတက်၍၊ (စ) ပါဠိကို သံဝဏ္ဏနာနှုရှပစောဒနာတက်ပါ။

၃။ (ဆ) ပါဠိလာ ဥပမာနစကားရပ်ကို စောဒကာဘောဂါဒီစတုက္ကထုတ်ပါ။

၄။ မစ္ဆဇာတိ ၌ မစ္ဆ ကို ဝစနတ္ထပြု၍၊ ဝစနာဒိဆက္ကထုတ်ပါ။

၅။ (ဆ) ပါဠိ၌ သန္ဓာဝမာနာ ကို ဟိတ်ပြင်၍၊ ယင်း၏သမ္ဗန်ကိုခံပြီး အတ္ထာနုရှုပစာစပ်ပါ။

၆။ (က+ခ+ဂ+ဃ) ပါဠိတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ မစ္ဆ ပုဒ်၏ နိရုတ္တနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

၈။ (စ) ပါဠိ၌ အမရာနာမ မစ္ဆဇာတိ ဟုသာမဆိုဘဲ ဧကာ မစ္ဆဇာတိ ဟု ဧကာ သဒ္ဒါထည့်၍ ဆိုရခြင်းနှင့် (ဆ) ပါဠိ ဣတောစိတောစ ,သန္ဓာဝတိ ၌ ဤဝါဒသည် ထိုမှ ဤမှ ပြေးသွားတတ်၏ ဟု ဘာကြောင့် ဆိုရသည်ကို အကြောင်းသွင်း၍ရှင်းပြပါ။

၉။ (စ+ဆ) ပါဠိတို့၌ ဥပမာနစကားရပ်တို့ကိုသာ အနက်အဓိပ္ပါယ်မပျက်စေဘဲ ကြိုက်နှစ်သက်ရာဂါထာတပုဒ်စီကုံး၍ ဂါထာအမည်ပေးပြပါ။

၁၀။ (ဆ) ပါဠိ ဝါဒေါ ဝယ် ဓာတွတ္ထကိုရှု၍ ဘာဝစသည်ပြည့်စုံစွာထုတ်ပြပါ။

= = = = = = = = = = = = = = = = = = =

၁။ အမရာဝိက္ခေပိကာ၊ အပိုင်းအခြားမရှိသော အယူစကားဖြင့် အထူးထူး အပြားပြားသော မိမိဝါဒဖြင့် တပါးသောသူ၏ဝါဒကို ပစ်ချခြင်းရှိကုန်သော သမဏဗြာဟ္မဏတို့သည်။ (ဤကား က+ခ+ဂ+ဃ+င တို့နှင့်အညီတည်း)

(တနည်း) အမရာဝိက္ခေပိကာ၊ အထူးထူးအပြားပြား ပစ်ချတတ်သော (အမရာမည်သော) ငါးစေင်းကဲ့သို့ အထူးထူးအပြားပြားပစ်ချခြင်းရှိကုန်သော သမဏဗြာဟ္မဏတို့သည်။ (ဤကား စ+ဆ+ဇ တို့နှင့်အညီတည်း)

http://www.dhammadownload.com



၂။ (ခ) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့ (က) ဝါကျဖြင့် အမရာပုဒ်၏ အဘိဓာနတ္ထကိုပြဆိုပြီး၍ ယခုအခါ၌ အမရာပုဒ်၏ အရကောက် အဘိဓာနတ္ထကိုပြလိုသောဆရာသည် (ခ) မိန့်။

(စ) ဝါကျ အံဝဏ္ဏနာနုရူပစောဒနာစာက်ပုံ

ဆရာ မြတ်စွာဘုရားသည် အမရာဝိက္ခေပိကာ ဟုဟောတော်မူ၏။ ယင်း၌ အမရာသဒ္ဒါသည် တိဒသာတွမရာဒေဝါဟူသော မာဂဓအဘိဓာန်လာသည့်အတိုင်း နတ်များကိုပင် ဟောပါသလော။ အမရာသဒ္ဒါသည် ဤနေရာ၌ အဘယ်အနက်များကို ဟောပါသနည်း။ အမရာသဒ္ဒါ ဟောကြားသည့် ဝါစာဓိပ္ပေတတ္ထကို မပြဆိုခဲ့သော်-အတိဗ္ဗာပိတ-၏။ စုဒ်ကြောင့် (စ) မိန့်။

အဓိပ္ပါယ်ကား ဤအမရာဝိက္ခေပိကာ၌ အမရာ သဒ္ဒါသည် ငေင်းငါး ဟူသောအနက်ကို ဟော၏ ဟု ဝါစာဓိပ္ပေတတ္ထကိုငါပြ--ဟူလို။

၃။ (က) နနု သာ ဂဟီယမာနာ လဘိတုံ သက္ကာယေဝ။

(ခ) အထ ကသ္မာ ဂဟေတုံ န သက္ကာတိ ဝုတ္တံ။

(ဂ) နနု သာ ဥမ္မုဇ္ဇနနိမုဇ္ဇနာဒိဝသေန ဥဒကေ သန္ဓာဝတိ။

(ဃ) တသ္မာ ဂဟေတုံ န သက္ကာတိ ဝုတ္တံ။

၄။ မသတိ ဇလန္တိ မဇ္ဈော။ (ဏွာဒိမောဂ် ၄၃ သုတ်)။

ရေကိုသုံးသပ်ခြင်းကြိယာသကတ်သည်--ဝစနဟေတုမည်၏။

ငါးခြမ်သည်--ဝစနီယမည်၏။

မီနော, ဇလစရော စသောပရိယာယ်သဒ္ဒါများသည်--ဝစနီယတ္ထမည်၏။

၅။ သန္ဓာဝမာနာ ကို သန္ဓာဝမာနတ္တာ ဟုဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို တဿာ (မစ္ဆဇာတိယာ) ဟုခံ။ (ကတ္တား+သမ္ဗန်စပ်)။

(ခ) ဝါကျ ပရိယန္တရဟိတာ ကို ပရိယန္တရဟိတတ္တာ ဟု ဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို ဒိဋ္ဌိယာစေဝ ဝါစာယစ ဟုခံ။ (ကတ္တား+သမ္ဗန်စပ်)။

၆။ (က) ဖြင့် အမရာ၌ မရ ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ အပစ္စည်း၏ ကတ္တုသာဓန အနက်၌ သက်--လည်းကောင်း၊ မရတီတိ မရာ ဟုပြု--လည်းကောင်း၊ အမရာ ကို န+မရာ အမရာ ဟု မိဿကတပ္ပုရိသ်သမာသ်ဝစနတ္ထပြု--လည်းကောင်း၊ အ သဒ္ဒါ၏ န သဒ္ဒါ၏ ကာရိယ အဖြစ် ကိုလည်းကောင်း သိစေပါသည်။

(ခ) ဖြင့် အမရာ အရ ဧဝမ္ပိ မေ နော စသောနည်းဖြင့် အပိုင်းအခြားကင်းသော မိစ္ဆာအယူရှိသူ၏ ဒိဋ္ဌိနှင့် ဝါစာကိုယူရမည် ဟုသိစေသည်။

(ဂ) ဖြင့် ဝိက္ခေပေါ ၌ ဝိ ဥပသာရ၏ ဝိဝိဓအနက်ဟော--လည်းကောင်း၊ ဝိဝိဓော + ခေပေါ ဝိက္ခေပေါ ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေပါသည်။

(ဃ) အမရာဝိက္ခေပ ပုဒ်ကို အမရာယ+ဝိက္ခေပေါ အမရာဝိက္ခေပေါ ဟု တတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ အမရာအရ ဒိဋ္ဌိနှင့်ဝါစာကို ယူ-လည်းကောင်း၊ သိစေပါသည်။

http://www.dhammadownload.com



(င) ဖြင့် အမရာဝိက္ခေပိကာ ပုဒ်ကို အသုတ္တိတဒ္ဓိတ်ဝစနံတ္တပြု--လည်းကောင်း၊ ဣက ပစ္စည်း၏ အသုတ္တိတဒ္ဓိတ်အနက်၌သက်--လည်းကောင်း သိစေပါသည်။

(စ) အမရာနာမ ကော မစ္ဆဇာတိဖြင့် အမရာ သဒ္ဒါ၏ ငါးမျိုးဇာတ်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ယင်းငါးမျိုးဇာတ်ဟူသည်လည်း ငါးဖယ်, ငါးရံ့ စသည်တို့တွင် ငါးစေင်း ဟူသော ငါးမျိုးအထူးတခုပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။ (သီဋီသစ် သာဓကေ (၈) နံပါတ်မှာရှု)

(ဆ) ဖြင့် အမရာဝိက္ခေပ အရ အမရာမည်သော ငါးသည် ရေထဲ၌ ငုတ်ချီ , ပေါ်ချီ ပြေးသွားခဲ့သည်ရှိသော် ဖမ်းယူရန်မတတ်နိုင်သကဲ့သို့ ဤဘက်မှမေးလိုက်လျှင် ထိုမှာဘက်သို့ , ထိုဘက်မှမေးခဲ့ပြန်လျှင်လည်း ဤမှာဘက်သို့ ပြောင်းရွှေလှုပ်ရှားပြေးသွားနေသော (တခုတည်းစွဲစွဲ လန်းလန်းမရှိသော) အယူဝါဒကိုယူရမည်ကိုလည်းကောင်း။ ဤအရကောက်အားလျော်စွာ အမရာယ + ဝိက္ခေပေါ အမရာဝိက္ခေပေါ၊ အမရာဝိက္ခေပေါ ဝိယာတိ အမရာဝိက္ခေပေါ ဟု ဂစနတ္တပြု၍ အ ပစ္စည်း ဥပမာတဒ္ဓိတ်အနက်၌သက်--လည်းကောင်း သိစေပါသည်။

❖ ဧတေန အမရာယ ဝိက္ခေပေါ တထာ၊ သော ဝိယာတိ အမရာဝိက္ခေပေါတိ အတ္တမာဟ "သာ ဥမ္မုဇ္ဇနနိမုဇ္ဇနာဒိဝသေနာ"တိအာဒိနာ ဝိက္ခေပပဒတ္တေန ဥပမိတတ္တာ၊ အယမေဝ ဟိ အတ္ထော အာစရိယသာရိပုတ္တတ္ထေရေနာပိ သာရတ္ထဒီပနီယံ ဝုတ္တော။ (သီဋီသစ်၊ ၄၃၀)။

ကေစိဆရာတို့အလို (ဆ) ဖြင့် အမရာယ+ဝိက္ခေပေါ အမရာဝိက္ခေပေါ ဟုဝစနတ္တ ပြုရမည်ဟု သိစေပါသည်။

❖ အမရာဝိယ ဝိက္ခေပေါ အမရာဝိက္ခေပေါတိ ကေစိ။ (သီဋီသစ်)။

(ဇ) ဝါကျကို (င) ဝါကျနှင့် အတူဖော်လေ။

၇။ မစ္ဆ ကား မသ+ဆ။ ဓာတ်နှင့် သ ကို စ ပြု၍ပြီးသည်။

(တနည်း) မရ+ဆ။ ဓာတ်နှင့် ရ ကို စ ပြု၍ပြီးသည်။

❖ မသ အာမသနေ၊ ဆော။ မရ ဓာတုဝသေန ဝါ သိဒ္ဓေါ။ (ဓာန်ဋီ၊ ၆ရ၁)။

၈။ စေင်းဟူသောငါးမျိုးသည် ငါးမျိုးအပေါင်းတွင် အထူးဖြစ်သော ငါးမျိုးတည်း ဟု သိစေ လိုသောကြောင့် ကော သဒ္ဒါထည့်၍ "ကော မစ္ဆဇာတိ"ဟု ဆိုထားခြင်းဖြစ်သည်။

❖ "မစ္ဆဇာတိ"စ္စေဝ အဝတွာ "ကော"တိ ဝဒန္တော မစ္ဆဇာတိဝိသေသော ဧသောတိ ဒဿေတိ။ (သီဋီသစ်၊ ၄၃၀)။

တခုတည်းသောသဘောတရား၌ စွဲမြဲစွာတည်နေမှု , စွဲမြဲစွာယူထားမှုမရှိသောကြောင့် ဣတောစိတောစ သန္ဓာဝတိ ထိုမှ ဤမှ ပြေးသွား၏ ဟုဆိုသည်။

❖ ဣတောစိတောစ သန္ဓာဝတိ ကေသ္မိံ သဘာဝေ အနဝဋ္ဌာနတော။ (သီဋီသစ်၊ ၄၃၀)။

၉။ အမရာ မစ္ဆဇာတျော ကာ၊ ဥမ္မုဇ္ဇာဒိဝသေန သာ။
ဥဒကေ သန္ဓာဝမာနာ၊ န သက္ကာ ဂဟိတုံ ယထာ။ (တတိယ ၇-ကာရဝိပုလာဂါထာ)။

http://www.dhammadownload.com



၁၀။ အယမ္ပိဝါဒေါ ၌ ဓာတွတ္ထကိုရှု၍ ဘာဝစသည်ထုတ်ပုံ။

† ဝေဉ္စိပိ မေ နော အစရှိသောစကားကို ပြောဆို၍ အမရာဝိက္ခေပ အယူကိုယူထားကြသည့် မိစ္ဆာဒိဋ္ဌိကပုဂ္ဂိုလ်တို့၏ သန္တာန်၌ မိစ္ဆာဉာဏ်ခေါ် ဒိဋ္ဌိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် -- ကာမရတိဌာယီဘာဝ + ကာမသိဂိရုဂုဏ။

† ဝေဉ္စိပိ မေ နော အစရှိသော မနသာဝဝတ္ထပိတ စကားလုံးများသည်-- အာရမ္မဏဝိဘာဝ မည်၏။

† ထိုမှ ဤမှ ပြေးသွားလှုပ်ရှားနေခြင်း, အယူတခုတည်း၌ စွဲလန်းကပ်ရောက်မှုမရှိခြင်း စသည်သည် -- ဥဒ္ဒီပနဝိဘာဝမည်၏။

† အမရာဝိက္ခေပအယူကို ယူထားခြင်းကြောင့် ပစ္စုပ္ပန်၌ ပညာရှိသူတော်ကောင်းတို့၏ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ် ဟု ကဲ့ရဲ့ခံရခြင်း, တမလွန်သံသရာ၌ ထို မိစ္ဆာအယူကို မစွန့်သမျှ အပါယ်ဝဲမှ မလွတ်နိုင်ခြင်းစသော အကျိုးတရားအဆက်ဆက်သည် အနုဘာဝ မည်၏။

********************

## ဝါကျဥယျာဉ် (၈၉)

(က)တံ မမဿ ဥပါဒါနံ၊ သော မမဿ ဝိဃာတောတိ တံ ဆန္ဒရာဂဒွယံ မမ ဥပါဒါနံ အဿ၊ ဒေါသပဋိဃဒွယံ ဝိဃာတော။

(ခ) ဥဘယမ္ပိ ဝါ ဒဠှဂ္ဂဟဏဘာဝေန ဥပါဒါနံ၊ ဝိဟနနဘာဝေန ဝိဃာတော။

(ဂ) ရာဂေါ ဟိ အမုဉ္စိတုကာမတာယ အာရမ္မဏံ ဂဏှာတိ ဇလူကာ ဝိယ။ ဒေါသော ဝိနာသေတုကာမတာယ အာသီဝိသောဝိယ။

(ဃ)ဥဘောပိ စေတေ သန္တာပကဋ္ဌေန ဝိဟနန္တိယေဝါတိ "ဥပါဒါန"န္တိ စ "ဝိဃာတော"တိ စ ဝုတ္တာ။

(ဋ၊ ၁၀၇။ သီဋီသစ်၊ ၄၃၁။ ပခုက္က၊ ၅၁၁။ ဘာသာဋီကာ၊ ဒု။ ၁၁၄။ ဂဏ္ဌိ၊ ၂၇၃။)

၁။ (ဂ) ဝါကျကို ဥပမေယျ ဥပမာ နှစ်ပက္ခထင်ရှားစေလျက် ဝါကျအားလုံးကို အနက်ယောဇနာပါ။

၂။ (ခ) ဝါကျကို ပုစ္ဆာတက်၍ (ဂ) ဝါကျကို စောဒနာတက်ပါ။

၃။ "ဣမေ ဒေဝါ"တိ အင္ဂုကထာယံ ဝိစာရဏာ နတ္ထိ၊ "ဒေဝါနံ ကမ္မဇတေဇော ဗလဝါ ဟောတိ၊ ကရဇံ မန္ဒ"န္တိ အဝိသေသေန ဝုတ္တတ္တာ ပန ယေကေစိ ကဗဠီကာရာဟာရူပဇီဝိနော ဒေဝါ ဇဝံ ကရောန္တိ၊ တေယေဝ စဝန္တီတိ ဝေဒိတဗ္ဗာ (ဋ၊ ၁၀၅။) ကို စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။

၄။ ဒေါသပဋိဃဒွယံ ၌ ပဋိဃ ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ (ဂ) ဝါကျ ဝိနာသေတုကာမတာယ ၏ သမ္ဗန်ကိုခံ၍ အတ္ထာနုရူပစာစပ်ပြပါ။

၆။ (က+ခ) ဝါကျတို့ကို အာဘောဖော်၍ သံဝဏ္ဏနာအဖွဲ့ပေးပါ။

၇။ ဒဠှဂ္ဂဟဏဘာဝေန ၌ ဒဠှ သဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။

၈။ ဗြဟ္မဇာလသုတ် အမည်ရခြင်းအကြောင်းကိုရေး၍ ဗြဟ္မဇာလ၏ အမည်တူများကိုလည်း ပြည့်စုံစွာပြပါ။

http://www.dhammadownload.com



၉။ (ဂ) ဝါကျ စကားရပ်များကို ဝတ္တဂါထာစီကုံးပါ။
၁၀။ (ဃ) ဝါကျ ဝုတ္တာဒ္ဒ ဖြစ်သင့်သောကတ္တားကို ရှု၍ ဘာဝ စသည်ထုတ်ပါ။

===================

၁။ (ဂ) ဝါကျ ဥပမေယျ ဥပမာ နှစ်ပက္ခ ထင်ရှားစေလျက်၊

ဟိ၊ ချဲ့။ ဇလူကာ၊ သည်။ အမုဋ္ဌိတုကာမတာယ၊ -- ဖြင့်။ (ဝါ) ကြောင့်။ အာရမ္မဏံ၊ ကို။ ဂဏှာတိ ဝိယ၊ သို့။ တထာ။ ရာဂေါ၊ သည်။ အမုဋ္ဌိတုကာမတာယ၊ ဖြင့်။ (ဝါ) ကြောင့်။ အာရမ္မဏံ။ ဂဏှာတိဝိယ။ တထာ။ ဒေါသော။ ဝိနာသေတုကာမတာယ။ အာရမ္မဏံ။ ဂဏှာတိ။

၂။ (ခ) ဝါကျ အနုသန္ဓေ၊

ဤသို့(က)ဝါကျဖြင့် တံ မမဿ ဥပါဒါနံ သော မမဿ ဝိဃာတောဟူသော ပါဠိတော်ကို အဘိဓမ္မာနည်းဖြင့် ဖြစ်သင့်သည့်အားလျော်စွာ ယထာလာဘယောဇနာရမည်ဟု ပြဆိုပြီး၍ ယခုအခါ၌ သုတ္တန်နည်းဖြင့် သာမညယောဇနာပုံကို ပြလိုသော ဆရာသည် (ခ) ဝါကျမိန့်။

- "တံ မမဿ ဥပါဒါနံ သောမမဿ ဝိဃာတော "တိဣဒံ အဘိဓမ္မနယေန ယထာလာဘဝစနံ ယထာသမ္ဘဝံ ယောဇေတဗ္ဗန္တိ အာဟ "ဆန္ဒရာဂဒွယ"န္တိ အာဒိ (သီဋီသစ်၊ ၄၃၁)။
- ဣဒါနိ သုတ္တန္တနယေန အဝိသေသယောဇနံ ဒဿေတိ "ဥဘယမ္ပိဝါ"တိ အာဒိနာ။ (သီဋီသစ်၊ ၄၃၂)

(ခ) ဝါကျ ပုစ္ဆာ။

ဆရာ သည် (က) ဝါကျဖြင့် တံ မမဿ ဥပါဒါနံ သော မမဿ ဝိဃာတော ဟူသော ပါဠိတော်ကို အဘိဓမ္မာနည်းဖြင့် ဖြစ်သင့်သည်အားလျော်စွာ ယထာလာဘ ယေဇနာရမည်ဟုဆို၏။ ယင်းပါဠိတော်စကား၌ အဘိဓမ္မာနည်းဖြင့်သာယောဇနာပုံကို သိအပ်ပါသလော၊ သုတ္တန်နည်းဖြင့် ယောဇနာပုံကား အဘယ်ပါနည်း၊ (တနည်း) တံ မမဿ ဥပါဒါနံ သောမမဿ ဝိဃာတော ဟူသော ပါဠိတော်ကို သုတ္တန်နည်းဖြင့် မည်သို့ယောဇနာရမည်နည်း၊ အဘိဓမ္မာနည်းကဲ့သို့ ဖြစ်သင့် သည်အားလျော်စွာ ယထာလာဘနည်းဖြင့်ပင် ယောဇနာရမည်လော၊ ဤသို့မေးဘွယ်ရှိ၍ (ခ) ဝါကျ မိန့်။

အဓိပ္ပါယ် ကား သုတ္တန်နည်းဖြင့် တံ မမဿ ဥပါဒါနံ သော မမဿ ဝိဃာတော ကို ဖြစ်သင့်သည်အားလျော်စွာ ယထာလာဘနည်းဖြင့် မယောဇနာအပ်၊ အဝိသေသ (သာမည) ယောဇနာရမည်ဟူလို။

(ဂ) ဝါကျ စောဒနာ၊

ဆရာ သည် (ခ) ဝါကျဖြင့် ရာဂ ဒေါသ နှစ်ပါးစုံသည် မြဲမြံစွာယူခြင်း၏ အစွမ်းအားဖြင့် ဥပါဒါန်လည်းမည်၏၊ ပြင်းစွာနှိပ်စက်ညှင်းဆဲခြင်း၏အစွမ်းဖြင့် ဝိဃာတလည်းမည်၏ဟု ဆို၏။ အဘယ်သို့လျှင် ရာဂ ဒေါသ နှစ်ပါးစုံသည် အာရုံကို မြဲစွာ စွဲလမ်းကုန်သနည်း၊ အဘယ်သို့လျှင် ပင်ပန်းစေကုန်သနည်း၊ (နေရင်း၊ ၃၅၄) ရာဂ ဒေါသတို့၏ အာရုံကို မြဲစွာစွဲလမ်းခြင်း (ဒဠှဂ္ဂဟဏ) ပင်ပန်းစေခြင်း (ဝိဟနန) သဘောကို အကျယ်မပြဆိုပြီလော၊ အကျယ်ကို မပြဆိုခဲ့သော် သင်္ခေပ+ဝိတ္ထာရဆန့်သော ဝိရောဓိဒေါသရောက်ရာ၏။ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

http://www.dhammadownload.com



(ဂ) ဝါကျ ဂဏ္ဌိကျမ်းတက်၊

ရာဂ ဒေါသ နှစ်ပါးသည် ဒဠ္ဟဂ္ဂဟဏသဘော ဝိဟနနသဘောရှိပါ၏လော၊ စောဒနာ ရှိရကား ရာဂေါဟိ စသည်ကို မိန့်။ (ဂဏ္ဌိ၊ ၂၇၄)

အမှာ ။ ။ သီဋီသစ်၌ကား (ဂ) ဝါကျကို သမတ္ထန ဒဋ္ဌ ဟုကြံသည်။ (ဒဋ္ဌ ထုံးစံအတိုင်း တနည်း တက်လေ)

(ဃ) ဝါကျကို ပခုက္ကူ ဘာသာဋီကာတို့၌ ဝါကျာရမ္ဘဟုကြံကြသည်။ သို့ရာတွင် (ဂ) ဝါကျဖြင့် ရာဂ ဒေါသနှစ်ပါးတို့၏ ဒဠ္ဟဂ္ဂဟဏသဘောရှိပုံအကျယ်ကိုပြသည်။ (ဃ) ဝါကျဖြင့် ရာဂ ဒေါသနှစ်ပါးတို့၏ ဝိဟနနသဘောရှိပုံကိုပြသည်။ ထို့ကြောင့် ပက္ခန္တရဝါကျဟုယူကလည်းသင့်သည် ပင်။

(ဃ) ဝါကျ အနုသန္ဓေ၊

ဤသို့ (ဂ) ဝါကျဖြင့် ရာဂ ဒေါသ နှစ်ပါးတို့၏ ဒဠ္ဟဂ္ဂဟဏ သဘောရှိပုံအကျယ်ကို ပြပြီး၍ ယခုအခါ၌ ယင်းရာဂ ဒေါသ နှစ်ပါးတို့၏ ဝိဟနနသဘောရှိပုံအကျယ်ကို ပြလိုသော ဆရာသည် (ဃ) ဝါကျမိန့်။

၃။ (က) နနု "ဣမေ ဒေဝါ"တိ အဋ္ဌကထာယံ ဝိစာရဏာ နတ္ထိ။

(ခ) အထ ကသ္မာ ယေကေစိ ကပဋ္ဌိကာရာဟာရူပဇီဝိနော ဒေဝါ ဇဝံ ကရောန္တိ၊ တေယေဝ စဝန္တီတိ ဝေဒိတဗ္ဗာ။

(ဂ) နနု ဒေဝါနံ ကမ္မဇတေဇော ဗလဝါ ဟောတိ၊ ကရဇံ မန္ဒန္တိ အဝိသေသေန ဝုတ္တံ။

(ဃ) တသ္မာ ယေကေစိ -- ဝေဒိတဗ္ဗာ။

၄။ အာရမ္ဘဏေ ပဋိဟညတီတိ ပဋိဃော၊ (ပဋိ+ဟန+ရ)

အာရုံ၌ထိခိုက်ခြင်းကြိယာသကတ်သည် ဝစနပဟေတု၊

အားကြီးသော ကောဓတရားသည် ဝစနီယ၊

ဗလဝကောဓော စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊

ဝစနတ္ထမှတ်ဘွယ် ။ ။ ဝိဟနနံ ဝိဟိံသနံ ဝိဗာဓနံ ဝိဃာတော။ (သီဋီသစ်)

ဧလေသ+ဦကာ ကိမိဝိသေသော ဧလူကာ၊

(တနည်း) ဧလံ ဩကံ ဂဟေ+မသာတိ ဝါ ဧလူကာ။ ဩသူ။ (ဓာန်ဋီ၊ ၆၇၅။)

ဧလောကာ ဟူလိုလျက် ဩကို ဦပြု၍ပြီးသည်။

ဧလတီတိ ဧလူကာ။ (ဏွာဒိ၊ မောဂ်) (ဧလ+ဏူက)

အာသိယံ (ဒါဌာယံ) ဝိသံ ဧတဿာတိ အာသီဝိသော။ (ဓာန်ဋီ၊ ၆၅၃။)

ဥဿိ ဗျဥ္ဇနေ။ အာသု သီဃံ ဝိသံ ဧတဿာတိ အာသီဝိသော။

အာသုဝိသ ဟုဆိုလိုလျက် ဥကို ဤပြု၍ပြီးသည်။ (နီတိ၊ သုတ္တ၊ ၁၇၇။)

၅။ ဝိနာသေတုကာမတာယ ၏ သမ္ဗန်ကား ဒေါသဿ ဖြစ်သည်။ (ကတ္တား+သမ္ဗန်စပ်)

အမုဥ္စိတုကာမတာယ၏ သမ္ဗန်ကား ရာဂဿ ဖြစ်သည်။ (ကတ္တား+သမ္ဗန်စပ်)

http://www.dhammadownload.com



၆။ (က) ဝါကျ တံ ဆန္ဒရာဂဒွယံ ဖြင့် တံ မမသ ဥပါဒါနံ ၌ တ သဒ္ဒါ၏ အဘိဓေယျ နည်းအားဖြင့် ဆန္ဒရာဂ နှစ်ပါးကို စွဲယူသုံးသပ်သည်၏အဖြစ်ကို 'သိစေသည်။ (သမ္ဗန္ဓာမလိင်္ဂတ္ထ)

မမ ဥပါဒါနံ အသ ဖြင့် မမသကို မမ+အသဟု ပဒစ္ဆေဒပြုရမည်ကိုလည်းကောင်း။ (သန္ဓိလိင်္ဂပဒ) ဥပါဒါနံကို အသ၌ စာစပ်ရမည်ကိုလည်းကောင်း။ (သမ္ဗန္ဓ+ဘာဝတ္ထ) သိစေသည်။

ဒေါသပဋိဃဒွယံ ဖြင့် သော မမသ၌ တ သဒ္ဒါ၏ အဘိဓေယျနည်းအားဖြင့် ဒေါသ ပဋိဃ နှစ်ပါးကိုစွဲယူသုံးသပ်သည်၏အဖြစ်ကိုသိစေသည်။

(ခ) ဝါကျ ဥဘယမ္ပိ ဖြင့် တံ မမသ ဥပါဒါနံ၊ သော မမသံ ဝိဃာတော ၌ တ သဒ္ဒါနှစ်လုံးတို့၏ သုတ္တန်နည်းအားဖြင့် ရာဂ ဒေါသ နှစ်ပါးစုံကို စွဲယူသုံးသပ်သည်၏အဖြစ်ကို သိစေသည်။ (သမ္ဗန္ဓာလိင်္ဂတ္ထ)

(တနည်း) (က) ဝါကျ သံဝဏ္ဏနာဖြင့် တံ မမသ၊ ဥပါဒါနံ၊ သော မမသ ဝိဃာတော ၌ အဘိ ဓေယျနည်းဖြင့် ဥပါဒါနံအရ ဆန္ဒရာဂနှစ်ပါးကိုယူ၊ ဝိဃာတအရ ဒေါသ ပဋိဃနှစ်ပါးကိုယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ခ) ဝါကျ သံဝဏ္ဏနာဖြင့် သုတ္တန်နည်းဖြင့် ဥပါဒါနံ နှင့် ဝိဃာတောနှစ်ပုဒ်အရမထူး။ ရာဂ ဒေါသနှစ်ပါးကို (ဝါ) ဆန္ဒ, ရာဂ+ဒေါသ, ပဋိဃလေးပါးလုံးကို ယူရမည်ဟု သိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

မှတ်ချက် ။ ။ ဤသရုပ်ကြားအဘိဓေယျတ္ထအာဘော်ရှုဒေါင့်မှ ကျမ်းတက်လျှင်လည်းမှန်သည်ပင်။

(ခ) ဝါကျ ဒဠှဂ္ဂဟဏဝသေန ဖြင့် ဥပါဒါနံ၌ ဥပသဒ္ဒါ ဒဠှတ္ထ (ဝါ) ဘုသတ္ထ၏အဖြစ်ကို လည်းကောင်း။ (ဥပသဂ္ဂလိင်္ဂတ္ထ) အာ ဥပသာရ၏ ဓာတွတ္ထဟာဏေအဖြစ်ကိုလည်းကောင်း။ ဒါဓာတ်၏ ဂဟဏတ္ထဟောသည်၏အဖြစ်ကိုလည်းကောင်း။ ယုပစ္စည်း၏ဘာဝသာဓ်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း။ ဥပါဒီယတေ ဒဠှံ ဂဏှီယတေ ဥပါဒါနံ ဟုပြုရမည်အဖြစ်ကိုလည်းကောင်း သိစေ၏။

ဝိဟနနဝသေနဖြင့် ဝိဃာတော၌ ဝိပုဗ္ဗဟနဓာတ်အဖြစ်ကိုလည်းကောင်း (ဝါ) ဃာတသဒ္ဒါသည် ဟနဓာတ်၏ကာရိယအဖြစ်ကိုလည်းကောင်း (ဒုဓာတုပဒ) ဝိ၏ ဓာတွတ္ထာနုဝတ္တက အဖြစ်ကိုလည်းကောင်း။ ဏ ပစ္စည်း၏ ဘာဝသာဓ်၌သက်သည်၏အဖြစ်ကိုလည်းကောင်း။ ဝိဟနနံ ဝိဃာတောဟု ပြုရမည်၏အဖြစ်ကိုလည်းကောင်း .သိစေ၏။

၇။ ဒဠှ ကား ဒဟဓာတ်+အ ပစ္စည်း။ ဟရှေ့၌ ဠ လာ၍ပြီးသည်။

- ဒဟတိ သမ္ဗန္ဓိ ဒဠှံ။ ဟတော ပုဗ္ဗေ ဠော။ (ဓာန်ဋီ၊ ၄၁။)
  (တနည်း) ဒလ+ဟ။ လ ကို ဠ ပြု၍ပြီးသည်။
- ဒလတိ ဝိဒါရယတီတိ ဝါ ဒဠှံ။ ဟ-ပစ္စယော။ (ဓာန်ဋီ၊ ၄၁။)
  (တနည်း) ဒဟသဒ္ဒပြုပဒ+လာဓာတ်+အ၊ ဟနှင့် လကိုရှေ့နောက်ပြန်၊ လ ကို ဠပြု၍ပြီးသည်။
- ဒဟန္တော+လာတိ တိ ဒဠှံ။ ဝဏ္ဏဝိပရိယာယော။ (ဓာန်ဋီ၊ ၄၁။)
  (တနည်း) ဒဟ ဓာတ်+ တ ပစ္စည်း။ ဓာတွန် ဟ ကို ဠ ပြု၍ပြီးသည်။
- ဒဟိဿ ဠော၊ ဒဟတီတိ ဒဠှံ။ (ဏွာဒိမောဂ်၊ ၂၃၃-သုတ်။)

http://www.dhammadownload.com



၈။ မြတ်သောသမ္မာသမ္ဗုဒ္ဓတဉာဏ်ကို ဝေဘန်ရာဖြစ်သောကြောင့် မြဟ္မဇာလ ဟုခေါ်သည်။
မြဟ္မဇာလသုတ်၏အမည်တူ ကား အတ္တဇာလ, ဓမ္မဇာလ, ဒိဋ္ဌိဇာလ, အနုတ္တရ သင်္ဂါမဝိဇယ တို့ဖြစ်သည်။ (၄၊ ၁၁၈-၁၁၉။)

အဓိပ္ပါယ်မှတ်ဘွယ် ။ ။ (၁) ဝါကျ ဥဘယမ္ပိ ဝါ ၌ ဥဘယံအရ ရာဂ နှင့် ဒေါသ နှစ်ပါးကိုယူ။
အကြောင်းကား ရာဂနှင့်သန္တ, ဒေါသနှင့်ပဋိဃတို့သည် သဒ္ဒါသာကွဲသော် လည်း အရမကွဲသောကြောင့် ရာဂနှင့်ဒေါသနှစ်ပါးကိုယူရသည်။

◆ "ဥဘယမ္ပိ"တိစ အတ္ထတော ဝုတ္တံ၊ န သဒ္ဒတော စတုန္နမ္ပိ သဒ္ဒါနမတ္တဒ္ဒယဝါစကတ္တာ။ (သီဋီသစ်၊ ၄၃၂။)

၉။ (ဂ) ဝါကျ ဂါထာစီ။

သမုဒ္ဒန္ဓေန ရာဂေါ ဟိ၊ လေူကာဝိယ ဂဏှာတိ။
နာသေတုကာမတာ ဒေါသော၊ အာသီဝိသောဝ အာလမ္ဗံ။ (ဝတ္ထုဂါထာ)

(၁) ဝါကျ ဂါထာစီ။

ဥဘယမ္ပိ ဥပါဒါနံ၊ ဒဠှဂ္ဂါဟဝသေနဝါ။
ဝိဟိံသန ဝသေနေဝ၊ ဝိဿာတော့တွေဝ ဝုစ္စတိ။ (ပထျာဝတ္တဂါထာ)

၁၀။ (ဃ) ဝါကျ ဝုတ္တာ၏ ကတ္တားကား ဘဂဝတာ ဖြစ်သည်။

✝ ဝစခါတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ + ဓမ္မသိဂ်ဳရ ရသ၊
✝ ဥပါဒါနံ ဝိဿာတော ဟူသော မနသာဝဝတ္တပိတ သဒ္ဒသည် အာရမ္မဏ ဝိဘာဝ၊
✝ တရားနာပရိသတ်သည်လည်းကောင်း၊ ဘုရားရှင်၏ မဟာကရုဏာဉာဏ်တော်သည် လည်းကောင်း ဥဒ္ဒီပန ဝိဘာဝ၊
✝ သတ္တဝါများသန္တာန်၌ ဓမ္မသံဝေဂကုသိုလ်ဖြစ်ခြင်း၊ ဥပါဒါနနှင့် ဝိဿာတအရကို အဘိဓမ္မာနည်း၊ သုတ္တန်နည်းအားဖြင့် ခွဲခြားသိရခြင်း စသော အကျိုးတရားအဆက်ဆက်သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

## ဝါကျဥယျာဉ် (၉၀)

(က) "အဓိစ္စသမုပ္ပန္နော အတ္တာစ လောကောစာ"တိ ဒဿနံ အဓိစ္စသမုပ္ပန္နံ။
(ခ) တံ ဧတေသံ အတ္ထီတိ အဓိစ္စသမုပ္ပန္နိကာ။
(ဂ) အဓိစ္စသမုပ္ပန္နန္တိ အကာရဏသမုပ္ပန္နံ။
(ဃ) အသညသတ္တာတိ ဒေသနာသီသမေတံ။
(င) အစိတ္တုပ္ပါဒါ ရူပမတ္တကအတ္တဘာဝါတိ အတ္ထော။
(၄။ ၁၀၈။ သီဋီသစ်၊ ၄၃၅။ ပခုက္ကူ၊ ၅၁၃။ ဘာသာဋီကာ၊ ဒု။ ၁၂၁။)

http://www.dhammadownload.com



၁။ အထက်ပါဝါကျအားလုံးတို့၌ သံဝဏ္ဏေတဗ္ဗပုဒ်တို့ကိုသာ သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ စသည် ပေါ်လွင်စေလျက် အနက်ပေးပါ။
၂။ (ခ) ဝါကျကို ဝိသေသာနုသန္ဓေတက်၍၊ (ဃ) ဝါကျကို လျှဉ်းပါးပုစ္ဆာတက်ပါ။
၃။ (ဃ+င) ဝါကျတို့ကို စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။
၄။ အသညသတ္တာ ကို အစိတ်, အပေါင်းဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဝစနာဒိသင်္ဂ ထုတ်ပြပါ။
၅။ (င) ဝါကျ အစိတ္တုပ္ပါဒါ ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပစာစပ်ပြပါ။
၆။ (က+ခ+ဂ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ အတ္တာစ လောကောစ ၌ အတ္ထ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ ဥဘယမ္ပိ ဝါ ဒဋ္ဌဂ္ဂဟဏဝသေန ဉပါဒါနံ၊ ဝိဟနနဝသေန ဝိဃာတော။ (၄၊ ၁၀၇) ၌ရာဂ၏ ဝိဃာတမည်ခြင်းနှင့် ဒေါသ၏ ဉပါဒါန်မည်ခြင်းတို့ကို အကြောင်းသွင်း၍ ရှင်းလင်းပြပါ။
၉။ (ဃ+င) ဝါကျလာ စကားရပ်တို့ကို အဓိပ္ပါယ်မပျက်စေဘဲ ကြိုက်နှစ်သက်ရာ ဂါထာတပုဒ် စီကုံးပြီး ဂါထာအမည်ပေးခဲ့ပါ။
၁၀။ အသညသတ္တာ ဝယ် သတ္တာ ၌ အန္တတ္ထကို ရှု၍ ဘာဝါလက်ာရထုတ်ပြပါ။

===================

၁။ အဓိစ္စသမုပ္ပန္နိကာ၊ အတ္တ လောကသည် အကြောင်းကိုလွန်၍ ဖြစ်၏ဟူသော အယူဝါဒ ရှိကြကုန်သော သမဏဗြာဟ္မဏတို့သည်။ (ဤကား သဒ္ဒတ္ထ) (ဝါ) အတ္တလောကသည် အကြောင်းကို မစွဲမှု၍ (အကြောင်းကင်း၍) ဖြစ်၏ ဟူသောအယူဝါဒကို ယူထားကြကုန်သော သမဏဗြာဟ္မဏ တို့သည်။ (ဤကား အဓိပ္ပါယတ္ထ) အသညသတ္တာ၊ သညာမရှိကုန်သော သတ္တဝါတို့သည်။ (ဤကား သဒ္ဒတ္ထ။ မုချတ္ထ) (ဝါ) သညာဦးစီးသော နာမက္ခန္ဓာလေးပါးလုံးမရှိကြကုန်သော သတ္တဝါတို့သည်။ (ဤကား အဓိပ္ပါယတ္ထ ပဓာန ကေဒေသူပစာရတ္ထ) (ဝါ) အသညသတ်သတ္တဝါတို့သည်။ (ဤကား ဝေါဟာရတ္ထ)။

၂။ (ခ) ဝါကျ ဝိသေသာနုသန္ဓေတက်ပုံ။

ဤသို့ (က) ဝါကျဖြင့် အဓိစ္စသမုပ္ပန္နိကာ၌ အဓိစ္စသမုပ္ပန္န ပုဒ်ကို (ရူပဿ ဘဝေါ ရူပံ ကဲ့သို့) အဓိစ္စ သမုပ္ပန္နောတိဒဿနံ အဓိစ္စသမုပ္ပန္နံ ဟု ဥတ္တရပဒလောပသမာသ်ဝစနတ္ထပြုရမည်ဟု ပြဆိုပြီး၍၊ ယခုအခါ၌ အဓိစ္စသမုပ္ပန္နိကာ ဟူသော အပေါင်းပုဒ်ကို အဿတ္ထိတဒ္ဓိတ်ဝစနတ္ထပြုရမည် ဟုပြလိုသောဆရာသည် (ခ) မိန့်။

(ဃ) ဝါကျ လျှဉ်းပါးပုစ္ဆာတက်ပုံ။

ဆရာ၊ မြတ်စွာဘုရားသည် သန္တိ ဘိက္ခဝေ အသညသတ္တာနာမ စသည်ဖြင့် ဟောတော်မူ ၏။ ယင်း၌ အသညသတ်ပြဟ္မာသည် သညာက္ခန္ဓာတခုတည်းသာမရှိသော ပြဟ္မာပင်ဖြစ်ပါသလော။ ဤ၌ အသညသတ်ပြဟ္မာဟူသည် အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

အဓိပ္ပါယ်ကား အသညသတ်ပြဟ္မာဟူသည် သညာက္ခန္ဓာတခုတည်းသာ မရှိသော ပြဟ္မာမဟုတ်၊ နာမ် ခန္ဓာလေးပါးလုံးမရှိသော ပြဟ္မာများသည် ကေဒေသူပစာ ပဓာနနည်းဖြင့် အသညသတ် ပြဟ္မာမည်၏ ဟု ငါပြဆိုပါ၏ဟူလို။

http://www.dhammadownload.com



၃။ (ဃ+င) ဝါကျ စောဒကာဘောဂါဒိစတုက္ကထုတ်ပုံ။

(က) နနု ပါဠိယံ (သန္တိ ဘိက္ခဝေ) အသညသတ္တာတိ ဝုတ္တံ။

(ခ) အထ ကသ္မာ အဝိတ္တုပ္ပါဒါ ရူပမတ္တကအတ္တဘာဝါတိ အတ္တော (ဒဋ္ဌဗ္ဗော)။

(ဂ) နနု ဒေသနာသီသမေတံ။

(ဃ) တသ္မာ အဝိတ္တုပ္ပါဒါ ရူပမတ္တကအတ္တဘာဝါတိ အတ္တော (ဒဋ္ဌဗ္ဗော)။

(တနည်း) (က) နနု ပါဠိယံ (သန္တိ ဘိက္ခဝေ) အသညသတ္တာတိ ဝုတ္တံ။

(ခ) အထ ကသ္မာ ဒေသနာသီသမေတန္တိ တယာ သံဝဏ္ဏိတံ။

(ဂ) နနု အဝိတ္တုပ္ပါဒါ ရူပမတ္တကအတ္တဘာဝါတိ အတ္တော (ဒဋ္ဌဗ္ဗော)။

(ဃ) တသ္မာ ဒေသနာသီသမေတန္တိ မယာ သံဝဏ္ဏိတံ။

၄။ သဉ္ဇာနာတီတိ သညာ။ နတ္ထိ သညာ ဧတေသန္တိ အသညာ။
ရူပါဒီသု သဇ္ဇန္တီတိ သတ္တာ။ အသညာစ + တေ + သတ္တာစာတိ အသညသတ္တာ။

❖ သညာမရှိခြင်းဂုဏ်၏ + သတ္တဝါတို့ဒြဗ်နှင့် ဂုဏ်+ဂုဏီစေပ် -- ဝစနပဟေတုမည်၏။

❖ အသညသတ်ပြဟ္မာဒြဗ်သည် --- ဝစနီယမည်၏။

❖ အစိတ္တုပ္ပါဒါ၊ ရူပမတ္တကအတ္တဘာဝါ စသောပရိယာယ်သဒ္ဒါများသည် -- ဝစနီယတ္ထ။

ဝစနတ္ထမှတ်ဘွယ်

ဖလံ ဓာရေတီတိ ဓိစ္စံ။ ဓာ (တနည်း) ဓရ + ရိစ္စ။
နတ္ထိ ဓိစ္စံ ဧတဿာတိ အဓိစ္စော။
အဓိစ္စော (ဟုတွာ) သမုပ္ပန္နော အဓိစ္စသမုပ္ပန္နော။
(အကြောင်းမရှိဘဲဖြစ်သောအတ္တလောကရ၏)(ဘာသာဋီကာ၊ဒု။၁၂၂)။
ဥပစာအားဖြင့် အယူဝါဒတိုင်အောင်ယူ၍ အဓိစ္စသမုပ္ပန္နောတိ + ဒဿနံ အဓိစ္စသမုပ္ပန္နံ ဟုပြု။

❖ ဒေသိယတေတိ ဒေသနာ။ သယန္တိ ဧတ္ထ ဉီကာဒယောတိ သီသံ။

. ဒေသနာယ သီသံ ဒေသနာသီသံ။

၅။ (င) ဝါကျ အစိတ္တုပ္ပါဒါကို အစိတ္တုပ္ပါဒတ္တာ ဟုဟိတ်ပြင်။
ယင်းသမ္ဗန်ကို ဒေဝါနံ ဟုခံ။ ကတ္တား + သမ္ဗန္ဓစပ်။

၆။ (က) ဖြင့် အတ္တသည်လည်းကောင်း, လောကသည်လည်းကောင်း အကြောင်းကင်း၍ ဖြစ်၏ဟူသော မိစ္ဆာအယူသည် အဓိစ္စသမုပ္ပန္နမည်၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ ယင်းသို့ယူခြင်းသည် မှုချမဟုတ်, ဌာနီသဿယဖြစ်သော အတ္တလောက၏ အကြောင်းကင်း၍ဖြစ်ခြင်း အဓိစ္စသမုပ္ပန္နအမည်ကို ဌာနီနိဿိတဖြစ်သော မိစ္ဆာအယူ၌တင်စား၍ ဌာနီနိဿိတဖြစ်သော မိစ္ဆာအယူကို (မဉ္စာ ဃောသန္တိ ဥကဲ့သို့) ဌာနူပစာရအားဖြင့် အဓိစ္စသမုပ္ပန္နဟုခေါ်ဆိုထားသည်၏အဖြစ်ကိုလည်းကောင်း၊ (တနည်း) ယင်းမိစ္ဆာအယူ၏ အတ္တလောကဟူသော ခန္ဓာနှင့်တကွဖြစ်သောကြောင့် သဟစရဏအားဖြင့် ယင်းမိစ္ဆာအယူကို အဓိစ္စသမုပ္ပန္န ဟုခေါ်ဆိုထားသည်၏အဖြစ်ကိုလည်းကောင်း သိစေသည်။ (သီဋီသစ်၊ ၄၃၅)။

http://www.dhammadownload.com



(တနည်း) (က) ဝါကျဖြင့် (အဓိစ္စ+သမုပ္ပန္နံ အဓိစ္စသမုပ္ပန္နံ) အဓိစ္စသမုပ္ပန္နော်တိ+ဒသသနံ အဓိစ္စ သမုပ္ပန္နံ ဟု ဥတ္တရပဒလောပသမာသ် ဝစနတ္ထပြု၍ အဓိစ္စသမုပ္ပန္နအရ အတ္တလောကသည် အကြောင်းကင်း၍ဖြစ်၏ဟူသော မိစ္ဆာအယူဝါဒကို ယူရမည်ဟုသိစေပါသည်။ (သီဋီသစ်၊ ၄၃၅)။

(ခ) ဖြင့် အဓိစ္စသမုပ္ပန္နိကာ ပုဒ်ကို အဓိစ္စသမုပ္ပန္နံ ဝေတေသံ အတ္ထီတိ အဓိစ္စသမုပ္ပန္နိကာ ဟု ဝစနတ္ထပြု၍ ဣက ပစ္စည်း အဿတ္ထိတဒ္ဓိတ်အနက်၌သက် သည်၏အဖြစ်ကို သိစေပါသည်။

(ဂ) ဝါကျကို (က) ဝါကျနှင့်အတူဖော်ပါ။

၇။ အတ္ထ ပုဒ် နိရုတ္တိနည်းကို ဝါကျဥယျာဉ် (၇၉) ၌ပြခဲ့ပြီ။

၈။ ရာဂ၏ ဝိဿာတမည်ခြင်းနှင့် ဒေါသ၏ဥပါဒါန်မည်ခြင်း၊

တဏှာရာဂသည် ထက်ဝန်းကျင်မှ ပူလောင်သည်အစွမ်းအားဖြင့် ပူပန်ခြင်းနှင့်တကွ ဖြစ်၍ လောဘ၏မှီရာပုဂ္ဂိုလ်ကို (ဝါ) တဏှာရာဂဖြစ်နေသည့်ပုဂ္ဂိုလ်ကို ညှင်းပန်း နှိပ်စက်တတ်သော ကြောင့် ဝိဿာတမည်၏။

◆ ရာဂေါပိ ဟိ ပရိဠာဟဝသေန သာရဒ္ဓဝုတ္တိတာယ နိဿယံ ဝိဟနတိ။(သီဋီသစ်၊ ၄၃၂)

ဒေါသသည်လည်း အာရုံကို ညှင်းပန်းနှိပ်စက်တတ်သည်၏အစွမ်းဖြင့် ပြင်းစွာ နှောင်ဖွဲ့သည် အဖြစ်ဖြင့် ဖြစ်လျက်ရှိရကား မိမိယူထားရာ ယင်းအာရုံကို (ဖားကို မြွေခြင်းက စွဲမြဲစွာ ဖမ်းထားသကဲ့သို့) စွဲမြဲစွာ ယူထားတတ်သောကြောင့် ဥပါဒါန်မည်၏။

◆ ပဋိဃောပိ ဟိ အာရမ္မဏံ နမုဉ္စတိ ဥပနာဟာဒိဝသေန။ (သီဋီသစ်၊ ၄၃၂)။

၉။ (ဃ-င) ဝါကျ ဂါထာစီ။

ဇေတံ အသညသတ္တာတိ၊ ဒေသနာယ ပဓာနကံ။
အနုပ္ပါဒါဝ စိတ္တာနံ၊ သဠိရာ ရူပမတ္တကာ။ (ပထျာဝတ္တဂါထာ)။

၁၀။ ✝ သတ္တာ ၌ သန္န ဓာတ်အရ ငါးပါးအာရုံကာမဂုဏ်တို့၌ ကပ်ငြိတွယ်တာတပ်မက်သော သတ္တဝါတို့၏သန္တာန်၌ တဏှာလောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်--ကာမရတိဌာယီ ဘာဝ + ကာမသံဂါရရသ။

✝ ငါးပါးအာရုံ ကာမဂုဏ်တို့သည်--အာရမ္မဏဝိဘာဝ။

✝ သတ္တဝါတို့၏ အယောနိသောမနသိကာရ စသည်သည်လည်းကောင်း , ကာမဂုဏ်ငါးပါး အာရုံတရားများ၏ ဣဋ္ဌ ကန္တ ပိယ မနာပ စသောဂုဏ်တို့သည်လည်းကောင်း-- ဥဒ္ဒီပနဝိဘာဝ။

✝ ကာမဂုဏ်တို့၌ ကပ်ငြိတွယ်တာလိုက်စားခြင်းကြောင့် ပစ္စက္ခဘဝ၌ပင် စီးပွားဥစ္စာ ဆုတ် ယုတ်လာခြင်း, အနာရောဂါထူပြောလာခြင်း, သံသရာ၌ ထဝဲလည်လည်ကျင်လည်ရခြင်း စသော အကျိုးတရားအဆက်ဆက်သည် --အနုဘာဝမည်၏။

✽✽✽✽✽✽✽✽✽✽✽✽✽✽✽✽✽✽✽

http://www.dhammadownload.com



ဝါကျဥယျာဉ် (၉၁)

(က) ဧဝံ စိတ္တေ ဒေါသံ ပဿိတွာ အပရိဟီနဗ္ဗုာနော ကာလံ ကတွာ အသည်သတ္တေသု နိဗ္ဗတ္တတိ၊ စိတ္တမဿ စုတိစိတ္တနိရောဓေနေ ဣဓေဝ နိဝတ္တတိ၊ ရူပက္ခန္ဓမတ္တမေဝ တတ္ထ ပါတုဘဝတိ။

(ခ) တေ တတ္ထ ယထာနာမ ဇိယာဝေဂုက္ခိတ္တော သရော ယတ္တကော ဇိယာဝေဂေါ၊ တတ္တကမေဝ အာကာသေ ဂစ္ဆတိ၊ ဧဝမေဝ ဈာနဝေဂုက္ခိတ္တာ ဥပပဇ္ဇိတွာ ယတ္တကော ဈာနဝေဂေါ၊ တတ္တကမေဝ ကာလံ တိဋ္ဌန္တိ၊

(ဂ) ဈာနဝေဂေ ပန ပရိဟီနေ တတ္ထ ရူပက္ခန္ဓော အန္တရဓာယတိ၊ ဣဓ ပန ပဋိသန္ဓိသညာ ဥပ္ပဇ္ဇတိ။

(ဃ) ယသ္မာ ပန တာယ ဣဓ ဥပ္ပန္နသညာယ တေသံ တတ္ထ စုတိ ပညာယတိ၊ တသ္မာ "သညုပ္ပါဒါစ ပန တေ ဒေဝါ တမှာ ကာယာ စဝန္တိ"တိ ဝုတ္တံ။

(ဌ၊ ၁၀၉။ သီဋီသစ်၊ ၄၃၈။ နေရင်း၊ ၃၅၉။ ပခုက္ကူ၊ ၅၁၅။ ဘာသာဋီ၊ ၂၁၄။ ဂဏ္ဌိ၊ ၂၆၈။)

၁။ အထက်ပါဝါကျတို့တွင် (ခ) ဝါကျကိုသာ အနက်ယောနောပါ။
၂။ (ခ) ဝါကျကို ပုစ္ဆာ၊ (ဃ) ဝါကျကို ဒေါသာရောပနစောဒနာတက်ပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)
၃။ (ခ+ဂ) ဝါကျတို့ကို အမည်မှည့်၍ (ခ) ဝါကျတွင် တေ တတ္ထပုဒ်တို့ကို စပ်သင့်ရာပုဒ်နှင့် သဒ္ဒါစပ် စပ်ပြပါ။
၄။ အပရိဟီနဗ္ဗုာနော ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထ၌ ဥာသ်ကောက်ပြပါ။
၅။ (ဂ) ဝါကျလာ ပုဒ်များကို သမာသပဒစသည်ခွဲပြပြီးလျှင် ပရိဟီနေ၌ ဓာတ်ကိုယူ၍ ဂဏာနုရူပအလိုက် ဝတ္တမာန် ပရဿပုဒ် ပဌမပုရိသ် သုဒ္ဓကတ္တုရုပ်ပြု၍ ပရိဟီနေကို လိင်ဂိုက်းညွှန်ခဲ့ပါ။
၆။ ပဗ္ဗာဟာသီတိ "ယက္ခော ဇာတော ပိသာစော ဇာတော"တိ ဘယေန ပလာယိတွာ ဒွါရံ ပိဓာယ ဋ္ဌိတေသု ဃရမာနုသကေသု ဣတောစိတောစ ဝိစရန္တော "ဓောဝထ မ"န္တိ အာဒိနိ ဝဒန္တော ဥစ္စာသဒ္ဒ မကာသိ (ဌ၊ ၂၃၄) ၌ အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဇိယာဝေဂုက္ခိတ္တော+ဇိယဝေဂုက္ခိတ္တော ဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ခဲ့ပါ။
၈။ (ခ) ဝါကျ ယထာနာမ စသောစကားရပ်ဖြင့် သင်တို့အားပေးလိုက်သော ဥပဒေသကို ရေးခဲ့ပါ။
၉။ (ခ) ဝါကျ၌ ဥပမာ ဥပမေယျဝါကျတို့ကို အဓိပ္ပါယ်မပျက်စေပဲ ပဏ္ဍာဝတ္တဂါထာစီကုံးပါ။
၁၀။ အပရိဟီနဗ္ဗုာနော၌ အန္တတ္ထကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပါ။

= = = = = = = = = = = = = = = = = = = =

http://www.dhammadownload.com



၁။ (က) ဝါကျ ဣမေဝ၊ ဤပဥ္စဝေါကာရဘုံ၌သာလျှင်။

(ခ) ဝါကျ တတ္ထ၊ ထိုအသညသတ်ဘုံ၌။ တတ္ထကမေဝ၊ ထိုမျှအတိုင်းအရှည်ရှိသည်သာလျှင်ဖြစ်သော။ (ဥက္ကံသတော၊ အလွန်ဆုံးအားဖြင့်။) ကာလံ၊ မဟာကပ်ငါးရာကာလပတ်လုံး။

❖ ဣမေဝါတိ ပဥ္စဝေါကာရဘာဝေယေဝ။ တတ္ထာတိ အသညီဘဝေ။ တတ္ထကမေဝကာလန္တိ ဥက္ကံသတော ပဥ္စမဟာကပ္ပသတာနိ။ (သီဋီသစ်၊ ၄၃၈။)

၂။ (ခ) ဝါကျ ပုစ္ဆာ

ဆရာ သည် (က) ဝါကျဖြင့် ရူပက္ခန္ဓာမျှသည်သာလျှင် အသညသတ်ဘုံ၌ ထင်ရှားဖြစ်သောဟုဆို၏။ ယင်းသို့ အသညသတ်ဘုံ၌ ရူပက္ခန္ဓာမျှသာဖြစ်ခဲ့သော် ထိုအသညသတ်ဘုံ၌ နာမ်တရားမဘက် သက်သက်သောရုပ်တရားအစဉ်မျှသည် ပစ္စုပ္ပန်နာမ်အကြောင်းနှင့်ကင်း၍ ကြာမြင့်စွာဖြစ်တည်နိုင်၏ဟု အဘယ်အကြောင်းဖြင့် ယုံကြည်အပ်ပါသနည်း (ဝါ) အဘယ်မျှလောက်သောကာလပတ်လုံးဖြစ်တည်လေသနည်း (ဂဏ္ဌိ၊ ၂၆၈) ဤသို့မေးဘွယ်ရှိ၍ (ခ) ဝါကျမိန့်။

အဓိပ္ပါယ် ကား ထိုပုဂ္ဂိုလ်သည် အသညသတ်ဘုံ၌ ဈာန်အဟုန်မကုန်မစေ့သေးသမျှကာလပတ်လုံး ဖြစ်တည်နိုင်ကြ၏ဟူလို။

❖ ကထံ ပန တတ္ထ ကေဝလော ရူပပ္ပဗန္ဓော ပစ္စုပ္ပန္နပစ္စယရဟိတော စိရကာလံ ပဝတ္တတီတိ ပစ္စေတဗ္ဗံ၊ ကိတ္တကံ ဝါ ကာလံ ပဝတ္တတီတိ စောဒနံ မနသိကတွာ "ယထာနာမာ"တိ အာဒိမာဟ။ (သီဋီသစ်၊ ၄၃၈။)

(ဂ) ဝါကျ ပုစ္ဆာ၊

ဆရာ သည် (ခ) ဝါကျဖြင့် ဈာန်အရှိန်အဟုန်မကုန်သေးသမျှကာလပတ်လုံး အသညသတ်ဘုံ၌ တည်နေကြသောဟုဆို၏။ ဈာန်အရှိန်အဟုန်ကုန်သည့်အခါ မည်သည့်ဘုံ၌ ပဋိသန္ဓေတည်နေကြပါသနည်း၊ အမှတ်မရှိ တစုံတခုသော ကာမဘုံ, ရူပဘုံ ၌ ပဋိသန္ဓေတည်နေနိုင်ကောင်းအံ့လော-စုဒ်ကြောင့် (ဂ) မိန့်။

အဓိပ္ပါယ် ကား ဈာန်အရှိန်အဟုန်ကုန်ဆုံးသည့်အခါ ကာမဘုံ၌သာ ပဋိသန္ဓေတည်နေကြ၏ဟူလို။

(ဃ) ဝါကျ ဒေါသာရောပန စောဒနာ၊

ဆရာ အာနန္ဒာသည် သညုပ္ပါဒါစ ပန တေ ဒေဝါ တမှာ ကာယာ စဝန္တိ ဟုဟော၏။ အဘယ်ကြောင့် ပဋိသန္ဓေသညာဖြစ်ခြင်းကို ထိုအသညသတ်ပြဟ္မာတို့၏ စုတေခြင်း၏အကြောင်း၏အဖြင့်ဖြင့်ဆိုပါသနည်း (တနည်းကား၊) သညုပ္ပါဒါ ဟူသောစကားရပ်သည် အဘယ်အနက်အဓိပ္ပါယ်ကိုပြဆိုပါသနည်း၊ (သီဋီသစ်) ယင်းစကားရပ်အရ ကာမဘုံ၌ ပဋိသန္ဓေသညာဖြစ်ပြီးမှ အသညသတ်ဘုံမှပြောင်း၍ စုတေကြလေကုန်၏ဟု မှတ်ရမည်လော၊ (ဂဏ္ဌိ-၂၆၈) သညုပ္ပါဒါစသော စကားရပ်၏ အဓိပ္ပါယ်ကို မပြသော် ဒေသက ရှင်အာနန္ဒာအား ဟီနတ္ထကဒေါသ --၏ --- စုဒ်ကြောင့် (ဃ) မိန့်။

❖ ကသ္မာ ပနေတ္ထ "ပုန သညုပ္ပါဒါစ ပန တေ ဒေဝါ တမှာ ကာယာ စဝန္တီ"တိ သညုပ္ပါဒေါ တေသံ စဝနဿ ကာရဏဘာဝေန ဝုတ္တော "သညုပ္ပါဒါ"တိ ဝစနံ ဝါ ကိမတ္ထဒဿနန္တိ စောဒနာယ "ယသ္မာ ပနာ"တိ အာဒိမာဟ။ (သီဋီသစ်၊ ၄၃၈။)

http://www.dhammadownload.com



၃။ (ခ) ဝါကျသည် ရူပက္ခန္ဓမတ္တမေဝ တတ္ထ ပါတုဘဝတိ ဟူသောစကားရပ်အရ နာမ်တရား ၏အထောက်အပံ့မပါပဲ ရူပက္ခန္ဓာချည်း မည်မျှကြာအောင်တည်နေနိုင်ပါသနည်းဟု စုဒ် - ပယ် -- ဆက်တက်သောကြောင့် ဝါကျာရမ္ဘ။

(ဂ) ဝါကျသည် ပခုတ္တျူသျအလို အနွယ။ ဘာဋီ အလို ဝါကျာရမ္ဘ။

ယင်း (ဂ) ဝါကျ၌ ဣဓပေန သည် ပခုတ္တျူအလို ဝါကျာရမ္ဘ။ ဘာသာဋီအလို ပက္ခန္တရ။

(ဃ) ဝါကျသည် ပခုတ္တျူအလို တပ္ပါကဋီကရဏ။ ဘာသာဋီအလို ဝါကျာရမ္ဘ။

စာစပ်။ ။ တေ+တတ္ထနှစ်ပုဒ်ကို "ဥပ္ပဇ္ဇိတွာ, တိဋ္ဌန္တိ တို့၌ စာစပ် (ဘာသာဋီ)

၄။ ပရိဟီယတီတိ ပရိဟီနံ။ (န+ပရိဟီနံ အပရိဟီနံ) ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ၊
အပရိဟီနံ ဈာနံ ဧတဿာတိ အပရိဟီနဇ္ဈာနော။
အပရိဟီန ဈာန ပုဒ်အရကား မယုတ်လျော့သောဈာန်သည် မုချအားဖြင့် ရ၏။
ထို၏+ ဈာနလာဘီပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေးစပ် ဌာနူ -- ၏။
ဧတ အရကား မယုတ်လျော့သောဈာန်ရှိသော ဈာနလာဘီပုဂ္ဂိုလ်ရ၏။

၅။ ဈာနဝေဂေ ကား ဆဋ္ဌီတပ္ပုရိသ်။ ပန ကား နိပါတ်။ ပရိဟီန ကား ကိတ်နာမ်။
တတ္ထ ဣဓ တို့ကား အဗျယတဒ္ဓိတ်ပုဒ်။ ရူပက္ခန္ဓော ကား ကမ္မဓာရယ်။
အန္တရဓာယတိ ကား အာချာတ်။
ပဋိသန္ဓိသညာ ကား သမ္ဘယုတ္တ အလယ်ပုဒ်ကျေသော သတ္တမီတပ္ပုရိသ်။
ဥပ္ပဇ္ဇတိ ကား အာချာတ်ပုဒ်။
ပရိဟီန ကား ပရိ ရှေ့+ဟာ ဓာတ် (ဤ ၌ ဆုတ်ယုတ်ခြင်းအနက်ဟော)
ဟာ ဓာတ်သည် ဟာနျတ္တကို ဟောရာ၌ သဒ္ဒနီတိ ဝယ် ဒိဝါဒိယူ၏။ ကျမ်းရင်းတို့၌ ဘူဝါဒိချည်းသာဟု ဓာတွတ္ထသင်္ဂဟ ၂၉၂-၌ မှာ၏။ ထို့ကြောင့် သဒ္ဒနီတိ အလို ဟာယတိ ဟာယန္တိဟု ဒိဝါဒိတနည်း, ကျမ်းရင်းတို့အလို ဇဟာတိ ဇဟန္တိ ဟု ဘူဝါဒိ တနည်းစဉ်။
ပရိဟီနေ ကား ဤနေရာ၌ ပုလ္လိင် ပုရိသာဒိဖြစ်သည်။

၆။ ဥစ္စာသဒ္ဒ မဟာသိ ဖြင့် ပဗျာဟာသိ ၌ (ပရှေ့+ဝိရှေ့+အာရှေ့+ဟရ+အဇ္ဇတ္တနီ ဤ ဝိဘတ်) ဟရ ဓာတ်သည် ဟရဏတ္တကို မဟော၊ "န သကပဋ္ဋေန မုခေန ဗျာဟရိဿာမိ" ၌ ကဲ့သို့ အာဉပသာရ၏အစွမ်းကြောင့် သဒ္ဒကရဏ = အသံပြုခြင်းအနက်ကို, ဝိ ဥပသာရ၏အစွမ်းကြောင့် ဥစ္စာသဒ္ဒကရဏ = ကျယ်စွာအသံပြုခြင်းအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ (ဓာတွတ္ထ) ဝိ အာ ဥပသာရတို့၏ ဓာတွတ္ထဗာဓကအဖြစ်ကိုလည်းကောင်း, ပ ဥပသာရ၏ ဓာတွတ္ထာ နုဝတ္တက အနုတ္တကအဖြစ်ကိုလည်းကောင်း သိစေပါသည်။

- "နသကပဋ္ဋေန မုခေန ဗျာဟရိဿာမိ"တိ အာဒီသုဝိယ ဥပသဂ္ဂဝသေန သဒ္ဒကရဏတ္တော ဟရသဒ္ဒေါ၊ ပုန ဒုတိယောပသဂ္ဂေန ယုတ္တော ဥစ္စာသဒ္ဒကရဏေ ဝတ္တတီတိ ဝုတ္တံ "ဥစ္စာသဒ္ဒမဟာသီ"တိ။ (သီဋီသစ်၊ ၂။ ၂၆၀)။

ယဏ္ဍော ဓာတော(ပ)ဝဒန္တော ဖြင့် မြင့်သောအသံကိုပြု၏ဟူသည် ဘီလူးဖွားသည်ဖြစ်၍ (ပ)ဆိုလျက် မြင့်သောအသံကို ပြုသတည်းဟုသိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



၇။ ဇိယာဝေဂုက္ခိတ္တ ၌ ဇိယာ ကား ဇရဓာတ်+အ ပစ္စည်း+ထိဇောတက အာ ပစ္စည်းဖြင့် ရုပ်ပြီးသည်။ "သမာသ်လယ်မှာ ထိမြဲအာ ရဿာမပြုရ"ဟူသော သဒ္ဒစည်းကမ်းအရ သမာသ်ပုဒ် အလယ်၌ (နိစ္စဋ္ဌတ္တိလိင်ဖြစ်သော ဇိယာ ၌) အာကို ရဿမပြုသင့်သောကြောင့်လည်းကောင်း၊ ဇိယာဝေဂုက္ခိတ္တောတိ ဓနုဇိယာယ ဝေဂေန ခိပိတော ဟုသီဋီသစ်-၄၃၈ ဆိုသောကြောင့် လည်းကောင်း ဇိယာဝေဂုက္ခိတ္တဟုရှိသော ဖါဌ်သာသင့်သည်။ ဇိယဝေဂုက္ခိတ္တကား မသင့်။

အမှာ ။ ။ ပခုက္ကူ၊ ဘာသာဋီကာတို့၌ ဇိယာဝေဂက္ခိတ္တောဟုရှိသည်။ ခိတ္တ+ဥက္ခိတ္တ နှစ်မျိုးလုံး ပစ်လွှင့်ခြင်းအနက်ကိုဟောသောကြောင့် ဇိယာဝေဂက္ခိတ္တ ဟုရှိကလည်းမှန်သည်။

၈။ "ယထာနာမ စသည်ဖြင့် ပေးလိုက်သော ဥပဒေသ"

"အသညသတ်ပြဟ္မာများသည် ရုပ်ချည်းတည်နေနိုင်၏"ဟူသောစကားများကို ဤကျမ်း၌ လည်းကောင်း၊ အခြားကျမ်းများ၌လည်းကောင်း ဆိုအပ်သောအာဂုမ်သည်သာလျှင် အသင့်ယုတ္တိ မဟုတ်သေး၊ စင်စစ်သော်ကား ယထာနာမစသောစကားဖြင့် ပြဆိုသောအကြောင်းသည်လည်း အသင့်ယုတ္တိပင်ဖြစ်သည်ဟုပြသည်။

ထို့ကြောင့် လေးညို့အဟုန်ပစ်လွှတ်အပ်သောမြားသည် လေးညို့အဟုန်ရှိသလောက် ကောင်းကင်သို့သွားရ၍တည်နေနိုင်သလို ဈာန်၏အဟုန်ဖြင့် ပစ်လွှတ်အပ်သော အသညသတ် ပြဟ္မာများသည်လည်း ဈာန်အဟုန်ရှိသလောက်သာ အသညသတ်ဘုံသို့သွား၍ တည်နေနိုင်ကြသည်။

၉။ သရော ယာဝ ဇိယာဝေဂေါ၊ နဘော ဂစ္ဆတိ တတ္တကော။
ဈာနဝေဂေါ တထာ ဟောတိ၊ ကာလံ တိဋ္ဌန္တိ တတ္တတော။ (ပထျာဝတ္တဂါထာ။)

၁၀။ † အပရိဟီနဇ္ဈာနော ၌ အန္တတ္တအရ မယုတ်လျော့သော စတုတ္ထဈာန်ကိုယူ၍ ထိုသည် ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိဂ်ါရရသ။
† ကသိုဏ်း ပညတ်စသောအာရုံများသည် အာရမ္မဏဝိဘာဝ။
† အဓိကာရဆန္ဒစသည်သည် ဥဒ္ဒီပနဝိဘာဝ။
† အသညသတ်ဘုံသို့ရောက်ရခြင်းစသည်သည် အနုဘာဝ။

မှတ်ချက်။။ ဈာန်တရားသည် သမထပင်ဖြစ်သည်။ သမထဟူသည် သမာဓိပြဌာန်းသည်။ ထို့ကြောင့် သမာဓိပြဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ သမဋ္ဌာယီဘာဝ သန္တရသလည်း ထုတ်နိုင်သည်ဟုမှတ်။

✳✳✳✳✳✳✳✳✳✳✳✳✳✳✳✳✳✳

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၉၂)

(က) ဧဝံ အဋ္ဌာရသ ပုဗ္ဗန္တကပ္ပိကေ ဒဿေတွာ ဣဒါနိ စတုစတ္တာရီသ အပရန္တကပ္ပိကေ ဒဿေတုံ "သန္တိ ဘိက္ခဝေ"တိ အာဒိမာဟ။

(ခ) တတ္ထ အနာဂတကောဋ္ဌာသသင်္ခါတံ အပရန္တံ ကပ္ပေတွာ ဂဏှန္တီတိ အပရန္တကပ္ပိကာ။ အပရန္တကပ္ပေါ ဝါ ဧတေသံ အတ္ထီတိ အပရန္တကပ္ပိကာ။

(၄၊ ၁၀၉။ သီဋီသစ်၊ ၄၄၀။ နေရင်း၊ ၃၆၀။ ပခုက္ကူ၊ ၅၁၅။ ဘာသာဋီ၊ ၁၂၇။ ဂဏ္ဌိ၊ ၂၆၉။)

၁။ (ခ) ဝါကျကို နိယတ် အနိယတ် ထည့်သွင်း၍ ပါဌာနုသာရီအနက်ယောဇနာပါ။
၂။ (ခ) ဝါကျကို သံဝဏ္ဏနာနုရူပပုစ္ဆာတက်ပါ။
၃။ (က) ဝါကျကို ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ (ခ) ဝါကျ၌ ပဌမသံဝဏ္ဏနာအရ အပရန္တကပ္ပိကာကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္ကထုတ်ပါ။
၅။ (ခ) ဝါကျ၌ ဂဏှန္တိ ကို ဟိတ်ပြင်၍ ယင်းဟိတ်၏သမ္ဗန်ခံပြီး စာစပ်ပါ။
၆။ (ခ) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ န သမ္မာယေယျန္တိ န သမ္မာဒေယျ။ မောမူဟောတိ အတိသမ္မူဠှော။ (၄၊၁၀၈) ၌ သံဝဏ္ဏနာ အားလျော်စွာ သံဝဏ္ဏေတဗ္ဗပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။
၈။ သညီဝါဒအဖွင့်၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ် ရသော တိတ္ထိပုဂ္ဂိုလ်တို့သည် အဘယ်အယူကို ယူကြသည်ကို အဋ္ဌကထာနည်းကျကျရေးသားခဲ့ပါ။ (၄၊ ၁၁၀)
၉။ အောက်ပါ ဂါထာကို ဆန်းစစ်၍ ဂါထာအမည်၊ ဆန်းအမည်ပေးပါ။
သင်္ကေတာဝစန် (ပ) ဘူတလက္ခဏ် (၄၊ ၃၁၆)
၁၀။ (ခ) ဝါကျ ကပ္ပေတွာ ၌ ဓာတွတ္ထကိုရှု၍ ဘာဝလက္ခဏ်ရထုတ်ပါ။

---

၁။ (ခ) ဝါကျ၌ ယေ သမဏဗြာဟ္မဏာ၊ တေ သမဏဗြာဟ္မဏာ-ဟု အနိယမ နိယမ ထည့်ပေးပါ။

၂။ (ခ) ဝါကျကို သံဝဏ္ဏနာနုရူပပုစ္ဆာတက်ပုံ၊

ဆရာ အာနန္ဒာသည် သန္တိ ဘိက္ခဝေ အပရန္တကပ္ပိကာ စသည်ကိုဟောတော်မူ၏။ ယင်း အပရန္တကပ္ပိကာပုဒ်ကို မည်သို့ ဝစနတ္ထပြုရမည်နည်း၊ တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်လော၊ စုဒ်ကြောင့် (ခ) ဝါကျမိန့်။

အဓိပ္ပါယ်ကား (ခ) ဝါကျဖြင့် အပရန္တကပ္ပိကာပုဒ်ကို ကတ္တုသာဓန ကိတန္တ ဒုတိယာ တပ္ပုရိသ် (ဝါ) အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု ငါပြ -- ဟူလို။

၃။ (က) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု ဧဝံ အဋ္ဌာရသ ပုဗ္ဗန္တကပ္ပိကာ ဒဿိတာ။
(ခ) အထကသ္မာ "သန္တိ ဘိက္ခဝေ"တိ အာဒိမာဟ။
(ဂ) နနု ဣဒါနိ စတုစတ္တာရီသ အပရန္တကပ္ပိကေ ဒဿေတုံ ဟောတိ။
(ဃ) တသ္မာ "သန္တိ ဘိက္ခဝေ"တိ အာဒိမာဟ။

http://www.dhammadownload.com



၄။ အပရန္တံ ကပ္ပေန္တီတိ အပရန္တကပ္ပိကာ။
နောက် အနာဂတ်အဘို့အစု၏+ကြံဆတတ်သော ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေးစပ်ခြင်း သမ္ဗန်သည်လည်းကောင်း။ အနာဂတ်အဘို့အစုကိုကြံဆခြင်း ကြိယာသကတ်သည် လည်းကောင်း ဝစနဟေတု၊
အနာဂတ်အဘို့ကို ကြံဆတတ်သော သမဏဗြာဟ္မဏ တို့ဖြစ်သည် ဝစနီယ၊
အနာဂတကောဋ္ဌာသကပ္ပိကာ စသောပရိယာယ်သည် ဝစနီယတ္ထ၊

၅။ ဂဏှန္တိ ကို ဂဏှန္တတ္ထာ ဟုဟိတ်ပြင်။ ယင်းသမ္ဗန်ကို ပခုက္ကူနိသျ ဘာသာဋီတို့အလို သမဏ ဗြာဟ္မဏာနံ ဟုခံ။ နေရင်းနိသျအလို ပုဂ္ဂလာနံဟုခံ (ကတ္တား+သမ္ဗန်စပ်)

၆။ အနာဂတကောဋ္ဌာသသင်္ခါတံ ဖြင့် အပရန္တကပ္ပိကာ၌ အပရ သဒ္ဒါ၏ အနာဂတ အနက် ဟော--လည်းကောင်း၊ အန္တသဒ္ဒါ၏ ကောဋ္ဌာသအနက်ဟော--လည်းကောင်း၊ အပရန္တအရ အနာဂတ်အဘို့အစုကို ယူရမည်ကိုလည်းကောင်း သိစေသည်။
အပရန္တံ ကပ္ပေတွာ ဂဏှန္တိ ဖြင့် ကပ္ပိကာ ၌ ဏွု ပစ္စည်းကတ္တားအနက်၌ သက်သည်ကို လည်းကောင်း၊ ကပ္ပေန္တီတိ ကပ္ပိကာဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ အပေါင်းပုဒ် ကို အပရန္တံ+ကပ္ပိကာ အပရန္တကပ္ပိကာ ဟု ဒုတိယာတပ္ပုရိသ်သမာသ်ပြုရမည်ကိုလည်းကောင်း သိစေသည်။ (ဘာသာဋီကာ၊ ဒု။ ၂၆ ရှု)
(တနည်း) အပရန္တံ ကပ္ပေန္တီတိ အပရန္တကပ္ပါ၊ အပရန္တကပ္ပါ ဧဝ ·အပရန္တကပ္ပိကာဟု ပြု၍ ဣက ပစ္စည်းသွတ္ထ(ဝါ) သကတ္တ၌ သက်သည်၏အဖြစ်ကိုသိစေသည်။ (ဂဏ္ဌိ၊ ၂၃၆)။
အပရန္တကပ္ပေါ ဝါ ဧတေသံ အတ္ထီတိ အပရန္တကပ္ပိကာ ဖြင့် အပရန္တကပ္ပိကာ၌ ဣက ပစ္စည်း အဿတ္ထိအနက်၌သက်သည်ကိုလည်းကောင်း၊ အပရန္တကပ္ပိကာပုဒ်ကို အဿတ္ထိဝစနတ္ထ ပြုရမည်ကိုလည်းကောင်းသိစေသည်။

၇။ သမ္ဗာယေယျုံ ကား သမ္ဗာဒေယျုံ ဟူလိုလျက် ဒကို ယပြု၍ ပြီးသည်။
◆ "နသမ္ဗာယေယျု"န္တိ ဧတ္ထ ဒကာရဿ ယကာရာဒေသတ်, ဧယျုသဒ္ဒဿ စ သာမတ္ထိယတ္ထတံ ဒဿေတုံ "န သမ္ဗာဒေယျု"န္တိ အာဒိ ဝုတ္တံ။ (သီဋီသစ်၊ ၁၊ ၄၃၃)။
မောမူဟ ကား မောဟမူဟ ဟူလိုလျက် အလယ်၌ ဟကိုချေ၍ ပြီးသည်။
◆ "မောဟမူဟော"တိ ဝတ္တဗ္ဗေ ဟကာရလောပေန "မောမူဟော"တိ ဝုတ္တံ။ (သီဋီသစ်၊ ၄၃၃)။

၈။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ရသောတိတ္ထိတို့သည် ပုဗ္ဗန္တကပ္ပိကအယူကို ယူကြကုန်၏။
ဒိဗ္ဗစက္ခုဉာဏ်ကိုရသောတိတ္ထိတို့သည် အပရန္တကပ္ပိက အယူကို ယူကြပါသည်။ (၄၂၁၀)။

၉။ ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘဆန်းဖြစ်သည်။

၁၀။ ကပ္ပေတွာ ၌ ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ။
† နောက်ဖြစ်သောအနာဂါတ်အဖို့အစုကို ကြံဆ၍ပြောဆိုကြကုန်သော သမဏဗြာဟ္မဏတို့ ၏သန္တာန်၌တဏှာဒိဋ္ဌိဖြစ်ပေါ်ခြင်းသောစိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ+ ကာမသိဂ်ါရရသ။
† တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော အနာဂါတ်အဖို့အစုသည် အာရမ္မဏဝိဘာဝ။

http://www.dhammadownload.com



✝ အပရန္တကပ္ပိကဝါဒီ သမဏဗြာဟ္မဏတို့၏ အယောနိသောမနသိကာရသည်လည်းကောင်း။ မိမိ၏မိစ္ဆာအယူကို စွဲမြဲစွာယူထားမှုဒိဋ္ဌုပါဒါန်သည်လည်းကောင်း ဥဒ္ဒိပနဝိဘာဝ။

✝ ယင်းမိစ္ဆာအယူဝါဒကို မစွန့်ခြင်းကြောင့် အပါယ်ငရဲ၌ဖြစ်ရခြင်းစသော အကျိုးတရား အဆက်ဆက်သည် အနုဘာဝ။

⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂

## ဝါကျဥယျာဉ် (၉၃)

(က) အသညီဝါဒေါ သညီဝါဒေ အာဒိမှိ ဝုတ္တာနံ ဒွိန္နံ စတုက္ကာနံ ဝသေန ဝေဒိတဗ္ဗော။ တထာ နေဝသညီနာသညီဝါဒေါ။

(ခ) ကေဝလဥှိ တတ္ထ "သညီ အတ္တာ"တိ ဂဟိတာနံ တာ ဒိဋ္ဌိယော။ ဣဓ "အသညီ"တိစ "နေဝသညီနာသညီ"တိစ။

(ဂ) တတ္ထ န ကေနစိ ကာရဏံ ပရိယေသိတဗ္ဗံ။

(ဃ) ဒိဋ္ဌိဂတိကဿ ဟိ ဂါဟော ဥမ္မတ္တကပစ္ဆိသဒိသောတိ ဝုတ္တမေတံ။

(င) သေသမေတ္ထ ဝိဇာနေသု။ ဥစ္ဆေဒန္တိ ဥပစ္ဆေဒံ။

(ဋ၊ ၁၁၀။ သီဋီသစ်၊ ၄၄၄။ ပဒုက္ကူ၊ ၅၁၈။ ဘာသာဋီ၊ ၃၊ ၁၃၅။ ဂဏ္ဌိ၊ ၂၇၀။)

၁။ (ခ) ဝါကျကို နိပါတ်သဗ္ဗနာမ်အစွဲမှန်စေလျက် အာဒိဒီပကနည်းကို နှလုံးမူ၍ ကျနစွာအနက်သမ္ဗန်ပါ။

၂။ (ခ) ဝါကျကို ဒေါသာရောပနစောဒနာတက်၍၊ (ဃ) ဝါကျကို အနုသန္ဓေတက်ပါ။

၃။ (ဂ+ဃ) ဝါကျတို့ကို စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ ဥမ္မတ္တကပစ္ဆိ ၌ ပစ္ဆိ ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ (ဃ) ဝါကျ၌ ဥမ္မတ္တကပစ္ဆိသဒိသော ကို ဟိတ်ပြင်၍၊ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပ စာစပ်ပါ။

၆။ (င) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။

၇။ ပစ္ဆိ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ (ဂ) ဝါကျ ကာရဏံ ပရိယေသိတဗ္ဗံ ၌ ကာရဏ အရကို ဖော်ပြပါ။

၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် / ဆန်းအမည်ပေးခဲ့ပါ။
သီလကထာ ဓုတဓမ္မာ၊ ကမ္မဋ္ဌာနာနိစေဝ သဗ္ဗာနိ။
စရိယာဝိဓာနသဟိတော၊ ဈာနသမာပတ္တိဝိတ္ထာရော။ (ဋ၊ ၂)။

၁၀။ (ခ) ဝါကျ သညီ အတ္တာတိ ဂဟိတာနံ ၌ ဂဟိတာနံ ဝယ် ဓာတွတ္ထကို၍ ဘာဝါလက္ခဏာရ ထုတ်ပြပါ။

http://www.dhammadownload.com



၁။ (၁) ဝါကျအနက် ။

ဟိ၊ မုန်၏။ (တနည်း) ဟိ၊ စိုးစဉ်းအနည်းငယ် ဆိုဘွယ်အထူးကား။ ကေဝလံ၊ နေဝသညီနာသညီဝါဒနှင့် မရောမယှက်သက်သက်။ တတ္ထ၊ ထိုသညီဝါဒ၌။ အတ္တာ၊ သည်။ သညီ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဂဏှန္တာနံ၊ ယူကြကုန်သောပုဂ္ဂိုလ်တို့အား။ တာဒိဋ္ဌိယော၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဣဓ၊ ဤနေဝသညီ နာသညီဝါဒ၌။ အတ္တာ၊ သည်။ အသညီ၊ သည်။ ဟောတိ၊ ၏။ ဣတိစ၊ လည်းကောင်း။ အတ္တာ၊ သည်။ နေဝသညီ၊ သညာရှိသည်လည်းမဟုတ်။ နာသညီ၊ သညာမရှိသည်လည်းမဟုတ်။ ဣတိစ၊ လည်းကောင်း။ (ဂဏှန္တာနံ၊ တို့အား။ တာဒိဋ္ဌိယော၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။)

❖ "အသညီ"တိစ "နေဝသညီနာသညီ"တိစ ဂဏှန္တာနံ တာ ဒိဋ္ဌိယောတိ သမ္ဗန္ဓော။ (သီဋီသစ်)။

✻ ဧဝ + ကေဝလံ၊ နှစ်တန်ကပ်ရှိ၊ နိပါတ် ဟိ၊ ယုတ္တိဒဋ္ဌိစွဲ။

၂။ (၁) ဝါကျ ဒေါသာရောပနငစာဒနာတက်ပုံ။

ဆရာ၊ ဆရာသည် (က) ဖြင့် အသညီဝါဒကို သညီဝါဒအစ၌ ဆိုအပ်ခဲ့ပြီးကုန်သော စတုက္ကနှစ်ပါးတို့၏အစွမ်းဖြင့် သိအပ်၏။ နေဝသညီနာသညီဝါဒကို (လည်း) ထို့အတူ သိအပ်၏ ဟု ဆိုတော်မူ၏။ ယင်းသို့သိအပ်သည်ရှိသော် ထိုဝါဒနှစ်ခုကို အနည်းငယ်မျှအထူးမရှိ တစ်ထပ်တည်း တူညီ၏ ဟု မှတ်ရပါမည်လော။ အဘယ်သို့မှတ်သားရပါမည်နည်း။ (တနည်း) ယင်းသို့သိအပ်သည် ရှိသော် (ထိုဝါဒနှစ်ခုသည် တစုံတခု ထူးခြားမှုရှိနေပါက) ယုတ္တိနှင့် ကင်း၍ မသင့်တန်ရာသည် မဟုတ်ပါလော။ ဆရာ့စကားကို ခိုင်မြဲစေတတ်သော ယုတ္တိဒဋ္ဌိကား အဘယ်ပါနည်း။ အကယ်၍ တစုံတခုသော ထူးခြားမှုကို မပြဆိုပါက ဆရာ့အား အတိဗျာပိတ -- ၏။ (တနည်း) အကယ်၍ (က) ဖြင့် ဆိုခဲ့သော ဆရာ့စကားကို ခိုင်မြဲစေတတ်သော အသင့် ယုတ္တိကို မပြဆိုပါက ဒဋ္ဌိယ+ ဒဋ္ဌိကရဏဆန့် - ဝိရောဓိ - ၏။ စုဒ်ကြောင့် (၁) မိန့်။

❖ အထ န ကောစိ ဝိသေသော အတ္ထီတိ စောဒနံ သောဓေတိ "ကေဝလဥ္ဟိ"တိ အာဒိနာ။ (သီဋီသစ်။)

✻ ဧဝ, ကေဝလံ၊ နှစ်တန်ကပ်ရှိ၊ နိပါတ်ဟိ၊ ယုတ္တိ+ဒဋ္ဌိစွဲ။
ဧဝနောက်ထံ၊ နိပါတ်ရံ၊ သာမန်ဒေါသပယ်။
ကေဝလံယှိ၊ နိပါတ်ရှိ၊ အတိဒေါသပယ်။ (ဘာသာဋီ၊ ဒု။ ၁၃၅)

(ဂ) ဝါကျ သီဋီသစ်+ဂဏ္ဌိ ကျမ်းတက် ။

ယခုအခါ၌ ကာရဏပရိယေသန ဖြစ်သင့်သော်လည်း ဒိဋ္ဌိဂတိကဝါဒတို့၏ အနာဒရိယ အဖြစ်ကိုပြအံ့သောငှာ "န ဧကန္တေန ကာရဏံ ပရိယေသိတဗ္ဗံ" မိန့်။

❖ သတိပိ ကိဉ္စိ ကာရဏပရိယေသနသမ္ဘဝေ ဒိဋ္ဌိဂတိကဝါဒါနံ အနာဒရိယဘာဝံ ဒဿေတုံ "န ဧကန္တေန ကာရဏံ ပရိယေသိတဗ္ဗ"န္တိ။ (သီဋီသစ်)

(ဃ) ဝါကျ အနုသန္ဓေတက်ပုံ ။

http://www.dhammadownload.com



၃။ (ဂ+ဃ) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု ကာရဏံ ဝိနာ ဖလာနိ န ဥပ္ပဇ္ဇန္တိ။

(တနည်း) နနု ကောစိ ကာရဏပရိယေသနသမတ္ထော ဝါ သံဝိဇ္ဇတိ။ (သီဋီသစ်၊ ၄၄၄)။

(ခ) အထ ကသ္မာ တတ္ထ န ကေနစိ ကာရဏံ ပရိယေသိတဗ္ဗံ။

(ဂ) နနု ဒိဋ္ဌိဂတိကဿ ဂါဟော ဥမ္မတ္တကပစ္ဆိသဒိသောတိ ဝုတ္တမေတံ။

(ဃ) တသ္မာ တတ္ထ န ကေနစိ ကာရဏံ ပရိယေသိတဗ္ဗံ။

(ဂ) ဝါကျကို သီဋီသစ် နှင့်အညီ စတုက္ကထုတ်ပုံ။

(က) နနု ကောစိ ကာရဏပရိယေသနသမတ္ထော ဝါ သံဝိဇ္ဇတိ။

(ခ) အထ ကသ္မာ န ကေနစိ ကာရဏံ ပရိယေသိတဗ္ဗန္တိ ဝုတ္တံ။

(ဂ) နနု ဒိဋ္ဌိဂတိကဝါဒါနံ အနာဒရိယဘာဝံ ဒဿေတုံ (ဟောတိ)

(ဃ) တသ္မာ န ကေနစိ ကာရဏံ ပရိယေသိတဗ္ဗန္တိ ဝုတ္တံ။

အမှာ ။ သီဋီသစ် သာကေ (၂) နံပါတ်အဖြေ၌ရှု။

၄။ ပသီယတိ ဗာဓီယတိ ဧတ္ထာတိ ပစ္ဆိ။ (ဏွာဒိမောင်၊ ၄၁။)

တားမြစ်ခြင်း, နှိပ်စက်ခြင်းကြိယာသကတ်သည်--ဝစနဟေတု။

တောင်းဒြဗ်သည်--ဝစနီယ။

ဘာဇနဝိသေသ စသော ပရိယာယ်သဒ္ဒါများသည်--ဝစနီယတ္ထမည်၏။

၅။ ဥမ္မတ္တကပစ္ဆိသဒိသော ကို ဥမ္မတ္တကပစ္ဆိသဒိသတ္တာ ဟု ဟိတ်ပြင်။

ယင်း၏သမွန်ကို ဂါဟဿ ဟုခံ။ (ကတ္တား+သမ္ဗန်စပ်)။

၆။ (င) ဝိဇ္ဇမာနဿ ဖြင့် သတော ပုဒ်သည် သတိ ရှိသူဟူသောအနက်ကိုမဟော, ထင်ရှားရှိခြင်း ဝိဇ္ဇမာနအနက်ဟော--လည်းကောင်း၊ သတော ၌ သမု ဓါတ်စသည်မဟုတ်, အသ ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ယင်းအသ ဓာတ်သည် ဤ၌ ခံစားခြင်းအသနတ္ထ, သာမန်ဖြစ်ခြင်း ဘဝနတ္ထ ကို မဟော၊ ဝိဇ္ဇမာနတ္ထကိုဟော--လည်းကောင်း။ သတော ၌ တော ပစ္စည်းမဟုတ်, သ ဝိဘတ်နှင့်တကွ န္တ သဒ္ဒါ၏ ကာရိယတော ၏ အဖြစ်ကိုလည်းကောင်း (ဝိဘတ္တိပဒ) သိစေ။

ဥပဇ္ဈေဒံ ဖြင့် ဥစ္ဆေဒံ ၌ ဥ သည် ဥပသဒ္ဒါ၏ပရိယာယ်--လည်းကောင်း၊ ယင်း ဥ သဒ္ဒါ၏ ဥပသက်မနအနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ ဥ ပုဗ္ဗ+ဆိဒိ ဓာတ်၏ ပြတ်ခြင်းဟူသောအနက်ကိုဟောသော အကမ္မကဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ အတ္တမပြတ်သေးသမျှကာလ ပတ်လုံး ဤအတ္တသည် ထင်ရှားရှိသည်သာဟုယူခြင်းကြောင့် နောက်ထပ်ပျက်ခြင်းမရှိသော ပျက်ခြင်းကို ဤ၌ ဥစ္ဆေဒဟုလိုအပ်သည်၏အဖြစ်ကိုလည်းကောင်း သိစေသည်။ (သီဋီသစ်၊ ၄၄၅။ ဘာသာဋီကာ၊ ဒု၊ ၁၃၆)။

(တနည်း) ဥပစ္ဆေဒံ-ဖြင့် ဥစ္ဆေဒံ-၌ ဥ-၏ ဥပရိဘာဂအနက်ဟော--လည်းကောင်း၊ တဖန်မဖြစ်ခြင်း၏ အစွမ်းဖြင့် ဖြစ်ခြင်း၏ ပျက်စီးခြင်းသည်သာ ဥစ္ဆေဒမည်၏ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေ။ (သီဋီသစ်၊ ၄၄၅)။

http://www.dhammadownload.com



၇။ ပစ္ဆိ ပုဒ် နိရုတ္တိနည်းကို ဝါကျဥယျာဉ် (၇၇) ၌ ပြခဲ့ပြီ။

၈။ (ဂ) ဝါကျ ကာရက အရ ထူးသောအကြောင်း (ဝါ) မိစ္ဆာအယူဖြစ်ပေါ်လာရခြင်း အကြောင်းကိုယူ။

◆ ကာရကန္တိ ဝိသေသကာရကံ၊ ဒိဋ္ဌိသမုဒါဂမကာရကံ ဝါ။ (သီဋီသစ်)။

၉။ အရိယာဂါထာ၊ မတ္တာဂုဏ္ဏဆန်းဖြစ်သည်။ အမည်ထူးအားဖြင့် ပထျာအရိယာဖြစ်သည်။ ဆန်းစစ်ပုံ၊ အကြောင်းပြအမည်ပေးပုံကို ဝါကျဥယျာဉ်အမှတ် (၄) ၌ အကျယ်ပြခဲ့ပြီ။

၁၀။ ဂဏှန္တာန် ဝယ် ဓာတွတ္တကို ရှု၍ ဘာဝါလက်ာရထုတ်ပုံ။

✝ အတ္တသည် သညာရှိ၏ဟုပြောဆိုကြကုန်သော, ယူကြကုန်သော သမဏဗြာဟ္မဏတို့၏ သန္တာန်၌ တဏှာဒိဋ္ဌိပြဋ္ဌာန်းသော လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ+ ကာမသိင်္ဂါရရသ။

✝ တဏှာဒိဋ္ဌိ၏အာရုံဖြစ်သောခန္ဓာငါးပါးရုပ်နာမ်အဘို့အစုတရားများသည် အာရမ္ဗဏဝိဘာဝ။

✝ အတ္တသည် သညာရှိ၏ယူကြကုန်သော မိစ္ဆာဒိဋ္ဌိသမဏဗြာဟ္မဏတို့၏ အယောနိသောမနသိကာရ စသည်သည်လည်းကောင်း၊ ဒိဋ္ဌုပါဒါန်သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

✝ အတ္တသည် သညာရှိ၏ဟုယူထားခြင်းကြောင့် အပါယ်ဒုဂ္ဂတိတို့၌ ဖြစ်ရခြင်းစသော အကျိုးတရားအဆက်ဆက်သည် အနုဘာဝမည်၏။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

## ဝါကျဥယျာဉ် (၉၄)

(က) ရူပီတိ ရူပဝါ။

(ခ) စာတုမဟာဘူတိကောတိ စတုမဟာဘူတမယော။

(ဂ) မာတာပိတုန္နံ ဧတန္တိ မာတာပေတ္တိကံ။

(ဃ) ကိံ တံ ? သုက္ကသောဏိတံ။

(င) မာတာပေတ္တိကေ သမ္ဘူတော ဇာတောတိ မာတာပေတ္တိကသမ္ဘဝေါ။

(စ) ဣတိ ရူပကာယသီသေန မနုဿတ္တဘာဝံ "အတ္တာ"တိ ဝဒတိ။

(ဆ) ဣတ္ထေကေတိ ဣတ္ထံ ဧကေ၊ ဧဝမေကေတိ အတ္ထော။

(၅၊ ၁၁၀။ သီဋီသစ်၊ ၄၄၈။ ပဥ္စက္ကူ၊ ၅၁၉။ ဘာသာဋီ၊ ဒု၊ ၁၄၀။ ဂဏ္ဌိ၊ ၂၇၂။)

၁။ (ဂ+င) ဝါကျတို့ကို နိယမာနိယမနည်းဖြင့် ကျနစွာ အနက်သမ္ဗန်ပါ။

၂။ (ဃ) ဝါကျကို သာဘောဂပုစ္ဆာတက်၍၊ (င) ဝါကျကို အနုသန္ဓေတက်ပါ။

၃။ (စ) ဝါကျကို စောဒကာသောဂါဒိစတုက္ကထုတ်ပြပါ။

၄။ သုက္ကသောဏိတံ ၌ သုက္က ပုဒ်ကို ဝစနတ္ထပြု၍၊ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ (င) ဝါကျ သမ္ဘူတော, ဇာတော ပုဒ်တို့ကို ဟိတ်ပြင်၍ ယင်းဟိတ်တို့၏ သမ္ဗန်ကိုခံ၍ အတ္တာနုရူပစာစပ်ပါ။

http://www.dhammadownload.com



၆။ (က+ခ+ဂ+ဃ+င+ဆ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။
၇။ သုတ္တသောဏိတံ ၌ သုတ္တ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ မာတာပေတ္တိကေ ၌ ဝိဘတျတ္ထကိုညွှန်ပြ၍၊ (စ) ဝါကျ၌ ရူပကာယဝသေန ဟုမဆိုဘဲ ရူပကာယသီသေန ဟုဆိုသဖြင့် သိစေလိုရင်း အဓိပ္ပါယ်ကိုရှင်းပြပါ။
၉။ အကြင်သူသည် ဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း ကိုး ကွယ်ရာဟူ၍ဆည်းကပ်၏။ ထိုသူသည် လေးပါးကုန်သော အရိယသစ္စာတို့ကို မှန်ကန်သော အရိယမဂ်ပညာဖြင့် မြင်၏ဟူသော မြန်မာစကားရပ်ကို ဂါထာဗန္ဓသီကုံး၍ ဂါထာအမည်ပေးခဲ့ပါ။ (၄၊ ၂၀၈။)
၁၀။ ပိတု ၌ ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရ ထုတ်ပြပါ။

===================

၁။ (ဂ+င) ဝါကျ နိယမာနိယမအနက်ပေးပုံ -

(ဂ) ယံဝတ္ထုံ၊ သည်။ မာတာပိတူနံ၊ တို့၏။ ဓေါ၊ ဥစ္စာတည်း။ ဣတိ၊ ကြောင့်။ တံဝတ္ထုံ၊ သည်။ မာတာပေတ္တိကံ၊ မည်၏။

(င) ယောအတ္တာ၊ သည်။ မာတာပေတ္တိကေ၊ အမိအဘတို့၏သုက်သွေးကြောင့် ။ သမ္ဘူတော ဇာတော၊ ဖြစ်သည်တည်း။ ဣတိ၊ ကြောင့်။ သောအတ္တာ၊ သည်။ မာတာပေတ္တိကသမ္ဘဝေါ၊ မည်၏။

၂။ (ဃ) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (ဂ) ဝါကျဖြင့် မာတာပေတ္တိကံ ပုဒ်ကို ဣဒံတဒ္ဓိတ်ဝစနတ္ထပြ၍ အမိအဘတို့၏ ဥစ္စာသည် မာတာပေတ္တိက မည်သော ဟုဆို၏။ ယင်းမာတာပေတ္တိက အရ အမိအဘတို့၏ ဥစ္စာဟူသည် အဘယ်ပါနည်း။ ရွှေငွေစသည်ကိုပင်ဆိုလိုပါသလော။ စုဒ်ကြောင့် (ဃ) မိန့်။ (ဂဏ္ဌိ၊ ၂၇၂။)

(င) ဝါကျ အနုသန္ဓေတက်ပုံ။

ဤသို့ (ဂ+ဃ) ဝါကျတို့ဖြင့် မာတာပေတ္တိကသမ္ဘဝေါ ၌ မာတာပေတ္တိက ဟူသော အစိတ်ပုဒ်၏ အဘိဓာနတ္ထ, အဘိဓေယျတ္ထ အဖွင့်သံဝဏ္ဏနာကိုပြဆိုပြီး၍၊ ယခုအခါ၌ မာတာပေတ္တိက သမ္ဘဝ ဟူသောအပေါင်းပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုပြလိုသောဆရာသည် (င) မိန့်။

(စ) ဝါကျ ပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (က+ခ+ဂ+ဃ+င) ဝါကျတို့ဖြင့် ရူပီ, စာတုမဟာဘူတိက, မာတာပေတ္တိကသမ္ဘဝ ပုဒ်တို့၏ ဝစနတ္ထအဘိဓာနတ္ထနှင့်တကွ အဘိဓေယျတ္ထတို့ကို အသီးအသီး ပြဆိုတော်မူ၏။ ယင်းရူပီ စသောပုဒ်သုံးခုတို့၏စပ်ရာ အယံ အတ္တာ ဟူသော (ပါဠိတော်) ပုဒ်အရ (ဝါ) ရူပီ စသောပုဒ်သုံးခုတို့အရ တိရစ္ဆာန်အတ္တဘော, နတ်အတ္တဘောတို့ကိုပင် ယူရပါမည်လော။ အဘယ် အတ္တဘောကိုယူရပါသနည်း။ စုဒ်ကြောင့် (စ) မိန့်။

❖ ဣတိတိ ဣမေဟိ တီဟိ ပဒေဟိ။ (သီဋီသစ်၊ ၄၄၈)။

F 43 B

http://www.dhammadownload.com



(စ) ဝါကျ ဂဏ္ဌိကျမ်းတက်ပုံ။

စာတုမဟာဘူတိကအတ္ထဘောဟူသဗ္ဗေပင်လော စုဒ်ရှိရကား "ဣတိ မနုဿတ္တဘာဝံ အတ္တာတိ ဝဒတိ" ကို မိန့်။ မနုဿအတ္တဘောသည် ပဉ္စက္ခန္ဓာမဟုတ်လော, စောဒနာကြောင့် "ရူပကာယသီသေန" ကို မိန့်။ (ဂဏ္ဌိ၊ ၂၇၂။)

၃။ (စ) ဝါကျ စောဒကာဘောဂါဒိစတုက္ကထုတ်ပုံ။

(က) နနု မနုဿတ္တဘာဝေါ ပဉ္စက္ခန္ဓော ဟောတိ။ (ဂဏ္ဌိကျမ်းတက်အာဘော်ရှု)။

(ခ) အထ ကသ္မာ ဣတိ မနုဿတ္တဘာဝံ အတ္တာတိ ဝဒတိ။

(ဂ) နနု ရူပကာယသီသေန ဝဒတိ။

(ဃ) ယသ္မာ ဣတိ မနုဿတ္တဘာဝံ အတ္တာတိ ဝဒတိ။

၄။ သောစန္တိ ဇေတေနာတိ သုက္ကံ။ (ဏွာဒိမောင်။ ၁၅-သုတ်)

စိုးရိမ်ခြင်းကြိယာသကတ်သည်--ဝစနဟေတု။

သုက်ဒြဗ်သည်---ဝစနီယ။

အသုစိ, သမ္ဘဝေါ စသောပရိယာယ်သဒ္ဒါများသည်---ဝစနီယတ္ထ။

သုက္ကဉ္စ+သောဏိတဉ္စ သုက္ကသောဏိတံ။ (အဖေ၏သုက်နှင့်အမေ၏သွေးရ၏)။

(တနည်း) သုက္ကသခါတံ + သောဏိတံ သုက္ကသောဏိတံ။ (သီဋီသစ်၊ ၄၄၈)။

၅။ (င) ဝါကျ သမ္ဘူတော , ဇာတော ကို သမ္ဘူတတ္တာ, ဇာတတ္တာ ဟု ဟိတ်ပြင်။

ယင်းတို့၏သမ္ဗန်ကို (မာတာပေတ္တိကသမ္ဘဝဿ) ဣမဿ အတ္တနော ဟုခံ။ (ကတ္တား+သမ္ဗန်စပ်)

- အယံ အတ္တာ ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိသမ္ဘဝေါ။ (ပါဠိတော်-နှာ။ ၃၁။ ကိုထောက်)။

အမှာ ။ ။ သံဝဏ္ဏေတဗ္ဗ စာတုမဟာဘူတိကော, မာတာပေတ္တိကသမ္ဘဝေါ တို့ကို စာတုမဟာဘူတိကတ္တာ, မာတာပေတ္တိကသမ္ဘဝတ္တာ ဟု ဟိတ်ပြင်ကလည်း ယင်းတို့၏ သမ္ဗန်ကို ဣမဿ အတ္တနော ဟုခံ။ (အထက်ပါ ပါဠိတော်ကိုပင် ထောက်လေ။)

၆။ (က) ဖြင့် ရူပီ ၌ ဣတ္ထိဇောတက ဤ ပစ္စည်းမဟုတ်၊ (ဂဏ္ဌိ၊ ၂၇၂) အဿတ္ထိအနက်၌သက်သော ဤ ပစ္စည်း၏အဖြစ်ကိုလည်းကောင်း၊ ရူပံ အဿ အတ္ထိတိ ရူပီ ဟု အဿတ္ထိ --တဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း သိစေပါသည်။

(ခ) ဖြင့် စာတုမဟာဘူတိကော ၌ ဏိက ပစ္စည်း၏ နိဗ္ဗတ္တအနက်၌သက်---လည်းကောင်း၊ စတုမဟာဘူတေဟိ+နိဗ္ဗတ္တော စာတုမဟာဘူတိကော ဟု နိဗ္ဗတ္တ တဒ္ဓိတ်ဝစနတ္ထပြု - လည်းကောင်း သိစေပါသည်။

(ဂ) ဝါကျဖြင့် မာတာပေတ္တိက ၌ ဣက ပစ္စည်း၏ ဣဒံတဒ္ဓိတ်အနက်၌သက် (ဝါ) သန္တကတဒ္ဓိတ်အနက်၌သက်--လည်းကောင်း၊ မာတာပိတူနံ+ဧတံ မာတာပေတ္တိကံ ဟုပြု --- လည်းကောင်း သိစေပါသည်။

(ဃ) ဖြင့် မာတာပေတ္တိကသမ္ဘဝေါ ၌ မာတာပေတ္တိက အရ မိဘတို့၏ ဥစ္စာဖြစ်သော ရွှေငွေစသည်ကိုမယူရ၊ မိဘတို့၏သုက်သွေးကိုယူရမည်ဟုသိစေပါသည်။

http://www.dhammadownload.com



(င) ဝါကျ မာတာပေတ္တိကေ သမ္ဘူတော ဖြင့် မာတာပေတ္တိကေ+သမ္ဘဝေါ မာတာပေတ္တိက သမ္ဘဝေါ ဟု သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြု--လည်းကောင်း၊ သမ္ဘဝသဒ္ဒါ၏ သမ္ဘူတအနက် ဟော -- လည်းကောင်း သိစေပါသည်။

ဇာတော ဖြင့် သမ္ဘူတ သဒ္ဒါသည် ဇာတ အနက်ကိုဟော၏ဟု သိစေသည်။

(ဆ) ဣတ္တံ ဧကေဖြင့် ဣတ္ထေကေ ကို ဣတ္ထိ+ဧကေ ဟု ပဒစ္ဆေဒမပြုရ၊ ဣတ္တံ+ဧကေ ဟု ပဒစ္ဆေဒပြုရမည်ဟုသိစေပါသည်။

ဧဝမေကေတိ အတ္ထော ဖြင့် ဣတ္တံ ၌ ထံ ပစ္စည်း၏ ပကာရတဒ္ဓိတ်အနက်၌သက် -- လည်းကောင်း၊ ဣမိနာ ပကာရေန ဣတ္တံ ဟု ပကာရတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ ဣမ ထံ ဟူလိုလျက် ဣမ ကို ဣ ပြု၊ အသဒိသဒွေဘော် တ လာ၍ ဣတ္တံ ဟု ရုပ်ပြီးနေသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

❖ ဣမိနာ ပကာရေန ဣတ္ထန္တိ အာဟ "ဧဝမေကေ"တိ ။ (သီဋီသစ်၊ ၄၄၈)။

၇။ သုတ္တ ကား သက+တ။ တ ကို က ပြု။ သ အစိတ် အ ကို ဥ ပြု၍ ပြီးသည်။
(တနည်း) သုစ+က။ ဓာတွန် စ ကို က ပြု၍ ပြီးသည်။

❖ မာတု ကား မာန+ရာတု။ ဓာတွန် န နှင့် ရ အနုဗန်ကိုချေ၍ ပြီးသည်။
(တနည်း) ပါ+တု။ ပ ကို မ ပြု၍ ပြီးသည်။
(တနည်း) ပါ+တု။ ပါ ကို မာ ပြု၍ ပြီးသည်။

❖ မာန ပူဇာယံ။ ပုတ္တံ မာနေတီတိ မာတာ။ ရာတု။ ပါတီတိ ဝါ မာတာ။
ပါတိဿ မော။ ပါ ပါနေ ဝါ။ တု။ ပါဿ မာ။ ပါယေတီတိ မာတာ။ (သူစိ)

၈။ (င) ဝါကျ မာတာပေတ္တိကေ ၌ သို့ ဝိဘတ်သည် နိမိတ်အနက်၌သက်ထားပါသည်။

❖ မာတာပေတ္တိကေတိ နိမိတ္တေ စေတံ ဘုမ္မံ။ (သီဋီသစ်၊ ၄၄၈)။

ရူပကာယဝသေန ဟုမဆိုဘဲ ရူပကာယသီသေန ဟုဆိုခြင်းကြောင့် နာမ်တရားကိုလည်း "အတ္တ" ဟုယူရကြောင်းကိုသိစေသည်။ ပဓာနနည်းဖြင့် ရူပကာယကို ခေါင်းတပ်ထားသည်။ အပဓာန အားဖြင့် နာမကာယကိုလည်း "အတ္တ"ဟု ယူပါဟူလို။

❖ "ရူပကာယဝသေနာ"တိ အဝတွာ "ရူပကာယသီသေနာ"တိ ဝဒန္တော အရူပမ္ပိ တေသံ "အတ္တာ"တိ ဂဟဏံ ဉာပေတိ။ (သီဋီသစ်၊ ၄၄၈)။

၉။ ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။ (ပထျာဝတ္တဂါထာ)

၁၀။ ပိတု ၌ ဓာတွတ္ထကိုရှု၍ ဘာဝါလက်ာရထုတ်ပုံ။

✝ ပိတု ၌ ပါ (သို့မဟုတ်) ပီ ဓာတ်အရ သားသမီးတို့ကို စောင့်ရှောက်တတ်သော ချစ်မြတ်နိုးတတ်သော ဖခင်၏သန္တာန်၌ မေတ္တာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် -- ဓမ္မရတိပ္ပာယီဘာဝ + ဓမ္မသီဂ်ီရရသ။

✝ သားသမီးဖြစ်သည် -- အာရမ္မဏဝိဘာဝ။

http://www.dhammadownload.com



- ✝ ဖခင်နှင့် သားသမီးတို့၏ သွေးသားတော်စပ်မှုသည်လည်းကောင်း၊ သားသမီးတို့၏ ဣဋ္ဌ ကန္တ ပိယ မနာပဖြစ်သော ရုပ်ဆင်းအင်္ဂါစသည်သည်လည်းကောင်း -- ဥဒ္ဒီပနဝိဘာဝ။
- ✝ သားသမီးတို့ကို ချစ်မြတ်နိုးသဖြင့် သားသမီးတို့ကို မေတ္တာပို့သခြင်း၊ ယင်းဖခင်၏ မေတ္တာကြောင့် သားသမီးတို့ သန္တာန်၌ ဘေးရန်ကင်းပြီး ရွှင်လန်းချမ်းမြေ့ခြင်း၊ ဖခင် ဖြစ်သူအဘို့ မေတ္တာပြဟ္မစိုရ်တရားကြောင့် ပစ္စုပ္ပန်၌ ဒုက္ခအဝဝမှ ကင်းလွတ်ရခြင်း, တမလွန်၌ ပြဟ္မာ့ပြည်သို့လားရောက်ရခြင်းစသည်သည် -- အနုဘာဝ။

*******************

## ဝါကျဥယျာဉ် (၉၅)

(က) မနောမယောတိ ဈာနမနေန နိဗ္ဗတ္တော။

(ခ) သမ္ဘဂ်ပစ္စဂ်ီတိ သမ္ဘဂ်ပစ္စဂ်ယုတ္တော။

(ဂ) အဟီနိန္ဒြိယောတိ ပရိပုဏ္ဏိန္ဒြိယော။

(ဃ) ယာနိ ပြဟ္မလောကေ အတ္ထိ၊ တေသံ ဝသေန, ဣတရေသဉ္စ သဏ္ဌာနဝသေနေတံ ဝုတ္တံ။

(၅၊ ၁၁၁။ သီဋီသစ်၊ ၄၄၉။ နေရင်း၊ ၃၆၇။ ပခုက္က၊ ၅၂၀။ ဘာသာဋီ၊ ၁၄၂။ ဂဏ္ဌိ၊ ၂၇၃။)

၁။ သမ္ဘနာမ်အစွဲ တိကျစေလျက် (ဃ) ဝါကျကို အနက်ပေးပါ။
၂။ (က) ဝါကျကိုလျဉ်းပါးပုစ္ဆာတက်ပြီးလျှင် (ဃ) ဝါကျကို သာဘောဂပုစ္ဆာတက်ပြပါ။
၃။ (ဂ+ဃ) ဝါကျတို့ကို စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။
၄။ သမ္ဘဂ်ပစ္စဂ်ီ ၌ အဂ် ပုဒ်ကို ဝိဂ္ဂဟပြု၍ ဆက္ကထုတ်ပါ။
၅။ (က) ဝါကျ၌ နိဗ္ဗတ္တောကို နိဗ္ဗတ္တတ္တာဟု ဟိတ်ပြင်ခဲ့သော် ယင်းဟိတ်၏ဖြစ်ထိုက်သော သမ္ဗန်ကိုခံ၍ အတ္ထာနုရူပစာစပ်ပါ။
၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ ဒေါသော ဝါ ပဋိဃော ဝါ ၌ ပဋိဃပုဒ်၏ ရုပ်ပြီးပုံကိုဖြေပါ။
၈။ (၇) နံပါတ်ပုစ္ဆာပါ ဒေါသနှင့် ပဋိဃတို့၏ အထူးကိုဖြေပါ။
၉။ (ဃ) ဝါကျကို အဓိပ္ပါယ်မပျက်စေပဲ ဝတ္တမျိုးဂါထာစီ၍ ဂါထာအမည်ပေးပါ။
၁၀။ မနောမယော ၌ မန အရ တရားကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပါ။

===================

၁။ ယာနိ ဣန္ဒြိယာနိ၊ အကြင်စက္ခုန္ဒြေ သောတိန္ဒြေတို့သည်။ ပြဟ္မလောကေ၊ ၌။ အတ္ထိ၊ ကုန်၏။ တေသံ ဣန္ဒြိယာနံ၊ တို့၏။ ဝသေန၊ အစွမ်းဖြင့်လည်းကောင်း (ဝါ) ကြောင့် လည်းကောင်း။ ဣတရေသံ၊ ဤပြဟ္မာပြည်၌ရှိသော စက္ခုန္ဒြေ သောတိန္ဒြေတို့မှ တပါးကုန်သော။ ဣန္ဒြိယာနံ။ ပြဟ္မာပြည်၌မရှိသော ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေတို့၏။ သဏ္ဌာနဝသေနစ ဖြင့် လည်းကောင်း။ (ဝါ) ကြောင့် လည်းကောင်း။ ဧတံ ဝစနံ၊ အဟီနိန္ဒြိယော ဟူသော ဤသဒ္ဒါကို။ ဘဂဝတာ၊ သည်။ (ပခုက္က) တိတ္ထိယေန၊ တိတ္ထိယဆရာသည်။ (ဘာသာဋီကာ) ဝုတ္တံ၊ ပြီ။

❖ တေသန္တိ စက္ခုသောတိန္ဒြိယာနံ။ ဣတရေသန္တိ ဃာနဇိဝှါကာယိန္ဒြိယာနံ။ (သီဋီသစ်)

http://www.dhammadownload.com



၂။ (က) ဝါကျ လျှင်းပါးပုစ္ဆာ။

ဆရာ 'တိတ္ထိအယူရှိသောသူသည် မနေမယောဟုဆို၏။ ယင်း၌ မန အရ အဘယ်စိတ်ကို ယူရမည်နည်း၊ အဘိညာဉ်စိတ်ကို ယူရမည်လော၊ မယ ပစ္စည်းသည် မည်သည့်အနက်၌ သက်ပါသနည်း၊ သောတ္တအနက်၌ပင်သက်ပါသလော၊ ဤသို့မေးဘွယ်ရှိ၍ (က) မိန့်။

အဓိပ္ပါယ်ကား မနအရ ဈာန်စိတ်ကိုယူရမည်၊ မယ ပစ္စည်းသည် နိဗ္ဗတ္တအနက်၌ သက်၏ဟူလို။

(ဃ) ဝါကျ သာဘောဂပုစ္ဆာ၊

ဆရာသည် (ဂ) ဝါကျဖြင့် အဟီနိန္ဒြိယောကို ပရိပုဏ္ဏိန္ဒြိယောဟုဖွင့်ပြ၏။ (တနည်း) ဆရာ တိတ္ထိအယူရှိသူသည် အတိနိန္ဒြိယောဟုဆို၏။ ဗြဟ္မာပြည်၌ စက္ခုန္ဒြေ သောတိန္ဒြေ သာရှိ၍ ဃာန ဇိဝှါ ကာယပသာဒဟူသော ရုပ်ဒြေတို့ မရှိသည်မဟုတ်ပါလော၊ အဘယ်နည်းဖြင့် အဟီနိန္ဒြိယ ဖြစ်နိုင်ပါသနည်း။ (ဘာသာဋီ-ဒု၊ ၁၄၂)။ [ဗြဟ္မာ့ပြည်၌ ဃာနိန္ဒြေ စသည် မရှိတကား၊ အဘယ်သို့ ပရိပုဏ္ဏိယဖြစ်ကောင်းအံ့နည်း (ဂဏ္ဌိ၊ ၂၇၃) ] စုဒ်ကြောင့် (ဃ) မိန့်။

အဓိပ္ပါယ်ကား (ဃ) ဝါကျဖြင့် ဗြဟ္မာ့ပြည်၌ရနိုင်သော စက္ခုန္ဒြေ သောတိန္ဒြေ၏ မချို့တဲ့ခြင်း, ဗြဟ္မာ့ပြည်၌ မရနိုင်သော ဃာနဇိဝှါကာယိန္ဒြေတို့အတွက် ပသာဒမရှိစေကာမူ နှာခေါင်း, လျှာ, ကိုယ်ဟူသော ပုံသဏ္ဌာန်တို့ အပြည့်အစုံပါရှိခြင်းကြောင့်-အဟီနိန္ဒြိယဖြစ်နိုင်၏ဟု ငါပြဆိုဟူလို။ (ဘာသာဋီကာ၊ ၁၄၂)။

အမှာ ။ ။ ပါဠိတော်ကို ဌပနာထား၍ ကျမ်းတက်ရာ၌ ကတ္တားကို ဘာသာဋီကာအလို တိတ္ထိအယူရှိသူသည် ဟု၊ ပခုက္ကူသျှအလို မြတ်စွာဘုရားသည် ဟုထားပါ။

၃။ (ဂ+ဃ) ဝါကျ စတုက္ကထုတ်ပုံ၊

(က) နနု ဗြဟ္မလောကေ ဃာနာဒိတ္တယံ နတ္ထိ။

(ခ) အထ ကသ္မာ အဟီနိန္ဒြိယောတိ ပရိပုဏ္ဏိန္ဒြိယောတိ ဝုတ္တံ။

(ဂ) နနု ဃာနိ ဗြဟ္မလောကေ အတ္ထိ (ပ) နေတံ ဝုတ္တံ။

(ဃ) တသ္မာ (ပ) ဝုတ္တံ။

(ဃ) ဝါကျသက်သက် စတုက္ကထုတ်ပုံ၊

(က) နနု ဗြဟ္မလောကေ ဃာနာဒိတ္တယံ နတ္ထိ။

(ခ) အထ ကသ္မာ တေံ (အဟီနိန္ဒြိယောတိ ပဒံ) ဝုတ္တံ။

(ဂ) နနု ဃာနိ ဗြဟ္မလောကေ အတ္ထိ၊ တေသံ ဝသေန, ဣတရေသဥ္စ သဏ္ဌာနဝသေနဝုတ္တံ။

(ဃ) တသ္မာ တေံ (အဟီနိန္ဒြိယောတိ ပဒံ) ဝုတ္တံ။

၄။ အင်္ဂိယတေ ဉာယတေ ဧတေနသမုဒါယေနာတိ အင်္ဂ။ (သူစိ)

သိခြင်းကြိယာသကတ်သည် ဝစနဟေတု၊

ကိုယ်အင်္ဂါအစိတ်အပိုင်းဖြစ်သည် ဝစနီယ၊

အဝယဝေါ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

အမှာ ။ ။ ဓာန်၌ အင်္ဂတွ ဝယဝေါ ဝုတ္တော ဟု နပုလ္လိင်ရှိသည်။ (သီဋီသစ်၊ ၄၄၉) ၌ မဟာဝယဝေါ အင်္ဂေါ ဟု ပုလ္လိင်နှင့် ရှိသည်။

http://www.dhammadownload.com



ဝစနတ္ထမှတ်ဘွယ်၊
ဝိသုံ+ပဝတ္တော+အင်္ဂေါ+ပစ္စင်္ဂေါ (သီဋီသစ်၊ ၄၄၉)။
(တနည်း) ဝိသုံ+ပဝတ္တံ+အင်္ဂံ ပစ္စင်္ဂံ၊
အင်္ဂါနိစ ပစ္စင်္ဂါနိစ အင်္ဂပစ္စင်္ဂါနိ ။
သဗ္ဗာနိ+အင်္ဂပစ္စင်္ဂါနိ သဗ္ဗင်္ဂပစ္စင်္ဂါနိ။
သဗ္ဗင်္ဂပစ္စင်္ဂါနိ ယဿ အတ္ထီတိ သဗ္ဗင်္ဂပစ္စင်္ဂီ။ (ဘာသာဋီ)

၅။ နိဗ္ဗတ္တတ္တာ ဟုဟိတ်ပြင်ခဲ့သော် ယင်း၏သမ္ဗန်ကို အတ္တနော (ဝါ) အတ္တဿ ဟုခံ။ ကတ္တား+သမ္ဗန်စာစပ်။
◆ အတ္ထိဒေါ ဘော အညော အတ္တာ ဒိဗ္ဗော ရူပီ မနောမယော သဗ္ဗင်္ဂပစ္စင်္ဂီ အဟီနိန္ဒြိယော။ (ပါဠိတော်၊ ၃၁။) ထောက်
အမှာ ။ ။ မနောမယော၊ သဗ္ဗင်္ဂပစ္စင်္ဂီ၊ အဟီနိန္ဒြိယော ဟူသော သံဝဏ္ဏေတဗ္ဗပါဠိတော်, သဗ္ဗင်္ဂပစ္စင်္ဂယုတ္တော၊ ပရိပုဏ္ဏိန္ဒြိယော ဟူသော သံဝဏ္ဏနာတို့ကို ဟိတ်ပြင်ကလည်း "အတ္တနော" ဟူ၍ပင် သမ္ဗန်ခံရမည်။

၆။ (က) ဈာနမနေန နိဗ္ဗတ္တော ဖြင့် မနောမယောဒ္ဓ မနအရ ဈာန်စိတ်ကိုယူ - လည်းကောင်း၊ မယပစ္စည်း နိဗ္ဗတ္တအနက်၌သက်-လည်းကောင်း၊ မနေန+နိဗ္ဗတ္တော မနောမယောဟု နိဗ္ဗတ္တတဒ္ဓိတ်ပြု-လည်းကောင်း သိစေပါသည်။
(ခ) သဗ္ဗင်္ဂပစ္စင်္ဂယုတ္တောဖြင့် သဗ္ဗင်္ဂပစ္စင်္ဂီပုဒ်ကို သဗ္ဗင်္ဂပစ္စင်္ဂေဟိ+ယုတ္တော သဗ္ဗင်္ဂပစ္စင်္ဂီ ဟု ယုတ္တတဒ္ဓိတ်ပြု-လည်းကောင်း၊ ဤပစ္စည်း ယုတ္တတဒ္ဓိတ်၌သက်-လည်းကောင်း သိစေပါသည်။
(တနည်း) သဗ္ဗင်္ဂပစ္စင်္ဂါနိ+ယဿ+အတ္ထီတိသဗ္ဗင်္ဂပစ္စင်္ဂီဟု အဿတ္ထိပြု-လည်းကောင်း၊ ဤပစ္စည်း အဿတ္ထိ၌သက်--လည်းကောင်း သိစေပါသည်။
❋ သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတကို၊ ယုတ္တ,သက္ကာ၊ အရဟာ-သက္ကာဏေယျ စသည်တို့နှင့် ဖွင့်၍ပြ။ အဿတ္ထိဟု ကြံစရာ။
(ဂ) ပရိပုဏ္ဏိန္ဒြိယောဖြင့် အဟီနိန္ဒြိယောဒ္ဓ မယုတ်သော ဣန္ဒြေရှိ၏ဟူသည် ဗြဟ္မာ၏ အတ္တဘောသည် အလုံးစုံပြည့်စုံသော ဣန္ဒြေရှိသတည်းဟု သိစေသည်။

၇။ ပဋိဃော ကား ပဋိ+ရှေး+ဟနဓာတ်+ရပစ္စည်း၊ ရမှိရန္တောသုတ်ဖြင့် ရ အနုဗန်ချေ။ သံဟနညာယ ဝါ ရော ဃော သုတ်ဖြင့် ဟန ကို ဃ ပြု၍ပြီးပါသည်။
ဟီန ကား ဟာ စာဂေ၊ ဣနော၊ ဒီဃော။ (ဓာန်ဋီ) အရ ဟာ-ဓာတ်+ဣန ပစ္စည်း။ ဟီန ဟူလိုလျှက် ဣ ကို ဤ ပြု၍ ဟီန ပြီး၏။
(တနည်း) ဟာ စာဂေ ကွစိဓာတူတိအာဒိနာ ဟာဒိတော ဤဏာဒေသော ဏကာရဿ နတ္တံ။ (ရူပသိဒ္ဓိ) အရ ဟာဓာတ်+တပစ္စည်း။ တ ကို ဤဏ ပြု။ ဏ ကို န ပြု၍ ဟီန ဟု ပြီးသည်။

၈။ အထူး ။ ။ ဒုဗ္ဗလကောဓ သည် ဒေါသ မည်၏။
ဗလဝကောဓ သည် ပဋိဃ မည်၏။ (၄၊ ၁၀၇)

http://www.dhammadownload.com



အဓိပ္ပါယ်ကား သဗ္ဗင်္ဂပစ္စင်္ဂီ ၌ ပစ္စင် ကို ပတိ+အင် ဟုပုဒ်ဖြတ်။ ပတိ သဒ္ဒါ ဝိသုံ အနက် ဟော၊ ဦးခေါင်း လက် ခြေ ကိုယ် ဟူသော အစိတ်အင်္ဂါကြီးကို "အင်" ဟုခေါ်သည်။ မျက်စိ စသည်, လက်ချောင်း, ခြေချောင်းစသည်, ချက် ဗိုက် စသည် အစိတ်အင်္ဂါကို "ပစ္စင်" ဟုခေါ်သည်။ (ဘာသာဋီ-ဒု၊ ၁၄၂။)

သဏ္ဌာနဝသေန-၌ ဣစာဓိပ္ပေတ သဏ္ဌာန်ကား ယောက်ျား၏ပုံပန်းအသွင် သဏ္ဌာန်တည်း။ (သီဋီသစ်၊ ၄၄၉)။

၉။ ယာနိ ဗြဟ္မလောကေ အတ္တိ၊ တေသံယေဝ ဝသေန။
ဣတရေသညွ သဏ္ဌာန-ဝသေနေတံ ပဝုစ္စတိ။ (ပဌမ မကာရဝိပုလာဂါထာ)

၁၀။ † မနောမယော ၌ မန အရ ဈာန်စိတ်ကိုယူ၍ ထိုသည် သမဗ္ဗာယီဘာဝ သန္တရသ၊
† ကသိုဏ်း ပညတ်စသောအာရုံများသည် အာရမ္မဏဝိဘာဝ၊
† အဓိကာရ ဆန္ဒ စသည်သည် ဥဒ္ဒီပနဝိဘာဝ၊
† ဗြဟ္မာ့ဘုံသို့ရောက်ရခြင်းစသည်သည် အနုဘာဝ။

******************

ဝါကျဥယျာဉ် (၉၆)

(က) ဒိဋ္ဌိဓမ္မနိဗ္ဗာနဝါဒေ "ဒိဋ္ဌဓမ္မော"တိ ပစ္စက္ခဓမ္မော ဝုစ္စတိ။
(ခ) တတ္ထ တတ္ထ ပဋိလဒ္ဓတ္တဘာဝဿေတံ အဓိဝစနံ။
(ဂ) ဒိဋ္ဌဓမ္မေ နိဗ္ဗာနံ ဒိဋ္ဌဓမ္မနိဗ္ဗာနံ။
(ဃ) ဣမသ္မိံယေဝ အတ္တဘာဝေ ဒုက္ခဝူပသမနန္တိ အတ္ထော။
(င) တံ ဝဒန္တီတိ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ။
(စ) ပရမဒိဋ္ဌဓမ္မနိဗ္ဗာနန္တိ ပရမံ ဒိဋ္ဌဓမ္မနိဗ္ဗာနံ၊ ဥတ္တမန္တိ အတ္ထော။
(ဌ၊ ၁၁၁။ သီဋီသစ်၊ ၄၅၀။ ပဒက္ကမ၊ ၅၂၁။ ဘာသာဋီ၊ ဒု၊ ၁၄၃။ ဂဏ္ဌိ၊ ၂၇၃။)

၁။ (က) ဝါကျ ပစ္စက္ခဓမ္မော ၌ သဒ္ဒတ္ထထင်စေလျက်၊ (င) ဝါကျကို နိယမာနိယမထည့်စွက်ပြီး၊
(စ) ဝါကျကို အတ္ထောသမ္ဗန်ခံ၍ အနက်ပေးပါ။
၂။ (ခ) ဝါကျကို သာဘောဂပုစ္ဆာတက်၍၊ (ဃ) ဝါကျကို ဒေါသာရောပနစောဒနာ တက်ပြပါ။
၃။ (ဃ) ဝါကျ၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကိုထုတ်ပြပါ။
၄။ (စ) ဝါကျ၌ ပရမ ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ (စ) ဝါကျ၌ ဥတ္တမံ ပုဒ်ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကိုခံပြီး အတ္ထာနုရူပစာစပ်ပါ။
၆။ (က+ခ+ဃ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ပရမ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

http://www.dhammadownload.com



၈။ အရဟတ္တဖိုလ်နှင့် အသင်္ခတဓာတ်နိဗ္ဗာန်တို့လည်း နိဗ္ဗာန်မည်ပါလျက် (ဃ) ဝါကျ၌ ယင်းတို့ကိုမဖွင့်ဘဲ ဒုက္ခဝူပသမနန္တိ အတ္ထော ဟုသာဖွင့်ဆိုခြင်း၏အကြောင်းကို ဖော်ပြပါ။
၉။ (ဂ+ဃ) ဝါကျလာ စကားရပ်တို့ကို အနက်အဓိပ္ပါယ်မပျက်စေဘဲ ကြိုက်နှစ်သက်ရာ ဂါထာတပုဒ်စီကုံး၍ ဂါထာအမည်ပေးခဲ့ပါ။
၁၀။ (င) ဝါကျ ဝဒန္တိ ၌ ဓာတွတ္ထကိုရှု၍ ဘာဝ, ဝိဘာဝ, အနုဘာဝစုံလင်စွာထုတ်ပါ။

==================

၁။ (က) ပစ္စက္ခမေဝ္ဟ၊ ဣန္ဒြိယတို့၏ရှေးရှုဖြစ်သောတရားကို။ (သဒ္ဒတ္ထ)။ (ဝါ) ပစ္စုပ္ပန်အတ္ထဘော ကို။ (အဓိပ္ပါယတ္ထ)။

✤ အက္ခာန+မိန္ဒြိယာနံ အဘိမုခီဘူတော။ (သီဋီသစ်၊ ၄၅၀။)

(င) ယေသမဏဗြာဟ္မဏာ၊ တို့သည်။ (အနိယမ)။ တေသမဏဗြာဟ္မဏာ၊ တို့သည်။ (နိယမ)။

(စ) ဣတိအယံ၊ သည်ကား။ ပရမန္တိပဒဿ၊ ၏။ (သမ္ဗန်) အတ္ထော၊ တည်း။

၂။ (ခ) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ

ဆရာ ဆရာသည် (က) ဖြင့် ဒိဋ္ဌဓမ္မေ ကို ပစ္စက္ခမေဝ္ဟ ဟုဖွင့်ဆို၏။ ယင်းသို့ ပစ္စက္ခမေဝ္ဟ ဟုဖွင့်ဆိုသည်ရှိသော် မျက်မှောက်ပြုအပ်သော သစ္စိကာတဗ္ဗဓမ္မသည် ဒိဋ္ဌဓမ္မမည်၏ ဟုဆိုလိုပါသလော။ အဘယ်အရာဝတ္ထုသည် ဒိဋ္ဌဓမ္မမည်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။ (သီဂဏ္ဌိ၊ နေရင်းသျှရှု)

အဓိပ္ပါယ်ကား သစ္စိကာတဗ္ဗဓမ္မသည် ဒိဋ္ဌဓမ္မမမည်။ ထိုထိုဘဝ၌ရအပ်, ရောက်အပ်သော အတ္ထဘော သည် ဒိဋ္ဌဓမ္မမည်၏ဟူလို။

(ဃ) ဝါကျ စောဒနာတက်ပုံ

ဆရာ ဆရာသည် (ဂ) ဖြင့် ဒိဋ္ဌဓမ္မနိဗ္ဗာနံကို သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည် ဟု ဖွင့်ဆို၏။ ယင်း၌ နိဗ္ဗာနအရ အရဟတ္တဖိုလ်နှင့် အသင်္ခတဓာတ် (နိဗ္ဗာန်) ကိုပင်ယူရ ပါမည်လော။ အဘယ်ကို ယူရပါမည်နည်း။ ဤ (ဒိဋ္ဌဓမ္မနိဗ္ဗာန်)၌ အလိုရှိအပ်သော နိဗ္ဗာန်အရကို မပြသော် အတိဗျာပိတ -- ၏။ စုဒ်ကြောင့် (ဃ) မိန့်။

✤ နိဗ္ဗာနဥ္စေတ္ထ ဒုက္ခဝူပသမနမေဝ၊ န အဂ္ဂဖလံ, နစ အသင်္ခတဓာတု တေသ+မဝိသယတ္တာတိ အာဟ "ဒုက္ခဝူပသမန"န္တိ။ (သီဋီသစ်၊ ၄၅၀။)

၃။ (ဃ) ဝါကျ စောဒကာဘောဂါဒိစတုက္ကထုတ်ပုံ။

(က) နနု အဂ္ဂဖလဥ္စ, အသင်္ခတဓာတုစ နိဗ္ဗာနံနာမ ဟောတိ။
(ခ) အထ ကသ္မာ ဣမသ္မိံယေဝ အတ္ထဘာဝေ ဒုက္ခဝူပသမနံ အတ္ထောတိ တယာ သံဝဏ္ဏိတံ။
(ဂ) နနု တေသံ (အဂ္ဂဖလအသင်္ခတဓာတူနံ) အဝိသယော ဟောတိ။
(ဃ) တသ္မာ ဣမသ္မိံယေဝ အတ္ထဘာဝေ ဒုက္ခဝူပသမနံ အတ္ထောတိ မယာ သံဝဏ္ဏိတံ။

\+ သီဋီသစ် သာဓက (၂) နံပါတ်၌ရှုပါ။

http://www.dhammadownload.com



၄။ ပရံ ပစ္စနီကံ မာရေတီတိ ပရမံ။ (ပရ+မရ+ကွိ)(ဓာန်ဋီ၊ ၆၉၅)။
ဆန့်ကျင်ဘက် (အယုတ်တရား)ကို သတ်ဖြတ်ဖျက်ဆီးခြင်း ကြိယာသကတ်သည်လည်းကောင်း၊
ဆန့်ကျင်ဘက်(အယုတ်တရား)၏+သတ်ဖြတ်ဖျက်ဆီးတတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်နှင့် ပဟာတဗ္ဗ +
ပဟာယကအဖြင့်ဖြင့်စပ်ခြင်းသမ္ဗန်သည်လည်းကောင်း - ဝစနဟေတုမည်၏။
လွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ဖြစ်သည် - ဝစနီယ။
ဉတ္တမ၊ ဝရ၊ အဂ္ဂ၊ သေဋ္ဌ စသောပရိယာယ်သဒ္ဒါများသည် - ဝစနီယတ္ထ။
(တနည်း) ပကဋ္ဌဘာဝေ ရမတီတိ ဝါ ပရမံ။ (ပ+ရမု+ဏ) (ဓာန်ဋီ၊ ၆၉၅)။
မြတ်သည်၏အဖြစ်၌ မွေ့လျော်ခြင်းကြိယာသကတ်သည် - ဝစနဟေတု။
(တနည်း) ပရတိ အတ္တနော ဉတ္တမဘာဝံ ပါလေတိ, ပူရေတိ ဝါ ပရမံ။ (သူစိ)
မိမိ၏မြတ်သည်၏အဖြစ်ကိုစောင့်ရှောက်ခြင်း, ပြည့်စေခြင်းကြိယာသကတ်သည် ဝစနဟေတု။
❖ အက္ခာနံ ဣန္ဒြိယာနံ + အဘိမုခံ ပစ္စက္ခံ။ (သီဋီသစ်)။

၅။ (စ) ဝါကျ၌ ဉတ္တမံ ကို ဉတ္တမတ္တာ ဟုဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ဒိဋ္ဌဓမ္မနိဗ္ဗာနဿ ဟုခံ။ (ကတ္တား+သမ္ဗန်စာစပ်)။

၆။ (က) ဖြင့် ဒိဋ္ဌဓမ္မော ၌ ဒိဋ္ဌ ပုဒ်ကို ဉာဏေန ဒဋ္ဌဗ္ဗောတိ ဒိဋ္ဌောဟု ကမ္မသာဓန ဝစနတ္ထပြု-လည်းကောင်း၊ တ ပစ္စည်းကမ္မသာဓနအနက်၌သက်-လည်းကောင်း ၊ ဓမ္မ သဒ္ဒါသည် ပရိယတ္တိ, ပညာ စသောအနက်ကိုမဟော၊ သဘာဝအနက်ကို ဟော-လည်းကောင်း၊ ဒိဋ္ဌဓမ္မော ဟူသော အပေါင်းပုဒ်ကို ဒိဋ္ဌောစ+သော+ဓမ္မောစာတိ ဒိဋ္ဌဓမ္မော ဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထ ပြု-လည်းကောင်း သိစေပါသည်။ (သီဋီသစ်၊ ၄၅၀။)

(ခ) ဖြင့် ဒိဋ္ဌဓမ္မအရ မျက်မှောက်ပြုအပ်သော သစ္စိကာတဗ္ဗဓမ္မကိုမယူရ (ဂဏ္ဌိ) ထိုထို ဘုံဘဝ၌ ရအပ်, ရောက်အပ်သော အတ္တဘောကိုယူရမည်ဟုသိစေပါသည်။

(ဂ) ဖြင့် သမာသလိင်္ဂပဒတ္ထသိစေပါသည်။

(ဃ) ဖြင့် ဒိဋ္ဌဓမ္မနိဗ္ဗာနံ ၌ ဒိဋ္ဌဓမ္မအရ ပစ္စက္ခအတ္တဘောကိုယူ-လည်းကောင်း၊ ဒိဋ္ဌဓမ္မ ပုဒ်နောင် ဧဝ သဒ္ဒါကျေနေသည်၏အဖြစ်ကိုလည်းကောင်း၊ နိဗ္ဗာနံ အရ အရဟတ္တဖိုလ်နှင့် အသခ်ၤတဓာတ်နိဗ္ဗာန်ကိုမယူရ၊ ဒုက္ခ၏ငြိမ်းခြင်း ဒုက္ခဝူပသမနကို-လည်းကောင်း၊ ယင်းအနက် အရကောက်အားလျော်စွာ နိဗ္ဗာယတေ နိဗ္ဗာနံ ဟု ဘာဝသာဓနဝစနတ္ထပြု-လည်းကောင်း၊ ယု ပစ္စည်း ဘာဝသာဓနအနက်၌သက်-လည်းကောင်း သိစေပါသည်။

(င) ဖြင့် ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ ၌ ဝါဒပုဒ်ကို ဝဒန္တီတိ ဝါဒေါ ဟုကတ္တုသာဓ် ဝစနတ္ထပြု-လည်းကောင်း၊ ဏ ပစ္စည်းကတ္တုသာဓနအနက်၌သက်-လည်းကောင်း၊ အပေါင်းပုဒ်ကို ဒိဋ္ဌဓမ္မနိဗ္ဗာနံ +ဝါဒါ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါဟု ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြု-လည်းကောင်း သိစေပါသည်။
အမှာ ။ ။ သီဋီသစ်၌ "ဒိဋ္ဌဓမ္မနိဗ္ဗာနေ+ပဝတ္တော+ဝါဒေါ+ဧတေသန္တိ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါတိပိ ယုဇ္ဇတိ" ဟုတနည်းဖွင့်ပြသေးသည်။

(စ) ပရမံ ဒိဋ္ဌဓမ္မနိဗ္ဗာနံ ဖြင့် ပရမဒိဋ္ဌဓမ္မနိဗ္ဗာန ပုဒ်ကို ဝိသေသနပုဗ္ဗပဒကမ္မဓာရယ် သမာသ်ဝစနတ္ထပြုရမည်ဟုသိစေပါသည်။

(ဆ) ဉတ္တမံ ဖြင့် ပရမ သဒ္ဒါသည် ဉတ္တမအနက်ကိုဟော၏ဟုသိစေပါသည်။

http://www.dhammadownload.com



၇။ ပရမ-ကား ပရံ ပစ္စနီကံ မာရေတီတိ ပရမံ ဟူသော ဓာန်ငို့ဝစနတ္ထအရ ပရ+မရ+ကွိ။ ဓာတွန် ရ ကိုချေ၍ ပြီးသည်။
(တနည်း) ပရံ ဝါ အဓိကတရံ မဇ္ဇတိ သုဇ္ဈတိ ကိလေသမလတောတိ ပရမော ဟူသော (နီတိဓာတု၊ ၃၆၆။) ဝစနတ္ထအရ ပရ+မဇ+ကွိ။ ဓာတွန် ဇ ကိုချေ၍ပြီးသည်။
(တနည်း) ပရံ ဝါ သေဋ္ဌံ နိဗ္ဗာနံ မယတိ ဂစ္ဆတီတိ ပရမော ဟူသော (နီတိ၊ ဓာတု၊ ၃၆၆။) ဝစနတ္ထအရ ပရ+မယ+ကွိ။ ဓာတွန် ယ ကိုချေ၍ပြီးသည်။
(တနည်း) ပရံ ဝါ လောကံ ပမာဏဘူတေန ဉာဏဝိသေသေန ဏ္ဍဝလောကံ ဝိယ မုနာတိ ပရိစ္ဆိန္ဒတီတိ ပရမော ဟူသော (နီတိ၊ ဓာတု၊ ၃၆၆။) ဝစနတ္ထအရ ပရ+မုန+ကွိ။ ဓာတွန် န ကိုချေ၍ပြီးသည်။

၈။ တိတ္ထိဆရာတို့သည် အရဟတ္တဖိုလ်ကိုလည်းကောင်း၊ အသင်္ခတဓာတ်ဟူသောနိဗ္ဗာန်ကို လည်းကောင်း အာရုံမပြုနိုင်သောကြောင့် နိဗ္ဗာန်ကို အဂ္ဂဖလံ, အသင်္ခတဓာတု ဟုမဖွင့်ဘဲ "ဒုက္ခူပသမနံ"ဟုသာဖွင့်ပါသည်။ (ဘာသာဋီကာ၊ ဒု၊ ၁၄၄။) (သီဋီသစ်သာကေ ၂-နံပါတ်မှာရှု။)

၉။ (ဂ+ဃ) ဝါကျ ဂါထာစီ။

ဒိဋ္ဌဓမ္မေ နိဗ္ဗာနန္တိ၊ တထာ ဣဓေဝ အတ္ထနိ။
ဒုက္ခူပသမနန္တိ၊ အတ္ထော မတော ဝိဘာဝိနာ။ (မ+သ ရော သံကိတ္တဝိပုလာဂါထာ)။

၁၀။ (င) ဝါကျ ဝဒန္တိ ၌ ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ။

- ✝ ဒိဋ္ဌဓမ္မနိဗ္ဗာန်ကိုပြောဆိုနေကြကုန်သော သမဏဗြာဟ္မဏတို့၏ သန္တာန်၌ ဒိဋ္ဌိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ+ကာမသိဂါရရသ။
- ✝ ရုပ်နာမ်မွေသင်္ခါရဟူသော အတ္တဘောကြီးသည် အာရမ္ဗဏဝိဘာဝ။
- ✝ မိစ္ဆာဒိဋ္ဌိသမဏဗြာဟ္မဏတို့၏ အယောနိသောမနသိကာရ စသည်သည်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်တို့၏ ဒိဋ္ဌုပါဒါန်စသည်သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။
- ✝ ယင်းသို့ မိစ္ဆာအယူကိုယူထားခြင်းကြောင့် အပါယ်ဒုဂ္ဂတိ၌ ဖြစ်ရခြင်းစသော မကောင်းကျိုး အဆက်ဆက်သည် အနုဘာဝ။

✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱

## ဝါကျဥယျာဉ် (၉၇)

(က) ပရိစာရေတီတိ တေသု ကာမဂုဏေသု ယထာသုခံ ဣန္ဒြိယာနိ စာရေတိ သဉ္စာရေတိ ဣတောစိတောစ ဥပနေတိ။
(ခ) အထဝါ ပလဠတိ ရမတိ ကီဠတိ။
(ဂ) ဧတ္ထ စ ဒုဝိဓာ ကာမဂုဏာ မာနုသကာ ဓေဝ ဒိဗ္ဗာစ။
(ဃ) မာနုသကာ မန္ဓာတုကာမဂုဏသဒိသာ ဒဋ္ဌဗ္ဗာ၊ ဒိဗ္ဗာ ပရနိမ္မိတဝသဝတ္တိဒေဝရာဇဿ ကာမဂုဏသဒိသာတိ။
(င) ဝေရူပေ ကာမေ ဥပဂတာနဉ္ဟိ တေ ဒိဋ္ဌဓမ္မနိဗ္ဗာနသမ္ပတ္တိံ ပညပေန္တိ။
(ဋ၊ ၁၁၁။ သီဋီသစ်၊ ၄၄၉။ ပဒုက္ကမ၊ ၅၂။ ဘာသာဋီ၊ ၁၄၅။ ဂဏ္ဌိ၊ ၂၇၃။)

http://www.dhammadownload.com



၁။ (ဃ+င) ဝါကျတို့ကို ဝါကျအပြန်အလှန်အနက်ယောဇနာပါ။
၂။ (ဂ) ဝါကျကို သာဘောဂပုစ္ဆာ၊ (င) ဝါကျကို အနုသန္ဓေတက်ပါ။
၃။ (ဃ+င) ဝါကျတို့၌ ဖြစ်သင့်သော အာဘောဂါဒိ စတုက္ကကိုထုတ်ပြပါ။
၄။ ဒေဝရာဇာ ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္ကထုတ်ပါ။
၅။ (ဂ) ဝါကျ၌ ဒုဝိဓာ ကို ဟိတ်ပြင်၍ ယင်း၌ဖြစ်သင့်သော သမ္ဗန်ခံပြီးလျှင် အတ္တနုရူပ စာစပ်ပါ။
၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဒဋ္ဌမ္မပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။
၈။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒေ ၌ ဒိဋ္ဌဓမ္မအရ, နိဗ္ဗာနအရတို့ကို အဋ္ဌကထာအလိုကျ ဖော်ပြပါ။
၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။
ကောဏ္ဍည ပဉ္ဇာနိ (ပ) သေဘာရော။ (၄၊ ၁၄၁။)
၁၀။ ပရိစာရေတိ ၌ အန္တတ္ထကိုရှု၍ ဘာဝါလက်ာရထုတ်ပါ။

===================

၁။ ဝါကျအပြန်အလှန်ပေးမြဲ။

၂။ (ဂ) ဝါကျ သာဘောဂပုစ္ဆာ၊

ဆရာ မြတ်စွာဘုရားသည်ပဉ္စဟိကာမဂုဏေဟိ ဟုဟောတော်မူ၏။ ယင်းကာမဂုဏ်ဟူသည် အပြားမဲ့အဘောဒပင်ဖြစ်ပါသလော၊ (ဝါ) ကာမဂုဏ်သာမန်လော (ဂဏ္ဌိ၊ ၂၇၃) အာဘယ်သို့ မှတ်သားအပ်ပါသနည်း၊ စုဒ်ကြောင့် (ဂ) ဝါကျမိန့်၏။

အဓိပ္ပါယ်ကား (ဂ) ဝါကျဖြင့် ကာမဂုဏ်သည် အပြားမဲ့အဘောဒမဟုတ်၊ လူကာမဂုဏ် နတ်ကာမဂုဏ်ဟု နှစ်ပါးအပြားရှိကြောင်းကို ငါပြဆိုပါ၏ဟူလို။

အမှာ ။ ။ ယင်း၌ ကာမဂုဏ်သည် သုံးပါး လေးပါး စသည်အပြားရှိပါသလောဟု အဓိကအာဘော် ထား၍သော်လည်းကောင်း၊ ယင်း၌ ကာမဂုဏ်သည် တစ်ပါးတည်းသာ ဖြစ်ပါသလောဟု ဦနအာဘော်ထား၍သော်လည်းကောင်း ကျမ်းတက်နိုင်သည် ဟုမှတ်။

(င) ဝါကျ အနုသန္ဓေ

ဤသို့ (ဃ) ဝါကျဖြင့် ကာမဂုဏ်အရ လူတို့တွင် အသာဆုံး အမြတ်ဆုံး ကာမဂုဏ်၊ နတ်တို့တွင်လည်းအလွန်အကြူးထူးသော ကာမဂုဏ်ကိုသာယူရမည်ဟု ဖွင့်ပြဆိုပြီး၍ ယခုအခါ၌ ယင်းသို့ကောက်ယူရခြင်း၌ အကြောင်းယုတ္တိကိုပြလိုသောဆရာသည် (င) ဝါကျမိန့်၏။ (ဂဏ္ဌိ၊ ၂၇၄)

❖ ကသ္မာတိ အာဟ "ဝေရူပေ"တိ အာဒိ။ (သီဋီသစ်၊ ၄၅၀)

အမှာ ။ ။ ပုစ္ဆာတက်လိုက "ကာမဂုဏ်သာမန်ပင်မဖြစ်ကောင်းပါသလော။ စုဒ်ကြောင့် (င) မိန့်"ဟု တက်ပါ။ (ဂဏ္ဌိ)

၃။ (ဃ+င) ဝါကျ စတုက္က

(က) နနု ပါဠိယံ "ပဉ္စဟိ ကာမဂုဏေဟီ"တိ သာမညေန ဝုတ္တံ။
(ခ) အထ ကသ္မာ မာနုသကာ မန္ဓာတုကာမဂုဏသဒိသာ ဒဋ္ဌဗ္ဗာ၊ ဒိဗ္ဗာ ပရနိမ္မိတဝသဝတ္တိ ဒေဝရာဇဿ ကာမဂုဏသဒိသာတိ (တဃာ ဝုတ္တံ)။

http://www.dhammadownload.com



(ဂ) နနု ဝေရူပေ ကာမေ ဥပဂတာနံ တေ ဒိဋ္ဌဓမ္မနိဗ္ဗာနသမ္ပတ္တိံ ပညပေန္တိ။
(ဃ) တသ္မာ (ပ) မယာ ဝုတ္တံ။

၄။ ပဉ္စဟိ ကာမဂုဏေဟိ ဒိဗ္ဗန္တိ ကီဠန္တီတိ ဒေဝါ။ ရာဇတေ ဒိပ္ပတေတိရာဇာ။
အတ္တနိ ဧနံ ရဉ္ဇတီတိ ရာဇာ၊ ဒေဝါနံ ရာဇာ ဒေဝရာဇော၊ (ဒေဝရာဇာ).
နတ်တို့၏+နတ်မင်းဖြစ်နှင့် သံ+သမ္ဗန်, သာမညာ+ဝိသေသ စပ် ဝစနဟေတု၊
ဝသဝတ္တိ နတ်မင်းဖြစ်သည် ဝစနီယ၊
တိဒိဝရာဇာ ဒေဝဘူပတိ စသောပရိယာယ် ဝစနီယတ္ထ။

၅။ ဒုဝိဓာ ကို ဒုဝိဓတ္တာဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ကာမဂုဏာနံ ဟု ခံပါ။ (ကတ္တား+သမ္ဗန်စပ်။)

၆။ (က) ဝါကျ တေသု ကာမဂုဏေသု ဖြင့် ပရိစာရေတိ ၌ ပရိဥပသာရ၏ ပရိသမန္တ အနက်ဟောသည်ကိုသိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ) (ဘာသာဋီ)

ဣန္ဒြိယာနိ စာရေတိ ဖြင့် ကာရိုက်ကံကို ဣန္ဒြိယာနိ ဟုထည့်ရမည်၏အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

သဉ္စာရေတိ ဖြင့် စာရေတိ သည် သဉ္စာရေတိ၏ ပရိယာယ်တည်းဟု သိစေသည်။

ဣတောစိတောစ ဥပနေတိ ဖြင့် ပရိစာရေတိ ၌ ပရိ ဥပသာရ၏ ပရိသမန္တအနက် ဟော-လည်းကောင်း၊ စရ ဓာတ်၏ဥပနယနတ္ထ (ဂတျတ္ထ) ဟော-လည်းကောင်း သိစေသည်။

(ခ) ဝါကျဖြင့် ပရိစာရေတိ ၌ ပရိ ဥပသာရ၏ ဓာတွတ္ထဝိသေသက၏အဖြစ်ကို လည်းကောင်း၊ စရဓာတ်၏ ကီဠာအနက်ဟောသည်ကိုလည်းကောင်း၊ ပလဠတိသည် ရမတိ ကီဠတိ ပုဒ်တို့၏ပရိယာယ်၏အဖြစ်ကိုလည်းကောင်း သိစေသည်။

❖ ပရိသဒ္ဒဝိသိဋ္ဌော ဝါ ဣစ စရသဒ္ဒေ ကီဠာယန္တိဝုတ္တံ "ပလဠတိ"တိ အာဒိ။ (သီဋီသစ်၊ ၄၅၀။)

၇။ ဒဠှဗ္ဗ ကား (ဒိသ+တဗ္ဗ) ဒိသတဗ္ဗဟူလိုလျက် တဗ္ဗ မှ တ ကို ဌ ပြု။ ဒ ၏ မှီရာ ဣ, ဓာတွန် သ,ရ အနုဗန်တိုကိုချေ၍ ဒဠှဗ္ဗ ပုဒ်ပြီးသည်။ (ကစ္စည်း+ရူပသိဒ္ဓိ)

(တနည်း) ဒိသတဗ္ဗဟူလိုလျက် တ ကို ဋ္ဌ ပြု၊ ရ အနုဗန်နှင့် တကွသော ဒ- ၏ မှီရာ ဣ ကို အ ပြု၊ ဓာတွန် သ ကို ချေ၍ပြီးသည်။ (နီတိသုတ္တ၊ နာ၊ ၃၂၄။)

(တနည်း) ဒိသတဗ္ဗ ဟူလိုလျက် ဒိသ ကို ဒဿ ပြု၊ တဗ္ဗ မှ တ ကို ဌ ပြု၊ ဒဿ မှ သ် ကို ပရရုပ် ဌ ပြု။ ယင်း ဌ ကို ဎ ပြု၍ ပြီးသည်။ (ခါဒိ မောဂ်၊ ၁၂၄ သုတ်။)

၈။ ဒိဋ္ဌဓမ္မနိဗ္ဗာနပါဒေ ၌ ဒိဋ္ဌဓမ္မ အရ ထိုထိုဘဝ၌ ရအပ်သော ပစ္စုပ္ပန်အတ္တဘောကိုယူ။
နိဗ္ဗာန အရ ဤပစ္စုပ္ပန် အတ္တဘော၌ (ဖြစ်သော) ဒုက္ခ၏ ငြိမ်းအေးခြင်းကိုယူ။ (၄၁၁၁။)

၉။ ပဌမ တတိယ စတုတ္ထ ပါဒတို့ကား ဣန္ဒဝဇိရာဂါထာ၊ ဒုတိယပါဒ၌ "န္တိ" ကို "န္တိ"ဟု ဂရုယူ၍ ဝါတောမ္မီသာဂါထာ၊ နှစ်ပါးစုံရောရကား ဥပဇာတိဂါထာ၊ တုဗ္ဗဘာဆန်း။

http://www.dhammadownload.com



(က) ဂါထာစီ ။

ကာမဂုဏေသု စေတသာ၊ ဣန္ဒြိယာနိ ယထာသုခံ။
စာရေတိ သဥ္စာရေတိစ၊ ဥပနေတိ ဣတောစိတော။ (ပဌမ တ ကာရဝိပုလာဂါထာ)

၁၀။ ပရိစာရေတိ ၌ အနက္ခတ္တ ရှု၍ ထုတ်ပုံ

† ကာမဂုဏ်တရားများကိုခံစားနေကြသောပုဂ္ဂိုလ်တို့၏ သန္တာန်၌ တဏှာလောဘကိလေသာ ကာမပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ကာမရတိဌာယိဘာဝ ကာမသိင်္ဂါရရသ၊

† အာရုံငါးပါး ကာမဂုဏ်တရားတို့သည် အာရမ္မဏဝိဘာဝ၊

† ထိုကာမဂုဏ်အာရုံတို့၏ ဣဋ္ဌ ကန္တ ပိယ မနာပ စသောဂုဏ်တို့သည် ဥဒ္ဒီပနဝိဘာဝ၊

† ကုသိုလ်ကောင်းမှု၌မေ့လျော့နေကြခြင်း၊ မေ့လျော့သဖြင့် သံသရာ၌ ကျင်လည်ရခြင်း စသည်သည် အနုဘာဝ။

*******************

ဝါကျဥယျာဉ် (၉၈)

(က) သဥ္စာတိ သမောသရဏကာရဏပဏ္ဏတ္တိမတ္တတ္ထေသု ဟိ အယံ အာယတနသဒ္ဒေါ ဝတ္တတိ။

(ခ) တတ္ထ "ကမ္ဗောဇော အဿာနံ အာယတနံ၊ ဂုန္နံ ဒက္ခိဏာပထော"တိ သဥ္စာတိယံ ပဝတ္တတိ။

(ဂ) သဥ္စာတိဋ္ဌာနေတိ အတ္ထော။

(ဃ) "မနောရမေ အာယတနေ၊ သေဝန္တိ နံ ဝိဟင်္ဂမာ"တိ သမောသရဏေ။

(င) "သတိ သတိ အာယတနေ"တိ ကာရဏေ။

(စ) "အရညာယတနေ ပဏ္ဏကုဋီသု သမ္မန္တီ"တိ ပဏ္ဏတ္တိမတ္တေ။

(ဆ) သွာယမိဓ သဥ္စာတိအာဒိအတ္တတ္တယေပိ ယုဇ္ဇတိ။

(ဇ) စက္ခာဒီသု ဟိ ဖဿပဥ္စမကာ ဓမ္မာ သဥ္စာယန္တိ သမောသရန္တိ၊ တာနိ စ တေသံ ကာရဏန္တိ အာယတနာနိ။

(ဌ၊ ၁၁၅။ သီဋီသစ်၊ ၄၆၁။ ပဥ္စတ္တု၊ ၅၂၄။ ဘာသာဋီ၊ ဒု၊ ၁၆၄။ ဂဏ္ဌိ၊ ၂၇၉။)

၁။ (ဆ+ဇ) ဝါကျတို့ကို ဝါကျအပြန်အလှန် အနက်ယောဇနာပါ။

၂။ (ဂ) ဝါကျကို သာဘောဂပုစ္ဆာ၊ (ဇ) ဝါကျကို ဒေါသာရောပနစောဒနာ တက်ပြပါ။

၃။ (ဆ+ဇ) ဝါကျတို့၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကို ကျနစွာထုတ်ပြပါ။

၄။ အရညာယတနေ ၌ အရည ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

၅။ ကမ္ဗောဇော အဿာနံ အာယတနံ ၌ အာယတနံ ကို ဟိတ်ပြင်၍ ယင်း၏သမွန်ခံပြီး အတ္ထနုရူပစာစပ်ပါ။

၆။ (ဂ+ဆ+ဇ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပြပါ။

၇။ အဿ၊ ပဏ္ဏတ္တိ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ (ဆ) ဝါကျ အတ္တတ္တယေပိ ၌ ပိ သဒ္ဒါဖြင့် ပေါင်းဆည်းအပ်သော အနက်တို့ကိုဖော်ပြ၍၊ ဖဿပဥ္စမကာ ဓမ္မာ ၌ ရနိုင်သောနည်း+ဥပစာတို့ကိုလည်း ဖော်ပြပါ။

၉။ (က) ဝါကျ စကားရပ်တို့ကို ကြိုက်နှစ်သက်ရာဂါထာတပုဒ်သီကုံး၍ ဂါထာအမည်ပေးပါ။

http://www.dhammadownload.com



၁၀။ (စ) ဝါကျ သမ္ဗန္ဓီ ၌ စတွတ္ထကိုရှ၍ ဘာဝါလက်ာရထုတ်ပြပါ။

=====================

၁။ (ဆ+ဇ) ဝါကျ ဝါကျအပြန်/အလှန်အနက်ယောနောပုံ၊

- ဣရဇ္ဇမဟိုပါဒွေ၊ သဇ္ဇ တေ ဆဟိ ဖဿာယတနေဟိ အစရှိသော ဤပါဌ်၌။ နိဝိဋ္ဌော၊ သော။ သွာယံ သော အယံ အာယတနသဒ္ဒေါ၊ သည်။ သဥ္ဇာတိအာဒိအတ္ထတ္တယေပိ၊ ၌လည်း။ ယုဇ္ဇတိ၊ ၏။ ကသွာ၊ ကြောင့်။ ဣရဇ္ဇမဟိုပါဒွေ၊ ၌။ (ပ) ။- ယုဇ္ဇတိ၊ ၏။ ဣတိ၊ သို့။ ဝိညာယတိ၊ နည်း။ ဣတိအယံ၊ ဟား။ ပုစ္ဆာ၊ တည်း။
- ဟိ ယသွာ၊ ကြောင့်။ စက္ခာဒီသု။ ဖဿပဥ္စမကာ။ ဓမ္မာ၊ တို့သည်။ သဥ္ဇာယန္တိစ။ သမောသရန္တိစ။ တာနိစက္ခာဒီနိ။ (ဖဿပဥ္စမကာနံ) နေသံ ဓမ္မာနံ။ ကာရဏံစ။ ဟောန္တိ။ ဣတိတသွာ၊ ကြောင့်။ (စက္ခာဒီနိ၊ တို့သည်)။ အာယတနာနိ၊ မည်ကုန်၏။ တသွာ၊ ကြောင့်။ ဣရဇ္ဇမဟိုပါဒွေ၊ ၌။ (ပ) ။ ယုဇ္ဇတိ၊ ၏။ ဣတိ၊ သို့။ ဝိညာယတိ၊ ၏။ ဣတိအယံ၊ ကား။ ဝိဿဇ္ဇနာ၊ တည်း။ (ပဍ္ခက္ချ၊ ၅၂၉။)

၂။ (ဂ) ဝါကျ ဘာဘောဂ်ပုစ္ဆာတက်ပုံ။

ဆရာ။ ဆရာသည် (၁) ဖြင့် ကမ္ဗောဇော အဿာနံ အာယတနာနံ၊ ဂုန္နံဒက္ခိဏာပထော ဟူသော ပါဠိပြယုဂ်၌ အာယတနသဒ္ဒါသည် သဥ္ဇာတိအနက်၌ ဖြစ်သော ဟုဆို၏။ ယင်း သဥ္ဇာတိ သဒ္ဒါကို ကတ္တုသာဓနဝစနတ္တ ပြုရပါမည်လော။ မည်သည့်သာဓနဝစနတ္တ ပြုရပါမည်နည်း။ စုဒ်ကြောင့် (ဂ) မိန့်။

အဓိပ္ပါယ်ကား အဓိကရဏသာဓနဝစနတ္တပြုရမည်ဟူလို။

- "သဥ္ဇာတိဋ္ဌာနေ"တိဣမိနာ သဥ္ဇာယန္တိ ဧတ္ထာတိ အဓိကရဏတ္ထော သဥ္ဇာတိသဒ္ဒေါတိ ဒဿေတိ။ (သီဋီသစ်၊ ၄၆၁။)

(ဃ) ဝါကျ ပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (၁+ဂ+ဃ+င+စ) တို့ဖြင့် အာယတနသဒ္ဒါ၏ သဥ္ဇာတိ စသော အနက်လေးမျိုးတို့၌ဖြစ်ပုံကို ဆိုင်ရာပါဠိပြယုဂ်အသီးသီးထုတ်၍ ဖွင့်ပြဆို၏။ ဤသဇ္ဇတေဆဟိ ဖဿာယတနေဟိ အစရှိသောပါဠိ၌လည်း အာယတနသဒ္ဒါသည် ဆရာဖွင့်ဆိုပြီးသော အနက်လေးပါးလုံး၌ပင်ဖြစ်ပါသလော။ (အစိတ်နှင့်ဖြေ၊ အပေါင်းပေ၊ တင်လေအာဘော်သာ)။

(တနည်း) ဤသဇ္ဇ တေ ဆဟိ ဖဿာယတနေဟိ ပုဒ်၌ အာယတနသဒ္ဒါသည် သဥ္ဇာတိ စသောအနက်သုံးပါးတွင် သုံးပါးလုံး၌ မဖြစ်ဘဲ တပါးပါးသောအနက်၌သာဖြစ်ပါသလော။ (သီဂဏ္ဌိ)။ (နောက်သမုစ္စယ၊ အဖြေပြ၊ ဧဝ အာဘော်ဆင်)။ ဤသဇ္ဇတေ ဆဟိ ဆဿာယတနေဟိ ၌ အာယတနသဒ္ဒါသည် အဘယ်အနက်များ၌ ဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

(ဇ) ဝါကျ ဒေါသာရောပနစောဒနာတက်ပုံ။

ဆရာ၊ ဆရာသည် (ဃ) ဖြင့် ဆဟိ ဖဿာယတနေဟိ ဟူသောပါဠိ၌ အာယတနသဒ္ဒါသည် သဥ္ဇာတိ စသောအနက်သုံးပါးအပေါင်း၌ဖြစ်၏ဟုဖွင့်ဆို၏။ အဘယ့်ကြောင့် သဥ္ဇာတိ စသောအနက်သုံးပါးအပေါင်း၌ အာယတနသဒ္ဒါဖြစ်နိုင်ပါသနည်း။ (သီဂဏ္ဌိ၊ ၂၇၉။) သဥ္ဇာတိ စသောအနက်သုံးပါးအပေါင်း၌ အာယတန သဒ္ဒါဖြစ်ခြင်း၏အကြောင်းအသီးသီးကို ဆရာ

http://www.dhammadownload.com



မပြဆိုပြီလော။ အကယ်၍ အကြောင်းအသီးသီးကိုမပြဆိုခဲ့သော် ဖလ+ကာရဏဆန့် - ဝိရောဓိ -၏။ စုဒ်ကြောင့် (ဧ) မိန့်။ (သီဂဏ္ဌိနှင့် ပဒုက္ကျသျ)။

(တနည်း) ။ ။ ဌပနာတူ၏။ အဘယ်သို့လျှင် သဥ္ဇာတိ စသောအနက်သုံးပါးအပေါင်း၌ အာယတန သဒ္ဒါဖြစ်ပါသနည်း။ သဥ္ဇာတိ စသောအနက်သုံးပါး အပေါင်း၌ အာယတန သဒ္ဒါဖြစ်ပုံအကျယ်ကို ဆရာမပြဆိုပြီလော။ သင်္ခေပ+ဝိတ္ထာရ ဆန့် ဝိရောဓိ ၏။ စုဒ်ကြောင့် (ဧ) မိန့်။ (ဟိ သဒ္ဒါ ဝိတ္ထာရတ္ထ။ ပဒုက္ကျသျ)။

❖ ကထံ ယုဇ္ဇတီတိ အာဟ "စက္ခာဒီသု ဟီ"တိအာဒိ။ (သိဋီသစ်၊ ၄၆၂)။

၃။ (ဆ+ဧ) ဝါကျ အာဘောဂါဒိ စတုက္ကထုတ်ပုံ။

(က) နနု သဥ္ဇာတိအာဒိအတ္ထတ္တယေသု ဧကေကသ္မိံယေဝ အတ္ထေ အာယတနသဒ္ဒေါ ပဝတ္တတိ။ (ဂဏ္ဌိလာ စောဒကာဘောဂ)။

(ခ) အထ ကသ္မာ သွာယမိဓ သဥ္ဇာတိအာဒိအတ္ထတ္တယေပိ ယုဇ္ဇတီတိ ဝုတ္တံ။

(ဂ) နနု စက္ခာဒီသု ဖဿပဉ္စမကာ ဓမ္မာ သဥ္ဇာယန္တိ၊
နနု စက္ခာဒီသု ဖဿပဉ္စမကာ ဓမ္မာ သမောသရန္တိ၊
နနု တာနိစ တေသံ ကာရဏံ (ဟောန္တိ)။

(ဃ) တသ္မာ သွာယမိဓ သဥ္ဇာတိအာဒိအတ္ထတ္တယေပိ ယုဇ္ဇတီတိ ဝုတ္တံ။

(က+ဆ) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု အာယတနသဒ္ဒေါ သဥ္ဇာတိသမောသရဏကာရဏပဏ္ဏတ္တိမတ္တတ္တေသု ပဝတ္တတိ။

(ခ) အထ ကသ္မာ သွာယမိဓ သဥ္ဇာတိအာဒိအတ္ထတ္တယေပိ ယုဇ္ဇတီတိ ဝုတ္တံ။

(ဂ) နနု တဒညဿ (ပဏ္ဏတ္တိမတ္တတ္တဿ) အဝိသယော ဟောတိ။

(ဃ) တသ္မာ သွာယမိဓ သဥ္ဇာတိအာဒိအတ္ထတ္တယေပိ ယုဇ္ဇတီတိ ဝုတ္တံ။

၄။ အဒိယတော ဂမျတေတိ အရည်။
သွားခြင်း, ရောက်ခြင်းကြိယာသကတ်သည် ဝစနပေတု။
တောအုပ်ဒြဗ်သည် ဝစနီယ။
ကာနနံ, ဒါယော စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ အာယတနံ သဒ္ဒါကို အာယတနတ္ထာ ဟုပြင်။
ယင်း၏သမ္ဗန်ကို ကမ္မောဇဿ ဟုခံ။ (ကတ္တား+သမ္ဗန်စပ်)။
မှတ်ချက်။ကမ္မောဇော အဿာနံ အာယတနံ ၌ အဿာနံ ကား အာယတန ပုဒ်က ငဲ့သည့် အလွတ်သမ္ဗန်သာဖြစ်သည်။ ယင်းအလွတ်သမ္ဗန်ကို အာယတနတ္ထာ ဝယ် အာယတန ဟူသော ဘာဝယောဂ ပုဒ်၌သာစာစပ်ရသည်။ တ္ထာ ၌ မစပ်ရ။

✻ သမ္ဗန်ငဲ့ထ၊ ပဒနောက်တွင်၊ ဘာဝဝင်သော်၊ ထိုပြင်မချတ်၊ အလွတ်သမ္ဗန်၊ တခုခုရမြဲ။
အလွတ်သမ္ဗန်၊ စပ်ရန်မုချ၊ ရှာဖွေကြမူ၊ ဘာဝယောဂ၊ သမ္ဗန္ဓ၏၊ အန္တတ္ထတွင်စပ်ရမြဲ။
(ဘုရားကြီးနိယံ)။

http://www.dhammadownload.com



၆။ (က) ဖြင့် သညာတီယံ ဌ တိ ပစ္စည်း၏ အဓိကရဏသာဓနအနက်၌သက်-လည်းကောင်း၊ သညာယန္တိ ဧတ္ထာတိ သညာတိ ဟုအဓိကရဏသာဓနဝစနတ္ထပြု-လည်းကောင်း၊ ယံ ၏ သိုဝ်ဝိဘတ်၏ ကာရိယ-လည်းကောင်း သိစေပါသည်။ (သီဋီသစ်၊ ၄၆၁။)

(ခ) ဖြင့် အာယတန သဒ္ဒါသည် သညာတိ စသောအနက်လေးပါးလုံး၌ ဖြစ်နိုင်သော်လည်း ဆဟိ ဖဿာယတနေဟိ ဟူသောဤအရာ၌ အာယတနသဒ္ဒါသည် သညာတိ စသော အနက်သုံးပါး၌ဖြစ်၏ဟု သိစေပါသည်။ (တနည်း) သညာတိ စသောအနက်သုံးပါးကို လိုအပ်သတည်း ဟု သိစေပါသည်။

(ဧ) ဝါကျ စက္ခာဒီသု ဖဿပဥ္စမကာ ဓမ္မာ သညာယန္တီတိ အာယတနာနိ ဖြင့် - အာယတန ပုဒ်ကို အာယတန္တိ သညာယန္တိ ဧတေသူတိ အာယတနာနိ ဟု အဓိကရဏသာဓန ဝစနတ္ထပြု-လည်းကောင်း၊ ယု ပစ္စည်း၏ အဓိကရဏသာဓန အနက်၌သက်-လည်းကောင်း၊ အာယတန အရ စက္ခုဝတ္ထု, စက္ခာယတန စသည်တို့ကိုယူ-လည်းကောင်း၊ သညာယန္တိ၌ ဖြစ်ကုန်၏ ဟူသည် ပုဂ္ဂိုလ်သတ္တဝါ, ငါ, သူတပါး ယောက်ျား, မိန်းမ စသည်တို့ဖြစ်ကုန်သည်ကားမဟုတ်, ဖဿပဥ္စမကတရားတို့ဖြစ်ကုန်သည်၏ အဖြစ်ကိုလည်းကောင်း၊ အာယတန ဌ အာ ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုလည်းကောင်း၊ ယတ ဓာတ်၏ သညာယနအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

စက္ခာဒီသု ဖဿပဥ္စမကာ ဓမ္မာ သမောသရန္တီတိ အာယတနာနိ ဖြင့် အာယတန ပုဒ်ကို အာယတန္တိ သမောသရန္တိ ဧတေသူတိ အာယတနာနိ ဟုပြု-လည်းကောင်း၊ စသည်ဖြင့် အထက် ဖော်ပြခဲ့ပြီးအာဘော်ကိုနည်းမှီး၍ ဖော်လေ။ သညာယန အနက်ဟောနေရာတွင် သမောသရဏ အနက်ဟောဟု ပြောင်းလွဲရုံသာ ထူးသည်။

တာနိစ တေသံ ကာရဏန္တိ အာယတနာနိ ဖြင့် ဆဟိ ဖဿာယတနေဟိ ဌ အာယတနသဒ္ဒါ၏ "အကြောင်း"ဟူသောအနက်ဟော-လည်းကောင်း၊ ယင်းသို့ အာယတနပုဒ်က အကြောင်း ဟူသောအနက်ကိုဟောနိုင်ခြင်းမှာ စက္ခုဝတ္ထု, စက္ခာယတန စသည်တို့က ဖဿပဥ္စမက တရားတို့၏ အကြောင်းဖြစ်သောကြောင့်ပင်ဖြစ်၏ဟူသောအဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။

ကာရဏတ္ထဟော အာယတန ဝိဂ္ဂဟ။

အာယတန္တိ ဧတ္ထ ဖလာနိ တဒါယတ္တဝုတ္တိတာယ ပဝတ္တန္တီတိ အာယတနံ။

(တနည်း) အာယာဘူတံ အတ္တနော ဖလံ တနောတီ ပဝတ္တေတီတိ အာယတနံ။ (သီဋီသစ်၊ ၄၆၁။)

၇။ အသဿ ကား အသ+အ။ သ တလုံး လာ၍ပြီးသည်။

- အသတိ ဘက္ခတီတိ အသော။

ပဏ္ဍတ္တိ ကား ပညတ္တိ ဟူလိုလျက် ပည ကို ပဏ္ဍ ပြု၍ပြီးသည်။

- ပဏ္ဍတ္တိ ပညတ္တီတိ ဟိ အတ္ထတော ဧကံ။ ယထာ ပညာသ ပဏ္ဍာသာတိ ပညာယ ပဏ္ဍာဒေသောတိ အက္ခရစိန္တကာ ဝဒန္တိ။ (ရူပသိဒ္ဓိ)။

(တနည်း) ပညတ္တိ ဟူလိုလျက် ည ကို ဏ္ဍ ပြု၍ပြီးသည်။

- ပညတ္တိပညာသာနံ ညဿ ဏ္ဍော။ ပဏ္ဍတ္တိ၊ ပညတ္တိ ဝါ။ ပဏ္ဍာသံ၊ ပညာသံ ဝါ။ (နီတိ၊ သုတ္တ၊ ၈၉ သုတ်)။

(တနည်း) ပဥတ္တိ ဟူလိုလျက် ဥ ကို ဏ ပြု၊ ဏ ဒွေဘော်လာ၍ ပြီးသည်။

http://www.dhammadownload.com



❖ ဥဿ ဓာတ္တံ ပဏ္ဏတ္တိ = ပညတ္တိ။ (နိရုတ္တိဒီပနီ၊ ၃၂။)

၈။ (ဆ) ဝါကျ အတ္တတ္တယေပိ ဌ ပိ ဖြင့် အာကာရ, နိဝါသ, အဓိဋ္ဌာန အနက်တို့ကို ပေါင်းဆည်းသည်။ ပိ သဒ္ဒါ အဝုတ္တသမုစ္စည်း။

❖ အတ္တတ္တယေပီတိတ္ထေ ပိ သဒ္ဒေန အာကာရနိဝါသာဓိဋ္ဌာနတ္ထေ သမ္ပိဏ္ဍေတိ။ (သီဋီသစ်၊ ၄၆၁)။

ဖဿပဉ္စမကာ ဓမ္မာ ဌ ကေဒေသူပစာ, ဥပလက္ခဏနည်း, ပဓာနနည်း ရသည်။

ကေဒေသူပစာ။ အစိတ်ဖြစ်သော ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ် ဟူသော တရားငါးပါးတို့၏ ဖဿပဉ္စမကာဓမ္မာဟူသောအမည်ကို အပေါင်းဖြစ်သော ထိုတရားငါးပါးနှင့် တကွ တံ သမ္ပယုတ္တဓမ္မ တို့၌ တင်စား၍ဆိုသောကြောင့် ကေဒေသူပစာ။ (ဥပလက္ခဏ + ပဓာနလွယ်ပြီ)

❖ ဖဿောဝေဒနာသညာစေတနာစိတ္တန္တိ ဣမေ ဖဿပဉ္စမကာ ဓမ္မာ ဥပလက္ခဏဝသေန ဝုတ္တာ အညေသမ္ပိ တံသမ္ပယုတ္တဓမ္မာနံ အာယတနဘာဝတော, ပဓာနဝသေန ဝါ။ (သီဋီသစ်၊၄၆၂။)

၉။ (က) ဝါကျ ဂါထာစီ။

သဥ္ဇာတိသမောသရဏော၊ ပဏ္ဏတ္တိမတ္တကာရဏော။

ဣတိ စတူသု အတ္ထေသု၊ အာယတနံ ပဝတ္တတိ။ (ပထမ ဘ ကာရဝိပုလာဂါထာ)။

၁၀။ သမ္မန္တိ ဌ ဓာတွတ္ထကိုရှု၍ ဘာဝါလင်္ကာရထုတ်ပုံ -

† 'သစ်ရွက်မိုးကျောင်းတို့၌ ကမ္ဗဋ္ဌာန်းနှလုံးသွင်းကာ နေကြကုန်သော ရသေ့သူတော်ကောင်းတို့၏ သန္တာန်၌ သမာဓိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် သမဋ္ဌာယီဘာဝ+သန္တရသ။

† နှလုံးသွင်းပွားများအပ်သော ကမ္မဋ္ဌာန်းအာရုံသည် အာရမ္မဏဝိဘာဝ။

† သစ်ရွက်မိုးကမ္မဋ္ဌာန်းကျောင်းသည်လည်းကောင်း၊ ငြိမ်သက်သာယာသော တောအုပ်ကြီးသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

† ဈာန်တရားကို ရရှိလာနိုင်ခြင်း, ဈာနသမာပတ်သုခကို ခံစားရခြင်း, ဗြဟ္မာ့ဘုံသို့ရောက်ရခြင်း စသော အကျိုးတရားအဆက်ဆက်သည် အနုဘာဝ။

✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲

## ဝါကျဥယျာဉ် (၉၉)

(က) ဖုဿဖုဿ ပဋိသံဝေဒေန္တီတိ ဖုသိတွာ ဖုသိတွာ ပဋိသံဝေဒေန္တိ။

(ခ) တွေ့ စ ကိဉ္စာပိ အာယတနာနံ ဖုသနကိစ္စံ ဝိယ ဝုတ္တံ၊ တထာပိ န တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ။

(ဂ) န ဟိ အာယတနာနိ ဖုသန္တိ၊

(ဃ) ဖဿောဝ တံ တံ အာရမ္မဏံ ဖုသတိ၊

(င) အာယတနာနိ ပန ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ၊

(ဌ၊ ၁၁၅။ သီဋီသစ်၊ ၄၆၃။ နေရင်း၊ ၃၈၁။ ပခုက္ကူ၊ ၅၃၁၊ ဘာသာဋီ၊ ဒု၊ ၁၆၈။ ဂဏ္ဌိ၊ ၂၈၀။)

http://www.dhammadownload.com



၁။ (ခ) ဝါကျကို မှန်ကန်စွာ အတ္တယောဇနာပါ။
၂။ (င) ဝါကျ၌ ပဓာနကြိယာကိုယူ၍ ကြိယာအချင်းချင်းသာ ပညတ်နည်းဖြင့် ထွက်ပြပါ။
၃။ (ခ) ဝါကျ၌ "ကိဥ္စာပိ" သဒ္ဒါထားရခြင်းနှင့် စောဒကာဘောဂ, ပရိဟာရဘောဂကိုဖော်ပြပါ။
၄။ ဖုသနကိစ္စပုဒ်ကို အစိတ်အပေါင်း ဝိဂ္ဂဟပြုပြီးလျှင် နောက်အစိတ်ပုဒ်၌သာ ဝစနာဒိဆက္က ခွဲပြပါ။
၅။ ဖုသနကိစ္စတာပုဒ်၌ ဘာဝသမ္ဗန်, တာသမ္ဗန်ကိုခံပြပြီးလျှင် ဘာသသမ္ဗန်ပုဒ်၌ ဖြစ်သင့်သော အနက်ကို ဖော်ပြပါ။
၆။ (က) ဝါကျ၌ ဖြစ်သင့်သော အာဘောဂနှင့် သံဝဏ္ဏနာကိုဖော်ပြပါ။
၇။ နိရုတ္တိနည်း ငါးမျိုးထည်းမှ ရသင့်သော နိရုတ္တိနည်းဖြင့် ဖုဿ သဒ္ဒါကို ရုပ်တွက်ပြပါ။
၈။ (ဂ+ဃ) ဝါကျများ၌ အာယတနနှင့် ဖဿတို့၏ ဖုသနကိစ္စကို မပြီးစေနိုင်ခြင်း, ပြီးစေနိုင်ခြင်း အကြောင်းကိုဖော်ပြပါ။
၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးခဲ့ပါ။
သော အဟံ ဝိစရိဿာမိ၊ ဂါမာဂါမံ ပုရာပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿစ သုဓမ္မတံ။ (၄၊ ၂၀၇။)
၁၀။ အထက်ပါဂါထာ၌ "နမဿမာနော"ကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ကို ဖော်ပြပါ။

===================

၂။ ပညတ်နည်းတွက်ပုံ။

(င) ဝါကျ၌ ပဓာနကြိယာကား ဒဿိတာနိ တည်း။ အဓိပ္ပါယ်ကား ပြအပ်ကုန်ပြီဟူလို။

ဆရာ သည် ဒဿိတာနိ ဖြင့် ပြအပ်ကုန်ပြီ ဟုဆို၏။ အဘယ်သို့ ပြအပ်ကုန်သနည်း။ (အာယတန တို့ကို ဖဿ၌) မထည့်သွင်းမူ၍ ပြအပ်ပါကုန်သလော၊ စုဒ်ကြောင့် ဥပနိက္ခိပိတွာမိန်။

(ခ) ဝါကျ ပုစ္ဆာ။

ဆရာ သည် (က) ဝါကျဖြင့် တွေ့ထိကုန်၍ တွေ့ထိကုန်၍ ခံစားကုန်၏ဟုဖွင့်ပြ၏။ အာယတနတို့သည် မတွေ့ထိတတ်ကုန်၊ ဖဿ သည်သာလျှင် အာရုံကို တွေ့ထိတတ်သည် မဟုတ်ပါလော၊ (ဝါ) တွေ့ထိခြင်း ကိစ္စရှိသည် မဟုတ်ပါလော၊ ထိုသို့ဖြစ်ပါလျက် စက္ခာယတန စသည်တို့၏လည်း တွေ့ထိခြင်းကိစ္စ ရှိသကဲ့သို့ "ဆဟိ ဖဿာယတနေဟိ" ဟု အဘယ့်ကြောင့် ဟောထားပါသနည်း-စုဒ်ကြောင့် (ခ) မိန့်။ (နေရင်း နိသျ ကျမ်းတက်ကို မှီးသည်။)

မှတ်ချက် ။ ။ (၃) နံပါတ် စတုက္ကထုတ်ပုံကိုရှု၍ ကိဥ္စာပိ ထုံစံအတိုင်း တနည်း ကျမ်းတက်နိုင် သေးသည်မှတ်။

(င) ဝါကျ သာဘောဂပုစ္ဆာ ။

ဆရာ သည် (ဂ+ဃ) တို့ဖြင့် အာယတနတို့သည် မတွေ့ထိကုန်၊ ဖဿ သည်သာလျှင် ထိုထိုအာရုံကို တွေ့ထိသောဟု ဆို၏။ ယင်းသို့ဖြစ်လျှင် (ယဒိဧဝံ) ပါဠိတော်၌ ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ဟူ၍ မဟောကြားသင့်၊ ဆဟိ ဖဿေဟိ ဖုဿ ဖုဿ ဟူ၍သာ ဟောကြားတော်မူသင့်သည်မဟုတ်လော၊ အဘယ့်ကြောင့် ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ဟူ၍ ဟောကြားတော်မူလေသနည်း။ (ဂဏ္ဌိ၊ ၂၈၀) စုဒ်ကြောင့် (င) မိန့်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား (င)ဝါကျဖြင့် အာယတန တို့သည် အာရုံကို မတွေ့ထိတတ်သော်လည်း ထိုအာယတန တို့ကို ဖဿ၌ ထည့်သွင်း၍ နိဿိတ ဝေါဟာရဖြင့် ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ဟူ၍ ဟောကြားတော်မူပါ၏ ဟူလိုသော်။

၃။ (ခ) ဝါကျ၌ ကိဋ္ဌာပိထားရခြင်း၊

"ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ" ဟူသော (ပါဠိတော်) ကိုမနှစ်သက်၍ (ခ) ဝါကျ၌ ကိဋ္ဌာပိ သဒ္ဒါထားပါသည်။

စောဒကာဘောဂ ကား "နနု အာယတနာနံ ဖုသနကိစ္စံ ဝိယ ဝုတ္တံ" ဖြစ်သည်။

ပရိဟာရာဘောဂ ကား "နနု န အာယတနာနိ ဖုသန္တိ၊ ဖဿော၀ တံတံ အာရမ္မဏံ ဖုသတိ" ဖြစ်ပါသည်။

(ခ+ဂ+ဃ) ဝါကျတို့ကို စတုက္ကထုတ်ပုံ၊

(က) နနု အာယတနာနံ ဖုသနကိစ္စံ ဝိယ ဝုတ္တံ။

(ခ) အထကသ္မာ န တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ။

(ဂ) နနုံ န အာယတနာနိ ဖုသန္တိ၊ ဖဿော၀ တံတံ အာရမ္မဏံ ဖုသတိ။

(ဃ) တသ္မာ န တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ။

ပနသဒ္ဒါအရစျွတ္တကြံ၍ (ဂ+ဃ+င) ဝါကျတို့၌ စတုက္ကထုတ်ပုံ။

(က) နနု န အာယတနာနိ ဖုသန္တိ၊ ဖဿော၀ တံတံ အာရမ္မဏံ ဖုသတိ။

(ခ) အထကသ္မာ "ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တီ"တိ (ပါဠိယံ) ဝုတ္တံ။

(ဂ) နနု အာယတနာနိ ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ။

(ဃ) တသ္မာ (ပ) (ပါဠိယံ) ဝုတ္တံ။

(င) ဝါကျ ကျမ်းတက်နှင့် တိုက်ဆိုင်ကြည့်ပါ။

၄။ ဖုသီယတေ ဖုသနံ။ ကတ္တဗ္ဗန္တိ ကိစ္စံ။ ဖုသနံ+ကိစ္စံ+ဧတေသန္တိ ဖုသနကိစ္စာနိ။

ကိစ္စံ ၌ ပြုခြင်း ကြိယာသကတ်သည် ဝစနဟေတု။

ပြုအပ်သောကိစ္စ ဒြဗ်သည် ဝစနီယ။

ကရဏီယံ စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

၅။ ဖုသနကိစ္စတာ ၌ ဘာဝသမ္ဗန်ကား "ဖုသနကိစ္စာနံ" ဖြစ်သည်။

တာ သမ္ဗန်ကား "တေသံအာယတနာနံ" ဖြစ်သည်။

ဘာဝသမ္ဗန်ပုဒ်၌ဖြစ်သင့်သော အနက်ကား ကတ္တားအနက်ဖြစ်သည်။

(ဗဟုဗ္ဗီဟိ+အဿတ္ထိ+တူဘိကတ္တားနေ။)

၆။ (က) ဖုသိတွာ ဖုသိတွာ ဖြင့် ဖုဿ ဖုဿ ၌ ဖုသဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ဖုဿ ဖုဿ သည် ဏျ ပစ္စယန္တပုဒ်မဟုတ်။ တွာ ပစ္စယန္တပုဒ်၏အဖြစ်ကိုလည်းကောင်း၊ (ဒု ပစ္စယပဒ) (ဖုသ ဓာတ်နောင်တွာ ပစ္စည်းကို ယ ပြု၍) ဖုသျ ဟုဆိုလိုလျက် သျ ကို သ ပြု သဒ္ဒေဘော်လာ၍ ဖုဿ ဟုရုပ်ပြီးနေသည်၏အဖြစ်ကိုလည်းကောင်း (ဘာဝတ္ထ) သိစေသည်။

http://www.dhammadownload.com



၇။ ဖုသ ကား ဖုသ ဓာတ်+တွာ ပစ္စည်း။ တွာ ကို ယ ပြု။ သ ကို ယ သို့ကပ် ဖုသျ ဟူလိုလျက် ဝဏ္ဏဝိကာရ ဖြင့် သျ ကို သ ပြု။ ဝဏ္ဏာဂမ ဖြင့် သဒွေဘော်လာ၍ ဖုဿ ဟု ပြီးသည်။ (ရူပသိဒ္ဓိ)

(တနည်း) (ဖုသ+တွာ ပစ္စည်း။ တွာ ကို ယ ပြု။) ဖုသယ ဟူလိုလျက် ဝိဏ္ဏဝိကာရ ဖြင့် ယ ကို ပုဗ္ဗရုပ် သ ပြု၍ ဖုဿ ဟုပြီးသည်။ (နိရုတ္တိ ဒီပနီ၊ ၄၄၊ ၇၆၃။)

(တနည်း) ဖုသျ ဟူလိုလျက် ဝဏ္ဏဝိကာရ ဖြင့် သျ ကို ဿ ပြု၍ပြီးသည်။ (သျော သဿယုဂံ။ နီတိ၊ သုတ္တ၊ ၁၁၂။)

၈။ ရုပ်တရားတို့သည် အာရုံကို မယူတတ်သည်၏အဖြစ်ကြောင့် အာယတနတို့သည် ဖုသနကိစ္စ ကို မပြီးစေနိုင်ပါ (ဝါ) အာရုံကို မတွေ့ထိတတ်ကြပါ။

ဖဿ သည် နာမ်တရားဖြစ်၍ တစိတ်တဒေသအားဖြင့် အာရုံသို့ မကပ်ငြိဘဲ တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်၏။ ထို့ကြောင့် ဖဿ သည်သာလျှင် ဖုသနကိစ္စကို ပြီးစေနိုင်ပါသည်။ (ဝါ) အာရုံကို တွေ့ထိတတ်ပါသည်။ (သီဋီသစ်၊ ၄၆၃။)

၉။ တတိယမ ကာရဝိပုလာဂါထာ။ အနုဋ္ဌုဘာဆန်းဖြစ်သည်။

၁၀။ † နမဿမာနော အရ ရတနာသုံးပါးကို ရှိခိုးသော အာဋ္ဌာဝကဘီလူး၏ သန္တာန်၌ ပဏာမ စေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ဓမ္မရတိဌာယီဘာဝ ဓမ္မသိဂ်ါရ ရသ။

† ရတနာသုံးပါးသည် အာရမ္မဏဝိဘာဝ။

† ရတနာသုံးပါး၏ ဂုဏ်တော်များသည် ဥဒ္ဒီပနဝိဘာဝ။

† နတ်ရွာတစ်ခုမှ နတ်ရွာတစ်ခုသို့ အန္တရာယ်မရှိဘဲ ချမ်းသာစွာလှည့်လည်နိုင်ခြင်း စသော အကျိုးအဆက်ဆက်သည် အနုဘာဝ။

✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲✲

## ဝါကျဥယျာဉ် (၁၀၀)

(က) ဖုဿ ဖုဿ ပဋိသံဝေဒေန္တီတိ ဖုသိတွာ ဖုသိတွာ ပဋိသံဝေဒေန္တိ။

(ခ) ဧတ္ထ စ ကိဉ္စာပိ အာယတနာနံ ဖုသနကိစ္စံဝိယ ဝုတ္တံ၊ တထာပိ န တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ။

(ဂ) န ဟိ အာယတနာနိ ဖုသန္တိ၊ ဖဿော ဝ တံတံအာရမ္မဏံ ဖုသတိ၊ အာယတနာနိ ပန ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ၊

(ဃ) တသ္မာ သဗ္ဗေတေ ဆ ဖဿာယတနသမ္ဘဝေန ဖဿေန ရူပါဒီနိ အာရမ္မဏာနိ ဖုသိတွာ တံ ဒိဋ္ဌိဝေဒနံ ပဋိသံဝေဒယန္တီတိ ဧဝမေတ္ထ အတ္ထော ဝေဒိတဗ္ဗော။

(၅၊ ၁၁၅။ သီဋီသစ်၊ ၄၆၃။ နေရင်း၊ ၃၈၁။ ပခုက္ကူ၊ ၅၃၁။ ဘာသာဋီ၊ ဒု၊ ၁၆၈။)

http://www.dhammadownload.com



၁။ (ခ+ဂ) ဝါကျတို့ကို အပြန်အလှန်ပြုလုပ်၍ အနက်ယောနောပါ။
၂။ (ဂ) ဝါကျကို စောဒနာတက်ပြပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)
၃။ (ခ+ဂ) တို့၌ စောဒကာဘောဂါဒိစတုက္ကကို အပြည့်အစုံထုတ်ပါ။
၄။ (ခ) ဝါကျလာ အာယတနပုဒ်ကို ဝိဂ္ဂဟဆို၍ ဝစနာဒိသင်္ဂဟထုတ်ပါ။
၅။ ဖုသနကိစ္စတာ ၌ ဘာဝသမ္ဗန်, တာသမ္ဗန်တို့ကို ထုတ်ပြလျက်၊ စာစပ်ပြီးလျှင် ဘာဝယောဂ ပုဒ်၏ ဝါစ္စ ကိုလည်းဖော်ပြခဲ့ပါ။
၆။ (က) ဝါကျ၌ အဋ္ဌကထာဆရာ၏အာဘော်နှင့် သံဝဏ္ဏနာအမည်ကိုဖော်ပြပါ။
၇။ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ ၌ ဖုဿ ဖုဿ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို သေချာကျန စွာ ရေးသားခဲ့ပါ။
၈။ အာယတနာနိ ပန ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ ဟူသောစကားအရ ဖဿေ ဥပနိက္ခိပန၏ အဓိပ္ပါယ်ကို ကျနစွာရေးသားခဲ့ပါ။
၉။ အောက်ပါမြန်မာစကားကို ပဍ္ဍဝတ္တဂါထာ စီကုံးရေးသားခဲ့ပါ။
ပညာရှိအပေါင်းသူတော်ကောင်းတို့သည် ဤသာသနာတော်၌ မြဟ္မဇာလအမည်ရ သော ထိုသုတ္တန်၏ ပါဠိအနက်ကို လေးလေးစားစားသင်ယူပြီးလျှင် သင့်တင့်သောအကြောင်း အားဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ကြပါစေကုန်သတည်း။
၁၀။ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ ၌ ပဋိသံဝေဒေန္တိ အရကို ကိုယ်ပြု၍ ရထိုက်သော ဘာဝ ဝိဘာဝ အနုဘာဝ တို့ကို စုံလင်စွာထုတ်ပြပါ။

==================

၁။ (ခ+ဂ) ဝါကျအပြန်အလှန် အနက်ပေးပုံ၊

စ၊ ဆက်။ တွေ၊ ဤဆဟိ ဖဿာယတနေဟိ ဟူသောပါဠိ၌။ (နေရင်း) တွေ၊ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ ဟူသော ဤပါဠိ၌။ (ပဒုက္ကျ) (ဘာသာဋီ) တွေစ၊ ဤဆဟိဖဿာယတနေဟိ ဖုဿ ဖုဿ ဟူသောပါဠိ၌လည်း။ (ဂဏ္ဍိ) အာယတနာနံ၊ တို့၏။ ဖုသနကိစ္စဝိယ၊ ကဲ့သို့။ ကိဠာပိဝုတ္တံ၊ ပြီ။ တထာပိ၊ သော်လည်း။ တေသံ အာယတနာနံ၊ တို့၏။ ဖုသနကိစ္စတာ၊ ကို။ နဝေဒိတဗ္ဗာ၊ အပ်။ (ကသ္မာ၊ ကြောင့်။ တေသံအာယတနာနံ၊ တို့၏။ ဖုသနကိစ္စတာ၊ ကို။ နဝေဒိတဗ္ဗာ၊ နည်း။) ဟိ ယသ္မာ၊ ကြောင့်။ အာယတနာနိ၊ တို့သည်။ (ပ) ဒဿိတာနိ၊ ပြအပ်ကုန်ပြီ။ (တသ္မာ၊ ကြောင့်။ တေသံအာယတနာနံ၊ တို့၏။ ဖုသနကိစ္စတာ၊ ကို။ နဝေဒိတဗ္ဗာ၊ အပ်။) (ဘာသာဋီ၊ ဒု၊ ၁၆၈။) (၃ နံပါတ်အမှာကိုလည်းရှုပါ။)

၂။ (ဂ) ဝါကျ စောဒနာ၊

ဆရာ၊ သည် (ခ) ဝါကျဖြင့် ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ ဟူသော ပါဠိရပ်၌ အာယတနတို့၏ တွေ့ထိခြင်းကိစ္စကဲ့သို့ ဟောတော်မူအပ်ပါသော်လည်း ထိုအာယတနတို့၏ တွေ့ထိ ခြင်းကိစ္စ ရှိသည်၏အဖြစ်ကိုမသိအပ်ဟုဆို၏။ အဘယ့်ကြောင့် ထိုအာယတနတို့၏တွေ့ထိခြင်းကိစ္စ ရှိသည်၏အဖြစ်ကို မသိအပ်ပါသနည်း။ ယင်းသို့ မသိအပ် မသိနိုင်ခြင်း၏ အကြောင်းကို ပြဆိုသင့် သည်မဟုတ်ပါလော။ အကြောင်းကို မပြဆိုခဲ့သော် ဆရာ့အား ဖလ+ကာရဏ ဆန့်သောဝိရောဓိ ဒေါသရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

http://www.dhammadownload.com



မှတ်ချက် ။ ။ "န ဟိ တက်ရာ, ဟိနက်မှာ, ဟိတ်ပါဒဋ္ဌီစွဲ" နှင့်အညီ ဟေတုဝါကျလည်း ဖြစ်နိုင်၏။ ဒဋ္ဌိဝါကျလည်း ဖြစ်နိုင်၏ ဟုမှတ်။

၃။ (ခ+ဂ) ဝါကျ စတုက္ကထုတ်ပုံ၊

(က) နနု အာယတနာနံ ဖုသနကိစ္စံဝိယ ဝုတ္တံ။

(ခ) အထကသ္မာ န တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ။

(ဂ) နနု န အာယတနာနိ ဖုသန္တိ၊ ဖဿောဝ တံ တံ အာရမ္မဏံ ဖုသတိ၊ အာယတနာနိ ပန ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ။

(ဃ) တသ္မာ န တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ။

အမှာ ။ ။ (ဂ) ဝါကျ၌ ဝါကျအစိတ် (၃) ခုရှိရာတွင် နေရင်း နိသျ+ပဒုက္ကာနိသျတို့၌ နဟိအာယတနာနိ ဖုသန္တိ၊ ဖဿောဝ တံတံ အာရမ္မဏံ ဖုသတိ ဟူသော ရှေး(၂)ဝါကျကိုသာ ကာရဏဝါကျအဖြစ်ယူ၍ အနက်ယောနေကြသည်။ အာယတနာနိ ပနဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ ဝါကျကိုကား ကာရဏဝါကျ၌သွင်း၍ အနက် မယောနေကြ။ ဘာသာဋီကာနိသျသာ (ဂ) ဝါကျပါ (၃) ဝါကျစလုံးကို ကာရဏဝါကျယူ၍ အနက်ပေးပြသည်။ ပုစ္ဆာ၌ အာယတနာနိ ပန ဖဿေဥပနိက္ခိပိတွာ ဒဿိတာနိ ဝါကျကို (ဂ) ဝါကျ၌ ထည့်သွင်း၍ ပြဆိုထားခြင်းကား ဘာသာ ဋီကာကို အဓိကထား၍မေးသည့် မေးခွန်းဖြစ်ဟန်တူ၏။

ဤကား (ခ+ဂ) ဝါကျတို့၌ စောဒကာဘောဂါဒိစတုက္ကအပြည့်အစုံထုတ်ပါဟု မေးသော ပုစ္ဆကအာဘော်ကျအောင် (ဂ) ဝါကျတခုလုံးကို ပရိဟာရဘောဂဟူ၍ ထုတ်လိုက်ခြင်းဖြစ်သည်။ နေရင်းနိသျ, ပဒုက္ကာနိသျတို့နှင့်အညီထုတ်ပုံကို(၂၆-ခုအစိုးရပုစ္ဆာ) ရှေးဝါကျ၌ထည့်သွင်းဖော်ပြခဲ့ပြီ။

၄။ တံတံဒွါရာရမ္မဏာ စိတ္တစေတသိကာဓမ္မာ သေနသေနအနုဘဝနာဒိကိစ္စေန အာယတန္တိ ဥဋ္ဌဟန္တိ ဃဋေန္တိ ဝါယမန္တိ ဧတေသု စက္ခာဒီသူတိ အာယတနာနိ။ (သီဋီသစ်)

ထိုထိုဒွါရအာရုံရှိကုန်သော စိတ်စေတသိက်တို့၏ မိမိ မိမိတို့၏ဥစ္စာဖြစ်သော အနုဘဝန စသောကိစ္စဖြင့် စေ့ဆော်ကြိုးကုတ်အားထုတ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု ။ စက္ခာယတန စသည်တို့ဖြစ်သည် ဝစနီယမည်၏။

သဉ္ဇာတိဒေသာနိ, သမောသရဏာနိ စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထမည်၏။

ဝိဂ္ဂဟမှတ်ဘွယ် ။ ။ အာယတံ ဝါ သံသာရဒုက္ခံ နယန္တိ ပဝတ္တေန္တီတိ အာယတနာနိ၊ အာယဘူတေ ဓမ္မေ ယောနိ တနောန္တိ ဝိတ္ထာရေန္တီတိ အာယတနာနိ။ (ဋီကာကျော်၊ ၂၂၉) (သီဋီသစ်၊ ၄၆၂)

၅+၆။ ပုစ္ဆာကို ဝါကျဥယျာဉ် (၉၉) ၌ဖြေခဲ့ပြီ။

၇။ ဖုဿ ဖုဿ ကား (ရှေ့ဝါကျ၌ ဖြေဆိုခဲ့ပြီးသည့်အတိုင်း) ဖုဿ ဟု ပြီးသည့်နောက် ဝတ္တာဝိကာရနိရုတ္တိနည်းဖြင့် ဖုဿ တပုဒ်ကို "ဖုဿ ဖုဿ"ဟု နှစ်ပုဒ်ပြု၍ ဖုဿဖုဿ ဟုပြီးသည်။ ဘာသာဋီကာမှတ်ချက်။ ဖုဿ နှစ်ပုဒ်ကား ဝိစ္ဆာလည်းမဟုတ်၊ အာမေဍိတ်လည်းမဟုတ်၊ အဘိက္ကည အနက်၌ "ဝိစ္ဆာဘိက္ခညေသု ဒွေ"ဟူသော မောဂ်၊ ၁၊ ကဏ္ဍ ၅၄ သုတ်ဖြင့် ဖုဿ တပုဒ်ကို "ဖုဿဖုဿ" နှစ်ပုဒ်ပြုရသော အဘိက္ကညပုဒ်တည်း။ "ဖုဿိတွာ" နှစ်ပုဒ်လည်း နည်းတူ။

http://www.dhammadownload.com



၈။ ဖဿေ ဥပနိက္ခိပန၏အဓိပ္ပါယ်

အာယတနတို့သည် တွေ့ထိခြင်းကိစ္စမရှိကြပါကုန်သော်လည်း (ထိုအာယတနတို့ကို) မဇ္ဈာယောသန္တိ စသည်တို့၌ကဲ့သို့ နိယိတဝေါဟာရဖြင့် "ဆဟိ ဖဿာယတနေဟိ ဖုဿဖုဿ"ဟု တွေ့ထိခြင်းကိစ္စရှိသည်တို့ကိုပြု၍ ပြခြင်းသည်ပင်လျှင် ဖဿေ ဥပနိက္ခိပန မည်၏ဟူလို။

❖ "ဆဟိ ဖဿာယတနေဟိ ဖုဿဖုဿာ"တိ အဖုသနကိစ္စာနိပိ နိယိတဝေါဟာရေန ဖုသနကိစ္စာနိ ကတွာ ဒဿနမေဝ ဖဿေ ဥပနိက္ခိပနံ နာမ ယထာ "မဇ္ဈာယောသန္တီ"တိ။ (သီဋီသစ်၊ ၄၆၃။)

၉။ ပြဟ္မဇာလဿ တဿီဓ၊ မဓ္မံ အတ္ထဥ္စ ပဏ္ဍိတာ။
သက္ကစ္စံ ဥဂ္ဂဟေတွာန၊ ပဋိပဇ္ဇန္တု ယောနိသော။ (၄၊ ၁၂၁)

၁၀။ ✝ ပဋိသံဝေဒေန္တိ အရ တွေ့ထိ၍ တွေ့ထိ၍ ခံစားကြကုန်သော မိစ္ဆာအယူရှိသူ သမဏ ဗြာဟ္မဏတို့၏ သန္တာန်၌ဖြစ်သော သပ္ပိတိကတဏှာပြဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ကာမရတိဌာယီဘာဝ+ကာမသိဂ်ါရရသ၊

✝ ရူပါရုံ စသော အာရုံတို့သည် အာရမ္မဏဝိဘာဝ၊

✝ အာယတနတို့ဖြင့် အာရုံတို့ကိုတွေ့ထိခြင်းသည်လည်းကောင်း၊ အယောနိသော မနသိကာရ စသည်သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ၊

✝ တဏှာ ဥပါဒါန်ဖြစ်ပေါ်လာခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝ၊

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

ဝါကျဥယျာဉ် (၁၀၁)

(က) တတ္ထ နယန္တိ တောယာတိနေတ္တိ။
(ခ) နယန္တိတိ ဂီဝါယ ဗန္ဓိတွာ အာကဍ္ဎန္တိ၊
(ဂ) ရဇ္ဇုယာ ဇော် နာမံ။
(ဃ) ဣဓ ပန နေတ္တိသဒိသတာယ ဘဝတဏှာ နေတ္တီတိ အဓိပ္ပေတာ။
(င) သာ ဟိ မဟာဇနံ ဂီဝါယ ဗန္ဓိတွာ တံတံ ဘဝံ နေတိ ဥပနေတီတိ ဘဝနေတ္တိ။
(စ) အရဟတ္တမဂ္ဂသတ္ထေန ဥစ္ဆိန္နာ ဘဝနေတ္တိ အဿာတိ ဥစ္ဆိန္နဘဝနေတ္တိကော။
(၄၊ ၁၁၇။ သီဋီသစ်၊ ၄၇၀။ နေရင်း၊ ၃၈၅။ ပဥ္စက္ကူ၊ ၅၄၆၊ ဘာသာဋီ၊ ၁၈၃။ ဂဏ္ဌိ၊ ၂၈၄။)

၁။ (ဃ+င+စ) ဝါကျတို့ကို နိပါတ်သဗ္ဗနာမ်ပုဒ်တို့၏ အစွဲမလွဲစေဘဲ အနက်ယောဇနာပါ။
၂။ (ဂ) အနာဒရဘောဂပုစ္ဆာ။ (ဃ) ကိုသာဘောဂပုစ္ဆာ။ (င) အနုသန္ဓေ တက်ပြခဲ့ပါ။
၃။ (ဂ+ဃ) ဝါကျတို့ကို စောဒကာဘောဂါဒိ စတုက္ကထုတ်၍ (င) ဝါကျပါ ကံပုဒ်တို့ကို ကျနစွာ စာစပ်ပြပါ။
၄။ (င) ၌ ဂီဝါယကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ (ဃ) ဝါကျ၌ ဟိတ်ပုဒ်၏သမ္ဗန်ကိုခံ၍ အတ္ထာနုရူပစာစပ်ပြပါ။

http://www.dhammadownload.com



၆။ (က+ဃ+င) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ ရုဏ္ဍပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးခဲ့ပါ။
၈။ ဗြဟ္မဇာလ သုတ္တန်၏ အနုဋ္ဌာရ သဂ်ီမဝိဗယ အမည်ရပုံကို ရှင်းပြပါ။
၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။
သုဘာသိတံ သုလပိတံ၊ "သာဓုသာဓူ"တိ တာဒိနော။
အနုမောဒမာနာ သိရသာ၊ သမ္ပဋိစ္ဆိံသု ဘိက္ခဝေါ။ (ဌ၊ ၁၁၉)
၁၀။ ၉ နံပါတ်ဂါထာ၌ ဖြစ်သင့်သောဘာဝစသည်ကိုထုတ်ပြပါ။

==================

၁။ (ဃ) ပန၊ ထူး (ဝါ) ပါး။ ဣဓ္ဓေမသ္မိံပါဌေ၊ ဥစ္စိန္နဘဝနေတ္တိကောဟူသော ဤပါဌ်၌။ပ။
(င) ဟိ သဒ္ဒါ တပ္ပါကဋီကရဏတ္ထ။ သာ (ဘဝတဏှာ) သည်။
(စ) ဝါကျ အဿ၊(တထာဂတကာယဿ) ထို ငါဘုရား၏ကိုယ်တော်အား (ဝါ) သည်။
(ပဥ္စတ္ထ၊ ၅၃၆။ ဘာသာဋီ၊ ၁၈၄။)
အမှာ ။ ။ ပါဠိတော်ဝယ် "တထာဂတဿ ကာယော"နှင့် အရတူသောကြောင့် အဿ အတွက် "မြတ်စွာဘုရား၏ ကိုယ်" ဟူသော အနက်ပေးပါသည်။ ဋီကာသစ်၌ အဿာတိ အနေန ဘဂဝတာ ဟု အစွဲပြုသည်ကို စဉ်းစားပါဟု ဘာသာဋီကာ၌ မှာထားသည်။

၂။ (ဂ) ဝါကျ အနာဘောဂပုစ္ဆာ၊
ဆရာ သည် (က) ဝါကျဖြင့် နေတ္တိ ပုဒ်ကို ကရဏသာဓ်ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ယင်းနေတ္တိအရ အဘယ်ကို ယူရပါမည်နည်း၊ စုဒ်ကြောင့် (ဂ) မိန့်။
အဓိပ္ပါယ်ကား ကြိုးကိုယူရမည်ဟူလို။
(ဃ) ဝါကျ သာဘောဂပုစ္ဆာ၊
ဆရာ သည် (ဂ) ဝါကျ ဖြင့် နေတ္တိဟူသည် ကြိုး၏အမည်တည်း (ဝါ) နေတ္တိအရ ကြိုးကိုယူရမည်ဟုဆို၏။ ဤ ဥစ္စိန္နဘဝနေတ္တိကော ပုဒ်၌လည်း နေတ္တိအရ ကြိုးကိုပင်ယူရမည်လော၊ (ဝါ) ကြိုးကိုပင် နေတ္တိဟု အလိုရှိအပ်ပါသလော၊ ဤ၌ အဘယ်ကို နေတ္တိဟု အလိုရှိအပ်ပါ သနည်း။ စုဒ်ကြောင့် (ဃ) မိန့်။
အဓိပ္ပါယ်ကား (ဃ) ဝါကျဖြင့် ဤ ဥစ္စိန္နဘဝနေတ္တိကောပုဒ်၌ နေတ္တိအရ ကြိုးနှင့်တူသော ဘဝတဏှာကို လိုအပ်၏ဟု ငါပြဆိုပါ၏ဟူလို။
(င) ဝါကျ အနုသန္ဓေ၊
ဤသို့ (ဃ) ဝါကျဖြင့် ကြိုးနှင့်တူသည်၏အဖြစ်ကြောင့် နေတ္တိအရ ဘဝတဏှာကို လိုအပ်၏ဟုပြဆိုပြီး၍ ယခုအခါ၌ ဘဝတဏှာ၏ ကြိုးနှင့်တူပုံကို ထင်စွာပြလိုသော ဆရာသည် (င) မိန့်။
"သာဟိ"တိ အာဒိ သဒိသတာ ဝိဘာဝနာ။ (သီဋီသစ်၊ ၄၇၀။)

၃။ (က+ဃ) ဝါကျ စတုက္ကထုတ်ပုံ၊
(က) နနု ရဇ္ဇုယာ တော် နာမံ။
(ခ) အထကသ္မာ ဣဓ ဘဝတဏှာ နေတ္တီတိ အဓိပ္ပေတာ။
(ဂ) နနု ဘဝတဏှာ နေတ္တိသဒိသာ ဟောတိ။

http://www.dhammadownload.com



(ဃ) တသ္မာ (ပ) အဓိပ္ပေတာ။

စာစပ် ။ ။ မဟာဇနံ ကား ကို-ကြောင့် နေတိ ၌ ပဓာနကံ၊ နေတိ ကား ပဓာနကံ၏ ကြိယာဖြစ်ပါသည်။

တံတံ ဘဝံ ကား သို့-ကြောင့် နေတိ ၌ အပဓာနကံ၊ နေတိ ကား အပဓာနကံ၏ ကြိယာဖြစ်ပါသည်။

❖ ပဓာနံ နီဝဟာဒီနံ၊ အပဓာနံ ဒုဟာဒီနံ။ (ကစ္စာယနသာရ)

၄။ ဂါယန္တိ တောယာတိဂီဝါ။ (ဏွာဒိမောဂ်၊ ၂၀၃-ဂါတ္ဘိဝေါသုတ်)
သီဆိုခြင်း ကြိယာသကတ်သည် ဝစနဟေတု၊
လည်ချောင်းဒြပ်သည် ဝစနီယ။
ဂလော ကဏ္ဍော စသောပရိယာယ် သဒ္ဒါ ဝစနီယတ္တ။
ရုန္ဓန္တိ တောယာတိ ရဇ္ဇု။
ပိတ်ပင်ခြင်းကြိယာသကတ်သည် ဝစနဟေတု။
ကြိုးဒြပ်သည် ဝစနီယ၊
ယောတ္တံ စသောပရိယာယ် ဝစနီယတ္တ။

၅။ နေတ္တိသဒိသတာယ ဟိတ်၏သမ္ဗန်ကို ဘဝတဏှာယ ဟုခံ။ (ကတ္တား+သမ္ဗန်စပ်)

၆။ (က) ဝါကျဖြင့် နေတ္တိ ၌ နီ ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ တိ ပစ္စည်း ကရဏ သာဓနအနက်၌ သက်သည်ကိုလည်းကောင်း၊ နယန္တိ တောယာတိ နေတ္တိ ဟု ကရဏသာဓ် ပြုရမည်ကိုလည်းကောင်း သိစေသည်။

(ခ) ဝါကျဖြင့် နယန္တိ ဆောင်ကုန်၏ဟူသည် လည်၌ဖွဲ့ချည်၍ ငင်ကုန်သတည်းဟု သိစေသည်။

(ဂ) ဝါကျဖြင့် (က) ဝါကျပါ နေတ္တိအရ ကြိုးကိုယူရမည်ဟု သိစေသည်။

(ဃ) ဝါကျ ဣဓ ဘဝတဏှာ နေတ္တီတိ အဓိပ္ပေတာ ဖြင့် ဤ ဥဋ္ဌိန္နဘဝနေတ္တိကော ပုဒ်၌ နေတ္တိအရ ဘဝတဏှာကို ယူရမည်ဟုသိစေသည်။ (သရုပ်ကြား အဘိ-တ္တ)

(တနည်း၊) ဘဝတဏှာကို လိုအပ်သတည်းဟုသိစေသည်။ (အဓိပ္ပေတတ္တ)

နေတ္တိသဒိသတာယ ဖြင့် ဥစ္ဆိန္နဘဝနေတ္တိကော ၌ နေတ္တိဟူသောပုဒ်၏ (အတူဖြစ်သော ကြိုး၏အမည်ကို အတူရှိသော ဘဝတဏှာ၌ တင်စား၍ဆိုထားသော) သဒိသူပစာသဒ္ဒါ၏အဖြစ်ကို သိစေသည်။ (ဘာဝတ္တ)

(တနည်း၊) နေတ္တိသဒိသတာယ ဖြင့် ဥစ္ဆိန္နဘဝနေတ္တိကော၌ နေတ္တိဝယ် ဣ ပစ္စည်း၏ ဥပမာတဒ္ဓိတ်အနက်၌ သက်သည်ကိုလည်းကောင်း၊ နေတ္တိ ဝိယာတိ နေတ္တိဟု ဥပမာတဒ္ဓိတ် ပြုရမည် ကိုလည်းကောင်း သိစေသည်။

❖ "နေတ္တိသဒိသတာယာ"တိ ဣမိနာ သဒိသဝေါဟာရံ, ဥပမာတဒ္ဓိတံ ဝါ ဒဿေတိ။ (သီဋီသစ်၊ ၄၇၀)

(င) ဝါကျ တံတံ ဘဝံ နေတိ ဖြင့် ဘဝနေတ္တိ၌ နေတ္တိဝယ် နီဓါတ်၏အဖြစ်ကိုလည်းကောင်း၊ တိ ပစ္စည်း ကတ္တားအနက်၌သက်သည်ကိုလည်းကောင်း၊ နေတီတိ နေတ္တိဟု ကတ္တုသာဓ်

http://www.dhammadownload.com



ပြုရမည်ကိုလည်းကောင်း၊ ဘဝနှင့် နေတ္တိကို ဘဝံ နေတ္တိ ဘဝနေတ္တိ ဟု ဒုတိယာ တပ္ပုရိသ်ပြုရမည်ကိုလည်းကောင်း သိစေသည်။

ဥပနေတိ ဖြင့် နေတိ သည် ဥပနေတိ၏ ပရိယာယ်တည်းဟု သိစေသည်။

သာ ဖြင့် ဘဝနေတ္တိအရ ဘဝတဏှာကို ယူရမည်ဟုသိစေသည်။

မဟာနေ့ တံတံ ဘဝံ ဖြင့် နီဓာတ်၏ ဒွိကမ္မကဓာတ်အဖြစ်ကို သိစေသည်။

ဂီဝါယ ဗန္ဓိတွာ ဖြင့် ဘာဝတ္ထသိစေသည်။

(စ) ဝါကျဖြင့် ဥစ္ဆိန္နဘဝနေတ္တိကောပုဒ်ကို စတုတ္ထီဗဟုဗ္ဗီဟိဝနတ္တပြုရမည်ကို လည်းကောင်း၊ ဥစ္ဆိန္နပုဒ်၏ ကရိုက်းကို အရဟတ္တမဂ္ဂသတ္ထေန ဟု ထည့်ရမည်ကိုလည်းကောင်း သိစေသည်။

၇။ ရဇ္ဇု ကား ရဉ်ဓာတ်+ဇု ပစ္စည်း။ ရဉ္ဇဇု ဟူလိုလျက် ဓာတွန် ဉ ကို ပရရုပ် ဇ ပြု၊ ရ၌ ဉ ကို အ ပြု၍ ရဇ္ဇု ပြီးသည်။

◆ ရဉ်ဓိ အာဝရဏေ ဇု။ ဥဿတ္တံ, ပရရူပတ္တဉ္စ။ (ဓာန်ဋီ+သူစိ)

၈။ ဝါကျဥယျာဉ် (၈၄) ၌ ဖြေခဲ့ပြီ။

၉။ တတိယပါဒ၌ "အ+နု" ကို ပေါင်း၍ အစလေးလုံးနောင် န+ဇ+ဘ+ဇ ဂိုဏ်းနေရကား သံကိဏ္ဏဝိပုလဂါထာဖြစ်ပါသည်။

၁၀။ ဂါထာ ၌ ဘာဝါလင်္ကာရ ထုတ်ပုံ။

✝ ဗြဟ္မဇာလသုတ္တန်ကို ကြားနာရသော ရဟန်းတို့၏ သန္တာန်၌ ပီတိ ပါမောဇ္ဇ စသည် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ဓမ္မရတိဌာယီဘာဝ ဓမ္မသိဂါရဝရသ။

✝ ဗြဟ္မဇာလသုတ္တန် ဒေသနာတော်သည် အာရမ္မဏဝိဘာဝ။

✝ ဗြဟ္မဇာလသုတ္တန်၏ သုဘာသိတ သုလပိတ ဘောဂဏ်သည် ဥဒ္ဒီပနဝိဘာဝ။

✝ ဝမ်းမြောက်ဝမ်းသာ "သာဓု-ကောင်း၏" ဟု ဝန်ခံသော စကားသည်လည်းကောင်း၊ မိစ္ဆာ အယူမှကင်းခြင်းစသော အကျိုးအဆက်ဆက်သည်လည်းကောင်း အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

## ဝါကျဥယျာဉ် (၁၀၂)

(က) အဘိနန္ဒုန္တိ အနုမောဒိံသု စေဝ သမ္ပဋိစ္ဆိံသုစ။

(ခ) အယဉ္ဟိ အဘိနန္ဒသဒ္ဒေါ "အဘိနန္ဒတိ အဘိဝဒတီ"တိ အာဒီသု တဏှာယမ္ပိ အာဂတော။ "အန္နမေဝါဘိနန္ဒန္တိ၊ ဥဘယေ ဒေဝမာနုသာ"တိ ဥပဂမနေပိ။ "စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။

http://www.dhammadownload.com



ဉာတိမိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတ”န္တိ အာဒီသု သမ္ပဋိစ္ဆနေပိ။ “အဘိနန္ဒိတွာ အနုမောဒိတွာ”တိ အာဒီသု အနုမောဒနေပိ။

(ဂ) သွာယမိဓ အနုမောဒန သမ္ပဋိစ္ဆနေသု ယုဇ္ဇတိ။

(ဃ) တေန့ ဝုတ္တံ “အဘိနန္ဒုန္တိ အနုမောဒိံသုစေဝ သမ္ပဋိစ္ဆိံသုစာ”တိ။

(၄၊ ၁၁၉။ သီဋီသစ်၊ ၄၇၂။ နေရင်း၊ ၃၉၃။ ပဒုက္က၊ ၅၄၀။ ဘာသာဋီ၊ ၁၉၂။ ဂဏ္ဌိ၊ ၂၈၆။)

၁။ (ခ) ဝါကျပါ အာကာရ စကားရပ်များကိုသာ ကျနစွာအနက်ပေးပါ။

၂။ (ခ) ဝါကျ သာဘောဂစောဒနာ (ဃ) ဝါကျ အနုသန္ဓေတက်ပါ။

၃။ (ခ+ဂ) ဝါကျတို့ကို ရှု၍ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကိုထုတ်ပြပါ။

၄။ ဒူရ ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ (ခ) ဝါကျ ဂါထာ၌ အာဂတပုဒ်ကို ဟိတ်ပြင်၍ သမ္မန်ခံပြီး အတ္ထာနုရူပစာစပ်ပါ။

၆။ (က) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ သုဟဇ္ဇပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံတို့ရေးပါ။

၈။ ဗြဟ္မဇာလသုတ္တန်ကို ဟောကြားရာဝယ် (က) မြေတုန်လှုပ်ရာအခါ (ခ) မြေတုန်လှုပ်သော အကြိမ်တို့ကိုဖော်ပြပါ။

၉။ (ခ) ဝါကျလာ ဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။

၁၀။ (ခ) ဝါကျ ဂါထာ၌ အဘိနန္ဒန္တိ ဝယ် အန္တတ္ထကိုရှု၍ ဘာဝစသည်ထုတ်ပြပါ။

==================

၂။ (ခ) ဝါကျ သာဘောဂစောဒနာ၊

ဆရာ သည် (က) ဝါကျဖြင့် အဘိနန္ဒုံကို အနုမောဒိံသုစေဝ သမ္ပဋိစ္ဆိံသုစ ဟုဖွင့်ပြ၏။ သဒ္ဒါတစ်ချက်ကို အနက်နှစ်ထွေဖွင့်ကောင်းအံ့လော (သီ ဂဏ္ဌိ၊ ၂၈၆) အဘိနန္ဒသဒ္ဒါတစ်ခုတည်းက အနက်နှစ်ထွေကိုဟောကြားရာ၌ ခိုင်လုံသောယုတ္တိသာဓကပုံစံများ ကား အဘယ်ပါနည်း။ ခိုင်လုံသော ယုတ္တိသာဓကပုံစံများကို မပြသော် ဆရာ့အား ဒဋ္ဌီယ ဒဋ္ဌီကရဏဆန့်သော ဝိရောဓိဒေါသ ၏။ စုဒ်ကြောင့် (ခ) မိန့်။

(ဃ) ဝါကျ အနုသန္ဓေ၊

ဤသို့ (ခ+ဂ) ဝါကျတို့ဖြင့် အဘိနန္ဒ သဒ္ဒါ၏ အတ္ထုဒ္ဓါရ အတ္ထုသဒ္ဒေသကို ပြဆိုပြီး၍ ယခုအခါ၌ ယင်းစကားရပ်ကို အကျဉ်းချုံး၍ နိဂုမ်းအုပ်လိုသောဆရာသည် (ဃ) မိန့်။

အမှာ ။ ။ အကယ်၍ (ဃ) ဝါကျကို လဒ္ဓဂုဏကြံဆဖါမူ (ဂ) ကို ပုဗ္ဗာနုသန္ဓေထား၍ တက်လေ။

✻ တေနဝုတ္တံ၊ တည်ပါဠိပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ၊ ဆိုကုန်ကြ၏၊ နိဂုမ်းထင်လှ၊ နောတက္က။ (ရွှေ)

၃။ (ခ+ဂ) ဝါကျ စတုက္ကထုတ်ပုံ၊

(က) နနု အယံ အဘိနန္ဒသဒ္ဒေါ တဏှာဒီသု စတူသု အတ္ထေသု အာဂတော။

(ခ) အထကသ္မာ သွာယမိဓ အနုမောဒနသမ္ပဋိစ္ဆနေသု ယုဇ္ဇတိ။

(ဂ) နနု တဒညတ္ထာ န သမ္ဘဝန္တိ, တဒညေသံ ဝါ အဝိသယော ဟောတိ။

(ဃ) တသ္မာ သွာယ မိဓ အနုမောနသမ္ပဋိစ္ဆနေသု ယုဇ္ဇတိ။

http://www.dhammadownload.com



၄။ ဒူယတိ ဒုက္ခေန ဂမီယတီတိ ဒူရံ။ (ဏွာဒိမောဂ်၊ ၁၄၄-သုတ်)
ဆင်းရဲသဖြင့် ရောက်ခြင်းကြိယာသကတ်သည် ဝစနဟေတု။
အဝေးအရပ်သည် ဝစနီယ၊
အနာသန္န စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ၊
❖ အဒီယတေ ဘက္ခီယတေတိ အန္နံ။ အဒ ဘက္ခဏေ၊ တော၊ အန္နာဒေသော။ (ဓာန်ဋီ)

၅။ အာဂတပုဒ်ကို အာဂတတ္တာဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ပုရိသဿဟုခံ၊ ကတ္တား+သမ္ဗန်စာစပ်။

၆။ (က) ဝါကျဖြင့် အဘိနန္ဒုံ၌ အဘိ ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကို လည်းကောင်း၊ နန္ဒဓာတ်၏ (ဓာတ်နံ အနေကတ္ထတ္တာ နည်းအရလည်းကောင်း၊ အဘိ ဥပသာရက နန္ဒဓာတ်ကို အထူးပြုနေခြင်းကြောင့်လည်းကောင်း၊) အနုမောဒနတ္ထ သမ္ပဒိုစ္ဆနတ္ထကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ အဘိနန္ဒုံ၌ ဥံ အက္ခရာသည် ဒဋ္ဌုံ စသည်၌ကဲ့သို့ ပစ္စည်း၏ ကာရိယ ဥံ အက္ခရာမျိုးမဟုတ်၊ ပင်ကိုယ်ဝိဘတ်ဖြစ်သည့် ဥံ ဝိဘတ်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။

၇။ သုဟဇ္ဇ ကား သုဟဒေါယေဝ သုဟဇ္ဇံ ဝစနတ္ထအရ သုဟဒ+ဏျ။ သုဟဒျ ဟူလိုလျက် ဒျကို ဇပြု၊ ဇ ဒွေဘော်လာ၍ သုဟဇ္ဇပြီးသည်။
❖ သုန္ဒရံ ဟဒယံ ဧတဿာတိ သုဟဒယော၊ အ လောပေါ၊ ဒျဿ ဇော၊ သော ဧဝ သုဟဇ္ဇော။ (ဓာန်ဋီ၊ ၃၄၆။)
သုဟဒ ကား သု+ဟဒယ ဟူလိုလျက် ယ ကိုချေ၍ ပြီးသည်။
(သုဋ္ဌု ဟဒယံ ဧတေသန္တိ သုဟဒါ ဟုပြု။ ဤကား အတွင်းငုတ်နေသည့်ပုဒ်တည်း။)

အမှာ ။ ။ ၈-နံပါတ်ပုစ္ဆာကို ဝါကျဥယျာဉ် (၁၀၃) ၌လည်းကောင်း၊ ၉-နံပါတ်ပုစ္ဆာကို ဝါကျဥယျာဉ် (၈၇) ၌လည်းကောင်း၊ ၁၀-နံပါတ်ပုစ္ဆာကို ဝါကျဥယျာဉ် (၈၄) ၌လည်းကောင်း ဖြေခဲ့ပြီ။

❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋

## ဝါကျဥယျာဉ် (၁၀၃)

(က) ဣမသ္မိဉ္စ ပန ဝေယျာကရဏသ္မိံန္တိ ဣမသ္မိံ နိဂ္ဂါထကသုတ္တေ။
(ခ) နိဂ္ဂါထကတ္တာ ဟိ ဣဒံ "ဝေယျာကရဏ"န္တိ ဝုတ္တံ။
(ဂ) ဒသသဟဿီ လောကဓာတူတိ ဒသသဟဿစက္ကဝါဠပရိမာဏာ လောကဓာတု။
(ဃ) အကမ္ပိတ္ထာတိ န သုတ္တပရိယောသာနေယေဝ အကမ္ပိတ္ထာတိ ဝေဒိတဗ္ဗာ။
(င) "ဘဏ္ဍမာနေ"တိ ဟိ ဝုတ္တံ။
(၄၊ ၁၁၉။ သီဋီသစ်၊ ၄၇၃။ နေရင်း၊ ၃၉၂။ ပဥက္က။ ၅၄၂။ ဘာသာဋီ၊ ဒု၊ ၁၄၉။ ဂဏ္ဌိ၊ ၂၈၇။)

၁။ (ဃ+င) ဝါကျတို့ကို ဝါကျအပြန်အလှန်အနက်ယောဇနာပါ။
၂။ (ဂ) ဝါကျကို အဓိပ္ပါယ်ပြန်နှင့်တကွ စောဒနာတက်ပါ။
၃။ (ဃ+င) ဝါကျတို့၌ စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။

http://www.dhammadownload.com



၄။ (င) ဝါကျ၌ပါသော "ဝုတ္တံ" ကို ဝိဂ္ဂဟပြုပြီးလျှင် ၄င်း၌ဝစနာဒိသင်္ချာထုတ်ပြပါ။
၅။ (ခ) ဝါကျ၌ပါသော "နိဂ္ဂါထကတ္တာ"ဟိတ်၏ သမ္ဗန်ကိုခံပြလျက် စာစပ်ပြီး ဘာဝသမ္ဗန်ပုဒ်၏ ဝစ္စတ္ထကိုလည်း ထုတ်ပြခဲ့ပါ။
၆။ (က) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ (ဂ) ဝါကျ၌ပါသော လောက ပုဒ်၏ နိရုတ္တိနည်းကိုဖော်ပြပါ။
၈။ မြဟ္မဇာလသုတ်ကိုဟောတော်မူရာ၌ မြေလှုပ်ရာအခါနှင့် မြေလှုပ်သောအကြိမ်ကို ဖြေဆိုခဲ့ပါ။
၉။ ဇဝံ ယဿာနုဘာဝေန၊ အကမ္ပိတ္ထ အနေကသော။
မေဒနီ သုတ္တသေဋ္ဌဿ၊ ဒေသိတဿ သယမ္ဘုနာ။ ဟူသော ဂါထာကို ဂါထာအမည် ဆန်း အမည်ပေးခဲ့ပါ။
၁၀။ ၉-နံပါတ် ပုစ္ဆာဂါထာ၌ "ဒေသိတဿ" ဝယ် ဒိသ ဓာတ်၏အရကို ကိုယ်ပြု၍ ဘာဝ ဝိဘာဝ အနုဘာဝ စုံလင်စွာထုတ်ပြပါ။

==================

၁။ (ဃ+င) ဝါကျ အပြန်အလှန်၊

အကမ္ပိတ္ထာတိ၊ ကား။ သုတ္တပရိယောသာနေယေဝ၊ ၌ သာလျှင်။ အကမ္ပိတ္ထ၊ ပြီ။ ဣတိ၊ သို့။ နဝေဒိတဗ္ဗာ၊ အပ်။ ကသ္မာ၊ ကြောင့်။ သုတ္တပရိယောသာနေယေဝ၊ အကမ္ပိတ္ထ၊ ဣတိ၊ နဝေဒိတဗ္ဗာ၊ နည်း။ ဣတိအယံ၊ ကား။ ပုစ္ဆာ၊ တည်း။

ဟိ-ယသ္မာ၊ ကြောင့်။ ဘညမာနေတိ၊ ဟူ၍။ ဝတ္တမာနကာလဝသေန၊ ဖြင့်။ အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။ ဝုတ္တံ၊ ပြီ။ တသ္မာ၊ ကြောင့်။ သုတ္တပရိယောသာနေယေဝ၊ အကမ္ပိတ္ထ၊ ဣတိ၊ နဝေဒိတဗ္ဗာ၊ အပ်။ ဣတိအယံ၊ ကား။ ဝိသဇ္ဇနာ၊ တည်း။ (ပခုဏ္ဍာ၊ ၅၄၂။)

၂။ (ဂ) ဝါကျ စောဒနာ၊

ဆရာ သည် (က+ခ) နှစ်ဝါကျဖြင့် ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဟူသောပါဠိတော်၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုတော်မူ၏။ ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဟူသောပါဠိတော်၏အဖွင့် သံဝဏ္ဏနာသာရှိပါသလော၊ ဒသသဟဿီလောကဓာတု ဟူသောပါဠိတော် ၏ အဖွင့်သံဝဏ္ဏနာကား အဘယ်ပါနည်း။ ဒသသဟဿီလောကဓာတုဟူသောပါဠိတော်၏ အဖွင့်သံဝဏ္ဏနာကိုမပြသော် ဆရာ့အား အဗျာပိတ-၏။ စုဒ်ကြောင့်(ဂ)မိန့်။ (အဓိပ္ပါယ်ပြန်လွယ်ပြီ)

(ခ) ဝါကျ သာဘောဂပုစ္ဆာ

ဆရာ သည် (က) ဝါကျဖြင့် ဝေယျာကရဏသ္မိံကို နိဂ္ဂါထကသုတ္တေ ဟုဖွင့်ဆို၏။ ပုစ္ဆာ ဝိဿဇ္ဇနာ၏ အစွမ်းဖြင့်ဖြစ်သော သဂါထကသုတ်သည်လည်း ဝေယျာကရဏမည်ကောင်းသည် မဟုတ်ပါလော၊ (ဂဏ္ဍိ၊ ၂၈၇) ထိုသို့ဖြစ်ပါလျက် နိဂ္ဂါထကသုတ္တေ ဟု ဖွင့်ဆိုခြင်းသည် အသို့လျှင် သင့်ပါအံ့နည်း၊ စုဒ်ကြောင့် (ခ) မိန့်။

(င) ဝါကျ ပုစ္ဆာ၊

ဆရာ သည် (ဃ) ဝါကျဖြင့် သုတ်၏အဆုံး၌သာလျှင် တုန်လှုပ်ပြီဟူ၍ မသိအပ်ဟုဆို၏။ အဘယ်ကြောင့်သုတ်၏အဆုံး၌သာလျှင် တုန်လှုပ်ပြီဟူ၍ မသိအပ်ပါသနည်း၊ စုဒ်ကြောင့် (င) မိန့်။

❖ ကသ္မာတိ စောဒနံ သောဓေတိ "ဘညမာနေတိ ဟိ ဝုတ္တာ"န္တိ ဣမိနာ။ (သီဋီသစ်၊ ၄၇၃။;

http://www.dhammadownload.com



၃။ (ဃ+င) ဝါကျ စတုတ္ထ၊

(က) နနု ပါဠိယံ အကမ္ပိတ္တာတိ သာမညေန ဝုတ္တံ။ (အန္တယ)

(တနည်း) နနု ပါဠိယံ ဒွါသဋ္ဌိယာ ဌာနေသု အကမ္ပိတ္တာတိ န ဝုတ္တံ။ (ဗျတိရေက)

(ခ) အထကသ္မာ နသုတ္တပရိယောသာနေယေဝ အကမ္ပိတ္တာတိ ဝေဒိတဗ္ဗာ။ (ဗျတိရေက)

(တနည်း) အထကသ္မာ ဒွါသဋ္ဌိယာ ဌာနေသု အကမ္ပိတ္တာတိ ဝေဒိတဗ္ဗာ။ (အန္တယ)

(ဂ) နနု ဘညမာနေတိ (ဝတ္တမာနကာလဝသေန) ဝုတ္တံ။

(ဃ) တသ္မာ န (ပ) ဝေဒိတဗ္ဗာ။ (ဗျ)

(တနည်း) တသ္မာ ဒွါသဋ္ဌိယာ (ပ) ဝေဒိတဗ္ဗာ။ (နွ)

၄။ ဝစီယိတ္တာတိ ဝုတ္တံ။

ဆိုခြင်း ကြိယာသကတ်သည် ဝစနဟေတု၊

ဆိုအပ်သော "ဘညမာနေ" ဟူသော သဝိညတ္တိက ဝစီဘေဒသဒ္ဒါဖြစ်သည် ဝစနီယ၊

ဘာသိတ် လပိတ် စသောပရိယာယ်သဒ္ဒါ ဝစနီယတ္ထ။

၅။ နိဂ္ဂါထကတ္ထာ၏ သမ္ဗန်ကား ဇ္ဈမဿ သုတ္တဿ ဖြစ်သည်။

ကတ္တား+သမ္ဗန်စာစပ်။ ဘာဝသမ္ဗန်၏ ဝစ္စတ္ထကား ကတ္တတ္ထတည်း။

✽ ဗဟုမ္ဗီဟိ၊ အဿတ္ထိ၊ တုဘိကတ္တားနေ။

၆။ ဇ္ဈမသ္မိံ နိဂ္ဂါထကသုတ္တေ ဖြင့် ဝေယျာကရဏ အရ ဂါထာပါသောသုတ်ကို မယူရ၊ ဂါထာမပါသောသုတ်ကို ယူရမည်ကိုလည်းကောင်း၊ (သရုပ်ကြားအဘိဓေယျတ္ထ)

(တနည်း)ဝေယျာကရဏ ဟူသည် ဂါထာမပါသောသုတ်ပင်တည်းဟူသော အဓိပ္ပါယ်ကို လည်းကောင်း၊ (ဘာဝတ္ထ) စ ပန 'နိပါတ် တို့၏ အနတ္ထက ပဒပူရဏ၏အဖြစ်ကိုလည်းကောင်း (နိပါတလိင်္ဂတ္ထ) သိစေသည်။

✽ သံဝဏ္ဏေတဗ္ဗ ပါဠိရင်းမှာ ရှိတာမပြ အနတ္ထ။ ပ ။

(ခ) ဝါကျ နိဂ္ဂါထကတ္ထာ ဖြင့် ဂါထာမရှိသည်၏ အဖြစ်ကြောင့် ဤဖြဟ္မဇာလသုတ်ကို ဝေယျာကရဏဟုခေါ်ဆိုအပ်သတည်း ဟု သိစေသည်။ (ဘာဝတ္ထ)

(ဂ) ဒသသဟဿစက္ကဝါဠပရိမာဏာ ဖြင့် ဒသသဟဿီ၌ ဤပစ္စည်း အဿတ္ထိ ၌ သက် သည်ကိုလည်းကောင်း၊ ဒသသဟဿံ (ပရိမာဏံ) အဿာတိ ဒသသဟဿီ ဟု အဿတ္ထိ ပြုရမည်ကို လည်းကောင်း၊ ဒသသဟဿီ၌ ဒသသဟဿအရ တသောင်းသော စကြာဝဠာအတိုင်းအရှည်ကို ယူရမည်ကိုလည်းကောင်း သိစေသည်။

(ဂ) တဝါကျလုံးဖြင့် ဒသသဟဿီ+လောကဓာတု ဒသသဟဿီလောကဓာတု ဟု ကမ္မဓာရယ်သမာသ် ပြုရမည်ကို သိစေသည်။

ဘာသာဋီကာ မှတ်ချက်။ ။ ဤ ဒသသဟဿီ ပုဒ်သည် လောကဓာတုနှင့် သမာသ် ပုဒ်တည်း။ ထို့ကြောင့် မဇ္ဈေရဿဖြင့် "ဿိ" ဟုရှိရသည်။ သမာသ်မတွဲလျှင် "ဒသသဟဿီ" ဟု လည်းကောင်း ဇ္ဈနီ သက်၍ "ဒသသဟဿိနီ"ဟု လည်းကောင်း ရှိရလိမ့်မည်။

၇။ ဝါကျဥယျာဉ် (၅၁) ပစ္စယိကောအဖွင့်၌ ရေးခဲ့ပြီ။

http://www.dhammadownload.com



၈။ မြဟ္မဇာလသုတ်သည် (၆၂) ပါးသော မိစ္ဆာအယူကို ဖြေရှင်း၍ ဟောတော်မူအပ်သော သုတ်ဖြစ်သည့်အားလျော်စွာ ထိုထို မိစ္ဆာအယူကိုဖြေရှင်း၍ပြီးဆုံးတိုင်း ပြီးဆုံးတိုင်းသောအခါသည် မြဟ္မဇာလသုတ်ကို ဟောတော်မူရာ၌ မြေတုန်လှုပ်ရာအခါဖြစ်ပါသည်။

မြေတုန်လှုပ်သောအကြိမ်ကား (၆၂) ကြိမ်ဖြစ်ပါသည်။ (၄၊ ၁၁၉။)

၉။ ပထျာဝတ္တဂါထာ + အနုဋ္ဌုဘဆန်း ဖြစ်သည်။

၁၀။ † ဒေသိတဿ ဝယ် ဒိသဓာတ်အရ ဘုရားရှင်၏သန္တာန်၌ ဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ဓမ္မရတိဌာယီဘာဝ ဓမ္မသိဂ်ါရဝ။

† မြဟ္မဇာလသုတ္တန်တရားတော်သည် အာရမ္မဏဝိဘာဝ၊

† မြဟ္မဇာလသုတ္တန်၏ အာဒိကလျာဏစသောဂုဏ်, ဒိဋ္ဌိဝိနိဝေဌန စသောဂုဏ်တော်တို့သည် ဥဒ္ဒိပနဝိဘာဝ၊

† မြေလျှင်တုန်လှုပ်ခြင်းစသောအကျိုးအဆက်ဆက်သည် အနုဘာဝ။

ဤတွင် မြဟ္မဇာလသုတ္တန်ဆိုင်ရာ ဝါကျဥယျာဉ် ပြီး၏။

⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂

http://www.dhammadownload.com



# သာမညဖလသုတ္တ

## ဝါကျဥယျာဉ် (၁၀၄)

(က) ရာဇဂဟေတိ ဧဝံနာမကေ နဂရေ။
(ခ) တဒ္ဓိ မန္ဓာတုမဟာဂေါဝိန္ဒာဒီဟိ ပရိဂ္ဂဟိတတ္တာ ရာဇဂဟန္တိ ဝုစ္စတိ။
(ဂ) အလင်္ကနဋ္ဌေန အဗ္ဘောကာသော ဝိယာတိ အဗ္ဘောကာသော။
(ဃ) ပဗ္ဗဇိတော ဟိ ကူဋာဂါရရတနပါသာဒဒေဝဝိမာနာဒီသု ပိဟိတဒွါရဝါတပါနေသု ပဋိစ္ဆန္နေသု ဝသန္တောပိ နေဝ လဂ္ဂတိ နသဇ္ဇတိ န ဗဇ္ဈတိ၊ တေန ဝုတ္တံ "အဗ္ဘောကာသော ပဗ္ဗဇ္ဇာ"တိ။

(ဌ၊ ၁၂၂-၁၆၂။ သီဋီသစ်၊ဒု၊ ၁။ နေရင်း၊ ၂။ ၁၁၄။ ပခုက္ကူ၊ ၂။ ၁။ ဘာသာဋီ၊ဒု၊ ၂၀၀။ ဂဏ္ဌိ၊၂၉၀။)

၁။ ရာဇဂဟေ ဟူသောပုဒ်ကို သံဝဏ္ဏနာနှင့်အညီ ဝေါဟာရတ္ထ သဒ္ဒတ္ထအနက်ပေး၍၊ (ဂ) ဝါကျကို နိယမာနိယမထည့်၍ အနက်ယောဇနာပါ။
၂။ (ဂ) ဝါကျမှ (ဃ) ဝါကျသို့ သာဘောဂါယုတ္တပုစ္ဆာတက်ပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)
၃။ (ဃ) ဝါကျ၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကိုထုတ်ပြပါ။
၄။ ဒဿိတုံ ယုတ္တာတိ ဒဿနီယာ ၌ "ဒဿနီယာ"ပုဒ်ကို သံဝဏ္ဏနာနှင့်အညီ ဝစနတ္ထပြု၍ ဝစနာဒိဆက္ကကောက်ပြပါ။
၅။ (ခ) ဝါကျ၌ပါသော "ပရိဂ္ဂဟိတတ္တာ"ဟူသော ဟိတ်၏သမ္ဗန်ကိုထုတ်ပြ၍၊ စာစပ်ပြီးလျှင် ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်းဖော်ပြပါ။
၆။ (ခ) ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘောဂနှင့် သံဝဏ္ဏနာကိုထုတ်ပြပါ။
၇။ ဒိဝသမာသာဒီနံ လက္ခဏံ ဘဝိတုံ ယုတ္တာတိ လက္ခညာ ၌ လက္ခညာပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုပြဆိုပါ။
၈။ ဝိရတီသုံးပါးတို့တွင် သေဘုဃာတ ဝိရတီ၏အရ တရားကိုယ်နှင့် အာရုံကိုဖော်ပြပါ။
၉။ (ခ) အမှတ် အဋ္ဌကထာလာ အဓိပ္ပါယ်ကို ခြုံမိအောင် ဝတ္တမျိုးတစ်ဂါထာဖွဲ့လျက် ဂါထာအမည်, ဆန်းအမည် ပေးခဲ့ပါ။
၁၀။ "ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ"တိ (ဌ၊ ၂၀၈။) ၌ ဂတာသေ ဝယ် အနက်ကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝစုံလင်စွာထုတ်ပါ။

၁။ ရာဇဂဟေ = ရာဇဂြိုဟ်အမည်ရှိသောမြို့၌ (ဤကား ဝေါဟာရတ္ထ)
ရာဇဂဟေ =မန္ဓာတ်စကြာမင်း၊ မဟာဂေါဝိန္ဒပုရောဟိတ်အစရှိသူတို့သည် (မင်းနေပြည်အဖြစ်ဖြင့်) ပိုင်းခြားသတ်မှတ်သိမ်းပိုက်အပ်သော မြို့တော်မြတ်၌။ (ဤကားသဒ္ဒတ္ထ)

မှတ်ချက် ။ ။ ဝေါဟာရတ္ထကား (က) ဝါကျနှင့်အညီ၊ သဒ္ဒတ္ထကား (ခ) ဝါကျနှင့်အညီဖြစ်သည်။

(ဂ) ဝါကျ ယာပဗ္ဗဇ္ဇာ = အကြင်ရှင်ရဟန်းအဖြစ်သည်။ အလင်္ကနဋ္ဌေန = ကြောင့်။ အဗ္ဘောကာသောဝိယ =၏။ ဟုတိတသ္မာ =ကြောင့်။ သာပဗ္ဗဇ္ဇာ =သည်။ အဗ္ဘောကာသော=မည်၏။

အမှာ ။ ။ ၂-၃ နံပါတ်အဖြေကို ၁၃၅၀ ခု၊ အစိုးရ၊ ဌ၊ ၁၆၂ ပုစ္ဆာအဖြေ၌ရှုပါ။

http://www.dhammadownload.com



၄။ ဒဿိတဗ္ဗာတိ ဒဿနီယာ၊
ကြည့်ရှုခြင်း ကြိယာသကတ်သည် ဝစနဟေတု၊
ကြည့်ရှုချင်စဖွယ်ကောင်းသော ညဉ့်ဒြပ်သည် ဝစနီယ၊
ပဿိတဗ္ဗာ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ဝစနတ္ထမှတ်ဖွယ်

ဂယှတီတိ ဂဟံ။ ရာဇူနံ့ ရာဇူဟိဝါ ဂဟန္တိ ရာဇဂဟံ။ (သီဋီသစ်၊ ဒု၊ ၂။)
ဓဝံ နာမံ ယဿာတိ ဓဝံနာမကံ။
မံ သိရိ ဓာရေတီတိ မန္ဓာတု။ (အလုတ္တသမာသော) ဂါဝေါ+ဝိန္ဒတီတိ ဂေါဝိန္ဒော။
အထဝါ ဂစ္ဆတိ ဓာနာတီတိ ဂေါ။ (ပညာရစေ)
ပညာရုံသိသဒ္ဒါတံ ဂံ+ဝိန္ဒတီတိ ဂေါဝိန္ဒော။
မဟန္တောစ သော ဂေါဝိန္ဒောစာတိ မဟာဂေါဝိန္ဒော (ဂဏ္ဍိ၊ ၂၉၀-၂၉၁)

၅။ ပရိဂ္ဂဟိတတ္တာ ဟိတ်၏သမ္ဗန်ကား တဿနဂရဿ တည်း။ (ကံ+သမ္ဗန်စပ်)
ဘာဝယောဂ ၏ ပစ္စယတ္ထကား ကမ္မတ္ထဖြစ်သည်။

၆။ (၁) ဝါကျဖြင့် ရာဇဂဟံ ၌ ရာဇအရ မန္ဓာတုစကြာမင်း မဟာဂေါဝိန္ဒပုရောဟိတ် အစရှိသူတို့ကို ယူရမည်ကိုလည်းကောင်း၊ (သရုပ်ကြားအဘိဓေယျတ္ထ) ဂဟံ ၌ အပစ္စည်း ကမ္မသာဓ် ၌သက်သည်ကိုလည်းကောင်း၊ ဂယှတီတိ ဂဟံ ဟု ကမ္မသာဓ်ပြုရမည်ကိုလည်းကောင်း၊ အပေါင်း ပုဒ်ကို ရာဇူဟိ+ဂဟံ ရာဇဂဟံဟု တတိယာတပ္ပုရိသ်ပြုရမည်ကိုလည်းကောင်း သိစေပါသည်။
(က) ဝါကျ ဓဝံ နာမကေ ဖြင့် ရာဇဂဟာဟူသည် ဂုဏ် စသည်မဟုတ်၊ ရာဇဂြိုဟ်ဟူသော အမည်တည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ (ဝါ) ဘာဝတ္ထ)
နဂရေ ဖြင့် ရာဇဂဟာအရ မင်းအိမ် မင်းနန်းတော်ကို မယူရ၊ မြို့ ဒြပ်ကိုယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

၇။ လက္ခဏာကား လက္ခဏာတ်+အနီယပစ္စည်း။ ထိဇောတက အာ ပစ္စည်း။ လက္ခနီယာ ဟူလိုလျှက် န ကို ဏ ပြု၊ ဏ္ဍ် ကိုချေ၊ ဏ ကို ယ သို့ကပ်၊ ဏျ ကို ဥ ပြု။ ဥ ဒွေဘော်လာ၍ ပြီးသည်။
(တနည်း) လက္ခနီယာ ဟုဆိုလိုလျှက် ဤ ကိုချေ၊ န ကို ယ သို့ကပ်၊ နျ ကို ည ပြု၍ ပြီးသည်။
(တနည်း) လက္ခနီယာ ဟုဆိုလိုလျှက် န ကို ဏ ပြု၊ ဤ ကိုချေ၊ ဏ ကို ဥ ပြု ယ ကို ပုဗ္ဗရုပ် ဥ ပြု၍ ပြီးသည်။
မှတ်ချက် ။ ။ ပဌမနည်းကား သီဋီသစ်၊ ဒု၊ ၁၄။ ရူပသိဒ္ဓိ၊ နှာ-၈၉ တို့နှင့်အညီ ဖြစ်သည်။
ဒုတိယနည်းကား နျော ညယုဂံ ကျော စ (နီတိသုတ္တ၊ ၁၁၇) နှင့်အညီဖြစ်သည်။
တတိယနည်းကား မောဂ် သျာဒိကဏ္ဍ၊ ၁၁၆ နှင့်အညီ ဖြစ်သည်။
၈။ သေတုဃာကဝိရတီ အရ မင် နှင့်ယှဉ်သော ဝိရတီကိုယူ၊ ယင်းသေတုဃာတဝိရတီ၏ အာရုံကား နိဗ္ဗာန်ဖြစ်ပါသည်။ (၄၊ ၂၇၂)

http://www.dhammadownload.com



အဓိပ္ပါယ်မှတ်ဘွယ်

ရာဇဂဟံ ၌ ရာဇပုဒ်ကို မဟာဂေါဝိန္ဒသဒ္ဒါဖြင့် ဖွင့်ရခြင်း

မဟာဂေါဝိန္ဒပုရောဟိတ်သိမ်းပိုက်အပ်သော ရာဇဂြိုဟ်မြို့သည် ရေဏုမည်သောမင်း သိမ်းပိုက်အပ်၏ဟူသောအနက်ဖြစ်သင့်သောကြောင့် ရာဇဂဟံ ၌ ရာဇကို မဟာဂေါဝိန္ဒသဒ္ဒါဖြင့် ဖွင့်ပါသည်။

ထိုစကားမှန်၏။လောက၌ မင်းခယောက်ျားပြုလပ်သမျှသည် မင်းပြုလုပ်သည်ပင်မည်၏။ မင်း၏အာဏာဖြင့်သာလျှင် ပုရောဟိတ်ကပြုစီရင်နိုင်၏။ ဤသို့မင်းသိမ်းပိုက်အပ်၏ဟူသောအနက် ဖြစ်သောကြောင့် ရာဇပုဒ်ကို မဟာဂေါဝိန္ဒသဒ္ဒါဖြင့် ဖွင့်ပါသည်။ (သီဋီသစ်၊ ဒု၊ ၉။)

၉။ တံ မန္ဓာတုရာဇာဒီဟိ၊ ပရိဂ္ဂဟိတဘာဝတော။
နဂရံ ဗုဒ္ဓိမန္တေန၊ ဝုတ္တံ"ရာဇဂဟံ"ဣတိ။ (ပဥ္စမ မကာရဝိပုလာဂါထာ။ အနုဋ္ဌုဘာဆန်း။)

၁၀။ ✝ ဂတာသေ ၌ "အန္တတ္ထအရ ဘုရားကို ကိုးကွယ်ဆည်းကပ်သောသူ၏ သဒ္ဓါ သတိ ပညာ စသည်ပြဌာန်းသောစိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ဓမ္မရတိဌာယီဘာဝ+ဓမ္မသိဂါရဝရသ၊
✝ ဘုရားရှင်သည် အာရမ္မဏဝိဘာဝ၊
✝ ဘုရားရှင်၏ အရဟံစသောဂုဏ်တော်များသည် ဥဒ္ဒိပနဝိဘာဝ၊
✝ အပါယ်သို့မကျရောက်ခြင်း၊ လူ့ခန္ဓာကိုစွန့်၍ နတ်ခန္ဓာကိုရခြင်း စသောအကျိုးတရား အဆက်ဆက်သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

ဝါကျဥယျာဉ် (၁၀၅)

(က) ရာဇဂဟေတိ ဧဝံ နာမကေ နဂရေ။
(ခ) တဉှိ မန္ဓာတုမဟာဂေါဝိန္ဒာဒီဟိ ပရိဂ္ဂဟိတတ္တာ ရာဇဂဟန္တိ ဝုစ္စတိ။
(ဂ) အညေပေတ္ထ ပကာရေ ဝဏ္ဏယန္တိ၊
(ဃ) ကိံ တေဟိ၊ နာမမေတ္တမေတံ တဿ နဂရဿ။
(င) တံ ပနေတံ ဗုဒ္ဓကာလေ စက္ကဝတ္တိကာလေစ နဂရံ ဟောတိ၊ သေသကာလေ သုညံ ဟောတိ ယက္ခပရိဂ္ဂဟိတံ၊ တေသံ ဝသနဝနံ ဟုတွာ တိဋ္ဌတိ။
(ဥ၊ ၁၂၃။ သီဋီသစ်၊ ဒု၊ ၁။ နေရင်း၊ ဒု၊ ၁။ ပခုက္ကူ၊ ဒု၊ ၁။ ဘာသာဋီ၊ ၂၀၀။ ဂဏ္ဌိ၊ ၂၉၀။)

၁။ ပရိဂ္ဂဟိတတ္တာ၌ ပရိဂ္ဂဟိတ၏ ကရိုက်းထည့်၍ (ခ+င) ဝါကျတို့ကို အနက်မှန်မှန် သမ္ဗန်ပါ။
၂။ (ခ) ဝါကျကို သာဘောဂါနုသန္ဓေ၊ (ဂ) ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။
၃။ (ဂ+ဃ) ဝါကျတို့ကို စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။
၄။ နဂရံ ကို အစိတ်အပေါင်းဝစနတ္ထပြု၍ အပေါင်းကို ဝစနာဒိဆက္ကထုတ်ပါ။
၅။ (ခ) ဝါကျ၌ ဟိတ်၏သမ္ဗန်ကိုခံ၍၊ အတ္ထာနုရူပစာစပ်ပြီး၊ ဘာဝယောဂပုဒ်၏ ဝစ္စတ္ထကိုလည်း ညွှန်ခဲ့ပါ။

http://www.dhammadownload.com



၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ သုည ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။
၈။ ကေစိဆရာတို့အလို မဟာဂေါဝိန္ဒဟူသည် မည်သည့်ပုဂ္ဂိုလ်မျိုးကိုဆိုပါသနည်း၊ ဖြေဆိုပါ။
၉။ အောက်ပါစကားရပ်ကို ဝတ္တမျိုးဂါထာစီ၍ ဂါထာအမည်ပေးပါ။
ပညာရှိသူတော်ကောင်းတို့သည် ဤသာသနာတော်၌ ဖြပ္ပဗ္ဗဇာလအမည်ရသော ထိုသုတ္တန်၏ ပါဠိကိုလည်းကောင်း၊ အနက်ကိုလည်းကောင်း ရိုရိုသေသေသင်ယူပြီး၍ သင့်သောအကြောင်း အားဖြင့် ကျင့်ကြံအားထုတ်ကြပါစေကုန်သတည်း။ (၄၊ ၁၂၁)
၁၀။ (၉) နံပါတ်စကားရပ်၌ ဘာဝ, ဝိဘာဝ, အနုဘာဝထုတ်ပါ။

= = = = = = = = = = = = = = = = = =

၁။ (ခ) ဝါကျ၌ ပရိဂ္ဂဟိတတ္တာ၏ ကရိုက်းကို ရာဇဓာနီဘာဝေန = မင်းနေပြည်တော်၏ အဖြစ်ဖြင့် ဟုထည့်ပေး။

❖ ပရိဂ္ဂဟိတတ္တာတိ ရာဇဓာနီဘာဝေန ပရိဂ္ဂဟိတတ္တာ။ (သီဋီသစ်၊ ဒု၊ ၂။)

၂။ (ခ) ဝါကျ သာဘောဂါနုသန္ဓေ။

ဤသို့ (က) ဝါကျဖြင့် ရာဇဂဟံ အရ ရာဇဂြိုဟ်အမည်ရှိသောမြို့ကို ယူရမည်ဟု ပြဆိုပြီး၍ ယခုအခါ ယင်းမြို့သည် သီရိဝဍ္ဎကော စသည်ကဲ့သို့ အဓိစ္စသမုပ္ပန္နအားဖြင့် ရာဇဂဟ မည်ပါသလော၊ (ဂဏ္ဌိ၊ ၂၉၁) ဟု စောဒနာဘွယ်ရှိရကား ရာဇဂဟမည်ခြင်း၏ နာမလာဘဟိတ်ကို ပြတော်မူလိုသောဆရာသည် (ခ) မိန့်။

(ဂ) ဝါကျသာဘောဂပုစ္ဆာ

ဆရာ သည် (ခ) ဝါကျဖြင့် ရာဇဂဟအရ မြို့ကိုယူရမည်ကိုလည်းကောင်း၊ ရာဇဂြိုဟ် မည်ခြင်းအကြောင်း နာမလာဘဟိတ်ကိုလည်းကောင်း ပြဆိုဇတ်မူ၏။ ရာဇဂဟံ ပုဒ်၌ မန္ဓာတု မဟာဂေါဝိန္ဒာဒီဟိ (ပ) ဝုစ္စတိ ဟုဆရာဆိုခဲ့ပြီးသော အပြားကိုသာ ဆရာတို့ ဖွင့်ဆိုကြပါသလော၊ အဘယ်သို့ဖွင့်ဆိုကြပါသေးသနည်း။ (တနည်း) ရာဇူဟိ ဂဟိတံကြောင့်သာ ရာဇဂဟ မည်ပါသလော၊ (ဂဏ္ဌိ၊ ၂၉၁။) မည်သည့်ဝစနတ္ထကြောင့် ရာဇဂဟ မည်ပါသေးသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

❋ နောက်သမုစ္စယ၊ အဖြေပြ၊ ဝေအာဘော်ဆင်။

(င) ဝါကျ အနုသန္ဓေ၊

ဤသို့ (ခ) ဝါကျဖြင့် ရာဇဂဟအရ ရာဇဂြိုဟ်မြို့ကိုယူရမည်ကိုလည်းကောင်း၊ ရာဇဂဟ မည်ခြင်းအကြောင်း နာမလာဘဟိတ်ကိုလည်းကောင်း ပြဆိုပြီး၍ ယခုအခါ၌ ထိုရာဇဂြိုဟ်မြို့ဒေသ သည် ဝိသေသဌာနဖြစ်သောကြောင့် မြတ်သောသတ္တဝါတို့၏ သုံးဆောင်နေထိုင်ရာတည်းဟု ပြလို သော ဆရာသည် (င) မိန့်။

❖ သော ပန ပဒေသော ဝိသေသဌာနဘာဝေန ဥဋ္ဌာရသတ္တပရိဘောဂေါတိ အာဟ "တံ ပနေတ"န္တိ အာဒိ။ (သီဋီသစ်၊ ဒု၊ ၂။ သာရတ္ထ၊ ၂၊ ၁၁၂)

၃။ (ဂ+ဃ) စောဒကာဘောဂါဒိစတုက္ကထုတ်ပုံ၊

(ဂ၊) နနု အညေပေတ္ထ ပကာရေ ဝဏ္ဏယန္တိ။
(ခ) အထကသ္မာ "ကိံတေဟိ"တိ ဝုတ္တံ။
(ဂ) နနု နာမမတ္တမေတံ တဿ နဂရဿ။
(ဃ) တသ္မာ "ကိံတေဟိ"တိ ဝုတ္တံ။

http://www.dhammadownload.com



၄။ နဂရစ္ဆန္တီတိ နဂါ။ (န+ဂမု+ကွိ) ပြာသာဒ်စသော အဆောက်အဦရ၏။
နဂါ (ပါသာဒါဒယော) အဿ အတ္ထိ, တေသမ္ဗန္ဓိ ဝါ နဂရံ။ (နဂ+ရ)
ပြာသာဒ်စသော အဆောက်အဦ၏+မြို့ဒြိမ်နှင့် ဌာနီ+ဌာန စပ် ဝစနဟေတု၊
မြို့ဒြိမ်သည် ဝစနီယ၊
ပုရံ စသော ပရိယာယ် ဝစနီယတ္ထ။
(တနည်း) ဒဗ္ဗသမ္ဘာရံ ဂဏှာတီတိ ဃရံ။ (ဂဟ+ဏ) အိမ်ရ၏။
ဃရတိ သိဥ္စတိ ဧတ္ထာတိ ဃရံ။ (ဃရ+အ)
နံ သံပုဏ္ဏံ ဃရံ ဧတ္ထာတိ နဂရံ။ (ဃ ကို ဂ ပြု)
ပြည့်စုံသောအိမ်၏+မြို့နှင့် ဌာနီ+ဌာနစပ် ။

ဝစနတ္ထမှတ်ဘွယ်

ဝနန္တိ တံ ဘဇန္တိ မယူရကောကိလာဒယော ဧတ္ထာတိ ဝနံ။
မိုဝဲသည်းကပ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု၊
အရည်, ကာနနံ စသောပရိယာယ် ဝစနီယတ္ထ၊
ဝသန္တိ ဧတ္ထာတိ ဝသနံ၊ ဝသနံ+ဝနံ ဝသနဝနံ ဟုပြု။

၅။ ၆။ နံပါတ်များ ရှေ့ဝါကျ၌ ပြေပြီး။

၇။ သုညကား သုန ပုဒ်+ယ ပစ္စည်း။ (တနည်း) သုန ဓာတ်+ ယ ပစ္စည်း။ သုနျ ဟုလို လျက် နျ ကို ည ပြု၍ သုည ဟုပြီးသည်။

◆ သုနဿ ဟိတံ သုညံ၊ ယော၊ နျဿ ညော။ သုန ဂတိယံ ဝါ ယော။ (ဓာန်ဋီ+သူစိ)
ယက္ခော ကား ယတ ဓာတ် + ခ ပစ္စည်း။ ဓာတွန် တ ကို က ပြု၍ပြီး၏။ (သူစိ)

◆ ယတ ပယတနေ ဒေါ၊ ယတတိ ပယတတိ ဗလိ မာဟရဏတ္ထာယာတိ ယက္ခော။ (သူစိ)
(တနည်း) ယဇ ဓာတ်+ခ ပစ္စည်း။ ဓာတွန် ဇ ကို က ပြု၍ပြီးသည်။

◆ ယဇန္တိ ဗလိ မာဟရန္တီတိ ယက္ခော။ (ဝိမာနဝတ္ထုအဋ္ဌကထာ)

၈။ ကေစိဆရာတို့က "မဟာဂေါဝိန္ဒဟူသည် ပုရောဟိတ်ပုဏ္ဏားကြီးမဟုတ်၊ အာနုဘော်ကြီးမားလှသည့် ရှေးအခါက ဘုရင်တပါးဖြစ်သည်" ဆိုကြပါသည်။

◆ ကေစိ ပန "မဟာဂေါဝိန္ဒောတိ မဟာနုဘာဝေါ ကောစိ ပုရာတနော ရာဇာ"တိ ဝဒန္တိ။
(သီဋီသစ်၊ ၂။)

၉။ ဗြဟ္မဇာလဿ တဿိဝ (ပ) ပဋိပဇ္ဇန္တူ ယောနိသော။ (၄၊ ၁၂၁။)

၁၀။ ဝါကျဥယျာဉ် (၃၇) ၌ပြေခဲ့ပြီ။

*********************

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၀၆)

(၂၄-၃၊ သက္ကသီဟမေးဘူး။)

(က) ဝိဟရတီတိ အဝိသေသေန ဣရိယာပထဒိဗ္ဗဗြဟ္မအရိယဝိဟာရေသု အညတရဝိဟာရ သမင်္ဂီပရိဒီပနမေတံ။

(ခ) ဣဓ ပန ဌာနဂမနနိသဇ္ဇသယနပ္ပဘေဒေသု ဣရိယာပထေသု အညတရဣရိယာပထ သမာယောဂပရိဒီပနံ။

(ဂ) တေန ဌိတောပိ ဂစ္ဆန္တောပိ နိသိန္နောပိ သယာနောပိ ဘဂဝါ ဝိဟရတိစ္စေဝ ဝေဒိတဗ္ဗော။

(ဃ) သော ဟိ ဧကံ ဣရိယာပထဗာဓနံ အညေန ဣရိယာပထေန ဝိစ္ဆိန္ဒိတွာ အပရိပတန္တံ အတ္တဘာဝံ ဟရတိ ပဝတ္တေတိ၊ တသ္မာ ဝိဟရတီတိ ဝုစ္စတိ။

(၅၊ ၁၂၃။ သိဋ္ဌီသစ်၊ ဒု၊ ၂။ နေရင်း။ ဒု၊ ၂။ ဘာသာဋီ၊ ဒု၊ ၂၀၁။ ဂဏ္ဌိ၊ ၂၉၂။)

၁။ ဝိဟရတိ ကို သဒ္ဒတ္ထ အဓိပ္ပါယတ္ထ ဝေါဟာရတ္ထအနက်ပေးပြီး (က) ကို အဝိသေသေန ၌ အ သဒ္ဒါ၏ဖြစ်သင့်သည့်အနက်အားလျော်စွာ အနက်သမ္ဗန်ပါ။

၂။ (ခ) ဝါကျကို သာဘောဂပုစ္ဆာ (ဃ) ဝါကျကို အဋ္ဌောလီနစောဒနာတက်ပါ။

၃။ (ဂ+ဃ) ဝါကျတို့၌ စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ ဣရိယာပထ ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကို ဆက္ကထုတ်ပြပါ။

၅။ (ဂ) ဝါကျ၌ ဌိတောကို ဟိတ်ပြင်၍ ယင်း၌သမ္ဗန်ကိုခံပြီး အတ္ထာနုရူပစာစပ်ပြပါ။

၆။ (ဃ) ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ ဣရိယာ၊ သယာနော ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုဖော်ပြပါ။

၈။ ဒိဗ္ဗဝိဟာရ, ဗြဟ္မဝိဟာရ, အရိယဝိဟာရ တို့ကို အသီးသီးအရကောက်ပြပါ။

၉။ (ဂ) ဝါကျ၌ရှိသော ပါဠိတို့ကို ဝတ္တမျိုးဂါထာသီကုံး၍ ဂါထာအမည်ပေးပါ။

၁၀။ ဒိဗ္ဗဝိဟာရအရကို ဘာဝ, ဝိဘာဝ အနုဘာဝ ထုတ်ပြပါ။

====================

၁။ ဝိဟရတိ = တခုသောဣရိယာပုထ်ဖြင့် ကျင်နာနှိပ်စက်ခံရခြင်းကို တခုသော ဣရိယာပုထ် ဖြင့်ဖြတ်၍ အတ္တဘောကို မကျသည်ကိုပြု၍ ဆောင်တတ်၏။ (သဒ္ဒတ္ထ) ဖြစ်စေတတ်၏။ (အဓိပ္ပါယတ္ထ) နေတော်မူ၏။ (ဝေါဟာရတ္ထ)

အဝိသေသေန = အထူးမမှတ်သာမညအားဖြင့် (အသဒ္ဒါပဋိသေဓနတ္ထ)

အဝိသေသေန = မည်သည့်ဝိဟာရဟုအထူးပြုမှုမှကင်းသဖြင့် (အသဒ္ဒါဝိရဟတ္ထ)

အ သဒ္ဒါအတ္ထုဒ္ဒါရ ။။ ပဋိသေဓ ဝုဒ္ဓိတဗ္ဘာဝေ၊ အညတ္တေ သဒိသေပိစ။
ဝိရုဒ္ဓေ ဂရဟေ သုညေ၊ အ ကာရော ဝိရဟာပ္ပကေ။

၂။ (ခ) သာဘောဂပုစ္ဆာတက်ပုံ၊

ဆရာ သည် (က) ဝါကျဖြင့် ဝိဟရတိ သဒ္ဒါသည် သာမညအားဖြင့် ဝိဟာရ (၄) မျိုး တွင် တမျိုးမျိုးနှင့် ပြည့်စုံသည်၏အဖြစ်ကိုပြကြောင်း သဒ္ဒါတည်းဟုဆို၏။ ဤရာဇဂဟေ ဝိဟရတိ ဟူသော ပါဠိ၌ ဝိဟရတိအရ ဝိဟာရလေးမျိုးလုံးကိုပင် ယူရမည်လော၊ အဘယ် ဝိဟာရကို ယူရ မည်နည်း။ စုဒ်ကြောင့်။ (ခ) ဝါကျကိုမိန့်။

http://www.dhammadownload.com



❋ အစိတ်နှင့်ဖြေ ၊ အပေါင်းပေ ၊ တင်လေအာဘော်သာ။

(ဂ) ဝါကျကား လဒ္ဓဂုဏ် (ခ) ကို ဥပနာထားရျှိတက်လေ။

◆ "တေနာ"တိအာဒိ ယထာဝုတ္တသံဝဏ္ဏနာယ ဂုဏဒဿနံ။ (သီဋီသစ်၊ ဒု၊ ၄။)

(ဃ) ဝါကျ အန္တောလီန စောဒနာ၊

ဆရာ အာနန္ဒာသည် ရာဇဂဟေ ဝိဟရတိ ဟုဟောတော်မူ၏။ ဣရိယာပထ အဘို့၌ ဝိဟရတိ ၌ ဝိသဒ္ဒါသည် ဝိစ္ဆိန္ဒနအနက်, ဟရတိသည် နယန (ဟရဏ) ပဝတ္တနအနက်၌ ဖြစ်ရကား အဘယ်ကို အဘယ်ဖြင့် ဖြတ်သနည်း။ အဘယ်သို့ကား အဘယ်၏ဖြစ်ခြင်း၊ (ဆောင်ခြင်း) ဖြစ်သနည်း။ (ဂဏ္ဌိ၊ ၂၉၂။) ဝိ၏ ဝိစ္ဆိန္ဒကာရ, ဟရတိ၏ နယန (ဟရဏ) ပဝတ္တနာကာရကို ဆရာ မပြဆိုပြီလော။ စုဒ်ကြောင့် (ဃ) မိန့်။

◆ ဝေဋ္ဌိ သတိ တတ္ထ ကဿ ကေန ဝိစ္ဆိန္ဒနံ၊ ကထံ ကဿ နယနန္တိ အန္တောလီနစောဒနံ သန္ဓာယာဟ "သော ဟိ"တိအာဒိ။ (သီဋီသစ်၊ ဒု၊ ၄။)

နေရင်း နိသျှနှင့်အညီ (ဃ) ဝါကျကျမ်းတက်ပုံ၊

ဆရာသည် (ဂ) ဝါကျဖြင့်ရပ်ခြင်းစသော ဣရိယာပုထ်ကိုပြုသော်လည်း မြတ်စွာဘုရားကို "ဝိဟရတိ"ဟူ၍သာသိအပ်သောဟုဆို၏။ ရပ်ခြင်းဣရိယာပုထ်ကိုပြုသည်ရှိသော် "တိဋ္ဌတိ"ဟူ၍သာ, သွားခြင်း ဣရိယာပုထ်ကိုပြုသည်ရှိသော် "ဂစ္ဆတိ"ဟူ၍သာ, ထိုင်ခြင်းဣရိယာပုထ်ကိုပြုသည်ရှိသော် "နိသီဒတိ"ဟူ၍သာ, လျောင်းခြင်းဣရိယာပုထ်ကိုပြုသည်ရှိသော်"သယတိ"ဟူ၍သာ သိအပ် သည်မဟုတ်ပါလော၊ အဘယ်ကြောင့် ထိုထိုရပ်ခြင်းစသော ဣရိယာပုထ်ကိုပြုသည်ရှိသော် မြတ်စွာဘုရားကို "ဝိဟရတိ"ဟူ၍သာသိအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ) ဝါကျကိုမိန့်။

၃။ (ဂ+ဃ) ဝါကျ စတုက္ကထုတ်ပုံ၊

(က) နနု ဘဂဝါ ဌိတော, ဂစ္ဆန္တော, နိသိန္နော, သယာနော ဟောတိ။

(ခ) အထကသ္မာ ဘဂဝါ "ဝိဟရတိ"စ္စေဝ ဝေဒိတဗ္ဗော။

(ဂ) နနု သော ဧကံ ဣရိယာပထဗာဓံ ။ ပ ။ ဟရတိ ပဝတ္တေတိ။

(ဃ) တသ္မာ ဘဂဝါ "ဝိဟရတိ"စ္စေဝ ဝေဒိတဗ္ဗော။

(က+ခ) ၌ စတုက္ကထုတ်ပုံ၊

(က) နနု ဝိဟရတီတိ အဝိသေသေန ။ ပ ။ ပရိဒီပနမေတံ။

(ခ) အထ ကသ္မာ ဣဓ ဌာန ။ ပ ။ ပရိဒီပနန္တိ ဝုတ္တံ။

(ဂ) နနု ဣဓ ဣရိယာပထသာ်မတဝိသေသဝိဟာရဿမဂ်ီပရိဒီပနမေဝ သမ္ဘဝတိ။

(တနည်း) နနု ဣရိယာပထသမာယောဂပရိဒီပနဿ အတ္ထတော သိဒ္ဓတ္တာ တထာ ဒီပနမေဝ သမ္ဘဝတိ။

(ဃ) တသ္မာ ဣဓ ။ပ။ ပရိဒီပနန္တိ ဝုတ္တံ။

မှတ်ချက် ။ ။ ပရိဟာရဘောဂနှစ်နည်းစလုံး သီဋီသစ်၊ ဒု၊ ၃။ ၌လာသည်။

၄။ ဣရိယနံ ပဝတ္တနံ ဣရိယာ၊ (ကာယိကကိရိယာ ရ၏။)

ပထတိ ဂစ္ဆတိ ဧတေနာတိ ပထော၊

ဣရိယာယ+ပထော ဣရိယာပထော။ (သီဋီသစ်)

ဣရိယာ အရ ကာယိက ကိရိယာ၏+ပထ အရ အကြောင်းဖြစ်သော ဌာန နိသဇ္ဇ စသည်နှင့် အကျိုး+အကြောင်း, အဘေဒ+ဘေဒ စပ် ဝစနပဟောတု။

http://www.dhammadownload.com



လျှောင်း, ထိုင်, ရပ်, သွား, ဣရိယာပုတ်လေးပါးဖြစ်သည် ဝစနီယ။
ကာယိကကိရိယပဝတ္တနုပါယော ဌာနနိသဇ္ဇာဒယော စသောပရိယာယ် ဝစနီယတ္ထ။
သီဋီသစ်လာ ဝိဂ္ဂဟ မှတ်ဘွယ်၊
ဝိဟရတိ ပဝတ္တတိ ဧတေနာတိ ဝိဟာရော။ ဝိဟရဏံ ဝါ ဝိဟာရော။
ဣရိယာပထော၀ ဝိဟာရော ဣရိယာပထဝိဟာရော။
ဒိဗ္ဗဝိဟာရ ။ ။ ဒိဝိ + ဘဝေါ ဒိဗ္ဗော (ဒိဗ္ဗာနုဘာဝေါ)
ဒိဗ္ဗာယ သံဝတ္တတီတိ ဒိဗ္ဗော (ဒိဗ္ဗာနုဘာဝအကျိုးငှာဖြစ်သော မဟဂ္ဂုတ် ဈာန်ရ၏)
ဒိဗ္ဗောစ + သော + ဝိဟာရောစာတိ ဒိဗ္ဗဝိဟာရော။
(တနည်း) အဘိညာဘိနီဟာရာဒိဝသေန ဒိဗ္ဗတိ ပဝတ္တတီတိ ဒိဗ္ဗော။ (ဒိဝု + ဏျ)
(မဟဂ္ဂုတ် ဈာန် ပင်ရ၏။)
ဒိဗ္ဗော ဝိဟာရော ဒိဗ္ဗဝိဟာရော။
ဗြဟ္မဝိဟာရ ။ ။ ဗြဟ္မာနံ+ဝိဟာရာ ဗြဟ္မဝိဟာရာ။
(တနည်း) ဗြဟ္မဘူတာ ဝါ ဝိဟာရာ ဗြဟ္မဝိဟာရာ။ (မေတ္တာဈာန် စသော အပ္ပမညာ
(၄) ပါးရ၏။)
(တနည်း) ဗြဟ္မာနော (မြတ်ကုန်သော) ဝိဟာရာ ဗြဟ္မဝိဟာရာ။ (သာရတ္ထ၊ ၁၊ ၂၀၃။)
မေတ္တာဈာန် စသော အပ္ပမညာ (၄) ပါးပင်ရ၏။
အရိယဝိဟာရ ။ ။ အရိယာ ဥတ္တမာ+ဝိဟာရာ အရိယဝိဟာရာ။
(တနည်း) အရိယာနံ+ဝိဟာရာ အရိယဝိဟာရာ။ (ဖလသမာပတ်လေးပါးရ၏။)

မှတ်ချက် ။ ။ ဤ၌ မြတ်စွာဘုရား၏ ဝိဟာရဖြစ်၍ ဒိဗ္ဗဝိဟာရအရ ရူပါဝစရ စတုတ္ထဈာန်ကိုယူ, ဗြဟ္မဝိဟာရအရ ထိုစတုတ္ထဈာန်၏ အစွမ်းဖြင့်ဖြစ်သော အပ္ပမညာကိုယူ၊ အရိယဝိဟာရ အရ စတုတ္ထဈာနိက အဂ္ဂဖလသမာပတ်ကိုယူရသည်။ (သီဋီသစ်၊ ဒု၊ ၃)

- သမ္မာ+အင်္ဂံ သမင်္ဂေါ။ သမင်္ဂေါ အဿ အတ္ထီတိ သမင်္ဂီ။ (သမင်္ဂ+ဤ) ဘုရားရ၏။ ဤ၌ သမင်္ဂီ ကား ဘာဝပ္ပစ္စာန ဘာဝလောပပုဒ်တည်း။
- ဘာဝလောပေနာယံ, ဘာဝပ္ပစ္စာနေန ဝါ နိဒ္ဒေသော။ (သီဋီသစ်၊ ဒု၊ ၄။)

၅။ (ဂ) ဝါကျ၌ ဋ္ဌိတောကို ဋ္ဌိတတ္တာ ဟုဟိတ်ပြင်။
ယင်း၏သမ္ဗန်ကား ဘဂဝတောတည်း။ ကတ္တား+သမ္ဗန် စစပ်။

အမှာ ။ ။ ဂစ္ဆန္တော, နိသိန္နော, သယာနောတို့ကို ဟိတ်ပြင် ကလည်း "ဘဂဝတော" ဟုပင် သမ္ဗန်ခံ။

၆။ (ဃ) ဝါကျ ဝိစ္ဆိန္ဒိတွာ ဖြင့် ဝိဟရတိ ၌ ဝိ သဒ္ဒါ ဝိစ္ဆိန္ဒန အနက်ဟောသည်၏အဖြစ်ကိုသိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ)
ပဝတ္တေတိ ဖြင့် ဟရတိ ၌ ဟရ ဓာတ်၏ ဟရဏတ္ထ (ပဝတ္တနတ္ထ) ဟောသည်၏ အဖြစ်ကို သိစေသည်။ (ဓာတွတ္ထ)
(တနည်း) ဟရတိ ၌ ဆောင်၏ ဟူသည်ဖြစ်စေခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)
သော ဖြင့် ဝိဟရတိ အရ ဘုရားရှင်ကိုယူရမည်ဟုသိစေသည်။ (ကြား+ဘိ)
ကေ ဣရိယာပထဗာဓနံ အညေန ဣရိယာပထေနကို ဝိစ္ဆိန္ဒိတွာ၌စပ်၍ ဘာဝတ္ထဖော်လေ။
အပရိပတန္တံ အတ္တဘာဝံ ကို ဟရတိ ၌ စပ်၍ ဘာဝတ္ထဖော်လေ။

http://www.dhammadownload.com



၇။ ဣရိယာ ကား အရ ဓာတ်+ဏျ ပစ္စည်း။ ဣ အာဂုမ်။ ထိ အာ ပစ္စည်း။ အရိယာ ဟူလိုလျက် အရ ကို ဣရပြု၍ ဣရိယာ ဟုပြီးသည်။ (ပါ၊ ဂဏ္ဌိ၊ သစ်)

သယာနော ကား သိ ဓာတ်+မာန ပစ္စည်း။ သိ ၌ ဣ ကို ဧ ပြု၊ ဧ ကို အယ ပြု သယမာနော ဟူလိုလျက် မာနကို အာနပြု၍ သယာနောဟုပြီးသည်။

◆ သယမာနော သယာနောဝါ မာနဿ အာနာဒေသော။ (ရူ၊ ၃၉၉။)

၈။ (၄) နံပါတ် ဝစနတ္ထမှတ်ဘွယ်၌ အကျုံးဝင်ပြီးဖြစ်သည်။

၉။ တေန ဌိတောပိ နိသိန္နော၊ သယာနောပိ ဂတောပိစ။
ဗုဒ္ဓေါ ဝိဟရတိ စေ္စဝ၊ ဝေဒိတဗ္ဗော ဝိဘာဝိနာ။ (ပဋ္ဌမ သ ကာရဝိပုလာဂါထာ)

၁၀။ ✝ ဒိဗ္ဗဝိဟာရ အရ သာမညအားဖြင့် မဟဂ္ဂုတ်စျာန်ကို ဝိသေသအားဖြင့် (ဘုရားအရာ ဖြစ်၍) ရူပါဝစရ စတုတ္ထစျာန်ကိုယူ၍၊ ထိုသည် သမဌာယီဘာဝ၊ သန္တရသ။
✝ ပညတ်အာရုံသည် အာရမ္မဏဝိဘာဝ။
✝ အဓိကာရသဒ္ဒ စသည်သည်လည်းကောင်း၊ အောက်အောက် စျာန်တရားများသည်လည်း ကောင်း ဥဒ္ဒိပနဝိဘာဝ၊
✝ ဘုရားသန္တာန်မဟုတ်က ကိလေသာတို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်နိုင်ခြင်း,ဘုရားသန္တာန် ဖြစ်က ဒိဋ္ဌဓမ္မသုခဝိဟာရ စသောအကျိုးတရားအဆက်ဆက်သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

## ဝါကျဥယျာဉ် (၁၀၇)

(က) ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေတိ ဣဒမဿ ယံ ဂေါစရဂါမံ ဥပနိဿာယ ဝိဟရတိ၊ တဿ သမီပနိဒဿနတ္ထာနပဒိဒီပနံ။
(ခ) တသ္မာ ရာဇဂဟေ ဝိဟရတိ ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေတိ ရာဇဂဟသမီပေ ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေ ဝိဟရတီတိ ဧဝမေတ္ထ အတ္ထော ဝေဒိတဗ္ဗော။
(ဂ) သမီပတ္ထေ ဟေတံ ဘုမ္မဝစနံ။
(ဃ) တတ္ထ ဇီဝတီတိ ဇီဝကော၊ ကုမာရေန ဘတောတိ ကောမာရဘစ္စော။
(ဌ၊ ၁၂၂။ သီဋီသစ်၊ ဒု။ ၅။ နေရင်း၊ ဒု။ ၄။ ပခုက္ကူ၊ ဒု။ ၆။ ဘာသာဋီ၊ ဒု။ ၂၀၂။)

၁။ (ဂ) ဝါကျကို အာစရိယလဒ္ဓေါပဒေသာ ကျအောင် အနက်သမ္ဗန်ပါ။
၂။ (ခ) ဝါကျကို အနုသန္ဓေတက်၍ (ဂ) ဝါကျကို ဒေါသာရောပနစောဒနာတက်ပါ။
၃။ (ခ+ဂ) ဝါကျတို့ကို စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။
၄။ ဘုမ္မဝစနံ ကို အစိတ်အပေါင်းဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဝစနာဒိသင်္ဂဟထုတ်ပါ။
၅။ (ခ) ဝါကျ၌ တသ္မာ၏ အစွဲဖြစ်သောပုဒ်ကို ဟိတ်ပြင်၍ ယင်း၌ဖြစ်သင့်သောသမ္ဗန်ကို ထုတ် ပြလျက် အနက်ပေးစာစပ်ပါ။
၆။ (ဂ+ဃ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

http://www.dhammadownload.com



၇။ ကောမာရဘစ္စပုဒ်၏ နိရုတ္တိနည်း ရုပ်ပြီးပုံကိုဖော်ပြပါ။
၈။ သမီပတ္တေ ယောတံ ဘုမ္မဝစနံဖြင့် အဘယ်အဓိပ္ပါယ်ကို သိစေပါသနည်း။ ဗိမ္ဗိသာရမင်းကြီး သည်ကောင်းမှုများစွာရှိသော သောတာပန်ပုဂ္ဂိုလ်ဖြစ်လျက် အဘယ်ကြောင့် စာတုမဟာရာဇ် ဘုံ၌ ဝေဿဝဏ်နတ်မင်း၏ ပရိစာရကဖြစ်ပါသနည်း။
၉။ (ခ) ဝါကျကို လိုရင်းအဓိပ္ပါယ်ယူလျက် ဝတ္ထုမျိုးဂါထာစီကုံးပါ။
၁၀။ (ဃ) ဝါကျ၌ ကုမာရေန ဘတောကိုရှု၍ ဘာဝ ဝိဘာဝ အနုဘာဝ ထုတ်ပြခဲ့ပါ။

= = = = = = = = = = = = = = = = = = =

၁။ ဟိ သစ္စံ၊ မှန်၏။ တော၊ ရာဇဂဟေ ဟူသောၫသဒ္ဒါသည်။ သမီပတ္တေ၊ သမီပအနက်၌။ (ဝါ) ရာဇဂြိုဟ်မြို့၏အနီးဟူသောအနက်၌။ ဘုမ္မဝစနံ၊ သတ္တမီဝိဘတ်ရှိသောသဒ္ဒါတည်း။
(တနည်း) တော၊ ရာဇဂဟ ဟူသော လိင်နောင်သက်အပ်သော ၫဝိဘတ်သည်။ သမီပတ္တေ၊ ၌။ ဝိဟိတံ၊ စီရင်အပ်သော။ (ဝါ) သက်အပ်သော။ ဘုမ္မဝစနံ၊ သတ္တမီဝိဘတ်တည်း။ (ပဒုက္ကာ။ သျ။ ၆။)
* ဇတ်မလွှဲ၊ ဝိဘတ်စွဲမူ၊ ထင်အောင်ဝိဘတ်မှတ်၍ပေးမြဲ။
ပုဒ်စွဲရှိက၊ အဿတ္ထိအနက်၊ ထွက်အောင်သမ္ဗန်မြဲ။

၂။ (ခ) ဝါကျ အနုသန္ဓေ၊

ၫသို့ (က) ဝါကျဖြင့် ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေ ဟူသော သဒ္ဒါသည် ဂေါစရဂါမ်၏ အနီးဖြစ်သောနေရာအရပ်ကိုပြကြောင်း သဒ္ဒါတည်းဟု ပြဆိုပြီး၍ ယခုအခါ ယင်းသို့ ဆိုသဖြင့် ရရှိအပ်, ရရှိနိုင်သောအကျိုးဂုဏ်ကိုပြလိုသောဆရာသည် (ခ) ဝါကျမိန့်၏။
* တသ္မာအတ္ထော၊ ဒဋ္ဌဗ္ဗော၊ မှတ်လောလဒ္ဓဂုဏ်။

(ဂ) ဝါကျ ဒေါသာရောပနစောဒနာ၊

ဆရာ သည် (ခ) ဝါကျဖြင့် ရာဇဂဟေကို ရာဇဂဟသမီပေ ဟုဖွင့်ဆို၏။ သံဝဏ္ဏေတဗ္ဗ ပါဠိ၌ ရာဇဂဟေဟုသာ ရှိသည်မဟုတ်လော၊ (ဂဏ္ဌိ၊ ၂၉၃) ထိုသို့ဖြစ်လျက် ရာဇဂဟသမီပေ ဟု ဖွင့်ဆိုသော ဆရာ့စကားသည် အသို့လျှင် သင့်ပါအံ့နည်း၊ အသင့်ယုတ္တိကို မပြသော် ဆရာ့အား ဒဋ္ဌိယ ဒဋ္ဌိယ ဒဋ္ဌိကရဏဆန့်သော ဝိရောဓိ--၏။ စုဒ်ကြောင့် (ဂ) မိန့်၏။
အဓိပ္ပါယ်ကား (ဂ) ဝါကျဖြင့် ရာဇဂဟေသည် သမီပတ္တ၌ သတ္တမီဝိဘတ် ရှိသော ပုဒ်တည်းဟု ငါပြ --ဟူလို။

(က) ဝါကျကို သံဝဏ္ဏနာနရူပ ပုစ္ဆာတက်ပုံ၊

ဆရာ ရှင်အာနန္ဒာသည် ရာဇဂဟေ ဝိဟရတိ ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေ ဟုဟော၏။ ရာဇဂဟေပုဒ်ဖြင့်ပင် မြတ်စွာဘုရား၏ ဂေါစရဂါမကို ပြဆိုပြီးဖြစ်သည်မဟုတ်ပါလော၊ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် (အဘယ်အကျိုးငှာ) အမ္ဗဝနေဟု ဟောတော်မူပြန်သနည်း။ စုဒ် ကြောင့် (က) ဝါကျမိန့်၏။
အဓိပ္ပါယ်ကား ရာဇဂဟေဖြင့် ဂေါစရဂါမကိုပြဆိုပြီးဖြစ်သော်လည်း မြတ်စွာဘုရားအား လျောက်ပတ်သောနေရာဌာနကိုပြခြင်း အကျိုးငှာ အမ္ဗဝနေဟုထပ်၍ ဟောတော်မူပါ၏ဟူလို။
❖ ဂေါစရဂါမနိဒဿနတ္ထံ "ရာဇဂဟေ"တိ ဝတွာ ဗုဒ္ဓါနမနုရူပနိဝါသဋ္ဌာနဒဿနတ္ထံ ပုန "အမ္ဗဝနေ"တိ ဝုတ္တန္တိ ဒဿေန္တော "ဣဒ မဿာ"တိ အာဒိမာဟ။ (သီဋီသစ်၊ ဒုံ။ ၅။)

http://www.dhammadownload.com



၃။ (၁+၀) ဝါကျ စတုက္ကထုတ်ပုံ၊

(က) နနု သံဝဏ္ဏေတဗ္ဗပါဠိယံ "ရာဇဂဟေ"တိ ဝုတ္တံ။

(ခ) အထကသ္မာ "ရာဇဂဟသမီပေ"တိ တယာ ဝုတ္တံ။

(ဂ) နနု သမီပတ္ထေ ဧတံ ဘုမ္မဝစနံ။

(ဃ) တသ္မာ "ရာဇဂဟ သမီပေ"တိ မယာ ဝုတ္တံ။

၄။ ဘဝန္တိ ဧတ္တာတိ ဘုမ္မံ (အာဓာရော) ဘုမ္မမေဝ+ဝစနံ ဘုမ္မဝစနံ။

ဘုမ္မေ ပဝတ္တံဝါဝစနံ ဝိဘတ္တိ ဘုမ္မဝစနံ။

ဘုမ္မဝစနေန `ယုတ္တန္တိ ဘုမ္မဝစနံ။ (သီဋီသစ်၊ ဒု။ ၅။)

ဘုမ္မအရ သတ္တမီဝိဘတ်၏+ယုတ္တအရ ယှဉ်သောရာဇဂဟပုဒ်နှင့် သဟာဒိယော‹

သဟာဒိယောဂန္တစပ် ဝစနပဟေတု၊

ရာဇဂဟေဟူသောပုဒ်ဖြစ်သည် ဝစနီယ၊

သတ္တမီဝိဘတ္တိယုတ္တပဒံ စသောပရိယာယ်သည် ဝစနီယတ္ထ။

အမှာ။ ။ဤကား သီဋီသစ်၊ ဒု။ ၅။ ၌ တိုက်ရိုက်လာသည့်ဝိဂ္ဂဟတည်း။ "ပုဒ်စွဲရှိက အသယ္တ် အနက်ထွက်အောင် သမ္ဗန်မြဲ" ဟူသော နိယံနှင့်အညီ ဘုမ္မဝစနံ-သတ္တမီ ဝိဘတ်ရှိသော ပုဒ်တည်းဟုပေးသောအနက်အရ ဘုမ္မဝစနံ အသ အတ္ထိတိ ဘုမ္မဝစနံ ဟု အသတ္ထိတဒ္ဓိတ်လည်း ပြုနိုင်သေးသည်ဟုမှတ်။

ဝစနတ္ထမှတ်ဘွယ်၊

ဖလကာမေဟိ ဧနေဟိ အမီယတိ ဂမီယတီတိ အမ္ဗော။ အမ ဂတိယံ၊ ဗော။ (သူစိ၊ ဏ္ဏာဒိ မောဂ်၊ ၁၂၁ သုတ်)

အသီးကိုလိုချင်ကုန်သောသူတို့၏ သွားခြင်းကြိယာသကတ်သည် ဝစနပဟေတု၊

သရက်ပင်ဖြစ်သည် ဝစနီယ၊

ရုက္ခော စသောပရိယာယ်သည် ဝစနီယတ္ထ။

၅။ တသ္မာ၏စွဲရာပုဒ်ကား သမီပနိဝါသနဋ္ဌာနပရိဒီပနံတည်း။ ယင်းကို သမီပနိဝါသဋ္ဌာန ပရိဒီပနတ္တာဟု ဟိတ်ပြင်ရပါသည်။ ယင်းဟိတ်၏သမ္ဗန်ကား ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေတိ ဣမဿဝစနဿ ဖြစ်သည်။ (ကတ္တား+သမ္ဗန်စပ်။)

(ခ) ၌ ရာဇဂဟသမီပေ ကို ရာဇဂဟသမီပတ္တာ ဟုဟိတ်ပြင်က အမ္ဗဝနေကို အမ္ဗဝနဿ ဟုသမ္ဗန်ခံ။

၆။ (ဂ) ဝါကျ ဘုမ္မဝစနံ ဖြင့် ရာဇဂဟေ၌ သေည် ဒုတိယ ယော ဝိဘတ်၏ ကာရိယမဟုတ်၊ သတ္တမီ ဧကဝုစ်သို့ ဝိဘတ်၏ ကာရိယ၏အဖြစ်ကိုသိစေသည်။ (ဝိဘတ္တိပဒ)

သမီပတ္ထေ ဖြင့် ယင်းသတ္တမီဝိဘတ်၏ သာမီပိကာဓာရ၌ သက်သည်၏အဖြစ်ကို သိစေ သည်။ (ဝိဘတျတ္ထ)

(ဂ) တစ်ဝါကျလုံးဖြင့် ရာဇဂဟေ သည် မုချာဓာရမဟုတ်၊ သာမီပိကာဓာရ၏ အဖြစ်ကို (ဝါ) သမီပူပစာသဒ္ဒါ၏အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



(ဃ) ဝါကျ ဇီဝတိ ဖြင့် ဇီဝကော၌ ဇီဝဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ဏွု ပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်ကိုလည်းကောင်း၊ ဇီဝတီတိ ဇီဝကောဟု ပြုရမည်ကိုလည်းကောင်း သိစေပါ သည်။

ကုမာရေန ဘတော ဖြင့် ကောမာရဘစ္စော ၌ ကုမာရဘတ ဝယ် ဘတဟူသောပုဒ်ကို ဘရိယတေတိ ဘတော ဟု ကမ္မသာဓ်ပြုရမည်ကိုလည်းကောင်း၊ တ ပစ္စည်း ကမ္မသာဓနေ၌ သက်သည်ကိုလည်းကောင်း၊ ကုမာရနှင့် ဘတကို ကုမာရေန+ဘတော ကုမာရဘတောဟု တတိယာ တပ္ပုရိသ်ပြုရမည်ကိုလည်းကောင်း၊ ကောမာရဘစ္စောဟူသောပုဒ်ကို ကုမာရဘတော ဧဝ ကောမာရ ဘစ္စောဟု သွတ္ထတဒ္ဓိတ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ ဏျ ပစ္စည်း သွတ္ထ၌ သက်သည်ကို လည်းကောင်း၊ ကုမာရဘတျဟူလိုလျက် ယဝတံ သုတ်ကာရသဒ္ဒါဖြင့် တျကို စပြု၊ စဒွေဘော်လာ၊ ကု၏ အစိတ် ဥကို ဩပြု၍ ကောမာရဘစ ဟုရုပ်ပြီးနေသည်၏အဖြစ်ကို လည်းကောင်း (တနည်း) ကုမာရဘတ ဟူလိုလျက် ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ကု၏အစိတ် ဥကို ဩပြု၊ တကို စပြု၊ ဝဏ္ဏာ ဂမဖြင့် စဒွေဘော်လာ၍ ကောမာရဘစ္စ ဟုရုပ်ပြီးနေသည်ကို လည်းကောင်း သိစေပါသည်။

- ❖ ကုမာရဘတော ဧဝ ကောမာရဘစ္စော သကတ္ထဝုတ္တိပစ္စယေန၊ နိရုတ္တိနယေန ဝါ ယထာ "ဘီသဂ္ဂမေဝ ဘေသဇ္ဇ"န္တိ။ (သီဋီသစ်၊ ၃။ ၅။)
- ✲ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကတ္တားအဝုတ္တ၊ တတိယန္တနှင့်၊ ဖွင့်၍ပြ၊ ကမ္မသာဓနေကြံစရာ။

ရ။ ကောမာရဘစ္စပုဒ်၏ နိရုတ္တိ (၆) နံပါတ်အာဘော်အတိုင်းမှတ်။

၈။ သမီပတ္ထေ ဟောတ် ဘုမ္မဝစနံ ဖြင့် သိစေအပ်သောအဓိပ္ပါယ်။

ဘုရားရှင်သည် သရက်ဥယျာဉ်၌သာလျှင် သီတင်းသုံးနေတော်မူခြင်းဖြစ်သည်။ သို့ရာ တွင် "ဂင်္ဂါယံ ဂါဝေါ စရန္တိ၊ ကူပေ ဂဂ္ဂကုလံ" ပုံစံပြယုဂ်ကဲ့သို့ ဤ၌ ရာဇဂြိုဟ်မြို့၏ ထိုသရက်ဥယျာဉ်၏ အနီးဖြစ်သောကြောင့် ဂေါစရာမ်ကိုပြခြင်းအကျိုးငှာ သတ္တမီဝိဘတ်ဖြင့် ရာဇ ဂဟေ ဟုလည်း ဟောတော်မူအပ်၏--ဟူသော အဓိပ္ပါယ်ကို သမီပတ္ထေ ဟောတ် ဘုမ္မဝစနံဖြင့် သိစေပါသည်။

- ❖ ဣဒံဝုတ္တံဟောတိ - ကာမံ ဘဂဝါ အမ္ဗဝနေယေဝ ဝိဟရတိ။ တဿမီပတ္တာ ပန ဂေါစရဂါမ ဒဿနတ္ထံ ဘုမ္မဝစနဝသေန "ရာဇဂဟေ"တိပိ ဝုတ္တံ ယထာ တံ "ဂင်္ဂါယံ ဂါဝေါ စရန္တိ၊ ကူပေ ဂဂ္ဂကုလံ"န္တိ စာတိ။ (သီဋီသစ်၊ ၃။ ၅။)

ဝေဿဝဏ်နတ်မင်း၏ ပရိစာရကဖြစ်ရခြင်း

ဗိမ္ဗိသာရမင်းကြီးသည် ကောင်းမှုများစွာရှိသော သောတာပန်ပုဂ္ဂိုလ်ဖြစ်သော်လည်း ထိုစာတုမဟာရာဇ်နတ်ဘုံ၌ ရှေးကကြိမ်ဖန်များစွာဖြစ်ဘူးရကား ကြာမြင့်စွာထုံအပ်သော နိကန္တိ၏ အစွမ်းဖြင့် ထိုစာတုမဟာရာဇ်ဘုံ၌သာ ဝေဿဝဏ်နတ်မင်း၏ ပရိစာရကဖြစ်ရပါသည်။

- ❖ အသာ ပန ရညော မဟာပုညဿာပိ သမာနဿ တတ္ထ ဗာဟုလ္လံ နိဗ္ဗတ္တာပုဗ္ဗတာယ စိရပရိစိတနိကန္တိဝသေန တတ္ထေဝ နိဗ္ဗတ္တိ ဝေဒိတဗ္ဗာ။ (သီဋီသစ်၊ ၃။ ၉။)

၉။ သမီပေ ရာဇဂဟဿ၊ ကုမာရေန ဘတဿစ။

ဇီဝကဿ အမ္ဗဝနေ၊ ဝသံ တျေတ္ထော မတော ဣဓ။(သ+ဘ ရောသော သံကိဏ္ဏဝိပုလာဂါထာ)

http://www.dhammadownload.com



၁၀။ ✝ မွေးစားသောအဘယမင်းသား၏ သန္တာန်၌ မေတ္တာ ကရုဏာ စသည်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ+ဓမ္မသိဂါရဝ။

✝ မွေးစားအပ်သော (ဇီဝက) သူငယ်ကလေးသည် အာရမ္မဏဝိဘာဝ။

✝ ကျီးကန်းများဝိုင်းရံနေခြင်း, သူငယ်ကလေး၏ ရှေးကောင်းမှုရှိခဲ့ဘူးခြင်း စသည်သည် လည်းကောင်း၊ အဘယမင်းသား၏ ယောနိသောမနသိကာရစသည်သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

✝ ကောမာရဘစ္စ အမည်နာမရလာခြင်း စသော အကျိုးတရားအဆက်ဆက်သည် အနုဘာဝ မည်၏။

✽✽✽✽✽✽✽✽✽✽✽✽✽✽✽✽✽✽

## ပါဠိကျဉ်းမျှာဦ (၁၀၈)

(က) အနုတေဋ္ဌသေယိ ဘိက္ခုသတေဟီတိ အနုသတေန ဦနေယိ တေရသယိ ဘိက္ခုသတေဟိ။

(ခ) ရာဇာတိ အာဒီသု ရာဇတိ အတ္တနော ဠာယရိယသမ္ပတ္တိယာ စတူဟိ သင်္ဂဟဝတ္ထူဟိ မဟာဇနံ ရဉ္ဇေတိ ဝနုတီတိ ရာဇာ။ မဂဓာနံ ဠာယရောတိ မာဂဓော။

(ဂ) "အဇာတေယေဝ ရညော သတ္တု ဘဝိဿတီ"တိ နေမိတ္တကေဟိ နိဒ္ဒိဋ္ဌောတိ အဇာတသတ္တု။

(ဃ) တသ္မိံ ကိရ ကုစ္ဆိဂတေ ဒေဝိယာ ဧဝရူပေါ ဒေါဟဠော ဥပ္ပန္နော "အဟော ဝတာဟံ ရညော ဒက္ခိဏဗာဟုလောဟိတံ ပိဝေယျ"န္တိ၊

(၄၊ ၁၂၃။ သီဋီသစ်၊ ဒု။ ၆။ နေရင်း၊ ဒု။ ၆။ ပခုက္ကူ၊ ဒု။ ၉။ ဘာသာဋီ၊ ဒု။ ၂၀၇။)

၁။ (ဃ) ပါဠိကို သဗ္ဗနာမ်အစွဲတိကျစေလျက် အာကာရအတွင်းသွင်း၍အနက်ပေးပါ။

၂။ (က) ပါဠိကို လျှင်းပါးပုစ္ဆာတက်၍ (ဃ) ပါဠိကို အနုသန္ဓေ တက်ပါ။

၃။ (ဂ+ဃ) ပါဠိတို့၌ဖြစ်သင့်သလို ကြံဆ၍ စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။

၄။ အဇာတသတ္တု ၌ သတ္တုကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။

၅။ (ဃ) ပါဠိ၌ ကုစ္ဆိဂတေ ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကိုခံပြီးလျှင် အတ္တာနုရူပစာစပ်ပြပါ။

၆။ (ခ) ပါဠိကို အာဘောဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ ဒေါဟဠ ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။

၈။ စတူဟိ သင်္ဂဟဝတ္ထူဟိ၌ သင်္ဂဟဝတ္ထု (၄) ပါးကိုဖော်ပြ၍ သင်္ဂဟနှင့် သင်္ဂဟဝတ္ထု အဓိပ္ပါယ် ကိုလည်းဖော်ပြပါ။

၉။ အကြင်သူသည် ဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း၊ ကိုး ကွယ်ရာဟူ၍ဆည်းကပ်၏၊ (ထိုသူသည်) (၄) ပါးကုန်သော အရိယသစ္စာတို့ကို ကောင်းသော ပညာဖြင့်မြင်၏ ဟူသောစကားပြေကို ဂါထာပါဠိစီကုံးပါ။ (၂၀၉)

၁၀။ (၉) နံပါတ်ပါ စကားရပ်၌ ဖြစ်သင့်သော ဘာဝ ဝိဘာဝ အနုဘာဝ တို့ကိုထုတ်ပြပါ။

==================

http://www.dhammadownload.com



၁။ (ဃ) ကီရ၊ ချဲ့။ (တနည်း) ကီရ (ယသ္မာ) ကြောင့်။ တသ္မိံ၊ ထိုအဇာတသတ်မင်းသည်။ (အကြွင်းလွယ်ပြီ)

၂။ (က) ဝါကျ လျှင်းပါးပုစ္ဆာ၊

ဆရာ အာနန္ဒာမထေရ်သည် အခုတေဠသေဟိ ဘိက္ခုသတေဟိ ဟုဟော၏။ အခုအရ တထောင်၏ထက်ဝက်ကို ယူရပါမည်လော၊ အဘယ် သင်္ချာ၏ထက်ဝက်ကိုယူရပါမည်နည်း။ အခုတေဠသပုဒ်ကို ဆင့်ိတပ္ပုရိသ်သမာသ် ဝစနတ္တပြုရမည်လော၊ မည်သို့ ဝစနတ္တပြုရပါမည်နည်း စုဒ်ကြောင့် (က) မိန့်။

အဓိပ္ပါယ်ကား အခုအရ တရာ၏ထက်ဝက်ကိုယူရမည်၊ အခုတေဠသပုဒ်ကို တတိယာ တပ္ပုရိသ်ဝစနတ္တပြုရမည်ဟု ငါပြဆိုပါ၏ဟူလို။

(ဃ) ဝါကျ အနုသန္ဓေ

ဤသို့ (ဂ) ဝါကျဖြင့် မဖွားမီကပင် ခမည်းတော် ဗိမ္ဗိသာရမင်း၏ ရန်သူဖြစ်လတ္တံ့ဟု နိမိတ်ကျမ်းကို ရွတ်ဖတ်သော ဆရာတို့ညွှန်ပြအပ်သောကြောင့် အဇာတသတ္တု မည်သောဟု ပြဆိုပြီး၍ ယခုအခါ၌ မဖွားမီကပင် ရန်သူဖြစ်လတ္တံ့ဟု နိမိတ်ဖတ်ညွှန်းကြောင်းကို အကျယ်ဖွင့်ပြ လိုသောဆရာသည် (ဂဏ္ဌိ၊ ၂၉၄) (ဝါ) ယုတ္တိအားဖြင့် ခိုင်မြဲစေလိုသောဆရာသည် တသ္မိံ ကိရ စသော (ဃ) မိန့်။

❖ "တသ္မိ"န္တိ အာဒိနာ တဒတ္ထံ ဝိဝရတိ, သမတ္ထေတိ စ။ (သီဋီသစ်)

၃။ (ဂ+ဃ) စတုက္ကထုတ်ပုံ။

(က) နနု "အဇာတောယေဝ သတ္တု အဇာတသတ္တု"တိ ဝစနမတ္တေန အဓိပ္ပါယတ္ထောသိဒ္ဓေါ။

(ခ) အထကသ္မာ "အဇာတောယေဝ ရညော သတ္တု ဘဝိဿတီ"တိ နေမိတ္တိကေဟိ နိဒ္ဒိဋ္ဌောတိ အဇာတသတ္တုတိ တယာ ဝုတ္တံ။

(ဂ) နနု တသ္မိံ ကုစ္ဆိဂတေ ဒေဝိယာ (ပ) ပိဝေယျန္တိ။

(ဃ) တသ္မာ အဇာတောယေဝ (ပ) အဇာတသတ္တုတိ မယာ ဝုတ္တံ။

၄။ သသတိ ဟိံသတီတိ သတ္တု။ သ+တု။ (သီဋီသစ်)

ညှင်းဆဲခြင်း ကြိယာသကတ်သည် ဝစနဟေတု၊

ရန်သူဖြစ်သည် ဝစနီယ၊

ဝေရီ စသော ပရိယာယ်သည် ဝစနီယတ္ထ။

ဝစနတ္ထမှတ်ဘွယ်။

နိမိတ္တံ အဓီတေတိ နေမိတ္တိကော။ (ဘာသာဋီ)

ဒ္ဓိန္နံ ဟာဒယံ ယတြာတိ ဒေါဟဠော။ (ဘာသာဋီပြ ထောမနိဓိဝိဂ္ဂဟ)

အမိ ကိုယ်ဝန်နှစ်ယောက်တို့၏ စိတ်နှလုံး၏ + အလွန်အကဲဖြစ်သော တောင်းတခြင်း (ချင်ခြင်း) နှင့် ဂုဏ်+ဂုဏေး၊ ဝိသေသန+ဝိသေသျစပ် ဝစနဟေတု၊

အလွန်အကဲဖြစ်သော တောင်းတခြင်း (ချင်ခြင်း) သည် ဝစနီယ၊

အဘိလာသော စသောပရိယာယ် ဝစနီယတ္ထ။

(တနည်း) ဒွိဓာ ဟလတိ ကမ္ပတီတိ ဒေါဟဠော။ (ဘာသာဋီ)

http://www.dhammadownload.com



သေရအံ့လော ရှင်ရအံ့လော ဟု နှစ်ပါးအပြားအားဖြင့် တုန်လှုပ်ခြင်းကြိယာသကတ်သည် ဝစနဟေတု။

အမှာ ။ ။ ဒေါဟဠ ပုဒ်၏ ဝိဂ္ဂဟအမျိုးမျိုးကို (ဂ) နံပါတ်အဖြေ၌ ရှုပါ။

၅။ ကုစ္ဆိဂတေ ကို ကုစ္ဆိဂတတ္ထာဟုဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို တသ္မ ရညောဟုခံ (ကတ္တား+သမ္ဗန်စပ်)

၆။ (က) ဝါကျဖြင့် အနုတေဠသေဟိ၌ အနုအရ တရာ၏ထက်ဝက်ကိုယူရမည်ကိုလည်းကောင်း၊ အနုနှင့် တေဠသကို အနေန+တေဠသ အနုတေဠသဟု တတိယာတပ္ပုရိသ် ပြုရမည် ကိုလည်းကောင်း၊ အနုတေရသဟူလိုလျက် ရ ကို ဠ ပြု၍ အနုတေဠသဟု ရုပ်ပြီးနေသည်၏ အဖြစ်ကိုလည်းကောင်း၊ ယင်း အနုတေဠသပုဒ်၏ သမ္မန္ဓသချာ၏အဖြစ်ကိုလည်းကောင်း သိစေသည်။

အမှာ ။ ။ နေရင်းနိသျ၌ အနေန သဟ တေရသ ဇတေသန္တိ အနုတေဠသာနိဟု ဝစနတ္ထပြုသည်။

(ခ) ဝါကျ ရာဇတိ ဖြင့် ရာဇာ၌ ရာဇဓာတ်၏အဖြစ်ကိုလည်းကောင်း၊ အ ပစ္စည်း ကတ္တုသာဓန၌ သက်သည်ကိုလည်းကောင်း၊ ရာဇတီတိ ရာဇာဟု ကတ္တုသာဓနပြုရမည်ကိုလည်းကောင်း သိစေသည်။

အတ္ထနော ဣဿရိယသမ္ပတ္တိယာ ဖြင့် ရာဇတိ = ထွန်းပ၏ဟူသည် မိမိ၏အစိုးရခြင်း၊ စည်းစိမ်နှင့် ပြည့်စုံခြင်းဖြင့် ထွန်းပသတည်းဟု သိစေသည်။

ရဥ္ဇေတိ ဖြင့် ရာဇာ၌ ရန္ဇဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ဏ ပစ္စည်း ဟေတုကတ္တုသာဓနအနက်၌သက်သည်ကိုလည်းကောင်း၊ ရဥ္ဇေတီတိ ရာဇာဟု ဟေတုကတ္တုသာဓ်ပြုရမည်ကိုလည်းကောင်း သိစေသည်။

စတူဟိ သင်္ဂဟဝတ္ထူဟိ မဟာဇနံ ဖြင့် ရဥ္ဇေတိ ၌ နှစ်သက်စေ၏ဟူသည် သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် နှစ်သက်စေခြင်းပင်တည်းဟုသိစေသည်။

ဝဍ္ဎေတိ ဖြင့် ရဥ္ဇေတိ ၌ နှစ်သက်စေ၏ဟူသည် ပွားစေခြင်းပင်တည်းဟု သိစေသည်။

မဂဓာနံ ဣဿရော ဖြင့် မာဂဓော၌ ဏ ပစ္စည်း၏ ဣဿရတဒ္ဓိတ်၌ သက်သည်ကိုလည်းကောင်း၊ မာဂဓော ပုဒ်ကို ဣဿရတဒ္ဓိတ်ဝစနတ္ထပြုရမည်ကို လည်းကောင်း သိစေသည်။

(ဂ) အဇာတောယေဝ သတ္တု ဖြင့် အဇာတသတ္တုပုဒ်ကို အဝဓာရဏကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်ကို သိစေသည်။

ရညော ဖြင့် ရန်သူဟူသည် ဗိမ္ဗိသာရမင်း၏ ရန်သူပင်တည်းဟု သိစေ။

နေမိတ္တိကေဟိ နိဒ္ဒိဋ္ဌော ဖြင့် မမွေးဖွားသေးသော ထိုသူငယ်အား မင်း၏ရန်သူမဖြစ်သေးသော်လည်း ရန်သူဖြစ်လတံ့သည်ကိုရည်၍ နေမိတ္တိကဆရာတို့ ညွှန်းဆိုအပ်သောစကားအရ "သတ္တု" မည်သည်၏အဖြစ်ကိုသိစေသည်။

(တနည်း) နေမိတ္တိကေဟိ နိဒ္ဒိဋ္ဌောဖြင့် ကိုယ်ဝန်ရှိသော မိဖုရားကြီးအား ရှင်ဘုရင်၏ သွေးကိုသောက်လိုသော ချင်ခြင်းဖြစ်ရကား မမွေးဖွားမီကပင် မင်းကြီး၏ရန်သူ ဖြစ်နေပြီးဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဤကား ဝဒန္တိဝါဒ။) (သီဋီသစ်၊ဒု၊၆။)

http://www.dhammadownload.com



၇။ ဒေါဟဠကား ဒေါဟ သဒ္ဒူပပဒ+လာ ဓာတ်+အပစ္စည်း၊ ဒေါဟလ ဟူလိုလျက် လ ကို ဠပြု၍ ဒေါဟဠပြီးသည်။

✦ ဒုဟဏံ ဒေါဟော၊ တံ+လာတီတိ ဒေါဟဠော။ (သူစိ)

(တနည်း) ဒု ပုဒ်+ဟဒယပုဒ်၊ ဒုဟဒယ ဟူလိုလျက် ဒုကို ဒေါပြု၊ ဟဒယ ကို ဟဠ ပြု၍ပြီးသည်။

✦ ဒုဋ္ဌံ ဟဒယ မေတေနာတိ ဝါ။ ဟဒယဿ ဟဠော။ (သူစိ)

(တနည်း) ဒွိ သဒ္ဒူပပဒ+ဟလ ဓာတ်+အ ပစ္စည်း၊ ဒွိဟလ ဟူလိုလျက် ဒွိကို ဒေါပြု၊ လ ကို ဠ ပြု၍ပြီးသည်။

✦ ဒွိဟိ ဟလတိ ကမ္ပတီတိ ဝါ ဒေါဟဠော၊ အ။ ဒွိဿ ဒေါ၊ လဿ ဠော။ (သူစိ)

(တနည်း) ဒွိ ပုဒ်+ဟဒယပုဒ်၊ ဒွိဟဒယ ဟူလိုလျက် ဒွိကို ဒေါပြု၊ ဟဒယကို ဟဠ ပြု၍ပြီးသည်။

✦ ဒွေ ဟဒယာ အဿ ပရမတ္ထဿာတိ ဝါ ဒေါဟဠော။ ဒွိဿဒေါ၊ ဟဒယဿ ဟဠော။(သူစိ)

(တနည်း) ဒွိန္နံ ဟဒယံ ယတြာတိ ဒေါဟဠောဟူသော ထောမနိဓိဝိဂ္ဂဟ အရ ဒွိပုဒ် + ဟဒယပုဒ်၊ ဒွိကို ဒေါပြု၊ ဒေါဟဒယ ဟူလိုလျက် ယ ကိုချေ၊ ဒ ကို ဠ ပြု၍ပြီးသည်။ (ဘာသာဋီကာ၊ ဒု။ ၂၀၉။)

အခုတေဠသကား အခုတေရသ ဟူလိုလျက် ရ ကို ဠ ပြု၍ပြီးသည်။

၈။ သင်္ဂဟဝတ္ထု (၄) ပါး

(၁) ဒါန = ပေးကမ်းခြင်း၊

(၂) ပေယျ = ချစ်ဖွယ်စကားကိုပြောခြင်း၊

(၃) အတ္ထစရိယာ = သူ၏အကျိုးစီးပွားကိုပြုကျင့်ခြင်း၊

(၄) သမာနတ္တတာ = မိမိနှင့်တန်းတူရည်တူထားခြင်း။ (သီဋီသစ်၊ ဒု။ ၂၃၀။)

မိမိဘက်သားဖြစ်အောင် (မိမိကိုချစ်ခင်အောင်) ချီးမြှောက်ခြင်း (သိမ်းယူခြင်း၊သိမ်းသွင်းခြင်း) ကို "သင်္ဂဟ" ဟုခေါ်၏။

ထိုသို့ ချီးမြှောက်ခြင်း၏အကြောင်းဝတ္ထုကို "သင်္ဂဟဝတ္ထု" ဟုခေါ်၏။ (ဘာသာဋီကာ၊ ဒု။ ၂၀၇၊၂၀၈။)

၉။ ယောစ ဗုဒ္ဓဥ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။ (ဌ၊ ၂၀၈။) (ပထမဝတ္ထုဂါထာ)

၁၀။ (၉) နံပါတ်ဂါထာ၌ ဘာဝါလင်္ကာရထုတ်ပုံ၊

✝ ရတနာသုံးပါးကိုဆည်းကပ်သောပုဂ္ဂိုလ်၏ သန္တာန်၌ သဒ္ဓါ သတိ စသည်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ ဓမ္မသိဂါရဝ၊

✝ ရတနာသုံးပါးသည် အာရမ္မဏဝိဘာဝ၊

✝ ရတနာသုံးပါး၏ အရဟံ, သွာက္ခာတတာ, သုပ္ပဋိပန္နတာ စသောဂုဏ်တော်များသည် ဥဒ္ဒီပနဝိဘာဝ၊

✝ သစ္စာလေးပါးကိုသိရခြင်းသည် အနုဘာဝ။

*******************

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၀၉)

(က) ဝေဒေဟိပုတ္တောတိ အယံ ကောသလရညော ဓိတာယ ပုတ္တော၊ န ဝိဒေဟရညော။
(ခ) ဝေဒေဟီတိ ပန ပဏ္ဍိတာဓိဝစနမေတံ၊
(ဂ) ယထာဟ "ဝေဒေဟိကာ ဂဟပတာနီ, အယျော အာနန္ဒော ဝေဒေဟမုနီ"တိ။
(ဃ) တတြာယံ ဝစနတ္ထော -- ဝိဒန္တိ ဧတေနာတိ ဝေဒေါ၊
(င) ဉာဏဿေတံ အဓိဝစနံ၊
(စ) ဝေဒေန် ဤဟတိ ဃဋတိ ဝါယမတီတိ ဝေဒေဟီ၊ ဝေဒေဟိယာ ပုတ္တော ဝေဒေဟိပုတ္တော။

(ဋ၊ ၁၂၇။ သီဋီသစ်၊ ဒု။ ၁၀။ နေရင်း၊ ဒု။ ၁၇။ ပဥက္ကူ၊ ဒု။ ၂၀။ ဘာသာဋီ၊ ဒု။ ၂၂၄။)

၁။ (က+ခ+ဂ) ဝါကျတို့ကို နိသျည်းကျကျအနက်ယောဇနာပါ။
၂။ (က) ဝါကျကို လီနတ္ထရစောဒနာတက်၍ (ခ) ဝါကျကို ဗျတိရေကစောဒနာတက်ပြပါ။
၃။ (က+ခ) ဝါကျတို့၌ စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။
၄။ ပဏ္ဍိတ ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟထုတ်ပြပါ။
၅။ (ခ) ဝါကျ၌ ပဏ္ဍိတာဓိဝစနံ ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကိုခံပြီး အတ္ထာနုရူပစာစပ်ပြပါ။
၆။ (ဃ+င+စ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ တဒဟူတိ တသ္မိံ အဟု၊ တသ္မိံ ဒိဝသေတိ အတ္ထော၌ အဟုပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။
၈။ ကောသလရညော ၌ မည်သည့်ကောသလမင်းကို ယူရမည်ကိုရေးပါ။
၉။ ဘိရုံ ပသံသန္တိ (ပ) ဋ၊ ၁၃၆ ဂါထာကို ဆန်းစစ်၍ ဂါထာအမည်၊ ဆန်းအမည်ပေးပါ။
၁၀။ (၉) နံပါတ်ဂါထာ၌ ဘယာဝယ် ဓာတ်အရကို ရှု၍ ဘာဝစသည်ထုတ်ပါ။

==================

### ၂။ (က) ဝါကျ လီနတ္ထရစောဒနာ၊

ဆရာ ဘုရားရှင်သည် ဝေဒေဟိပုတ္တော-ဟုဟော၏။ ဝေဒေဟိပုတ္တောအရ ဝိဒေဟမင်း၏ သမီး၏ သားကိုယူရမည်လော၊ အဘယ်သူကို ယူရမည်နည်း၊ အကယ်၍ ဝေဒေဟိပုတ္တောအရကို မပြသော် ဘုရားရှင်အား သဒ္ဒ အတ္ထဆန့်သော ဝိရောဓိဒေါသရောက်ရာ၏။ (ဝါ) အလုံးစုံ၌ပျံ့နှံ့သော အတိဗျာပိတဒေါသရောက်ရာ၏။ စုဒ်ကြောင့် (က) ဝါကျမိန့်၏။

အဓိပ္ပါယ်ကား (က) ဝါကျဖြင့် ဝေဒေဟိပုတ္တောအရ ကောသလမင်း၏ သမီး၏ သားကို ယူရမည်ဟု ငါပြဆိုသောကြောင့်-ဟူလို။

### (ခ) ဝါကျ ဗျတိရေတစောဒနာ၊

ဆရာ သည် (က) ဝါကျဖြင့် အဇာတသတ်မင်းသည် ကောသလမင်း၏ သမီး၏ သား တည်း၊ ဝိဒေဟမင်း၏ သမီး၏ သားမဟုတ်ဟုဆို၏။ ယင်းသို့ ဝိဒေဟမင်း၏ သမီး၏ သားမဟုတ်၊ မဟာကောသလမင်း၏ သမီး၏ သားဖြစ်သော် (ယဒိဧဝံ) ကောသလီပုတ္တောဟု ဟောသင့်သည် ဝမဟုတ်ပါလော (ဂဏ္ဌိသစ်၊ ၂၉၀။) အဘယ့်ကြောင့် ဝေဒေဟိပုတ္တောဟုဟောပါသနည်း။စုဒ်ကြောင့် (ခ) ဝါကျမိန့်၏။

http://www.dhammadownload.com



အဓိပ္ပါယ်ကား (ခ) ဝါကျဖြင့် ဝေဒေဟီသဒ္ဒါသည် ပဏ္ဍိတသဒ္ဒါ၏ ဝေဝုစ်ဖြစ်သောကြောင့် (ဝါ) ဝေဒေဟီ ဟူသောအမည်သည် ပညာရှိ၏ အမည်ဖြစ်သောကြောင့် ဝေဒေဟိပုတ္တောဟု ဟော တော်မူပါ၏ဟူလို။

❖ အထ ကေနဋ္ဌေနာတိ အာဟ "ပဏ္ဍိတာဓိဝစနမေတ"န္တိ၊ ပဏ္ဍိတဝေဝစနံ၊ ပဏ္ဍိတနာမန္တိ ဝါ အတ္ထော။ (သီဋီသစ်၊ ၁၀)

❖ ဖျတိရေကော ယဒျဒိနာ။ (ဂန္ထာဘရဏ)

(ဂ) ဝါကျ။ ။ဝေဒေဟီ သဒ္ဒါ ပဏ္ဍိတအနက်ဟောရာ၌ ဥဒါဟရုဏ် အာဂုမ်ပါဠိတော်ဖြင့် မြဲစေလို ပြီးစေလိုရကား (ဂ) ဝါကျမိန့်။ (အာဂမဒဠှီဟူလို)

(ဃ) ဝါကျ စသည် (ဝေဒေဟီ သဒ္ဒါ) ပဏ္ဍိတာဓိဝစန ဖြစ်သော် ယင်း၏ ဝစနတ္ထကား အဘယ်နည်း၊ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။ (ဂဏ္ဌိ၊ ၂၉၉။)

၃။ (က+ခ) ဝါကျ စတုတ္ထ၊

(က) နနု ဝိဒေဟရညော ဓီတာ ဝေဒေဟီတိ အတ္ထော သမ္ဘဝတိ၊

(ခ) အထ ကသ္မာ အယံ ကောသလရညော ဓီတာယ ပုတ္တော၊ န ဝိဒေဟရညောတိ တယာ ဝုတ္တံ။

(ဂ) နနု ဝေဒေဟီတိ ပဏ္ဍိတာဓိဝစနမေတံ၊

(ဃ) တသ္မာ အယံ (ပ) ရညောတိ မယာ ဝုတ္တံ။

ဤကား "နနု ဝိဒေဟဿ ရညော ဓီတာ ဝေဒေဟီတိ အတ္ထော သမ္ဘဝတီတိ စောဒန မပနေတိ "န ဝိဒေဟရညော"တိ ဣမိနာ ဟူသော ဋီကာသစ်နှင့်အညီ ထုတ်ခြင်းဖြစ်သည်။

(တနည်း) အဋ္ဌကထာသက်သက်ကို ရှု၍ ထုတ်ပုံ။

(က) နနု အယံ ကောသလရညော ဓီတာယ ပုတ္တော၊ န ဝိဒေဟရညော။

(ခ) အထ ကသ္မာ ဝေဒေဟိပုတ္တောတိ ပါဠိယံ ဝုတ္တံ။

(ဂ) နနု ဝေဒေဟီတိ ပဏ္ဍိတာဓိဝစနမေတံ။

(ဃ) တသ္မာ ဝေဒေဟိပုတ္တောတိ ပါဠိယံ ဝုတ္တံ။

၄။ သုခုမေသုပိ အတ္ထေသု ပဉတိ ဂစ္ဆတိ, ဒုက္ခာဒီနံ ဝါ ပိဋ္ဌနာဒိအာကာရံ ဇာနာတီတိ ပဏ္ဍာ။ (ပဒီ+က) ပညာရ၏။

ပဏ္ဍာယ ဣတော ဂတောတိ ပဏ္ဍိတော။

ပညာ၏+ဖြစ်သောပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေးစပ် – ဝစနဗောဓ။

ပညာရှိပုဂ္ဂိုလ်ဒြဗ်သည် ဝစနီယ။

ဝေဒေဟီ, ဗုဓော အစရှိသော ပရိယာယ် – ဝစနီယတ္ထ။

(တနည်း) ဣတာ သဉ္ဇာတာ+ပဏ္ဍာ ဧတဿာတိ ပဏ္ဍိတော။

ကောင်းစွာဖြစ်သောပညာ၏ + ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏ် + ဂုဏေးစပ်။

ပဉတိ ဝါ ဉာဏဂတိယာ ဂစ္ဆတီတိ ပဏ္ဍိတော။ (ပဒီ+တ)

မှတ်ချက်။ ဤဝစနတ္ထအားလုံး သီဋီသစ်၊ ၁။ ၁၆၇ ၌ လာသည်။

http://www.dhammadownload.com



၅။ (ခ) ဋ္ဌ ပဏ္ဍိတာဓိဝစနံ ကို ပဏ္ဍိတာဓိဝစနတ္ထာ ဟု ဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို ဝေဒေဟီတိ ဧတဿဝစနဿ ဟုဒ်။ (ကတ္တား+သမ္ဗန်စာစပ်)

၆။ (က) ဝါကျဖြင့် ဝေဒေဟိပုတ္တောအရ ကောသလမင်း၏ သမီး၏ သားဖြစ်သော အဇာတသတ်ကိုယူ၊ ဝိဒေဟမင်း၏ သမီး၏ သားကိုမယူရဟုသိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)
(ခ) ဝါကျဖြင့် ဝေဒေဟီသဒ္ဒါသည် ပဏ္ဍိတအနက်ဟောသည်၏အဖြစ်ကို သိစေသည်။ (နာမလိင်္ဂတ္ထ+သဒ္ဒါဟော အဘိဓေယျတ္ထ)
(တနည်း) ဝေဒေဟီ သဒ္ဒါသည် ပဏ္ဍိတသဒ္ဒါ၏ ဝေဝုစ်တည်းဟု သိစေသည်။
(ဃ) ဝါကျ ဝိဒန္တိ ဧတေနာတိ ဝေဒေါ ဖြင့် ဝေဒေဟီ၌ ဝေဒဝယ် ဝိဒဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ ဏ ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊ ဝိဒန္တိ ဧတေနာတိ ဝေဒေါဟု ကရဏသာဓ်ပြုရမည်ကိုလည်းကောင်း၊ ဝိဒဓါတ်၏ ဤနေရာ၌ ဒိဝါဒိ, ရုဓာဒိမဟုတ်၊ ဘူဝါဒိဂဏိကဓာတ်၏အဖြစ်ကိုလည်းကောင်း သိစေသည်။
(င) ဝါကျဖြင့် ဝေဒအရ ဗေဒင်ကျမ်းကိုမယူရ၊ ဉာဏ်ကိုယူရမည်ဟုသိစေသည်။
(စ) ဝေဒေန ဤဟတိ ဖြင့် ဝေဒေဟီ ဋ္ဌ ဝေဒ သဒ္ဒူပပဒ+ဤဟ-ဓါတ်၏ အဖြစ်ကို လည်းကောင်း၊ ဏ ပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း၊ ဝေဒေန ဤဟတီတိ ဝေဒေဟီဟု ကတ္တုသာဓနေ ကိတန္တ တတိယာတပ္ပုရိသ်သမာသ်ပြုရမည်၏ အဖြစ်ကို လည်းကောင်း သိစေပါသည်။
ဃဋတိ ဖြင့် ဤဟ ဓာတ်သည် ဃဋနတ္ထ (ဝါ) ဥဿာဟတ္ထဟောဟု သိစေသည်။ ဝါယမတိ ဖြင့် ဃဋ ဓာတ်သည် ဝါယမတ္ထ (ဝါ) စေတနတ္ထ ဟောဟု သိစေသည်။
ဝေဒေဟိယာ ပုတ္တော ဖြင့် ဝေဒေဟိပုတ္တောကို ဆဋ္ဌီတပ္ပုရိသ်ပြုရမည်၏အဖြစ်ကိုလည်းကောင်း၊ ဧဝေဒေဟီသဒ္ဒါ၏ နဒါဒိဂိုဏ်း၏အဖြစ်ကိုလည်းကောင်း (ဘာဝတ္ထ) သိစေသည်။
✧ ဝေဒေဟီတိ ဣဓ နဒါဒိဂဏောတိ အာဟ "ဝေဒေဟိယာ"တိ။ (သီဋီသစ်)

၇။ အဟု ကား အဟ ပုဒ်+သို့ ဝိဘတ်။ ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် သို့ဝိဘတ်ကို ဥ ပြု၍ အဟုပြီးသည်။

နိရုတ္တိမှတ်ဘွယ်။

မိတုကား မာတာပိတူဟိ ဓရီယတီတိ မိတာ ဟူသော (ရူ။ ၃၅၇) နှင့် အညီ ဓရ+ရိတု။ ဓာတွန်ရ၊ ရ အနုဗန်တို့ကိုချေ။ မိတု ဟုဆိုလိုလျက် ဓ ကို ဤ ပြု၍ ပြီးသည်။
ပုတ္တကား ပုနာတိ သောဓေတီတိပုတ္တော ဟူသော (ကစ္စည်း) ဝစနတ္ထနှင့်အညီ ပု+တ။ ပုတ ဟုဆိုလိုလျက် တ တစ်လုံးလာ၍ပြီးသည်။
(တနည်း) ပူရေတီတိပုတ္တော ဟူသော (ဓာန်ဋီ+သူစိ) ဝစနတ္ထနှင့်အညီ ပူရ+တ။ ပူရတ ဟူလိုလျက် ပူ ဋ္ဌ ဦ ကို ဥ ပြု၊ ဓာတွန်ရ ကို ပရရူပ် တ ပြု၍ ပြီးသည်။
(တနည်း) ပေါသီယတီတိပုတ္တော ဟူသော (ဏွာဒိမောဂ်) ဝစနတ္ထနှင့်အညီ ပုသ+တ။ ပုသတ ဟူလိုလျက် ဓာတွန် သ ကို ပရရူပ် တ ပြု၍ပြီးသည်။

http://www.dhammadownload.com



၈။ ကောသလရညော အရ မဟာကောသလသမင်းကိုယူရသည်။
❖ ကောသလရညောတိ ပသေနဒိကောသလဿ ပိတု မဟာကောသလဿ ရညော။ (သီဋီသစ်)

ပသေနဒိကောသလမင်းနှင့် အဇာတသတ်၏မိခင် ဝေဒေဟီတို့ မောင်နှမအရင်းအချာ ဖြစ်ကြသည်။

၉။ ဘီရုံ ပသံသန္တိ န ဟိ တတ္ထ သူရံ ဟူသော ပဌမပါဒကား ဆန်းစစ်မရ သာမညဂါထာ။

ဘယာ ဟိ သန္တော န ကရောန္တိ ပါပံ ဟူသော ဒုတိယပါဒကား ဧ-တ-ဧ ဂိုဏ်း၊ ဂရု နှစ်လုံး နေသောကြောင့် ဥပေန္ဒဝဇီရာဂါထာမည်၏။
ထိုနှစ်မျိုးရောထားသောကြောင့် ဥပဇာတိဖြစ် သည်။
ပဌမပါဒကား ဇဂတီဆန်း ဖြစ်သည်။ ဒုတိယပါဒကား တိဋ္ဌုဘဆန်းဖြစ်သည်။

၁၀။ အထက်ပါဂါထာ၌ ဘယအရ ဩတ္တပ္ပဘယကိုယူရသည်။ ထို့ကြောင့် ဘယ၌ ဘီဇာတ် အရ ဩတ္တပ္ပစေတသိက် (ဝါ) ဩတ္တပ္ပနှင့်တကွဖြစ်သော ဉာဏ်ကိုယူ၍ --

- ✝ ထိုသည် ဇိဂုစ္ဆဋ္ဌာယီဘာဝ+ဝိဘစ္ဆရသ။ (တနည်း) ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိင်္ဂါရရသ။
- ✝ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေးတို့သည် အာရမ္မဏဝိဘာဝ။
- ✝ ယောနိသောမနသိကာရသည် ဥဒ္ဒီပနဝိဘာဝ၊
- ✝ မကောင်းမှုကိုမပြုခြင်း၊ ယင်းသို့မပြုသဖြင့် အပါယ်ဒုဂ္ဂတိသို့မလားရခြင်းစသောအကျိုး တရားအဆက်ဆက်သည် အနုဘာဝ။
- ✝ ဘယာတိ ပါပုတြာသတော၊ ဩတ္တပ္ပဟေတူတိ အတ္ထော။ (သီဋီသစ်၊ ဒု။ ၂၄။)

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

ဝါကျဥယျာဉ် (၁၁၀)

(က) တဒဟူတိ တသ္မိံ အဟု၊ တသ္မိံ ဒိဝသေတိ အတ္ထော။
(ခ) ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော၊
(ဂ) ဥပဝသန္တီတိ သီလေနဝါ အနသနေနဝါ ဥပေတာ ဟုတွာ ဝသန္တီတိ အတ္ထော။
(ဃ) အယံ ပနေတ္ထ အတ္ထုဒ္ဓါရော -- "အာယာမာဝုသော ကပ္ပိန ဥပေါသထံ ဂမိဿာမာ"တိ အာဒီသု ပါတိမောက္ခုဒ္ဒေသော ဥပေါသထော။ "ဧဝံ အဋ္ဌင်္ဂသမန္နာဂတော ခေါ ဝိသာခေ ဥပေါသထော ဥပဝုတ္ထော"တိ အာဒီသု သီလံ။ "သုဒ္ဓဿ ဝေ သဒါ ဖဂ္ဂု၊ သုဒ္ဓဿုပေါသထော သဒါ"တိ အာဒီသု ဥပဝါသော။ "ဥပေါသထောနာမ နာဂရာဇာ"တိ အာဒီသု ပညတ္တိ။ "န ဘိက္ခဝေ တဒဟုပေါသထေ သဘိက္ခုကာ အာဝါသာ"တိ အာဒီသု ဥပဝသိတဗ္ဗဒိဝသော။
(င) ဣဓာပိ သော ဧဝ အဓိပ္ပေတော။

(ဌ၊ ၁၂၇။ သီဋီသစ်၊ ဒု။ ၁၀။ နေရင်း၊ ဒု။ ၁၇။ ပခုက္ကူ၊ ဒု။ ၂၀။ ဘာသာဋီ၊ ဒု။ ၂၂၇။)

http://www.dhammadownload.com



၁။ (ဃ) ဝါကျ အယံ ပနေတ္ထ အတ္ထုဒ္ဓါရောဝယ် အတ္ထုဒ္ဓါရောကို သဒ္ဒတ္ထ၊ သဒ္ဒ ပဒတ္ထက ကြံ၍ အနက်ယောနောပါ။

၂။ (ဂ) ဝါကျကို သာဘောဂပုစ္ဆာ၊ (ဃ) ဝါကျကို အနုသန္ဓေတက်ပါ။

၃။ (ဃ+င) ဝါကျတို့ကို စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ (ဃ) ဝါကျ၌ ပါတိမောက္ခုဒ္ဒေသ ဟော ဥပေါသထကို ဝစနတ္ထပြု၍ သင်္ဂဟထုတ်ပါ။

၅။ (င) ဝါကျ၌ အဓိပ္ပေတောကို ဟိတ်ပြင် သမ္ဗန်ခံ စာစပ်ပါ။

၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ဥပေါသထ+ဖဂ္ဂုပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။

၈။ (ဂ) ဝါကျလာ သီလေန အနုသနေန တို့၏ အဘိဓေယျတ္ထနှင့် ဝါသဒ္ဒါဖြင့်ပြအပ်သော အဓိပ္ပါယ်ကို ဖော်ပြပါ။

၉။ (ဃ) ဝါကျ၌ ဥပဝါသတ္ထ ပြ ပါဠိတို့ကို ကြိုက်နှစ်သက်ရာ ဂါထာတစ်ပုဒ်သီကုံး၍ ဂါထာ အမည်ပေးခဲ့ပါ။

၁၀။ (ဃ) ဝါကျ ဥပေါသထော ဥပဝုတ္ထော၌ ဓာတွတ္ထကိုရှု၍ ဘာဝါလက်္ခရထုတ်ပြပါ။

===================

၁။ အယံ ပနေတ္ထ အတ္ထုဒ္ဓါရော၊

အယံ၊ ဤဆိုအပ်လတ္တံ့သည်ကား။ ဧတ္ထ၊ ဥပေါသထ ဟူသောဤပုဒ်၌။ အတ္ထုဒ္ဓါရော၊ တူသောသဒ္ဒါသည် ဟောအပ်ကုန်သော များသောအပြားရှိသောအနက်တို့ကို ထုတ်ဆောင်ခြင်းတည်း။ (ဝါ) တူသောသဒ္ဒါသည် ဟောအပ်ကုန်သောအနက်တို့တွင် အလိုရှိအပ်သည်သာလျှင် ဖြစ်သောအနက်ကို ထုတ်ဆောင်ခြင်းတည်း။ (ဤကား သဒ္ဒတ္ထ) အတ္ထုဒ္ဓါရော၊ အတ္ထုဒ္ဓါရတည်း။ (ဤကား သဒ္ဒပဒတ္ထက)

◆ ဧတ္ထာတိ ဥပေါသထသဒ္ဒေ၊ သမာနသဒ္ဒဝစနီယာနံ အနေကပ္ပဘေဒါနံ အတ္ထာန+မုဒ္ဓရဏံ အတ္ထုဒ္ဓါရော၊ သမာနသဒ္ဒဝစနီယေသု ဝါ အတ္ထေသု အဓိပ္ပေတဿေဝ အတ္ထဿ ဥဒ္ဓရဏံ အတ္ထုဒ္ဓါရောတိ ဝဋ္ဋတိ။

၂။ (ဂ) ဝါကျ သာဘောဂပုစ္ဆာ၊

သရာ သည် (က) ဝါကျဖြင့် ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော ဟုဆို၏။ ဥပဝသန္တိ ၌ ဥပသဒ္ဒါသည် ဥပနဂရံ မှ ဥပ ကဲ့သို့ သမီပအနက်ကိုပင် ဟောပါသလော၊ မည်သည့်အနက်ကို ဟောပါသနည်း။ ဝသန္တိ ၌ ဝသ ဓာတ်သည် နေခြင်းသာမန်အနက်ကို ဟောပါသလော၊ မည်သည့် အနက်ကိုဟောပါသနည်း၊ စုဒ်ကြောင့် (ဂ) မိန့်။

အဓိပ္ပါယ်ကား ဥပ သည် ဥပေတ အနက်ကိုဟော၏၊ ဝသ ဓာတ်သည်ဥပဝသန အနက်ကိုဟော၏ဟု ငါပြဆိုပါ၏ဟူလို (ဤ ဂ-ဝါကျကို ဝါကျရမ္မဟုခွဲ။)

◆ ဥပသဒ္ဒေန ဝိသိဋ္ဌော ဝသ သဒ္ဒေါ ဥပဝသနေယေဝ၊ န ဝသနမတ္တေ၊ ဥပဝသနဉ္စ သမာဒါနမေဝါတိ ဒဿေတုံ "သီလေနာ"တိ အာဒိဝုတ္တံ။ (သီဋီသစ်)

(ဃ) ဝါကျ အနုသန္ဓေ၊

ဤသို့ (ဂ) ဝါကျဖြင့် အလိုရှိအပ်သော အနက်အားလျော်စွာ ဥပေါသထသဒ္ဒါ၏ ဝိဂ္ဂဟကိုပြပြီး၍ ယခုအခါ၌ အတ္ထုဒ္ဓါရ၏အစွမ်းဖြင့် ဝိဂ္ဂဟအားလျော်စွာ အလိုရှိအပ်သောအနက်ကို ပြခြင်းငှာ (ဃ) ဝါကျမိန့်။

http://www.dhammadownload.com



◆ ဇဝံ အဓိပ္ပေတတ္ထာနုရူပံ နိပ္ဖစန့် ဒဿေတွာ ဣဒါနိ အတ္ထုဒ္ဓါရဝသေန နိပ္ဖစနာနုရူပံ အဓိပ္ပေတတ္ထံ ဒဿေတုံ "အယံ ပနာ"တိ အာဒိမာဟ။ (သီဋီသစ်)

(င) အနုသန္ဓေ၊

ဤသို့ (ဃ) ဖြင့် ဥပေါသထသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြပြီး၍ ယခုအခါ၌ အတ္ထုဒ္ဓေသ (ဝါ) အဓိပေတတ္ထကို ပြလို၍ (င) မိန့်။

၃။ (ဃ+င) ဝါကျ စတုက္ကထုတ်ပုံ၊

(က) နနု ဥပေါသထသဒ္ဒေါ ပါတိမောက္ခုဒ္ဒေသာဒီသု ပဋ္ဌသု အတ္ထေသု ဝတ္တတိ။

(ခ) အထကသ္မာ "ဣဓာပိ သော ဧဝ အဓိပ္ပေတော"တိ တယာ ဝုတ္တံ။

(ဂ) နနု တဒညတ္ထာ န သမ္ဘဝန္တိ။ တဒညေသံ ဝါ အဝိသယော ဟောတိ။

(ဃ) တသ္မာ "ဣဓာပိ သော ဧဝ အဓိပ္ပေတော"တိ မယာ ဝုတ္တံ။

၄။ သီလဒိဋ္ဌိဝသေန (သီလသုဒ္ဓိဝသေန = မူကွဲ) ဥပေတေဟိ သမဂ္ဂေဟိ ဝသီယတိ န ဉဋ္ဌိယတီတိ ဥပေါသထော။ (ပါတိမောက္ခုဒ္ဒေသော) (သီဋီသစ်)

သီလအယူ၏အစွမ်းဖြင့်ပြည့်စုံသော သမဂ္ဂသံဃာတော်များ၏ ထမသွားဘဲနေခြင်း ကြိယာသကတ်သည် ဝစနဟေတု။

ပါတိမောက်ပြခြင်းသည် ဝစနီယ၊

ပါတိမောက္ခုဒ္ဒေသော ဥပေတဝသထော စသောပရိယာယ်သည် ဝစနီယတ္ထ။

ဋီကာသစ်လာဝစနတ္ထများ။

◆ သမာဒါနဝသေန, အဓိဋ္ဌာနဝသေန ဝါ ဥပေစ္စ အရိယဝါသာဒိအတ္ထာယ ဝသိတဗ္ဗော အာဝသိတဗ္ဗောတိ ဥပေါသထော၊ (သီလရ၏)

◆ အနုသနာဒိဝသေန ဥပေစ္စ ဝသိတဗ္ဗော အနုဝသိတဗ္ဗောတိ ဥပေါသထော၊ (ဝတသမာဒါန သင်္ခါတော ဥပါဝါသော=အကျင့်ကိုဆောက်တည်ခြင်းဟုဆိုအပ်သော ဥပုသ်စောင့်သုံးခြင်း ရ၏။)

◆ အရယော ဂန္ဓာ ဥသေတိ ဒါဟေတီတိ ဥပေါသထော။ (ဥပေါသထဆင်ရ၏။)

၅။ (င) ဝါကျ၌ အဓိပ္ပေတောကို အဓိပ္ပေတတ္ထာဟု ဟိတ်ပြင်။

ယင်း၏ သမ္ဗန်ကို တဿေဝ ဥပဝသိတဗ္ဗဒိဝသဿဟုခံ။ (ကံ+သမ္ဗန်စပ်)

၆။ (က) ဝါကျ တသ္မိံ အဟု ဖြင့် တဒဟု ၌ တဒဟ ပုဒ်ကို သောယေဝ+အဟော တဒဟော ဟု ကမ္မဓာရည်းသမာသ်ပြုရမည်ကိုလည်းကောင်း၊ တ အဟ ဟု ဆိုလိုလျက် တ ထက် နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို ဒ ပြု၊ တဒဟ နောင် သ္မိံဝိဘတ်ကို နိရုတ္တိနည်းဖြင့် ဥ ပြု၍ တဒဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေသည်။

◆ သောယေဝ အဟော တဒဟော၊ သတ္တမိဝစနေန ပန "တဒဟူ"တိ ပဒသိဒ္ဓိ။ (သီဋီသစ်)

တသ္မိံ ဒိဝသေ ဖြင့် တဒဟု ၌ အဟ သဒ္ဒါသည် ဒိဝသ၏ ပရိယာယ်၏ အဖြစ်ကို လည်းကောင်း၊ ဥ သည် သ္မိံ ဝိဘတ်၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း သိစေသည်။

http://www.dhammadownload.com



(၁) ဝါကျဖြင့် ဥပေါသထောဠ် ဥပ ရှေ့ရှိသော ဝသ ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ အထ ပစ္စည်း အဓိကရဏသာဓ်၌ သက်သည်ကိုလည်းကောင်း၊ ဥပေါသထပုဒ်ကို အဓိကရဏသာဓ် ဝစနတ္ထပြုရမည်ကိုလည်းကောင်းသိစေသည်။

(၇) ဝါကျဖြင့် ဥပဝသန္တိဠ် ဥပ၏ ဥပေတအနက်ဟောသည်ကိုလည်းကောင်း၊ ဝသဓာတ်၏ ဥပဝသနအနက်ဟောသည်ကိုလည်းကောင်း၊ ဥပဝသနဟူသည်လည်း သမာဒါန= ဆောက်တည်ခြင်းပင်တည်း။ ယင်းဆောက် တည်ခြင်းဟူသည် သာသနာတော်၌ အရိယာဥပုသ် ဟူသော သီလကိုလည်းကောင်း၊ အစာမစားခြင်းမျှ ဟု ဆိုအပ်သော သာသနာပ ဗာဟိရဥပုသ်ကို လည်းကောင်း ဆောက်တည်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေ။ (သီဋီသစ်)

၇။ ဥပေါသထောကား ဥပ ရှေ့ရှိသော ဝသဓာတ်+ထ (အထ) ပစ္စည်း။ ဥပဝသထ ဟူလို လျက် ဝ ကို ဩပြု၍ပြီးသည်။

ဖဂ္ဂုကား ဖဂ္ဂုဏီဟူလိုလျက် ဏီကိုချေ၍ပြီးသည်။

သီဋီသစ်လာတိုင်းအတိအကျရေးမူ ,ဖဂ္ဂုဏီနက္ခတ္တဟူလိုလျက် နက္ခတ္တတို့ကိုချေ၍ ပြီးသည်။

✦ ဖဂ္ဂူတိ ဖဂ္ဂုဏီနက္ခတ္တမေဝ ယုတ္တံ ဘဝတိ နိရုတ္တနယေန စေတဿ သိဒ္ဓိ။ (သီဋီသစ်)

၈။ သီလေန ၏ အဘိဓေယျတ္ထကား သာသနာတွင်း၌ အရိယုပေါသထတည်း။

အနသနေန၏ အဘိဓေယျတ္ထကား အစာမစားခြင်းမျှဟုဆိုအပ်သော ဗာဟိရုပေါသထတည်း။

✦ ဧတ္ထ စ သီလေနာတိ သာသနေ အရိယုပေါသထံ သန္ဓာယ ဝုတ္တံ။

အနသနေနာတိ အဘုဉ္ဇနမတ္တသင်္ခါတံ ဗာဟိရုပေါသထံ။ (သီဋီသစ်၊ ၂။ ၁၀။)

(၇) ဝါကျ၌ ဝါ သဒ္ဒါ အနိယမတ္ထ။ ယင်း ဝါ သဒ္ဒါဖြင့် အချို့သော မနောဒုစရိုက်ကို လည်းကောင်း၊ သီလမရှိသူ၏အဖြစ် စသည်ကိုလည်းကောင်း သိမ်းယူသည်ဟုပြသည်။

✦ ဝါသဒ္ဒေါ စေတ္ထ အနိယမတ္ထော၊ တေန ကေစ္စိ မနောဒုစ္စရိတံ၊ ဒုဿီလျာဒိဥ္စ သင်္ဂဏှာတိ။ (သီဋီသစ်၊ ၁၀။)

✱ အနိယမ၊ ဝါသဒ္ဒမှာ၊ အတ္ထယူပုံ၊ မစုံတနည်း၊ စုံတနည်း၊ အမြဲမမှတ်အပ်။

၉။ ဂါထာစီ။

သုဒ္ဓဿ ဝေ သဒါ ဖဂ္ဂု၊ သုဒ္ဓဿုပေါသထော သဒါ။

ဗုတိ အာဒီသု ဌာနေသု၊ ဥပဝါသော ဥပေါသထော။ (ပဏ္ဍဝတ္ထုဂါထာ)

၁၀။ ဥပေါသထော ဥပဝုတ္ထော ၌ ဓာတ္ထတ္ထကိုရှု၍ ဘာဝိလက်ာရထုတ်ပုံ။

✝ ဥပုသ်စောင့်သုံးသောပုဂ္ဂိုလ်၏ ဝိရတီစေတနာပြဓာန်းသောစိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီ ဘာဝ + ဓမ္မသီဂါရဝဘာ။

✝ ဝီတိက္ကမိတဗ္ဗဝတ္ထုအာရုံဟူသမျှသည် အာရမ္မဏဝိဘာဝ။

✝ ယောနိသောမနသိကာရ၊ သပ္ပုရိသူပနိဿယ၊ သဒ္ဓမ္မဿဝနစသည်သည် ဥဒ္ဒိပနဝိဘာဝ။

✝ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အနာရောဂါကင်းခြင်း စသည်သည်လည်းကောင်း၊ နတ်ရွာသုဂတိနိဗ္ဗာန်တိုင်အောင်သောအကျိုးအဆက်ဆက်သည်လည်းကောင်း အနဘာဝ။

✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱

http://www.dhammadownload.com



ဝါကျဥယျာဉ် (၁၁၁)

(က) သော ပနေသ အဋ္ဌမိစာတုဒ္ဒသီပန္နရသီဘေဒေန တိဝိဓော၊ တသ္မာ သေသဒ္ဒယနိဝါရဏတ္ထံ "ပန္နရသေ"တိ ဝုတ္တံ။

(ခ) တေနေဝ ဝုတ္တံ "ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော"တိ။

(ဂ) ကောမုဒိယာတိ ကုမုဒဝတိယာ။

(ဃ) တဒါ ကိရ ကုမုဒါနိ သုပုပ္ဖိတာနိ ဟောန္တိ၊

(င) တာနိ ဧတ္ထ သန္တီတိ ကောမုဒီ။

(ဌ၊ ၁၂၈။ သီဋီသစ်၊ ဒု။ ၁၁၊ ၁၂။ နေရင်း၊ ဒု။ ၁၉။ ပဒုက္ကူ၊ ဒု၊ ၂၂။ ဘာသာဋီ၊ ဒု။ ၂၂၈။ ဂဏ္ဌိ၊ ၃၀၀။)

၁။ တေနေဝ ဝုတ္တံ ၌ ဝုတ္တံ၏ ကတ္တားနှင့် အာဓာရထည့်စွက်၍ (ခ+ဂ+ဃ) တို့ကို အနက်ယောဇနာပါ။

၂။ (က) ဝါကျကို လီနတ္ထရစောဒနာ၊ (ဃ) ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။

၃။ (က) ဝါကျကို ရှု၍ စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။

၄။ ကုမုဒပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိသင်္ဂဟထုတ်ပါ။

၅။ (က) ဝါကျ တသ္မာ၏စွဲရာပုဒ်ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီး အတ္ထာနုရူပ စာစပ်ပါ။

၆။ (ဂ+ဃ+င) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ပန္နရသ၊ ပန္နရသီ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရေးပါ။

၈။ ကောမုဒီ၌ တဒ္ဓိတ် ဏ ပစ္စည်း၏ ဇောတကတ္ထကို ဖော်ပြပါ။

၉။ အကြင်သူသည် ဘုရား တရား သံဃာ (ရတနာသုံးပါး) ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏။ လေးပါးသော အရိယာသစ္စာတို့ကိုကောင်းသောပညာဖြင့် မြင်၏။ ကို ဂါထာစီပါ။

၁၀။ (၉) နံပါတ်လာ "ဆည်းကပ်၏" ဟူသော ကြိယာကိုရှု၍ ဘာဝစသည်ထုတ်ပါ။

===================

၁။ (ခ) ဝါကျ ဝုတ္တံ၏ ကတ္တားကို "မယာ" ဟုလည်းကောင်း၊ အာဓာရကို "ပောဏ္ဍာ-၌" ဟုလည်းကောင်း ထည့်ပေး။

၂။ (က) ဝါကျ လီနတ္ထရစောဒနာ၊

ဆရာ အာနန္ဒာသည် တဒဟုပေါသထ ပန္နရသေ ဟုဟော၏။ တဒဟု ပေါသထေ ပုဒ်ဖြင့်ပင် လိုအပ်သောအနက်ပြီးစီးနိုင်သည်မဟုတ်လော။ သို့ဖြစ်လျက် အဘယ့်ကြောင့် ပန္နရသေ ဟု ထပ်မံဟောကြားပါသနည်း၊ စုဒ်ကြောင့် (က) မိန့်။ (ဂဏ္ဌိ ၃၀၀ ရှု၍ တက်သည်။)

အဓိပ္ပါယ်ကား ဥပုသ်နေ့သည် အဋ္ဌမီ စာတုဒ္ဒသီ ပန္နရသီဟု သုံးမျိုးရှိရာ ပန္နရသီမှ ကြွင်းနှစ်မျိုးကို တားမြစ်ခြင်းအကျိုးငှာ (ဝါ) တားမြစ်လိုသောကြောင့် ပန္နရသေ ဟုထပ်မံဟောကြား ပါ၏ ဟူလို။

http://www.dhammadownload.com



(ခ) ဝါကျ သီဋီသစ်နှင့်အညီ အနုသန္ဓေတက်ပုံ၊

ဤသို့ (က) ဝါကျဖြင့် ပန္နရသေဟု ထည့်စွက်ဟောရခြင်းအကြောင်းကို ပြဆိုပြီး၍ ယခုအခါ၌ ယင်းပန္နရသေပုဒ်ကို အကြောင်းပြု၍ နေ့၏အစွမ်းအားဖြင့် အကြင် အကြင်ဆိုအပ်ပြီးသောဝိဂ္ဂိုဟ်ကိုပြုအပ်၏ဟု ပြလိုသောဆရာသည် (ခ) မိန့်။ (ဂဏ္ဌိ။၃၀၀။)

❖ "ပန္နရသေ"တိ ပဒမာရဗ္ဘ ဒိဝသဝသေန ယထာဝုတ္တနိဗ္ဗစနံ ကတန္တိ ဒဿေန္တော "တေနေဝ ဝုတ္တ"န္တိ အာဒိမာဟ။ (သီဋီသစ်)

အမှာ ။ ။ တေန ဝုတ္တံ၊ တည်ပါဠ်ပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ၊ ဆိုကုန်ကြ၏။ နိဂုံးထင်လှ၊ နောတက္က-ဟူသောရှေးရေးဆောင်နိယံနှင့်အညီ လဒ္ဓဂုဏ် (သို့) နိဂုံးယူ၍လည်း ထုံးစံအတိုင်းတက်နိုင်သည်။

(ဃ) ဝါကျ သာဘောဂပုစ္ဆာ၊

ဆရာ သည် (ဂ) ဝါကျဖြင့် ကုမုဒဝတိယာ=ကုမုဒြာကြာရှိရာဖြစ်သောဟုဆိုတော်မူ၏။ ကုမုဒြာကြာတို့သည် အခြားအချိန်အခါ၌လည်း ရှိနေကြသည်မဟုတ်ပါလော၊ သို့ဖြစ်လျက် အဘယ့်ကြောင့် ကုမုဒဝတိယာ=ကုမုဒြာကြာရှိရာဖြစ်သောဟု ဆိုပါသနည်း၊ စုဒ်ကြောင့် (ဃ) မိန့်။

အဓိပ္ပါယ်ကား (ဃ) ဝါကျဖြင့် တန်ဆောင်မုန်းလအခါ၌ ကုမုဒြာကြာတို့ ကောင်းစွာပွင့်ခြင်းရှိနေသောကြောင့် (ဝါ) ဗဟုတ္တ=အများကြီး၊ အတိသယ=လွန်လွန်ကဲကဲပွင့်နေခြင်း ရှိနေသောကြောင့် ကုမုဒဝတိယာ=ကုမုဒြာကြာရှိရာဖြစ်သောဟု ငါဆိုပါ၏ဟူလို။

❖ "တာနိ ဧတ္ထ သန္တီ"တိ ဧတ္ထကေဃဝ ဝုတ္တေ နနွေတာနိ အညတ္ထာပိ သန္တီတိ စောဒနာ သိယာတိ တံ နိဝါရေတုံ "တဒါကိရာ"တိ အာဒိ ဝုတ္တံ။ (သီဋီသစ်)

၃။ (က) ဝါကျကိုရှု၍ စတုက္ကထုတ်ပုံ။

(က) နနု တဒဟုပေါသထေတိပဒေန အဓိပ္ပေတတ္ထော သိဒ္ဓေါ။

(ခ) အထကသ္မာ တဒဟုပေါသထော ပန္နရသေတိ ပါဠိယံ ဝုတ္တံ။

(ဂ) နနု အဋ္ဌမီ စာတုဒ္ဒသီ (ပ) တသ္မာ သေသဒွယနိဝါရဏတ္ထံ ဟောတိ။

(ဃ) တသ္မာ (ပ) ပါဠိယံ ဝုတ္တံ။

(ဃ+င) စတုက္ကထုတ်ပုံ။

(က) နနု တာနိ -အညတ္ထာပိ သန္တိ။

(ခ) အထ ကသ္မာ တာနိ ဧတ္ထ သန္တီတိ ကောမုဒီတိ သံဝဏ္ဏိတံ။

(ဂ) နနု တဒါ ကုမုဒါနိ သုပုပ္ဖိတာနိ ဟောန္တိ။

(ဃ) တသ္မာ တာနိ -- ကောမုဒီတိ သံဝဏ္ဏိတံ။

၄။ ကုယာ+မောဒတေတိ ကုမုဒံ။ (ဓာန်ဋီ)

မြေကြီးဒြဗ်၏+ကြာဒြဗ်နှင့်ဌာန+ဌာနီအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သကတ်သည်လည်းကောင်း၊ မြေကြီး၌(ဝမ်းမြောက်သကဲ့သို့)ရွှင်လန်းခြင်းကြိယာသကတ်သည်လည်းကောင်းဝစနဟော။ ကုမုဒြာကြာဒြဗ်သည် ဝစနီယ။

သေတုပ္ပလ် စသောပရိယာယ်သည် ဝစနီယတ္ထ။

ပုပ္ဖနံ ပုပ္ဖံ၊ သုဋ္ဌု+ပုပ္ဖံ သုပုပ္ဖံ။ သုပုပ္ဖံ သဉ္ဇာတံ ဧတေသန္တိ သုပုပ္ဖိတာနိ။

ကောင်းစွာဖြစ်သော လွန်စွာပွင့်ခြင်း၏+ကုမုဒြာဒြဗ်နှင့် ဂုဏ်+ဂုဏေးစပ်။

http://www.dhammadownload.com



၅။ တသ္မာ ၏ စွဲရာပုဒ်ကို တိဝိဓတ္တာ ဟု ဟိတ်ပြင်။
ယင်း၏ သမ္ဗန်ကို တဿ တေဿ ဥပေါသထဿ ဟုခံ။ (ကတ္တား+သမ္ဗန်စပ်)

- သုပုပ္ဖိတာနိ ကို သုပုပ္ဖိတတ္တာ ဟု ဟိတ်ပြင်က ကုမုဒါနိ ကို ကုမုဒါနံ ဟု သမ္ဗန်ခံ။

၆။ (က) ဝါကျ ကုမုဒဝတိယာ ဖြင့် ကောမုဒိယာဍ္ဍ (ကုမုဒပုဒ်+ဏ ပစ္စည်း၊ နဒါဒိ ဤ ပစ္စည်း) ဏ ပစ္စည်း အဿဥတ္တိအနက်၌ သက်သည်ကိုလည်းကောင်း၊ ကုမုဒါနိ ဧတ္ထ သန္တီတိ ကောမုဒီဟု အဿတ္ထိပြုရမည်ကိုလည်းကောင်း သိစေသည်။

(ဃ) ဝါကျဖြင့် ကောမုဒိယာ ၌ အဿတ္ထိအနက်ရှိသော ဏ ပစ္စည်း၏ ဗဟုတ္တ, အတိသယ အနက်ကို ထွန်းပြသည်၏အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

- အနေန ဗဟုသော, အတိသယတော ဝါ ဧတ္ထ တဒ္ဓိတဝိသယော ပယုတ္တောတိ ဒဿေတိ။ (သီဋီသစ်)

(င) ဝါကျဖြင့် ကုမုဒါနိ ဧတ္ထ သန္တီတိ ကောမုဒီဟု အဿတ္ထိပြုရမည်ကိုလည်းကောင်း၊ ဏ ပစ္စည်း အဿတ္ထိတဒ္ဓိတ်အနက်၌ သက်သည်ကိုလည်းကောင်း သိစေသည်။

၇။ ပန္နရသ+ပန္နရသီ တို့ကား ပဉ္စဒသ+ပဉ္စဒသီ ဟူလိုလျက် ဝဏ္ဏဝိကာရ ဖြင့် ပဉ္စကို ပန္န ပြု ဒကို ရ ပြု၍ ရုပ်ပြီးသည်။

- ဝိသတိ ဒသေသု ပဉ္စဿ ပဏ္ဏ ပန္နာ (နိရုတ္တိ ၄၂၃) သုတ်ဖြင့် ပဉ္စကို ပန္နပြု၍ သဒ္ဒါနည်း ဖြင့် ရုပ်ပြီးသည်။

၈။ ကောမုဒီ၌ တဒ္ဓိတ် ဏ ပစ္စည်းသည် ဗဟုတ္တ=အများဟူသောအနက်၊ အတိသယ= အလွန် အကဲဟူသောအနက်များကို ထွန်းပြသည်။ (တဒ္ဓိတ် ဏ ပစ္စည်းသက်ရာ ဝိသယ မေးကလည်း ဗဟုတ္တ အတိသယဟုပင် ဖြေရမည်။ သီဋီသစ် ဘာဂ (၆) နံပါတ် အာဘော်ခက်း၌ပြခဲ့ပြီ။

၉။ ၁၀။ ဝါကျဥယျာဉ် (၁၀၇) ၌ ဖြေခဲ့ပြီ။

******************

## ဝါကျဥယျာဉ် (၁၁၂)

(က) စာတုမာသိနိယာတိ စာတုမာသိယာ၊

(ခ) သာ ဟိ စတုန္နံ မာသာနံ ပရိယောသာနဘူတာတိ စာတုမာသီ။

(ဂ) ဣဓ ပန စာတုမာသိနီတိ ဝုစ္စတိ။

(ဃ) မာသပုဏ္ဏတာယ, ဥတုပုဏ္ဏတာယ, သံဝစ္ဆရပုဏ္ဏတာယ ပုဏ္ဏာ သံပုဏ္ဏာတိ ပုဏ္ဏာ။

(၄၊ ၁၂၈။ သီဋီသစ်၊ဒု။ ၁၂။ နေရင်း၊ ၂။ ၁၉။ ပခုက္ကူ၊ ၂။ ၂၂။ ဘာသာဋီ၊ ဒု။ ၂၂၉။ ဂဏ္ဌိ၊ ၃၀၀။)

http://www.dhammadownload.com



၁။ (ခ+ဂ) ဝါကျတို့ကို မှန်ကန်စွာအနက်ယောနောပါ။
၂။ (က) ဝါကျမှ (ခ) ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့်တက်ပြပါ။
၃။ ကိံ ဇီဝကော ပန "မယှံ့ လ္ဒံ ဩဘာသနိမိတ္တကမ္မ"န္တိ ဇာနာတီတိ ? အာမ ဇာနာတိ။ အထ ကသ္မာ တုဏှီ အဟောသီတိ ? ဝိကျေပပစ္ဆေဒနတ္ထံ (၄၊ ၁၂၉) ၌ ဖြစ်သင့်သော စောဒကာ ဘောဂါဒီစတုက္ကကိုထုတ်ပြပါ။
၄။ (ဃ) ဝါကျ၌ ပုဏ္ဏာ ကို အသပဒ ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။
၅။ မာသပုဏ္ဏတာယ၌ တာသမွန်ကိုထုတ်ပြပြီးလျှင် ၎င်းသမွန်ကိုဖြစ်သင့်သော အနက်အွားလျော်စွာ စပ်သင့်ရာ၌ စာစပ်ပြပါ။
၆။ ကောမုဒိယာတိ ကုမုဒဝတိယာ ၌ သံဝဏ္ဏနာနှင့် (က) ဝါကျ၌ အဋ္ဌကထာဆရာ အာဘော်ကို ဖော်ပြပါ။
၇။ ဒေါသိနာတိ ဒေါသာပဂတာ (၄၊ ၁၂၉) ၌ ဒေါသိနာ ဝယ် ဖြစ်သင့်သော နိရုတ္တိနည်းကို အကြောင်းနှင့်တကွ ညွှန်ပြ၍၊ ၎င်းပုဒ်ပြီးပုံကို သေချာစွာရှင်းလင်းပြပါ။
၈။ ရာဇာမစ္စပရိဝုတော (ပ) ဟောတိ (၄၊ ၁၂၈) ၌ အဇာတသတ်မင်းသည် မင်းအမတ် အပေါင်းခြံရံလျက် မြတ်သောပြသာဒ်ထက်ဝယ် အဘယ်အကျိုးငှာ နေပါသနည်း၊ အဋ္ဌကထာဆရာ နှစ်သက်သောဝါဒဖြင့် အကျယ်ရှင်းလင်းပြပါ။
၉။ "ရညော တံဇေယေ ပုတ္တသိနေယော ဥပ္ပန္နိတွာ သကလသရီရံ ခေါ်ဘေတွာ အဋ္ဌိမိဉ္ဇံ အာဟစ္စ အဋ္ဌာသိ (၄၊ ၁၂၆) ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တမျိုးဂါထာစီ၍၊ ၎င်းဂါထာကို အမည်မှည့်ခဲ့ပါ။
၁၀။ တံ လေခံ ရညော ဟတ္ထေ ဌပေသုံ၊ ရညော တံဇေယေ စသောပါဠ်၌ "ပုတ္တသိနေယော ဥပ္ပန္နိတွာ"ကို ကိုယ်ပြု၍ ဌာယီဘာဝ ဝိဘာဝ အနုဘာဝ တို့ကိုထုတ်ပြပါ။

==================

၂။ (ခ) ဝါကျ ဟိ ကား နေရင်းနိသျှအလို ဒဋ္ဌဇောတက၊ ပခုက္ကူနိသျှအလို ဝိတ္ထာရဇောတက တည်း။

(ခ) ဝါကျ သာဘောဂပုစ္ဆာ၊

ဆရာ သည် (က) ဝါကျဖြင့် စာတုမာသိနိယာ ကို စာတုမာသိယာ ဟုဖွင့်ဆို၏။ သံဝဏ္ဏေတဗ္ဗ၌ စာတုမာသိနိယာဟု ရှိသည်မဟုတ်လော၊ ထိုသို့ဖြစ်လျက် စာတုမာသိယာ ဟုဖွင့်ဆို သော ဆရာ့စကားသည် အသို့လျှင် သင့်ပါအံ့နည်း၊ စုဒ်ကြောင့် (ခ) မိန့်။ (နေရင်း၊ ၂။ ၁၉။)

အဓိပ္ပါယ်ကား ထိုညဥ့်သည် မိုးလေးလတို့၏အဆုံးဖြစ်၍ စာတုမာသီမည်ရကား စာတု မာသိယာဟု ငါဖွင့်ဆိုခြင်းသည် သင့်၏ဟူလို။

(တနည်း) ၄ပနာတုဠ၏။ ယင်းစာတုမာသီပုဒ်ကို စတ္တာရော မာသာ ဧတ္ထ သန္တီတိ စာတုမာသီ (တာယ စာတုမာသိနိယာ) ဟု ဝစနတ္ထပြုရမည်လော၊ အဘယ်သို့ ဝစနတ္ထပြုရမည်နည်း။ စုဒ်ကြောင့် (ခ) မိန့်။

အဓိပ္ပါယ်ကား၊ စတုမာသာနံ ပူရဏီ စာတုမာသီ ဟု ပူရဏတဒ္ဓိတ် ဝစနတ္ထပြုရမည် ဟူလို။ (ဂဏ္ဌိ၊ ၃၀၀။)

http://www.dhammadownload.com



(ဂ) ဝါကျ ပုစ္ဆာ၊

ဆရာ သည် (ခ) ဝါကျဖြင့် စတုန္နံ မာသာနံ (ပ) စာတုမာသီဟုဆို၏။ ဤပါဠိတော်၌လည်း စာတုမာသီဟုပင် ရှိလေသလော။ (ဝါ) စာတုမာသီဟုပင် ဆိုထားပါသလော၊ ပါဠိတော်၌ အဘယ်သို့ပါဠိရှိပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်၊

အဓိပ္ပါယ်ကား ပါဠိတော်၌ စာတုမာသိနီဟု ရှိ၏ဟူလို။

◆ ဝုစ္စတိ ပါဠိယံ။ (သီဋီသစ်)

နေရင်းနိသျ၌ကား ဝုစ္စ ပန၊ ဤဒီဃနိကာယ်အဋ္ဌကထာ၌ကား ဟုပေးသည်။

၃။ (က) နနု ဇီဝကော မယှံ ဝုဒ် ဩဘာသနိမိတ္တကမ္မန္တိ ဇာနာတိ။

(ခ) အထကသ္မာ တုဏှီ အဟောသိ။

(ဂ) နနု ဝိက္ခေပပစ္စေဒနတ္ထံ ဟောတိ။

(ဃ) တသ္မာ တုဏှီ အဟောသိ။ (၄၊ ၁၂၉)

(က) ဝါကျ၌ရှိ စတုက္ကထုတ်ပုံ၊

(က) နနု သံဝဏ္ဏေတဗ္ဗပါဠိယံ စာတုမာသိနိယာတိ ဝုတ္တံ။

(ခ) အထကသ္မာ စာတုမာသိယာတိ တယာ သံဝဏ္ဏိတံ။

(ဂ) နနု စာတုမာသီ, စာတုမာသိနီတိစ ပစ္စယဝိသေသေန ဝုတ္တိလိင်္ဂေဟေဝ ပရိယာယဝစနံ (ဟောတိ) (သီဋီသစ်)

(ဃ) တသ္မာ စာတုမာသိယာတိ မယာ သံဝဏ္ဏိတံ။

မှတ်ချက် ။ ။ ဤ၌ ပရိဟာရဘောဂမှာ ဋီကာသစ် (၁၂) ၌ တိုက်ရိုက်လာသည်။ နေရင်းနိသျ ကျမ်းတက်ကိုမှီး၍ ထုတ်လျှင်ကား သာ ဟိ စသော (ခ) ဝါကျကို ပရိဟာရဘောဂ လုပ်ရမည်။

၄။ (တီဟိ အာကာရေဟိ) ပူရေတီတိ ပုဏ္ဏာ။ (သီဋီသစ်)

ပြည့်ခြင်း ကြိယာသကတ်သည် ဝစနဟေတု၊

တန်ဆောင်မုန်းလပြည့်ညဥ့်ဖြစ်သည် ဝစနီယ၊

သံပုဏ္ဏာ ပရိပုဏ္ဏာ စသောပရိယာယ်သည် ဝစနီယတ္ထ။

◆ မိနီယတိ ဒိဝသော ဧတေနာတိ မာ။ (စန္ဒော) (သီဋီသစ်)

၅။ မာသပုဏ္ဏတာယ ၏ သမ္ဗန်ကား ပခုက္ကသျှအလို ရတ္တိယာတည်း။

နေရင်းနိသျအလို ပုဏ္ဏမိယာ တည်း၊ (ကတ္တား+သမ္ဗန်စာစပ်)

အမှာ ။ ။ ဥတုပုဏ္ဏတာယ သံဝစ္ဆရပုဏ္ဏတာယ တို့၏သမ္ဗန်လည်း နည်းတူပင်မှတ်။

၆။ ကောမုဒိယာတိ ကုမုဒဝတိယာ ကို ရှေးဝါကျ၌ ဖော်ခဲ့ပြီး။

(က) ဝါကျ စာတုမာသိယာဖြင့် စာတုမာသိနီသည် စာတုမာသီ၏ ပရိယာယ်တည်းဟု သိစေသည်။

(ခ) ဖြင့် စာတုမာသီ၌ စတုမာသပုဒ်ကို စတ္တာရော+မာသာ စတုမာသံဟု ဒိဂုသမာသ်ဝစနတ္ထပြု - လည်းကောင်း၊ စာတုမာသီ၌ ဏပစ္စည်း၏ ပူရဏ တဒ္ဓိတ်အနက်၌သက်-

http://www.dhammadownload.com



လည်းကောင်း၊ စတုမာသာနံ+ပူရဏီ စာတုမာသီ(ဂဏ္ဌိ) စတုမာသဿ+ပူရဏီ စာတုမာသီ (ဘာသာဋီကာ) ဟု ပူရဏတဒ္ဓိတ် ဝစနတ္ထပြု-လည်းကောင်း၊ စာတုမာသီအရ ညဥ့်ကိုယူရမည်ကို လည်းကောင်း သိစေသည်။

❖ ပရိယောသာနဘူတာတိ စ ပူရဏဘာဝမေဝ သန္ဓာယ ဝဒတိ တာယ သဟေဝ စတုမာသပရိပုဏ္ဏဘာဝတော။ (သီဋီသစ်၊ ၁၂)

(တနည်း) (ခ) ဝါကျဖြင့် စတုမာသကို စတ္တာရော မာသာ စတုမာသာဟု ဒိဂုသမာသ်ပြုရမည်ကို လည်းကောင်း၊ ဏ ပစ္စည်း ပရိယောသာနတဒ္ဓိတ်၌ သက်သည်ကိုလည်းကောင်း၊ စာတုမာသီပုဒ်ကို စတုမာသာနံ ပရိယောသာနာတိ စာတုမာသီဟု ပရိယောသာနတဒ္ဓိတ်ပြုရမည်ကို လည်းကောင်း သိစေပါသည်။

သာ - ဖြင့် စာတုမာသီအရ ညဥ့်ဒြဗ်ကိုယူရမည်ဟုသိစေသည်။

(ဂ) ဝါကျဖြင့် စာတုမာသိနီ နှင့် စာတုမာသီတို့ ပရိယာယ်ဖြစ်ကြသော်လည်း ဤပါဠိတော်၌ကား စာတုမာသိနီဟု ဟောတော်မူသတည်းဟု သိစေသည်။ (ဘာဝတ္ထ)

(ဃ) ဝါကျ ဖြင့် ပုဏ္ဏာ၌ ပူရဓာတ်၏အဖြစ်ကိုလည်းကောင်း၊ တ ပစ္စည်း ကတ္တားအနက်၌သက်သည်ကိုလည်းကောင်း၊ တီဟိ အာကာရေဟိ ပူရေတီတိ ပုဏ္ဏာဟု ကတ္တုသာဓနပြုရမည်ကို လည်းကောင်း၊ "ပြည့်၏" ဟူသည် တန်ဆောင်မုန်းလ၏ ပြည့်သည်၏ အဖြစ်၊ မိုးဥတု၏ ပြည့်သည်၏အဖြစ်၊ တန်ဆောင်မုန်းလဖြင့် မှတ်အပ်သောနှစ်၏ ပြည့်သည်၏အဖြစ်ဟူသော သုံးပါးသောအခြင်းအရာအားဖြင့် ပြည့်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ ပုဏ္ဏာသည် သံပုဏ္ဏာ၏ ပရိယာယ်၏အဖြစ်ကိုလည်းကောင်း သိစေသည်။

❖ တီဟိ အာကာရေဟိ ပူရေတီတိ ပုဏ္ဏာတိ အတ္ထံ ဒေသေတိ "မာသပုဏ္ဏတာယာ"တိအာဒိနာ။ (သီဋီသစ်)

၇။ ဝါကျဥယျာဉ် (၁၁၄) ၌ရှုလေ။

၈။ အဇာတသတ်မင်းသည် အဘ၌ သတ်ရန်လုံ့လပြုသည့်နေ့မှစ၍ "အိပ်တော့မည်" ဟု မျက်စိမှိတ်ကာမျှ၌ပင် မျက်လုံးတို့ကို လှံတရာဖြင့် ထိုးဆွခံရသကဲ့သို့ ငိုမြည်တမ်းလျှက်သာလျှင် နိုးလာသည်။ "ဘာကြောင့် ငိုမြည်တမ်းပြီး နိုးရသလဲ"ဟုမေးလျှင် ဘာတခုကိုမျှမပြောဆိုနိုင်။ ထို့ကြောင့် အဇာတသတ်မင်းသည် အိပ်ခြင်းကို မနှစ်သက်ရကား အိပ်ခြင်းကိုဖျောက်ခြင်းအကျိုးငှာ မင်းအမတ်အပေါင်းခြံရံလျက် ပြာသာဒ်ထက်၌ နေပါသည်။ (ဤကား အဋ္ဌကထာကြိုက်သော ဝါဒ တည်း)

ဝဒန္တိဆရာတို့ကား နက္ခတ်ပွဲလမ်းသဘင်နေ့ဖြစ်သောကြောင့်နေသည်ဟု ဆိုကြသည်။

သို့ရာတွင် မင်းမျိုးဟူသည် အခါခပ်သိမ်း နက္ခတ်ပွဲလမ်းသဘင်ရှိသည်သာတည်း။ ထို့ကြောင့် အိပ်ခြင်းကို ပယ်ဖျောက်ခြင်းအကျိုးငှာနေသည်ဟုမှတ်ရမည်။ (ဋ၊ ၁၂၈။)

၉။ ရာဇိနော တံဓေယေ၀၊ ပုတ္တသ္မေဟော ပဝတ္တိတွာ။
ခါဇေတွာ ကာယ မာဟစ္စ၊ အဋ္ဌိမိဉ္ဇံ ပတိဋ္ဌာသိ။ (ဝတ္ထုဂါထာ၊ အနုဋ္ဌဘာသန်း)

http://www.dhammadownload.com



၁၀။ † အဇာတသတ်မင်းသန္တာန်၌ ဂေဟာသိတပေမတဏှာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိဌာယိဘာဝ+ကာမသိဂ်ါရရသ၊

† ဥဒယဘဒ္ဒမင်းသားဖြစ်သည် အာရမ္မဏဝိဘာဝ၊

† သားဖွားကြောင်းဆက်သလာသောစာလွှာသည် ဥဒ္ဒီပနဝိဘာဝ၊

† ရိုးတွင်းခြင်ဆီတိုင်အောင် အချစ်စိတ်ဓာတ်ပျံ့နှံ့ထွက်ခြင်း စသည်သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

## ဝါကျဥယျာဉ် (၁၁၃)

(က) ဥပရိပါသာဒဝရဂတောတိ ပါသာဒဝရဿ ဥပရိဂတော။

(ခ) မဟာရဟေ သမုဿိတသေတစ္ဆတ္တေ ကဥ္စနာသနေ နိသိန္နော ဟောတိ။

(ဂ) ကသ္မာ နိသိန္နော ? နိဒ္ဒါဝိနောဒနတ္ထံ။

(ဃ) အယဉှိ ရာဇာ ပိတရိ ဥပက္ကန္တဒိဝသတော ပဋ္ဌာယ "နိဒ္ဒံ ဩက္ကမိဿာမိ"တိ နိမီလိတမတ္တေသုယေဝ အက္ခီသု သတ္တိသတအဗ္ဘာဟတော ဝိယ ကန္ဒမာနောယေဝ ပဗုဇ္ဈိ။ "ကိမေတ"န္တိ စ ဝုတ္တေ "န ကိဉ္စီ"တိ ဝဒတိ။ တေနဿ အမနာပါ နိဒ္ဒါ၊ ဣတိ နိဒ္ဒါဝိနောဒနတ္ထံ နိသိန္နော။

(၄၁၀၂၈။ သီဒီသစ်၊ ဒု။၁၃။ နေရင်း၊ ဒု။၂၀။ ပဋ္ဌကျူ၊ ဒု။၂၃။ ဘာသာဋီ၊ ဒု။၂၁၃။ ဂဏ္ဌိ၊ ၃၀၁။)

၁။ (ဂ) ဝါကျကိုသာ လိုက်သင့်သောပုဒ်များလိုက်၍ အနက်ပေးပါ။

၂။ (ဂ) ဝါကျ အနုသန္ဓေ၊ (ဃ) ဝါကျကို အယုတ္တာဘောဂစောဒနာတက်ပါ။

၃။ (ခ+ဂ+ဃ) ဝါကျတို့ကို အကြောင်းပြအမည်ပေးပြီး၊ (ဃ) ဝါကျ၌ ရာဇာပုဒ်၏ စပ်သင့်သော ပုဒ်များကိုညွှန်ပြပါ။

၄။ နိသိန္နောပုဒ်ကို ဝစနတ္ထပြု၍ ဉာသ်ကောက်ပြပါ။

၅။ ရာဇာ၊ နိဒ္ဒါပုဒ်တို့၌ ရသင့်သမျှ ဓာတု ပစ္စယ ဝေ ဘန်၍၊ ဒိဝသ ကို နာမပဒမာလာ၊ ၄င်း၌ ဓာတ်ကိုယူ၍ အဇ္ဈတ္တနီ ပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတ ပဒမာလာစဉ်ပါ။

၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

၇။ ပရာယန့်/ပရာယဏ (၄၊ ၂၀၅) ဟု ပါဠ်နှစ်ထွေရှိရာ မည်သည့်ပါဠ်သင့်မြတ်ကြောင်း သာဓက ယုတ္တိပြ၍ ဆုံးဖြတ်ပါ။

၈။ ပါသာဒ ကဥ္စနာသန အရတို့ကို တိကျမှန်ကန်အောင်ဆုံးဖြတ်ပါ။

၉။ (ခ) ဝါကျကို ထည့်သင့်သောပုဒ်များထည့်စွက်၍ ဂါထာစီပြီးလျှင် အကြောင်းပြ၍ ဂါထာ အမည်ပေးပါ။

၁၀။ (ဃ) ဝါကျ၌ ဘာဝါလင်္ကာရစုံလင်စွာထုတ်ပါ။

===================

http://www.dhammadownload.com



၂။ (ဂ) ဝါကျ အနုသန္ဓေ၊

ဤသို့ (က+ခ) ဝါကျတို့ဖြင့် မြက်သောပြသာဒ်ထက်၌ ရွှေဖြင့်ပြီးသော နေရာဝယ် ထိုင်နေ၏ဟုပြဆိုပြီး၍ ယခုအခါ၌ ထိုင်ခါမျှ၌ စေဒနာခြင်းကို ပြလိုသောဆရာသည် (သီဋီသစ်) (ဝါ) ယင်းစကားရပ်နှင့်ပတ်သက်၍ အမေးအဖြေကို ကိုယ်တိုင်ထုတ်ပြလိုသောဆရာသည် (ဂ) ဝါကျမိန့်၍။

❖ ကသ္မာ နိသိန္နောတိ နိသီဒနမတ္တေ စောဒနာ။ (သီဋီသစ်)

(ဃ) ဝါကျ အယုတ္တာဘောဂစောဒနာ၊

ဆရာ သည် (ဂ) ဝါကျဖြင့် အိပ်ပျော်ခြင်းကို ပယ်ဖျောက်ခြင်းအကျိုးငှာ မြတ်သော ပြသာဒ်ထက်၌နေသောဟုဆို၏။ အဘယ်အကျိုးငှာ (ဝါ) အဘယ့်ကြောင့်အိပ်ပျော်ခြင်းကို ပယ်ဖျောက် လေသနည်း။ (ဂဏ္ဌိ) အိပ်ချင်လျှင် အိပ်သင့်သည် မဟုတ်ပါလော (နေရင်း၊ ၂၁) (တနည်း)ညဥ့်၌ အိပ်ပျော်ခြင်းကို လိုလားအပ်သည် မဟုတ်ပါလော၊ အိပ်ခြင်းကို ပယ်ဖျောက်လိုခြင်း၏ အကြောင်းကို အကျယ်မပြသော် သဒ္ဓေပ ဝိတ္ထာရဆန့်သော ဝိရောဓိဒေါသရောက်ရာ၏၊ စုဒ်ကြောင့် (ဃ) ဝါကျမိန့်၍။

အဓိပ္ပါယ်ကား ဤ အဇာတသတ်မင်းသည် ဖခင်ကြီးကို သတ်ရန် လုံ့လပြုသောနေ့မှ စ၍ "အိပ်တော့မည်"ဟု မျက်စိကို မှိတ်ကုန်လတ်သော် မျက်စိတို့၌ လှံတရာဖြင့်အထိုးခံရသကဲ့သို့ ငိုမြည်တမ်းလျှက်သာလျှင် နိုး၏။ ထို့ကြောင့် အိပ်ခြင်းသည် အဇာတသတ်မင်းအတွက် နှစ်သက်ဘွယ် မဟုတ်ရကား အိပ်ပျော်ခြင်းကို ပယ်ဖျောက်လို၏ဟု အကျယ်ကို ငါပြဆို - ဟူလို ။

(ခ) ဝါကျ ကျမ်းတက်။

ဆရာ သည် (က) ဝါကျဖြင့် ပြသာဒ်၏အထက်၌ နေသောဟုဆို၏။ အဘယ်သို့ သဘောရှိသော ပြသာဒ်၌နေသနည်းဟူသော စောဒနာကို နှလုံးထားတော်မူ၍ မဟာရဟေ (ပ) ဟောတိ ကို မိန့်သတည်း၊ (နေရင်း။ ၂။ ၂၀)

၃။ (ခ) ဝါကျသည် ပြသာဒ်ထက်ဝယ် အဘယ်သို့သဘောရှိသောနေရာ၌ ထိုင်နေသနည်း ဟုမေးဘွယ်ရှိ၍ ဆက်တက်သောကြောင့် ဝါကျာရမ္ဘ။

(တနည်း၊) ဥပရိပါသာဒဝရဂတော ၌ (ဝါ) ဥပရိဂတော၌ဂမုဓာတ်၏ ငုတ်နေသော အနက်ကို နိသိန္နောဟု ဖော်ထုတ်၍ ပြသောကြောင့် ဝိတ္ထာရ။

မှတ်ချက်။ နေရင်းသျှ၌ "ဂမုဓာတ်၏ နိသီဒနအနက် ဤအရာ၌ဖြစ်သည်၊ အဖြစ်ကိုပြခြင်းငှာ နိသိန္နော ဟုဆိုသတည်း"ဟု မှာထားသည်။

(ဂ) ဝါကျသည် ဖြစ်သင့်သောအမေးအဖြေကို ဆက်လက်ထုတ်ပြသောကြောင့် ဝါကျာရမ္ဘ၊ (ယင်း၌ ပုစ္ဆာ+ဝိသဇ္ဇနာ ထပ်ခွဲ)

(ဃ) ဝါကျသည် အိပ်ပျော်ခြင်းကို ပယ်ဖျောက်လိုပုံကို အကျယ်ချဲ့ပြသောကြောင့် ဝိတ္ထာရ၊ ယင်း (ဃ) ဝါကျ၌ ဣတိ နိဒ္ဒါဝိနောဒနတ္ထံ နိသိန္နော ကား နိဂမနဝါကျ။

(ဃ) ဝါကျ၌ ရာဇာကို ဥပက္ကန္တကြိယာ, ကန္ဒမာနကြိယာ, ပဗုဇ္ဈိကြိယာ, ဝဒတိကြိယာ, နိသိန္နောကြိယာ ဤငါးပုဒ်တို့၌ စာစပ်ရသည်။

http://www.dhammadownload.com



၄။ နိသီဒတီတိ နိသိန္နော (နိ+သဒ+တ)

နိပုဗ္ဗ သဒ ဓာတ်၏အရကား အဇာတသတ်မင်း၏ ထိုင်သောအခြင်းအရာအားဖြင့် ဖြစ်သော စိတ္တုပ္ပါဒ်သည် မုချအားဖြင့်ရ၏။

ရှေးရှေး၌ဖြစ်သော အိပ်မပျော်ခြင်းစသည်သည် ဖလူပစာရတ္တအားဖြင့်ရ၏။

နောက်နောက်၌ဖြစ်သော ရုပ်နာမ်တရားများသည် ကာရဏူပစာရတ္တအားဖြင့်ရ၏။

တ ပစ္စည်းအရကား---အဇာတသတ်မင်းရ၏။

◆ သမ္မာ ယောသိတဗ္ဗံ ဧတေရဟိ နက္ခတ္တန္တိ သဃိုင်း။ (သိဋ္ဌိသစ်)

မဟန္တာန်+အရဟံ မဟာရဟံ။ (မြတ်ကုန်သောသူတို့အား ထိုက်သောနေရာရ၏။)

ဥဿီယတီတိ ဥဿိတံ။ (ဥ+သိ+တ) သမ္မာ+ဥဿိတံ သမုဿိတံ။

သမုဿိတံ သေတစ္ဆတ္တံ ယဿာတိ သမုဿိတသေတစ္ဆတ္တံ။

ကောင်းစွာစိုက်ထောင်အပ်သော ထီးဖြူ၏ + သီဟာသနပလ္လင်နှင့် ဌာနီ+ဌာန ဂုဏ်+ ဂုဏေးစပ်--ဝစနဟေတု။

ကောင်းစွာစိုက်ထောင်အပ်သောထီးဖြူရှိသော သီဟာသနပလ္လင်သည် ဝစနီယ၊

သမုဿိတသေတာတပတ္တ စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္တ၊

· ကဥ္စန ခစိတံ+အာသနံ ကဥ္စနာသနံ (သူစိ)

ကဥ္စနာမယံ+အာသနံ ကဥ္စနာသနံ ဟုပြု။

၅။ နိဒါတိ သုပတီတိ နိဒ္ဒါ။ (နိ+ဒါ+အ။ ထိဇောတက အာ)

(တနည်း) နိန္ဒီယတေတိ နိဒ္ဒါ။ (နိန္ဒဓာတ် ဂရဟာအနက်ဟော+ဒ ပစ္စည်း။ န ကို ချေ။) (ဂဏ္ဌိ၊ ၃၀၁။)

ဘာသာဋီကာ၌ကား နိဒ္ဒါတီတိ နိဒ္ဒါ ဟုပြုသည်။

နိဒ္ဒါယ+ဝိနောဒနံ နိဒ္ဒါဝိနောဒနံ။

ရာဇာကား ရန္ဇ ဓာတ်+ဏပစ္စည်း။ (တနည်း) ရာဇ+အ။

◆ ဒိဝသော တု အဟံ ဒိနံ (ဓာန်)အရ ဒိဝသော ဒိဝသာ စသည်ဖြင့် ပုလ္လိင် ပုရိသာဂိုဏ်းစဉ် ရမည်။

◆ ဒိဝသ ၌ ဒိဝုဓာတ်ယူ၍ အဒိဝိ ဒိဝိ၊ အဒိဝိံသု ဒိဝိံသု။ အဒိဗ္ဗိ ဒိဗ္ဗိ၊ အဒိဗ္ဗိံသု ဒိဗ္ဗိံသု စသည်ဖြင့်စဉ်။

၆။ (က) ပါသာဒဝရဿ ဥပရိဂတောဖြင့် ပါသာဒဝရဿ + ဥပရိ ဥပရိပါသာဒဝရံဟု အဗျယီဘော-ပြုရမည်ကိုလည်းကောင်း၊ ဥပရိပါသာဒဝရံ + ဂတော ဥပရိပါသာဒဝရဂတော ဟုဒုတိယာ တပ္ပုရိသ်ပြုရမည်ကိုလည်းကောင်း သိစေ။

(ခ) ဝါကျဖြင့် မြတ်သောသူတို့အား ထိုက်သော စိုက်ထောင်အပ်သော ထီးဖြူရှိသော ရွှေဖြင့်ပြီးသောနေရာ၌ ထိုင်နေသည်၏အဖြစ်ကိုသိစေသည်။ (ဘာဝတ္ထ)

နေရင်းနိဿျအလို။

နိသိန္နော ဖြင့် ဥပရိပါသာဒဝရဂတော၌ ဂတောဝယ် ဂမုဓာတ်သည် နိသီဒန အနက် ဟောသည်ကိုလည်းကောင်း၊ တ ပစ္စည်း ကတ္တားအနက်၌သက်သည်ကိုလည်းကောင်း၊ နိသီဒတိ ဂစ္ဆတီတိ နိသိန္နော ပြုရမည်ကိုလည်းကောင်း သိစေသည်။

http://www.dhammadownload.com



၇။ ပရေဟိ ဥတ္တမေဟိ အရိယပုဂ္ဂလေဟိ အယိတဗ္ဗံ ဂန္တဗ္ဗန္တိ ပရာယဏံ၊ ယု၊ ဏတ္တံ ဟူသော ဓာန်ဋီ သူစိ တို့အရ ပရသဒ္ဒူပပဒ ဣ (သို့) ဧ (သို့) အယ ဓာတ်+ယု ပစ္စည်း။ ယု ကို အန ပြု၊ အန မှ န ကို ဏ ပြန်၍ ပြီးသောကြောင့် ပရာယဏ ပါဠိသင့်သည်။

နိရုတ္တိဒီပနီ ၁၆၁ ၌ ဂတိယံ ပရာယန ဟုရှိသည်။

အက္ခိ ကား အသု+ခိ။ (အသခိ) ဟူလိုလျက် သ ကို က ပြု၍ပြီးသည်။

◆ အသု ဗျာပနေ၊ အသတိ ဝိသယေသု ဗျာပီဝိယ ဘဝတီတိ အက္ခိ။ ခိ၊ သဿကော။ (သူစိ)

၈။ ပါသာဒနှင့် ကဋ္ဌနာသန။

ပသီဒန္တိ နယနမနာနိ အတြာတိ ပါသာဒေါ ဟူသော (ဓာန်ဋီ၊ ၂၀၈။) ဝစနတ္ထနှင့်အညီ မျက်စိနှင့်စိတ်တို့၏ ကြည်နူးဖွယ်ရာ အဆောက်အဦသည် ပါသာဒ မည်၏။

စတုရဿော ပတိဿယဝိသေသော ပါသာဒေါနာမ၊ အာယတစတုရဿပါသာဒေါတိကေစိ ဟူသော (ဓာန်ဋီ၊ ၂၀၉။) နှင့်အညီ လေးထောင့်ဖြစ်သောနေထိုင်ရာအိမ်အထူးသည် ပါသာဒ မည်၏။

ခြသေ့ရုပ်ပဓာနရှိသော ရွှေဖြင့် စီခြယ်အပ်သော သီဟာသနပလ္လင်သည် ကဋ္ဌနာသန မည်၏။

◆ ကဋ္ဌနာသနေတိ သီဟာသနေ။ "ရည် တု ဟေမမာသနံ၊ သီဟာသန မထောဝါဋ္ဌ ဗိဇနိတ္ထိ စ စာမရ"န္တိ ဟိ ဝုတ္တံ။ (သီဋီသစ်၊ ဒု။ ၁၃။)

◆ သီဟာကတိပ္ပဓာနံ + အာသနံ သီဟာသနံ။ ကဋ္ဌနခစိတံ + အာသနံ ကဋ္ဌနာသနံ။ (ဓာန်ဋီ)

၉။ (၁) ဂါထာစီ၊

သမုဿိတသေတစ္ဆတ္တော၊ မဟာရဟော နရာဓိပေါ။

မာဂဓော ဝေဒေဟိပုတ္တော၊ နိသိန္နော ကဋ္ဌနာသနေ။ (မ+ရ ရော သံကိတ္တ ဝိပုလာဂါထာ။)

၁၀။ ✝ ငိုမြည်တမ်းလျက် နိုးရသော အဇာတသတ်မင်း၏ ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ကောဓဒ္ဓောယိဘာဝ + ရုဒ္ဒရသ၊

✝ ထီးနန်းစည်းစိမ်ကို လိုချင်ခြင်းသည် လည်းကောင်း၊ ပါပမိတ္တသံသဂ္ဂ=ဒေဝဒတ်နှင့် ပေါင်းသင်းမိခြင်းသည် လည်းကောင်း၊ အဿဒ္ဓမ္မဿဝန=ဒေဝဒတ်စကားကို နာယူခြင်းသည်လည်းကောင်း၊ပိတုဃာတကကံမြောက်အောင်ပြုမိခြင်းသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

✝ ယခုပစ္စက္ခဘဝ၌ပင် အိပ်မပျော်ခြင်း၊ မျက်စိတို့၌ လှံတရာဖြင့် အထိုးခံရသကဲ့သို့ ဒုက္ခဝေဒနာခံစားရခြင်း၊ အပါယ်ငရဲသို့ရောက်ရခြင်း စသည်သည် အနုဘာဝ။

********************

ဝါကျဥယျာဉ် (၁၁၄)

(က) ဒေါသိနာတိ ဒေါသာပဂဟာ၊

(၁) အဋ္ဌာ, မဟိကာ, ဓူမော, ရဇော, ရာဟူတိ ဣမေဟိ ပဉ္စဟိ ဥပက္ကိလေသေဟိ ဝိရဟိတာတိ ဝုတ္တံ ဟောတိ။ ။

http://www.dhammadownload.com



(ဂ) တသ္မာ / တဿာ ရမဏီယာတိအာဒိနိ ပဉ္စ ထောမနဝစနာနိ။
(ဃ) သာ ဟိ မဟာဇနေဿ မန့် ရမယတီတိ ရမဏီယာ။
(င) ဝုတ္တာဒေါသဝိမုတ္တာယ စန္ဒပ္ပဘာယ ဩဘာသိတတ္တာ အတိဝိယ သုရူပါတိ အဘိရူပါ။
(စ) ဒဿိတုံ ယုတ္တာတိ ဒဿနီယာ။ စိတ္တံ ပသာဒေတီတိ ပါသာဒိကာ။ ဒိဝသမာသာဒီနံ လက္ခဏံ ဘဝိတုံ ယုတ္တာတိ လက္ခညာ။

(၅၊ ၁၂၉။ သီဋီသစ်၊ဒု။ ၁၃။ နေရင်း၊ဒု။ ၂၃။ ပခုက္ကူ၊ဒု။ ၂၅။ ဘာသာဋီ၊ဒု။ ၂၃၅။ ဂဏ္ဌိ၊ ၃၀၃။)

၁။ (ဂ+င+စ) ဝါကျတို့ကို ထည့်သင့်သောပါဌ်ထည့်၍ လိုက်သင့်သောပါဌ်လိုက်စေလျက် အနက်ယောဇနာပါ။
၂။ (ဃ) ဝါကျကို စောဒကာဘောဂ တိကျစွာပြလျက် ဒေါသာရောပနစောဒနာကျမ်းတက်ပြပါ။
၃။ (၁) စသော ဝါကျများကို အကြောင်းပြဝါကျအမည်ပေးပါ။
၄။ ဒိဝသမာသာဒီနံ လက္ခဏံ ဘဝိတုံ ယုတ္တာတိ လက္ခညာ ဟူသော အဋ္ဌကထာပါဌ်အရ လက္ခညာကို ဝိဂ္ဂဟပြု၍ ဖြစ်သင့်သမ္ဗန္ဓာသ်ကောက်ပါ။
၅။ အဋ္ဌာဌ်ဒ္ဓ ဓာတ်ကိုယူ၍ ဝတ္တမာန် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ၊ ရာဟုကို နာမပဒမာလာ စဉ်ပါ။
၆။ (က+ခ+ဂ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ (ဂ) ဝါကျ၌ တသ္မာဟူ၍လည်းကောင်း၊ တဿာဟူ၍လည်းကောင်း ပါဌ်နှစ်ထွေရှိရာ ယုတ္တိအာဂုမ်တို့ဖြင့် အမှန်ဆုံးဖြတ်ပါ။
၈။ ဝိနည်းပါဠိတော် အင်္ဂုတ္တိုရ်ပါဠိတော်တို့၌ စန္ဒိမသူရိယုပက္ကိလေသ (၄) ပါးလာပါလျက် ပဉ္စဟိ ဥပက္ကိလေသေဟိ ဟုဆိုရာ၌ မဆန့်ကျင်အောင်ယူဆဆုံးဖြတ်ပါ။
၉။ ရာဂ ဝိရာဂ စသော ဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။
၁၀။ (၉) နံပါတ်ဂါထာကို ဘာဝစသည်ထုတ်ပါ။

===================

၁။ (င+စ) ဝါကျတို့၌ ယာ ရတ္တိ, သာ ရတ္တိ ဟု နိယမာနိယမ ထည့်ပေး။ ထို့အပြင် (င) ဝါကျရှိ ဝုတ္တာဒေါသဝိမုတ္တာယ စန္ဒပ္ပဘာယ ဩဘာသိတတ္တာ ဟူသောဟိတ်ပုဒ်ကို ဒဿိတုံ ယုတ္တာ စသော (စ) ဝါကျ၌လည်း လိုက်၍ (ယှဉ်စပ်၍) အနက်ပေးရမည်။
❖ အဋ္ဌာဒယော စေတ္ထ ဝုတ္တဒေါသာ။ အယဉ္စ ဟေတု "ဒဿိတုံ ယုတ္တာ"တိ ဧတ္ထာပိ သမ္ဗန္ဓိတဗ္ဗော။ (သီဋီသစ်၊ ၁၄။)

၂။ (ဃ) ဝါကျ ဒေါသာရောပနစောဒနာ၊

ဆရာ သည် (ဂ) ဝါကျဖြင့် ရမဏီယ စသော ငါးပုဒ်တို့သည် ညဉ့်ကိုချီးမွမ်းကြောင်း သဒ္ဒါတို့တည်းဟုဆို၏။ ယင်းငါးပုဒ်တို့အနက် ရမဏီယာ၌ အနီယပစ္စည်းသည် မည်သည့်အနက်၌ သက်ပါသနည်း။ ဘာဝကမ္မေသု တဗ္ဗာနီယာဟူသော စည်းကမ်းအရ ဘော ကံ အနက်၌ပင် သက်ပါသလော၊ ဤနေရာ၌ အနီယပစ္စည်း၏ ဖြစ်သင့်သော အနက်ကိုမပြသော် ဆရာ့အား အနီယပစ္စည်းဖြစ်နိုင်သော အနက်အားလုံး၌ ပြန့်နှံ့သော အတိဗျာပိတဒေါသ – ၏၊ စုဒ်ကြောင့် (ဃ) မိန့်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား (ဃ) ဝါကျဖြင့် အနီယပစ္စည်းသည် ဟေတုကတ္တားအနက်၌သက်၏ဟု - ဟူလို။

✤ အနီယသဒ္ဒေါပိ ဗဟုလာ ကတ္တတ္ထာဘိဓာယကော ယထာ "နိယျာနိကာ မဂ္ဂါ"တိ ဒဿေတိ "ရမယတီ"တိ ဣမိနာ။ (သီဋီသစ်၊ ၁၄။)

နေရင်း နိသျကျမ်းတက်

အဘယ့်ကြောင့် ထိုညဥ့်သည် ရမဏီယ စသည်မည်သနည်း ဟူသောစောဒနာကို ဖြေခြင်းငှာ သာဟိ စသောပါဠိကိုမိန့်။ (ဟိ ကား ဝိတ္ထာရဇောတကတည်း)

(ဂ) ဝါကျ အနာဘောဂပုစ္ဆာ၊

ဆရာ သည် (၁) ဝါကျဖြင့် ဒေါသိနာ, ဒေါသာပဂတာ ဟူသည် ဆီးနှင်းမြူတိမ်စသော ဥပက္ကိလေသငါးမျိုးမှ ကင်းစင်သောညဥ့်ပင်တည်းဟုဆို၏။ ယင်းဆိုအပ်ပြီးသောအနက်ကို အဘယ့်ကြောင့် သိအပ်သိနိုင်ပါသနည်း၊ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

အဓိပ္ပါယ်ကား ရမဏီယ စသောသဒ္ဒါငါးပါးနှင့်ယှဉ်သောကြောင့် ဥပက္ကိလေ ငါးမျိုးမှ ကင်းစင်၏ဟူသောအနက်ကို သိအပ်သိနိုင်ပါ၏ဟူလို။

✤ အယမတ္ထော စ ရမဏီယာဒိသဒ္ဒယောဂတော ဉာယတီတိ အာဟ "တသ္မာ"တိ အာဒိ။ (သီဋီသစ်၊ ၁၄)

အမှာ ။ ။ ဂဏ္ဌိ၊ ၃၁၄ ၌ကား "ဒေါသိနာ ရတ္တိ ဟူလျှင် ပြီးကောင်းပြီးလျက် ရမဏီယာ စသော ငါးပုဒ်တို့ကို အသို့မူ၍ ဆိုပြန်လေသနည်း၊ စုဒ်ကြောင့် တသ္မာ (ပ) ဝစနာနိ မိန့်" ဟု ကျမ်းတက်ထားသည်။

(င) ဝါကျ ကျမ်းတက်၊

လရောင်၏အစွမ်းဖြင့် ညဥ့်၏သုရူပဖြစ်ရကား "ဝုတ္တဒေါသဝိမုတ္တာယ" စသည်မိန့်။ (ဂဏ္ဌိ)

✤ ဇုဏှာဝသေန ရတ္တိယာ သုရူပတ္တ+မာဟ "ဝုတ္တဒေါသဝိမုတ္တာယာ"တိ အာဒိနာ။ (သီဋီသစ်)

၃။ (၁) ဝါကျသည် ဒေါသ သရုပ်ကို ထုတ်၍ချဲ့ပြ - ဝိတ္ထာရ။

✽ ဟေတုသရူပ၊ ထုတ်၍ပြ၊ မှတ်ကြဝိတ္ထာရ။
ဝုတ္တံဟောတိ၊ သိဒ္ဓံရှိက၊ ပဒပိဏ္ဍတ္ထ၊ ဝိတ္ထာရ။

(ဂ) ဝါကျသည် ပဉ္စဟိ ဥပက္ကိလေသေဟိ ဝိရဟိတာ၏အကြောင်းပြ - ကာရကဝါကျ။ (သီဋီသစ်)

(တနည်း) ရမဏီယာ စသောငါးပုဒ်တို့ကို ထပ်မံဟောကြားရာ၌ စောဒနာဘွယ်ရှိ၍ ဆက်တက်သောကြောင့် ဝါကျာရမ္ဘ (ဂဏ္ဌိ အလို)

(ဃ) ဝါကျသည် ရမဏီယာ ၌ အနီယ ပစ္စည်း၏ငုတ်လျှိုးနေသောအနက်ကို ဖော်ပြသောကြောင့် ဝိတ္ထာရ။ ဘာသာဋီကာ၌ (ဃ) ဝါကျကို ဒဋ္ဌ+ဝိတ္ထာရ နှစ်မျိုးယူသည်။

(င+စ) ဝါကျတို့ကား ပကာသနရ။

(၁) ဝါကျကို ဋီကာသစ်နှင့်တွဲ၍ စတုက္ကထုတ်ပုံ၊

(က) နနု သုတ္တေ ဝုတ္တံ "စတ္တာရောမေ ဘိက္ခဝေ စန္ဒိမသူရိယာနံ ဥပက္ကိလေသာ၊ ကတမေ စတ္တာရော-အဗ္ဘာ ဘိက္ခဝေ။ (ပ) မဟိကာ။ ဓူမော ရဇော။ ရာဟု ဘိက္ခဝေ စန္ဒိမသူရိယာနံ ဥပက္ကိလေသော"တိ။

http://www.dhammadownload.com



(ခ) အထ ကသ္မာ "ပဋ္ဌဟိ ဥပက္ကိလေသေဟီ"တိ တယာ ဝုတ္တံ။

(ဂ) နနု တတိယုပက္ကိလေသဿ ပဘေဒဒဿနဝသေန အဋ္ဌကထာနယေန ဒဿိတုကာမော ဟောတိ။

(ဃ) တသ္မာ "ပဋ္ဌဟိ ဥပက္ကိလေသေဟီ"တိ မယာ ဝုတ္တံ။

ဂဏ္ဌိကျမ်းတက်ရှု၍ (ဂ) ဝါကျစတုက္ကထုတ်ပုံ၊

(က) နနု ဒေါသိနာ ရတ္တီတိ ဝုတ္တေ အဓိပ္ပေတတ္ထော သိဒ္ဓေါ။

(ခ) အထကသ္မာ "ရမဏီယာ"တိ အာဒီနိ ပဋ္ဌပဒါနိ ပုန ဝုတ္တာနိ။

(ဂ) နနု ရမဏီယာတိ အာဒီနိ ပဋ္ဌထောမနဝစနာနိ။

(ဃ) တသ္မာ "ရမဏီယာ"တိ အာဒီနိ ပဋ္ဌ ပဒါနိ ပုန ဝုတ္တာနိ။

(ဃ) ဝါကျကို ဋီကာသစ်ကျမ်းတက်နှင့်အညီ စတုက္ကထုတ်ပုံ၊

(က) နနု အနိယသဒ္ဒေါ ဘာဝကမ္မေသု ဝတ္တတိ။

(ခ) အထကသ္မာ "ရမယတီတိ ရမဏီယာ"တိ တယာ ဝုတ္တံ။

(ဂ) နနု အနိယသဒ္ဒေါ ဗဟုလာ ကတ္တတ္ထာဘိဓာယကော။

(ဃ) တသ္မာ "ရမယတီတိ ရမဏီယာ"တိ မယာ ဝုတ္တံ။

၄။ လက္ခိတဗ္ဗာတိ လက္ခဏီယာ။

လက္ခဓာတ်အရ ကတ္တာဋ္ဌကြိယာကား နေ့ညဥ့်စသည်တို့ကို မှတ်သားသော အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် မုချအားဖြင့်ရ၏။

ကမ္မဋ္ဌကြိယာကား ထိုအားတပ်သော ညဥ့်၏ပကတူပနိဿယသတ္တိသည် ဖလူပစာရတ္တအားဖြင့်ရ၏။

အနီယ ပစ္စည်း၏အရကား။ ထို-သော ညဥ့်ရ၏။

လက္ခဏီယာဧဝ လက္ခဏာ၊

သွတ္တတဒ္ဓိတ်တို့၏သဘောသည် ပုဒ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် ညဥ့်ဖြစ်ပင်ရ၏။

✦ လက္ခိတဗ္ဗာတိ လက္ခဏီယာ၊ သာ ဧဝ လက္ခဏာ ယဝတော ဏ ကာရဿ ဥကာရာဒေသဝသေန ယထာ "ပေါက္ခရဏော သုမာပိတာ"တိ အာဟ "ဒိဝသမာသာဒီန"န္တိ အာဒိ။ (သီဋီသစ်၊ ၁၄။)

ဝစနတ္ထမှတ်ဘွယ်၊

အဝတိ သတ္တေ ရက္ခတီတိ အဋ္ဌံ။ (မေဃော) (ဏ္ဏာဒိမောဂ်-၁၂၈)

မဟီယတိ ပူဇီယတီတိ မဟိကာ။ (ဟိမံ) (ဏ္ဏာဒိမောဂ်-၂၂)

ဓုနာတိ ကမ္ပတီတိ ဓူမော။ (အဂ္ဂိပသဝေါ) (ဏ္ဏာဒိမောဂ်-၁၃၄)

ရဟာတိ စန္ဒာဒီနံ သောဘာဝိသေသံ နာသေတီတိ ရာဟု။ (အသုရိန္ဒော) (ဏ္ဏာဒိမောဂ်)

၅။ အဝတိ သတ္တေ ရက္ခတီတိ အဋ္ဌံ ဟူသောဝစနတ္ထနှင့်အညီ (အဝဓာတ်+ဘ) ဝ ကို ဗ ပြု၍ ပြီးသည်။ ဤအလို အဝတိ အဝန္တိ စသည်ဖြင့် ဂိုက်းစဉ်။

http://www.dhammadownload.com



(တနည်း) အာပ်+ဘရတီတိ အဗ္ဘံ=ဟူသော (ဓာန်ဋီ၊ ၄၈) ဝစနတ္ထအရ၊ အာပသဒ္ဒူပပဒ + ဘရ ဓာတ် + ကွိပစ္စည်း။ ကွိနှင့် ဓာတွန် ရကိုချေ။ ပ ကို ဗ ပြု၊ အာ ကို ရဿပြု၍ အဗ္ဘပြီးသည်။ ဤအလို ဘရတိ ဘရန္တိ စသည်စဉ်။

အဗ္ဘတိ အနေကသတပဋလော ဟုတွာ ဂစ္ဆတီတိ အဗ္ဘံ ဟူသော (သူစိ) ဝစနတ္ထအရ အဗ္ဘဓာတ် + အ ပစ္စည်း။ ယင်းအလို အဗ္ဘတိ အဗ္ဘန္တိ စသည်စဉ်။

မှတ်ချက် ။ ။ အဗ္ဘံ တီသွထ ဝဿဥ္စ=ဟူသော အဘိဓာန်အရ မိုးတိမ်ဟော အဗ္ဘသဒ္ဒါလိင်သုံးပါး ဖြစ်သည်။

ရာဟုပုဒ်ကို ရာဟု ရာဟူ ရာဟဝေါ စသည်ဖြင့် ဘိက္ခုသဒ္ဒါနှင့်အတူ ပုလ္လိင် ရတ္တာဒိ စဉ်။

ဟိတ်သမ္ဗန်။ ။ ဩဘာသိတတ္တာ ဟိတ်၏သမ္ဗန်ကို တာယ (ရတ္တိယာ) ဟုခံ။ (ကတ္တား+သမ္ဗန်စပ်)

ဒေါသာပဂတာ, ဝိရဟိတာ တို့ကို ဟိတ်ပြင်က "ရတ္တိယာ"ဟု သမ္ဗန်ခံ။ (ဒေါသိနာ ရတ္တိ ပါဠိတော်ထောက်)

၆။ (က) ဝါကျ ဒေါသာပဂတာ ဖြင့် ဒေါသိနာ၌ ဒေါသ+ဂ္ဂတ ပုဒ်။ ဂ္ဂတ ၌ ဂ္ဂဓာတ်၏ အပဂတအနက် ဟောသည်ကိုလည်းကောင်း၊ (ဒု+ဓာတွတ္ထ) တ ပစ္စည်း ကတ္တားအနက်၌ သက်သည် ကိုလည်းကောင်း၊ ဒေါသေဟိ+ဂ္ဂတာ အပဂတာတိ ဒေါသိနာ ဟု ပဥ္စမီတပ္ပုရိသ် ပြုရမည်ကိုလည်း ကောင်း ဒေါသိတာဟူလိုလျှက် "ကိလေသေ ဇိတော ဝိဇိတာဝီတိ ဇိနော" ကဲ့သို့ တ ကို န ပြု၍ ဒေါသိနာဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေပါသည်။

❖ ဒေါသေဟိ ဂ္ဂတာ ဂတာ အပဂတာတိ ဒေါသိနာ တကာရဿ နကာရံ ကတွာ ယထာ "ကိလေသေ ဇိတော ဝိဇိတာဝီတိ ဇိနော"တိ အာဟ "ဒေါသာပဂတာ"တိ။ (သီဋီသစ်၊၁၃)

မှတ်ချက် ။ အထက်ပါဋီကာသစ်အလို ဇိနဝယ် ဇိ+တပစ္စည်း။ တ ကို န ပြု၍ ဇိနဟုပြီးသည်။ကစ္စည်းကျမ်း၌ကား ဇိတောဂ္ဂနသဗ္ဗတ္ထသုတ်ဖြင့် ဇိ-ဓာတ်နောင် ဂ္ဂနပစ္စည်းသက်၍ ဇိနဟုရုပ်ပြီးသည်။

(ခ) အဗ္ဘာ (ပ) ပဉ္စဟိ ဥပက္ကိလေသေဟိဖြင့် ဒေါသိနာ, ဒေါသာပဂတာ၌ ဒေါသ အရ အဗ္ဘ မဟိကစသော ဥပက္ကိလေသ(၅)မျိုးကို ယူရမည်ဟုသိစေသည်။

ဝိရဟိတာဖြင့် ဒေါသာပဂတာ၌ အပဂတသဒ္ဒါသည် ဝိရဟအနက်ဟော၏ဟု သိစေသည်။ (တနည်း) ဝိရဟိတာဖြင့် အပဂတာ၌ အပရှေး+ဂမုဓာတ်၏ ဝိရဟအနက်ဟော-လည်းကောင်း၊ အပဥပသာရ၏ ဓာတွတ္ထာဝိသေသကလည်းကောင်း သိစေ။

ဥပက္ကိလေသေဟိ + ဝိရဟိတောဟူသောအပေါင်းဖြင့် ဒေါသေဟိ အပဂတာ ဒေါသာပဂတာဟု ပဥ္စမီတပ်-ပြု-သိစေ။

(ဂ) ဝါကျဖြင့် ရမဏီယာစသောသဒ္ဒါတို့ကား ညဉ့်ကိုချီးမွမ်းကြောင်းသဒ္ဒါတို့တည်း ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ ယင်းရမဏီယာ စသောသဒ္ဒါတို့နှင့်ယှဉ်သောကြောင့် ညဉ့်၏ အဗ္ဘစသောအပြစ်တို့မှ ကင်းသည်၏အဖြစ်ကိုလည်းကောင်း (ဘာဝတ္ထ) သိစေသည်။

(ဃ) ရမယတီဖြင့် ရမဏီယာ၌ ရမုဓာတ်-လည်းကောင်း၊ အနီယပစ္စည်း ဟေတုကတ္တား အနက်၌သက်-လည်းကောင်း၊ ရမယတီတိ ရမဏီယာ ဟု ပြုရမည်ကိုလည်းကောင်း၊ ရမနီယာ ဟု ဆိုလိုလျှက် ဒန္တဇနကို မုဒ္ဓဇဏပြု၍ ရမဏီယာဟု ရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေသည်။

သာမဟာဇနဿ မန် ဖြင့် ရမယတိ နှစ်သက်စေ၏ဟူသည် များစွာသောလူအပေါင်း၏ စိတ်ကို နှစ်သက်စေခြင်းပင်တည်းဟု သိစေသည်။

http://www.dhammadownload.com



သာ ဖြင့် ရမဏီယာ အရ ညဥ့်ကို ယူရမည်ဟုသိစေသည်။

(င) ဝါကျ အတိဝိယ သုရူပါ ဖြင့် အဘိရူပါ၌ အဘိသည် အဓိက (အတိဝိယ)အနက် ဟောသည်ကိုလည်းကောင်း၊ အဘိ အဓိကံ ရူပံ ဧတိဿာတိ အဘိရူပါဟု စတုတ္ထီဗဟုဗ္ဗိဟိပြုရ မည်ကိုလည်းကောင်း သိစေသည်။

ဝုတ္တဒေါသ (ပ) ဩဘာသိတတ္တာဖြင့် ဘာဝတ္ထ သိစေသည်။

(စ) ဝါကျ ဒဿိတုံ ယုတ္တာဖြင့် ဒဿနီယာ၌ ဒိသဓာတ်၏အဖြစ်ကိုလည်းကောင်း၊ အနီယ ပစ္စည်း ကမ္မသာဓ်၌သက်သည်ကိုလည်းကောင်း၊ ဒဿိတဗ္ဗာတိ ဒဿနီယာ ဟု ပြုရမည်ကို လည်းကောင်း၊ သိစေသည်။

* ကမ္မဝါစက၊ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုတ္တသဒ္ဒါ၊ အရဟာ သတ္တိဧကေယျ၊ အနုစ္ဆဝိက၊ စသည်တို့နှင့် ဖွင့်ချိပြု၊ ကမ္မသာဓနေကြံစရာ။

(ဆ) ပသာဒေတိ ဖြင့် ပါသာဒိကာကို ပသာဒေတီတိ ပါသာဒိကာဟု ဟေတု ကတ္တုသာဓ် ပြု-လည်းကောင်း၊ ဏျပစ္စည်း ဟေတုကတ္တား၌ သက်-လည်းကောင်း သိစေ။

စိတ္တံ ဖြင့် ပသာဒေတိ၏ ကာရိုက်ကံကို သိစေသည်။ (ဘာဝတ္ထ)

လက္ခဏံ ဘဝိတုံ ယုတ္တာ ဖြင့် လက္ခဏာ၌ လက္ခ ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ အနီယ ပစ္စည်း ကံအနက်၌သက်သည်ကိုလည်းကောင်း၊ လက္ခိတဗ္ဗာတိ လက္ခဏီယာဟု ပြုရမည် ကိုလည်းကောင်း၊ လက္ခဏီယာ ဧဝ လက္ခဏာဟု ပြု၍ လက္ခဏီယာ ဟုဆိုလိုလျက် ဏ၏ အစိတ် ဤ ကိုချေ၊ (ဏ ကို ယာသို့ကပ်) ဏျ ကို ဥပြု ဥ ဒွေဘော်လာ၍ (ပေါက္ခရညောကဲ့သို့) နိရုတ္တိနည်းဖြင့် ရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေသည်။

အမှာ ။ ။ ဋီကာသစ် ပါဠိသာဓက (၄) နံပါတ်ပြန်ကြည့်။

ဒိဝသမာသာဒီနံ ဖြင့် (ဘာဝတ္ထ) သိစေ။

၇။ တသ္မာ+တဿာ နှစ်ပါဌ်တွင် အယမေတ္ထ စ ရမဏီယာဒိသဒ္ဒယောဂတော ဉာယတီတိ အာဟ "တသ္မာ"တိ အာဒိ ဟု ဋီကာသစ်ကျမ်းတက်ပြသောကြောင့်လည်းကောင်း၊ ရမဏီယ စသောသဒ္ဒါနှင့် ယှဉ်တွဲဟောကြားထားရကား ညဥ့်၏ ဒေါသိနာအဖြစ်ကို သိအပ်သိနိုင်၏ ဟု ယုတ္တိရှိသောကြောင့်လည်းကောင်း၊ တသ္မာဟုရှိသောပါဌ်သင့်သည်။ သို့ရာတွင် သီဟဠ် နေရင်း နိဿျ ပခုက္ကူနိဿျတို့၌ (ဂ) ဝါကျဝယ် တဿာ ဟုသာရှိကြသည်။ ဘာသာဋီကာဆရာကလည်း "တဿာ ကို ထေမန ၌ ဆဋ္ဌီကံအဖြစ်ဖြင့် စာစပ်။ တသ္မာဟုရှိခြင်းကား ရှေ့စကားသည် အကြောင်းပြမဖြစ်နိုင်သောကြောင့် မကောင်း"ဟု ပယ်ထားသည်။

ဒေါသိနာကား ဒေါသ+ဣန+တ။ ထီ အာ ပစ္စည်း။ ဒေါသိတာ ဟူလိုလျက် တ ကို န ပြု၍ပြီးသည်။

၈။ ပါဠိတော်ဝယ် တတိယ ဥပက္ကိလေသ၌ "ဓူမော ရဇော ဘိက္ခဝေ စန္ဒိမသူရိယာနံ ဥပက္ကိလေသာ" ဟု ဓူမနှင့် ရဇကိုတွဲ၍ ဟောထားသောကြောင့် ဥပက္ကိလေသာ လေးမျိုးသာ ဖြစ်နေသည်။ ဤအဋ္ဌကထာ၌ကား ဓူမတစ်ခု, ရဇတစ်ခုခွဲ၍ယူထားသောကြောင့် ဥပက္ကိလေသ ငါးမျိုးဖြစ်နေသည်။ ထိုသို့တွဲခြင်း+ခွဲခြင်းမျှသာကွာခြင်းဖြစ်သောကြောင့် ပါဠိတော်နှင့်မဆန့်ကျင်ပါ။

မှတ်ချက် ။ ။ ဋီကာသစ် သာဓကပါဠိ စောဒကာဘောဂါဒိစတုက္က၌ ရေး ခဲ့ပြီ။

၉။ ၁၀။ ဝါကျဥယျာဉ် (၂၁) ၌ ဖြေခဲ့ပြီ။

**********************

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၁၅)

(က) တံ နု ခွင္မာတိ တံ နု ခေါ အဇ္ဈ။

(ခ) သမဏဝါ ဗြာဟ္မဏဝါတိ သမိတပါပတာယ သမဏံ။ ဗာဟိတပါပတာယ ဗြာဟ္မဏံ။

(ဂ) ယံ နော ပယိရုပါသတောတိ ဝစနဗျတ္တယော သော၊

(ဃ) ယံ အမှာကံ ပဥပုစ္ဆနဝသေန ပယိရုပါသန္တာနံ မဇုရံ ခမ္မံ သုတွာ စိတ္တံ ပသီဒေယျာတိ အတ္ထော။

(၅၁၂၉။ သီဋီသစ်၊ဒု။ ၁၄။ နေရင်း၊ဒု။ ၂၃။ ပခုက္ကူ၊ဒု။ ၂၅။ ဘာသာဋီ၊ဒု။ ၂၃၆၊ ဂံဏ္ဌိ၊ ၃၇၃။)

၁။ အထက်ဖော်ပြပါဝါကျတို့ကို မှန်ကန်စွာ အနက်ယောဇနာခဲ့ပါ။

၂။ (ခ) ဝါကျကို သံဝဏ္ဏနာရှု၍ သာဘောဂစောဒနာတက်ပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)

၃။ (ဂ+ဃ) ၄.ကျတို့၌ စောဒကာဘောဂါဒိ စတုက္ကအပြည့်အစုံထုတ်ပါ။

၄။ ဗာဟိတပါပ ကို ဝိဂ္ဂဟပြု၍ ဝစနာဒိသင်္ဂဟထုတ်ပါ။

၅။ သမိတပါပတာယ ၌ ဘာဝသမ္ဗန်, တာသမ္ဗန်တို့ကို ထုတ်ပြလျက်စာစပ်ပြီးလျှင် ဘာဝသမ္ဗန် ၏ ဝစ္စတ္ထကိုလည်း ဖော်ပြပါ။

၆။ (က+ခ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ဒေါသိနာ, လက္ခဥာ, ပယိရုပါသတောပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးနေပုံပြပါ။

၈။ သာသနပစ္စတ္ထိကများက ဗုဒ္ဓ ဓမ္မ သံဃာတို့၏ ကျေးဇူးမဲ့ကိုပြောလျှင် သီးခံ၍နေရမည်လော မည်ကဲ့သို့ပြုကျင့်ရမည်နည်း သိသာရုံမျှဖြေဆိုပါ။

၉။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပါ။
မုဟုတ္တဇာတောဝ ဂဝမ္ပတိ (ပ) မရူ။ (၅၊ ၆၁)

၁၀။ (၉) နံပါတ်ဂါထာ၌ သော ဝိက္ကမီ ကို ကိုယ်ပြု၍ ဘာဝစသည်ထုတ်ပါ။

==================

၁။ (ဃ) ဝါကျ ပသီဒေယျ ကြိယာနောင် "(ကံ၊ အဘယ်မည်သော။ တံ သမဏံဝါ၊ သို့လည်းကောင်း၊ တံ ဗြာဟ္မဏံဝါ၊ သို့လည်းကောင်း။ ပယိရုပါသေယျာမနုခေါ၊ ဆည်းကပ်ရကုန်အံ့နည်း) ဣတိအတ္ထော၊ ကို။ (ဝေဒိတဗ္ဗော၊ ၏။)" ဟု လက်သည်းကွင်းပါဋ္ဌိများဆောင်၍ ပေးရမည်။ (နေရင်းသျှ၊ ၂၄။)

၂။ (ခ) ဝါကျ သံဝဏ္ဏနာရှု၍ သာဘောဂစောဒနာ၊

သရာ အာနန္ဒာသည် သမဏံဝါ ဗြာဟ္မဏံဝါ ဟုလျှောက်ဆို၏။ (ဤ ၌ သမဏံဝါ ဗြာဟ္မဏံ ဝါ ဟူသောစကားကို အဇာတသတ်မင်း ဆိုသည်ဖြစ်သောကြောင့်"အဇာတသတ်မင်းသည်" ဟုလည်း ကတ္တားထားနိုင်သည်။) ယင်း၌ သမဏအရ ပဗ္ဗဇ္ဇာမတ္တသမဏကိုယူရမည်လော၊ ဗြာဟ္မဏအရ ဇာတိမတ္တဗြာဟ္မဏကိုယူရမည်လော။ မည်သည့် သမဏ ဗြာဟ္မဏတို့ကိုယူရပါမည် နည်း။ ဤ၌ ဖြစ်သင့်သောသမဏဗြာဟ္မဏအရကိုမပြသော် ဖြစ်နိုင်သမျှ ဗြာဟ္မဏအားလုံး၌ ပြန့်နှံ့ သော အတိဗျာပိတဒေါသရောက်ရာ၏။ စုဒ်ကြောင့် (ခ) မိန့်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား "ယံ နော ပယိရုပါသတော စိတ္တံ ပသီဒေယျ"ဟု ဆိုထားသောကြောင့် သမဏအရ ပရမတ္ထသမဏကိုယူရမည်။ ဗြာဟ္မဏအရ ပရမတ္ထဗြာဟ္မဏကိုယူရမည်ဟု ငါပြ-ဟူလို။

◆ "ယံ နော ပယိရုပါသတော စိတ္တံ ပသီဒေယျာ"တိ ဝစနတော သမဏံ ဝါ ဗြာဟ္မဏံဝါတိ ဧတ္ထ ပရမတ္ထသမဏော, ပရမတ္ထဗြာဟ္မဏောစ အဓိပ္ပေတော၊ န ပန ပဗ္ဗဇ္ဇာမတ္တသမဏော, န စ ဇာတိမတ္တဗြာဟ္မဏောတိ ဝုတ္တံ "သမိတပါပတာယာ"တိ အာဒိ။ (သီဋီသစ်၊ ၁၄)

အမှာ ။ ။ (ဃ) ဝါကျကို နေရင်း နိသျ-၂၄ ၌ "အဘယ်သို့ ဝုစ်ပြန်ခြင်းသည် ဖြစ်သနည်း ဟူသော စောဒနာကို ဖြေတော်မူလို၍ ယံ အမှာက် (ပ) အတ္ထော မိန့်သတည်း"ဟုလည်းကောင်း၊ သီ ဂဏ္ဌိ-၃၁၅ ၌ "ဝုစ်ပြန်ဟူသည့်အတိုင်း အတ္ထယုတ္တိရှိပါ၏လော စုဒ်ကြောင့် ယံ အမှာက် (ပ) အတ္ထော ဆိုရသည်"ဟုလည်းကောင်း အသီးသီးကျမ်းတက်ပြကြသည်။

ဝါကျခွဲ။ ။ (ဃ) ဝါကျကို နေရင်းအလို ဝုစ်ဖောက်ပြန်ပုံကို အကျယ်ပြသောကြောင့် ဝိတ္ထာရဟုခွဲ။ ဂဏ္ဌိအလို ယုတ္တိကိုပြသောကြောင့် ယုတ္တိဒဋ္ဌိကရဏဟုခွဲ။

၃။ (ဂ+ဃ) ဝါကျ စတုက္က၊

(က) နနု သံဝဏ္ဏေတဗ္ဗပါဠိယံ ယံ နော ပယိရုပါသတောတိ အတ္ထိ။

(ခ) အထကသ္မာ "ဝစနဗျတ္တယော ဧသော"တိ တယာ ဝုတ္တံ။

(ဂ) နနု ယံ အမှာက် (ပ) ပသီဒေယျာတိ အတ္ထော (ဝေဒိတဗ္ဗော)

(ဃ) တသ္မာ "ဝစနဗျတ္တယော ဧသော"တိ မယာ ဝုတ္တံ။

အမှာ ။ ။ ဂဏ္ဌိကျမ်းတက်ပုံကိုမှီ၍ အတ္ထယုတ္တိထုံးစံအတိုင်း ထုတ်လိုက်သည်။

(တနည်း) ထုတ်ပုံ

(က) နနု ပါဠိယံ "ယံ နော ပယိရုပါသတော"တိ ဧကဝစနေနေဝ ဝုတ္တံ။

(ခ) အထကသ္မာ "ယံ အမှာက် ပဉ္စပုစ္ဆနဝသေန ပယိရုပါသန္တာနံ မစုရံ ဓမ္မံ သုတွာ စိတ္တံ ပသီဒေယျာတိ အတ္ထော"တိ ဗဟုဝစနေန တယာ ဝုတ္တံ။

(ဂ) နနု ယံ နော ပယိရုပါသတောတိ ဝစနဗျတ္တယော ဧသော။

(ဃ) တသ္မာ "ယံ အမှာက် (ပ) အတ္ထော"တိ ဗဟုဝစနေန မယာ ဝုတ္တံ။

၄။ ဗာဟိတာနိ+ပါပါနိ+ယေနာတိ ဗာဟိတပါပေါ။ (မအူသျ၊ ဒု။ ၄၁။)

ပယ်အပ်ကုန်ပြီးသော မကောင်းမှု၏+ပရမတ္ထဗြာဟ္မဏ နှင့်ဂုဏ်+ဂုဏေးစပ် ဝစနဂေတု။

ပရမတ္ထဗြာဟ္မဏ ပုဂ္ဂိုလ်ဖြစ်သည် ဝစနီယ။

ပရမတ္ထဗြာဟ္မဏော, ဗာဟိတာကုသလော စသော ပရိယာယ် ဝစနီယတ္ထ၊

◆ ဗျတ္တယနံ ဗျတ္တယော၊ (ဝိရှေး+အတိရှေး+ဣဓာတ်+အ ပစ္စည်း။) ဝိ ၌ ဣ ကို ယ ပြု၊ ဝ ကို ဗ ပြု၊ ဣ ကို အယ ပြု၊ တိ ၌ ဣ ချေ၊ တ ဒွေဘော်လာ၍ ပြီးသည်။ (ဘာသာဋီကာ)

ဝစနဿ ဗျတ္တယော ယဿာတိ ဝစနဗျတ္တယော (ဘာသာဋီကာ)

ဝုစ်ဖောက်ပြန်ခြင်း၏+ပယိရုပါသတောသဒ္ဒါနှင့် ဂုဏ်+ဂုဏေးစပ် - ဝစနဟေတု။

ဝုစ်ဖောက်ပြန်ခြင်းရှိသော ပယိရုပါသတော သဒ္ဒါဖြစ်သည် ဝစနီယ၊

ဝစနဝိပလ္လာသော, ဝစနဝိပရိယာယော စသော ပရိယာယ် ဝစနီယတ္ထ။

၅။ သမိတပါပတာယ ၌ ဘာဝသမ္ဗန်ကား သမိတပါပဿ တည်း။

တာ သမ္ဗန်ကား သမဏဿ တည်း။

http://www.dhammadownload.com



ရှင်းလင်းချက်။။သမိတပါပတာယ ဟူသော ဟိတ်ပုဒ်သည် သမဏ်ဟူသောပုဒ်၌သာ စာစပ်ရ၏။ "ဟိတ်ကားသတ္တိ၊ ဗိုလ်ရှိဒြဗ်၊ သမ္ဗန်မှတ်"ဟူသည်နှင့်အညီ သမဏ်သည်ပင် သမဏဿ ဟုတာသမ္ဗန်ဖြစ်ရသည်။

ဘာဝ သမ္ဗန် (ဘာဝယောဂပုဒ်) ၏ ဝစ္စတ္ထကား ကတ္တတ္ထတည်း။

* ဗဟုဗ္ဗီဟိ၊ အဿတ္ထိ၊ တူဘိကတ္တားနေ။

ဗာဟိတပါပတာယဌ် တာသမ္ဗန် (လာသမ္ဗန်) ကား ပြာဟ္မဏဿတည်း။ ဘာဝသမ္ဗန်ကား ဗာဟိတပါပ ဿတည်း။ (ကတ္တား+သမ္ဗန်စပ်။)

၆။ (က) ဝါကျဖြင့် (သန္ဓိလိင်ပဒ)သိစေသည်။

(ခ) သမိတပါပတာယ ဖြင့် သမဏော ၌ သမုစာတ်၏အဖြစ်ကိုလည်းကောင်း၊ ယုပစ္စည်း ဟေတုကတ္တုသာဓနအနက်၌သက်-လည်းကောင်း၊ ပါပေ သမေဘီတိ သမဏောဟု ပြု-လည်းကောင်း၊ သမဏ အရ ပဗ္ဗဇ္ဇာမတ္တသမဏကိုမယူရ၊ ပရမတ္ထသမဏ ကို ယူ-လည်းကောင်း သိစေသည်။

ဗာဟိတပါပတာယ ဖြင့် ပြာဟ္မဏ ၌ ဗဟာစာတ်၏အဖြစ်ကိုလည်းကောင်း၊ ယုပစ္စည်း ကတ္တားအနက်၌သက်-လည်းကောင်း၊ ဗဟတိ ပါပေ ဗဟိ ကရောတီတိ ပြာဟ္မဏော ဟုပြု-လည်းကောင်း၊ ပြာဟ္မဏအရ ဇာတိမတ္တပြာဟ္မဏ ကိုမယူရ+ပရမတ္ထပြာဟ္မဏ ကို ယူ-လည်းကောင်း သိစေသည်။ (သီဋီသစ်၊ ၁၄။)

* သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ဗဟုဗ္ဗီဟိနှင့်ဖွင့်၍ပြ၊ ကတ္တုသာဓနကြံစရာ။

(ဂ) ဝါကျ ဝစနဗျတ္တယော သေ ဖြင့် ပယိရုပါသတော သဒ္ဒါသည် ပယိရုပါသတံဟု ဗဟုဝုစ်နှင့် ဆိုလိုလျက် ပယိရုပါသတောဟု ကေဝုစ်ပြန်ထားသော ဝစနဝိပလ္လာသ သဒ္ဒါဟုသိစေ သည်။ (ဘာဝတ္ထ)

(ဃ) ဝါကျ အမှာက် ဖြင့် ယံ နော ၌ နောကား ပဋိသေဓဝါစက နော-မဟုတ်၊ အမှသဒ္ဒါ၏ ကာရိယ နော-၏အဖြစ်ကိုလည်းကောင်း၊ (သမ္ဗန္ဓာမလိင်ပဒ) ယင်းအမှသဒ္ဒါ နောင် ဆဋ္ဌီ နံ ဝိဘတ်သက်ထားသည်ကိုလည်းကောင်း (ဝိဘတ္တိပဒ) သိစေသည်။

ပယိရုပါသန္တာနံ ဖြင့် ပယိရုပါသတော ၌ တေသုဝုဒ္ဓိဖြင့် ဆဋ္ဌီဗဟုဝုစ် နံ ဝိဘတ်ကို ကေဝုစ် သဝိဘတ်ပြန်ထားသော ဝစနဝိပလ္လာသအဖြစ်ကိုလည်းကောင်း၊ ယင်းပြန်ထားသော သဝိဘတ်နှင့် န္တပစ္စည်းကဲ့သို့ငဲ့ထားသော န္တကိုတောပြု၍ ပယိရုပါသတော ဟုရုပ်ပြီးနေသည်ကို လည်းကောင်း (ဘာဝတ္ထ) သိစေသည်။ (ကျန်ပုဒ်များကို ဘာဝတ္ထဖော်လေ။)

ရ။ ပယိရုပသာတောကား ပရိ+ဥပါသတ် ဟုပုဒ်ဖြတ်။ ယ လာ၍ ပရိယုပါသတံ ဟူလိုလျက် ဝဏ္ဏဝိပရိယာယ ဖြင့် ရ နှင့် ယ ရှေ့နောက်ပြန်၊ ဝစနဝိပလ္လာသနည်းဖြင့် ဗဟုဝုစ် မှ ကေဝုစ်သို့ ပြန်၍ ပယိရုပါသတောဟု ပြီးသည်။ (သီဋီသစ်၊ ၂။ ၁၄။)

အမှာ ။ ။ ဒေါသိနာ, လက္ခဉာ ပုဒ်တို့၏ နိရုတ္တိကို ဝါကျဥယျာဉ် (၁၁၄) ၌ရေးခဲ့ပြီ။

၈။ သာသနပစ္စတ္ထိကများက ဗုဒ္ဓမမွသံဃတို့၏ ကျေးဇူးမဲ့ကို ပြောဆိုလျှင် သည်းခံ၍မနေ သင့်ပါ။ ဒေါသမထွက်ဘဲ မဟုတ်မမှန်သည်ကို မဟုတ်မမှန်သောအားဖြင့် ဖြေရှင်းကြရမည်။

http://www.dhammadownload.com



"ဤအကြောင်းကြောင့်လည်းသင်တို့ပြောဆိုအပ်သောစကားသည်မဟုတ်ပါ။ ဤအကြောင်းကြောင့်လည်း သင်တို့ပြောဆိုအပ်သော စကားသည်မမှန်ပါ။ သင်တို့ပြောဆိုအပ်သော မမှန်ကန်သောဤသဘောတရားသည် ငါတို့၌ (အမှန်တကယ်) မရှိသည်သာတည်း။ သင်တို့ပြောဆိုအပ်သော မမှန်သော ဤသဘောတရားသည် ငါတို့၌ (အမှန်တကယ်) ထင်ရှားမရှိသည်သာတည်း"ဟု ပြန်လည်ဖြေရှင်းရမည်။ (ပါဠိတော်-နှာ၊ ၃။ စာပိုဒ်၊ ၅။)

၉။ ၁၀။ ဝါကျဥယျာဉ် (၄၀) ၌ ဖြေခဲ့ပြီ။

******************

ဝါကျဥယျာဉ် (၁၁၆)

(က) ကိံ ဘဂဝန္တံ ဘယံ ဒဿနာယ ဥပဂန္တုံ န သက္ကောတီတိ ? အာမ န သက္ကောတိ၊

(ခ) ကသ္မာ ? မဟာပရာဓတာယ။

(ဂ) တေန ဟိ ဘဂဝတော ဥပဋ္ဌာကော အရိယသာဝကော အတ္တနော ပိတာ မာရိတော၊

(ဃ) ဒေဝဒတ္တော စ တမေဝ နိဿာယ ဘဂဝတော ဗဟုံ အနတ္ထမကာသိ၊

(င) ဣတိ မဟာပရာဓော သော၊

(၅၊ ၁၂၉။ သီဋီသစ်၊ဒု။ ၁၅။ နေရင်း၊ဒု။ ၂၄။ ပခုက္ကူ၊ဒု။ ၂၆။ ဘာသာဋီ၊ဒု။ ၂၃၇။ ဂဏ္ဍိ၊ ၃၀၄။)

၁။ (ခ) ဝါကျကို လိုက်သင့်သော ပုဒ်များပြည့်စုံစွာလိုက်၍ အနက်ပေးပါ။

၂။ (ဂ) ဝါကျ စောဒနာ၊ (ဃ) ဝါကျ သာဘောဂပုစ္ဆာတက်ပါ။

၃။ (က+ခ) ဝါကျတို့ကို စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ အရိယသာဝကောပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကို ဆက္ကထုတ်ပြပါ။

၅။ (ခ) ဝါကျ မဟာပရာဓတာယ၏ သမ္ဗန်ကိုခံ၍ အတ္ထနုရူပစာစပ်ပြပါ။

၆။ ဥဒါနံ ဥဒနေသီတိ ဥဒါဟရံ ဥဒါဟရိ။ ပီတိမယံ ဝစနံ နိစ္ဆရေသီတိအတ္ထော (၅၊၁၂၉) ကိုအာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ အရိယပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုရေးပါ။

၈။ (ဃ) ဝါကျ ဗဟုံ အနတ္ထမကာသိ အရ ဤသာမညဖလသုတ် အဋ္ဌကထာ၌ လာရှိသည့် ဒေဝဒတ်၏ အကျိုးမဲ့ပြုပုံများကိုသာရေးပါ။

၉။ (ဂ) ဝါကျကို ဝတ္တမျိုးဂါထာစီ၍ ဂါထာအမည် ဆန်းအမည်ပေးပါ။

၁၀။ (ဂ) ဝါကျ မာရိတော၌ အန္တတ္ထကိုရှု၍ ဘာဝစသည်ထုတ်ပြပါ။

==================

၁။ (ခ) ဝါကျ၊

ကသ္မာ၊ ကြောင့် (အယံ ရာဇာ၊ သည်။ ဘဂဝန္တံ။ ဘယံ။ ဒဿနာယ။ ဥပဂန္တုံ။ န သက္ကောတိ၊ နည်း။ ဣတိ အယံ။ ပုစ္ဆာ၊ တည်း။ အဿ ရညော၊ ၏။) မဟာပရာဓတာယ၊ ကြောင့် ။ (အယံရာဇာ။ ဘဂဝန္တံ။ ဘယံ။ ဒဿနာယ။ ဥပဂန္တုံ။ န သက္ကောတိ။ ဣတိအယံ။ ဝိသဇ္ဇနာ၊ တည်း။) ဤသို့ (လက်သည်းကွင်းပြ) စကားရပ်များထည့်စွက်၍ အနက်ပေး။ (ပခုက္ကူ၊ ဒု။ ၂၆။ ၂၇)

http://www.dhammadownload.com



၂။ (ဂ) ဝါကျ စောဒနာ၊

ဆရာ သည် (ခ) ဝါကျဖြင့် များသောအပြစ်ရှိသောကြောင့် ဘုရားရှင်ကို ကိုယ်တိုင်ချဉ်းကပ်ခြင်းငှာ မစွမ်းနိုင်ဟုဆို၏။ ယင်းစကားရပ်၌ (အဇာတသတ်မင်း၏) များသောအပြစ်ရှိပုံကား အဘယ်ပါနည်း။ များသောအပြစ်ရှိပုံအခြင်းအရာကို အကျယ်ပြဆိုသင့်သည်မဟုတ်ပါလော၊ အကျယ်မပြဆိုခဲ့သော် သဒ်ေပဝိတ္တာရ ဆန့်သော ဝိရောဓိဒေါသရောက်ရာ၏၊ စုဒ်ကြောင့် (ဂ) မိန့်။

✦ "တေနဟိ"တိ အာဒိ တဒတ္ထဝိဝရဏံ။ (သီဋီသစ်၊ ၁၅)

✻ ဟေတု သရူပ၊ ချဲ့၍ပြ၊ မှတ်ကြဝိတ္ထာရ။

မှတ်ချက်။ မဟာပရာဓတောယ၌ အပရာဓ သရုပ်အကျယ်ကား အဘယ်နည်းဟု စုဒ်ထုတ်၍တက်ကလည်း မှန်သည်ပင်။

(ဃ) ဝါကျ သာဘောဂပုစ္ဆာ၊

ဆရာသည် (ဂ) ဝါကျဖြင့် အဇာတသတ်မင်းသည် ဘုရားရှင်၏ အလုပ်အကျွေးလည်းဖြစ်၊ အရိယာသာဝကလည်းဖြစ်သော မိမိ၏ဖခင်ကြီးကိုသတ်ခြင်းဖြင့် အပြစ်ရှိသောဟုဆို၏။ ယင်းအဇာတသတ်မင်း၌ ယင်းအပြစ်တမျိုးသာရှိပါသလော။ (နောက် သမုစ္စယ၊ အဖြေပြ၊ ဝေအာဘော်ဆင်) မည်သည့်အပြစ်ရှိပါသေးသနည်း၊ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။

✦ ဒေဝဒတ္တောစာတိတ္ထေ စသဒ္ဒေါ သမုစ္စယဝသေန အတ္ထုပနယနေ။ (သီဋီသစ်)

(င) ဝါကျ အနုသန္ဓေ၊

ဤသို့ (ဂ+ဃ) ဝါကျတို့ဖြင့် မဟာပရာဓတောယ ဟိတ်ပုဒ်ကိုချဲ့ပြပြီး၍ ယခုအခါ၌ အကျဉ်းချုံး၍ နိဂုမ်းအုပ်လိုသောဆရာသည် (င) ဝါကျမိန့်။

၃။ (က+ခ) ဝါကျရှု၍ စတုက္ကထုတ်ပုံ၊

(က) နနု (အဇာတသတ္တု) ရာဇာ ဘဂဝန္တံ ဒဿနကာမော ဟောတိ။

(ဘဂဝတော ဒဿနတ္ထံ ဟူသော ရှေ့ဝါကျစကားရပ်ကိုမြင်၍ ထုတ်သည်။)

(တနည်း) နနု (အဇာတသတ္တု) ရာဇာ မာဂဓော သေနိယော ဟောတိ။

(ခ) အထကသ္မာ ဘဂဝန္တံ သယံ ဒဿနာယ ဥပဂန္တုံ န သက္ကောတိ။

(ဂ) နနု မဟာပရာဓော ဟောတိ။

(ဃ) တသ္မာ ဘဂဝန္တံ (ပ) န သက္ကောတိ။

၄။ မဂ္ဂဖလဓမ္မေ အရတိ အဓိဂစ္ဆတီတိ အရိယော။ (အရ+ဣ) သုဏာတီတိ သာဝကော။

အရိယောစ သော သာဝကောစာတိ အရိယသာဝကော။

မဂ်ဖိုလ်တို့ကို ရခြင်းဂုဏ်၏+သာဝကပုဂ္ဂိုလ်တို့နှင့် ဂုဏ်+ဂုဏေးစပ်- ဝစနဟေတု။

(တနည်း) အရိယဿ+သာဝကော အရိယသာဝကော-ဟုပြု။

ဘုရားရှင်၏+တပည့်သာဝကနှင့် ဇနက+ဇညေ၊ ဝိသေသန+ဝိသေသျစပ်-ဝစနဟေတု။

ဘုရားရှင်၏ တပည့်သားဖြစ်သည် ဝစနီယ၊

ဗုဒ္ဓသာဝကော စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

✦ အပရဇ္ဈတိ စေတနာတိ အပရာဓော၊ မဟန္တော+အပရာဓော မဟာပရာဓော။

ဩဘာသနိမိတ္တကမ္မံ ။ ။ ဩဘာသဘူတံ နိမိတ္တကမ္မံ။ (သီဋီသစ်)

http://www.dhammadownload.com



၅။ မဟာပရာတောယ၏ သမ္ဗန်ကား အသယရညောတည်း။ ကတ္တား+သမ္ဗန်စပ်။ (ပဒုက္ကူသျှ)
မာရိတောကို မာရိတတ္တာဟု ဟိတ်ပြင်က ပိတာကို ပိတုနောဟု သမ္ဗန်ခံ။ (ကံ+သမ္ဗန်စပ်)

၆။ ဥဒါဟာရံဖြင့် ဥဒါနသဒ္ဒါသည် ဥဒါဟာရ၏ ပရိယာယ်အဖြစ်ကိုသိစေသည်။
(တနည်း) ဥဒါနသဒ္ဒါသည် ဥဒါဟာရအနက်ဟောဟု သိစေသည်။

◆ ဥဒါနံ ဥဒါဟာရောတိ အတ္ထတော ဧကံ (သီဋီသစ်၊ ၁၃။)

ဥဒါဟရိဖြင့် ဥရေး အာရေးရှိသော နီစာတ်၏မြွက်ဆိုခြင်း ဥဒါဟရဏတ္ထကို ဟောသည်၏ အဖြစ်ကို သိစေပါသည်။ (ဓာတွတ္ထ)

ပီတိမယံဝစနံ ဖြင့် ဥဒါန, ဥဒါဟာရအရ ပီတိကြောင့်ဖြစ်ပေါ်လာသောစကားကို ယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

နိစ္ဆာရေသိဖြင့် ဥဒါဟရိ၌ ဥ, အာဥပသာရတို့၏ ဓာတွတ္ထဝိသေသက–လည်းကောင်း၊ ဟရ ဓာတ်သည် ဤ၌ နိစ္ဆာရဏ=မြွက်ဆိုခြင်းအနက်ဟောလည်းကောင်း သိစေပါသည်။ (ဓာတွတ္ထ)

ဝစနတ္ထ၊

ဥဒီယတီတိ ဥဒါနံ။ (ဥဒ+ယု)
ဝမ်းမြောက်စွာဆိုခြင်း ကြိယာသကတ်သည် ဝစနဟောတ။
ဝမ်းမြောက်စွာဆိုအပ်သော စကားဒြပ်သည် ဝစနီယ။
ဥဒါဟာရ စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။
ဥဒ မောဒေ, ကီဠာယဉ္စ၊ ဥဒတိ+ဥဒါနံ၊ ဥဒကော။ (နီတိဓာတု)

၇။ အရိယပုဒ် နိရုတ္တိ ဝါကျဥယျာဉ် (၃၉)၌ ပြခဲ့ပြီ။

၈။ (ဃ) ဝါကျ၌ ဗဟုံ အနတ္ထ မကာသိ အရ ဒေဝဒတ်၏အကျိုးမဲ့ပြုပုံများကို ၄၊ ၁၂၇ ရှု။

၉။ တေန ဝေဒေဟိပုတ္တေန၊ ရညာ အရိယသာဝကော။
ဘဂဝတောဥပဋ္ဌာကော၊ မာရိတော အတ္တနော ပိတာ။ (ပဋ္ဌာဝတ္ထုဂါထာ+အနုဋ္ဌဘာဆန်း)

၁၀။ † (ဂ) မာရိတော၌ အဇာတသတ်မင်း၏ ဒေါသပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ကောဓောယိဘာဝ+ရုဒ္ဒရသ၊
† ခမည်းတော် ဗိမ္ဗိသာရမင်းသည် အာရမ္မဏဝိဘာဝ၊
† အယောနိသောမနသိကာရသည်လည်းကောင်း၊ ဒေဝဒတ်နှင့် ပေါင်းမိခြင်းပါပမိတ္တသံသဂ္ဂ သည်လည်းကောင်း၊ ဒေဝဒတ်စကားကိုနားထောင်ခြင်း=အသဒ္ဓမ္မသဝနသည် လည်းကောင်းဥဒ္ဒီပနဝိဘာဝ၊
† သတ်မိခြင်းကြောင့် ပစ္စုပ္ပန်ဘဝ၌ပင် ကာယိကဒုက္ခ စေတသိကဒုက္ခတို့ကို ခံစားနေရ ခြင်း သံသရာ၌ လောဟကုမ္ဘီငရဲကျရောက်ရခြင်းစသည်သည် အနုဘာဝ။

✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻✻

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၁၇)

(က) တတ္ထ ပူရဏောတိ တဿ သတ္ထုပဋိညဿ နာမံ။ တဿပေါတိ ဂေါတ္တံ။
(ခ) သော ကိရ အညတရဿ ကုလဿ ဧကူနဒါသသတံ ပူရယမာနော ဇာတော၊
(ဂ) တေနဿ "ပူရဏော"တိ နာမံ အကံသု။
(ဃ) မင်္ဂလဒါသတ္တာ စဿ "ဒုက္ကဋ"န္တိ ဝတ္တာ နတ္ထိ, "အကတံ ဝါ န ကတ"န္တိ။
(၄၊ ၁၃၀။ သီဋီသစ်၊ ဒု။ ၁၅။ ပဋ္ဌကျ။ ၂၈။ ဘာသာဋ၊ ဒု။ ၂၄။ ဂဏ္ဍိ၊ ၃၀၅။)

၁။ (ဃ) ဝါကျကို ကာကောလောကနနည်း, မဇ္ဈေဒီပကနည်းအားလျော်စွာ အနက်ပေးပါ။
၂။ (ဃ) ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။
၃။ (ဃ) ဝါကျကို ရှု၍ ရသင့်သော စောဒကာဘောဂါဒိစတုက္ကထုတ်ပါ။
၄။ သတ္ထုပဋိညဿပုဒ်ကို အိစတ်အပေါင်း ဝစနတ္တပြု၍ အပေါင်းဝစနတ္တကိုသာ ဆက္ကထုတ်ပါ။
၅။ (ဃ) ဝါကျ၌ ပူရယမာနောကို ဟိတ်ပြင်၍ ယင်း၏သမ္မန်ခံပြီးလျှင် စာစပ်ပါ။
၆။ ပဗ္ဗဇိတသမူဟသင်္ခါတော သံဃော အဿ အတ္ထီတိ သင်္ဃီ (၄၊ ၁၃၀) ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ မင်္ဂလပုဒ်၏ နိရုတ္တိနည်း ရုပ်ပြီးပုံကိုရေးပါ။
၈။ ရာဇဂြိုဟ်မြို့တံခါးပေါက်အရေအတွက်နှင့် ပူရဏကဿပထံ၌ ရဟန်းဖြစ်သော ပုဂ္ဂိုလ်အရေအတွက်တို့ကိုဖော်ပြပါ။
၉။ ဟိတွာ ပုနပ္ပုနာဂတံ-မတ္ထံ အတ္ထံ ပကာသယိဿာမိ။
သုဇနဿ စ တုဋ္ဌတ္ထံ၊ စိရဋ္ဌိတတ္ထဉ္စ ဓမ္မဿ။ (၄၊ ၂) ကိုဆန်းစစ်၍ ဂါထာအမည်ပေးပါ။
၁၀။ အထက်ပါဂါထာ၌ ပကာသယိဿာမိကိုရှု၍ ဘာဝစသည်ထုတ်ပါ။

===================

၁။ အဿ၊ ထိုပူရဏကဿပ၏။ မင်္ဂလဒါသတ္တာ၊ ကြောင့်။ အဿ၊ ထိုပူရဏကဿပအား။ ဒုက္ကဋန္တိ။ ဝတ္တာ။ နတ္ထိ။ အကတံဝါ။ န ကတန္တိ။ ဝတ္တာ။ နတ္ထိ။
အမှာ ။ ။ အဿ ကို မင်္ဂလဒါသတ္တာ+နတ္ထိ နှစ်ပုဒ်ငဲ့သော ကာကောလောကနနည်း။ ဝတ္တာ နတ္ထိ ကို အလယ်၌တည်လျက် "ဒုက္ကဋ"န္တိ, "အကတံ ဝါ န ကတ"န္တိ တို့အား ကျေးဇူးပြုသောကြောင့် မဇ္ဈေဒီပကနည်းဟုယူ။

၂။ (၁) ဝါကျ သာဘောဂပုစ္ဆာ၊
ဆရာ သည် (က) ဝါကျဖြင့် ပူရဏ ဟူသည် ဆရာ (ဘုရား) ဟူ၍ ဝန်ခံသော ကဿပ ၏ အမည်တည်းဟုဆို၏။ ယင်းပူရဏအမည်သည် တိဿ ဒတ္တ စသည်ကဲ့သို့ ရုဋ္ဌီ သညာဖြစ်ပါသလော၊ မည်သည့်အမည်ဖြစ်ပါသနည်း။ စုဒ်ကြောင့် (၁) မိန့်။
အဓိပ္ပါယ်ကား ပူရဏအမည်သည် (၉၉) ယောက်သောကျွန်ကို ပြည့်စေလျက် ဖြစ်တတ်သောကြောင့် ပူရဏအမည်ရရကား အန္တတ္ထနာမည်ဖြစ်၏ ဟူလို။

http://www.dhammadownload.com



၃။ (ဃ) ဝါကျ စတုက္ကထုတ်ပုံ၊

(က) နနု လောကေ ဒါသံ ဒုက္ကဋန္တိ, အကတံဝါ န ကတန္တိ ဝတ္တာ အတ္ထိ။

(တနည်း) နနု ပူရဏော ကဿပေါ အကတ္တဗ္ဗံဝါ ကရောတိ, ကတ္တဗ္ဗံဝါ န ကရောတိ။

(ခ) အထ ကသ္မာ အဿ(ပူရဏဿ) "ဒုက္ကဋ"န္တိ ဝတ္တာ နတ္ထိ "အကတံဝါ န ကတ"န္တိ။

(ဂ) နနု မင်္ဂလဒါသော ဒေသ။

(ဃ) တသ္မာ အဿ (ပ) အကတံဝါ န ကတန္တိ။

(ခ) ဝါကျ ၌ ကိရိယသဒ္ဒါထားရခြင်း၊

"အနုဿာဝန၊ အရုစ္စ၊ ထားကြ ကိရိယာ။ မနှစ်သက်ကား၊ တဆင့်ကြား၊ ထားလေ ကိရိယာ" နှစ်မျိုးတွင် "သောကိရာ"တိ အာဒိနာ အနုဿုတိမတ္တံ ပတိပေါရာဏဋ္ဌကထာနယော ဝ ကိရိယသဒ္ဒေန ဝုတ္တော။ (သီဋီသစ်၊ ဒု။ ၁၅။) အရ ဤနေရာ၌ ရှေးအဋ္ဌကထာမှတဆင့် ကြားရသော အကြောင်းအရာဖြစ်၏ဟု ပြလို၍ ကိရ သဒ္ဒါထားပါသည်။

အမှာ ။ ။ ဧသ နယော ပရတော မက္ခလိပဒနိဗ္ဗစနေပိ=ဟူသော ဋီကာသစ်မှာထားချက်နှင့်အညီ နောက်နောက် ထိတ္ထိဆရာတို့ အယူပြဆိုရာ၌လည်း "တဆင့်ကြားကို ပြလို၍ ကိရိယသဒ္ဒါ ထားသည်" ဟုမှတ်။

၄။ သာသတိ အနုသာသတီတိသတ္ထာ၊ ပဋိဇာနန့် ပဋိညာ။

သတ္ထာဟုတိ+ပဋိညာ+ယဿာတိ သတ္ထုပဋိညော။ (ဘာသာဋီကာ)

ဆရာ (ဘုရား) ဟူ၍ ဝန်ခံခြင်း၏+ပူရာဏကဿပနှင့် ဂုဏ်+ဂုဏေးစပ်-ဝစနပေဟတု။

ဆရာ (ဘုရား) ဟူ၍ ဝန်ခံခြင်းရှိသော ပူရာဏကဿပသည်-ဝစနီယ။

ဗုဒ္ဓပဋိညော, ဂရုပဋိညော စသောပရိယာယ်-ဝစနီယတ္ထ။

အမှာ ။ ။ ဤကား သတ္ထုပဋိညဿ၊ ဘုရားဟုဝန်ခံခြင်းရှိသောဟု အနက်ပေးသော ဘာသာဋီကာ ဝစနတ္ထတည်း။ နေရင်းနိဿျ၌ သတ္ထုပဋိညဿ၊ ဆရာဟူ၍ဝန်ခံအပ်သော။ (ဘုရားဟူ၍ သမုတ်အပ်သောလည်းဟူ) ဟုအနက်ပေးသည်။ ယင်းအလို "ပဋိဇာနိတဗ္ဗာတိ ပဋိညာ။ သတ္ထာ ဣတိ+ပဋိညာ+ယေနာတိ သတ္ထုပဋိညော"ဟု ပြုရမည်။ ပဒုက္ကမနိဿျ၌ သတ္ထုပဋိညာတဿ၊ ဆရာဟူ၍ ဝန်ခံတတ်သော။ (ဝါ) ဘုရားဟူ၍ ဝန်ခံတတ်သော ဟုအနက်ပေးသည်။ ယင်းအလို "ပဋိဇာနာတီတိ ပဋိညာတော၊ သတ္ထာဣတိ+ပဋိညာတော သတ္ထုပဋိညာတော"ဟုပြုရမည်။

သီဋီသစ် (ဒု၊ ၁၅) ၌ကား "အသတ္ထာပိ သမာနော သတ္ထာ+ပဋိညာတော+ယေနာတိ သတ္ထုပဋိညာတော" ဟု ဝစနတ္ထပြုပြသည်။

ဇာတဿ+ရူပံ ဇာတရူပံ။ မွေးဘွားစကလေး၏ အသွင်သဏ္ဌာန်။

(တနည်း) ဇာယန့် ဇာတံ။ ဇာတံ+ရူပံ ဇာတရူပံ။ ဖြစ်မြဲတိုင်းသောသဘော (ဘာသာဋီကာ)

၅။ ပူရယမာနောကို ပူရယမာနတ္တာဟု ဟိတ်ပြင်။

ယင်း၏သမ္ဗန်ကို တဿ ပူရဏကဿပဿ ဟုခံ။ (ကတ္တား+သမ္ဗန်ဓာစပ်။)

(ဃ) ဝါကျ မင်္ဂလဒါသတ္တာ၏ သမ္ဗန်ကို အဿပူရဏကဿပဿ ဟုခံ။

(ကတ္တား+သမ္ဗန်စပ်)

http://www.dhammadownload.com



၆။ သံယော အသ အတ္တိ ဖြင့် သဃီပုဒ်ကို အသတ္တိတဒ္ဓိတ်ပြုရမည်ကိုလည်းကောင်း၊ ဤပစ္စည်း အသတ္တိအနက်၌ သက်သည်ကိုလည်းကောင်း သိစေသည်။

ပဗ္ဗဇိတသမူဟသဒ္ဒါတော ဖြင့် သဃီ၌ သံဃပုဒ်၏ သမူဟအနက်ဟောသည်ကိုလည်းကောင်း၊ (နာမလိင်္ဂတ္ထ) (တနည်း) သံဃ သည် သမူဟ၏ပရိယာယ်အဖြစ်ကို လည်းကောင်း၊ (တနည်း) သံဃအရ ရဟန်းအပေါင်းကိုယူရမည်ကိုလည်းကောင်း (သဒ္ဒါတသဒ္ဒါရှိလေရာ, သရုပ်သာထွက်လေ = မောင်းထောင်နိယံ) နိယျာနိကဖြစ်သော အယူသီလ တူသောအားဖြင့် ပေါင်းအပ်သောကြောင့် သံဃ မည်သည်မဟုတ်၊ ပဗ္ဗဇိတ အပေါင်းမျှဖြင့် ပေါင်းအပ်သောကြောင့် သံဃ မည်သည်၏အဖြစ်ကို လည်းကောင်း သိစေသည်။

- ပဗ္ဗဇိသမူဟသဒ္ဒါတောတိ ဧတေန ပဗ္ဗဇိတ သမူဟတာမတ္တေန သံယော၊ န နိယျာနိကဒိဋ္ဌိဝိသုဒ္ဓသီလသာမညဝသေန သံဟတတ္တာတိ ဒဿေတိ။ (သိဋီသစ်၊ ၁၅)

(က) ဝါကျ တဿ နာမံ ဖြင့် ပူရဏဟူသောနာမ်သည် ဂုဏနာမ်မဟုတ်၊ နာမနာမ်တည်းဟုသိစေသည်။ (နာမလိင်္ဂပဒ)

သတ္ထုပဋိညဿ ဖြင့် ပူရဏဟူသည် ဘုရားဟုဝန်ခံသော ပုဂ္ဂိုလ်ပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

ဂေါတ္တံ ဖြင့် ကဿပ ဟူသည် အနွယ်ပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

(ခ) ဝါကျ ပူရယမာနော ဖြင့် ပူရဏော၌ ပူရဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ယုပစ္စည်း ဟေတုကတ္တားအနက်၌သက်–လည်းကောင်း၊ (သို့မဟုတ်) ကရဏသာဓ်၌ သက်–လည်းကောင်း၊ (ဘာသာဋီကာ) ပူရေတီတိပူရဏော ဟု ဟေတုကတ္တုသာဓ် ပြု–လည်းကောင်း၊ (သို့မဟုတ်) ပူရတိ အနေနာတိ ပူရဏော ဟု ကရဏသာဓ် ပြု–လည်ကောင်း (ဘာသာဋီကာ) သိစေသည်။

အညတရဿ ကုလဿ ဧကူနဒါသသတံဖြင့် ပြည့်စေ၏ဟူသည် အမှတ်မရှိသော အမျိုး၏ တစ်ယောက်ဖြင့်ယုတ်သော တရာသောကျွန်ကိုပြည့်စေခြင်းပင်တည်းဟု သိစေသည်။

၇။ မင်္ဂလကား မင် ဓာတ်+အလပစ္စည်း၊ မင်္ဂလဟူလိုလျှင် ဝဏ္ဏာဂမဖြင့် မထက် နိဂ္ဂဟိတ်လာ။ ဝဏ္ဏဝိကာရ ဖြင့် နိဂ္ဂဟိတ်ကို င ပြု၍ မင်္ဂလပြီးသည်။

- သုန္ဒိမင်္ဂန္တိဂစ္ဆန္တိ(သတ္တာ) ဧတေနာတိမင်္ဂလံ၊ မဂိ ဂတိယံ။ အလော။ (ဓာတုပစ္စယဒီပနီ။ သူစိ) (တနည်း) မဟန္တသဒ္ဒူ ပပဒ+ဂလဓါတ်+အပစ္စည်း။ မဟန္တဂလဟူလိုလျှင် မဟန္တကို မ ပြု (သို့မဟုတ်) ဟန္တကိုချေ၊ မ ထက် နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို င ပြု၍ မင်္ဂလပြီးသည်။
- မဟန္တဘာဝံဂလတိဂစ္ဆတိဧတေနာတိမင်္ဂလံ။ မဟန္တသဒ္ဒူပပဒ ဂလ ဂတိမှိ။ (ဓာတုပစ္စယဒီပနီ) ကုလူပက ကား ကုလူပဂ ဟူလိုလျှင် ဂ ကို က ပြု၍ပြီးသည်။
- ကုလံ ဥပဂစ္ဆတီတိ ကုလူပကော။ (ဓာတုပစ္စယဒီပနီ)

  ဒုတ္တရ ကား ဒု+ကရ+တ။ ရ ချေ ၊ က ဒွေဘော်လာ။ တ ကို ဋ ပြု၍ပြီးသည်။

၈။ ဤအဋ္ဌကထာ (၁၃၇) အရ၊ ရာဇဂြိုဟ်မြို့သည် တံခါးမကြီး (၃၂) ခု၊ တံခါးပေါက်ငယ် (၆၄) ခု ရှိသည်။

ပူရဏထံ ရဟန်းပြုသောပုဂ္ဂိုလ်အရေအတွက်မှာ (၅၀၀) ရှိပါသည်။ (၅၊ ၁၃၀။)

၉။ ဟိတွာပုနပ္ပုနာဂတ စသောဂါထာသည် ပထျာအရိယဂါထာဖြစ်ပါသည်။

http://www.dhammadownload.com



၁၀။ ✝ ပကာသယိဿာမိ ၌ အန္တတ္တအရ ရှင်မဟာဗုဒ္ဓဃောသ၏ သန္တာန်၌ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ ထိုသည် ဓမ္မရတိဒ္ဓါယိဘာဝ၊ ဓမ္မသိဂါရဝတ။

✝ ရေးသားအပ်လတ္တံ့ဖြစ်သော အဋ္ဌကထာများသည် အာရမ္မဏဝိဘာဝ။

✝ ယင်းအဋ္ဌကထာများ၏ သာတ္တ သဗ္ဗဉ္ဇူန စသည်သည် ဥဒ္ဒိပနဝိဘာဝ။

✝ သူတော်ကောင်းများနှစ်သက်ခြင်းအကျိုး သဒ္ဓမ္မသုံးဖြာ သာသနာ၏ ကြာမြင့်စွာတည်တန့်ခြင်းစသည်သည် အနုဘာဝ။

*********************

ဝါကျဥယျာဉ် (၁၁၈)

(က) သာဓုသမ္မတောတိ အယံ သာဓု သုန္ဒရော သပ္ပုရိသောတိ ဧဝံ သမ္မတော။

(ခ) ဗဟုဇနဿာတိ အဿုတဝတော အန္ဓဗာလပုထုဇ္ဇနဿ။

(ဂ) ပဗ္ဗဇိတတော ပဋ္ဌာယ အတိက္ကန္တာ ဗဟူ ရတ္တိယော ဇာနာတီတိ ရတ္တညူ။

(ဃ) စိရံ ပဗ္ဗဇိတဿ အဿာတိ စိရပဗ္ဗဇိတော။

(င) အစိရပဗ္ဗဇိတဿ ဟိ ကထာ ဩကပ္ပနီယာ န ဟောတိ။ တေနာဟ "စိရပဗ္ဗဇိတော"တိ။

(စ) အဒ္ဓဂတောတိ အဒ္ဓါနံ ဂတော။

(ဆ) ဒွေတယော ရာဇပရိဝဋ္ဋေ အတီတောတိ အဓိပ္ပါယော။

(၄၊ ၁၃၁။ သီဋီသစ်၊ဒု။ ၁၆။ နေရင်း၊ဒု။ ၂၉။ ပဒုက္က၊ဒု။ ၃၀။ ဘာသာဋီ၊ဒု။ ၂၄၅။ ဂဏ္ဌိ၊ ၃၀၆။)

၁။ (ခ) ဝါကျကို အဿုတဝတော၌ သဒ္ဒတ္တ, ဝေါဟာရတ္ထပေါ်လွင်စေလျက် အနက်ပေးပါ။

၂။ (င) ဝါကျကို သာဘောဂပုစ္ဆာ၊ (ဆ) ဝါကျကို အနာဘောဂပုစ္ဆာတက်ပြပါ။

၃။ (င) ဝါကျ၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကထုတ်ပြပါ။

၄။ သုန္ဒရောပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပြပါ။

၅။ (င) ဝါကျ ဩကပ္ပနီယာကို ဟိတ်ပြင်၍ ယင်း၏သမ္မန်ခံပြီး အတ္တာနုရူပစာစပ်ပါ။

၆။ (က+ဂ+စ) ဝါကျတို့ကို အဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ရတ္တညူ၊ အဒ္ဓ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ အဇာတသတ်မင်း ဘုရားရှင်ထံသွားရာ၌ လမ်းခရီးဝယ် ကြောက်ခြင်းအကြောင်းကို ဇေကေဝါဒ, အဋ္ဌကထာဝါဒ အသီးသီးဖြင့်ဖြေဆိုပါ။

၉။ ကောဏ္ဍညပဉ္စာနိ ဝိယာကရောဟိ (ပ) ဧသ ဘာရော။ (၄၊ ၁၄၁) ဂါထာကို ဆန်းစစ်၍ ဂါထာအမည်, ဆန်းအမည်ပေးခဲ့ပါ။

၁၀။ ရတ္တညူ ၌ အန္တတ္ထကိုရှု၍ ဘာဝါလက်ာရထုတ်ပြပါ။

= = = = = = = = = = = = = = = = = = =

၁။ (ခ) ဝါကျ။ အဿုတဝတော၊ ကြားနာအပ်သော အရိယဓမ္မ မရှိသော၊ (ဝါ) ကြားနာအပ်သော အာဂမာဓိဂမ မရှိသော။ (ဤကားသဒ္ဒတ္တ)။
အဿုတဝတော၊ အကြားအမြင်နည်းသော။ (ဤကားဝေါဟာရတ္ထ)
အန္ဓဗာလပုထုဇ္ဇနဿ၊ သည် (သမ္မတော၊ ၏။)

✤ အဿုတဝတောတိ အဿုတာရိယဓမ္မဿ၊ ကတ္တုတ္ထေ စေတံ သာမိဝစနံ။ (သီဋီသစ်)

http://www.dhammadownload.com



၂။ (င) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (ဃ) ဝါကျဖြင့် ရဟန်းပြုပြီး၍ ကြာမြင့်သောကာလရှိသောကြောင့် ပူရဏကဿပသည် စိရပဗ္ဗဇိတမည်သောဟုဆို၏။ (တနည်း) ဆရာ, အမတ်တယောက်သည် အယံ ဒေဝ ပူရဏော။ပ။ရတ္တညူ စိရပဗ္ဗဇိတောဟု သံတော်ဦးတင်လျှောက်၏။ ရဟန်းပြု၍မကြာမြင့်သေးသော ပုဂ္ဂိုလ်၏စကားသည်လည်း ယုံကြည်ထိုက်သည် မဟုတ်ပါလော။ (န ရှိလျှင်းက န ကိုပယ်)။ (တနည်း) ယင်းစိရပဗ္ဗဇိတော ဟူသောပုဒ်သည် ဂုဏ်ကိုချီးမြှောက်သောသောပုဒ်မဟုတ်ဘဲလျက်ပင် ထိုစိရပဗ္ဗဇိတောပုဒ်ကို ဟောလေသလော။ (နေရင်းသျှ၊ ၂၉)။ (တနည်း) စိရပဗ္ဗဇိတ မဟုတ်သော်လည်း ရတ္တညူ ဟူသောပုဒ်ဖြင့် လိုအပ်သောအနက်ပြီးကောင်းသည် မဟုတ်တုံလော။ (ဂဏ္ဌိ အာဘော်မှီးသည်)။ အဘယ်အနက်အဓိပ္ပါယ်ကိုရည်ရွယ်၍ (သီဋီသစ်) အဘယ့်ကြောင့် (ပဒုဏ္ဏူသျှ) ထိုအမတ်သည် စိရပဗ္ဗဇိတော ဟု သံတော်ဦးတင်ရလေသနည်း။ စုဒ်ကြောင့် (င) မိန့်။

◆ ကိံပန အတ္ထံ သန္ဓာယ သော အမစ္စော အာဟာတိ ဝုတ္တံ "အစိရပဗ္ဗဇိတဿာ"တိအာဒိ။ (သီဋီသစ်)

(ဆ) ဝါကျ အနာဘောဂပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (စ) ဝါကျဖြင့် အဒ္ဓဂတောကို အဒ္ဓါနံ ဂတောဟု ဒုတိယာတပ္ပုရိသ် ဝစနတ္ထပြု၍ အဒ္ဓဂတော ဟူသည် ရှည်မြင့်သော ကာလသို့ရောက်ရှိခြင်းပင်တည်းဟု ဖွင့်ဆို၏။ ထိုရှည်မြင့်သောကာလဟူသည် အဘယ်မျှလောက်နည်း။ စုဒ်ကြောင့် (ဆ) မိန့်။ (ဂဏ္ဌိ၊ ၃၀၆။)

◆ ကိတ္တကော ပန သောတိ အာဟ "ဒွေ တယော ရာဇပရိဝဋ္ဋေ"တိ။ (သီဋီသစ်)

၃။ (င) ဝါကျ စတုက္ကထုတ်ပုံ။

(က) နနု အစိရပဗ္ဗဇိတဿာပိ ကထာ ဩကပ္ပနီယာဝ ဟောတိ။

(တနည်း) နနု ရတ္တညူတိ ဝုတ္တေ အဓိပ္ပေတတ္ထော သိဒ္ဓေါ။

(ခ) အထ ကသ္မာ "စိရပဗ္ဗဇိတော"တိ အမစ္စော အာဟ။

(ဂ) နနု အစိရပဗ္ဗဇိတဿ ကထာ ဩကပ္ပနီယာ န ဟောတိ။

(ဃ) တသ္မာ "စိရပဗ္ဗဇိတော"တိ အမစ္စော အာဟ။

၄။ သုဋ္ဌု ဒဟတိ အာဒဟတီတိ သုန္ဒရော။ (သု+ဒဟ+သာဒရေ၊ အ)

သုဋ္ဌု ဒဟီယတေတိ ဝါ သုန္ဒရော။ (သု+ဒဟ ဒါရဏေ၊ အ)။ (ဓာတုပစ္စယဒီပနီ)

ကောင်းစွာရှိသေခြင်းကြိယာသကတ်သည် (ဝါ) ကောင်းစွာခွဲခြင်းကြိယာသကတ်သည် - ဝစနဟေတုမည်၏။

သူတော်ကောင်းပုဂ္ဂိုလ်ဖြစ်သည်-ဝစနီယမည်၏။

သာဓု, သပ္ပုရိသော စသော ပရိယာယ်သဒ္ဒါများသည် - ဝစနီယတ္ထမည်၏။

ဩကပ္ပိယတေတိ ဩကပ္ပနီယာ။ (ကထာ=စကားဖြစ်ရ၏။)

သဒ္ဒဟနီယာ စသည် - ဝစနီယတ္ထထုတ်။

◆ ရဥ္ဇန္တိ ဧတ္ထာတိ ရတ္တိ။ (တပ်မက်ခြင်းကြိယာသကတ်သည် ဝစနဟေတုမည်၏။)

၅။ ဩကပ္ပနီယာကို ဩကပ္ပနီယတ္ထာ ဟု ဟိတ်ပြင်။

ယင်း၏သမွန်ကို ကထာယ ဟုခံ။ (ကံ သမ္ဗန်စာစပ်)

http://www.dhammadownload.com



၆။ (က) သုန္ဒရော ဖြင့် သာဓုသမ္မတော. ၌ သာဓုသဒ္ဒါသည် သုန္ဒရသဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေပါသည်။

❖ သောဘနံ ရုစိရံ သာဓု၊ မနုညံ စာရု သုန္ဒရံ။ (ဓာန်။ ၆၉၃)

(တနည်း) သုန္ဒရော ဖြင့် သာဓုသဒ္ဒါ သုန္ဒရအနက်ဟော၏ဟု သိစေပါသည်။

သပ္ပုရိသောဖြင့် သာဓုသဒ္ဒါ သပ္ပုရိသ (သဇ္ဇန) အနက်ဟော၏ဟု သိစေပါသည်။

(က) တစ်ဝါကျလုံးဖြင့် သာဓုသမ္မတောပုဒ်ကို သာဓူဟိ+သမ္မတော သာဓုသမ္မတော ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထမပြုရ။ သာဓုဣတိ+သမ္မတော သာဓုသမ္မတောဟု သမ္ဘာဝနာကမ္မဓာရယ် သမာသ်ဝစနတ္ထပြုရမည်ဟုသိစေပါသည်။

❖ "သာဓူ"တိ သမ္မတော၊ န သာဓူဟိ သမ္မတောတိ အတ္ထ+မာဟ "အယ"န္တိ အာဒိနာ။ သုန္ဒရော, သပ္ပုရိသောတိ ဒွိဓာ အတ္ထော။ (သီဋီသစ်)

(ခ) ဝါကျဖြင့် ဗဟုဇနေ အရ ဗဟုဿုတ ကလျာဏပုထုဇဉ်ကိုမယူရ၊ ကေဒေသျူပစာ သမုဒါယူပစာအားဖြင့် အရိယဓမ္မကို မကြားဘူး, မသိမမြင်ဘူးသော အန္ဓဗာလ ပုထုဇဉ်ကို ယူရမည်ဟုသိစေပါသည်။

(ဂ) ရတ္တိယော ဇာနာတိ ဖြင့် ရတ္တညူ ၌ ရတ္တိသဒ္ဒူပပဒ+ဉာ ဓာတ်၏အဖြစ်ကိုလည်းကောင်း၊ ရူ ပစ္စည်း၏ ကတ္တုသာဓနေအနက်၌သက်-လည်းကောင်း၊ ရတ္တိယော ဇာနာတီတိ ရတ္တညူ ဟု ကတ္တုသာဓနေကိတန္တဒုတိယတပ္ပုရိသ်သမာသ်ပြု-လည်းကောင်း၊ ရတ္တိညူ ဟုဆိုလိုလျက် တ္တိ ၌ ဣ ကို အ ပြု၍ ရတ္တညူ ဟုရုပ်ပြီးနေသည်ကိုလည်းကောင်း သိစေပါသည်။

ပဗ္ဗဇိတတော ပဋ္ဌာယ အတိက္ကန္တာ ဗဟူဖြင့် ဘာဝတ္ထ သိစေသည်။

(ဃ) ဖြင့် သမာသလိင်္ဂပဒတ္ထသိစေသည်။

(စ) ဝါကျဖြင့် အဒ္ဓဂတော၌ အဒ္ဓ သဒ္ဒါ၏ အဓွန့်ရှည်စွာအခါဟူသောကာလအနက်ဟော-လည်းကောင်း၊ အဒ္ဓနှင့် ဂတောကို ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု-လည်းကောင်း၊ ဂတော၌ တ ပစ္စည်း၏ ကတ္တုသာဓနေအနက်၌သက်-လည်းကောင်း၊ ဂစ္ဆတီတိဂတောဟုပြု -လည်းကောင်း သိစေပါသည်။

၇။ ရတ္တညူကား ရတ္တိသဒ္ဒူပပဒ+ဉာ ဓာတ်+ရူ။ ရတ္တိညူ ဟူလိုလျက် တ္တိ ၌ ဣ ကို အ ပြု၍ပြီးသည်။

အဒ္ဓကား အသုဓာတ်+ဓ ပစ္စည်း။ အသဓ ဟူလိုလျက် ဓာတွန် သ ကို ဒ ပြု၍ ပြီးသည်။

❖ အသု ခေပနေ၊ ဓော။ သတ္တာနံ ဇီဝိတံ အသတိ ခေပေတီတိ အဒ္ဓါ။ (သူစိ)

(တနည်း) အသု+တ။ ဓာတွန် သ ကို ဒ ပြု၊ တ ပစ္စည်းကို ဓ ပြု၍ပြီးသည်။

❖ သတ္တာနံ ဇီဝိတံ အသတိခေပေတီတိ အဒ္ဓါ။ တဿ+ဓော။ (ဓာန်ဋီ၊ ၆၆။)

(တနည်း) အဒ ဓာတ်+ဓ ပစ္စည်း။ အဒဓ ဟူလိုလျက် ဓာတွန် ဒ ကို ဒ ပြု၍ပြီးသည်။

❖ အဒ ဂမနေ၊ အဒန္တိ ယန္တိ ဧတ္ထာတိ အဒ္ဓါ၊ မဂ္ဂေါ, ကာလောစ။ (ဏွာဒိမောဂ်၊ ၉၉။)

http://www.dhammadownload.com



၈။ ဧကေဆရာတို့က အဇာတသတ်မင်းသည် အမိုက်တိုက်ကြောင့် ကြောက်သည်ဟု ဆိုကြသည်။ အဋ္ဌကထာဝါဒကား အဇာတသတ်မင်းသည် အသံတိုးသည် (တိတ်ဆိတ်နေသည်) ၏ အဖြစ်ကို အမှီသဟဲအကြောင်းပြု၍ ဇီဝကဥ္စ ယုံမှားခြင်းကြောင့် ကြောက်သည်ဟုဆိုသည်။ (၄၊ ၁၃၇။)

ရတ္တညူ+စိရပဗ္ဗဇိတ ပုဒ်နှစ်ပါးထူးခြားပုံ၊

စိရပဗ္ဗဇိတ သဒ္ဒါဖြင့် ပူရဏကဿပ၏ ကြီးရင့်သောသီလရှိသည်၏အဖြစ် (သိက္ခာကြီးသည်၏အဖြစ်) ကိုပြသည်။ ရတ္တညူ သဒ္ဒါဖြင့် ထိုကြီးရင့်သော သီလသိက္ခာဥ္စ ကောင်းစွာသိနေ, အမှတ်ရနေသည်၏အဖြစ်ကိုပြသည်။ ဤသို့ထူးသည်။ (ဘာသာဋီကာ)

- စိရပဗ္ဗဇိတဂ္ဂဟဏေနဿ ဗုဒ္ဓိသီလတာ၊ ရတ္တညူဂဟဏေန တတ္ထသမ္ပဇာနတာ ဒ ဿိတာ၊ အယမေတဿ ဝိသေသော။ (သီဋီသစ်)

၉။ ကောဏ္ဍညပဉ္စာနိ စသောဂါထာဥ္စ ပဌမ, တတိယ, စတုတ္ထပါဒတို့ကား ဣန္ဒဝဇိရာဂါထာဖြစ်သည်။ ဒုတိယပါဒဥ္စ န္တိ ကို န္တိ ဟုဂရုယူ၍ ဝါတောမ္မီဘာဂါထာဖြစ်သည်။ နှစ်ပါးစုံရောရကား ဥပဇာတိဂါထာဖြစ်သည်။ (၁၁) လုံးဘွဲ့ တုဋ္ဌုဘာဆန်းဖြစ်သည်။

၁၀။ ရတ္တညူ ဥ္စ အနတ္ထကိုရှု၍ ဘာဝါလက်ာရထုတ်ပုံ၊

- ရတ္တညူ ဥ္စ ဉာ ဓာတ်အရ ရဟန်းပြုပြီးသည်မှ လွန်လေပြီးသောညဥ့်တို့ကို သိသော ပူရဏကဿပဆရာကြီး၏ သညာ, ဝိညာဉ်, ပညာပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ+ဓမ္မသိဂ်ီရရသ။
- လွန်လေပြီးသောညဥ့်များစွာတို့သည် အာရမ္မဏဝိဘာဝ။
- အောက်မေ့မှုသတိကို အဖန်ဖန်ဖြစ်စေခြင်းဖြင့် အပ္ပမာဒတရား လက်ကိုင်ထားခြင်းစသည်သည် ဥဒ္ဒိပနဝိဘာဝ။
- "ပူရဏကဿပသည် ရတ္တညူဂုဏ်နှင့်ပြည့်စုံ၏" ဟု လူအများတို့ ချီးကျူးခံရခြင်း, အခြံအရံတပည့်ပရိသတ် တိုးပွားခြင်းစသည်သည် အနုဘာဝမည်၏။

⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂⁂

ဝါကျဥယျာဉ် (၁၁၉)

(က) ပကုဓောတိ တဿ နာမံ။ ကစ္စာယနောတိ ဂေါတ္တံ။
(ခ) ဣတိ နာမဂေါတ္တံ သံသန္ဒိတွာ "ပကုဓော ကစ္စာယနော"တိ ဝုစ္စတိ။
(ဂ) သီတုဒကပဋိက္ခိတ္တကော သော။
(ဃ) ဝစ္စံ ကတွာပိ ဥဒကကိစ္စံ န ကရောတိ။
(င) ဥဏှောဒကံ ဝါ ကဥ္စိယံ ဝါ လဘိတွာ ကရောတိ။
(စ) နဒိံ ဝါ မဂ္ဂေါဒကံ ဝါ အတိက္ကမ္မ "သီလံ မေ ဘိန္န"န္တိ ဝါလိကာထူပံ ကတွာ သီလံ အဓိဋ္ဌာယ ဂစ္ဆတိ။
(ဆ) ဧဝရူပေါ နိဿိရိကလဒ္ဓိကော သော။

(၄၊ ၁၃၂။ သီဋီသစ်၊ဒု။ ၁၇။ နေရင်း၊ဒု။ ၃၁။ ပဥ္စက္ကူ၊ဒု။ ၃၄။ ဘာသာဋီကာ၊ဒု။ ၂၅၀။ ဂဏ္ဍိ၊ ၃၀၇။)

http://www.dhammadownload.com



၁။ (င+စ+ဆ) ဝါကျတို့ကို ကရောတိ ၏ ကံပုဒ်ထည့်၍ အနက်ယောဇနာပါ။
၂။ (ဂ) ဝါကျကို သာဘောဂပုစ္ဆာတက်၍၊ (ဆ) ဝါကျကို အနုသန္ဓေတက်ပြပါ။
၃။ (ဂ+ဃ) ဝါကျတို့၌ ဖြစ်သင့်သော စောဒနာအင်္ဂကိုထုတ်ပြ၍၊ (ဃ) ဝါကျ ဝစ္စံ ကတ္တာပိ ၌ ပိ အနက်အဓိပ္ပါယ်ကိုလည်းဖော်ပြပါ။
၄။ ပကုဓ ပုဒ်ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကထုတ်ပါ။
၅။ (စ) ဝါကျ၌ ကတ္တာကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ကိုခံပြီး၊ အတ္တာနုရူပစာစပ်ပါ။
၆။ အမှာက် ဂဏ္ဍနက်လေသော ပလိဗုန္ဓနက်လေသော နတ္ထိ၊ ကိလေသဂဏ္ဍရဟိတာ မယန္တိ ဧဝံ ဝါဒိတာယ လဒ္ဓနာမဝသေန နိဂဏ္ဌော။ (၅၊ ၁၃၂) ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပြပါ။
၇။ ပလိဗုန္ဓ၊ နိဂဏ္ဌ ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။
၈။ ကေသကမ္ဗလ ၏ ယုတ်ညံ့ခြင်းအကြောင်းမျိုးကို ပါဠိ+မြန်မာတွဲစပ်ဖော်ပြပါ။
၉။ (ဂ+ဃ+င) ဝါကျလာ စကားရပ်များကို ဂါထာစီ၍ ဂါထာအမည်ပေးခဲ့ပါ။
၁၀။ ပကုဓော ကစ္စာယနော ၌ ပကုဓော ဝယ် ဓာတွတ္တကိုရှု၍ ဘာဝါလင်္ကာရထုတ်ပြပါ။

==================

၁။ (င) ဝါကျ ကရောတိ၏ ကံ ကို "ဥဒကကိစ္စံ"ဟုထည့်ပါ။

၂။ (ဂ) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ။

ဆရာ၊ ဆရာသည် (ခ) ဖြင့် အမည်+အနွယ်နှစ်မျိုးကို ပေါင်းစပ်၍ ပကုဓကစ္စာယန ဟူ၍ဆိုအပ်သောဟုဆို၏။ ယင်းပကုဓကစ္စာယနဆရာကြီးသည် မည်သို့အယူရှိပါသနည်း။ ပကုဓကစ္စာယန ဆရာကြီး၏ အယူဝါဒအမြွက်မျှကို ဆရာမပြဆိုပြီလော။ (ဝါ) ယင်းပကုဓကစ္စာယန ဆရာကြီးသည် ရေပူကိုပယ်၍ရေအေးကိုသုံးဆောင်ပါသလော။ စုဒ်ကြောင့် (ဂ) မိန့်။

(င) ဝါကျ သာဘောဂပုစ္ဆာတက်ပုံ၊

ဆရာ၊ ဆရာသည် (ဂ+ဃ) ဝါကျတို့ဖြင့် ပကုဓကစ္စာယနသည် ရေအေးကို ပယ်မြစ်သောကြောင့် ကျင်ကြီးစွန့်ပြီး၍လည်း ရေသုံးခြင်းကိစ္စကိုမပြုဟုဆို၏။ ရေသုံးခြင်းကိစ္စကို လုံးဝမပြု ဟုမှတ်ရပါမည်လော။ အဘယ်သို့မှတ်ရပါမည်နည်း။ စုဒကြောင့် (င) မိန့်။

အဓိပ္ပါယ်ကားရေနွေးကိုလည်းကောင်း, ပအုံးရည်ကိုလည်းကောင်း ရလျှင် ရေသုံးခြင်း ကိစ္စကိုပြုပါသေး၏ဟူလို။

(ဆ) ဝါကျ အနုသန္ဓေတက်ပုံ၊

ဤသို့ (ဃ+င+စ) ဝါကျတို့ဖြင့် ပကုဓကစ္စာယနဆရာကြီး၏ ရေအေးကိုပယ်မြစ်ခြင်းနှင့် စပ်လျဉ်း၍ သိမှတ်ဘွယ်ရာအဖြာဖြာကိုပြဆိုပြီး၍၊ ယခုအခါ၌ ယင်းစကားရပ်များကိုပင် အကျဉ်းချုံး၍ နိဂုံးအုပ်လိုသောဆရာသည် (ဆ) ဝါကျမိန့်။

၃။ (ဂ+ဃ) ဝါကျ စောဒနာအင်္ဂထုတ်ပုံ။

(၁) သတိပိ သီတုဒကပဋိက္ခိတ္တကေ တေသ္မိံ။ (စောဒကလက္ခဏာရစိ)
(၂) နနု ဧသော ဝစ္စံ ကရောတိ။ (စောဒကာဘောဂ)
(၃) တသ္မာ (ဝစ္စံ ကရောန္တတ္တာ) (စောဒကာဘောဂဟေတု)

http://www.dhammadownload.com



(၄) သော ဥဒကကိစ္စံ န ကရောတီတိ ဝုတ္တံ။ (စောဒနာ)
(ဤကား စောဒကဘက်၌ (၄) ချက်)
(၁) သတိပိ တေသွံ ဝစ္စံ ကရောန္တေ။ (ပရိဟာရလက္ခဏာရုစိ)
(၂) နနု သီတုဒကပဋိက္ကိတ္တကော သော။ (ပရိဟာရဘောဂ)
(၃) တသ္မာ (သီတုဒကပဋိက္ကိတ္တကတ္တာ) (ပရိဟာရဘောဂဟေတု)
(၄) သော ဥဒကကိစ္စံ န ကရောတီတိ ဝုတ္တံ။ (ပရိဟာရ)
(ဤကား ပရိဟာရဘက်၌ (၄) ချက်)

အမှာ ။ ။ ဤကား စောဒနာအဋ္ဌကထုတ်ပုံတည်း။ ယင်း အဋ္ဌကဌ် လက္ခဏအရုစိ နှစ်ချက်ကိုဖြုတ်လျှင် စောဒနာဆက္ကဖြစ်လာသည်။ ယင်းဆက္ကဌ် စောဒကာဘောဂဟိတ်, ပရိဟာရဘောဂ ဟိတ်နှစ်ချက်ကို ဖြုတ်လိုက်လျှင် စောဒနာစတုက္ကဖြစ်လာသည်။

အဓိပ္ပါယ်မှတ်ဘွယ်အကျဉ်း။

စောဒကပုဂ္ဂိုလ်၊ အလိုမရှိ၊ အရုစိမှာ၊ ပရိဟာ၏ ဟိတ်ဖြစ်မြဲ-ဟူသော နိယံအရ စောဒက ပုဂ္ဂိုလ်၏ လက္ခဏအရုစိဆိုသည်မှာ ပရိဟာရဘောဂဟိတ်ပင်ဖြစ်သည်။ ယင်းပရိဟာရဘောဂဟိတ်ကိုပင်စောဒကဘက်၌ လက္ခဏဝန္တသတ္တမီဝိဘတ်ဖြင့်လည်းကောင်း၊ အရုစျတ္တပိ သဒ္ဒါဖြင့်လည်းကောင်း၊ ထည့်သွင်းရေးသားရသောကြောင့် "စောဒက၏လက္ခဏအရုစိ" ဟုခေါ်သည်။

ပရိဟာရပုဂ္ဂိုလ်၊ အလိုမရှိ၊ အရုစိမှာ၊ စောဒကာ၏ ဟိတ်ဖြစ်မြဲ-ဟူသော နိယံအရ ပရိဟာရပုဂ္ဂိုလ်၏ လက္ခဏအရုစိဆိုသည်မှာ စောဒကာဘောဂဟိတ်ပင်ဖြစ်သည်။ ယင်းစောဒကာဘောဂဟိတ်ကိုပင်ပရိဟာရဘက်၌ လက္ခဏဝန္တသတ္တမီဝိဘတ်ဖြင့်လည်းကောင်း, အရုစျတ္တပိသဒ္ဒါဖြင့်လည်းကောင်း ထည့်သွင်းရေးသားရသောကြောင့် "ပရိဟာ လက္ခဏအရုစိ" ဟုခေါ်သည်။

၄။ ပကုဓ္ဓတိ သမ္မာဒိဋ္ဌိကေသု ဗျာပဇ္ဇတီတိ ပကုဓော။ (သီဋီသစ်)
သမ္မာအယူရှိသူတို့၌ အမျက်ထွက်ခြင်းကြိယာသကတ်သည် ဝစနဟေတု။
ပကုဓကစ္စာယနပုဂ္ဂိုလ်ဒြဗ်သည် ဝစနီယ။
ကောနော, ကုဒ္ဓေါ စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ဝစနတ္ထမှတ်ဘွယ်၊

ကေနံ ဇလေန+အဋ္ဌိယံ အဘိဗျတ္တံ အဿာတိ ကဋ္ဌိယံ။ (ဓာန်ဋီ၊ ၄၆၀)
သေဝိယတေတိ သီရီ။ (သိ+ရ+ထိ-ဤ)
နတ္ထိ သိရီ ဧတိဿာ လဒ္ဓိယာတိ နိဿိရိကာ။
လဘနံ ဇာနနံ လဒ္ဓိ။ (လဘီယတေ ဇာနီယတေ လဒ္ဓိ)
လဘီတဗ္ဗာ ဇာနတဗ္ဗာတိ လဒ္ဓိ။ (အဋ္ဌသာလိနီယောဇနာ)
နိဿိရိကာ+လဒ္ဓိ+တေဿ ပကုဓကစ္စာယနဿာတိ နိဿိရိကလဒ္ဓိကော။
ဥဏှာဘိတတ္တေဟိ သေဝိယတီတိ သီတံ။ (သိ+တ) ဥန္ဒတိ ဒြဝံ ကရောတီတိ ဥဒကံ။
ပဋိက္ခိပိယတေတိ ပဋိက္ခိတ္တံ။ သီတဉ္စ+ဥဒကဉ္စ သီတုဒကံ။
သီတုဒကံ+ပဋိက္ခိတ္တံ+ယေန ပကုဓကစ္စာယနေနာတိ သီတုဒကပဋိက္ခိတ္တကော။

၅။ (စ) ဝါကျ ကတ္တာ ကို ကရောန္တတ္ထာ ဟုဟိတ်ပြင်။
ယင်း၏သမ္ဗန်ကို တေဿ ပကုဓကစ္စာယနဿ ဟုဒံ။ (ကတ္တား+သမ္ဗန်စပ်)။

http://www.dhammadownload.com



၆။ အမှာကံ ဂဏ္ဌနကိလေသော နတ္ထိဖြင့် နိဂဏ္ဌော၌ ဂဏ္ဌောပုဒ်ကို ဂဏ္ဌေတီတိ ဂဏ္ဌောဟု ပြု၍ ဂဏ္ဌအရ သံသရာဝဋ်ကိုထုံးဖွဲ့တတ်သော ကိလေသာကိုယူ-လည်းကောင်း၊ နိဂဏ္ဌောပုဒ်ကို "နတ္ထိ ဂဏ္ဌော အမှာကန္တိ နိဂဏ္ဌာ"ဟု စတုတ္ထီဗဟုဗ္ဗိဟိသမာသ်ဝစနတ္ထပြု-လည်းကောင်း၊ နိ ဥပသာရပုဒ်၏ အဘာဝအနက်ဟော-လည်းကောင်း သိစေပါသည်။

ပလိဗုန္ဓနကိလေသသောဖြင့် ဂဏ္ဌနကိလေသော၌ ဂဏ္ဌန သဒ္ဒါသည် ပလိဗန္ဓနအနက် ဟော၏ဟုသိစေပါသည်။ (နာမလိင်္ဂတ္ထ)

◆ "ဂဏ္ဌနကိလေသော"တိ စေတသ "ပလိဗုန္ဓနကိလေသော"တိ အတ္ထဝစနံ။ (သီဋီသစ်)

ကိလေသဂဏ္ဌရဟိတာ မယန္တိ ဧဝံ ဝါဒိတာယဖြင့် ဤနိဂဏ္ဌဟူသော အမည်ကို မုချကိလေသာမရှိသောကြောင့် ရအပ်သည်မဟုတ်၊ အဟုတ်သော်ကား "ငါတို့သည် ကိလေသာတို့မှ ကင်းကုန်၏"ဟု တိတ္ထိပုဂ္ဂိုလ်တို့၏ အထင်, အယူအဆ, အယူဝါဒ၏အစွမ်းဖြင့် ရအပ်သောအမည် တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ "နတ္ထိ မယှံ ဂဏ္ဌော"တိ ဂဏှာတီတိ နိဂဏ္ဌော ဟု စတုတ္ထီဗဟုဗ္ဗိဟိသမာသ်အတွင်းငုတ်သော ဂဏှာတိတဒ္ဒိတ်ဝစနတ္ထပြု-လည်းကောင်း သိစေပါသည်။

◆ "ဧဝံ ဝါဒိတာယာ"တိ ဣမိနာ လဒ္ဓိဝသေနဿ နာမံ၊ န ပန+တ္ထတောတိ ဒဿေတိ။

အယံပန ဝစနတ္ထော "နတ္ထိ မယှံ ဂဏ္ဌော"တိ ဂဏှာတီတိ နိဂဏ္ဌောတိ။ (သီဋီသစ်၊ ၁၇။)

သမ္ဗန်မှတ်ချက် ။ ။ ဧဝံ ဝါဒိတာယ သည် နိဂဏ္ဌောပုဒ်၌ ဟိတ်+ဟိတ်၏ဖိုလ်အဖြစ်ဖြင့် စာစပ်သည်။ ထို့ကြောင့် "ဟိတ်ကားသတ္တိ၊ ဖိုလ်ရှိဒြဗ်၊ သမ္ဗန်မှတ်" ဟူသည်နှင့်အညီ ယင်း၏သမ္ဗန်ကို နိဂဏ္ဌာဿ ဟုခံ။ (ကတ္ထား+သမ္ဗန်စာစပ်)။

၇။ ပလိဗုန္ဓန ကား ပရိဗုန္ဓန ဟူလိုလျက် ရ ကို လ ပြု၍ပြီးသည်။
နိဂဏ္ဌ ကား နိဂန္ထဟူလိုလျက် န္ထ ကို ဏ္ဌ ပြု၍ပြီးသည်။
ဂဏ္ဌန ကား ဂန္ထ+ယု။ ဂန္ထန ဟူလိုလျက် န္ထ ကို ဏ္ဌ ပြု၍ပြီးသည်။
ဝစ္စ ကား ဝရ+စ။ ဓာတွန် ရ ကို စ ပြု၍ပြီးသည်။

◆ ဝါရေတိ သုခန္တိ ဝစ္စံ။ ဝရ ဝါရဏေ၊ စော။ (ဓာန်ဋီ)

၈။ ကေသကမ္ဗလ၏ ယုတ်ညံ့ခြင်း (၆) မျိုး။

| | | |
|---|---|---|
| (၁) သီတေ သီတော | = | အေးသောအခါအေးခြင်း။ |
| (၂) ဥဏှေ ဥဏှော | = | ပူသောအခါပူခြင်း။ |
| (၃) အပ္ပဂ္ဃော | = | နည်းသောအဘိုးရှိခြင်း။ |
| (၄) ဒုက္ခသမ္ဖဿော | = | ဆင်းရဲသောအတွေ့ရှိခြင်း။ |
